www.burmeseclassic.com

ဥပမာသမူဟာဂီရက္ကာမ

သင်္ဂဇာ

BURMESE CLASSIC

# စကားပုံပေါင်းချုပ်

ခင်ချိုထွန်းစာပေ
အမှတ် ၈၆၊ ၃၇ လမ်း၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

## ❂ ဤစာအုပ်တွင်....

### ရွှေမြန်မာ့မင်းလက်ထက်
### ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ခုနစ်ပါးတို့၏

❂ ဖတ်ရှုလေ့လာသူများအတွက် ဗဟုသုတဖြစ်ဖွယ်, မှတ်သားဖွယ်, နည်းယူဖွယ်တို့ဖြင့် အပြည့်အဝ, အစုံအလင်–

❂ စကားအရာ "ဥပမာ အလင်္ကာ" ပြောင်မြောက်စွာ မိန့်ဆိုကြပုံ–

❂ စာကိုဖတ်ရင်းနှင့် စာပေ၏အရသာတစ်မျိုးဖြစ်သော– "ဟဿရသ"က စာဖတ်သူတို့၏ စိတ်နှလုံးကို ယူကျုံး ပျော်ရွှင်စေကာ စာအုပ်ကို လက်မလွှတ်ချင်အောင် ဆွဲဆောင်ခေါ်ယူသွားသဖြင့် အိမ်သူမယား/လင်ကပင် လုယူကြည့်ရှုချင်အောင် –

၁။ **သင်္ဂဇာဆရာတော်ဘုရားကြီးက** "ဥပမာစကားပုံတို့ဖြင့် လောကရေးရာ, ဓမ္မရေးရာတို့၌ နိုက်နိုက်ချွတ်ချွတ်, စုံစုံလင်လင် ဘုရင်မင်းတရားကြီးကိုပင် စိတ်ထားကျေနပ်အောင် ဖြေရှင်းပုံ –

၂။ **ဗန်းမော်ဆရာတော်ဘုရားကြီးက–** ဘွင်းဘွင်းနှင့်ရှင်းရှင်း သုဓမ္မာဝင်ဆရာတော်ကြီးများနှင့်တကွ ဘုရင်မင်းတရားကိုပင် မချန်မချွင်း၊ လင်္ကာ, စာချိုး–တေးထပ်၊ အမျိုးမျိုးတို့ဖြင့် ပစ်စာရေးပြီး ကလိပုံ၊ အချို့နေရာတွင် ဓမ္မရေးရာ အဖြားဖြားဖြင့် ပညာ့စွယ်စုံ ဥပမာပုံစကားဖြင့် ဟောကြားပုံ –

၃။ **ဘုရားကြီး ဆရာတော်ဘုရားကြီးက–** အရေးအရာများစွာတို့၌ ဥပမာပုံထုံးကပ်၍ ဆုံးဖြတ်မိန့်ကြား မှတ်သားဖွယ်ရာအစုံ–

၄။ **ခင်မကန်,** ၅။ **စလင်း,** ၆။ **မောင်းထောင်,** ၇။ **သစ်ဆိမ့် –** ဆရာတော်ဘုရားကြီးများကလည်း သူတို့ဟန်, သူတို့နည်းဖြင့် အသီးသီးအဖုံဖုံ ဥပမာပုံအမျိုးမျိုးတို့ဖြင့် ဘုရင်မင်းတရားနှင့်တကွ ဆည်းကပ်ခစားလျှောက်ထားသူများအား ကျိုးကြောင်းဓမ္မ စံနမူနာရလောက်အောင် မိန့်ကြားထားကြပုံများကို ဤစာတစ်အုပ်တည်းဖြင့် တဝကြီး ဖတ်ရှုကြရပါမည်။

www.burmeseclassic.com

www.burmeseclassic.com

## သင်္ဂဇာဆရာတော်ဘုရားကြီး

နှင့်

တံဆိပ်တော်ရ ဆရာတော် ခုနစ်ပါး

တို့၏

## ဥပမာ သမူဟာ ဂီရဂ္ဂါမ

မည်သော

# သင်္ဂဇာစကားပုံပေါင်းချုပ်

ပ-ဒု-တ-စ လေးတွဲ အစအဆုံး စုပေါင်းပါဝင်သည်။

[ကျမ်းပြုစုသူ-စာတော်ပြန်ဆရာသိန်း]

ပါဠိဆရာကြီးဦးစိုးမြင့်(မဟာစရိယ)တည်းဖြတ်ပြင်ဆင်သည်

စင်ချိုထွန်းစာပေ

အမှတ် - ၈၆၊ ၃၇ - လမ်း၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ၊

အုပ်ရေ - ၁၀၀၀ တတိယအကြိမ်၊

တန်ဖိုး -

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး

ဦးဝင်းနိုင်(မှတ်ပုံတင်အမှတ်-၀၃၈၄၃/ ၀၂၄၅)က ထုတ်ဝေ၍

ဦးသိန်းထွန်း (၀၄၈၂၂)၊ သိန်းထွန်း(အော့ဖ်ဆက်)

အမှတ် ၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊

တာမွေမြို့နယ်၊ ရန်ကုန်မှပုံနှိပ်သည်။

ဖုန်း-၅၄၂၀၅၆၊ ၅၄၀၅၆၅

**ဖြန့်ချိရေး**

- **ခင်ချိုထွန်းစာပေ**


  အမှတ်-၈၆၊ ၃၇-လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၅၄၂၀၅၆

- **သန်းမြင့်မြင့်ပိဋကတ်စာအုပ်ဆိုင်**

  အမှတ်-၃၇၊ ရွှေတိဂုံတောင်ဘက်ဈေးတော်ရုံ၊
  ဒဂုံစာတိုက်၊ ရန်ကုန်မြို့။ ဖုန်း-၃၈၃၅၁၁(လိုင်းခွဲ-၁၇၅)
  ၀၉-၅၀၉၉၃၇၆


www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ရှင် သင်္ဂဇာဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းပြုဆရာ၏အမှာ

## ဥပမာကိုအသုံးပြုသင့် မပြုသင့်

ဥပမာ ဥပမေယျကို အကြောင်းကို ကောင်းစွာသိမြင်ကျွမ်းကျင်ပြီးသော ပုဂ္ဂိုလ်တို့၌ ပြဆိုရန်မရှိ။ မသိမမြင်သေးသော ပုဂ္ဂိုလ်တို့ အကျဉ်းအားဖြင့် မှတ်သား ရန်အချက်ကား နှိုင်းယှဉ်ကြောင်းသည် ဥပမာမည်၏။ နှိုင်းယှဉ်အပ်သော ဝတ္ထုသည် ဥပမေယျမည်၏။ ဤဥပမာ ဥပမေယျနှစ်ပါးတို့တွင် ဥပမေယျသည် ပြဒ္ဓာန်း၏။ အရင်းမူလဖြစ်၏။ အဘယ်ကြောင့်နည်းဆိုသော် ဥပမာနသည် ဥပမေယျရှိမှ ဖြစ်နိုင်သောကြောင့်တည်း။ ထိုဥပမာန ဥပမေယျတို့သည်အချင်းချင်း တူကြမှသာ လျှင် ဥပမာကို ထွင်း၍ပြောရာသည်။ မတူက သွတ်သွင်း၍ မပြောမဆိုရာ။ ယခုလောက၌ အချို့သောသူတို့သည် စကားပြောဆိုသောအရာဌာနတို့၌ ဥပမာ မရှိဘဲလျက် ဥပမာအားဖြင့် ဟူ၍ စကားခံလျက် ပြောဆိုလေ့ရှိကြကုန်၏။ ဥပမာ ပါရှိသော အခါလည်း ဥပမာနှင့် ဥပမေယျအချင်းချင်း မတူမကိုက်၊ ဤကဲ့သို့ မတူရာတို့၌ ဥပမာကို အသုံးပြု၍ မပြောမဆိုရာ။

ထို့ကြောင့်

"ဥပမာနော ပမေယျာနံ၊ သဒိသတ္တံ ဥပမာ မတာ"

ဟူ၍ ကျမ်းဂန်၌ဆိုသည်။ ဥပမာနော ပမေယျာနံ၊ ဥပမာန, ဥပမေယျတို့၏။

သဒိသတ္တံ၊ တူသည်၏အဖြစ်ကို။ ဥပမာ၊ ဥပမာဟူ၍။ မတာ၊ သိအပ်၏။

ဤသို့ ဆိုအပ်သော စကားကို နှလုံးထား မျှော်ထောက်လျက် လျောက်ပတ် သင့်တင့် အခွင့်လျော်သောနေရာ၌ ဥပမာကို သွတ်သွင်းသုံးစွဲပြောဆိုကုန်ရာ သတည်း။

## ဥပမာအသုံး

သဗ္ဗညုမြတ်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါအများကို တရားဟော တော်မူသောအခါ၊ တပည့်ရဟန်းအသီးသီးတို့အား ဝိနည်းသိက္ခာပုဒ် အရုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပညတ်ဆုံးမတော်မူသောအခါ ဥပမာစကားကို မထင်ရှားသောနေရာ၌ ထင်ရှားအောင် သွတ်သွင်း၍ ဟောကြားတော်မူသောအရာသည် များစွာသော ပိဋကတ်ပါဠိတို့၌လာသည်။ သတ္တဝါတို့တွင်လည်း အချို့သော သတ္တဝါသည် ဥပမာစကားနှင့် ဟောကြားမှ သိကျွမ်းနားလည်ကြောင်းကို

"ဥပမာယ မိဓေကစ္စေ၊ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ"

ဟူ၍ လာသည်။ ဣဓ၊ ဤလောက၌။ ကေစ္စေ၊ အချို့ကုန်သော။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဥပမာယ၊ ဥပမာစကားဖြင့်။ အတ္ထံ၊ အနက်အဓိပ္ပာယ်ကို။ ဇာနန္တိ၊ သိကြမြင်ကြကုန်၏။

ဤကဲ့သို့ မြတ်စွာဘုရား ဟောကြားတော်မူသော နည်းလမ်းကို မှီငြမ်းနိဿယပြု၍ နောက်နောက်သော အဋ္ဌကထာဆရာ, ဋီကာဆရာ, ကျမ်းပြုဆရာအသီးသီးတို့သည် မိမိတို့ရေးသားသော အဘိဓမ္မာ, သုတ္တန်, ဝိနည်း, အဋ္ဌကထာ, ဋီကာ စသောကျမ်း တို့၌ ထိုက်သည် အားလျော်စွာ ဥပမာစကားများကို ရေးသားထည့်သွင်း၍ ပြဆိုတော်မူကြသည်။ မြတ်စွာဘုရားနှင့်တကွ အဋ္ဌကထာဆရာ, ဋီကာဆရာတို့၏ နည်းကို အတုလိုက်၍ နောက်နောက်သော သင်္ဂဇာဆရာတော်ဆရာတော်ကြီးစသော ဆရာတော်ကြီး အသီးသီးတို့သည်လည်း ဥပမာစကားကို မိန့်ကြား သုံးစွဲတော်မူကြကုန်သည်။ ထိုဆရာတော်ဘုရားကြီးများနည်းသို့ အတုလိုက်၍ ယခုနောက်နောက်သော အမျိုးသားတို့သည် ဥပမာကို သုံးစွဲပြောဆိုကြခြင်းဖြစ်သည်။ ဤသို့ ရှေးရှေးသော ဘုရားစသော သူတော်ကောင်းတို့၏ နည်းကောင်းထုံးစံဖြစ်သောကြောင့် ဥပမာစကားများကို လေးစားမပြု ဂရုမစိုက်ဟူ၍ မထိမဲ့မြင်ပြုခြင်းမှ ရှောင်ရှားကြပါကုန်။

www.burmeseclassic.com

## နိဒါန်း

### သာသနာရောင် တည်ထောင်ဖန်ဆင်း

လူမင်းတို့၏ မကိုဋ်၊ နတ်မင်းတို့၏ဦးသျှောင်၊ ဗြဟ္မာမင်းတို့၏ သရဖူ၊ ပေါင်းယူအများ၊ လူသုံးပါးကို၏ ပူဇော်ရာ၊ ဆရာမရှိ၊ မိမိဉာဏ်စွမ်းဖြင့်၊ ငါးခန်းသော ဉေယျဓမ္မတို့ကို လွယ်ကူစွာ ကိုယ်တိုင်သိတော်မူသည့်အပြင်၊ ပုဗ္ဗေနိဝါသ ရှေးကနေဖူး၊ အထူးထူးသောခန္ဓာတို့ကို၊ လိုရာမြော်ရှု၊ သိမှုတစ်ပါး။ နတ်များ အမြင်၊ ဝေးပင်ဝေးငြား၊ ကာရံခြားလည်း၊ အတားမထင်၊ ထွင်းဖောက်မြင်မှု၊ စက္ခုဒိဗ္ဗာ၊ ဉာဏ်ရောင်ဖြာ၍၊ လေးဖြာအာသဝ၊ ကာမ, ဘဝ၊ ဒိဋ္ဌာ, ဝိဇ္ဇ၊ ပယ်ခွာချ၍၊ ငါးဝမာရ်အောင်၊ ထွင့်ခေါင်သေဋ္ဌနင်း၊ တရားမင်းသခင်၊ ဘုရားရှင် သည်၊ လေးအင်သစ္စာ၊ သိပြီးခါတွင်၊ ဉာဏာသဗ္ဗည္ဗု၊ ခြံရံပြုလျက်၊ အတုလာဓိပတိ၊ မုနိအသရေ၊ ပြည့်စုံလေ၏၊ ပဝေရှေးဦး၊ ကျေးဇူးများဘိ၊ ဝဂ္ဂိပဉ္စ၊ ငါးဝအကျော်၊ ရဟန်းတော်တို့အား "ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ" အစဖြာသော၊ စက္ကာဓမ္မ–ပဝတ္တန (ဓမ္မစက္က ပဝတ္တန)သုတ်တော်၊ ဟောဖော်သည်မှ၊ ကာလရှည်ကြာ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ ကြွယ်သည့်တိုင်အောင်၊ ရှေ့ဆောင်ဦးကိုင်၊ မဏ္ဍိုင်သရဖူ၊ အောင်လံထူ၍၊ မြိုင်ငူကျော်ဟီး၊ သာသနာတော်ကြီးကို၊ ကျင့်နည်း၊ ကြံနည်း၊ ပွားများနည်းတို့ဖြင့်၊ သိပ်သည်းကျစ်လျစ်၊ စနစ်မှန်အောင်၊ တည်ထောင် ဖန်ဆင်းတော်မူခဲ့ပေသတည်း။

### ထိုင်လင်းပျံ့သင်း ထက်အောင်ချင်း

ထိုသို့တည်ထောင်၊ သာသနာ့ရောင်သည်၊ ပြောင်ပြောင်ဝင်းအက်၊ အဂ္ဂသာဝက၊ မဟာသာဝက အဆက်ဆက်မှ၊ အရဟန္တသာဝက၊ များစွာထေရ်မွန်၊

www.burmeseclassic.com

www.burmeseclassic.com



သီလဝန်တို့သည်၊ ရှေးမွန်မဆွ၊ မဇ္ဈိမဒေသ–အိန္ဒိယမှ၊ သီဟိုဠ်ဒီပ၊ ဒေသရွှေ့စုံ၊ သထုံ, ခေတ္တရာ၊ ပုဂံ, မြင်းစိုင်း, စစ်ကိုင်းကုန်းဘောင်၊ ရွှေတောင်အမရ၊ မန္တလရွှေဘုံ၊ ဒဂုံမကြွင်း၊ ခပင်းဒေသ၊ အဝဝသို့၊ မကျမပျောက်၊ မဖောက်မယိမ်း၊ မတိမ်းမယိုင်၊ မြဲခိုင်ထွန်းလင်း၊ တောက်ပခြင်းဖြင့်၊ ဆင်းသက်တည်တံ့၊ ပျံ့နှံ့ထင်ပေါ်၊ ထွန်းတောက်တော်မူခဲ့လေသည်။

## တင်ခြင်းသင်္ဂါယနာ ပထမာတည့်

အဂ္ဂ–မဟာ–သာဝကာနှင့် အရဟန္တာသေက္ခ၊ များလှအကျော်၊ မထေရ်မော်တို့သည်၊ ဆက်လက်သာသနာ၊ ဆောင်နှင်းရာတွင်၊ ဘဂဝါဓိန အတုလ၏။ ပရိနိဗ္ဗာန၊ ခန္ဓစွန့်ခွာ၊ သုခါသန္တိ၊ စံလေဘိမှ၊ ကြာသည့်ရက်ပေါင်း၊ ကိုးဆယ့်ညောင်းသော်၊ စုပေါင်းရဟန္တာ၊ သံဃာအများ၊ ရွတ်ဖတ်အားဖြင့်၊ ခွဲခြားပိဋကတ်၊ သုံးပုံမှတ်လျက်၊ ပတ်သက်သင့်ရာ၊ ဒေသနာကို၊ လျော်ရာသွင်းပြု၊ ငါးခုနိကာယ်၊ ဆောင်လွယ်ပေါင်းစု၊ ခွဲဝေပြုကာ၊ သင်္ဂါယနာ ပထမ၊ တင်တော်မူခဲ့ကြပေသတည်း။

## ဒုတိယသင်္ဂါယန

ဆက်ကာရက်ပေါင်း လ,နှစ်ညောင်းသဖြင့် ရောက်ကြောင်းသံဝစ္ဆရ၊ တစ်ရာကျသော်၊ အဓမ္မဝါဒ၊ ဒသဆယ်ပါး၊ ပေါ်လာကြား၍၊ ပယ်ရှားတွန်းလှန်၊ တင်ရန်ဒုတိယ၊ ကြုံလာရသဖြင့်၊ ယသ–မဟာ၊ ရဟန္တာအရှင်၊ ဦးဆောင်တင်၍၊ ပါဝင်ရဟန္တာ၊ ခုနစ်ရာတို့၊ နှစ်မြို့ညီညာ၊ သင်္ဂါယနာ ဒုတိယ၊ တင်လာတော်မူကြပေ၏။

## တတိယသင်္ဂါယနာ

နောက်ခါနှစ်ညောင်း၊ လွန်ပြန်ရှောင်းသော်၊ ခြောက်သောင်းများဘိ၊ ရှင်တိတ္ထိတို့၊ ဝင်တည့်လာရာ၊ သာသနာမှာ၊ ရောင်ဝါမှိန်မှေး၊ ညစ်ထေးမည်းလတ်၊ ဤသကတ်ကြောင့်၊ သာသနာ့ညွှန့်ဖူး၊ အရှစ်မဟာ မောဂ္ဂလိပုတ္တတိဿမထေရ်၊ အမှူးပြုသော၊ ရဟန္တာတစ်ထောင်တို့သည်၊ ထွင့်ခေါင်ပရမေ၊ စောဓိနေ၏။ ဓမ္မေတရား၊ ပိဋကတ်တော်များကို၊ စုထားသည့်ဟန်၊ တည်မြဲမြဲအောင်၊ ရည်ဆောင်ပေါင်းစု၊ တင်မှုသင်္ဂါယနာ၊ သုံးခါကြိမ်မြောက်၊ အခါရောက်၏။

www.burmeseclassic.com

www.burmeseclassic.com



## စတုတ္ထသင်္ဂါယနာ

ထို့နောက်ရှည်ကြာ၊ သာသနာနှစ်၊ သက္ကရာဇ်အခြေ၊ ဇိနေဘုန်းမောင်၊ စံပျော်ခဲ့ပြီး၊ ခရီးဆက်လာ၊ လေးရာလေးဆယ်၊ ငါခုကြွယ်သား၊ ကာလခြားသော်၊ ဗြဟ္မဏတိဿ၊ မည်နာမနှင့်၊ ဒမိဠခေါ်ကြား၊ ကျေးကုလားတို့၊ ခြားနားပုန်ကန်၊ ဖြစ်ခဲ့ဟန်ကြောင့်၊ ဖောက်ပြန်ချတ်ယွင်း၊ ရှိခဲ့လျှင်းသဖြင့်၊ ငတ်မွတ်ခြင်းဘေး၊ လက်နက်ဘေးတို့၊ ရောထွေးနှိပ်စက်၊ ဒဏ်ချက်ဖိစီး၊ ရဟန္တာမထေရ်ကြီးတို့၊ မငြီးဖွဲ့မာန်၊ ထက်သန်လုလ္လ၊ ဥဿဟဖြင့်၊ ဓမ္မဒေသနာ၊ အဖြာဖြာကို၊ **ပေမှာတင်ရေး**၊ ညစ်ကြေးတစိ၊ မရှိကင်းစင်၊ ဘုရင် ဝဋ္ဋဂါမဏိ၊ ယူဘိပစ္စယာ၊ နုဂ္ဂဟာကြောင့်၊ ကောင်းစွာပြီးမြောက်၊ ဘေးမရောက်ဘဲ၊ ကြိမ်ရောက်စတုတ္ထ၊ စုပေါင်းကြ၍၊ ရေးဖတ်သင်္ဂါယနာ၊ တင်ခဲ့ပါ၏။

## ပဉ္စမသင်္ဂါယနာ

ထိုမှရွေ့လာ၊ နှစ်ပေါင်းကြာသော်၊ ရတနာပုဏ္ဏ၊ မြန်မာ့ဌာနီ၊ ဇာနည်မင်းတုန်း၊ ရွှေဘုန်းရာဇာ၊ တက်သောခါတွင်၊ သာသနာ့အလင်း၊ ပြည်တွင်းပျံ့နှံ့၊ ထက်အောက်ဆန့်၏။ ထိုသည့်အခါ၊ မဟာဧကရာဇ်၊ ကြံတော်ဖြစ်၍၊ ရှင်ချစ်သာသနာ၊ ရှည်ကြာအခွန့်၊ လွှန့်လွှန့်ထင်ပေါ်၊ ရှိစေသော်ဟု၊ ထေရ်မော်လဇ္ဇီ၊ တည်ရှိသီလ၊ ထေရများစွာ၊ စုပြီးခါလျှင်၊ **သေလာရုဠှ**၊ ကျောက်ထက်ချ၍၊ တင်ကြသင်္ဂါယနာ၊ ငါးကြိမ်လာ၏။

## ဆဋ္ဌသင်္ဂါယနာ

ဆဋ္ဌာရုဠှ၊ ဂါယနအကြိမ်၊ တောက်ထိန်ရောင်ဝါ၊ သာသနာသက်၊ ထက်ဝက်စခန်း၊ တောက်လျှမ်းထင်ပေါ်၊ မြို့တော်ရန်ကုန်၊ နယ်ပေါင်းစုံမှ၊ ဂိုဏ်းစုံသံဃာ၊ စုစည်းကာဖြင့်၊ ပေါတ္ထကာရုဠှ၊ တင်ကြရွတ်ဆို၊ ကြည်ညိုသဒ္ဓါ၊ ပစ္စယာနုဂ္ဂဟ၊ မြန်မာ့ဦးကင်း၊ အစိုးရမင်းနှင့်၊ ပြည်တွင်းနယ်ခြင်း၊ ပြည်သူများတို့၊ စိတ်အားထက်သန်၊ အကြောင်းခံ၏။

## ဥပမာသမူဟာဂီရက္ကမ

ပြန်ကာချင့်ထောက်၊ တင်မြှောက်သင်္ဂါယနာ၊ ငါးကြိမ်ခါတွင်၊ လဋ္ဌာဂုဏ်ပြု၊ ဂုရုရာဇ–မိရာဇကျော်၊ မထေရ်မော်များ၊ တစ်ပါးသင်္ဂဇာ၊ ထေရာဗန်းမော်၊ ဖော်ရ

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဘုရားကြီး၊ တစ်သီးခင်မကန်၊ ထေရ်စလင်း၊ တစ်သင်းမောင်းထောင်၊ အခေါင်သစ်ဆိမ့်၊ ငြိမ့်ငြိမ့်ညောင်းညောင်း၊ မထေရ်ပေါင်းတို့၊ ညွှတ်ပျောင်းကရုဏာ၊ မေတ္တာရှေးရှု၊ နှိုင်းပြုဥပမာန၊ ဝါကျစကား၊ ပေါင်းအများကို၊ စုထားရိုက်နှိပ်၊ တံဆိပ် **"ဥပမာ၊ သမူဟာ၊ ဂီရက္ကမ"** ခေါ်မှန်း၊ မြတ်ရွှေကျမ်းကို၊ စဉ်တန်းရေးလပ်၊ **(အမှတ် ၈၆၊ ၃၇ လမ်း၊ ခင်ချိုထွန်းစာပေတိုက်မှ)** သိုက်မြိုက်ဝေဆာ၊ သန့်ရှင်းစွာဖြင့်၊ စက်တင်ပုံနှိပ်၊ ဖြန့်ချိအပ်သည် ဖြစ်ပါကြောင်း။

**ပါဠိဆရာကြီး ဦးစိုးမြင့်**
**(သာသနဓဇ သိရီပဝရဓမ္မာစရိယ)**

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | * ပဏာမနှင့် ပဋိညာဉ် | ၁ |
| | **သင်္ဂဇာဆရာတော်ဘုရားကြီး စကားပုံ** | |
| ၁။ | အင်္ဂလိပ်သံအမတ်ကြီး၏အမေးကို ဖြေဆိုပုံ | ၈ |
| ၂။ | ရှင်မေဓာပုဂ္ဂိုလ် တုံးတိုနှင့် ရေကူး၏သို့ | ၁၁ |
| ၃။ | သီလရှင်လေးယောက်အကြောင်း | ၁၂ |
| ၄။ | အရက်ပြတ်၍ ခွက်ကပ်နှင့်မူးသည် | ၁၄ |
| ၅။ | "ဣတ္ထိဗိဇံ အဟံ ဝန္ဒာမိ"ဟူသော ပါဠိဖြင့် | ၁၅ |
| ၆။ | သားအဖသုံးယောက်အကြောင်း ရယ်ဖွယ်ကောင်းသော ဥပမာဖြင့် ကံ့ဒွါရသမားတို့အား ပုံထား၍ မိန့်တော်မူပုံ | ၁၆ |
| ၇။ | စကားပုံ ကပျက်ကချော်နှင့် အထက်တော်မှလာသည် | ၁၉ |
| ၈။ | ရွှေကျင်ဆရာတော်ဘုရားကြီးထံသို့ ဟင်းခွက်ကမ်းဥပမာဖြင့် စာပေးလိုက်ပုံ | ၂၀ |
| ၉။ | "စိန်တိမ်း"ဟူသော ပမာစကားဖြင့် မိန့်ကြားပုံ | ၂၃ |
| ၁၀။ | သက်နှင်းကပ်သော ဒါယကာတစ်ဦးကို တရားဟောတော်မူခြင်း | ၂၃ |
| ၁၁။ | ရှင်ဘုရင် ဘုရားဖူးဥပမာဖြင့် ဝန်ထောက်မင်းအား မိန့်ခြင်း | ၂၄ |
| ၁၂။ | ရှမ်း ထမင်းဆာသလို | ၂၅ |
| ၁၃။ | အပျိုကြီးမမဲနှင့် လူပျိုကြီးမောင်သာရွှဲကို ပမာပြု၍ အဝိဇ္ဇာနှင့် သင်္ခါရတို့ ပစ္စည်းဆက်ပုံ | ၂၇ |
| ၁၄။ | ဒကာနှင့်ဆရာ အခါခါလွဲများလျှင် ငရဲလားတတ်သည် | ၃၀ |
| ၁၅။ | ငှက်တော်နှင့် ပမာထား၍ ဒကာအား ဟောပုံ | ၃၁ |
| ၁၆။ | သက်သေခံ လက်ငင်းမအပ်နိုင်၍ မျက်စဉ်းခတ်ခံရသည် | ၃၂ |


www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | ခွေးပြောသည့် စကားအလိုက်ကို ကျားမိုက်ကယုံသည် | ၃၅ |
| ၁၈။ | လှေသူကြီး လေပျက်ရာ ရွှေမက်၍ ဘူးသီးမှေ့သည် | ၃၇ |
| ၁၉။ | ယခုအခါ ဟိတ်တန်ခိုးနည်း၍ ပရိတ်အိုးထဲမှာ ရေမပွက် | ၃၉ |
| ၂၀။ | ဒုစရိုက် ကင်းနည်းဖို့ အင်းသူကြီး ဦးမှတ်ကျော်ကို ဟောခြင်း | ၄၁ |
| ၂၁။ | "ကျွတ် မုန်း ဝင်" ဟူသော အရှူးစကားဖြင့် ထူးခြားစွာ ဟောတော်မူပုံ | ၄၄ |
| ၂၂။ | မာနဖျက်လျှင် ခွေးမြီးပေါက်သကဲ့သို့ ဘေးကြီးရောက်တတ်သည် | ၄၉ |
| ၂၃။ | ဗန်းမော်ဆရာတော်ဘုရားကြီးအား စကားဖြင့် ခနဲ့ခြင်း | ၅၁ |
| ၂၄။ | "ဥဩတွန်ခါ၊ သာသနာ၊ ရောင်ဝါနေသို့ ထွန်းလတ္တံ့."ဟူသော တဘောင်စကားကို ဖြေကြားတော်မူပုံ | ၅၄ |
| ၂၅။ | မနေ့ကတော့ရောင်၊ ပိန္နဲပင်ထောင်ကာမှ ခေါင်းပြောင်ရသလေး | ၅၆ |
| ၂၆။ | မင်းနန္ဒာ ရှင်မွေးလွန်းတို့ စကားစပ်တွင် အများမှတ်လောက်အောင် ထုံးပြလျက် ဆုံးမတော်မူခြင်း | ၆၀ |
| ၂၇။ | မဘုတ်ဆုံ တောင်ကိုစောင်း ဘေးသင့်အောင်ကောင်း | ၆၃ |
| ၂၈။ | အားထုတ်မှု အချက်လိုသောကြောင့် မင်္ဂဖိုလ်ကိုမရသည် | ၆၆ |
| ၂၉။ | ပုခန်းဘက်က ရဟန်းထွက် ဆီရောင်းသလို | ၆၉ |
| ၃၀။ | သမန္တာ လာချင်ပါရဲ့လေး၊ မနေ့က ဒူနာတေးကြောက်လှသလေး | ၇၃ |
| ၃၁။ | သမက်ပါနှစ်ယောက်ထ၍ ယောက္ခမနှင့် အချီအချပုံ | ၇၅ |
| ၃၂။ | စိတ်ထင်ရာအလွယ်ကြွားသော သပွတ်ခါးသီးဝိဇ္ဇာ | ၇၇ |
| ၃၃။ | တစ်တီတူးနှင့် ပမာဏထား၍ ဒွါရသမားတို့ကို မိန့်ဆိုခြင်း | ၈၀ |
| ၃၄။ | ပုဇွန်တောင်ဒေသ၌ ထာဝရရွှင်မြန်းသော ကြာလင်ပန်းဘုန်းကြီး | ၈၂ |
| ၃၅။ | ချဉ်ပေါင်ကို ကာပြန်လို့ ဝက်သားထံခြေကန်ရုံး သွားရော့ကတုံး | ၈၄ |
| ၃၆။ | မာတုဂါမ ထဘီကြားက နိဗ္ဗာန်စကားပြောသည်ဟု | ၈၆ |
| ၃၇။ | နောင်တစ်သက် သတိထားဖို့ တပည့်များကို ဆုံးမပုံ | ၈၈ |
| ၃၈။ | လျှောက်ထားပုံ အဖျားရှူး၍ စကားထူးမိန့်ခြင်း | ၉၀ |
| ၃၉။ | ရဟန်းတော်တို့ကို ကျမ်းအလျော်ထုံးပြ၍ ဆုံးမပုံ | ၉၃ |
| ၄၀။ | တစ်ခုတည်းမှတ်၍ အပြောယွင်းမှားသော တောတွင်းသားကလေး | ၉၅ |
| ၄၁။ | နိဗ္ဗာန်ကို သတိဝေးသဖြင့် မိသေးထမင်းခွဲ့သလို | ၉၉ |

www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၂။ | လျှောက်ထားပုံ မကျေနက်၍ မြေလတ်သားနှင့်တူပုံ | ၁၀၂ |
| ၄၃။ | ထူးနှင့်မိဖုရား ကောက်ညှင်းပေါင်းသလို မလုပ်နဲ့ | ၁၀၄ |
| ၄၄။ | ပဋိသန္ဓေစွဲခန်းကို ပွဲလမ်းနှင့် ပမာထား၍ ဖြေကြားပုံ | ၁၀၆ |
| ၄၅။ | ဘုရားကို အမိုက်ဆုံးဟု စရိုက်အသုံးယွင်းမှားသူ | ၁၀၉ |
| ၄၆။ | အာပတ်မသင့်လျှင် ရဟန်းမဟုတ်နိုင် | ၁၁၁ |
| ၄၇။ | ရွေးကောက်၍ လျှုသင့်ဟန် ယူချင့်ရန် ပမာထား၍ | ၁၁၃ |
| ၄၈။ | အလဗ္ဗီ ဒုဿီလအား လှူဒါန်းနည်းကို | ၁၁၅ |
| ၄၉။ | သံဝေဂဖြစ်ပွားသည်ကို သားနှစ်ယောက်ဥပမာဖြင့် | ၁၁၇ |
| ၅၀။ | အလိုစမ်းသော အပြက်စကားကို ငှက်ဖျားနှင့်ပမာပြပုံ | ၁၂၀ |
| ၅၁။ | မေးလျှောက်ပုံထူးခြားသဖြင့် ဝက်ရူးသမားနှင့် ပုံဟပ်လျက် ဆုံးဖြတ် မိန့်ဆိုတော်မူခြင်း | ၁၂၂ |
| ၅၂။ | အထက်အညာမြို့၌ တောတို့ လင်မယားကွာသလို | ၁၂၅ |
| ၅၃။ | အင်္ဂလိပ်စစ်ဗိုလ် အော်လကောက်ဆရာကြီး လျှောက်ချက် | ၁၂၉ |
| ၅၄။ | ဘုန်းကြီးပျံခေါင်းသွင်းနှင့် အကြောင်းချင်းတူလေသည် | ၁၃၁ |
| ၅၅။ | ရှေးဘုရားဟောင်းကို ရွှေ့ပြောင်း၍ တည်ကောင်း, မတည်ကောင်း | ၁၃၃ |
| ၅၆။ | ဆရာတော်ဘုရားနှင့် အပျော်စကား မိန့်တော်မူ | ၁၃၅ |
| ၅၇။ | ရေကြီးမည့် အရေးကြောင့် အဆဲပြီးဆေး အလိုရှိသည် | ၁၃၇ |
| ၅၈။ | မကောင်းမှုအကျင့်လွဲလျှင် မျှောက်သင်းကွဲနှင့် တူသတဲ့ | ၁၃၈ |
| ၅၉။ | ပပဉ္စတရားသုံးပါး ဟောတော်မူခြင်း | ၁၄၀ |
| ၆၀။ | ဆရာတော် မုန့်ဆန်းစားသည်မှာ ကျမ်းစကားနှင့်အညီ | ၁၄၂ |
| ၆၁။ | အရက်သမားတို့၏ အစွဲအလမ်းကို မကြိုက်၍ ငရဲခန်းကို လိုက်၍ပြသောဥပမာ | ၁၄၃ |
| ၆၂။ | အပျိုကြီးရည်းစားမျှော်သလို | ၁၄၇ |
| ၆၃။ | ယခုအခါ တရားကွဲသည်မှာ "ထွား ကျွဲကျောင်းသလို" | ၁၅၀ |
| ၆၄။ | ယောက္ခမ မောင်ရှက်ကို သမက်က ထုံးပြ၍ဆုံးမပုံ | ၁၅၂ |
| ၆၅။ | ဒါယကာများ ပင့်မြှောက်ကြ၍ ငါ့ဆရာအငြင်းထွက်ရသည် | ၁၅၃ |
| ၆၆။ | လူကောင်းဆိုပေမဲ့ မျက်နှာမပြရဲတော့ အခက်သား | ၁၅၅ |
| ၆၇။ | ငစံမိုက်ကြောင့် ကျားငယ်ရသည် | ၁၅၇ |

www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၈။ | ဂုဏ်တော်ဖွင့် အလွန်ကောင်းသည် ဆိုပေမယ့် “ကျတိပိသော”အတိုင်းပင် | ၁၆၀ |
| ၆၉။ | ဥပုသ်သည်ဆာလွန်းတော့ ညဥ့်အပြစ်တင် | ၁၆၁ |
| ၇၀။ | ရွှေချဉ်ပေါင်တုံးကာမှ မောင်ဘုန်းပြန်ခဲ့မယ် | ၁၆၃ |
| ၇၁။ | ဘူးနီကလေးနှင့် သမားနှစ်ယောက် | ၁၆၅ |
| ၇၂။ | ဆင်နှင့်ကြွက် ပမာထား၍ ဒကာအား မိန့်ဆိုပုံ | ၁၆၈ |
| ၇၃။ | မဟာဒဏ်ဝန် ပုဆိုးပျောက်၍ မိုးသောက်မှသိသည် | ၁၇၀ |
| ၇၄။ | “ငင်း”ဟု ရေးမှားသော ရှေးစကား ယခင်ပမာနှင့် မြင်သာအောင် မိန့်ပုံ | ၁၇၁ |
| ၇၅။ | မြို့ဝန်ကြီး အရက်သောက်၍ ရက်လောက်အောင် ထုံးပြလျက် ဆုံးမတော်မူခြင်း | ၁၇၃ |
| ၇၆။ | တရားနာဖိတ် သေချာသူ ငစံသူနှင့် သဏ္ဌာန်တူ | ၁၇၅ |
| ၇၇။ | တရားဟောစရာ ရှာမတွေ့သဖြင့် သောပြေ့ကိုမှ မခေါ်ခဲ့ရ | ၁၇၆ |
| ၇၈။ | လျှောက်ထားပုံစကားလွဲ၍ တရားစွဲသည့် ငဝိုင်း | ၁၇၈ |
| ၇၉။ | ဃာနဒိတ္တယံ နတ္ထိနှင့် မယားကြောက်သူ ဒါယကာ | ၁၇၉ |
| ၈၀။ | တနင်္ဂနွေသားများ သူတစ်ပါးထက်ထူးကြသဖြင့် | ၁၈၂ |
| ၈၁။ | မင်းတို့ဆရာ တထ်ကျွမ်းကျင်တာက နတ်လမ်းညွှန်သလို | ၁၈၃ |
| ၈၂။ | ယိမ်းပုရိတ် အသင်းသားတို့ ယွင်းမှားရာ ထောက်ချိန်ဖို့ ပေါက်ဆိန်ဝယ် မှားသည်ကို ပုံထား၍ မိန့်ဆိုပုံ | ၁၈၄ |
| ၈၃။ | ကြောင့်စင်စစ်က မျောက်ဖြစ်အောင်ပင် တတ်သေး၏ | ၁၈၆ |
| ၈၄။ | မြန်မာအတွေး ရှမ်းအပြေး | ၁၈၇ |
| ၈၅။ | မျက်နှာကို သပိတ်အုပ်လျက် စိတ်ရှုပ်ဖွယ်ရဟန်းတစ်ပါး ဝမ်းသွားသောပမာ | ၁၈၈ |
| ၈၆။ | လှိုင်ထိပ်ခေါင်တင်ကို ကရင်လှေလှော်သော ဥပမာဖြင့် | ၁၉၀ |
| ၈၇။ | သားအမိနှစ်ယောက် မငြိမ်ဝပ်သဖြင့် ထဘီကျွတ်၍ အရှက်ရ | ၁၉၁ |
| ၈၈။ | အားမနာရမည့်အရာတွင် အားနာချက်အားကြီး၍ | ၁၉၃ |
| ၈၉။ | ဝန်မင်းကြီး စောင်ခြုံမှားသလို | ၁၉၅ |
| ၉၀။ | ခု-ကြီးလျှင် အသက်ကြီးတယ်ဆိုတဲ့ မိကျန် | ၁၉၇ |

www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၉၁။ | ဆင်ဖိနပ် ဖနောင့်သားနှင့် မဖြောင့်မတရား ကုသဟန် | ၁၉၈ |
| ၉၂။ | ဦးပဥ္စင်း နှစ်ပါးတို့ အချင်းများ၍ မအေးကြည်သဖြင့် ခွေးနီပါး၏ပုံပမာပြလျက် ဆုံးမတော်မူပုံ | ၁၉၉ |
| ၉၃။ | အလဇ္ဇီနှင့် ဒုသီလကို မသိတော့ "ရောက်ခါးသား စာရေးသလို" | ၂၀၁ |
| ၉၄။ | ကျမ်းဂန်က အကြောင်းပြသော်လည်း ချောင်းခွသား နှုတ်ခွန်းဆက်သလို | ၂၀၂ |
| ၉၅။ | ရေတ်သီးရွှတ်ရုပ်က လွတ်စပ်ပုံ အဟုတ်ကြမ်း၍ | ၂၀၄ |
| ၉၆။ | မာရ်အောင်အသင်းသားတို့ ယွင်းမှားကာ အခြေမသင့်သဖြင့် ငတေနှင့် ပမာတူပုံ | ၂၀၆ |
| ၉၇။ | မောင်မြတ်သာထွန်း ယိုးဒယားက ကသလို | ၂၀၇ |
| ၉၈။ | ဒေသနာကြားပုံဆန်းထူးသဖြင့် ရဟန်းရှူးနှင့် သဘောကိုက်အောင် | ၂၀၉ |
| ၉၉။ | ရေမြေ့ရှင်မင်းတရားကို ချီပါသားနှင့် ပုံပြုလျက် | ၂၁၀ |
| ၁၀၀။ | "လေ့နံ့စားထစ်"စကားကဲ့သို့အမှားကို အမှန်ထင်က ငရဲကျမည် | ၂၁၂ |
| ၁၀၁။ | အဂ္ဂပတ်ဘုန်းကြီး၏ ထုံးနည်းကို ပမာထား၍ | ၂၁၃ |
| ၁၀၂။ | သူနာကို ဆေးမသွင်းဘဲ တေးသီချင်းနှင့်ပျောက် | ၂၁၅ |
| ၁၀၃။ | ဤကဲ့သို့ ဒုက္ခမျိုးကို တက်တိုးတို့ ခံစမ်းချင်လှသည် | ၂၁၆ |
| ၁၀၄။ | ပြဿဒါးနေ့ထွက်၍ လေပျက်ရာမှာ ရှိပါစေတော့ | ၂၁၈ |
| ၁၀၅။ | ကြက်သားဟင်း တစ်ခွက်ပေးဖူးရုံနှင့် ကျေးဇူးဂုဏ်အနန္တ ကျေနိုင်ပါ့မလား | ၂၁၉ |
| ၁၀၆။ | လူကတော့ ပြာတာအလုပ်နှင့် မြို့အုပ်ထင်တဲ့ ငဖိုးကြာလို | ၂၂၁ |
| ၁၀၇။ | ထွန်ကိုင်းတတ်ပုံ အလွန်ရှူးသောကြောင့် ထွန်မစူးသည် | ၂၂၂ |
| ၁၀၈။ | မင်းတို့ ကံ,ဒွါရ နှစ်မျိုးရုပ်တာက ဖိုးတရုတ် ဖက်ရောင်းသွားသလို | ၂၂၄ |
| ၁၀၉။ | သက်န်းကို လှူခိုး၍ "မုဆိုးမကြီး ငွေငါးကျပ် ပျောက်သလို မဖြစ်စေနှင့်" | ၂၂၇ |
| ၁၁၀။ | နေနှင့်လကဲ့သို့ ကျင့်၍ ခွင့်သင့်ရာလိုက်မည် | ၂၂၈ |
| ၁၁၁။ | တောရှာသား မောင်တရုတ်နှင့် စံဆုပ်တို့ အုန်းဆိုသလို | ၂၃၀ |

www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၂။ | ဘိုးသူတော် ကိုရွှေကြာနှင့် သီလရှင်မယ်ခါတို့ ကဗျာနှင့် လူပျိုစကားပြောသလို | ၂၃၂ |
| ၁၁၃။ | တရားဟောကောင်းလှသဖြင့် ကျောင်းအမတေးဆို၍ ကလေးလို ကသည် | ၂၃၄ |
| ၁၁၄။ | ဦးရွှေသာ ခင်ကြီး ဆိုင်းတီးသံ မကြားချင်ဘူးဆိုတာလို ထင်ပါရဲ့ | ၂၃၆ |
| ၁၁၅။ | လမိုင်းသား ဓာတ်ကသလို အဖြတ်ရအခက်သား | ၂၃၈ |
| ၁၁၆။ | သမီးနှစ်ယောက် ဉာဏ်ကောင်းသည်ကို | ၂၃၉ |
| ၁၁၇။ | အထစ်အရစ်များသော သီချင်းလို မင်းဟောသော တရားမှာလည်း အနိစ္စများသည် | ၂၄၂ |
| ၁၁၈။ | ဝေဘူလတောင်ရောက်လျက် မီးခတ်ကျောက် အဖိုးတန်ထင်သလို | ၂၄၃ |
| ၁၁၉။ | အသက်ကေန်၊ သတ်ကြောင်းမှန်၊ ဉာဏ်ဟုဘယ်ကြောင့်ခေါ်သနည်း | ၂၄၅ |
| ၁၂၀။ | ဒေါက်ချာဆောင်းခြင်း၏အကြောင်းရင်း အခြေအမြစ် | ၂၄၆ |
| ၁၂၁။ | ကျေးတောသူ မြို့စကားပြောတော့ ရှုးထဲကျသွားသလို | ၂၄၉ |
| ၁၂၂။ | ငကောက် သိကြားရုပ်ဆွဲရင်း ပျင်းပျင်းနဲ့ မိုးလင်းရသည် | ၂၅၀ |
| ၁၂၃။ | မြားဒဏ်ထိ၍ စကားမခံချိအောင် ပြောကြသည်ကို | ၂၅၂ |
| ၁၂၄။ | တရားလုံးလုံး မမှတ်မိလို့ ထပ်ပြီးဟောပါဦး လျှောက်ထားသလို | ၂၅၃ |
| ၁၂၅။ | "ကူတို့သူကြီးမောင်မဲလို" လျှော့တော့လည်း အမြန်သား | ၂၅၅ |
| ၁၂၆။ | နှမ်းဖတ်ချဉ် ရွှေဗိန္ဒုငယ်၊ နန်းသူ့မျက်ချေး | ၂၅၇ |
| ၁၂၇။ | ပထဝီစသော ဓာတ်လေးပါးတို့ဖြစ်အင် | ၂၅၈ |
| ၁၂၈။ | အရှည၀ါသီခေါ်ဆိုခြင်း၏အကြောင်းရပ်ကို | ၂၆၀ |
| ၁၂၉။ | ကရင်မ မိပိုး နတ်ကိုးကွယ်သလို | ၂၆၂ |
| ၁၃၀။ | စစ်ဆေး၍ အဆုံးကျတော့ အညစ်အကြေးတုံးကြီးဖြစ်၍နေ | ၂၆၇ |
| ၁၃၁။ | ဗောဓိမဏ္ဍိုင်လက်ာနည်းကို ကရင်ဆရာ့ကြီး အယူလွဲသလို | ၂၆၉ |
| ၁၃၂။ | ဘုရားကြိုက်သော ထန်းလျက်ကို အဆန်းဖက်၍ ကျီစားပုံ | ၂၇၂ |
| ၁၃၃။ | အလင်္ကာတို့ကို အပြစ်ပေးရာ၌ အညစ်အကြေးနှင့်တူသည် | ၂၇၃ |
| ၁၃၄။ | ဒါနကို အသိခက်မည့်ကြောင့် ငါးပိချက်နှင့် ပမာပြပုံ | ၂၇၅ |
| ၁၃၅။ | အာရတ်–ဝိရတီခေါ်ဆိုငြားလည်း စော်ဘွား စော်ခံလိုပါပဲ | ၂၇၆ |

www.burmeseclassic.com

www.burmeseclassic.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၆။ | သင်္ဇာဆရာတော်သာ ကျော်စောသည်ဟု ကျေးရူးအရပ်ရပ်ကို ပြောရာ ခွေးရူးသတ် ဥပမာဖြင့် မိန့်ဆိုပုံ | ၂၈၀ |
| ၁၃၇။ | မိမိသဘောနှင့် အလွတ်ရှာကြံ၍ "သောတ္တာန်"ကို အယူလွဲပုံ | ၂၈၁ |
| ၁၃၈။ | လျှောက်ထားပုံ အထက်မြင့်ပေမယ့် ၄က်သင့်သလိုသာရှိမည် | ၂၈၂ |
| ၁၃၉။ | ဥပစိရုပ်ဝါရှိပေမဲ့ ပယောဂသမ္ဘတ္တိသေးက အကျိုးမပေးနိုင် | ၂၈၄ |
| ၁၄၀။ | လျှောက်ထားပုံ ဆန်းထူးသဖြင့် ယမ်းဘူးနှင့်ပမာပြပုံ | ၂၈၆ |
| ၁၄၁။ | ဒါယကာတစ်စုနှင့်ဖြင့် သာသနာပြု ရှမ်းပြည်သွားမိသလို | ၂၈၈ |
| ၁၄၂။ | မင်းလျှောက်သည့် မြူနီစပယ်စကားက သူငယ်ထွားပြောသလိုပါပဲ | ၂၉၀ |
| ၁၄၃။ | မျောက်ငိုပင်ခေါ်သည်ကို တော်လျော်အောင်မိန့်တော်မူပုံ | ၂၉၁ |
| ၁၄၄။ | ဘုံကျော်တိုက်က ဦးပဍ္ဍင်းနှစ်ပါး "ဘုရားပြိုင်ထုသလို" | ၂၉၂ |
| ၁၄၅။ | ငါလည်းမတတ်နိုင် လက်မှိုင်ချရုံရှိတော့သည် | ၂၉၄ |
| ၁၄၆။ | ရှမ်းအုန်းသီး အသုံးမလုပ်တတ်၍ အခွံချည်း ဝါးထွေးသလို | ၂၉၆ |
| ၁၄၇။ | မောင်သာဘေး စာသဘောပေါက်တော့ မိအေးဒုက္ခရောက် | ၂၉၈ |
| ၁၄၈။ | သစ်စေးသုတ်ပေးလိုက်သည် နောက်ဈေးကျမှ ရွှေချပေတော့ | ၃၀၀ |
| ၁၄၉။ | တရားတစ်ပုဒ်ရ၍ လာဘ်များပေမယ့် သမားတော်ရာထူးတိုးသလို | ၃၀၁ |
| ၁၅၀။ | ခွေးချိုစေ့ဆက်သွင်းရာ၌ လိုရင်းကိုမရောက်တတ် နောက်ထပ်မှသာ၍ဆိုး | ၃၀၄ |
| ၁၅၁။ | နွားကျောင်းသားပမာပြု၍ "ရှူး" သာခုအခေါ်ခံရသည် | ၃၀၆ |
| ၁၅၂။ | ပါဠိစကား အသုံးမသင့်တော့ နှလုံးနင့်၍ ထောက်ဆဖို့ | ၃၀၉ |
| ၁၅၃။ | အနှစ်ခုနစ်ရာ ဆွေးမပြေတဲ့ ကိန္နရာဇာတ်ကို ဟောကြားပုံ | ၃၁၁ |
| ၁၅၄။ | မပြောလို၍ ပမာမိုးလျှင် နှာစီး၍အနံ့မသိသော ယုန်ထုံးကို | ၃၁၆ |
| ၁၅၅။ | တစ်နေ့တည်းစောင့်ရုံနှင့် ဥပုသ်သုံးပါးရ | ၃၁၈ |
| ၁၅၆။ | သင်္ဇာဆရာတော်ဘုရားအား တရားဟောမဏ္ဍာပ်တွင် သေနတ်နှင့်ပစ်ခြင်း | ၃၁၉ |
| ၁၅၇။ | သေနတ်နှင့်ပစ်သောအကြောင်းနှင့် စပ်လျဉ်း၍ | ၃၅၇ |
| ၁၅၈။ | ဘုန်းတော်ကြီးပြောသောစကားက တို့အိမ်နားနီးလာပြီ | ၃၂၄ |
| ၁၅၉။ | မီးနေဟင်းသောက်ဖို့ ငါးကြင်းစောက်မှ တူရွှင်းစောက်ဝယ်မှားပုံ | ၃၂၆ |


www.burmeseclassic.com

www.burmeseclassic.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၀။ | မောင်ပျင်းအကွက်လည်အောင် ကြွက်ကယ်သောပုံထုံး | ၃၂၈ |
| ၁၆၁။ | တရားနားဝင်သော ငါးချဉ်သည် မိအေးလို အရေးတကြီးမလုပ်နှင့် | ၃၃၀ |
| ၁၆၂။ | သင်္ဂဇာဆရာတော်ဘုရားကြီး ပျံလွန်တော်မူခြင်း | ၃၃၂ |
| ၁၆၃။ | သင်္ဂဇာဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိကျောက်စာ | ၃၃၆ |

---

## ၂။ ဗန်းမော်ဆရာတော်ဘုရားကြီး စကားပုံ

| | | |
|---|---|---|
| ၁။ | ဘဝရှင်မင်းတရားအား ဓမ္မာဘိသမယကို ဖြေဆိုတော်မူခြင်း | ၃၅၈ |
| ၂။ | ကံ, ဉာဏ်, ဝီရိယ သုံးပါးကို နှလုံးထားရန် ဟောတော်မူပုံ | ၃၆၁ |
| ၃။ | ဗန်းမော်ဆရာတော်ဘုရားနှင့် သီလရှင်မယ်ကင်း အချင်းချင်း စာချိုးပုံ | ၃၆၅ |
| ၄။ | သုဓမ္မာ ဆရာတော်ကြီးများကို စာချိုးပုံ | ၃၆၇ |
| ၅။ | လွှတ်တော်ဝန်ကြီးများကို စာချိုးပုံ | ၃၇၀ |
| ၆။ | ရောဝတီမြစ်ရိုးတွင် စာချိုးနှင့် ရေကူးတော်မူပုံ | ၃၇၂ |
| ၇။ | အလျင်အမြန်မင်္ဂဖိုလ်ရောက်ဖို့ အတိုကောက်တရားဟောခြင်း | ၃၇၃ |
| ၈။ | သီလရှင်မယ်ကင်းနှင့် စပ်လျဉ်း၍ ဟောတော်မူပုံ | ၃၇၄ |
| ၉။ | စာပစ်မှုဖြင့် ဗန်းမော်မြို့သို့ အပို့ခံရခြင်း | ၃၇၆ |
| ၁၀။ | မင်းတရားကြီးက စေလွှတ်သောအမတ်အား မိန့်ကြားခြင်း | ၃၈၀ |
| ၁၁။ | ရှမ်းကလေးကျွန်းဆရာတော်အား သာသနာကြည့်ရန်လွှဲအပ် | ၃၈၂ |
| ၁၂။ | အတွင်းဝန်ဦးချိန် အိမ်ဝင်းအတွင်းပစ်သည့် ပြန်တမ်းပစ်စာ | ၃၈၄ |
| ၁၃။ | ပြန်တမ်းသိမ်း အမှုငြိမ်း ဝိနိစ္ဆယသြဝါဒအကြောင်း | ၃၈၇ |
| ၁၄။ | ရှမ်းကလေးကျွန်းဆရာတော်သို့ စာချိုးပစ်စာများ | ၃၉၀ |
| ၁၅။ | တောင့်တအပ်သော အကျိုးပြီး မပြီး စနည်းတဘောင် နားထောင်ဟန် | ၃၉၂ |
| ၁၆။ | ဗန်းမော်ဆရာတော်ကို အပင့်ခိုင်းရာ စစ်ကိုင်းဘက်က မပြန်ပြီဟု မိန့်ဆိုခြင်း | ၃၉၆ |


www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | တောင်ကြားနေသူကို ပေါင်ကြားလူက ဆုံးမဖို့မရှိပါ | ၃၉၈ |
| ၁၈။ | စလင်းဆရာတော်တို့ကို ကျီစယ်သောအားဖြင့် “အလကားသို့ရောက်သည်”ဟူသော ဥပမာကို ထူးခြားစွာမိန့်ခြင်း | ၄၀၀ |
| ၁၉။ | ကွမ်းအစ်ကြီးနိတာရဲ့နှင့် ကြမ်းပြိမှာသူပျော်၊ သာပေါ်တို့တူဝရီး | ၄၀၁ |
| ၂၀။ | ဦးသာရောက် အနက်မထင်သဖြင့် စာအပြစ်များ | ၄၀၃ |
| ၂၁။ | ရွှေညောင်ပင်သာသည့်ကုန်း စုရုံး၍ နေကြရာ | ၄၀၅ |
| ၂၂။ | မျောက်မင်းအူသံဖြစ်ခြင်း၏အကြောင်းရင်း အတ္တုပ္ပတ်ကို | ၄၀၆ |
| ၂၃။ | မင်းတောထွက်ချင်တာက ရခိုင်ဘုရင် ဥယျာဉ်ထွက်သလို | ၄၁၁ |
| ၂၄။ | ဇာတ်ဆရာမောင်ဟိန်း ဘီလူးကြိမ်းမှားသလို | ၄၁၃ |
| ၂၅။ | ငယ်ပါလိုနေတတ်မှ ဘေးဥပါဒ်ကင်းသည် | ၄၁၄ |
| ၂၆။ | ပညာယူလမ်းမှား၍ ရှမ်းများဖြစ်ရသည် | ၄၁၆ |
| ၂၇။ | ဘူမိရုပ်ကို အာချာတ်ပုဒ်သူထင်စသော စာချိုး | ၄၁၈ |
| ၂၈။ | အတွင်ယားလိုက်ပါဘိ ဖင်ကြားကပွေးတွေ စာချိုး | ၄၁၈ |
| ၂၉။ | သီလရှင်မယ်ကင်းနှင့် စာတတ်ချင်းကွဲပြားသည်ကို | ၄၂၀ |
| ၃၀။ | စိတ်ဆိုး၍ ပရိဝါသ်–မာနတ် စာချိုး ရေးသားတော်မူပုံ | ၄၂၂ |
| ၃၁။ | မကျွမ်းတဲ့မကျင်၊ ဇရပ်ပေါ်မယ်သီလကို ခွန်းစ လိုက်ချင် | ၄၂၄ |
| ၃၂။ | ဗန်းမော်ဆရာတော် အခမ်းအနားဖြင့် ဆွမ်းစားတော်မူခြင်း | ၄၂၅ |
| ၃၃။ | သရဏဂုံ အရွတ်လွဲတဲ့ ဦးဘဲကိုထုံးပြုလျက် ဆုံးမပုံ | ၄၂၈ |

---

## ၃။ ဘုရားကြီး ဆရာတော်ဘုရားကြီးစကားပုံ

| | | |
|---|---|---|
| ၁။ | ငါ့အလုံး သက္ကာယကို ဖျက်ခွာချရန် မင်းတရားအားဟောပုံ | ၄၃၁ |
| ၂။ | သဘောကိုထောက်ချင့်ဖို့ ပေါက်ပွင့်သုပ်ဥပမာ | ၄၃၃ |
| ၃။ | ဘိုးသူတော် ပုတီးစိပ်သလို မဖြစ်စေနှင့် | ၄၃၅ |
| ၄။ | တရားဟောချွတ်ယွင်းလျက် ဖွတ်ငြင်းသည် | ၄၃၆ |
| ၅။ | အပျိုကြီးနှင့် လူပျိုကြီး စကားထာဝှက်သလို | ၄၃၉ |
| ၆။ | မင်းတရားကြီးအား “ကွမ်းထမ်းသမား”ဥပမာဖြင့် မိန့်ဆိုပုံ | ၄၄၁ |

www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | မဟာဒဏ်လျှော်ချက်နှင့် နောက်တစ်သက်မှတ်လောက်အောင် မိန့်ဆိုပုံ | ၄၄၂ |
| ၈။ | မီးအိမ်ပျံ နန်းတော်ပေါ်ကျခြင်းနှင့် စပ်လျဉ်း၍ စာသွင်းတော်မူခြင်း | ၄၄၄ |
| ၉။ | ကျမ်းဂန်ကို သေချာမထောက်ဘဲ ခြေရာပျောက်စကားပြောသည်ဟု မိန့်ဆိုပုံ | ၄၄၆ |
| ၁၀။ | ယောက္ခမက သမက်ကို မချစ်၍ စာပစ်သည်နှင့်တူပုံ | ၄၄၈ |
| ၁၁။ | ငရဲကြီးမှ ငရဲကလေးကို နိုင်သည် | ၄၅၀ |
| ၁၂။ | အသက်ရှည်စေလို ထန်းရည်ခါးနှင့် ကြက်သားကိုမျို သေစေလို စိန်မစားနှင့် ဥပုသ်စောင့်သွား | ၄၅၁ |
| ၁၃။ | ငိုက်မျဉ်း၍ အကျိုးမရှိသည်ကို သူခိုး၏ဥပမာဖြင့် ဆုံးမပုံ | ၄၅၃ |

---

## ၄။ ခင်မကန်ဆရာတော်ဘုရားကြီးစကားပုံ

| | | |
|---|---|---|
| ၁။ | ဓမ္မစကြာကျက်မရ၍ အရာရှိတစ်ယောက်အား ဆုံးမတော်မူပုံ | ၄၅၇ |
| ၂။ | မင်းတို့က အကြိကလေးနှင့် ဆန်ပေးပြီး စာချငှားမလာနှင့် | ၄၅၉ |
| ၃။ | အန္ဓိဘူတော အယံ လောကော ဟူသော ပါဠိဖြင့် | ၄၆၁ |
| ၄။ | ရဟန်းငယ်သဘောကျအောင် "မောဟ"ကို မိန့်ဆိုပုံ | ၄၆၂ |
| ၅။ | ငရဲသားတို့၏ ကျဉ်းကျပ်ဟန် သံမှိုနှင့်ပမာထား၍ မိန့်ကြားတော်မူပုံ | ၄၆၄ |
| ၆။ | တရားနာသူ အခွင့်မဟန်သောကြောင့် နင့်အကြံ ငါသိပြီ | ၄၆၅ |
| ၇။ | နိဗ္ဗာန်အဟုတ်မက်သော်လည်း နှုတ်ဆက်နေဦးမှာဖြင့် | ၄၆၇ |
| ၈။ | ရွှေဘိုမြို့နယ်က ဘုန်းကြီးဦးကြွယ်တရားဟောသလို မလုပ်နိုင်ဘူးကွဲ့ | ၄၆၉ |
| ၉။ | သူကန်းနှင့် ပမာထား၍ ဒါယကာအားမိန့်တော်မူခြင်း ဆုံးမစာ | ၄၇၁ |
| ၁၀။ | အတိုကြိုက်လျှောက်နည်းကြောင့် တစ်ယောက်တည်း သင့်အောင်နေ | ၄၇၄ |

---

www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

### ၅။ စလင်းဆရာတော်ဘုရားကြီးစကားပုံ


၁။ သစ္စတ္တဒီပနီကျမ်းနှင့်စပ်၍ နန်းတော်တွင်း၌ မိန့်တော်မူပုံ ၄၇၆
၂။ "အလောသုံးဆယ်"ဟူသော စကားအကြောင်း ၄၇၉
၃။ စဉ်းစား၍ နောင်အဆုံးရယ်လောက်သော "ယောင်သုံးဆယ်" ၄၈၁
၄။ တရားဟောရာ၌ အစပ်အသွားပလီတော့ သပ်များသည် ၄၈၄
၅။ မိန်းမဆိုလျှင် အရှင်းသား ထိုးကွင်းကြောင့် အတွေးရကျပ် ၄၈၅
၆။ ယစ်မျိုးငါးပါးနှင့် စပ်လျဉ်း၍ ရှင်းလင်းမိန့်ကြားပုံ ၄၈၇
၇။ ပျင်းရိခြင်းကို စက်ဆုပ်သဖြင့် ကြက်ကုပ်နှင့် ထုံးပြ၍ဆုံးမခြင်း ၄၈၉
၈။ မြင်းမိုရ်တောင်အကြောင်းကို အခေါင်းရှိမရှိ ငြင်းခုံ၍ ၄၉၁
၉။ ဒါယကာလျှောက်ပုံကို ငခုံဆရာတော်စကားနှင့် မိန့်ကြား ၄၉၃


---

### ၆။ မောင်းထောင်ဆရာတော်ဘုရားကြီးစကားပုံ


၁။ အဂ္ဂညျှမည်သင့်သည်ဟူသောစကား ၄၉၅
၂။ ခြင်ကိုက်ခံ၍ ကျင့်သောဘုန်းတော်ကြီး၏ ပမာစကား ၄၉၇
၃။ အသင့်အတင့် နှလုံးမထားတတ်လျှင် ဆုံးပါးသေးငယ်စေတဲ့ အယောနိသော မနသိကာရ ၄၉၉
၄။ ဆွေသတိုးကို ရေချိုးပြီပေါ့၊ နောင်ကြီးရန် ခက်သေးသည် ၅၀၁
၅။ ကမ္မဝါဖတ်ခြင်းနှင့် စပ်လျဉ်း၍ မိန့်ဆိုခြင်း ၅၀၂
၆။ ရဟန်းနှစ်ပါးတို့ ခိုက်ရန်ဒေါသဖြစ်ပွားကြသည်ကို ၅၀၄


---

### ၇။ သစ်ဆိမ့်ဆရာတော်ဘုရားကြီး စကားပုံ


၁။ သဒ္ဒါ, အဘိဓာန် ထူးခြားဟန်ကို "သာ ခံ ဩ လောကေတိ" ဟူသော ပါဠိဖြင့်ဖြေဆိုပုံ ၅၀၆
၂။ မယားဖြစ်မူ၊ အပြစ်ယူ၊ ရန်သူမှတ်အပ်သည် ၅၀၈
၃။ မကောင်းမှုပြုသောအခါ ဆိတ်ကွယ်ရာ ရှိ-မရှိ ၅၁၂
၄။ ယုတ္တိသာရှိ၍ ယုတ္တာမရှိ ၅၁၃


www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | မယားက လင်အား မထေမဲ့မြင်ပြုခြင်းကို စာအခိပ္ပာယ်ပြောရင်း ရယ်မောဖွယ် မိန့်တော်မူခြင်း | ၅၁၅ |
| ၆။ | မောင်ပေါက် ဥပုသ်စောင့်သလို မလုပ်ကြနှင့် | ၅၁၇ |
| ၇။ | ဝဿကတော သုဗ္ဘိက္ခဒုဗ္ဘိက္ခော | ၅၂၀ |
| ၈။ | ဘုရားက တို့သားအဖကို ရန်တိုက်ထားခဲ့သည် | ၅၂၁ |
| | ကျမ်းပြီးနိဂုံး | ၅၂၄ |
| | နိဂုံးလင်္ကာ | ၅၂၆ |

www.burmeseclassic.com

www.burmeseclassic.com

# ဥပမာသမ္ဗုဟာဂီရက္ကမကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏ္ဍာမနှင့် ပဋိညာဉ်

ယုတ္တံ သုဘာသိတဂုဏေန တိလောကမာနံ၊
ဗုဒ္ဓံ ဘိဝန္ဒိယ နိဝေဝိတမဓ္ဓသာရံ၊
သံဃဉ္စ နိက္ကိလေသဇာလမရိယဝံသံ၊
သီလာဒိဓမ္မသမုပေတမစေရုစီရံ။
[၁၄ လုံးဖွဲ့ ဝသန္တတိလကဂါထာ။]

ဤပထမဂါထာ တတိယပါဒ–၌ ဆန်းဂိုဏ်းကို စောင့်ခြင်းဟု ဆိုအပ်သော ဆန္ဒာနုရက္ခဏာအလို့ငှာ မရိယ–ဟု ဒီဃနှင့်ရွတ်။

ဂန္ထန္တရေသု အတိကောဝိဒဉာဏိကာနံ၊
ရာဇူဟိ ဒိန္နမဟိတဗ္ဗကလက်ိကာနံ။
နာနာ ဂုရူနမဘိလက္ခိတသုန္ဒရံ ဝါ၊
သမ္ဗူဟာဂီရက္ကမ မာရဘိဿံ သမာနျ။
[ ၁၄–လုံးဖွဲ့ ဝသန္တတိလကဂါထာ။]

(ဤ ဒုတိယဂါထာ တတိယပါဒ–အဆုံး၌ ဝါ–သဒ္ဒါကား ပဒပူရဏ။ ၎င်းဂါထာ စတုတ္ထပါဒအစ၌ သမ္ဗုဟ–ဟု ဆိုလိုလျက် ဆန်းဂိုဏ်းကို စောင့်ခြင်းဟု ဆိုအပ်သော ဆန္ဒာနုရက္ခဏာအလို့ငှာ သမ္ဗူဟာ–ဟု ဆိုလေသတည်း။ ၎င်း

www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထပါဒ၌ပင် ဂီရက္ကမံ–ဟု ဆိုလိုလျက် ဆန်းဂိုဏ်းကို စောင့်ခြင်းငှာ နိဂ္ဂဟိတ်ကို ချေ၍ ဂီရက္ကမ–ဟု ဆိုသတည်း။ ၎င်းပါဒ သမာန္ယ–၌လည်း သမာနိယ–ဟု ဆိုလိုလျက် တွာ–ပစ္စည်း၏ ကာရိယဖြစ်သော ယ–အက္ခရာကိုချေ၍ နိ–အစိတ် ဏ္ဍ–ကို–ယ–ရေး၍ သမာန္ယ–ဟူ၍လည်းကောင်း အဆုံး၌ ပါဒန္တဂရုဟူ၍ လည်းကောင်းမှတ်။)

အဟံ၊ **ဆရာသိန်း**ဟု အုပ်ထိန်းယုယ မိနင့်ဖတို့ ခေါ်ကြသမုတ် အကျွန်ုပ်သည်။ ဝါ၊ ပါဠိ၊ အဋ္ဌကထာ ဋီကာ–စသည် သင်ရိုးမှီလျက် အစီအကုံး အနှုန်းအဖွဲ့ အသုံးတည့်၍ ပြီ့ပြဲဥသုံ ပြည့်လောက်လုံသဖြင့် ဦးရန်ကုန်ဆရာတော် တိုက်အုပ်ဆရာတော် မထေရ်ကျော်တို့၏ အသုံးတော်ခံ စင်စစ်မှန်သော စာတော်ပြန်ဆရာသိန်းသည်။ သုဘာသိတ ဂုဏေန၊ အကျိုးစီးပွား များအံ့အခွင့် သင့်သည်၌သော ကောင်းစွာမြွက်ဖော် ဟောတော်မူတတ်သော ကျေးဇူး ဂုဏ်အထူးနှင့်။ ယုတ္တံ၊ ယှဉ်သော။ တိလောကမာနံ၊ ဗြဟ္မာ, နတ်, လူ သုံးဘုံသူတို့၏ ကြည်ဖြူရှိခိုး မြတ်နိုးပူဇော်ခြင်းငှာ ထိုက်တော်မူသော။ ဗုဒ္ဓဥ္စ၊ သစ္စာအနက် ဆယ့်ခြောက်ချက်ကို ပြက်ပြက်ထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားကိုလည်း။ အဘိဝန္ဒိယ–အဘိဝန္ဒာမိ၊ ရှိသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။ အဘိဝန္ဒိယာ–အဘိဝန္ဒိတွာ–ရှိသေညွတ်ကျိုး လက်စုံမိုးလျက် ရှိခိုးပြီး၍။ နိသေဝိတံ၊ အမြဲမပြတ် မှီဝဲအပ်သော။ ဓမ္မသာရဉ္စ၊ ဝိမုတ္တိရသ ဓမ္မအစစ် တရားနှစ်ကိုလည်း။ အဘိဝန္ဒိယ–အဘိဝန္ဒာမိ၊ ရှိသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။ အဘိဝန္ဒိယ–အဘိဝန္ဒိတွာ၊ ရှိသေညွတ်ကျိုး လက်စုံမိုးလျက် ရှိခိုးပြီး၍။ နိက္ကိလေသဇာလံ၊ ကင်းသော ကိလေသာတည်းဟူသော ကွန်ရက်ရှိတော်မူသော။ အရိယဝံသံ၊ အရိယာ၏ အနွယ်တော်ဖြစ်သော။ သံဃဉ္စ၊ မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန် လေးတန်ထင်ပေါ် သံဃာတော်မြတ်ကိုလည်း။ သံဃဉ္စ၊ မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန် လေးတန်ထင်ပေါ် သံဃာတော်မြတ်ကိုလည်း။ အဘိဝန္ဒိယ–အဘိဝန္ဒာမိ၊ ရှိသေညွတ်ကျိုး လက်စုံမိုးလျက် ရှိခိုးပြီး၍၊ သီလာဒိဓမ္မသမုပေတံ၊ သီလ–အစရှိသော တရားအထူး မြတ်ကျေးဇူးအပေါင်းနှင့် ကောင်းစွာ ပြည့်စုံတော်မူသော။ စီရံ၊ မြင်းမိုရ်ခုံခိုင် တောင်မဏ္ဍိုင်ကဲ့သို့ ယိမ်းယိုင်မရှိ ပကတိ မြဲမြဲခိုင်ခံ့ တည်တံ့သော သမာဓိ ရှိတော်မူသော။ အာစေရဉ္စ၊ ဓမ္မာစရိယ နိဿယာစရိယ သင်ပြပေတတ် ကျေးဇူးရှင် ဆရာမြတ်ကိုလည်း။ အဘိဝန္ဒိယ–အဘိဝန္ဒာမိ၊ ရှိသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။ အဘိဝန္ဒိယ–အဘိဝန္ဒိတွာ၊ ရှိသေညွတ်ကျိုး လက်စုံမိုးလျက် ရှိခိုးပြီး၍။

www.burmeseclassic.com

www.burmeseclassic.com



ဂန္ထန္တရေသု၊ အထူးထူးသော ပါဠိ၊ အဋ္ဌကထာ ဋီကာ ဂန္ထန် ကျမ်းဂန်အထူးထူးတို့၌။ အတိကောဝိဒဉာဏိကာနံ၊ အလွန်အကျူး အထူးကျွမ်းကျင် မြော်မြင်တတ်သိ လိမ္မာသောဉာဏ် ရှိတော်မူကုန်သော။ ရာဇူဟိ၊ ဘုရင်မင်းမြတ် သမုနတ်တို့သည်။ ဒိန္နမဟိတဗ္ဗကလက်ိကာနံ၊ ကပ်ဆပ်ပူဇော် လှူတော်မူအပ်သော အက္ခရာတံဆိပ် ရှိတော်မူကုန်သော။ နာနာ ဂုရူနံ၊ အထူးထူးအပြားပြား တစ်ပါးမက (သင်္ဂဇာဆရာတော်ဘုရားကြီး) စသော မထေရ်အမော် ဆရာကျော်တို့၏။ အဘိလက္ခိတသုန္ဒရံ၊ အလွန်အကျူး အထူးမပြတ် ကျက်မှတ်ကြည့်ရှု သတိပြုဖွယ်ကောင်းသော စကားပုံ အလုံးစုံတို့ကို။ သမာနျ–သမာနိယ၊ ရှာဖွေစုဆောင်း ကောင်းစွာထုတ်ဆောင်၍။ သမ္ဗူဟာဂီရက္ကမံ၊ ရှေးခါမိန့်ဟောင်း ဥပမာကြောင်းတို့ကို ပေါင်း၍ ပြတတ်သည်၏ အဖြစ်ကြောင့် 'ဥပမာသမူဟီရက္ကမ' မည်ရတင့်ဆန်း စကားပုံကျမ်းကို။ အာရဘိဿံ၊ ရေးသားပြုပြင် စီရင်အားထုတ်ပေအံ့။

ဤပဏ္ဏာမပုဗ္ဗက ဂန္ထရမ္ဘဖြစ်သော ဂါထာတို့ကို ရှေးဦးစွာဆိုရခြင်းကား သမုဒ္ဒရာ ပင်လယ်ရေကြောသို့ မီးသင်္ဘောဖြင့် လွှင့်မျှောကူးသွား၍ ကမ်းတစ်ဖက်သို့ ရောက်လိုသော ကုန်သည်အမျိုးသားသည် မသွားမလွှင့်မီကပင် ရေယဉ်အဏ္ဏဝါ သမုဒ္ဒရာ၌ များစွာသော ဂရက်ရေလှိုင်း လေမုန်တိုင်းတို့ဖြင့် ဖြတ်ပိုင်းလွှင့်မှုတ် နစ်မြုပ်ရခြင်းဘေး, ငါးလိပ်မကန်း ကြမ်းသောမိကျောင်း မကောင်းနိုပ်စက် အသက်၏ အန္တရာယ်ဖြစ်သော ဘေးတို့မှ ကင်းဝေးပျောက်ပစေခြင်းငှာ ရတနာသုံးပါး ဆရာသမား မိဘများကို ဝတ်တွားရှိခိုး အမျိုး,အရိုး ဘာသာ ဗလိနတ်စာကျွေးခြင်း စသောအမှုကို ပြု၍ပြီးမှ ခရီးစခန်း ပင်လယ်ကမ်းသို့ လွှင့်မြန်းသော အခါ ဘေးဘယာတို့မှ ဝေးစွာကင်းငြိမ်း၍ ချမ်းသိမ်းသော လိုရာကိစ္စ ဟူသမျှတို့သည် ခဏချင်း ကမ်းတစ်ဖက်သို့ရောက်၍ ထမြောက်အောင်မြင်သကဲ့သို့ ထို့အတူ ချမ်းသိမ်းသော ကျမ်းပြုဆရာတို့၏ ဖွယ်ရာတန္တ၊ ထုံးတစ်ခုသည် ကျမ်းမပြုမီ ရှေးအဖို့၌ မိမိတို့၏ အဇ္ဈတ္တသန္တာနဝယ် အန္တရာယ် ပျောက်ခြင်း, ကျမ်းပြီးခြင်း အကျိုးရှိသော ရတနတ္တယပဏ္ဏာမကို အစရှေးဦး ပကထူးက ဆည်းပူးအားထုတ်မြဲမမွှတာသသော ဖြစ်ရကား ကျွန်ုပ်သည်လည်း အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်း အကျိုးကို မြော်ကိုးအားသန်လျက် "ယုတ္တံ့ သုဘာသိတဂုဏေန" စသော နှစ်ဂါထာကို ရှေးဦးစွာ ဆိုရသတည်း။

**ထိုဂါထာတို့၏ အဓိပ္ပာယ်ကား...** မန္တလေး ရတနာပုံ နေပြည်တော်ကြီး တောင်မျက်နှာဒေသ၊ ဒက္ခိဏာရာမတိုက်၌ တိုက်အုပ်ဆရာတော်, ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ဦးရန်ကုန်–စသော ကျမ်းတတ်အကျော် ဆရာတော်တို့ထံ ၁၀–နှစ်ကျော်ခန့်မျှ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ–သင်ရိုးကျမ်းများကို သင်ကြားအားထုတ်ခဲ့ဖူးခြင်း၊ ပထမပြန် စာမေးပွဲများတွင်လည်း ရဲဝံ့စွာ ဖြေဆိုအောင်မြင်ခဲ့ဖူးခြင်း၊ ရန်ကုန်မြို့ လမ်းမတော်ရပ်တွင် တည်ရှိသော မဟာဗောဓိ သတင်းစာနှင့် မြန်မာ့သြဘာ စာပုံနှိပ်တိုက်တွင် စာပြင်ဆရာ အယ်ဒီတာအဖြစ် လုပ်ကိုင်ပြုပြင် စီရင်ရေးသားဖူး ခြင်း၊ ယင်းသို့ စသောအားဖြင့် များသော အကြားအမြင် ဗဟုသုတ ယထာရဟ ရှိသော ကျွန်ုပ် [ဆရာသိန်း]သည် သုံးပါးရတနာ ဆရာသခင် ကျေးဇူးရှင်တို့အား ဦးတင်ဂါရဝ ဝန္ဒနကိရိယာ စေတနာဖြင့် ကောင်းစွာရှိခိုးပြီး၍ အသီးသီးသော ဂန္ထန္တရကောဝိဒ၊ ရာဇဂုရုအကျော် ဆရာတော်ဘုရားကြီးတို့၏ မှတ်သား၊ နည်းယူရန်ကောင်းသော စကားပုံတို့ကို အကုန်ပေါင်း၍ ပြရာဖြစ်သောကြောင့် **"ဥပမာသမူဟဂီရက္ကမ"** အမည်ရှိသော ကျမ်းကို ကြိုးပမ်းအားထုတ် ပြုလုပ်တီတွင် စီရင်ရေးသားပေအံ့–ဟူလိုသတည်း။

> ဤ "ဥပမာသမူဟဂီရက္ကမ" ကျမ်းစာအုပ်၌ သင်္ဂဇာဟူသောပုဒ်ကို ထိုထို အရာဌာန သက်ဆိုင်သမျှသော အရာတို့၌ မကြာမကြာ အသုံးပြု၍ ထည့်သွင်းရေးသားရမည်ဖြစ်သောကြောင့် စိစစ်လျှဉ်းပါး၍ အကျဉ်းအားဖြင့် ရေးသားလိုက်ပါအံ့။

ဤ **သင်္ဂဇာဟူသောပုဒ်၌**... စတုတ္ထရာ ဃနှင့် ရေးခြင်းမှာ ရှဥ်ိသာတည်း။ ရှဥ်ိဖြစ်ကြောင်းကား–ရှေးအခါကာလက သင်္ဃရာဇာ–အမည်ရှိသော မထေရ်တစ်ဦး သည် နေဖူးသည်ကို အစွဲပြု၍ ထိုသင်္ဃရာဇာမထေရ်၏ ကျောင်းအနီး၌ တည်သော ချောင်းကို သင်္ဃဇာချောင်း–ဟု ခေါ်သည်။ ယခုတစ်ဖန် ထိုချောင်းကို အစွဲပြု၍ သင်္ဃဇာချောင်း၏ အနီး၌တည်သော ကျောင်းတိုက်ကို သင်္ဃဇာတိုက်–ဟုခေါ် သည်။ ထိုသင်္ဃဇာတိုက်၌ သီတင်းသုံးတော်မူသောကြောင့် ကျောင်းတိုက်ကို အစွဲပြု၍ ဌာန၏အမည်ကို ဌာနီ၌ တင်စားသဖြင့် "သင်္ဃဇာဆရာတော်ဘုရား" ဟု တွင်သည်ဖြစ်သောကြောင့် ယခု အဂ္ဂမဟာပဏ္ဍိတ–မည်သော ဆရာတော်ဘုရား ကို "သင်္ဃဇာ"ဟု စတုတ္ထဝဂ္ဂရာ ဃ–နှင့် ရေးလျှင် အန္တတ္ထအမည်မဟုတ်၊ ရှဥ်ိ အမည်မျှသာ ဖြစ်လေ၏။ ရှဥ်ိ အမည်ဖြစ်၍လည်း "ရှဥ်ိချာတံ နိပါတဋ္ဌ၊ ပသဂ္ဂါ လပနံတထာ" လာသည်နှင့်အညီ ဝိဂြိုဟ်မပြုကောင်းသော ပုဒ်ခြောက်ပါးတွင် ပါဝင်သည် ဖြစ်ရကား ဝိဂြိုဟ်မပြုကောင်း။

www.burmeseclassic.com

www.burmeseclassic.com



သံဃသဿ ရာဇာ သံဃရာဇ-ဟု ပြု၍ ရ-အက္ခရာကိုချေ၍ သဃ်ဇာ-မည်သည်ဟူကြောအံ့... မသင့်။ အဘယ်ကြောင့်နည်းဆိုသော်-သံဃဿရာဇာ သံဃရာဇ-ဟူသော တပ္ပုရိသ်သမာသ် ဝိဂြိုဟ်အရကား-ရှေးဦးပထမ သံဃရာဇမထေရ်ကိုသာရ၍ ယခု အဂ္ဂမဟာလင်္ကာရ ဆရာတော်ဘုရားကြီးကို မရသောကြောင့်တည်း။

သံဃဿ၊ သံဃာ၏။ ရာဇ၊ မင်းတည်း။ သံဃရာဇာ၊ သံဃာ၏မင်း။ ရှေးက သံဃရာဇာ မထေရ်ကြီးကိုရ၏။ ရှေးဦး သံဃရာဇာ မထေရ်မှာကား အန္တတ္တဖြစ်လျှင် စတုတ္ထက္ခရာ ဃ-နှင့် ရေးသင့်၏။ ယခု အဂ္ဂမဟာလင်္ကာရ-မည်သော ဆရာတော်ကြီးကို စတုတ္ထက္ခရာ ဃ-နှင့် မရေးသင့်။ သံဃရာဇာ သာသနာပိုင် လည်းမဟုတ်၊ ယုတ္တိမတန် ဖြစ်လေသည်။ သည်မျှသာ မဟုတ်သေး၊ ထိုထို အရာဌာနတို့၌လည်း တတိယက္ခရာ ဂ နှင့်သာ အရေးအသား နေသကဲ့သို့ ထင်ရှား၏။ ထို့ကြောင့် စတုတ္ထက္ခရာ ဃ-နှင့် ရေးသားခြင်းကို ကျွန်ုပ်တို့ ဝန်မခံ။

**အကျွန်ုပ်တို့အကြိုက်ကား-** "ဓာတွတ္ထော အနေကတ္ထော" ဓာတွတ္ထော-ဓာတ်၏ အနက်သည်။ အနေကတ္ထော။ တစ်ပါးမက များသောအနက်ရှိ၏။ "ဝတ္တိစ္ဆာနုပုဗ္ဗိကာ သဒ္ဒပ္ပဋိပတ္တိ"။ သဒ္ဒပ္ပဋိပတ္တိ၊ သဒ္ဒါ၏ ဖြစ်ခြင်းသည်။ ဝတ္တိစ္ဆာနုပုဗ္ဗိကာ၊ ဆိုလိုသူ၏ အလိုအားလျော်စွာ ပြီး၏ ဟု သဒ္ဒါကျမ်းတို့၌ လာရှိသောကြောင့် ဗျူပ္ပတ္တိနှင့် ပုဒ်,ဓာတ်,ပစ္စည်း, သုတ်ပြီး, ရုပ်ပြီး ဖြစ်ခဲ့ပါမူ ဓိနဝစနယုတ္တံ ဟီ-ဟူသည်နှင့်အညီ မြတ်စွာဘုရား ပါဠိတော်အား လျောက်ပတ်သည်ကို ဝိဂြိုဟ်ဝစနတ် ပြုဆိုအပ်၏။ မြင်မြင်ရာရာ မြန်မာဘာသာ စသည်တို့ကို ဖမ်း၍ အရမ်းဝိဂြိုဟ်ပြုအပ်သည် မဟုတ်၊ သင်္ဂဇာ-ဟူသော တတိယက္ခရာပါရှိသောပုဒ်၌

ဝိဂြိုဟ်ဝစနတ်၊ ပြုတုံလတ်၊ ဗျူပ္ပတ် မြော်ထောက်ချင့်။

ဗျူပ္ပတ္တိမှာ၊ အရရှာ၊ ကိရိယာ ဖြစ်လေသင့်။

ဟူသော နိယံနှင့်အညီ အကြောင်းကို ကြံစည်သော် အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-ဆရာတော်ဘုရားကြီးသည် စကားပြေ, တရားဟော လောကဓမ္မ ရာဇတန္တ ပဝေဏီကျမ်းအရပ်ရပ်တို့၌ နှံ့စပ်ကုန်စင် သိမြင်စူးရှနိုင်သော ပါရမီအဟုန် ထုံခဲ့ဖူးခြင်း ရှိတော်မူရကား များစွာသော နိပုဏ, ဂမ္ဘီရ, ဝိနိစ္ဆယ, သုဒုဒ္ဒသ, ဒုဂ္ဂေါဂဠ္ဍ- ကိစ္စကြီးငယ် အသီးသီးတို့၌ ပြီးပြတ်ညီညွတ်စေ တတ်သည်ဖြစ်ရကား...

သမံ ဂစ္ဆာ ဇနေတီတိ သင်္ဂဇာ။ ကတ္တုသာဓနဲ ကိတ်ဝိဂြိုဟ်၊ ဇန-ဓာတ်, ဏ- ပစ္စည်း။ (ဇန-ဇနနေ၊ ဓာတ်နက်။) ယော ထေရော၊ အကြင် အဂ္ဂမဟာလင်္ကာရ

www.burmeseclassic.com



စသည်ခတ်နိပ် တံဆိပ်ဝှဲချီး မထေရ်ကြီးသည်။ ဘောဒလိတဋ္ဌာနေသု၊ ကွဲပြား ချော်ချွတ် မညီညွတ်သော အရာတို့၌။ သမံ၊ အညီအညွတ်။ ဂန္တွာ၊ ရောက်၍။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ အညီအညွတ် ဖြစ်စေတတ်သော သတ္တိကြောင့်။ သော ထေရော၊ ထို အဂ္ဂမဟာလင်္ကာရ-စသည်ခတ်နိပ် တံဆိပ်ဝှဲချီး မထေရ်ကြီးသည်။ သင်္ဂဇာ၊ သင်္ဂဇာ-မည်တော်မူ၏။

**တစ်နည်း:**—သင်္ဂါမေ ဇာယတိ ပဝတ္တတီတိ သင်္ဂဇာ၊ ကတ္တုသာဓန။ သံ-ရှေး, ဂ-ရှေးရှိသော ဇန-ဓာတ်, ဏ-ပစ္စည်း။ (ဇန ဂတိမှိ၊ ဓာတ်နက်။) သင်္ဂါမဇာဟု ဆိုလိုလျက် မ-အက္ခရာကိုချေ၍ သင်္ဂဇာ-ဖြစ်သည်။

ယော မဟာထေရော-သည်။ ဝိနိစ္ဆယသင်္ဂါမေ၊ အဆုံးအဖြတ် ဝိနိစ္ဆယတ္ထ-ဟု ဆိုအပ်သော။ သင်္ဂါမေ၊ ပိဋကတ်ပွဲသဘင် စစ်မြေပြင်၌။ ဇာယတိ-ပဝတ္တတိ၊ ဖြစ်တော်မူတတ်၏။ ဣတိ တသ္မာ-ကြောင့်။ သော မဟာထေရော-သည်။ သင်္ဂဇာ-မည်၏။ (ဖော်ပေး။)

**တစ်နည်း** – သမ္ဗန္ဓလက္ခဏော ဂဇော ဝိယ သောယန္တိ သင်္ဂဇော။ (ပဥ္စမာဗဟုဗ္ဗီဟိ။) ယောယံ မဟာထေရော၊ အကြင် အဂ္ဂမဟာလင်္ကာရ-စသည် ခတ်နိပ် တံဆိပ်ဝှဲချီး မထေရ်ကြီးသည်။ လောကဓမ္မေသု၊ လောက, ဓမ္မ နှစ်ဋ္ဌာန တို့၌။ ကောဝိဒတ္တာ၊ လိမ္မာတော်မူသည်၏ အဖြစ်ကြောင့်။ သမ္ဗန္ဓလက္ခဏော၊ ပြည့်စုံသော လက္ခဏာရှိသော။ ဂဇော ဝိယ၊ ပြောင်မြောက်မာတင် စွယ်စုံဆင်ကဲ့ သို့။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ-ကြောင့်။ သောယံ မဟာထေရော-သည်။ သင်္ဂဇာ-မည်၏။

**တစ်နည်း:**—သင်္ဂဟာသင်္ဂဟံ ဇာနာတီတိ သင်္ဂဇာ။ (ကတ္တုသာဓန။) ဉာ-ဓာတ်, အ-ပစ္စည်း။ (ဉာ-ဉာဏေ၊ ဓာတ်နက်။) သင်္ဂဟဇာ-ဟု ဆိုလိုလျက် ဟ-ကိုချေ၍ သင်္ဂဇာ-ဖြစ်သည်။ ယော မဟာထေရော-သည်။ သင်္ဂဟာ-သင်္ဂဟံ၊ ချီးမြှောက်ထိုက်သောသူ မချီးမြှောက်ထိုက်သောသူကို။ ဇာနာတိ၊ သိတော်မူတတ်၏။ ဣတိ တသ္မာ-ကြောင့်။ သော မဟာထေရော-သည်။ သင်္ဂဇာ-မည်၏။

ယင်းသို့ ဆိုအပ်သော ဝစနတ္ထတို့နှင့် သင့်မြတ် ညီညွတ်သည်ဖြစ်သော ကြောင့် တတိယက္ခရာ ဂ-ငယ်နှင့် ရေးသား သုံးစွဲသင့်ကြောင်း သိလေ။

တတိယက္ခရာ ဂ-ငယ်နှင့် ရေးခြင်းကို ကျွန်ုပ်တို့သာ အလိုရှိသည်မဟုတ်သေး၊ ဤ အဂ္ဂမဟာလင်္ကာရ ဆရာတော်ဘုရားကြီးပင် မိမိ ရေးသားပြုစုသော စတုရာရက္ခ ကျမ်းအဆုံး နိဂုံးပါဠိကို အနက်ပေးရာ၌-

www.burmeseclassic.com

www.burmeseclassic.com



ဝသတာ၊ ရတနာပုဏ္ဏ မန္တလပြည် နေတည်သာယာ သင်္ဂဇာနှင့် ဝဇီရာရုံ ကျောင်းရုပ်စုံကို အာရုံမကပ် စွန့်ပစ်ဖြတ်လျက် လာလတ်သဖြင့် နတ်များပင့်သို့ အခန့်သင့်တွေ့ စိတ်ပျော်မွေ့၍ နေလေ့ရှိသော–ဟု သင်္ဂဇာ–ကို တတိယက္ခရာ ဂ–ငယ်နှင့် ရေးတော်မူသည်။ ထိုမှတစ်ပါး များစွာသော အရာဌာနတို့၌လည်း တတိယက္ခရာနှင့်သာ အရေးအသား ထင်ရှားလေသတည်း။

ထိုကြောင့် တတိယက္ခရာနှင့် **သင်္ဂဇာ**–ဟု ကျွန်ုပ်တို့ ဥပမာသမူဟ ဂီရက္ကမ ကျမ်း၌ ရေးလတ္တံ့ ရေးမည်။

အလမတိပပဉ္စေန။ အတိပပဉ္စေန၊ အလွန် ချဲ့လွန်းသဖြင့်။ အလံ၊ မသင့်။ ဝါ၊ တော်ပြီ။ ဤကား... သင်္ဂဇာ ဟူသောပုဒ်၌ လေခနယ ဥပဒေသ ရေးနည်း အမြွက်ကို ပြဆိုခြင်းတည်း။

---

## ဤဥပမာသမူဟဂီရက္ကမကျမ်း၌ ဆိုလတ္တံ့သော ဝစနက္ကမ စကားအစဉ်၌ တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးများ

(၁) သင်္ဂဇာ ဆရာတော်ဘုရားကြီး၏ အပိုင်းအခန်း။
(၂) ဗန်းမော် ဆရာတော်ဘုရားကြီး၏ အပိုင်းအခန်း။
(၃) ဘုရားကြီး ဆရာတော်ဘုရားကြီး၏ အပိုင်းအခန်း။
(၄) သစ်ဆိမ့် ဆရာတော်ဘုရားကြီး၏ အပိုင်းအခန်း။
(၅) စလင်း ဆရာတော်ဘုရားကြီး၏ အပိုင်းအခန်း။
(၆) ခင်မကန် ဆရာတော်ဘုရားကြီး၏ အပိုင်းအခန်း။
(၇) မောင်းထောင် ဆရာတော်ဘုရားကြီး၏ အပိုင်းအခန်း။

ဤသို့ ခုနစ်ပိုင်း ခုနစ်ဌာန ခုနစ်ကဏ္ဍတို့ဖြင့် တစ်ကန့်တစ်ကန့် သီးသန့် ခြားနား၍ မှတ်သားကြည့်ရှုသူတို့၏ ဉာဏ်သဘော သန့်ရှင်းအောင် သွတ်သွင်း ရေးသား၍ ထင်ရှားစွာ ဖော်ပြအပ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com

# သင်္ဂဇာဆရာတော်ဘုရားကြီး၏ စကားပုံ

## ၁–အင်္ဂလိပ်သံအမတ်ကြီး၏ အမေးကို မနှေးလွယ်ကူ ဖြေတော်မူသောအကြောင်း

မန္တလေး ရတနာပုံနေပြည်တော်ကြီးကို လက်ဦးအစ ပထမ တည်ထောင်ဖန်ဆင်း၍ မင်းတို့၏ဖွယ်ရာ ဆယ်ဖြာသော မင်းကျင့်, ရှစ်ဆင့်သော ရာဇဂုဏ်, ခုနစ်စုံသော အပရိဟာနိယတရား, ခြောက်ပါးသော နာယက, ဗလငါးခု, စတုသင်္ဂဟ, သတ္တိသုံးဝ, လောကပါလတရား နှစ်ပါး–ဤသို့အားဖြင့် ယွင်းမှားမရှိ တည့်မတ်ဖြောင့်စွာ ချိန်ခွင်လျှာကဲ့သို့ ပြည်ရွာတိုင်းကား သတ္တဝါအများကို သားနှင့်အတူ ကြည်ဖြူလှစွာ မေတ္တာမယုတ် စိုးအုပ်တော်မူသော ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး လက်ထက်တော်အခါ အိန္ဒိယနိုင်ငံနှင့် လန်ဒန်နေပြည်တော် ကေရီဘုရင်မကြီး၏ မြောက်စားချီးပင့်သည်ကို ခံရသဖြင့် အောက်မြန်မာနိုင်ငံ၌ စိုးစံအုပ်ချုပ်ရသော အင်္ဂလိပ်မင်းကြီး ဖယ်ယာသည် အခါတစ်ပါးသော် သံတော်အရာရှိ အဖြစ်နှင့် ပတ်သက်သဖြင့် ဆောင်ရွက်ရန်အရေးနှင့် မန္တလေး ရွှေမြို့တော်သို့ ဆန်တက်သွားရောက်၍ လျှောက်ရန်, တင်ရန် အသီးသီး တိုင်းကြီးပြည်ကြီးတို့ကိစ္စ အရာဌာနတို့ကို နေရာတကျ ဆောင်ရွက်ပြီးလျှင် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးအား ဤသို့ လျှောက်ထား သံတော်ဦးတင်သည်။

"ကျွန်တော်မျိုးသည် ဗုဒ္ဓဘာသာ သာသနာတော်ကျမ်း၏ အလို အဆိုဆန့်ကျင် အံ့ထင်သော နေရာများကို လျှောက်ထားမေးမြန်း စုံစမ်းရန် ပြဿနာတစ်ခု ရှိပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တတ်သိမြော်မြင် ကျွမ်းကျင်လိမ္မာသော ပုဂ္ဂိုလ်တစ်ပါးကို သနားညွှန်ပြတော်မူပါဘုရား”ဟု တင်လျှောက်၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးက ကောင်းပြီ–သံအမတ်ကြီး နက်ဖြန်ညီလာခံအခါ နန်းတော်သို့ လာခဲ့လော့–ဟု အမိန့်တော်မှတ်လိုက်၏။

အင်္ဂလိပ် သံအမတ်ကြီး သံတည်းသို့ ပြန်သွားလျှင် မှူးမတ်များနှင့် တိုင်ပင်သည်မှာ ဖယ်ယာမည်သော အင်္ဂလိပ်သံအမတ်ကြီး တင်လျှောက်သောအခါတွင် သင်္ဂဇာဆရာတော်မှသာ သင့်လျော်လျောက်ပတ် ကျေနပ်အောင် ဖြေနိုင်လိမ့်မည်။ သင်္ဂဇာဆရာတော်ဘုရားကို လျှောက်ထားပင့်ချေဟု စေလွှတ်တော်မူလိုက် သတည်း။

နံနက် မိုးသောက်အခါ အင်္ဂလိပ် သံအမတ်ကြီးသည် တင်သွင်းဆက်သရန် သုံးရာတန် မှန်ပြောင်းကို ကောင်းမွန်သပ်ရပ်စွာ ကလပ်နှင့် တင်ပြီးလျှင် ရွှေနန်းတော်ကြီးသို့ အခစားဝင်လေ၏။ သင်္ဂဇာဆရာတော်ဘုရားသည်လည်း လျှောက်ထားသည့်အရ နန်းတော်သို့ ကြွလာလျှင် များစွာသော မှူးကြီးမတ်ရာ ညီလာခံ မိုလ်ထုနှင့် အရှုတော်ခံဆဲ အတွင်းထဲ၌ မင်းပွဲကျင်းပတော်မူသည့်အခါ မင်းတရားကြီးက ဖယ်ယာအမတ်ကြီး ယမန်နေ့က လျှောက်တင်သည့် သင်၏ ပြဿနာကို ဆရာတော်အား မေးလျှောက်လော့ဟု အမိန့်တော်ရှိ၏။

ထိုအခါ ဖယ်ယာမင်းကြီးက မေးလျှောက်သည်မှာ ယခု လောက၌ ဂေါတမဘုရား၏ အယူဝါဒ ဗုဒ္ဓဘာသာ သာသနာတော် ကျမ်းဂန်များ၌ ဂေါတမဘုရား၏ အရပ်အမြင့်သည် တစ်ဆယ့်ရှစ်တောင် ရှိကြောင်းကို ၎င်း ဂေါတမဘုရားပင် ဟောကြားတော်မူ၏။ ဤဘုရားပင် ငယ်ချင်သည်ဟု နှလုံးသွင်းလျှင် မုန်ညင်းစေ့ အတွင်း၌ စကြံသွားနိုင်ကြောင်းကို ဆိုပြန်သဖြင့် ဆရာတော်တို့၏ ကျမ်းဂန်သဘောကို လောဂျပစ္စက္ခ အနုမာန နှစ်ပါး ထောက်ထားဆင်ခြင်လျှင် ယုံကြည်ဖွယ်ရာ မရှိပါ။ ယုံကြည်လောက်အောင် အသွင် မျက်မြင်သာဓက ထင်ရှားပြ၍ ဖြေဆိုတော်မူပါမည့်အကြောင်း ခွင့်တောင်းလျှောက်ထား၏။

ထိုအခါ သင်္ဂဇာ ဆရာတော်ဘုရားသည် ဖြေကြားမည့်သဘောနှင့် အဆောလျင်ခုတ် တခ်ဏာပွတ္တိဉာဏ်ဖြင့် သုံးရာတန် မှန်ပြောင်းကို ခပ်စောင်းစောင်း ရှုပြီးလျှင် ဤဝတ္ထုကား အဘယ်ခေါ်သနည်းဟု အင်္ဂလိပ် သံအမတ်အား မေးမြန်းတော်မူ၏။ ထိုအခါ ဖယ်ယာမင်းကြီးက မှန်ပြောင်းဖြစ်ကြောင်းကို လျှောက်လျှင် ကောင်းပြီ အမတ်ကြီး၊ သို့တပြီကား သင်သည် ယခု မှန်ပြောင်းဖြင့် မန္တလေး

www.burmeseclassic.com



တောင်စောင်းသို့ လျှောက်၍ မြင်လောက်အောင် ကြည့်လော့၊ ကြည့်၍ပြီးက မြင်သမျှကို ငါ့အား ပြန်ကြားပြောဆိုလေဟု မိန့်တော်မူ၏။

ထိုအခါ အင်္ဂလိပ် သံအမတ်ကြီးသည် သင်္ဃာဆရာတော်ဘုရားကြီး၏ အမိန့်အတိုင်း မဆိုင်းမဖင့် မန္တလေးတောင်စောင်းသို့ မှန်ပြောင်းနှင့်ကြည့်၍ မိမိ မြင်သည့်အရာ၊ ဇရပ်, တန်ဆောင်း၊ ကျောင်းနှင့်ဘုရား၊ လူသွား လူလာ၊ ငှက် တိရစ္ဆာန် သတ္တဝါတို့ကို မြင်ကြောင်းနှင့် မှန်ပြောင်းကို သိမ်းရုပ်၍ ဟုတ်သည့် အတိုင်း လျှောက်ထားလျှင် ဆရာတော်ဘုရားက ဤသို့ အမိန့်တော်ရှိသည်။

"အသင် ကြည့်သော မှန်ပြောင်း၏ အဝပမာဏသည် နှိုင်းဆ ယှဉ်နှုန်းလျှင် လက်သုံးသစ်ခန့်မျှသာ ရှိသည်မဟုတ်ပါလော။ လက်သုံးသစ်ခန့်မျှ မှန်ပြောင်း ဝကလေးနှင့် အဝေးတောင်စောင်း၌ ရှိသော တန်ဆောင်းအများ ကျောင်းဘုရား နှင့် လူသွားလူလာ သတ္တဝါ တိရစ္ဆာန် အတန်တန်သော ဝတ္ထု အစုစုအရပ်ရပ် ကို တပ်အပ်ထင်ထင် ရှုမြင်သာအောင် ထင်လာ၍ အဘယ့်ကြောင့် ဆံ့နိုင်ပါသနည်း။ တောင်ကြီး, ကျောင်းကြီး, တန်ဆောင်းကြီး, ဇရပ်ကြီး, ပြာသာဒ်ကြီးများသည် ကြီးမားစွာကား၊ ရှေးကထက် မှန်ပြောင်း၏ အခေါင်းအဝ ကျယ်လာသလော" ဟု အင်္ဂလိပ်မင်းကြီးအား မေးတော်မူ၏။

## မှန်ပြောင်း၏ သတ္တိ

ထိုအခါ အင်္ဂလိပ်မင်းကြီးက "ဆရာတော် မန္တလေးတောင်ကြီး, တန်ဆောင်း ကြီး စသည်တို့ကလည်း မငယ်၊ မှန်ပြောင်းကလည်း မကျယ်ပါ၊ စင်စစ်မှာကား မှန်ပြောင်း၏ ဓာတ်သတ္တိ သဘာဝကြောင့် ထင်မြင်ရပါသည်"ဟု လျှောက်ကြား သည်။

ဆရာတော်ဘုရားကြီးက "သင်မင်းကြီး ယခု ဤမှန်ပြောင်း ဓာတ်သဘာဝနှင့် မြတ်စွာဘုရားသည် အဘယ်ကသာ၍ တန်ခိုးကြီးမည် ထင်သနည်း"ဟု တစ်ဖန် ထပ်မံ၍ မေးတော်မူပြန်သဖြင့် "ဆရာတော် မှန်ပြောင်းဓာတ် မည်သည်မှာ ဘုရားနှင့် နှိုင်းစာလျှင် ချီးမွမ်းဖွယ်ရာမဟုတ်၊ လိမ္မာ၍ ပြုလုပ်က မုချ မည်သူ မဆို ပြုလုပ်နိုင်ပါသည်။ ဘုရားတို့မည်သည်မှာ ဤကဲ့သို့ သူတစ်ပါးတို့ ပြုလုပ် ၍ မုချမစွမ်းနိုင်ပါ၊ ရှေးရှေးသော ဘဝအထူးက ဆည်းပူးအပ်သော ပါရမီကုသိုလ်ကံ စီမံဆောင်ရွက်မှ ဖြစ်နိုင်ပါသည်၊ သို့ဖြစ်၍ မှန်ပြောင်းထက် မြတ်စွာဘုရားက တန်ခိုးကြီးပါသည်"ဟု လျှောက်၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါမှ ဆရာတော်ဘုရားကြီးက "အမတ်ကြီး... ဘာမျှ အစွမ်းသတ္တိ ပြောပလောက်အောင် မရှိ၊ သူက ငါက ပြုလုပ်ကြလျှင် ဖြစ်စွမ်းနိုင်သော ဤမှန်ပြောင်းကလေးအတွင်းသို့ အလွန်အမင်း ကြီးကျယ်သော မန္တလေးတောင် အစရှိသော ဝတ္ထုတို့သည် ပေါင်းစုရောက်ဝင် ထင်မြင်ခြင်းငှာ စွမ်းနိုင်သေး၏။ လေးသချင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး သုံးဆယ်ပါရမီ၊ စာဂီငါး၀၊ စရိယ သုံးဆင့် ဖြည့်ကျင့်ကြိုးစား၍ ဘုရားအဖြစ်သို့ ရောက်သဖြင့် နှိုင်းထောက်စာနာခြင်းငှာ မစွမ်းရာသော အစိန္တေယျ, အပ္ပမေယျ, စတုဝေသာရဇ္ဇ, ဆ အသာဓာရဏ, ပြောပမဆုံး ဘုန်းတော်ခြောက်စုံ, ဂုဏ်တော်ကိုးတန် ဉာဏ်တော်အနန္တ ဖြစ်တော်မူသော မြတ်စွာဘုရားသည်ကား ကြီးမားသော ကိုယ်တော်နှင့် အလိုတော်ရှိလျှင် မုန်ညင်းဆန်၏ အတွင်းသို့ ဝင်ခြင်းငှာ စွမ်းနိုင်သည်ကို အဘယ်ဆိုဖွယ်ရှိအံ့နည်း"ဟု ပြောဆိုတော်မူသည်။

ထိုအခါ အင်္ဂလိပ်မင်းကြီးက "ဆရာတော် ဉာဏ်သဘောနှင့် ပြောဟောဖြေဆိုတော်မူသည့်အရ သဘောကျ ဝမ်းမြောက်၍ ယုံကြည် ထင်မြင်လောက်ပါပြီ"ဟု ကောင်းစွာဝန်ခံလေ၏။

ဤသို့ ဆရာတော်ဘုရားနှင့် ဖယ်ယာမင်းကြီးတို့ မေးမြန်းဖြေဆိုသည့် အဆုံး၌ အလုံးစုံသော မှူးမတ် မင်းပရိသတ်တို့သည် ရင်လက်ခတ်တီး အံ့မပြီးအောင် ချီးမွမ်းအံ့ဩကြကုန်၏။

ဤကဲ့သို့လျှင် ခုတ်တောက်တပို အရေးလိုသော အရာဌာနဌ် တစ်ခဏချင်း လက်ငင်းမဆိုင်း အင်္ဂလိပ်လူမျိုးကွဲကိုပင် နားထဲ၌ ဆုပ်၍ သွင်းဘိသကဲ့သို့ သံသယကင်းအောင် ဖြေရှင်း ပြောဆိုနိုင်သည်များကို ထောက်ထားနှိုင်းဆ၍ အရာဌာန ကိစ္စတွေ့ကြုံလျှင် လုံလောက်စွာ ပြောဆိုရန် ရာကြိအထူး ဆည်းပူးကြိုးကုတ် အားထုတ်သိမှီးကြကုန်ရာသတည်း။

---

## ၂-"အရှင်မေဓာပုဂ္ဂိုလ် တုံးတိုနှင့် ရေကူး၏သို့" ဟူသော ဥပမာကို မိုင်းနိုင်းအတွင်းဝန် အမတ်ကြီးအား မိန့်ကြားတော်မူခြင်း

အခါတစ်ပါး သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် ပဌမသင်္ဂါတနာတင် ဘဝရှင် မင်းတရားကြီးက လျှောက်ထား ပင့်ဖိတ်အပ်သည်ဖြစ်၍ နန်းတော်သို့ ဝင်ပြီးလျှင် ဘုရင်မင်းတရားကြီးအား တရားဓမ္မ ဆုံးမဟောပြောတော်မူပြီး၍

www.burmeseclassic.com

www.burmeseclassic.com



နန်းတော်ကြီးအတွင်းက သက်ဆင်း လှမ်းကြွတော်မူခဲ့ရာ တံခါးအနီးအပါးသို့ အရောက်တွင် အရှင်နန်းမတော်ဝန် မိုင်းခိုင်းမြို့စား အတွင်းဝန်အမတ်ကြီးက အနီးတွင် ရှိခိုး၍ ဆရာတော်ဘုရားကြီး "ယနေ့ ရေမြေ့ရှင် မင်းကေရာဇ်နှင့် ဖုဆစ် ခက်ခဲ နက်နဲသော တရားစကားများ ပြောကြားတော်မူခဲ့ရာ မည်သူက သာပါလိမ့်မည်ဘုရား"ဟု လျှောက်ထားလျှင် အတွင်းဝန်ကြီး ဒကာတော် မင်းကေရာဇ်နှင့် စကားပြောကြသည်မှာ ရှင်မေဓာ ပုဂ္ဂိုလ်သည် တုံးတိုနှင့် ရေကူး သလိုနေတာပဲဟု အမိန့်တော်ရှိ၏။

## လူတစ်ပြန် တုံးတစ်ပြန်

ထိုအခါ အတွင်းဝန်ကြီးက "မှန်ပါ၊ ရှင်မေဓာပုဂ္ဂိုလ်သည် တုံးတိုနှင့် ရေကူး သည်မှာ ဘယ်သို့ပါနည်း"ဟု ထပ်၍ လျှောက်ထားပြန်၏။ "အတွင်းဝန်ကြီး၊ ငါတို့ ငယ်ရွယ်စဉ် ရှင်သာမဏေအခါ ရှင်မေဓာဆိုသော တောထွက်ပုဂ္ဂိုလ်သည် တုံးတိုကြီးတစ်ခုကို ယူငင်၍ ရေတွင်ချပြီးလျှင် တက်စီး၍ ကူးကာကစားရာ ရေကန်ထဲသို့ ချစဉ်အခါမှာ ရှင်မေဓာ တုံးထက်မှာ နေသေး၏၊ တဖြည်းဖြည်းဖြင့် တုံးတိုလိမ့်သော် ရှင်မေဓာသည် တုံးအောက်ကနေလေ၏။ ထိုအခါ ရေထဲက ရုတ်တရက် ကြိုးစား၍တက်သော်လည်း တုံးပေါ်မှာ ခေတ္တသာနေ၍ ရေသို့ လန်ကျပြန်၏။ ဤကဲ့သို့ လူတစ်ပြန်, တုံးတစ်ပြန် အောက်အထက်ကျ၍ နေလေ တော့သည်။

ထိုအတူ ဆရာတော်နှင့် ရေမြေ့ရှင် အချေအတင် ပြောဆိုရာ "ရှင်မေဓာ ပုဂ္ဂိုလ် တုံးတိုနှင့် ရေကူးသလို" ရှိလေတော့သည် အတွင်းဝန်မင်းဟု မိန့်တော်မူ သောအခါ နန်းမတော်ဝန် မိုင်းခိုင်းမြို့စားလည်း တဟားဟား ရယ်မော၍ ကျန်ရစ် ၏။ ဆရာတော်ဘုရားလည်း တံခါးကထွက်၍ ရုတ်တရက် ကျောင်းတော်သို့ ပြန်ကြွလေသည်။

---

## ၃–သီလရှင်လေးယောက်အကြောင်း၊ ရယ်ဖွယ်ကောင်းသော စကား မှတ်သားရန်ဖြစ်အောင် မိန့်ဆိုတော်မူခြင်း

အခါတစ်ပါးသော် သင်္ဂဇာဆရာတော် ဘုရားကြီးသည် သာသနာတော်၏ အကျိုး, သတ္တဝါ ဒါယကာ–ဒါယိကာမတို့၏ အကျိုးကို မြော်ကိုးနှလုံးသွင်း၍ နေရင်းမြို့ မန္တလေး နေပြည်တော်မှစုန်၍ ရန်ကုန်သို့ ကြွတော်မူလာရာ မဟာ

www.burmeseclassic.com

www.burmeseclassic.com



တိဂုမ္ဘ စေတီတော်ကြီး၏ အရှေ့ဆောင်းတန်း ဗဟန်းဇရပ်တွင် ခေတ္တသီတင်းသုံး၍ အားလုံး မြို့သူမြို့သား ယောကျ်ား မိန်းမ လာလာသမျှ အများတို့အား တရား ရေအေး တိုက်ကျွေးလျက် နေတော်မူ၏။

ထိုအခါ သီလရှင် လေးယောက်တို့သည် တတ်အားသမျှလောက်သော လှူဖွယ်ဝတ္ထုများနှင့် ဆရာတော်ဘုရား ရှေ့တော်သို့ အဖူးအမြော် ရောက်လာကြသည်။ ထိုအခါ ဆရာတော်ဘုရားကြီးက "သီလရှင်များ ဘယ်အရပ်ကနည်း"ဟု ဆီး၍ မေးတော်မူသည်တွင် ဤ ဗဟန်းရပ်ကပင် ဖြစ်ပါကြောင်းကို ကောင်းမွန်စွာ လျှောက်ထားလျှင် သင်္ဘောဆရာတော်ဘုရားက မယ်သီလအမျိုးအစား လေးပါးရှိသည်ကို သိကြ၏လော"ဟု မေးတော်မူ၏။ သီလရှင်များက "မသိပါဘုရား"ဟု လျှောက်ထားကြလျှင် ဤသို့ မိန့်တော်မူသည်။

## သီလရှင်လေးမျိုး

သီလရှင်တို့ လေးပါးဆိုတာ **မယ်သီလ, မယ်သီလေ, မယ်သီလံ, မယ်သီလော** အဲသည် လေးမျိုးဟု လက်ချိုး၍ ပြပြီးလျှင်–

အဋ္ဌင်္ဂသီလာ ဝိပဿနာနှင့် မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းကြိုးကုတ် အားထုတ်လုံ့လ ဥဿာဟစိုက်သော သီလရှင်ကို "မယ်သီလ"ဟူ၍မှတ်။

အရပ်ရပ်သို့ လှည့်ပတ်ပြီး အသပြာဆွမ်းဆန် အလှူခံသော သီလရှင် အပေါင်းသည် ကျောင်းတွင် အမြဲမနေသောကြောင့် "မယ်သီလေ" ဟူ၍မှတ်။

တောင်ဇရပ်နှင့် မတဲ့ပြန်–မြောက်ဇရပ်လန်ရော့၊ မြောက်ဇရပ်နှင့် မတဲ့ပြန်–တောင်ဇရပ်လန်ရော့၊ အရှေ့ဇရပ်နှင့် မတဲ့ပြန်–အနောက်ဇရပ်လန်၊ အနောက်ဇရပ်နှင့် မတဲ့ပြန်–အရှေ့ဇရပ်လန်၊ အဲဒါလို မယ်သီလ အနေမမှန်လျှင် "မယ်သီလံ" ဟူ၍ခေါ်။

အဖော်အများ တစ်ရပ်သို့သွား၍ သူတစ်ပါးမရှိတဲ့ အခိုက်တွင် ဆန်လိုက်၍ ခိုး မိမိအိုးသို့ မရိုးသည့်သဘော ဆန်ကိုရောလျှင် "မယ်သီလော"ဟူ၍မှတ်။

ဤလေးယောက်သော မယ်သီလတွင် ပထမတစ်ယောက်သာ ချီးမြှောက် ချီးမွမ်းထိုက်သည်။ မမိုက်ကြနှင့် သီလရှင်ကလေးများ–ဟု မိန့်ကြား၍ ပြီးသည့် အဆုံး၌ သီလရှင်အားလုံးလည်း ပြုံး၍ ပြန်ကြလေကုန်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



## ၄-“အရက်ပြတ်၍ ခွက်ကပ်နှင့်မူးသည်”ဆိုသော ပမာဖြင့် ဆရာကြီးဦးဆိုးကို ပုံထိုး၍ မိန့်တော်မူခြင်း

တစ်ရံရောအခါ သင်္ဂဇာဆရာတော်ဘုရားသည် ရန်ကုန်မြို့သို့ရောက်၍ ဝန်ထောက်တော်မင်း ဦးအုံး၏ဇရပ်၌ ပရိသတ်တို့အား တရားညွှန်ပြ ခေတ္တသီတင်းသုံးနေတော်မူရာ တူရင်းဖြစ်သူ ရဟန်းလူထွက် ဆရာဆိုးသည် ရှိခိုးပူဇော်ဖူးမြော်ရန် ဆရာတော်ဘုရားကြီးထံသို့ ဆည်းကပ်လျှင် ယခင်က ရဟန်း ယခုလူဘက်သို့ လှမ်းသည်ကို စခန်းကျ သိတော်မမူ၍ အဘယ်သူနည်းဟု မေးလျှင် ရှေးက ဘွဲ့မည်ကိုဖော်၍ တပည့်တော် ဉာဏိန္ဒပါဘုရားဟု လျှောက်ထားပြောဆို၏။

ထိုအခါ ဆရာတော်ဘုရားက “ဩော်... ဉာဏိန္ဒလား၊ စိတ်ကူးနှယ်မှာလေ ကွယ်၊ အလကားပဲ လူထွက်ပစ်တယ်၊ အင်း... ဉာဏိန္ဒတို့လည်း တို့မန္တလေးခေါ် ခေါ်ရမှာဖြင့် လူပြန်တော်လို့ ခေါ်သကိုးကွဲ့၊ ဘာကြောင့်လဲဆိုတော့ ဟိုငယ်စဉ်က လူကြီးတော့ ရဟန်း၊ နောက်တစ်ဖန်လူထွက်၊ လူဘက်သို့ ပြန်သောကြောင့် လူပြန်တော်ခေါ်သတဲ့ကွဲ့။ သို့သော် မင်းတို့ ရန်ကုန်မှာတော့ ရဟန်းလူထွက်ခေါ်တယ်၊ ကောင်းပြီ ယခု လူ့ဘောင်မှာ သားမယားနှင့် ပျော်ပါးတော့ အကောင်းများ ရှာတွေ့သေးသလား... ဉာဏိန္ဒရဲ့”

ဤကဲ့သို့ မေးတော်မူရာ တူဖြစ်သူ ဆရာဆိုးက “မှန်လှပါ၊ ချမ်းသာသုခမှာ တစ်ခုမျှ ရှာဖွေ၍ တွေ့သည်မဟုတ်ပါ၊ စွန့်ခွာမည်ဆိုသော်လည်း ထိုကာမဂုဏ်ညွှတ်ကွင်းက လွတ်ကင်းနိုင်မည် မဟုတ်ပါဘုရား”ဟု လျှောက်ထား၏။ ထိုအခါ ဆရာတော်ဘုရားကြီးက “အင်း-မင်းတို့ လူများဟာ ဆားငန်ရည်သောက်ရ၍ ဘယ်တော့မှ ရေငတ်မပြေနိုင်တဲ့ လူလိုပကွယ်၊ တိုတိုပုံတစ်ခုဆိုရမှာဖြင့် အရက်ပြတ်တဲ့လူဟာ ခွက်ကပ်နှင့် မူးနေရတာပဲ ဆိုတာလိုပလေ”

ဤကဲ့သို့ မိန့်တော်မူသောအခါ ဆရာဆိုးသည် တိုးတိုးငုံ့လျက် ရယ်နေသည့်အခါ ဤဥပမာကို ကြားဖူး၏လားဟု ဆရာတော်ဘုရားက မေးပြန်လျှင် တစ်ခါတစ်ရံမျှ မကြားဖူးပါဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက ရှေးက ရွာတစ်ရွာ၌ ဒါယကာ တစ်ယောက်သည် အရက်သောက်ခြင်း၌ လွန်ကဲ၊ လူကလည်းမွဲသောကြောင့် တစ်ပဲသားပိုက်ဆံကိုမျှ ရှာကြံ၍မရသဖြင့် ရှေးကထည့်ဖူးသော အရက်ခွက်တွင် သက်သက်၍ အရည်မပါသော်လည်း နေသာရုံရှိစေတော့ဟု မိမိ လျှာစနှင့်လျက်၍ နှာဆက်

www.burmeseclassic.com


ရှုနှမ်းလျက် လူမှန်းမသိအောင် ရူးသကဲ့သို့ မူးဟန်ဆောင်နေသတဲ့။ ထိုအခါ မယားက ဘာများဖြစ်နေပြန်သလဲ မောင်မင်းဟု မြင်ပြင်းသည့် စိတ်ထားနှင့် ယောကျ်ားကိုမေးလျှင် "အေးအေးသာနေပါ ရှင်မ၊ ဝယ်စရာရှာမရ၍ အရက်ပြတ်တော့ ခွက်ကပ်နှင့် မူးတာပဲ"လို့ ပြောသတဲ့၊ ငါ့တူချော မောင်ဆိုးမှာလည်း စိတ်ကူးလွဲ၍ လူထွက်လာပေါ့၊ ခွက်ကပ်နှင့်ပဲ မူးနေကြတာပလေကွယ်"ဟု ရယ်မောစရာထုံးပြ၍ ဆုံးမတော်မူသတည်း။ ထိုအခါ ဆရာဆိုးနှင့်တကွ ပရိသတ်အပေါင်းတို့သည် သောင်းသောင်းအုတ်အာ ရယ်မောရာကြကုန်သတတ်။

---

## ၅–"ဣတ္ထိဗိဇံ အဟံ ဝန္ဒာမိ" ဟူသော ပါဠိဖြင့် ဆရာတော်ဘုရားကြီး၏ တမ်ဏပတ္တိဉာဏ် လျင်မြန်ပုံ

အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု သွန်းပြုခတ်နှိပ် တံဆိပ်ခိုင်ကြံ့ နိုင်ငံနဲ့သဖြင့် သင်းပျံ့ကြော် ဂုဏ်နံ့ဖြာသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် ငယ်ရွယ်စဉ်အခါ ကောဏ္ဍညဆရာတော်ဘုရားကြီးကျောင်းတွင် ရှင်သူငယ်အဖြစ်ဖြင့် အားသစ်သင်ကြားတော်မူစဉ်အခါ သူငယ်တို့ဘာသာ ဝါသနာဖြင့် ဗျာက္ခရာတက်လှမ်း ကျောင်းလက်ရန်းသို့ လျှောက်သွား၍ ကစားမြူးထူးခြင်းကို ပြုလုပ်၏။ ထိုအခါ ကောဏ္ဍညဆရာတော်ဘုရားကြီးမြင်၍ "ငါ့ရှင်မောင်ပဥ္စင်းတို့ ကမြင်းသည့်ရှင်က လက်ရန်းသို့ တက်ချေသည်၊ ဤ သာမဏေရှင်ပြန်ကို နောက်တစ်ဖန် ကျောင်းပေါ်သို့ မတက်စေနှင့်"ဟု မှာထားသည်။ ဆရာတော်ဘုရားသည် အခြားသို့ ကိစ္စနှင့် ထွက်ကြွတော်မူလေသော် သာမဏေကျော်သည် ဆရာတော်ဘုရား သီတင်းသုံးသည့် စနုဆောင်လက်ရန်း ကျောင်းခါးပန်း ထူထူတွင် မြေဖြူနှင့်ရေးသား၍ ထားလေသည့် ပါဠိမှာ "ဣတ္ထိဗိဇံ အဟံ ဝန္ဒာမိ"ဟူသတည်း။

ဤသို့ သေချာရေးထားသည့် အက္ခရာကို ဆရာတော်အပြန်တွင် မြင်တော်မူသဖြင့် စာဖြူဖြူပါဠိကို ကြည့်ရှုဆင်ခြင်၍ "ငါ့ရှင်တို့၊ ဤခါးပန်းတွင် စာအဆန်းရေးသွားသည်၊ ဘယ်သူများဖြစ်မည်မသိ"ဟု မိန့်ရှိတော်မူသော် တပည့်တော်များ မရေးပါ။ ရှင်သူငယ် တက်သွားသည်ကို တပည့်တော်များ မြင်ကြောင်းနှင့် ရဟန်းအပေါင်းတို့ လျှောက်ထားလျှင် ရှင်သူငယ် လူမိုက်ကို ခေါ်လိုက်ဟု အမိန့်တော်ရှိ၏။ ထိုအခါ ဦးပဥ္စင်းတို့သည် ချက်ချင်းခေါ်၍ သာမဏေကျော် ရှေ့တော်သို့ ရောက်ကာလ၊ ဦးချဝပ်တွားမိလျှင် ဆရာတော်ဘုရားက

www.burmeseclassic.com



"ဟဲ့ သာမဏေကလေး၊ ကျောင်းခါးပန်းမှာ အညစ်အကြေး ပါဌ်ကို ရေးလေသည်၊ အတွေးနှင့် ရက်စရာ မင်းရေးတာမဟုတ်လော"ဟု မေးတော်မူ၏။ ထိုအခါ ရှင်သူငယ်က "မှန်ပါသည်ဘုရား"ဟု လျှောက်ထားကာလ "အဂ္ဂမမ္မ၊ ညွှန်ပြသည့် ပါဌ် အချက်ကို နင်-အနက် သမ္မန်ရမည်"ဟု မိန့်တော်မူလျှင် ရှင်သာမဏေကလေးက အနက်ပေးသည်မှာ...

"ဣတ္ထိ၊ မိန်းမတကာ မယုဉ်သာသည့် မာယာမယ်တော် မှည့်ခေါ်သမိုက် ကြာဝမ်းတိုက်မှ သိုက်မြိုက်သန့်စင် ဖွားမြင်တော်မူသော။ ဗိဇံ၊ သိဒ္ဓတ္ထမင်းသား ဘုရားမျိုးစေ့ကို။ အဟံ၊ တပည့်တော် အဂ္ဂမမ္မသည်။ ဝန္ဒာမိ၊ လက်အုပ်ချီမိုး၍ ရှိခိုး ပါ၏။

ဤသို့ အနက်ပြန်၍ သမ္မန်သောအခါ ဆရာတော်ဘုရားသည် အားရနှစ်သက်တော်မူ၍ မိန့်တော်မူသည်မှာ "ဒါဖြင့် စာအသွားသည် ဘုရားရှိခိုးပါကလား၊ သာဓု, သာဓု-ဟု ချီးမွမ်းထောမနာပြု၍ ငါ၏ထံတွင် ယနေ့မှစ၍ ရက်မပျက်အောင် စာတက်သင်ကြားရမည်ဟု အမိန့်တော်မှတ်၍ အဆုံးသတ်တော်မူလေသတည်း။

---

## ၆-သားအဖသုံးယောက်အကြောင်း ရယ်ဖွယ်ကောင်းသော ဥပမာဖြင့် ကံ-ဒွါရသမားတို့အား ပုံထား၍ မိန့်တော်မူပုံ

အခါတစ်ပါးသော် သင်္ဂဇာဆရာတော်ဘုရားသည် အောက်မြို့ဒေသ ရာမညတိုင်း တလိုင်းသုံးရပ်၌ လှည့်မတ်ကြွသွား တရားရေအေး တိုက်ကျွေးဆုံးမတော်မူရာ ဟင်္သာတမြို့သို့ ရောက်သည်ကာလ ဟင်္သာတမြို့သူ မြို့သား ဒါယကာ ဒါယိကာမ အများတို့သည် တရားနာခြင်းအကျိုးငှာ ရောက်လာထွက်ဝင် ဖူးမြင်ကြရာ ဒါယကာအများတို့က လျှောက်ထား တောင်းပန်သည်မှာ "တပည့်တော်တို့ ဟင်္သာတ၌ ကံ-ဒွါရ နှစ်ပါး ကွဲပြားငြင်းခုံ သူတစ်ဖုံ, ငါတစ်ဝ၊ ငါကမှန်, သူက လွဲ အမျိုးမျိုးကွဲသောကြောင့် ငရဲသို့သာ ရောက်ရန်ရှိပါတော့သည်။ မသိ၍ မိုက်မှားကြသည်ကို တရားဖြင့် ထုံးပြ၍ ဆုံးမတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်း လျှောက်ထားကြကုန်၏။

ထိုအခါ ဆရာတော်ဘုရားက "အင်း... ဒကာတို့ လျှောက်ထားခြင်းလည်း တရားနှင့်ပတ်သက်သဖြင့် အချက်အကွက် ဟုတ်မှန်လှပေ၏။ သို့ရာတွင် ငါသည်

www.burmeseclassic.com


၍ ဟောကြားရမည်ဆိုသော်လည်း အပိုသာရှိမည်ထင်သည်။ အဘယ်ကြောင့်နည်းဟူမူ... အယူနှစ်တန် ကံကြိုက်, ဒွါရကြိုက် မျက်နှာလိုက်၍လည်း မဟောထိုက်, မဟောကောင်း၊ အကြောင်းနည်းလမ်းနှင့် ပြောပြန်လျှင် ကံကလည်းစာပြ, ဒွာရကလည်း ပါဠိနှင့် စိတ်ရှိတိုင်း သောက်ကရောက် ကရွတ်တွင် ကင်းလျှောက်သလို ငြင်းငေါက်ဆိုပြော ဤကဲ့သို့ သဘောတွေကြောင့် မောရုံသာရှိမည် ငါထင်သည်။ သို့အတွက် ဥပမာပုံကြားလျှင် 'သားအဖသုံးယောက် မနာလို၍ စာဆိုနှင့် စကားပြောသကဲ့သို့ နေလိမ့်မည်"ဟု မိန့်တော်မူ၏။ ထိုအခါ ဟာသ်ာတသား ဒါယကာအများတို့က သားအဖသုံးယောက် အတိတ်စကားကို မိန့်ကြားတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်း လျှောက်ထားကြပြန်သောအခါ–

ဆရာတော်ဘုရားက "နားထောင်ကြ ဒကာတို့... ရှေးသရောအခါ ရွာတစ်ရွာ၌ သားအဖသုံးဦးသားတို့သည် လယ်များကို လုပ်ကိုင်စားသောက်ကြသတတ်။ တစ်နေ့သောအခါ သားငယ်ကို အိမ်၌ ထမင်းချက်ရန် ထားခဲ့ပြီးလျှင် သားကြီးနှင့်ဖခင်မိုးအလင်းတွင် ထွန်နွားနှင့် ထွက်သွားလေသတည်း။ လယ်တောသို့ ရောက်ကာလ အဖက ဆိုသည်မှာ သားမောင်ရယ်–တောင်ပေါ်သို့တက်၍ လယ်ထွန်ရလျှင် အလွန် စပါးကောင်းလိမ့်မည် ငါထင်သည်ဟု ဆိုကာလ၊ အို... အဖအပြောက အလွဲ ချည်းဖြစ်သည်။ ချိုင့်ဝှမ်းဒေသတွင်လုပ်မှ စပါးရသည်၊ တောင်ပေါ်တက်ထွန်လို့ စပါးရနိုင်ပါမည်လားဟု ပြောလျှင် ဖခင်အဘိုးကြီးက၊ အို...ငါပြောတာ အပိုမဟုတ်၊ စာဆိုနှင့် လုပ်မယ်လို့ ငါ့သားရဲ့"ဟု ဆိုလျှင် သားက အဖေ၏ စာဆိုကို ရွတ်စမ်းပါဦးဟု ပြောရာ သည့်တွင်–

"တောင်ညွန့် ကုန်းထက်၊ ကမ်းရိုးသက်ဝယ်၊ အနက်ပြည့်ဖြိုး၊
ရေပြည့် အိုးသို့၊ ကြိုးကြိုးပမ်းပမ်း၊ မဖိတ်တမ်းသည်၊ လူစွမ်းသဖွယ်၊
ငယ်နုနယ်က"

အဲသည်စာဆိုက ဟုတ်လွန်းလို့ ငါလုပ်မည်ပြောသည်။ ဤကဲ့သို့ အဖက ပြောကြားလျှင် သားကြီးသည် စိတ်ဆိုး၍ ထွန်,ထမ်းပိုး,နွား ပစ်ကာထားလျက် တောဖျားက အိမ်သို့ပြန်သဖြင့် အရန်သင့် ညီငယ်ချက်၍ထားသော ထမင်းအိုး၌ ချိုးကိုမျှ မကျန်စေဘဲ မှောက်ကြဲဖြန့်သွန်ပြီးလျှင် အိမ်တွင်အိပ်၍ နေလေ၏။

ထိုအခါ ထမင်းစားချိန်ကျသောကြောင့် အဖ အိမ်သို့ပြန်လာရာ ထမင်းစားမည် ကြည့်သည်တွင် သားငယ်၏ ထမင်းအိုး၌ ချိုးကပ်မျှမရှိသဖြင့် ပျင်းရိသူဖြစ်ကြောင်း ကြိမ်းမောင်း မြည်တွန်သောအခါ သားငယ်က ပြောဆိုသည်မှာ

www.burmeseclassic.com


"အဖကျေးဇူးရှင်၊ အိမ်တွင် ကျွန်တော် အပျော်လိုက်စား၍ အလကားနေသည် မဟုတ် ထမင်းချက်ပြုတ်ပါ၏။ အစ်ကိုလာ၍ သွန်ပစ်ကြောင်း" ပြောကာလ တော်ပေစွ ငါ့သားကြီး ဘယ်နည်းကြောင့် မှောက်သွန်ရသနည်းဟု မေးရာ သားကြီး က ကျွန်တော် ထမင်းအိုးကို သွန်မှောက်သော်လည်း အထောက်အကိုးမရှိဘဲ အလွတ် သွန်သည်မဟုတ်ပါ၊ စာဆိုနှင့် သွန်ပါသည်ဟု ပြော၏။ အဖကတစ်ဖန် ကောင်းပြီ ငါ့သား မင့်စာသွားကို ရွတ်စမ်းပါဆို၍…

"အိုးပါမကျန် ပြောင်းပြန်ဦးစောက်၊ သွန်ဘိမှောက်သို့၊ တစ်ပေါက်မကြွင်း၊ အောက်ဟင်းလင်းတည့်"

လို့ စာဆိုရှိ၍ သွန်ပစ်ပါသည်ဟု ပြော၏။

ထိုနောက် သားငယ်က အစ်ကို သွန်ပစ်သည့် ထမင်းများကို အဖစားဖို့ဟု ရည်သဖြင့် တစ်လုံးစီလိုက်၍ မြေကြီး၌ ကောက်ပြန်ရာ အဖေက မိုက်ပါဘိ ငါ့ သား၊ တစ်လုံးတစ်ခြားစီနေသည့် ထမင်းကို ဆင်း၍ ကောက်မနေပါနှင့်၊ နောက် ထပ် ချက်ဦးလော့-ဟု တိုက်တွန်း၏။

ထိုအခါ သားငယ်က အဖရဲ့ ကျွန်တော် ယခု လိုက်၍ကောက်သည်မှာ အလွတ် မဟုတ်ပါ၊ စာဆိုနှင့်ထောက်၍ ကောက်ပါသည်ဟု ဆိုပြန်၏။ ကဲ မင့်စာဆိုကို နားထောင်ပါရစေ၊ ရွတ်စမ်းပါဟု ခိုင်းလျှင် မဆိုင်းမတွ ရွတ်၍ပြသည်မှာ…

"အိုး၌ချောင်ချောင်၊ ထမင်းပြောင်သည်၊ အမောင် ဆည်းပူးနိုင်စေ သတည်း"

ဟု ဆိုခြင်းကြောင့် ဆည်းဆည်းပူးပူး ကျွန်တော် ကောက်ပါသည်ဟု ပြောဆိုသော အခါ အဖဖြစ်သူက အင်း… မင်းတို့ဟာလည်း စာဆိုပေပဲကိုးကွဲ့ဟု ဝန်ခံရသော ဥပမာလို၊ ထိုအတူ ယခု ဒကာကြီးတို့ ဟသ်ာတမြို့မှာလည်း သူတို့စာနှင့် သူတို့ ချည်း အသီးသီး ယူထားကြ၍ ငါတရားဟောသော်လည်း မောရုံသာရှိမည် ငါ ထင်သည်-ဒကာကြီးတို့။ ဤကဲ့သို့ မိန့်တော်မူ၍ တရားပွဲဖြတ်ငြိမ်းလျက် ရပ်သိမ်း တော်မူလေ၏။

---

www.burmeseclassic.com

www.burmeseclassic.com



## ၇-"စကားပုံအပြက်အချော်နှင့် အထက်တော်မှလာသည်"ဟူသော ဥပမာဖြင့် ဒကာအား ဟောကြားခြင်း

တစ်ရံရောအခါ သင်္ဂဇာဆရာတော်ဘုရားကြီးသည် အသီးသီးသော အောက်မြို့ကျေးရွာတို့၌ သာသနာပြုတော်မူမည်ဟု ဒေသစာရီ လှည့်လည်ကြွမြန်းတော်မူခဲ့ရာ ရဟန်းသံဃာ, တပည့်အခြံအရံနှင့် ဥက္ကံအရပ်သို့ ရောက်တော်မူလျှင် လူ, ရှင်, ရဟန်း အပန်းတကြီး ကြိုးဆီပင့်ဆောင်ကြပြီးကာလ တရားဓမ္မ ဟောပြဆုံးမတော်မူသည်ကို နာလိုလှသဖြင့် သက္ကစ္စဝန္ဒနာ ဆည်းကပ်လာကြပြီးလျှင် လျှောက်တင်ကြသည်မှာ "အရှင်ဘုရား၊ တပည့်တော်များ အောက်အရပ်မှာ ကံဒကာ, ဒွါရဒကာ, ကံဘုန်းကြီး, ဒွါရဘုန်းကြီးဟု နှစ်သီးနှစ်ဝ ဂိုဏ်းပက္ခ ကွဲပြား၍ နေသည်မှာ မည်သူမှားသည်, မည်သူမှန်သည်ဟု ကေန်မုချ ဆိုနိုင်ကြသည်လည်းမဟုတ်၊ အအုပ်အချုပ် လွတ်ကင်းလျက် မင်းမရှိသောတိုင်းပြည်, အကွပ်မရှိသော ကြမ်းကဲ့သို့ ပရမ်းပတာ သူ့ဆရာ-ငါ့ဆရာ၊ သူ့ဒကာ-ငါ့ဒကာ နှစ်ဖြာနှစ်ဌာန ကွဲပြား၍နေကြပါသည်။ ဆရာတော်ဘုရားကြီးမှာ နည်းအလုံးစုံ သုံးပုံပိဋကတ် အရပ်ရပ်တို့၌ နှံ့စပ်တော်မူသည် တစ်ချက်, အထက်ရတနာပုံ မန္တလေးနေပြည်တော်မှာလည်း ဒါယကာ မင်းကောင်ရာဇ်၏ ဆရာ သုဓမ္မာဆရာတော် ဖြစ်သည်တစ်ကြောင်း အပေါင်းများစွာ သံဃာပုဂ္ဂိုလ် ထိုထိုရပ်ရွာ ဒါယကာ အသီးသီးတို့က စီးနင်းစေ့စပ် နှစ်ရပ်နှစ်ဌာန ကံဒွါရ ခွဲခြား၍ ကွဲပြားခြင်းမရှိရအောင် ဖြန့်ညှိရုံးစု သာသနာပြုတော်မူခဲ့ပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားကြလေသတည်း။

ထိုအခါ သင်္ဂဇာ ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ... "ဒါယကာအပေါင်းတို့ ခွင့်တောင်း လျှောက်ထားကြသည့်အရာမှာ ဆရာတော် ဝမ်းမြောက်ပါ၏။ သို့ရာတွင် ဒကာတို့၏ အောက်မြို့ဒေသတွင် ကံဒွါရ ကွဲပြားကြသည်မှာ အကြောင်းမဲ့ ကွဲပြားကြသည်မဟုတ်၊ သာသနုပ္ပဒ္ဒဝ သာသနာ့ဘေးရန် အတန်တန်သော အကြောင်းများက ထောက်ထား စာနာခြင်းမရှိ မိမိတို့အလိုနှင့် ပြောဆိုသည့်အချက်မှာ အထက်အထက်က ဆရာကြီး နည်းပေးပုဂ္ဂိုလ်များကြောင့် ကွဲပြားကြခြင်းဖြစ်သည်။ စေ့စပ်မည်ဆိုသော်လည်း ထိုအယူမှ စွန့်လွှတ်ကြတော့မည်မဟုတ် ဖြစ်တော့သည်။ ဥပမာဆိုရန်မှာ- "အောက်က သုတ်လျက်၊ အထက်က လာတုန်း၊ ကြာတော့ခါ ကျုံးနေရလိမ့်၊ ခပ်ဖုံးဖုံးပဲ ကြွတော်မူပေတော့"ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



စကားကဲ့သို့ အလားတူချေပြီ။ ဤဥပမာကို ဒကာတို့ ကြားဖူးကြရဲ့လားဟု စကား တောင်း၍ မေးတော်မူ၏။

## ခပ်ဖုံးဖုံးပဲ ကြွပေတော့

ထိုအခါ ဒကာအများတို့က မကြားဖူးပါဘုရားဟု လျှောက်ထားကြသောအခါ နားထောင်ကြ။ အထက် ငါတို့ မန္တလေး နေပြည်တော်မှာ ငါတို့ ငယ်ရွယ်စဉ်အခါ စာသင်သားဘဝက ကြားဖူးရသည်မှာ... ဘုန်းတော်ကြီးတစ်ပါးသည် ဝမ်းလား စေတတ်သော ဆေးကို ဘုဉ်းပေးတော်မူပြီးလျှင် အိမ်စဉ်လှည့်ပတ်၍ ဆွမ်းရပ် တော်မူသတဲ့။ ထိုအခါ ယခင် ဘုဉ်းပေးသုံးဆောင်တော်မူခဲ့သော ဆေးအားလုံး တို့က တပြုံးပြုံး မွှေသောကြောင့် ကြာလေနာလေ အရပ်ထဲမှာဖြစ်နေ၍ အခြေ ကလည်းမဲ့၊ တကယ့်အချက် ဆွမ်းခံရာလမ်းအသွားတွင် ဝမ်းလာ၍ သက်သော ကြောင့် အရှက်ကိုလည်း မငဲ့သာ၊ ဆွမ်းလောင်းလာသော ဒါယိကာမကြီး တစ် ယောက်က အောက်လျှော၍ စီးကျဆဲတွင် လူးလဲကပ်ငြိလာသည်အထင်နှင့် အရှင်ဘုရား ရပ်တော်မူပါဦးဆို၍ ခြေသလုံး၌ လူးနေသော အစက်ကို တဘက်နှင့် တစ်ချက်သုတ်ရင်း အထက်က ကျလာရင်း တစ်ချက်သုတ်ရင်း အထက်ကကျ လာရင်း သုတ်ရင်းဖြင့် ဒါယိကာမကြီးက မြင်ပြင်းကပ်တော့ "မောင်ပဥ္စင်းရယ် ဒုက္ခနှယ်ရောက်လေ၊ အောက်ကသုတ်လျက် အထက်တော်ကလည်း လာတုန်း ကဲ... ကြာတော့ ကျုံးနေ ရတော့မယ် ခပ်ဖုံးဖုံးပဲ ကြွပေတော့"ဟု လျှောက်ထားသော ဥပမာလို ဆရာတော် တရားဟောသော်လည်း အထက်တော်က လာဦးမှာပဲ ခပ်ဖုံးဖုံးပဲ နေကြစို့ ဒကာတို့။

ဤကဲ့သို့ ဆရာတော်ဘုရားကြီးက ပုံကပ်အောင် ဟောပြလျှင် သဘောကျ၍ ဒါယကာ–ဒါယိကာမအားလုံးတို့သည် တအုံးအုံး ရယ်မောကြလေကုန်သတည်း။

---

## ၈–သင်္ဂဇာဆရာတော်ဘုရားကြီးက ရွှေကျင်ဆရာတော်ဘုရားထံသို့ "ဟင်းခွက်ကမ်း" ဥပမာဖြင့် စာပေးလိုက်ပုံ

အခါတစ်ပါးသော် သင်္ဂဇာဆရာတော်ဘုရားကြီးသည် မန္တလေး ရတနာပုံ ရာဇဓာနီ မင်းနေပြည်ကြီးမှ အောက်မြို့ကျေးရွာသို့ စုန်၍ ရန်ကုန်သို့ ရောက် တော်မူသောအခါ အမိန့်တော်ရ ဦးပိုက်နီ၏ ဇရပ်၌ ခေတ္တ သီတင်းသုံးတော်မူရာ ဒါယကာ အကြီးတော်မင်း ဦးသာမှိုလည်း ဝပ်လျှိုးခစားလျက် အပါးကရှိသည်

www.burmeseclassic.com

www.burmeseclassic.com



နှင့် အကြီးတော်မောင်သာမှိုရဲ့ ဘယ်မြို့ဒေသ ဘယ်ဌာနတွင် ရွှေကျင်ဆရာတော်၏ သတင်းကို ကြားသနည်း”ဟု မေးတော်မူ၏။

ထိုအခါ ဦးသာမှိုက ရွှေကျင်မြို့၌ သတင်းကြားပါသည်ဘုရားဟု လျှောက်လျှင် မောင်ရွှေကျင်ထံ စာပေးက ရောက်ပါမည်လောဟု မေးပြန်ရာ ရောက်ပါသည်ဘုရားဟု လျှောက်ကြားလေသော် ဆရာတော်ဘုရားကြီးက အမိန့်တော်ရှိသည်မှာ အကြီးတော်မောင်သာမှိုရဲ့ မင်းတို့လူများမှာ အိမ်ပါးနီးချင်း မေတ္တာသွင်း၍ တက်ဆင်းမပျက် စားဟင်းခွက်ကို ပေးဆက်ကမ်းလှမ်းကြသည် မဟုတ်လားဟု မေးတော်မူရာ မှန်လှပါသည်ဘုရားဟု လျှောက်ထားလေလျှင် အင်း… ဆရာတော်လည်း မောင်ရွှေကျင်နှင့် မေတ္တာဆက်ရအောင် ဟင်းခွက် ကမ်းလိုက်ချင်သည်ဟု အမိန့်တော်ရှိပြီးလျှင် ရေးပေးလိုက်သည့် အကြောင်းမှာ–

အတိဗျာပိဂုဏော ပုညော၊ မဟာယသော သိရိန္ဒရော။
ကုစ္ဆိယံ ရေတသိ ဝါသော၊ အတိ ဝိယ လဒ္ဓိဟာဗ္ဗကော။

အတိဗျာပိဂုဏော၊ ဇမ္ဗူမြဆုံ ပျံ့နှံ့သတင်း ကျော်စောခြင်းရှိသော။ ပုညော၊ ကမ္ဘာပတ်လုံး ပြောမဆုံးအောင် ဘုန်းတန်းကြီးမား လွန်မြောက်မြားသော။ မဟာယသော၊ တပည့်တပ်န်း ရဟန်းယောကျ်ား စာသင်သားတို့ များသော အခြံအရံရှိသော။ သိရိန္ဒရော၊ လျှမ်းလက်ထွေထွေ ဆန်းတက်နေလို့ ကျက်သရေ ဂုဏ်ရောင် အမွန်ဆောင်၍ ပြောင်ပြောင်ထွန်းတောက် သူတစ်ယောက် ဖြစ်ပါလျက်။ ကုစ္ဆိယံ၊ ကျင်ကြီးကျင်ငယ် ဖုံးကွယ်ကျဉ်းမြောင်း မိဝမ်းခေါင်း၌။ ရေတသိ၊ သုက်သွေးအစု ပန်းဥတု၌။ ဝါသော၊ ရေ့နောက်မပြတ် ချားရဟတ်ကဲ့သို့ တွယ်ကပ်ပငိုသန္ဓေ တည်နေခြင်းသည်။ အတိ ဝိယ၊ အလွန်အကျူး အထူးသဖြင့်လျှင်။ လဒ္ဓိဟာဗ္ဗကော၊ မတင့်မတယ် အဆက်နွယ်လျက် ရက်ဖွယ်ကောင်းလှချေ၏တကား။

[ကျက်မှတ် ဆောင်ထားရန် ကောင်းလှသောကြောင့် အနက်ပေးလိုက်သည်။]

ဤကဲ့သို့ သင်္ဂဇာဆရာတော်ဘုရားကြီးက ရွှေကျင်ဆရာတော်ဘုရားထံသို့ သတိရရန် အကျဉ်းမြွက်၍ စာဟင်းခွက် ကမ်းလိုက်လေသတဲ့။ ဤဟင်းရွက် ကမ်းသော ကမ္ဘဋ္ဌာန်းဂါထာဖြင့် သံသရာဒုက္ခမှ လွတ်ကြရန် နှလုံးထား၍ သုံးပါးသော လက္ခဏာကို ရက်မကွာအမျိုးသားတို့ ကြိုးစားအားထုတ်ဖို့ သင့်လှပေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၉ "စိန်တိမ်း"ဟူသော ဥပမာစကားဖြင့် ကာလသားကလေးများကို ထုံးပြု၍ ဆုံးမတော်မူခြင်း

တစ်ရံရောအခါ သင်္ဂဇာဆရာတော်ဘုရားကြီးသည် အသီးသီးသော အောက်မြို့ ခရိုင် နိုင်ငံအတွင်း စုန်ဆင်းလှည့်လည် ဒေသစာရီ ကြွချီတော်မူရာ ကုသိမရဋ္ဌ မဏ္ဍလရန်နိမ် မြို့ပုသိမ်သို့ ရောက်တော်မူလျှင် ကျောင်းတစ်ကျောင်းတွင် သီတင်း သုံးလျက် အလုံးစုံသော ဒါယကာ–ဒါယိကာမ လာလာသမျှတို့အား ဓမ္မရေအေး နည်းကောင်းပေး၍ တိုက်ကျွေးတော်မူသတည်း။

ထိုအခါ ကာလသားကလေးတို့သည် ယစ်မူးသောက်စား၍ ဆရာတော်ဘုရား သီတင်းသုံးတော်မူသော ကျောင်းတော်သို့ အပေါင်းအဖော်နှင့်တကွ တက်လာကြ ပြီးလျှင် ဂါရဝတရားနှင့် ဝပ်တွားဖူးမြော်ကြလေသတည်း။ ထိုအခါ ဆရာတော် ဘုရားက ကာလသားတို့ သောက်စားပျော်မြူး ယစ်မူးခဲ့ကြသော အရက်နံ့ဖြင့် ခိုင်ကြံ့သော သမာဓိတရားနှင့် စဉ်းစားတော်မူသည်မှာ ဤသူများသည် သောက် စားရာဌာနမှ လာကြသောသူများဖြစ်သည်။ စင်စစ်ကြည်ညို မှီခိုအားထား ငါ့တရားကို မှတ်သားနာယူလိုသောဆန္ဒ မရှိ၊ မိမိတို့ ကာလသားသဘာဝ ပျော် မြူးကြမည်အကြံနှင့် ငါ့ထံသို့ ရောက်လာသည်ဟု သိတော်မူသော အရိပ်ကြောင့် ဆိတ်ဆိတ်သာနေတော်မူလေ၏။

ထိုအခါ ကာလသားတို့က ငါးပါးသီလ ပဉ္စင်္ဂကို မ,စ,ပေးသနားတော်မူပါ မည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ကြလျှင် သင်္ဂဇာဆရာတော်ဘုရားကြီးက အမိန့်တော်ရှိသည်မှာ... ငါ၏ တပည့်များ လျှောက်ထားသောအကြောင်း သီလ တောင်းသည်ကို ကောင်းသောနည်းလမ်းဖြစ်၍ ချီးမွမ်းထောမနာ ထိုက်ပေသည်။ သို့ရာတွင် ဆရာတော်ဘုရားက မင်းတို့အား စကားဥပမာ ပြောပြမည်။ သဘောကျ နားထောင်၊ လူ့ဘောင်တွင် နေကြသဖြင့် လောကစကားကို နားလည်ပြီးသားချည်း ဖြစ်လိမ့်မည်၊ ဤလောကဌ် လူအများတို့ လောင်းတမ်း ကစားကြသောအခါ လောင်းကြေးများကို သဘောကျ၍ အားလုံးက အတည်ပြုကြလျှင် "စိန်"ဟု ဆိုကြသည် မဟုတ်လားဟု မေး၏။ မှန်ပါသည်ဘုရားဟု လျှောက်ထားကြသော် ဆရာတော်ဘုရားက ကောင်းပြီ၊ လောင်းကြေးကို သဘောမကျ၍ ပြောကြသည့် ကိန်းမှာ "စိန်တိမ်း"လို့ ဆိုသည် မဟုတ်လားဟု မေးတော်မူပြန်၏။ မှန်ကြောင်းကို တစ်ဖန်လျှောက် ကြပြန်သော် ဆရာတော်ဘုရားကြီးက "အဲ... ငါလည်း မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



လောင်းတမ်းကစား သလို ငါးပါးသီလ ပဋ္ဌာန်ကို မ,စ,ပါဟု ပြောသော်လည်း ငါ သဘောမတူသောကြောင့် ယခုနေ့ သည်တစ်ကြိမ်ဖြင့် (စိန်တိမ်း)ပဲ လုပ်ကြပါစို့ ကွယ်တို့”ဟု သင်္ဂဇာဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသောအခါ ကာလသား တို့သည် ဆောလျင်ချက်ချင်း ကျောင်းတော်က ဆင်းပြီးလျှင် ရယ်မောရင်း ပြန်ကြ လေသတည်း။

[ဤစကား၌ ကာလသားများကို ဆရာတော်ဘုရားက သီလ မပေးသည်မှာ သုရာကို ဖောက်ပြား၍ သောက်စားခဲ့သောသူများ ဖြစ်ရကား စင်စစ် ဤနေ့အဖို့ သိမ်မွေ့တည်ကြည် သီလစောင့်နိုင်ကြမည်မဟုတ်။ ကြမ်းကြုတ်ဆိုပြော ရောနှော ယှက်တင် မဆင်ခြင်ဘဲ စိတ်ထင်ရာရာ သွားလာပြုကျင့် မသင့်တင့်သော အယော နိသော မနသိကာရဖြင့် သီလပျက်လျှင် မစောင့်သည်ထက် ဆိုးမည်ကို မျှော်ကိုး ထောက်ထား ထိုသူတို့ကို သနားသဖြင့် ငါးပါးသီလ ပဋ္ဌာန်ကို မဆမတွေး ပေးချေကသော် ခွင့်မလျော်ဟု ဆရာတော်နှလုံးပြု၍ လျစ်လျူရှုတော်မူလေသတည်း။]

---

## ၁၀ ရန်ကုန်မြို့ လမ်းမတော်ရပ်၌ သင်္ကန်းကပ်သော ဒကာတစ်ဦးကို တရားဟောတော်မူခြင်း

အခါတစ်ပါးသော် အဂ္ဂမဟာလင်္ကာရ စသည်ခတ်နိုပ် တံဆိပ်လည်း ဂုဏ်ထူး ရှိလျက် ပိဋကတ်သုံးပုံ အလုံးစုံသော ပါဠိအဋ္ဌကထာ ဋီကာနဲနက် ခဲအခက်တို့၌ ခွဲဝက်စိတ်ဖြာ ထင်ရှားစွာသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် အရိက္ခယနဂရ မဟာဒကအဏ္ဏဝါ မင်္ဂလာယမုံ လေးမြစ်ဆုံသော ရန်ကုန်မြို့ပေါ် လမ်းမတော် ရပ်ကွက်တွင် ခဲခက်သော ပုစ္ဆာပြဿနာ လာလာသမျှသော အမေးတို့ကို မနှေး ကွယ်ကူ ဖြေဆိုတော်မူခြင်း၊ မြို့တွင်းမြို့ပ လာလာသမျှသော ဒါယကာ–ဒါယိကာမ အများတို့ကို တရားဓမ္မစက် ဟောမြွက်ဆုံးမတော်မူခြင်း စသော ကိစ္စအချက်တို့ကို ရွက်ဆောင်အားထုတ်၍ နေတော်မူစဉ်အခါ ဒါယကာတစ်ဦးသည် ထူးကဲသော စေတနာ သဒ္ဓါပသန္န ကြည်ညိုလှသောကြောင့် လှပတင့်ဆန်း တိစီဝရိက် သင်္ကန်း ကို လှူဒါန်းဆက်ကပ်ပြီးခါ လျှောက်သည်မှာကား…

မှန်လှပါ၊ တပည့်တော် လှူဒါန်းဆက်ကပ်သော သင်္ကန်း၏ အကျိုးတရားကို ဟောကြား ဆုံးမတော်မူပါမည့် အကြောင်းနှင့် ခွင့်တောင်းလျှောက်ထား၏။ ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ… “ဒကာကြီး–ဆရာတော်၌လည်း

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စများ၊ လျှောက်ထားမေးမြန်းကြသည့် ပြဿနာ အရာရာတို့ကို များစွာရှင်းလင်း ဖြေဆိုရန် အဖန်ဖန် ရှိသေးသည်။ ဒကာကြီး၏ သက်န်းအကျိုးမှာ အလွန်အကြုံး အထူးဟောကြားရန်မလို၊ သက်န်းဆိုသည်မှာ တိုတိုဥပမာတစ်ခုကို နှလုံးပြုရန် ပြောမည် သဘောကျမှတ်သားလေ။ သက်န်း၏အတွက်ကြောင့်ဖြင့် စိတ်လက် မပူဆွေးနှင့် အေးအေးသာနေ၊ ဒုစရိုက်အမှုတွေကို ပြု၍သာ မနေနှင့်၊ ကေန်မုချ နိဗ္ဗာန်သို့ ပို့ပါ့မယ်လို့ ပမာအားဖြင့် ဆိုသွားသတဲ့ ဒကာကြီး။

ဤကဲ့သို့ မိန့်တော်မူလျှင် လူရှင်အပေါင်းတို့သည် အကျိုးအကြောင်း စဉ်းစား၍ ရယ်အားတက်သဖြင့် ပြုံးလျက်နေကြလေကုန်၏။

[ဤစကား၌ ဆရာတော်ဘုရား၏ နှလုံးကား, အာဘောဂမှာ သက်န်း၏ အကျိုးတရားကို မဟောကြားသော်လည်း ရပြီးပင်ဖြစ်သည်။ သက်န်း၏ အကျိုးကို မိုးထိအောင် ရွှေတောင်ကြီး ပေါက်လိမ့်မည်ဟု ဟောငြားသော်လည်း သဘောထား မကောင်း၍ နောက်နှောင်းကာလ အသက်ရှည်သမျှအတွင်း သူ့အသက်သတ်ခြင်း တည်းဟူသော ပါဏာတိပါတ, သူ့ဥစ္စာခိုးယူခြင်း ဟူသော အဒိန္နာဒါန-စသော ဒုစရိုက် အမှုမိုက်တရားတို့ကို ပြုမှားညစ်ငြမ်းမိက သက်န်းမကယ်နိုင် မှတ်လေဟု ဗျတိရေက နည်းအားဖြင့်ပြန်လျက် ကြံ၍သိအပ်သလေသတည်း။]

---

## ၁၁–"ရှင်ဘုရင် ဘုရားဖူးသော ဥပမာဖြင့် ဒကာဝန်ထောက်မင်း ဦးအုံးအား အထူးနှလုံးသွင်းရန် မိန့်တော်မူခြင်း

အခါတစ်ပါးသော် အဂ္ဂမဟာလင်္ကာရ ကဝိဇ မဟာဓမ္မရာဇဂုရု သာသနာပြု သင်္ဂဇာဆရာတော်ဘုရားကြီးသည် အသီးသီးသော မြို့ပြခရိုင် နိုင်ငံအရပ်ရပ်တို့မှ ကူးခတ်ထွက်ဝင်ရာ မဟာဆိပ်ကမ်း ရိပ်ချမ်းသာယာ ဟံသာဝတီ ပူရီဇေယျ လူ ပေါင်းစုံသော ရန်ကုန်မြို့ မြောက်မျက်နှာ, မဟာတိဂုမ္ဘစေတီတော်ကြီး၏ အရှေ့ မျက်နှာ ပါစိနဒေသ ကြားတောရ ကျောင်းတိုက်အတွင်း အခွန်ဝန်မင်းဇရပ်၌ ပရိသတ်များစွာ လာလာသမျှ ရဟန်း, ရှင်, လူ, ပြည်သူအပေါင်းတို့အား နည်း ကောင်းဥပဒေသ ညွှန်ပြသောအား ဟောကြားထုံးပြု ချွတ်ဆုံးမ၍ ခေတ္တသီတင်း သုံးနေတော်မူရာ ဝန်ထောက်မင်း ဦးအုံးက နှလုံးကြည်စွာ သဒ္ဓါတရား ထက်ပွား ညွှတ်ကိုင်းခြင်း ရှိသဖြင့် မိမိ ဆောက်လုပ်၍ထားအပ်သော ဇရပ်၌ အမြတ်တနိုး ကိုးကွယ်ပူဇော်လိုသဖြင့် ဆိုပင့်လျှောက်ထားသည်မှာ...

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား... တပည့်တော်၏ ဇရပ်သို့ အရှင်မြတ် ကြွပြီးလျှင် တရားဓမ္မ ဟောပြတော်မူပါ"ဟု လျှောက်သည်နှင့်... ဝန်ထောက်မင်း ဦးအုံးဇရပ်သို့ လိုက်ကြွတော်မူရာ ခင်းထားသောနေရာသို့ ရောက်ကာလစ၍ အမိန့်ရှိတော်သည်မှာ ဝန်ထောက်မင်းဇရပ်ဖြင့် ရောက်လာပေါ့၊ ဥပမာတင်လျှင် "ရှင်ဘုရင် ဘုရားဖူး တာလိုလည်း မလုပ်ကြနှင့်"ဟု မိန့်ဆိုရာ ဆရာနှင်းဆိုသူက အရှင်၏ ဥပမာ အတိတ်စကားကို မိန့်ကြားတော်မူပါဟု လျှောက်လျှင် ရှင်ဘုရင် ဘုရားဖူးတာ ပြောရမှာဖြင့် "အညာသီဟတော နန်းတော်ရောက်စေ"လို့ ဆိုလိုက်တာပဲ။ သူကဖြင့် တစ်ခါမျှ ထွက်၍မဖူးဘူး။ ယခုလည်း ဝန်ထောက်မင်းက "သင်္ဂဇာ ဆရာတော် ဇရပ်ပေါ် ရောက်စေ" ဆိုတာပဲ မဟုတ်လား ဝန်ထောက်မင်းရဲ့ဟု ဤကဲ့သို့ မိန့်တော်မူသောအခါ ဒါယကာဝန်ထောက်မင်း ဦးအုံးသည် ပြုံး၍နေလေသတည်း။

ထိုနောက် ၎င်းဇရပ်ပေါ်၌ ဝန်ထောက်ဦးအုံး အမှူးရှိသော ပရိသတ်တို့အား တရားရေချမ်း ဆွတ်ဖျန်းတိုက်ကျွေးတော်မူလေ၏။

ဤစကား၌ "အညာသီဟတော နန်းတော်ရောက်စေ"ဟူသော ဥပမာစကားဖြင့် ဆရာတော်ဘုရားကြီး၏ အာဘောဂထားရင်း နှလုံးသွင်းကား လူများမှာ "ဃရာဝါသော ဗဟုကိစ္စော" ဟူသော ပါဠိလာသည်နှင့်အညီ၊ အလီလီသော ကိစ္စ နဝကမ္မအမှု ပြုရန်လုပ်ရန် အတန်တန် များပြားရကား မလာအားသဖြင့် ဆရာတော်ဘုရားကိုသာ အရောက်ပင့်သည်၊ သူဖြင့် ဆရာတော်ထံမှောက်သို့ တစ်ခေါက်မှ တရားနာ မလာဘူးဟူသော စကားကျ အဝုတ္တသိဒ္ဓိနည်း မဆိုဘဲ ပြီးသည်ဟုမှတ်လေ။

---

## ၁၂–"ရှမ်းထမင်းဆာသလို" ဟူသော ဥပမာဖြင့် ဒကာဝန်ထောက်မင်း ဦးအုံးကို အထူးနှလုံးသွင်းရန် ဟောတော်မူခြင်း

အခါတစ်ပါးသော် အဂ္ဂမဗ္ဗာလက်ာရ စသည်တွက်ဖွဲ့ နှစ်ဆယ့်နှစ်လုံး ပုလဲကုံးသို့ ရွှေတုံးခတ်နိုပ် တံဆိပ်အလှူတော် အပူဇော်ခံရသော သာသနာပြု သုဓမ္မာ အဝင်အပါ သင်္ဂဇာဆရာတော်ဘုရားကြီးသည် ဟံသာဝတီ မဏ္ဍလ, ကုသိမ မဏ္ဍလ, မုတ္တမ မဏ္ဍလ–သုံးဌာနအနက် မင်းအဆက်ဆက်တို့ ဖြူရွက်ဖြန့်မိုး ကြငှန်းစိုးသဖြင့် တန်ခိုးကျက်သရေ တက်သစ်နေကဲ့သို့ ရေယာဉ်သမုဒ္ဒရာ ပတ်ရံ ကာလျက် ဥက္ကလာပ ဌာနရိပ်မြုံ မြို့ရန်ကုန်၏ စုပုံဒါန ပုညခေတ္တ ဝိဟာရမင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်ရာတိုက်၌ နှစ်မြိုက်ရွှင်ပြုး သီတင်းသုံးတော်မူရာ ဒါယကာဝန်ထောက်မင်း ဦးအုံးသည် အဆုံးအဖြတ် ကန့်သတ်ရေတွက်ခြင်းငှာ မတတ်ရာသော သဒ္ဓါ ပုဗ္ဗဂ်မတရားရှေ့သွားပြဋ္ဌာန်းလျက် လှူဒါန်းပူဇော် ဖူးမြော်ကန်တော့ရန် ဆရာတော်ဘုရားကြီးထံသို့ ကပ်၍ မပြတ်ခစား၏။

ထိုအခါ ဆရာတော်ဘုရားက ဝန်ထောက်မင်းအား မေးတော်မူသည်မှာ… "ဒကာဝန်ထောက်မင်းအသက် ရေတွက်ပိုင်းဆ အဘယ်မျှရှိပြီနည်း"ဟု မေးတော်မူလျှင် "အရှင်ဘုရား ဘုရားတပည့်တော်၏ အသက်အရွယ်မှာ ခြောက်ဆယ်ပြည့်ပါပြီဘုရား"ဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားကြီးက အင်း… အသက်လည်း ကြီးပေါ့ကိုး၊ သို့ ရှေးအခါကာလကတော့ ရာဇဝလ္လဘာ မင်းခစားယောကျ်ား ဖြစ်သည်အားလျော်စွာ ခွင့်မသာ၍ ရှစ်ဖြာသီလ အင်္ဂါကို မစောင့်ရ မစောင့်နိုင်ဆိုသည် ဟုတ်ပါစေတော့၊ ယခု ပင်စင်အငြိမ်းစား အခွင့်အားပေါ့ သီလများ သီတင်းမှန်အောင် စောင့်နိုင်ပါ၏လော…ဟု မေးတော်မူ၏။

ထိုအခါ ဝန်ထောက်မင်း ဦးအုံးက "မှန်လှပါ ယခု အငြိမ်းစားပင်စင်ရလျက်ပင်တည်း သံယောဇဉ်ပွား သားကိစ္စ, မယားကိစ္စ ကြောင့်ကြရန် အသီးသီးဒါတွေနှင့်ပဲ ပြီးနေလို့ ယခုလည်း အမြဲမစောင့်နိုင် ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထား၏။ ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒါဖြင့် ဝန်ထောက်မင်းမှာ "ရှမ်းထမင်းဆာတာနှင့် ပမာတူပေါ့ကိုး"ဟု မိန့်တော်မူလျှင် အရှင်ဘုရား ရှမ်းထမင်းဆာသော ဥပမာကို နာယူရန် အချက်ဖြင့် မိန့်မြွက် ဟောတော်မူပါဘုရားဟု လျှောက်ထား တောင်းပန်လေသော် ဆရာတော်ဘုရားက ဤသို့ မိန့်ကြားတော်မူသည်။

ရှေးသရောအခါ ရွာတစ်ရွာတွင် အလှူပြုလုပ်မည်ဟု ရုံးစုညီညာ လုပ်ကိုင်ကြရာ အရပ်ဝေးမှလာသော ရှမ်းတစ်ယောက်သည် မဏ္ဍပ်အောက် ဝင်လာပြီးလျှင် သြော်… ဝမ်းထဲကဟာ ထမင်းက ဆာလွန်းလို့ ဘာမျှမလုပ်ချင် မကိုင်ချင်စသည်ဖြင့် ထ၍ ညည်းညူသည်ကို အလှူရှင်ဒါယကာ ကြား၍ စဉ်းစားသည်မှာ ယခုလာသော ရှမ်းသည် ခရီးပန်းစွာ ထမင်းဆာသောကြောင့်သာ ဘယ်ဟာကိုမျှ မလုပ်နိုင်မကိုင်နိုင်ဟန် ရှိသည်။ ထမင်းစားရက ထ၍ လုပ်ကိုင်လိမ့်မည်ဟု ကြံစည်မြော်တွေး၍ ထမင်းကို ကျွေးလေ၏။ ထိုအခါ ဧည့်သည်ဖြစ်သော ရှမ်းသည် ကတန်းကရမ်းထ၍ ဝဝကြီး ဗိုက်ကားအောင် ထမင်းကို စားပြီးလျှင် ယခင် အိပ်မြဲအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



နေရာသို့ဝင်၍ အိပ်ပြီးလျှင် ညည်းညူပြန်သည်မှာ "ထမင်းဝတော့လည်း မိုက်လေးလို့ မလုပ်ချင်မကိုင်ချင်" ဆိုသတဲ့၊ အဲတာလို ဝန်ထောက်မင်းမှာလည်း ပင်စင်အငြိမ်းစား မဖြစ်ခင်ကတော့လည်း ဘုရင်၏ အမှုတော်ကို ထမ်း၍ ပြောခန်း ဆိုခန်း လုပ်ငန်း ကိုင်ငန်း စည်းကမ်းကကြပ် ခွင့်မလပ်သောကြောင့် သက်သက် မစောင့်ရဘူး။ ယခု ပင်စင်အငြိမ်းစား ဘေးမဲ့ထားပြန်တော့လည်း သားကိစ္စ မယားကိစ္စ များပြားလှ၍ မစောင့်ရပြန်၊ သို့ဖြစ်၍ ဝန်ထောက်မင်း မောင်အုံးမှာလည်း အဆုံးသတ်တော့ ရှမ်းထမင်းဆာတာနှင့် တူတယ်လို့ ပြောတာကွဲ့ မောင်ရန်နှင်းရဲ့ဟု အမိန့်ရှိလျှင် ဆရာနှင်းနှင့် ဦးအုံးသည် ပြုံး၍ နေကြကုန်၏။ ထိုနောက်မှ ဆရာတော်ဘုရားကြီးက ဒါန, သီလ, ဘာဝနာ သုံးဖြာသောတရားများကို အားထုတ်ဆည်းပူး အထူးဂရု နှလုံးပြုလျက် သုံးလူ့မြတ်စွာ သာသနာ၌ ကြုံလာသတောင်း ဘဝကောင်း မနုဿတ္တ ဒုလ္လဘနှင့် ကြုံကြရသည့်အခါ တော်စွာ လျော်စွာ သဘောဖြင့် အပ္ပေါသုက္က လုံ့လဝိရိယ မရှိ၊ ကြောင့်ကြမဲ့ မဖြစ်ကြစေလိုကြောင်းနှင့် ကောင်းစွာ ဆုံးမတော်မူ လေ၏။

---

## ၁၃–"အပျိုကြီးမမဲနှင့် လူပျိုကြီး မောင်သာရွဲကို" ပမာပြု၍ အဝိဇ္ဇာနှင့် သင်္ခါရ ပစ္စည်းဆက်ပုံကို အကျဉ်းအမြွက်မျှ ဟောတော်မူခြင်း

အခါတစ်ပါးသော် အဂ္ဂမဟာ လင်္ကာရ စသည့်ရှန်းအိ ဘိသိက်ငြိလျက် တိသာသန စွယ်လုမာတင် အာဝင်မုံသောက် ဖက်ကမ်းရောက်၍ ကျောက်ထီးအတူ အလေးမူလျက် ရေးယူရှိသေ ဗိုလ်ခြေများဖြင့် ညွှတ်ခဝင်ရသော သင်္ဂဇာဆရာတော် ဘုရားကြီးသည် ဟင်္သာတမြို့ဒေသ၌ ဓမ္မခပင်း ပွဲကြီးကျင်း၍ သီတင်းသုံးနေတော် မူသောအခါ ၎င်းဟင်္သာတမြို့နေ ဆရာကြီး ဦးလှိုင်းသည် ညွှတ်ကိုင်းသောအား ဝတ်ခစား၍ လျှောက်ထားသည့်အရာမှာ ဆရာတော်အရှင်မြတ်ဘုရား... တပည့်တော် များမှာ ပညာမန္ဒ နုံ့နည်းလှသည် ပညာနည်းသည် ဖြစ်ပါသောကြောင့် ပဋိစ္စ သမုပ္ပါဒ်အရာတွင် အဝိဇ္ဇာနှင့် သင်္ခါရ တွဲကြသည်မှာ အဝိဇ္ဇာသည် အကုသိုလ်မောဟ၊ သင်္ခါရသည် ကုသိုလ်ဖြစ်လျက် အကြောင်းဆက်သည်ကို အနက်အဓိပ္ပာယ်နှင့်တကွ သိပါရအောင် ရွှေဉာဏ်ရောင်ဖြင့် ထုတ်ဆောင် ဟောကြားတော်မူပါမည့်အကြောင်း နှင့် ခွင့်တောင်း လျှောက်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆရာတော်ဘုရားက ဟောကြားတော်မူသည်မှာ "ဒါယကာကြီး ပဋိစ္စသမုပ္ပါဒ်အရာမှ သာမန်ပုဂ္ဂိုလ်ကို မဆိုထားဘိ။ ဘုရားအလိုတော်သိ ဗုဒ္ဓမတ္တညူ ကျမ်းပြုဆရာ အရှင်မဟာဗုဒ္ဓဃောသသော်မှ ပဋိစ္စသမုပ္ပါဒ် ဝိဘင်းကို ဖွင့်မည်အရှိ တွင် ဩော်... ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် အလွန်တရာ ခက်ခဲနက်နဲ သိမ်မွေ့လှချေ၏တကား။ မြတ်စွာဘုရားတို့၏ ရွှေဉာဏ်တော် ကျက်စားရာဖြစ်၍ ပညာမန္ဒ အပ္ပသုတ ဒုပ္ပည ပညာနည်းပြီး ဗဟုသုတ မရှိသည့် လူပြိန်း ပုဂ္ဂိုလ်တို့ နှင့်မရာ၊ ငါတို့ဉာဏ်နှင့် နှိုင်းစာမူ မဟာသမုဒ္ဒရာအလယ်တွင် ယုန်သူငယ် ထောက်တည်မရသကဲ့သို့ ရှိချိမ့်မည်တကားဟု ဘုရားအလိုတော်သိ ဗုဒ္ဓမတ္တညူသခင် အရှင်မဟာဗုဒ္ဓဃောသ ပုဂ္ဂိုလ်ကျော်ပင် ငြိုငြင်ခြေချ မှိုင်ငေးရသည့် အခင်းကို ဝိဘင်း ပါဠိတော်၏ အဖွင့်ဖြစ်သော သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ် ဝိဘင်း၌ ထင်လင်းစွာ ရှိပေသည်ဒကာကြီး။

ထို့ကြောင့် "သစ္စံ သတ္တော ပဋိသန္ဓိ၊ ပစ္စယာကာရ မေဝ စ" ဟူ၍ ကျမ်းဂန်၌ လာရှိတယ်။ သို့သော်လည်း ဒကာကြီး... အဝိဇ္ဇာနှင့် သင်္ခါရကို ပုံပြ၍ဆိုမူ အပျိုကြီးမမဲနှင့် လူပျိုကြီးသောရွှဲတို့ အကြောင်းမျှ၍ ပေါင်းကြသည်နှင့်တူ၏ဟု မိန့်တော်မူရာ ဆရာကြီးဦးလှိုင်က ခိုင်းနှိုင်းသော ဥပမာကို ထင်ရှားစွာ သဘော ကျအောင် ဟောပြတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားပြန်၏။ ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ "ဒကာကြီး ဤလောက လူ့ဘောင်၌ အိမ်ထောင်မကျ လင်မရဘူးသော အပျိုကြီးမိမဲသည် နီးသောဆွေမျိုး ဉာတိ အားကိုးရန် မရှိသည်နှင့် မိမိအထုပ်အပိုးကို ရွက်၍ အထက်အညာ မြို့ကျေးရွာမှ ထွက်ချီလာရာ ဆားဖိုရွာသို့ ရောက်လာမှီတင်း ကပ်ချည်းနေထိုင်ရာ များစွာသော မိန်းမကြီးငယ် အသွယ်သွယ်တို့နှင့် ဆက်နွယ်ပေါင်းသင်း၍ နေထိုင် လေ၏။ လူပျိုကြီး မောင်သာရွှဲကလည်း ထိုနည်းတူစွာ ဆားဖိုရွာတွင် များစွာသော လူကြီးလူငယ် အသွယ်သွယ်တို့နှင့် ဖွယ်ရာသင့်တင့်အောင် ကြံဆောင် ပေါင်းသင်း၍ နေ၏။

နှစ်လရှည်လျား ကာလများသော် အားလုံးသော ရပ်သား ရွာသူတို့သည် စိတ်တူညီမျှ တိုင်ပင်ကြသည်မှာ တို့ရွာတွင် အပျိုကြီးမမဲနှင့် လူပျိုကြီး ကိုသာရွှဲ တို့သည် သဘောလည်းကောင်း ရိုးဖြောင့်ကြောင်းကို ကောင်းစွာ သိရသည့်အတိုင်း ထိုသူနှစ်ဦး မေတ္တာကူး၍ ကြည်နူးဆက်စပ် ပေါင်းဖက်ရန် အရေးနှင့် ပေးစားနှင်း အပ် လက်ထပ်ထိမ်းမြားကြစို့ဟု အများညီညွတ်ကြပြီးလျှင် အပျိုကြီးမိမဲနှင့်

www.burmeseclassic.com

www.burmeseclassic.com



လူပျိုကြီး သောရွှဲတို့ကို ရပ်ထဲရွာသား လူတလွှားတို့က ထိမ်းမြားလက်ဆက်ကြလေ၏။

မောင်သာရွှဲနှင့် မိမဲတို့သည် အမြဲ ပေါင်းသင်းနေထိုင်ကြရာ ရှစ်နှစ်လောက်ကြာကြသော် သားသမီးကလည်းများ, ပစ္စည်းကလည်း ရှားပါး၍ စားစရာမပြည့်စုံလုံလောက်အောင် မရှိသဖြင့် မောင်သာရွှဲ၏ စိတ်တွင် ကြံဆင်ခြင်သည်မှာ "ငါသည် မယားမမဲနှင့် ဆင်းရဲစွာ ပေါင်းဖက်က တစ်သက်ပတ်လုံး ပင်ပန်း၍မဆုံးဘဲ လူလုံးမလှရှိချေတော့မည်။ နေဥစ္စာ များစွာပြည့်ဖြိုး လေးလုံးသော ရွှေအိုးနှင့် ရေရှိုး၏ ကမ်းဘေးက မညိမ်းအေး အပျိုကြီးနှင့် အပြီးတိုင် ပေါင်းရလျှင် ကောင်းကောင်းကြီး ချမ်းသာလိမ့်မည်"ဟု ကြံစည်စိတ်ထား၍ မယားကြီး မိမဲမသိအောင် ကြံဆောင်လှည့်ပတ် သွားရောက်ပြောဆိုသောအခါ မိညိမ်းအေးက ကောင်းပါပြီ ကိုသာရွှဲ၊ မမဲနှင့် ကွာခဲ့လျှင် ဥစ္စာနှင့်တကွ အပါလွှဲ၍ ကိုသာရွှဲကို ယူပါမည်ဟူသော စကားကို နောက်ရည်းစား မိညိမ်းအေးက အရေးကုန်ပြောဆိုလျှင် စိတ်မနောရွှင်ရွှင် အလျင်ပြန်သွား၍ မယားကြီးမမဲအိမ်သို့ ရောက်သောအခါ သားသမီးနှင့် မယားကြီး မျက်နှာကိုမြင်က ကြင်နာသနားသောအားဖြင့် မစားရလျှင်ရှိစေ၊ မယားငယ်နေက ကျက်သရေလည်းမကောင်း မယားကြီး မိမဲနှင့် အမြဲပေါင်းမည်ဟု အနှောင်းရည်းစား မိညိမ်းအေးအိမ်သို့ မသွားဘဲ ရှောင်ရှားငြင်းပယ်၍ နေလေ၏။

ထိုအခါ မိညိမ်းအေးက စာပေးသည်အဖုံဖုံ လူကြုံတွင်မှာလိုမှာ အခါခါ အတန်တန် မယားကြီးမမဲနှင့် ကွဲအောင်ပင် ကြံသော်လည်း နောက်ထပ်မံ၍ ငါမသွား၊ ရှေးအထက် ညားခဲ့သော မယားကြီးမမဲနှင့် မြဲတစ်သက်ပန် ဆင်းရဲခံတော့မည်ဟု ပြန်၍ရေးသားသဖြင့် ဒုက္ခမကင်း သားသမီးတသင်းနှင့် ကျဉ်းကျပ်စွာနေသတဲ့ ဒကာကြီးရဲ့။ ခုပြောတဲ့ ဥပမာတွင် ဒကာသောရွှဲသည် မိမဲဟူသော မယားကြီးနှင့် အပြီးတိုင် မပြတ်ကင်း၍ ဒုက္ခသို့ ဆင်းလျက် ရွှေတွင်းရှင် မိညိမ်းအေးနှင့် ဝေးသည်ပမာ အဝိဇ္ဇာမကုန်သဖြင့် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနဉ္ဇာဘိသင်္ခါရတို့ကို ပြုကြသည့် ဖြစ်ဟန်ကြောင့် နိဗ္ဗာန်သို့ မရောက်သာဘဲ အဝိဇ္ဇာတည်းဟူသော မိမဲနှင့်ဝေး၍ မိညိမ်းအေးတည်းဟူသော နိဗ္ဗာန်သို့ကျမှ သင်္ခါရ ဘေးကင်းလျက် အေးခြင်းသို့ရောက်မည် ဟူ၍မှတ်။

ဤဥပမာနှင့် ဆရာကြီးဦးလှိုင်းအား ပုံခိုင်း၍ ဟောပြလျှင် သဘောကျ ဖြေရှင်း၍ လွန်မင်းစွာ ဝမ်းမြောက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၁၄-"ဒကာနှင့်ဆရာ အခါခါလွဲမှားလျှင် ရေလားတတ်သည်"ကို ပုံဟပ်၍ ပောတော်မူခြင်း

တစ်ပါးသောအခါ သင်္ဂဇာဆရာတော်ဘုရားသည် နည်းဥပဒေသ ညွှန်ပြသောအား ကြွသွားဒေသစာ လှည့်လည်ရာတွင် ဟံသာနဂရ ဟံသာ၀တီ မျှတပန်းဖြေနေတော်မူစဉ် ယခင် ပုသိမ်မြို့အနီး ဆီးဖြူကုန်းရွာသူကြီး မောင်မိုးက ရှိခိုး၀ပ်တွား အသနားခံလျှောက်သည်မှာ... "အရှင်ဘုရား၊ ဘုရားတပည့်တော်တို့ရွာတွင် ဒကာနှင့်ဆရာ သည်းစွာထန်ပြင်း အခင်းဖြစ်ပွားကြသည်မှာ ဒကာမောင်လိပ်ကလည်း စိတ်၏အရ ဒေါသမောက်မို ကျောင်းပုဂ္ဂိုလ်အား ဆဲဆိုရေရွတ် အလွတ်တိုင်းထွာလျက် ဆရာဘုန်းကြီးကလည်း သည်းညည်းမခံ ခက်ထန်မာန ယမ်းပုံထဲကို မီးခဲကျသို့ တစ်ယောက်စ, တစ်ယောက်ဖြေ အချေအတင် နင်လား, ငါလား ခိုက်ရန်ပွားလျက် ကျော်ကြားမကောင်း ရှိကြကြောင်း"နှင့် ပြန်ပြောင်းလျှောက်ထားရာ ဒကာမောင်မိုး အဆိုးပေါ်တွင် အဆိုးထပ်, မှားလက်စမသတ်သည်ကို ပုံကပ်၍ပြောမည်။ သဘောကျနားထောင်။ ရှေးသောအခါ ရွာတစ်ရွာတွင် ဒကာတစ်ယောက်သည် ကျောင်းဆောက်၍ ကိုးကွယ်ရာ မိမိမှာလည်း သမီးနှင့်တကွ ကျောင်းအမပါ သုံးဖြာသော သားအဖတို့ နေကြသည့်အခါ ဆရာဘုန်းကြီးထံသို့ လှူရန်လှူဖွယ် အသွယ်သွယ်တို့နှင့် သမီးငယ်အား နေ့တိုင်းမပြတ် ဆက်ကပ်လှူဒါန်းရန် စေခိုင်းသတဲ့။ ထိုသမီးသည် ဘုန်းကြီးကျောင်းမှ ပြန်မည်ဟု ဦးချလျှင် တပည့်တော်မ ကြွပါဦးမည်ဘုရားဟု ဤစကားကို သွားတိုင်း ပြန်တိုင်း ဆိုသတတ်။ ထိုနောက်တစ်ဖန် ကျောင်းအမလာပြန်၍ တစ်ဖန် ဘုန်းကြီးက ဆီး၍ ပြောဆိုသည်မှာ ကျောင်းအမကြီး၊ သင်၏ သမီးသည် နည်းမဟုတ်, လမ်းမကျ၊ ပြန်မည်ဟုဦးချလျှင် "တပည့်တော်မ ကြွပါဦးမည်" ဆိုသည့်စကား အလွန်ပင်မှားတော့သည်၊ လားလားမျှမလျော် ဆုံးမမှတော်မည်ဟု ထုတ်ဖော်ပြောကြားလျှင် မိခင် ကျောင်းအမကြီးကလည်း "သည်သမီး အမိန့်ရှိက သည်ပုံချည့်ပဲ"ဟု မှားနေတဲ့အထဲမှာ ကဲ၍တစ်ဖန် မှားလေပြန်သတည်း။

ထိုအခါ ဆရာဘုန်းတော်ကြီးက သမီးမှား၍ အမိကိုပြောပါ ရော၍သာမှားတော့သည်။ သူ့ယောက်ျား ကျောင်းဒကာကို ပြောမှသာ သင့်မည်ဟု အခွင့်ကို မျှော်လျက် ပေါ်လာခဲသည်တကားဟု စိတ်ထားနှင့်နေစဉ် လင်ဖြစ်သူ ကျောင်းဒကာကြီးသည် ပျာရီးပျာရာ ကျောင်းသို့လာ၏။ ထိုအခါ ဘုန်းတော်ကြီးက ကျောင်း

www.burmeseclassic.com

www.burmeseclassic.com


ဒကာကြီး–ကျောင်းဒကာကြီး၏ သမီးသည် စိတ်ကြီးမာန အစွမ်းပြလျက် ပြန်မည်ဟု ဦးချလျှင် တပည့်တော်မ ကြွပါဦးမည် ဆိုသည့်စကား ငယ်သူမို့ မှားသည်ကို ဆရာကားအမှန် သည်းညည်းတော်ခံပါ၏။ နောက်တစ်ဖန် သူ့မိခင်အလာ ခြင်းရာကို ပြန်ပြောင်း၍ အကြောင်းစုံ ပြောခါမှ သမီးချောမိခင်က ရယ်ရွှင်မနော ပြုံးလျက်နှင့် ပြောသည်မှာ သမီးချော အမိန့်ရှိက သည်လိုချည်းပဲတဲ့။ အဲဒီလိုလွဲရာတွင် တစ်ဖန် ကျောင်းအမစကားက အမှားကို ထပ်ပြန်သည်ဟု ခက်ထန်ထန် အညှိုးနှင့် စိတ်ဆိုး၍ ပြောလေ၏။

ထိုအခါ ကျောင်းဒကာကြီးက သမီးက မှားရာတွင် မိခင်ပါရော၍ မှားလို့ သဘောထား သည်လောက်ရိုင်းတာကို "ကျောင်းပရိဂုဏ် တစ်ဖန်လာ၍ ခြေတော်ရာမှ မချုပါစေနှင့်ဘုရား"ဟု အမှားပေါ် အမှားထပ်ပြန်သတဲ့ မောင်မိုးရဲ့။ ခုလဲ မင်းတို့ရွာမှာ ကျောင်းဒကာနှင့် ကျောင်းမအကြီး ၎င်းတို့ သမီးလို နောက်ထပ်ပြီး မလွဲမမှားကြနှင့် ငရဲလားတတ်သည်ဟု တရားပြ၍ ဆုံးမလျှင် ဆီးဖြူကုန်းရွာသူကြီးသည် တစ်ခါတည်း သဘောကျ၍ ဟောပြသော စကားအဆုံးတွင် ပြုံး၍နေရဖူးလေသတည်း။

---

## ၁၅–မိန့်ဆိုရန်အချက်ပေါ်သဖြင့် "ငှက်တော်"နှင့် ပမာထား၍ ဒကာအား ဟောတော်မူပုံ

တစ်ရံရောအခါ အဂ္ဂမဟာပဏ္ဍိတ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု သွန်းပြုခတ်နှိပ် တံဆိပ်လည္ဂုဏ်ထူးရှိတော်မူသော သင်္ဂဇာဆရာတော်ဘုရားသည် ကမ္ဘည်းမချို့ ပုသိမ်မြို့သို့ ခွန်ပို့ဆက်သွင်း နယ်မကင်းသော ဆီးပင်ကွင်းရွာနေ ဒါယကာ အများတို့ လျှောက်ထားသည်အရ ခေတ္တ သီတင်းသုံးတော်မူသည့်အခိုက် ၎င်းရွာ၌ နေသူ မောင်မဲတူက ရှေးရှုဝပ်တွား၍ လျှောက်ထား ပန်ဆင်သည်မှာ "အရှင်ဘုရား အုတ်ဖိုရွာကျောင်း၌ ကိန်းအောင်း သီတင်းသုံးတော်မူသော ဦးဥက္ကံသ ပုဂ္ဂိုလ်ကျော်ကို ဆရာတော်ဟူသော ဝေါဟာရဖြင့် ပြောကြခေါ်ကြပါသည်။ အင်း၀, အမရပူရ စသည်များဖြင် ဘုရင်မင်းမြတ် သမုနတ်တို့ လှူကပ်သော တံဆိပ်ကို အတိတ်က ရဖူး၍ အထူးခေါ်ဝေါ်ကြပါသလားဘုရား"ဟု လျှောက်ထားပန်ဆင်လေ၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒကာ မောင်မဲတူ၊ မင်းတို့ တောတွင်းရွာ၌ တောလိုက်ဘာသာအားဖြင့် စပါးစိုက်ကြ လုပ်ကိုင်ကြ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ကျွဲများကို ရံဖန်ရံခါ ကျောင်းဖူးပါ၏လောဟု မေးတော်မူလျှင် တောင်သူတောသား လယ်သမားဖြစ်၍ ကျွဲများကို ကျောင်းဖူးပါ၏ဘုရားဟု လျှောက်ထားကြသည်။

ထိုအခါ ဆရာတော်က အမိန့်ရှိသည်မှာ... ကောင်းပြီ ကျောင်းဖူးလို့ရှိလျှင် ကျွဲတို့၏ကိုယ် ဦးခေါင်းချိုများ၌ နားတတ်သော ငှက်ငယ် မြီးတံသွယ်ကို အဘယ်ငှက်ဟု ခေါ်စမှတ်ပြုကြသနည်းဟု မေးတော်မူ၏။ ထိုအခါ ဒါယကာမောင်မဲတူက မှန်လှပါ ထိုငှက်ကို ခေါ်သည်မှာ "ငှက်တော်" ဖြစ်ကြောင်းပါဘုရားဟု လျှောက်ထားပြန်ရာ ဒကာမောင်မဲတူ မည်သူမည်ဝါ သညာမကင်း မည်သည့်မင်းက အပ်နှင်းသည့် တံဆိပ်ကို အတိတ်က ရခဲ့ဖူး၍ ကျူးကျူးကျော်ကျော် တိရစ္ဆာန် ထိုငှက်ကို တော်ဘက်သို့ သွတ်သွင်း၍ ခေါ်ဝေါ်ကြခြင်း ပြုပါသနည်းဟု မေးတော်မူလျှင် အရှင်ဘုရား ထိုသတ္တဝါ, ထိုငှက်ငယ်သည် ဘယ်လက်ထက် ဘယ်မင်းကမှ အပ်နှင်းသည့် တံဆိပ်မရှိပါ၊ သူသူငါငါ သညာဖွဲ့နှုန်း အများသုံးသဖြင့် အားလုံးက ခေါ်ခြင်းကြောင့် ငှက်တော်လို့ တွင်ပါသည်ဘုရားဟု လျှောက်ထားလေ၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ "ဒါယကာ မောင်မဲတူ လူ့ဇာတ်မဟုတ် ထိုအောက်ယုတ်သော အဟိတ်တိရစ္ဆာန် ငှက်ငယ်ကိုပင် မျက်မြင်ဒိဋ္ဌ သူကငါက ခေါ်ဝေါ်၍ "ငှက်တော်"ဟု တွင်သည်ကို ထောက်စာလျှင် အုတ်ဖိုဆရာ ဦးဥက္ကံသမှာမူ ဘယ်မင်းမှ ကြည်ဖြူ၍ ကပ်လှူအပ်သောတံဆိပ် မရမရှိသော်လည်း ဆရာတော်ဟု ခေါ်ဝေါ်ခြင်းငှာ မထိုက်ဘဲရှိချေအံ့နည်း၊ ခေါ် လိုသောဆန္ဒနှင့် အများမှည့်ခေါ်လျှင် ဆရာတော် ခေါ်တာပဲ ဒကာရယ်"ဟု မိန့်လျှင် နှစ်သိမ့်၍ အများပြုံးပြီးလျှင် အားလုံးရယ်မောကြကုန်သတည်း။

---

## ၁၆–"သက်သေခံ လက်ငင်းမအပ်နိုင်၍ မျက်စဉ်းခတ်ခံရသည်" ဟူသော ဥပမာဖြင့် ဒါယကာမောင်လှအား ဆောင်ပြ၍ မိန့်တော်မူခြင်း

မန္တလေး ရတနာပုံ ဓေယျုံမန်းချက် နန်းကနက်၌ ဖြန့်ကြက်ပစ္စူ ထီးဖြူမိုးဖြန့် တန်ခိုးကွန့်သော ပဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ဆရာ သ္မမ္မာအဝင် သင်္ဂဇာဆရာတော်ဘုရားကြီးသည် ဘီးလင်းမြို့သို့ ကြွတော်မူသော

www.burmeseclassic.com



အခါ သာသနာအရှိန် မမှေးမှိန်သဖြင့် လေးကြိမ်ပစ္စယ ထောက်ကူမလျက် ကပ္ပရက္ခ ပဒေသာ များစွာတင့်ဆန်း ထိုရဟန်းတို့အား လှူဒါန်းဖြင်ပည်း သဘင်ကြီးဖြင့် ခြိမ်းဟည်းဆူပြာ အားထုတ်ကြရာတွင် ဒေသနာခမ္မစက် ဟောမြွက်ငြိမ့်လေး နည်းကောင်းပေး၍ တိုက်ကျွေးတော်မူစဉ်အတွင်း ဘီးလင်းမြို့ အဝင်အပါ ကျေး လက်ရွာက ဒါယကာမောင်အောင်လှသည် ဝပ်တွားခစား၍ လျှောက်ထား ပန်ဆင် သည်မှာ "အရှင်ဘုရား တပည့်တော်များ ရပ်ရွာ၌ ဆရာဘုန်းတော်ကြီး တစ်ပါး ကိုးကွယ်၍ထားသည်မှာ မယားနှင့် ပေါင်းသင်းနေထိုင်သည့် အခင်းကို လက်ငင်း တွေ့ရှိ တပည့်တော်သိသည်နှင့် စွပ်စွဲမိပါ၏။ ဒါပေမယ့် သက်သေကို မပြနိုင် အမှုက မပိုင်သောကြောင့် မနိုင်မမာ အမှုရှာသည်ဟု ရွာနှင့်တကွ ကြဉ်ရမည် ခြိမ်းခြောက်၍ သပိတ်မှောက် အပြစ်ဒဏ်ကို ခံနေရပါသည်ဘုရား"ဟု လျှောက် ထားပန်ဆင်လေ၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ "ဒါယကာ မောင် အောင်လှ...၊ မင်း ယခု လျှောက်သည်မှာ ဘယ်သူ့မှ မတိုင်မကြား၊ သူတစ်ပါး ကိုလည်း ခေါ်၍မပြ၊ ဥပမာပုံဆလျှင် 'သာဓကေ လက်ငင်းမအပ်နိုင်၍' မျက်စဉ်း ခတ်ခံရသော ကျောင်းဒကာနှင့် ဥပမာတူနေပါပေါ့ကိုး"ဟု အမိန့်ရှိတော်မူသည်။

ထိုအခါ ဥပမာနည်းလမ်းကို ဆုံးခန်းရောက် ဟောတော်မူပါဘုရားဟု လျှောက်ထားသည်နှင့် အခွင့်အားလျော်စွာ ဟောသည်မှာကား... ဒါယကာ မောင်အောင်လှ ရှေးက ရွာတစ်ရွာမှာ ကျောင်းဒကာတစ်ယောက်သည် ကျောင်း ဆောက် ကိုးကွယ်ရာ အခါတစ်ပါး အများသော သံဃာ ကျောင်းမှာရှိသ,မျှ သံဃဒါနဆွမ်း လှူဒါန်းဆက်ကပ်လိုပါ၍ နံနက်အခါ ဆရာဘုန်းတော်ကြီးနှင့် တကွ ကြွတော်မူပါမည့်အကြောင်းကို ခွင့်တောင်းလျှောက်ထား အသနားခံလွှာ နှင့် ပင့်ပြီးလျှင် အိမ်တွင် လုပ်ရန် ကိုင်ရန် အတန်တန်ကိစ္စကို စေ့ငှအောင် ဆောင်ရွက် နံနက်အရုဏ်ကျင်း၍ အလင်းသို့ရောက်လျှင် သံဃာတော်အပေါင်း တို့အား ဆွမ်းလောင်းဆက်ကပ်လှူဒါန်း၏။

ထိုအခါ ကျောင်းထိုင်ဘုန်းကြီး မပါသောကြောင့် ကျောင်းဒကာကြီးသည် သုတ်သီးသုတ်ပြာ ငါတို့ဆရာ မကျန်းမမာ၍ မကြွလေသလားဟု လျင်လျားမနေး ကျောင်းသို့ပြေး၍ မေးမြန်းလိုက်ရာရာ ယုတ်မာ ညစ်ညမ်း ကျောင်းခန်းအတွင်း လက်ငင်းကြည့်ရှု မြင်ရသည့်အမှုမှာ ကြက်ဥကို ကြော်ပြီးလျှင် ကိုယ်တော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ယောင်းမနှင့် ပြောင်းထအောင် မွှေတုန်းကို ဖြုံးခနဲမိ ကျင့်ဟန်ကိုကြည့်ပြီးလျှင် မသိချင်ယောင် သဏ္ဌာန်ဆောင်၍ ရှောင်တခင်အမြန် အိမ်သို့ ပြန်ပြီးလျှင် ညံ့တသောသော ကျောင်းအမကို ပြောသည်မှာ၊ ဟော…ကျောင်းအမဘုန်းကြီး ထိုင်၍သာ ညည်းချင်တော့ ဝိနည်းကိုမရှု ပြုချင်တိုင်းပြုသည်မှာ ကြက်ဥကို ကြော်၍ စားသည့်အမှု တော်မည်လားဟု အော်ကြားကာဖြစ်သမျှကို ဖွင့်ဟပြောဆိုလေ၏။

ထိုအခါ ကျောင်းအမ စိတ်ကူးက ပယောဂယှဉ်ပူး၍ ရူးလေသည်တကားဟု အားပါးရှိ ဟစ်အော်လျက် ကယ်တော်မူပါ, ဝိုင်းကြပါ, ကူကြပါ, ဆေးကိုသွင်း၍ မျက်စဉ်းများ ခတ်ကြပါဟု မြည်တမ်းသောအခါ ရပ်ရွာအားလုံး အုံးအုံးကြွက်ကြွက် သူ့ထက်ငါ ပြေးလာကြလျှင် ကျောင်းဒကာက ကြံသည်မှာ ခုဖြစ်ဟန်အမှု ကြက်ဥကို ကြော်စားတာ သူတစ်ပါးမသိ သက်သေလည်း မရှိသဖြင့် သူတို့၏ မျက်စဉ်းနှင့် နင်း၍ ကြပ်ကြပ် ငါ့ကိုခတ်က စပ်တော့မည်မှုချဟု ဒုက္ခမှ လွတ်ကင်းအောင် ကြံဆောင်၍ထ ထိုကာလမှ ပယောဂထွက်ပြီဟု စိတ်လက်ချလျက် ပြန်လေကုန်၏။ ရပ်သူရွာသား ပြန်၍သွားသော် လင်မယားနှစ်ယောက်ချည်း နေသည့်အခါ ကျောင်းဒကာက ငါကိုယ်တိုင် တွေ့ခဲ့ရသည် သေရစေ ကျောင်းအမ ကြက်ဥကို ကြော်၍စားသည်ကို ထင်ရှားစွာမြင်ရသည်။ ရပ်ရွာက လူအများ ကြား၍ မလျော် ပုံမတော်သောကြောင့်သာ မာယာပရိယာယ် လည်ဆယ်၍ လုပ်ရသည်။ ကျုပ်ပြောတာအမှန်ဟု နောက်တစ်ဖန် တိုးတိုးဖြင့် ယုံလိမ့်နိုး ပြောပြန်လေ၏။

ထိုအခါ ကျောင်းအမက လာကြပါ, လာကြပါ, တစ်နေ့က ဝေဒနာသည် ကျောင်းဒကာ၌ ဖြစ်ပြန်ပြီဟု ဟစ်ညံကြွေးကြော် အားလုံးကို ခေါ်သဖြင့် သင့်လျော်သည့် မျက်စဉ်းနှင့် အကျဉ်းအကျပ် အတင်းခတ်က စပ်စပ်နှင့် အောင့်ရရှာသတဲ့ ကျောင်းဒကာ။ သူ့ဖြစ်ဟန် သက်သေကို လက်ငင်းမအပ်နိုင်၍ မျက်စဉ်းခတ်ခံရသတဲ့၊ မင်းမှာလည်း ထို့အတူ မြင်သူလည်းမရှိ တစ်ယောက်တည်းသာ သိသဖြင့် ဘုန်းကြီး၏ စိတ်အလျောက်ဖြင့် သပိတ်မှောက်ခံရလေသည်ဟု အမိန့်ရှိလျှင် များဖြင်ဒါယကာ လူများစွာတို့သည် အလွန်တရာ ရယ်မော၍ တသောသော ဆူလေသတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၇–"ခွေးပြောသည့်စကားအလိုက်ကို ကျားမိုက်ကယုံသည်" ဟူသော ဥပမာဖြင့် ဒါယကာ ဦးပန်းအား ထူးဆန်းစွာ ဟောတော်မူခြင်း

အခါတစ်ပါးသော် သင်္ဂဇာဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ဒေသ၌ ဆည်းကပ်ကြသူ ရှင်လူများစွာ ဒါယကာတို့အား တရားဟောပြ ဆုံးမတော်မူသည်အခိုက် ကိုင်းတန်းရပ်နေ ဒါယကာဦးပန်းက လှူဒါန်းသည့် ဒါနမှာ ဝိဝါဒဖြစ်ပွား၍ လျှောက်ထားပန်ဆင်သည်မှာ... အရှင်ဘုရား တပည့်တော်များမှာ သောက်တော်ရေချမ်း, ဆွမ်း, ပန်း, ဆီမီး, ထီး, တံခွန်, ကုက္ကား, မုလေးပွား, ကြက်လျှာ စသည်တို့ကို လှူဒါန်းရာ တချို့က ဆိုသည်မှာ– "ကုသိုလ်မရ ကြွက်လမ်းပြ, ကျီးစာ"ဟု ဆရာအချို့များ ပြောကြားသည့်စကားကို ထင်ရှားသရုပ် ဟုတ်,မဟုတ်ကို လုစ်ထုတ်ဟောကြားတော်မူပါဘုရား"ဟု လျှောက်ထားရာတွင် ဆရာတော်ဘုရားကြီးသည် ဤသို့ မိန့်တော်မူ၏။

အင်း...ဒါယကာ လျှောက်ထားသောအရာသည် အခါရှည်ဝေး လွန်လေရှေးက "ခွေးလင်မယား၊ ကျားနှင့်ကားမျောက်၊ ဥပမာရောက်ပြီ"ဟု ကောက်တဲ့၍ မိန့်တော်မူသည်။

ထိုအခါ ဒါယကာဦးပန်းက မှန်လှပါ အခါရှည်ဝေး လွန်လေရှေးက ခွေးလင်မယား ကျား, မျောက်ဥပမာ ဤအရာကို သိသာခြားနားအောင် မိန့်ကြားတော်ကြပါဟု လျှောက်ထားရာ၊ ဒါယကာ မောင်ပန်း...အခါတစ်ပါး ခွေးလင်မယားတို့သည် တိရစ္ဆာန်တို့ဘာဝ နေထိုင်ကြသည်တွင် လင်ဖြစ်သော ခွေးက ဝမ်းရေးအလို့ငှာ အစာရှာသွားမည်ရှိရာ အရင့်အမာ ပဋိသန္ဓေတည်နေရင့်လှ မယားဖြစ်သူ ခွေးမက လိုက်ပါရစေဟု ဆိုလေသည်တွင် လင်နှင့်တကွ ထွက်လေကြသော် အတော် သွားမိလျှင် ကျားနေသည့် ဂူတွင်းသို့ ပက်ပင်းပါ ရောက်ကြလေကုန်၏။

ထိုအခါ ဝမ်းတွင်းလွယ်ငြား ကိုယ်ဝန်သားကို ဖွားမည်ဆိုသော် ဤတွင်းနှင့် လျော်သောကြောင့် ခေါ်ရာသို့ မလိုက်နိုင်ကြောင်းနှင့် ခွေးမက ပြောသောအခါ ဤနေရာကား ကျား၏နေအိမ် သူတွေ့ကြိမ်က ဇီဝိန်အသက် ယွင်းပျက်မည်ကေန် အမှန်စင်းစင်း သို့ဖြစ်ခြင်းကြောင့် ဤတွင်းမှ အဝေးသွား၍ မွေးဖွားပါပြောသော်လည်း သဘောမရ နေရာကမထဘဲ ဌာနမြေကျင်း ကျားဂူတွင်းသို့ ဝင်၍ အလျှင် မွေးဖွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လင်ဖြစ်သူ ခွေးထီးက နည်းပေးသောအား အချက်ထားသည်မှာ ဟဲ့ရှင်မ ငါကိုက်သည့် ကျားသား ကုန်ပြီလားဟု ငါကား မေးလျှင်၊ သင်ကိုက်သည့် ကျားသား ကလေးတွေစားသောကြောင့် ကုန်သွားလေပြီ ပြောလော့ဟု စောစောက မှာထား၍ သတိတရားနှင့် နေကြလေ၏။ ထိုအခါ ကျားသည် တွင်းနားသို့ လာသည်ကို မြင်သဖြင့် လင်ဖြစ်သူ ခွေးထီးက ဆီး၍မနေး ခွေးမကို မေးသည်မှာ ဟဲ့ ခွေးမ တစ်နေ့က အပ်လိုက်သည့် ငါကိုက်သည့်ကျားသား ကုန်ပြီလားဟု ဝါကြွား၍ မေးလျှင် "ယခင်နည်းပေး မှာထားသည့်အရေးကြောင့် ကလေးတွေ စားသောကြောင့် ကျားသားကုန်ပြီ"ဟု အော်မြည်ပြောဆိုလေ၏။

## မျောက်က အကြံပေးပုံ

ထိုအခါ ကျားက စဉ်းစားသည်မှာ ဩော်... ငါနေသော ဂူတွင်း၌ဆင်း၍နေသော ခွေးသည် သာမညခွေးမဟုတ်၊ မဆုတ်မရှား ကျားအသားကို စား၍နေသည် မှန်ရလေပြီဟု မတည်မတံ့ ထိတ်ကာလန့်၍ မခံမခိုင် မနေနိုင်ဘဲ အားကုန်ခဲ၍ မြိုင်ထဲသို့ ပြေးလေသော် မျောက်မိတ်ဆွေတစ်ဦးနှင့် စမ်းအကူး တွေ့ရာတွင် ဆွေးမြေ့တုန်ဖို ကျားက ဆိုသည်မှာ အို... မိတ်ဆွေ မျောက်... ကျွန်ုပ်၏ ဂူပေါက် တွင် ကြောက်စရာအရေး ကျားသားစား ခွေးတို့၏ အသက်ဘေးအန္တ ရာယ်ကြောင့် အမြန်တကယ် ပြေးခဲ့ရသည်ဟု ပြောလေ၏။ ထိုအခါ မျောက်က အံ့လောက် သည့်ကျား မသင့်သောစကားကို ငါ့အား သင်ပြောသည်ကား အမှားကေန် စင်စစ်မှန်၏။ တစ်ရံတစ်ခါမျှ ခွေးများက ကျားသားကို မစားနိုင် ကျားကသာ စားနိုင်၏။ မဆိုင်သည်ကို မပြောနှင့် ခုအဆောမနေးသွား၍ ခွေးသားကို စားချေဟု ဆိုလေ၏။

## အမြီးချင်းချည်၍ သွားကြစို့

ယင်းသို့ မျောက်က နည်းလမ်းပြသော်လည်း ကျားက မသွားဝံ့ ရွံ့သည့်အတွက် စိတ်ပျက်၍ မှိုင်လျက် နေလေသော် အဖော်ဖြစ်သော မျောက်က မကြောက်ထိုက် သော ခွေးကို အရေးမလုပ်နှင့် ကျွန်ုပ်ပါ လိုက်မည်ဟု ပြောသောအခါ ကျားက ပြောဆိုသည်မှာ အဆွေမျောက် နှစ်ဦးအတူ ပူစရာမရှိကြရအောင် သင်၏ အမြီး နှင့် ကျွန်ုပ်၏ အမြီးကို ပေါင်းစည်းချည်နှောင်၍ သွားရမှ ကျွန်ုပ် ရဲဝံ့မည်ဟု ပြောဆိုလေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျားနှင့် မျောက် သဘောတူကြသဖြင့် အမြီးနှစ်ခု ပေါင်းစုချည်နှောင်ကြပြီးလျှင် ယခင် ခွေးထံသို့ အမြန်ပြန်သွား၍ အပါးသို့ရောက်လာသည်ကို ခွေးလိမ္မာမြင်၍ ဆင်ခြင်တွေးဆသည်မှာ ဪ...ငါပြောသည့် စကားနှင့်ကျားထွက်၍ ပြေးသည်ကို အားပေးအားမြှောက် မျောက်က ကူညီပြုသည့်အတွက်အားတက်၍ တစ်ဖန်လာပြန်သည့်အရေးကို ပြေးအောင်ပြုမှ သင့်လျော်မည်ဟုကြံစည်မနေး ခွေးက လိမ်လည်ခြောက်ပြန်သည်မှာ...

## အကြံပေးသူမျောက် သေပြီ

အဆွေမျောက် တစ်နေ့က ငါ့ထံသို့ သင်ရောက်၍ ကိုးတောင်လောက်ကြီးသော ကျားကို ချေးငှား၍ သင်ယူသည်။ ခုမှုတပ်အပ် အချေးဆပ်လာသော ကျားကောင်သည် ငါးတောင်သာ ရှိချေသဖြင့် ကျေအေးနိုင်ဖွယ်မရှိဟု ခွေးက ဝါကြွားပြောဆို၏။ ထိုအခါ ကျား၏စိတ်တွင် ဆင်ခြင်စဉ်းစားသည်မှာ ငါသည် အဖော်မျောက်ကို ကိုးစား၍ နားဝယ်စိုက်စိုက် ခေါ်ရာသို့ လိုက်ခဲ့သည်။ မျောက်မိုက်မတရား လိမ်လည်လှည့်ဖြား၍ ငါ့အားသူ့ကို အချေးဆပ်ဖို့ လှည့်ပတ်ခေါ်ခဲ့သည်တကားဟု ကြောက်အားပြင်းထန် အမြန်လွှားခုန် တောချုံသစ်ပုတ် ခလုတ်ဆူးငြောင့် တိုးဆောင့်မနေး ကျားထွက်၍ပြေးလျှင် အားပေးသောမျောက် အသက်ပျောက်၍ မြိုင်အောက်တွင် ဆုံးရှုံးရသတဲ့။

အဲ...ဤထုံးပုံကို ထောက်ထားလျှင် ဒကာလျှောက်ကြားသောခုစကား အမေးသဘောမှာ "ခွေးပြောသည့်စကားကို ကျားမိုက်ကယုံ" ဥပမာပုံကဲ့သို့ အလုံးစုံအခင်းသွားသည်ကို စဉ်းစားက သိလိမ့်မည်ဟု မိန့်တော်မူလျှင် ယခင် လျှောက်ထားသူ ဦးပန်းသည် ထူးဆန်းလှပါပေသည်ဘုရားဟု အားရနှစ်သက်ခြင်း ဖြစ်လေသတည်း။

---

## ၁၈–"လှေသူကြီး လှေပျက်ရာ ရွှေမက်၍ ဘူးသီးမေ့သည်" ဆိုသော ဥပမာဖြင့် ဆရာဦးရွှေသာကို သေချာစွာ ဟောတော်မူခြင်း

အခါတစ်ပါး သင်္ဂဇာ ဆရာတော်ဘုရားသည် ရန်ကုန်မြို့ လမ်းမတော်အရပ်၌ ရုပ်ဓာတ်, ခန္ဓာ, အာယတန– တရားများကို လက္ခဏာရေးသုံးပါးတင်၍ ဆင်ခြင်အားထုတ်သူတို့သည် လူ, နတ်, နိဗ္ဗာန်–သုံးတန်သော ချမ်းသာတရား

www.burmeseclassic.com

www.burmeseclassic.com



များကို ခံစားရမည်, မခံစားရမည်ကို အတည်သိလိုသော နည်းဖြင့် ဆရာကြီး ဦးရွှေသာ လျှောက်ထားချက်အရ၊ လေ့သူကြီးနှင့် ဘူးသီးကို ပမာဆ၍ ဟောပြတော်မူသည်မှာ... ဒါယကာကြီး ငါတို့ အထက်ကျေးရွာ အညာချင်းတွင်းမြစ်မှာ "ကျောက်မော်ရွာက လေ့သူကြီး ရေကူးတော့ ဘူးသီးမေ့" ဆိုတာလို ဖြစ်တတ်သည် ကြပ်ကြပ်သတိထားဟု အမိန့်ရှိတော်မူ၏။

ထိုအခါ ဆရာကြီး ဦးရွှေသာက ဥပမာ ဥပမေယျကို နေရာတကျ သဘောထားရအောင် ဟောကြားတော်မူပါဘုရားဟု လျှောက်ထား တောင်းပန်ရာ ကျောက်မော်ရွာက မောင်ပိန်ဆိုသော လေ့သူကြီးသည် မိမိကလည်း ရေကူးမတတ်၊ အကျဉ်းအကျပ်ဖြစ်၍ လေ့ပျက်လျှင် အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ရန် အလို့ငှာ ဘူးသီးကြီးတစ်လုံးကို ရှာ၍ အဆာအစေ့တို့ကို ထုတ်ထွင်ပြီးလျှင် ပဲ့စင်၌ ချိတ်ထား၍ မနေမနား ခဏခဏ သုံးသပ်သတဲ့။ တစ်နေ့သ၌ လေပြင်းမုန်တိုင်း ရေလှိုင်းရိုက်ပုတ် ကျောက်ခလုတ် ကျောက်ဆောင်နှင့် မရှောင်နိုင်ချိန်ပြီးလျှင် တစ်ရှိန်တည်း သွားသဖြင့် များမကြာခင် လေ့ပျက်မည့်အကြောင်းကို ကောင်းစွာ သိရှိသဖြင့် မိမိ၏ အသက်သခင်ဟု တက်မစင်၌ ချိတ်ထားသော ဘူးသီးကြီးကို အမှတ်မရ၊ လေ့တွင်းက ငွေသေတ္တာကို တဏှာခင်မင် လောဘဇောဝင်သောကြောင့် ပြေးဝင်၍ ယူတုန်းကို ဖြုံးခနဲ လေ့ပျက်သဖြင့် အသက်ဆုံးရှုံးရသတဲ့ ဒကာကြီး။

အဲ... ထိုနည်းတူစွာ ဒကာကြီးတို့မှာလည်း စွဲမြဲသည့်လက္ခဏာ ဝိပဿနာကို အာရုံပြု၍ စုတိစိတ်ကျခဲ့မူ စင်ဖြူသော အာရုံကြောင့် လူ့ဘုံ, နတ်ဘုံ, နိဗ္ဗာန်တို့နှင့် တွေ့ကြုံခံစားရလျှင် အကျိုးများစွာ ရှိပေလိမ့်မည်။ သို့မဟုတ်မူ၍ စည်းစိမ်ဥစ္စာ, ရတနာရွှေငွေ, ဆန်ရေစပါး ကျွဲနွားဆင်မြင်း, သင်းပင်းအများ, သားမယားတို့ကို သနားစုံမက် နှစ်သက်သောအဟုန် ကာမဂုဏ်စိတ်ဇောနှင့် "အယောနိသော မနသိကာရ"ဖြင့် အာရုံပြု၍ စုတိများ ကျခဲ့မူ ရွှေငွေကို ခင်မင်၍ လေ့ပျက်သော လေ့သူကြီးသည် ဘူးသီးကို အမှတ်မရသဖြင့် နဿနစမ္မော နဿတိ။ ပါဠိ၏ အဓိပ္ပာယ်နှင့် ရေလယ်တွင် မျောသလို သံယောဇဉ် ငြိကပ်က အပါယ်သို့ ကျတတ်သည် ဒကာကြီး။ ထိုကြောင့် မြတ်စွာဘုရားသည်—

ယေန လောဘေန လုဒ္ဓါသေ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။
တံ လောဘံ သမ္မာ အညာယ၊ ပဇဟန္တိ ဝိပဿိနော။

ဟု ဟောကြားမြွက်ဟ ဆုံးမတော်မူခဲ့ပေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယေန လောဘေန၊ အကြင် လောဘကြောင့်။ လုဒ္ဓါသေ၊ ငါ့သမီး, ငါ့သား, ငါ့မယားနှင့် ငါ့အားရောက်လာ စားသောက်ရာဟု များစွာတပ်မက်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဒုဂ္ဂတိံ၊ မကောင်းသောသူတို့၏ လားရာ ပါယ်လေးရွာသို့။ ဂစ္ဆန္တိ၊ သွားရောက်ကြကုန်၏။ တံလောဘံ၊ ထိုလောဘတရားကိုယ်ကြီးကို။ သမ္မာ၊ ကောင်းစွာ။ အညာယ၊ သိ၍။ ဝိပဿိနော၊ ရုပ်, နာမ်, ခန္ဓာ မမြဲရာသည် အကာအတိ နှစ်မရှိဟု အသိဉာဏ်ယှဉ် ဝိပဿနာတင်၍ ရှုဆင်ခြင်ကုန်သော ပုဂ္ဂိုလ်တို့သည်။ တံ လောဘံ၊ ထိုလောဘတရားကိုယ်ကြီးကို။ ပဇဟန္တိ၊ မကျန် ကွင်းကျွတ် စိတ်မညွတ်ဘဲ လွတ်လွတ်ကြီး စွန့်တော်မူကြကုန်၏။

ဤကဲ့သို့ မြတ်စွာဘုရား ဟောကြားတော်မူသည်များကို ထောက်ထား၍ လောဘတရားကို ပယ်ရှားစွန့်ပစ်နိုင်အောင် ကြံဆောင် အားထုတ်ကြရမည်။ ဤကဲ့သို့ ဟောတော်မူသောအခါ ဆေးဆရာကြီး ဦးရွှေသာသည် များစွာနှစ်သက်လေသတည်း။

---

## ၁၉ "ယခုအခါ ဟိတ်တန်ခိုးနည်း၍ ပရိတ်အိုးထဲမှာ ရေမပွက်သည်" ဟူသောစကားကို ထင်ရှားစွာ ဖြေတော်မူပုံ

အခါတစ်ပါး မန္တလေးရတနာပုံ ဗေယျံမင်္ဂလာ နန်းဌာနကို အစလက်မွန် တည်ထောင် ဖန်ဆင်းတော်မူသော ပဋ္ဌမ သင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး သည် တစ်ကိုယ်တည်း အကြံဖြစ်တော်မူသည်မှာ ရာဇဂြိုဟ်ပြည်, ဝေသာလီပြည်, ပါဋလိပုတ်–စိုးအုပ် ပိုင်မြန်းတော်မူကြကုန်သော အဇာတသတ်မင်း, ကာလာသော ကမင်း, သီရိဓမ္မာသောကမင်း စသော ရှေးရှေးသော ဘေးလောင်းတော် ဘိုးလောင်း တော်တို့ လက်ထက်အခါက အာဏာတော် ပရိတ်မြတ်ကို ရွတ်ဖတ်တော်မူကြ သောအခါ ရဟန္တာအရှင်မြတ်တို့ တန်ခိုးကြောင့် ပရိတ်အိုးများ ပွက်ကြောင်းနှင့် ကျမ်းဟောင်းရွေစာ လာရှိကြောင်းများကို ကြားသိမှတ်နာရဖူးပါသည်။ ယခု ငါတို့၏ လက်ထက်မှာ မြတ်စွာဘုရား၏ ဒေသနာ အာဏာတော် ဓမ္မစက်ဖြစ်သော ပရိတ်မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပါလျက် ဆူပွက်သည်ဟူ၍ မကြား ဖူး။ ဤကဲ့သို့ အကြောင်းထူးများကို လျှောက်ထားဦးမှ သင့်မည်ဟု နှလုံးပိုက်၍ ကျောင်းတိုက်ရှိသမျှ လေးပြင် လေးဌာန တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး

www.burmeseclassic.com


များကို ပင့်လျက် သင့်တင့်ဖွယ်ရာ ရသာဘောဇဉ် ရှိုချဉ်ဉသုံ အလုံးစုံအရပ်ရပ် တို့ဖြင့် ဆက်ကပ် လှူဒါန်းပြီးသောကာလ ရေနှင့်တကွသော ပရိတ်အိုး, ပရိတ် ပန်းများကို ပြင်ဆင်၍ ဘုရင်မင်းမြတ်နှင့်တကွ များစွာသော မိဖုရား, မောင်မ မိဿံ အခြွေအရံ, မှူးမတ်တို့ပါ ပရိတ်တော်ဒေသနာကို ကောင်းစွာ နာကြကုန် သတည်း။

## သမာဓိကောင်းသော ပရိတ်အိုးများ

ထိုအခါ ပရိတ်တော်ကို ရွတ်ဖတ်၍ ဆရာတော်အရှင်မြတ် အားလုံးတို့ ပြီး ဆုံးသောကာလ သာသနာ့ဒါယကာ မင်းတရားက လျှောက်ထားတော်မူသည်မှာ အရှင်ဘုရားတို့ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် အနှစ် နှစ်ရာ တစ်ဆယ့်ရှစ်နှစ်မြောက်သောအခါ ဘေးလောင်းတော် သီရိဓမ္မာသောက မင်းတရား ကြီး ရှေလက်ထက်တော်မှာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ အမှူးရှိသော ရဟန္တာ အရှင်မြတ်တို့သည် ပရိတ်တော် နှုတ်ခပါဠ်ကို ရွတ်ဖတ်တော်မူသောအခါ အံ့ဖွယ် ရာအချက် ပရိတ်အိုးပွက်သည်ဟု ရှေးအထက်စကားများကို မှတ်သားနာယူရဖူး ပါသည်။ ယခု ဆရာတော်တို့ ပရိတ်အိုးများ ကြည့်လိုက်တော့ သမာဓိရချက် ကောင်းလှပါတကားဟု လျှောက်ထားလေ၏။

## သီရိဓမ္မာသောကမင်း အစွမ်းထက်ပုံ

ထိုအခါ ဆရာတော် အားလုံးတို့သည် ပြုံး၍နေတော်မူကြလျှင် သင်္ဂဇာ ဆရာတော်ဘုရားကြီးက ဖြေကြားတော်မူသည်မှာ "ဒကာတော် သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ်၊ ဘေးလောင်းတော် သီရိဓမ္မာသောကမင်းကြီးသည် ခမည်း တော် ဗိန္ဒုသာရမင်းကြီး နတ်ရွာလားလျှင် သားတော်အကြီးဆုံးဖြစ်သော နောင် တော်သုမန အမျိုး ကိုးကျိပ်ကိုးတို့ကို သတ်၍ နန်းရပ်ထီးဖြူ သိမ်းယူသဖြင့် ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းအတွင်း အမင်းမင်းတို့ကို သိမ်းကျုံး၍ မင်းဆုံး ကေရာဇ် တစ်ယောက်တည်းဖြစ်သဖြင့် အစ္ဆရိယဓမ္မ အဗ္ဘုတသဘော အံ့ဖွယ်ရာ အကြောင်းကား... အထက်ကောင်းကင်သို့ တစ်ယူဇနာ, အောက်–မဟာပထဝီ မြေအတွင်းသို့ တစ်ယူဇနာ အာဏာတန်ခိုး လွှမ်းမိုးသောအား လူသား မဆိုထား နှင့် ကျေးသားတိရစ္ဆာန်တို့ကပင် ဆဒ္ဒန်အိုင်၌ရှိသော သလေးစပါးတို့ကို နှုတ်သီး ဖျားဖြင့် ချီကိုက်လျက် နန်းတော်၌ ဆက်သရခြင်း, သုံးပတ် ဆယ့်နှစ်ရစ်ပတ်

www.burmeseclassic.com

www.burmeseclassic.com



ခွေ၍ နောဒတ်ရေကို ပုံသေနတ်တို့ ခပ်ပို့ဆက်သရခြင်း၊ နဂါးဟူသမျှ ဘုဇဂ တို့ကို ခဏချက်ချင်း ခြေတော်ရင်းသို့ ဝပ်စင်းရောက်စေ မိန့်တော်ချွေက မနေနိုင်ဘဲ အမြဲမုချ ရောက်လာရခြင်း၊ ယင်းသို့သော အကြောင်းများကို ဒကာတော် မင်းတရားသည် ကြားဖူး၊ နာဖူး၊ သိမှတ်ဖူးသည် မဟုတ်ပါလောဟု မေးတော်မူလျှင် ဘုရင်မင်းတရားက ကြားသိ မှတ်နာဖူးပါသည်ဘုရားဟု လျှောက်ထား၏။

## ဒကာတော်ကတော့ ရေမြွေကိုပင် မခေါ်နိုင်

ထိုအခါ ဆရာတော်ဘုရားက "ဒကာတော်ရေမြွေရှင်၊ ဆရာတော်တို့မှာ သိရိမ္မာသောက မင်းတရားကြီး၏ ဆရာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ အရှင်မြတ်ကဲ့သို့ ကိလေသာ အာသဝေါ ကုန်ခန်းသော ရဟန္တာမဟုတ်၍ မန်းမှုတ်သရဇ္ဈာယ်အပ်သော ပရိတ်အိုးသည် တန်ခိုးမထက်၍ မတိုးမပွက်ဆိုသည်မှာ ဟုတ်ပါစေဦးတော့၊ ဒကာတော်မှာ သိရိမ္မာသောကမင်းဖျားကဲ့သို့ နဂါးကို ခေါ်နိုင်ဖို့ဝေးစွ၊ ရေမြွေကလေးမှ လာအောင်မခေါ်နိုင်ဘဲနှင့် ဝမ်းနည်းဖို့ မရှိပါဘူး ဒကာတော်"ဟု ဤကဲ့သို့ သင်္ဂဇာ ဆရာတော်ဘုရားက မိန့်တော်မူသောအခါ ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးနှင့်တကွသော မှူးမတ် ပရိသတ်အပေါင်းတို့သည် ကောင်းချီးကြေညာ၍ များစွာ ရယ်မောကြရလေကုန်သတည်း။

---

## ၂၀ ဒုစရိုက်ကင်းနည်းဖို့ အင်းသူကြီး ဦးမှတ်ကျော်ကို လှစ်ဖော်၍ ဟောတော်မူခြင်း

တစ်ရံသောအခါ သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် အသီးသီးသော နောက်ပါ တပည့်တပန်း ရဟန်းပရိသတ်တို့နှင့် လှည့်လည်၍ ဒေသစာရီ ကြွချီကွန့်မြန်းတော်မူခဲ့သော ဧရာဝတီမြစ်ကမ်း တင့်ဆန်းမှိုင်းမို့ ခနေပြုမြို့နယ်အတွင်း မင်းခရုရွာသို့ ရောက်တော်မူသောအခါ ၎င်းရွာနေ အင်းသူကြီး ဦးမှတ်ကျော်သည် ဆရာတော်ဘုရား ခြေတော်ရင်းသို့ ချဉ်းကပ်ဝပ်တွား၍ လျှောက်ထားပန်ဆင်သည်မှာ အရှင်ဘုရား တပည့်တော်မှာ ငယ်ရွယ်စဉ်အခါက ယခုတိုင်ကျအောင် ပါပညစ်ကျူ ဒုစရိုက်အမှုတို့ကို များစွာပြုမိသည်။ အကယ်၍ သူတော်ကောင်းတို့၏ နည်းလမ်းအတိုင်း ကျင့်ကြံအားထုတ်ပါသော်လည်း စိတ်ကျေကိုယ်ပန်း အပါယ်လမ်းမှ

www.burmeseclassic.com

www.burmeseclassic.com


ထွက်မြန်း လွတ်မြောက်ခြင်းငှာ ရှိနိုင်တော့မည် မထင်သောကြောင့် သူတော်စင်တို့ အလုပ်ကို အားမထုတ်ဘဲ နောက်ဆုတ်၍ နေရပါသည်။ အားထုတ်လျှင် အပါယ်ဘေးမှ လွတ်အေးမည်ဆိုပါလျှင် အားထုတ်ချင်သောဆန္ဒကြောင့် ကယ်မသောအားတပည့်တော်ကို သနားသဖြင့် မှတ်သားရန် အကျိုးတရားကို အကိုးအကားနှင့်တကွ ဟောပြတော်မူပါဘုရားဟု လျှောက်ထားရာ ထိုအခါ ဆရာတော်ဘုရားကြီးက ဤသို့ မိန့်တော်မူ၏။

## ကုသိုလ်နှင့် အကုသိုလ်ဟူသည်

ဒကာ မောင်မှတ်ကျော် ပုပု, ရွှေရွှေ မြင်မြင်သမျှသော သတ္တဝါတို့မှာ 'အပရာပရိယ ဝေဒနီယကမ္မတော မုတ္တသတ္တော နာမ နတ္ထိ'။ အပရာပရိယဝေဒနီယကမ္မတော၊ အပရာပရိယဝေဒနီယ–ကံမှ။ မုတ္တသတ္တော နာမ၊ လွတ်သော သတ္တဝါမည်သည်။ နတ္ထိ၊ မရှိဟု ဟောတော်မူသောကြောင့် မည်သူ တစ်စုံတစ်ယောက်မဆို အကုသိုလ်ကံမှ အမှန် လွတ်ကင်းသောသူ ဟူ၍မရှိ။ အနည်းနှင့်အများထိုက်သည့်အားလျော်စွာ ရှိကြသည်ချည်းပင် ဖြစ်သည်။ အကုသိုလ်တရားသည် ကျောက်ခဲ, ကျောက်တုံးများနှင့် တူ၏။ ကုသိုလ်တရားသည် လှေနှင့်တူ၏။ ကျောက်ငယ်လျှင် လှေငယ်နှင့်တင်၍ ကူးသော် မနစ်မြုပ်နိုင်။ ကျောက်ခဲကြီးကို လှေကြီးနှင့် တင်ကူးလျှင်လည်း မမြုပ်။ ထိုအတူ အကုသိုလ်နည်းပါး၍ ကုသိုလ်တရား ပွားများအောင် တတ်နိုင်ခဲ့ပါမူ ကယ်ယူတင်ပို့နိုင်စရာရှိ၏။ တစ်နည်းမှာ ရွံ့ညွှန်သည် ရေကြောင့်ဖြစ်၏။ ထိုရေကြောင့်ဖြစ်သော ရွံ့ညွှန်ကိုပင်လျှင် ထိုရေနှင့်ဆေးက ကင်းဝေးစင်ကြယ်၏။ ထိုနည်းတူစွာ ပါဏာတိပါတ စသော ဒုစရိုက်တရားတို့သည် စိတ်များက ပြုပြင်စီမံသောကြောင့်ဖြစ်၏။ ထိုစိတ်ကြောင့်ဖြစ်သော ဒုစရိုက်တရားအပေါင်းတို့ကို ကောင်းသောစိတ်ဟု ဆိုအပ်သော ရေကြည် ရေသန့်တို့နှင့် ဆေးလျှင် အညစ်အကြေးတည်းဟူသော အကုသိုလ်တရားတို့သည် လွင့်ပါးစင်ကြယ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည်။

ဇလေန ဘဝတိပင်္ကံ၊ ဇလေနေဝ ဝိသုဇ္ဈတိ။
စိတ္တေန ဘဝတိ ပါပံ၊ စိတ္တေနေဝ ဝိသုဇ္ဈတိ။

ယံပင်္ကံ၊ အကြင်ရွံ့ညွှန်သည်။ ဇလေန၊ ရေကြောင့်။ ဘဝတိ၊ ဖြစ်၏။ တံပင်္ကံ၊ ထိုရေကြောင့်ဖြစ်သော ညွှန်ကို။ ဇလေနေဝ၊ ထိုရေနှင့်ဆေးသဖြင့်သာလျှင်။ ဝိသုဇ္ဈတိ ယထာ၊ စင်ကြယ်သကဲ့သို့။ တထာ၊ ထိုအတူ။ ယံ ပါပံ၊ အကြင်

www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှုဒုစရိုက်သည်။ စိတ္တေန၊ စိတ်ကြောင့်။ ဘဝတိ၊ ဖြစ်၏။ တံပါပံ၊ ထို မကောင်းသောစိတ်ကြောင့်ဖြစ်သော ဒုစရိုက်တရား အမှုမှားကို၊ စိတ္တေနေဝ၊ ကောင်းသောစိတ်ဖြင့် ဆေးသည်ရှိသော်သာလျှင်၊ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။

## သာဓက သက်သေထုတ်ပြ

ဤသို့ ဟောတော်မူသောကြောင့် မကောင်းသော ဒုစရိုက်တရားတို့သည် ကောင်းသောတရားကို အားထားဆောင်ရွက်လျှင် ပျောက်နိုင်စရာရှိ၏။

ရှေးသောအခါကာလက သောဏ–အမည်ရှိသော မထေရ်၏ အဖဖြစ်သူ ဒါယကာကြီးသည် အနည်းနည်းအမျိုးမျိုး မုဆိုး၏အဖြစ်နှင့်သတ်ညှစ်နှိပ်စက် သူ၏အသက်သတ်ခြင်းဟု ဆိုအပ်သော ပါဏာတိပါတ ဒုစရိုက်တရားတို့ကို များစွာ ကျင့်ကြံ၍ တစ်သက်ပတ်လုံး စားသောက်နေထိုင်ခဲ့၏။ အခါတစ်ပါး နာဖျားရောဂါ ကိုယ်မှာကပ်ရောက် ရုပ်ဓာတ်ဖောက်၍ အသက်ပျောက်လုနီးအခါ ယုတ်မာသောအမှုကြောင့် အကုသိုလ် ဂတိနိမိတ်တို့သည် အရိပ်အရောင် ထင်လာ မြင်လာသည်ကား...

များစွာသော ခွေးအပေါင်းတို့သည် မောင်းနှင်၍မရ၊ ဝိုင်းဝန်းကြသဖြင့် ငါ့ ကိုစားမည် လာတော့သည်ကို မထေရ်ငါ့သား ကယ်နိုင်ပြားလျှင် ငါ့အား ကယ် တော်မူပါလော့ဟု ပြောဆိုယောင်ယမ်း မြည်တမ်းညည်းညူလေသတည်း။

ထိုအခါ သားဖြစ်သူ သောဏမထေရ်က ကြံစည် စဉ်းစားမိသည်မှာ ဩော်– ငါ၏ဖခင် ကျေးဇူးရှင်သည် ရှေးငယ်စဉ်အခါက ယခုတိုင်ကျအောင် ပါပည်စ်ကျူ မကောင်းမှုတရားကို များစွာ အားထုတ်ခဲ့သည့်အတွက် အသက်စုတိကျမည့်အခါ ခွေးများလာ၍ များစွာဝိုင်းဝန်းကြသည့် နိမိတ်ကို ထောက်ဆလျှင် ဧကန္တ အပါယ် ငရဲသို့ ငင်ဆွဲပစ်ချချေတော့မည်။ ငါ မထေရ်ထင်ရှား ရှိပါပြားလျက် လေးပါးသော အပါယ်ဘုံသို့ ခိုလှုံငြိကပ်ခြင်းငှာ မထိုက်သင့်။ ထောက်ပင့်ကူပေး၍ ကျေးဇူးကို ဆပ်မည်ဟု မထေရ်မြတ် သဘောထားလျက် သာမဏေများကို ခေါ်တော်မူပြီးလျှင် ငါ့ရှင် သာမဏေများတို့... ငါ့အားမနှေး ပန်းခူး၍ပေးကြဟု အရေးသင့် စေခိုင်း သဖြင့် မဆိုင်းလျင်စွာ ခူးယူလာသောပန်းများကို ဆန်းပြားစွာ ပြင်ဆင်၍ မြင် လောက်သောနေရာက ထားပြီးလျှင် "ဖခင် ဒါယကာကြီး ဤသည်ကား ပန်း တည်း၊ ရွှန်းလန်းသောအား စိတ်ခြံထား၍ ဘုရားကိုလှူမည်ဟု ရှေးရှုသမှု အာရုံ ပြုလော့"ဟု ဟောပြောတိုက်တွန်းသဖြင့် ရည်ညွှန်းစိတ်ထား၍ ဘုရားကိုအားပြု

www.burmeseclassic.com

www.burmeseclassic.com



လျှင် ယခင် ယောင်ယမ်းသော အပါယ်လမ်း ဂတိနိမိတ်တို့သည် အရိပ်အရောင် မျှမထင် ကုန်အစင်ကွယ်ရှား၍ နတ်ရထား နတ်ဗိမာန် ထင်လာပြန်သည်ကို ပြောဆိုယောင်ယမ်း မြည်တမ်းပြီးကာလ စုတိစိတ်ကျသဖြင့် ဘဝကောင်း နတ်ပြည် သို့ ကျင်လည်ခံစားရဖူးလေသတည်း။

## သူတော်ကောင်းတရားနှင့် နေပါတော့မည်

ဤဝတ္ထု သာဓကများကို ထောက်ထား နှိုင်းစာလျှင် များစွာသော အကုသိုလ် တရားကြောင့် အပါယ်လေးပါး ကျမည်ဆိုသော်လည်း ထိုအပါယ်သို့ မရောက်ခင် တစ်ဘဝမျှပင် ချမ်းသာက များစွာအကျိုးထူးရှိကြောင်းနှင့် ကောင်းစွာ ဟောတော် မူလေသော် အင်းသူကြီး ဦးမှတ်ကျော်သည် စိတ်ပျော်ဝမ်းသာ ရေတွေ့သောကြာ ကဲ့သို့ ဆရာတော်ဘုရားကို အားကြီးညွတ်နူး ကျေးဇူးအထူးတင်ပြီးလျှင် ဤတွင်မှ အစပြု၍ ဒုစရိုက်အလုပ်ကို တစ်မှုဟုတ်ချင်းပယ်ရှား သူတော်ကောင်းတရားနှင့် ပျော်ပါး နေထိုင်ပါတော့မည်ဘုရားဟု လျှောက်ထားဝန်ခံ၍ အိမ်သို့ ပြန်လေ သတည်း။

---

## ၂၁–"ကျွတ်–မုန်း–ဝင်"ဟူသော အရှုံးစကားဖြင့် ထူးခြားစွာ ဟောတော်မူသောအကြောင်း

အခါတစ်ပါး သင်္ဘာဆရာတော်ဘုရားကို အရပ်သား ဒါယကာတစ်ဦးက ညွတ်နူးရိုသေစွာ ခစား၍ လျှောက်ထားသည်မှာ–

အရှင်ဘုရား... မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပိဋကတ်သုံးပုံ ပါဠိ, ထိုပါဠိ အဓိပ္ပာယ်ကို အကျယ်သိရန် အဋ္ဌကထာ, ဋီကာ, ယောဇနာ, ဂဏ္ဌိ, ဂဏ္ဌိနိဿရ စသောအားဖြင့် များစွာသော လောကုတ္တရာ သာသနာတော်ကျမ်းတို့ သည်လည်း ရှိကုန်၏။ ထိုမှတစ်ပါး သာမ, ယဇု, ဣရု, ဗေဒင်, အင်္ဂဝိဇ္ဇာ အနည်းနည်း, ဗုဒ္ဓိကြီး, ဗုဒ္ဓိငယ်အသွယ်သွယ် အဝဝ မကာရန္တကျမ်း, လက်ဆန်း လက်ရိုး အမျိုးမျိုးသော အင်္ဂရတ်, ဘုမ္မိရတ်, သိုက်ဓာတ်တာဝ, နရတန်ဆောင်, နရသုခီ, ဒွါဒရာသီ, ဒွါဒသိန်–စသော အားဖြင့် များစွာသော လောကီကျမ်းတို့ သည်လည်း ရှိကုန်၏။ ထိုသို့ များစွာရှိကြသော အရာဝယ် ဝါဒချင်းမတူ အယူ

www.burmeseclassic.com

www.burmeseclassic.com



ကွဲပြား ဉာဏ်နားရှုပ်ထွေး အသိဉာဏ်ဝေးသဖြင့် ဝန်လေးစရာ ကောင်းကြောင်းနှင့် ပြန်ပြောင်းလျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ယခု ဒါယကာ လျှောက်ထားရာ၌ များစွာရှုပ်ထွေး အသိဉာဏ်ဝေးသောကြောင့် ဝန်လေးသည်ဆို သော စကားသည် မှန်၏။ ရှေးရှေးသော ဆရာအဆက်ဆက်တို့သည် လောကုတ္တရာ ဘက်က ကျမ်းဂန်ကိုဖြစ်စေ, လောကီဘက်က ကျမ်းဂန်ကိုဖြစ်စေ ဉာဏ်သဘာ အလျောက် ယူကောက်သက်ဝင်၍ ပြုပြင်ရေးသားခဲ့ကြပေသည်။ ဒါယကာလည်း ထိုဆရာတို့ကဲ့သို့ပင် သိမြင် ထိုထွင်းအောင် ကြည့်ရှုနိုင်က ပိုင်ပိုင်ဆုံးဖြတ် ယူဆ တတ်လိမ့်မည်ဟု အမိန့်တော်ရှိလျှင် အရှင်ဘုရား... များပြားသော ကျမ်းဂန် အတန် တန်သော ရှေးဆရာတို့၏ သဘောနှင့် နီးနှောထပ်မိဖို့ရန် အဘယ်ကဲ့သို့ ကြံဖန်၍ အမှန်ကို သိနိုင်ရပါအံ့နည်းဟု လျှောက်ထားပြန်၏။

ထိုအခါ ဆရာတော်ဘုရားက ဥပမာစကား မြွက်ကြား မိန့်ဆိုတော်မူသည် မှာ...

ဒါယကာကြီး တစ်ခုသော ကျောင်းအနီးတွင် ဇရပ်ကြီးတစ်ခုရှိ၏။ ဇရပ် ဒါယကာ အဘိုးအိုသည် မိမိ ကုသိုလ်ဖြစ်သော ဇရပ်သို့ ထွက်၍ နံနက်တစ်ကြိမ် ညနေတစ်ကြိမ် အမှန်မပြတ် တံမြက်ခတ်ဝတ်တရား အမြဲထား၍ သုတ်သင်၏။ တစ်နေ့သ၌ မိုက်သောအရွယ်ဖြစ်သော ကျောင်းသားသူငယ်များတို့သည် ကစား မြူးပျော်လိုသော အမှတ်ဖြင့် ဇရပ်ခါးပန်း လက်ရမ်း ပျဉ်ထောင် လှေကားဘောင် စသည်များ၌ ကြီးမားသော စာလုံးတို့ကို ထုံး, အိုးမဲ, မြေဖြူတို့ဖြင့် သူငယ်တို့ ဘာသာ စိတ်ကူးရှိရာများကို ရေးသားခြစ်ကြောင်ကြလေသတည်း။ ဇရပ်ဒကာ အဘိုးကြီးသည် တံမြက်စည်းကိုယူ၍ ရှေးရှုဇရပ်သို့ လာသောအခါ အက္ခရာစာလုံး ထုံး, မြေဖြူ, အိုးမဲတို့နှင့် ရေးဆွဲခြစ်ကြောင်၍ ထားသည်ကို ထင်ရှားစွာ တွေ့မြင် လျှင် ဤဇရပ်တွင် ရေးထားသည်မှာ ကျောင်းသားတစ်သွယ် ရှင်သူငယ်, ရှင်ပျက်၊ သူတို့၏ လက်ချက်ဟု ရေတွက်ကာ နှလုံးထား၍ ဘုန်းကြီးအား လျှောက်လေ လျှင် သွန်သင်ခြိမ်းခြောက် ရိုက်ပေါက်ဆုံးမသဖြင့် မရေးဝံ့ကြဘဲ နေကုန်၏။

## ကျွတ်, မှန်း, ဝင်

အခါတစ်ပါး စိတ်ထားရှင်မြူး နေဟန်ထူးသော သူရူးတစ်ယောက်သည် စိတ်နှောက်ကိုပါ အရွာရွာ အရပ်ရပ်သို့ လှည့်ပတ်ပြီးခါ ဇရပ်မှာ အိပ်စက်၍

www.burmeseclassic.com

www.burmeseclassic.com



နံနက်အခါ အက္ခရာသုံးလုံးကို ထုံးဖြူနှင့် ဇရပ်တွင် "ကျွတ်–မုန်း–ဝင်"ဟူသော စကားကို ရေးသား၍ ထားခဲ့၏။ ဇရပ်ဒါယကာ အဘိုးကြီးလည်း တံမြက်လှည်းရန် လာပြန်သောအခါ အက္ခရာစာလုံး ထုံးဖြူများကို ထင်ရှားတစ်ဖန် မြင်ရပြန်၍ အလွန်ပင် စိတ်ဆိုးသဖြင့် အဘိုးအိုကြီး ဒေါသမီးနှင့် ဘုန်းကြီးကို လျှောက်ထားသည်မှာ... အရှင်ဘုရား– တပည့်တော်၏ ဇရပ်မှာ မလပ်အောင်ရေးကြသည့် ကလေးကျောင်းသား သူငယ်များကို အရှင်ဘုရား မကွပ်ညှပ်နိုင်ပြီလော–ဟု လျှောက်ထားသည်။

## ဘုန်းကြီး၏အမြင်

ထိုအခါ ဘုန်းကြီးက ဒကာကြီး ငါ၏ ကျောင်းသားများကို ပြောထားဆုံးမ၍ တစ်လုံးမျှ မရေးမခြစ်ဝံ့ကြ။ ယခု ဒကာကြီးဇရပ်တွင် နောက်ထပ်၍ တခြားဘယ်စာများကို ရေးသားတွေ့ရှိပြန်သနည်းဟု ဘုန်းကြီးက မေးလေသော် ကိုယ်တော်အရှင်ဘုရား... ရေးသွားသည့် စာလုံးမှာ "ကျွတ်–မုန်း–ဝင်"လို့ ရှိပါသည်ဘုရားဟု လျှောက်ထားသောကာလ ဘုန်းကြီးကတစ်ဖန် မိန့်ဆိုပြန်သည်မှာ ဒကာကြီး ဇရပ်၌ ရေးမှတ်သည့်စာ အက္ခရာတွင် "ကျွတ်–မုန်း–ဝင်" အရ သာမည မဟုတ်လောကုတ် လောကီ နှစ်လီတတ်သိ ပညာရှိသော ယောကျာ်း ရေးသွားသည့်စာ ဖြစ်သည်ဟုဆိုလျှင် အရှင်ဘုရား ထိုစာသွားမှာ မှတ်သားသိဖွယ် အဘယ်သို့သော အဓိပ္ပာယ်ကိုမြင်၍ "ကျွတ်–မုန်း–ဝင်"လို့ ရေးပါသနည်းဟု လျှောက်ထားပြန်ရာ ဒကာကြီး 'တဏှာ, ရာဂ, လောဘဟု ဆိုအပ်သော သမုဒယမှ ကျွတ်လွတ်ခဲ့လျှင်၊ ဝဋ်ဟုဆိုအပ်သော ဒုက္ခသစ္စာကို မုန်းသဖြင့်၊ နလုံးသွင်းအပ်သော မဂ္ဂင်အရ မဂ္ဂသစ္စာကို ပွားလျက် နိဗ္ဗာန်တံခါး ဝင်ရတော့သည်"ဟူသော အဓိပ္ပာယ်ကို သွတ်သွင်း၍ အကျဉ်းအားဖြင့် ရေးထားခဲ့သော စာဖြစ်သည်ဟုဆိုလျှင် ဇရပ်တွင် တံမြက်လှည်း၍ အဘိုးကြီး အိမ်သို့ ပြန်လေ၏။

ထိုနောက် ဇရပ်ဒါယကာ အဘိုးကြီးသည် တစ်ကိုယ်တည်း အကြံဖြစ်သည်မှာ အက္ခရာသုံးလုံး "ကျွတ်–မုန်း–ဝင်"အရ ဘုန်းကြီးက ပြောလိုက်သည်။ သဘောချင်းတူမတူ၊ အယူချင်း မျှမမျှကို သိရအောင် ဆွေးနွေးဖို့ ကြံစည်သော် ငါ၏ အဖော်အပေါင်း သမားကောင်း မောင်နွယ်သည် အသွယ်သွယ်သော လောကဓမ္မ ဗဟုသုတအရာ များစွာကျွမ်းကျင် လိမ္မာသောသူဖြစ်၍ ထိုသူကို စစ်ဆေးက ကျေနွေအးလောက်ရန် ပြောနိုင်မည် ဧကန်ဟု ဆေးဆရာ–မောင်နွယ်ထံသို့ အမြန်သွား

www.burmeseclassic.com

www.burmeseclassic.com



ရောက် ကောက်၍ပြောဆိုသည်မှာ ဆရာမောင်နွယ်… မေဖွယ်ပုစ္ဆာ ပြဿနာမှာ အက္ခရာသုံးလုံးစဉ်လျက် "ကျွတ်–မုန်း–ဝင်" စကား ရေးထားသည်ကို တွေ့သော ကြောင့် စိတ်ကူးရသရွေ့ ကြံသော်လည်း အမှန်ကိုမကျ ထိုစာ၏ ဆေးအရကို ပြောပြစေလိုကြောင်းနှင့် ခွင့်တောင်းဆွေးနွေးသောအခါ ဆရာမောင်နွယ်က သူ့ ဉာဏ်ဝယ် ထင်သလောက်နှင့် ယူကောက်၍ ပြောဆိုသည်မှာ…

## ဆေးဆရာ၏ အမြင်

ဇရပ် ဒကာရဲ့၊ အက္ခရာ သုံးလုံးစဉ်သော "ကျွတ်–မုန်း–ဝင်" အရကို ထောက်ဆ ယူငင် ဆင်ခြင်စဉ်းစားသော် ဆေးဖော်ရန် နိဿရည်းကို အပြီးတိုင် ရေးသားသော စကားအတိုကောက် ဖြစ်ပါသည်။ (ကျွတ်) အရ မှိုကျွတ်က တစ်မျိုး၊ (မုန်း) ဆိုသည့် အကျိုးမှာ သမုန်းကတိုးကိုကောက်၊ ထိုနောက်အစဉ် (ဝင်)ဆိုသည်မှာ သင်းဝင်ပေါက်ဖြူ ဤဆေးများကို ယူရမည်။ ဒူလာပါဒရက်ရှိက သုံးခွက်တစ်ခွက် တင် ကျို၍သောက်မူ ပျောက်နေကျ ဆေးဖြစ်ကြောင်း ၎င်းဆေးသုံးပါးကို အကျဉ်း အားဖြင့်မှတ်ဖို့ ဇရပ်မှာ ရေးပြသည်ဟု တွေးဆဖြေဆိုသည်။

## အင်္ဂရိတ်ဆရာ၏ အမြင်

ထိုအခါ လုပ်ရတ်၌ ဝါသနာပါသော အင်္ဂရိတ်ဆရာတစ်ယောက်လည်း ပေါက်ရောက်လာသည်နှင့် ကြုံသဖြင့် အလုံးစုံ ဆွေးနွေး၍ မေးမြန်းပြောဆိုကြသော စကားသည် အဘယ်အကြောင်းများ ဖြစ်ပါလိမ့်မည်နည်းဟု မေးမြန်းရာ ဇရပ် ဒကာက အက္ခရာသုံးလုံး အပေါင်း "ကျွတ်–မုန်း–ဝင်" အကြောင်းကို ထပ်လောင်း၍ ပြောပြလျှင် စောစောက ကျွန်တော့် မေးပါတော့ တွေးနေစရာ မဟုတ်ပါဘူး ဇရပ်ဒကာကြီး၊ လုပ်ရတ်လမ်းဆေးနည်းကို အပြီးတိုင် မှတ်သားဖို့ ရေးသားသော စာဖြစ်ပါသည်။ ဤစာ၏ အဓိပ္ပာယ်မှာ **"ကျားမင်းကြွက်၌၊ ဆဒ္ဒန်ရိုက်က ပြာလျှင်ကျသည်… မုချနိဗ္ဗာန်ဝင်ကြောင်းတည်း"**ဟု ရေးရှိရင်းစာဟောင်းကို ပြောင်းထအောင် တွတ်တွတ် အာဂုံဖြင့် ရွတ်ပြီးလျှင် (ကျွတ်)၏ အရကားကျား၊ (မုန်း)ဆိုသည်ကား ကြွက်ဟုယူ၊ (ဝင်) ဟူသည်မှာ ဆန္ဒန်မှတ်၊ ဤကဲ့သို့ဟပ်ပြီး လျှင် လုပ်ရက်ဖတ်ကျမ်းအလိုနှင့် အတိုကောက်မှတ်သားဖို့ ရေးထားသည် ကော့ ဟု ပြောပြထွက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဇရပ်ဒကာ အဘိုးကြီးသည် အနည်းနည်း ရှုပ်ထွေးဖြေကြသည့် အရေးကြောင့် တွေးတောဆင်ခြင်လျက် အလျှင်အိမ်သို့ ပြန်သွားလေ၏။

နောက်နေ့တစ်ရက် နံနက်အခါ တံမြက်လှည်းစရာ ကိစ္စရှိသဖြင့် မိမိဇရပ် သွားပြီးလျှင် စင်ကြယ်သန့်ရှင်းအောင် ရှင်းလင်းသုတ်သင်ပြီး၍ ဆရာဘုန်းတော်ကြီးနှင့် နီးနှောစကား ပြောကြားတိုင်ပင်နေကြသည့်အခါ အက္ခရာသုံးလုံးအစဉ် "ကျွတ်–မုန်း–ဝင်"ကို ယခင်က ရေးသွားသော သူရူးသည် မိမိ ရေးခဲ့ဖူးသော စာကို ကြည့်ပြီးလျှင် သည်းစွာ ရယ်မောလျက် ဟော–အချိန်နီးလှပြီ, အချိန်နီးလှပြီဟု ဆိုမြည်ပြောဆိုသည်ကို ဇရပ်ဒကာကြီး ကြားသဖြင့် သူရူးအား မေးသည်မှာ အမောင် စာကို ကြည့်ပြီးလျှင် အချိန်နီးပြီဆိုသည်မှာ အက္ခရာသုံးလုံးအစဉ် "ကျွတ်–မုန်းဝင်" ဟူသော စကား၏ အဓိပ္ပာယ်ကို အကျယ် အမောင် သိပါသလားဟု မေး၏။

## အရူးက ရှင်းပြပြီ

ထိုအခါ သူရူးက ရှေးဦးအစ ပထမပင် အမှတ်တရ ငါရေးခဲ့သည်၊ တွေးစရာ မရှိဟု ပြောဆိုသောအခါ ဇရပ်ဒကာနှင့် ဘုန်းကြီးက ချော့မော့ပြီးမေးသည်မှာ ဆရာတို့ မသိ၍ "ကျွတ်–မုန်း–ဝင်"၏ အဓိပ္ပာယ်ကို နားလည်အောင် ပြောစမ်းပါတပည့်ရဲ့။ ဤကဲ့သို့စစ်ဆေး မေးမြန်း စုံထောက် ချော့မြှောက်ပြောဆိုရာ အခြားစာကို ရေးတာမဟုတ်၊ ကျွန်ုပ် စိတ်အလို (ကျွတ်)ဆိုသည်မှာ သီတင်းဝါလကျွတ်ပြီဟု မှတ်ထားပါသည်။ (မုန်း)ဆိုသည်ကား သီတင်းကျွတ်လ ကုန်ဆုံး၍ တန်ဆောင်မုန်းလ ရောက်လျှင် (ဝင်)ဆိုသည့် အဓိပ္ပာယ်အလာ ဝင်္ကပါကန်မှာ မုန့်ဟင်းခါးကျွေးလိမ့်မည်၊ ထိုကျွေးသည့် မုန့်ဟင်းခါးကို စားရချိန်နီးပြီဟု ကြို ဆီးတွက်ဆ မမေ့ရအောင် နေ့, လ, ရက်မြဲတ် မုန့်ဟင်းခါးကျွေးမည့်အရပ်ကို ငါ မှတ်၍ထားသည်ဟု ပြန်ကြားပြောဆိုပြီးလျှင် အဆောတလျင် ဇရပ်မှသက်ဆင်း၍ ချက်ချင်း ထွက်သွားလေသတည်း။

အဲ–ခုပြောသည့် ဥပမာကဲ့သို့ ဒါယကာ လျှောက်ထားသော အရာမှာလည်း များစွာသော လောကုတ္တရာ, လောကီ အလီလီသောကျမ်း အခန်းခန်းအဝဝ အလွန်ပင် များလှသည်ဖြစ်သောကြောင့် စင်စစ်အမှန် သဘောကိုဆိုမှု ရေးသောသူ၏ ဉာဏ်ကို အမှန်လိုက်မမီနိုင်သည့်အတွက် ပြက်ချော်ရူးသွပ်သော သူ၏စာ ဘာမဟုတ်သည်ကိုမျှ မသိ၍ မိမိတို့ ကြံနည်းနှင့် ဘုန်းကြီးက တစ်ဖြာ, ဆေးဆရာ

www.burmeseclassic.com



က တခြား, အင်္ဂရိတ်သမားက တစ်မျိုး, တောတိုးသည့် ဆင်ကန်းပမာကဲ့သို့ ထင်ရာကို ပြောကြသဖြင့် သဘောမကျအောင် ရှိရလေသည် ဒကာကြီး။

ဤကဲ့သို့ သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားမြွက်ဖော် ဟောကြားတော်မူသောအခါ လျှောက်ထားသော ဒါယကာသည် များစွာသဘောကျ၍ အဟောဝတ-ဖြစ်ပါပေသည်ဟု အလီလီအံ့သြလျက် ရယ်မောခြင်းပြုကြလေသတည်း။

---

## ၂၂-"မာနဖျက်လျှင် ခွေးမြီးပေါက်သကဲ့သို့ အေးကြီးရောက်တတ်သည်" ဟူသော ဥပမာဖြင့် ဒါယကာ တိုက်သူကြီး ဦးဆိုင်နှင့် ဦးသန့်, ဦးဆိုးတို့ကို အထူးအကျိုးရှိရန် ဟောတော်မူပုံ

အဂ္ဂမဟာလင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု ညွှန်းပြုနာမံ အောင်သံခတ်နှိပ်တံဆိပ်လည်ဋ္ဌ ဂုဏ်ထူးရှိတော်မူသော သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် ချီးမြှောက်ထိုက်သူ ရှင်, လူ, ရဟန်းတို့အား နည်းလမ်းညွှန်ပြ ဆုံးမကယ်ချွတ်တော်မူလိုသော အဇ္ဈာသယ, သမ္မာဆန္ဒ, ကရုဏာအဟုန် အမြဲထုံသဖြင့် ရန်ကုန်မြို့၏ သိမ်ကြီးတွင် ခိုဝင်ခေတ္တ ဣရိယာပထ ညီမျှခံ့ကျန်း စံမြန်းသီတင်းသုံးတော်မူသောအခါ ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သူ တိုက်သူကြီး ဦးဆိုင်, ဦးသန့်, ဦးဆိုးတို့သည် ညွှတ်ကျိုးရိုသေစွာ အဖူးမြော်လာကြသဖြင့် မာန၏အကြောင်းနှင့် စပ်ယှဉ်၍ သွန်သင်ဆုံးမတော်မူသည်ကား...။

ငါ့တပည့်များမှာ အတိတ်တာနန္တရ ဘဝအဆက်ဆက် အထက်ထက်က လေ့ကျက်ဆည်းပူး အထူးအားထုတ် ဥဿာဟစိုက်ခဲ့ကြသော ပါရမီသမ္ဘာရအလိုက် ထိုက်သင့်သည်အလျောက် တတ်မြောက်လိမ္မာ လေ့လာသင်ကြားဖူးကြသည့်အတွက် အလင်္ကာဒ္ဒပ္ပမာ, ဘဏ္ဍာဂါရိက, နိဿရဏာတ္တ-အပြား စာသင်ခြင်း သုံးပါးတွင် အခြားသူကို ပြုံးစူစောင်းမြောင်း မကောင်းသော ဣဿာဓမ္မ, မစ္ဆရိယ-အတွက် လျှို့ဝှက်သားသို့ ကိုယ့်ကိုယ်ကို မာနအထွတ်နှင့် အထက်သို့ တင်မြှောက်ခြင်းဟု ဆိုအပ်သော အတ္တုက္ကံသနတရား, သူတစ်ပါး၏ဂုဏ်ကို သေးနံ့ရန်အဖို့ဖြင့် အောက်သို့ နှိမ်ချခြင်းဟု ဆိုအပ်သော ပရဝမ္ဘန, ကတညုတကတဝေဒီ-ငြမ်းမှီလက်ဦး ကျေးဇူးရှင်ဂုဏ် အလုံးစုံကို အကုန်ချေဖျက်ခြင်းဟု ဆိုအပ်သော မက္ခပလာသ-အမှု, အန်တုဂုဏ်ပြိုင်ခြင်းစသော ဣစ္ဆာပကတ ပါပိစ္ဆ-မျိုး အလိုဆိုးများကို ရှေ့သွားခြင်းမနော အယောနိသော မနသိကာရနှင့် မာနကို မဖြစ်ကြစေလင့်။

www.burmeseclassic.com

www.burmeseclassic.com



သမ္မောဟဝိနောဒနီအဋ္ဌကထာ၌-

ဗလဝပညော၊ အားကြီးသော ပညာရှိသော။ မန္ဒသဒ္ဓေါ၊ နုံ့နှေးသော သဒ္ဓါတရားရှိသောသူသည်။ ကေရာဋိပက္ခံ၊ ကောက်ကျစ်စဉ်းလဲသောအဖြစ်သို့။ ဘဇတိ-ဝင်၏။ဟု မိန့်ဆိုသည်အရ **"ပညာလွန်လျှင် မာန"** ဟု ဆိုကြသော စကားသည်လည်း ကျမ်းဂန်များနှင့် မခြားအညီပင်ဖြစ်သည်။ မင်းတို့မှာ ပရိယတ္တိဓမ္မ-ဟု ဆိုအပ်သော စာပေကျမ်းဂန်ကို သင်ကြားသည်မှာ ပဋိပတ္တိ-ဟု ဆိုအပ်သော အကျင့်ကို ကျင့်ဖို့, ပဋိပတ္တိ-ဟု ဆိုအပ်သောအကျင့်ကို ကျင့်ခြင်းသည် ပဋိဝေဓ-ဟု ဆိုအပ်သော နိဗ္ဗာန်သို့ ရောက်ဖို့သည်သာ လိုရင်းဖြစ်သည်။

## ခွေး၏အမြီးလို မဖြစ်စေနှင့်

ယင်းသို့ ပရိယတ္တိဓမ္မသည် ဆုံးမသွန်သင်တတ်သော တရားဖြစ်၍ ဓမ္မက္ခန္ဓာအလုံးစုံ ပိဋကတ်သုံးပုံသည်အကုန် မင်းတို့၏ ကိုးကွယ်အားထားရာဖြစ်၏။ ထိုကိုးကွယ်အားထားရာဖြစ်သော စာပေ ကျမ်းဂန်အတွက် မာနဖျက်လျှင်လည်း ဖွတ်သည်ထက်ညစ် ဘေးရန်သာ ဖြစ်တတ်သည်။ မှတ်သားရန် ပမာတစ်ခုပြောမည်၊ မြင်း, ကျွဲ, နွား အစရှိသော သတ္တဝါတို့သည် မိမိတို့မှာ ပေါက်ရောက်သော အမြီးများရှိသည့်အတွက် ခြင်, မှက်, ယင်ရဲ စသော ဘေးရန်များကို ဆီးတားကွယ်ကာနိုင်၏။ ခွေးများတွင် ပေါက်ရောက်သော အမြီးသည် ဘေးကိုလည်း မတားနိုင်, မကွယ်ကာနိုင်ရုံမျှသာမက မိမိ အမြီးက အပေါ်ထောင်သဖြင့် မလျော်အောင်လုန်၍ ပြသလို အမြီးမှ ဘေးဖြစ်သကဲ့သို့ ဓမ္မရာဇ်ထွတ်ထား မြတ်စွာဘုရား၏ တရားဒေသနာတော်ကိုသင်၍ ကိုယ်တွင်အပြစ် မဖြစ်ကြစေရာ။ ကျွဲ, နွား, မြင်းတို့မှာ ကိုးကွယ်ရာ အမြီးပေါက်၍ ဆီးခြောက်တားမြစ် စင်စစ် ကိုးကွယ်ရာ မှန်သကဲ့သို့ တရားကျမ်းဂန်တည်းဟူသော ကိုးကွယ်ရာမှ ဘေးဖြစ်ခြင်း မရှိကြရအောင် ထောင်လွှားတတ်သော မာနကို နှိမ့်ချ သိမ်းဆည်းကြရမည်။

ထိုကြောင့် မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော်၌...

> မာနံ ကရောတိ ယော ဗာလော၊ သိက္ခိတွာန ဇိနေရိတံ။
> တေသံ သရဏံ နတ္ထိ၊ ဇာတံ သရဏတော ဘယံ။

ယော ဗာလော၊ အကြင်သူမိုက်သည်။ ဇိနေရိတံ၊ မြတ်စွာဘုရား ဟောကြားအမှန် မြတ်ကျမ်းဂန်ကို။ သိက္ခိတွာန၊ မာနရှေ့ထား မှတ်သင်ကြား၍။ မာနံ၊ သူ့ထက်ထူးချွန် မာန်တံခွန်ကို။ ကရောတိ၊ ပြု၏။ ဝါ၊ ပရိသတ်ဘောင် မာန်

www.burmeseclassic.com

www.burmeseclassic.com



ထောင်သောအား ဆိုဝါကြွား၏။ တေသာ၊ ထိုပရိသတ်ဘောင် မာနထောင်၍ တတ်ယောင်ဝါကြွား လူမိုက်သားအား၊ သရဏဲ၊ အပါယ်လေးဘုံကိုထား၍ တစ်ပါးသော ကိုးကွယ်ရာသည်။ နတ္ထိ၊ မရှိ၊ သရဏာတော၊ ကိုးကွယ်ရာအမှန် စာကျမ်းဂန်မှ။ ဘယ်၊ ယခုဖွဲ့နွဲ့ ကဲ့ရဲ့ရှုတ်ချ နောက်ဘဝရေး ငရဲဘေးသည်။ ဇာတံ၊ ဖြစ်၏။ ဟု ဟောတော်မူသည်။

ဤသို့ ဟောတော်မူသည်များကို ထောက်ထားသမှု နလုံးပြု၍ သုံးလူ့မြတ်စွာ ဒေသနာကို မှတ်နာ သင်ကြားဖူးသည့်အလျောက် ကိုယ့်အောက်သေးနံ့ မပြည့်စုံသောသူတို့အား နိမ့်ဟန်ကို ရှေ့ထား၍ ပြောကြားဆုံးမကြရမည် တပည့်တို့။ ဤသို့ ဆရာတော်ဘုရားက တပည့်များကို သင်ကြား ဟောပြောသောအခါ အလွန်တရာ နှစ်သက်ဝမ်းမြောက်ကြလေကုန်သတည်း။

---

## ၂၃–သင်္ဂဇာဆရာတော်ဘုရားကြီးက ဗန်းမော်ဆရာတော် ဘုရားကြီးအား ကျီစယ်လိုသော စိတ်ထားဖြင့် စကားဖြင့် ခနဲ့တော်မူခြင်း

အခါတစ်ပါးသော် ပဏ္ဍိတာဝံသ သိရီပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု သွန်းထုခတ်နှိပ် တံဆိပ်နာမ်တော်ရှိသော ဗန်းမော်ဆရာတော်၊ ပညာသာမိ ကဝိဇ သိရီ ပဝရမဟာဓမ္မ ရာဇာဓိရာဇဂုရု သွန်းထုခတ်နှိပ် တံဆိပ်နာမ်တော်ရှိသော မောင်းထောင်ဆရာတော်၊ အဂ္ဂဓမ္မာလင်္ကာရ ကဝိဇမဟာဓမ္မ ရာဇာဓိ ရာဇဂုရု သွန်းထုခတ်နှိပ် တံဆိပ်နာမ်တော် ရှိသော သင်္ဂဇာ ဆရာတော်၊ ကေတုဓမ္မာလင်္ကာရ ကဝိဇ အတုလာဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု သွန်းထုခတ်နှိပ် တံဆိပ်နာမ်တော် ရှိသော စလင်းဆရာတော်၊ ဤဆရာတော်ဘုရား မထေရ်ကျော် လေးပါးတို့သည် ဗန့်ချီတိုက်အဝင်အပါ အုန်းတောရွာကျောင်း ဆရာတော်ဦးအာသဘ ဘဝတစ်ဖန် ပျံလွန်တော်မူရာ ဈာပနကိစ္စအတွက် ဆောင်ရွက်သင်္ဂြိုဟ်ရန် ကြွတော်မူကြသော် ရေမြက်ကြီးအင်း ဇရပ်ပေါ်တွင် အချိန်လျော်သည်နှင့် တက်နား၍ ဆွမ်းစားဘုဉ်းပေးတော်မူကြ၏။

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားက ဗန်းမော်ဆရာတော်ဘုရားကြီးအား ကျီစယ်လိုသော သဘောထားနှင့် မောင်းထောင်ဆရာတော်, စလင်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



များသို့ စကားကမ်းလှမ်းတော်မူသည်မှာ "အရှင်ဘုရားတို့ တပည့်တော်မှာ ဗန်းမော်ဆရာဓတော်ဘုရား၏ ဓမ္မန္တေဝါသိက တပည့်ဖြစ်ခဲ့ဖူးသည်နှင့်အညီ ကျေးဇူးရှင်ဖြစ်သော ဗန်းမော်ဆရာတော်ဘုရားသည် အရှေ့အရပ်၌ သီတင်းသုံးတော်မူသည်ဟုကြားသိရလျှင် အရှေ့အရပ်သို့ ရှေးရှု မျက်နှာမူ၍ တူရှုဦးချပြီးမှ၊ အနောက်အရပ်၌ သီတင်းသုံးတော်မူသည်ဟု ကြားသိရလျှင် အနောက်အရပ်သို့ ရှေးရှု မျက်နှာမူ၍ တူရှုဦးချပြီးမှ၊ တောင်အရပ်၌ သီတင်းသုံးတော်မူသည်ဟု ကြားသိလျှင် တောင်အရပ်သို့ ရှေးရှုမျက်နှာမူ၍ တူရှုဦးချပြီးမှ၊ မြောက်အရပ်၌ သီတင်းသုံးတော်မူသည်ဟု ကြားသိရလျှင် မြောက်အရပ်သို့ ရှေးရှုမျက်နှာမူ၍ တူရှုဦးချပြီးမှ ကိန်းစက်ရမြဲဖြစ်ပါသည်။ သခ်ါရဓမ္မ အနိစ္စသဘော ဖြစ်သည့်အတိုင်း အကယ်၍ ဗန်းမော်ဆရာတော်ဘုရားကြီးများ ပျံလွန်တော်မူခဲ့ပါလျှင် တပည့်တော်မှာ နှစ်သိန်းလေးသောင်းအထုရှိသော ဤ မဟာပထဝီမြေကြီးသို့ ရှေးရှုမျက်နှာမူ၍ တူရှုရှိခိုးပြီးမှ ကိန်းစက်ရလိမ့်မည်ဟု ဆိုလျှင် မောင်းထောင်းဆရာတော်, စလင်းဆရာတော် နှစ်ပါးတို့သည်များစွာ ရယ်မောကြကုန်၏။

## တေဒဂ်ရနိုင်

ထိုအခါ စလင်းဆရာတော်ဘုရားက အမိန့်ရှိသည်မှာ—သင်္ဂဇာဆရာတော်ဘုရား၏ စကားအရ နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီမြေကြီးသို့ မျက်နှာမူလျက် ရှေးရှုရှိခိုးပြီးမှ ကိန်းစက်ရလိမ့်မည်ဆိုသော စကားထောက်လျှင် အောက်အဝီစိငရဲသို့ ဗန်းမော်ဆရာတော် ကျလိမ့်မည်ဟူသော အဓိပ္ပာယ်ရောက်ချေပြီတကားဟု ပြောကြားရာ သင်္ဂဇာဆရာတော်ဘုရားက ဤကဲ့သို့များ ပြောဆိုဝံ့မည်မဟုတ်ပါ။ ဤမဟာပထဝီမြေကြီးသို့ မျက်နှာမူလျက် ရှေးရှုရှိခိုးပြီ့မှ ကိန်းစက်ရမည်ဆိုသော စကားမှာ ဆရာဖြစ်ဖူး၍ ကျေးဇူးကြီးသည့်အရာမှာ ဤမဟာပထဝီမြေကြီးအထုနှင့် နှိုင်းတုတမျှ ရှိလှပေသည် စိတ်ရော်ရည်၍ ဗန်းမော်ဆရာတော်ဘုရားကို ရှိခိုးရလိမ့်မည် ပြောပါသည်ဟု အမိန့်ရှိသော်... ဗန်းမော်ဆရာတော်က (အင်း) စကားရှားသည့်လူ မဟုတ်ဘူးဗျ။ အစက သည်ကိုရည်၍ ပြောခြင်းမဟုတ်၊ အလွန်ပင် ရှုပ်သဖြင့် မဟုတ်တာကြံဖန်၍ မမှန်ရာပြောဖို့အချက်တွင် ဘုရားရှင်လက်ထက်ဖြင့် တေဒဂ်ထားပေလိမ့်မည်ဟု မိန့်တော်မူ၏။

ထိုအခါ မောင်းထောင် ဆရာတော်ဘုရားက (အင်း) စကားတစ်ခွန်း မြွက်မှဖြင့် အစွန်းနှစ်ဖက် မလွတ်အောင် ကြံပြောဖို့ ဉာဏ်သသော စူးသည့်ပုဂ္ဂိုလ်ပေကိုး၍

www.burmeseclassic.com



ဟု စကားစ ဖော်၍ပေးလျှင် သင်္ဂဇာဆရာတော်ဘုရားက ဤအရာမှာ ဗန်းမော်ဆရာတော်၏ နည်းကို အတုခိုးပါသည်ဘုရားဟု လျှောက်ရာ မောင်းထောင်ဆရာတော်က သြော်– ဗန်းမော်ဆရာတော်ဘုရားလည်း ဤစကားမျိုးကို တတ်သလား မှတ်သားမိသမျှ ပြောပြပါဦးဟု အမိန့်ရှိလျှင် သင်္ဂဇာဆရာတော်ဘုရားက လျှောက်ထားသည်မှာ–

ဧယျာပူရ ပဗ္ဗတညို့မှိုင်း စစ်ကိုင်းဘက်တောင် ထွင့်ခေါင်ချောင်တွင် ထွင့်ခေါင်ဆရာတော်ဘုရားနှင့် ဗန်းမော်ဆရာတော်ဘုရားတို့ နှစ်ပါးမွေ့လျော် စံပျော်သီတင်းသုံးကြစဉ်အခါ ထွင့်ခေါင်ဆရာတော်ဘုရားကြီးကို အသီးသီးသော သီလရှင်ကြီးငယ် အသွယ်သွယ်တို့သည် ဖွယ်ရာကောင်းမွန်သော ဘောဇဉ်, ချိုချဉ်မပျက် လက်ဖက် ဆေးကွမ်းတို့ဖြင့် လှူဒါန်းမပြတ် ဝပ်ပြု၍ ကပ်ကြကုန်၏။ ထိုအခါ ဗန်းမော်ဆရာတော်ဘုရားသည် ထွင့်ခေါင်ဆရာတော်ဘုရားအား ကျီစားလိုသော အမှတ်ဖြင့် စာကပ်၍ထားသည်မှာ... "စိတ်ပုတီးရယ်နှင့်၊ ရိပ်မှီးတဲ့ထွင့်ခေါင်၊ ဦးရေညို သီလချောရယ်နှင့်၊ တောခိုသည့်ချောင်..."ဟု ကျောင်းနံ့ဘေးတွင် စာရေး၍ ကပ်ထားသည်။ ထွင့်ခေါင်ဆရာတော်ဘုရားက တွေ့ရှိ၍ ဖတ်မိသည်နှင့် ဇကန္တ မောင်ပဏ္ဍိရေးမည် အတွေးနှင့် သိတော်မူသည်ဖြစ်၍ "မေးစစ်ရန်ရှိသည် မောင်ပဏ္ဍိကို ခေါ်ချေ"ဟု ခိုင်းစေသဖြင့် သွား၍ပင့်ရာ ရောက်သောအခါဝယ် ထွင့်ခေါင်ဆရာတော်ဘုရားက မေးသည်မှာ–

ဗန်းမော်ဆရာတော် မောင်ပဏ္ဍိ မင်းရေးသည့်စာ မဟုတ်လော၊ မယ်သီလချောချောနှင့် တောခိုနေသည့်အဟန် ကြံဖန်၍ရေးသည်ကို ကျောင်းနံ့ဘေးတွင် တွေ့ရှိသည်မှာ "စိတ်ပုတီးရယ်နှင့်၊ ရိပ်မှီးတဲ့ထွင့်ခေါင်၊ ဦးရေညို သီလချောရယ်နှင့် တောခိုသည့်ချောင်" ဤကဲ့သို့ ပြောင်လှောင်၍ တောင်တောင်–မြောက်မြောက် ရောက်ရောက်ရာရာ တွေ့သည့်စာမှာ မင်းရေးတာ ဟုတ်မဟုတ် မေးမြန်းစိစစ်သောအခါ အမှန်ပင် ဖြစ်ပါကြောင်းနှင့် ပြန်ပြောင်းလျှောက်ထားလေရာ၊ ဗန်းမော်ဆရာ မောင်ပဏ္ဍိ၊ ငါ၏ အသရေဂုဏ် အလုံးစုံသော သမာဓိတရားများကို ပျက်ပြားစေလိုသော ဆန္ဒကြောင့် "သီလရှင် ချောချောနှင့် တောခိုသည့် ထွင့်ခေါင်"ဟု အပြောင်တိုက်ကျော်ကြားသဖြင့် စော်ကားချက် လွန်သည်ဟု မြည်တွန်ဆုံးမသောအခါ...

ဗန်းမော်ဆရာတော်က မှန်လှပါ တပည့်တော်သည် အရှင်ဘုရားကို ဝံ့စားရောင့်တက်၍ အပြက်အချော် မလျော်သည့်စာမျိုးကို ရေးသားဝံ့မည်မဟုတ်ပါ။ ထိုစာ၌ သဘော "သီလချောနှင့် တောခိုသည့် အရပ်မှာ" အရှင်ဘုရား၏ သီလတော်သည်

www.burmeseclassic.com

www.burmeseclassic.com



မသင့်မလျော်သော အပြစ်ဘေးနှင့် အညစ်အကြေးမရှိ၊ ပကတိစင်ကြယ်သောကြောင့် ချောမောပြေပြစ် အဆစ်အဖုကင်း၍ သန့်ရှင်းသော သီလချောနှင့် တောခိုသည့်ချောင်ဟု ကောင်းအောင် သဘောထား၍ ရေးသားသောစာ ဖြစ်ပါကြောင်းနှင့်ပြန်ပြောင်း လျှောက်ထားလေသော် ထွင့်ခေါင်ဆရာတော်က ဇန်းမော်ဆရာတော် မောင်ပဏ္ဍိ-ဉာဏ်ရှိတိုင်း မင်းပြောသည်။ သဘောထား နှလုံးသွင်းရေးရင်းက သည်ကိုရည်၍ မင်းရေးသည် ကေန်မဟုတ်ဟု မိန့်ထုတ်သည့် စကားအထူးကို ကြားဖူး၍ အတုခိုးရာ သူ့ရေးမှ တပည့်တော် ရပါသည်ဘုရားဟု လျှောက်ထားလေသော်ဆရာတော်လေးပါးတို့သည် ကျီစားရယ်မော၍ အုန်းတောအရပ်သို့ ကြွတော်မူလေကုန်၏။

---

## ၂၄-"ဥဩတွန်ခါ၊ သာသနာ, ရောင်ဝါနေသို့ ထွန်းလတ္တံ့."ဟူသော တဘောင်စကားကို ဖြေကြားတော်မူပုံ

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားသည် အထက်မန္တလေး ရတနာပုံ ရာဇဓာနီ မင်းနေပြည်ကြီးမှ အသီးသီးသော တပည့်တပန်း ရဟန်းပရိသတ်များစွာ နောက်ပါအသင်းအပင်းတို့နှင့် စုန်ဆင်းကြွမြန်းတော်မူခဲ့ရာ ကုသိမရဋ္ဌ မဏ္ဍလရန်နီမ် မြို့ပုသိမ်၌ တည်ငြိမ်ခေတ္တ ညီမျှသီတင်းသုံးတော်မူသောအခါ ဒွါရဝါဒီအသင်းက ပြောခြင်း ဆိုခြင်း လျှောက်ထားခြင်း၌ ရဲတင်းဝံ့ဝံ့ မတွန့်မတို ပြောဆိုတတ်သူ ဒါယကာတစ်ဦးသည် အထူးသဖြင့် မိမိတို့ဆရာ ဦးဥက္ကံသ၏ဂုဏ် အလုံးစုံသော ကျက်သရေမင်္ဂလာ အဖြာဖြာတို့ကို တစ်ခါတည်း မြှောက်ကော်လျက် ထုတ်ဖော် လျှောက်ထားမည်ဟူသော အကြံနှင့် ဆရာတော်ဘုရားအထံသို့ လာရောက်၍စကား ကျယ်ချဲ့ ဖွဲ့နွဲ့ပြောဆိုသည်မှာ-

မှန်ပါ တပည့်တော်များ၏ ကျေးဇူးရှင်ပုဂ္ဂိုလ် အုတ်ဖိုဆရာတော် ဦးဥက္ကံသသည် သာမညမဟုတ်ပေ။ တနင်္ဂနွေသား ဖြစ်ပါသည်။ တနင်္ဂနွေ၏ အကြောင်းခံမှာ နေဗိမာန်သည် "ပဘံ ကရောတီတိ ပဘင်္ကရော"ဟူသော ဝစနတ်အရ သဟဿ ရောင်ခြည်တစ်ထောင်ကို ယူဆောင်သိမ်းကျုံး၍ အလုံးစုံသော အမိုက်တိုက်ကို ပယ်ဖျောက်လျက် ထွန်းထောက်နိုင်သော ဂုဏ်နှင့်ပြည့်စုံသော ဂြိုဟ်မင်းဖြစ်ပါသည်။ ဤမျှသာ မဟုတ်ပါသေး၊ ရှေးရှေးသော လောကီကိန်းခန်း ဆေးကျမ်း, ဓာတ်ကျမ်း, နက္ခတ်ကျမ်းနှင့် လုပ်ရတ်လမ်းတစ်ခွင် ဗေဒင်ကျမ်းအရပ်ရပ်တို့ကို ဆုံးဖြတ်စီရင်

www.burmeseclassic.com

www.burmeseclassic.com


ကြသည်မှာလည်း ထိုတနင်္ဂနွေပြိဟ်မင်းကို အရင်းမူလ ပဓာနပြု၍ ရေးသားကြပါသည်။ ထို့ကြောင့် တပည့်တော်များ၏ ကျေးဇူးရှင်ပုဂ္ဂိုလ် အုတ်ဖိုဆရာတော် ဦးဥက္ကံသသည် ကုသိမ မဏ္ဍလ ဟသ်ာတသို့ မရောက်မကြွမီ ရှေးအဖို့က လူတကာတို့ ပြောကြဆိုကြသော ကောလာဟလအယောင် တစ်ဘောင်စကား ထင်ရှားဖြစ်ပေါ်လာသည်မှာ...

"ဥသြတွန်ခါ သာသနာ, ရောင်ဝါနေသို့ ထွန်းလတ္တံ့."ဟု ပြောဆိုလျက် တဘောင်နိမိတ်ကို အတိတ်ကောက်ယူကြပါသည်။ ဥသြဟူသော တနင်္ဂနွေသား ပုဂ္ဂိုလ်သည် တရားတည်းဟူသော အသံကိုတွန်၍ သာသနာအမွန် တစ်ကျွန်းချဉ်းအောင် ထွန်းလင်းတောက်ပလိမ့်မည်ဟု ကောက်ယူကြသည်နှင့်အညီ ဤကုသိမရဋ္ဌ မဏ္ဍလနယ်ပေါ်သို့ ဆရာတော် ဦးဥက္ကံသ ကြွရောက်ရန် သက်သက် ပေါ်ထွက်လာသော တဘောင်ဖြစ်သည်ဟု တပည့်တော်များ ထင်သည်နှင့် အရှင်ကိုဖော်ထုတ်၍ ဟုတ် မဟုတ် သိရအောင် လျှောက်ပါသည်ဘုရားဟု ဝပ်တွား တောင်းပန်သောအခါ သင်္ဂဇာဆရာတော်ဘုရားက စဉ်းစားတော်မူသည်မှာ...

ဤ ဒါယကာသည် ဒွါရဝါဒီ အသင်းသားဖြစ်၍ သူတို့ဆရာ ဦးဥက္ကံသ၏ ဂုဏ် အလုံးစုံကို အကုန်ထင်ရှားအောင် ငါ့အား လျှောက်မည်လာချေသည်ဟု အတည်တကျ သိတော်မူ၍ "ဒါယကာ သင် ယခု လျှောက်သော တဘောင်ကို ဆုံးအောင် မရပြီလော"ဟု မေးတော်မူလေ၏။ ထိုအခါ ဒါယကာက မရကြောင်း လျှောက်လျှင် သင်္ဂဇာ ဆရာတော်ဘုရားကြီးက မြွက်ကြား မိန့်ဆိုတော်မူသည်မှာ ဒါယကာ ဆုံးအောင်မရလျှင် ငါရွတ်၍ပြမည် တဘောင်အရ အဓိပ္ပာယ်ကို နားဝယ် ကြပ်ကြပ် တံဆိပ်ခတ်သို့ မှတ်၍နာလော။

ဥသြတွန်ခါ၊ သာသနာ၊ ရောင်ဝါနေသို့ ထွန်းလတ္တံ့။
ဥသြငှက်ယုတ်၊ ဂဠုန်သုတ်၊ ငုတ်တုတ်ဓိဝိန် ကြွေလတ္တံ့။

ဤကဲ့သို့ ငါတွေ့ဖူးသည်"ဟု မိန့်တော်မူလျှင် လျှောက်တင်သူ ဒါယကာသည် ငါတို့စာကို လွှမ်းမိုးအောင် တစ်မျိုးကြံ၍ ဖြေသည်ဟုသိ၍ စဉ်းစားမိသည်နှင့် တစ်ပြိုင်နက် ရုတ်တရက် ထပြီးလျှင် ဦးချ၍ ပြန်လေသတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၂၅–မနေ့ကတော့ရောင်၊ ပိန္နဲပင်ထောင်ခါမှ၊ ခေါင်းပြောင်ရသလေး” ဟူသော ဥပမာဒိုချင်းနှင့် လိုရင်းကို သိရအောင် မိန့်ဆိုခြင်းအကြောင်း

အခါတစ်ပါး သင်္ဂဇာ ဆရာတော်ဘုရားသည် ကြီးမားသော သာသနာဝန် ဆောင်ရွက်လျက် ရောင်ခြည်တစ်ထောင် ဆောင်သော နေမင်းကဲ့သို့ ထွန်းလင်း တောက်ပရန် အကျိုးကို မျှော်ကိုးအားထား၍ များစွာသော ရဟန်းပရိသတ်အပေါင်း ခြံရံလျက် အတန်တန်သော မြို့ပြခရိုင် နိုင်ငံအရပ်ရပ်သို့ လှည့်ပတ်ပြီးကာ သာသနာ ပြု ကြွတော်မူခဲ့ရာ ဟင်္သာတမြို့၌ ခေတ္တ သီတင်းသုံးတော်မူခိုက် မြို့အုပ်ကတော် တစ်ယောက်သည် ချီးမြှောက်လှူဒါန်းဖွယ် ဝတ္ထု အစုစုများနှင့် ဆရာတော်ဘုရားသို့ ချဉ်းကပ်လျက် လျှောက်ပတ်ရိုသေစွာ ညွှတ်တွားပြီးလျှင်–

### မြို့အုပ်ကတော် လျှောက်ထားမှု

“အရှင်ဘုရား–အရှင်ဘုရားသည် တပည့်တော်မများအရပ်သို့ ကြွရောက်၍ ချီးမြှောက်သမှု သာသနာပြုသည်မှာ ယခု တပည့်တော်မများ အားပါးရရ ဝမ်း မြောက်လှပါသည်။ အရှင်၏ တရားတော်များကို မှတ်သား၍ အရှင်ဘုရား မျက်နှာတော်ကို ဖူးမြော်ရသဖြင့် သဒ္ဓါပသန္နတရား တိုးပွားဖြစ်ထွန်းလာ၍ များစွာ ကြည်ညိုပါသည်။ တပည့်တော်မများ၏ ဆရာဖြစ်သော ကျေးဇူးရှင် ပုဂ္ဂိုလ် အုတ်ဖိုဆရာတော်ဘုရားကြီးကိုလည်း အသီးသီးအဝဝ ဝိဝေသ လွန်ကျူးလျက် အထူးပင် ကြည်ညိုပါသည်၊ ထိုထိုအရပ် ဌာနဌ္ဌိရှိကြသော သံဃာတော်အများကို အားထား ကြည်ညိုသည်ထက် အရှင်ဘုရားနှင့် အုတ်ဖိုဆရာတော်ဘုရား ထိုနှစ်ပါး ကို သဒ္ဓါတရား အားကြီး၍ အသည်းအသန် ကြည်ညိုကြောင်း လျှောက်ထားသော အခါ အုတ်ဖိုဆရာတော် ဦးဥက္ကံသကို မချန်မလှပ်ဘဲ ထပ်ကာထပ်ကာ လျှောက်ထား တိုင်းပါလေ၏။

### သင်္ဂဇာဆရာတော်၏ မိန့်ကြားချက်

ထိုအခါ သင်္ဂဇာ ဆရာတော်ဘုရားက၊ ဒါယိကာမ မြို့အုပ်ကတော် လျှောက် တင်သောစကားသည် “မနေ့ကတော့ရောင်၊ ပိန္နဲပင်ထောက်ကာမှ ခေါင်းပြောင်ရ သလေး”ဟူသော ရှေးပမာဒိုချင်းနှင့် လိုရင်းအဓိပ္ပာယ် တူချေတော့သည်ဟု မိန့်

www.burmeseclassic.com

www.burmeseclassic.com



တော်မူလေသော် မြို့အုပ်ကတော်က မိန့်တော်မူသော ဥပမာကို ကရုဏာရှေ့ထား သဖြင့် ဟောကြားတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ပန်လေလျှင် သင်္ဂဇာဆရာတော်ဘုရားက ဥပမာစကားဖြင့် မိန့်ကြားတော်မူသည်မှာ…

## သင်္ဂဇာဆရာတော်၏ မိန့်ကြားချက်

ရှေးသရေအခါ ဒါယိကာမတစ်ယောက်သည် ဖောက်ပြားသောစိတ် ရှိသဖြင့် မိမိ၏ ကာမပိုင်မှတစ်ပါး အခြားသောယောက်ျားနှင့် ပျော်ပါးဆက်ဆံ ဖန်ဖန်မွေ့လျော် ကျူးကျော်နှင်းဖောက်၍ သယောက်အမြှောင်ထား၏။ ထိုလင်ငယ်ယောက်ျား သယောက်အားလည်း များစွာစုံမက် ချစ်နှစ်သက်သဖြင့် ကြင်ဖက်လင်ကြီး ခရီးဝေးကွာ တစ်ပါးသော ရပ်ရွာသို့ သွားလေသည်အခိုက်တွင် အိမ်၌ပျော်ပါး မတရားသောအမှုကို ပြုကျင့်ပြီးနောက် သယောက်အမြှောင်အား စားသောက်စေလိုသော ဆန္ဒ ဗလဝစေတနာ လွန်စွာအားကြီး၍ တားဆီးခြင်းငှာ မတတ်သာရကား မိမိတို့ သားမွေးဖွားစ ငယ်ရွယ်စဉ်အခါ မကျန်းမာ၍ ယတြာကိန်းခန်း လောကီကျမ်းအထွက် အသက်၏အန္တရာယ် ကာကွယ်စောင့်ရှောက်ရန် အရေးနှင့် ခမဲပေးကြက်ကို သတ်ဖြတ်ရိုက်ပုတ် ချက်ပြုတ်ကြော်ကင်၍ ငယ်လင်ယောက်ျား သယောက်အားကို စားပါသောက်ပါ လွန်ကဲသောသဒ္ဓါနှင့် အခါခါ တိုက်တွန်းကျွေးမွေးလေ၏။

ထိုအခါ သယောက်ယောက်ျား လူမတရားလည်း သူတစ်ပါးမမြင်အောင် ခြင်ထောင်အတွင်း ကြက်သားဟင်းနှင့် ထမင်းကို စားသောက်ရာ ပါလာသော အရိုးတို့ကို အမျိုးမျိုး ရွေးချယ်၍ အသွယ်သွယ် ပစ်သော်လည်း မှေးညစ်မိုက်မှောင် ခြင်ထောင်အတွင်း အလင်းကိုမရသဖြင့် ထက်လှသော ကြက်ရိုးသည် ထိုးဖောက် ကန့်လန့် လည်ချောင်းတွင် တန့်ပြီးလျှင် ကြဲ့ကြဲ့ခိုင်မာစွာ နေလေရာ ငယ်လင် ယောက်ျား သယောက်သားအား သနားမကုန် မေတ္တာဟုန်ကြောင့် ကြံပုံမယွင်း လည်ပင်းကိုကြိတ် လက်နှင့်နှိပ်က အဆိပ်ရှိကြက်ရိုးသည် ပေါက်လျှိုးခွင်းထွက် သဖြင့် အသက်ဆုံးရှုံးခြင်းသို့ ရောက်လေ၏။

## ဒါယိကာမ၏ အကြံ

ထိုအခါ ဒါယိကာမ အကြံဖြစ်သည်မှာ ငယ်ချစ်လင်ကြီး လာချိန်နီးသဖြင့် သေပြီးရုပ်ကောင် နောက်အမြှောင်ကို ခြင်ထောင်မှပွေ့ထုတ်၍ ရတ်တရက် ဗျာကရာ သင်ဖျာရိုင်စုတ်တို့ဖြင့် ဖုံးအုပ်ဖိဝှက်မှ အမျက်ကင်းလွတ်မည်ဟု ကြံ

www.burmeseclassic.com

www.burmeseclassic.com


စည်စည်းစား၍ ကွယ်ထောင့်သော တံခါးအနီးတွင် ငုတ်တုတ်ကြီး ထိုင်ထားလျက် စောင့်စားငံ့မျှော်၍ နေလေ၏။

လင်ကြီးသည် ညချမ်းအခါ အရပ်တစ်ပါးမှ ပြန်လာသဖြင့် မာယာဝက်ဝုတ် ပြုလုပ်လှည့်ဖြား၍ မယားက ပြောဆိုသည်မှာ "မောင်၊ ငါတို့အရပ်မှာ ညဥ့်အခါ၌ များစွာခိုးယူ ပူသည့်အတွက် လက်နက်ကိရိယာ ကိုယ်မှာဆောင်ထား၍ သတိတရားနှင့် အိပ်ပါဟု ပြောဆို၏။ ထိုအခါ ယောကျ်ားက "မပူနှင့်ရှင်မ၊ ကြောင့်ကြ၍မစိုးနှင့် သူခိုးလာခဲ့လျှင် ဗျာကရာလက်ကုတ်၍ ရတ်တရက်သာနှိုး ငါလုံနှင့်ထိုးမည်"ဟု မှာထားလျက် လင်ယောကျ်ားသည် အိပ်ပျော်လေ၏။ အိပ်၍အပျော် သန်းခေါင်ကျော်အချိန်ကျလျှင် မိန်းမက အသာနှိုး၍ တိုးတိုးကလေး ပြောကြားသည်မှာ "မြင်ရဲ့လား မောင်၊ တံခါးကွယ် ဟိုအတွင်းမှာ လက်ငင်းငုတ်တုတ် ခိုးသူကြီး မဟုတ်လော"ဟု ဆိုပြောညွှန်ပြသောအခါ အပါး၌ရှိသော လှံကိုဆွဲယူ၍ ခိုးသူဟူသော အမှတ်နှင့် ခါးစပ်၏အထက်သို့ အချက်ကျ လှံနှင့်ထိုးလေသော် တိတ်တိတ်ခိုး လင်ငယ်သည် တိမ်းဖယ် လဲမှောက် ဦးစောက်ကျွမ်းပြန် ပက်လက်လန်၍ ကျမည်ရှိရာ ယုတ်မာသော သူခိုး နင် ဓားက်ထိုးသွားရော့ဟု မယားက ခြေနှင့်ကန်၍ အမြန်တွန်းချလိုက်ပြီးလျှင် လင်နှင့်မယား စကားနှီးနှော ပြောဆိုတိုင်ပင်ကြသည်မှာ–

## သူသေကို ပိန္နဲပင်၌ ထောင်ထားပြီ

"ငင်းသူခိုးကို မောင်က လှံနှင့်ထိုးသည်ဟု သိက အစိုးရအပြစ်နှင့် မေးစစ်ခြင်းကို ခံရမည်။ တို့အိမ်၏အပါး သူသေကိုမထားနှင့်။ လင်မယားနှစ်ယောက် အပြစ်ကင်းဖို့ ကျောင်းတွင်းက ပိန္နဲပင်၌ ခုအလျှင် ထောင်၍ထားမှ ငါတို့အား အေးမည်"ဟု ဆွေးနွေးညီညွတ်ကြပြီးလျှင် ထိုသူသေကို ယူငင်၍ ပိန္နဲပင်တွင် ထောင်ထားခဲ့ပြီး လင်မယားနှစ်ယောက် ပြန်သွားကြလေ၏။

## ဖိုးသူတော်၏အကြံ

ကျောင်းခွေးများ ဟောင်သောကြောင့် ကျောင်းတောင်က ပိန္နဲပင်သို့ လှဝင်၍ ကပ်ပြီးလျှင် အရပ်က လူဆိုးတို့ ပိန္နဲသီး ခိုးလာမည် ငါထင်သည်ဟု ဘုန်းကြီးက ပြောသော် ဘိုးသူတော်နှင့်အတူ ဆင်း၍ ပိန္နဲပင်ရင်းသို့ ကြည့်ရာ လရောင်ဝါကလည်း မသာတစ်ချက် သာတစ်ချက်မို့ ခိုးဝှက်မည်ကေန်ဟု အဝေးက တုတ်

www.burmeseclassic.com



နှင့်ပစ်လျှင် သစ်ပင်၌ ထောင်ခဲ့သော သူ့သေလဲ၍ မြေကြီးသို့ တုံးလုံးကျသွားတော့သည်။ အနီးသို့ ကပ်၍ကြည့်သောအခါ တုတ်ဒဏ်ရာ အနာတရနှင့် အနိစ္စရောက်သည်ဟု တွေးတောဆင်ခြင်လျက် လူမြင်လျှင် ရာဇဝတ်မကင်း ရှိချေမည်ဟု လူ့သေကို ခေါင်းရိတ်၍ တိတ်တဆိတ် ယခု အာဂန္တုဘုန်းကြီးပျံ ဟန်ဆောင်မှ လျော်မည်ဟု ဘိုးသူတော်က စဉ်းစားပြီး ဇရပ်ပေါ်မှာ အလောင်းပြင်ပြီးလျှင် ခေါင်းသင်ရန် လှူကြပါဟု လူလာတိုင်း ပြောဟော၍ စောစောက နေနှင့်လေ၏။

## ငိုချင်းချပြီ

ထိုအခါ အမြှောင်ယောကျ်ား သယောက်ထားသော မိန်းမသည် မကြည်မသက်ရွာမှထွက်၍ နံနက်အလင်း ကျောင်းရေတွင်းသို့ ရေခပ်ရင်း သတင်းနာမည်ဟု မသာသော စိတ်လက်နှင့် ရုတ်တရက် လာခဲ့သော် ဇရပ်ပေါ်မှာ ဘုန်းကြီးပျံ ရှိသည်ဟု ကြားရသည်နှင့် သွားရောက်ကြည့်ရှုရာ ညဦးကထားခဲ့သော လင်ငယ်၏ အလောင်းကို စောင်းကာရှုကြည့် သေအချာသိသဖြင့် မချိသည့်အတွက်ကြောင့် ခပ်ဖွဖွက် ငိုသည်မှာ "အမယ်လေး မနေ့ကတော့ရောင် ပိန္နဲပင်ထောင်ခါမှ ခေါင်းပြောင်ရသလေး" စသည်ဖြင့် အသံရှည်ရှည်ဆွဲ၍ ငိုချင်းချလေ၏

ထိုအခါ ဘုန်းကြီးက အကြားကပ်သဖြင့် ကြားဖြတ်၍ ဆိုသည်မှာ "ဟေ့ ဒကာမ နှင့်လင်၏အလောင်းကို အကြောင်းပါချဲ့ပြီးလျှင် ဖွဲ့နွဲ့၍ငိုချင်ငို၊ နင့်လင်သေငိုတဲ့အထဲမှာ ငါ့ပိန္နဲပင် မပါစေနှင့်"ဟု ဆိုသတဲ့ မြို့အုပ်ကတော်ရဲ့။ ဤကဲ့သို့ အမိန့်ရှိသဖြင့် စကားအဆုံး၌ အားလုံးသော ပရိသတ်အပေါင်းတို့သည် သောင်းသောင်းအုတ်အုတ် များစွာ ရယ်မောကြ၍ တသောသော နေလေကုန်၏။

ထိုအခါ မြို့အုပ်ကတော်သည် မြော်ခေါ်စဉ်းစားလျက် အုတ်ဖိုဆရာတော်ဘုရားကို မြောက်များအံ့ဩ ပြောလိုပြော ဆိုလိုဆို၊ ငါ့ကိုဖြင့် မထည့်ပါနှင့်လို့ ဥပမာ ဥပမေယျ စပ်ဟပ်၍ အတပ်ငါ့ကို ပြောဆိုလိုသော အဓိပ္ပာယ်ပါကလားဟု စဉ်းစားတွေးတောမိသဖြင့် ဒေါသ၏အထွက်နှင့် အမျက်ထားလျက် ဆရာတော်ဘုရား၏ အထံမှ အမြန်ထ၍ ခဏချင်း အိမ်သို့ပြန်လေ၏။ အိမ်ရောက်သောအခါ "သင်္ဂဇာ သင်္ဂဇာနှင့် ဘာစောက်သုံးမှ မကျဘူး၊ ကြည်ညိုသမျှ အလကား"ဟု ပြောကြားသည့်အချက် ဆရာတော်ဘက်က ဒကာများ ဆတ်ဆတ်ကြားသဖြင့် သင်္ဂဇာ ဆရာတော်ဘုရားအား လျှောက်ထားကြသည်မှာ... အရှင်ဘုရား အရှင်ဘုရားကို မြို့အုပ်ကတော်က ဆိုသည်မှာ "သင်္ဂဇာ သင်္ဂဇာနှင့် ဘာစောက်သုံးမှ

www.burmeseclassic.com

www.burmeseclassic.com



မကျ”ဟု ကဲ့ရဲ့စကားဖြင့် ပြောကြားသော အဖြစ်သည် စင်စစ်မှန်ကြောင်းကို ပြန်ပြောင်း၍ လျှောက်၏။

ထိုအခါ သင်္ဂဇာ ဆရာတော်က “မြို့အုပ်ကတော်သည် ယိမ်းပရိတ်အသင်းသားဟု ထင်ရှားသိပြီး ဖြစ်ရကား ဒကာများတို့ ထိုမိန်းမသည် သာမညမဟုတ် လောကုတ်, လောကီ နှစ်လီနှစ်ဝ နှစ်ဌာနတို့၌ ဂမ္ဘီရတိက္ခ ဇဝနဉာဏ်နှင့် အမှန်ပြည့်စုံသော မိန်းမဖြစ်သည်။ လျှောက်လာသော ဒကာမှာ မင်းဘာမျှမသိ၊ ငါသည် စောက်သုံးမကျ၍ ဤကဲ့သို့ အမြို့မြို့အရွာရွာ အရပ်တကာလှည့်ပြီး မသိသောသူများကို သိအောင် ကရုဏာ ရှေ့ဆောင်၍ နားလည်အောင် တရားဟောနေသည်။ စောက်သုံးကျက ထိုထို ဤဤ အရပ်သို့မလည်ဘဲ ငယ်ရွယ်သူ မိန်းမနိုပ်တို့နှင့် ယိမ်းပရိတ်ထောင်ပြီး ကနေမှာပဟု အမိန့်တော်ရှိသောအခါ များစွာသော ပရိသတ် အရပ်ရပ် လူအပေါင်းတို့သည် မြေစောင်းမတတ် ပွဲတင်ခတ်အောင် ရယ်မောကြလေကုန်သတည်း။

**အထူးသတိပြုရန်** – သင်္ဂဇာ ဆရာတော်ဘုရားကြီးအား တရားဟောရာ ဓမ္မာသနပလ္လင်ဝယ် ဝိညာဏ်နာမ်ရုပ် ကင်းပြတ် ပြတ်ကြေရန် မသူတော်တို့ ဉာဏ်ဖြင့် ကြံဖန်အားသစ်၍ သေနတ်နှင့်ပစ်သော အခြင်းအရာများကို နောက်၌ အထင်အရှား ရေးသားဖော်ပြပါလတ္တံ့။

---

## ၂၆ မင်းနန္ဒာ ရှင်မွေးလွန်းတို့ စကားစပ်တွင် အများမှတ်လောက်အောင် ထုံးပြလျက် ဆုံးမတော်မူခြင်း

တစ်ရံရောအခါ သင်္ဂဇာဆရာတော်ဘုရားသည် ရန်ကုန်မြို့မှ သန်လျင်ဘက်သို့ရောက်၍ ကျိုက်ခေါက်ဘုရား ကုန်းပေါ်၌ ခေတ္တသီတင်းသုံးတော်မူရာတွင် သန်လျင်မြစ်ဆိပ် ကမ်းထိပ်အနီးက ကုန်သည်ကြီး ဦးသာအောင်သည် နောက်နောင်စဉ်လာ မှတ်ရာမှတ်ကြောင်း ကောင်းသောနည်းလမ်း ကျမ်းဂန်ဝိနိစ္ဆယ ဖြစ်ကြစေခြင်းအကျိုးငှာ သင်္ဂဇာဆရာတော်ဘုရားအား လျှောက်ထားသည်မှာ... အရှင်ဘုရား ဥက္ကလာပမင်းကြီး၏ သားတော် မင်းနန္ဒာနှင့် သန်လျင်မင်း၏ သမီးတော် ရှင်မွေးလွန်းတို့ သွန်းချရေစက် ပန္နက်သစ္စာ သံသရာက ပါကြသည်အတွက် စုံမက်ချစ်ခင်ကြသည့်အရာမှာ... မင်းနန္ဒာ သေလွန်သောအချက်ကို သန်လျင်ဘက်က

www.burmeseclassic.com

www.burmeseclassic.com



ရှင်မွေးလွန်း မင်းသမီး ကြားသည်နှင့်တပြိုင်နက် အသက်သေဆုံးကြောင်း၊ ၎င်းမင်းနန္ဒာ ရှင်မွေလွန်းတို့ကို သင်္ဂြိုဟ်သောအခါ ကောင်းကင်မှာ ချစ်စနိုး၍ မိုးခိုးချင်း ပေါင်းဆုံကြသည်ဟု သူက ငါက ပြောဆိုကြပါသည်။ ပြောဆိုကြသည့် အတိုင်းလည်း သမိုင်းရာဇဝင်များ၌ တွေ့ရှိဖူးပါသည်။ ထိုစကားများသည် ဘုရားဟော ကျမ်းဂန်နှင့် ညီ–မညီကို အတည်တကျသိရအောင် ထုတ်ပြဟောကြား တော်မူပါ ဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မြွက်ကြားတော်မူသည်မှာ...

## မာတုဂါမလေး၏ ဖြစ်ပုံ

ဒါယကာကြီး... ဤ မင်းနန္ဒာ ရှင်မွေးလွန်းကဲ့သို့ ရာဂမီး လောင်တောက်၍ နှစ်ယောက်အတူ သေကြသည့်အရာသည် များစွာ ကျမ်းဂန်၌ လာရှိသည်ပင်ဖြစ် သည်။ လာရှိသော အကြောင်းမှာ... ရှေးသောအခါ အရှည့ဝါသီ ဖြည့်ညီမိုရင်း တောတွင်း ရဟန်းငယ်တစ်ပါးသည် အနီးအပါးဖြစ်သော ဇနပုဒ်တစ်ရွာသို့ ကြွလာ ဆွမ်းရပ်လေသတည်း။ ထိုအခါ ဆွမ်းခံရွာ၌ မာတုဂါမလေးတစ်ဦးသည် မတွေ့ဆုံဖူးသော ရဟန်းငယ်၏ တင့်တယ်လှပသော အဆင်း၌ တပ်မက်ခြင်းရာဂ ပူပန်လှသောကြောင့် ဒုက္ခထန်ပြင်းလျက် အိမ်တွင်းသို့ ဝင်လေ၏။ တောကျောင်း ပုဂ္ဂိုလ် ရဟန်းပျိုလည်း ထိုရွာ၌ ဆွမ်းခံ၍ ကျောင်းသို့ ပြန်သွားလေလျှင် ယခင် မာတုဂါမကလေးသည် ပူဆွေးခြင်းတရား လောင်သောအားဖြင့် မစားအစာ ကိုယ်မှာပိန်ချုံး၍ လူလုံးမလှရှိသောအခါ နှစ်ဖြာမိဘ မြင်ကုန်ကြ၍ ချစ်လှသော သမီးအား အနည်းနည်းစစ်ဆေး၍ ဤသို့ မေးမြန်းကြသည်လေ၏။

"ချစ်သမီး–သားရေလိုပိန် ညှိုးမှိန်ဒုက္ခ သင်ဖြစ်ရခြင်းမှာ အကြောင်းဘယ်သို့ ရှိသနည်း။ မိဘနှစ်ပါး ငါတို့အားကို ပြောကြားပါလော့။ လိုသောဆန္ဒကို တစ်ဝ တည်း ကုံလုံ၍ ပြည့်စုံစေမည် သမီး"ဟု အကြိမ်ကြိမ်အဖန်ဖန် အတန်တန်သော နေ့ရက် ဆက်လက်မေးမြန်း စုံစမ်း၍မရ နောက်ဆုံး တစ်ရက်သို့ကျသော် မိဘတို့ မေးဖန်များသဖြင့် စကားဤသို့ ဆို၏။ "အို... မိခင်ဖခင်တို့၊ သမီး ဒုက္ခရောက်ရ သည်မှာ ကိစ္စတစ်ပါး တခြားမဟုတ်၊ ဤဇနပုဒ်ရွာသို့ ဆွမ်းခံလာသော ရဟန်း ငယ်၌ ငြိတွယ်တပ်မက် နှစ်သက်အားကြီး၍ သည်းစွာဒုက္ခ ရောက်ရပါသည်"ဟု ပြောဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိနှင့်ဖတို့က မကြောင့်ကြနှင့်သမီး။ ကိစ္စပြီးအောင် ခရီးလမ်းက စောင့်လျက် လူထွက်အောင် လျှောက်ထား၍ သမီးအားပေးမည်ဟု ဝန်ခံပြီး အရံသင့် ဆွမ်းခံလမ်းက ရဟန်းငယ်ကို စောင့်၍ မျှော်လင့်၏။

ထိုအခါ တော၌မွေ့လျော် ရဟန်းတော်သည် ရွာပေါ်ကဆွမ်းခံ တောကျောင်းသို့ အပြန်တွင် အကြောင်းခံဖြစ်သမျှ သမီး၏ကိစ္စကို အရှင်မှ မငဲ့ကွက်လျှင် သမီး အသက်ဆုံးရပါတော့မည်၊ သမီးကို စုံဖက်၍ လူထွက်တော်မူပါဘုရားဟု လျှောက်ထားသောအခါ ဘာမဟုတ် စက်ဆုတ်ဖွယ်ရာတကားဟု စကားမပြော တုဏှိဘောနှင့် တောတွင်းသို့ ဝင်လေလျှင် ဖခင်ဖြစ်သူသည် အိမ်သို့ပြန်၍ ငြင်းဆန်ပယ်ဖျက် မစုံမက်၍ လူမထွက်နေပြီဟူသော စကားကို သမီးအား ပြန်ပြော လျှင် ပြောသည်နှင့် တစ်ပြိုင်နက် အသက်ချုပ်ဆုံးလေသတည်း။

## ရဟန်းငယ်လေး၏ အပြစ်

ထိုအခါ မိခင်ဖခင် နှစ်ယောက်တို့သည် ဆုံးပျောက် ကွယ်လွန်သော သမီး၏ ဈာပနကိစ္စ၌ ယခင် ဆွမ်းခံသော ရဟန်းငယ်၏ ဆရာတစ်ပါးနှင့် အခြားက သံဃာနှစ်ပါး၊ ပေါင်း သုံးပါးတို့ကို ပင့်၍ သရဏဂုံတင်ပြီးလျှင် သမီး၏ ဝါချည် ဖောက် ထဘီကို တစ်ပိုင်းစီ ခွဲခြမ်း၍ လှူဒါန်းလိုက်လျှင် အရှင်ရဟန်းတော် သုံးပါးတို့သည် ပြန်သွားကြ၍ ကျောင်းသို့ ရောက်သောကာလ မာတုဂါမငယ် စွဲလမ်းသော ရဟန်းကို ခေါ်ပြီးလျှင် ဆရာတော်မထေရ်မြတ်က "ငါ့ရှင်... ဤ သည်ကား သင့်အား နှစ်သက် မရသည့်အတွက်ကြောင့် အသက်ဆုံးရှုံးသော မာတုဂါမငယ်၏ အဝတ်တည်း၊ လျှော်ဖွပ်ချေ"ဟု ခိုင်းစေရာ ဝါချည်ဖောက်ထဘီကို မြင်သည်နှင့် တစ်ပြိုင်နက် အထက်ထက်က အကြောင်းကို ပြန်ပြောင်းစဉ်းစား လျှင် ငါ့အားစုံမက် ဤမျှလောက် နှစ်သက်သော မိန်းမငယ်ကို ငါ ပယ်မိသည် တကားဟု ရာဂတရား နှိပ်စက်၍ အသက်ဆုံးရှုံးရသတဲ့ ဒကာကြီး။

## မင်းနန္ဒာနှင့် ရှင်မွေးလွန်းတို့အဖြစ်

ဤကဲ့သို့ ရာဂမီး လောင်တောက်လျက် ဝါချည်ဖောက် ဥပဒါန်ကြောင့် ရုပ် သဏ္ဌာန် မမြင်ဖူးဘဲ ရင်ကွဲနာနှင့် အနိစ္စရောက်ရချေသေးသည်။ မင်းနန္ဒာ ရှင်မွေးလွန်းတို့မှာ ချစ်ကျွမ်းဝင်လျက် မျက်မြင်ဒိဋ္ဌ တွေ့ကြုံပေါင်းသင်းရဖူးသော သူများ ဖြစ်ကြ၍ ပြောပြဖွယ်မရှိ ဖြစ်တော့သည်ဒကာကြီး။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လောကထွက်ထား မြတ်စွာဘုရားသည်–

သာတံ သေဝက္ခဏော'ပ္ပံ၊ တံဟေတု အနန္တဒုက္ခံ။
ဓီရော အာသံ ဟနေ ကာမေ၊ ခုရဓာရမဓူပမေ။

## ကာမဂုဏ် ခုံမင်မှုကို ရှောင်ပါ

သေဝက္ခဏော၊ ကာမဂုဏ်ကို မှီဝဲစဉ်ခဏော၌သာလျှင်။ အပ္ပံ၊ အနည်းငယ်သော။ သာတံ၊ သာယာခြင်းလောဘ သောမနဿသည်။ အတ္ထိ၊ ရှိ၏။ တံဟေတု၊ ထို အနည်းငယ်မျှ သာယာခြင်းဟူသော အကြောင်းကြောင့်။ အနန္တဒုက္ခံ၊ အတိုင်းအရှည် မရှိသော ဆင်းရဲဒုက္ခ တွေ့ကြုံရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ခုရဓာရမဓူပမေ၊ သင်တုန်းသွား၌ ပျားရည်စက် ဥပမာရှိသော။ ကာမေ၊ ကာမရူပ–စသည်လုံးစုံ ကာမဂုဏ်တို့ကို။ ဓီရော၊ ပညာရှိသည်။ အာသံ၊ ခုံမင်ကြောင့်ကြ တောင့်တခြင်း အာသာကို။ ဟနေ၊ ပယ်ဖျောက်ရာ၏။

ဤကဲ့သို့ ဟောတော်မူသည်။ ထို့ကြောင့် မင်းနန္ဒာ ရှင်မွေးလွန်းတို့၏ ခင်မင်စုံမက် နှစ်သက်ကြသည့်အတွက် အသက်သေဆုံးကြသည်မှာ ကျမ်းဂန်နှင့် အညီပင် ဖြစ်သည်။ မိးခိုးချင်း ပေါင်းဆုံကြသည်ဆိုရာမှာ ကျမ်းဂန်လာစကားနှင့် ဝေးကွာလျက် နေရာမဟုတ် ယုတ္တိမတန် ကြံဖန်၍ ပြောဆိုခြင်းမျှသာ ဖြစ်သည်ဟု မှတ်ရာ၏။

ဤကဲ့သို့ သင်္ဂဇာ ဆရာတော်ဘုရားသည် ဦးသာအောင်အား ဟောကြားဆုံးမ ဝိနိစ္ဆယဉပဒေ ခွဲဝေညွှန်ပြလျှင် အားရနှစ်သက်၍ အတိုင်းထက်အလွန် ဝမ်းမြောက် လေသတည်း။

---

## ၂၇–"မဘုတ်ဆုံ တောင်ကိုစောင်း ဘေးသင့်အောင်ကောင်း"ဟူသော ဥပမာစကားဖြင့် ဋီကာကျော် ဝစနတ္ထကို သဘောကျအောင် မိန့်ဆိုတော်မူခြင်း

အခါတစ်ပါး သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် သာမဏေငယ် တစ်ပါး အား အဘိဓမ္မတ္ထသင်္ဂဟ မည်သော အဋ္ဌကထာလက်သန်း သဂြိုဟ်ကျမ်း၏ အဖွင့် သံဝဏ္ဏနာဖြစ်သော အဘိဓမ္မတ္ထဝိဘာဝနီခေါ် ဋီကာကျော်ကျမ်းမြတ်ကို

www.burmeseclassic.com

www.burmeseclassic.com



အစပ်အဟပ် အထွက်အကောက် မှတ်လောက်သော အဆုံးအဖြတ် ဝိနိစ္ဆယတ္ထ၊ အာစရိယဝါဒနှင့်တကွ ဋီကာက ဖွင့်ဆိုသောအရာကို အဋ္ဌကထာသို့တင်ခြင်း၊ အဋ္ဌကထာစကားကို ဘုရားဟောပါဠိနှင့် နှိုင်းညှိနှီးနှော သဘောမဆန့်ကျင်ရအောင် အာဂမဒဋ္ဌိ၊ ယုတ္တိဒဋ္ဌိ၊ နည်းမှီအားကိုး အမျိုးမျိုးသော နည်းနာနယ နီတတ္ထ, နေယျတ္ထ၊ ဝါကျပုဒ်ပါဠိ ရုပ်ဓာတ်လက္ခဏာ အက္ခရာစစ်ဆေး သဒ္ဒါရေးအလို ဝိဂ္ဂြိုဟ် ဝစနတ် ဝိကပ်ဆိုကျဉ်း၍ လိုရင်းသဘာဝ ပရမတ္ထအရာ အာဂုံအာရမ္မဏိက ကျနသိပ်သည်း မလိပ်မလည်း ပစ္စည်းပစ္စယုပ္ပန် အတန်တန်သော နယူပဒေသ ဂမ္ဘီရသဘောများကို ပြောဟောပြသ၍ ပို့ချသင်ကြားတော်မူသတည်း။

ထိုအခါ သင်္ဂဇာဆရာတော်သည် ဋီကာကျော် ပို့ချကြောင်း သတင်းစကားများကို စာသင်သားတို့ ကြားကြသဖြင့် နည်းရစေခြင်း အကျိုးငှာ လေးမျက်နှာတိုက်အပေါင်းတို့မှ သောင်းသောင်းအုတ်အာ လိုက်နာမှတ်ယူကြသည်မှာ သုံးရာကျော် လေးရာခန့်မျှလောက်ရှိ၏။ ထိုသို့ အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာကျော်ကျမ်းကို ပို့ချ၍ သောမနဿ သဟဂုတ်–ဟူသော သဂ္ဂြိုဟ်ပါဠိ၏အဖွင့် သံဝဏ္ဏနာ ဋီကာကျော်ဝါကျ၌ သုန္ဒရံ မနောသုမနော… ဟူသော ဝစနတ္ထကို အနက်သမ္ဗန်ရာ။–

သုန္ဒရံ၊ ကောင်းသော။ မနော၊ စိတ်တည်း။ သုမနော၊ ကောင်းသော စိတ်။

ကောင်းသည်ဟူသော အနက်အရိပ်ကို ပရိသတ်သောင်းသောင်း စာသင်သားအပေါင်းတို့သည် ကောင်းစွာ လျှဉ်းပါးလျက် စဉ်းစားကြံစည်ကြသည်မှာ သောမနဿ–ဟူသည်လည်း လောဘမူသာ ဖြစ်သည်။ လောဘမူသည်လည်း အကုသိုလ်တရားဖြစ်သည်။ အကုသိုလ် ဖြစ်ပြန်ပါက အကုသလာဓမ္မာအရ သာဝဇ္ဇလက္ခဏာ အပါယ်ရှာ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော သဘောရှိသော အကြောင်းကြောင့် "ကောင်း" ဟူသောအနက်ကို မပေးသင့်ဟု တွေးချင့်ကြံစည်ကြလေသတည်း။

နောက်တစ်နေ့နံနက် စာတတ်စာနာ သွားကြသောအခါတွင် ယခင်စာဆိုသော သာမဏေငယ်က အဓိပ္ပာယ်မကျန သောမနဿအကြောင်းတွင် 'ကောင်းသည်'ဟူသော အနက်အရကို ပသက်–လွတ်ကင်းအောင် ရှင်းလင်းမိန့်ကြားတော်မူပါမည့် အကြောင်းနှင့် ခွင့်တောင်း လျှောက်ထား၏။

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားဆုံးဖြတ်တော်မူသည်မှာ စာသင်သား တပည့်အပေါင်းတို့– ကောင်းသည်ဆိုသော အနက်အရ သောမနဿ သဟဂုတ်၌ "သုန္ဒရံ မနော သုမနော"ဟူသော ဝစနတ္ထကို ဖွင့်ဆိုရာ မြန်မာအနက်ပြန်၍ သမ္ဗန်သောအကြောင်းတွင် 'ကောင်း၏'ဆိုသည်ကို သည်လိုမှတ်ကြ

www.burmeseclassic.com

www.burmeseclassic.com



သုန္ဒရ–သဒ္ဒါ၏သဘောက သောဘဏတ္တ ဝါစက တင့်တယ်ခြင်းဟူသော အနက်ကို ထွန်းပြသည်။ ထိုကြောင့် သုန္ဒရံ၊ ကောင်းသော။ မနော၊ စိတ်တည်း။ သုမနော၊ ကောင်းသောစိတ်။ ဤကဲ့သို့ပင် အနက်ပေးငြားသော်လည်း သဘောသွားမှာ အကုသိုလ်ဖြစ်၍ စင်စစ် ကောင်းသည်မဟုတ်။ တင့်တယ်ရုံမျှသာ ဟူ၍ မှတ်ယူသင့်သည်။

ငါတို့ငယ်ရွယ်စဉ်အခါ သာမဏေဘဝက ကောဏ္ဍည–အမည်ရှိသော ဆရာတော်ဘုရားထံ သင်အံ့လေ့လာ နေထိုင်စဉ်၊ အဘိဓမ္မတ္ထဝိဘာဝနီ–အမည်ရှိသော ဋီကာကျော်ကျမ်းကို လက်သန်းအင်္ဂုကထာနှင့် တွဲဖက်၍တက်ရာ ဋီကာကျော် ဖွင့်ပြသော ယခု ဤ "သုန္ဒရံ မနော သုမနော"ဟူသော ဝစနတ္ထ၌ သုန္ဒရတ္ထအနက် ကောင်းသောဟု ထွက်သည်ကို အရက်ရက်အနေ့နေ့ ကြံစည်၍မပေါ် ဆရာတော်ဘုရားကိုလည်း လျှောက်ထားဝံ့သောသူမရှိ၍ ဒွိဟပသက် နှလုံးနှစ်ခွသဘော သို့လောသို့လော တွေးတောစဉ်းစား သူတစ်ပါးထံ၌ ဆွေးနွေးကြံစည် အလီလီ စိတ်ဆေး ဆေးလေးထောက်လှမ်း မေးမြန်းစုံစမ်း ထိုကျမ်း, သည်ကျမ်း, လိုက်လှမ်းစောကြော နှီးနှောရှာဖွေ ကြံစည်နေဆဲအခါ ငါတို့ကျောင်းအတွင်း ဦးပဉ္ဇင်းတစ်ပါး ပျံလွန်တော်မူရာ ဈာပနကိစ္စကို ဆောင်ရွက်ကြသည်နှင့် ငါ၏ ကျောင်းခန်းအနီး အောက်မြေကြီးတွင် ဒိုးပတ်တီး၍ မင်းသမီးပါ ထွက်လျက် လူပြက်နှင့် က,သောအခါ လူပြက်လုပ်သူ လက်စွဲက "ဖဲစောင်ကို သူခြုံ၊ ဒူးလေးလုံးဆုံ၊ မဘုတ်ဆုံတောင်ကိုစောင်း–ဘေးသင့်အောင်ကောင်း" ဤကဲ့သို့ ဆိုသံကို အရုံသင့်ကျောင်းပေါ်က ကြား၍ စဉ်းစားဆင်ခြင်သည်မှာ ဝိဘာဝနီဋီကာ၌ သံဝဏ္ဏနာအကြောင်းတွင် ကောင်းသောဟု အနက်ပေးသော်လည်း အာဘော်ကို တွေးချင့်တော့ "ဘေးသင့်အောင်ကောင်းသည်"ကိုသာ မှတ်ယူသင့်ပါတကားဟု စဉ်းစားမိမှ အဓိပ္ပာယ်ပေါ်တော့သည်။

ဆရာတော်လိုပဲ မင်းတို့မှာလည်း "သောမနဿ သဟဂတံ၊ သုန္ဒရံမနော သုမနော" ဟူသော သံဝဏ္ဏောတဗ္ဗ လက်သန်း အင်္ဂုကထာနှင့် သံဝဏ္ဏနာဝါကျကို အနက်အရ တွေးချင့်၍ ဘေးသင့်အောင် ကောင်းမည်ဟူ၍သာ မှတ်ကြရမည်။ အဘယ့်ကြောင့်နည်းဆိုသော်– လောဘကို အကြောင်းခံ၍ ပါဏာတိပါတက်, အဒိန္နာဒါန်အမှု, ကာမေသုမိစ္ဆာစာရ စသော အကုသိုလ်ဒုစရိုက်တရားများကို အားရနှစ်သက် စုံမက်ဝမ်းမြောက်သော အကုသိုလ် စေတနာကံကို အမှန်ပြုကျင့်က

www.burmeseclassic.com

www.burmeseclassic.com



အမှုနှင့်လျော်စွာ အပါယ်ရွာသို့ ရောက်သောအခါ ဥပေက္ခာ အကုသိုလ်ထက် ကဲပို၍ အပြစ်လေးသဖြင့် ဘေးသင့်အောင် ကောင်းသည်ဟူ၍ မှတ်ထိုက်မှတ်သင့်လေသတည်း။

ဤကဲ့သို့ သင်္ဂဇာဆရာတော်ဘုရားကြီးက အသီးသီးသော သောတုဇနအများ စာသင်သားအပေါင်းတို့အား ကောင်းမွန်စွာ ပြောပြလျှင် သောမနဿသဟဂုတ်ကို ဋီကာဉာဏ်သက်ဝင်၍ အမြင်စူးရှလေသတည်း။

---

## ၂၈–"အားထုတ်မှု အချက်လိုသောကြောင့် မင်္ဂဖိုလ်ကို မရသည်"ဟု မင်းတရားကြီး အပြစ်တင်ချက်ကို သစ်ပင်တက် ဥပမာဖြင့် ဖြေဆိုတော်မူခြင်း

အခါတစ်ပါးသော် ပဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် တစ်ကိုယ်တော်တည်း အကြံဖြစ်တော်မူသည်မှာ– ယခုအခါ မြတ်စွာဘုရား၏ သာသနာတော်ကို ထမ်းလျက် ရဟန်းသာမဏေအဖြစ်ဖြင့် သီတင်းသုံးတော်မူကြကုန်သော သံဃာတော် ဆရာတော်အပေါင်းတို့သည် အကြောင်းအင်္ဂါ ညီညွတ်လျက် ယွင်းချွတ်သည်မရှိ နည်းလမ်းကို မျှော်ကြည့်သော် လူ၏အဖြစ်ကို ရခဲခြင်းဟု ဆိုအပ်သော မနုဿတ္တဒုလ္လဘ၊ အံ့ဖွယ်ရစ်ဖြာ သာသနာတော်တည်းဟူသော ဘုရား၏ခေတ်၌ ကြုံကြိုက်ရခဲခြင်းဟု ဆိုအပ်သော ဗုဒ္ဓုပ္ပါဒဒုလ္လဘ၊ ကောင်းမြတ်သော သဒ္ဓါမှုနှင့် ပြည့်စုံခြင်းဟု ဆိုအပ်သာ သဒ္ဓါသမ္ပတ္တိဒုလ္လဘ၊ အာဒိကလျာဏ, မဇ္ဈေကလျာဏ, ပရိယောသာနကလျာဏ အစ, အလယ်, အဆုံး သုံးပါးလုံး ကောင်းခြင်းနှင့် ပြည့်စုံသော တရားတော်ကို အလွန်တရာ မှတ်သားကြားနာရခဲခြင်းဟု ဆိုအပ်သော ဓမ္မဿဝနဒုလ္လဘ၊ မြတ်စွာဘုရားအလောင်းတော်ပင် ခုနစ်ဘဝသာ ရဟန်း၏ အဖြစ်ကို ရဖူးသဖြင့် ဘဝထူးဘဝမြတ် အရဟတ္တဓသေက်န်း ရုံတင်လွှမ်းသော ရဟန်း၏အဖြစ်ကို စင်စစ် ရခဲခြင်းဟု ဆိုအပ်သော ပဗ္ဗဇိတဒုလ္လဘ။

ဤကဲ့သို့ တွေ့ခဲ ကြုံခဲ ဆုံခဲ ရခဲလှစွာသော ဒုလ္လဘငါးမျိုးနှင့် ပြည့်ဖြိုး တွေ့ကြုံကြရသည်အားလျော်စွာ သာသနာတော်ထမ်း၍ ရဟန်းသံဃာ ဖြစ်ပြန်ပါလည်း လိုရာမတ ပြည့်စုံကြသဖြင့် ကိစ္စနည်းပါး သွားလာကြံဖန် ကြောင့်ကြရန်မရှိသို့ဖြစ်ဘိလျက် ငါ၏လက်ထက်၌ ဖိုလ်မင်္ဂကို ရသည်ဟု တစ်ရုံတစ်ခါမျှ

www.burmeseclassic.com

www.burmeseclassic.com



မကြားစဖူး၊ ဤစကားအထူးကို လျှောက်ထားဦးမှ သင့်မည်ဟု ကြံစည်လျက် နေပြည်တော် လေးပြင် လေးရပ်၌ ကျမ်းတတ်အကျော် ဆရာတော်ဘုရားတို့ကို ပင့်၍ သင့်တင့်လျှောက်ပတ် မွန်မြတ်ဖွယ်ရာ အဖြာဖြာသော ရသာဘောဇဉ် ချိုချဉ်ဆွမ်းကွမ်းတို့ဖြင့် လှူဒါန်းဆက်ကပ်၍ တရားတော်မြတ်ကို နာပြီးသည် အဆုံး၌ နှလုံးသွင်းရင်းရှိသော အကြောင်းများကို မင်းတရားကြီးက လျှောက်ထားသည်မှာ...

## မင်းတရားကြီး လျှောက်ထားပုံ

"အရှင်ဘုရားတို့ မြတ်စွာဘုရား သာသနာတော်သည် နှစ်ထောင်ကျော်ရုံမျှသာ ရှိသေးသဖြင့် ရှေးရှေးသော သီဟိုဠ်သာသနာ ဒေဝါနံပိယတိဿမင်း လက်ထက် ကကဲ့သို့ ဝီရိယာရဗ္ဘအာရဒ္ဓနည်းအားဖြင့် ကြိုးစား၍ ကျင့်ကြပါ။ ဦးဖြူ ဦးညို မည်သူမဆို မဂ်ဖိုလ်ကိုရသဖြင့် အာသဝ ကုန်ခန်းလျက် ရဟန္တာ အနာဂါမ် သကဒါဂါမ် သောတာပန် ထိုက်တန်သင့်သည်အလျောက် ပေါက်မြောက် ဖြစ်ဖို့ရန် သင့်ပါသည်။ တစ်ပါးတစ်ဦး ကြားဖူးတွေ့ဖူးရသည် မရှိ၊ ပရိယတ္တိ သာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ ဤသုံးဖြာတွင် ပဋိဝေဓသာသနာဟု ဆိုအပ် သော အစ္စုတအသင်္ခတ သိဝနိဗ္ဗာန်သို့ ရောက်ရန်တစ်ခုသာ ပဓာနလိုရင်း ဖြစ်ပါ သည်။ ထိုပဋိဝေဓ—ဟူသော နိဗ္ဗာန်သို့ရောက်ရန် ကျင့်ကြံအားထုတ်ခြင်းဟု ဆိုအပ်သော ပဋိပတ္တိမွေ့ကို ဆည်းပူးမှ ရနိုင်ပါသည်။ ထိုပဋိပတ်ကို ကျင့်တတ်, နေတတ်, ထိုင်တတ်ကြရန် ကျမ်းဂန်များကို သင်ကြား အားထုတ်ကြရပါသည်။

ယခုအခါ အားလုံးသဘော လောက၌ ဖြစ်ကြရသည်မှာ လောက၌ ကျွမ်းကျင် သိမြင်လိမ္မာသော ပုဂ္ဂိုလ်ဖြစ်စေ, ဓမ္မ၌ကျွမ်းကျင် သိမြင်လိမ္မာသော ပုဂ္ဂိုလ်ဖြစ်စေ, လောကဓမ္မ နှစ်ဌာန၌ ကျနကျွမ်းကျင် သိမြင်လိမ္မာသော ပုဂ္ဂိုလ် ဖြစ်စေ, မည်သည့်အရာဌာနကိုမျှ မစူးမရှ မကျွမ်းမကျင် မသိမမြင်သော ပုဂ္ဂိုလ် ဖြစ်စေ၊ အနေအထိုင် အကျင့် ပဋိပတ်တရားများ၌ မထူးခြားသကဲ့သို့ ရှိပါ သည်။ လိုရင်းမူလမှာ "အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ" ပါဠိတော်အရ ကိစ္စမများ ပေါ့ပါးသောဖြစ်ခြင်း ရှိရမည်ဆိုသည်နှင့်မညီ၊ ကိုယ်စီ, ကိုယ်င—ကိစ္စများပြား သွားလာရန်, ပြောရန်, ဆိုရန် လောကဓမ္မ နှစ်ဌာနနှင့် ဆက်ဆံသဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းသောနည်းလမ်း ကမ္မဋ္ဌာန်းဘာဝနာ ဝိပဿနာတရားတို့ကို ကြိုးကြိုးစားစား အားမာန်ကြိတ်ခဲ စွဲစွဲမြဲမြဲ မဖြစ်မနေရ

www.burmeseclassic.com

www.burmeseclassic.com



ဟူသော ဥဿာဟတရား နည်းပါးပေါ့တန်လျက် အပြင်းအထန် အားမထုတ်နိုင်ကြသည့်အတွက် ဖိုလ်မဂ်နှင့် အလှမ်းကွာ၍ ရဟန္တာမဖြစ်နိုင်ကြသည် ထင်ပါသည် ဘုရားဟု ဤကဲ့သို့ လျှောက်ထား၏။

## သင်္ဂဇာဆရာတော်၏ အဖြေ

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားကြီးက ဖြေကြားတော်မူသည်မှာ...ဒကာတော် ရေမြေ့ရှင်... ယခု ဒကာတော်မင်းတရား လျှောက်ထားသော အရာဌာနသည် သာသနဟိတ, သာသနဝေပုလ္လ, သာသနဝုဍ္ဎိဝိရူဠှ, သာသနာ၏ အကျိုးစီးပွားသဘော, သာသနာ ပြန့်ပြောအံ့သောတရား, သာသနာ ကြီးပွားအံ့သော အခွင့်ဖြစ်၍ လျှောက်သင့်လျှောက်ထိုက်သော စကားဖြစ်ပေသည်။ သို့ရာတွင် ရေမြေ့ရှင် စကားသည် "ခရီးသွားနှစ်ယောက် ဆီးဖြူပင်တက်သည်နှင့် အချက်ကျတူချေတော့သည်"ဟု အမိန့်ရှိ၏။

ထိုအခါ မင်းတရားက ခရီးသွားနှစ်ယောက် ဆီးဖြူပင်တက်သော ဥပမာကို သိသာထင်ရှားအောင် မိန့်ကြားတော်မူပါဟု လျှောက်ထား၍ သင်္ဂဇာဆရာတော်ဘုရားက မြွက်ကြားမိန့်ဆိုတော်မူသည်မှာ...

"ဒကာတော် ရေမြေ့ရှင်၊ ရှေးသောအခါ လူနှစ်ဦးတို့သည် တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စနှင့် အတူတကွ ခရီးသွားကြသော် ဓားပြသူခိုး, လူဆိုး, လူမိုက်, တိုက်ခိုက်လုယူခြင်းအမှု ထူပြောသော "စောရကန္တာရ"၊ ခြင်္သေ့, သစ်, ကျား, သားရဲဘေးရန် အတန်တန်အဝဝ ကြောင့်ကြရခြင်းဟု ဆိုအပ်သော "ဝါဠကန္တာရ"၊ အစွယ်ပြူးတူး ဘီလူးများလှ ဖမ်းစားကြသော "အမနုဿကန္တာရ"၊ အစာမွတ်သိပ် ရှာရန်ဆိတ်သော "ဒုဗ္ဘိက္ခကန္တာရ"၊ မြစ်ချောင်းတွင်းကန် ရေသောက်ရန်မရှိ သွေ့ခြောက်ဘိသော "နိရုဒကကန္တာရ"၊ ဤသို့အားဖြင့် ငါးပါးသော ကန္တာရတို့တွင် ရေမသောက်ရသော နိရုဒက ကန္တာရသို့ ရောက်၍ နောက်သို့လည်း မဆုတ်သာ၊ ရှေ့မှာလည်း အတော်ဝေး၊ သဲသောင်ပြင် ဖွေးဖွေးတွင် လေးဘက်ထောက်ထိုင်မှိုင်၍ မကြဲနိုင်အောင် ရေငတ်သဖြင့် အကြပ်တွေ့နေကြတာပေါ့။ ထိုခရီးသွားနှစ်ယောက်တို့တွင် တစ်ယောက်သောသူမှာကား အားအင်စွမ်းသန်သဖြင့် အတော်အတန် အားရှိသေး၏။ တစ်ယောက်မှာကား အားအင်မရှိ၊ မချိတင်ကဲ သောင်ပြင်သဲ၌ လှဲ၍မြေတွင်အိပ်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သန်မာသော သူတစ်ယောက်က ကူထောက် အားပေးသည်မှာ... အဆွေ စိတ်မပျက်လင့်၊ အသက်သေဆုံးနိုင်မည်မဟုတ်၊ ကျွန်ုပ်တွဲ၍ ယူမည်၊ ရှေ့၌ ဆီးဖြူပင်မြင်၏လော၊ ထိုဆီးဖြူပင်အရိပ်မှာ ချွေးသိပ်နေနိုင်ပြီး ဤဆီးဖြူသီးကို စားရက သင့်အား ရေငတ်ပြေလတ္တံ့ဟု ဆိုသတဲ့။

ထိုအခါ နှစ်ယောက်သား အားခဲ၍ သွားသဖြင့် ဆီးဖြူပင်အပါးသို့ ရောက်လာသော် နွားငတ်ရေကျပမာကဲ့သို့ အပေါ်က ဆီးဖြူသီးကို မြင်လျှင် အလွန်စားချင်၍ ပင်ကိုက အားမရှိဘဲလျက် တက်သော် အထက်ခွသို့ မရောက်ခင် အောက်သို့ပင် လျှောပြီးလျှင် မောတိုင်း ပြန်၍ကျသဖြင့် ထပါဦး အဆွေ၊ ရေငတ်ပြေအောင် အဆွေတက်၍ ပေးပါလော့ဟုဆို၏။ ထိုအခါ အားရှိသောသူ တစ်ယောက်လူက ဆီးဖြူပင်ကို တက်သော် ခွပေါ်သို့ မရောက် လိမ့်ကျမည်ကြောင့် ကိုင်းမလျှောက်ဝံ့ဘဲနေသည်ကို အောက်လူကမြင်၍ စားချင်သည့် လောဘဇောနှင့် တက်သောသူကို အားမနာ ပြောသည်မှာကား "လျှောက်သာလျှောက်ပါ၊ အလွန်တရာ ကြောက် အားကြီးလို့ ဆီးဖြူသီး ရနိုင်မလား၊ ယောက်ျားဖြစ်လျက် သစ်ပင်တက်သေနာသည်"ဟု နေရာက အသက်မရှုဘဲနှင့် အထက်လူကို အပြစ်တင်သေးသတဲ့ ဒကာတော်ရဲ့။ အဲဒါလိုပဲ ရေမြေ့ရှင် မင်းတရားမှာလည်း တတ်အားသမျှ ကျင့်ကြ ကြံကြ နေထိုင်ကြရသည်ကို ပေါ့ဆသည်, လျော့ပေါ့သည်, အကြိုးစားနည်းသည်ဟု မြည်တွန်ပြောချင် အပြစ်တင်သော်လည်း ဆီးဖြူသီးမြင်တော့ စားချင်သည့် ခရီးသွား ရေငတ်သောယောက်ျားကဲ့သို့ သူတစ်ပါး အားထုတ်သည်ကို စိတ်ရှုပ်အောင် ပြောသလို ရှိတော့သည် ဒကာတော်။

ဤသို့ သင်္ဂဇာဆရာတော်ဘုရားက မြွက်ကြားလိုက်လျှင် မင်းတရားကြီးနှင့်တကွ မိဖုရားခေါင်ကြီးပါ များစွာသော မှူးမတ်ပရိသတ် အပေါင်းတို့သည် သောင်းသောင်းရယ်မော၍ သောသောရုတ်မျှ ရှိကြလေကုန်သတည်း။

---

## ၂၉-"ပုခန်းဘက်က ရဟန်းထွက် ဆီရောင်းသလို" ဟူသော ဥပမာဖြင့် ထင်ရှားစွာ မိန့်ဆိုခြင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားသည် အသီးသီးသော ထေရ, နဝ, မဇ္ဈိမ-ဖြစ်ကုန်သော တပည့်တပန်း ရဟန်းပရိသတ်တို့ ဆည်းကပ်ခစားကြစဉ် အခါ ဆုံးမတော်မူသည်မှာကား... "တပည့်များတို့၊ ဘုရားအလိုတော်မရှိသော

www.burmeseclassic.com

www.burmeseclassic.com



ဂိဟိကမ္မအမှု, ဆေးကုခြင်း, ဗေဒင်ဟောခြင်း စသော လောကီအမှု အစုစုတို့၌ အချို့သော ရဟန်းတို့သည် ရည်မှန်းကြံစည် လုထွက်မည်ဟူသော သဘောနှင့် ဘုရားဟောကျမ်းဂန်များကို မသင်မကြား မဆွေးမနွေး အသက်မွေးမှု ဗေဒင်ကို တွက်သင်အားထား၍ မှားသောနှလုံးသွင်းခြင်း အယောနိသောမနသိကာရ, မောဟ အဝိဇ္ဇာ ပိတ်ကာယှက်မှေးခြင်းဟူသော အကြောင်းကြောင့် မကောင်းသည်ကို အကောင်းဟု ထင်မှတ်တတ်သည် ကြပ်ကြပ်သတိထားကြ။ ဗာဟိရအစု လူမှု ဒုစရိုက်တရားများကို မလိုက်စားကြနှင့်၊ ထို့ကြောင့် ဟတ္ထိပါလပျို့၌ "ဗေဒင်အမျိုး၊ ဗာဟိဆိုးကို၊ ကြိုးကြိုးစားစား၊ သင်မည်ထားဘိ၊ နားမှုုမထောင်"ဟု ရှေးဆရာ မြတ်တို့ ရေးစပ်ကြကုန်သည်။

သည်မှတစ်ပါး မိမိတို့အကြိုက် စရိုက်အာသာ ဝသီဝါသနာ လေ့လာအားထုတ် ကြသည်မှာ တီး, မှုတ်, ကခုန်, ပုံစည်, ခရာ, ပတ်သာ, ဒုံမင်း, ခရသင်း နဲ့ပြွေ အထွေထွေသောအတီး နရည်းမိကျောင်း စောင်းပတ္တလား တီးသံကြားက သွားချင် ကြားချင် တီးချင်မှုတ်ချင် သို့စဉ်မှုမက မိမိတို့ကပင် ပြသသင်၍ နေထိုင်သော သူများကလည်း အချို့ရှိတတ်သည်။ ဗေဒင်ဟူးရား ဆေးဝါးမန္တန် အင်းအိုင်တစ်မျိုး ဆေးထိုးစက်မြှုပ် မဟာဘုတ်သဘော ဗိန္ဓောတစ်လီ ဒွါဒရာသီဓာတ်ကျမ်း အခန်း ခန်းတို့၌ လေ့ကျွမ်းအားထုတ်သူလည်း ရှိတတ်သည်။ ပျို့, ကဗျာ, လင်္ကာ, ချေင်း, မော်ကွန်းပိုဒ်စုံ, ရေးပုံရေးနည်း စပ်နည်းအသွား သီချင်းများကို လိုက်စား လေ့လာသူလည်း ရှိတတ်သည်။ အင်္ဂရတ်ဝါသနာ အထုံပါ၍ ဘင်, နာ, သံ, ဖွတ်, သွပ်, ကန့်ဆေးဒန်း လမ်းအသီးသီး ယူနည်းကောက်နည်း လုပ်နည်း ကိုင်နည်းများကို အသည်းအသန် ကြံဖန်အားထုတ်သူလည်း ရှိတတ်သည်။ ဗိမာန် ဥယျာဉ် သစ်ပင်ပန်းမန် ရေကန်ရေတွင်း ခင်းကျင်းတူးဖို့ ဤကဲ့သို့ နဝကမ္မ ဗာဟိရအလုပ်နှင့် မိုးချုပ်နေကုန်သော သူများလည်း ရှိတတ်သည်။ လေ့ပြိုင်တခြား နွားမွေး နွားစီး ပစ္စည်းစုဆောင်း မကောင်းသောအရာတို့ကို လေ့လာအားထား သူများလည်း ရှိတတ်သည်။

ယင်းသို့ ပြဆိုခဲ့သော နည်းလမ်းတို့သည် ကျမ်းဂန်သင်ကြားခြင်းဟု ဆိုအပ် သော ဂန္ထဓူရ, သမထဘာဝနာ ဝိပဿနာ ပွားများခြင်းဟု ဆိုအပ်သော ဝိပဿနာ ဓူရ၊ ယင်းသို့စသော သာသနဝေပုလ္လ, ဝုမိ, ဝိရုဠှတရားများကို ပယ်ရှားမေ့လျော့ ပေါ့ပေါ့ဆဆ နေကုန်ကြ၍ ဂိဟိကမ္မဘက်သို့သာ အားကြီးသဖြင့် ပျက်စီးတတ်

www.burmeseclassic.com

www.burmeseclassic.com



သောအကြောင်း မကောင်းသောအမှုအရာ သာသနာတော်မှ ရွေ့လျောခြင်းအရေးကို အားပေးတိုက်တွန်း ပြဋ္ဌန်းရေးရှုသကဲ့သို့ ရှိချေသည်။

သို့ဖြစ်၍ ဓမ္မရာဇ် မြတ်စွာဘုရားသည် ထားတော်မူခဲ့သော သာသနာတော်ကို ထမ်း၍ ကျမ်းဂန်သင်ကြားခြင်းကို ကြိုးကုတ်လျက် အားထုတ်နိုင်သမျှ ခြိုးခြံ အားထုတ်ကြရမည်။ အကယ်၍ သာသနာ့ဘောင်မှ ဆုတ်နစ်၍ လူ၏အဖြစ်ကို ရောက်ပြန်ပါက "ဃရာဝါသော ဗဟုကိစ္စော" များသောကိစ္စ ကြောင့်ကြရန်အရေး သားကျွေးရန် မယားကျွေးရန် အားထုတ်ပြန်လည်း "ကံရှိမှ ထင်ပေါ် ဉာဏ်ရှိမှ မြင်မြော်သည်" ဟူသကဲ့သို့ လူချင်းမတူ သူချင်းမမျှ စားရမဲ့မဲ့ ဝတ်ရမဲ့မဲ့ ရှိပြန် ခဲ့လျှင်လည်း ချို့ငဲ့မျက်နှာ အရာရာသော အခင်းသွားတို့ကို စဉ်းစားပြီးလျှင် ဆင်ခြင်ထောက်ထား၍ သံဝေဂတရားကို ဖြစ်စေလျက် စင်စစ် ထိတ်လန့်ကြ၍ အာဒီနဝ အမှုရှုပ်တို့ကို စက်ဆုပ်ရွံရှာကြ ကုန်ရာသည်။ မနေနိုင်၍ လူထွက်ပြန် လျှင်လည်း အသက်အရွယ် ငယ်ငယ်နှောင်းနှောင်း နေကောင်းထိုင်သာ ဖြစ်ခဲ့ပါ မူ အရာဌာန ပြည့်ဝလောက်လုံ ဝတ်ပုံစားပုံ ပြောပုံဆိုပုံ သွားပုံ လာပုံ နေပုံ ထိုင်ပုံ စားပုံ သောက်ပုံ အလုံးစုံတို့၌ အကုန်တင့်တယ် ဖွယ်ဖွယ်ရာရာ လိမ္မာ ကျွမ်းကျင် သိမြင်နားလည် လောကီအစု လူအမှု၌ ကြမ်းနုအလိုက် ထိုက်သင့် ရာရာ ယထာယဟ နေထိုင်တတ်ကြသည်ဖြစ်၍ အပြစ်ဆိုရန် နည်းပါးတန်၏။ ယင်းသို့မဟုတ် အသက်အရွယ်ကလည်းကြီး၊ ပညာကလည်း နည်းပါး၊ စားရန် သောက်ရန် ကြံစည်ပြန်လည်း ကံကမလိုက် ဟန်မကိုက်နှင့် လူလိုက်ဘာသာ လူခြင်းရာ၌ များစွာမလယ် မတင့်တယ်ခြင်းသာ များတတ်သည်၊ သွား၍များ မစမ်းကြနှင့်နော် "ပုခန်းဘက်က ရဟန်းထွက် ဆီရောင်းသလို နေကြမည်"ဟု အမိန့်ရှိပြီးလျှင်၊ ငါ့ရှင် တပည့်ရဟန်းတို့... ပုခန်းသားလူထွက် တစ်ယောက် သည် လူ၏အလျောက် နည်းအားဖြင့် သားမယား အိမ်ရာထောင်လျက် လူ့ဘောင်၌ နေထိုင်ရာ ဥစ္စာပါးနည်း ပစ္စည်းမွဲသဖြင့် ပညာကလည်းမရှိ ကြံမိကြံရာ မတတ် သာ၍ ရပ်ရွာကိုလည်ပြီးလျှင် ဆီသည်လုပ်၍ ရောင်းစားသတတ်။

## ဆီများ ကပွိလိုက်ကြဦးမလား

အခါတစ်ပါး မယားဖြစ်သူက ညည်းညူ မြည်တွန်သည်မှာ ရပ်ရွာကိုလည်၍ ဆီရောင်းတာကပဲ သူတော်ကောင်းကြီးလုပ်ပြီး မဟုတ်သည်ကိုလည်း မပြောနှင့် တွင်တွင်လည်း မရောင်းရ၊ လည်ဆယ်မှ တော်ရုံရှိသည်။ ဈေးသည်၏ သဘောကွ

www.burmeseclassic.com

www.burmeseclassic.com



အပြောကောင်းမှ ရောင်းကြရသည်။ ယခုတော့ လားလား ဆီရောင်း၍စားသတဲ့၊ တရားသံကလေးနှင့် အေးလိုက်တဲ့ဘဝ (အ)လိုက်တဲ့အကောင်၊ သို့သည်လောက် ငရဲရှောင်လျှင် လူ့ဘောင်သို့ အလကားပဲ ထွက်လာသည်။ ဤသို့စသဖြင့် မြည် တွန်ပြောဆိုလျှင် ထိုပုခန်းသား လူထွက်သည် တစ်ရက်နှစ်ရက် ရှိသောအခါ အောက်မြို့ ကျေးရွာသို့ ထွက်ကာသွား၍ ဆီများကိုရောင်းရာ သုံးလခန့်ကြာလျှင် ငွေနှစ်ရာကျော်လောက် ရသည်နှင့် ဌာနေအရပ်သို့ ပြန်မည်ဟုလာရာ လမ်းမှာ ကူးတို့လှေနှင့် မြစ်ရေကိုအကူးတွင် လှေလူး၍ မှောက်သဖြင့် ရေအောက်အတွင်း သို့ ပါခဲ့ရင်း ငွေနှစ်ရာကျော်သည် လှေပေါ်ကထွက်၍ ကျလေ၏။ ထိုအခါ လှေမှဆင်း၍ ကျရင်းနေရာ စမ်းလိုက်ရာသော်လည်း အသပြာငွေထုပ်ဆုံး၍ လူလုံး ချည်း ကျန်သောကြောင့် ကမ်းယံသို့ တက်ပြီးလျှင် ရုတ်တရက် အော်သည်မှာ [ကျွန်တော် ပုခန်းသားငနဲမှာ ငရဲသာ ကျန်ရစ်ပါတော့သဗျိုး]ဟု မြစ်ရိုးတွင် ထိုင်ပြီးလျှင် ကြဲမှိုင်ငိုညည်းပြီး ရပ်ရွာကို ပြန်သော်လည်း မဟန်ချေသေးဘဲ ရှိမည်။ ဤအရပ်တွင် တစ်ဖန် ဆီခံ၍ ရောင်းမည်ဟု မကောင်းသောစိတ်နှလုံးနှင့် ဆီပုံးကိုထမ်းပြီးလျှင် ပြန်လမ်းသို့ လျှောက်သွား၍ အိမ်ပေါက်နားကျတော့ ဘုန်း ကြီးတုန်းက ဆွမ်းခံပုံဖြင့် စုံရပ်ပြီးမှ "အိမ်ရှင်တို့ ဆီများ ကပ္ပိလိုက်ကြဦးမလား"ဟု လူကြားအောင် ဟစ်အော်လေသတဲ့။

## မှားသွားလို့ပါ ဒကာမကြီးရယ်

ထိုအခါ အိမ်တွင်းမှ မိန်းမတစ်ယောက်က ထွက်မျှော်လျက် "ဩော် သည်ဆီသည် ပြောနည်းနှယ် ဘုန်းကြီးလူထွက်သံ ပါလေသည်"ဟုဆိုရာ ထိုအခါ ဆီသည်လူထွက်က ရုတ်တရက် ပြောစကား သည်လိုချည့်များလှပြီ၊ မှားသွားလို့ပါ ဒကာမကြီးရယ်လို့ ထပ်၍ပြောမိပြန်သတဲ့ တပည့်တို့ရဲ့။ အဲ–သို့အတွက်ကြောင့် လူဘက်များ မလှမ်းကြနှင့်၊ ပုခန်းဘက်က ရဟန်းထွက် ဆီရောင်းသလို နေကြမည် ဟု ဆရာတော်က ပြောဆိုအမိန့်ရှိသောအခါ များစွာသော ရဟန်းပရိသတ် အားလုံး တို့သည် တအုံးအုံး ရယ်မောကြကုန်သတည်း။

---

www.burmeseclassic.com



## ၃၀-"သမန္တာ လာချင်ပါရဲ့လေး... မနေ့က ဒူနာတေး ကြောက်လှသလေး"ဟူသော ဥပမာဖြင့် ပင့်လာသူ ဒကာများကို မိန့်ကြားတော်မူခြင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားသည် တပည့်သားအပေါင်းနှင့် အနောက်ချောင်းသို့ ရောက်တော်မူသောအခါ အလွန်တရာ ခမ်းနားသော တရားမဏ္ဍပ်ကြီး အလယ် တင့်တယ်လှစွာ လာလာသမျှ အများတို့အား တရားရေအေး တိုက်ကျွေးဆုံးမတော်မူဆဲအခါ မသမာလူခေါ် မသူတော်ဉာဏ် ကျင့်ကြံမှောက်မှား မတရားသော ဂဠ္ဌာပကတ ပါပိစ္ဆာမျိုး အလိုဆိုးစွဲကပ် ဓိဝိနက်ကိုဖြတ်မည်ဟု သေနတ်နှင့် ပစ်လေသတည်း။

ယင်းသို့ ပစ်ခတ် သေအောင်ဟု သတ်သော်လည်း ဆရာတော်မြတ်မှာ ဥပမာအားဖြင့် မြတ်စွာဘုရားသခင်သည် မဟာဗောဓိပင် အပ္ပရာဇိပြင် ရွှေပလ္လင်၌ နေစဉ်အခါ မိစ္ဆာမတရား မာရ်နတ်သားသည် ကြီးမားသော ဝရဇိန်စက် နတ်လက်နက်တို့ဖြင့် သတ်ဖြတ်ဖို့ရန် အကြိမ်ကြိမ် ကြံပြီးလျှင် အဖန်ဖန် ပစ်ခတ်သော်လည်း ကိုယ်တော်မြတ်၌မထိ ပကတိမြဲမြဲ စံပယ်တော်မူသော အဟန်ကဲ့သို့ ဘေးရန်လွတ်ကင်း တစ်မုန်ညင်းမျှ ကြောက်ရွံ့ခြင်းမရှိ ပကတိသဘော တရားဟောမြဲဟော၍ ပြီးဆုံးသောအခါ ကြွလာတော်မူလေ၏။ ထို့နောက် ခုနစ်ရက်ခန့်လောက်ကြာသောအခါ သင်္ဂဇာ ဆရာတော်ဘုရား၏ တရားတော်ကို နာလိုဟန် အကြောင်းနှင့် မကောင်းသော ဒါယကာ လူမိစ္ဆာတို့သည် ကြွလာတော်မူပါမည့်ကြောင်း ခွင့်တောင်း လျှောက်ထားပြန်၏။

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားက ဒကာများတို့ တရားတော်ကို နာလိုကြောင်းနှင့် ခွင့်တောင်းလျှောက်သည်မှာ ကြွလာချင်ပါ၏။ သို့သော် ဆရာတော် ဥပမာတစ်ခု ပြောမည်။ ရှေးသရောအခါ ရွာတစ်ရွာတွင် လယ်ယာထွန်ယက်စိုက်ပျိုးလျက် စားသောက်ကြသော တောင်သူ လင်မယား နှစ်ယောက်ရှိသတတ်။ တစ်နေ့သ၌ ပျိုးစိုက်ရန် လယ်များကို အထွန်သွားရန်အတွက် နံနက်မိုးမလင်းခင် လင်ယောကျ်ားသည် ထွန်နွားတို့ကို ကလျက် လယ်တောသို့ ထွက်၏။

ထိုအခါ ရွာ၌ ကိုးကွယ်၍ထားသော ဘုန်းကြီးသည် ဇနီးဖြစ်သူ မယားမိုက်နှင့် ချစ်ကြိုက်ငြိတွယ်သဖြင့် လယ်ထွန်သွားသော အချိန်တွင် အိမ်တွင်ရှိကြောထိုသူ၏မယားနှင့် ပျော်ပါးကျူးလွန်ကြရာ နေ့လရက်ရှည်ကြာ၍ သူငါတစ

www.burmeseclassic.com



ရှုတ်ချကဲ့ရယ် အသွယ်သွယ် ပြောဆိုကြသော စကားကို လင်ကြီးနား၌ ကြားသိရလေသော် သြော်… ငါ၏မယား ဖောက်ပြားကျူးကျော် မသူတော်နည်း ကျောင်းဘုန်းကြီးနှင့် ရိုးတီးရားတား သူတစ်ပါးတို့ ပြောကြားသည့်စကားကို သေချာစွာ ထောက်လှမ်း၍ စူးစမ်းမှုသင့်မည်ဟု ကြံစည်စဉ်းစားပြီးလျှင် တစ်ပါးသော နေ့တို့ထက် နံနက်စောစောထ၍ နွားက သောအခါ ထမ်းပိုးကြိုး မပါဘဲ ဗျာကရာ မောင်းနှင်လျှင် မေ့ခဲ့ချင်အဟန်နှင့် အမြန်ထွက်သွားလေသတဲ့။

အစဉ်ချိန်းချက်သည့် စကားအရ မိန်းမက ကလေးချော့သည်မှာ "အိပ်ကွယ်မောင်ရေ နင့်အဖေ လယ်ထွန်သွား အိပ်ပါတော့လား" သားချော့သည့် တေးသီချင်းကို ကျောင်းတွင်းက ခင်ကြီး ကြားလေသော် ငါသွားရန် အချိန်ရောက်ပြီဟု ကျောင်းပေါ်က သက်ဆင်း၍ ချက်ချင်းသွားရောက်လေရာ ထိုအခါ လယ်ထွန်သွားသော ယောကျာ်းသည် ထွန်နွားတို့ကို ရွာနှင့် မနီးမဝေးသောဌာန၌ ခေတ္တတန့်ရပ်စေပြီးလျှင် အဆောတလျင် ပြန်လာခဲ့၍ ဟဲ့ ရှင်မ၊ နွားကသော ထမ်းပိုးကြိုးတို့သည် အထဲမှာ ရှိသလားဟု မေးမြန်းပြီးကာ တက်ခဲ့လာသော် ဗျာကရာတစ်မုဟုတ် တခ်ဏုပ္ပတ္တိဉာဏ် မိန်းမတို့အကြံနှင့် ဆက်ဆံသော ခင်ကြီးကို အိုးကြီးကြီးအတွင်းသို့ သွတ်သွင်း ပုန်းအောင်းစေ၍ ကောင်းစွာ သိုသိပ်ပါသော်လည်း အပြီးတိုင် ခေါင်းမမြုပ်သဖြင့် မောင်းလုပ်မှ သင့်လျော်မည်ဟု ကြံစည်မိသည့်သဘောနှင့် စကော၏အလယ်တွင် ခပ်ကျယ်ကျယ် ဖောက်လိုး၍ ဘုန်းကြီးခေါင်း စွပ်အုပ်လျက် မောင်းလုပ်၍ ထားလေ၏။

ယောကျာ်းက သည်ဝတ္ထုဘာလဲဟု သဲကွဲအောင် မေးသောအခါ 'မောင်… အရင်က တီးနေကျမောင်းလေ'ဟု လှည့်ဖြား၍ ပြောသည်တွင် လင်က မောင်းမှတ်၍ မောင်းလက်ခတ်နှင့်ထုရာ ဘုန်းကြီးက ခေါင်းကျိန်းရှာသဖြင့် "ဒူ–နာ–နာ"ဟု မောင်းသံပမာ အယောင်ဆောင်၍ တူအောင်မြည်ရှာသတည်း။ မယားနှင့် လင် အိမ်တွင်းသို့ ဝင်တုန်းမှ တိတ်တိတ်ပုန်း အသာဆင်း၍ ကျောင်းတွင်းသို့ ပြေးခဲ့ရလေ၏။

နောက်တစ်နေ့နံနက် လယ်ထွန်ထွက်သောအခါ ကျောင်းဘုန်းကြီး မလာ၍ အိပ်ရာက အသံပေးလျက် ကလေးကိုချော့သည်မှာ "အိပ်ကွယ်မောင်ရေ နင့်အဖေ လယ်ထွန်သွား အိပ်ပါတော့လား"ဟု ဆို၍ ကလေးကို သိပ်၏။ ထိုမိန်းမ ညည်းညူဟစ်ကြွေး၍ ကလေးချော့သော အသံများကို ဘုန်းကြီးကြား၍ တစ်ဖန် စာကျက်သောအဟန်ဖြင့် "သမန္တာလာချင်ပါရဲ့လေး၊ မနေ့က ဒူနာတေး ကြောက်လှ

www.burmeseclassic.com



သလေး”ဟူ၍ ကျောင်းက ပြန်ဆိုသတဲ့ ဒကာတို့ရဲ့။ အဲသည် ဥပမာလိုပဲ ငါတို့ လာတော့ လာချင်ပါရဲ့ ဒကာတို့... မနေ့က ဒူနာတေး ကြောက်လှချေရဲ့၊ မလိုက်ပါရစေနှင့်တော့ဟု အမိန့်တော်ရှိသောအခါ ပင့်လာသူ ဒါယကာများသည် စဉ်းစားတွေးတော၍ ရယ်မောလျက် ပြန်ကြလေသတည်း။

---

## ၃၁–“သမက်ပါနှစ်ယောက်ထ၍ ယောက္ခမနှင့် အချီ–အချ ငိုသော” ဥပမာဖြင့် ပင့်လာသူဒါယကာများကို မိန့်ကြားတော်မူခြင်း

အခါတစ်ပါး အဂ္ဂမဟာလင်္ကာရ–စသည်တံဆိပ် ရွှေဘွဲ့လိပ်ဖြင့် ခတ်နှိပ်ပူဇော် အလှူတော်ခံရသော သင်္ဂဇာဆရာတော်ဘုရားသည် များဖြင်အဏ္ဏဝါ ဓလာရစ်ကြို့ မှိုင်းမှို့သင့်လျော် လှတိုင်းပျော်သော မော်လမြိုင်မြို့ကြီးကို ခိုမှီးဆွမ်းခံ ဂေါစရဂါမ်ပြု၍ အနအရင့် မြော်ချင့်တိုင်းထွာ ယထာဓမ္မ ပြောပြကယ်ချွတ်၍ နယ်ဝင့်သံသရာ လွတ်ရာလွတ်ကြောင်း တရားမောင်းဖြင့် ရိုက်ညှောင်းစည်းကျ တီးတော်မူစဉ်အခါ တောတွင်းရွာမှ ဒါယကာအများတို့သည် လျှောက်ထားခွင့်ပန်သည်မှာ... အရှင်ဘုရား တပည့်တော်များမှာ တောရွာတောရပ်ဖြစ်၍ ရှစ်ရက်သီတင်း, လပြည့်, လကွယ် တစ်လလည်း၍မှ အဋ္ဌင်္ဂသီလ ဥပေါသထများကို ခံယူဆောက်တည် စောင့်သုံးမည်ကြံသော်လည်း သီလခံစရာ ရဟန်းသံဃာမရှိ သက်သက်မျှ မသိသော ရွာကဲ့သို့ ရှိနေကြရသည် ဖြစ်ပါ၍ ရပ်ရွာမှာ စုပေါင်းလျက် ကျောင်းတစ်ကျောင်း ဆောက်လုပ်ထားသော်လည်း ကိုးကွယ်စရာ ဘုန်းကြီးမရှိသောကြောင့် တပည့်တော်များအား ရဟန်းတော်တစ်ပါးကို သနားတော်မူပါရန် အကြောင်းနှင့် ခွင့်တောင်း လျှောက်ထားပါသည် အရှင်ဘုရား။ ဤကဲ့သို့ လျှောက်ထားရာ ဆရာတော်ဘုရားက သံဃာတော်တစ်ပါး ထည့်သဖြင့် ထိုသူတို့၏ကျောင်းသို့ ပင့်သွားကြလေ၏။ နောက်များ မကြာမီ ဝါကျွတ်သည်နှင့်တပြိုင်နက် ထိုရဟန်းသည် ရွာမှထွက်၍ ကြွသွားလေသတည်း။

### ရဟန်းတစ်ပါး ဆေးသနားပါ

ထိုအခါ တောတွင်းရွာသား ဒါယကာများတို့သည် ဆရာတော်ဘုရားထံသို့ လျှောက်၍ နောက်တစ်ကြိမ် ဘုန်းကြီးတောင်းပြန်လျှင် တစ်ဖန်ထပ်၍ ဆရာတော်ဘုရားက ရဟန်းတစ်ပါးကို ထည့်လိုက်ပြန်၏။ ရှေးနည်းအတူလျှင် မကြာခင်

www.burmeseclassic.com

www.burmeseclassic.com


ရဟန်းတော်သည် ရွာမှ ကြွသွားပြန်သတည်း။ ဤကဲ့သို့ တစ်ကြိမ်နှစ်ကြိမ် ထပ်ကာ ထပ်ကာ ကိုးကွယ်ပါသော်လည်း မကြာမတင်ပင် ကြွကြွသွားသဖြင့် ကျောင်းမှာ အချည်းနှီးဖြစ်၍ နေရာ ဆရာတော်ဘုရားထံ ထပ်မံ၍ တောင်းမည်ဟု စုပေါင်း၍ သွားကြပြီးလျှင် အရှင်ဘုရား တပည့်တော်တို့မှာ တောတွင်းရွာဌာနဒ္ဓ သီလမှခံရစေဟု နှလုံးထား၍ တစ်ပါးကြွ တစ်ပါးပင့် သည်လိုနှင့် ကိုးကွယ်ကြရာ ခုတစ်ခါ ကြွသွား ပြန်သဖြင့် ကျောင်းမှာအချည်းနှီးဖြစ်၍ နေပါသည်။ သို့ဖြစ်၍ ငဲ့ညှာသောအား ဒါယကာအများ တို့၏ သဒ္ဒါတရားကို ထောက်မြော်လျက် ရဟန်းတော်တစ်ပါး နောက်ထပ် ပေးသနားတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားကြပြန်၏။

ထိုအခါ ဆရာတော်ဘုရားက ဒကာများတို့–သင်တို့အား ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောအကျိုးကို မြော်ကိုးထောက်ထား၍ တစ်ပါးကြွ–တစ်ပါးပေး မပျော်သော ဌာနဒ္ဓ ပျော်ရမည်ဆိုသောအရေးလည်း ဝန်လေးနိုင်မျှ ဖြစ်ချေသည်။ ယခုအခါမှာ လည်း ငါ၏ လက်ကိုင်သုံး တောင်ဝှေး ဆေးပေးမီးယူ ရေပူရေအေးနှင့် ဒန်ပူ ကမ်းလှမ်း ရဟန်းလည်သီး တပည့်ကြီးဖြစ်၍ မပေးနိုင်ဟု အမိန့်ရှိလျှင် ယခင် တောသားဒါယကာများသည် မသွားမထ သည်ကိုယ်တော် ရအောင် 'မစတော် မူပါဘုရား"နှင့် လျှောက်ထားရှာကြသဖြင့် တတိယတစ်ဖန် ထည့်လိုက်ပြန်၏။

## ကျောင်းဆောက်ရာမှာ အမျက်မှ လွတ်ပါရဲ့လား

ထိုနောက် များမကြာမီ ထိုကိုယ်တော်လည်း မပျော်ရှာ၍ ထွက်ကြွသွားတော်မူ ပြန်လေ၏။ ပထမ, ဒုတိယ, တတိယ–သုံးကြိမ်တိုင်ကျအောင် ကြွသွားသဖြင့် တောသားဒါယကာတွေ စိတ်မကျေ၍ နေသေးရိုးလား သဘောထားလျက် ဆရာတော် ဘုရားထံသို့ကပ်၍ နောက်ထပ်တစ်ဖန် ကြွသွားပြန်ကြောင်းကို လျှောက်သော် ဆရာတော်က အမိန့်ရှိသည်မှာ– ဒကာအပေါင်းတို့... ကျောင်းဆောက်သည့် အချက်၌ အမျက်မှ လွတ်ပါလေ၏လား၊ ဒကာများ ကျောင်းကံက "မောင်စံအိပ်– မယားသေသလို" ဖြစ်နေပြီ ထင်ပါကလားဟု အမိန့်ရှိ၏။

ထိုအခါ ဒါယကာများက မောင်စံအိပ် ဥပမာကို မိန့်ဆိုပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားသဖြင့် မိန့်သည်မှာကား... ဒကာများတို့ တစ်ရံရောအခါ လယ်သမား လင်မယား၌ မွေးဖွားသော သမီးသုံးယောက် ရှိသတတ်၊ အခါတစ်ပါး လူငှားမောင်စံအိပ်နှင့် သမီးအကြီးကို ပေးစား၍ ထိမ်မြားလက်ထပ်၏။ အခါလယ် လောက်ကြာလျှင် ယခင် ပေးစားသော မယားကြီး သေဆုံးရာ မောင်စံအိပ်က

www.burmeseclassic.com

www.burmeseclassic.com


စိတ်ညစ်၍ ငိုသည်မှာ– "ညည်းသေမှ ငါဘယ်သူနှင့် နေရမည်နည်း"ဟု ငို၏။ ထိုအခါ ယောက္ခမက နောက်ထပ်၍ ငိုပြန်သည်မှာ "အကြီးသေ၍ မနေတတ် အလတ်ကျန်သေးရဲ့ကွယ် အားမငယ်နှင့်"ဟု ငိုပြန်သတဲ့။ ဒီတော့မှ သမက်ဖြစ်သူ မောင်စံအိပ် အငိုတိတ်၍ ဆိတ်ဆိတ်နေသတဲ့။

နောက်တစ်ဖန် သမီးလတ်နှင့် လက်ဆက်ပြန်လျှင် သန်းခေါင်ယံ၌ သေပြန်၍ မောင်စံအိပ်က "ညည်းသေမှ ငါဘယ်သူနှင့် နေရမည်နည်း"ဟု ငိုလျှင် ယခင်ကဲ့သို့ ယောက္ခမကြီးက "အလတ်သေ စိတ်နေမဆွေးနှင့် သမီးထွေးကျန် ဟန်ပါသေး၏" ဟု ငိုလျှင် ယခင်ကဲ့သို့ မောင်စံအိပ် အငိုတိတ်၍ ဆိတ်ဆိတ်နေလေ၏။

နောက်တစ်ဖန် သမီးထွေးနှင့် ပေးစားလက်ဆက်ပြန်လျှင် မလင်းခင်၌ သေဆုံးလေသတည်း။

ထိုအခါ မောင်စံအိပ်က "ညည်းသေမှ ငါဘယ်သူနှင့် နေရမည်နည်း"ဟု ငိုပြန်ရာ ယောက္ခမကြီးက "သမီးထွေးသေလို့ အမေမကြံနိုင် လက်မှိုင်ချပေါ့ကွယ်... မောင်စံအိပ် မင့်ငယ်ထိပ်မှာ အဆိပ်ပါပေါ့ အမယ်ထင်မိတယ်"ဟု ငိုသတဲ့ စကာများရဲ့။

## လက်မှိုင်ချရတော့မယ်

အဲသည် ဥပမာလိုပဲ၊ ခုလည်း ပထမထည့်လိုက် ထွက်သွား၊ ဒုတိယတစ်ဖန် ထည့်လိုက်ပြန် ထွက်သွား၊ တတိယတစ်ဖန် ထည့်လိုက်ပြန် ထွက်သွား၊ သည်လောက် အကြိမ်ကြိမ်များပေါ့ဟာ ငါအမယ်မတတ်နိုင် လက်မှိုင်ချရတော့မှာပဲဟု အမိန့်ရှိသောအခါ ပင့်လာသော ဒါယကာတို့သည် များစွာရယ်မော၍ တောရွာသို့ ပြန်ကြလေကုန်သတည်း။

---

## ၃၂–"စိတ်ထင်ရာအလွတ်ကြွားသော သပွတ်ခါးသီးဝိဇ္ဇာ" ဥပမာဖြင့် လုတ်ရပ်ဝါသနာပါသူများကို မိန့်ကြားတော်မူခြင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားကြီးသည် မန္တလေး ရတနာပုံ ဇေယျာ အောင်ချာ ပြည်တော်သာတွင် သင်္ဂဇာနှင့် ဝဇီရာရုံ ရပ်စုံသိုက်မြိုက် ကျောင်းတိုက်ကြီး ကျယ် အသွယ်သွယ်တို့ကို စိတ်ဝယ်မမင် မခင်မကပ် စွန့်ဖြတ်ပြီးကာ ရောဝတီ နဒီကမ်းထိပ် မြစ်ဆိပ်သောင်ယံ မြို့မြင်းခြံ၌ ပျော်စံသီတင်းသုံးတော်မူသောအခါ

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂရိတ်သမား လင်မယားနှစ်ဦးတို့သည် အကျူးအကျော် မလျော်မလျောက်ပတ် ပုတ်ခတ်ရိုက်နှက် သွေးထွက်သံယို ဆဲဆိုထန်ပြင်း အခင်းဖြစ်ပွား ခိုက်ရန်များသော ကြောင့် တရားသဖြင့် အခွင့်နည်းလမ်းကို ပြသော်လည်း မရသည့်အတွက် အကွက် အုပ်ကခေါ်ပြီးလျှင် ဆရာတော်ထံသို့ သွားကြ၏။

## တရားဟောတော်မူပါ

ထိုအခါ အကွက်အုပ်ကလျှောက်သည်မှာ အရှင်ဘုရား... ဤမိန်းမနှင့် ဤယောကျာ်းသည် သူများနှင့်မတူ အလွန်ပင် နားပူပါသည်။ ထိုသူ၏ လက္ခဏာမှာ သူ့ခမျာ မိန်းမ ဈေးရောင်း၍ရသော မြတ်သမျှကြေးငွေကို ရွှေဖြစ်အောင် ကြံသဖြင့် လုတ်ရတ်ဉာဏ်နည်းပါးသောကြောင့် မီးစား၍ ကုန်ပါကြောင်း။ ၎င်းအတွက် မယားကဖျက်သည်တွင် ရိုက်နှက်ညဲဆူ အလွန်ပူ၍ အေးလူအောင် မြတ်တရားကို ဟောကြားတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒကာအကွက်အုပ် ကောက်နုတ်ဖွေရှာ၍ ဥပမာပုံပေးလျှင် မုံရွေးရွာက အင်္ဂရိတ် ဆရာတစ်ဦးသည် စိတ်ရှူးတိုင်း အလွတ်ကြွားပြီးလျှင် "သပွတ်ခါးသီး ဝိဇ္ဇာဖြစ်သလို နေပေါ့ကိုး"ဟု အမိန့်တော်ရှိ၏။ ထိုအခါ အကွက်အုပ် ဒါယကာက ဥပမာဆုံးခန်းရောက်အောင် ချီးမြှောက်မိန့်ကြားတော်မူပါဟု လျှောက်သောအခါ သင်္ဇာဆရာတော်ဘုရားက ဟောကြားတော်မူသည်မှာ...

ရှေးအခါက မုံရွေးရွာ၌ ပန်းတဉ်းဆရာ၏ သမက်သည် အင်္ဂရိတ်ဝါသနာ အထုံပါ၍ မယားရှာရသော ပိုက်ဆံကြေးငွေရှိသမျှကို အင်္ဂရိတ် ထိုးဖန်များသဖြင့် လင်မယားချင်း ရန်ဖြစ်ကြရာ မိန်းမကနှင်လျှင် ရွာ၏အပြင်က ညောင်ပင်အောက်သို့ သွား၍ အင်္ဂရိတ်သမား အိပ်သတတ်။

## ဝိဇ္ဇာဖြစ်လတ္တံ့

ထိုအခါ နွားကျောင်းသား လူငယ်တစ်ယောက် ခပ်နောက်နောက် လူကမြင်းသည် ခေါင်းရင်းကနေရှာ၍ သေသေချာချာ အိပ်မက်ပေးသည်ကား သပွတ်ခါးသီး တစ်ကျပ်၊ ထန်းဖိုထန်းလျက် တစ်ကျပ်၊ ဆားတစ်မတ်၊ ဤသုံးရပ်ကို စရနယ်ပြီးလျှင် နေဝင်မှာ တစ်လုံးမျို၊ သန်းခေါင်ကို တစ်လုံးစား၊ လင်းအားကြီး တစ်လုံးခဲ့ မကြောက်ရွံ့နှင့် ဝိဇ္ဇာဖြစ်လတ္တံ့ဟု အိပ်မက်ပေး၍ ထွက်ပြေးလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ရတ်သမား အိပ်ရာကနိုးလျှင် ရက္ခစိုးမင်းသနား၍ ငါ့အားချစ်သဖြင့် ဝိဇ္ဇာဖြစ် လမ်းပေါက်အောင် ချီးမြှောက်တော်မူသည်ဟု ကြံစည်မျှော်တွေး အကယ်ပင် အိပ်မက်ပေးသည်ဟု ထင်မှတ်၍ ရတ်တရက် အိမ်သို့ပြန်ပြီးလျှင် ယခင်ဆေးသုံး ပါးကို စုဖော်ပြီး၍ နေဝင်, သန်းခေါင်, လင်းရောင်အခါ အမှာအတိုင်း စား၍ မယားအိမ်မှ ထွက်ပြီးသော် တောနက်ရာသို့ ဝင်လေ၏။

## သပွတ်ခါးသီး ဝိဇ္ဇာ

ထိုနောက် အပျိုအရွယ် မိန်းမငယ်တစ်ယောက်သည် အလိုရှိသော ယောက်ျား နှင့် မိဘများ သဘောမမျှသဖြင့် မိဘကိုစိတ်ဆိုး၍ နွားချည်ကြိုးတစ်ချောင်းကို ယူငင်လျက် ယခင် သပွယ်ခါးသီးဝိဇ္ဇာ နေသောနေရာ၏ အနီး ဗန့်ပွေးပင်ကြီးသို့ ညအခါတက်၍ ကြိုးဆွဲချလျက် သေလေ၏။ နံနက်လင်းသောအခါ သပွတ်ခါးသီး ဝိဇ္ဇာသည် သစ်ပင်မှာ ဆွဲထားလျက် တွဲလျားကျနေသော သူငယ်မအလောင်းကို မြင်လျှင် ဆင်ခြင်စဉ်းစားသည်မှာ... ဩော်–ငါသည် ရက္ခစိုးပေးသနားသည့် ဆေးသုံးပါးနှင့် ကိစ္စတုံး၍ လုံးလုံးဝိဇ္ဇာ ဖြစ်၍နေပါပြီတကား။ ငါ၏ ဆေးသတ္တိ သဘောနှင့် သူယောင်တော ဆိုက်ရောက်နေပါပေါ့တကား–ဟု အပါးသို့ ချဉ်းကပ် ကြည့်ရှုစဉ် ယခင်သူငယ်မ၏ အဖေ ဦးရီးတို့သည် သမီးငယ် ပျောက်သွား၍ တောနင်းလျက် လိုက်လံရှာဖွေကြရာ သပွတ်ခါးသီး ဝိဇ္ဇာ၏အနီးတွင် သမီးငယ်၏ အလောင်းကို တွေ့ရှိ၍ နင်၏ပယောဂကြောင့် ကြိုးဆွဲချ၍သေသည်ဟု အဖေနှင့် ဦးရီးတို့က ဖမ်းဆီးရိုက်နှက်ကြကုန်၏။ ထိုအခါ သပွတ်ခါးသီးဝိဇ္ဇာက အရှင်တို့မှာ ပြဒါးဝိဇ္ဇာ, သံဝိဇ္ဇာ, အင်းဝိဇ္ဇာဖြစ်၍ စင်စစ်အားဖြင့် ကျွန်ုပ်ထက် တန်ခိုးကြီး ပါသည်။ သပွတ်ခါးသီးတစ်လုံးနှင့် ဖြစ်ရသည့်ဝိဇ္ဇာကို မနိုပ်စက်ကြပါနှင့်။ အထက် က သူယောင်ကို ဂူချောင်သို့ ယူဆောင်တဲ့ သွားကြပါတော့ ဆရာတို့ဟု ဆိုသကဲ့ အကွက်အုပ် ဒကာကြီးရဲ့။

## မွဲတတ်သည်

ဤကဲ့သို့ အင်္ဂလိပ်ပညာနှင့် စိတ်ထင်ရာ အလွတ်ကြွားသော သပွတ်ခါးသီး ဝိဇ္ဇာကဲ့သို့ လုတ်ရတ်ဝါသနာ စွဲကပ်လျှင် မွဲတတ်သည် ဒကာတို့။ ဆရာတော် ပြောပြမည် လောက၌ နေကြသော သတ္တဝါထိုထို များပုဂ္ဂိုလ်တို့မှာ ကုသိုလ် ဒါန, သီလဘာဝနာ ဖြစ်ရာဖြစ်ကြောင်း ကောင်းသော အကြံအစည်နေရာ ဖြစ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ပါမူ ဥစ္စာပင်မရသော်လည်း မုချချီးမွမ်းထိုက်ပေသည်။ သို့တည်းမဟုတ် စည်းစိမ် ဥစ္စာ ရတနာရွှေငွေ ဆန်ရေစပါး ရကြောင်းများနှင့် စပ်ယှဉ်သော အလုပ်အကိုင် အကြံအစည် မိုရန်နေရာ ဖြစ်ခဲ့ပါမူ ထိုသူကိုလည်း အပြစ်မတင်သာ။ လောကီ–လောကုတ္တရာ နှစ်ဖြာနှစ်ဝ နှစ်ဌာနဌ် ကောသလ္လဉာဏ် အမြင်သန်အောင် ကြံဆောင်သောနေရာ ဖြစ်ခဲ့ပါလျှင်လည်း ပညာရကြောင်းဖြစ်၍ ကောင်းသည်ဟုပင် ဆိုထိုက်သည်။ ကုသိုလ် ဥစ္စာ ပညာရမူ ဤသုံးခုတွင် တစ်ခုခုမှ နေရာမဟုတ်ပါမူ ထိုသူကိုဖွဲ့နွဲ့၍ ကဲ့ရဲ့ပြစ်တင်သင့်သဖြင့် လူရှင်ရဟန်းတို့ ချီးမွမ်းအံ့သြ ထောမနာထိုက်သည်မဟုတ်။ မယုတ်အံ့သောအကျိုး တိုးအံ့သောနေရာကို ကောင်းမွန်စွာအားထုတ်၍ ပြုလုပ်ကြံစည်ရမည်။ နေ့ရှိသည်နှင့်အမျှ ရန်မဖြစ်ကြနှင့်ဟု ဆုံးမဟောပြောတော်မူပြီးသောအခါ လျှောက်လာသူ အကွက်အုပ်နှင့် လုပ်ရတ်သမားလင်မယားတို့သည် ပြန်သွားကြလေကုန်သတည်း။

---

## ၃၃–"တစ်တီတူးနှင့် ပမာထား၍" ဒွါရသမားတို့ကို မိန့်ဆိုခြင်းအကြောင်း

အခါတစ်ပါး သင်္ဂဇာ ဆရာတော်ဘုရားသည် များစွာသော တပည့်တပန်း ရဟန်းတော် အသင်းအပင်းနှင့် ဟင်္သာတမြို့ဒေသ၌ ခေတ္တ သီတင်းသုံးတော်မူခိုက် ဟင်္သာတမြို့၌လည်း အကြိုက်စရိုက် အလိုက်ဘာသာ အထုံဝါသနာ နီးရာနီးရာ ဒွါရဂိုဏ်း, ကံဂိုဏ်း–အပိုင်းအခြား စကားဝိဝါဒ နှစ်ဌာနစုရုံး နိုင်ရှုံးငြင်းခုံသူတစ်ဖုံငါတစ်ဝ ကွဲပြားကြသောအခါ ဖြစ်သတည်း။

ထိုအခါ ဒွါရသမား ဒါယကာများတို့က လျှောက်ထားကြသည်မှာ အရှင်ဘုရားတပည့်တော်များသည် ဘုရားဟော ပါဠိ အဋ္ဌကထာကျမ်းလာထောက်ရှု နှလုံးပြုလျက် ဒွါရဘက်ကနေသည်ကို လူမွေလူကြွား ဒွါရသမားဟု စကားဖွဲ့နွဲ့ အကဲ့ရဲ့ခံရပါသည်။ တပည့်တော်များကို သယ်ပိုးရှက်ဆောင်လျက် ကောင်းအောင်ကျင့်ကြံအယူဝါဒအမှန်ကံဘက်က တစ်မျိုးရှုပ်၍ အကျိုးယုတ် မပြောသင့်ပါ–ဟု လျှောက်ထား၏။

### ဖွဟဲ့ဖွ လွဲလေဖယ်လေ

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒကာတို့–ဒကာမတို့ လက်ထက် ဟင်္သာတမြို့ကျေးလက်မှာ "ဟင်းတစ်ခွက်တွင် တောင်ဘက်ချို"

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အဆိုကဲ့သို့ စကားပိုပြောကြသည်။ ဂေါတမဘုရားတစ်ဆူတည်း ဟော ထားသည့် တရားတော်ကျမ်းဂန်မှာ ကံနှင့်ဒွါရ နှစ်ဌာနနှစ်ပါး ကွဲပြားသည်မဟုတ်။ ကိုယ်, နှုတ်, နှလုံး စောင့်သုံးခြင်းမရှိ မိမိတို့မနော သဘောရတိုင်း ဂိုဏ်းကွဲပြုလုပ်၍ အမှုရှုပ်စကား အကုသိုလ်များကြသည်။ ဒကာတို့ စကားအရ အဏ္ဍဟိတ, ပရဟိတ သာသနာ့အကျိုး သယ်ပိုးရွက်ဆောင်လျက် ကောင်းအောင် ကျင့်ပါ၏ ဆိုသော်လည်း "မိုးပေါ်သို့ ခြေကန်သော တိရစ္ဆာန်တစ်တီတူး" ကဲ့သို့ ရှိချေသည်။ အဘယ်ကဲ့သို့နည်းဟူမူ ငှက်ယုတ်မြည်ကျူး တစ်တီတူးသည် သူတို့စိတ်ကူးအလို မှာ မိုးပြိုမည်စိုးရိမ်သည့်အတွက် ခြေနှစ်ဖက် ကောင်းကင်သို့ ကန်လျက် ညဥ့်ယံ ၌ အိပ်သည်မှာ သူတို့စိတ်ကသာ ကျေးဇူးများသည်။ မြည်သံကြားလျှင် လူများ ကတော့ (ဖွဟဲ့ဖွ လွဲလေ ဖယ်လေ)ဟု ဆိုကြသည်။ အဲဒါလို မင်းတို့မှာလည်း ဒွါရ ဘက်ကနေထားလို့ အကျိုးများသည် ထင်သော်လည်း လူမြင်တိုင်း ကဲ့ရဲ့ လျက် (ဖွ–ဟဲ့ဖွ လွဲလေ ဖယ်လေ) ထဲကကျမှာပဲ ဒကာတို့။ ကံသောဒွါရသော ဘယ်လိုပင် ပြောသော်လည်း ယောနိသောမနသိကာရစိတ်ကောင်းရှိကြသည်မဟုတ်။ ရှုတ်ချပြစ်တင် မြင်ယောင်သိယောင် လူတော်ယောင်ဖြင့် ရှေ့ဆောင်သော မာယာ သောထေယျ–တရားတို့သည် အမှားသာ မှတ်ရမည်။

ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဥ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနံ။

ဟူသော အနုသာသန၊ ဩဝါဒစကားကို ဘုရားဟောတော်မူလျက် ရှိချေသည်။

ဝိဝါဒံ၊ စရိုက်မမှန် အမိုက်ဉာဏ်နှင့် ခိုက်ရန်ဖြစ်ပွား အငြင်းအခုံများကို။ ဘယတော၊ ဆူးပေါ်ဖက်ကျ ပမာဏဖြင့် ရောမဘေးကြီးဟူ၍။ ဒိသွာ၊ မြင်သော ကြောင့်။ အဝိဝါဒဥ္စ၊ ခိုက်ရန်ဖြစ်ပွား အငြင်းအခုံမများခြင်းကိုလည်း။ ခေမတော၊ ဘေးရန်မရှိ မစွန်းငြိဟူ၍။ ဒိသွာ၊ မြင်သောကြောင့်။ သမဂ္ဂါ၊ ညီညွတ်သောအား ကွဲပြားခြင်း မရှိကြကုန်သည်။ သခိလာ၊ ချိုသာပြေပြစ် ကျစ်လျစ်သောစကား ရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော။ ဧသာ၊ ဤသို့ ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးကို စောင့်သုံးနေထိုင်ကြခြင်းသည်။ ဗုဒ္ဓါနံ၊ သဗ္ဗညုမြင် ဘုရားရှင်တို့၏။ အနုသာသနံ၊ အဆုံးအမတော်တည်း။

ဤကဲ့သို့ ဟောကြားတော်မူသည်များကို ထောက်ထားသမှု နှလုံးပြု၍ သုံးလူ့ မြတ်စွာ သာသနာကို နှစ်ဖြာနှစ်ပိုင်း နှစ်ဂိုဏ်းနှစ်ပက္ခ ကွဲပြားခြင်းမရှိရအောင်

www.burmeseclassic.com

www.burmeseclassic.com



သမ္မာဆန္ဒမနော‌ဖြင့် သဘောကြီးကြီး ထားကြရမည် ဒကာတို့။ ဤကဲ့သို့ ဟော ကြားဆုံးမတော်မူပြီးသောကာလ ဒွါရသမားတို့သည် အားရနှစ်သက် စိတ်လက် ရွှင်ပျ ပြန်သွားကြလေကုန်၏။

---

## ၃၄–"ပုဇွန်တောင်ဒေသ၌ ထာဝရရှင်မြန်းသော ကြာလင်ပန်းဘုန်းကြီး" ဥပမာဖြင့် အဖူးအမြော်လာသော ရဟန်းများကို မိန့်ကြားတော်မူခြင်း

အခါတစ်ပါး သင်္ဂဇာ ဆရာတော်ဘုရားသည် မော်လမြိုင်မြို့ မန်ကျည်း တောကျောင်း၌ အပေါင်းများစွာ ထေရ်သံဃာတို့နှင့် ဒါယကာမြို့သား သတ္တဝါ အများတို့ကို တရားနည်းလမ်း ဆွတ်ဖျန်းရေအေး တိုက်ကျွေး သီတင်းသုံးတော် မူသောအခါ ဝါခေါင်လအတွင်း သီတင်းမကျွတ်မီ တောဆီဌာန တောဒေသရှာ ကျောင်းတို့၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးတော်မူကြသော ငယ်ရွယ်သူ ဦးပဥ္စင်းတို့သည် ဝါတွင်း၌ အကြောင်းမရှိဘဲ ဆရာတော်ဘုရား၏အထံသို့ ဖူးမြော်ရန် လာကြကုန်၏။ ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ငါ့ရှင်တို့ တောတွင်းကျောင်းတို့၌ ခိုအောင်း သီတင်းသုံးကြသည်မှာ ဘောဇနေသပ္ပါယ, အာဝါသသပ္ပါယ မှျ–တ–သဖြင့် အသင့်အတင့် ရှိကြကုန်၏လော၊ ကာယသုခ, စိတ္တသုခ–ဟူသော ကိုယ်,စိတ်နှစ်ဖြာ ကျန်းမာ၍ ချမ်းသာကြ၏လော ဂန္ထဓုရ, ဝိပဿနာဓုရ တရားများကို အားထုတ်နိုင်ကြ၏လော။ ယခု ဆရာတော်ထံသို့ ကြွလာကြသည်မှာ ကိစ္စအထူး အဘယ်သို့ရှိကုန်သနည်းဟု မေးတော်မူ၏။

ထိုအခါ ရဟန်းငယ်များက အရှင်ဘုရား တပည့်တော်များမှာ ဆွမ်းသင်္ကန်း, ကျောင်း, ဆေး လေးပါးသောပစ္စည်းတို့ဖြင့် အသီးသီး ထောက်ပံ့ကြသဖြင့် လောက်ပြေညှိစုံပါ၏ဘုရား။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသဖြင့် ကမ္မဋ္ဌာန်းဘာဝနာ, ဝိပဿနာတရားများကိုလည်း တတ်အားသမျှ အားထုတ်ကြရပါသည်။ ယခု အရှင့်ထံသို့ လာကြသည်မှာ ကိစ္စအထူးမရှိပါ။ ဆရာတော်ဘုရား၏ မျက်နှာတော်ကို ဖူးမြော်လို၍ ရောက်ပါသည်ဘုရားဟု လျှောက်ထားကြ၏။

ထိုအခါ ဆရာတော်ဘုရားက အင်း မင်းတို့ သံဃာငယ်များမှာ "ကြာလင် ပန်းဘုန်းကြီး/ဝါကပ်သလို နေပေါ့ကိုးကွဲ့."ဟု မိန့်တော်မူပြီးလျှင် ငါ့ရှင်တို့...

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ ပုဇွန်တောင်၌ ပျော်မြိန်းသော ကြာလင်ပန်းဘုန်းကြီးသည် ဝါဆိုပြီးလျှင် သွားချင်ရာရာ ကြွသွား၍ ညဉ့်အိပ်ညဉ့်နေ စိတ်ထင်တိုင်း နေလေ့ရှိသတဲ့။

## ဝါဆိုနည်းမတူလို့

တစ်နေ့သောအခါ ပုဇွန်တောင်အရပ်သား ဒကာများက အရှင်ဘုရား တစ်ပါးသော ရဟန်းတော်တို့မှာ ဝါကပ်ဆိုပြီးသည်စက၍ ကိစ္စအကြောင်းတစ်ခုခုမရှိဘဲ ထွက်ဖဲကြွသွား ညဉ့်အိပ်များ နေကြသည်မဟုတ်ပါ။ အရှင်မှာကား သွားလိုသွား၊ ကြွလိုကြွ၊ ကိစ္စထူးလည်းမရှိ ကြွကောင်းပါ၏လောဟု လျှောက်ထားမေးမြန်းကြသည်။

ကြာလင်ပန်းဘုန်းကြီးက ဝါဆိုနည်းမတူကြ၊ သူတို့ကတစ်မျိုး ငါကတစ်မျိုး အားကိုးအားထားနှင့် ဝါဆိုစည်းတားကြတာကိုးကွဲ့။ သူတို့ ဝါဆိုတာက ဝါတွင်းကာလ၌ ဘာကြွလို့ဖြစ်မလဲ "ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ။" ဣမသ္မိံ ဝိဟာရေ၊ ဤကျောင်း၌။ ဣမံ တေမာသံ၊ ဤဝါတွင်းသုံးလပတ်လုံး။ ဝဿံ၊ ဝါသို့။ ဥပေမိ၊ ကပ်ပါ၏။" ဤကဲ့သို့ ဝါဆို၍ ကိုယ်ထင်တိုင်းမသွားရတာ။

## ငါ ဝါကပ်နည်း

ငါကတော့ "ဣမသ္မိံ ဇမ္ဗူဒီပေ ဣမံ တေမာသံ ဝဿံ ဥပေမိ။ ဣမသ္မိံ ဇမ္ဗူဒီပေ၊ ဤဇမ္ဗူဒီပါ လက်ယာတစ်ကျွန်းလုံး၌။ ဣမံ တေမာသံ၊ ဤဝါတွင်း သုံးလပတ်လုံး။ ဝဿံ၊ ဝါသို့။ ဥပေမိ၊ ကပ်ပါ၏" ဒါလိုကပ်တာမို့ ဘယ်အရပ်သွားသွား ကိစ္စမရှိဘူးလို့ ဆိုသတဲ့ တပည့်တို့ရဲ့။ အဲဒါလိုပဲ မင်းတို့မှာလည်း တစ်ကျွန်းလုံး ရည်မှတ်ပြီး ဝါကပ်လာကြသလားဟု မိန့်ကြားတော်မူလျှင် ရယ်ရွှင်ကြလေကုန်သတည်း။

## အကြောင်းသုံးပါးရှိလျှင်

ထိုနောက်မှ ဆရာတော်ဘုရားက ငါ့ရှင်တို့ ဘုရားသခင် ဟောတော်မူအပ်သော မဟာဝါပါဠိတော် ဝဿုပနာယိကက္ခန္ဓက၌... "ဒါနဋ္ဌ ဒါတုံ၊ ဓမ္မဋ္ဌ သောတုံ၊ မုခဋ္ဌ ပဿိတုံ" သုံးပါးစုံသော အကြောင်းစုတွင် အလှူ့ရှင်ဒါယကာများက အရှင်ဘုရားအား လှူဒါန်းခြင်းအကျိုးငှာ ကြွလာတော်မူပါ။ အရှင်ဘုရား၏ တရားကို မှတ်သားခြင်းအကျိုးငှာ ကြွလာတော်မူပါ၏။ အရှင်၏ မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



ဖူးမြင်ရခြင်းအကျိုးငှာ ကြွလာတော်မူပါဟုပင့်လျှင် ထိုအကြောင်းနှင့်သာ ထွက်ကြွချီးမြှောက်သင့်ကြောင်းကို လာရှိသည်။ သို့ဖြစ်၍ ယခု ပြဆိုခဲ့သော အကြောင်းသုံးပါးတွင် တစ်ပါးမျှ မရှိဘဲ အကြောင်းမဲ့ ဝါတွင်း၌ ပျင်းရိတိုင်းညဉ့်အိပ်ညဉ့်နေ မသွားရ။ ဆုံးမသည့်စကားကို မှတ်သား၍ နောက်နောင် ငါ့ရှင်တို့ ရှောင်ကြရမည်။ ပုဏ္ဏတောင်နေမှီးသည့် ကြာလင်ပန်းဘုန်းကြီးသို့ မလုပ်ကြနှင့်ဟု နည်းပြ မိန့်ကြားလျှင် ရဟန်းငယ်အားလုံးတို့ တအုံးအုံး ရယ်ကြလေကုန်သတည်း။

---

## ၃၅–"ချဉ်ပေါင်ကို ကာပြန်လို့ ဝက်သားထံခြေကန်ရုန်းသွားရော့ကတုံး"ဟူသော ဥပမာဖြင့် ပင့်လာသူ ဒကာများအား မိန့်ကြားတော်မူခြင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားသည် မော်လမြိုင်မြို့၊ မန်ကျည်းတောကျောင်း၌ သီတင်းသုံးတော်မူစဉ်၊ ၎င်းမြို့ထဲက ဆင်းရဲသောသူ တစ်ဦးသည် အထူးကြည်ညိုသော သဒ္ဓါတရားဖြင့် ဆရာတော်ဘုရား ခြေတော်ရင်းသို့ ဝပ်စင်းခစား၍ "အရှင်ဘုရားသည် နက်ဖြန်နံနက် အရုဏ်တက်ချိန် တပည့်တော်နေအိမ်သို့ ဆွမ်းဘုဉ်းပေး ကြွတော်မူပါဘုရား"ဟု လျှောက်ကြားပင့်ဖိတ်ပြီးသော် အိမ်သို့ ရုတ်တရက် မပြန်သေးဘဲ ဆရာတော်ဘုရားနှင့်ပင် စကားပြော၍ နေကြသတည်း။ ထိုနောက် မော်လမြိုင်မြို့တွင်း နေဥစ္စာ များစွာလုံလောက် ကုံတံကြွယ်ဝသော ပွဲစားကြီးတစ်ဦးကလည်း ညွှတ်နူးစေတနာ သဒ္ဓါတရား ရှိသောအားဖြင့် ဆရာတော်ဘုရား ခြေတော်ရင်းသို့ကပ်၍ "အရှင်မြတ်ဘုရား နက်ဖြန်နံနက် အရုဏ်တက်အချိန် တပည့်တော်နေအိမ်သို့ ကြွပြီးလျှင် သဂ္ဂမောက္ခအရေး ရှုမြော်တွေးလျက် ဆွမ်းဘုဉ်းပေး ကြွတော်မူပါဘုရား"ဟု လျှောက်ထား ပင့်ဖိတ်၏။

### ဝက်သားထံ ခြေကန်ရုန်းသလို

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ အင်း–အရင်လူ နောက်လူ အပင့်ချင်းဖြင့် တူနေကြပြီ ဒကာတို့၊ ဥပမာထုတ်ဆောင်လျှင် "ချဉ်ပေါင်ကို ကာပြန်လို့ ဝက်သားထံ ခြေကန်ရုန်းသွားရော့ကတုံး"ဆိုတဲ့ ဥပမာလိုများ ဖြစ်နေမလားဟု မိန့်ကြားတော်မူ၏။ ထိုအခါ ပင့်လာသူ ဒကာများက အရှင်ဘုရား ဥပမာစကားကို သေချာစွာ ထင်ရှားအောင် မိန့်ကြားတော်မူပါဟု

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ကြသောအခါ ဆရာတော်ဘုရားက ဒကာများတို့... ရှေးက ဘုန်းကြီးတစ်ပါး ကျောင်းထိုင်ရာ ဆင်းရဲစွာသော ဒါယကာတစ်ဦးက အထူးကြည်ညိုသည့်အတွက် နက်ဖြန်နံနက် အရုဏ်တက် ဆွမ်းစား အရှင်ဘုရား ကြွတော်မူပါဟု စာလွှာနှင့် ပင့်၍ ပြန်သွား၏။ နောက်ဒုတိယ နေပစ္စည်းဖြင့် ပြည့်စုံကုံလုံသော ဒါယကာ တစ်ယောက်က နက်ဖြန်နံနက် အရုဏ်တက်ဆွမ်းစား အရှင်ဘုရား ကြွတော်မူ ပါဟု စာလွှာနှင့် ပင့်ပြန်လျှင် လက်ခံလိုက်၏။

ညအခါကာလ ဘုန်းကြီးက စိတ်ကူးသည်မှာ– ရှေးဦးပင့်သည့် ဒကာသည် အလွန်တရာ ဆင်းရဲ ပစ္စည်းမဲ့သည်။ ချဉ်ပေါင်ကလွဲ၍ ဝက်အမဲ ငါးတို့ကို သားနားစွာ ချက်နိုင်မည် မဟုတ်။ နောက်ဒုတိယအခါ ပင့်လာသူ ဒါယကာ သည် ဥစ္စာကုံလုံ ဟင်းမျိုးဖြင့် စုံလိမ့်မည် ငါဘယ်ပုံ ကြွရအံ့နည်း၊ အကယ်၍တည်း စားသောက်ချင်အားကြီးနှင့် မျက်နှာကြီးလိုက် လောဘဇောစရိုက်ကြောင့် နောက်၌ ပင့်လူ ထိုသူ၏အထံ လိုက်ခဲ့ပြန်လျှင် လျော်ကန်မည်မထင်၊ ယခင်ပကတူ လက်ဦးပင့်သော ဒါယကာထံ ပါသွားပြန်လျှင် ကေန္တ ချဉ်ပေါင်ဟင်းနှင့် လက်ငင်း တွေ့ဆုံ၍ ကြုံရတော့မည်၊ စသည်ဖြင့် ကြံစည်စဉ်းစားလျက် ကျိန်းစက်တော်မူ လေသတည်း။

## နိုင်အောင်ဆွဲသူနောက် လိုက်မည်

နံနက်အခါ အရုဏ်လာလျှင် ဒါယကာနှစ်ဦးသည် ယှဉ်ပူးလျက် တစ်ပြိုင်နက် ချင်း ကျောင်းတွင်းသို့ ရောက်ကြ၏။ ထိုအခါ ဆင်းရဲသည့် ဒါယကာက ကြွဖို့ရာ အချိန်တန်ကြောင်းနှင့် ခွင့်တောင်းလျှောက်ထားရာ နောက်ဒါယကာကလည်း ထိုနည်းအတူပင် ခွင့်တောင်းလျှောက်ထားသည်။ ထိုအခါ ဘုန်းကြီးက ဟင်းကောင်း ကြိုက် နောက်လူထံ လိုက်ချင်သဖြင့် ကြား၌နေသလို ဖျန်ဖြေမည့်ပုံအလိုနှင့် ပြောဆို အမိန့်ရှိသည်မှာ ဒကာတို့နှစ်ဦးသည် ကြည်နူးသောစေတနာနှင့် ပင့်လာသူ ချည်း ဖြစ်ကြသည်။ ပထမဒကာထံလိုက်က ဒုတိယဒကာကမကြိုက်၊ ဒုတိယ ပင့်သူထံလိုက်က ပထမဒကာက မနှစ်မြို့။ မင်းတို့ကို ငါအကြံပေးမည်၊ စိတ်အေး ဖို့ရာ ဘယ်ညာနှစ်ဖက် ငါ၏လက်ကို တစ်ဖက်စီဆွဲကြရော့။ ကဲ သူ့နောက်ကို ငါလိုက်မည်။

ထိုအခါ ဆရာနှင့် နှစ်ဦးသော ဒါယကာတို့ သည် ဗျာကရာထပြီးလျှင် ဘုန်းကြီး၏ လက်နှစ်ဖက်ကို တစ်ချက်စီ အားခဲလျက် ဆွဲ၍လုကြလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီး၏ မနောက ပစ္စည်းပေါသည့် ဒါယကာထံသို့ လိုက်ရ အောင်ကြံပြီး လျှင် ခြေကိုကန်လျက် နောက်လူဘက်သို့လုံးလုံး အားထုတ်၍ ရုန်းသတတ်။ ထိုအခါ ပထမပင့်လာသူ ဆင်းရဲသူ ဒါယကာက သယ်...ငါကပထမလူ၊ နောက်လူဘက်သို့သာ ရုန်းလေသည် "သောက်ကတုံးသွားရော့ဟု" အားလျှော့၍ ဆွဲရာက တစ်ခါတည်း လွှတ်လိုက်လျှင် မြေကြီးတွင် နှစ်ယောက်လုံး ဘုံးခနဲ လဲကျသဖြင့် နေရာကမထနိုင်ဘဲ ရှိကြလေ၏။

ထိုအခါ ဆင်းရဲသည့်ဒါယကာက ဝမ်းသာအားရ ကွေးတဲ့အောင် ကပြီးလျှင်– "ချဉ်ပေါင်ကို ကာပြန်လို့ ဝက်သားထံ ခြေကန်ရုန်း သွားရော့ကတုံး"ဟု ဆိုသတဲ့ ဒကာတို့ရဲ့။ အဲဒါလိုပဲ ယခုလည်း နှစ်ယောက်လူ အပင့်ချင်းဖြင့် တူနေပေ့၊ နောက်လူထံ လိုက်သွားလျှင် ဝက်သားဘက် ကေနိပါပြီး ခြေကန်ရာ ကျတော့မည်။ နောက်ဒါယကာကသည်းခံ တစ်ခါတစ်ရံ ဆင်းဆင်းရဲရဲ လှူရသည့် အချက်ထဲမှာ ဆရာတော်နှင့်လွဲသည်ဟု ဝမ်းနည်းစရာတသီး ရဟန်းတို့ ဝိနည်း ကလည်း ပင့်ပြီးသောဒါယကာထံသို့ ကြွလိုက်ရန် အခွင့်ရှိသည်ဒကာတို့။ ဤကဲ့သို့ ဆရာတော်ဘုရား မိန့်ကြားသောကာလ ပင့်လာကြသော ဒကာနှစ်ဦး တို့သည် အထူးပင် ကျေနပ်၍ နေရပ်သို့ ပြန်ကြလေသတည်း။

---

## ၃၆–"မာတုဂါမ ထဘီကြားက နိဗ္ဗာန်စကားပြောသည်"ဟု လျှောက်လာသော ပရမတ်ဆရာကို ခပ်နာနာ မိန့်ဆိုခြင်း

တစ်ရံရောအခါ သင်္ဂဇာ ဆရာတော်ဘုရားသည် တပည့်တပန်း ရဟန်း သံဃာတော် အပေါင်းနှင့် အနောက်ချောင်းသို့ ရောက်တော်မူသောအခါ စာပေကို အနည်းငယ်မျှ ကြည့်ရှု၍ အမှုကိစ္စရှိသမျှ အလှူမသာ တွေ့ကြုံရာတို့၌ စာစကား ပြောတတ်သော ပရမတ်ဆရာတစ်ဦးသည် အထူးသဖြင့် သူ၏ဂုဏ်ကို သူမြှင့်၍ အထင်နှင့် လျှောက်သည်မှာ... အရှင်ဘုရား တပည့်တော်မှာ "သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာနာယ သောတာပန္နော" ဟူသော အဘိဓမ္မတ္ထသင်္ဂြိုဟ် မိန့်ဆိုသည့် အရ သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကင်းကွာရန် စိတ်ကူးနှင့် အထူးအားထုတ်သည်မှာ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, မိုလ်, ဗောဇ္ဈင်, မဂ္ဂင်, ဈာနင် ဉာဏ်၌ မြင်လျှင် ဆင်ခြင်သုံးသပ်ရကား နာမရူပပရိစ္ဆေဒဉာဏ် ရင့်သန်ရာရင့်သန်မှု

www.burmeseclassic.com

www.burmeseclassic.com



နှလုံးပြုအားထုတ်ရာ အပတ်စူးရှသဖြင့် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကင်း ကွာပါပြီ ဘုရား စသောအားဖြင့် လျှောက်ထားမိလေသတည်း။

ထိုအခါ ဆရာတော်ဘုရားက ဟေ့... ဒါယကာ၊ မင့်ကိုမင်း ဘယ်လိုပင်ပြော သော်လည်း "အညာသီဟတောသို့ ဘုရားဖူးသွားမည်" ဆိုသော လှေသူကြီးအသွင် ကဲ့သို့ မစုန်ခင်က ကုန်မြင်တာနှင့် သိပေါ့ဒကာရယ်လို့ အမိန့်တော်ရှိ၏။

ထိုအခါ အပါးတော်၌ရှိသော ဒါယကာတို့က အညာ သီဟတောသို့ ဘုရား ဖူးသွားမည် ဆိုသော ဥပမာကို သေချာစွာ သဘောထားရအောင် ဟောကြားတော် မူပါဘုရားဟု လျှောက်ထားတောင်းပန်သော် ဆရာတော်က မိန့်သည်မှာကား... ဒကာတို့– မြင်းခြံမြို့ အနောက်ဖက်ဝယ် ခြံရေချိုက မောင်ရွှေခိုဆိုသူနှင့် အတူပါ လူလေးယောက်တို့သည် အောက်ကျေးရွာသို့ ပစ္စည်းဥစ္စာ ရှာဖွေလုပ်ကိုင်ရန် သွားမည်ဟု အညီအညွတ် တိုင်ပင်ကြ၍ အိမ်မှ ထွက်ခဲ့လေ၏။ ရောဝတီကမ်း ထိပ် မြင်းခြံမြို့လှေဆိပ်သို့ ရောက်သောအခါ လှေကြုံကိုရှာမည်ဟု လှည့်လည်ကြည့် ရှုရာ လှေပေါ်မှာလည်း ဆီးသီး၊ သနပ်ခါးခေါက်၊ ကျောက်ပျဉ်၊ ထန်းလျက် ပြည့်နှက်အောင်တင်၍ ထားသော ကုန်များကို မြင်လေသည်တွင် ဤလှေသည်ကား အနုမာနနှင့် ရမ်းဆ၍ တိုင်းစာလျှင် အောက်မြို့သွားမည့်လှေ ဖြစ်သည်ဟု အတည်ကျ သဘောထား၍ လှေသူကြီးအား 'ဘယ်အရပ်သို့ သွားမည်နည်း'ဟု မေးရာ လှေသူကြီးက ကျွန်ုပ်တို့လှေသည် အောက်ပြည်သို့ မစုန်ပါ "အညာသီဟ တောဘုရားသို့ ဘုရားဖူးသွားမည်"ဟု လိမ်လည်လှည့်ဖြား၍ ပြောသဖြင့် မေးလာ သူ မောင်ရွှေခိုက ပြောဆိုသည့်အချက်မှာ အထက်အညာသီဟတောဘုရားသို့ သွားမည်ဟု ဆိုသော်လည်း လှေပေါ်မှာ ဆင်ခြင် "မစုန်ခင်က ကုန်မြင်တာနှင့် သိပါပေါ့ခင်ဗျား"ဟု ဆိုသတဲ့ ဒကာရဲ့။

ထိုအတူ လူနေလူထိုင် မခိုင်မခံ့ ပျံ့နှံ့အာရုံ ကာမဂုဏ် ခံစားလျက် သက္ကာယ ဒိဋ္ဌိ ကွာဟန်များနှင့် ငါ့အားလျှောက်သော်လည်း ထောက်ချင့်ဆင်ခြင် လူပုံကို မြင်တာနှင့် မစုန်ခင်က သိပြီးပါပဲကွဲ့ဟု အမိန့်ရှိပြီးမှ ဟောပြတော်မူသည်မှာ... ဒါယကာ ငါပြောမည်။ ယခုလောက၌ သက္ကာယဒိဋ္ဌိ ကွာဖို့ရန်အတွက် အလွန်ပင် ခဲခက်သည်။ အချက်ကိုဆိုသော် ကိုယ်–ဟုဆိုအပ်သော ခန္ဓာပဥ္စက အပုပ်ကောင် ကို အပတ်ယောင်ထင်မှား၍ တင်စားကြသည့်အရာ ဘာမျှမပတ်၊ ရုပ်အစု– နာမ်အစု တစ်ခုခုအဖို့၌ မိမိတို့ကိစ္စ သဘာဝတရားဖြင့် သွားသည်၊ စားသည်၊ ခံစားသည်ကို ငနီ၊ ငဖြူ၊ လူသား၊ နတ်သား၊ ယောကျာ်း၊ မိန်းမ ထင်မှတ်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ သက္ကာယ စွဲလမ်းခြင်းပင် ဖြစ်သည်။ စင်စစ်မှုကား ဓာတ်လေးပါး သဘောသည် (အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု။) မိမိတို့အမှုကို မိမိတို့ ဆောင်ရွက်၍ မျက်စိတစ်မှိတ်, လျှပ်တစ်ပြက်, လက်ဖျစ်တစ်တွက် ကာလအတွင်း၌ ဖြစ်ပျက်ခြင်းအနန္တ စိတ္တက္ခဏအလွန်မြန် ကိုယ်တွင်းရှိ ရုပ်နာမ်ကို "အနိစ္စံ ခယဋ္ဌေန, ဒုက္ခံ ဘယဋ္ဌေန, အနတ္တာ အသာရကဋ္ဌေန" သမာဓိရရန်နှင့်...

ခယဋ္ဌေန၊ ကုန်တတ် ပျက်စီးတတ်သာ အနက်ကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ ဘယဋ္ဌေန၊ ကြောက်မက်ဖွယ်အရေး ဘေးဟူသော အနက်ကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ အသာရကဋ္ဌေန၊ အနှစ်သာရကင်း၍ အစိုးမရခြင်းဟူသော အနက်ကြောင့်။ အနတ္တာ၊ အနတ္တမည်၏။

ဤကဲ့သို့ ဆင်ခြင်သုံးသပ်၍ လှုပ်လှုပ်ရှရှ မြင်မြင်သမျှတို့၌ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောဟု ဟုတ်သောအတိုင်း ဉာဏ်နှင့်ထင်မြင်၍ အကယ်ပင် ရှုးရှုမှ ထိုသူသည် ဟုတ်တန်ရာ၏။ **စာကိုမှတ်၍ ပြောသည်မှာ သဘောလိုရင်း မဟုတ်**။ မုချကေန္တ အနိစ္စ, ဒုက္ခ, အနတ္တကို မြင်လျှင် ထိုသူတွင် လောဘ, ဒေါသ, မောဟတရားတို့ ရှင်းလင်း၍ စင်းစင်းစေ့ငုဖွယ်မရှိ။ "သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာပဟာနာယ၊ သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်သဖြင့်။ သောတာပန္နော၊ သောတာပန်သည်။ ဟောတိ၊ ဖြစ်၏။" ဤကဲ့သို့လာရှိသည်။ ငါတပည့် ဒကာမှာ သက္ကာယရှင်းကွာသောဟု အပြောနှင့် ဟန်ကိုဆရလျှင် "မာတုဂါမ ထဘီကြားက နိဗ္ဗာန်စကားပြောသည်"ဟု နားခါးသောသူလို့ ဆိုရန်ရှိသည်။ သတိထားလျက် စဉ်းစားဆင်ခြင်၍ တော်ရုံပင် ပြောရမည်ဟု ဤကဲ့သို့ အမိန့်တော်ရှိသောအခါ ဒါယကာအများတို့သည် ရယ်အားတက်ကြလေကုန်သတည်း။

---

## ၃၇-ဦးစာရိန္ဒလျှောက်ချက်နှင့် နောက်တစ်သက်တပည့်များတို့ သတိထားရန်ထုံးပြ၍ ဆုံးမတော်မူပုံ

အခါတစ်ပါး သင်္ဃာဆရာတော်ဘုရားကြီးသည် အသီးသီးသော တိုင်းပြည် နိုင်ငံတို့မှ ဆက်ဆံသွားလမ်း ဆိပ်ကမ်းသင့်လျော် လူပေါင်းပျော်သော မော်လမြိုင်မြို့၌ သီတင်းသုံးတော်မူခိုက် ကျိုက်သလ္လာ ဘုရားကြီးနှင့် မနီးမဝေး ကျောင်းတိုက် တွင်နှစ်ခြိုက်မွေ့လျော် သီတင်းသုံးနေတော်မူသော ဘုန်းတော်ကြီး ဦးစာရိန္ဒသည်

www.burmeseclassic.com

www.burmeseclassic.com



ဂါရဝတရားနှင့် လျှောက်ထားသည်မှာ... အရှင်ဘုရား တပည့်တော်၏ကျောင်းမှာ အပေါင်းများစွာ လူတကာတို့ သွားလာထွက်ဝင် ခင်မင်ကြည်ညို ကုသိုလ်ဖြစ်ပွား နိဗ္ဗာန်ကို ရှေ့ထား၍ တရားနာရောက်ကြသည်ကို မထောက်မဆသူ ငြူစူမာန်လိုဝန်တိုသူအပေါင်းတို့သည် မကောင်းပြစ်မှား စကားဖွဲ့နွဲ့ ကဲ့ရဲ့ပြစ်တင် မဆင်ခြင်ဘဲ စွပ်စွဲပြောဆိုသည်ကို ခံနေရပါသောကြောင့် ထိုသူတို့အား မပြောကြားအောင် အရှင်ဘုရား ဆုံးမတော်မူပါဟု လျှောက်၏။

## ကျောင်းဆိုတာ

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ငါ့ရှင်မောင်စာရိန္ဓ၊ "အိုးချင်းထားက ထိတတ်သည်၊ ကြိုးချင်းထားက ငြိတတ်သည်" သတိထားဖို့ သဘော ပြောစရာရှိလျှင် ပြောလိမ့်မည်။ မလျော်သောအမှု သင်မပြုဟု ယခုဝန်ခံပြီးသော်လည်း ပုထုဇဉ်များ၏ အလေ့သည် မတွေ့မမြင်ရမှ သင့်လျော်ရုံရှိသည်။ စက္ခုန္ဒြေ၏ စောင့်စည်းခြင်း၊ သောတိန္ဒြေ၏ စောင့်စည်းခြင်း၊ ရသာနိန္ဒြေ၏ စောင့်စည်းခြင်း၊ ဃိုဝိန္ဒြေ၏ စောင့်စည်းခြင်း၊ ကာယိန္ဒြေ၏ စောင့်စည်းခြင်း၊ မနိန္ဒြေ၏ စောင့်စည်းခြင်းဟု ဆိုအပ်သော ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံရန် စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှာဝိဉာဏ်, ကာယဝိဉာဏ်, မနောဝိညာဏ်– တည်းဟူသော နွားခြောက်ကောင်တို့က ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဟု ဆိုအပ်သော လယ်ယာများသို့ မသွားမဝင်စေမူ၍ လုံခြုံစွာ စောင့်ထိန်းပြီးလျှင် ဣန္ဒြေခြောက်ပါးတည်းဟူသော နွားများကို ကျောင်းရာဖြစ်သောကြောင့် ယခု ငါတို့ သင်တို့နေသော ဗိမာန်ကို ကျောင်းဟု ခေါ်သည်။

## ကျမ်းဂန်အရှိ

ထိုကြောင့် ရှေး၌ထင်ပေါ် ဆရာကျော်တို့သည်... "အရည္ဒဝါသီနံ၊ ဣန္ဒြေဟုနွားလေးထိန်းကျောင်း သခင်ပေါင်းကို ကိန်းအောင်းပုန်းလျှို တောစခိုလျက် မင်ဖိုလ်ရည်ချောင်း အထောင့်ကောင်းသည် တောကျောင်း၌ နေလေ့ရှိကုန်သော"ဟု အနက်သမွန်တော်မူကြသည်။ ဤသို့ ရှေးသူတော်ကောင်း သူမြတ်လောင်းတို့ ကျင့်ပောင်းကျင့်ရိုး နည်းနာခိုးလျက် အကျိုးယုတ် အကျိုးမဲ့ အကဲ့ရဲ့ကင်းငြိမ်းအောင် ထိန်းသိမ်းစောင့်ရှောက်ရမည်။ သင့်ကဲ့သို့ နုနုနယ်နယ် ရဟန်းငယ်ကို မဆိုထားဘိ ရာဇဂြိုဟ်ပြည်တွင် ဂုဏ်ထင်ပြန့်ပြောသော မဟာဘောဂ သူဌေးကြီး၏

www.burmeseclassic.com

www.burmeseclassic.com



သားသည် တရားသံဝေဂရသဖြင့် မိဘတို့ထံ အဖန်ဖန် ခွင့်တောင်းပြီးလျှင် ရဟန်းကောင်းတို့၏ အကျင့်တရား ငါးပါးသောစုတင်ကို ဆောင်သောအားဖြင့် မြတ်စွာဘုရားသခင်သည် ပဉ္စစုတင်ရဟန်းကျော်ဟု မှည့်ခေါ်တံဆိပ် ရွှေအဲ့လိပ်နှင့် ခတ်နှိပ်နှင်းအပ်သော ရဟန်းမြတ်ဖြစ်လျက် ချစ်ခင်စုံမက် နှစ်သက်စွဲလမ်းလောက်သည်မဟုတ်၊ ယုတ်ညံ့သော အမျိုးဖြစ်သော ကျွန်မငယ်သည် ဆက်နွယ်ဖြားယောင်းသဖြင့် ရဟန်းကောင်း လူထွက်၍ အိမ်ထက်သို့ ပါရဟန်ကို ကျမ်းဂန်၌လာရှိသည်။

သို့ဖြစ်၍ မာတုဂါမ ဝိသဘာဂ အာရုံများနှင့် စကားနှီးနှော ပြောဟောဆက်ဆံခြင်းများကို ရှောင်ရှား၍ တရားကို အားထုတ်လျက် ကြိုးကုတ်နေထိုင်ရမည် ရှင်စာရိန္။ ဤကဲ့သို့ ဆုံးမ၍ ဩဝါဒပေးတော်မူလျှင် ယခင် ဦးစာရိန္ အရှင်မြတ်သည် သပ္ပုရိသူပနိဿယ, ကလျာဏမိတ္တ ဖြစ်တော်မူသော သင်္ဃာဆရာတော်ဘုရားကြီးနှင့် ခိုမှီးနေထိုင်ရခြင်းသည် လွန်မင်းစွာ ကျေးဇူးကြီးမား၍ အကျိုးစီးပွားများအောင် ထုတ်ဆောင်ကယ်တင်ပါပေသည်တကားဟု များစွာကြည်ညိုခြင်းဖြစ်တော်မူလေ၏။

---

## ၃၈–"လျှော်ကထားပုံ အဖျားရှုး၍ စကားထူး" မိန့်တော်မူသော အကြောင်း

အခါတစ်ပါး သင်္ဃာ ဆရာတော်ဘုရားသည် ညောင်တုန်းမြို့၌ ဒါယကာအပေါင်းတို့ စုဆောင်းအားထုတ် ဆောက်လုပ်တင့်ဆန်း ခမ်းနားကြီးကျယ်သော တရားမဏ္ဍပ်ကြီးအလယ် ပေါ်ကြွယ်မိုလ်ထု ပြိုလုဘနန်း ပျားပန်းခပ်သကဲ့သို့ ပရိသတ်အများတို့အား တရားစည်ကြီး ခတ်တီးဆော်ရွမ်းတော်မူသော အဆုံး၌ မောင်အုန်း–ဆိုသူက ရှေးရှုဝပ်တွား၍ အသနားခံ လျှောက်ထားသည်မှာ အရှင်ဘုရား ယခုကာလ လူအများ ယောကျ်ား, မိန်းမ ဟူသမျှတို့သည် ဒသသီလ, အဋ္ဌင်္ဂသီလနှင့် ပဉ္စင်္ဂသီလများကို ကြိုးစားအားထုတ်ကြမည်ဟူသော နှလုံးသွင်းနှင့် ကျောင်းတွင်းသို့သွား သီလများကို ခံယူဆောက်တည်ကြပြီးကာလ အိမ်ကပါသော ကောင်းနိုးဖွယ်ရာ ရသာချိုချဉ် ဘောဇဉ်မယွင်း ထမင်းဟင်းတို့ကို တင်းလှအောင် စားပြီးလျှင် စကားစပ်ရာ ဘာသာဘာဝ တောင်ကျမြောက်ရောက် ဘောက်သောက်

www.burmeseclassic.com


များစွာ သူတစ်ခါ ငါတစ်လှည့် ခေါင်းနွဲ့လည်ညိတ် စိတ်ကထင်တိုင်း ရိုင်းပြသော တိရစ္ဆာနကထာတို့ကိုသာ ပြောကြား၍ အလကား ကာလကုန်သဖြင့် စောင့်ရပုံ ဟန်မရသောကြောင့် သီလ၏ အကျိုးဆက်သည် ဖြိုးနက် မြောက်မြားမည် မထင်ပါ။

ရှေးအခါကာလ မဇ္ဈိမဒေသ–အစ၊ နေမိယ–အဆုံးရှိသော မင်းအပေါင်း ရှစ်သောင်းလေးထောင်တို့သည် မြားမြောင်ကြီးကျယ်သော တိုင်းပြည်ခရိုင် အပိုင်ထီးနန်းတို့ကို မြူခြမ်းတရှိ မစွန်းငြိဘဲ မဟာဘိနိက္ခမ ဆိတ်ငြိမ်ရာဌာနသို့ကပ်၍ သီလမြတ်၏ဂုဏ် အလုံးစုံကို အာရုံစွဲလမ်း ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းဆင်ခြင်ကြသည်ဟု ကြားသိမှတ်နာရဖူးပါသည်။ သို့အတွက် ယခုကာလ သီလစောင့်ကြသော သူများကို ဘုရားတပည့်တော် သဘောမကျပါ။ တပည့်တော်မှာမူ သားနှင့်မယားကျွဲနွားသင်းပင်း လုပ်ခင်းလယ်ယာ အဖြာဖြာတို့က များစွာရှုပ်ထွေးသည့် အတွက်ကြောင့် သက်သက် အားမထုတ်နိုင်သေးပါ။ အကယ်၍များ သားမယား စည်းစိမ်ဥစ္စာ လယ်ယာကျွဲနွား မရှိငြား၍ အားလပ်ခွင့် ရခဲ့ပါလျှင် ကေနိပင် နေမိမင်းကြီးများကဲ့သို့ အားထုတ်နိုင်လိမ့်မည် ထင်ပါသည်ဘုရားဟု လျှောက်ထား၏။

## လူရယ်စရာဖြစ်တတ်သည်

ထိုအခါ ဆရာတော်ဘုရားကြီးက ပြုံးတော်မူပြီးလျှင် အမိန့်ရှိတော်မူသည်မှာ ဒါယကာ မောင်အုန်း အဆုံးနှင့်အစ ချီအချ မညီတော့ လူရယ်စရာဖြစ်တတ်သဖြင့် ပုံကပ်၍ ပမာတင်ရလျှင် "ကရင် တရားစွဲ လွဲတာနှင့် တူချေပြီ"ဟု မိန့်တော်မူ၏။

ထိုအခါ တရားနာ ပရိသတ်အပေါင်းတို့က ညွတ်ပြောင်းပန်ဆင် ကရင်တရားစွဲ လွဲသော အဓိပ္ပာယ်ကို အကျယ်ဟောတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်ရာ... ဒကာများတို့ ကရင်ရွာ တစ်ရွာတွင် ထော်မွှန်ဆိုသူ ကရင်နှင့်ဘိုးကွန်းဆိုသူကရင် ညီအစ်ကို နှစ်ယောက်တို့သည် ကောက်စပါးရိတ်ကြရာမြန်မာလူမျိုးတစ်ဦးသည် ကျူးလွန်နှောင့်ယှက် ရိုက်နှက်ပုတ်ခတ်ပြီးသောအခါ လွတ်ရာသို့ ထွက်ပြေးသတတ်။ ထိုအခါ ညီဖြစ်သူ–ကရင်ဘိုးကွန်းက အစ်ကိုထော်မွှန်ကို တွဲလျက် ရိုက်နှက်သော တုတ်လက်နက်ပါ သယ်ပိုး၍ အစိုးရရုံးတော်သို့ တင်ပို့သတဲ့။

ထိုအခါ အစိုးရမင်းက ကောင်းပြီ မောင်မင်း၏အစ်ကို ထော်မွှန်ကို ကျော်လွန်စော်ကား၍ ရိုက်သွားသောသူသည် အဘယ်သူနည်းဟု မေးရာ မှန်ပါ အဘယ်

www.burmeseclassic.com



သူရိုက်မှန်းကို ကျွန်တော်မသိပါ။ ကျွန်တော်၏ အစ်ကို ထော်မွှန်မှာ နစ်မွှန်းမြော ပါး၍ သေသွားမည်လား၊ ရှင်အုံးမည်လားကို ခွဲခြားမသိနိုင်ပါ။ သေသွားရင်တော့ ကိစ္စမရှိပါ။ ရိုက်သူ၏ ပါးစပ်နှုတ်က "လူလုပ်လို့ လူလုပ်လို့" ဆိုသည်ကို မခံနိုင် ပါဘုရားဟု လျှောက်ထားသတဲ့ မောင်အုန်းရဲ့၊ အဲဒါလိုပဲ ဒကာ မောင်အုန်းမှာလည်း အဆုံးအစ မညီ၊ လက်ဦးကချီလာတော့ ဋီကာစကား အဋ္ဌကထာများကိုပဲ အဝါးဝ သလို တရားရသလို နေမိလို့ သဘောဖက်၍ တောထွက်မှာလိုလို၊ ဘယ်ကုသိုလ် ဘယ်သို့ဟု သူတစ်ပါးတို့ စောင့်နိုင်သမျှ စောင့်ကြသော သီလကိုပင် အပြစ်တင် စကား ထွက်တော့ သူတစ်ပါးထက် ထူးချွန်၍ ကျူးလွန်အားထုတ်လိမ့်မည် ထင်မှတ်ပါ၊ အစသတ်တော့ သားမယား, ဥစ္စာပစ္စည်းမရှိလျှင် အားထုတ်နိုင်မည် ထင်တာပဲတဲ့၊ စကားအဆုံးသတ်မှာ ရှုးသွားသော အရှုံးစကား ဖြစ်လေသည် မောင်အုန်းဟု အမိန့်ရှိတော်မူပြီးမှ ဥပဒေသစကားဖြင့် ဟောကြားတော်မူသည်မှာ…

## ကိုယ့်ကိုကိုယ်သာ ဆုံးမပါ

မောင်အုန်း နလုံးထားရန် အကြောင်းမှာ သူတစ်ပါး မကောင်းသည့်အပြစ် ကိုလည်း မရှာရာ၊ သူတကာ ပြုသည် မပြုသည်ကိုလည်း မပြောဆိုအပ်၊ မိမိ ကိုယ်ကိုသာလျှင် မိမိဆုံးမ၍ သြော်–ငါသည်ကား မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ ဖြင့် ကာလကို ကုန်စေ၍ နေ့ရှည်ရက်အား နေခဲ့သည်များလှပြီ။ ပါဏာတိပါတ စသော အကုသိုလ်ဒုစရိုက် အမှုမိုက်တို့ကိုသာပြုလျက် ဒါန, သီလ, ဘာဝနာ အစရှိသော ကုသိုလ်သုစရိုက်တရားများကို မေ့မှားလစ်ဟင်း၍ နေပါသည်တကား ဟူ၍သာ မိမိအပြစ်ကို ရှာရာ၏။ ထို့ကြောင့် မြတ်စွာဘုရားသည်…

န ပရေသံ ဝိလောမာနိ၊ နပရေသံ ကတာကတံ။

အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိ စ။

ဟု ဟောတော်မူသည်။

ပရေသံ၊ သူတစ်ပါးတို့၏။ ဝိလောမာနိ၊ အခွင့်မတော် မသင့်လျော်သော အမှုတို့ကို။ နအဝေက္ခေယျ၊ မရှုရာ။ ပရေသံ၊ သူတစ်ပါးတို့၏။ ကတာကတံ၊ ပြု သည်, မပြုသည်ကို။ နအဝေက္ခေယျ၊ မရှုရာ။ အတ္တနောဝ၊ မိမိ၏သာလျှင်။ ကတာနိစ၊ မလျော်သမှု ပြုသည်တို့ကို လည်းကောင်း။ အကတာနိစ၊ ပြုရန်မပြု လျစ်လျူရှုသည်တို့ကိုလည်းကောင်း။ အဝေက္ခေယျ၊ ရှုဆင်ခြင်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ဟောတော်မူသည်များကို ထောက်ထားသမှု နှလုံးပြု၍ သုဂတိ ပရာယန, သဂ္ဂကထာ, မဂ္ဂကထာ, ဒါန, သီလ, ဘာဝနာ– တရားများကို ပြောကြားသည့်အခါ ပဏ္ဍာပါပ ဂရဟိတ–စကားတို့ကို ရှောင်ရှားရမည် ဒကာမောင်အုန်း။ ဤကဲ့သို့ ဟောကြားဆုံးမ ဩဝါဒပေးတော်မူသောအခါ များစွာသော ပရိသတ် အပေါင်းတို့သည် မြေစောင်းမတတ် ပွဲတင်ထပ်မျှ ရင်သပ်လက်တီး အံ့ချီးထောမနာ လျက် လွန်စွာဝမ်းမြောက်ကြလေကုန်သတည်း။

---

## ၃၉–ရန်ကုန်မြို့ ကြည့်မြင်တိုင် ရဟန်းတော်တို့ကို ကျမ်းအလျှော်ထုံးပြ၍ ဆုံးမတော်မူပုံ

၁၂၂၆ ခုနှစ်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်အရပ်၌ ကာလဟဝိဝါဒ–ဖြစ်ပွားကြသော ရဟန်းတို့ကို သုဓမ္မာ ဇရပ်တော်တွင် "ဥဒယျဓမ္မာဘိမုနိပဝရ ဉာဏကိတ္တိ သိရီဓဇဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" လွှတ်ထုခတ်နှိပ် တံဆိပ်နာမံ အလှူတော်ခံရသော သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့်တကွ သုဓမ္မာဆရာ တော် ရှစ်ပါးတို့ရှေ့တွင် "အဂ္ဂဓမ္မာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံ ရှိတော်မူသော သင်္ဂဇာဆရာတော်ဘုရားကြီးက ဆုံးမတော်မူသည်မှာ ခင်ကြီးတို့ သွေးဆေးကန်ဆရာသည် အမိန့်တော်မဟုတ်ဘဲလျက် အမိန့်တော်ယောင် ပြုလုပ်သည့် စာများနှင့် ဂိုဏ်းသံဃာတို့ကို ဆင့်ဆိုစည်းဝေး၍ မန္တလေးမြို့တော်မှ သာသနာပြု စုန်ဆင်းသော စလင်းဆရာတော်ကို ပုတ်ခတ်ပြောဆိုသည်။ စလင်း ဆရာတော်ကလည်း လက်ဝါးကြီးနှင့် ထမင်းကိုဆုပ်၍ သားငယ်ကို ခွံ့ဘိသကဲ့သို့ အာဏာစက် ဓမ္မစက် မရှိသောအရပ်၌ အလဇ္ဇီဓမ္မကို ပြောမိ၍ ပုတ်ခတ်ကြလေ သည်။

### ကြိုးမကောင်းလျှင် ပွဲပျက်တတ်သည်

"အရုပ်ထုပင် ကောင်းသော်လည်း ကြိုးကမကောင်း၍ ပွဲပျက်သည်"ဆို ဘိသကဲ့သို့၊ ရှေးက ရှမ်းကလေးကျွန်းဆရာတော် ရှိစဉ်အခါ မင်းဇေရာဇ်က ဝိနည်းပါဠိတော် အဋ္ဌကထာ ဋီကာလာသည်နှင့်အညီ အလဇ္ဇီဓမ္မကို ရေးသွင်းတော် မူပါဟု တောင်းပန်သောကြောင့် ရှမ်းကလေးကျွန်းဆရာတော် သွင်းသော အလဇ္ဇီဓမ္မ

www.burmeseclassic.com

www.burmeseclassic.com



ဝိနိစ္ဆယကို မှန်နန်းဆောင်၌ သာသနာပိုင် ဆရာတော်ဘုရားကြီး အမှူးရှိသော ခင်မကန်ဆရာတော်၊ ဘုံကျော် ဆရာတော်၊ ဗားကရာဆရာတော်၊ ပြည်ဆရာတော်၊ စံကျောင်းဆရာတော်၊ ဘီးလင်းဆရာတော်၊ ငါတို့သာသနာပြု သုဓမ္မာဆရာတော် ရှစ်ပါး မျက်နှာအစုံအညီရှေ့တွင် မင်းဧကရာဇ်က ဝိနည်းပါဠိတော် အဋ္ဌကထာ ဋီကာ ဘုရားဟောကျမ်းဂန်များနှင့် ညီပါ၏လောဟု မေးလျှောက်သောကြောင့် သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့်တကွ အလုံးစုံသော ဆရာတော်တို့က ဝိနည်း ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းဂန်များနှင့် ညီညွတ်ဟုတ်မှန်ကြောင်းကို အမိန့်တော်ရှိသည်နှင့်အညီ မင်းဧကရာဇ် ထုတ်ဆင့်တော်မူသော ဘုရားဟော ဝိနယဓမ္မ ဝိနိစ္ဆယ ဖြစ်သည်။

ကျွန်ုပ်လည်း ပါဠိအဋ္ဌကထာ ဋီကာများနှင့်အညီ ကထာခုနစ်ပါးကို ရေး၍ ဂိုဏ်းသံဃာတို့ကို ဆင့်ပါသည်။ ခင်ကြီးတို့သည် ဤကဲ့သို့ ပါဠိအဋ္ဌကထာ ဋီကာနှင့် ကထာခုနစ်ပါးများကို မသိမကျွမ်း မသင်မကြားဖူးဘဲနှင့် သာသနာတော် ထမ်း ရဟန်းလုပ်၍ အောက်မြို့ကျေးရွာတွင် အမှတ်မဲ့နေထိုင်ကြခြင်းသည် သာသနာတော် အားနည်းဖွယ်ဖြစ်၍ လူသတ္တဝါတို့သည် ကုသိုလ်မဟာပွဲလ ကြီးကျယ်စွာ ဖြစ်ထွန်းနိုင်ရန် မမြင်။ ခင်ကြီးတို့သည် မန္တလေးမြို့တော်မှ သာသနာပြု စုန်ဆင်းလာသော စလင်းဆရာတော်ကို ဆိုချင်ပြောသော်လည်း မြတ်စွာဘုရား ရှေ့မျက်နှာတော်နှင့် ငါတို့မျက်နှာများကို ထောက်ထားဆင်ခြင် သင့်ပါသည်။ ခင်ကြီးတို့သည် အလဇ္ဇီဓမ္မ, အလဇ္ဇီပဂ္ဂဟ, အလဇ္ဇီအမှုအရာများကို ပြုကျင့်ကြ၍ မနာလိုသောကြောင့် စလင်းဆရာတော်ကို ပုတ်ခတ် ပြောဆိုကြသည်။

## ငန်းရှူးကသမားကို ဆဲသလို

ငန်းသန္တိပါတ် အပြင်းဖန်သော ငန်းရှူးကို ဆေးတိုက်မိ၍ ငန်းရှူးက သမားကို ဆဲဆိုဘိသကဲ့သို့ စလင်းဆရာတော်ကို ပြောဆိုကြသည်။ ဓာတ်တော်ကို ပေ ပေါ်မှာတင်၍ ထုသော်လည်း ဓာတ်တော်စစ်ဖြစ်ပြီး မကွဲနိုင်ဆိုဘိသကဲ့သို့ စလင်း ဆရာတော်မို့သာ ခံနိုင်ပေသည်။ ခင်ကြီးတို့သည် စလင်းဆရာတော်ကို ပုတ်ခတ် ပြောဆို ပြစ်မှားကြလေသည်။ သုဓမ္မာဆရာတော်တို့က များစွာကဲ့ရဲ့ ပြစ်တင်တော် မူကြလေသည်။

"ကရုဏာသီတလဟဒယံ ပညာပဇ္ဇောတဝိဟတတမောဟတမံ" ဟူသည်နှင့် အညီ အလွန်ချမ်းအေးသော မဟာကရုဏာတော်ဖြင့် တိုက်တွန်းနှိုးဆော်တော်မူ

www.burmeseclassic.com

www.burmeseclassic.com



အပ်သော ရွှေနှလုံးမြတ်ရှိတော်မူသော ပညာတန်ဆောင် ဆီမီးရောင်တို့ဖြင့် ပယ်ဖျောက်အပ်ပြီးသော မောဟ–တည်းဟူသော အမိုက်တိုက်ကင်းတော်မူသော မြတ်စွာဘုရားသခင်အား ဝေရဉ္စပုဏ္ဏားသည် "ဝေနယိကော ဘဝံ ဂေါတမော" အစရှိသော ဆဲရေးခြင်း ဆယ်ပါးတို့ဖြင့် စွပ်စွဲဆဲရေးခြင်းကို ပြုသော်လည်း မဟာကရုဏာတော်ဖြင့် ဖုံးလွှမ်းအပ်သော အလွန်ချမ်းအေးသော ရွှေနှလုံးတော်မြတ် ရှိတော်မူသည်ဖြစ်၍ အမျက်ဒေါသကို ဖြစ်စေတော်မမူဘဲ သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်ထွက်မြောက်ခြင်းကို အလွန်အလိုရှိတော်မူသောကြောင့် ထိုသို့ စွပ်စွဲဆဲရေးခြင်းကို သည်းခံတော်မူသဖြင့်–

အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။

ဟု ရတနာသုံးပါး၌ အလွန်သက်ဝင် ယုံကြည်ခြင်းဟု ဆိုအပ်သော သဒ္ဓါတရားကို ပွားများစေတော်မူသဖြင့် သရဏဂုံ၌ တည်အောင် ရွက်ဆောင်ဖြားယောင်း ချော့ချွတ်တော်မူသော မြတ်စွာဘုရားသခင်၏ နည်းနာနယ ဥပဒေသ ပေးတော်မူသည်ကို ထောက်ထားတော်မူကြ၍ မြတ်စွာဘုရားသခင်အား အလွန်ရိုသေလေးမြတ်ခြင်းကို ဖြစ်တော်မူကြ၍ သင်တို့သည် ရဟန်း, ရှင်, လူ ဒါယကာ ဒါယိကာမတို့အား တရားစကားကို ပြောဟောခြင်းကြောင့် ပြောဟောခြင်းကို အစွဲပြု၍ တစ်စုံတစ်ယောက်သော သူသည် စွပ်စွဲဆဲရေးခြင်းကို ပြုငြားသော်လည်း ထိုသူတို့အား အမျက်ထွက်ခြင်းကို ဖြစ်တော်မမူကြကုန်လင့်။ ထိုသို့ အမျက်ထွက်ခြင်းသည် ဘုရားအစရှိသော သူတော်ကောင်းတို့၏ အလေ့အကျင့် မဟုတ်ချေပါတကားဟု ဒေါသတရားတို့ကို မဖြစ်ပွားရအောင် ဆီးတား ပိတ်ပင်တော်မူကြပါဟု ဆုံးမသြဝါဒ ပေးတော်မူသတည်း။

---

## ၄၀–"တစ်ခုတည်းမှတ်၍ အပြောယွင်းမှားသော တောတွင်းသားကလေး"ကို ပမာပြု၍ ဆရာခအား ဆုံးမပုံ

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားသည် ရန်ကုန်မြို့သို့ ကြွရောက်တော်မူစဉ် ဘုရားလူကြီး ဦးဖော့က သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် ယခု ညဥ့် ရဟန်းရှင်လူ ပြည်သူသတ္တဝါ အပေါင်းတို့အား တရားရေအေး တိုက်ကျွေးတော်မူပါမည့်

www.burmeseclassic.com



အကြောင်းနှင့် ခွင့်တောင်း လျှောက်ထားရာ ညဉ့်အခါ ကုန်းတော်သို့ နောက် ပါရဟာန်း နှစ်ဆယ်ကျော်တို့နှင့် ကြွတော်မူပြီးလျှင် အသီးအသီး လာလာသမျှတို့အား တရားဓမ္မ ဟောပြတော်မူခိုက် ရပ်တန့်သည့်အခိုက်တွင် ဆရာခဆိုသူက လျှောက် သည်မှာ အရှင်ဘုရား–တပည့်တော်မှာ ဒွိဟမကင်း မရှင်းလင်းသော အရာမှာ ကျပင်းဘုန်းတော်ကြီးတရားစာတွင် **"သီလေန သုဂတိံ ယန္တိ၊ ဒါနေန ဘောဂ သမ္ပဒါ"** ဟု ရေးသားလျက်ပါသည်ကို တွေ့မြင်ရပါသည်။ ထိုပါဠိအရမှာ သီလ ကို ကျင့်သုံးသောကြောင့် အဆုံးစုတိကျသော် သုဂတိဘဝသို့ ရောက်စေတတ်သည်။ ဒါနကြောင့် ဉစ္စာစည်းစိမ်ချမ်းသာ မဟာဘောဂနှင့် ပြည့်စုံစေတတ်သည်ဟု အဓိပ္ပာယ်ရပါသည်။ ဉစ္စာစည်းစိမ်ကို ရရှုံမျှဖြစ်လျှင် နှစ်သက်ဖွယ်မရှိ အဟောသိက– မ္မသာ ဖြစ်ချေမည် ထင်ပါသည်။ အဘယ့်ကြောင့်နည်းဆိုသော် ယောအတွင်းဝန် မင်း ရေးသားစီရင်သော ဝိမုတ္တိရသကျမ်းကို ထောက်သဖြင့်လည်း စင်စစ် ထိုဒါန သည် ကြောက်မက်ဖွယ်သာ ဖြစ်တော့သည်။ သို့ဖြစ်ပါ၍ ထိုစကားကို ကွဲပြားခြား နား ယုံမှားသံသယ စိတ်ဒွိဟမရှိရအောင် တပည့်တော်နှင့်တကွ ယခုရှိကြသော ဥပါသကာ, ဥပါသိကာမတို့အား အစဉ်တစိုက် မှတ်သားရန် ဟောကြားသိစေ တော်မူပါဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... မောင်ခ၊ ဒေသနာ ဆိုသည်ကား ပါဠိတော်ကို သဘောမကျလျှင် အဋ္ဌကထာ, အဋ္ဌကထာကို သဘော မကျလျှင် ဋီကာ–စသဖြင့် ညှိနှိုင်း တိုက်ဆိုင်ရသည်။ ထိုဘုရားဟောသော ဒါန အကျိုးမှာလည်း ကျမ်းတစ်စောင်တည်းတွင် ဟောသည်မဟုတ်၊ ဒေသနာအစောင် စောင်တို့၌ ဟောတော်မူချေသည်။ မည်သည့်အရာဌာနမဆို တစ်ခုတည်း တွေ့ရုံ မျှနှင့် စွဲမြဲမှတ်သားသော် ယေဘုယျအားဖြင့် အမှားသာ များတတ်ချေသည်။ ဆရာတော် ပုံတစ်ခုပြောမည် နားထောင်။

ရှေးသရောအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီးသည် တရားနှင့် အညီ မင်းပြုသတတ်။ ထိုမင်း၌လည်း အိမ်ရှေ့ဥပရာဇာ သားတော်ချစ်တစ် ယောက်ရှိ၏။ အခါတစ်ပါး: တောဖျားတိုင်းစွန် ဇနပုဒ်၌ တုန်လှုပ်ထကြွသည်ဟု ကြား၍ သားတော် ချီတက်တိုက်ခိုက်ရမည်ဟူသော အမိန့်တော်မြတ်နှင့် အိမ်ရှေ့ မင်းသည် တိုင်းစွန်ပြည်နား ရန်မွှားရန်လေးတို့ကို သုတ်သင်ရန် ဗိုလ်ပါဆင်မြင်း အလုံးအရင်းတို့နှင့် ထွက်လျက် ဖြိုဖျက်တိုက်ခိုက်သဖြင့် အလိုက်သင့်အောင်မြင်၍ ပြည်ခွင်သို့ အပြန်တွင် နန်းရံထီးစည် မင်းနေပြည်သို့ မသွားမရောက်ဖူးသည့်

www.burmeseclassic.com



တစ်ဦးသော တောတွင်းသားကလေးသည် အဝေးကပင် အိမ်ရှေ့မင်း၏ ဆင်၊ မြင်း–အလုံးအရင်းတို့ကို မြင်သည်နှင့်တစ်ပြိုင်နက် ထွက်ပြေးရှောင်ရှားသည်ကို အိမ်ရှေ့မင်းသား မြင်တော်မူ၍ မင်းချင်းယောကျ်ားတစ်ယောက်ကို အခေါ်စေလွှတ်လျက် ရှေ့၌ခစားမိလျှင် အသင်တောသားကလေး အဘယ့်ကြောင့် ပြေးသနည်း ကျေးဇူးရှင် ခမည်းတော်ထံ အမှုထမ်းရန် လိုက်ခဲ့လော့ဟု မိန့်၏။

## အတုခိုးတတ်လျှင် နားလည်လိမ့်မည်

ထိုအခါ တောတွင်းပျော်ပါး ဆင်းရဲသားက ဘုရားကျွန်တော်မျိုးသည် လူရိုး တောသားဖြစ်၍ မင်းပါးစိုးခွင် ထွက်ဝင်ဖူးသည်မရှိ။ ထီး၏အသုံး နန်းအသုံးတို့ကို လုံးလုံးမျှ နားမလည်ပါ။ သို့တွက်တာကြောင့် မလိုက်ပါရဖို့အကြောင်းနှင့် ခွင့်တောင်း တင်လျှောက်၏။ ထိုအခါ အိမ်ရှေ့မင်းက မောင်မင်း–ဘာကိုမျှ ကြောင့်ကြစိုးရိမ်ခြင်း မရှိလင့်။ သေနာပတိအသီးသီး မှူးကြီးမတ်ရာ အဖြာဖြာတို့စကားကို မှတ်သားအားကိုး အတုခိုး၍ ပြောလျှင် အဆောင်တလျင် နားလည်လတ္တံ့ဟု ဆို၍ ခေါ်သဖြင့် ပြည်တော်သို့ လိုက်ရလေသတည်း။

## တောသားအတုခိုးပုံ

ပြည်တော်သို့ ရောက်သောအခါ ခမည်းတော်မင်းကြီးထံ အပ်နှံ၍ ခစားစေ၏။ တစ်နေ့သ၌ တစ်ခုသော တောရွာငယ်တစ်ရွာက အလွန်တရာ ကြီးကျယ် အံ့ဖွယ်သရဲ ထူးကဲသော လိပ်ကြီးတစ်ခုကို ဖမ်း၍ ရွှေနန်းတော်သို့ ဆက်သလာရာ ဘုရင်မင်းမြတ်က ဤ မဟာရွှေလိပ်တော်ကြီးကို သိုမှီးသိမ်းထားလေဟု တောတွင်းသားကလေးအား အမိန့်တော် မှတ်သဖြင့် နန်းတော်မြတ် အတွင်းတွင် သန့်ရှင်းသော အထည်အဝတ်နှင့် ဖုံးအုပ်လျက် ကျဉ်းကြုတ်စွာထားပြီးသော် တောတွင်းသားကလေးက ကြံတွေးစဉ်းစားသည်မှာ ဩော်– ထီးသုံးနန်းသုံးသည် အယဉ်ကျေးဆုံးဖြစ်သည်။ တောထဲကလိပ်ကိုပင် မဟာရွှေလိပ်တော်ကြီး ခေါ်ပေသည်တကားဟု အမြဲအစွဲမှတ်ထား၏။

တစ်နေ့သ၌ နံနက်ညီလာခံအခါတွင် ဘုရင်မင်းတရားက မောင်မင်းများတို့ ယနေ့ဥပုသ်နေ့ကြိမ်သည် ဥပုသ်ဆောင်သို့ ရွှေစကြာ ဖြန့်တော်မူမည်ဟု အမိန့်တော်မှတ်သည်ကို ကြားပြန်၍ တောတွင်းသားကလေးက တွေးတောဆင်ခြင်ပြန်သည်မှာ ယခု ရွှေစကြာဖြန့်မည်ဆိုသောစကားသည် အဘယ်အားခေါ်လေသနည်း

www.burmeseclassic.com



ဟု ကြံစည်ဆဲအခါ ဉပုသ်ဆောင်သို့ ရွှေစကြာနစ်ညွှန့် မြန်းကွန့်တော်မူသည်ကို မြင်ပြန်သော်– သြော်... အံ့ဖွယ်ရှိပေစွ၊ ထီးစကားနန်းစကားတို့ မည်သည်မှာ သွားသည်ကိုပင် "ရွှေစကြာဖြန့်သည်"ဟု ခေါ်လေသည်တကားဟု မှတ်သား၍ ထားပြန်သတည်း။

ထိုနောက် ပွဲတော်တည်ချိန်ကျလျှင် ဘုရင်မင်းမြတ်က မင်းကြီးများ... မွန်တည့်ပြီလား ထွက်၍ကြည့်စမ်းဟု အမိန့်တော်ရှိပြန်ရာ၊ တောတွင်းသားကလေးက ရှေးနည်းတူ မွန်းတည့်ဆိုသောစကားသည် အဘယ်အား ခေါ်ကြလေသနည်းဟု စဉ်းစားဆဲတွင် နန်းတော်ထဲက ထွက်၍ နေကိုကြည့်ကြောင်းသိသဖြင့် သြော်– သူတို့ နန်းတော်အိမ်တော်စကားသည် နေကိုပင် "မွန်း" ခေါ်လေသည်ဟု အတည် အမြဲ မှတ်ထားပြန်၏။

ထိုနောက် ဘုရင်မင်းမြတ် ပွဲတော်တည်မည်အရှိတွင် စားတော်ဝန်မင်း... ပုံ့သကူပါရဲ့လားဟု မေးတော်မူသည်ကိုကြား၍ ဘာများကို ပုံ့သကူခေါ်သနည်းဟု စဉ်းစားရာ ကြက်သားဟင်းလျာ ယူ၍လာသည်ကိုမြင်ရာ တောတွင်းသားကလေးက ယဉ်ကျေးပေစွ သူတို့နန်းတော်ထွက်ဆိုတော့ ကြက်ကိုပင် "ပုံ့သကူ" ခေါ်သည်ဟု အတည်အမြဲ မှတ်ထားပြန်၏။

နက်ဖြန်နံနက် ဦးပုသ်ဆောင်အထွက်တွင် အချက်ကျ အမိန့်တော်မှတ်သည်ကား တောတွင်းသားကလေး ယမန်နေ့အခါက ဆက်လာသော (မဟာ) ရွှေလိပ်တော်ကြီး အဘယ်မှာနည်းဟု မေးတော်မူသော် အဆောတလျင် ထ၍ ယမန်နေ့က မိမိ အုပ်ဖုံးထားသော အဝတ်ကို ဖွင့်ကြည့်လျှင် မရှိမတွေ့သည်နှင့် ရှေ့တော်၌ ရှိခိုး သံတော်ဦးတင်သည်မှာ မှန်လှပါဘုရား ကျွန်တော်မျိုးအား သိမ်းဆည်းစေတော်မူသော မဟာရွှေလိပ်တော်ကြီးကို အလွန်ကြီးလှစွာသော အဝတ်ကြီးတစ်ခု ဖုံးအုပ်၍ ထားရာ "ပုံ့သကူတွန်အပြီး မွန်းလည်းမထွက်ခင် အဘယ်အရပ်သို့ ရွှေစကြာဖြန့်တော်မူသည်ကို" ကျွန်တော်မျိုး သံတော်ဦး မတင်တတ်အောင် ရှိပါကြောင်း ရှိခိုး အသနားတော်မြတ် ခံပါသည်ဘုရားဟု ရွှေနားတော် ပေါက်ကြားအောင် လျှောက်ထားသတဲ့ မောင်ခရဲ့။

ဤတောတွင်းသား လျှောက်တင်တဲ့ စကားလိုပဲ မောင်ခမှာလည်း တစ်ခု တည်းမှတ်ပြီး အဘယ်အရပ် ရွှေစကြာဖြန့်မည်လို့ ပြောပဲမပြောတတ်ဘူးဟု အမိန့်တော်ရှိလျှင် တရားနာပရိသတ်တို့သည် တန့်ရပ်ခြင်းမရှိ မိမိတို့နီးရာနီးရာ အခါခါလက်တို့၍ ပြောပြီးလျှင် တသောသော ရယ်မောကြလေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၄၁–"လှျမည်ဟု စိတ်ကကြံသော်လည်း နိဗ္ဗာန်ကို သတိဝေးသဖြင့် မိသေးထမင်းခွဲ့သလို"ဟူသော ပမာစကားဖြင့် ဒကာအား မိန့်ဆိုခြင်း

အခါတစ်ပါး သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် တရားတည်းဟူသော အမြိုက်ဆေးဖြင့် တိုက်ကျွေးဆုံးမတော်မူခြင်းငှာ ဒေသစာရီ လှည့်လည်တော်မူရာ ဟံသာဝတီ ပုရိဗေယျ မြို့ရန်ကုန်သို့ ရောက်တော်မူသောအခါ ကျောင်းတော်ရာ တိုက်၌ ခေတ္တသီတင်းသုံးတော်မူစဉ် ဒါယကာတစ်ဦးသည် ညွတ်နူးရှိသေစွာ လျှောက်သည်မှာကား... အရှင်ဘုရား တပည့်တော်များမှာ ရှေးရှေးသောဘဝ အထူးက ဆည်းပူးခဲ့သော ပါရမီနည်းပါး၍ တရားကျမ်းဂန်ကို သင်အံအားထုတ်ရဖူးသည်မရှိ။ အထူးလည်း မသိသောကြောင့် မိမိကျင့်နိုင်သမျှ ကျင့်ရန် ပုဂ္ဂိုလ်နှင့် တန်သလောက်ကို ချီးမြှောက်မစ နည်းလမ်းပြ၍ ဆုံးမတော်မူပါဘုရားဟု လျှောက်ထားခွင့်ပန်လေ၏။

ထိုအခါ ဆရာတော်ဘုရားက ဒကာကြီး "ဝိနယောစ သုသိက္ခိတော" ဟူသော ပါဠိအရ အာဂါရဝိနည်း, အနာဂါရဝိနည်းအားဖြင့် နှစ်ပါးရှိသည်တွင် အိမ်ရာထောင်၍ လူဘောင်၌ နေသောသူတို့ ရှောင်ကြဉ်အပ်သော အကုသလကမ္မပထ တရား ဒုစရိုက်ဆယ်ပါးသည် အာဂါရ ဝိနည်းမည်၏။ အိမ်ရာမထောင် လူ့ဘောင်မလှမ်း သာသနာတော်ကို ထမ်း၍ ရဟန်းအဖြစ်၌ တည်တော်မူကုန်သော ပုဂ္ဂိုလ်တို့ ရှောင်ကြဉ်စောင့်စည်းအပ်သော နှစ်ရာ နှစ်ဆက် ခုနစ်သွယ်သော သိက္ခာပုဒ်တော် ဟူသမျှသည် အနာဂါရ–ဝိနည်း မည်၏။ ဒကာကြီးတို့မှာ လူဖြစ်၍ အကုသလကမ္မပထတရား ဒုစရိုက်ဆယ်ပါးဟု ဆိုအပ်သော အာဂါရဝိနည်းကို စောင့်စည်းရှောင်ကြဉ်အပ်သည်။

### ကာယကံ ၃ ပါး

အကုသလကမ္မပထတရား ဆယ်ပါးဟူသည်လည်း ကာယကံသုံးပါး, ဝစီကံလေးပါး, မနောကံသုံးပါးအားဖြင့် ဆယ်ပါးဖြစ်သတည်း။ ထိုဆယ်ပါးတို့တွင် သူ၏အသက်ကို လျင်စွာချခြင်းဟု ဆိုအပ်သော ပါဏာတိပါတ၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်းဟု ဆိုအပ်သော အဒိန္နာဒါန၊ သူတစ်ပါးသားမယားတို့၌ ပျော်ပါးရွှင်မြူး လွန်ကျူး၍ ကျင့်ခြင်းဟု ဆိုအပ်သော ကာမေသုမိစ္ဆာစာရ၊ ဤသုံးပါးကို ကာယကံ ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝစီကံ ၄ ပါး

မဟုတ်မမှန် ဖောက်ပြန် ချွတ်ယွင်းသော စကားကို ပြောဆိုခြင်းဟု ဆိုအပ်သော မုသာဝါဒ၊ သူနှစ်ဦးတို့၏ ချစ်ခင်မေတ္တာ ရှိကြသည့်အရာကို မကြာမီ ပျက်ပြားအောင် နှစ်ယောက်ကြား၍ ကုန်းတိုက်ခြင်းဟု ဆိုအပ်သော ပိသုဏဝါစာ၊ ပညာရှိအား နားနှင့်မတန် မခံသာ အနာတရ ထုတ်၍ ကြမ်းကြုတ်ရန့်ရင်းစွာသော စကားကို ပြောဆိုခြင်းဟု ဆိုအပ်သော ဖရုသဝါစာ၊ သီတာမိဖုရားဆောင်ခြင်း, ဘာရတညီနောင် စစ်ထိုးခြင်းစသော ဒဏ္ဍာရီဝါကျစကားကို ပြောကြားခြင်း၍ ဆိုအပ်သော သမ္ဖပ္ပလာပ ဤလေးပါးကို ဝစီကံ ခေါ်သည်။

## မနောကံ ၃ ပါး

သူတစ်ပါးဥစ္စာကို မိမိဥစ္စာ ဖြစ်ပါစေသားဟု ရှေးရှုကြံခြင်းဟု ဆိုအပ်သော အဘိဇ္ဈာ၊ သူတစ်ပါးစည်းစိမ်ကို ပြုန်းစုမာန်လို ဝန်တိုစောင်းမြောင်းခြင်းဟု ဆိုအပ်သော ဗျာပါဒ၊ မဟုတ်မမှန် ဖောက်ပြန် ချွတ်ယွင်းသော အယူကို ယူခြင်းဟု ဆိုအပ်သော မိစ္ဆာဒိဋ္ဌိ၊ ဤသုံးပါးကို မနောကံဟူ၍ ခေါ်သည်။

ဤဆိုအပ်ခဲ့ပြီးသော အကုသလကမ္မပထတရား ဆယ်ပါးသည် ပယ်အပ် ရှောင်အပ်သောကြောင့် ပဟာတဗ္ဗ တရားလည်း မည်၏။ ပယ်အပ်သော တရား ဖြစ်သည့်အတိုင်း မပယ်မကြဉ်မူ၍ ပြုလုပ်အားထုတ်သော သူတို့သည် သိဥ္စိုင်, ကာလသုတ်, သင်္ဃာတ, ရောရုဝ, မဟာရောရုဝ, တာပန္န, မဟာတာပန္န, အဝီစိ ဟု ဆိုအပ်သော ငရဲကြီးတို့ကို ကျရောက်တတ်သည်ဟူ၍မှတ်။ ထိုကြောင့် "အဝမ္မော နိရယံ နေတိ" ဟူ၍ ဟောတော်မူပေသည်။ အဝမ္မော၊ သူ၏အသက်ကို သတ်ခြင်း, သူတစ်ပါးဥစ္စာကို ခိုးယူခြင်းဟု ဆိုအပ်သော မကောင်းမှု အကုသိုလ် တရားသည်။ နိရယံ၊ ငရဲကြီး ငရဲငယ် အသွယ်သွယ်သို့။ နေတိ၊ ဆောင်တတ်၏။ ဤကား လူတို့ ရှောင်ကြဉ် စောင့်စည်းအပ်သော အာဂါရ–ဝိနည်းဟူ၍မှတ်။

## ကုသိုလ်တရားများ

အားထုတ်ဆည်းပူး အထူကျင့်ကြံအပ်သော တရားများကား အလှူပေးခြင်းဟု ဆိုအပ်သော ဒါန၊ သီလသီတင်း စောင့်သုံးခြင်းဟု ဆိုအပ်သော သီလ၊ ပရိတ် မေတ္တာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်းဟု ဆိုအပ်သော ဘာဝနာ၊ ဆရာသမား, မိဘ–စသော သူတို့၏ အမှုကြီးငယ်ကို ရွက်ဆောင်ခြင်းဟု ဆိုအပ်သော ဝေယျာ

www.burmeseclassic.com

www.burmeseclassic.com



ဝစ္စ၊ ဆရာသမား, မိဘ–စသော သူတို့ကို အရှိအသေ အလေးအမြတ်ပြုရခြင်းဟု ဆိုအပ်သော အပစာယန၊ မိမိ၌ ရောက်အပ်သော ကုသိုလ်၏အဖို့ကို သူတစ်ပါးတို့အား ပေးဝေခြင်းဟု ဆိုအပ်သော ပတ္တိဒါန၊ သူတစ်ပါးတို့ ပေးဝေအပ်သော ကုသိုလ်၏ အဖို့ကို သာဓုခေါ်ရခြင်းဟု ဆိုအပ်သော ပတ္တာနုမောဒန၊ သူတစ်ပါးတို့ ဟောကြားအပ်သောတရားကို နာရခြင်းဟု ဆိုအပ်သော ဓမ္မဿဝန၊ မိမိသိသောတရားကို သူတစ်ပါးတို့အား ဟောကြားရခြင်းဟု ဆိုအပ်သော ဓမ္မဒေသနာ၊ အယူကို ဖြောင့်မတ်စွာ ယူခြင်းဟု ဆိုအပ်သော ဒိဋ္ဌိဇုကမ္မ။

ဤတရား ဆယ်ပါးကို ကြိုးစားအားထုတ် ပြုလုပ်ဆည်းပူးက လူ့ရွာနတ်ထဲ ပြည်နိဗ္ဗာန်သို့ အမှန်မုချ ရောက်စေတတ်သည်ဟူ၍ မှတ်။ ထို့ကြောင့်... "ဓမ္မော ပါပေတိ သုဂ္ဂတိံ" ဟူ၍ ဟောတော်မူသည်။

ဓမ္မော၊ အလှူပေးခြင်း, သီလသီတင်း ဆောက်တည်ခြင်း အစရှိသော ကောင်းမှုကုသိုလ်တရားသည်။ သုဂ္ဂတိံ၊ လူ့ရပ်နတ်ထဲ ပြည်နိဗ္ဗာန်သို့၊ ပါပေတိ၊ ရောက်စေတတ်၏။

ဤသို့ ပြဆိုအပ်ပြီးသော အကုသလ ကမ္မပထတရား ဒုစရိုက်ဆယ်ပါးတို့ကို ရှောင်ကြဉ်၍ ဒါန–စသော ကုသလ ကမ္မပထ ပုညကိရိယာဆယ်ပါး သုစရိုက်တရာ တို့ကို ကြိုးစားအားထုတ်လေ ဒကာကြီး။

ဤကဲ့သို့ သင်္ဂဇာ ဆရာတော်ဘုရားက ရှောင်ကြဉ်အပ်သောတရား၊ အားထုတ်အပ်သော တရားများကို ခွဲခြား၍ ဟောတော်မူသောအခါ ဝမ်းသာဝမ်းမြောက် ရှိသောအားဖြင့် လျှောက်ထားသည်မှာ... မှန်ပါသည်ဘုရား... ဤယနေ့မှ အစပြု၍ ပါဏာတိပါတ–စသော အကုသိုလ်တရားကိုလည်း မပြုမလုပ်ပါ။ ကူးသန်းရောင်းဝယ် ရာကြဲလုပ်ကိုင်၍ရသော ပစ္စည်းဥစ္စာများကိုလည်း သားမယားတို့အား သင့်တင့်ရုံ ကျွေးမွေး၍ တဖြည်းဖြည်းကုသိုလ်ချည်း ပြုလုပ်အားထုတ်တော့မည် ဘုရား"ဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက အင်း "ဒကာမ–မိသေး ကလေးထမင်းခွဲ့သလို" နေမှာစိုးပါဘိ ဒကာကြီးဟု မိန့်တော်မူ၏။

ထိုအခါ ဒါယကာက ဒကာမ–မိသေး ကလေးထမင်းခွဲ့သည့်အကြောင်းကို အမိန့်ရှိတော်မူပါဦးဘုရားဟု လျှောက်ထားပြန်လျှင်–

ဒါယကာကြီး ပုခန်းမြို့နယ်ကျေးက မိသေးဆိုသော မိန်းမတစ်ဦးသည် ထမင်းခူး၍ ကလေးကို ခွဲ့မည်ဟု အကြံနှင့် ပန်းကန်၌ပြည့်အောင် များစွာသော

www.burmeseclassic.com

www.burmeseclassic.com



ထမင်းတို့ကို ခူးလောင်း၍ ထားပြီးလျှင် ထမင်းဝါးသောအခါ ခွံ့ရတာကနည်းနည်း၊ သူ့ဝမ်းထဲချည်း ရောက်တာက များသတဲ့–ဒကာကြီးရဲ့။ ထို့အတူ ယခု ဒကာကြီး မှာ သဒ္ဓါတရားရှိသည့် အခိုက်အတန့်မို့ ခန့်ခန့်ညားညား ဘယ်လိုပင် လျှောက် ထား၍ အားထုတ်မည်ဆိုသော်လည်း အားထုတ်သော ကုသိုလ်ကနည်းနည်း၊ မိမိ ဝမ်းထဲဟု ဆိုအပ်သော သားမယားတွေကိုချည်း ကျွေးမှာကြောင့် မိသေးထမင်းခွံ့ သော ဥပမာဖြင့် နောင်အခါ မလွဲပေဘူးလို့ ဆရာတော် ထင်သည်ဟု အမိန့် တော်ရှိလျှင် အပါးတွင်ရှိသော ရဟန်း, ရှင်, လူ, ပြည်သူပရိသတ် အရပ်ရပ်တို့ သည် မရပ်မတန့် ရယ်မောကြလေကုန်သတည်း။

---

## ၄၂–လျှောက်ထားပုံ မကျေနပ်၍ "မြေလတ်သားနှင့်တူသည်" ဟူသော ပမာစကားဖြင့် ဒါယကာအား မိန့်ဆိုတော်မူခြင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားသည် များစွာသော ရဟန်းပရိသတ် အပေါင်း ခြံရံလျက် ပုဂံတောင်အရပ်သို့ ကြွရောက်၍ တရားမွေ့ အနုသာသန ကထာဖြင့် ကောင်းစွာညွှန်ပြလျက် ဆုံးမတော်မူစဉ်အခါ ခရစ်ယာန်ဘာသာလည်း မဟုတ်, ဗုဒ္ဓဘာသာလည်းမကျ, စူဠဂဏ္ဌိလည်း မဆိုသာ, မဟာမက်ဘာသာလည်း မပြောလောက် ဒါယကာတစ်ယောက်သည် ထောက်၍ထောက်၍ တစ်ခါတစ်ခါ လျှောက်သည်မှာကား–အရှင်ဘုရား ယခုလောက၌ ဂေါတမဘုရား ဟောကြားတော် မူသော တရားတို့ကို စဉ်းစားဆင်ခြင်သော် ဥပါဒ်, ဌီ, ဘင်–ဟု အစဉ်အတိုင်း ချုပ်ပျက်၍ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် လက်ဖျစ်တစ်တွက် ကာလအတွင်း၌ ဝိထိပေါင်း သိန်းသန်းကုဋေ ဖြစ်ပျက်နေသည်ဟု ဆိုပါသည်။ ထိုသို့ဆို၍သာ မှတ်ယူရပါသည် ယုံနိုင်စရာမရှိ ခရစ်ယာန်တို့၏ ဘာသာနှင့် ဝေးကွာမတူ အယူ ဆန့်ကျင် အမြင်ချင်းထူးခြား ကွဲလွဲဟန်များသောကြောင့် သဘောထားရန်အချက် အလွန်ပင် ခက်ခဲပါသည်ဘုရားဟု မတင်မကျ စကားဖြင့် လျှောက်ထားစုံစမ်း မေးမြန်းစိစစ်လေ၏။

ထိုအခါ ဆရာတော်ဘုရားက စဉ်းစားဆင်ခြင်တော်မူသည်မှာ–ဤဒကာသည် ဗုဒ္ဓဘာသာဘက်သို့ သက်သက်ယုံကြည်သောသူ ဖြစ်အံ့–စင်စစ် ဤကဲ့သို့ မလျှောက် တန်ရာ၊ ယခု ဤကဲ့သို့မဟုတ် မယုတ်မလွန် မတင်မကျ စကားဖြင့် လျှောက်ထား ပြောဆိုလေသည်ဟု နှလုံးထား၍ မိန့်ကြားတော်မူသည်မှာ…

www.burmeseclassic.com

www.burmeseclassic.com


## မိဘတို့ မှာထားပုံက

ဒါယကာ–ဆရာတော် ဥပမာပုံတစ်ခု ပြောမည်။ ရှေးသရောအခါ ရွာတစ်ရွာတွင် ငါးဖြာသော ကောင်းခြင်းနှင့် ပြည့်စုံသော သတို့သမီးတစ်ယောက်သည် ရှိသတတ်။ ထိုသတို့သမီး၏ အမိအဖတို့သည် ငါတို့၏ သမီးအား လောကီလောကုတ္တရာ အရာတွင် လိမ္မာရေးခြားရှိသောသူနှင့်မှ ကြည်ဖြူနှစ်သက် စုံဖက်ထိမ်းမြား ပေးစားနှင်းအပ်မည်ဟု နှလုံးထားပြီးလျှင် မိမိသမီးအား ပြောကြားဆုံးမသည်မှာ ချစ်သမီး... လူကြီး, လူငယ် ရွယ်ရွယ်လတ်လတ် အရပ်ရပ်တို့မှ လှည့်ပတ်ဝင်ထွက် အကြောင်းဆက်လိုသော ဆန္ဒနှင့် လာရောက်ကြပါလျှင် ဆင်ခြင်စဉ်းစား ဘယ်အရပ်သားဟု ထင်ရှားအောင် စုံစမ်းပြီး လက်ခံခြေထား စကားကမ်းလှမ်းပါဟု အခါခါ မှာထား၏။

## မြေလတ်သားထင်၍ ကျားရေဖြင့် ညှော်ခံသော်လည်း

တစ်နေ့သ၌ မြေလတ်သားတစ်ယောက်သည် ပေါက်ရောက်ဝင်ထွက်လိုသော ဆန္ဒနှင့် လာသည်ကိုမြင်လျှင် ယခင် သတို့သမီးငယ်သည် လှပတင့်တယ် ဆန်းကြယ်ချောမွေ့သော ကျားရေကိုခင်း၍ အိမ်တွင်း၌ ညှော်ခံ၏။ ထိုအခါ ရောက်လာသူမြေလတ်သားက စကားစ၍ ဆိုသည်မှာ–အမိရယ် ယခု ခင်းထားသော ရေကြောင်၏ အရေသည် ကျက်သရေထူးချွန်၍ အလွန်ပင် လှပါပေသည်ဟု ဆိုလျှင် ထိုမိန်းကလေးက ကြံတွေးစဉ်းစားသည်မှာ–ဤသူကား အကယ်၍လည်း ပင်လယ်ကြီးနှင့် မနီးမကမ်း ကွာလှမ်းဝေးခြားသော အထက်သား ဖြစ်ခဲ့ပါလျှင် ခင်းထားသော ကျားရေကို ဧကန်သိသင့်ကောင်းသည်၊ အကယ်၍လည်း ရေနီးအောက်သား ဖြစ်ခဲ့ငြားလျှင်လည်း မိကျောင်း၏ အရေဟု ထင်မှတ်ရန် ရှိပေသည်။ ယခု ဤကဲ့သို့မဟုတ် ရေကြောင်ဟူသော ဝေါဟာရနှင့် သုံးစွဲပြောဆိုသည်ဖြစ်ရကား ဤသူကို မည်သည့်အရပ်သားဟု မထင်တတ်အောင်ပင် ရှိတော့သည်။ ထိုအကြောင်းကို ငါ၏ဖခင်အား ပြန်ကြားပြောဆိုမှ သင့်မည်ဟု ကြံစည်စဉ်းစား၍ မြေလတ်သားပြန်သောအခါ ခြင်းရာဥဿုံ အလုံးစုံ မှတ်သားသောစကားတို့ကို ဖခင်အား ပြန်ကြားပြောဆိုလေ၏။

ထိုအခါ အဖက ပြောဆိုသည်မှာ–တန်ဟဲ့သမီး၊ ဤအကောင် ခွသမားစကားပြောမကျေနပ်၍ နေရပ်ကို ထောက်ထားလျှင် မြေလတ်သားနှင့် တူသည်။ နောက်လာမူ မဆက်ဆံဘဲ လက်ခံ၍ စကားမပြောနှင့်ဟု ဩဝါဒပေးသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတူ ယခု ဒကာပြောသောစကားမှာလည်း မြေလတ်သားပုံ ပေါ်လွန်းလို့ ဆရာတော် ပြောပဲ မပြောချင်တော့ဘူးဟု အမိန့်ရှိလျှင် တရားနာပရိသတ် အားလုံးတို့သည် တအုံးအုံး ရယ်မောလျက် တသောသော ရှိကြလေသတည်း။

---

## ၄၃–"ထွေးနှင့်မိဖွး ကောက်ညှင်းပေါင်းသလို" ဟူသော ပမာစကားဖြင့် ဒါယကာအား မိန့်တော်မူပုံ

အခါတစ်ပါး သင်္ဘော ဆရာတော်ဘုရားကြီးသည် အနည်းနည်း အရပ်ရပ် ပိဋကတ်ကျမ်းဂန် ဓမ္မက္ခန်တည်းဟူသော ဝရဇိန်လက်နက် ဉာဏ်သန်လျက်ဖြင့် ပေါ်ထွက် လျှောက်ထားသော အမေးပုစ္ဆာ ပြဿနာ နက်နဲ ခက်အခဲများကို ခွဲဝက်သုတ်သင် အလျှင် ဖြေရှင်း၍ သီတင်းသုံးတော်မူသောအခါ ဒါယကာတစ်ဦးသည် ညွတ်နူးရှိသေစွာ ဤသို့ လျှောက်ထားသည်။

"အရှင်ဘုရား–တပည့်တော်သည် သင့်လျော်တတ်စွမ်းသမျှ အဘိဓမ္မတ္ထသင်္ဂြိုဟ်ပါဠိများကို မှတ်သားရမိပါသည်။ ၎င်းအဘိဓမ္မတ္ထသင်္ဂဟ လက်သန်းအဋ္ဌကထာ၌... "ရူပါဝစရ စုတိယာ၊ အဟေတု ရဟိတာ သိယုံ"ဟူသော ပါဠိအရ ရူပါဝစရ ဗြဟ္မာ့ဘုံမှ စုတေ၍ အဟိတ်ပဋိသန္ဓေ မနေကောင်းကြောင်းကို ဆိုပါသည်။ ဓမ္မပဒဝတ္ထုတွင် ဗြဟ္မာ့ပြည်မှ စုတေ၍ ဒုဂ္ဂတိ အဟိတ် ပဋိသန္ဓေနှင့် ဝက်ဖြစ်ကြောင်းကို တစ်ဖန် တွေ့ရှိရပြန်ပါသည်။ ဤစကားနှစ်ရပ်ကို စေ့စပ်နှီးနှော၍ သဘောကို ထောက်ဆလျှင် ဓမ္မပဒမှာ ဘုရားဟော ပါဠိတော်ဖြစ်၍ စင်စစ်အမှန်ဟု ယူရန်ရှိပါသည်။ သို့အတွက် အဘိဓမ္မတ္ထသင်္ဂဟဆရာ ရှင်အနုရုဒ္ဓါစီရင်သော ယခင် ပါဠိစကားသည် လွဲမှားအံ့သကဲ့သို့ ရှိပါသည်ဘုရား"

ထိုအခါ ဆရာတော်ဘုရားက–ဒါယကာ ပါဠိအဋ္ဌကထာ ဟူသည် "နာနာနယနိပုဏာဂမ္ဘီရံ"ဟု ကျမ်းဂန်ရှိသည်နှင့်အညီ အထူးထူးအလီလီသော နည်းတို့ဖြင့် သိမ်မွေ့နက်နဲ ခက်ခဲသော စကားဝါကျ ဝိနိစ္ဆယတ္ထတို့နှင့် ပြည့်စုံသည်ဖြစ်၍ နည်းကိုမသိလျှင် မယူတတ်။ တစ်ခုတည်းနှင့် လိပ်ခဲတည်းလည်း မှတ်တတ်သည်။ နည်းကိုသိ၍ ယူတတ်လျှင် အသင့်ပင်ဖြစ်သည်။ ယခု ဒကာလျှောက်ထားသော သင်္ဂြိုဟ်ပါဠိအရ မှချအမှန်ပင် ယူအပ်သည်။ ဓမ္မပဒဝတ္ထု၌ ရူပါဝစရဗြဟ္မာ့ပြည်မှ စုတေ၍ အဟိတ်ပဋိသန္ဓေနှင့် ဝက်ဖြစ်ကြောင်း လာရှိသည်မှာ မိဂပဒဝလဥ္ဇန

www.burmeseclassic.com



နည်းအားဖြင့် ကျောက်ဖျာ၍ အစွန်းတစ်ဖက်တစ်ချက်၌ တက်ခြေရာနှင့် ဆင်းခြေရာကို မြင်သဖြင့် ကျောက်ဖျာပေါ်တွင် သမင်တက်သွားသည်ကို သိရသကဲ့သို့ စပ်ကြားက ဘဝများကို ခုန်ကျော်သောအားဖြင့် ဘုရားဟောတော်မူသည်ဖြစ်ရကား ကျမ်းနှစ်ပါးတို့သည် ဂင်္ဂါရေနှင့် ယမုနာရေသည် နှစ်ထွေလုံး ရောနှော၍ သဘောမကွဲပြားကြသကဲ့သို့ သင်္ဂြိုဟ်စကားလည်း ကေန္တ, ဓမ္မပဒလည်း အမှန်ပင်ဟု ဉာဏ်တွင်ဆောင်၍ သိရာသည်၊ မိမိက အယူမှားသည်ကို သင်္ဂြိုဟ်အား အပြစ်တင်လို့ ဆင်ခြင်ရန် ဥပမာတစ်ခု ဆရာတော်ပြောမည်။

## ကောက်ညှင်းပေါင်းသည် လည်မယား

ရှေးသောအခါ ရွာတစ်ရွာတွင် ဒါယကာမောင်ထူး၊ မယားမိဖူးတို့ ရှိသတတ်။ ထိုလင်မယားနှစ်ယောက်တို့သည် ကောက်ညှင်းပေါင်း၍ ရောင်းချစားသောက်နေထိုင်ကြရာ အခါတစ်ပါး မယားမိဖူးက ပြောဆိုသည်မှာ–မောင်မင်း ယနေ့ ကျွန်ုပ် အရွာရွာသို့ လျှောက်၍ ကောက်ညှင်းပေါင်း ရောင်းရန် သွားလိုပါသည်။ အိမ်မှာ နက်ဖြန်ရောင်းရန် ကောက်ညှင်းပေါင်းထားနှင့် စေချင်ပါသည်။ မောင်မင်း ကောက်ညှင်းပေါင်းတတ်ပါ၏လောဟု မေး၏။ ထိုအခါ မောင်ထူးက မိဖူးရယ် ကောက်ညှင်းပေါင်း ရောင်းစား၍ အံသွားများပင် တိုလှပေါ့။ အပိုတွေ စကားများ မနေပါနှင့် သွားမှာသာ သွားပါ။ ကောက်ညှင်းကို ငါပေါင်း၍ ထားနှင့်မည်ဟု ဆိုလျှင် မယားဖြစ်သူ မိဖူးသည် မောင်ထူးကို စိတ်ချ၍ အိမ်မှ ဈေးရောင်းထွက်သွားလေသတည်း။

## ရွာသူနှောင့်ယှက်သည်

ထိုအခါ မောင်ထူးသည် ရေနွေးအိုး၌ ရေမပါ ပေါင်းချောင်တွင်သာ ဆန်ထည့်၍ ပေါင်းသဖြင့် နေစောင်း၍ ဝင်ခါနီးသော် ကောက်ညှင်းလည်း မနပ်မကျက် အငွေ့လည်း မထွက်သောကြောင့် အမျက်ဒေါသထွက်ပြီးလျှင် ရွာသူမကောင်း၍ ငါ့ကောက်ညှင်း မနပ်သည်ဟု ပါးစပ်က ဆဲဆို၍ မီးဖိုတွင်ထိုင်လျက် ကြံမှိုင်၍နေလင့်၏။

ထိုအခါ မယားမိဖူးသည် ဈေးရောင်းရာမှ ပြန်လာခဲ့၍ အိမ်သို့ ဆိုက်ရောက်သောကာလ ဈေးတောင်းကို ချပြီးလျှင် နပ်ပါ၏ မောင်မင်းကောက်ညှင်းပေါင်း၍ မပြီးသေးလောဟု မေးရာ။ တန်ပါဟယ်–ကောက်ညှင်းစကား လာမပြောပါနှင့်၊

www.burmeseclassic.com



သည်ရွာ၏သဘောကို မပြောပေတဲ့ ငါအသိသားကပဲ၊ ညည်းသွားစက ပေါင်းသည့် ကောက်ညှင်း ခုထက်တိုင် ဖိုပေါ်က မဆင်းသည်ကို စင်းငုထောက်ဆသော် ပယောဂလက်ငင်း ရွာသူတို့မကင်း၍ ကောက်ညှင်းမနပ်သည်ဟု အတပ်စွဲဆိုလေသတဲ့။

## ရေမပါ၍ ကောက်ညှင်းမနပ်

ထိုအခါ မယားမိဖူးက ထူးထူးထွေထွေ ရှိလာချေသည်-ဟု သေချာစွာ ရှုကြည့်သော် ရေမထည့်တဲ့အတွက် မောင်မင်း၏ ကောက်ညှင်း မကျက်သည်ကို ရှာဖက်၍မထင်နှင့်၊ ယခင်က ရေမပါသဖြင့် နေရာကျ အငွေ့မထွက်သောကြောင့် မကျက်မနပ်သည်ဟု မယားက ပြောရသတဲ့ ဒကာရဲ့။

ယခုလည်း မောင်ထူး အစက မပေါင်းတတ်၍ မနပ်ပါသည်ကို ရပ်ရွာအား အပြစ်ဆိုသကဲ့သို့ သင်္ဂြိုဟ်၏သဘာဝကို နေရာတကျ မသိသဖြင့် မညီတတ်၍ အယူမကျသည်ကို သူတကာ အပြစ်မဆိုချင်ပါနှင့် ဒကာဟု အမိန့်တော်ရှိသောအခါ အလွန်တရာ သဘောပေါက်၍ ဝမ်းမြောက်ကြလေကုန်သတည်း။

---

## ၄၄-သတ္တဝါတို့ တစ်ပြိုင်နက် ပဋိသန္ဓေစွဲခန်းကို ပွဲလမ်းနှင့် ပမာထား၍ ဒါယကာအား ဖြေဆိုခြင်း

တစ်ခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားကြီးသည် ၁၂၄၆ ခုနှစ်၊ အောက်ပြည်နိုင်ငံသို့ လှည့်လည်စုန်ဆင်း ကြွလာတော်မူခဲ့ရာ ဟံသာဝတီ ဌာနီဇေယျ မြို့ ရန်ကုန်သို့ ဆိုက်ရောက်တော်မူသောအခါ သာယာဝတီမြို့သား ဒါယကာ, ဒါယိကာမများတို့က တရားဓမ္မ နာလိုကြကြောင်းနှင့် ခွင့်တောင်းလျှောက်ထားလာရာ လိုက်ပါကြွသွားတော်မူ၍ ညဦးအခါ များစွာသော ဒါယကာ, ဒါယိကာမတို့အား တရားစကား ဟောကြားဆုံးမ၍ နေ၏။

ထိုအခါ တစ်ယောက်သော ဒါယကာသည် ရုတ်တရက် ဝင်လာ၍ လက်အုပ်ချီမိုး ရှိခိုးလျှောက်ထားသည်မှာ အရှင်ဘုရား ယခုအခါတွင် မျက်မြင်ဒိဋ္ဌ တွေ့ကြုံရသည်မှာ တစ်ဦးတစ်ယောက်သော မိခင်၏ဝမ်း၌ နှစ်ယောက် သုံးယောက်ကုန်သော သူငယ်တို့သည် တည်နေကိန်းအောင်းပြီးကာလ ဖွားမြင်လာကြကုန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသူတို့၏ ကံသည် အဘယ်သို့ ပစ်ချသောကြောင့် ဤကဲ့သို့ တစ်ပြိုင်နက် တစ်ချက်တည်း ပဋိသန္ဓေ တည်နေနိုင်ပါသနည်းဟု လျှောက်ထား၏။

## ကံတူအကျိုးပေး

ထိုအခါ ဆရာတော်ဘုရားကြီးက မိန့်တော်မူသည်... ဒါယကာ–နှစ်ယောက် သုံးယောက်ကုန်သော ဤသတ္တဝါတို့ ပြုစုအားထုတ်ခဲ့ကြသော ကံသည် တူမျှသည် ဖြစ်သောကြောင့် လည်းကောင်း၊ ကံကိုအားထုတ်စဉ်ကာလက မတူမျှကြစေကာမူ တစ်ခါတစ်ရံ ဖောက်ပြန်ပျက်စီး အားထုတ်အပ်သော ကံတို့သည် အလွန်တရား များပြားလှသောကြောင့် တူမျှသော အခိုက်အခါလည်း တစ်ရံတစ်ခါ ရှိသင့်ပေရာ သည်။ ယင်းသို့သော အကြောင်းကြောင့် တစ်ဦးတစ်ယောက်သော မိခင်၏ ဝမ်း၌ ကံတူအကျိုးပေးဖြစ်ပြီးသကာလ တစ်ပြိုင်နက် တစ်ချက်တည်း ပဋိသန္ဓေတည်နေ လေကုန်သည်ဟု မိန့်တော်မူ၏။

ထိုအခါ ဒါယကာက တစ်ဖန် ထပ်မံလျှောက်ထားပြန်သည်မှာ–အရှင်ဘုရား ဤနှစ်ယောက် သုံးယောက်ကုန်သော သတ္တဝါတို့သည် ကံတူအကျိုးပေး ညီမျှ၍ တစ်ပြိုင်နက် တစ်ချက်တည်း ပဋိသန္ဓေတည်နေကြသည်မှာ ရှိတန်ပါစေဦးတော့၊ တစ်ကောင်သော ငါးသတ္တဝါ၏ ဝမ်း၌ တစ်ခါတစ်ခါ ပဋိသန္ဓေ တည်နေသည် ရှိသော သိန်းသန်းကုဋေ မရေမတွက်နိုင်ရာ များစွာသော သတ္တဝါတို့မှာ တစ်ပြိုင် နက်တည်း ပဋိသန္ဓေနေကြပါသည်။ ထိုများစွာသော သတ္တဝါတို့မှာ အဘယ်သို့သော အကျိုးတူမျှ၍ တစ်ပြိုင်နက် ပဋိန္ဓေ တည်နေကြပါကုန်သနည်းဟု ထပ်မံ၍ မေး လျှောက်ပြန်၏။

## ဉပမာဖြင့် ရှင်းပြပုံ

ထိုအခါ ဆရာတော်ဘုရားက ဒါယကာ–သင့်အား ငါသည် လောကီဉပမာ အားဖြင့် ထင်ရှားစွာပြအံ့၊ နာယူမှတ်သားလော့။ လူအများတို့သည် ပွဲလမ်းသဘင် ကပြရာသို့ သွားရောက်ကြည့်ရှုကြကုန်သည်ရှိသော် ထိုများစွာကုန်သော သူတို့ သည် တစ်ဦးနှင့်တစ်ဦး အထူးတိုင်ပင်ကြပြီးလျှင် အသင်တို့–ကချေသည် လူပြက်များတို့က ပြက်ချော်သောစကား ပြောကြားသောအခါ အသင်တို့လည်း ရယ်မောကြ၊ ငါလည်း ရယ်မောအံ့ဟု တစ်ဦးနှင့်တစ်ဦး အထူးတိုင်ပင် ညှိနှိုင်း၍ ထားကြသလောဟု မေးတော်မူသောအခါ... ရှေးဦးကတိုင်ပင် ညှိနှိုင်း၍ထားကြ

www.burmeseclassic.com

www.burmeseclassic.com



သည် မဟုတ်ပါ။ ပြက်ချော်သော စကားကို ကြားသောအခါမှ ဝိုင်းဝန်း၍ ရယ်မောကြပါသည်ဟု လျှောက်ထားသဖြင့် ဆရာတော်ဘုရားက ဒါယကာ–ပြက်ချော်သောစကားကို ကြားရသောအခါ တစ်ပြိုင်နက် တစ်ချက်တည်း ရယ်မောကြကုန်သော သူတို့သည် တစ်ယောက်နှင့်တစ်ယောက်, တစ်ဦးနှင့်တစ်ဦး သဘောချင်း မတိမ်းမယိမ်း ထပ်တူထပ်မျှ ဖြစ်သောကြောင့် ရယ်မောကြသလော, သို့တည်းမဟုတ် မိမိတို့၏ စိတ်သဘောဖြင့်သာ တွေးတောဆင်ခြင်ကာ ရယ်မောကြရာကုန်သလော ဟု မေးတော်မူပြန်၏။

ထိုအခါ ဒါယကာက… "အရှင်ဘုရား တစ်ဦးနှင့်တစ်ဦး, တစ်ယောက်နှင့်တစ်ယောက်ကို အဘယ်မှာ စိတ်သဘောချင်း တူမျှနိုင်ပါကုန်အံ့နည်း။ မိမိ မိမိတို့၏ စိတ်သဘောဖြင့်သာ အသီးအသီး တွေးတောဆင်ခြင်ပြီးသကာလ ရယ်မောကြပါကုန်သည်ဟု လျှောက်ထားသည်။

ဆရာတော်ဘုရားက ဒါယကာ–ထိုများစွာသော လူအပေါင်းတို့သည် မိမိ၏ စိတ်သဘောဖြင့် အသီးသီးအဖုံဖုံ ဖြစ်ကြပါကုန်သော်လည်း ပြက်ချော်သောစကားကို ကြားရသောအခိုက် ခဏမျှ၌ အလုံးစုံသော သူတို့၏ စိတ်သဘော အထူးထူးတို့သည် ဤစကားသည်ကား ရယ်မောဖွယ်ရာ ဖြစ်သည်ဟု တစ်ပြိုင်နက် တစ်ချက်တည်း ရယ်မောကြကုန်သကဲ့သို့၊ ထို့အတူ သိန်းသန်းကုဋေ မရေတွက်နိုင်သော များစွာကုန်သော သတ္တဝါတို့သည် တစ်ကောင်သော ငါး၏ဝမ်း၌ တစ်ပြိုင်နက် တစ်ချက်တည်း ပဋိသန္ဓေ တည်နေရခြင်းမှာ **ထိုများစွာကုန်သော သတ္တဝါတို့သည် အလွန်ရှည်ဝေးများပြားသော သံသရာ၌ ကျင်လည်ပြေးသွား၍ လာခဲ့ရာအားထုတ်ပြုလုပ်ခဲ့သော ကုသိုလ်ကံ, အကုသိုလ်ကံတို့သည် အလွန်တရာ များလှသောကြောင့် တစ်ရံတစ်ခါ အကျိုးပေးတူကြမည်သာတည်း။ ပွဲသဘင်၌ တစ်ပြိုင်နက် တစ်ချက်တည်း ရယ်မောကြကုန်သော်လည်း မိမိတို့ စိတ်သဘောဖြင့် ရယ်မောကြသကဲ့သို့ ထို့အတူ မိမိ အားထုတ်အပ်သော ကံသည် အသီးအသီး မိမိတို့အား အကျိုးဝိပါက တူမျှသည်ဟူ၍ မှတ်ရမည်။** အဘယ်ကြောင့် နည်းဟူမူ ထိုငါးသတ္တဝါတို့သည် ရံခါ မိခင်ဖြစ်သော ငါးမ သေဆုံးသောအခါ ကံအကျိုးတူမိသည်ဖြစ်၍ တစ်ပြိုင်နက် သေဆုံးကြရ၏။ ရံခါ မိခင် ငါးမဝမ်းမှ ပေါက်ဖွား၍ ပြင်သို့ ကျရောက်သောအခါ အချို့ငါးတို့သည် အသက်ရှည်ကုန်၏။ အချို့ငါးတို့သည် အသက်တိုကုန်၏။ ထိုကြောင့် တစ်ရံတစ်ခါ ကံပစ်ချခြင်း တူမျှ၍

www.burmeseclassic.com

www.burmeseclassic.com



အခိုက်အတန့် အတူတကွ ဖြစ်ရသော်လည်း မိမိတို့ အားထုတ်အပ်သော ကံအား လျော်စွာ အပြစ်ဝိပါက ခံစားရကုန်သည်ဟူ၍ မှတ်ရမည်။

ဤသို့ များစွာသော သတ္တဝါတို့ တစ်ပြိုင်နက်တည်း ဖြစ်ရသောကြောင့် ကံလည်း ထပ်တူထပ်မျှ မတိမ်းမယိမ်းပင် ဖြစ်ရသည်ဟု မမှတ်သားကြကုန်လင့်ဟု မိန့်တော်မူ၏။

ထိုသောအခါ များစွာကုန်သော ဒါယကာ ဒါယိကာမအပေါင်းတို့သည် တခဲဏပ္ပတ္တိဉာဏ်ဖြင့် လျင်မြန်စွာ တွေးဆ၍ ပရမတ္ထသဘောကို လောကီဥပမာ စကားဖြင့် ထင်ရှားအောင်ပြလျက် မန္ဒဗုဒ္ဓိပုဂ္ဂိုလ် (အသိဉာဏ်နည်းသူ)တို့၏ အလိုအတိုင်း ဖြေဆိုတော်မူပါပေသည်... ဟူ၍ ရင်ဘတ်လက်တီး ပြောမပြီးအောင် အံ့ချီးထောမနာလျက် များစွာသော ဒါယကာ, ဒါယိကာမအပေါင်းတို့သည် သဒ္ဓါတရား တိုးတက်၍ အတိုင်းထက်အလွန် ကြည်ညိုဝမ်းမြောက်ခြင်း ဖြစ်ကြလေကုန်သတည်း။

---

## ၄၅-"ဘုရားကို အမိုက်ဆုံးဟု စရိုက်အသုံး ယွင်းမှားသည်"ကို စဉ်းစားဆင်ခြင်ရန် ဟောတော်မူခြင်း

အခါတစ်ပါးသော် သာသနာပြု သင်္ဂဇာ ဆရာတော်ဘုရားကြီး ၁၂၄၆ ခုနှစ်၊ ရန်ကုန်မြို့သို့ ရောက်တော်မူရာ အမည်နာမ ထင်ရှားကျော်စောသော တရားဟော ဆရာကြီး တစ်ယောက်သည် တင်မြှောက်ရိုကျိုး လက်စုံမိုး၍ ရှိခိုးလျှောက်ထားသည်မှာ အရှင်ဘုရား တရားဟူသမျှတို့တွင် မောဟသည် သူတစ်ပါးတို့ထက် လွန်ကဲသည်ဖြစ်၍ မိုက်မဲတွေဝေစေတတ်သော တရားအစစ် ဖြစ်ပါသည်။ မောဟထက်လွန်ကဲ၍ မိုက်မဲတွေဝေစေတတ်သော တရား မရှိပါ။ မြတ်စွာဘုရား သခင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ကိုရ၍ မာရ်ငါးပါးကို ပယ်ရှားသုတ်သင် အောင်မြင်တော်မူစဉ်ကပင် မောဟ-တည်းဟူသော အဝိဇ္ဇာကို ပယ်ခွာ ဖြတ်တောက်ပြီးဖြစ်၍ အလွန်အကဲ မိုက်မဲတွေဝေစေတတ်သော မောဟ မရှိပါ။ သို့ဖြစ်၍ မောဟတည်းဟူသော အမိုက်တရားသည် ဘုရား၌ ဆုံးနေပြီဖြစ်သောကြောင့် မြတ်စွာဘုရားကို "အမိုက်ဆုံး"ဟု အားလုံး ပရိသတ်အား တပည့်တော် ဟောကြားသည်ကို အချို့သော သူများက ဤစကား မကောင်းဟု စုပေါင်းဖွဲ့နွဲ၍ ကဲ့ရဲ့ပြစ်တင်ကြပါသည်ဘုရားဟု လျှောက်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆရာတော်ဘုရားကြီးက ဟုတ်လှပေသည်ဆရာကြီး… ဆရာကြီး ပြောဟောသော တရားသည် အလွန်ဟုတ်မှန်ပေသည်။ ဆရာကြီးသည် သူတစ်ပါးတို့ထက် ထူးချွန်၍ အလွန်ပင် သိတတ်ပေသည်။ ဆရာကြီးသည် အလွန်တရာလိမ္မာပါပေသည်။ ဤကဲ့သို့ ဗဟုသုတများ၍ သိကြားလိမ္မာသည်ဖြစ်သောကြောင့် လူအများတို့က ငါတို့ဆရာကြီးသည် အလွန်တရာ တတ်သိလိမ္မာပါပေသည်။ တစ်ခါတစ်ရံမျှ "ချေးမစင်ကိုမစား"ဟု ပြောကြား ချီးမွမ်းသောစကားကို ဆရာကြီး နှစ်သက်ပါမည်လောဟု မေးတော်မူ၏။

## အမှန်အတိုင်း ချီးမွမ်းသော်လည်း

ထိုအခါ တရားဟောဆရာကြီးက တပည့်တော် မနှစ်သက်နိုင်ပါဟု လျှောက်ထားလျှင် ဆရာကြီး–အဘယ်ကြောင့် မနှစ်သက်နိုင်ပါသနည်း။ ဆရာကြီးသည် ငယ်ရွယ်စဉ် ကာလကစ၍ ယခုအရွယ်ကျအောင် **"ချေးမစင်ကို တစ်ရံတစ်ခါမျှ မစား"** သည်ကို များစွာ သူတို့သည်လည်း သိကြ၏။ ငါလည်းသိ၏။ သိသည့်အတိုင်းလည်း ဟုတ်မှန်လှပေ၏။ ယင်းသို့ ဟုတ်မှန်သည့်အတိုင်းကိုလည်း ချီးမွမ်းထောမနာပြုကြသည်ကို အဘယ်ကြောင့် မနှစ်သက်နိုင်ပါသနည်း။ ဟုတ်မှန်တိုင်း ချီးမွမ်းထောမနာသည်ကို နှစ်သက်ရပါမည် မဟုတ်တုံလောဟု မေးတော်မူ၏။

## ချီးမွမ်းတိုင်း ဂုဏ်မတက်

ထိုအခါ တရားဟောဆရာကြီးက အရှင်ဘုရား၊ ဟုတ်မှန်တိုင်း ချီးမွမ်းထောမနာကြငြားသော်လည်း အလွန်ယုတ်နိမ့် ညစ်ညမ်းလှစွာသော မစင်ဖြင့် ဂုဏ်တင်၍ ချီးမွမ်းထောမနာကြပါသောကြောင့် တပည့်တော် မခံနိုင်ပါဟု လျှောက်ကြားလျှင် ဆရာတော်ဘုရားကြီးက ဆရာကြီး–ဟုတ်မှန်သောစကားကို အများက ချီးမွမ်းပြောဆိုငြားသော်လည်း ဆရာကြီးသည် မနှစ်သက်နိုင်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်၌ မောဟတည်းဟူသော အမိုက် ကုန်ဆုံးပျက်စီးလေသောကြောင့် ဘုရားအမိုက်ဆုံးဟု ဆရာကြီးက ပြောသောစကားသည် ဟုတ်ကားဟုတ်မှန်၏။ ထိုသို့ပင် ဟုတ်ငြားသော်လည်း သူတစ်ပါးတို့ မနာခံနိုင် မနှစ်သက်နိုင်သော စကား ဖြစ်လေသည်။ ဆရာကြီး–ဤကဲ့သို့သော စကားကို မပြောကြားလေလင့်။ ဆရာကြီး လောက၌ စကားတို့မည်သည် ချီးမွမ်းထောမနာတိုင်း ဂုဏ်ဖြစ်သည်မဟုတ်။ ဂုဏ်ဖြစ်သော အရာလည်း ရှိသည်။ ဂုဏ်မဖြစ်သော အရာလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ အချို့သောအရာမှာ ချီးမွမ်းထောမနာခြင်းကြောင့် ယုတ်နိမ့်ပျက်စီး၍ သွားတတ်သည်။

**ပုံသာဓကမှာ**... လူတစ်ယောက်သည် အရှေ့ပြဗ္ဗာ ဝိဒေဟာကျွန်းဘက်မှ ထွန်းတက်၍လာသော ရောင်ခြည်တစ်ထောင်ဆောင်သော ဘာဏုရာဇာ သူရိယ နေမင်းကို ထောမနာလိုသောကြောင့် ပြောကြားသည်မှာ... သြော် အရှင်နေမင်း သည် မိမိအရောင်အဆင်းဖြင့် ထွန်းလင်းတောက်ပတော်မူလှပါပေ၏။ ပိုးစုန်းကြူး တို့ အရောင်ကိုသော်လည်း နှိပ်နင်းပယ်ရှားနိုင်အောင် တောက်ပတော်မူနိုင်ပါပေသည်။ ပိုးစုန်းကြူးအရောင်ထက် သာလွန်ပါပေသည်ဟု ချီးမွမ်းထောမနာလေ၏။ ဆရာကြီး ဤစကားသည် ဟုတ်မှန်တိုင်းသောအားဖြင့် ပြောကြားလျက် နေမင်းကို အကယ်၍ကား ချီးမွမ်းထောမနာပေ၏။ ထိုသို့ပင် ဟုတ်မှန်တိုင်း ချီးမွမ်း ထောမနာ ငြားသော်လည်း ချီးမွမ်းထောမနာရာသို့ မရောက် ရှုတ်ချကဲ့ရဲ့သော ဟီန ဒေါသ သို့သာ ရောက်လေသည်။ ဤကဲ့သို့သော စကားမျိုးသည် ချီးမွမ်းထောမနာရာသို့ မရောက်၊ ကဲ့ရဲ့ရှုတ်ချရာသို့သာ ရောက်သောကြောင့် ထိုကဲ့သို့သော စကားမျိုးကို မပြောထိုက် မပြောသင့်ဟု မိန့်တော်မူလျှင် တရားဟောဆရာကြီးနှင့် တကွ များစွာသော ပရိသတ် အရပ်ရပ်သော တရားနာဒါယကာ, ဒါယိကာမ အပေါင်းတို့ သည် သောင်းသောင်းအုတ်အာ ညီညာသောသော ချီးမွမ်းပြော၍ အံ့ဩထောမနာ ကြလေကုန်သတည်း။

---

## ၄၆–အာပတ်မသင့်လျှင် ရဟန်းမဟုတ်ဟု ကျမ်းထုတ်၍ မိန့်တော်မူသောအကြောင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားကြီးသည် ပြည်မြို့သို့ ကြွရောက်၍ ချီးမြှောက်သောအား တရားဓမ္မ ဆုံးမဟောကြားတော်မူစဉ် ဒါယကာတစ်ဦးသည် ညွတ်နူးရှိသေစွာ လျှောက်သည်မှာကား အရှင်ဘုရား ယခုအခါ မြတ်စွာဘုရား သာသနာတော်ထမ်း ဖြစ်ကုန်သော ရဟန်းသံဃာတို့သည် ပါရာဇိကလေးပါးမှ အပဖြစ်သော အာပတ်ငယ်များကို မကြာမကြာ ကျူးလွန်ကျော်နင်း၍ အာပတ် မကင်း ရှိကြပါသည်။ ထိုသို့ မကြာမကြာ အာပတ်သင့်သော ပုဂ္ဂိုလ်ကို ကြည်ညို ဖွယ် ကွာလှမ်းသဖြင့် ရဟန်းဟူ၍ မမှတ်မထင်နိုင်ပါ။ အလုံးစုံသော အာပတ်ကို

www.burmeseclassic.com

www.burmeseclassic.com



လုံခြုံစွာ စောင့်ရှောက်မည်ဟူသော နှလုံးသွင်းနှင့် ရဟန်းပြုခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မကြာမကြာ အထပ်ထပ် အာပတ်သင့်သော ပုဂ္ဂိုလ်ကို ကြည်ညိုရန် ကွာလှမ်းသဖြင့် ရဟန်းဟူ၍ အဘယ်မှာ မှတ်ထင်နိုင်စရာ ရှိပါတော့အံ့နည်း။ အချို့သော ပုဂ္ဂိုလ်များကလည်း အာပတ်ငယ်များကို လွန်ကျူးကျော်နင်းရုံမျှနှင့် ရဟန်းမဟုတ်ဟု ထင်မှတ်ရသည် မဟုတ်သေး။ ပါရာဇိကလေးပါးသို့ လွန်ကျူးကျရောက်မှသာလျှင် ရဟန်းမဟုတ်ဟု ပြောဆိုကြပါသည်။ ထိုစကားကိုလည်း တပည့်တော် သဘောမကျ မမှတ်သားနိုင်ပါဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားကြီးက ဒါယကာ အာပတ်ငယ် သင့်သည်ကို ရဟန်းမဟုတ်ဟု ထင်မှတ်ပေသလောဟု မေးတော်မူသဖြင့် ဟုတ်မှန်ပါသည်ဘုရားဟု လျှောက်လျှင် ဒါယကာ ယခု ပြောသော စကားသည် ဆန့်ကျင်သောစကား ဖြစ်သည်။

### ဒကာကြီး အာပတ်သင့်ဖူးသလား

ဤကဲ့သို့ မှတ်သားလင့်၊ အာပတ်မသင့်သော သူသည်ကား ရဟန်းမဟုတ်၊ အာပတ်သင့်သော သူသည်သာလျှင် ရဟန်းဟုတ်သည်။ ဒါယကာ၌ အာပတ်များ တစ်ရံတစ်ခါ သင့်ဖူးပါ၏လောဟု မေးတော်မူသဖြင့် တစ်ရံတစ်ခါမျှ အာပတ်မသင့်ဖူးပါဘုရားဟု လျှောက်၏။ ဒါယကာ၌ အဘယ်မှာ အာပတ်သင့်နိုင်အံ့နည်း၊ ဒါယကာသည် ရဟန်းမဟုတ်၊ ရဟန်းမဟုတ်သောကြောင့်လည်း အာပတ်မသင့်။ ရဟန်းဖြစ်ခဲ့လျှင် အာပတ်သင့်မည် ဧကန်မုချ ဖြစ်လေသည်။ ဒါယကာ "ဒွေ ပုဂ္ဂလာ အနာပတ္တိ" ဟူသော ပါဠိနှင့်အညီ အာပတ်မသင့်သော ပုဂ္ဂိုလ်မှာ ဘုရားနှင့် ပစ္စေကဗုဒ္ဓါ နှစ်ပါးသာလျှင် အာပတ်မသင့်နိုင်သည်။ ကြွင်းသော ပုဂ္ဂိုလ်တို့မှာ အလွန်ဆုံးအားဖြင့် အရိယာပုဂ္ဂိုလ်ပင်သော်လည်း ရံခါ အစိတ္တကအာပတ်များ သင့်ရချေသေးသည်။

ဒါယကာကဲ့သို့ အာပတ်သင့်လျှင် ရဟန်းမဟုတ်ဟု ဆိုခဲ့ပါလျှင် အရိယာပုဂ္ဂိုလ်ပင်သော်လည်း ရံခါ ရဟန်းမဟုတ် ဖြစ်ရချေဦးမည်။ သို့ဖြစ်၍ ဤကဲ့သို့သော စကားအဓိပ္ပာယ်ကို မပြောမကြား မမှတ်မသားလင့်။ အာပတ်မသင့်သည်ကား ရဟန်းမဟုတ်၊ အာပတ်သင့်မှသာလျှင် ရဟန်းဟု မှတ်သားလေ။ ဘုရား၊ ပစ္စေကဗုဒ္ဓါတို့မှာ ရဟန်းမျှမက ရဟန်းထက် လွန်မြတ်၍နေသော ပုဂ္ဂိုလ်ဖြစ်လေသည်။ ထို့ကြောင့် အာပတ်မသင့်နိုင်။ ဘုရားသခင်သည် ရဟန်းတို့ ကံဆောင်သော

www.burmeseclassic.com

www.burmeseclassic.com



သိမ်တွင်း၌ တည်ရှိသော်လည်း ကံမပျက်ကြောင်းကို အဋ္ဌကထာ၌ မိန့်ဆိုတော်မူသောကြောင့် ရဟန်းမြူမကကြောင်းကို အလွန်ပင် သိသာထင်ရှားလှလေသည်ဟု မိန့်တော်မူလျှင် လျှောက်ထားသူ ဒါယကာနှင့်ကကွ များစွာသော တရားနာပရိသတ်အပေါင်းတို့သည် ကောင်းချီးနမော် သာဓုခေါ်လျက် အုက်အော်ဖြစ်ဖြ ၀မ်းမြောက်ကြလေကုန်သတည်း။

---

## ၄၇–ဒါယကာတို့ မေးလျှောက်သဖြင့် ရွေးကောက်၍ လှူသင့်ဟန်ကို ယူချင့်ရန်ပမာထား၍ ဒါယကာအား မိန့်ဆိုခြင်း

အင်္ဂမြော–အစဖြာသော အကွရာခတ်နိုပ် မြတ်တံဆိပ်ဖြင့် ဂုဏ်ဟိတ်မင်္ဂလာအစဉ်ဖြာသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် ခရီးဒေသစာ စကြာဖြန့်မြန်းကြွလှမ်းတော်မူပြီးခါ သာသနာတော်၏အကျိုး သတ္တ၀ါတို့၏ အကျိုးကို သယ်ပိုးရွက်ဆောင်လျက် မြန်အောင်မြို့သို့ ရောက်တော်မူသောအခါ ဒါယကာတစ်ဦးက အထူး၀ပ်တွား၍ လျှောက်ထားပန်ဆင်သည်မှာ–အရှင်ဘုရား တပည့်တော်သည် စိစစ်လှူဒါန်းပါသည်။ ပုဂ္ဂိုလ်ကို စိစစ် လှူဒါန်းသည်ဟု ဆိုလိုသည်။ အဘယ်သို့သော အကျိုးများကို ခံစားရပါအံ့နည်းဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက ဒါယကာ– ပုဂ္ဂိုလ်ယုတ်မျိုးကို ကြည့်မှတ်ရွေးချယ်၍ လှူဒါန်းသည်ကို လျှောက်ထားလိုသည် မဟုတ်ပါလောဟု သဘောကို သိသဖြင့် မေးတော်မူလျှင် မှန်ပါသည်ဘုရားဟု လျှောက်ထားသောအခါ ဒါယကာ–ငါသည် ဤကဲ့သို့ တရားမျိုးကို ဤအရပ် ဤဒေသ၌ ဤဌာနတွင် မဟောလိုသေးဟု နှလုံးသွင်းသည်။ သို့သော်လည်း ဒါယကာက ဤမျှသာ လျှောက်သည်ဖြစ်၍ ဆရာတော့်လည်း ဤမျှပင် ဟောရချေဦးမည်။

### သကြားနှင့် ဆား ဥပမာ

ဒါယကာ–သကြားတစ်မျိုး၊ ဆားတစ်မျိုး၊ ဤနှစ်မျိုးတို့ကို နှစ်ခုသော ခွက်ဖြင့် အသီးသီးထည့်၍ ထားရမည်။ သကြားနှင့် ဆားတို့သည် အရသာအားဖြင့် ကွဲပြား၍ အသွင်သဏ္ဌာန်ချင်းကား တူမျှကြသည်။ သို့ဖြစ်၍ အကြင်သူတစ်ယောက်သည် ဆားထည့်သောခွက်ကို ယူပြီးလျှင် သကြားထင်မှတ်၍ ငါသည် ချိုသော

www.burmeseclassic.com

www.burmeseclassic.com


အရသာရှိသော သကြားကို စားရပေတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ စား၏။ ထိုပုဂ္ဂိုလ်အား ချိုသောအရသာ ရှိမည်လော, ငန်သောအရသာ ဖြစ်မည်လောဟု မေးတော်မူလျှင် အရှင်ဘုရား ဆားကို စားမိသည်ဖြစ်ပါသောကြောင့် ငန်သော အရသာ ရှိပါမည်ဟု လျှောက်၏။ ဒါယကာ အကြင်သူတစ်ယောက်သည် ကျန်သော သကြားခွက်ကို ဆားခွက်ဟူသော အမှတ်ဖြင့် ငါသည် ဆားကိုလျက်အံ့ဟု နှလုံး ပိုက်၍ သကြားကို စားမိ၏။ ထိုသူအား အဘယ်အရသာ ဖြစ်မည်နည်းဟု မေးတော်မူပြန်သဖြင့် အရှင်ဘုရား–သကြားကိုစားမိသည် ဖြစ်ပါသောကြောင့် ချိုသော အရသာ ဖြစ်ပါသည်ဟု လျှောက်၏။

ထိုအခါ ဆရာတော်ဘုရားကြီးက ဒါယကာ–ဆားကို စားမိသောသူသည် ချိုသောအရသာ ရှိလိမ့်မည်ဟု ရှေ့အဖို့က နှလုံးသွင်းငြားသော်လည်း ငန်သော အရသာရှိမည် ကေန်ပင်ဖြစ်ချေမည်။ သကြားကို စားမိရာ၌လည်း ထိုနည်းအတူ မိမိ ငန်လိမ့်မည်ဟု ထင်မှတ်ငြားသော်လည်း ချိုသောအရသာ ကေန်မုချ ရှိချေမည်။ ငါသည် မန္တလေး ရတနာပုံရွှေမြို့တော်ကြီးမှ ပုပ္ပါးအရပ်သို့ ကြွရောက်တော်မူသော အခါ ဘုရင်ကေရာဇ်မင်းမြတ်၏ ဆရာ သာသနာပြု သင်္ဃာဆရာတော်ကြီး ကြွလာတော်မူသည်ဟူ၍ ရပ်သူရွာသား ဒါယကာ ဒါယိကာမ အများတို့သည် ဖြစ်ပွားသော စေတနာ သဒ္ဓါပသန္န အားကြီးလှသောကြောင့် လွန်မြတ်ကောင်းမွန် သော ဆန်ဖြင့်ချက်၍ ဆက်ကပ်လှူဒါန်းကြမည် သဘောထား၍ တစ်နေ့လုံး ရှာဖွေသော်လည်း ပဲ, ပြောင်း, လူး, ဆပ်–ကိုသာ မပြတ်စားသောက်နေထိုင်ကြ သော အရပ်ဖြစ်၍ ဆန်တစ်ပြည်မျှလောက်သာ ရ၏။

ထိုအခါ ဆရာတော်ဘုရားသည် ဆန်ရှားသော အရပ်ဌာနဖြစ်၍ ပဲ, ပြောင်း, လူး, ဆပ်ကို သုံးဆောင်ငြားသော်လည်း အထိုက်အလျောက် ကောင်းမြတ်သော အရသာရှိသည်ဖြစ်၏။ ထိုနည်းအတူ ယခု ဒါယကာ လျှောက်တင်သော အရာ၌ လည်း နူးညံ့သိမ်မွေ့လှသော ဆန်၏အရသာကို မခံစားရငြားသော်လည်း ပြောင်း, ပဲ, လူး, ဆပ်တို့၏ အရသာမျှဖြင့် မုချခံစားရဖွယ်ရှိမည် ငါထင်သည်ဟု မိန့်တော် မူလျှင်။ ယခင် လျှောက်ထားသော ဒါယကာနှင့် များစွာသော ပရိသတ်တို့သည် ဆရာတော်မြတ်ကား ဤအရပ် ဤဌာန၌ အလဇ္ဇီမွေကို မဟောမပြချင်သေးသည့် အတွက် အမြွက်မျှ သဘောထား၍ ဟောကြားတော်မူပေသည်ဟု စိတ်ကြည်ဝမ်း မြောက်ကြလေသတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၄၈–အလဇ္ဇီဒုဿီလအား လှူဒါန်းနည်းကို "ထန်းလှီးသည့်ပမာစကား"ဖြင့် ဒါယကာအများ အမေးကို ဖြေဆိုခြင်းအကြောင်း

သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် မီးရထားလမ်း သာယာဝတီမြို့နယ်သို့ ကြွရောက်တော်မူစဉ်အခါ ဒါယကာတစ်ယောက်က လျှောက်ထားသည်မှာ– အရှင်ဘုရား... သာသနာတော်၏ အညစ်အကြေး ဖြစ်ကုန်သော အလဇ္ဇီဒုဿီလ ပုဂ္ဂိုလ်တို့ကို ကြည်ညိုလှူဒါန်း ပေးကမ်းသောသူတို့သည် ကုသိုလ်၏ အကျိုးဖလ အာနိသံသကို အနည်းငယ်မျှမရ။ အပါယ်သို့ ကျရောက်ရသည်ဟု ပြောဆိုကြသည်။ ထိုစကားကို အဘယ်သို့ မှတ်သားရပါမည်နည်းဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက ဒါယကာ ကုသိုလ်၏ အကျိုးအာနိသံသကို ရလိုသော သမ္မာဆန္ဒ ရှိသည်ဖြစ်၍ လှူဒါန်းပေးကမ်းအရာ၌ ပြောဆိုကြသလော, သို့တည်းမဟုတ် သာသနာတော်၏ အညစ်အကြေးကို ဖြစ်စိမ့်သောငှာ လှူဒါန်းပေး ကမ်းသောအရာ၌ ပြောဆိုသလောဟု မေးတော်မူ၏။ အရှင်ဘုရား... အဘယ်ကဲ့သို့ သော အရာ အဘယ်ကဲ့သို့သော စေတနာပင်ဖြစ်ဖြစ် အလဇ္ဇီဒုဿီလပုဂ္ဂိုလ်ကို လှူဒါန်းပေးကမ်းမိက အပါယ်သို့ ကျရောက်မည်ဆိုပါသည်ဟု ပြန်၍ လျှောက် ထား၏။

## ကုသိုလ်စေတနာဖြစ်၍ အပါယ်မကျ

ထိုအခါ ဆရာတော်ဘုရားကြီးက ဒါယကာ ဤစကားသည် မှတ်သားယုံကြည် ထိုက်သော စကားမဟုတ်၊ ယုတ္တိလည်း မရှိချေ။ တဏှာပေမ ပဂ္ဂဟ စေတနာဖြင့် သာသနာတော်၏ အညစ်အကြေး ဖြစ်စေခြင်းငှာ အလဇ္ဇီဒုဿီလ ပုဂ္ဂိုလ်အား လှူဒါန်းပေးကမ်းသောသူသည် အပါယ်သို့ ကျရောက်သည်ဆိုသော် သင့်လျော်ရာ၏။ အဘယ်ကြောင့်နည်း ဟူမူကား–မိမိ၏ စိတ်စေတနာကပင် မသင့်မတင့်သော အယောနိသောမနသိကာရ ဖြစ်သောကြောင့် သင့်ပေရာ၏။ မိမိ၏ စိတ်စေတနာက ကုသိုလ်ကို လိုလားသော သမ္မာဆန္ဒ, ယောနိသောမနသိကာရဖြင့် လှူဒါန်းပေးကမ်း သော သူသည် အပါယ်သို့ ကျရောက်ရမည်ဆိုသော အရာသည် အလွန်တရာ မသင့်သောစကား ဖြစ်သည်။ အဘယ်ကြောင့်နည်းဆိုသော် ကုသိုလ်စေတနာသည် သယ်အခါကာလမှ အပါယ်သို့ ကျရောက်စေတတ်သည်မရှိ၊ အပါယ်သို့ ကျရောက်

www.burmeseclassic.com

www.burmeseclassic.com



စေတတ်သည်ဟု ဆိုခဲ့လျှင်လည်း မြတ်စွာဘုရား ဟောကြားတော်မူသော ပရမတ္ထ ဒေသနာတော်နှင့် ကောင်းစွာ ဆန့်ကျင်ဘက်ကြီး ဖြစ်ချေမည်။ ထို့ကြောင့် ဤ စကားကို မှတ်သားယုံကြည်ခြင်းငှာ မထိုက်မလျောက်ပတ်၊ မသင့်မြတ်သော စကားဟု မှတ်ရမည်။

၈

## အကျိုးကြီးငယ်သာထူး

ဒါယကာ ပေးကမ်းလှူဒါန်းသောဒါနအရာမှာ ယောနိသော မနသိကာရ, အယောနိသော မနသိကာရဟု ဆိုအပ်သော သင့်တင့်ကောင်းမြတ်သော နှလုံးသွင်းခြင်း, မသင့်မတင့် မကောင်းသော နှလုံးသွင်းခြင်းအားဖြင့် မိမိ၏ စိတ်စေတနာ ဟာ ပဓာနဖြစ်သည်။ မိမိ၏ စိတ်စေတနာ သဒ္ဒါတရား တက်ပွားကောင်းမြတ်သဖြင့် အကယ်၍ ပေးကမ်းလှူဒါန်းခဲ့သည်ဖြစ်အံ့၊ ကုသိုလ်၏ အကျိုးအာနိသံသကို မရ ဟူ၍ကားမရှိ, ရတော့သည်သာ။ အကျိုးကြီးငယ်သာ ထူးခြားလေတော့သည်။

မိမိ၏ နှလုံးသွင်းက အကယ်၍ မကောင်းမမြတ်ခဲ့သည်ဖြစ်အံ့၊ အပါယ်သို့ ကျရောက်မည်ဖြစ်ချေသည်။ ဒါယကာ–ဆရာတော် ဥပမာတစ်ခုပြောမည်။ တစ်ခု သော ထန်းပင်၌ နှစ်စ, သုံးစ ကုန်သော ထန်းစတို့သည် ထွက်၍တည်ရှိကုန်၏။ တစ်ယောက်သော ထန်းသမားသည် ထိုထန်းပင်ကို တက်သည်ရှိသော် တစ်ဖက် သော ထန်းစ၌ ချိုသောအရသာ, တစ်ဖက်သောထန်းစ၌ ခါးစေတတ်သော အရသာရှိသော ထန်းရေကို ထွက်စေအောင် ပြုပြင်၏။

## ထန်းစ ဥပမာ

ထိုနောက် ထန်းသမားသည် တက်ရောက် ခံယူသည်ရှိသော် ထန်းသမား၏ အပြုအမူ လုံ့လပယောဂကို အစွဲပြုပြီးလျှင် တစ်ခုတည်းသော ထန်းပင်ကပင် တစ်ဖက်သောထန်းစက ချိုသော အရသာ၊ တစ်ဖက်သော ထန်းစကား ခါးတတ် သော အရသာတို့သည် ထွက်သည်ဖြစ်၍ ထန်းသမား၏ လုံ့လပယောဂ အပြု အမူကိုစွဲ၍ အရသာနှစ်မျိုး ထွက်လာသကဲ့သို့ ထို့အတူ လှူဒါန်းပေးကမ်း စွန့်ကြဲ သောသူ၏ စိတ်စေတနာ သဒ္ဒါ ပသန္န, ယောနိသော မနသိကာရ, ဒုစေတနာ– ဒုထဒ္ဒါပသန္န, အယောနိသော မနသိကာရဟု ဆိုအပ်သော စိတ်၏ အပြုအမူအတိုင်း ကောင်းသော အကျိုး, မကောင်းသောအကျိုးကို ပေးသည်ဟု မှတ်ယူရမည် ဒါယကာ။ ဤကဲ့သို့ ဆရာတော်ဘုရားကြီးက ဟောကြားတော်မူသောအခါ များစွာ

www.burmeseclassic.com

www.burmeseclassic.com



သော ဒါယကာ ဒါယိကာမ အပေါင်းတို့သည် သဘောကျနှစ်သက်ခြင်း ရှိကုန်သဖြင့် သာဓုကာရနည်း ပြောမပြီးအောင် ကောင်းချီးပေးကြလေကုန်သတည်း။

---

## ၄၉–နတ်ရွာစံမင်းတရား သံဝေဂဖြစ်ပွားသည်ကို သားနှစ်ယောက် ဥပမာဖြင့် လျင်မြန်စွာ ဖြေဆိုတော်မူခြင်း

ရတနာပုဉ္ဇ ပြည်ဌာနကို ပထမလက်မွန် တည်ထောင်ဖန်ဆင်းတော်မူသော ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် ညဉ့်အခါ၌ များစွာသော ဝိတက်ဖြင့် စက်တော်ခေါ်၍မပျော် အကြံတော်ဖြစ်သည်မှာ သြော်–ငါ၏ ကျေးလက်ခရိုင် နိုင်ငံတော်အတွင်း၌ မှူးမတ်, သူဌေး, သူကြွယ်, ကုန်သည်, လယ်လုပ်မှစ၍ များစွာကုန်သော သတ္တဝါတို့သည် ရှိကြ၏။ ထိုများစွာကုန်သော သတ္တဝါတို့၏ ကောင်းသည်။ မကောင်းသည်, လျောက်ပတ်သည်–မလျောက်ပတ်သည်, ချမ်းသာသည်–မချမ်းသာသည် စသောတာဝန်သည် အကြီးအမှူး ဦးစီးနာယကဖြစ်သော ငါ၏ အပေါ်၌ ကျရောက်၍ နေချေပြီတကား။ ထိုသို့ ကျရောက်သဖြင့် တိုင်းနိုင်ငံသူ ဗိုလ်လူများစွာ သတ္တဝါတို့အတွက် တာဝန်ကိုယူ ပူပန်၍နေရသော ငါသည်လည်း အမြဲနိစ္စ ထာဝရမြဲမြံ ခိုင်ခံ့တည်တံ့၍ နေရမည်မဟုတ်။ အိုခြင်းတည်းဟူသော ဇရာသဘော၊ နာခြင်းတည်းဟူသော ဗျာဓိသဘောတို့သည် ထူပြောမပြတ် နှိပ်စက်အပ်သည် ဖြစ်ခြင်းကြောင့် သေမင်း၏ ခံတွင်းဝသို့သာ မသေမီကာလပတ်လုံး ပြေးသွား၍ နေရလေသည်။ ငါသည် အလွန်ဆုံးအားဖြင့် အသက်ရှည်လှငြားသော်လည်း အနှစ်တစ်ရာလောက်သာ အသက်ရှည်နိုင်ချေမည်။

### အတွေးသံသရာ

ထိုအနှစ်တစ်ရာဟု ဆိုအပ်သော ကာလသည်လည်း ကြာမြင့်လှသည်မဟုတ်၊ အလွန်ကျဉ်းကျုံ့လှပါသည်တကား။ အလွန် နည်းလှစွာသော လူ၏အဖြစ်ကို ရသော ငါသည် မိမိ၏ အသက်တာဝန်ဟု ဆိုအပ်သော ကုသိုလ်ကောင်းမှုကို မပြုမူ၍ ပြည်သူများစွာ သတ္တဝါတို့၏အတွက် အားလုံးကို ကျုံး၍ ပူပန်ရခြင်းသည်ကား အချည်းနှီးသာ ဖြစ်ချေပါမည်တကား။ ငါသည် သေလွန်၍သွားသည်ရှိသော် ဤများစွာသော သူတို့တွင် တစ်စုံတစ်ယောက်သော သူမျှလည်း ထောက်မ နိုင်မည် မဟုတ်။ ငါပြုလုပ်အပ်သော ကုသိုလ်ကံ, အကုသိုလ်ကံ၏ စီမံပြုပြင်ရာ

www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ခံစားရလတ္တံ့ဟု ထိတ်လန့်ခြင်း သံဝေဂတရား ဖြစ်ပွားလာသဖြင့် တစ်ညဉ့်လုံး စက်တော်ခေါ်၍ မပျော်နိုင်ဘဲ ရှိလေ၏။

နံနက်မိုးသောက် အလင်းရောက်သောအခါ ဆရာတော် သံဃာတော်တို့ကို ပင့်ဖိတ်၍ မြိန်မြတ်ကောင်းမွန်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် လှူဒါန်းကျွေးမွေး ဆက်ကပ်ပြီးလျှင် ဆွမ်းအနုမောဒနာပြုပြီးသော အဆုံး အားလုံးသောမင်း၏ ပရိသတ် အရပ်ရပ်တို့ မကွဲမီ မထေရ်ဆရာတော်ကြီးများသို့ လျှောက်ထားခွင့်ပန်သည်မှာ–အရှင်ဘုရားတို့... ဒကာတော်တို့မှာ "သနား, သည်းခံ, ဝေဖန်,မြော်မြင်, လျင်စွာထကြွ, နိုးကြားရသည်"ဟူသော နာယကဂုဏ်နှင့် ပြည့်စုံရသော ရေမြေ၏ အရှင် ဘုရင်မင်းမြတ်ဖြစ်သည်နှင့်အညီ ပြည်သူသတ္တဝါများစွာသော လူအပေါင်းတို့သည် ကောင်းမွန်ချမ်းသာစွာ ရေစာမရှား ခိုးသားမုဒိန်း ကင်းငြိမ်းသဖြင့် အသင့်အတင့်မှ နေထိုင်ကြရပါ၏လောဟု တွေးတောမြော်ခေါ် စက်ပါသော်လည်း မပျော်နိုင်အား ဝိတက်ပွားသဖြင့် များစွာထိတ်လန့်ခြင်း သံဝေဂဖြစ်ပါသည်။ ဒကာတော်သည် ဤကဲ့သို့ သံဝေဂတရား ထိတ်လန့်ခြင်း ဖြစ်ပွားသကဲ့သို့ ဆရာတော်ဘုရားများလည်း ရံဖန်ရံခါ ဖြစ်ကြပါ၏လောဟု စစ်ကြောလျှောက်ထား၏။

ထိုအခါ သင်္ဃဇာ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒကာတော် ရာဇ်မင်းမြတ် ဆရာတော် ပုံတစ်ခုပြောမည် သဘောစိုက်တော်မူလော့။ တစ်ခုသော အရပ်၌ လူး, ဆပ်, ပြောင်း, ပဲတို့ကို စားမြဲစားသောက်ခြင်း အလေ့အထရှိသော ရွာတစ်ရွာသည်ရှိ၏။ ထိုရွာ၌ တစ်ယောက်သောသူအား သားနှစ်ယောက်ရှိသတတ်။ အခါတစ်ပါး သားကြီးသည် စားသောက်သုံးစွဲရန်အလို့ငှာ အောက်မြို့ကျေးရွာသို့ ပစ္စည်းရှာ စုန်ဆင်းသွားရာ အစားအစာ များစွာလုံလောက်သော အရပ်သို့ ရောက်သဖြင့် တောက်ပုံသော ကာမာဝစရကုသိုလ်၏ အကျိုးကြောင့် ဖွံ့ဖြိုးလုံလောက် မြားမြောက်သော ဥစ္စာနှင့် ချမ်းသာစွာ နေထိုင်ရ၏။ သားအငယ်မှာ အထက်အညာ ဇန်းမော်အရပ်သို့ အလုပ်အကိုင်သွားရာ ကောင်းမွန်စွာသော ထမင်းအာဟာရတို့ကို မျှတစားသောက် နေထိုင်ရသတဲ့။

ထိုအခါ ရွာ၌ ကျန်ရစ်သော မိဘတို့သည် ခေါင်းပါးခြောက်သွေ့ ပဲ, ပြောင်းကိုသာ စားသောက်လေ့ ရှိကြသော်လည်း ဘုရားပွဲတော်နှင့် ကြုံကြိုက်သော အခါ၌ အရပ်လေးမျက်နှာမှ ရောက်လာကြကုန်သော ဧည့်သည် အာဂန္တုတို့အား ဝတ်ပြုကျွေးမွေးရန် ဆန်ကောင်းများကို ရှာထားသိုမှီးကြသည်ဖြစ်၍ ဘုရားပွဲတိုင်

www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ ရောက်လာသော ညော်သည်တို့အား ကောက်ဆန်ထမင်းကို ချက်၍ တည်ခင်းကျွေးမွေးပြီးလျှင် အတူတူပင် စားသောက်ကြ၏။

ထိုအခါ အရပ်တစ်ပါးသို့ သွားလာနေထိုင်ကြသော သားများ၏ အဖသည် စိတ်၌ အောက်မေ့သောအားဖြင့် စဉ်းစားသည်မှာ ဩော်–ငါ၏ရင်သွေး သားကလေး နှစ်ယောက်မှာ တစ်ယောက်ကား အောက်ကိုစုန်၍ ရန်ကုန်သို့ သွားလေသည်။ တစ်ယောက်ကား အထက်ဗန်းမော်မြို့သို့ သွားလေသည်၊ ထိုသို့တစ်ပါးအရပ်သို့ သွားရှာသော ငါ့သားများသည် ငါတို့အား ယခု (ကောက်ဆန်ထမင်း)ကို စားရ သကဲ့သို့ ထို့အတူ (ကောက်ဆန်ထမင်း) များကိုမူ စားသောက်ရပါလေ၏လောဟု တွေးတော အောက်မေ့သတဲ့ ဒကာတော်ရဲ့။

ဤမျှသောစကားကို သင်္ဂဇာ ဆရာတော်ဘုရားက မိန့်ကြားတော်မူလျှင် ဘုရင်မင်းတရားကြီးက မှန်ပါ ကျေနပ်လောက်ပါပြီဘုရား စကားကိုဖြတ်၍ ရပ်တန့်သည်းခံတော်မူပါဦး၊ အထူးဒကာတော် လျှောက်ထားပါရစေ၊ အရှင်ဘုရားသည် မည်သည့်နေရာဌာနမဆို ထိုထိုအရာဌာနတို့၌ နေရာတကျ ကပ်၍ကပ်၍ လျှောက်ပတ်ထင်ရှားအောင် ထင်ရှားစွာ ခဏချင်းခဏချင်း သွတ်သွင်း၍ အမိန့်ရှိတော်မူသောစကားပုံတို့ကို ကြုံတွေ့တိုက်ဆိုင်သော အခါကာလက နေရာတကျ ပြောဆိုရန်ဟု ရည်သန်အထူး ရှေးဦးမဆွကပင် ကြိုတင်၍ အရကျက်ထားပါသလော။ သို့တည်းမဟုတ် တခဏပွတ္တိဉာဏ် လျင်မြန်သော သတ္တိသဘာဝဖြင့် ထိုခဏ၌ ဖြစ်ပေါ်လာပါသလားဟု လျှောက်ထား၏။

## သားကောင်ကိုမြင်မှ ပစ်သကဲ့သို့

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒကာတော် မင်းကေရာဇ်–သမင်, ဒရယ်, ချေငယ်, စိုင်, ဆတ်ကို ပစ်ခတ်၍ အသက်မွေးသော တော၌ကျက်စား မုဆိုးများတို့သည် သားကောင်ကိုမြင်က ပစ်ခတ်မည်ဟု ရည်ရွယ်လျက် အိမ်မှထွက်လျှင်ပင် လေးမြားကိုတင်၍ ထွက်သလော၊ သို့တည်းမဟုတ် သားကောင်ကို တွေ့သောအခါကာလမှ လေးမြားကိုတင်၍ ပစ်သလောဟု မေးတော်မူ၏။ ထိုအခါ မင်းတရားကြီးက အရှင်ဘုရား... မုဆိုးများသည် သားကောင်ကို မြင်မှသာ လေးမြားကိုတင်၍ ပစ်ပါသည်ဘုရားဟု လျှောက်ထားလျှင်၊ ဒကာတော် မင်းကေရာဇ် ဆရာတော်လည်း သားကောင်ကို မြင်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



မှပင် တင်၍ပစ်သည်ဟု အမိန့်ရှိလျှင် ဘုရင်မင်းတရားကြီးနှင့်တကွ များစွာသော မှူးမတ် ပရိသတ်တို့သည် ရင်ခတ်လက်တီး အံ့မပြီးအောင် ချီးမွမ်းထောမနာကြ လေကုန်သတည်း။

---

## ၅၀–မင်းတရားကြီး အလိုစမ်းသော အပြက်စကားကို ငှက်ဖျားနှင့် ပမာပြ၍ မကြာတစ်ခဏ ဖြေဆိုတော်မူခြင်း

အခါတစ်ပါး ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် အသီးသီးသော လေးပြင် လေးရပ်၌ ကျမ်းဂန်တတ်အကျော် တံဆိပ်ရဆရာတော်တို့ကို ရွှေနန်းတော်ကြီးသို့ ပင့်ဖိတ်ပြီးလျှင် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို ကျွေးမွေးလှူဒါန်း၍ ဆွမ်းအနုမောဒနာ ပြုပြီးသောအခါ၌ လျှောက်ထားသည်မှာ အရှင်ဘုရားတို့... အရှင်ဘုရားတို့သည် ကျောင်းတော်သို့ ကြွတော်မူသောအခါ အနောက်ဆောင် တန်းလျားက ကြွသွားရန် လမ်းခရီးသာယာပါသည်။ သည်မျှသာမဟုတ် ကြည့်ရှုဘနန်း ဆန်းကြယ်သော အာရုံများလည်း စုံစုံလင်လင် တွေ့ရှိရပါလိမ့်မည်ဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်အများတို့တွင် တစ်ပါးသော ဆရာတော်ဘုရားကြီးမှာ စကားမတုံ့ မျက်နှာငုံ့လျက် ပြုံး၍နေတော်မူကြလျှင် သင်္ဂဇာဆရာတော်ဘုရားကြီးက ဒကာတော်ကေရာဇ်မင်းမြတ်... အရှေ့အရပ်၌ ညို့ညို့မှိုင်းမှိုင်း ဆိုင်းဆိုင်းကြွကြွရှိသော တောင်ရိုးတောင်တန်းကြီးကို နန်းတော်ကကြည့်လျှင် မြင်တော်မူ၍ မဟုတ်လောဟု မေးတော်မူ၏။ မြင်ပါသည်ဘုရားဟု လျှောက်ထားလျှင် ဒကာတော်ကေရာဇ်မင်းမြတ်... ၎င်း အရှေ့တောင်တန်းကြီးသည် သူတစ်ပါးတို့ထက် မြင့်မောက်သည်ဖြစ်၍ ညို့ညို့မှိုင်းမှိုင်းလည်း ရှိ၏။ ရေတံခွန်ကျောက်စက်တို့သည် အောက်သို့ သက်၍ကျသဖြင့် အေးမြချမ်းစိမ့်၏။ သင်ပင်ကြီး သစ်ပင်ငယ်တို့ဖြင့် တင့်တယ်စိုပြည်သည်ဖြစ်၏။ လူနှင့်မတွေ့ အာရုံတိတ်ဆိတ်သဖြင့် စိတ်၏ မွေ့လျော်ပျော်ဖို့ရာ များစွာကောင်းပါလေ၏။

### ငှက်ဖျားသင့်တတ်သည်

သို့သော် ဒကာတော်မင်းကေရာဇ် ဤကဲ့သို့ မွေ့လျော်ပျော်ပါးဖို့ရာ များစွာကောင်းသော ထိုအရပ်ဒေသသို့ တစ်ခါတစ်ခေါက်မျှ သွားရောက်ဖူးခြင်း မရှိသော

www.burmeseclassic.com

www.burmeseclassic.com



သူများ တစ်ရံတစ်ခါ သွားခဲ့လျှင် ငှက်ဖျားသင့်၍ သေတတ်သည် ဒကာတော်ဟု မိန့်တော်မူ၏။

ထိုနောက် ဘုရင်မင်းမြတ်က ပြုံးရွှင်ရယ်မောခြင်း ဖြစ်လျက် ထပ်၍ လျှောက်ထားပြန်သည်ကား အရှင်ဘုရား... ဆရာတော်သည် ငယ်စဉ်ကာလကတည်းက ကျောင်းမှာ အစဉ်အတိုင်းနေခဲ့၍ ရဟန်းသိက္ခာဟူသော ငယ်ဖြူစင်စစ် ဖြစ်ပါသလေ။ သို့တည်းမဟုတ် ဝုဍ္ဍပဗ္ဗဇိတ ကြီးမှရဟန်းပြုသော တောထွက်ကြီးများ ဖြစ်ပါသလောဟု လျှောက်ထားပြန်ရာ ဒကာတော်မင်းကေရာဇ် ဆရာတော်သည် ငယ်စဉ်ကာလက ယခုတိုင်အောင် အစဉ်အတိုင်း သာသနာတော်ကို ထမ်းရသော ရဟန်း ငယ်ဖြူဖြစ်သည်ဟုမိန့်ဆို၏။

ထိုအခါ အရှင်ဘုရား... ငယ်ဖြူစင်စစ် ဖြစ်ခဲ့ပါလျှင် ဒကာတော်၏ နန်းတော်မှာလည်း အဆင်းသဏ္ဌာန် ကြန်အင်္ဂါလက္ခဏာနှင့် အလွန်တရာ လှပယဉ်ကျေးသော မိဖုရားမှစ၍ မောင်းမမိသံ အခြွေအရံတွေ ပေါများလှပါသည်။ ထိုလှပယဉ်ကျေးသော ရူပါရုံကို ရှုမြင်၍ နန်းတော်မှ ဆင်းပြီးလျှင် ကိန်းအောင်းတော်မူရင်း ကျောင်းတော်သို့ ရောက်ရှိသောအခါ ဒုက္ခများစွာ ဖြစ်ရာလိမ့်မည် ထင်ပါသည်ဟု လျှောက်လေ၏။

## ထန်းနို့ဥပမာ

ထိုအခါ ဆရာတော်က ဒကာတော် မင်းကေရာဇ်... ဤကဲ့သို့လည်း မဟုတ်ပေသေး။ တွေးတောဆင်ခြင်စရာ ဥပမာတင်လျှင် ထန်းပင်တစ်ပင်၌ များစွာကုန်သော ထန်းနို့ထန်းစတို့သည် ပေါ်ထွက်လျက်ရှိကုန်၏။ ထိုထန်းနို့ထန်းစ အများတို့တွင် ထန်းသမားသည် ပြုပြင်စီမံ၍ အတန်တန် စုစည်းသဖြင့် လှီးအပ်သော ထန်းနို့–ထန်းစတို့သည် လှီးတိုင်း လှီးတိုင်း တိုး၍သာ ထွက်လာတော့သည်။ မသုံးဘဲထားသော ထန်းနို့–ထန်းစတို့သည် တဖြည်းဖြည် လိမ်ပိန်ခြောက်ကပ်၍သာ သွားလေတော့သည်ဟု မိန့်ဆိုတော်မူသောအခါ မင်းတရားကြီးသည် လက်ခုတ်လက်ဝါးတီး၍ သည်းစွာ ရယ်မောလျက် သဘောနှစ်သိမ့်တော်မူလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၅၁–မေးလျှောက်ပုံ ထူးခြားသဖြင့် ဝက်ရူးသမားနှင့် ပုံထပ်လျက် ဆုံးဖြတ်မိန့်ဆိုတော်မူခြင်း

အဂ္ဂမဟာလင်္ကာရ စသည်ခတ်နိုပ် တံဆိပ်လဉ္ဇိဂုဏ်ထူးရှိလျက် မင်းတရားကြီး၏ ဆရာ သင်္ဃာ ဆရာတော်ဘုရားကြီးသည် ခရီးဒေသစာ စကြာစခန်း ဖြန့်မြန်းလှည့်လည် ကြွချီတော်မူရာ ဖေယျာဝမုနတိုင်း ကေတုမတီမည်သော တောင်ငူမြို့သို့ ရောက်တော်မူသောအခါ များစွာသော မြို့သူမြို့သား လူအများတို့ကို တရားရွှေခွန်း ပြည့်ဆွန်းကြည်အေး နည်းကောင်းပေး၍ တိုက်ကျွေးဟောကြားတော်မူစဉ် အကြားအမြင် ဗဟုသုတနှင့် အသင့်အတင့် ပြည့်စုံသူ ဒါယကာတစ်ဦးက ဤသို့ လျှောက်ထားသည်မှာ...။

"အရှင်ဘုရား... ယခု မနုဿတ္တဒုလ္လဘဟု ဆိုအပ်သော လူ့ဘဝကို ရကြကုန်သော ပုဂ္ဂိုလ်တို့သည် "အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန သခ်ါရေန ဇနိယမာန်" ဟူသော အဘိဓမ္မတ္ထသင်္ဂဟ ပါဠိအရ၊ အဝိဇ္ဇာတည်းဟူသော မောဟနှင့် အနုသယခြံရံသည်ဟု ဆိုသောကြောင့် အကုသိုလ်ကြောင့် လူဖြစ်သည်ဟု အချို့က ပြောပါသည်။ အချို့သော ဆရာတို့ကလည်း... "အဝိဇ္ဇာပစ္စယာ သခ်ါရာ, သခ်ါရပစ္စယာ ဝိညာဏံ"ဟူသော ပဋိစ္စသမုပ္ပါဒ ဝိဘင်း ပါဠိတော်အရ၊ မောဟတည်းဟူသော အဝိဇ္ဇာသည် ပိတ်ကာ ယှက်မြွေးသဖြင့် တေဘုမ္မကဟု ဆိုအပ်သော လူဘဝ, နတ်ဘဝကို တောင့်တရလို၍ ကုသိုလ်ဟုဆိုအပ်သော ပုညာဘိသခ်ါရတရားကို အားထုတ်၍ မနုဿတ္တ လူ့ဘဝကို ရသည်ဖြစ်သောကြောင့် စင်စစ် ကုသိုလ်, အကုသိုလ်နှစ်ပါးကြောင့် ထင်ရှားစွာ လူဖြစ်သည်ဟု အချို့က ပြောဆိုကြပါသည်။

ဤကဲ့သို့ နာနာဝါဒ, နာနာအဇ္ဈာသယ–ရှိကုန်ကြပါသောကြောင့် ဒွိဟပသက်ကင်းရှင်းကြရန် နာခံမှတ်သားပါရအောင် ထုတ်ဆောင်ဟောကြား သနားမိန့်ကျူးတော်မူပါဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ လူ၏အဖြစ်ကိုရသည်မှာ သာမညမဟုတ်၊ မနုဿတ္တဒုလ္လဘဖြစ်၍ ကြုံကြိုက်နိုင်ခဲဖြစ်ချေသည်။ ယခု ဒါယကာလျှောက်ထားသော အကုသိုလ်သက်သက်ကြောင့် လူဖြစ်သည်ဟူသော စကား၊ ကုသိုလ်–အကုသိုလ် နှစ်ပါးဖက်၍ လူဖြစ်သည်ဟူသော စကားများကို ထောက်ထား ဆင်ခြင်သော်... "ကုသလာဓမ္မာ, အကုသလာ ဓမ္မာ" ဟူသော ဓမ္မသင်္ဂဏီ မာတိကာပါဠိတော်မှာ–ကုသလာ အနဝဇ္ဇသုခဝိပါက

www.burmeseclassic.com

www.burmeseclassic.com



လက္ခဏာ၊ အပြစ်မရှိ ကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာ ရှိကုန်သော။ ဓမ္မာ–နိဿတ္တနိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ အကုသလာ–သာဝဇ္ဇ ဒုက္ခဝိပါက လက္ခဏာ၊ အပြစ်နှင့်တကွ မကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာရှိကုန်သော၊ ဓမ္မာနိဿတ္တနိဇ္ဇီဝ သဘာဝါ၊ သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

## မိမိသဘာဝမှ ဖောက်ပြန်ခြင်းမရှိ

ကုသိုလ်တရားတို့မည်သည် အပြစ်မရှိ ကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာရှိ၏။ ပရမတ္ထတို့မည်သည်လည်း ရံခါကောင်းသောအကျိုးကို ပေး၍ ရံခါ မကောင်းသောအကျိုးကို ပေးသည်ဟူ၍ မရှိ။ မိမိသဘာဝမှ မဖောက်ပြန်ကောင်း။ အကုသိုလ်တရားတို့မည်သည် အပြစ်နှင့်တကွ မကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာရှိ၏။ ထိုအကုသိုလ် ပရမတ္ထသဘာဝမည်သည်လည်း ရံခါ မကောင်းသော အကျိုးကိုပေး၍ ရံခါ ကောင်းသောအကျိုးကို ပေးသည်ဟူ၍မရှိ၊ မိမိသဘာဝမှ မဖောက်မပြန်ကောင်း။

## ကုသိုလ်ကြောင့်သာ လူဖြစ်

အကြောင်းကို ထောက်ဆမူ... "တွော့ကုသလ ဥဒ္ဒစ္စရဟိတံ အပါယဘူမိယံ ပဋိသန္ဓိံ ဇနေတိ" တွေ၊ ဤ တစ်ဆယ့်နှစ်ပါးသော အကုသိုလ်စိတ်တို့တွင်။ ဥဒ္ဒစ္စရဟိတံ၊ ဥဒ္ဒစ္စစေတနာသည် ကြဉ်အပ်သော၊ အကုသလံ၊ တစ်ဆယ့်တစ်ပါး သော အကုသိုလ် စေတနာသည်။ အပါယဘူမိယံ၊ အပါယ်ဘုံ၌။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဇနေတိ၊ ဖြစ်စေ၏။ ဤသို့ လာရှိသည်ဖြစ်သောကြောင့် အကုသိုလ်ဖြစ်က အပါယ်ဘုံ၌သာ ပဋိသန္ဓေကို ဖြစ်စေတတ်သည်။ ကာမသုဂတိဘုံ၌ ပဋိသန္ဓေကို မဖြစ်စေတတ်။ ထို့ကြောင့် အကုသိုလ်သက်သက်ကြောင့် လူဖြစ်သည်ဟု ဆိုသောစကား ကုသိုလ်, အကုသိုလ် နှစ်ပါးဖက်၍ လူဖြစ်သည်ဟူသော စကား များကို မမှတ်သားအပ်, မမှတ်သားထိုက်၊ ကုသလာ ဓမ္မာ–ဟူသော ပုဒ်အရ ကုသိုလ်ကြောင့် လူဖြစ်သည်ဟူ၍သာ မှတ်သင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝက်ရူးသမား ဆေးစားများသလို

ဒါယကာမှာ ရှေးဦးစွာ အကုသိုလ်ကြောင့် လူဖြစ်သည်ဟူသော ဝါဒကို ယူမိမှတ်မိ၍ မှားနေသည်ကို တစ်ဖန်ထပ်၍ ကုသိုလ်, အကုသိုလ် နှစ်ပါးကြောင့် လူဖြစ်သည်ဟူသော အယူမှားကို ယူမိပြန်သောကြောင့် "ဝက်ရူးသမား ဆေးစားများသကဲ့သို့ ဖြစ်ချေသည်"ဟု မိန့်တော်မူ၏။ ထိုအခါ အပါး၌ရှိသော ဒါယကာတို့က ဥပမာမိန့်ကြားသော ဝက်ရူးသမားဖြစ်သမျှကို စနစ်တကျ မိန့်တော်မူပါဘုရားဟု လျှောက်ထားလျှင် ဒါယကာတို့... လူတစ်ဦး၌ ဝက်ရူးရောဂါ စွဲကပ်၍ နေရာ တစ်လတစ်လမှာ လေးကြိမ် ငါးကြိမ် ပေါ်သတတ်။ ထိုဝက်ရူးသမားသည် ဆေးဆရာများထံသွား၍ ဆေးစားရန် တောင်းသဖြင့် အကြောင်းအကျိုးကို မထောက်နိုင်ဘဲ ပဒိုင်းပွင့် ပါသောဆေးကို ပေးတိုက်လိုက်၍ တစ်လ၌ ဆယ်ကြိမ်, ဆယ့်ငါးကြိမ် ရောဂါဆိုးသည် တိုး၍ပေါ်လာပြန်သတဲ့။

## ဝတ်ဆန်မပယ်လို့

ထိုနောက် ဝက်ရူးသမားသည် ဆရာတစ်ပါးထံသို့ ပြောင်း၍ အကြောင်းအကျိုးကို ပြောပြလျက် ကုသပါရန် ပြောသောအခါ ဒုတိယဆေးဆရာကလည်း ပဒိုင်းပွင့်ပါသော ဆေးကိုပင် ပေးပြန်ရာ လူနာ ဝက်ရူးသမားက ပထမစားသော ဆေး၌ ပဒိုင်းပွင့်ပါသည့်အတွက် တိုးတက်၍လာပါသည်။ ခုတစ်ဖန် ဤဆေးကို မသောက်မစားရပါမည့်အကြောင်းနှင့် တောင်းပန်ပြောဆိုသောအခါ ဆေးဆရာက သင် ရှေးဦးပထမ စားသော ဆေးမှာ ပဒိုင်းပွင့်ပါသော်လည်း ဝက်ဆန်ညှာမပယ်သောကြောင့် အကယ်စင်စစ် မပျောက်နိုင်ဖြစ်လေရသည်။ ယခုပေးသော ဤဆေးမှာ ပဒိုင်းပွင့် ပါသော်လည်း ဝတ်ဆန်ကို ပယ်ပြီးဖြစ်၍ စင်စစ် ဝက်ရူးပျောက်လတ္တံ့ဟု ဆိုသဖြင့် ထိုဆေးကို သောက်မိပြန်က တစ်လတွင် အရက် (၃၀) ရူးရသတဲ့ ဒကာရဲ့။ ထိုအတူ ယခု လျှောက်ထားသော ဒါယကာမှာလည်း အခါခါ ဆေးများသကဲ့သို့ ဘေးစကားတွေကို ယူမိရာလေသည့်ဟု အမိန့်ရှိတော်မူသော အခါများစွာ ရယ်မော၍ သဘောကျလေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၅၂–"အထက်အညာမြို့၌ တောတို့လင်မယားကွာသလို" ဟူသော ဥပမာဖြင့် လျှောက်ထားသူ မောင်ဘအား ဆောင်ပြတော်မူသောအကြောင်း

အဂ္ဂမဟာလင်္ကာရ စသည်အကွရာ ဂုဏ်ထူးဖြာသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် ၁၂၄၀ ခုနှစ်၊ ပုသိမ်မြို့ အသည်ကြီးရပ် ဇေတဝန်ကျောင်း၊ တလိုင်းချောင်းရပ် ပုပ္ဖာရုံကျောင်းတို့၌ အလှည့်အလည် မျှညီရွှင်ပြုံး သီတင်းသုံးတော်မူသောအခါ ကွမ်းခြံကုန်းရှာနေ ဒါယကာမောင်ဘက သက္ကစ္စတရားဖြင့် ဤသို့ လျှောက်ထားသည်။

"အရှင်ဘုရား ယခုကာလ ဒသသီလ အဋ္ဌင်္ဂနှင့် ပဉ္စသီလများကို လူအားလုံးတို့ ကျင့်သုံးဆောက်တည်ကြပါသည်။ ရဟန်းတော်များကလည်း အာဇီဝဋ္ဌမက သီလကို မ,စပေးသနားတော်မူခြင်း မရှိကြပါ။ အကြောင်းကိုရှာသော် အာဇီဝဋ္ဌမက သီလကို ဆောက်တည်ကျင့်သုံးလျှင် အလုံးစုံသော သီလတို့သည် အန္တောဂဓ ပါဝင်ကြပြီး ဖြစ်ပါသည်။ ဤမျှသာ မဟုတ်သေး၊ အာဇီဝဋ္ဌမကသီလမှာ ညစာကိုလည်း စားရသဖြင့် အားလုံးတို့ ကျင့်သုံးနိုင်သော သီလဖြစ်ပါသည်။ ရဟန်းတော် အရှင်များကလည်း ဆယ်ပါးသီလ, ရှစ်ပါးသီလ, ငါးပါးသီလ ပေးကြကုန်သည်မှာ ဒါယကာအားလုံးတို့က ငှက်ပျော, အုန်း–လှူကြသဖြင့် ယူရအောင် သဘောထား၍ ပေးသနားကြခြင်းဖြစ်မည် ထင်ပါသည်ဘုရား"

### လူကလောကီ စောင့်တာက လောကုတ္တရာ

ထိုအခါ ဆရာတော်ဘုရားကြီးက မောင်ဘ၊ သီလကို ခံယူဆောက်တည်သောအခါ အဘယ်သီလကို ခံယူဆောက်တည် စောင့်သုံးသနည်းဟု မေးတော်မူလျှင် အရှင်ဘုရား၊ တပည့်တော်မှာ လောကုတ္တရာဖြစ်သော အာဇီဝဋ္ဌမက သီလကိုသာ ဆောက်တည် ကျင့်သုံးပါသည်ဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မောင်ဘ မင်းသည် လောကီပုဂ္ဂိုလ်လော, လောကုတ္တရာပုဂ္ဂိုလ်လောဟု မေးတော်မူပြန်ရာ မောင်ဘက တပည့်တော်သည် လောကီပုဂ္ဂိုလ်ပါဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက ကြားကြ၏လောဒကာတို့… ပုဂ္ဂိုလ်ကတော့ လောကီပုဂ္ဂိုလ်၊ ဆောက်တည်လိုသော သီလကတော့ လောကုတ္တရာသီလတဲ့

www.burmeseclassic.com

www.burmeseclassic.com



"လူနေချုံထဲက ဝန်စိတ်ကိုစွဲသည်"ဆိုသော စကားကဲ့သို့ အများတို့ ရယ်ဖွယ်ရာဖြစ်သည်။ ရှိပါစေဦး ဒကာမောင်ဘ၊ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလတို့ကို စောင့်ထိန်းက နိဗ္ဗာန်ကိုမရဟု မုချဆိုလိုသလောဟု မေးတော်မူပြန်လျှင် အရှင်ဘုရား ဤကဲ့သို့ကား မဆိုလိုပါ။ အာဇီဝဋ္ဌမက သီလမှာ မြန်စွာရောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရလွယ်သောတရားဟု ကြားနာမှတ်သားရဖူးပါသည်ဘုရားဟု လျှောက်ထားလေ၏။

## မိဘတို့လည်း ငါးပါး စသည်ကိုသာစောင့်

ထိုအခါ ဆရာတော်ဘုရားက မောင်ဘ၊ မင်းကလည်း လောကုတ္တရာ ပုဂ္ဂိုလ်မဟုတ်၊ အားလုံး ဒါယကာ, ဒါယိကာမတို့ကလည်း လောကုတ္တရာပုဂ္ဂိုလ် မဟုတ်၊ အတူတူချည်းပင် ဖြစ်ပါလျက် ဘယ်အတွက်ကြောင့် သူတစ်ပါးထက် ကျူးလွန်၍ ထူးချွန်ချင်သေးသနည်း။ မောင်ဘ၏ ဘိုးဘွားမိဘတို့သည် ဘယ်သီလကို စောင့်ကြသနည်းဟု မေးတော်မူပြန်၏။ ထိုအခါ မောင်ဘက အရှင်ဘုရား ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလများကို စောင့်ကြပါသည်ဟု လျှောက်ထားသောအခါ ဆရာတော်ဘုရားက မောင်ဘ ရှေးရှေးသော ဘိုး, ဘေး, မိဘလက်ထက် အဆက်ဆက်တို့က စောင့်လာခဲ့သော သီလကို ယခုမှ မကောင်းပြောဆိုသည်မှာ 'အညာမြို့က တောတို့ လင်မယားကွာသကဲ့သို့ ရှိချေသည်"ဟု မိန့်တော်မူ၏။

ထိုအခါ ဒါယကာများက အရှင်ဘုရား အညာမြို့က တောတို့လင်မယား၊ ကွာဟန်ကို ပြန်လှန်မိန့်ကြားတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားသဖြင့် ဆရာတော်ဘုရားက အမိန့်ရှိသည်မှာ...

## ဆရာတော်ရှင်းပြပုံ

ငါတို့ အထက်အညာ ရွာတစ်ရွာတွင် တောဆိုသော သူတစ်ယောက်သည် နောက် အငယ်အနှောင်းထားလို၍ မယားကြီးဖြစ်သူ မိရွှေမအား ပြောကြားသည်မှာ ရှင်မ ငါတို့မှာ ဇာတာစန်းလက် တွက်ချက်မေးမြန်း ကြည့်ရှုရာ ကွာရှင်းရန် အချက် မြင်သည်ဟု ဗေဒင်က ထွက်ဆိုချေသည်။ ဂြိုဟ်ပြေန်ပြေ ခေတ္တခဏ ကွာပြတ်မှ သင့်လျော်မည်ဟု လိမ်လည်ပြောကြားလျှင် မယားဖြစ်သူ မိရွှေမက မူလကြံရင်း တော၏ နှလုံးသွင်းကိုသိ၍ တော၏စကားကို ပယ်ရှားငြင်းဆန်၍ ကွာရှင်းရန်အရေးကို ခွင့်မပေးဘဲ နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တော၏ နှလုံးသွင်းမှာ မကွာရှင်း မပြတ်စဲသမျှ ငါမနေ ရှေ့နေ ရှေ့ရပ် တတ်သိလိမ္မာသောသူနှင့် ပူးပေါင်း၍ အကြောင်းအားလျော်စွာ ကင်းကွာ ပြတ်စဲရမှ စိတ်ထဲ၌ ကျေမည်ဟု ကြံစည်အောက်မေ့ပြီးလျှင် ရှေ့နေရှေ့ရပ် တတ်သိ လိမ္မာသူကို လိုက်လံရှာဖွေရာ အခွင့်အားလျော်စွာ ပဲခူးမြို့သား ရှေ့နေမောင်မိုးနှင့် တွေ့ကြုံ၍ အလုံးစုံသောစကားကို ပြောကြားတိုင်ပင်သောအခါ ရှေ့နေမောင်မိုးက မစိုးရိမ်နှင့် မောင်တာ၊ ကွာဖို့ရာအချက်မှာ ငါ့အတွက်ရှိစေဟု အထွေထွေပြော စကားနှင့် များစွာဝမ်းမြောက်ခြင်း ဖြစ်လေ၏။

## တရားရှုံးလျှင် ကျွန်ခံမည်

ထိုအခါ မယားဖြစ်သူ မိရွှေမက ကွာရမည့်အရေးကို တွေးတောပူပန်လှသည့် အတွက် တစ်ဖက်ရှေ့နေကဲ့သို့ပင် မြော်မြင်တတ်သိသော ရှေ့နေကို ရှာဖွေမှ သင့်မည်ဟု ကြံစည်စုံစမ်း၍ ထောက်လှမ်းရှာဖွေသော် ပုံဂံသား မောင်မှန်နှင့် အရံသင့် တွေ့ကြုံ၍ အလုံးစုံစကား ပြန်ကြားပြောဆိုသောအခါ ရှေ့နေမောင်မှန်က တရာခံမရွှေမ ဘာကိုမျှမပူပန်လင့်၊ မှန်ကန်သော တရားကိုမှ မှောက်မှားပျက်ပြုန်း မရွှေမ ရှုံးခဲ့လျှင် တစ်သက်လုံး ကျွန်ခံမည်ဟု ထုတ်ပြန်ပြောဆိုလေ၏။

တရာ လို, တရားခံ နှစ်တန်နှစ်လီ အမှုသည်တို့ စုံညီမယွင်း ရုံးမင်း၏ အထံသို့ အမြန်သွားရောက်ကြပြီးလျှင် တရားလို၏ ရှေ့နေ မောင်မိုးက ရှိခိုး လျှောက်ထား၍ ဆင်ခြေစကား ပြောဆိုသည်မှာ "အသားမဲတူ၊ ဘောမဖြူ အိမ်သူပြုသင့်–မပြုသင့်"ကို ထောက်ချင့်စဉ်းစား၍ တရားသဖြင့် ဆုံးဖြတ်တော်မူ ပါဘုရားဟု လျှောက်ထားတင်သွင်းလေ၏။

ထိုအခါ ရုံးမင်း ပြောဆိုသည်မှာ တရားလိုတော လျှောက်လွှာကို ကြားနာ မှတ်သိရပေပြီ။ တရားခံ မိရွှေမအတွက် တစ်ဖက်ရှေ့နေက ထုချေလျှောက်လဲ ရမည်ဟု အမိန့်ရှိလျှင် ရှေ့နေမောင်မှန်က ထုချေသံ သွင်းသည်မှာ "ခုမှ မမဲ၊ ရှေ့ကမဲ၊ ပြတ်စဲကွာထိုက်–မကွာထိုက်"ဟု လိုက်၍ ထုချေသည်။

ထိုအခါ ရုံးမင်းက ပြောဆိုသည်မှာ နှစ်ဦးနှစ်ဖက်သော ရှေ့နေတို့သည် ဆင်ခြေ လျှောက်လဲသောအရာ၌ သူမသာ, ငါမနိုင် ဖြစ်သည်အတွက် မည်သည့်ဘက်ကိုမှ ရှုံးစေဟူ၍ မစီရင်သာအောင် ရှိချေသည်။ ကြံစည်လောက်လုံ မိမိဂုဏ်ကို မိမိ "ဟေး"ကြ၊ အရေးသာသူဘက်သို့ စီရင်ချက် အနိုင်ပေးမည်ဟု ပြောဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တောဓါရေ့နေ မောင်မိုးက ဂုဏ်ကိုး၍ ဟောသည်မှာ "လူတွင် ငမိုး၊ မြို့တွင်ပဲခိုး၊ ဘုရားတွင် ကျိုက်ထီးရိုး"ဟု ဂုဏ်ကိုး၍ ဟောလေ၏။ ထိုအခါ မောင်မှန်က ပြောဆိုပြန်သည်မှာ "လူတွင်ငမှန်၊ မြို့တွင်လည်း ပုဂံ၊ ဘုရားကောက္ကသန်"ဟု ထပ်မံချေဆိုသောအခါ မောင်မှန် ပြောဆိုကိုးကားသော အရာသည် သက်တော်ထင်ရှား မြတ်စွာဘုရားကို ကိုးကားပြောဆိုသည့်အတွက် နှစ်သက် ဝမ်းမြောက်ထိုက်ပါပေသည်။ ထို့ကြောင့် တရားလို တောသို့ တစ်ခါတည်း အရှုံးပေးရဖူးသတဲ့ မောင်ဘရဲ့။ တရားလို တော တစ်ခါတည်း တရားရှုံးသဖြင့် တစ်သက်ပတ်လုံး ရွှေမနှင့် အနေကျပေါင်းသင်းရသော ဥပမာကဲ့သို့ ငါးပါးသီလ, ရှစ်ပါးသီလ, ရှေးကပဲ အနေကျနေတာကို ရွှေမအား သည်လောက် မမှန်းပါနှင့် တစ်သက်လုံး ချစ်စမ်းပါ မောင်ဘရဲ့ဟု အမိန့်ရှိလျှင် တရားနာကြသည့် လူအားလုံးတို့သည် တအုံးအုံး ရယ်မောကြကုန်၏။

## မြေးအဘွားတို့ မျှစ်သုပ်ပြိုင်သလို

ထိုအခါ မောင်ဘက ထပ်မံ၍ လျှောက်ပြန်သည်မှာ မှန်ပါ တပည့်တော်မှာ ကောင်းသည်ထက် ကောင်းလိမ့်မည် သဘောထား၍ လျှောက်ထားပါသည်ဘုရားဟု လျှောက်ပြန်ရာ ကြည့်စမ်းပါဦး မောင်ဘနှယ်–မင့်စကားကလလဲ "မြေးအဘွား နှစ်ယောက် မျှစ်သုပ်ပြိုင်သလို" ဖြစ်နေပြန်ပါပြီ။ မင်းက ထပ်ကော်ပြန်တော့ ဆရာတော်ကလည်း ထပ်ရပြန်တာပကွယ်။ ငါတို့ အထက်အညာပြည်တွင် ရောဝတီ မြစ်ကမ်းယံဖြစ်သော မြင်းခြံမြို့မှာ ဆယ့်ရှစ်နှစ် ဆယ့်ကိုးနှစ် သူငယ်မလေးတစ်ယောက်သည် စားသောက်ရန် ထမင်းဟင်းချက်ပြုတ်လျက် မျှစ်သုပ်ကိုစီမံ၍ ထားသဖြင့် အနီးအပါးအိမ်က အမယ်ကြီးကို ပြောသည်မှာ "အဘွားရယ်၊ ယနေ့ ကျွန်မတို့မှာ ကောင်းမွန်စွာ မျှစ်သုပ်နှင့် ချက်ပြုတ်၍ ထားသောကြောင့် ထမင်း စားလာပါဦး"ဟု အထူးစားစေလို၍ ခေါ်သည်။

အဒေါ်အို အဘွားကလည်း စကားပြန်၍ပြောသည်မှာ "ရှိပါစေတော့ ငါ့မြေး အမေကြီးမှာလည်း ယနေ့ မျှစ်သုပ်၍ ထုံးတော့မည်မဟုတ်ပါ"ဟုဆိုလျှင် ယခင် သူငယ်မက အဘွားမျှစ်သုပ်နှင့် ကျွန်မ၏ မျှစ်သုပ်သည် ပြုလုပ်စီမံပုံချင်း မတူပါ။ ကျွန်မမှာ ဆီချက်ဆမ်း၍ နှမ်းလှော်နှင့် ပုစွန်ခြောက် ထက်ဝက်လောက် ရောနှော၍ သဘောကျသုပ်သဖြင့် ကျွန်ုပ်က သာပါသည်ဟု ဆိုရာ "အိုအေ... အမေကြီး မျှစ်သုပ်လည်း သာမည်မဟုတ်ပါဘူး၊ မြစ်လယ်ရေနှင့် အဆုံးသပ်မှာ သုံးထင်

www.burmeseclassic.com



တိုင်တိုင် ဆေးထားပါသည်"ဟု ပြောသတဲ့ မောင်ဘရဲ့။ ယခုလည်း ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလပေမယ့် သာမညမမှတ်နှင့် သုံးထပ်တိုင်တိုင် ဆေးထားပါသည်ဟု အမိန့်တော်ရှိပြန်ရာ ဒါယကာ, ဒါယိကာမ အများတို့သည် တဟားဟား ရယ်မောရ၍ တသောသော ရှိကြပြန်သတည်း။

---

## ၅၃–"အင်္ဂလိပ်စစ်ဗိုလ် အော်လကောက်ဆရာကြီး"က သာသနာတော် အားနည်းသည့်အကြောင်းနှင့် စပ်လျဉ်း၍ လျှောက်ထားခြင်း

သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် ၁၂၄၆ ခုနှစ်၊ ရန်ကုန်မြို့ ကျောင်းတော်ရာသိမ်၏ အရှေ့မြောက်အနီး ဇရပ်တွင် ခိုဝင်ခေတ္တ တရားဓမ္မ ဟောကြားသီတင်းသုံးတော်မူသည့်အခါ အမိန့်တော်ရ ဦးပုတ်နီက ဤသို့ လာရောက်လျှောက်ထားလေသည်။

"အရှင်ဘုရား အော်လကောက် ဆရာကြီးသည် အင်္ဂလိပ်လူမျိုးဖြစ်လျက် ဗုဒ္ဓဘာသာကို နှစ်သက်သည်နှင့် လခများစွာရသော စစ်ဗိုလ်ကြီးအရာမှ နုတ်ထွက်ပြီးလျှင် ဗုဒ္ဓဘာသာ တရားများကို အားထုတ်ကြိုးပမ်း၍ သီဟိုဠ်ကျွန်း၌ လေးနှစ်ခန့် နေထိုင်ပြီးနောက် ယခု ရန်ကုန်မြို့သို့ ရောက်လာလျက် မိမိလေ့လာအားထုတ်သော ဗုဒ္ဓဘာသာ တရားစကားများကို ရွှေတိဂုံဘုရား ကုန်းတော်ပေါ်၌ သင့်လျော်သော နေ့ရက်တွင် ချိန်းချက်ဖိတ်ကြား၍ လူအများတို့အား ဟောကြားမည်ရှိရာ၊ ဘယ်အခါ ဘယ်နေ့ရက်၌ သင့်လျော်မည်ဟူသော ဆရာတော်ဘုရား၏ စကားအမြွက်ကို မှတ်ချက်နာခံလိုပါသည်ဘုရား"

### ဆရာတော်၏အမိန့်

ထိုအခါ ဆရာတော်ဘုရားက အမိန့်တော်ရ၊ ဆရာတော် အထူးနေ့ရက်ရွေး၍ ပေးနေဖို့မဟုတ်ပြီ။ သင့်လျော်သည့်နေ့ရက်တွင် ဟောပြောရုံသာဟု အမိန့်တော်ရှိလိုက်ပြီးနောက် အော်လကောက် ဆရာကြီးသည် ဆရာတော်ဘုရားထံ လာရောက်၍ သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ်တရားများကို လျှောက်ထားဆွေးနွေးပြီးသောအခါ လျှောက်သည်မှာကား အရှင်ဘုရား–ယခုအခါ ရန်ကုန်စသော အမြို့မြို့အရွာရွာသော ကျောင်းတို့၌ ဗုဒ္ဓဘာသာ သာသနာတော်ထမ်း ရဟန်းတော် ပုဂ္ဂိုလ်များသည်

www.burmeseclassic.com

www.burmeseclassic.com



မိမိထံ အပ်နံ့ရောက်လာ နေထိုင်ကြကုန်သော တပည့်များအား ဗုဒ္ဓဘာသာတရားကို မသင်မကြား အင်္ဂလိပ်မင်း၏ လခရိက္ခာစား၍ သချ်ာမြေတိုင်းစသော လောကဓာတ်ပညာ ဘာသာတစ်ပါးကိုသာ အားထုတ်သင်ကြား နေထိုင်ကြသည့်အတွက် ဘုန်းတော်ကြီးတစ်ပါးကျောင်းသို့သွား၍ သူငယ်ကျောင်းသားများကို ခေါ်ပြီးလျှင် သင်တို့ ကိုးကွယ်သော ဂေါတမဘုရားသခင်၏ မယ်တော်, ခမည်းတော်များကားအသို့ ခေါ်သနည်းဟု မေးမြန်းစုံစမ်းရာ ကောင်းစွာ မပြောမဆိုတတ် ရှိပါသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာ ရဟန်းတော်များ ဖြစ်ပေလျက် တပည့်များကို မသင်မကြားသောအရာ များစွာရှိပါသည်။ ဆရာတော်ဘုရားသည် မန္တလေး ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး၏ဆရာ သာသနာပြုဆရာတော်ကြီးတစ်ပါး ဖြစ်သည်နှင့်အညီ သာသနာတော်၏အကျိုးကို သယ်ပိုးရွက်ဆောင်ထိုက်သည့် အားလျော်စွာ ဆုံးမတော်မူသင့်ပါသည်ဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက ဆရာကြီးသည် ပဲခူးကွင်းသို့ ရောက်ဖူးပါ၏လောဟု မေးတော်မူလျှင် အရှင်ဘုရား... ရောက်ဖူးပါ၏ဟု လျှောက်ပြန်ရာ ဆရာတော်ဘုရားကြီးက ဆရာကြီး သင် ရောက်ဖူးသော ကွင်း၌ လယ်သမားတစ်ယောက်သည် မိမိ လုပ်ကိုင်ကြဲပက်ထားသော ပျိုးခင်းအတွင်းသို့ ကန်သင်းမှပေါက်ကျိုး၍ ရေလွှမ်းမိုးမည်ကို ကြောက်သည်နှင့် တစ်ပေါက်နှစ်ပေါက် နိုင်လောက်သော အခါမှ များစွာအားထုတ် ကြိုးကုတ်မနား ဆီးတားပိတ်ပင်လျက်နေ၏။

နောက်များမကြာမီ မိုးကြီးသည်းထန် ပြင်းပြစွာ ရွာလာသည့်အတွက် အထက်က ချောင်း, မြောင်း, တမန် အတန်တန် ကျိုးပျက်လျက် လေးမျက်နှာ ရေဝိုင်းလာလျှင် စပါးပင်ကိုမျှ မမြင်အောင် ရေနင်းသဖြင့် လယ်ကန်သင်းကထိုင်လျက် မှိုင်၍သာနေရတော့သတဲ့ ဆရာကြီး။ ဤအတူ ရှေးရှေးအခါကာလက အနည်းငယ်မျှရှိသည်ကို သတိထားကြရန် အောက်နိုင်ငံ၌ အတန်တန် တရားခမ္မဖြင့် ဟောသောအခါ လိုက်နာကြသည်ပင် ဖြစ်သည်။ ယခုမူကား လောကီသချ်ာဘာသာတစ်ပါး သင်ကြားအားထုတ်ကြသော ကျောင်းတွေများ၍ လယ်သမားရေကိုမနိုင်၍ ကြမှိုင်တွေဝေကြည့်၍သာ နေရသကဲ့သို့ ဆရာတော်လည်း မတတ်နိုင်၊ အသာထိုင်၍ မှိုင်ရုံသာရှိတော့သည် ဆရာကြီးဟု ဤကဲ့သို့ အမိန့်ရှိသောအခါ အော်လကောက်ဆရာကြီးသည် ဟုတ်လည်း ဟုတ်ပါပေသည်ဘုရားဟု လျှောက်ထားဝန်ခံရဖူးလေသတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၅၄-"ဘုန်းကြီးပျံ ခေါင်းသွင်းနှင့် အကြောင်းချင်း တူလေသည်"ဟူသော ဥပမာဖြင့် ဒါယကာမင်းတရားကြီးအား မိန့်ကြားတော်မူခြင်း

အခါတစ်ပါး ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် အသီးသီးသော တံဆိပ်ရ ဆရာတော်တို့ကို ပင့်၍ သင့်တင့်မွန်မြတ်သော ဘောဇဉ်ဆွမ်းတို့ဖြင့် လှူဒါန်းဆက်ကပ်ပြီးသောအခါ တရားနာပြီးသည်၏အဆုံး၌ အားလုံးသော ဆရာတော်တို့အား လျှောက်ထားသည်မှာ။

အရှင်ဘုရားတို့-

ဗုဒ္ဓါနံ ပရိနိဗ္ဗာနတော ဝဿသဟဿမေဝ ပဋိသမ္ဘိဒါ နိဗ္ဗတ္တေတုံ သက္ကောန္တိ၊ တတော ပရံ ဆဠာဘိညာ၊ တာပိအသက္ကောန္တော တိဿော ဝိဇ္ဇာ နိဗ္ဗတ္တေန္တိ၊ ဂစ္ဆန္တေ ကာလေဧတေနေဝ နယေန အနာဂါမိနော၊ သကဒါဂါမိနော၊ သောတာပန္နာတိ။

ဟူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာ လာသည်နှင့်အညီ အရိယာ၏ခေတ် အားထုတ်က ဖြစ်သင့်သော အခွင့်အကြောင်း ရှိသည်အားလျော်စွာ အားထုတ်တော်မူကြပါ။ ဒကာတော်ကလည်း ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လေးပါးသော ပစ္စည်းများကို အားထုတ်၍ ထောက်ပံ့ လှူဒါန်းပါမည်။ အပွေါ်သုက္က-ကြောင့်ကြမဲ့ နေတော်မမူကြပါမည့်အကြောင်းနှင့် ခွင့်တောင်း လျှောက်ထားလျှင် ဆရာတော် အများသည် ပြန်ကြား မိန့်ရှိခြင်းကို မပြုမူ၍ ဆိတ်ဆိတ်နေတော်မူကြ၏။

### ရှေးနှင့်ယခု မတူ

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒကာတော် ဧကရာဇ်မင်းမြတ်၊ ယခု ဒကာတော် လျှောက်သောအကြောင်းသည် ကောင်းသော အရာဌာနပင် ဖြစ်ချေသည်။ သို့သော်လည်း ရှေးရှေးသော ပုဂ္ဂိုလ်များနှင့် ယခု ပုဂ္ဂိုလ်များတို့ မတူကြ။ ရှေးရှေးသော ပုဂ္ဂိုလ်များမှာ အိမ်တွင် သားမယားနှင့် နေပြီးမှ ကာမဂုဏ်ကို ငြီးငွေ့ကြသဖြင့် သံသရာဒုက္ခကိုမြင်၍ အလွန်ပင် ထိတ်လန့် ကြသည်နှင့် တောထွက်၍ ရသေ့ရဟန်းပြုရကား တောမထွက်မီကပင် မဂ်ဖိုလ်ကို ရလုဘနန်း ဖြစ်သောကြောင့် သောတာပန်, သကဒါဂါမိ, အနာဂါမိ, ရဟန္တာဟူ၍ ထိုက်သည်အားလျော်စွာ အသီးအသီး ဖြစ်ကြသည်။ ငါတို့မှာ ရဟန်းပြုပြီးသည် နောက်မှ ငြီးငွေ့သောကြောင့် "ရဟန်းဖြစ်သည်ကားရှေ့၊ ငြီးငွေ့သည်ကားနောက်"

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချေ၍ တစ်ဘဝတည်းနှင့် နိဗ္ဗာန်ကို မရသည်ဟု ဆရာတော်ထင်သည်။ ဘုရင်ကေရာဇ်မင်းမြတ် လျှောက်ထားသောစကားကို စဉ်းစားပြန်လျှင် နိဗ္ဗာန်ကျောင်းမချရသေးသော "ဘုန်းကြီးပျံခေါင်းသွင်းနှင့် အကြောင်းချင်းတူနေပြီ"ဟု မိန့်တော်မူ၏။

ထိုအခါ မင်းတရားကြီးက နိဗ္ဗာန်ကျောင်း မချရသေးသော ဘုန်းကြီးပျံနှင့်တူပုံကို အမိန့်ရှိတော်မူပါဟု လျှောက်ထားလျှင် သင်္ဃာဆရာတော်ဘုရားကြီးက ဒကာတော်မင်းကရာဇ်–ရှေးက ကျောင်းတစ်ကျောင်း၌ ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူရာ အလောင်းကို ခေါင်း၌သွင်းနှံ၍ ပြီးသည်တိုင် နိဗ္ဗာန်ကျောင်း ဆောက်လှူမည့် ဒါယကာတစ်ဦးတစ်ယောက်မျှ မရှိသည့်အတွက် နေ့ရက်ကြန့်ကြာ၍နေသတတ်။ ထိုအခါ ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝသော ဒါယကာတစ်ဦး ကျောင်းသို့လာရာ ဒါယကာအား ဆီး၍ ဘုန်းကြီးကပြောသည်မှာ... ဒါယကာ–ငါတို့၏ဆရာအလောင်းကို ခေါင်းသွင်း၍ပြီးသည်တိုင်အောင် နိဗ္ဗာန်ကျောင်း ဆောက်လုပ်လှူဒါန်းမည့်သူ တစ်စုံတစ်ယောက်မျှ ပေါ်ပေါက်ခြင်းမရှိ ဖြစ်ချေပြီ။ ထိုဆရာတော်၏ အလောင်းကို ရွှေ့ပြောင်း ပင့်ယူရန် နိဗ္ဗာန်ကျောင်းတစ်ဆောင်ကို တတ်နိုင်အောင် အားထုတ်၍ ဆောက်လုပ်လှူဒါန်းစေချင်ပါသည်ဟု အမိန့်ရှိလျှင် ယခင်ဒါယကာက ယခု ပျံလွန်တော်မူသော ဘုန်းတော်ကြီး၏ အသားသည် ဖြူဖြူလားညိုညိုလားဟု လျှောက်ထားမေးမြန်း၏။

## ဆောက်ချင်ဆောက်၊ မဆောက်ချင်နေ

ထိုအခါ ဘုန်းကြီးက ဟဲ့ဒကာ ဆောက်ချင်ဆောက် မဆောက်ချင်နေ ခုသေတဲ့အလောင်းကိုဖြင့် ခေါင်းထဲကထုတ်၍ မပြနိုင်ဘူးဟု ဆိုသတဲ့ ဒကာတော်ရဲ့။

ဤဥပမာကဲ့သို့ ယခုလည်းပဲ ငါတို့၏ အဖွဲ့တွင်သင်္ဂြိုဟ်၌ ကျင့်ကြံအားထုတ်အပ်သော သိက္ခာပုဒ်တို့ဖြင့် ဖော်ထုတ်၍ မပြနိုင်ဘူး။ ဒကာတော်က ကြည်ညိုကလှူဒါန်းလျှင်လည်း ပြည့်စုံဖို့၊ မကြည်ညို၍ မလှူဒါန်းလျှင်လည်း ထိုက်သည်အားလျော်စွာ နေဖို့သာ ရှိတော့သည်ဟု အမိန့်ရှိလျှင် ဘုရင်မင်းတရားကြီးသည်သည်းခံတော်မူပါဘုရား... အရှင်ဘုရားတို့၏ အဆိုကို သိလိုသောခြင်းရာကြောင့်ဒကာတော် လျှောက်ထားပါသည်။ အရှင်ဘုရားများ နက်ဖြန်နံနက် နန်းတော်သို့ဆက်လက်၍ ဆွမ်းဘုဉ်းပေး ကြွတော်မူပါဦးဘုရားဟု လျှောက်ထား ပင့်ဖိတ်ပြီးသော

www.burmeseclassic.com



အဆုံး၌ အားလုံးသော ဆရာတော်အပေါင်းတို့သည် ကျောင်းသို့ ပြန်ကြွတော်မူကြလေ၏။

---

## ၅၅–ရှေးဘုရားဟောင်းတို့ ရွှေ့ပြောင်း၍ တည်ကောင်းမည်၊ မတည်ကောင်းမည်ကို လျှောက်ထားရာ မိန့်ဆိုခြင်းအကြောင်း

ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် မန္တလေးရတနာပုံနေပြည်တော်ကြီးကို လက်မွန်အစ ပထမ တည်ထောင်ဖန်ဆင်းတော်မူရာ မြို့တော်၏အတွင်း ကျဉ်းကျပ်သော နေရာ၌ ရှေးအခါကာလက မြိုမတည်မီက ရှိနှင့်သော စေတီတော်တစ်ဆူသည် လူတို့ သွားလာကူးသန်းသော ပြလမ်းနှင့်နီးသဖြင့် အပြစ်ကြီးအံ့သော အကြောင်းကြောင့် ရွှေ့ပြောင်းတည်သင့် မတည်သင့်များကို လျှောက်ထားမေးမြန်း စုံစမ်းတိုင်ပင်လိုသည်ဖြစ်၍ ဥယျာဉ်မွှာဘိဝံသ သိရီပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော သာနာပိုင် ဆရာတော်ဘုရားကြီးနှင့်တကွ လေးပြင်လေးရပ် တံဆိပ်တော်ရ ဆရာတော်တို့ကို ပင့်၍ ရွှေနန်းတော်ကြီး၌ လျှောက်ထားသည်မှာ… အရှင်ဘုရားတို့ ဒကာတော်သည် ယခု မန္တလေးရတနာပုံ နေပြည်တော်ကြီးကို ဗျာဒိတ်သိုက်ဓာတ် အရပ်ရပ်တို့နှင့် သင့်မြတ် ညီညွတ်သည်အားလျော်စွာ တည်ထောင်ဖန်ဆင်းရာ ရှေးအခါက ရှိနှင့်သော စေတီတော်တစ်ဆူသည် လူသူအများ ယောကျ်ား၊ မိန်းမတို့ ကူးသန်းသော ပြလမ်းနှင့် နီးကပ်လျက် ကျဉ်းကျပ်သည့်အတွက် ဖျက်၍ တည်ကောင်း၊ မတည်ကောင်းကို သိလိုပါ၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစသော ကျမ်းဂန်တို့၌ လာရှိသည့်အတိုင်း ကုက္ကုစ္စ သံသယပသက် မရှိရအောင် နေရာတကျ အမိန့်ရှိတော်မူကြပါမည်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထား၏။

### အယူအမျိုးမျိုး

ထိုအခါ အချို့သော ဆရာတော်တို့ကလည်း "မနောပုဗ္ဗင်္ဂမာ ဓမ္မာ"လာသည် အရ အယောနိသော မနသိကာရမဖက် သက်သက် ကောင်းစေလိုသော စေတနာဖြင့် ရှေးကထက် သာလွန် ကောင်းမြတ်အောင် ပြုသော် တော်လျော် သင့်တင့်ဖွယ်ရှိကြောင်းနှင့် မင်း၏အလိုသို့ သက်ဝင်အောင် မတင်မကျ အမိန့်ရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အချို့ ဆရာတော်များကလည်း ဘုရားကို မဖျက်လင့် သက်သက်မျှ မအပ်ဟု အရပ်ရပ် ပါဠိအဋ္ဌကထာ လာရှိကြောင်းနှင့် အမိန့်ရှိကြ၏။

ထိုအခါ မင်းတရားကြီးလည်း သဘောထား ကုက္ကုစ္စ သံသယမအေး တွေးတော ဆင်ခြင်တော်မူနေဆဲအခါ အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာ ဓိရာဇဂုရု သာသနာပြု ဆရာတော်ဘုရားကြီးသည် နန်းတော်သို့ အရောက် နောက်ကျသဖြင့် ကြွလာ၍ ထိုင်တော်မူလျှင် ဘုရင်မင်းတရားကြီးက ထပ်၍ လျှောက်ထားပြန်သည်မှာ… အရှင်ဘုရား ယခု သာသနာပိုင် ဆရာတော်ဘုရား ကြီးနှင့်တကွ တံဆိပ်တော်ရ ဆရာတော်ဘုရားများကို နန်းတော်သို့ ပင့်သည်မှာ ကြောင်းရာ အခြားမဟုတ်ပါ။ ရှေးရှိရင်းဘုရားကို တစ်ပါးသောအရပ်သို့ ရွှေ့ ပြောင်း၍ တည်ကောင်း မတည်ကောင်း ခွင့်တောင်းလျှောက်ထားရာ အချို့သော ဆရာတော်ဘုရားများကလည်း စိတ်ထားကောင်းခြင်းဟု ဆိုအပ်သော ယောနိသောမနသိကာရ ရှိသဖြင့် ရှေးကထက် သာလွန်အောင် ပြုလုပ်သော် သင့်လျော်တန်ရာ၏ဟု အမိန့်ရှိကြပါသည်။ အချို့ ဆရာတော်များကလည်း ဘုရားကို မဖျက်နှင့် သက်သက်မျှ မပြုအပ်ကြောင်းကို ကျမ်းဂန်၌ အထင်အရှား လာရှိသည်ဟု အမိန့်တော်ရှိကြပါသည်။ သို့ဖြစ်၍ ဒကာတော်မှာ နှလုံးနှစ်ခွ သံသယမအေး ရှိနေပါသည်ဘုရားဟု လျှောက်ထား၏။

## ဖျက်ချင်ဖျက် အုတ်မပျက်စေနဲ့

ထိုအခါ သင်္ဃဇာဆရာတော်ဘုရားကြီးက ဒကာတော်မင်းမြတ် မဖျက်အပ်, မဖျက်သင့် ဆိုသည်မှာ အဘယ် ဆရာတော်များကနည်း၊ ဖျက်သာဖျက် ဒကာ တော် ကိစ္စမရှိဘူး၊ သို့ရာတွင် “ရှေးက အုတ်ကောင်းတော့ တစ်ချပ်မျှ မကျိုးမပဲ့ စေနှင့် ဒကာတော်”ဟု အမိန့်ရှိသောအခါ သာသနာပိုင် ဆရာတော်ဘုရားနှင့်တကွ ဆရာတော်အများ မင်းတရားကြီးစသော ပရိသတ်အားလုံးတို့သည် တအုံးအုံး ရယ်မောကြကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၅၆–သာသနာပိုင် ဆရာတော်ဘုရားနှင့် အပျော်စကား အမိန့်ရှိတော်မူကြခြင်း

အခါတစ်ပါး အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု သာသနာပြု သင်္ဂဇာဆရာတော်ဘုရားကြီးသည် မန္တလေးရတနာပုံ ရွှေမြို့တော်ကြီး အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော်ကြီး၌ သီတင်းသုံးတော်မူသော ဥဧယျဓမ္မာဘိဝံသ သိရိပဝရာလင်္ကာရ ဓမ္မသေသနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံရှိတော်မူသော သံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီးထံ လျှောက်ထားရန် ကိစ္စရှိသည်ဖြစ်၍ ကြွရောက်ခိုဝင်စားရာ သာသနာပိုင် ဆရာတော်ဘုရားကြီးက "ခမနီယံ ယာပနီယံ"စသော အာလာပ သလ္လာပ စကားများကို မိန့်ကြားတော်မူသော အဆုံး၌ ပြုံးလျက် ဤသို့ မိန့်တော်သည်။

### ပြည်ပန်းညိုနှင့်တူ

"အင်း... သင်္ဂဇာ သင်္ဂဇာနှင့် လောကဓမ္မ ရာဇတန္တီ ပဝေဏီကျမ်းအရပ်ရပ်တို့၌ နှံ့စပ်ကုန်စင် သိမြင်လိမ္မာသည်လည်း တစ်ရပ်, သာသနာ့ဒါယကာ မဟာဧကရာဇ်မင်းမြတ်က သဒ္ဓါကြည်ညို၍ မိုကိုအားထား မြှောက်စားခြင်းကို ခံရသည်လည်းတစ်ဝ, ထိုထိုအရာဌာနတို့၌ ကိစ္စကမ္မအလိုက် ထိုက်ရာထိုက်ရာ ဥပမာ ဥပမေယျ–သွတ်သွင်းလျက် စကားပြောဟောခြင်းအရာ၌ လိမ္မာသည်လည်း တစ်ဖြာ, သုဓမ္မာဇရပ်၌ ဆုံးဖြတ်စီရင်ရသော သုဓမ္မာဆရာတော် ရှစ်ပါးတွင် တစ်ပါးအဝင် ဖြစ်သည်လည်း တစ်ဂုဏ်–အလုံးစုံတို့၌ အကုန်မပါသည်မရှိ၊ ပါလေသည်ချည့် ဖြစ်သော ပုဂ္ဂိုလ်မို့ "ပြည်ပန်းညိုရွက်"နှင့် တူပေသည်။ ပြည်ပန်းညိုရွက်များလည်း ဟင်းချက်သောအရာ၌ သူပါလျှင် ဟင်းချို၍ ထိုထိုကိစ္စ အရာဌာနတို့၌ လူမြင်သမျှ သုံးပေသည်"ဟု မိန့်တော်မူ၏။

### မဲဇလီရွက်နှင့် တူသော ဆရာတော်

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားက လျှောက်ထားသည်မှာ မှန်ပါ အရှင်ဘုရား အမိန့်တော်ရှိသည်လည်း ဟုတ်ပါပေသည်။ သို့သော် တပည့်တော်ကို ပြည်ပန်းညိုရွက်နှင့် တူသည်ဆိုသော်လည်း ပြည်ပန်းညိုရွက်ကို အလှူကြီး အတန်ကြီး

www.burmeseclassic.com



ကိစ္စကြီးများ၌ အသုံးအစွဲ မပြုလုပ်ကြပါ။ အလျှအတန်း ခမ်းနားကြီးကျယ်သော ကိစ္စများ၌ အများတစ်နိုင်ငံလုံး မဲဇလီရွက်ကိုသာ သုံးကြပါသည်။ သို့အတွက် အရှင်ဘုရားမှာ "မဲဇလီရွက်"နှင့် တူပါသည်ဘုရားဟု လျှောက်ထား၏။

ထိုအခါ သာသနာပိုင်ဆရာတော်ကြီးက မဲဇလီရွက်နှင့် ဘယ်အတွက်ကြောင့် တူပြန်သနည်း၊ တူဟန်ကို ပြောစမ်းပါဟု အမိန့်တော်ရှိလျှင် အရှင်ဘုရားမှာ အားလုံးသော ကျေးလက်ခရိုင် နိုင်ငံတော်အရပ်ရပ်အတွင်း၌ မှီတင်းသီတင်းသုံး နေထိုင်ကြကုန်သော လေးပြင်လေးရပ် တံဆိပ်တော်ရ, မရ-ဆရာတော် သံဃာတော်နှင့်တကွ အရပ်ရပ် ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက် အစရှိကုန်သော ထေရ, နဝ, မဇ္ဈိမ ဖြစ်ကုန်သော ရဟန်းသံဃာတော် အပေါင်းတို့၏ ကိုးကွယ်အားထား မှီခိုရာ သံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီး ဖြစ်တော်မူသည် တစ်ဖြာ, သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ်၏ ဆရာတော်ကြီးဖြစ်၍ ဆန်းသစ် စဖြစ်သော လ-နေ ကဲ့သို့ အသရေရှိတော်မူသည်လည်း တစ်ရပ်, ပိဋကတ် ပါဠိ အဋ္ဌကထာ ဋီကာစသော ကျမ်းဂန်အထူးတို့၌ ကွန့်မြူးကျက်စား ထင်ရှားစူးရှ တော်မူနိုင်သော ဉာဏ်တော်၏ အရှင်ဖြစ်တော်မူသည်တစ်ကြောင်း-ဤကဲ့သို့ သူမတူသော ဘုန်းတော်, ကံတော်, ဉာဏ်တော်ရှင်ဖြစ်သဖြင့် စင်စစ်အားမူ အများ နှင့်ဆက်ဆံ၍ နိုင်ငံသုံးဖြစ်တော်မူရကား အားလုံးပြည်သူ ရှင်လူတို့အသုံးတွင်သော အလှူဝင်မဲဇလီရွက်နှင့် တူသည်ဟု လျှောက်ထားပါသည်။

## အချက်လိုလျှင် ခါးတတ်သည်

သို့သော်လည်း မဲဇလီရွက်သည် ချက်သူက ဂရုစိုက်လျက် မီးမြှိုက်ကောင်းမှ ချိုသည်၊ အချက်လိုလျှင် ခါးတတ်သည်ဟု လူအများတို့ ပြောသည်ကို သဘော၌ မှတ်သား၍ ကြားနာရဖူးပါသည်ဘုရားဟု လျှောက်ထားလျှင် သာသနာပိုင်ဆရာ တော်ဘုရားနှင့်တကွ အပါးတော်၌ ရှိတော်မူသော ဆရာတော် သံဃာတော်အများ တို့သည် ရယ်အားတက်တော်မူကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၅၇–သူတစ်ပါးနှင့် သဘောမကျ၍ ဒေါသထွက်တော့ "ငရဲကြီးမည့် အရေးကြောင့် အဆဲပြီးဆေးအလိုရှိသည်" ဟု မိန့်တော်မူသောအကြောင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ မဟာတိဂုမ္ဘစေတီတော်ကြီး၏အနီး ကြားတောရ ကျောင်းတိုက်ကြီးတွင် အသီးသီးအရပ်ရပ်မှ ခဲကပ်ကြသော ပြဿနာတို့ကို မေးလာက ဖြေဆိုတော်မူခြင်း, မြို့တွင်းမြို့ပြင် ထွက်ဝင်ဆည်းကပ်လာသူ ဟူဟူသမျှတို့အား တရားဥပဒေသ ညွှန်ပြဆုံးမတော်မူခြင်း၊ ယင်းသို့စသော သာသနာတော်၏ အကျိုး သတ္တဝါတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်လျက် ခေတ္တသီတင်းသုံးနေတော်မူရာ တန်ခူးလအခါ သင်္ကြန်အတွင်း၌ အသင်းအပင်းအများ ကာလသားတို့သည် ဆေးသမားတစ်ယောက်နှင့် ဝါးရုံပင်အောက်တွင် ထိုးမဝင်–ခုတ်မရ ပြီးစီးလိုသော ဆန္ဒနှင့် ဆေးထိုး၍ နေကြကုန်သတတ်။

### ဓားပြီးတုတ်ပြီးဆေး

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားသည် ကျောင်းပေါ်မှ ဆင်းသက်၍ ကုဋီဘက်သို့ ကြွတော်မူရာတွင် လူတစ်စုကိုမြင်၍ သင်တို့ ယခု လူတွေစုလှသည် အဘယ်သို့ ပြုကြသနည်းဟု မေးတော်မူလျှင် အပါးတွင်လည်း ဆရာနှင်နှင့် ထိုးသူရှိ၍ မှန်ပါ ကာလသားများ ဓားပြီးတုတ်ပြီး ကောင်းသည်ဟု ကျောင်းသို့လာ၍ ဆရာနှင်နှင့် ဆေးထိုးကြပါသည်ဘုရားဟု လျှောက်ထား၏။

### အဆဲပြီးဆေးသာလိုချင်

ထိုအခါ ဆရာတော်ဘုရားက ငါတို့ဖြင့် ဓားပြီး တုတ်ပြီးဆေးတော့ မလို၊ ဘယ်ပုဂ္ဂိုလ်မှလာ၍ ငါတို့ကို ရိုက်နှက်မည်မဟုတ်၊ နှုတ်ပါးစပ်က ဆဲသံများကိုတော့ နားရှိ၍ ကြားရသည့်အတွက် "ဒေါသထွက်တော့ ငရဲမကြီးအောင် အဆဲပြီးဆေး ကလေးပါလျှင် ထိုးစမ်းချင်၏" ဟု မိန့်တော်မူလျှင် ဆရာနှင်နှင့်တကွ အပါးတွင်ရှိကြသော ရဟန်းရှင်လူ အားလုံးတို့သည် ပြုံး၍နေကြရာ ဆရာတော်ဘုရားက မပြုံးကြနှင့်လေဆရာနှင်၊ မှန်တာကိုပြောသည် သဘောနှင့် စဉ်းစားကြ။ ပမာအားဖြင့် တုတ်ဓားနှင့် ရန်ကုန်က လှမ်း၍ မန္တလေး၌ နေသူကို ရိုက်ပုတ်ခုတ်သတ်က

www.burmeseclassic.com



ပြတ်မည် နာမည်လောဟု မေးတော်မူလျှင် ဆရာနှင်က မနာပါဘုရားဟု လျှောက်သောအခါ ကောင်းပြီ မန္တလေးကစာနှင့်ရေးပြီး လှမ်းဆဲလိုက်လျှင် ကြားမြင်ရသော် မနာပါလောဟု မေးတော်မူပြန်၏။ နာပါသည်ဘုရားဟု လျှောက်ထားပြန်ရာ သင်္ဃာဆရာတော်ဘုရားကြီးက အဲဒါကြောင့် ဆရာတော်က "ကြားရတော့ ငရဲမကြီးအောင်လို့ အဆဲပြီးဆေး ထိုးချင်သည်"ဟု အမိန့်ရှိသည် တပည့်တို့။

ဒေါသော အတ္ထံ န ဇာနာတိ ဒေါသော ဓမ္မံ န ပဿတိ။

ဒေါသော၊ ဒေါသသည်။ အတ္ထံ၊ အကျိုးရှိသည် မရှိသည်ကို။ န ဇာနာတိ၊ မသိတတ်။ ဒေါသော၊ ဒေါသသည်။ ဓမ္မံ၊ တရားဟုတ်သည်, မဟုတ်သည်ကို။ န ပဿတိ၊ မမြင်နိုင်။

ဤကဲ့သို့ မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့် သူတစ်ပါးတို့ ဆဲသံကို သည်းခံနိုင်သော ပုဂ္ဂိုလ်သည် အဟုတ်ဆိုက အလွန်တရာ ရှားသည်။ သို့သော် အမျက်ကြီးကျယ်လျှင် အနည်းငယ်ဖြစ်အောင် နည်းသည့်အမျက်ကို မထွက်ရအောင်, ကြံဆောင်ကွပ်နှိပ်၍ မိမိစိတ်ကို ထိန်းသိမ်း စောင့်ရှောက်ကြရမည်။

စိတ္တံ ရက္ခေယျ မေဓာဝီ။

မေဓာဝီ၊ လောကုတ်, လောကီ နှစ်လီတတ်သိ ပညာရှိသည်။ စိတ္တံ၊ မိမိစိတ်ကို။ ရက္ခေယျ၊ ရန်ကိုရန်ချင်း မတုံ့လျှင်းဘဲ နှိပ်နင်းစောင့်ရှောက်ရာ၏။

ဤကဲ့သို့ လာရှိသည်များကို ထောက်ထားဆင်ခြင်လျက် အမျက်ကို ရပ်သိမ်း၍ ပြေငြိမ်းကြကုန်ရာ၏ဟု ဆုံးမဩဝါဒ ပေးတော်မူသောအခါ များစွာ ဝမ်းမြောက်ကြလေကုန်သတည်း။

---

## ၅၈—"မကောင်းမှုအကျင့်လွဲလျှင် မျောက်သင်းကွဲနှင့် တူသည်"ဟု တရားနာသူတို့အား ဟောကြားတော်မူခြင်း

သာသနာပြု သုဓမ္မာဆရာတော် ရှစ်ပါးအဝင် သင်္ဃာဆရာတော်ဘုရားကြီးသည် မန္တလေး ရတနာပုံနေပြည်တော်မှ ထွက်ကြွစုန်ဆင်းတော်မူခဲ့ရာ ရန်ကုန်မြို့ မဟာတိဂုမ္ဘစေတီတော်ကြီး တောင်စောင်းတန်းအဆင်း ယိုးဒယားရေပ်ကြီးအတွင်း၌ ခေတ္တသီတင်းသုံးတော်မူရာ လာလာသမျှ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အား

www.burmeseclassic.com



ကျင့်ရာကျင့်ကြောင်း နည်းကောင်း ဥပဒေသ ဩဝါဒ အနုသာသနကထာဖြင့် ဥပမာ ထုတ်ဆောင်လျက် နားလည်အောင် သဘောထား၍ ဟောကြားတော်မူသည်မှာ...

တရားနှာ ပရိသတ်အများ တပည့်သားတို့... တောကြား ချုံကြီး တိရစ္ဆာန် မျောက်မျိုးတို့၏ အလေ့ဘာသာ ဓမ္မတာသဘောအားဖြင့် ဤသစ်ပင်များမှ ထိုသစ်ပင်များသို့ တအားလွှတ်၍ ခုန်ကူးသောအခါ ကောင်းစွာအလှမ်း မမီကမ်း တတ်သည်ဖြစ်၍ လည်းကောင်း, သစ်ရောင်းကိုင်းခြောက်ကို ကူးလျှောက် ကိုင် ဆွဲမိသည်ဖြစ်၍လည်းကောင်း အကြောင်းမညီညွတ်သည့်အတွက် သစ်ခက်မှ လွတ်ပြီးလျှင် မြေကြီးသို့ အကြင်မျောက်သည် ကျ၏။ ထိုသစ်ကိုင်းမှ လွတ်၍ ကျသော မျောက်သတ္တဝါကို များစွာသော မျောက်အသင်းသို့ ဝင်ခြင်းငှာ ခွင့် မပေးသကဲ့သို့ ညစ်ကြေးမကင်း ရန့်ရင်းကြမ်းတမ်းသော ဒုဿီလ ဒုရာဇီဝအမှုကို ပြုကျင့်ယှဉ်းမှား လိုက်စားမိသူမှာ ဝံသာနုရက္ခိတ သပ္ပုရိသ သဘောမှ ရွေ့လျော သင်းကွဲ၍ တစ်ဦးတစ်ယောက်တည်း နေရလိမ့်မည်။ ဤဒုဿီလ ပါပညစ်ညူ မကောင်းမှုအလေ့အထကို မစွန့်လွှတ်သမျှ ကာလပတ်လုံး သူတော်ကောင်းတို့ မုန်း၍ အသုံးမဝင်ရှိတတ်သည်၊ ကြပ်ကြပ်သတိထားကြ။

## သစ်ကိုင်းလွတ် မျောက်လို

ပမာအားဖြင့် ယခင် သစ်ကိုင်းလွတ်သောမျောက်ကား ဝီရိယ လုံ့လ ဥဿဟာ ကင်း၍ လွတ်ရခြင်း မဟုတ်ပါ။ ဆွေးလှစွာသော သစ်ကိုင်းခြောက်ကို ဆွဲမိ၍ တစ်ကြိမ်တစ်ခါမျှ လွတ်သည့်အရာကို သည်းခံပါဟူသော အကြောင်းနှင့် မျောက် အပေါင်းတို့၏ ဦးစီးအကြီး ဥက္ကဋ္ဌထံ တောင်းပန်ဝန်ချလျှင် အသင်းသို့ဝင်ရ ပြန်သကဲ့သို့ ထို့အတူ သင် တရားနှာ ပရိသတ်အပေါင်း သူတော်ကောင်းတို့မှာလည်း ဟောင်းနွမ်းခြောက်သွေ့သော သစ်ကိုင်းနှင့်တူသော မသူတော်မိတ္တ လူဗာလနှင့် ပေါင်းသင်း၍ မကောင်းခြင်းကို သတိရလျက် သိကြပြန်သောအခါ ကလျာဏမိတ္တ သပ္ပုရိသ အသင်း၌ စီးနင်းဆုံးမ ဩဝါဒပေးတတ်သူ လူကြီး ဦးစီးနာယကထံသို့ ခွင့်ပန်ဝန်ချ၍ ဤမှနောက်သို့ မဖောက်မပျက်ရပါဟု ဝင်လာပြန်သောကာလ သပ္ပုရိသ အသင်းက သနားခြင်း ရှိပြန်သဖြင့် လက်ခံသော အကြောင်းကြောင့် သူတော်ကောင်းပင် တစ်ဖန် ဖြစ်ပြန်သဖြင့် ကောင်းသည်ကို ကျင့်လျှင် စင်ကြယ်လှ စွာ လူသမာဟု... "အဇ္ဇော မုတ္တော စန္ဒိမာ" အဇ္ဇော၊ တိမ်တိုက်မှ။ မုတ္တော၊

www.burmeseclassic.com

www.burmeseclassic.com



လွတ်သော။ စန္ဒိမာဝ–စန္ဒိမာ ဣဝ၊ လမင်းကဲ့သို့။”ဟူသော ဒေသနာနှင့်အညီ မထိညစ်ကြေး ပြစ်ကင်းဝေးလျက် မှိန်မှေးသော တိမ်တိုက်မှကင်းသော လမင်း၏ သဖွယ် စင်ကြယ်သန့်ရှင်း တင့်တယ်ခြင်းရှိကြသဖြင့် လောကပစ္စုပ္ပန် နှစ်တန် အကျိုး ဖွံ့ဖြိုးရင့်သန်လျက် နိဗ္ဗာန်လျှင်အဆုံးရှိသော အကျိုးထူးတရားကို ခံစားရအံ့ သောအကြောင်းဖြစ်သည်ဟု ဟောကြားဆုံးမ ဩဝါဒပေးတော်မူရာ များစွာ သော ရဟန်းရှင်လူတို့သည် “စင်ဖြူအောင် ကျင့်မှသင့်လျော်ပါမည်တကား”ဟု သံဝေဂတရား ဖြစ်ပွားကြလေကုန်သတည်း။

---

## ၅၉–ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးအား ပပဉ္စတရား သုံးပါးကို ဟောတော်မူခြင်း

မန္တလေး ရတနာပုံ ဇေယျာနန်းတည် လျှမ်းလျှမ်းကြည်သော ရွှေပြည်တော်ကြီး သခင် ဘဝရှင် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးသည် သာသနာပြု သုဓမ္မာအဝင် သင်္ဃာ ဆရာတော်ဘုရားကြီးကို တောင်ဥယျာဉ်အတွင်း စံနန်းတော်သို့ပင့်၍ သာသနာတော်နှင့် စပ်လျဉ်းသော အရေးများတို့ လျှောက်မေးတိုင်ပင်တော်မူကြ ပြီးလျှင် ဘုရင်မင်းတရားကြီးက လျှောက်ထား တောင်းပန်သည်မှာ...

အရှင်ဘုရား တဏှာ, မာန, ဒိဋ္ဌိအားဖြင့် ပပဉ္စတရားသုံးပါးကို နှလုံးထားရန် အကျဉ်းအားဖြင့် ဟောကြားတော်မူပါဘုရားဟု လျှောက်ထားခွင့်ပန်လျှင် သင်္ဃာ ဆရာတော်ဘုရားကြီးက ဟောကြားတော်မူသည်မှာ...

### ပပဉ္စတရား ၃ ပါး

ဒကာတော် ကေရာဇ်မင်းမြတ်၊ တဏှာ, မာန, ဒိဋ္ဌိ–ဟူသော တရားသုံးပါး သည် ခန္ဓာ, အာယတန, ဓာတ်တို့၏ မပြတ်ဖြစ်ခြင်းဟု ဆိုအပ်သော သံသရာကို ချဲ့ထွင်တတ်သောကြောင့် ပပဉ္စတရားသုံးပါးဟု ခေါ်သည်။ ထိုသုံးပါးတို့တွင် ဖြဟ္မာ, သိကြား, နတ်သား, နတ်သမီး, စကြဝတေးမန္ဓာတ်, ပဒေသရာဇ်, ကေရာဇ်, သူဌေး, သူကြွယ် စသော စည်းစိမ်ဥစ္စာ ရတနာ ရွှေငွေ ဆန်ရေစပါး ကျွဲ, နွား, ဆင်, မြင်း သင်းပင်းကျေးကျွန် ခြွေရံပရိသတ် အရပ်ရပ်သော ပရိဘောဂ

www.burmeseclassic.com

www.burmeseclassic.com



သညာ ဝိပလ္လာသ ဣဋ္ဌာရုံ အလုံးစုံကို ခံမင်ငြိကပ် စွဲလမ်းတတ်သောတရားသည် တရားကိုယ်အားဖြင့် 'လောဘစေတသိက်' တစ်ခုသာတည်း။ ထိုလောဘစေတသိက်ကို 'တဏှာ'ဟူ၍ ခေါ်သည်မှတ်။

## မာန် ၃ မျိုး

မိမိကိုယ်ကို ငါသာလျှင် မြတ်၏ဟု တံခွန်မှန်ကင်းကဲ့သို့ ထောင်လွှားခြင်း လက္ခဏာရှိသော 'မာနစေတသိက်သည်' မာန်မည်၏။ ထိုမာန်သည် သေယျမာန်, မဠိမမာန်, ဟီနမာန်–ဟူ၍ သုံးမျိုးအပြားရှိ၏။ ထိုးသုံးပါးတို့တွင် ဒုစရိုက် ဒုရာဇီဝအမှုကို ပြုကျင့်၍ သီလဝိပတ္တိဖြစ်ကုန်သော တံငါမုဆိုး စသော သူများ၌ ဖြစ်ပွားတက်ကြွသောမာန်သည် ညစ်ညမ်းနက်မည်း လက်နီးစသော အထည်ဝတ္ထု ဒြပ်၌ ငြိကပ်သော မြူနှင့်အလားတူသည်။ ရုံခါသီလသမ္ပတ္တိ, ရုံခါသီလဝိပတ္တိဖြစ် လျက် အလယ်အလတ်၌ တည်ကုန်သောသူများ၌ ဖြစ်ပွားတက်ကြွသော မာနသည် အလယ်အလတ် တစ်ပတ်ရစ်ဖြစ်သော အထည်ဝတ္ထုဒြပ်၌ ငြိကပ်စွန်းထင်သော မြူမှုန် အညစ်အကြေးနှင့် တူသည်။ သာသနာတော်ထမ်း ရဟန်းသာမဏေနှင့်တကွ အင်္ဂါ–စသောသီလ အမြဲတည်ရှိကြသော ဥပါသကာ ဥပါသိကာပုဂ္ဂိုလ်များ၌ ဖြစ်ပွားတက်ကြွသော မာနသည် အလွန်ဖြူစင်သန့်ရှင်းသော ခါသာပိတ်အုတ်– စသော ဝတ္ထုအထည်ဒြပ်၌ ငြိကပ်စွန်းထင်သော မြူမှုန် အညစ်အကြေးနှင့်တူသည်။ ဤကဲ့သို့ သုံးပါးအပြားရှိသောကြောင့် ရှေးဆရာတို့သည် "ဇာတိ,ပုည ဂုဏ်မာန နှင့်"ဟူ၍ ရေးသားစပ်ဆိုကြကုန်သည်။

ဤသုံးပါးသော မာန–အစုတို့တွင် တစ်ခုခုသော မာန–ဖြင့် တက်ကြွခြင်း မနောမှာ "သေဟမသ္မိ" စသောအားဖြင့် တက်ကြွား မာန်ထောင်တတ်သည်။ "အဟံ၊ ငါကား။ ဝါ၊ ငါသည်။ သော၊ ဤသို့ ဇာတိတန်ခိုး, အမျိုးဥစ္စာ, ပညာရှိခြင်း, ကျော်စောသတင်းနှင့် ပြည့်စုံသောသူသည်။ အသ္မိ၊ ဖြစ်၏" ယင်းသို့ ဖြစ်ပွား ထောင်လွှားတက်ကြွတတ်သော မာနကို "နေသောဟမသ္မိ" ဖြစ်အောင် ကြံဆောင် သိမ်းဆည်းရမည်။ "အဟံ၊ ငါကား။ ဝါ၊ ငါသည်။ သော၊ ဤသို့ ဇာတိတန်ခိုး, အမျိုး, ဥစ္စာ ပညာရှိခြင်း, ကျော်စောသတင်းနှင့် ပြည့်စုံသောသူသည်။ န အသ္မိ၊ မဖြစ်မဟုတ်" ယုတ်နိမ့်သော သူတစ်ပါးအား ဤကဲ့သို့ နှိမ်ချဆုံးမရမည် ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြန်သောအားဖြင့် အမှားကို မြင်တတ်သော "ဒိဋ္ဌိစေတသိက်" သည် ဒိဋ္ဌိ–မည်၏။ ယင်းသို့မှားပြားသော ဒိဋ္ဌိအပေါင်းတို့တွင် အကြောင်းရင်းဖြစ်သော သက္ကာယဒိဋ္ဌိကို မိမိစွဲလန်းခြင်း မဖြစ်ရအောင် ကြံဆောင်အားထုတ်ကြရာသည်။ ဤကဲ့သို့ ပပဉ္စတရားသုံးပါးတို့ကို အကျဉ်းအားဖြင့် မှတ်ယူနှလုံးသွင်းလေ ဒကာတော် ကေရာဇ်မင်းမြတ်ဟု ဟောကြားညွှန်ပြ ဆုံးမတော်မူလျှင် ဘုရင်မင်းတရားကြီးသည် သည်းစွာ နှစ်သိမ့်ဝမ်းမြောက်တော်မူလေသတည်း။

---

## ၆၀–"ဆရာတော် မုန့်ဆန်းစားသည်မှာ ကျမ်းစကားနှင့် အညီဖြစ်သည်"ဟု ရယ်စရာ မိန့်ဆိုတော်မူခြင်း

အခါတစ်ပါး သင်္ဃာဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့မှ တောလက် ကျေးရွာသို့ ဒေသစာရီ လှည့်လည်ကြွမြန်းတော်မူသောအခါ ရွာတစ်ရွာ၌ ဒါယကာ ဒါယိကာမအများတို့သည် စပါးကောက်ဦး ပေါ်စအခါ ဆရာတော်ဘုရားကြီးနှင့် တကွ နောက်ပါ တပည့်ရဟန်းတို့ကို မုန့်ဆန်း, သကြား, ကွဲနို့များနှင့် ရောစပ် လျက် ဆက်ကပ် လှူဒါန်းကြကုန်သတတ်။

ထိုအခါ ဆရာတော်ဘုရားကြီး၏ တပည့်တပန်း ရဟန်းတော် အခြံအရံတို့ သည် အတန်ငယ်မျှသာ ဘုဉ်းပေး သုံးဆောင်ကြကုန်၏။ ဆရာတော်ဘုရားကြီး သည်ကား ဒကာများကပ်သော မုန့်ဆန်းကို အားရနှစ်သိမ့် သုံးဆောင်တော်မူရာ ဖန်ခွက်ကြီးတစ်ခုခန့်မျှ ကုန်လျှင်ပင် အပါးတွင်ရှိသော တပည့်ရဟန်းတို့က မုန့်ဆန်းဟူသည် ကောက်ညှင်းဆန်ဖြင့် စီမံပြုလုပ်သည်ဖြစ်သောကြောင့် စင်စစ် အစာမကြေသောအရာသာ ဖြစ်သည်ဟု တစ်ပါးနှင့်တစ်ပါး ပြောကြားသည်ကို ဆရာတော်ဘုရား ကြားသိသော်လည်း နောက်တစ်ဖန်ခွက်သို့ ကူး၍ အထူး ဘုဉ်းပေးတော်မူပြန်သည်။ ရဟန်းတော်များ အစည်းအဝေး၌ ရှမ်းကလေးကျွန်း ဆရာတော်ဦးဇေနပါသည်နှင့် ဆရာတော်ဘုရားအား လျှောက်ထားသည်မှာ...

### သိလျက်နှင့် ဘုဉ်းပေးတာ

"အရှင်ဘုရား၊ ယခု အရှင်ဘုရားဘုဉ်းပေး သုံးဆောင်တော်မူသောမုန့်ဆန်းသည် စေးထန်းသောအရာ အစာမကြေတတ်သော ကောက်ညှင်းဆန်ကို စီမံပြုလုပ်သည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသောကြောင့် အနည်းငယ်သာ ဘုဉ်းပေးရန် သင့်ပါသည်ဘုရားဟု လျှောက်ထားသောအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ရှမ်းကလေးကျွန်း ဆရာ မောင်ဇဝန–မင်း နားမလည်ပါဘူး၊ ငါ မုန့်ဆန်းကို အားရနှစ်သိမ့်သည့် အတွက် ဖန်ခွက်တစ်ခုမှ ဖန်ခွက်တစ်ခုသို့ ကူး၍ အထူးဘုဉ်းပေးသည်မှာ သာသနာတော်ကျမ်းလာ ပါဠိ၊ အဋ္ဌကထာများ၌ ထင်ရှားလာရှိသောကြောင့် သိလျက်နှင့် ငါ ဘုဉ်းပေးသည်ဟု မိန့်တော်မူ၏။

ထိုအခါ ရှမ်းကလေးကျွန်း ဆရာတော် ဦးဇဝနက အရှင်ဘုရား ပါဠိအဋ္ဌကထာ သာသနာတော်ကျမ်းများ၌ မုန့်ဆန်းကို အဘယ်သို့ ဖွင့်ဆိုလာရှိပါသနည်းဟု လျှောက်ထားလျှင် သင်္ဂဇာ ဆရာတော်ဘုရားကြီးက မောင်ဇဝနနယ် ညတိုင်းရွတ် သည့် မေတ္တာပို့တွင် အပါသားနှင့် ဒုက္ခာမုဥ္စန္တု–ဆိုတာကောကွဲ့၊ အဲသည်စာကို အနက်ပါရွတ်စမ်းလေ။ ဒုက္ခာ၊ ဆင်းရဲခြင်းမှ။ မုဥ္စန္တု၊ လွတ်ကြစေကုန်သတည်း။ သို့အတွက် ဘေးဥပဒ် မဖြစ်နိုင်ဘူး မောင်ဇဝနရဲ့။ ဤကဲ့သို့ မိန့်တော်မူသောအခါ များစွာသော ရဟန်းပရိသတ်နှင့်တကွ လာလာသမျှ လူအပေါင်းတို့သည် အဟောင်း ဖြစ်သော ပါရမီဒဗ္ဗ သမ္ဘာရဖြင့် တိက္ခဇဝန ဥပါယစိန္တာ၌ လိမ္မာတော်မူပေစွဟု အားရဝမ်းမြောက် လက်ပန်းပေါက်ခတ်တီး၍ ကောင်းချီးပေးကြလေကုန်သတည်း။

---

## ၆၁–အရက်သမားတို့၏ အစွဲအလမ်းကို မကြိုက်၍ ငရဲခန်းလိုက်၍ပြသော ဥပမာဖြင့် ပရမတ်ဆရာများအား မိန့်ကြားတော်မူခြင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားသည် တပည့်သား အခြံအရံနှင့်တကွ ပုဇွန်တောင်အရပ်သို့ ကြွတော်မူသောအခါ ပရမတ်ဆရာ နှစ်ဦး၊ သုံးဦးတို့သည် အထူးရိုသေစွာ ခစား၍ လျှောက်ထားသည်မှာ– အရှင်ဘုရား… တပည့်တော်တို့အား သဂ္ဂကထာ၊ မဂ္ဂကထာ၊ ဘာဝနာနှင့် စပ်သော တရားစကားများကို ဟောကြား ညွှန်ပြ ဆုံးမတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်၏။

ထိုအခါ ဆရာတော်ဘုရားက ဤသူများသည် သူတစ်ပါးအား နှိပ်နယ်လျက် ကိုယ်ဝယ်မြှောက်တင်ခြင်း နှလုံးသွင်း အယောနိသော မနသိကာရ ပါပိစ္ဆ အလိုသုံး

www.burmeseclassic.com



လွှမ်းမိုးရှေ့ထားလျက် တရားစကား ပြောကြားငြင်းခုံ သူတစ်ဖုံ ငါတစ်ဝ ပြုလုပ်ကြသော အရေးကို ရှေးအဖို့က သိတော်မူပြီးဖြစ်၍ ဖွင့်လှစ် မိန့်ကြားတော်မူသည်မှာ…

## မိန့်ကြားတော်မူပါ

ဒါယကာတို့– သင်တို့ လျှောက်ထား၍ သင်တို့အား တရားပေးသော်လည်း ရှေးစကား ဆရာတော်ကြီးဖူးသည် "အရက်သမားတို့၏ အစွဲအလမ်းကို မကြိုက်တာနှင့် ငရဲခန်းလိုက်ပြသလို" နေမှာ ထင်ပါရဲ့ ဒကာတို့ဟု မိန့်တော်မူလျှင် လျှောက်တင်သူ ဒါယကာများက အရှင်ဘုရား ငရဲခန်းပြပုံကို အလုံးစုံ မိန့်ကြားတော်မူပါဘုရားဟု လျှောက်ထားသောအခါ ဆရာတော်ဘုရားက ဤသို့ ဟောကြားတော်မူသည်။

"ဒကာတို့… ရှေးသောအခါ ရွာတစ်ရွာတွင် သုရာသောက်စား အရက်သမားတို့သည် ယွင်းမှားဖောက်ပြန် မလျော်ကန်အောင် ပြုကျင့်လျက် မသင့်မတင့်သော အမှုတို့ကို ပြုကျင့်ကြလေ၏။ ထိုအကြောင်းကို သိ၍ ဥပါသကာ ပညာရှိအပေါင်း သူတော်ကောင်းဖြစ်သောသူများက စဉ်းစားဆင်ခြင်ကြသည်မှာ ဤအရက်သမားတို့သည် ငရဲလားရမည်ဘေးကိုလည်း မထိတ်မလန့်၊ လာလတ္တံ့သောဘဝ၌ သုရာပါနကို အကြောင်းခံ၍ ဖောက်ပြန် ရူးသွပ်ရအံ့သော ဒုက္ခတို့ကို မကြောက်ကြသည်မှာ နေရာတကျ ငရဲခန်းတို့ကို ခွဲခြမ်း၍ ပြမည့်သူ မရှိသောကြောင့် မကြောက်မလန့်ကြဟန် ရှိသည်။ ဤသူတို့ကို ပုံစံနှင့်ပြ၍ ဆုံးမည် သဘောထားလျက် ငရဲခန်းများကို ရေးသားဖော်ပြလျက်ထားရှိသော ဇရပ်ကြီးတစ်ခုသို့ ခေါ်သွား၏။ ဇရပ်သို့ ရောက်သောအခါ ဥပါသကာ ပညာရှိက ကြည့်ကြစမ်း မောင်တို့… ရှောင်ကြဉ်ဖို့အကြောင်း ထိတ်လန့်ဖွယ် ကောင်းလေသည်။ သတ္တဝါအပေါင်းတို့ ခံရဟန်အတန်တန် ဆင်းရဲပုံ အခန်းတွေ စုံရှေ့သည်၊ မယုံကြည် မရှိကြနှင့်။ ဤပုံက သူကိုသတ်၍၊ ဤဓာတ်က ခိုးယူမှု၊ ဤလုစုက အရက်သောက်၍ နရက်ချောက် သံအိုးဝယ် အမျိုးမျိုးခံပြီးမှ ငရဲက လွတ်ပြန်မူ လူမတူ သူမမျှ ရူးရသည့်ဘဝပေါင်း သိန်းသောင်းအသချေ မရေနိုင် မတွက်အား သို့သည်လောက်များသည်ဟု ပြောကြားလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



## ကြောက်မှာအဝေးကြီး

ထိုအခါ အရက်သမားတို့က စကားဖြင့်ပြောဆိုသည်မှာ ဆရာကြီး သည်းခံ... ခံ၊ အတန်တန် ဘေးကြမ်းရောက်မည်ဟု ဆေးဒန်းနှင့် မခြောက်ပါနှင့် ကြောက်မှာ အဝေးကြီးလို့ ဆိုသတဲ့ ဒကာတို့ရဲ့။

ဤကဲ့သို့ ယခုလည်း ဒကာတို့ကို တရားဟောရမည်ဆိုသော် နဂိုက မရပတ်သမား နပ်ပြီးသားတွေ ဖြစ်နေသောကြောင့် ကျိန်းကျေ၀တ်ကုန် တော်ရုံလျော်ရုံ ယခင်ပုံ ဆေးဒန်းရုပ်ကဲ့သို့ သုတ္တန်စကားနှင့် ဟောကြား၍ ကြောက်မှာမဟုတ်ဘူး။ ထူးထွေနက်နဲ ခက်ခဲသော ပရမတ္ထသဘောများကို ဟောကြားမှ တော်မည်ဟု အမိန့်ရှိတော်မူပြီးလျှင် အသင်ဒကာအပေါင်းတို့... မြတ်စွာဘုရားသည် ဗောဓိပင်နှင့် ရွှေပလ္လင်တွင် ဘုရားဖြစ်တော်မူ၍ "အဝိစ္စာပစ္စယာ သင်္ခါရာ" အစရှိသော ပဋိစ္စသမုပ္ပါဒ်ကို သုံးသပ်ဆင်ခြင်ရာ သြော်-ငါသိအပ်သော တရားသည် အလွန်နက်နဲ ခက်ခဲသိမ်မွေ့စွတကား-ခပ်သိမ်းသော သတ္တ၀ါတို့၏ အဇ္ဈတ္တသန္တာန်၌ ကိလေသာ တည်းဟူသော မြူအညစ်သည် ထူပြစ်ပေါ်များသဖြင့် ငါတရားဟောသော်လည်း မောရုံသာ ရှိချေမည်။ သိကြမည်မဟုတ်ဟု ဆုတ်နစ်သောအကြံ ဖြစ်တော်မူကြောင်းကို-

> ကိစ္ဆေန မေ အဓိဂတံ၊ ဟလံ ဒါနိ ပကာသိတုံ။
> ရာဂဒေါသ ပရေတေဟိ၊ နာယံ ဓမ္မော သုသမ္ဗုဓော။

ဟု မဟာဝါပါဠိတော်၌ လာရှိသည်။

မေ-မယာ၊ ငါဘုရားသည်။ ကိစ္ဆေန၊ သချေ်လေးထပ် ၀ာစ်သိန်းကပ်စဉ် ငြိုငြင်ပင်ပန်းစွာ ဆည်းပူးပါမှ။ အဓိဂတံ၊ ရအပ်သော။ အယံ ဓမ္မော ဤတရားကို။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ ပကာသိတုံ၊ ပြခြင်းငှာ။ ဟလံမသင့်။ ရာဂဒေါသပရေတေဟိ၊ ရာဂ, ဒေါသ, မောဟပြောထူ များသော သူတို့သည်။ အယံ ဓမ္မော၊ ဤတရားကို။ န သုသမ္ဗုဓော၊ အလွယ်တကူ မသိကြနိုင်လေရာ။

ဤကဲ့သို့လာသည်များကို ထောက်ထားဆင်ခြင်၍ ဘုရားရှင် ဟောတော်မူအပ်သော တရားမြတ်သည် အလွန်တရာ ခက်ခဲ နက်နဲ သိမ်မွေ့သောအရာ ဖြစ်သောကြောင့် သတ္တ၀ါသာမည၊ မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့၏ ဉာဏ်နှင့် မတန်မရာ၊ ခဲယဉ်းစွာသောအဖြစ်ကို စင်စစ် သိသာထင်ရှားလှသည်။ စိတ္တက္ခဏ အစဉ်အားဖြင့် မနားမရပ် ဥပါဒ်, ဌီ, ဘင်နှင့် လျင်သော အဖြစ်အပျက်ကို အချက်ကျ သိအောင် အားထုတ်မှ ရုပ်နာမ်တို့ကို ပိုင်းခြား၍ ကွဲကွဲပြားပြား သိနိုင်ကြချေမည်။ မန္တာ

www.burmeseclassic.com



ငါးပါး ရုပ်နာမ်တရားတို့ကို ပိုင်းခြားထင်မြင်သောအခါ မိမိကိုယ်တွင် မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်ပျက်၍နေသော ခယဝယမွေ့ အနိစ္စသဘောကို မနှောရင့်သန် ပညာဉာဏ်ဖြင့် ဧကန်အဟုတ် မုချထင်မြင် ဘုံသုံးခွင်၌ မြင်မြင်သမျှ တို့သည် အစဉ်ထာဝရ တည်နေနိုင်သော သတ္တဝါဝတ္ထု တစ်ခုမျှမရှိဟု ဆင်ခြင်လျက် ခင်မင်စုံမက် နှစ်သက်တွယ်တာခြင်း သဘောရှိသော လောဘတဏှာသည် စွန့်ခွာကွယ်ပျောက်လေ၏။

## အနိစ္စမြင်မှ လောဘကင်းသည်

ထို့ကြောင့် "အနိစ္စဒဿနေန အလောဘော ဟောတိ"ဟူ၍ ဟောတော်မူသည်။ "အနိစ္စဒဿနေန၊ အနိစ္စအကြောင်းကို ကောင်းကောင်း ထင်မြင်သဖြင့် အလောဘော၊ အလောဘတရားသည်။ ဟောတိ၊ ဖြစ်ပေါ်လာ၏။

## ဒုက္ခမြင်မှ ဒေါသကင်းသည်။

ဤအတူ တေဘုမ္မက သင်္ခါရတို့သည် စိတ္တက္ခဏတစ်ခုခန့်မျှ သုခချမ်းသာ ရှာ၍မရ ဒုက္ခအစု ဆင်းရဲမှုအတိသာ ရှိချေသည်တကားဟု ဉာဏ်အားကေန် အမှန်အဟုတ် မုချထင်ခြင်က အစဉ်ဖျက်ဆီးတတ်သော သဘာဝစဏ္ဍိက္ကလက္ခဏာ လွပမာကြမ်းတမ်းသဖြင့် နည်းလမ်းအကျိုးအကြောင်းကို ကောင်းစွာမသိခြင်း သဘောရှိသော ဒေါသတရား ကွယ်ပျောက်၍ အဒေါသဟူသော မေတ္တာတရားသည် ထင်ရှားဖြစ်ပေါ်လာ၏။

ထို့ကြောင့် "ဒုက္ခဒဿနေန၊ အဒေါသောဟောတိ" ဒုက္ခဒဿနေန၊ ဒုက္ခ၏ အကြောင်းကို ကောင်းကောင်း ထင်မြင်သဖြင့် အဒေါသော၊ အဒေါသတရားသည်။ ဟောတိ၊ ဖြစ်ပေါ်လာ၏။

## အနတ္တမြင်မှ အမြင်ရင့်သန်

ဤအတူ ရုပ်နာမ်ခမ္မ သင်္ခါရတို့၌ အတ္တမဖက် သက်သက်ခန္ဓာငါးပါး တရားအစုတို့ကို သမ္မုတိပညတ် ဝေါဟာရတပ်သော်လည်း နတ်လူသတ္တဝါ သူငါတစ်ပါး ယောက်ျားမိန်းမ ဝေဒက, ကာရကစသည် မရှိ–ဟု သက္ကာယဒိဋ္ဌိ၏ စွဲလမ်းချက်တို့ အကွက်ကျထင်သောအခါ အဝိဇ္ဇာတည်းဟူသော မောဟတရား ကွယ်ပျောက်၍ ပညိန္ဒြေတည်းဟူသော ဝိဇ္ဇာဉာဏ်သည် အမှန်ပေါက်ရောက် ဖြစ်ပေါ်လာ၏။

ထို့ကြောင့် "အနတ္တဒဿနေန အမောဟော ဟောတိ"ဟူ၍ ဟောတော်မူသည်။ အနတ္တဒဿနေန၊ အနတ္တ၏အကြောင်းဆိုးကို ကောင်းစွာ ထင်မြင်သဖြင့်။

www.burmeseclassic.com



အမောဟော၊ အမောဟာသည်။ ဝါ၊ အမြင်ရင့်သန် ဝိဇ္ဇာဉာဏ်သည်။ ဟောတိ၊ ထင်ရှားဖြစ်ပေါ်လာ၏။ ဤသို့ ပြဆိုခဲ့ပြီးသော နည်းလမ်းများကို ကြိုးစားအားထုတ်ကြရမည်။ ကြိုးစားအားထုတ်ကြမှသာလျှင် ခန္ဓာ, အာယတန, ဓာတ်–တို့၏ မပြတ်ဖြစ်ခြင်းဟု ဆိုအပ်သော သံသရာမှ မြန်စွာ လွတ်မြောက်နိုင်ကြမည် ဒကာတို့။ ဤကဲ့သို့ သင်္ဂဇာ ဆရာတော်ဘုရားသည် ဟောကြားတော်မူသောအခါ အလွန်တရာ သဘောကျလျက် အားရဝမ်းမြောက်ကြလေကုန်သတည်း။

---

## ၆၂–ကျောင်းဒကာ ဘုန်းကြီးကို မျှော်နည်းက "အပျိုကြီး ရည်းစား မျှော်သလို" ဟူသော ဥပမာဖြင့် ကျောင်းဒကာအား ဟောကြားတော်မူခြင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားသည် တပည့်တပန်း ရဟန်းအပေါင်းတို့နှင့် အနောက်ချောင်းသို့ ကြွတော်မူရာ ရွာတစ်ရွာ၌ ကျောင်းဒကာတစ်ယောက် ကျောင်းဆောက်၍ ပြီးလျက် ဘုန်းကြီးကို ရှာ၍မပင့်။ အခန့်သင့် ကျောင်းသို့ ကြွလာမှ ကျောင်းထိုင်ပါဟူသော စကားကို လျှောက်ထား ပင့်ဆောင်မည်ဟူသော အကြံနှင့် မျှော်လင့်စောင့်ဆိုင်းနေသည့်အခါ ဆရာတော် ကြွလာသည်နှင့် ဝမ်းသာအားရ ညွှတ်ခ ဝပ်တွား၍ ဤသို့ လျှောက်ထားသည်။

### ရေစက်မချရသေး၍

အရှင်ဘုရား တပည့်တော်မှာ သဒ္ဓါတရားပေါက်၍ ကျောင်းဆောက်ထားသည်မှာ ဘုန်းကြီး မကြွလာသည့်အတွက် ရေစက်မချဘဲ ရှိနေပါသည်ဘုရားဟု လျှောက်ထား၏။ ထိုအခါ ဆရာတော်ဘုရားက ကျောင်းဒကာ သင်၏ ဘုန်းကြီးသည် ခရီး ဘယ်သို့ကြွ၍ မျှော်သနည်းဟု မေးတော်မူလျှင် အရှင်ဘုရား... ဘုန်းကြီး မပင့်ရသေးပါ။ ကျောင်းသို့ကြွလာမှ နေရာတကျ လျှောက်ထားမည်ဟု စောင့်စားမျှော်လင့်နေပါသည်ဘုရားဟု လျှောက်ထား၏။

### အပျိုကြီးရည်းစားမျှော်သလို

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ယခု ကျောင်းဒကာမှာ ဘုန်းကြီးကို မပင့်မလျှောက်ရသေးမီကပင် အလျင်တင်ကူး၍ ကျောင်းဆောက်

www.burmeseclassic.com

www.burmeseclassic.com



ထားသလား။ သူတစ်ပါးမှာ ဘုန်းကြီးအား လျှောက်ထားမေးမြန်း စုံစမ်းရှာဖွေ၍ လိုက်ကြွမည် ဆေနှ်ဟု အမှန်သိရမှ ကျောင်းဆောက်ကြမြဲ ဖြစ်သည်။ ယခု ကျောင်းဒကာမှာ ကြွလာမည့် ဘုန်းကြီးကို စောင့်နေ၍ ဘုန်းကြီးကောင်းရလျှင် တော်လျော်ပါ၏။ ဘုန်းကြီးယောင်များကို ရချေလျှင် **"ရွှေဘိုမြို့အနီးက အပျိုကြီး ရည်းစားမျှော်သကဲ့သို့"** ရှိတတ်သည်ဟု မိန့်တော်မူ၏။

ထိုအခါ အပါးတော်၌ရှိသော ဒါယကာအများတို့က ရည်းစားမျှော်သော ဥပမာစကားကို ထင်ရှားအောင် မိန့်တော်မူပါဘုရားဟု လျှောက်ထားတောင်းပန်ရာ ဆရာတော်ဘုရားက...

ငါတို့ အထက်ဒေသ ရွှေဘိုမြို့အနီးမှ အပျိုကြီးတစ်ယောက်သည် ရောက် ပေါက်ထွက်ဝင်နေကျ လူပျိုကို စောင့်မျှော်ရာ မပေါ်လာသည်နှင့် အိပ်ရာသို့မဝင် အပြင်တွင် မိုင်းငင်လျက် ငုံ့လင့်စိတ်ကူး အထူးထူးအပြားပြား စိတ်ဝိတက်များ သဖြင့် စဉ်းစား၍ မျှော်လေသော် သန်းခေါင်ကျော်လျှင် အိမ်တွင် မွေးထားသော ခွေးနက်ကြီး အနီးသို့ လာသည်ကို လူပျိုရည်းစား ထင်မှတ်မှားသဖြင့် စကားဤသို့ ဆိုသတတ်။

## ခွေးကို ကွမ်းယာပေးသော်

"ကို့ကိုကို မျှော်ရသည်မှာ အလွန်ပင် ကြာချေပြီ။ ကွမ်းယာ၍အသင့် မျှော်လင့်လိမ့်မည်၊ ထို–ဤ အကြောင်း မအောက်မေ့တတ် မျှော်ရသူ ကျပ်သည်ဟု ပါးစပ်ကသာ အတွင်မြည်လျက် အနီးသို့ ရောက်လာသော ခွေးကို အရေးမပြု မကြည့်ရှုဘဲ လက်ကိုဝဲ၍ ခပ်ချွဲချွဲ အမူစကားနှင့် လူသားဟု ထင်မှားလျက် ရော့ကွမ်းယာဟု လှမ်း၍ပေးရာ ခွေးနက်ကြီး၏ နှုတ်သီးကို လက်နှင့်ရိုက်မိ၍ ခွေးအကိုက်ခံရသတဲ့" ကျောင်းဒကာရဲ့။

ဤအတူ ယခု ကျောင်းဒကာမှာလည်း ကြွလာသော ဘုန်းကြီးကို စောင့်နေက ဖြောင့်ဖြောင့်ရိုးရိုး အားကိုးကြည်ညိုလောက်သော ဘုန်းကြီးများ ကြွလာလျှင် တော်ပါ၏။ ကံချော်သည့်အတွက် ဘုန်းကြီးပျက် ဘုန်းကြီးယုတ် ဘုန်းကြီး မဟုတ်သော ရဟန်းယောင်များ လာခဲ့သော် သန်းခေါင်ကျော်တွင် အပျိုကြီး ကွမ်းယာ အပေးမှား၍ ခွေးအဝါးခံရသလို ဟန်မကျ ကြုံနေမှာများ ဆရာတော်ဘုရား စိုးရိမ် ပါဘိ ကျောင်းဒကာကြီး။ အသွင်ချင်းတူမျှသော်လည်း မုချ ရဟန်းဟုတ်သည် မဟုတ် သည်ကိုလည်း အတည်တကျ သိဖို့ရန် အချက်ကား ခဲခက်ဘိတောင်း ဖြစ်ချေသည်။ ငါတို့ တစ်ဆင့်စကား ကြားဖူးသည်မှာ...

www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါက ရတနာပူရ ပြည်အင်းဝတွင် ဘုရင်မင်းမြတ် ပွဲတော်တည်မည်ဟု အလီလီသော ပွဲတော်အုပ်တို့ဖြင့် ပြုလုပ်ပြင်ဆင်လျက် စားတော်ဝန် ဆက်လာခိုက်တွင် သိုက်မြိုက်တင့်တယ်သော ဣန္ဒြေ၊ သေကျေငြိမ်သက်သော စောင့်စည်းခြင်းဖြင့် မင်းကြီး၏ ရှေ့တော်သို့ကပ်၍ ရဟန်းတစ်ပါး ဆွမ်းရပ်လာသည်ကို မင်းကြီးမြင်လျှင် ဆင်ခြင်စဉ်းစားသည်မှာ "ဤပုဂ္ဂိုလ်ကား တစ်ပါးသော ပုဂ္ဂိုလ်တို့နှင့်မတူ၊ ရှေးရှုရဲတင်း နန်းတော်တွင်းသို့ ဝင်၍ ဘုရင်မင်းမြတ်ထံ ဆွမ်းခံသည်မှာ ရဲဝံ့စွာရှိသည်တစ်ချက်, စက္ခုန္ဒြေ–စသော စောင့်စည်းခြင်းများသည် ဝိနည်းတရားကိုမလွန် ပုဂ္ဂိုလ်မွန် အရိယာ ရဟန္တာဘကေန္တ"ဟု ကြံဆတွေးမြော်လျက် စားတော်ပွဲအုပ်ကို တစ်မုဟုတ်ချင်း သွန်မှောက်၍ ဝမ်းမြောက်ဝမ်းသာ ဆွမ်းရပ်လာသော ပုဂ္ဂိုလ်အား ကြည်ညို၍ လှူဒါန်းလျှင် နန်းတော်မှ ဆင်းသက်၍ သွားလေ၏။

## ဇရပ်ပေါ်တွင် အသွင်တော်ပျောက်သွားပြီ

ထိုအခါ ဘုရင်မင်းမြတ်က လိမ္မာလှစွာသော အမတ်တစ်ယောက်ကိုခေါ်၍ နန်းတော်၌ ဆွမ်းခံလျက် ပြန်ထွက်ကြွသွားသော ပုဂ္ဂိုလ်မြတ်သည် အဘယ်အရပ်သို့ ကြွသွားသည်ကို အတည်တကျ သိရအောင် လိုက်၍စုံစမ်းချေဟု ခိုင်းစေသည်အရ နောက်မှလိုက်၍ အစဉ်တစိုက် ကြည့်ရှုရာ မြို့တွင်းမှထွက်၍ မြို့ပြင်ဘက်ဇရပ်တစ်ခုသို့ တက်သွားပြီး ယခင် ဆွမ်းရပ်လာသော ရဟန်းသည် သာသနာတော်ထမ်း ရဟန်းစစ်မဟုတ် ယုတ်မာညစ်ညမ်းသော မသူတော်သည် ရဟန်းယောင်ဟန်ခင်း၍ နန်းတွင်းသို့ ဆွမ်းရပ်လာသည်ဖြစ်ရကား ဝတ်ရုံတော်သင်္ကန်းများကို ဖယ်ရှားပြီးလျှင် ဇရပ်တွင် ထားခဲ့သော သားမယားတို့နှင့် အတူတကွ ထမင်းစားကြသည်ကို မြင်လျှင် ဆင်ခြင်တိုင်းထွာ လိမ္မာသော အမတ်ဖြစ်သဖြင့် ကေရာဇ်မင်းကြီး၏ ဖြစ်ပြီးသော စေတနာ သဒ္ဓါတရား မပျက်ရလေအောင် ဤမသူတော်၏ အသက်လည်းမပျက် ချမ်းသာပါစေ၊ ငါ၌လည်း မုသာဝါဒမှ လွတ်အောင်ကြံဆောင်၍ တင်မည်ဟု အလျင်နန်းတော်သို့ ဝင်သွားရာ ရဟန္တာ ဘယ်သို့ကြွသနည်းဟု မင်းကြီး မေးတော်မူသော် "ဘုရားကျွန်တော် သတိပြု၍ ကြည့်ရှုစုံစမ်းရာ မင်္ဂလာတံခါးတော်မှ ထွက်၍ မြို့ပြင်ဘက် ဇရပ်ပေါ်တွင် အသွင်တော် ပျောက်ကွယ်၍ သွားပါသည်ဘုရား"ဟု လျှောက်ထား သံတော်ဦးတင်လေ၏။

ထိုအခါ ဘုရင်မင်းတရားသည် များစွာကြည်ညိုခြင်း ဖြစ်တော်မူသတဲ့ ကျောင်းဒကာရဲ့။ ဤကဲ့သို့သော အရာများကို ထောက်ထားနှိုင်းဆလျက် လောက၏

www.burmeseclassic.com

www.burmeseclassic.com



ဆန်းကြယ်ပုံကို အလုံးစုံမြော်မြင်၍ အသွင်အယောင်ပြုသော ရဟန်းတုများနှင့် မတွေ့ရအောင် ကြဲဆောင်မေးမြန်း စုံစမ်း၍ သင့်တင့်မှ လျှောက်ပင့် ကိုးကွယ်ရမည် ကျောင်းဒကာကြီး။ ဤကဲ့သို့ ဟောကြားတော်မူသောအခါ ကျောင်းဒကာမှာ များစွာဝမ်းမြောက်လေသတည်း။

---

## ၆၃–ယခုအခါ တရားကွဲသည်မှာ "ထွေး ကျွဲကျောင်းသည်နှင့်တူသည်" ဟူသော ဥပမာနှင့်မိုး၍ ဘုရားလူကြီး ဦးဖော့ကို မိန့်တော်မူခြင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့၌ သီတင်းသုံးတော်မူစဉ်အခါ ဘုရားလူကြီး ဦးဖော့က မာန်လျှော့ဝပ်သွား အသနားခံလျှောက်သည်မှာ... အရှင်ဘုရား ယခုအခါကာလ ဟာယနခေတ်ဆုတ်ချိန်ဖြစ်၍ အဇ္ဈာသယဝါဒမတူ အယူကွဲလမ်း ကျမ်းအမျိုးမျိုး ကောင်းဆိုးယုတ်မြတ် အရေပ်ရပ်အစားစားရေးသားပြုလုပ်ကြသဖြင့် တစ်ဦးနှင့်တစ်ဦး အထူးထူးအပြားပြား စကားငြင်းခုံသူတစ်ဖုံ–ငါတစ်ဝ ပြောဆိုကြသည်မှာ ဘယ်သူကဟုတ်၍ ဘယ်သူက လွဲသည်ဟု အမြဲမှတ်သားရန် အချက်လည်း အလွန်ပင် ခဲခက်လှပါသည်ဘုရားဟု လျှောက်ထား၏။

### ချိုတူတိုင်း ကိုယ့်ကျွဲထင်သူ

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ၊ ဒါယကာမောင်ဖော့ ကျမ်းဂန်မှာတော့ မြတ်စွာဘုရား ဟောကြားတော်မူသော စကားတော်ချည်းဖြစ်ရကား လွဲမှားဖို့မရှိ။ မိမိတို့မနော သဘောအယူအဆ ကွဲပြားကြ၍သာဖြစ်သည်။ စင်စစ်မှာမူ ယထာဘူတ ဟုတ်မှန်သမျှအတိုင်း မှတ်ယူလျှင် မည်သူကပင် ရေးရေး ရှုပ်ထွေးလွဲမှားစရာမမြင်၊ ဆင်ခြင်ရန် ဥပမာမှာ မတ္တရာမြို့အဝင်အပါ ပေါက်တောရွာက တော၏သား ထွေးဆိုသူသည် ချိုတူတိုင်း ကိုယ့်ကျွဲချည့်ထင်သကဲ့သို့ ရှိတတ်သည်ဟု မိန့်တော်မူ၏။

ထိုအခါ ဒါယကာအများက ထွေး၏အကြောင်းကို ပြန်ပြောင်း မိန့်ကြားတော်မူပါဘုရားဟု လျှောက်ထား ခွင့်ပန်သောအခါ သင်္ဂဇာဆရာတော်ဘုရားက ဒကာတို့... အထက် ငါတို့မန္တလေးမြောက် မတ္တရာမြို့ အဝင်အပါ ပေါက်တောရွာက

www.burmeseclassic.com

www.burmeseclassic.com



တောာ၏သား ထွေား ဆိုသူသည် မလည်မပတ်ဖြစ်ဘိ၍ မိမိမွေးရက် လ–နှစ်ကိုမျှ မပြောပြတတ်။ ထိုထွေားသည် အသက်တစ်ဆယ့်ငါးနှစ် တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်ကာလ အဖဖြစ်သူ မောင်တာက အိမ်မှာမွေးထားသော ကျွဲများကို အကျောင်းခိုင်းရာ မိမိရွာက အဖော်သူငယ်ချင်းတို့နှင့် အတူတကွ ကျွဲစားကျက်ဒေသို့ လိုက်သွား၍ ကျွဲများကိုကျောင်းလျှင် ကောင်းစွာ ကျွဲကိုမသိမမှတ်မိသဖြင့် သူတစ်ပါး၏ကျွဲများ လယ်ကိုစားလျှင် ဟဲ့ထွေား မင့်ကျွဲကားလယ်ကိုစားပြီ၊ သွား၍ မောင်းချေဟု အပေါင်းအဖော်တို့က လှည့်စားသည်ကိုမှ မသိရှာဘဲ မိမိကျွဲသာ ထင်မှတ်၍ မပြတ်အောင်ပင် မောင်းရလေသတဲ့။

ယင်းသို့ ထွေား မောင်းရဖန်များသဖြင့် အဖမောင်တာအား တိုင်ကြားပြောဆိုသည်မှာ... သူတစ်ပါးတို့မှာလည်း ကျွဲရှိကြပါ၏။ တို့ကျွဲချည့် လယ်ကိုစားသဖြင့် အားလပ်၍ပဲ နေရသည်မရှိဟု ပြောလျှင် ဖခင်ဖြစ်သူ မောင်တာက တိုင်းထွာဆင်ခြင်သည်မှာ မြင်မြင်ရာကျွဲကို သူ့ကျွဲဟု ထင်မှားအောင် သူတစ်ပါးတို့ လိမ်လည်စေခိုင်းသည် ဖြစ်ချေမည်ဟု အောက်မေ့လျက် နောက်တစ်ဖန် မမှားရအောင် ချိုဖျား၌ ထန်းရွက်ဖြင့် ခွေစွပ်လျက် ပြပြီးလျှင် သူတစ်ပါးတို့က မောင်းနှင်ရန်စေခိုင်းသော်လည်း ကျွဲမြင်တိုင်း မသွားနှင့်ဟု မှာကြား၍ လွှတ်လိုက်၏။

ကျွဲကျောင်းရာဌာနသို့ ရောက်ကြသောအခါ လူညာအသင်းအပင်း သူငယ်ချင်းတို့က ချိုရင်း၌ စွပ်သော ထန်းရွက်ခွေများကို ထွေားမမြင်အောင် ကြံဆောင်ကွယ်ချွတ် ချိုဖျားတွင် စွပ်ပြီးလျှင် ယခင်ကဲ့သို့ စပါးခင်း၌ ကျွဲဆင်း၍ စားပြန်သော်အဖော်များက ထွေားမောင်းချေ မင့်ကျွဲများ ခွေနှင့်ဟု ခိုင်းစေပြန်ရာ မသိရှာ၍ ခွေပါလျှင် ငါ့ကျွဲဟု စွဲမြဲမှတ်သားရင်းရှိသည်နှင့် မိမိကျွဲ မဟုတ်ငြားသော်လည်း သွား၍မောင်းရပြန်လေ၏။ မိုးချုပ်ညဦးယံ သွင်းချိန်တန်မှ တစ်ဖန်ခွေများကို ပြောင်းလွဲ၍ ထွေားကျွဲ၌ စွပ်မြဲစွပ်၍ ပေးလိုက်ကြလေသတည်း။

အိမ်သို့ရောက်သောအခါ ညည်းညူရှာသည်မှာ "ခက်ပါဘိဖခင်... တို့အိမ်တွင် ကျွဲများပဲ ထူးခြားလှပါသည်"ဟုဆိုလျှင် ဖခင်ဖြစ်သူ မောင်တာက ဘာထူးသနည်း ငါ့သား... ဟုအပါးက မေးသည်တွင် ဟာ... ကြီးချင်ကြီး ငယ်ချင်ငယ် ဘယ်မှာတတ်နိုင်ပါ့မည်နည်းဟု ဆိုသတဲ့ မောင်ဖော့ရဲ့။ ယခုလည်း ကျွဲမမှတ်တတ်သည့် ထွေားလို သူတစ်ပါးရေးတိုင်း မမှတ်ကြနှင့်ဟု မိန့်တော်မူလျှင် အလွန်ပင် သဘောကျ၍ သောမနဿ ဖြစ်ကြလေသတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၆၄-ယောက္ခမမောင်ရှက်ကို သမက်ကထုံးပြ၍ ဆုံးမသော ဥပမာဖြင့် ဟောကြားတော်မူခြင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားသည် များစွာသော တပည့်အပေါင်း ခြံရံလျက် အောက်နိုင်ငံဒေသ ပဲခူးမြို့သို့ ကြွတော်မူသောအခါ အိုးဖိုရွာက ဒါယကာတစ်ဦးသည် အထူးကြည်ညိုသဖြင့် ခိုဝင်ခစား၍ လျှောက်ထားသည်မှာ အရှင်ဘုရား ယခုကာလ၌ ဒုသီလ အလဇ္ဇီများ၍ ဒါနတရား ကုသိုလ်ပြုရမည် ဆိုသော်လည်း ကြည်ညိုရန် ခက်လှပါသည်ဘုရားဟု လျှောက်ထား၏။

### သမက်က ဆုံးမသလို

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ သင်သည်, အလဇ္ဇီဒုသီလများ၌ ဒါနတရား ကုသိုလ်ကိုမပြုလိုလျှင် အသာနေ၊ စကားကြော မရှည်နှင့်၊ အောက်ပြည် အောက်ရွာမှာ အာဏာစက်လည်းမရှိ၊ ဓမ္မစက်၏ နည်းလမ်းနှင့် စခန်းကျအောင် ထုတ်ဆောင်ဟောကြားမည် ဆိုသော်လည်း အလိုမကျ သကဲ့သို့ အချို့က ရှိလိမ့်မည်။ ဒါယကာသည်လည်း အလဇ္ဇီဒုသီလစကား အလွန်ကြီးမပြောကြားလင့် "စလေသား မောင်ရှက်ကို သမက်က ဆုံးမသလိုနေမည်"ဟု အမိန့်တော်ရှိလေ၏။

ထိုအခါ အရှင်ဘုရား စလေသားမောင်ရှက်တို့ သမက်နှင့်ဖြစ်ပုံကို အလုံးစုံ သိရအောင် ညွှန်ပြဟောကြားတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထား လျှင် သင်္ဂဇာ ဆရာတော်ဘုရားက မိန့်ကြားတော်သည်မှာ...

ဒါယကာ ရောဝတီမြစ်ကမ်း တင့်ဆန်းမချို့ စလေမြို့တွင် ပျော်ရွှင်သူ မောင်ရှက်၏ သမက် မောင်ရွှေဝသည် ယောက္ခမဖြစ်သူ မောင်ရှက်၏ အနီးအပါး တွင် မယားကို ကြိမ်းမောင်းလျက် မကောင်းသော အလဇ္ဇီတို့၏ အမှုအရာဖြင့် များစွာဆဲရေးတိုင်းထွာ၏။

### ငရဲကျမည်

ထိုအခါ ယောက္ခမ မောင်ရှက်က သမက်ကို ပြောသည်မှာ သဘောဆိုးဝါး တရားမဖက် မရှက်မကြောက် ယောက္ခမ မိဘကို မရိုသေ၊ အသရေမင်္ဂလာမရှိ မထိမဲ့မြင်ချည့် လုပ်သည်မှာ များလှပြီ။ စော်ကားရိုင်းပြ ယောက္ခမကို အနီးအနား၌ ထား၍ မယားကို နင်ဆဲသည်မှာ ငရဲသို့ကျမည် မုချသာမှတ်ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သမက် မောင်ရွှေဝက ထ၍ပြောသည်မှာ… လောကဌ် “ယောက္ခမကို သမက်ပြစ်မှား၍ ငရဲလားသည့်ကျမ်းစာ တစ်ရံတစ်ခါမျှ ကြားနာမှတ်သားရဖူးသည် မရှိ။ ယောက္ခမက သမက်ကို မရိုသေဘဲ အထွေထွေ ပြစ်မှား၍ ငရဲသို့လားကြောင်း ကိုသာ ကောင်းကောင်းကြီး ကြားနာ မှတ်သား၍ အထင်အရှား တွေ့မိပါ၏”ဟုဆို လျှင် ယောက္ခမ မောင်ရွှက်က “သမက်ကို ပြစ်မှား၍ ငရဲလားသော ကျမ်းစာကို သေချာချာပြစမ်း”ဟု ဒေါက်ငမ်း၍ မေးသောအခါ ပြောဆိုသည်မှာ…

ယသော်ဓရာမိဖုရား၏အဖ သုပ္ပဗုဒ္ဓမင်းသည် သနင်းထွတ်ထား ဂေါတမမြတ်စွာ ဘုရားကို မရိုသေသဖြင့် မြေမျို၍ ငရဲခံရပါသည်။ အဲဒါ ဘာလဲဟု ရွှေဝက ပြောသောအခါ သဘောမကျ၍ နှင်ထုတ်သဖြင့် တင်းကုပ်နှင့် နေရသတဲ့ ဒကာရဲ့။

ဤကဲ့သို့ ယခုဒကာလည်း အလဇ္ဇီမွေကို ပြောမပြနှင့် သဘောမကျ၍ နှင်ထုတ်မှဖြင့် တင်းကုပ်နှင့် နေရတတ်သည်ဟု အမိန့်ရှိလျှင် တရားတော်ကို နာယူ မှတ်သားလျက်ရှိသူ ပရိသတ်အပေါင်းတို့သည် သောင်းသောင်းအုတ်အာ ထောမနာ၍ အလွန်တရာ သဘောကျလေကုန်သတည်း။

---

## ၆၅–“ဒါယကာများ ပင့်မြှောက်ကြ၍ ရှင်ဥက္ကံသမာလာနှင့် ငါဆရာ အငြင်းထွက်ရမည်”ဟု မိန့်ဆိုခြင်း

အဂ္ဂမဟာလက်ာရ ကဝိဓေ မဟာဓမ္မရာဇာဓိရာဇဂုရု သွန်းပြုခတ်နှိပ် တံဆိပ် အလှူတော် အပူဇော်ခံရသော သာသနာပြု သုဓမ္မာအဝင် သင်္ဂဇာဆရာတော်ဘုရား ကြီးသည် ရန်ကုန်မြို့ ကျောင်းတော်ရာတိုက်၌ အခိုက်အတန့် သီတင်းသုံးတော် မူစဉ် ဘုရားလူကြီးမင်း ဦးဖော့သည် ညွတ်ပျောင်းရိုသေစွာ ဝန္ဒနာနှင့် ဆရာတော် ဘုရားအား လျှောက်ထားသည်မှာ အရှင်ဘုရား ယခုကာလ အပ္ပသုတ မန္ဒဗုဒ္ဓိပုဂ္ဂိုလ် များတို့ ကွဲပြားကြသည်ကို မဆိုထားဘိဦး ထူးမြတ်သော ပါရမီအဆောက်အဦ ပြောထုရင့်သန့် ဉာဏ်ဂမ္ဘီရ တိက္ခဗုဒ္ဓိသခင် အရှင်ဆရာတော်ဘုရားနှင့် မထေရ် ကျော် ဦးဥက္ကံသတို့ပင် သို့စင်ငြင်းခုံဖြစ်ရတုံသေး၏။ နုံ့နည်းပညာ သူတို့မှာကား ဆိုဖွယ်ရာမရှိ ဖြစ်တော့သည်ဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒါယကာ ဘုရားလူကြီး မောင်ဖော့… ဆရာတော်ကတော့ မပြောချင် မဆိုချင် ဤသို့ပင် ဖြစ်ပါသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဒါယကာတို့အတွက် လျှောက်ထားချက်အရ ဒေါသမာန် စိတ်ထတော့ "နိက္ခမရှင် အိုသည် ပျဉ်ထောင်ကို ခေါင်းနှင့်ဆောင့်သကဲ့သို့ရှိသည်"ဟု မိန့်တော်မူ၏။

ထိုအခါ ဦးဖော့က နိက္ခမ ကိုရင်ကြီး၏ ဖြစ်ရနည်းအမြွက်စကားကို ဟောကြားတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်လျှင်...

ဒါယကာ အထက် ငါတို့ ကျောက်ဆည်မြို့အနီး ခရီး သုံးတိုင်ခန့်အကွာ ရေဝန်းရှာ ဘုန်းကြီးကျောင်း၌ ခိုအောင်းဆည်းကပ် နေထိုင်သူ ငယ်ဖြူမဟုတ် ဝုဗုပဗ္ဗဇ္ဇိတကြီးမှ သက်န်းဝတ်သော တောထွက်ကိုရင်ကြီးတစ်ပါးသည် စိတ်ထား တက်ကြွ မြွောက်ပင့်ပြောဆိုကြသော စကားကို အားကြီး နှစ်သက်လေ့ရှိသသတ်။ တစ်နေ့သ၌ ဥပုသ်နေ့ ကြုံကြိုက်သဖြင့် ရွာ၌နေသူ လူကြီးလူငယ် အပေါင်းတို့သည် ကျောင်းသို့ သီလခံလာကြလျှင် နိက္ခမကိုရင်ကြီး အခန်းသို့ တမ်းမှန်း ဝင်ရောက် ကြလျက် သူက ငါက ပြောဆိုသည်မှာ သာမညမဟုတ် တုတ်သော ဓားသော ကုန်ကုန်ကြီး ပြောလိုက်မည် ဟောတို့ ကိုရင်ကြီး ရင်ဘတ်က အင်းသတ္တိတန်ခိုး ဘယ်လက်နက်မျိုးမှ ထိုးမဝင်, ခုတ်မရ, ပစ်မရဘူးကရို့" ဤကဲ့သို့ ပြောလိုက်က အမြွောက်ကြိုက် ကိုရင်ကြီးသည် ရတ်ခြည်းပြီးထထည့်၍ မိမိ၏ ဦးခေါင်းနှင့် ကျောင်းနံရံ ပျဉ်ထောင်ကို တုန်လှုပ်အောင် တိုက်လေသတဲ့။

ထိုအခါ ဆရာကျောင်းထိုင်ဘုန်းကြီးက ညည်းညူပြောဆိုသည်မှာ ခက်ပါဘိ ကရို့...၊ ဟိုဘက်ကိုရင်ကလည်း ကျောင်းပြိုလုခမန်း ဘယ်သတ္တိစမ်းလေဘိဟု လှမ်း၍ မြည်တွန်ရာ "မှန်ပါဘုရား... ဥပုသ်စောင့် ဒကာများက ဘုရားတပည့်တော် ဘာသာ နေထိုင်သည့်အရာကို အခါခါ မြွောက်ပင့်၍ ချီးမြှင့်ပြောဆိုကြသည့်အရေး ကြောင့် ဆေးစွမ်းကို သိစေဟု မိမိ၏ ဦးခေါင်းနှင့် ကျောင်းနံရံ ပျဉ်ထောင်ကို တစ်ဆောင်လုံး တုန်လှုပ်အောင် ရတ်တရက် တိုက်၍ပြပါသည်ဘုရား"ဟု လျှောက်ထားသောအခါ ဆရာဘုန်းကြီးက ဖြစ်ရလေ ကိုရင်ကြီး၊ ဒကာတွေ မြွောက်ပင့်နည်းကို ကိုယ်ကလည်း အသိသားနှင့် မိုက်မှားချက် လွန်လေသည်ဟု တွန်မြည်ပြောဆိုလေသည်။

ထိုအခါ ဥပုသ်စောင့် ဒါယကာတို့က မှန်ပါ မြွောက်သည်မဟုတ်၊ ဆေးရုပ် ဆေးကြောင် တစ်ကောင်လုံး, တစ်ကိုယ်လုံး အသားဖုံးပါသည် ဘယ်တုန်းကမှ မပေါက်ဖူးပါဘုရားဟု လျှောက်ထားလျှင် နောက်တစ်ဖန် တအားခုန်လျက် ကျောင်းတုန်အောင်တိုက်ပြန်ရာ "မိုက်ပါဘိ ကိုရင်ကြီး ပြောဆို၍မပြီးသေးဘူး ဘယ်နည်းကြောင့် တိုက်ရပြန်သနည်း"ဟု ဘုန်းကြီးကမေးသော် "တပည့်တော်

www.burmeseclassic.com



တိုက်သည်ကိုသာ မြင်သည်” ကျောင်းပေါ်တွင် ဒကာတွေ မြှောက်နေသည်ကိုဖြင့် ဘုန်းကြီးက မသိဘူး” ဟုဆိုသတဲ့ မောင်ဖော့ရဲ့။

ဤအတူ ယခုလည်း ဒါယကာ မောင်ဖော့က အုတ်ဖို ရှင်ဥက္ကံသမာလာနှင့် ငါဆရာ အငြင်းထွက်သည်ကိုသာမြင်၍ မြှောက်ပေးနေတဲ့ ဒကာတွေကိုတော့ မသိဘူး-ဟု မိန့်တော်မူသော စကားအဆုံးတွင် တအုံးအုံး ရယ်မောကြလေကုန်သတည်း။

---

## ၆၆ သူခိုးမဟုတ်ဘူးဟု ငြင်းဆိုသော်လည်း အလင်းကိုမှ မထွက်ရဲတော့ ခက်ခဲဘိတောင်းဟူသော ဥပမာဖြင့် မကြွလာသော မထေရ်တစ်ပါးနှင့် စပ်လျဉ်း၍ နားနေရင်း မိန့်ဆိုတော်မူခြင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားကြီးသည် အသီးသီးသော ထေရ, နဝ, မဇ္ဈိမ, ပဏ္ဍိတသမဏရဟန်း တပည့်တပန်း ခြံရံလျက် အရှေ့ဘက်တစ်ခွင် နယ်အစဉ်ဖြင့် ရွှေကျင်မြို့သို့ ဆိုက်ရောက်တော်မူရာ လာလာသမျှ ရှင်လူ မြို့သူ မြို့သား ယောကျ်ား မိန်းမတို့ကို ဩဝါဒ နက်လေး နည်းကောင်းပေး၍ တိုက်ကျွေးတော်မူရာ အတန်ကြာသော် ဆရာတော်ဘုရားကြီးသည် ကျိုက်ထီးရိုး စေတီ မွေသရီဓာတ် အရှင်မြတ်ကို ဆည်းကပ်ပူဇော် ဖူးမြှော်ကန်တော့တော်မူ လိုသော မနောပဏီဓိ နှလုံးသွင်း ရှိတော်မူသည်နှင့် ရွှေကျင်မြို့မှ ထွက်ပြီးလျှင် ကျိုက်ထီးရိုးတောင်သို့ ရှေးရှုကြွသွားတော်မူခဲ့သည်။

ဆရာတော်သည် ကန္တာခရီး မြိုင်တောကြီးသို့ အရောက် သစ်တစ်ပင်အောက်၌ ကွန်းထောက် နားနေတော်မူဆဲတွင် အရညကင် ရဟန်းတော်တစ်ပါးသည် အဖော်မပါ ကေစာဖြင့် မနီးမဝေးမှ ကြွသွားသည်ကို ဒါယကာများမြင်၍ စကား လပ်လျဉ်း ပြောဆိုကြသည်မှာ–ဤမထေရ်သည် ရာမညတိုင်း တလိုင်းသုံးရပ်၏ အတွင်း၌ သီတင်းဖြူစင် အရညကင်နှင့် ခုတင်ပဋိပတ် အကျင့်မြတ်ထူးလွန်သော ပုဂ္ဂိုလ်မွန်တစ်ပါး ဖြစ်ကြောင်းများနှင့် လျှောက်ထားပြောဆိုကြ၏။

ထိုအခါ ဆရာတော်ဘုရား သွား၍ပင့်ချေဟု သုံးကြိမ်တိုင် စေသော်လည်း မနေ့မဆိုင်း ကြွမြဲတိုင်း ကြွတော်မူလေသတည်း။ ပင့်၍မရသော အကြောင်းစကား ကို ဆရာတော်ဘုရားအား လျှောက်ထားရာ မိန့်သည်မှာကား… အင်း လူကောင်း

www.burmeseclassic.com

www.burmeseclassic.com



လို့သာဆိုသည် မီးရောင်ကို မထွက်ရဲတော့ ခက်ခဲဘိတောင်းဆိုသော စကားကဲ့သို့ ဖြစ်သည်ဟု မိန့်တော်မူရာ များစွာသော တပည့်အပေါင်းတို့က ဥပမာအကြောင်းကို ထင်ရှားအောင် မြွက်ကြားတော်မူပါဘုရားဟု လျှောက်ထားခွင့်တောင်းသောအခါ ဆရာတော်ဘုရားက–

## လူကောင်းဆိုသော်လည်း

လွန်လေပြီးသောအခါ ရွာတစ်ရွာတွင် ညဥ့်အခါ ခိုးသူလာလျှင် အိမ်ရှင်က နိုးသဖြင့် သူခိုးလား, လူကောင်းလား ခြေသံကိုကြားရသည်။ အဘယ်သူများ ဖြစ်လေသနည်းဟုဆိုလျှင် ထိုခိုးသူက လူရိုးလူကောင်းပါခင်ဗျားဟု ပြောကြားကာလ အိမ်ရှင်ကပြောသည်မှာ လူရိုးသဘောမှန်က အမြန်မီးရောင်သို့ ထွက်ခဲ့လောဟု ခေါ်ရာ ကျွန်တော် အလင်းကိုဖြင့် မထွက်ပါရစေနှင့် သက်သက်လူကောင်းပါဟု ပြောဆိုလျှင် အသင် လူကောင်းဟု ပြောဆိုသော်လည်း အလင်းကိုမှ မထွက်ရဲတော့ ခက်ခဲဘိတောင်း–ဟု အိမ်ရှင်က ဆိုသတဲ့ တပည့်တို့ရဲ့။

ဤအတူ ယခု မင်းတို့ ဘုန်းကြီးမှာလည်း လူကောင်းလို့သာဆိုသည်၊ အလင်းကို မထွက်ရဲသကဲ့သို့ ပရိသတ်ထဲ ခေါ်လို့မရဘူးဆိုတော့ ထိုပုဂ္ဂိုလ်အား စဉ်းစားဆင်ခြင်ရန်ရှိသည်။ မိမိက ဝိနည်းတရားကို လေးစားထောက်မြှော်ခဲ့လျှင် ငါဆရာတော် မထေရ်ကြီး ခရီးကြုံကြိုက်သဖြင့် တွေ့ဆုံလိုသော သဘောနှင့် အကြိမ်ကြိမ်ပင့်သည်ကို လာခွင့်သင့်လျက် မလာမကြွနေသည်။ "အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ" နည်းပါးလိုသည်ကိစ္စ ပေါ့သောဖြစ်ခြင်းရှိရမည် ဆိုသော်လည်း ထိုပုဂ္ဂိုလ်မျှမဟုတ် ရှင်ဥပဂုတ် ရဟန္တာသည်ပင် တောင်သမုဒ္ဒရာ၌ ကြွေးပြဿာဒ်တွင် ခိုအောင်းလျက် ကိုယ်ကောင်းကိုရှာ ကိုယ်ချမ်းသာရန် နလုံးထား၍ တစ်ပါးတည်းနေသော်လည်း မထေရ်ကြီးတို့ အမိန့်တော်နှင့် စေသဖြင့် ပါဋလိပုတ်ပြည်သို့ လာရဟာန်ကို ကျမ်းဂန်၌ ထင်ရှားရှိသည်။

သို့အတွက် လူကောင်းဟု မင်းတို့ခေါ်သော်လည်း ဆရာတော် စိတ်တွင် သံသယမကင်းသည်မှာ "အလင်းကိုမှ မထွက်ရဲတော့ ခက်ခဲဗိတောင်း" ဆိုသကဲ့သို့ရှိမည် ငါထင်သည် တပည့်တို့။ ဤကဲ့သို့ ဟောကြားမိန့်ဆို၍ ထိုထိုနောက်ပါ အများ တပည့်သား အသီးသီးတို့နှင့် ကျိုက်ထီးရိုးသို့ ကြွသွားတော်မူလေသတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၆၇–"ငါပြောသည့်စကား ဟန်ကိုက်လျက်နှင့် ငစံမိုက်ကြောင့် ငါ့ကျားငယ်သည်" ဟူသော ဥပမာဖြင့် လျှောက်လာသူ ဒါယကာအား မိန့်ကြားတော်မူခြင်း

အခါတစ်ပါး သင်္ဂဇာ ဆရာတော်ဘုရားသည် တပည့်သား ရဟန်းအပေါင်းတို့နှင့် စမ်းကျတောကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးတော်မူသောအခါ ဒါယကာတစ်ဦးသည် ညွတ်နူးရိုသေစွာ ပင့်လျှောက်လာသည်ကား...

အရှင်ဘုရား တပည့်တော်များရွာမှာ ဒါယကာအများတို့က သုံးပါးသော စေတနာနှင့် ရသာဘောဇဉ် ချိုချဉ်မွှန်မြတ် အရပ်ရပ်တို့ဖြင့် ဆက်ကပ်လှူဒါန်းလိုပါ၍ ဆရာတော်ဘုရားနှင့်တကွ တပည့်သား ရဟန်းတော် အကုန် အရဏ်အတက် နက်ဖြန်နံနက်အခါ ကြွလာတော်မူပါ။ ဆွမ်းဘုဉ်းပေးပြီးသောအခါလည်း ဒေသနာ ယပ်လှဲတရားကို ဟောကြားတော်မူပါဘုရား... ဟု လျှောက်ထားတောင်းပန်သည်။

သင်္ဂဇာဆရာတော်ဘုရားကြီးက မင်းတို့ကာလနယ် အစစ ဆန်းပြားလေသည်။ မြတ်စွာဘုရား ဟောကြားတော်မူသော ပိဋကတ် အစောင်စောင်ထဲမှာ ယပ်လှဲတရား, ယပ်ထောင်တရားဟု ခွဲခြား၍မရှိ။ ဒကာများအလို စရိုက်သို့ ဘုန်းကြီးများကလိုက်၍ လူကြိုက်ရာ ဟောသောကြောင့် ယပ်လှဲသော ယပ်ထောင်သော ဖြစ်ကုန်သည်။ မူလက ပြောစကားဟန်ကိုက်လျက် "ငစံမိုက်ကြောင့် ငါ့ကျားငယ်သည်"ဟူသော စကားကဲ့သို့ ဖြစ်ချေသည်ဟု မိန့်တော်မူလျှင် အပါးတွင်ရှိသော ဒါယကာက ဥပမာစကားကို ထင်ရှားအောင် မိန့်တော်မူပါဘုရားဟု လျှောက်ထားကြသည်။

ဆရာတော်ဘုရားက... ရှေးသောအခါ အရှည်ဝါခိုမှီးသော တောကျောင်းဘုန်းကြီးတစ်ပါးသည် တရားကို နှလုံးသွင်းလျက် တောတွင်း၌ တစ်ပါးတည်း သီတင်းသုံးသတတ်။ ထိုအခါ ရွာတစ်ရွာမှ ဒကာငစံဆိုသောသူသည် မထေရ် တောကျောင်းဘုန်းကြီးထံသို့သွား၍ ခစားဝတ်ပြုပြီးသောအခါ လျှောက်သည်မှာကား... အရှင်ဘုရား ကိုယ်တော် တစ်ပါးတည်း တောကြီးလယ်ကောင် ကျောင်းတစ်ဆောင်နှင့် ညဥ့်မှောင်မိုက်ခါ မကြောက်ပါလော။ သတ္တဝါသစ်ကျား ဘေးရန်တွေများသဖြင့် တောကြီးတွင်နေ၍မလျော် တပည့်တော်များ ရွာကျောင်းသို့ ရွှေ့ပြောင်းသီတင်းသုံးတော်မူပါဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော် တောကျောင်းပုဂ္ဂိုလ်က မြွက်ဆိုမိန့်ကြားသည်မှာ... ဒကာ လျှောက်ထားသောစကားသည် မှန်၏။ ယမန်နေ့ည နေဝင်ပြီးစ အချိန်အခါ ဆရာကျောင်းပေါ်မှ သက်ဆင်း၍ သစ်ပင်ရင်းတွင် ပုတီးစိပ်နေဆဲအခိုက်၌

www.burmeseclassic.com



လာလိုက်သည့် ကျားကြီးနှယ် မငယ်ပါဘူးဟုဆိုရာ ဒကာစကေ မှန်ပါဘုရား မြင်လိုက်သောကျားသည် ဘယ်လောက်များကြီးမည် ထင်ပါသနည်းဟု လျှောက်ထား လျှင် အမှန်အားဖြင့် ထိုကျားကောင်သည် ကိုးတောင်လောက်ရှိမည် ထင်မြေသည် ဟု ပြောသောအခါ ညာဝါလိမ်လည် မတည်ကြည်သော ဒကာစဲသည် ရယ်ဖွယ် ပြုလုပ်လျက် လက်ခုပ်လက်ဝါးတီး၍ မထေရ်ကြီးအား ဤသို့လျှောက်၏။

## တောကျားဟာ ငါးတောင်တော့ရှိသည်

အရှင်ဘုရား ဤကဲ့သို့သောစကားကို မိန့်ကြားတော်မမူပါနှင့်။ ကျားဟူသော အကောင်သည် ရှစ်တောင် ကိုးတောင် ကြီးမြဲမဟုတ်။ သေးနုပ်သောစကားကို လူကြားက ရယ်ဖွယ်ရာ ဖြစ်လတ္တံ့ဟု လျှောက်သောအခါ ဒကာမောင်စံ ငါ အမှန်မုချဟု မပြောသေး ဝေးဝေးက လှမ်းမြင်ရသည်အထင်အားဖြင့် ဤအကောင် သည် ခုနစ်တောင် ခြောက်တောင်ဖြင့် ရှိလိမ့်မည်ဟု မထေရ်ကြီးက လျှော့၍ ပြောပြန်ရာ ဒကာစကေ ရယ်မြဲရယ်ပြီးလျှင် လူမှုကို မကျွမ်းကျင်တော့ အရှင်တို့ အလွန်ခက်သည်။ သက်သက်အမှား နောက်ကိုဖြင့် မပြောကြားပါနှင့် တောသား သတ္တဝါ ဤကျားကောင်သည် ခုနစ်တောင် ခြောက်တောင် မကြီးဘူးဘုရား၊ မိကျောင်းမင်းကို ရေခင်းပြသည်ဟု သဘောမထားပါနှင့် လူကြားတော့ ရယ်မှာ စိုး၍ လူမရှိသည်အခါ တိုးတိုးပင် လျှောက်ပါသည်ဘုရားဟု ဆိုလျှင် ထိုတောကျောင်း ဘုန်းကြီးက မနီးမဝေးက လှမ်းမြင်ရတာမို့ အမှန်အထင်နှင့် သဘောအရကို ပြောပြပါတယ်။ မင်းက ဘယ်လိုပင် ငယ်သည်ဟု ပြောကြားသော်လည်း တောကျား ဆိုသောအကောင်သည် ငါးတောင် မုချရှိရမည်ဟု ဆို၏။

## ကြီးလျှင် လက်တစ်ဝါးရယ်

ထိုအခါ ငစံဆိုသည့်အကောင်က လှောင်ချင်သည့် စိတ်ထားနှင့် တဟားဟား ရယ်ပြီး၍ မကြီးဘူးသည့်လောက် အရှင်မောက်လွန်းသည်ဟု ဆိုပြန်က မောင်စံရဲ့ မှန်မှန်လျှောက် ငါ့အား မလှည့်စားနှင့် ကျားဆိုသည်ဝယ် အဘယ်မျှလောက် ကြီးသနည်းဟု မေးသောအခါ ဒကာစကေ နောက်တစ်ဖန် မလွဲအောင် တစ်ခါတည်း မှတ်ထား "ကျားဆိုသည်မှာ ကြီးလျှင် လက်တစ်ဝါး၊ ငယ်လျှင် လက်လေးသစ် မျှသာ ရှိပါသည်ဘုရား"ဟု လျှောက်ထား၍ ငစံနေအိမ်သို့ ပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်အလင်း သီတင်းနေ့ကြ၍ အလုံးစုံသော ရပ်သူရွာသား ဒါယကာ, ဒါယိကာမအများတို့သည် ရှစ်ပါးသီလ စောင့်သုံးရန် လာကြပြီးလျှင် မထေရ် တောကျောင်းဘုန်းကြီးထံ သီလခံ၍အပြီး မထေရ်ကြီးအား လျှောက်ထားကြသည်မှာ အရှင်ဘုရားသည် သစ်ကျားဘေးရန် အတန်တန်တို့နှင့် ပျော်စံသီတင်းသုံးသည်မှာ လွန်စွာအားငယ်ဖို့ ရှိပါသည်၊ တပည့်တော်များ ရွာကျောင်းသို့ ရွှေ့ပြောင်း သီတင်းသုံးတော်မူပါဘုရားဟု လျှောက်ထားခွင့်တောင်းလျှင် ဘုန်းကြီးက အမိန့်ရှိသည်မှာ...

ဒကာတို့ အများလျှောက်တင်သော စကားသည် မမှားဧကန် အမှန်ဖြစ်တော့သည်။ တစ်နေ့ညက ငါသည် ကျောင်းပေါ်မှ သက်ဆင်း၍ သစ်ပင်ရင်း၌ ပုတီးစိပ်နေရာ လာလိုက်သော ကျားသည် ကြီးမားလှသည်ဟုဆိုလျှင် အရှင်ဘုရား မြင်သောကျားသည် အဘယ်လောက်များ ကြီးပါသနည်းဟု လျှောက်ထားကြသော အခါ ဒကာမောင်စံသည် လှောင်ဉာဏ်နှင့် လျှောက်သောစကားကို ဟုတ်ဟုတ်ညားညား အကယ်ထင်မှတ်၍ မရပ်မဆိုင်း ပြောသည်မှာ ဒကာများတို့ အထင်အားဖြင့် ထိုကျားသည် "ကြီးလျှင် လက်တစ်ဝါး၊ ငယ်လျှင် လက်လေးသစ်ခန့်" ရှိလိမ့်မည်ဟု တည်ကြည်သော မျက်နှာထားနှင့် ဒကာများအားပြောလျှင် တသောသော ရယ်ကြကုန်၏။

## စံမိုက်ကြောင့် ငါ့ကျားငယ်ရ

ထိုအခါ တောကျောင်းဘုန်းကြီးက အဘယ်နည်းကြောင့် ရယ်ကြကုန်သနည်းဟု မေးရာ ဒါယကာတစ်ယောက်က ထောက်၍ပြောဆိုသည်မှာ ဆရာနှင့်တကာ သင်ရှာသည်မမှတ်ပါနှင့် အရှင်မြတ်ကျားက လက်တစ်ဝါး လက်လေးသစ်ဆိုလျှင် လူမရှိသေလောက်သောစကား မခံညားလောက်အောင် ရှိပါသည်ဟု လျှောက်၏။ ထိုအခါ ဆရာတော် တောကျောင်းဘုန်းကြီးက မေးသည်မှာ၊ ဒါယကာတို့ သို့ဖြစ်ဥ်းသော် ကျားသည် အဘယ်မျှလောက် ကြီးသနည်းဟု မေးရာ မှန်ပါ ကျားဆိုသော သတ္တဝါသည် ကြီးသောအကောင်မှာ ကိုးတောင်, ရှစ်တောင်၊ ငယ်သောအကောင်များမှာ ငါးတောင်, လေးတောင် ရှိမြဲဖြစ်ပါသည်ဟု လျှောက်သော် "တောက်ခေါ်အောင် ညည်းလျက်" တောကျောင်းဘုန်းကြီး မိန့်ဆိုသည်မှာ ငါအစက ပြောထားသည့်အရာ ဟန်အကိုက်သား "စံမိုက်ကြောင့် ငါ့ကျားငယ်ကုန်သည်" ဟူ၍ ဆိုသတဲ့ ဒကာရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဤဥပမာကဲ့သို့ ယခုလည်း ရှေးရှေးသော ဆရာကြီးတို့လက်ထက် အဆက်ဆက်က အရိုးအတိုင်း ဟောလာကြသည့်အရာ အကောင်းသား ဒကာများကြောင့် ကျားငယ်ကုန်သည်ဟု အမိန့်ရှိလျှင် အပါးတွင်ရှိသော ဒါယကာနှင့် များစွာသော ရဟန်းအပေါင်းတို့သည် ကောင်းစွာဟောပြ နေရာကျပါပေသည်ဟု သာခုကာရ အကြောင်းနည်းဖြင့် ကောင်းချီးပေးကြလေကုန်သတည်း။

---

## ၆၈–"ဂုဏ်တော်ဖွင့် အလွန်ကောင်းသည်ဟု လူပေါင်းတို့ ပြောသော်လည်း ဣတိပိသောအတိုင်းပင်" ဆိုသော ဥပမာဖြင့် မိန့်တော်မူခြင်း

အခါတစ်ပါး သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် တပည့်ရဟန်းများ အပေါင်းနှင့် မြောင်းမြမြို့ အပါအဝင် မြေနီကုန်းရွာသို့ ရောက်တော်မူသောအခါ ဒါယကာတစ်ဦးသည် ဖူးမြော်ရန်အကျိုးငှာ ရောက်လာခစား၍ လျှောက်ထားသည်မှာ–

အရှင်ဘုရား၊ ကောင်းမှု၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်အရ ပုညကျေတ္တသဘောကို ယောနိသော မနသိကာရအားဖြင့် အဘယ်သို့များ မှတ်ယူရပါ အံ့နည်းဟု လျှောက်ထားသည်။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားသည်မှာ ဒါယကာ အရိယာသံဃာတော်နှင့် ယခုရှိသော သမုတိသံဃာတော်များသည် အယူသီလအားဖြင့် တူမျှကြလေသောကြောင့် သဘောအားဖြင့် ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူကြပါလေသည်။ ထိုအကြောင်းကြောင့်ပင် ကောင်းမှုစိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်သည်မှာ ယုံမှားမရှိရာ။ အရိယာတို့နည်းတူဟုပင် စိတ်ကရည်စူး၍ ကြည်လင်သော စေတနာသဒ္ဓါတရားဖြင့် ဖူးမြော်ကြည်ညိုပါ။ ဒီအကြောင်းမှာ များစွာဟောကြားဖို့မလို၊ ကျယ်ဝန်းစွာ ဟောကြားနေလျှင်လည်း ကျောက်ဆည်မြို့ အဝင်အပါ ကြက်မှျားရွာက တောထွက်ကြီးစကားကဲ့သို့ မထူးမခြားပင် ဖြစ်လိမ့်မည်ဟု မိန့်တော်မူသည်။

ဒါယကာများက ဥပမာ၏ အဓိပ္ပာယ်ကို အကျယ်အားဖြင့် ဟောကြားပါမည့် အကြောင်း လျှောက်ထားကြသောအခါ ဆရာတော်က ဤသို့ ဟောကြားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆည်မြို့ အဝင်အပါ ကြက်မှုများရွာတွင် ရွာနေဘုန်းကြီးကို မိုက်ကို နေထိုင်သူ ငယ်ဖြူမဟုတ် တောထွက်ကြီးတစ်ပါးရှိသတဲ့။ တစ်နေ့တွင် ဥပုသ် ရက်ကြုံသည်နှင့် ရွာနေသူ ဒါယကာတို့သည် ကျောင်းသို့ ဥပုသ်စောင့်လာပြီး ဒါန၊ သီလ၊ ဘာဝနာအကြောင်းများကို ဟောကြားဆွေးနွေးကြသည်။ သူတို့သည် တစ်ယောက်နှင့်တစ်ယောက် မတူညီဖြစ်နေသည်။

ထိုအခါ ဘုရားရှင်၏ ဂုဏ်တော်ဖွင့်ကို နှုတ်တက်ရသူတစ်ဦးက အဖြတ် အတောက် မှန်မှန်ကန်ကန်နှင့် ရွတ်ဆိုပြသရာ ကောင်းလှပါပေသည်။ ဤစာမူကို အဘယ်သူကရေး၍ သင့်ကိုပေးသနည်း။ သဒ္ဓါတရားတိုးပွားဖို့ အလွန်ကောင်း သည်ဟု ပြောသောစကားကို တောထွက်ကြီး ကြား၍ ဒါယကာများထံ အမြန်လာပြီး ကောင်းလှပါသည်။ သဒ္ဓါတတရား တိုးပွားဖွယ်ဖြစ်လှပါသည်ဆိုသော စာကို ရွတ်ပြစမ်းပါဟု ပြောလေသည်။

ထိုအခါ စောစောက ရွတ်ပြသူဒကာက "သောဘဂဝါ ထိုမြတ်စွာဘုရားသည် ဣတိပိ–ဣမိနာစ ကာရဏေန–ဤသို့ ဖြဟ္မာနတ်လူ ခပ်သိမ်းသူတို့၏ ကြည်ဖြူ ကော်ရော်၊ ပူဇော်အထူးကို ခံတော်မူထိုက်သော သတ္တိကြောင့် အရဟံအရဟာမည် တော်မူပါပေ၏။ ဤသို့ ရွတ်ပြလိုက်သော် တောထွက်ရဟန်းကြီးက ဤသို့ မိန့်တော်မူသတဲ့။ ဂုဏ်တော်ဖွင့် ကောင်းလှပါသည်ဟု ဆိုသော်လည်း ငါတို့ ရဖူး တဲ့ "ဣတိပိသော အတိုင်းပင်"ဟု ဆိုသတဲ့ ဒကာရဲ့။ ဤအတူ ယခုလည်း ဒါယကာအား ဆရာတော် ဟောကြားသော်လည်း "ဣတိပိသော အတိုင်းပင်ရှိမည်" ဟု မိန့်တော်မူရာ လျှောက်ထားသူ ဒါယကာနှင့် များစွာသော လူအပေါင်းတို့သည် ကောင်းမြတ်သော စေတနာ သဒ္ဓါတက်ပွားလျက် အားကြီး နှစ်သက်ကြကုန် သတည်း။

---

## ၆၉–"ဥပုသ်သည်အဆာပြင်း၍ ကမ္ဘာချဉ်းအောင်ခံမည့်ညဉ့်ကြီး"ဟု ဆိုသော ဥပမာဖြင့် ဒါယကာအများကို မိန့်ကြားတော်မူခြင်း

အခါတစ်ပါး အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရုဟူသော ဘွဲ့တံဆိပ်ဖြင့် ခတ်နှိပ်ပူဇော် အလှူတော်ခံရသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် တပည့်သား အပေါင်းအဖော်နှင့် မော်လမြိုင်၌ ခေတ္တသီတင်းသုံးနေတော်မူစဉ်

www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်မြို့သား ဒါယကာအများတို့သည် ဆရာတော်ဘုရားထံ သီလခံလာရောက်ကြရာ သီလပေး၍ ပြီးသောအခါ၌ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ...

ဒါယကာတို့ သီလစောင့်ထိန်းသောသူတို့မှာ တီရစ္ဆာနကထာဖြစ်သော စကားများကို မပြောကြားမူ၍ ဘုရားဂုဏ်ကို အာရုံပြုလျက် အနုလုံပဋိလုံ ဖြစ်သောနည်းဖြင့် ပုတီးကိုစိပ်ခြင်း, သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်တွင် တစ်ယောက်ထီးတည်း နေထိုင်လျက် ခံနိုင်သော သမာဓိတရားဖြင့် လက္ခဏာရေးသုံးပါးကို နှလုံးထားခြင်း, ယင်းသို့ ကောင်းမွန်စွာ စောင့်ရှောက်မှသာလျှင် အကျိုးများစွာရှိနိုင်သည်။ မိမိ စောင့်ထိန်းသော သီလ၏ သဘာဝ အင်္ဂါ အကျိုးအကြောင်းကို ကောင်းမွန်စွာမသိ မမှတ်မိဘဲနှင့် စောင့်ရသောသူမှာ များစွာသော နွားတို့ကို ကျောင်းလျက် နွားကောင်ပေါင်းကို မသိ၊ မမှတ်မိသော နွားကျောင်းသားသည် မိမိနွား ပျောက်သော်လည်း ပျောက်မှန်းကို မသိရှာသကဲ့သို့၊ ထို့အတူ မိမိစောင့်ထိန်းသော သီလအင်္ဂါတရားမှ တစ်ပါးဖြစ်စေ နှစ်ပါးဖြစ်စေ, အကယ်၍ ပေါက်ကြားညှိုးနွမ်းခဲ့ချေလျှင် ပုံသေမုချ မသိကြဘဲ ရှိချေမည်။ မသိသည်ကိုထား၊ အချို့လည်း သိလျက်သားနှင့် ဆာအားကြီးသဖြင့် သည်းညည်းမခံနိုင်သည့်အတွက် သီလကိုဖျက်၍ ထမင်းစားသော သူများသည် ရှိတတ်သည်။ "ဥပုသ်သည် အဆာပြင်းလှပေ၊ ကမ္ဘာချည်းအောင်ခံမည့် ညဥ့်ကြီး"ဟု ဆိုသောစကားကဲ့သို့ မဖြစ်စေကြနှင့်ဟု မိန့်တော်မူလျှင် အပါးတွင်ရှိသော ဒါယကာတို့က ဤဥပမာ အဓိပ္ပာယ်ကို နားလည်အောင် အမိန့်ရှိတော်မူပါဦးမည့်အကြောင်း ခွင့်တောင်း လျှောက်ထားကြရာ သင်္ဃာ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ...

ဒါယကာတို့... ရှေးသောအခါ ရွာတစ်ရွာ၌ ဒါယကာတစ်ယောက်သည် နောက်နောက်က သီလကို တစ်ခါတစ်ရံမျှ မစောင့်မရှောက်ဖူးဘဲ အထူးသဖြင့် မိတ်ဆွေတို့ ဖြားယောင်းသည့်အတွက် စောင့်ရှောက်မည် အောက်မေ့လျက် ကျောင်းသို့ လိုက်သွား၍ အများနှင့်အတူ သီလယူပြီးလျှင် ကြည်ဖြူစွာ စောင့်ထိန်းရာ ရှေးအခါက မစောင့်ဖူးသည်နှင့် အထူးသဖြင့် ထမင်းဆာသောကြောင့် လျင်စွာ အိမ်သို့ ပြန်သွားလျက် မယားကို ဤသို့ပြောသည်။ "ငါသည် ရှေးအခါကာလက သီလကို မစောင့်မထိန်း ငြိမ်းငြိမ်းနေသည်ကို မိတ်ဆွေတို့ ဖြားယောင်း၍ ကျောင်းသို့ ပါရသည်။ နေ့အခါမို့ ဟန်ဆောင်နေရသည် လင်းအောင် ခံနိုင်မည် မထင်၊ ထမင်းပွဲသာ ပြင်တော့"ဟု လင်က ပြောကြားလျှင် မယားကဆိုသည်မှာ တစ်ခါတစ်ရံ စောင့်သည်ကို အောင့်၍သာခံပါ။ အရဏ်လာက ကောင်းမွန်စွာ

www.burmeseclassic.com

www.burmeseclassic.com



ချက်ပြုတ်လျက် ကျွန်ုပ် ကျွေးပါမည်။ အေးအေးနေပါဟုဆိုရာ အတန်ငယ်ကြာသော် ဆာလှပြီရှင်မ ထမင်းပွဲသာ ချပေတော့ သီလပျက်က ဘယ်အတွက် ကိစ္စရှိသနည်း၊ ချမ်းသာလျှင်ပြီးရော့ပ၊ အောင့်အည်း၍ မနေနိုင်ဟုဆိုလျှင် သို့စဉ်မှုလောက် ဒုက္ခကြီးမရောက်ပါနှင့် စောင့်ရှောက်သမျှကျေးဇူး ဆည်းပူးသမျှအလကားကြီးဖြစ်အောင် နလုံးမသွင်းပါနှင့် လင်းလုပြီမောင် ကြိုးစား၍တင်းပါဟု တမျှင်းမျှင်း အားပေး သီလပျက်လျှင် ခက်မည့်အရေးကြောင့် နားချပြောဆိုသည်။

## ကမ္ဘာချဉ်းမည့်ညဉ့် မစောင့်နိုင်

ထိုအခါ လင်ဖြစ်သူက "ဟော့ရှင်မ နင် ငါ့ကို တရားမချနှင့်၊ အောင့်ရသူမှာ အူတကြုတ်ကြုတ် သူတော်ကောင်းလုပ်ပြီး နားရှုပ်အောင် မပြောလာနှင့် ဆာမကြာထမင်းကျွေး လင်းမှာနှင့်အဝေးသား ဝမ်းရေးကို ကြောင့်ကြလျက် အောင့်ရသူကြာပျင်းပေါ့ "ကမ္ဘာချဉ်းမည့်ညဉ့်ကြီးကို မစောင့်နိုင်ဘူး"ဟု ဆိုသတဲ့ ဒကာတို့ရဲ့။ ဤကဲ့သို့ ထမင်းဆာသည်ဟု လင်းမှာကို တာရှည်စွတကားဟု သီလများကျိုးပြီး ထမင်းအိုးကို သွားမနှိုက်ကြနှင့်ဟု မိန့်တော်မူသောအခါ ရောက်လာသော ဒါယကာတို့သည် သည်းစွာရယ်မောကြလေကုန်သတည်း။

---

## ၇၀–"ခရီးကြို မွေးအုံကိုပြောလိုက်ပါကွယ် ရွှေချဉ်ပေါင်တုံးခါမှ မောင်ဘုန်းပြန်ခဲ့မယ်" ဟူသော စကားအသွားနှင့် မှာကြားတော်မူလိုက်ခြင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားသည် များစွာကြီးရင့်တော်မမူသေးခင် ပျို့ရွယ်စဉ်အခါ ရွာတစ်ရွာတွင် ဒါယိကာမ ကျောင်းအမကြီး မမွေးအုံက အလုံးစုံသော ပစ္စည်းလေးပါးတို့ကို ချီးမြှောက်လျက် ကျောင်းဆောက် ကိုးကွယ်ထားသတတ်။

## ချဉ်ပေါင်မှ သဘောကျ

တစ်နေ့သ၌ ကျောင်းအမ မမွေးအုံသည် အာရုံရှေးရှု စိတ်ကြည်ဖြူလျက် ကပ်လှူမည်ကြံဆ၍ ချဉ်ပေါင်ဟင်းကို ကောင်းစွာချက်ပြီးလျှင် နံနက်အခါ သွား၍ ဆရာတော်ဘုရားအား ဆက်ကပ်ရာ ချက်တတ်လေ ကျောင်းအမ ချဉ်ပေါင်မှ သဘောကျသည်ဟု ပြောပြတော်မူမိလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျောင်းအမ မမွေးအုံသည် အိမ်သို့ပြန်သွား၍ လင်ယောကျ်ား ကျောင်းဒကာအား ကောင်းစွာပြောဆိုသည်မှာ ကျောင်းဒကာရဲ့ တို့ဆရာကိုယ်တော် ၏ သဘောနှလုံးသွင်း နှစ်သက်ရင်းကို မသိ၍ ချက်မိချက်ရာ ချက်ရပါသည်။ သည်အခါမှ သဘောကို သိရသည် 'ချဉ်ပေါင်ကိုမှ အကြိုက်ဆုံး၊ ဘယ်တော့မှ မမုန်းဘူးတဲ့' အထူးကြိုက်သည့် ဟင်းရွက် ဝတ္တရားမပျက်ကွက်ဘဲ ရက်ဆက် ကပ်လှူအောင် ချဉ်ပေါင်တစ်ခင်းကို နွားတစ်ရှဉ်းနှင့် ထွန်ကြလော့ဟုနိုင်းရာ များစွာစိုက်ကြ၍ ထားသဖြင့် ကြီးမားသန်စွမ်းခြင်းသို့ ရောက်လျှင် နေ့စဉ်ချက်၍ မပျက်အောင် ကပ်လှူလေသတည်း။

## ချဉ်ပေါင်ဝင်္ဍတွင်းမှ လွတ်ကင်းရန်

ထိုအခါ ဆရာတော်ဘုရားက စဉ်းစားတော်မူသည်မှာ တစ်နေ့လာလည်း ချဉ်ပေါင်ဟင်း၊ တစ်နေ့လာလည်း ချဉ်ပေါင်းဟင်း၊ ကြာသောကြောင့် မြင်ပျင်းပြီ၊ မိုးတွင်းသာချက်၍ ဆောင်းနွေဘက်သို့ကျမူ ကေန္တ ချဉ်ပေါင်တုံးသဖြင့် လုံးလုံး ပယ်ရှောင်၍ ချဉ်ပေါင်၏ ဝင်္ဍတွင်းမှ လွတ်ကင်းချေတော့မည် ကြံစည်ဝမ်းသာ၍ နေရှာသည့်အတွင်း ကြည်ညိုရင်း ကျောင်းအမ လာသည်နှင့် ဆရာတော်ဘုရားက စကားဖြင့် စုံစမ်းလျှက် မေးမြန်းတော်မူသည်မှာ ဒါယိကာမကြီး မမွေးအုံ မိုးကုန် သည့်အတွက် ချဉ်ပေါင်ရွက်များ သည်ကရွေ့ ရှားတော့မည်ဟု စကားအတည် သိလို၍ မိန့်ဆိုသောကာလ ကျောင်းအမက စိတ်ချပါဘုရား ချဉ်ပေါင်ရွက် တုံးသွားမည်ကို လားလားမျှ မစိုးရိမ်ပါနှင့်။ အိမ်တွင် နွားကျွဲနှင့် ထွန်ကြ၍ လုပ်ထားပါသည်။ အများပင် ဖြစ်ပါကြောင်းနှင့် လျှောက်ထားပြန်သွားလေသတည်း။

ထိုအခါ ဆရာတော်ဘုရား စဉ်းစားတော်မူသည်မှာ ငါ့ထင်သည့်အတွေး အပုံကြီးဝေးတော့သည်။ ပြေးမှပင် သင့်တော့မည်ဟု ကြံရည်သည့်စိတ်နှင့် တိတ်တဆိတ် ထွက်သွား၍ အခြားအရပ်၌ သီတင်းသုံးနေတော်မူလေ၏။ ကာလ ကြာသော် ရွာမှလူအများ အရပ်တစ်ပါးသို့ သွားကြမည်ကိုကြား၍ အားထား ကြည်ညိုသူ ကျောင်းအမ မမွေးအုံက အဲလုံးစုံစကားဖြင့် မှာကြားသည်မှာ... ရပ်ရွာ တစ်ပါး သင်တို့သွား၍ ဘုန်းဘုရားကိုတွေ့သော် "ကျောင်းအမ မျှော်ပါသည်၊ ကိုယ်တော် ကြွလာစေလိုသော အကြောင်းများကို မှာထားလိုက်ပါသည်"ဟူသော စကားကို လျှောက်ထားလိုက်ကြပါဟု မှာသည်။ ထိုလူများတို့သည် အရပ်တစ်ပါးသို့ ထွက်သွားသောအခါ ဆရာတော်နှင့် တွေ့ကြုံသဖြင့် မမွေးအုံက မှာလိုက်သော

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ပြန်ပြောင်းလျှောက်ထားသော် ဆရာတော်က မှာကြား၍ စာပါးလိုက်သည်မှာ... "ခရီးကြို မွေးအုံကို ပြောလိုက်ပါကွယ်, ရွှေချည်ပေါင်တုံးခါမှ မောင်ဘုန်း ပြန်ခဲ့မယ်" ဤကဲ့သို့ မှာကြားလျက် စာပါးလိုက်သောအခါ ရောက်လာသော အရပ်သားတို့သည် ပြန်သွား၍ ကျောင်းအမအား စာပြမှ ဖြစ်ရရှာလေသည်ဟု နှလုံးသွင်းလျက် နေရင်းကျောင်းသို့ ခွင့်တောင်းလျှောက်ထား၍ ပင့်သွားကြပြန်လေသတည်း။

* ဤအကြောင်းများကို မှတ်သားသိမြင်ရသဖြင့် သင့်တင့်တော်လျော် ရုံမျှ ပြောဆိုသော စကားကို ဟုတ်ဟုတ်ငြားငြား ထင်မှတ်သောအရာတွင် များစွာ အသုံးပြုရန် သင့်ပေသတည်း။

---

## ၇၁–ကောက်ရသော ဘူးနီကလေးနှင့် ဆေးပေး၍ ကုစားသော သမားနှစ်ယောက်တို့ကို ပမာထား၍ ဒါယကာအား မိန့်ကြားတော်မူသောအကြောင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားကြီးသည် အသီးသီးသော တပည့်ရဟန်းအပေါင်းတို့နှင့် အနောက်ချောင်းသို့ ကြွတော်မူရာ ဆေးဆရာတစ်ဦးသည် အထူးအားဖြင့် ဆရာတော်ဘုရား မျက်နှာတော်ကို ဖူးမြော်လိုသောစိတ်ထားနှင့် ခစားဝတ်ပြုလာသောအခါ သင်္ဂဇာဆရာတော်ဘုရားကြီးက ဒါယကာ–ဘယ်ပညာကို အားကိုးအဘယ်အတတ်မျိုးနှင့် အသက်မွေးသနည်းဟု မေးတော်မူ၏။

ထိုအခါ ဒါယကာက "အရှင်ဘုရား တပည့်တော်သည် ဗိန္ဒောဆနဝုတိထိုက်အလျှောက်ရှု၍ ဆေးကုခြင်းပညာနှင့် သားမယားကိုကျွေး အသက်ကို မွေးပါသည်ဘုရားဟု လျှောက်ထားသောအခါ ဆရာတော်ဘုရားက ဤသို့ မိန့်ကြားတော်မူသည်။

### ကောက်ရသော ဘူးနီနှင့် ဆေးကုသူ

ဒါယကာ– သူတစ်ပါးတို့အား ဆေးဝါးကုသ၍ ကြည့်ရှုရသော အရာသည် သာမညမဟုတ် ဒုက္ခဝေဒနာ ပြင်းစွာခံရသော သူတစ်ယောက်ကို ပျောက်ကင်းချမ်းသာပါစေဟူသော အာသီသမနော ယောနိသောမနသိကာရ ပုဗ္ဗင်္ဂမအမှူ ရှေ့သွားပြု၍ ကုသ ဆေးပေးခြင်းမဟုတ်ဘဲ ထမင်းတစ်လုတ်ဟူသော အကြောင်း

www.burmeseclassic.com



ကြောင့် မကောင်းသော နှလုံးသွင်းခြင်း အယောနိသော မနသိကာရ လာဘ်ကို ရှေ့ထား၍ ကုစားပေးကမ်းလျှင် အပါယ်လမ်းသို့ ရောက်ခြင်း၏ အကြောင်းသာ ဖြစ်သည်။ ယောနိသော မနသိကာရ ကောင်းသောဆန္ဒပင် ရှိစေကာမူ ပညာနည်းပါး၍ ဆေးမှားကို သွင်းမိပြန်က မိမိ၏ ပယောဂနှင့် မလွတ်မကင်း သေခြင်းသို့ ရောက်ခဲ့ပြန်လျှင်လည်း ဝန်ကြီးတစ်ခုဖြစ်လျက် စိတ်ညစ်ခြင်း ဝိပ္ပဋိသာရ ဖြစ်တတ်လှချေ၏။ သို့ဖြစ်၍ လာဘ်ကိုပေးသဖြင့် အသက်မွေးမှု လုံလောက်က မပျောက်မှု ရှိစေ၊ ယင်းကဲ့သို့ အနေနှင့် သူတစ်ပါးကို မကုစားလေနှင့် "ဘူးနီကလေးတစ်လုံး ကောက်ရ၍ မထောက်မဆ ကုစားသော သမားယောင် နှစ်ယောက်ကဲ့သို့ ဖြစ်ချေမည်"ဟု မိန့်တော်မူ၏။

ထိုအခါ ဆေးဆရာက အရှင်ဘုရား ဘူးနီနှင့်ကုစားသော သမားယောင်တို့၏ ဥပမာစကားကို မိန့်ကြားတော်မူပါဘုရားဟု လျှောက်ထားလျှင် သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ...

ဒါယကာ ရှေးက အရပ်သားနှစ်ဦးတို့သည် စိတ်ကူးမရသည်နှင့် လမ်းမသို့ လျှောက်သွားရာ ဆေးသမား၏ အိတ်တွင်းမှ လျှောဆင်း၍ ထွက်ကျသော ဘူးနီတစ်လုံးကို တွေ့ရှိကောက်ရသဖြင့် တစ်ယောက်က ပြောသည်မှာ ငါနှင့်သင်သည် ဤဘူးတွင်ရှိသော ဆေးတစ်ပါးနှင့် သမားအယောင် တူစွာဆောင်၍ ယုံအောင် ပြောဆိုလျက် ထိုထိုအရပ်သို့ လှည့်ပတ် ဝါကြွား၍ ကုစားရသော် သင့်လျော်မည်ဟု တိုင်ပင်နှီးနှော သဘောချင်း တူမျှသော် မူလက ဆေးဆရာ မဟုတ်သော်လည်း အိတ်ချုပ်၍ ဘူးကိုထည့်ပြီးလျှင် ဆရာတပည့် လှည့်ပတ်၍ အရပ်တစ်ခုသို့ရောက်သော် ဆေးကုချင်သော အကြောင်းကို ပြောကြားရာ ရောဂါစွဲ အသည်းအသန်ခံနေရသော သူနာကို ကုသပါ နှင်းအပ်သဖြင့် ပေးသွင်းရန် အထူးမရှိ ဘူးနီ၏ အတွင်း၌ ပါရှိရင်းဆေးနှင့် တိုက်ပေးကုသ၏။

## နှစ်ခွက်ဆင့်တိုက်ပုံ

ထိုအခါ ဘူးနီတွင် ပါသောဆေးသည် အရေးကုန် အစွမ်းပြလျက် ဝမ်းကျသက်လျှော့သည်နှင့် ပြောပြပြန်ကြားရာ သမားလူလိမ် ပညာတိမ်တို့က အကြိမ်ကြိမ် အမျိုးမျိုး အားကိုးပြောင်းလွှဲ၍ တိုက်စရာ အပိုမပါသောကြောင့် ဝမ်းနည်းစရာ မဟုတ် သည်အပုပ်တွေ ခိုသောကြောင့် သည်ရောဂါ မပျောက်။ ဤမှနောက်

www.burmeseclassic.com

www.burmeseclassic.com



လွတ်ကင်းမည်ဟု ဖွတ်အတင်း အချက်မသင့်ဘဲ နှစ်ခွက်ဆင့် တိုက်သည်တွင် ခေါင်းငိုက်စိုက် မသက်သာ၍ အသက်ပါဆုံးရှုံးခြင်းသို့ ရောက်လေ၏။

ထိုအခါ လူနာ၏ အရှင်တို့က ၎င်းတို့ကို ရှေးက ဤဆေးကိုသွင်း၍ ဝမ်းဆင်းသည် ပြောပါလျက် နောက်ဆက်ကာ ပေးပြီးလျှင် ဤဆေးချည့်သွင်းကြ၍ အနာမှ မထမြောက် သေခြင်းသို့ ရောက်ရသည်။ မှုချပင် ငါမခံဟု သူကြီးထံ တိုင်ကြားလျှင် ဆေးသမားတို့ကို စစ်မေးသည်မှာ ဝမ်းကျဆေးကိုချည့် ထပ်၍ တိုက်သည်ဟု တိုင်ကြားသည်။ ထိုစကား မှန်သလောဟု စစ်ကြေမေးမြန်းရာ မှန်ပါသည် ထွက်ဆို၍ ထိုသူနှစ်ဦးတို့ကို အထူးအပြစ်ဒဏ် ထားသော်လည်း ကျေးဇူးများအံ့ရာသည် မမြင်၊ ချင်းတို့ကိုပင် ဤမသာကို လျင်မြန်စွာ နှစ်ယောက်ထမ်း၍ သွားမြဲလမ်းသုသာန်၌ မြှုပ်နှံသင်္ဂြိုဟ်ကြရမည်ဟု စီရင်ချက် အမိန့်ချလေ၏။ ဆေးသမားလူလေတို့သည် လူသေကို ထမ်းသွားကြရာ တပည့်မှာ ပေါင်နှစ်ချောင်း စပ်ကြား၌ ခေါင်းထား၍ ထမ်းသည်တွင် လမ်းတစ်လျှောက်လုံး တပည့်၏ပခုံး၌ သေဆုံးသူဒွါရမှ လျှောကျသော မစင်သည် ကိုယ်တွင် လူးပေး၍ သေမတတ် ဒုက္ခရောက်လေ၏။

သုသာန်သို့ ရောက်၍ လျင်မြန်စွာ မြှုပ်နှံပြီးလျှင် ပြန်လာကြသောအခါ ဆရာပြုလုပ်သူက ပြောဆိုသည်မှာ ငါ့တပည့် စိတ်မပျက်နှင့် နောက်ဆက်၍ တစ်ရွာရွာတွင် သူနာကို တွေ့အောင်မေး ဆေးပေး၍ ကုသရလျှင် အသင်နှင့် ငါသည် အသပြာရွှေငွေကို ရလတ္တံ့၊ လုံ့လကို မလျှော့နှင့်ဟု ဆို၏။

ထိုအခါ တပည့်က အခါခါအတန်တန် လာမပြောနှင့် ကုချင်ကု မကုချင်နေ "လူသေ၏ ဖင်ဘက်သဖြင့် မစင်ထွက်မှာကြောင့် ငါမထမ်းဘူး"ဟု ဆိုသတဲ့ ဒါယကာရဲ့။

ဤအတူ ဒါယကာမှာလည်း ဆေးဆရာလုပ်သည်ဟု လျှောက်ထား၍ ဆရာတော်ဘုရားက အထူးမှာရသည်၊ ဘူးနီဆရာများလိုဖြင့် မလုပ်ပါနှင့်ဟု အမိန့်ရှိသောအခါ ဆေးဆရာနှင့်တကွ လာသမျှ ပရိသတ်အားလုံးတို့သည် တအုံးအုံး ရယ်မောကြကုန်လေသတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၇၂-ဆွမ်းတော်ကြီးကပ်ခြင်းနှင့် စပ်လျဉ်း၍ လျှောက်ချက်ကို ဆင်နှင့်ကြွက် ပမာထား၍ ဒကာအား မိန့်ဆိုခြင်း

မန္တလေး ရတနာပုံ ဧယျုံမန်းချက် နန်းကနက်ကို ငွေရွှက်ထိးဖြူ ပစ္စုမိုးဖြင့် တန်ခိုးကွန့်လျက် ဘုန်းပန်းမြတေ ရွှန်းရွှန်းဝေသော ရေမြေသခင် ဘဝရှင် ပဥ္စမသင်္ဂါယနာတင် ဘုရင်မင်းတရားကြီးသည် အသီးသီးသော တံဆိပ်တော်ရ ဆရာတော်တို့ကို ပင့်၍ သင့်တင့်လျှောက်ပတ် ကောင်းမြတ်ဖွယ်သော ဘောဇဉ် ဆွမ်းတို့ဖြင့် လှူဒါန်းဆက်ကပ်ခြင်း ကိစ္စပြီးလျှင် မင်းတရားကြီးက အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်နာမံတော်ရှိသော သင်္ဂဇာဆရာတော်ဘုရားကြီးကို လျှောက်ထားသည်မှာကား...

အရှင်ဘုရား၊ ရှေးရှေးသော ဘေးလောင်းတော်, ဘိုးလောင်းတော်တို့လက်ထက် အဆက်ဆက်က ဆင်းသက်၍ ယခုကာလတိုင်အောင် တန်ဆောင်မုန်းလသို့ ကျ ရောက်လျှင် တန်ဆောင်တိုင်မီးပွဲ ပူဇော်ညှိထွန်း၍ ဆွမ်းတော်ကြီး ကပ်ကြရာ၌ မီးပွဲမှာ ဆိုဖွယ်ရာမရှိ။ ဆွမ်းတော်ကြီးကပ်သည့် အရာဌာန၌ ညအခါကပင် ပြင် ဆင်ခင်းကျင်း သန့်ရှင်းတင့်တယ် ဖွယ်ဖွယ်ရာရာ ပြုလုပ်ကြသည်မှာ ညအခါဖြစ်၍ စင်စစ်မသင့် အခွင့်မတော် မလျော်တန်အား ဘုရား၌ အဂါရဝဖြစ်သည် တစ်ကြောင်း, လူအပေါင်းတို့မြင်က ချီးမွမ်းအံ့သြ ထောမနာစေချင်သည့် လက္ခဏာ ပါရှိသည်တစ်ချက်ကြောင့် မနှစ်သက်ပါဘုရားဟု လျှောက်ထား၏။

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒကာတော် ရေမြေ့ရှင် ညဦးကပင် ခင်းကျင်း-ခင်းကျင်း, လင်းမှပင် ကပ်ကပ် နှလုံးသွင်း သင့်မြတ်လျှင် လျှောက်ပတ်သည်ချည်းပင် ဖြစ်မည်။ အဘယ်ကြောင့်နည်းဟူမူ လှူသောသူ၏ နှလုံးသွင်း ကောင်း,မကောင်းသော အကြောင်းရင်း မူလဖြစ်သော ကြောင့်တည်း။ ထိုကြောင့်-

> ယောနိသော မနသိကာရာဒီ စတုက သမ္ဘတ္တိယာ ကုသလံ။
> တဗ္ဗိပရိယာယေန အကုသလံ။

ဟူ၍ ဋီကာ၌ မိန့်သည်။ ယောနိသော မနသိကာရာဒိ စတုက သမ္ဘတ္တိယာ၊ ယောနိသော မနသိကာရ အစရှိသော လေးပါးသောအကြောင်းနှင့် ပြည့်စုံခြင်း ကြောင့်။ ကုသလံ၊ ကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။ တဗ္ဗိပရိယာယေန၊ ထိုမှ ပြန်သောအားဖြင့်။ အကုသလံ၊ အကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ လာသည်ကို ထောက်ထားဆင်ခြင်သော်၊ ညဦးက တင်သောသူမှာလည်း စေတနာ သဒ္ဓါတရား တက်ပွားကြည်ညိုစေရန် ရည်သန်ခြင်း ယောနိသောမနသိကာရ–အလိုဖြင့် ကုသိုလ်ရ၏ဟူ၍မှတ်။ နံနက်မှကပ်သော သူမှာလည်း ဤအတူ နှလုံးထား၍ ဘုရားကို အာရုံပြုလျှင် ကုသိုလ်ရ၏ဟူ၍ပင် သဘောထား။ မိမိတို့ သဒ္ဓါတရားအလိုက် ကိုယ့်စိတ်နှင့်ကိုယ်ကိုက်လျှင် ကြိုက်တာအသင့်ချည်း။ ဆင်နှင့် ကြွက်သတ္တဝါ နှစ်ကောင်တို့ ကိုယ့်အတောင်နှင့် ကိုယ်ပြောတော့ ချော့သွားတာပဲဟု ဆိုသလိုပ ဒကာတော်ရယ်ဟု စကားကိုတန့်၍ ငုံ့ဆိုင်းတော်မူသောအခါ ဒါယကာ မင်းတရားက ဆက်၍ ဆင်နှင့်ကြွက် အဓိပ္ပာယ်ကို နားလည်အောင် မိန့်တော်မူပါဟု လျှောက်ထားပြန်သောအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူပြန်သည်မှာ...

ဒကာတော်မင်းတရား နှလုံးထားလော့၊ ရှေးသောအခါ ဆင်နှင့် ကြွက်တို့သည် မိတ်ဖက်အဆွေပြု၍ တစ်ခုသောအရပ်၌ မပြတ်ပေါင်းသင်း နေထိုင်ကြ၏၊ အခါတစ်ပါး ဆင်ကပြောကြားသည်မှာ... သတ္တဝါအဆွေကြွက် အနိုင်အထက်ပြုလုပ်၍ ကျွန်ုပ်ကို ဆင်တစ်ကောင်လိုက်သောကြောင့် ဒုံးတိုက်၍ပြေးရာ ကျောက်ကုန်းမှာ သစ်ကိုင်းထိုးမိသဖြင့် ဒဏ်ရာပြိုပေါက်သည်မှာ နှစ်တောင်လောက် ရှိသည်ဟု ဆိုလျှင် ကြွက်က ဆက်၍ပြောပြန်သည်မှာ သတ္တဝါအဆွေဆင်မင်း ကျွန်ုပ်မှာလည်း ညှာတာသနားခြင်းမရှိသူ ကြောင်လိုက်၍ တော၌ ထွက်ပြေးရာ ကျောမှာ နှစ်တောင်လောက် ပြိုပေါက်သော ဒဏ်ရာသည် မခံသာအောင် ရှိနေသည်ဟု ဆို၏။

ထိုအခါ ဆင်က အသင်အဆွေကြွက်မင်း အစရင်းကမှ နှစ်တောင်မရှိပဲလျက် သင်၏ကိုယ် တစ်ထွာမျှနှင့် အနာက ကြီးနေပါတကားဟု ဆိုလျှင် "အသင် ဆင်ပြောင် သင့်မှာလည်း သင့်အတောင်နှင့် ငါ့မှာလည်း ငါ့အတောင်နှင့် တို့နှစ်ကောင်မှာ ကိုယ့်အတောင်နှင့်ကိုယ် အကိုက်ချည်းမို့ မကြိုက်မရှိပါနှင့် ဆင်မင်း"ဟူ၍ ဆိုသတဲ့ ဒကာတော်ရဲ့။

ယခုလဲပဲ "ကိုယ့်စေတနာနှင့်ကိုယ့်အကိုက်ချည်းပါပဲ၊ မကြိုက်မရှိပါနှင့် ဒကာတော်"ဟု သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသောအခါ များးစွာ နှစ်သက်အားရတော်မူလေသတည်း။

---

www.burmeseclassic.com

www.burmeseclassic.com


## ၇၃–သက္ကာယကွာရန်ကို မဟာဒဏ်ဝန်ပုဆိုးပျောက်၍ မိုးသောက်မှ သိသည်ဟူသော ပမာစကားဖြင့် ဒါယကာအား မိန့်တော်မူခြင်း

အင္ဂမြော အစဖြာလျက် အက္ခရာရှန်းဟိတ် ဗုန်းဖိတ်တောဇာ လွန်ကြွေညာသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် ရောဝတီ နဒီကမ်းယံ မြို့မြင်းခြံသို့ အရံသံဃာ နောက်ပါအများ တပည့်သားတို့နှင့် ကြွသွားတော်မူသောအခါ ဆရာဖေဆိုသော ဒါယကာတစ်ဦးသည် ဖူးမြင်ရန် ချဉ်းကပ်၍ ဝပ်စင်းလျှောက်ထားသည်မှာ... အရှင်ဘုရား တပည့်တော်အား သက္ကာယဒိဋ္ဌိ ကုန်ဆုံး၍ ငါတစ်လုံးပျောက်အောင် သဘောထား၍ ဟောကြားတော်မူပါဘုရားဟု လျှောက်ထားသည်။

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒကာ မောင်ဖေ– မင့်ကို ငါ သနားသောကြောင့် တရားဟောချေလျှင် "သာမဏေကလေး ရောက်၍ ငါပျောက်နေမှာ စိုးရိမ်ရသည်"ဟု ဤမျှမိန့်တော်မူလျှင် ယခင်ဆရာဖေက သာမဏေရောက်၍ ငါပျောက်သည့်အကြောင်းကို လူအပေါင်း မှတ်သားရအောင် မိန့်ကြားတော်မူပါဘုရားဟု လျှောက်၏။

ထိုအခါ ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ... "ဒါယကာ နာခံလော့၊ မဟာဒဏ်ဝန်တစ်ယောက်သည် စုံထောက်ကြည့်ရှုခြင်းဖြင့် အမှုအခင်းကို ရှာဖွေရာ သာမဏေကလေးတစ်ပါးသည် မိဘများအိမ်သို့သွားရာ အတန်ကြာသောအခါ ညအခါ မှောင်မိုက်၍ ကျောင်းတိုက်သို့ အပြန်တွင် မဟာဒဏ် ဝန်မင်းနှင့် အရပ်တွင်း လမ်းပေါ်တွင် ကံချော်၍ တွေ့ကြုံလျှင် ရှင်သာမဏေငယ် ဘယ်အတွက်ကြောင့် ညဉ့်အခါ သွားလာလည့်ပတ်သနည်း။ အပ်မအပ်ကိုလည်း မစူးစမ်း၊ သင်္ကန်းကိုလည်းမရုံ၊ လမ်းဆုံ လမ်းခွ စိတ်ထင်ရာကြွပြီးလျှင် သာရုပ္ပ မဖြစ်သော အမှုကို သင်ပြုလျက်ရှိချေသည်။ သာသနာပိုင်တိုက်သို့ သင်လိုက်၍ ထုချေဟု သာမဏေကိုပင့်ခေါ်၍ တိုက်တော်သို့ သွားကြရာ ညအခါ အချိန်မသင့်၍ ဝင်ခွင့်ကိုမရ နံနက်မှ လျှောက်ထားအံ့ဟု အနီးအနားဇရပ်တွင် သာမဏေနှင့် မဟာဒဏ်ဝန်တို့ အိပ်ကြလေကုန်သတည်း။

### သာမဏေ ထွက်ပြေးပြီ

ထိုအခါ မဟာဒဏ်ဝန်မှာ အလွန်အိပ်ပျော်ခြင်းသို့ ရောက်သဖြင့် ဟောက်သံကိုကြားလျှင် အမှုသွားအလျောက် ရှံ့ကြောက်တွေးမြော် အိမ်မပျော်ဘဲ အဖော် သာမဏေက ပြေးလေမှတော်မည်ဟု အိပ်ပျော်သူ မဟာဒဏ်ဝန်ပုဆိုးကို မနိုးအောင်

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းချွတ်၍ မိမိ၌ဝတ်ပြီးလျှင် ကိုယ်တွင်ပါသော သင်းပိုင်နှင့်တကွ အပေါ်ကေသီပါ မဟာဒဏ်ဝန်၌ ဝတ်ပေး၍ ထွက်ပြေးကြွသွားလေသတည်း။

## မဟာဒဏ်ဝန်ဖြစ်ပုံ

မဟာဒဏ်ဝန်မင်းသည် လင်း၍နိုးသော် ဇရပ်ပေါ်တွင် ခေါ်ခဲ့သော သာမဏေလည်းမ႐ှိ မိမိ၌ သင်္ကန်းကို တင်လွှမ်းခဲ့သည်ကိုသိလျှင် ဟင့်အင်... ငါ့မှာ "သာမဏေရောက်၍ ငါပျောက်နေပြီတကား"ဟု ချောင်ကြားတွင် ခိုပုန်း၍ တစ်နေ့လုံး နေရသတဲ့ ဒကာရဲ့။

ဤအတူ ဆရာတော်က ဒကာကို သနားသောကြောင့် တရားဟောရလျှင် "သာမဏေရောက်၍ ငါပျောက်မည်ကို စိုးရိမ်ရသည်တကား"ဟု မိန့်ကြားလျှင် တရားနာသူအများတို့သည် ရယ်အားတက်၍ နှစ်သက်ကြသောအခါ သက္ကာယကွာရန် နည်းအလျောက်ဖြင့် ချီးမြှောက်ဟောကြားတော်မူလေသတည်း။

---

## ၇၄–ဒါနမယနှင့်စပ်လျဉ်း၍ လျှောက်ထားခြင်းကို အကြောင်းပြုသဖြင့် 'ငင်း'ဟု ရေးမှားသော ရှေးစကား, ယခင်ပမာနှင့် မြင်သာအောင် မိန့်တော်မူခြင်း

အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု သုဓမ္မာဝင် သင်္ဂဇာဆရာတော်ဘုရားကြီးသည် အသီးသီးသော တပည့်တို့နှင့် ကုသိမမဏ္ဍလ နွားထူရန်နှိမ် မြန်ပုသိမ်သို့ ကြွရောက်တော်မူသောအခါ ဒါယကာတစ်ဦးသည် အဖူးအမြော်ရှေ့တော်သို့ ရောက်ဝင်ခစား၍ လျှောက်ထားသည်မှာ... အရှင်ဘုရား ဒါနမယ, သီလမယဟု ဆိုသော ကျမ်းဂန်စကားအလိုက် တိုက်ရိုက်အားဖြင့် စဉ်းစားဆင်ခြင်က နိဗ္ဗာန်ကိုမရဟု ယူရန်ရှိပါသည်။ ဤဒါန, သီလ, ဘာဝနာမှတစ်ပါး အခြားသော ကုသိုလ် မဂ်ဖိုလ် နိဗ္ဗာန်သို့ရောက်ရန် နည်းလမ်းများကို ဟောကြားညွှန်ပြ ဆုံးမတော်မူပါဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက ဒါန, သီလ, ဘာဝနာ ဤသုံးတန်နှင့် နိဗ္ဗာန်သို့ မရောက်ဟု ထောက်ထားရန် ပါဠိကိုတွေ့ရှိလျှင် လျှောက်စမ်းဟု မေးမြန်းတော်မူရာ ဒါယကာက မှန်လှပါအရှင်ဘုရား စဉ်းစားတော်မူပါ။ ဒါနမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



မယနှင့်၊ သီလမှာလည်း မယနှင့်၊ ဘာဝနာမှာလည်း မယနှင့်၊ ဤကဲ့သို့ မယ-မယနှင့်ဆိုသည်မှာ မင်္ဂဖိုလ် နိဗ္ဗာန်ကို မရဟု ဖော်ပြသော အဓိပ္ပာယ် မဟုတ်ပါလားဟု လျှောက်ထားလျှင် သင်္ဂဇာ ဆရာတော်ဘုရားကြီးက ကြုံမှကြုံရလေဒကာ၊ "ဘူမိရပ်ကို အာချာတ်ပုဒ်သူထင် ရပ်တစ်ခွင်မှာ စာသင်လယ်လှ။ သည်လိုဟာ မကြုံဖူး၊ ထူးပေ့ခင်ဗျ"ဟု ဆိုတဲ့ သီချင်းလို မင်းပြောသည့်စကား အလွန်ပင်ထူးခြားသည်။ ဟေ့ကွဲ့ဒကာရဲ့ 'မယ'ဆိုသည်မှာ နိဗ္ဗာန်ကို 'မရ'ဟူ၍ ဆိုလိုသည် မဟုတ်၊ တဒ္ဓိတ်သုတ်၏ အစီရင်ဖြစ်သောနည်းဖြင့် ပြီးခြင်းဟူသော အနက်ကို ဟောသော မယသဒ္ဒါတဲ့ကွဲ့။ ငါ့ဒကာက သဒ္ဒါမတတ်ရှာဘူး ပမာမှတ်ရန်ပါဠိမှာ-

ရူပိယမယံ၊ ရွှေဖြင့်ပြီးသော။ ရဇတမယံ၊ ငွေဖြင့်ပြီးသော။ ဇတုမယံ၊ ချိပ်ဖြင့်ပြီးသော။ ဣဋ္ဌကမယံ၊ အုတ်ဖြင့်ပြီးသော။ အယောမယံ၊ သံဖြင့်ပြီးသော။ မတ္တိကမယံ၊ မြေညက်ဖြင့်ပြီးသော။ ဒါရုမယံ၊ သစ်သားဖြင့်ပြီးသော။ ဂေါမယံ၊ နွားချေးဖြင့်ပြီးသော။

ဤကဲ့သို့ ပြီးခြင်းဟူသောအနက်ကို ဟောသော မယ-သဒ္ဒါဟု မှတ်ရမည်။ မတတ်တော့လည်း အခက်သား အလုပ်သမားအပေါင်းကို မှတ်ရာ၌ "ငင်းအတပ်များသလိုနေသည်ဟု" မိန့်တော်မူလျှင် အရှင်ဘုရား ငင်းတပ်များဟန်ကို နားလည်ရန် အမိန့်ရှိပါမည့် အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားသည်။

## အင်္ဂလိပ်သံအမတ်ကြီး

သင်္ဂဇာ ဆရာတော်ဘုရားကြီးက ဒါယကာ ငါတို့ ပဉ္စမသင်္ဂါယနာတင် ဘုရင်မင်းတရားကြီး လက်ထက်က ဆက်သရန် ပဏ္ဏာကာရနှင့် လာရသော အင်္ဂလိပ်သံအမတ်ကြီး ဖယ်ရာက လျှောက်သည်မှာ... အနောက်နိုင်ငံ လန်ဒန်နေပြည်တော်တွင် တည်သော တစ်ခုသော အလုပ်ရုံကြီးတွင် အသီးသီးသော အလုပ်သမားတို့ အခွင့်မအား၍ မလာနိုင်ပါဟူသော စကားကို ရေးသားကြရာ ရှေးဦးစွာ လူတစ်ယောက်က အပေါက်ဝ ပျဉ်ပေါ်တွင် 'ကျွန်တော်မည်သူ၊ မည်သည့်နေ့အခါက အကြောင်းအရာကိစ္စမကုန်၍ အလုပ်ရုံသို့ မလာနိုင်ပါ'ဟု ရေး၏။ နောက်နောက်လူတို့ကလည်း ကြောင်းတူကြသောကြောင့် ငင်း, ငင်းဟူ၍ အသီးသီး ရေးကြကုန်သတတ်။ နောက်တစ်နေ့အကြိမ်မှာ အိမ်၌ မယားအမွှာပူးသားဖွား၍ မလာအားသည့်အကြောင်းနှင့် ရေးပြန်ရာ အလုပ်ရုံသို့ မလာနိုင်သူ

www.burmeseclassic.com

www.burmeseclassic.com



နောက်လူတို့ကလည်း ယခင်လူ၏စာကိုမဖတ်၊ ယမန်နေ့ကလို တူသောအမှတ်ဖြင့် အုရပ်ရပ် လူအပေါင်းတို့သည် ငင်း ငင်းချည်းပင် အစဉ်အတိုင်းများ၍ ရေးသား ကြကုန်သောစာကို ဆရာကြီးဖြစ်သူက မြင်၍ စာရင်းတင်ရန် ကြည့်ရှုသောအခါ များစွာရယ်မောရ၍ အမြွာမွေးသောသူ သည်လောက်များလျှင် နေပြည်တော် လန်ဒန်၌ နေထိုင်ရန် အကွက်မအားသဖြင့် အခက်သားရှိမည်ဟု ဆိုသတဲ့ ဒကာရဲ့။

ဤအတူ အလုပ်သမားတွေ အကြောင်းမတွေးဘဲ ငင်းအရေးမှားရှာသလို ငါ့ဒကာမှာလည်း "မယ–သဒ္ဒါအယူမှားလျက် သူတစ်ပါး ရယ်ဖွယ်ရာဖြစ်နေပြီ"ဟု မိန့်တော်မူသောအခါ များစွာသော ပရိသတ်တို့သည် မရပ်မစဲ သဲသဲအုတ်အာ များစွာ ရယ်မောရ၍ သဘောနှစ်သက်ကြလေကုန်သတည်း။

---

## ၇၅–မြို့ဝန်ကြီး အရက်သောက်၍ ရှက်လောက်အောင် ထုံးပြလျက် ဆုံးမတော်မူခြင်း

ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ဆရာ သုဓမ္မာဝင် ကျော်စော ထင်သော သင်္ဂဇာဆရာတော်ဘုရားကြီးသည် ဧယျာဝဓုနတိုင်းပြည် ကေတုမတီ ဟူသော တောင်ငူမြို့ကြီး၌ အသီးသီးသော ဒါယကာ သတ္တဝါအများကို တရား ကူထောက် မဂ်လမ်းပေါက်အောင် ချီးမြှောက်တော်မူစဉ် မြို့ဝန်ကြီးတစ်ဦးသည် ယစ်မူးယွင်းဖောက် အရက်သောက်သည်ကို ကြောက်ရွံ့တုန်လှုပ်ဖွယ်ရာ များစွာ သော နိရယသံဝတ္တနိက သုရာမေရယ၏ သာဝဇ္ဇအကြောင်းတို့ကို ကောင်းစွာ သွန်သင်ဆုံးမ၍ "ယနေ့မှစ၍ ဤဘဝအတွက် အသက်ရှည်သမျှကာလပတ်လုံး မသုံးမသောက်ပါ"ဟူသော ပဋိညာဉ်ကို လျှုစေချင်ကြောင်းနှင့် ခွင့်တောင်းအလျှုခံ တော်မူသည်။

ထိုအခါ ဒါယကာ မြို့ဝန်မင်းက ဝပ်စင်းလျှောက်ထားသည်မှာ အရှင်ဘုရား ကိစ္စမရှိပါ။ အရက်ငါးဆယ်မျှသာ သောက်ပါတော့မည်ဘုရားဟု စကားမတင်မကျ ဝက်ဝုတ္တိဉာဏ်ဖြင့် ကြံဖန်သောအား စကားပရိယာယ်ဖြင့် လည်ဆယ်လျှောက် ထားသည်ကို ရိပ်မိတော်မူလျှင် သင်္ဂဇာဆရာတော်ဘုရားကြီးက မြို့ဝန်မင်း လျှောက်ထားသည့် အရက်ငါးဆယ်ဆိုသည်မှာ ရက်ပေါင်း ငါးဆယ်လား၊ သို့ မဟုတ် အချိန်ငါးဆယ်လားဟု ခွဲခြမ်း၍ မေးတော်မူလျှင် မြို့ဝန်ကြီး "ငါ၏စကား

www.burmeseclassic.com

www.burmeseclassic.com



ကို ဆရာတော်ဘုရား ရိပ်မိ၍ သိတော်မူပြီ”ဟု တိုင်ကွယ်က ခပ်ပုန်းပုန်းဖြင့် ပြုံး၍နေလေသော် ဆရာတော်ဘုရားကြီးက အပါးတွင်ရှိသော ဒကာများကို မိန့်ကြားတော်မူသည်မှာ–

ဒကာတို့ “မြို့ဝန်မင်း လျှောက်တာက ဦးပေါက်ဆိန် ရဟန်းပျက်ကဲ့သို့ နှစ်စွန်းထွက်စကားပြောသည်”ဟု မိန့်တော်မူလျှင် အရှင်ဘုရား ဦးပေါက်ဆိန် ရဟန်းပျက်သည် နှစ်စွန်းထွက်စကား ပြောသည်ကို တရားနာသောသူအများကို မိန့်ကြားတော်မူပါဟု လျှောက်ရာ ဒါယကာတို့ ရှေးက ပေါက်ဆိန်ခေါ်သော ရဟန်းကြီးတစ်ပါးသည် လမ်းခရီးသွားရာတို့၌ မျက်နှာကိုမော်၍ မျှော်ကာကြည့်ကာ သွားလာလေ့ရှိသတတ်။

ထိုအခါ အရပ်သား ဒကာများက အရှင်ဘုရား သာသနာတော်ထမ်း ရဟန်းတို့ သိက္ခာပုဒ် ဩက္ခိတ္တစက္ခု လေးတောင်မျှသာ ရှု၍သွားအပ်ကြောင်းကို ကြားဖူးမှတ်ဖူးပါသည်။ ယခု အရှင်ဘုရားမှာ အရပ်လေးပါးကို မျှော်၍ကြွတော်မူသည်တကားဟု လျှောက်ထားလျှင် ခင်ကြီးပေါက်ဆိန်က ဣန္ဒြေစောင့်မှုမတော့ ငါ့ကိုတု၍ ဘယ်ရဟန်းမှ တတ်စွမ်းနိုင်သည်မရှိ။ ငါအသိသားကပဲ၊ တစ်ပါးသော ပုဂ္ဂိုလ်တို့မှာ ဝိနည်းရှောင်သော်လည်း လေးတောင်ခန့်သာ အကြည့်များကြသည်၊ ငါကား နှစ်တောင်မျှသာ ကြည့်သည်ဟုဆိုလေ၏။

## ငါကတော့ နှစ်တောင်ပဲကြည့်တယ်

ထိုအခါ ဒါယကာများက အရှင်ဘုရားက အတောင်လျော့သော်လည်း သွားတော့ မော်လျက်ချည်း မြင်ပါတကားဟု လျှောက်ရာ ငါ့နှစ်တောင်မှာ တစ်ပါးသော ရဟန်းတို့၏ နည်းလမ်းဖြစ်သော အတောင်မဟုတ်၊ ပြဿဒိဒေဟာ နေ့ထွက်ရာဖြစ်သော ဥဒည်းတောင်နှင့် နေဝင်ရာဖြစ်သော အတ္တဂ်မတောင် ဤနှစ်တောင်ကို ရည်ဆောင်၍ ငါပြောသည်ဟု ဆိုသတဲ့ ဒကာတို့။

ဤအတူ မြို့ဝန်မင်းဖြစ်သူက “သံတူကြောင်းကွဲ စကားပြောသည်”ဟု မိန့်တော်မူလျှင် အပါးတွင်ရှိသော ဒကာအပေါင်းတို့သည် သောင်းသောင်းအုတ်အာ များစွာ ရယ်မော၍ တသောသော ဖြစ်ကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၇၆–လျှောက်ထားပုံသေချာလှသဖြင့် နေရာမကျသည့်စကားအလာကို တရားနာဖိတ်သည့် ငစံသူနှင့် သဏ္ဌာန်တူ ပမာထား၍ ဒါယကာအား မိန့်တော်မူခြင်း

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကဲ့သို့ ဂုဏ်ဟိတ်မင်္ဂလာ အစဉ်ဖြာသော သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် ရာထူးညွှန့်တော် ဖျာဒိတ်ရသော မဏ္ဍလဖေယျံ ရတနာပုံ နေပြည်တော်ကြီး၌ အသီးသီးသော စာသင်သားတို့ကို ငဲ့ညှာသနားတော်မူသဖြင့် ကြည်ဖြူစွာ ပြသပို့ချ သိတင်းသုံးတော်မူစဉ်အခါ စာဝါသနာပါသော ဒါယကာတစ်ယောက်သည် ထံတော်မှောက်သို့ ဝင်ရောက်ခစား၍ လျှောက်ထားသည်မှာ... အရှင်ဘုရား တပည့်တော်များမှာ သွားရန်လုပ်ရန် အတန်တန်သောကိစ္စ များပြားလှသာကြောင့် ပရမတ္ထအခဲအကပ်တို့ကို ကျက်မှတ် သင်ကြားခြင်းအမှု မပြုနိုင်ပါ။ လူ့ဘာသာ လူ့အလိုက် အိမ်၌ ကြည့်ရဖို့အတွက် သတိပဋ္ဌာန် ပါဌ်, အနက်ကို ကျက်မှတ်ရန် သဝေ, ဝစ္စ, ပုဒ်မ, ပုဒ်သေး, လက်ရေးကောင်းကောင်း အကြောင်းဖြောင့်မတ် သေသပ်အက္ခရာ ပီပြင်စွာ ရေးသား၍ ပေးသနားတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားသည်။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ သတိပဋ္ဌာန် ပါဌ်, အနက်ကို ကျက်မှတ်ရန် သနားပါဘုရားဟု လျှောက်ထားက အများကို ရေးပေးမည်မဟုတ်ပါ၊ မင်းလျှောက်သောအရာသည် မသေချာရမည့် နေရာမှာ သေချာသည့်လူဖြစ်၍ "ငစံသူ တရားနာဖိတ်သလို" ဖြစ်နေပြီဟု မိန့်တော်မူရာ ဒါယကာက တရားနာဖိတ်ပုံကို အလုံးစုံ သိကြားရအောင် တပည့်အား မိန့်တော်မူပါဟု လျှောက်၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... မျက်စိတစ်ဖက် မလှ အလင်းမရသူ အလှူ့ဒါယကာ မောင်ရိပ်က တရားနာဖိတ်ရန် ငစံသူကို ခေါ်၍ မြို့တော်တွင် အိမ်တကာ၌ သေသေချာချာ တရားနာဖိတ်၍ ပေးပါဟု စေခိုင်းသတတ်။

### ငစံသူထက် ကဲနေပြီ

ထိုအခါ ငစံသူဆိုသော ဒါယကာက သေသေချာချာဆိုသော စကားအတိုင်း ခိုင်းသည်အလိုက် တရားနာဖိတ်သည်မှာ 'မန္တလေးမြို့ အနောက်ပြင် တာရိုး တံခါးလမ်း လှည်းတန်းရပ်ကွက် မျက်စိကမ်းတစ်ဖက်နှင့် ကပ်ရက်တားသူ

www.burmeseclassic.com

www.burmeseclassic.com



အလှူ့ဒါယကာ မောင်ရိပ် တရားနာ ဖိတ်ပါသည်၊ စိတ်စေတနာ ရှေ့ထား၍ သားရှင်ပြု မင်္ဂလာသို့ တရားနာ ကြွတော်မူပါခင်ဗျား"ဟု ဖိတ်ကြားသတဲ့ ဒကာရဲ့။ ဤအတူ ဒကာမှာလည်း မသေချာရမည့်နေရာမှာ သေချာတော့ ဒကာ ငစံသူထက် ကဲနေပေါ့ဟု မိန့်တော်မူလျှင် အရှင်ဘုရား တပည့်တော် မှားပါပေါ့ဟု လျှောက်ထား တောင်းပန်ရလေသတည်း။

---

## ၇၇-တရားဟောစရာ ရှာမတွေ့သဖြင့် သောပြည့်ကိုမှ မခေါ်ခဲ့ရဟူသော ထုံးနည်းဖြင့် ဘုန်းကြီးဦးခေမိန္ဒကို ဆုံးမတော်မူခြင်း

လောကဓမ္မ ရာဇတန္တီ ပဝေဏီ ကျမ်းအရပ်ရပ်တို့၌ ကမ်းခတ် ကျွမ်းကျင် လွှန်သိမြင်သော သင်္ဂဇာဆရာတော်ဘုရားကြီးသည် မန္တလေးရတနာပုံနေပြည်တော်ကြီး အရှေ့ပြင် သံဃာရာမ သာသနာပိုင် ဆရာတော်ဘုရားကြီး သိတင်းသုံးတော်မူရာဌာန မဟာဝိသုတာရာမ တိုက်တော်ကြီး၌ ခိုမှီးသိတင်းသုံးတော်မူစဉ်အခါ ဒါယကာတစ်ဦးသည် အထူးကြည်ညိုသော စေတနာ သဒ္ဓါပသန္နဖြင့် အသုဘရှုဆွမ်းစင် လှူဒါန်းရန်အလို့ငှာ ကြွတော်မူပါဘုရားဟု လျှောက်ထား ပင့်ဖိတ်၏၏။

### သီလပေးမှားသူ ရဟန်းကြီး

ထိုအခါ ဆရာတော်ဘုရားသည် စာသင်သားတို့ကို စာပို့ချရန် စာဝါများ၍ မလိုက်အားသည့်အတွက် စာဝါများ ပျက်မည်ကြောင့် တောထွက်ရဟန်းကြီး ဦးခေမိန္ဒကို ကိုယ်စားလှယ် ထည့်လိုက်လေသတည်း။ အရပ်တွင်းသို့ ရောက်သော အခါ မသာအိမ်၌ ဒါယကာများကို ငါးပါးသီလပေးရာ ရှေးအခါကလည်း မပေးဖူး၍ အထူးတုန်လှုပ်လျက် စွန့်၍သာ ပေးရသဖြင့် လေးလေးထစ်ထစ် ကပြစ်ကညစ်နှင့် ပေးသွား၍ အဖျားအဆုံးသတ်မည် အရှိတွင် "တိသရဏေနသဟ ပဥ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ"ဟူ၍ ဆိုရမည်ကို ဤကဲ့သို့ မဆိုမူ၍ "တိသရဏေနသဟ ပဥ္စသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေ ဘန္တေ"ဟု အရင်းသို့ ပြန်သွား၍ အမှားမှားနှင့် ဖြစ်သွားရသတတ်။

သီလပေး၍ ဆုံးသောအခါ ဒါယကာအများတို့က တရားဟောပါဦးမည့် အကြောင်းနှင့် ခွင့်တောင်း လျှောက်ထားကြရာ ဒကာတို့-ငါတရားမရ ရေစက် သာချလိုက်ကြပါဟု ဆိုပြီးလျှင် တိုတိုရေစက်ချလျက် ထ၍ပြန်ခဲ့သည်။ ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်းသို့ ရောက်လေသော် "တပည့်တော်မှာ အရှင်ဘုရား ကိုယ်စားထည့်၍သာ လိုက်သွားရသည် ငါးပါးသီလ အဖျားချမှားရာ ဒကာတို့က တရားဟောတောင်းပန်သော်လည်း အမှန်ကိုမရ ရေစက်ချ၍ ထ–ကာပြန်ခဲ့ရပါသည်ဘုရား"ဟု လျှောက်ထားလေလျှင် သင်္ဂဇာ ဆရာတော်ဘုရားကြီးက "ငါ့ရှင်နှယ် ဖြစ်မှဖြစ်ရလေ၊ ဘိုးပြားကုန်းက ဘုန်းကြီး 'ဦးပေတလူး'လို မလုပ်ဘဲကိုးကွဲ့"ဟု မိန့်တော်မူရာ ဦးခေမိန္ဒနှင့်တကွ များစွာသော တပည့်သားတို့ လျှောက်ထားတောင်းပန်လေလျှင်... "ငါ့ရှင် တပည့်များတို့ ဘိုးပြားကုန်းရွာတွင် အစဉ်ခံ့ခိုင် ကျောင်းထိုင်သီတင်းသုံးသော ဘုန်းကြီး ဦးပေတလူသည် မည်သူ့အားမျှ တရားကိုဟောဖူးသည်မရှိ။ ကပ္ပိယဒါယကာ သောပြည့်ဆိုသောသူက တရားကိုကျက်၍ ညဥ့်နက်အောင်အံ တရားကို ပြန်သတတ်။ ဘုန်းကြီး ဦးပေတလူမှာ သူကဖြင့် တရားမဟောတတ်၊ ကပ္ပိယဉာဏ်ကောင်း တရားရကြောင်းကို လူအပေါင်းတို့ လာတိုင်း ချီးမွမ်းလျက် အစွမ်းကို ဖော်ထုတ်၍ ဂုဏ်လုပ် ပြောဆိုလေ့ရှိ၏။

တစ်နေ့သ၌ ရွာတွင် ဒမင်္ဂလ အသုဘဟု ကိစ္စတစ်ခုကြုံကြိုက်၍ ကျောင်းတိုက်သို့ လာပြီးလျှင် ဘုန်းကြီး "ဦးပေတလူ"ကို ပင့်ရာ ဒကာတို့ကိစ္စ၌ တရားဟောရမည်ဆိုလျှင် ကျောင်းကကို ငါမလိုက်ဟုပြောရာ ပင့်လာသူ ဒါယကာက မဟောရပါဘုရား၊ ငါးပါးသီလနှင့် ရေစက်ချရုံ လိုက်ကြွတော်မူပါဘုရားဟု လျှောက်၍ ကြောက်ကြောက်နှင့် ပင့်ရာသို့ လိုက်ပါရလေသတည်း။

## သာပြည့်မခေါ်ခဲ့ရလား

ထိုရွာသို့ ရောက်သောအခါ မသာအိမ်၌ ဒါယကာ–ဒါယိကာမများကို ငါးပါးသီလပေး၍ အဆုံးတွင် အားလုံးသော ဒါယကာများက တရားကလေး အနည်းငယ်မျှ ရသလောက် ချီ့မြှောက်တော်မူပါဟု လျှောက်ထားကြလျှင် ဘုန်းကြီးဦးပေတလူက လျှောက်ထားသူ ဒါယကာအား ပြောကြားသည်မှာ "မင်းတို့ဟာ ပင့်လာသူဒကာကို မေးတော့ သီလပေးနှင့် ရေစက်ချရုံတဲ့၊ အစက သည်လိုသိတာဖြင့် သာပြည့် မခေါ်ခဲ့ရလား"ဟု ဆိုသတဲ့ကွဲ့။

ဤအတူ ယခုပဲ ငါ့ရှင် မောင်ခေမိန္ဒမှာ တရားရသည့် မောင်သူရိယ ခေါ်မသွားတာ မှားနေပြီကွဲ့ဟု မိန့်တော်မူရာ များစွာ ရယ်မော၍ တသောသော နေကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၇၈–လျှောက်ထားပုံစကားလွဲ၍ တရားစွဲသည့် ငပိုင်းနှင့် ပုံနိုင်း၏ မိန့်တော်မူခြင်း

အဂ္ဂမဟာသက်ာရကာဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု သွန်းပြုခတ်နိုပ်တံဆိပ် အကွရာ ပြန့်ပြောစွာသော သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် တီးအပ်သော တရားစည်ဖြင့် လှည့်လည်ဖြန့်မြန်းတော်မူရာတွင် သန်လျင်မြို့သို့ရောက်၍ ကျိုက်ခေါက်ဘုရားသို့ တပည့်သားနောက်ပါ ဒါယကာတစ်ဦးနှင့် ဘုရားဖူးသွားကြရာ သင်္ဂဇာဆရာတော်ဘုရားက ဒါယကာအား မေးသည်မှာ ဒါယကာအဘယ်အကြောင်း အရာကို ထောက်၍ "ကျိုက်ခေါက်ဘုရား"ဟု ခေါ်သနည်းဟု မေးတော်မူ၏။ ထိုအခါ ဒါယကာက မှန်လှပါ ကျိုက်ခေါက်ဆိုသည်မှာ မြန်မာဘာသာအားဖြင့် ခေါ်ထားသည်မဟုတ်ပါ။ တလိုင်းတို့ဘာသာစကားဖြင့် မှည့်ထားသော ဘွဲ့တော် ဖြစ်ပါသည်။ ကျိုက်–ဆိုသောစကားမှာ မြန်မာလိုအားဖြင့် "ဘုရား"ဟု ခေါ်ပါ သည်။ ကျိုက်ပတန်ဆိုသည်မှာလည်း ကျိုက်က–ဘုရား၊ ပတန်က အဖြူ၊ နှစ်ပါး ကိုယူလျှင် "ဘုရားဖြူ"ဆိုလိုပါသည်။ တပည့်တော်များ ရာမညတိုင်း တလိုင်း သုံးရပ်၌ ကျိုက်ဟု ဆိုသမျှ သည်လိုချည်းမှတ်ရပါသည်ဘုရားဟု လျှောက်ထား လေလျှင် သင်္ဂဇာ ဆရာတော်ဘုရားကြီးက ဒကာရဲ့ ကျိုက်ဆိုသော ဝေါဟာရမှာ တလိုင်းဘာသာအားဖြင့် ဘုရားဟု လျှောက်သောကြောင့် သဘောပေါက်ပါပြီ "ခေါက်" ဆိုသော စကားကို လျှောက်ထားစမ်းပါဦးဟု ထပ်၍ မေးတော်မူပြန်ရာ ဒါယကာက မှန်လှပါ ခေါက်ဆိုသည်မှာတော့ မိဘဘိုးဘေး ရှေးပဝေဏီ မင်း အဆက်ဆက်က ဆင်းသက်၍ တပည့်တော်တို့ လက်ထက်တိုင် ရောက်အောင် 'ကျိုက်ခေါက်'ဟု ခေါ်ကြပါသည်ဘုရားဟု လျှောက်ထားသော် ဆရာတော်က ဩော် ဒကာနယ် ဖြစ်ရလေ အစကချီလာတော့ ရာဇဝင်တစ်စောင်လုံး ကုန်ဆုံး အောင်ပြောတော့မလိုနှင့် တိုမယ့်တိုတော့လည်း ကျိုက်ခေါက်လို့ ခေါ်ပါသည်ဘုရား တဲ့၊ မင့်စကား အဖျားရှူးတာက မင်းဘူးမြို့ တောင်ပိုင်းက "ငပိုင်းတရားစွဲသလို"ဟု မိန့်တော်မူလျှင် ထိုအခါ ဒါယကာက အရှင်ဘုရားပုံခိုင်းသည့် ငပိုင်းတို့ တရားစွဲ ဟန်ကို လင်းပြန်တော်မူပါဘုရားဟု လျှောက်ထားတောင်းပန်လျှင် သင်္ဂဇာ ဆရာတော်ဘုရားကြီးက...

www.burmeseclassic.com

www.burmeseclassic.com



## ဒဏ်ရိုက်ဖို့ပဲကောင်း

မင်းဘူးတောင်ပိုင်းက ငပိုင်းဆိုသော ဒါယကာတစ်ဦးသည် သူတစ်ထူး ရိုက်သဖြင့် ခေါင်း၌ပေါက်သွား၍ တရားစွဲအုံးမည်ဟု ရုံးသို့သွားပြီးလျှင် လျှောက်လွှာ ဖြင့်စွဲချက်မတင်ဘဲ ရှိခိုးလျှောက်ထားသည်မှာ– ဘုရားကျွန်တော်မျိုး မင်းဘူး တောင်ပိုင်းက ငပိုင်း ရှိခိုးအသနားတော်မြတ် ခံပါသည် မဟာကျေးဇူးတော်ရှင် သခင် မင်းမြတ်ဘုရား ကြည့်စမ်းပါဦး တစ်မျိုးလုံးပိုင်းရိုက်၍ ခေါင်းပေါက်သွားပြီဟု လျှောက်လေလျှင် ရုံးမင်းက စကားလုံးချင်း ဟန်မကိုက်ဘူး ဒဏ်ရိုက်၍ အစွဲ မဟုတ်သူကို ဆွဲထုတ်လိုက်ဟု အမိန့်ပေးသတဲ့ ဒကာရဲ့။ ယခုလည်းပဲ မင်း လျှောက်ထားပုံ ဟန်မကိုက်တော့ ဒဏ်ရိုက်စရာပဲ ကောင်းတော့သည်ဟု အမိန့်ရှိလျှင် တပည့်နောက်ပါ ဒါယကာနှင့်တကွ ရဟန်းတော် အပေါင်းတို့သည် သောင်းသောင်း အုတ်အာ များစွာရယ်မော၍ တသောသော နေကြလေကုန်သတည်း။

---

## ၇၉–ဃာနဒိတ္တယံ နတ္တိကို တက်သိယောင်စကား ထောက်သဖြင့် မယားကြောက်သည့် ဒါယကာနှင့် စာနာရန် သဘောထား၍ ဟောကြားတော်မူခြင်း

အဂ္ဂမဟာလင်္ကာရ ရာဇဂုရု သုမဟာဝင် သင်္ဂဇာဆရာတော်ဘုရားကြီးသည် များစွာ သော တပည့်တပန်း ရဟန်းတော် အသင်းအပင်းတို့နှင့် ဟင်္သာတမြို့သို့သွား၍ တရားရေအေး တိုက်ကျွေးဆုံးမ ခေတ္တ သီတင်းသုံးတော်မူစဉ်အခါ ဦးမေဓာခေါ် သော ဘုန်းတော်ကြီးတစ်ပါးကို ဒါယကာများက မြှောက်ပင့်၍ အလိုက်သင့် ပြောသည်မှာ... အရှင်ဘုရားသည် စကားတတ်, တရားတတ်, အရပ်ရပ်ကျွမ်းကျင် သည်။ သင်္ဂဇာဆရာတော်ဘုရားနှင့် စကားချင်းပြိုင်ဆိုင်၍ အနိုင်အရှုံး ပြောဆိုလျှင် ဘယ်လိုပုဂ္ဂိုလ်ကမှ သာကြမည်မထင်ပါဟု လျှောက်ကြားရာ ဦးမေဓာက သင်္ဂဇာ– သင်္ဂဇာနှင့် နာမည်သာ သတင်းပေါက်သည် ငါတို့လောက် ကျမ်းဂန်ကို မသင် ဖူးဘူး၊ နှစ်ဦးတွေ့ဆိုင်လျှင် ငါ့ကိုနိုင်အောင် ပြောတတ်မည်မဟုတ်ဟု ဂုဏ်ထုတ်၍ ပြောလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ဦးမေဓာ လျှောက်ထားပုံ

ထိုအခါ လျှောက်ထားသူဒကာက ဒါဖြင့် ကောင်းပြီ၊ အရှင်ဘုရား ရှေ့က သွား တပည့်တော်များ နောက်ကလိုက်မည်ဟု လျှောက်ရာ ဦးမေဓာနှင့် ဒကာတို့ ပါ သင်္ဂဇာ ဆရာတော်ဘုရားထံ စကားပြောရန် သွား၍အပါးတော်သို့ ရောက်သော အခါ ဦးမေဓာက စကားဖြင့် လျှောက်ထားမေးမြန်းသည်မှာ "အရှင်ဘုရား ဗြဟ္မာ တို့မှာ ဖောဋ္ဌဗ္ဗာရုံတရားကို ခံစားခြင်းမရှိဟု ကျမ်းဂန်၌ဆိုပါသည်။ ထိုဗြဟ္မာမင်း တို့မှာ ထိန်ဝင်းပြိုးပြောင် ရွှေရောင်, ငွေရောင်, မြရောင် ဗိမာန် အတန်တန်သော ဘုံနန်းများနှင့် ခမ်းနားစွာ ခံစားတွေ့ထိ နေထိုင်ကြသည် မဟုတ်ပါလော။ ယင်းသို့ ဘုံနန်းအဆန်းအကြယ်တို့နှင့် တင့်တယ်စွာ ခံစားလျက် နေထိုင်ကြသည်ဖြစ်အံ့ စင်စစ်အားဖြင့် ဗြဟ္မာများမှာ ဖောဋ္ဌဗ္ဗာရုံ ခံစားခြင်းနှင့် အဘယ်ကဲ့သို့ ကင်းနိုင်ပါ အံ့နည်းဟု အခက်ကြီး ထင်သောအားဖြင့် လျှောက်ထားမေးမြန်း၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... မောင်မေဓာရဲ့ ဗြဟ္မာအများတို့မှာ ပတ္တမြားဗိမာန်, ရွှေဗိမာန်, ငွေဗိမာန် အတန်တန်တို့နှင့် ပြည့်စုံသော်လည်း ဖောဋ္ဌဗ္ဗာရုံဟူသော တရားကို ခံစားခြင်း၌ ကင်းသော ရာဂ ရှိ၏ ဟူ၍သာမှတ်၊ ဋီကာကျော် ကျမ်းမြတ်၌–

ဃနဒိတ္တယံ နတ္ထိ၊ ဗြဟ္မာနံ ကာမဝိရာဂဘာဝနာဝသေန ဂန္ဓရသ ဖောဋ္ဌဗ္ဗေသု ဝိရတ္တတာယ တဗ္ဗိသယပသာဒေသုပိ ဝိရာဂသမ္ဘဝတော ဟု မိန့်ဆိုသည်။

ဗြဟ္မာနံ၊ ဗြဟ္မာတို့အား။ ကာမဝိရာဂဘာဝနာဝသေန၊ ကာမဂုဏ်၌ တပ်ခြင်း ကင်းသော ဘာဝနာ၏ အစွမ်းအားဖြင့်။ ဂန္ဓရသဖောဋ္ဌဗ္ဗေသု၊ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့၌။ ဝိရတ္တတာယ၊ တပ်မက်ခြင်း ကင်းသည်၏ အဖြစ်ကြောင့်။ တဗ္ဗိ သယပသာဒေသုပိ၊ ထိုဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, အာရုံရှိသော ပသာဒရုပ်တို့၌လည်း။ ဝိရာဂသမ္ဘဝတော၊ တပ်ခြင်းကင်းသောအားဖြင့် ဖြစ်သင့်သောကြောင့်။ ဃာနဒိတ္တယံ၊ ဃာန–အစရှိသော ရုပ်သုံးပါးအပေါင်းသည်။ နတ္ထိ၊ မရှိ။

ဤသို့ လာသောစကား နေ့,လ လိုထင်ရှားသည်။ ဗြဟ္မာများ၌ ဖောဋ္ဌဗ္ဗာရုံ ကို အလုံးစုံ ပြတ်ကင်း၍ တပ်ခြင်းမရှိဟု မှတ်ရမည် မောင်မေဓာဟု မိန့်တော် မူလျှင် တပည့်တော်လည်း ဤကဲ့သို့ပင် သဘောကျပါသည်ဘုရားဟု လျှောက်

www.burmeseclassic.com

www.burmeseclassic.com



ထားလေသော် ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ မောင်မေစာကလည်း "သောဘော-မယားကြောက်သလိုကိုး"ဟု အမိန့်ရှိ၍ သိရန် ဟောကြားတော်မူပါဟု တောင်းပန်လျှောက်ထားသည်။

ထိုအခါ ဆရာတော်က "ရွာတစ်ရွာတွင် သောဘောဆိုသော ဒါယကာသည် လွန်စွာ မယားကို ကြောက်ရသတတ်။ တစ်နေ့သ၌ အရပ်သားတို့က မယားကို ကြောက်သောသူသည် လူပင်ဖြစ်ငြားသော်လည်း ယောက်ျားစစ်စစ်မဟုတ်၊ ဟုတ်ပင်ဟုတ်သော်လည်း လူစော်မနံ၊ ကေနမလွဲ မိုက်မဲသောသူတစ်ယောက်တည်း စသည်ဖြင့် မြည်တွန်ဖွဲ့နွဲ့ ကဲ့ရဲ့ပြောဆိုသည်ကို သောဘောက မခံချင်သဖြင့် အလျင်ထ၍ ပြောသည်မှာ "သာဘောကို မင်းတို့အများက မယားကြောက်ရသည်ဟု ထင်ကြသလား ကဲ့ရဲ့မှားကြမည် မယားနိုင်ပုံကို အလုံးစုံသိချင်လျှင် ယနေ့ပင် ငါ့အိမ်သို့ လိုက်ခဲ့ကြ"ဟုဆိုရာ ရွာသား အပေါင်းအဖော်တို့သည် ခေါ်ရာသို့ လိုက်သွားကြသည်။ မယားအိမ်သို့ ရောက်သောအခါ ဆောမကြာ ထမင်းဟင်းများကို မယားက ထည့်ကျွေးရာ သေဘောက မိုက်မဲသောမိန်းမ ဟင်းကိုမျှ မချက်တတ် ဆားငန်အောင် ခတ်လေသည် ဖိနပ်နှင့်ချမည် ဆိုသည်ကာလ၊ မယားက ပြောသည်မှာ "ဟဲ့ သောဘောရဲ့၊ အမိုက်မျိုးရဲ့၊ ဘယ်ဂုဏ်ကိုး၍ ငါ့ကိုမြည်ရသလဲ၊ ဆားငန်သည့်ဟင်းကို စားပျင်းလျှင် အသာနေ၊ ဘယ် နင့်အမေလက်ထက်က ငါ့ကို နင် ငေါက်ရဘူးသလဲ"ဟု ဆဲဆို၍ပြောလျှင် သောဘော မျက်နှာပျက်ပြီး ညည်းချက်သည့်ဟင်းသည် ထမင်းနှင့် ဖက်စားတော့ အတော်သား"ဟု ဆိုသတဲ့ မောင်မေစာရဲ့။

ဤအတူ မင့်ဟာကလည်း မသင့်ရာဝင်ပြောလျက် သောဘော မယားကြောက်၍ ဆားငန်ပျောက်သလို ဋီကာကျော်စကားနှင့် အတော်သား ဖြစ်နေပေါ့ဟု မိန့်တော်မူသောအခါ နောက်ပါသူ ဒါယကာများတို့သည် တဟားဟား ရယ်မောကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၈၀–တနင်္ဂနွေသားများသည် သူတစ်ပါးထက် ထူးကြွသဖြင့် စူးရှသော ဉာဏ်အဟုန်နှင့် ပြည့်စုံသည်ဟူသော လျှောက်ဟန်ကို ထောက်ခံဖြေဆိုတော်မူခြင်း

သာသနာပြု သုဓမ္မာအဝင် သင်္ဂဇာ ဆရာတော်ဘုရားသည် များစွာသော တပည့်တပန်း ရဟန်းတော်အပေါင်း ခြံရံလျက် အောက်နိုင်ငံ အရပ်ရပ်သို့ လှည့်ပတ်စုန်ဆင်းရာ ဟင်္သာတသို့ ရောက်တော်မူသောအခါ ဒါယကာတစ်ဦးက ဖူးမြော်ရန် ခစားလျက် ဤသို့လျှောက်ထားသည်။ "အရှင်ဘုရား တနင်္ဂနွေနေ့သား များသည် သူတစ်ပါးနှင့်မတူ အမှုကွဲလွဲ နက်နဲစူးရှသော ဉာဏ်အဟုန်နှင့် ပြည့်စုံ တတ်ပါသည်။ အရှင်မြတ်လည်း တနင်္ဂနွေသား၊ တပည့်တော်များဆရာ အရှင် ဥက္ကံသမာလာ ဆရာတော်ကြီးလည်း တနင်္ဂနွေသား အထင်အရှားကြီးပဲ။ ဤမှ တစ်ပါး တွေ့ဖူးသော တနင်္ဂနွေသားဟူသမျှတို့သည် မည်သူမျှမမိုန်၍ သေးသိမ် သည်မရှိပါဘုရား"

## ဆရာတော် မိန့်တော်မူပုံ

သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒကာက တနင်္ဂနွေ ကိုသာ မှတ်ထားလို့ စနေသား ဆရာတော်ကိုတော့ မတွေ့ဖူးဘူး မှတ်တယ်ဟု မိန့်တော်မူ၏။ အမိန့်ရှိပါဘုရားဟု လျှောက်ထားရာ ရှေးအခါက စနေသား ဆရာတော်တစ်ပါးသည် သူများထက် ထူးချွန်လျက် လွန်သော ဘုန်းတန်ခိုးအာဏာ နှင့် များစွာပြည့်စုံ၏။ လာဘ်သပ္ပကာ လွန်စွာပေါများ၏။

တစ်နေ့သောအခါ ကျောင်းမှာ ကိစ္စအထူးနှင့် မျူးကြီးမှတ်ရာ သေနာပတိ အတွင်းဝန် ရှေ့နားခံ သံတော်ဆင့်၊ ပဲ့နင်း သွေးသောက်ကြီး အသီးသီးသော သူအပေါင်းတို့ ဆရာတော်ကျောင်းသို့ လာရောက်ကြရာ စနေသား ဆရာတော် ဘုရားက နေ့များကို မေးမြန်းစုံစမ်းသဖြင့် လာလာသမျှ အရပ်ရပ် မှူးများတို့သည် စနေသားချည်းဖြစ်နေသည်။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒကာတို့လည်း စနေသား–ငါလည်းစနေသား၊ ဆင်ခြင်စဉ်းစားသော် စနေသားများဟာ တန်ခိုး မသေးဘူး၊ အကျိုးပေးသည့်သူသာများသည် စသောအားဖြင့် စကားပြောဆိုနေကြ စဉ်အတွင်း ကျောင်းတိုင့်ရင်းမှာ ကပ်၍ရပ်လျက် နားထောင်နေသော ဒွန်းစဏ္ဍား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သည် ကျောင်းအောက်က ကြားလေသော် စနေသား ငါဖြစ်လျက် ဘယ်အတွက်ကြောင့် ငါတောင်းစားရသနည်း။ အကြောင်းကို လျှောက်မည်ဟု ကျောင်းအောက်မှ အပေါ်သို့တက်၍ တပည့်တော်လည်း စနေသားပါဘုရားဟု လျှောက်ထားလေသော် စနေသားဆရာတော်က ဩော်... ဖြစ်ရလေ နင့်စနေက "စနေလေ, စနေလွင့်ပဲ" နင်နှင့်ငါ တူသလားဟု မိန့်ကြားတော်မူသတဲ့ ဒကာရဲ့။ တနင်္ဂနွေပေမယ့် အဖျင်းတွေ အများသားဟု မိန့်တော်မူလျှင် အနားတွင်ရှိသော ပရိသတ်တို့သည် မတန့်မရပ်နိုင်အောင် ရယ်မောကြလေကုန်သတည်း။

---

## ၈၁–မင်းတို့ဆရာ တတ်ကျွမ်းကျင်တာက နတ်လမ်းညွှန်သလို ဖြစ်နေဟန်တူသည်ဟူသော ပမာစကားဖြင့် ဒါယကာအား မိန့်ကြားတော်မူခြင်း

ပဋ္ဌမသင်္ဂါယနာတင် ဘုရင်မင်းတရားကြီး၏ မြှောက်စား ကိုးကွယ်ခြင်းဖြင့် ထင်လင်းကျော်ကြားတော်မူသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် ဥက္ကလာပ ဒွာနဇေယျ လေးမြစ်ဆုံရာဖြစ်သော ရန်ကုန်မြို့တော်ကြီး၏ မြောက်မျက်နှာဒေသ မဟာတိဂုမ္ဘ စေတီတော်ကြီး၏ အရှေ့စောင်းတန်း ဗဟန်းဇရပ်တွင် ပရိသတ် အများကို တရားတည်းဟူသော တမွတ်ပန်းဖြင့် ဆွတ်ဖျန်းဝေငှ နည်းကောင်းပြ၍ ဆုံးမတော်မူသောအခါ ဒါယကာတစ်ဦးသည် ညွှတ်နူးသောအား ဝပ်ခစား၍ လျှောက်ထားသည်။

## ဖြည်းဖြည်း

အရှင်ဘုရား တပည့်တော်ဆရာ ကျောင်းထိုင်ပုဂ္ဂိုလ်က သင်္ကြိုဟ်ကို အကျက် ခိုင်း၍ ကိုးပိုင်းလုံးကျက်ရာ ပါဌ်အနက် အကုန်ရပါသည်။ ဤကဲ့သို့ အားထုတ် သော်လည်း သရုပ်အဓိပ္ပာယ် မကွဲပြားက ကျွဲပါးစောင်းတီးဆိုသကဲ့သို့ ရှိမည်ကြောင့် တပည့်တော်များ ဆရာကို အခါခါသွား၍ အဓိပ္ပာယ်များကို ဝေဖန်ခွဲခြမ်း၍ ပေးပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားသော်လည်း တစ်ခါလာမအားသေး ဖြည်းဖြည်းပ၊ တစ်ခါလာမအားသေး ဖြည်းဖြည်းပနှင့် ကာလသာကြာသည် ဘယ်အခါမှ ကျနအောင် ပြသမည်မထင်ပါဟု လျှောက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ အင်း–မင်းတို့ဆရာ တတ်ကျွမ်းကျင်တာက နတ်လမ်းညွှန်သလို ဖြစ်နေဟန်ရှိသည်ဟု မိန့်တော်မူရာ ဒါယကာက ဥပမာနတ်လမ်းပြကို မိန့်တော်မူပါဘုရားဟု လျှောက်ထားကာလ ဤသို့ ဟောပြတော်မူသည် "ငါတို့ ငယ်ရွယ်စဉ် ကလေးဘဝက ရုပ်သေးပွဲသဘင်ကို မိခင်နှင့်လိုက်၍ ကြည့်ရှုရာ မင်းသမီး လင်နှင့်ကွဲ၍ မြိုင်ထဲမှာ တစ်ကိုယ်တည်းဖြင့် ငိုညည်း၍နေသောအခါ သမ္မာဒေဝ နတ်သားက သနားချစ်ခင်သဖြင့် ကရင်ယောင်ဖန်ဆင်း၍ မင်းသမီးအား လမ်းညွှန်၍ ပြောသည်မှာ...

"ဟောသည်က တစ်စခန်း၊ အတော်ကလေးလှမ်းမိတော့ မည်သည့်စခန်း၊ မည်သည့်ချောက်၊ မည်သည့်မြိုင် ရောက်လိမ့်မည်၊ နောက်ကိုတော့ ငါ နတ်မင်း မျက်ခြေပြတ်၍ မပြောတတ်ဘူး"ဟု ဆိုတာလို မင်းတို့ဆရာဘုန်းကြီးမှာလည်း သင်္ဂြိုဟ်အဓိပ္ပာယ်ကို မျက်ခြည်ပြတ်၍ ပြောတတ်ဟန်မရှိဟု မိန့်တော်မူသောအခါ များစွာ ရယ်မောကြကုန်သတည်း။

---

## ၈၂–ယိမ်းပရိတ်အသင်းသားတို့ ယွင်းမှားရာထောက်ချိန်ဖို့ ပေါက်ဆိန်အဝယ်များလည်ကို ပုံထား၍ မိန့်တော်မူခြင်း

အဂ္ဂမဟာလင်္ကာရ စသည်ခတ်နိုပ် တံဆိပ်လည်ဦ ဂုဏ်ထူးရှိလျက် မင်းတရားကြီး၏ဆရာဖြစ်တော်မူသော သင်္ဂဇာဆရာတော်ဘုရားသည် များစွာသော ပရိသတ်အသင်းအပင်းတို့နှင့် ဟင်္သာတမြို့သို့ ရောက်တော်မူသောအခါ လာလာသမျှ ပရိသတ်အများတို့အား တရားစည်ကြီး ခတ်တီးဆော်ရွှမ်း၍ ခွန်းဟမြွက်ကြားတန့်နားသီတင်းသုံးတော်မူစဉ် ယိမ်းပရိတ်အသင်းသို့ ပါဝင်သူ ဒါယကာတစ်ယောက်သည် ရှေ့တော်မှောက်သို့ ဝင်ရောက်ခစား တရားနာလျက်ရှိသည်နှင့် သိစေခြင်းအကျိုးကို မြော်ကိုးရှေးရှု သနားတော်မူသဖြင့် ကြည်ဖြူစွာ ဟောကြားတော်မူသည်မှာ...

### ဂီတလိုမဟောရ

"ဒါယကာ မြတ်စွာဘုရား ဒေသနာတော်ပင် ဖြစ်သော်လည်း စင်စစ် ပကတိ မိမိတို့အသံမှ ဖောက်ပြန်ချွတ်ယွင်း၍ တေးသီချင်း အသွားဖြင့် ဟောကြားခြင်းကို မပြုအပ်။ တဏှာရာဂ ဖြစ်ပွားအောင် ကြံဆောင်ပြီးလျှင် ဆွဲငင်ဆိုဖွဲ့ ကန္တကယ

www.burmeseclassic.com



ဇာတ်ကသော သဘင်သည်တို့ကဲ့သို့ ရှည်သော ဂီတသရအသံဖြင့် ဖောက်ပြန်၍ မဟောအပ်ကြောင်းကို "ဂီတူပသညီတော ဓမ္မော န ဝဋ္ဋတိ။ ဂီတူပသညီတော၊ တေးသီချင်းဟု အမှတ်ရှိသော။ ဓမ္မော၊ တရားသည်။ န ဝဋ္ဋတိ၊ မအပ်" ဤကဲ့သို့ လာသည်များကို နှလုံးထားအပ်ကြောင်းနှင့် ကောင်းစွာဟောကြားပြီး ဆုံးမတော်မူ၏။

ဟိုအခါ ဒါယကာက ထောက်၍ လျှောက်ပြန်သည်မှာ... မှန်လှပါ၊ လူတို့၏ ပကတိအသံသည် ကြည်ညိုဖွယ်ရာ မဖြစ်သောကြောင့် အသစ်ပြုပြင်၍ ကြည်လင်သာယာအောင် ကြံဆောင်ဟောကြားရပါသည်။ မြတ်စွာဘုရားအသံတော်သည် ပါရမီပြည့်စုံခြင်းကြောင့် ကရဝိက်ငှက်မင်း၏ အသံနှင့် သဏ္ဌာန်အလားတူကြောင်း ၎င်းမြတ်စွာဘုရား၏ သာသနာတော်ကျမ်းဂန် အဘိဓာန်ဋီကာ၌... ယဿ ဘဂဝတော သရော သရေနော ပမိယတေ... ဟု လာရှိပါသည်။ ယဿ ဘဂဝတော၊ အကြင်မြတ်စွာဘုရား၏ သရော၊ အသံတော်ကို။ သရေန၊ ကရဝိက်ငှက်၏အသံနှင့် ဥပမိယတေ၊ နှိုင်းယှဉ်အပ်၏။ ဤသို့လာသည်ကို ထောက်ထားလျှင် ဘုရားကဲ့သို့ပင် သာယာစွာ ဟောသင့်မည် ထင်ပါသည်ဟု လျှောက်၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒကာရယ် မင်းတို့ ဘာသာ မင်းတို့ မှားပါ၊ အဘိဓာန်ဋီကာကို ဆွဲမထည့်ပါနှင့်။ "ငါတွင် လွဲသည် မဟုတ်၊ ပန်းဘဲဆရာက လွဲထားလိုက်တာ တသီကြီးဆိုသလို ဖြစ်နေဦးမည်ဟု မိန့်တော်မူ၏။

ထိုအခါ ဒါယကာများက လျှောက်ထားတောင်းပန်၍ လင်းပြန်မိန့်ကြားတော်မူသည်မှာ... ရှေးအခါက လူတစ်ယောက်သည် ထင်းပေါက်ရန်ရှိ၍ ပန်းဘဲ၏ အိမ်သို့သွားရာ ပန်းဘဲအိမ်မှာလည်း ပေါက်ဆိန်, ပဲခွပ်တို့ကို စီတန်းလျက် ဗန်းပြခင်းထားသဖြင့် အသွားကန့်လန့်နေသည်ကို သေချာအောင်မကြည့်ဘဲ ပေါက်ဆိန်ဟုတ်၏ဟူသော အမှတ်နှင့် ငွေ တစ်ကျပ်ပေး၍ ပြန်ပြေးလာခဲ့သည်။ အိမ်သို့ရောက်သောအခါ လျင်မြန်စွာ အရိုးတပ်၍ ကန့်လန့်ဖြတ်အသွားနှင့် ထင်းများကိုပေါက်ရာ ဘယ်တော့မျှ ကွဲမှာမဟုတ် စိတ်ရှုပ်စရာကောင်းလှလေ ရှင်မရယ်ဟု အပြင်က ညည်းညူသံကြား၍ မယားက ထွက်ကြည့်ရာ မောင်မင်း အလုပ် ပေါက်ဆိန်မှ မဟုတ်ဘဲ ဘယ်တော့ ကွဲမည်နည်း၊ အလွဲချည်းလုပ်တာကိုး။ မောင်မင်းဟာ ပဲခွပ်ရှင့်ဟုဆိုလျှင် အို-ငါမှားတာက တစ်ချောင်းပဲ၊ ပန်းပဲဆရာ လွဲထားလိုက်တာက တသီကြီးဟုဆိုသတဲ့ ဒကာရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဤအတူ ယခုလည်း တိတ်တိတ်အသာလွဲနေပါ၊ အဘိဓာန်ဋီကာကို အမှားထဲ မသွင်းလိုက်ပါနှင့်ဟု မိန့်တော်မူသောအခါ များစွာသော ပရိသတ်တို့သည် မတန့်မရပ် ရယ်မောကြလေကုန်သတည်း။

---

## ၈၃–ကြောင်စင်စစ်က မျောက်ဖြစ်အောင်ပင် တတ်သေး၏ဟူသော ရယ်ဖွယ်ရာစကားဖြင့် မိန့်ကြားတော်မူပုံ

အဂ္ဂမဟာလင်္ကာရ စသည်ဂုဏ်ဟိတ် တံဆိပ်လဥ္စ ရှန်းရှန်းငြိသဖြင့် တိသာသန ဓဇ ပေါက်လှမာတင် စွယ်စုံရှင် ဖြစ်တော်မူသော သင်္ဂဇာဆရာတော်ဘုရားကြီး သည် ရစ်ဆီးအဏ္ဏဝါ ပြန့်ပြောစွာလျက် တနင်္သာရီ ခွန်ဆီခရိုင် ကျေးလက်ပိုင် သော မော်လမြိုင်မြို့ကြီး၌ ခိုမှီးတုံစား တရားသဘင် ပွဲကြီးယင်လျက် ပျော်ရွှင် နှလုံး သီတင်းသုံးတော်မူသောအခါ ဥပမာ ဥပမေယျ သွင်းပြထုတ်ဖော် ဟော ကြားတော်မူစဥ်အတွင်း ဦးပဋ္ဌင်းငယ်တစ်ပါးသည် ဆရာတော်ဘုရားအား ဤသို့ လျှောက်ထားသည်။ "အရှင်ဘုရားသည် တရားကျမ်းဂန် လမ်းမှန်ကျွမ်းကျင် သိမြင်သည်တစ်ချက်, သူတစ်ပါးနှစ်သက်အောင် အကွက်အရာအားလျော်စွာ ဥပမာ, ဥပမေယျ စကားတို့ဖြင့် နား၏တန်ဆာ ဝါစာသိလိဌဖြစ်အောင် ကြံဆောင် ဟောကြားတော်မူနိုင်သည်တစ်ဝ၊ ယင်းသို့စသော ဂုဏ်အလုံးစုံတို့ကြောင့် ဘုံသုံး ပါးအရှင် ဘုရားသခင် ရှိတော်မူလျှင် ဧကန်ပင် ဧတဒဂ်ထား၍ ဘုရားချီးမွမ်း ခြင်းကို ခံရပါမည်ဘုရားဟု လျှောက်ထား၏။

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... "ငါ့ရှင် မောင်ပဋ္ဌင်း မင်းက အကွက်ဖော်လာတော့ ဆရာတော်ကလည်း ပြောရသေးတာပ၊ ဤမျှသာမဟုတ် "ကြောင်စင်စစ်က မျောက်ဖြစ်အောင်ပင် တတ်သေး၏"ဟု မိန့်တော်မူသော်၊ တပည့်အား ကြောင်စင်စစ်က မျောက်ဖြစ်အောင် ပြုနိုင်သော အကြောင်းများကို ဟောကြားတော်မူပါဟု လျှောက်လျှင်၊ ငါ့ရှင် သဒ္ဒါ, အဘိဓာန် များကို သင်အံအားထုတ်ဖူး၏လောဟု မေးတော်မူ၏။ ထိုအခါ ဦးပဋ္ဌင်းက မှန်လှပါ အနည်းငယ်မျှ သင်တက်ရဖူးပါ၏ဘုရားဟု လျှောက်ထားလေရာ ဗိလာ–သဒ္ဒါ၏ အထွက် အဘယ်အနက်ကို ဟောသနည်းဟု မေးတော်မူပြန်သော် ဗိလာ–သဒ္ဒါကြောင်သတ္တဝါကို ဟောပါသည်ဘုရားဟု လျှောက်လျှင် ငါ့ရှင်

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်လျှင် "ဗိလာက ဗာလီဖြစ်ကရောကွဲ့" ဗာလီဆိုလျှင်လည်း သုချိတ်နှင့် ညီအစ်ကိုပဲကွဲ့။ ဤကဲ့သို့ ကြံပါလျှင် ဗိလာ–သဒ္ဒါဟောသည့် ကြောင်အစစ်က မျောက်ဖြစ်ကရောပဟု မိန့်တော်မူလျှင် ယခင် ဦးပဥ္စင်းသည် လွန်မင်းစွာ ရယ်မောလျက် ပြောမပြီးအောင် ပုံကိုဆောင်သဖြင့် နောက်နှောင် ဥဒါန်းဖြစ်လေသတည်း။

---

## ၈၄–"မြန်မာအတွေး–ရှမ်းအပြေး"ဟူသော ဥပမာဖြင့် ဒါယကာ စူဠဂဏ္ဍီကို မိန့်ရှိဟောကြားတော်မူခြင်း

အဂ္ဂမဟာလင်္ကာရ နာမဂုဏ်ပုဒ်အိ ဂုဏ်ထူးရှိတော်မူသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် ခိုမိုးခြင်းငှာ ပြန့်ပြောစွာသော ဟံသာဝတီ ပုရိမ္ဗိုင်းမို့ ပဲခူးမြို့၌ လူတို့စီးပွား မြော်ထောက်ထားလျက် တရားတော်သဘင် ယင်တော်မူရာ စူဠဂဏ္ဍီ ဒါယကာသည် ရောက်လာသောကြောင့် တရားဟောလိုသဖြင့် ကြိုဆိုမေးမြန်းတော်မူသည်မှာ… ဒါယကာ စူဠဂဏ္ဍီဆိုသည်မှာ မည်သို့သော အခြင်းအရာကြောင့် ခေါ်ပါပေသနည်းဟု ဆီး၍မေးတော်မူလျှင် အရှင်ဘုရား ဘိုးဘွားမိဘက ပေးထား၍သာ ခေါ်ပြောနေရပါသည် အဓိပ္ပာယ်ကို ကောင်းစွာမသိပါဘုရားဟု လျှောက်ထား၏။ ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒါယကာမှာ "မြန်မာအတွေး–ရှမ်းအပြေးဆိုတာလို" ကိုယ့်ဟာကိုယ်မျှ မသိအောင် ရှိရလေသည်ဟု မိန့်ရာ မြန်မာအတွေး–ရှမ်းအပြေးကို အမိန့်ပေးတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်၍ အကြောင်းခံကို ဟောသည်မှာ…

တောအရပ် မြိုင်ရိပ်တွင် ဆန်အိတ်ကိုထမ်းလာသော မြန်မာနောက်က ရှမ်းတစ်ယောက် လိုက်လာရာ မြန်မာ၏ ဆန်အိတ်က ယိုဖိတ်ထွက်ကျသော ဆန်ကို မြင်သဖြင့် အလျင်အဆော မပီသောအသံဖြင့် "ဟေ့ မြန်မာ ဆန်အိတ်ပေါက် သည်ဟု ပြောသော်လည်း နားထောင်သော မြန်မာက မပီသောအသံကြောင့် "ဆင်အီးပေါက်သည်"ဟု ကြားလေသည်။

ထိုအခါ မြန်မာက အထင်နှင့် ဆင်အီးပေါက်လျှင် ဆင်နှင့်မဝေး အနီးကလေးဟု အတွေးနှင့် ဆင်ကို ကြောက်သောကြောင့် တောက်လျှောက်ပြေးသွားလေသတတ်။ ထိုအခါ နောက်မှပါသော ရှမ်းသည် လမ်းသို့ပြေးသော မြန်မာကိုမြင်သဖြင့် ကြောင်းအင်ကို မသိသေးဘဲ မြန်မာနှင့် ဝေးမည်ကြောင့် ပြေး၍သာ အတွင်

www.burmeseclassic.com



လိုက်ရလေ၏။ ဤကဲ့သို့ နှစ်ယောက်သား မနားမနေ ပြေးသွား၍ မောပန်းလျက် တောတန်း သစ်ပင်အောက် ရောက်သော် နှစ်ယောက်အတူ နားကြရာ မြန်မာကို ရှမ်းက မေးမြန်းသည်မှာ ဘယ်အရေးကြောင့် ပြေးရသနည်း အရေးကြီးလှပါ တကားဟု ဆိုလျှင် သင် ငါ့နောက်က ဆင်အီးပေါက်သည် ပြောသောကြောင့် အမောအပန်း ပြေးရသည်ဟုဆိုရာ ထိုအခါ ရှမ်းက ဆန်အိတ်ကို လက်ညှိုးထိုးပြမှ မြန်မာက သိလေလျှင် မိမိ အထင်လွဲမှားသည်ကို စဉ်းစား၍ ရယ်မောသော် ပြေးရသော ရှမ်းကလည်း လွဲမှန်းသိ၍ တစ်ဖန်ရယ်ပြန်လေသတည်း။

ဤကဲ့သို့ ခေါင်းချင်းဆိုင်လျက်နှင့် နှစ်ယောက်ပြိုင် ရယ်ကြရာ အမောပြေသောခါမှ အလိုရှိရာဌာနသို့ သွားကြသတဲ့ ဒကာရဲ့။ "မြန်မာပြေး၍သာ ရှမ်းပြေးရသည် အရေးအကြောင်းကို မသိဘူး"ဆိုသော ဥပမာကဲ့သို့ ဒကာမှာလည်း အကြောင်းအရာကို ကောင်းစွာမသိဘဲနှင့် ဇူဠဂဏ္ဍိ ဖြစ်ရာရသဖြင့် နစ်နာလှပေသည်ဟု အမိန့်ရှိသောအခါ တရားနာသူ ရှင်လူရဟန်းတို့သည် ရွှင်လန်းနှစ်သက်ကြလေကုန်သတည်း။

---

## ၈၅–ဆွမ်းခံရင်းရှက်စရာ မျက်နှာကို သပိတ်အုပ်လျက် စိတ်ရှုပ်ဖွယ် ရဟန်းတစ်ပါးသည် ဝမ်းသွားသောပမာနှင့်ကပ်၍ အာပတ်မသင့်ဟူသော ဘုန်းကြီးကို ထုံးနည်းနှင့် ပောတော်မူခြင်း

ရတနာပုဏ္ဏ ပြည်ဌာနၶ ပထမရဝိ ရဲရဲငြိသော သမုတိမြတ် ရာလုံးနတ်ဖြစ်တော်မူသော ပဉ္စမသင်္ဂါယနာတင် ဘုရင်မင်းတရားကြီးဆရာ သင်္ဖာဆရာတော်ဘုရားကြီးသည် အသီးသီးသော မြို့ပြည်သို့ ဒေသစာရီစခန်း တပည့်ရဟန်းတို့နှင့် ကြွမြန်းစုံဆင်းတော်မူခဲ့ရာ မင်္ဂလာနက်သန် ဘဝဂ်လျှံအောင် ကြက်ပျံမကျ စည်ပင်လှသဖြင့် မြအဏ္ဍဝါ သီတာရစ်ဆိုင် လွန်ခဲ့ခိုင်သော မော်လမြိုင်မြို့သို့ ဂေါစရဂါမ်မှီးလျက် မန်ကျည်းတောကျောင်းတိုက်၌ နှစ်သက်မယွင်း တရားသွင်း၍ သီတင်းသုံးနေတော်မူသောအခါ တောတွင်းရွာတစ်ခုကို အမှီပြု၍နေသော ဘုန်းတော်ကြီးတစ်ပါးသည် တပည့်သား ရဟန်းပဉ္စင်း အသင်းအပင်းတို့နှင့် မဆက်မဆံ ဒေသနာခံ, ဒေသနာကြားမရှိ မိမိတစ်ကိုယ်တည်း နေထိုင်ကြောင်း ကြားတော်မူသော် ထိုဘုန်းကြီးကို ပင့်ခေါ်၍ ရှေ့တော်သို့ ရောက်သောကာလ ဆုံးမတော်မူ

www.burmeseclassic.com

www.burmeseclassic.com



သည်ကား "ငါ့ရှင် မြတ်စွာဘုရား သာသနာတော်ထမ်း ရဟန်းတို့မှာ များစွာ အားမထုတ်နိုင်သော်လည်း ဝိနည်းသိက္ခာပုဒ်ကို အလေးမူသဖြင့် အရေးယူရခြင်း သဘော မြတ်စွာဘုရား ဟောခဲ့သည်။ "ဝိနယော နာမသာသနဿ အာယု။ ဝိနယော နာမ၊ ဝိနည်းမည်သည်ကား။ သာသနဿ၊ သာသနာတော်၏။ အာယု၊ အသက်တည်း။ ဤသို့လာသည်များကို ထောက်ထားသိမ်းဆည်း၍ ဝိနည်းဆိုသည်မှာ သာသနာတော်၏အသက် ပြဋ္ဌာန်းချက် ဖြစ်ရကား ဝိနည်းတရားကို အလေးဂရုပြုရမည်။ ယခု ငါ့ရှင်မှာ ဒေသနာခံ, ဒေသနာကြားမရှိ မိမိတစ်ကိုယ်တည်း ခိုမှီးနေထိုင်သည်များကို ကြားသိရသည့်အတိုင်း မှန်သလော"ဟု စစ်ကြောမေးမြန်းတော်မူ၏။

ထိုအခါ ကျောင်းထိုင်ပုဂ္ဂိုလ်က ထုတ်ဆို လျှောက်ထားသည်မှာ အရှင်ဘုရား ဒေသနာခံ ဒေသနာကြားကင်းသော်လည်း လိုရင်းအခွင့်မှာ အာပတ်မသင့်အောင် နေတတ်က သင့်မြတ်လျော်ကန်မည် ဖြစ်ပါသည်။ သို့အတွက် တပည့်တော်သည် အာပတ်မသင့်အောင် ကြံဆောင်သောအား နှလုံးထား၍ တစ်ပါးတည်း နေခြင်းဖြစ်ပါသည်ဘုရားဟု လျှောက်ထားလေလျှင် သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ–

ငါ့ရှင် "ဒွေ ပုဂ္ဂလာ အနာပတ္တိ"ဟု လာရှိသည့်စကား ဘုရား, ပစ္စေက ဗုဒ္ဓါ နှစ်ဖြာသော ပုဂ္ဂိုလ်မှတစ်ပါး အခြားသော ပုဂ္ဂိုလ်အရပ်ရပ်တို့မှာ အာပတ်မသင့်ဟူ၍ သင်မသိ၍သာ ဖြစ်သည်။ စင်စစ်အားဖြင့် ငါ့ရှင်အားလည်း သင့်မည်ပင်၊ မင်းမသင့်ဘူးထင်တာက ကိုယ့်ဟာကိုယ်လုံပြီဟု ယုံကြည်၍ သပိတ်အုပ်လျက် "စိတ်ရှုပ်ဖွယ် ရဟန်းတစ်ပါးသည် ဝမ်းသွားသော ဥပမာကဲ့သို့ အလွန်တရာ တူချေသည်"ဟု မိန့်တော်မူပြီးလျှင် အလားတူ ထုံးပြ၍ ဆုံးမတော်မူသည်မှာ... ငါ့ရှင် အထက် မန္တလေးမြို့တော်မှာ ငါတို့ ငယ်စဉ်အခါက များစွာစာတ်ချုပ်၍ ဝမ်းနုတ်ဆေးစားပြီးသော် ရဟန်းတော်တစ်ပါး ဆွမ်းခံသွားရာ လမ်းမှာဆေးမွေလျက် ဣန္ဒြေမရ ကျောင်းတိုက်ကလည်းဝေးကွာ မတတ်သာသောကြောင့် ပေတစ်ရာလမ်းနံဘေးတွင် မျက်နှာကလေး သပိတ်နှင့်အုပ်ပြီးလျှင် စိတ်နှလုံး ယုံကြည်လျက် လုံပြီဟု သဘောထား၍ တောသွားသည့်အကြောင်းကို လူအပေါင်းတို့ သိမြင်သဖြင့် မကြည့်ချင်၍ မျက်နှာကို ရှုံ့ပြီးလျှင် ခေါင်းငုံ့၍သွားရသည့် ငါ့ရှင်ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဤအတူ ယခု ငါ့ရှင်မှာလည်း "မင့်ဟာမင်းသာ အာပတ်မသင့်ဘူးထင်သည်။ ပညာရှင်တို့ ခေါင်းငုံ့နှာခေါင်းရှုံ့မှာကြောင့် ဆရာတော်က ပြောသည်"ဟု မိန့်တော်မူသောအခါ များစွာသဘောကျသည်နှင့် တောသို့မပြန် ဆရာတော်ထံ၌သာ နိယံမပြတ် ဆည်းကပ်မှီဝဲ၍ အမြဲနေလေသတည်း။

---

## ၉၆–အိမ်ရှေ့မိဖုရားကြီး လှိုင်ထိပ်ခေါင်တင်ကို ကရင်လှေလှော်သော ဥပမာဖြင့် အထူးစာနာရန် မိန့်တော်မူခြင်း

မန္တလေးရတနာပုံ မြို့တည်နန်းတည် ပဌမသင်္ဂါယတနာတင် ဘဝရှင်မင်းတရားကြီး၏ သည်းပွတ်ဥပရာဇ် ညီတော်ချစ် ဖြစ်တော်မူသော အိမ်ရှေ့မင်းကြီး၏ မြောက်သားတော်ဖြစ်သော အိမ်ရှေ့မိဖုရားကြီး လှိုင်ထိပ်ခေါင်တင်သည် သင်္ဂဇာ ဆရာတော်ဘုရားကြီးကို အိမ်တော်သို့ပင့်၍ သင့်တင့်ဖွယ်ရာ မွန်မြတ်စွာသော ဆွမ်းဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ဖြင့် ကောင်းစွာ လှူဒါန်းဆက်ကပ်ပြီး လျှင် ဦးတင်လျှောက်ထားသည်မှာ အရှင်ဘုရား မောင်တော် အိမ်ရှေ့မင်းသည် ကာမဂုဏ်စည်းစိမ်၌ တင်းတိမ်ရောင့်ရဲခြင်းမရှိ စိတ်၏အလိုသို့ လိုက်စား၍ သားငယ် မယားငယ် အဆွယ်အမြှောင် ကြံဆောင်ရှာမှီးလျက် သိမ်းဆည်းစောင့် ရှောက်ခြင်းမရှိ။ မိမိမူကား စိတ်လိုက်မှား၍ သားမယားအပေါ်၌ လော်လီမှား ယွင်းမရှိရန် အတန်တန် တရားပြ၍ ဆုံးမပါသည်။ ဤကဲ့သို့ပြုက မိန်းမတို့၌သာ အပြစ်များလျက် ယောကျ်ားတို့၌ အပြစ်မရှိသကဲ့သို့ ဟောခြင်းကို မခံနိုင်ပါ။ ဒါယကာ အိမ်ရှေ့မင်းကို နှလုံးသွင်းယဉ်ကျေးအောင် နည်းပေးဆုံးမတော်မူပါ ဘုရားဟု လျှောက်ထား၏။

### ကြောသော်လည်း မောရုံသာရှိမည်

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... အိမ်ရှေ့မိဖုရား လျှောက်ထားသည်အရ ဆုံးမ ဟောကြားရဦးမည်၊ သို့သော် တစ်ဖက်သားကို တုသဖြင့် အကုသိုလ်ကို ဂုဏ်ပြိုင်၍ မကျင့်ထိုက် "ကရင်မိုက်လှေစီးသလိုများ မလုပ်နှင့်"ဟု မိန့်တော်မူသောအခါ ဥပမာဖြစ်သမျှကို စနစ်တကျ လင်းတော်မူပါ ဘုရားဟု လျှောက်သည်အရ ဟောပြမိန့်ကြားတော်မူသည်မှာ...

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မိဖုရားကြီး၊ တောင်ပိုင်းက ရိုင်းလှစွာ ကရင်တစ်ယောက်သည် မြင်းစီး၍ မြန်မာမိတ်ဆွေ တစ်ဦးအိမ်တွင် ခိုဝင်ခေတ္တ နေထိုင်ရသတည်း။ ထိုအခါ မြန်မာမိတ်ဆွေသည် နေလာသည့်အတွင်း သင့်မြင်းကို ငါစီးမည် အချည်းနှီးမဖြစ်ရ၊ ကြောမှ ကြောရစေဟူသော နှလုံးသွင်းနှင့် မြင်းကိုဒုံးစီးသဖြင့် ချွေးဒီးဒီးကျသည်ကို မြင်ရသော ကရင်က မခံချင်သော ဒေါသမာန်နှင့် ငါကြံ၍ လက်စားချေမည်။ သင့်လှေကို ငါစီးအံ့ဟု တက်ကြီးကို ကိုင်မြှောက်လျက် အခေါက်ခေါက် အပြန်ပြန် အတန်တန် လက်စားချေသော်လည်း လှေမှာကားမမော လူသာမော၍ ပြောဆိုသည်မှာ "နင့်ကို ငါကြော၍ မောရုံသာရှိသည်၊ မချေမိဘူး"ဟု ကရင်က ဆိုသတဲ့ အိမ်ရှေ့မိဖုရားကြီးရဲ့။

ဤအတူ မိဖုရားမှာလည်း အိမ်ရှေ့မင်းကြီး မြင်းစီးသည့်အချက် များသော ကြောင့် ငါလက်စားချေသော်ကောဟု "လှေလှော်မည်များအကြံနှင့် မဟန်ဘူး" မောရုံရှိမည်"ဟု မိန့်တော်မူလျှင် လှိုင်ထိပ်ခေါင်တင် မိဖုရားကြီးနှင့် အသီးသီးသော အခြံအရံတို့သည် အတန်တန် ရယ်မော၍ တသောသော နေလေကုန်သတည်း။

---

## ၈၇–သားအမိနှစ်ယောက် မငြိမ်ဝတ်သဖြင့် ထဘီ (ထမိန်)ကျွတ်၍ အရှက်ရသော အထက်ကပမာရှိသဖြင့် ဆရာတပည့် ရဟန်းနှစ်ဦးကို အဆန်းအထူး မိန့်တော်မူခြင်း

သင်္ဂဇာဆရာတော်ဘုရားသည် များစွာသော တပည့်ရဟန်းအပေါင်းတို့နှင့် တကွ ဟင်္သာတမြို့ဒေသတွင် ကံ့ဒွါရနှစ်ပါး ကွဲပြားငြင်းခုံ မလျော်သည့် ရန်သူပုန်ကို အာဂုံတန္တိ ဉာဏ်ဂမ္ဘီစက် ဓမ္မက္ခန်လက်နက်ဖြင့် ပေါ်ထွက်လာတိုင်း ဉာဏ်ဖြတ်ပိုင်း၍ မရိုင်းမသင့် တစ်ဂိုဏ်းတင့်အောင် ကျမ်းစုံဖွင့် အသိဉာဏ်၊ ဓမ္မိကံ အမြိုက်ဆေးကို တိုက်ကျွေး သီတင်းသုံးတော်မူစဉ်အခါ အဋ္ဌကထာကျမ်းဂန်များကို အတော်အတန်အားဖြင့် သင်ကြားအားထုတ်ဖူးသူ ရဟန်းငယ်တစ်ဦးကို သူ့ဆရာက အထူးပင့်မြှောက် အားပေးလျက် ပြောရေးဆိုခွင့် အသင့်အတင့် နည်းပေးသင်ကြားလျက် ဆရာတော်ဘုရားထံ လျှောက်ထားစုံစမ်းရန် လွှတ်လိုက်လေသတည်း။

ဆရာတော်ဘုရားထံသို့ ရောက်သောအခါ ဒွါရဝါဒီ၊ ကမ္မဝါဒီ နှစ်လီသော ငြင်းခုံချက်တို့ကို ဉာဏ်သက်ထောက်ထား စဉ်းစားဆင်ခြင်သော် ဒွါရက သင့်လျော်

www.burmeseclassic.com



မည်ဟု တပည့်တော်များ ထင်ပါသည်ဟု သင်လိုက်သည့်အရ အာဂမဒဋ္ဌီ, ယုတ္တိဒဋ္ဌီတို့ဖြင့် ကြံစည်အားကိုးလျက် အမျိုးမျိုးလျှောက်ထားလျှင် သင်္ဂဇာဆရာတော်ဘုရားကြီးက အသီးသီးသော ပါဠိ, အဋ္ဌကထာ, ဋီကာအရပ်ရပ် အဆုံးအဖြတ်နှင့် တကွ ကံ, ဒွါရနှစ်ချက်တွင် အထက်လာရှိသော အာစရိယပရံပရ, သိဿာနုသိဿ အဆက်ဆက်က ဆင်းသက်မှတ်ယူခဲ့သော ကမ္မဝါဒီအယူကိုသာ အတူတူမှတ်သင့်ကြောင်း၊ ယခု နောက်ကာလမှ ဒွါရဝါဒီ ပေါ်လာခြင်းသည် အလျဉ်းပင် မသင့်ကြောင်း၊ ၎င်းကမ္မဝါဒီ, ဒွါရဝါဒီဟူ၍ နှစ်လီနှစ်မျိုး အားကိုးပြောဆို အလိုမတူ သူတစ်ဖုံ, ငါတစ်ဖုံ ငြင်းခုံကြသည်အတွက် နှစ်ပက္ခကွဲပြား ဉာဏ်လွဲမှား၍ ငရဲလားရန်ရှိကြောင်းကို ကောင်းစွာညွှန်ကြားတော်မူလျှင် ယခင် ရဟန်းငယ်သည် ပရိသတ်အလယ်မှ ထသွား၍ ဆရာအား ပြန်၍ လျှောက်လေသတည်း။

## ကမ္မဝါဒီဘက် လိုက်သည်

ထိုအခါ ဆရာဘုန်းတော်ကြီးကလည်း သူလည်းရဟန်း, ငါလည်းရဟန်း သာသနာကို ထိမ်းကြသည်။ ရဟန်းချင်းအတူတူ အသို့မူ၍ ကြောက်ရအံ့နည်း၊ ကျမ်းဂန်အသီးသီးတို့၌လည်း နှစ်နည်းပင်ပြလျက်နှင့် ကမ္မဝါဒီဘက်သို့သာ သက်ဝင်အားထားလျက် များများကြီး ပြောသည်ကို ငါသဘောမကျ၊ ငါနှင့်များပြောရလျှင် လောကတွင် နောက်မဆုတ် ကျမ်းဂန်ကို ဖော်ထုတ်၍ အဟုတ်ပင်ခုတလော ငါထပ်၍ ပြောမည်ဟု ကြိမ်းဝါးသောစိတ်ထားနှင့် ဆရာတော်ဘုရားထံ ဝင်ပြန်လေ၏။

ထိုအခါ ဆရာတော်ဘုရားက အခင်းသွားကို ရိပ်မိသဖြင့် ပိတ်ဖိတွန်းလှန်လျှင်မြန်သော ဉာဏ်သွားဖြင့် စကားဥုသို့ မိန့်တော်မူ၏။ ဒကာတို့… ရှေးသောအခါ တစ်ခုသောရွာကြီးတွင် သမီးချောရှိသူ မိန်းမကြီးတစ်ယောက်သည် စိတ်မြောက်တက်ကြွ ငါ့သမီးလှသည်ကိုပြအံ့ဟု နှလုံးသွင်းလျက် မြို့တွင်းသို့ ခေါ်သွားရာ ကြီးကျယ်စွာသော လေပွေသည် တိုက်မွှေ့ပြင်းထန် ဝါယောဓာတ်သန်သောကြောင့် ဟန်ပန်ယဉ်ကျေး သမီးပျိုကလေး၏ ထဘီအဝတ်ကို လေကွင်းကျွတ်ယူဆောင်၍ မြို့လယ်ကောင်တွင် ရှက်စရာဖြင့် မျက်နှာကို မပြဝံ့အောင် ရှိလေလျှင် အမေဖြစ်သူ မိန်းမသူသည် သူ့ကိုယ်က ထဘီချွတ်ပြီးလျှင် သမီးတွင် ကွယ်ကာသဖြင့် ရယ်စရာအများ ရှိသောကြောင့် သားအမိနှစ်ယောက်စလုံး အရပ်ထဲ၌

www.burmeseclassic.com



အရှက်ကွဲခံရသတဲ့။ အဲဒီဥပမာကဲ့သို့ မဖြစ်ရအောင် ဟန်မကျဘဲနှင့် မလုပ်ကြနှင့် ဒကာတို့... ဟု မိန့်တော်မူသောအခါ ကြားရသူအားလုံး သဘောကျ လက်ခံသွားကြလေသတည်း။

---

## ၈၁။–အားမနာရမည့်အရာတွင် အားနာချက် အားကြီး၍ သားသမီး ခြောက်ယောက်လုံး အသရေကင်းသဖြင့် အဖေအရင်းခေါ်စရာ မရှိဟူသော ပမာစကားဖြင့် ဒါယကာအား မိန့်ဆိုခြင်း

သာသနာပြု သုဓမ္မာဆရာတော် ရှစ်ပါးတွင် ပါဝင်ထင်ပေါ် ကျွန်းလုံးကျော်သော သင်္ဂဇာဆရာတော်ဘုရားကြီးသည် ဝိနည်းဓမ္မကံအားလျော်စွာ သုဓမ္မာတွင် သာသနာတော်၏ဝန်ကို အလွန်ရွက်ဆောင် အားထုတ်၍ ဥက္ကလာပ ဌာနဇေယျုံ မြို့ရန်ကုန်တွင် လေးစုံအရိယာ လျှပ်ပန်းဖြာသော မဟာတိဂုမ္ဗစေတီတော်ကို ဖူးမြော်ရန်တစ်ဝ, သာသနာ အညစ်အကြေးတို့ကို ဆေးလျှော်သုတ်သင် ပြုပြင်သောအား တရားဓမ္မ ညွှန်ပြဟောကြားရန် တစ်ချက်, အထက်မန္တလေးရတနာပုံ နေပြည်တော်ကြီးမှ အသီးသီးသော တပည့်တပန်း ရဟန်းအသင်းအပင်းတို့နှင့် စုန်ဆင်းကြွမြန်းတော်မူခဲ့ရာ မဟာတိဂုမ္ဗစေတီတော်မြတ်ကြီးကို ဆည်းကပ်ရိုကျိုး ရှိခိုးပူဇော်ပြီးခါ လာလာသမျှ ရဟန်းရှင်လူ ပြည်သူသတ္တဝါ ဒါယကာ ဒါယိကာမ အများကို တရားရေအေး တိုက်ကျွေးသီတင်းသုံးတော်မူစဉ်အခါ ဒါယကာတစ်ဦးသည် ဘာသာထူးသို့ သက်ဝင်လိုက်ပါသော သားကိုခေါ်၍ ရှေ့တော်၌ ခစားလျက် လျှောက်ထားသည်မှာ... အရှင်ဘုရား ယခု အရှင်ဘုရားထံသို့ ခေါ်ခဲ့သော တပည့်တော်၏ သားသည် အခြားသော ဘာသာသို့ လိုက်ပါဖောက်ပြား စိတ်ယွင်းမှားသည်ကို တရားသဖြင့် လမ်းပြလျက် ဆုံးမတော်မူပါဘုရားဟု လျှောက်ထားလေ၏။

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားက စကားဖြင့် မေးတော်မူသည်မှာ ဒါယကာ ကလေး မင်းသည် ဗုဒ္ဓဘာသာ မြန်မာအမျိုးအရိုး ဘေးဘိုးမိဘ အဆက်ဆက်က ဆင်းသက်ပြီးကာ ဆရာဘုန်းတော်ကြီးကျောင်း၌ အကောင်းအဆိုး အကြောင်းအကျိုးများကို သိကြားလိမ္မာရန် အတန်တန် သင်ကြားပြီးမှ 'အတတ်သားနှင့် အနာခံသည်'ဟူသကဲ့သို့ အယူတစ်ပါး လိုက်မှားယုံကြည်ရသော အချက်သည် အဘယ်အတွက်ကြောင့်နည်းဟု မေးတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



## အားနား၍ ဝင်မိပါသည်

ထိုအခါ ဘာသာတစ်ပါးသို့ လိုက်မှားမိသော သားဖြစ်သူက အရှင်ဘုရား တပည့်တော်ကို အဖော်ဖြစ်သော သူအပေါင်းတို့က ဖြားယောင်းသည့်အတွက် နေ့ရက်များစွာ အခါခါ အခေါ်များသောကြောင့် အားနာ၍ ပါဝင်မိပါသည်ဘုရား ဟု လျှောက်ထားလေလျှင် သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒါယကာကလေး တွေးလေစဉ်းစား နှလုံးထားရမည့်အချက်မှာ ပေါင်းဖက်သော မိတ်ဆွေအတွက် ပျက်ခြင်း, ကောင်းခြင်း, နှစ်ပါးကို အခြားတွင် မရှာနှင့် "အသေဝနာ စ ဗာလာနံ, ပဏ္ဍိတာနဉ္စ သေဝနာ" ဘုရားဟောလာသည်ကို ငယ်ခါက ကျောင်းများ၌ သင်ကြားဖူးသည် မဟုတ်လော၊ ပေါင်းဖက်သော မိတ်ဆွေအရပ်ရပ်တို့က သပ္ပုရိသူပနိဿယ ရှိကြသူဖြစ်မူ စင်စစ်အားဖြင့် တရားနည်းကောင်း လမ်းကြောင်းပြသ ဆိုဆုံးမသဖြင့် ဧကန္တ ကောင်းခြင်းသို့ ရောက်သည်။

ယင်းသို့မဟုတ်မူ ပေါင်းဖက်သူတို့၏ အယူလွဲမှား ဒုစရိုက်တရားများကို လိုက်စားသည်မှန်က ဧကန်ကောင်းခြင်းသို့ မရောက်နိုင်ရာ။ သူယုတ်၏ လက္ခဏာသို့ လိုက်ပါပြုလုပ်ရမည် အမှန်ဖြစ်သည်။ သဝိညာဏကဖြစ်သူ အသက်ရှိသောလူကို မဆိုထားဘိ အသက်မရှိသော အဝိညာဏက သစ်ပင်များသည်ပင် ဗိဓနိယာမအားဖြင့် ခါးသောအပင်နှင့် တွဲယှဉ်၍ စိုက်မိသည့်အတွက် သရက်ပင် အချိုကင်းလျက် ခါးခြင်းသို့ ရောက်ရသော အချက်များသည် ဘုရားဟောနိပါတ် ဒပ္ပဝါဟဏဇာတ်၌ လာရှိသည်။ ထိုပြင်မှတစ်ပါး အပေါင်းအဖော်မှား၍ ပျက်ပြားရသော အကြောင်းနှင့် ကျမ်းပေါင်းများစွာ လာရှိသည်။ သတိထား၍ စဉ်းစားဆင်ခြင်ရာသည်။ ငါ့တပည့် မင်းပြောသည့်စကားအရ သူတစ်ပါးကို အားနာ၍ ပါရသည်ဆိုသော အရေးသည် "ဈေးဝယ်သော ယောကျ်ားနှင့် ဈေးရောင်းသည့်မိန်းမလို ဖြစ်ချေမည်"ဟု မိန့်တော်မူသည်။

ဒါယကာများက ဟောတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်၍ လင်းပြန် မိန့်ကြားတော်မူသည်မှာ... ရှေးသောအခါက တစ်ဦးသော ယောကျ်ားသည် အထည် ပုဆိုးကို ဝယ်လိုသောအရေးနှင့် ဈေးသို့သွားရာ ဆိုင်မှာ ပုဆိုးအထည်များကို ကြည့်၍ မိမိနှစ်သက်သည့် ပုဆိုးကို အဖိုးပြောစမ်းပါဆိုလျှင် ဆိုင်ရှင်မိန်းမက ထင်သမျှပေးပါ မောင်ကြီး ရောင်းနိုင်လည်း ရောင်းပါမည်ဟုဆိုရာ ဝယ်လာသူ ယောကျ်ားက "အားနာသည် ကျုပ်နှမ၊ မပေးပါရစေနှင့် သူတစ်ပါး အားနာသည့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းနှင့် သုံးသောင်းလောက် ငွေတွေဆုံးလျက် ကိုယ်လုံးချည်း ယခုကျန်၍ အမှုမတန်အောင် ဖြစ်နေပါသည် ကျုပ်နှမ"ဟု ထုတ်ဟ ပြောဆိုလျှင် ဆိုင်ရှင် ဈေးသည်မိန်းမက "မောင်ကြီးမှာ ငွေသာကုန်သည်၊ ကျုပ်ဖြစ်ပုံလောက် မဆိုးပါ။ ကျွန်မမှာ သူတစ်ပါး အားနာသည့်အမှုနှင့် ယခုရှိသည့် သားသမီး ခြောက်ယောက်ဟာ နောက်နောက်က မအေ ကမြင်းတာနှင့် အဖေရင်း ခေါ်စရာမရှိဘူး"ဟု ပြောသဘဲ့ကွဲ့။

ဤအတူ မင်းမှာလည်း အပေါင်းအဖော်များစွာကို အားနာသည့်အတွက်နှင့် အယူပျက်ခံရတာပလကွယ်ဟု မိန့်တော်မူသောအခါ များစွာ သဘောကြနှစ်သက် လေကုန်သတည်း။

---

## ၈၉–ပရိက္ခရာရှစ်ပါးကို အလွန်ငြင်းသဖြင့် ဝန်မင်းကြီး စောင်ခြုံမှားသည်ကို ပုံထား၍ မိန့်တော်မူခြင်း

အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု သာသနာပြု သင်္ဂဇာဆရာ တော်ဘုရားကြီးသည် ခိုမှီးသင်ကြားလာသော တပည့်သား အပေါင်းတို့အား မြွက်ကြားနည်းပေးလျက် မန္တလေး ရွှေမြို့တော်ကြီး အနောက်ပြင် သင်္ဂဇာတိုက်၌ နှစ်ခြိုက်ရွှင်ပြုံး သီတင်းသုံးတော်မူစဉ်အခါ ဒါယကာ နှစ်ယောက်သားတို့သည် ပရိက္ခရာရှစ်ပါး၌ မှတ်သားမိရာ သွတ်သွင်း၍ အငြင်းအခုံ ဖြစ်ကြသဖြင့် တစ်ယောက် က ပြောသည်မှာ မင်းနှင့် ငါချည်း ဤကဲ့သို့ ငြင်းကြလျှင် ကရွတ်၌ ကင်းလျှောက် သကဲ့သို့ ရှိချေမည်။ အတည်တကျမှတ်ဖို့ရာ သင်္ဂဇာဆရာတော်ဘုရားကြီးထံ အယူခံ သွားကြအံ့ဟု ပြောရာ သဘောချင်း တူမျှသဖြင့် ထ၍သွားကြလေသည်။

သင်္ဂဇာဆရာတော်ဘုရားကြီး အထံတော်သို့ ရောက်လျှင် တစ်ယောက်က လျှောက်သည်မှာ... အရှင်ဘုရား ပရိက္ခရာရှစ်ပါးမှာ ခါးပန်း, သင်းပိုင်, ကေသီ, သက်န်းကြီး, အပ်, ပဲခွပ်, သပိတ်, ရေစစ် ဤရှစ်ပါးမှန်ကြောင်းနှင့် တပည့်တော် က ပြောပြရာ ဤသူက သဘောမကျ သူပြသော ရှစ်ပါးမှာ ခါးပန်း, သင်းပိုင်, ကေသီ, သင်္ကန်းကြီ, ပဲခွပ်, သားရေနယ်, ယပ်တောင်, စိပ်ပုတီးများကို ရေတွက် ၍ ပြပါသည်။ မည်သူက ဟုတ်သည်ကို သရုပ်နှင့်တကွ ဟောပြတော်မူပါဘုရားဟု လျှောက်ထားလျှင် သင်္ဂဇာဆရာတော်ဘုရားကြီးက ဤသို့ မြွက်ကြားတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမ ဒါယကာလျှောက်သော ပရိက္ခရာရှစ်ပါးသည် ဘုရားဟောကျမ်းဂန်နှင့် သင့်မှန်ညီညွတ်၍ ယူအပ် မှတ်အပ်သောအကြောင်းနှင့် သဘောကျအောင် ပြောပြတော်မူသည်။

## ဝန်မင်းကြီး စောင်ခြိမ့်မှားသလို

ထိုအခါ ဒုတိယ ဒါယကာက မူလက တပည့်တော် သည်လိုယူထားသည်ကို အမှန်သားနှင့် ကြားဝင်ပြီး ငကျော်သာက သူ့စာကို အကျက်ခိုင်း၍ လွဲချင်တိုင်း လွဲကုန်ပါသည်ဘုရားဟု လျှောက်ထား၏။ ထိုအခါ ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ မင့်ဟာက အလွန်ငြင်းပြီးမှ "ဝန်မင်းကြီး စောင်ခြိမ့်မှားသလို" မလုပ်ပါနှင့်ဟု မိန့်တော်မူရာ ဥပမာသဲလွန်စကို မြွက်ဟတော်မူပါဟု ဒါယကာတို့ လျှောက်ထား၍ မိန့်ကြားတော်မူသည်မှာ...

ဒါယကာတို့... ဝန်မင်းကြီး ဦးညိုမြသည် အိပ်ရာက ထလေသော် ဝန်ကတော် ပိုးကုန်းစင်းထဘီကြီးကို စောင်တည်းဟူသောအမှတ်နှင့် ရစ်ပတ်ဖွဲ့ခြုံ နေဇာလုံ့ မည်ဟုအထွက် ပြင်ဘက်သို့ ရောက်သောအခါ များစွာသော လူအပေါင်းတို့က ၎င်းထဘီကြီးကို အသီးသီး မြင်ကြသော်လည်း ပြောရမှာ ခက်သောကြောင့် တစ်ဖက်သို့လှည့်၍ ပြုံးကြလေကုန်သတဲ့။

ထိုအခါ ငယ်စဉ်က သူငယ်ချင်း ကစားဖော် နားခံတော် ဦးစိုးက အဘယ် စောင်မျိုး ဖြစ်လေသနည်းဟု စနစ်ကိုကြည့် ထဘီမှန်းသိသောကြောင့် ကလူကျီစယ် သောအားဖြင့် ဝန်မင်းကြီးတို့များ ဘုန်းတော်ကြီးဘုရား၏ အသနားတော်ခံသဖြင့် ဟန်ကျသော ကမ္ဗလာနီခြုံ၍ နေဇာလုံ့ ထွက်ပေသည်ဟု ရှက်အောင်ပြောဆိုမှ ကေန္တ ထဘီမှန်းကိုသိလျှင် အပေါ်တွင်ရှိသော ဝန်ကတော်ကို ငေါက်အော်မြည် တွန်လျက် အလွန်မိုက်မဲသော မိန်းမ ကိုယ့်ထဘီကိုမျှ နေရာကျ မထားတတ်ဟု ဆိုသည်။

ဤတွင် ဝန်ကတော်က သြော်-ဖြစ်ရလေဝန်မင်းနှယ် ကိုယ်ဖျင်း၍မှားသည် ကို သူတစ်ပါးအပြစ် မတင်ပါနှင့်ဟု ဆိုသတဲ့ကွဲ့။

အဲ ဤဥပမာကဲ့သို့ ငါ့ဒကာမှာလည်း ကိုယ်ဖျင်း၍လွဲတာ သူ့ခများ အပြစ် မတင်ပါနှင့်ဟု မိန့်တော်မူသောအခါ ဒါယကာနှစ်ဦးတို့သည် အထူးနှစ်သက်လျက် ကျောင်းထက်မှဆင်း၍ နေရင်းအိမ်သို့ ပြန်ကြလေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၉၀-အဆိုအပြောခက်သော တောထွက်ရဟန်းကြီး၏ ဝါသနာအမှုကို အညာသူမိကျွန်နှင့် သိကြရန် ထုံးပြ၍ ဆုံးမတော်မူခြင်း

အင်္ဂမွှာ အစဖြာလျက် ရတနာရောင်ဖိတ် ရွှေဘွဲ့လိပ်ကို ခတ်နှိပ် ပူဇော် အလှူတော်ခံရသော သင်္ဂဇာဆရာတော် ဘုရားကြီးသည် နည်းအသွယ်သွယ် ပြင်ကျယ်ပိဋကတ် သမုဒ်ရပ်ကို ကူးခတ်ပေါက်မြောက်ကြစေခြင်းအကျိုးမှာ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန် အတန်တန်တို့ကို ပြန်လှန်ပို့ချ ပြသသင်ကြား အားထုတ် သီတင်းသုံးတော်မူစဉ်အခါ သင်္ဂဇာတိုက်တွင် ခင်ကြီးတောထွက် တစ်ပါး သည် အသက်ငါးဆယ်တွင် ငယ်သောသိက္ခာ တစ်ဝါမျှသာ ရသေး၏။ ဒုဗ္ဗစ ဇာတိက အဘိရဋ္ဌက သဘောဖြင့် အပြောအဆို အလွန်ခက်သတတ်။

ထိုခင်ကြီး တောထွက်သည် မိမိထက် သိက္ခာဝါကြီးသော ပုဂ္ဂိုလ်တို့ကို အရိုအသေ မပြုတတ် မြင့်မြတ်သော နေရာ၌သာ နေထိုင်လေ့ရှိ၏။ ကြီးသော ပုဂ္ဂိုလ်များကို တိုးဝှေ့လျက် ရှေ့ဆုံးကမှ သွားချင်တတ်၏။ ဤကဲ့သို့သော အမှု အရာများကို တစ်ပါးသောပုဂ္ဂိုလ်တို့ ပြောဆိုဆုံးမ၍မရ ရှိကြလေသော် ဆရာတော် ဘုရားကို လျှောက်ထားကြလေ၏။

ထိုအခါ ဆရာတော်က ခေါ်၍ ဆုံးမတော်မူသည်မှာ... သင်ရဟန်းကြီး သင်ရဟန်းကြီးသည် ဝိနည်းကို အလေးမထား သူတစ်ပါးတို့ ဆုံးမသည်ကိုလည်း မရ ဒုဗ္ဗစဇာတိက အဘိရဋ္ဌကသဘောသို့ သက်ဝင်၍ အလွန်ပင် ခက်ကြောင်းများ နှင့် လျှောက်ထားကြားသိရသည်။ မိမိက ဝုမုပဗ္ဗဇိတ ကြီးမှသာသနာတော်ကို ထမ်း၍ ရဟန်းပြုသောကြောင့် အမှုသွားကိုမသိလျှင် မိမိထက် တတ်သိလိမ္မာ များစွာကျွမ်းကျင် သိမြင်သောပုဂ္ဂိုလ်တို့ ပြောဆိုဆုံးမ ဩဝါဒပေးသည်ကို နာခံ၍ ကျင့်ကြံအားထုတ်ရာသည်။ ယင်းကဲ့သို့ မဟုတ်မူ၍ သူတစ်ပါးပြောသည်ကိုလည်း မခံချင်၊ သွန်သင်သည်ကိုလည်း မကြိုက်၊ အများ၏နည်းသို့ မလိုက်လျှင် တိုက်မှ အပ နှင်ထုတ်ရလိမ့်မည်။

### ခုကြီးလျှင် အသက်ကြီးသည်ထင်သူ

ငါ့ရှင် ရဟန်းကြီး... အထက်အညာပြည် ပျဉ်စီမြို့က မိကျွန်ဆိုသော မိန်းမ တစ်ယောက်သည် အောက်ပြည်သို့ စုန်ဆင်းသွားရာ သူတစ်ပါးက အသက်များကို မေးလျှင် သူများထက် အသက်ကြီးချင်၍ ခုကြီးလျှင် အသက်ကြီး၏ဟူသော

www.burmeseclassic.com

www.burmeseclassic.com



အမှတ်နှင့် စပ်မိ၍ မေးသမျှကို ငါက ခုကြီး၍ အသက်ကြီးသည်ဟုဆို၏။ ထိုအခါ အောက်သူများက မှားတော့မပ မကျန်။ ခုကြီးမှန်က ကောန် အသက်ငယ်ရမည်ဟု အတည်ပြောဆိုကြသောအခါ အညာသူမိကျန်က ပြန်၍ဆိုသည်မှာ "အို ညည်းတို့ အောက်ပြည်ပဲ ထူးခြားလှ၊ တို့အညာများမှာ ခုကြီး အသက်ကြီးရော"ဟု ဆိုသတဲ့... ရဟန်းကြီးရဲ့။

ယခုလည်း အညာသူ မိကျန်ပြောသလို လူအိုတိုင်း ဝါကြီးတယ်မှတ်သလားဗျ ဟု မိန့်တော်မူသောအခါ များစွာသော ရဟန်းတို့သည် ရှင်လန်းရယ်မောကြလေ ကုန်သတည်း။

---

## ၉၁–အင်္ဂရိတ်ဆရာကို လမ်းမှာတွေ့သဖြင့် ပန်းနာငွေ့ အစဉ်ကပ်၍ ဆင်ဖိနပ်ဖနောင့်သားနှင့် မဖြောင့်မတရား ကုသဟန်ကို ရှုဆရန် မိန့်တော်မူခြင်း

သာသနာပြု သုဓမ္မာအဝင် သင်္ဂဇာဆရာတော်ဘုရားကြီးသည် အသီးသီးသော နောက်ပါရဟန်းတို့နှင့် ရွှေကျင်မြို့မှ ကျိုက်ထီးရိုးဘုရားကို ညွတ်တွားကော်ရော် ဖူးမြော်လိုသောဆန္ဒဖြင့် မြန်းကြွတက်သွားတော်မူသည်ရှိသော် အင်္ဂရိတ်ဆရာ တစ်ယောက်နှင့် တွေ့ကြလျှင် အာလာပ သလ္လာပစကားများကို ပြောကြားပြီးသော် ဆရာတော်ဘုရားက အဘယ်အကျိုးများကို အလိုရှိ၍ အင်္ဂရိတ်ထိုးသနည်းဟု မေးတော်မူရာ ကိလေသာမှ ဆိတ်၍ နိဗ္ဗာန်သို့ရောက်ခြင်း အကျိုးငှာ အားထုတ်ပါ သည်ဘုရားဟု လျှောက်ထားလေလျှင် သင်္ဂဇာဆရာတော်က ဤသို့ ပြောသည်။

"အံ့ဩဖွယ် ရှိလှပေ၏။ ဒါယကာ... အင်္ဂရိတ်ထိုးကာမျှနှင့် ကိလေသာမှ ဆိတ်၍ နိဗ္ဗာန်သို့ရောက်ဖို့ရာ ခဲယဉ်းစွာ၏။ သို့ရာတွင် ဒကာ ပန်းနာကုဆေး ဆရာကဲ့သို့ ပျောက်သည်သာ လိုရင်းဖြစ်သည်။ ရှေးအခါက ပန်းနာစွဲသောလူ တစ်ဦးသည် အထူးရောဂါတိုးတက်၍ အသက်ပျောက်လုနီးအောင် ကြီးစွာသော ဒုက္ခကို ခံစား၍နေရရှာသတဲ့၊ ထိုအခါ ဆေးဆရာတစ်ယောက်က ပျောက်လိုလျှင် ဤဆေးကိုစားဟု ဖနောင့်သားဆင်ဖိနပ်ကို လှီးဖြတ်တိုက်ကျွေး ဆေးလုပ်၍ပေးပြီး လျှင် အရသာကလေးများ ရှိ၏ လောဟုမေးရာ ပျဉ်းတွဲတွဲနေပါသည်ဟုပြောလျက် အဆောတလျှင် မျို၍ချသော်လည်း ပန်းနာထ၍ ချမ်းသာရာမရအောင် ရှိသတည်း။

www.burmeseclassic.com



## သက်သာရဲ့လား

ထိုအခါ ဆေးဆရာက သက်သာ၏လောဟု မေးသော် ရေးကထက်ပင် ပို၍တောင် ဆိုးသေး၏ပြောသောအခါ ကုသသောဆေးဆရာက သင့်မှသာ မပျောက်လျှင် ရှိရမည်။ ကုသမှု ပန်းနာသမားတို့သည် ချမ်းသာသူတွေအပုံ မယုံလျှင် ကြည့်စမ်းတော့လား။ ဖနောင့်သားတောင် ကုန်လုပြီဟု ပြောလျက် သမားက ခြေဖဝါးကို လှန်ပြ၏။ ထိုအခါ ပန်းနာသမားက ခင်ဗျား ကျွန်တော့်ကိုကျွေး၍ ဆေးပျဉ်းတွဲကို စားရသည် ဖနောင့်သားပင် မဟုတ်လောဟုမေးလျှင် အေး ဟုတ်၏ ဟုဆိုလျှင် ထိုပန်းနာသမားသည် နှလုံးသားပြို့တက်၍ ပြင်ဘက်သို့အန်ရာ ထိုအခါမှစ၍ ဒုက္ခလျှော့ကွာ ရောဂါရှင်းလျက် ချမ်းသာခြင်းသုခကို ရသတဲ့ ဆရာရဲ့။

အဲသည် ဥပမာ၌ ပန်းနာသမားသည် ဖနောင့်သားဆေးသွင်း၍ ပျောက်ကင်းသည့်အရာကဲ့သို့ ကိလေသာဇာတ်သိမ်း၍ ပြတ်ငြိမ်းသည်သာ အလိုဆုံး၊ ဖိုတစ်လုံးနှင့် မပစ်ခွာဘဲ နှစ်သာထိုးပေးတော့ဟု မိန့်တော်မူသောအခါ နောက်ပါရဟန်းတို့သည် ရှင်လန်း ရယ်မောလျက် ပြော၍မပြီး ရှိကြလေကုန်သတည်း။

---

## ၉၂–ဦးပဥ္စင်းနှစ်ပါးတို့ အချင်းများ၍ မအေးကြည်သဖြင့် ခွေးနှိပါး၏ ပုံပမာကို ယုံသာအောင်မြွက်လျက် နောင်ရှက်အောင်ထုံးပြ၍ ဆုံးမတော်မူခြင်း

မန္တလေး ရတနာပုံ မြို့တည်နန်းတည် လျှမ်းကြည်ဒဗ္ဗ သမ္ဘာရနှင့် ဒသမစကြာ လင်းလင်းဖြာသော မဟာလောကမာရဇိန် စေတီတော်ဒါယကာ ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ဆရာ သင်္ဂဇာဆရာတော်ဘုရားကြီးသည် ဖြင်ပည်းများးစွာ လာလာသမျှ သောတုဇန ထောင်သောင်း စာသင်သားအပေါင်းတို့ကို နည်းကောင်း ဥပဒေသ လက်ထပ်ပြလျက် ပို့ချသီတင်းသုံးတော်မူစဉ် ကျောင်းတွင် ဦးပဥ္စင်းနှစ်ပါးတို့သည် ခိုက်ပွားမျက်မာန် ရန်အာဃာတ ဒေါသမီးပွား အချင်းများကြသဖြင့် တစ်ပါးသည် တစ်ပါးအား စကားမပြော မရောမယှက် မဆက်မဆံ ရှိကြလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ထွေးခံနှင့် ပေါက်ပုံ

ထိုဦးပဥ္ဇင်းနှစ်ပါးကို အားထားသမှု အမှိုပြုလျက် ပြုစုဆောင်ရွက်ရန် ဝတ်တရားများနှင့် အစေအပါးကိုခံ၍ နိုယံမပြတ် နေသော ကပ္ပိယဒါယကာကြီးတစ်ယောက်သည် တွေးကြောက်စဉ်းစားသည်မှာ အချင်းများကြသော ကိုယ်တော်နှစ်ပါးတို့သည် ငါ့အားကျေးမွေး၍ အေးအေးနေရပေသည်။ မကြည်မလင်ကြသောအခိုက်၌ အလိုက်သင့်နေမှ လျော်မည်ဟု ကြံစည်ပြီးလျှင် တစ်ပါးအထံသို့ သွားသော်တစ်ပါးမသိအောင် ကြံဆောင်ထွက်ဝင်ရ၏။ တစ်နေ့သ၌ ဦးပဥ္ဇင်းတစ်ပါးသည် ကပ္ပိယဒါယကာသည် ဦးပဥ္ဇင်းတစ်ပါးထံ ထွက်ဝင်ဟန်ကိုသိ၍ ကပ္ပိယဒကာကြီးကို ခေါ်ပြီးလျှင် ဝေါက်အောင် ခြိမ်းခြောက် ထွေးခံနှင့်ပေါက်လေသတည်း။

ထိုအခါ ကပ္ပိယဒါယကာသည် ဆရာတော်ဘုရားထံ ထွေးခံနှင့်ပေါက်ကြောင်းကို လျှောက်၏။ ထိုအခါ ဆရာတော်ဘုရားသည် ဦးပဥ္ဇင်းနှစ်ပါးကိုခေါ်၍ ရှေ့တော်၌ ဆုံးမသည်ကား ငါ့ရှင်တို့ ကျမ်းဂန်များကို အသင့်အလျော် သင်ဖူးကြသည်ဖြစ်၍ အထူးပြောဖွယ်မရှိ။

ဝိဝါဒံ သယတော ဒိသွာ၊ အဝိဝါဒဥ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊ ဧသော ဗုဒ္ဓနုသာသနီ။

ဝိဝါဒံ၊ ခိုက်ရန်ဖြစ်ပွား အငြင်းအခုံများခြင်းကို။ ဘယ၊ ဘေးရှိ၏ဟူ၍။ ဒိသွာ၊ မြင်သောကြောင့်။ အဝိဝါဒံ၊ ခိုက်ရန်ဖြစ်ပွား အငြင်းအခုံမများခြင်းကို။ ခေမတော၊ ဘေးမရှိဟူ၍။ ဒိသွာ၊ မြင်သောကြောင့်။ သမဂ္ဂါ၊ ညီညီညွတ်ညွတ်ရှိကြကုန်သည်။ သခိလာ၊ ချိုသာပြေပြစ် ကျစ်လျစ်သော စကားရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ ဧသော၊ ဤသည်လျှင်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ အနုသာသနီ၊ အဆုံးအမတော်ပေတည်း။

ဤသို့လာရှိသည်များကို ထောက်ထားသမှု အလေးပြု၍ သံဃသုဒ္ဓ၊ သံဃဖာသုဖြစ်ကြရန် သည်းခံနေထိုင်ကြရမည်။ မင်းတို့နှစ်ပါး ရန်ဖြစ်ရာတွင် ဒကာကြီး ဒုက္ခရောက်အောင် ထွေးခံပေါက်ခံရသည်။

ရှေးက ငရွှေပိုင်းဆိုသော အရက်သမားနှင့် မယားမိဖန်တို့သည် နိုယံမပြတ်နှစ်ရက်တစ်ပတ် သုံးရက်တစ်ပတ် အခင်းပွားလျက် အချင်းများလေ့ ရှိကြကုန်သတတ်။ ဤလင်မယားအချင်းများလျှင် အိမ်၌မွေးထားသော ခွေးနီပါးကြီးကို အချင်းများတိုင်း ရိုက်ကြရာ အခါခါများသဖြင့် ခွေးနီးပါးကြီးခမျာ ရန်ဖြစ်လျှင်ရိုက်သည်ကို စိတ်၌အမြဲမှတ်၍ ကျဉ်းကျပ်စွာ နေရသတည်း။ အခါတစ်ပါး

www.burmeseclassic.com



ရွှေပိုင်း လင်မယားတို့ အချင်းများမည် ရှိပြန်လျှင် ယခင်ခွေးနီပါးသည် ငါ့အား ရိုက်တော့မည်ထင်သည်ဟု မရိုက်ခင်ဆင်း၍ အိမ်နီးချင်းဖြစ်သော အိမ်တစ်အိမ်သို့ သွား၍နေသည်မှာ မပြန်လာဘူးတဲ့ ငါ့ရှင်တို့ရဲ့။

ယခုလည်း မင်းတို့ချင်း ရန်ဖြစ်ကြတာနှင့် ကပ္ပိယကြီး ခေါင်းပေါက်၍ တစ်ကျောင်းရောက်သွားပါဦးမည်ဟု မိန့်တော်မူသောအခါ အပါးရှိသော ဦးပဥ္စင်းတို့သည် ပြင်းစွာ ရယ်မောလျက် တသောသော နေကြလေကုန်သတည်း။

---

## ၉၃–အလဇ္ဇီနှင့် ဒုဿီလ ထူးမှန်းတူမှန်းကိုမျှ မသိတော့ စူဠဂဏ္ဍိဒကာများသည် "ရှောက်ခါးသား စာရေးသလို"ဟူသော ပမာစကားဖြင့် ဒါယကာအား မိန့်တော်မူပုံ

အဂ္ဂမဟာလင်္ကာရကဝိဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် တီးအပ်သော တရားစည်ဖြင့် လှည့်လည်ကြွမြန်းတော်မူရာ ဟံသာဝတီ ပုရိဖွံ့ဖြိုး မြို့ပဲခိုးသို့ ရောက်လျှင် မော်ဓောရှင် ဘုရားမြတ်စွာ၏ အကာပရဝုဏ် တံတိုင်းအတွင်းတွင် အသင်းအပင်းများစွာ လာလာသမျှသော ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အား လမ်းကြောင်းဥပဒေသ ညွှန်ပြဟောကြားတော်မူစဉ်... အပါးတွင်ရှိသော စူဠဂဏ္ဍိဒါယကာတစ်ဦးက အထူးအားဖြင့် လျှောက်ထားသည်မှာ...

အရှင်ဘုရား အလဇ္ဇီနှင့် ဒုဿီလတို့ကို မကြည်ညိုနိုင်ပါဘုရားဟု လျှောက်ထားလျှင် သင်္ဂဇာဆရာတော်ဘုရားကြီးက ဒါယကာ–အလဇ္ဇီနှင့် ဒုဿီလတို့ ဝိသေသအား အဘယ်ကဲ့သို့ ထူးခြားသနည်းဟု မေးတော်မူရာ မထူးပါဘုရားဟု လျှောက်ထားပြန်၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်၊ ဒါယကာ–သင်သည် အလဇ္ဇီ ဒုဿီလတို့ကို မကြည်ညိုပါဟု လျှောက်သည်မှာ သင်သည် "သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ" စသော အလဇ္ဇီ၏ လက္ခဏာ။ "ဒုဿီလောတိ နိဿီလော၊ သီလဝိရဟိတောတိ အတ္ထော"ဟူသော ဒုဿီလ၏ လက္ခဏာများကို မကြားမသိဖူး ဖြစ်လျက် အလဇ္ဇီဒုဿီလများကို ခွဲခြား၍ အဘယ်ကဲ့သို့ မှတ်မည်နည်း။ ယခု သင်လျှောက်သော စကားသည် "ရှောက်ခါးသား စာရေးသကဲ့သို့ရှိသည်"ဟု မိန့်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



### စစ်ကိုင်းသားက

ထိုအခါ ဒါယကာများက အရှင်ဘုရား ရောက်ခါးသား စာရေးဟန်ကို လင်းပြန်မိန့်ကြားတော်မူပါဘုရားဟု လျှောက်သောအခါ– ဒါယကာအများတို့ စစ်ကိုင်းသားနှင့် ရောက်ခါးသားတို့ ခရီးသွားကြရာ နားနေသော ဇရပ်တွင် တွေ့မြင်ပေါင်းဆုံကြ၍ ရပ်ရွာမြို့ပြည် အမည်နာမများကို မေးမြန်း၍ တရေးတငန်း အမောပြေဟု အိပ်နေကြလေသည်။ တစ်နာရီခန့်လောက်ကြာလျှင် စစ်ကိုင်းသားက အရင်နိုး၍ အမိုးအောက် ပျဉ်ထောင်တွင် ကြံဆောင်စိတ်တွေး၍ မီးသွေးခဲနှင့်ရေးသည်မှာ… "ပန်းထုံငယ်သင်း၊ မမင်းငဲ့မောင်၊ ရွှေနွယ်ရိုး၊ ကိုဘိုးယောက်ဖ၊ ရေယဉ်ငယ်ဝိုင်း၊ စစ်ကိုင်းက"ဟု ရေးစပ်လျက် ထပ်၍တစ်ဖန် အိပ်ပြန်လေသတည်း။

ထိုနောက် ရောက်ခါးသား နိုးပြန်သဖြင့် နံရံပျဉ်ထောင်၌ ရေးကြောင်သော စာများကို မြင်သဖြင့် အလျင်အမြန် ထပြီး၍ ငါလည်း ရေးသော်ကောဟု မိမိသဘောအတိုင်း စပ်၍ ဇရပ်၌ ရေးသည်မှာ "ပန်းထုံငယ်သင်း၊ မကောက်ကဲ့မောင်၊ ရွှေနွယ်ရိုး၊ ကိုမြတ်ထင်ယောက်ဖ၊ ရေယာဉ်ငယ်ဝိုင်း၊ ရောက်ခါးက"ဟု ရေးသတဲ့ ဒကာရဲ့။

ဤဥပမာ၌ ကာရန်ဝါကျအသွား ရေးထုံးနည်းကို မသိ မိမိသဘောအတိုင်း မောက်ကြွား၍ ရောက်ခါးသား စာရေးသောအရာကဲ့သို့ ဒကာမှာလည်း သူတကာ လုပ်၍ လုပ်သည် အဟုတ်နားမလည်ဟု မိန့်တော်မူသောအခါ များစွာသော ပရိသတ်တို့သည် မရပ်မတန့် ရယ်မောကြလေကုန်သတည်း။

---

### ၉၄–စာရွတ်ပုံလမ်းမမှန်သဖြင့် ကျမ်းဂန်က အကြောင်းပြသော်လည်း "ချောင်းခွသား နွတ်ခွန်းဆက်သလို"ဟူသော ထုံးအရဖြင့် ဆုံးမဟောကြားတော်မူခြင်း

သင်္ဂဇာဆရာတော်ဘုရားသည် တိုးပွား၍ ဖြစ်ထွန်းလတ္တံ့သော သာသနာတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်မည်ဟု နှလုံးပြုလျက် ကေတုမတီ ဌာနီရောင်လူ တန်ဆောင်ထူသော တောင်ငူမြို့သို့ ကြွသွားလျှင် ကျောင်းတရားဖြစ်သော ရဟန်းနှစ်ပါးတို့သည် ဆရာတော်ဘုရားထံလာ၍ ရှေးဦးစွာ တစ်ပါးက လျှောက်ထားသည်မှာ အရှင်ဘုရား… တပည့်တော်များဆရာ ဘုန်းတော်ကြီးသည် အမိုစွ

www.burmeseclassic.com



ခမ္မဖြစ်၍ ပြောင်းကြွ ပျံလွန်တော်မူရာ ကျောင်းကို တပည့်တော်အား မှာထား အပ်နှံခဲ့သည်ကို ဤဘုန်းတော်ကြီးသည် ကျောင်းကို ရလိုကြောင်းနှင့် မကောင်းသော အာဝါသ–မစ္ဆရိယ, ကုက္ကုစ္စာပကတ, ပါပိစ္ဆမျိုး အလိုဆိုးနှိပ်စက်၍ အမျက်ဒေါသထားပြီးလျှင် သူ့အား ကျောင်းကို အပ်ရမည်ဆိုပါသည်ဟူ၍ လျှောက်ထား၏။

## ကျောင်းထိုင်အင်္ဂါ မပြည့်စုံ

ထိုနောက် ရဟန်းကြီးက တစ်နည်းအားဖြင့် လျှောက်ထားပြန်သည်မှာ... မှန်ပါသည်ဘုရား–တပည့်တော်တို့ဆရာ ဘဝတစ်ပါး ပြောင်းသွားကွယ်လွန်ရာ ကျောင်းမှာ သူ့ကိုပင် အပ်ခဲ့ပါသည်။ သို့ရာတွင် တပည့်တော်မှာ (ဝါ) သုံးဆယ် ရပါပြီ။ သူ့မှာ သုံးဝါသာရသေး၍ ငါ့ပေးဟု တောင်းပါသည်။ ကျောင်းထိုင်ရခြင်း အင်္ဂါနှင့် မပြည့်စုံသေးပါဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက ငါ့ရှင် ကျောင်းထိုင်ရခြင်းအင်္ဂါ၌ သင့်စာက အဆိုကို ရသလိုရွတ်စမ်းဟု ခိုင်းရာ မှန်လှပါ "ဆယ်ဝါပြည့်တင်း"ပါတဲ့ ဘုရားဟု လျှောက်၏။ ဆရာတော်ဘုရားက ရှေ့ကို ရွတ်ဦးလောဟု မိန့်တော်မူရာ မရပါဘူးဘုရားဟု လျှောက်သည်တွင် သင်္ဂဇာဆရာတော်ဘုရားကြီးက ပြုံးတော်မူ၍ အို–ငါ့ရှင်နှယ် မရဘူးလို့ "ဒိုင်းလယ်က မိန်းမနှင့် ချောင်းခွသား နှုတ်ခွန်းဆက်သလို နှုတ်တတ်ရာ ဖမ်းရွတ်တာပကွဲ့"ဟု မိန့်တော်မူသည်။ ဒါယကာများက အရှင်ဘုရား–ဥပမာစကား မိန့်ကြားတော်မူပါဟု လျှောက်သဖြင့် မိန့်ကြားတော်မူသည်မှာ–

ဥက္ကလာပ ဌာနရိပ်မြုံ မြို့ရန်ကုန်မှထွက်၍ အထက်အညာဟု ဆန်သော ဧရာဝတီ မီးသင်္ဘောမှာ ဒိုင်းလယ်ရွာက မိန်းမနှင့် ချောင်းခွသား ငထူးတို့ နှစ်ဦးတွေ့လျှင် အမိ အဘယ်အရပ်ကနည်းဟု စပြီး ငထူးက လက်ဦးမေးသောအခါ၊ ဒိုင်းလယ်ရွာသူမိန်းမက နေရာတကျပြောသည်မှာ "ကျောက်စရစ်ပတ်လယ်၊ သားမျိုးကြွယ်၊ ဒိုင်းလယ်ရွာကရှင့်"ဟု ပြောပြီးလျှင် ရှင်ကော ဘယ်အရပ်ကနည်းဟု မိန်းမက မေးပြန်သော် ချောင်းခွသား ငထူးသည် စိတ်ကူးနှင့် ချေသည်မှာ "သပြေတစ်ခက်ကယ်နှင့်"ဟု စပြီးမှ ရှာမရသဖြင့် ပါးစပ်ဟလျက် နေသည်တွင် ယခင်မိန်းမက ဘယ်ကလဲရှင့်ဟု ဆင့်၍မေးသော် အရေးတကြီးနှင့် အတော်အောင်းပြီးမှ ချောင်းခွကဟု ပြောရာ ရှင့်စာကလည်း မစပ်မဟပ်ပါတကားဆိုသော်

www.burmeseclassic.com

www.burmeseclassic.com



ဩော်… နမကပြောတော့ အလွယ်ကလေး၊ ကျုပ်တွေးရင်း ရှေ့မဆက်နိုင်၍ နှုတ်တက်ရာ ဖမ်းရွတ်ရသည်ဟု ဆိုသတဲ့ကွဲ။

ဤအတူ ယခု ငါ့ရှင်မှာလည်း စာမရတယ်လို့ ခက်မနေနှင့် နှုတ်တက်ရာကိုသာ ဖမ်းရွတ်ပေတော့ဟု မိန့်တော်မူသောအခါ များစွာသော ပရိသတ်တို့သည် မရပ်မနားဘဲ ရယ်မောကြလေကုန်သတည်း။

---

## ၉၅—မင်းတို့ရေတ်သီး ရွတ်ရုပ်က လွှတ်စပ်ပုံ အဟုတ်ကြမ်း၍ နှုတ်ခမ်းမှာသွားရည်မြှုးလျက် ငရွှေထူးဝမ်းသွားသလို ပမာစကားဖြင့် ဒါယကာများကို မိန့်တော်မူခြင်း

သင်္ဂဇာဆရာတော်ဘုရားကြီးသည် လေးဆူဓာတ်ပုံ တိဂုံဆံတော်ရှင်ဘုရားကြီး၏ အရှေ့မျက်နှာ ကျောင်းတော်ရာတိုက်၌ နှစ်မြိုက်ရွှင်ပြုံး သီတင်းသုံးတော်မူသောအခါ ဒါယကာတို့က ပင့်၍ သင့်တင့်ဖွယ်ရာ ရသာဘောဇဉ် ချိုချဉ်အရပ်ရပ်တို့ဖြင့် ဆက်ကပ်ဆွမ်းကျွေးရာ အစိမ်းစား ငပိခွက်တွင် အထက်ကတင်လိုက်သော ရွှတ်ရုပ်ရေတ်သီးကို အနည်းငယ်သာစပ်မည်အထင်နှင့် တစ်တောင့်လုံးပင် ထည့်မြှုပ်၍ ရုတ်တရက် ဘုဉ်းပေးတော်မူရာ မျက်နှာက ချွေးထွက်အောင် စပ်ချက်အလွန်ပြင်းရာ တင်းတိမ်တော်မမူဘဲ သည်းခံ၍ တန်တော်မူပြီးလျှင် ဤငရုတ်သီး၏ အမည်ကို အဘယ်ခေါ်သနည်းဟု မေးတော်မူလတ်သဖြင့် ရွှတ်ရုပ်ငရုတ်သီးခေါ်ပါသည်ဘုရားဟု လျှောက်ထားသော် ဆရာတော်က အင်း မင်းတို့ငရုတ်သီးရွှတ်ရုပ်က လွှတ်စပ်ပုံအဟုတ်ကြမ်းသဖြင့် နှုတ်ခမ်းမှာ သွားရည်မြှုးလျက် "ငရွှေထူးဝမ်းသွားသလို" ဖြစ်နေပေ့ါဟု မိန့်တော်မူ၏။

ထိုအခါ ဒါယကာတစ်ဦးက ငရွှေထူးအကြောင်းကို ကောင်းစွာမှတ်သားဖို့ မိန့်ကြားတော်မူပါဘုရားဟု တောင်းပန်၍ လင်းပြန်မိန့်ကြားတော်မူသည်မှာ… ဒကာတို့ ရှေးသောအခါ ရွာတစ်ရွာတွင် မုဆိုးမတစ်ဦး၌ ငရွှေထူးဆိုသော သားသည် တစ်ဆယ့်ငါးနှစ်အရွယ်ရှိလျှင် အမိသည် မအားမလပ်အောင် မပြတ်စေခိုင်းသဖြင့် မနားမနေရအောင် ပင်ပန်းသတတ်။ ထိုအခါ ငရွှေထူးက စိတ်ကူးနှင့် ကြံသည်မှာ အပြင်းအထန်ခိုင်း၍ မဆိုင်းမရပ်သာအောင် ရှိသည်။ တစ္ဆေဘုတ်ပြိတ်ကို မွေးလျက် အေးအောင်လုပ်မည်ဟု ကျွန်ုပ်ကို မိခင်က ခိုင်းချင်သည့် စိတ်ကူး

www.burmeseclassic.com



နှင့် ရွှေထူးဟု ခေါ်သံကြားလျှင် ဝမ်းသွားအောင် လုပ်ကြပါဟု မှာထား၍ တစ္ဆေများကို ကျွေးလျက် မွေး၍ထားလေသတည်း။

တစ်နေ့သောအခါ ခိုင်းစရာရှိသောကြောင့်အမိက 'ရွှေထူး'ဟု ခေါ်သံကြားလျှင် မိခင်မှာ ဝမ်းသွားလေသတည်း။ ဤကဲ့သို့ ခေါ်တိုင်းအခါခါ ဝမ်းသွားလျှင် ငါ့အား နင့်ကြောင့် ခက်သည်ဟု ညည်းလျက် မောင်အကြီးထံသို့ ခေါ်သွားလျက် ကျွန်ုပ်သားကို ကျွန်ုပ်ခေါ်လျှင် အမှန်ပင် ဝမ်းသွား၍ မခေါ်အား မခေါ်ဝံ့အောင် ဖြစ်နေပါသည်။ မောင်ကြီး၏ တူသားကို နည်းနည်းများ ခေါ်စမ်းပါဟု ဆိုလေလျှင် 'ငရွှေထူး'ဟု ဦးရီးက ခေါ်စဉ် ရှေ့တွင် ဦးရီးသည် ဝမ်းသွား၏။ တစ်ခွန်းခေါ် တစ်ခါသွား, နှစ်ခွန်းခေါ် နှစ်ခါသွား၊ အကြိမ်ကြိမ်များသဖြင့် နင့်သားကို ငါမခေါ်ဝံ့ဟု ဆိုပြန်လျှင် မိခင်ကတစ်ဖန် ငရွှေထူးဖြစ်နည်းကို ဘုန်းကြီးဖြင့် ကြံနိုင်မည်ဟု ဘုန်းကြီးထံခေါ်သွား၍ အပါးသို့ ရောက်သောအခါ အမည်သညာကို မေးသောကြောင့် မွေးမိခင် ဖြစ်သူက ရှေးအတူ အမည်ကို လျှောက်ကြားက ဝမ်းသွားလိမ့်ဦးမည် စိတ်ကူးနှင့် 'ရွှေထူးပါတဲ့'ဘုရားဟု မထင်မရှား လျှောက်သည်။

ထိုအခါ နားမလည်၍ နောက်ထပ်မေးပြန်သော် ရှေ့ကထက် သိသာအောင် ဝိဝါဒ မကွဲတကွဲနှင့် လျှောက်ရာ နည်းနည်းလောက် မိခင်သည် ဝမ်းထဲက နာလာ၏။ ထို့နောက် ဘုန်းကြီးက မိခင် လျှောက်ထားသည်ကို အားမရသဖြင့် ရှေ့ကကြူး၍ 'ရွှေထူးတဲ့လား'ဟု အဆိုတွင် ကျောင်းထိုင်ပုဂ္ဂိုလ် ဝမ်းမငြိမ်သောကြောင့် ကုဋီအိမ်သို့ ပြေးရလေ၏။ ငရွှေထူး၏ မိခင်သည် ကျောင်းပေါ်တွင် ကျန်ရစ်၏။ နောက်တစ်ဖန် ကုဋီက အပြန်တွင် နင့်နာမည် 'ငရွှေထူးတဲ့လား'ဟု မေးပြန်သော် ဘုန်းကြီးက ဝမ်းမငြိမ်၍ ကုဋီအိမ်သို့ ပြေးရပြန်၏။ ဤကဲ့သို့ အတန်တန် သုံးကြိမ်သုံးတန် အတင်းမနေ့ဘဲ ဆင်းပြေးဝမ်းသွားရသည့်အတွက် ဘုန်းတော်ကြီး စိတ်ပျက်၍ ကျောင်းထက်၌နေ၍ မလျော်ဘူး ငရွှေထူး မြန်မြန်ခေါ်ပြီး အိမ်တော်သို့ပြန်ကြ၊ နောက်တစ်ဖန် ဓာတ်ချုပ်မှ ကျွန်ုပ်အကြောင်းကြားမည်ဟု ဆိုသဖြင့် အိမ်ကိုပြန်သွားရာ လူတကာ ကြောက်သောကြောင့် တစ်ယောက်ကမှ "ရွှေထူး"ကို မခေါ်ရဲဘူးတဲ့ ဒကာတို့ရဲ့။

ဤအတူ "မင်းတို့ငရုတ်သီး ရွတ်ရုပ်ကိုဖြင့် လွတ်စပ်၍သွားရည်ယိုသောကြောင့် အမည်ကိုမျှ မခေါ်ဝံ့ဘူးကွယ်ရို့"ဟု မိန့်တော်မူသောအခါ ဒါယကာအပေါင်းတို့သည် သောင်းသောင်းအုတ်အာ သည်းစွာရယ်မောလျက် တသောသော နေကြလေကုန်သတည်း။

———

www.burmeseclassic.com

www.burmeseclassic.com



## ၉၆–ပုဂံတောင်က မာရ်အောင်အသင်းသားတို့ ယွင်းမှားကာ အခြေမသင့်သဖြင့် ငတေနှင့် ပမာထား၍ မိန့်ကြားတော်မူခြင်း

အဂ္ဂမဟာပဏ္ဍိတ ရွှေကျင်နိကာယ သာသနာပိုင် အစဉ်ဖြာသော သင်္ဃာဆရာတော်ဘုရားကြီးသည် တိုင်းကြီးရာမည သုံးဌာနအတွင်းသို့ စုန်ဆင်းလှည့်လည် ဒေသစာရီစခန်းဖြင့် ကြွမြန်းတော်မူရာ ပုဂံတောင်ရွာသို့ ရောက်တော်မူလျှင် များဖြင့်သတ္တဝါ လာလာသမျှတို့အား တရားနည်းကောင်း လမ်းကြောင်းပြသ၍ ဆုံးမတော်မူသည်။

ထိုအခါ ပုဂံတောင်က မာရ်အောင်အသင်းသားတစ်ဦးသည် အဖူးအမြော် တရားတော်ကိုနာရန် ခစားပြီးလျှင် လျှောက်ထားသောအချက်မှာ... အထက်မူလ ပထမက တပည့်တော်သည် ဗုဒ္ဓဘာသာကို ယူပါသည်။ နောက် ဒုတိယ ဗုဒ္ဓဘာသာကို ပစ်၍ ခရစ်ယာန်ဘာသာသို့ ကူးပါသည်။ နောက်သုံးကြိမ်မြောက်အကျ တတိယကြဲဆောင်မှ မာရ်အောင်အဖြစ်သို့ ရောက်ပါသည်။ ယခု မာရ်အောင် အဖြစ်သို့ ရောက်သွားမှ တရားရင်းတရားမှန်ကို ဆက်ဆံတွေ့ကြုံရပါသည်ဘုရားဟု လျှောက်ထားလေသော် ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... အင်း ဒကာမှာ ဘာသာအမျိုးမျိုးသို့ လိုက်စားသဖြင့် "ဝ–သွားတိုင်း အရှေ့ပြောင်းသည်"ဆိုသော စကားကဲ့သို့ ရှိသည်ဟု မိန့်တော်မူသည်။

အများက ဥပမာအချက်ကို မိန့်မြွက်တော်မူပါဘုရားဟု လျှောက်ထားတောင်းပန်၍ လင်းပြန်မိန့်ကြားတော်မူသည်မှာ... ရှေးက ရွာတစ်ရွာ၌ ငတေဆိုသော ဒါယကာတစ်ယောက်သည် တောင်မြောက်ကိုမျှမသိ အသက်လေးဆယ်အရွယ် ရှိ၏။ မိမိမှာလည်း ဆင်းရဲသဖြင့် ကျွဲကျောင်း, မောင်းထောင်း, လယ်ထွန်, စပါးရိပ်ငှားလျက် သူတစ်ပါးအိမ်၌သာ နေရ၏။ သူတစ်ပါးက မင့်ကျွဲများ အရှေ့သို့ သွားသည်ဆိုလျှင် ယခင်က မလည်ပတ်သဖြင့် အနောက်အရပ်သို့သွား၏၊ အနောက်အရပ်သို့ မင့်ကျွဲများ ထွက်သွားသည်ဆိုလျှင် အထင်နှင့် အရှေ့သို့လိုက်၏။ ထိုနောက် စာရင်းကိုင်ကသိ၍ မိမိစာရင်းငှား မလည်သည်ကို ရယ်ဖွယ်ရာပြုအံ့ဟု တိုင်တစ်ခုတွင် (ဝ)လုံးကွင်း၍ ယင်းသို့ (ဝ) ရှိသောတိုင်ကို မမေ့နှင့် အရှေ့ဟု မှတ်ထား ပြောသင်ကြား၍ လေးငါးရက်ကြာလျှင် ယခင်တိုင်က (ဝ) ကွင်းကို ဖျက်လျက် အနောက်ဘက်ကတိုင်တွင် ရေး၍ မှတ်မိသေး၏လော အရှေ့ကိုပြောစမ်းဟု မေး၏။

ထိုအခါ ငတေသည် တွေဝေမိုက်ဖျင်း၍ (ဝ) ကွင်းကို ကြည့်သော် မိမိမှတ်သားထားသော တိုင်မှတစ်ပါး အခြားသော အနောက်ဖက်တိုင်တွင် (ဝ) လုံး ကို

www.burmeseclassic.com

www.burmeseclassic.com



မြင်သောကြောင့် ဟင့်အင်း ငါလည်း မမေ့ဘဲနှင့် (ဝ) ရွှေ့တိုင်း အရေ့ ပြောင်းရသည်။ ဉာဏ်ကောင်းပေမယ့် အလကားပဲဟုဆိုသတဲ့ ဒကာရဲ့။

ထိုအတူ ယခု ဒကာမှာလည်း ဘာသာအမျိုးမျိုးပြောင်းသဖြင့် မှတ်ဉာဏ် ကောင်းသည့် ငတေမိုက်ကဲ့သို့ (ဝ) လိုက်၍ မဆုံးနိုင်အောင်ရှိသည်ဟု မိန့်တော်မူသောအခါ တရားနာလျက်ရှိသူ ရှင်လူအများတို့သည် တဟားဟားရယ်မောကြ လေသတည်း။

---

## ၉၇–ကံ ဒွါရ အမေးထုတ်လျက် ထွေးရှုပ်သည့်စပ်ကြားတွင် ဓာတ်သမားရောစွက်သဖြင့် သဘောမနှစ်သက်၍ နောင်မှတ်စရာ ညွှန်းပြီးလျှင် "မောင်မြတ်သာထွန်း ယိုးဒယားကသလို" ဟူသော ရှေးစကားဖြင့် ဆေးသမားကို ထုံးပြု၍ ဆုံးမတော်မူခြင်း

သာသနာပြု သုဓမ္မာမှူး ဂုဏ်နံ့ကျူးလျက် အထူးပုံ့နှံ့ ကျော်စောတော်မူသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် ခရီးဒေသစာ နောက်ပါ ရာ့ထောင် မြားမြောင် မချို့ ရဟန်းတို့နှင့် ပုသိမ်မြို့သို့ ရောက်တော်မူသောအခါ ကံ, ဒွါရ နှစ်ပါး အသင်းသားတို့ ကွဲပြားခြင်းမရှိရအောင် နှိုင်းညှိစေ့စပ်သော်လည်း မညီညွတ်သော အား ကွဲပြားသည့်အတွက် ပျက်စီးဆုံးရှုံးသော ဒေဝဒတ်ငုံးအပေါင်းတို့၏ အကြောင်း ဝတ္ထုကို စံပြုဟောကြား မကွဲပြားဘဲ တစ်သားတည်းညီညွတ်က ဘေးလွတ်သော အကြောင်းများကို ဟောကြားတော်မူစဉ် ပရိသတ်တွင် ခစားသော ဆေးသမား ဓာတ်ဆရာတစ်ဦးက ဂုဏ်ထူးဖော်ပြလို၍ အရာဌာနကို မသိတတ် ကြားညှပ် လျှောက်ထားသည်မှာ... အရှင်ဘုရား ကံနှင့်ဒွါရ ကလဟဝိဝါဒ ငြင်းခုံခြင်းဖြစ်ရာ၌ မဆုတ်မနစ်သော ဒေါသ ပဋိဃတ်သည် တေဇောဓာတ်ကို အားပေးလျက် ဆူပွက် သောအား အသားအရေနီမြန်းခြင်း, အဆင်းသဏ္ဌာန် ရုပ်ဟန် မလှခြင်းဟူသော ဥဏှတေဇောဓာတ်၏ လက္ခဏာ၊ အသံကျယ်စွာ ပြောခြင်းတည်းဟူသော ဥဏှ ဝါယောဓာတ်၏ လက္ခဏာ ပေါ်ပေါက်လာသဖြင့် များစွာအကုခက်သောရောဂါမျိုး ဖြစ်ပါသည်ဘုရားဟု လျှောက်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



## မောင်မြတ်သာထွန်း ယိုးဒယားကသလို

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ အင်း... ဒကာမှာ အရာဌာနကို သည်လောက်သိလွန်းတော့ ဆင်ဖြူကျွန်းက "မောင်မြတ်သာထွန်း ယိုးဒယားကသလို" အကျိုးတရားမှ ဆုတ်ယုတ်တတ်သည်ဟု မိန့်တော်မူရာ ဥပမာစကား ယိုးဒယားကပုံကို အလုံးစုံ နားလည်အောင် အကျယ်ဟောတော်မူပါ ဘုရားဟု ဒါယကာများ တောင်းပန်သဖြင့် လင်းပြန် မိန့်ကြားတော်မူသည်မှာ...

ဒကာတို့ ဆင်ဖြူကျွန်းက မောင်မြတ်သာထွန်းဆိုသော ဇာတ်သမားသည် ယိုးဒယား က–နည်း, က–ပုံ အလုံးစုံကို အကုန်တတ်သိ၍ မိမိထံ သင်ကြားလာသူ လူအပေါင်းတို့အား ၎င်းယိုးဒယားအကကို သင်ပြအားထုတ်လေ့ရှိသတည်း။

## ငွေတစ်ထောင် ပေးလိုက်ရသတဲ့

တစ်နေ့သ၌ ညဦးအခါ မောင်မြတ်သာထွန်းအိမ်ကို ဓားပြတိုက်ရာ မောင်မြတ်သာထွန်းသည် အိမ်စွန်းမှ ခုန်ချ၍ ဓားပြဘေးမှ လွတ်အောင်ကြံဆောင်ထွက်ပြေးရာ လေးမျက်နှာ တူးထားသော မြောင်းကမ်းပါးသို့ အဆိုက်တွင် ဆင်ခြင်စဉ်းစား ရပ်ကာနားလျက် ငါကား ရှေးက ဤမြောင်းကိုခုန်ရာ ဘယ်အခါမှ အမျိုးခြားလျက် ယိုးဒယားဟန် မပျက်စဖူး၊ ယိုးဒယားဟန်ကလေးနှင့် ယဉ်ကျေးအောင် ကူးနေလျှင်လည်း အပြီးတွင် မြောက်ကမ်းတွင် ဓားပြဖမ်းခံရချေတော့မည်။ ဟယ်... တတ်နိုင်ဘူး၊ ရှေးက ယိုးဒယားဟန် မပျက်ဘူးဘဲနှင့် ခုမှ အပျက်မခံဘူး၊ ယိုးဒယား သိုင်းကွက်ကျနှင့် ခပ်လှလှကူးမည်ဟု တူးမြောင်း၏နဘေးတွင် ခပ်ဖြည်းဖြည်း ခြေဟန်လုပ်ဆဲတွင် ရောင်ကိုဆွဲ၍ အက–သရမ်းသောကြောင့် ဓားပြဖမ်းခံရသဖြင့် မတန်တဆ ရိုက်တောင်းသောကြောင့် ငွေတစ်ထောင် ပေးလိုက်ရသတဲ့ ဒကာတို့ရဲ့။

ဤအတူ ယခု ဇာတ်ဆရာမှာလည်း အရာဌာနကို မသိ၊ မိမိဂုဏ်ကိုထုတ်ပြလျက် ဟုတ်လှပြီတစ်မျိုး ကြွားတာက ယိုးဒယားကသည်ထက် ဆိုးသည်ဟု မိန့်တော်မူသောအခါ များစွာသော ပရိသတ်တို့သည် ပွဲတင်ထပ်မျှ ရယ်မောကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၉၈–"ဒေသနာကြားပုံဆန်းသဖြင့် ရဟန်းရှုးနှင့် သဘောကိုက်အောင် ရောလိုက်ရသည်"ဟူသော ပမာစကားဖြင့် စားသူရဟန်းငယ်ကို ရယ်မောဖွယ်ဖြစ်အောင် မိန့်တော်မူခြင်း

အဂ္ဂမဟာလင်္ကာရ စသည်ထင်ပေါ် ကျွန်လုံးကျော်သော သင်္ဂဇာဆရာတော်ဘုရား ကြီးသည် အတီယခင် တိုင်းရာမဥ္ဉ ရာဇဝင်မညှိုး အမြဲစိုးသော ပဲခိုးမြို့သို့ ရောက်တော်မူသောအခါ ဆရာတော်ဘုရား၏ တရားသံကို နာခံမှတ်သားမည်ဟူသော နှလုံးသွင်းနှင့် ဦးပဉ္စင်းတစ်ပါးသည် ခစားရောက်ရှိလျက် တပည့်တော်သည် ရှေးသောအခါက မဟာဂဏ္ဍိအသင်းက ပါဝင်ရင်း ဖြစ်ပါသည်။ ယခု မဟာဂဏ္ဍိအသင်းက ထွက်၍ စူဠဂဏ္ဍိဘက်သို့ ရောက်ပါသည်ဘုရားဟု လျှောက်သော် ဆရာတော်ဘုရားက သင့်အား မဟာဂဏ္ဍိမှထွက်၍ စူဠဂဏ္ဍိဘက်သို့ အဘယ့်ကြောင့် ဝင်သနည်းဟု မေးတော်မူရာ မဟာဂဏ္ဍိ အသင်းသားထက် စူဠဂဏ္ဍိ ဒကာများက ပေါ်များကြွယ်ဝ ခနပစ္စည်းခိုင်လုံ၍ ပြည့်စုံရာ ဝင်ရပါသည်ဘုရားဟု လျှောက်ထားလျှင် သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ...

### ဒေသနာကြားလိုက်ပါရစေ

အေးလကွယ်–ဘယ်ဟာမျှ သဘောမထားနှင့် စားရလျှင်ဟန်ကိုက်ကရောပ အလိုက်သင့်ရာ ရောပေါင်းတာပ "စိတ်မကောင်းတဲ့ ဘုန်းကြီးနှင့် ဒေသနာကြားသလိုပေါ့"ဟု မိန့်တော်မူပြီးလျှင် ငါ့ဦးပဉ္စင်းကလေး ရှေးက ကျောင်းတစ်ကျောင်းတွင် စိတ်မကောင်းသော ရဟန်းရှူးတစ်ပါးသည် တပည့်သားမရှိ မိမိချည်းနေထိုင်ရာ အခါတစ်ပါး ရဟန်းတော်နှစ်ပါးတို့သည် ခရီးသွားခိုက် နေနီး၍ ဆွမ်းမှီးခြင်းအကျိုးငှာ ခိုကိုးဆိုက်ရောက်ကြလျှင် စိတ်မနပ်သော ရဟန်းရှူးက ကျေးဇူးနှယ်ကြီးလိုက်လေ ကိုယ်တော်တို့၊ တပည့်တော်မှာ အဖော်အပေါင်းမရှိ မိမိချည်းတစ်ပါးတည်း နေရသဖြင့် ဒေသနာမကြားရ ကြွလာသည့်အခိုက် ကြားလိုက်ပါရစေဟု ဆိုသည်။

ထိုအခါ စိတ်ကောင်းသည် ထင်မှတ်၍ ကောင်းမြတ်စွာ ကြားမည်ဟု တစ်ပါးကထပြီးလျှင် ရဟန်းရှူးနှင့်တကွ ထိုင်၍ ယှဉ်ပြိုင်မိသောအခါ ဒေသနာအထူး ရဟန်းရှူးက စိတ်မကောင်းသဖြင့် **"တပေါင်းချိန်ကြူးလို့ တန်ခူးတဲ့ကြို ချေပြီလေ ပူပြင်းတဲ့နေ"**ဟု ကြားရာ အာဂန္တုရဟန်းငယ်သည် ရယ်မောရှိ ထသွားလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရဟန်းရှူးက ထူးထွေရန် ကိုယ်တော် ဒေသနာကြားခေါ်သည်ကို ပျော်စရာထင်၍ ရယ်ရွှင်ထသွား ဒေသနာမကြားဘူး၊ နောက်တစ်ပါး ကြွပါဟု ဆိုလျှင် ယခင်ကဲ့သို့ သွား၍ အပါးမှာထိုင်မိလျှင် ဘုန်းကြီးက **"တပေါင်းချိန် ကြူးလို့ တန်ခူးတဲ့ကြိုချော့ပြီလေ ပူပြင်းတဲ့နေ"**ဟု ဆိုရာ ဒုတိယဦးပဥ္စင်းက ရိပ်မိ၍ **"ဘုန်းဆေဆေ သစ်ခက်ကိုအသာချိုးပါလို့ မိုးလှဲ့ပါတော့လေ"** အအုပ်အခံ လိုက်အောင် သူ့အကြိုက် ပြန်ကြားမှ ဘုန်းကြီးရှူးက သာဓု–သာဓုဟု အစသတ်သတဲ့ ငါ့ရှင်တို့။ ဖြစ်၍ရှိပေါ့ဟာ မနေသာဘူး၊ ဒေသနာကြားပုံ ဆန်းထူးလှဖြင့် ရဟန်း ရှူးနှင့် သဘောကိုက်အောင် ရောလိုက်ရသကဲ့သို့ ဤအတူ ငါ့ရှင်မှာလည်း ဒကာနှင့် သဘောကိုက်အောင် ရောလိုက်တာပလကွယ်ဟု မိန့်တော်မူသော အခါ များစွာ ရယ်မော၍ တသောသော နေကြကုန်သတည်း။

---

## ၉၉–ရေမြွေရှင်မင်းတရားကို ချီပါသားနှင့် ပုံပြုလျက် ထုံးတစ်ခုဖြစ်အောင် မိန့်တော်မူခြင်း

မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဌမသင်္ဂါယနာတင် မင်းတရားကြီးသည် သင်္ဂဇာဆရာတော်ဘုရားကြီးကို ပင့်၍ သင့်တင့်လျောက်ပတ် ကောင်းမြတ်ဖွယ် ရာသော ဘောဇဉ်ဆွမ်းတို့ဖြင့် လှူဒါန်းဆက်ကပ်လျက် တရားတော်မြတ်ကို နာခြင်းကိစ္စအပြီးတွင် မင်းတရားကြီးက ဤသို့ လျှောက်သည်မှာ။

အရှင်ဘုရားမှာ လောကဓမ္မ ရာဇတန္တီ ပဝေဏီကျမ်း အရပ်ရပ်တို့၌ နှံ့စပ် ကျေပွန်တော်မူသော ပုဂ္ဂိုလ်ထူးဖြစ်၍ အသစ်အသစ် တိုးလျက် တစ်မျိုးထက် တစ်မျိုး ဆန်းကျယ်သော ဥပမာတို့ကို မိန့်ဆိုနိုင်ပါပေသည်။ ယနေ့ အမိန့်ရှိတော် မူပါလျှင် ယခင်က ဥပမာများထက် ထူးချွန်သာလွန်၍ ကောင်းမည် ထင်ပါသည် ဘုရားဟု လျှောက်၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒကာတော်ပြောသည့် စကားက "ချီပါသား လောဘကြီးသဖြင့် ဩဇာသီးစားရအောင်လုပ်သည်နှင့် တူသည်"ဟု မိန့်တော်မူရာ မင်းတရားကြီးက ဩဇာသီးစားရအောင် လုပ်ပုံကို အလုံးစုံမှတ်သားဖို့ မိန့်ကြားတော်မူပါဟု တောင်းပန်၍ အကြောင်းခံရှိသမျှကို သိရအောင် မိန့်တော်မူသည်မှာ...

www.burmeseclassic.com

www.burmeseclassic.com



ဒကာတော်မင်းတရား ချီပါသားနှစ်ယောက်တို့သည် အောက်ပြည်သို့သွားရာ ဩဇာသီးရောင်းသော ဈေးဆိုင်တွင် သွားထိုင်နားနေလျက် ငွေနှင့်မဝယ်ဘဲ စားရအောင် ကြံဆောင်စိတ်ကူး၍ တစ်ဦးသော ချီပါသားက အလွန်အဖုအထစ်များသော ဥသျှစ်သီးပါကလားဟု ချီပါသားတစ်ယောက်ကို ပြောလျှင် ဈေးဆိုင်ရှင်မိန်းမက ကြား၍ တဟားဟား ရယ်ပြီးလျှင် ဥသျှစ်သီးမဟုတ်ပါ ဩဇာသီး ဖြစ်ပါသည်၊ တစ်ခါမှ မစားဖူး၍ စကားထူးပြောဟန်ရှိသည်ဟု ဆိုလျှင် အို... ယခုမှ ကြားဖူးသည်။ ဤအသီးကိုစားလျှင် ဩဇာအာဏာတိက္ကမများ ကောင်းလိမ့်မည်။ စားသောအခါ ထုခွဲရသလောဟု မသိယောင်ထင်မှတ်လို့ လှည့်ပတ်ပြောဆို၏။

ထိုအခါ ဈေးသည်မိန်းမက ချီပါသား လှည့်စား၍ပြောသည်ကို သဘောရိုးထင်ပြီးလျှင် မောင်ကြီးရယ် ထုရိုက်၍မခွဲရပါ အသာနိုပ်က ကွဲကြေ၍ကျပါသည်။ အနည်းငယ်မျှ စူးစမ်းပါဟု တခြမ်းစီ ခွဲခြမ်း၍ ချီပါသားတို့ကို ပေးသတတ်။

ထိုအခါ ချီပါသားနှစ်ယောက်တို့သည် စားသောက်၍ မဝသောကြောင့် ထပ်၍တစ်ဖန် ပြောပြန်သည်မှာ ငါ့နှမပေးသော ဩဇာသီးသည် ချိုလည်းချိုပါပေ၏။ သို့ရာတွင် အသီး၏အထဲက သဲပါသောကြောင့် ကောင်းစွာ မစားရဟု ဆိုလျှင် ဆိုင်ရှင်မိန်းမသည် ထိုင်ရာက ညည်းတွား၍ ရှင်တို့စားကြသည်မှာ အခွံပါသလားဟုမေးရာ စားမိပါပေသည် လိမ်လည်၍ ပြောသောအခါ အခွံကိုနွာလျက် ခွာပြီးလျှင် အသာခွဲ၍ အထဲကအသားကို စားရသည်ဟုဆို၍ တစ်ကိုယ်တစ်လုံးကျ ထပ်၍ပေးပြန်လျှင် မမြင်ကွယ်ရာသို့ သွားလျက် စား၍ မဝသေးသောအချက်ကြောင့် တက်ကာထိုး၍ တစ်မျိုးပြန်ပြောသည်မှာ ဩဇာတိက္ကမသီးသည် စား၍လည်း အရသာရှိပေစွ။ အရသာပင် ရှိငြားသော်လည်း ဝါး၍ကား မညက်နိုင်ဟု ဆို၏။

ထိုအခါ ဈေးသည်မက ဖြစ်ရလေ ရှင်တို့ အစေ့ပါစားသလောဟု မေးပြန်သောအခါ ဟုတ်ပါပေသည် ကျုပ်နှမ၊ ဘယ်ကဲ့သို့ စားရသနည်းဟု မေးပြန်သောကြောင့် စားပုံစားနည်းကိုပြ၍ တစ်ယောက်တစ်လုံးကျပေးက ဩဇာသီးဝမှ ထ၍သွားကြသတဲ့ ဒကာတော်ရဲ့။

ဤအတူ ဒကာတော်မှာလည်း ဩဇာသီး စားလို၍ ချီပါသား လိမ်သလို ဥပမာကို နားထောင်ချင်၍ လုပ်တာထင်ပါရဲ့ဟု မိန့်တော်မူလျှင် ဘုရင်မင်းတရားကြီးနှင့်တကွ ရှိသမျှသော မိဖုရား မှူးမတ် ပရိသတ်တို့သည် မတန့်မရပ် ရယ်မောကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၀၀–ရယ်ဖွယ်ရာပြောကြားသည်ကို သဘောထားမချေင်လျှင် လှေနံဓားထစ်ဆိုသော စကားကဲ့သို့ အမှားကို အမှန်ထင်၍ ဉာဏ်အမြင်လွဲမှားလျှင် ဧရဲလားတတ်သည်ဟု မိန့်တော်မူခြင်း

ပိဋကတ္တယဆောက် နာနာနယကောဝိဒ ဝစနပါရဂူ ဖြစ်တော်မူသော သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် သည်းစွာသော ကရုဏာအဟုန် ပြဟ္မစိုရ်ထုံသဖြင့် အလုံးစုံသော သတ္တဝါအများကို တရားဝေဋ နည်းကောင်းပြလျက် ဆုံးမတော်မူမည် နှလုံးသွင်းလျက် ဟင်္သာတမြို့သို့ ကြွတော်မူသောအခါ ပညာဗဟုသုတ နည်းပါး၍ အကြားအမြင် နည်းသော အဘိုးကြီးတစ်ယောက်သည် လူနောက်များ ကျီစား၍ ပြောကြားသည်ကို အကယ်ထင်မှတ်လျက် ဆရာတော်မြတ်အထံသို့သွား၍ လျှောက်ထားသည်မှာ... အရှင်ဘုရား အချို့သောသူတို့က ဒါနကိုပြုမှားလျှင် နွားဖြစ်တတ်သောအကြောင်းကို ကျမ်းဟောင်း ပါဠိနှင့်တကွ ရေးပြသင်ကြားသည်ကို ရရှိသဖြင့် မိမိကပင် လှူချင်ငြားသော်လည်း ဘုရားဟော ပါဠိကို ပယ်ရာကျမည် ကြောင့် ဒါနကို မပြုဝံ့ဘဲ နေပါသည်ဟု လျှောက်၏။ ထိုအခါ ဆရာတော်ဘုရားက ဤသို့ မိန့်ကြားတော်မူသည်။

ဒကာကြီး အရွယ်ကလည်း နည်းလှပေ၊ သည်လိုချည်း မှတ်ထားလျှင် အမှားကြီး မှားတော့မည်။ သင့်အား ရရှိသောပါဠိကို ရွတ်ပြ၍ အနက်နှင့်တကွ ဆိုစမ်းလော့ဟု မိန့်တော်မူရာ ရွတ်သည်မှာကား "ဒါနတော ဘောဂဝါ"။ ဘော၊ အိုအချင်း လူတသင်းတို့။ ဒါနတော၊ အလှူပေးခြင်းကြောင့်။ ဂဝါ၊ နွားဖြစ်၏"။ ဤကဲ့သို့ လာရှိသော ပါဠိမှန် အနက်လွဲကို ရွတ်ပြသော် ဆရာတော်က ဩော်... ဖြစ်ရလေဒကာကြီး၊ ပျက်စီးအံ့သောအကျိုးကို မထောက်သော လူနောက်တို့ ပြောစကားကို သဘောထား အထင်မခွနှင့် ရွတ်ပြသော အနက်သည် လူပြက် လူချော် လူသရော်တို့၏ စကားဖြစ်သည်။ စင်စစ်အမှန် အနက်ကို သမ္ဗန်မှု "ဒါန တော၊ ဒါနလှူဒါန်း စွန့်ပေးကမ်းခြင်းကြောင့်။ ဘောဂဝါ၊ ခနရိပ်ငြိမ် စည်းစိမ် ဥသဲ့ စုပုံနဋ္ဌ ပြည့်စုံခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။"

ဤသို့ပေးသော အနက်ကို တစ်သက်ပတ်လုံး စွဲပိုက်ကျုံးလျက် ကျင့်သုံး အားထုတ်ရာသည်။ ဒကာကြီးမှာ သူတစ်ပါး ကျီစားလို၍ ပြောဆိုသောစကားကို အမြဲအစွဲအားဖြင့် မှတ်ထင်၍ "လှေနံတွင် ဓားထစ်သော သူကဲ့သို့"ရှိသည်ဟု

www.burmeseclassic.com

www.burmeseclassic.com


မိန့်တော်မူ၏။ ထိုအခါ ပရိသတ်အတန်တန်တို့က လှေနံတွင် ဓားထစ်သော ဥပမာကို သိသာစွာ ထင်ရှားအောင် ဟောကြားတော်မူပါဘုရားဟု လျှောက်ထား၍ မိန့်ကြားတော်မူသည်မှာ... ရောတီမြစ်ကြီးတွင် လှေစီးလိုက်ပါ ဥစ္စာရှာသော ကုန်သည်တစ်ယောက်သည် အောက်သို့ ဓားရှည်တစ်ချောင်းကျသွားလျှင် လှေနံတွင် ဓားဖြင့်မှတ်လျက် လှေရပ်မှရှာမည်ဟု ကြံစည်လိုက်သွားရာ လှေဆိုက်သော အခါ၌ လှေနံအထစ်ကိုကြည့်လျက် မိမိဓားကို ဆင်း၍ ရေတွင်း၌ ငုပ်ရှာရာ ရှေးအခါက တံစဥ်သည် လှေအောက်တွင် ရှိသဖြင့် အဆင်သင့်စမ်းမိသော် လှေပေါ်သို့ ကောက်ယူတင်လျက်၊ အင့်ဟင်... ငါ့ဓားကလေး ချမ်းတာနှင့် ကွေးနေပြီဟု အတည်မှတ်ထင်သဖြင့် မဆင်မခြင် ပြောဆိုသတဲ့ ဒကာကြီး။

ဤအတူ ဒကာကြီးမှာလည်း အကျိုးစီးပွားကို မမျှော်မထောက်သော လူနောက်တို့ ပြောဟန်ကို ကောန်ဖြစ်သည်ဟု မှတ်ထားသောကြောင့် 'လှေနံဓားထစ် အစားထဲကပင်'ဟု မိန့်တော်မူသောအခါ တရားနာအပေါင်းတို့သည် သောင်းသောင်း အုတ်အာ သည်းစွာရယ်မော၍ တသောသော နေကြလေကုန်သတည်း။

---

## ၁၀၁–အဂ္ဂပတ်ဘုန်းကြီး၏ ထုံးနည်းကို ပမာထား၍ ဒါယကာအား မိန့်တော်မူခြင်း

အဂ္ဂမ္မောလက်ာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု သာသနာပြု သုဓမ္မာ အဝင် သင်္ဂဇာဆရာတော်ဘုရားသည် ဟင်္သာတမြို့သား၊ လူရှင်အများကို တရား ရေအေး တိုက်ကျွေးဆုံးမတော်မူစဉ် ဖူးမြင်ရောက်လာ ဒါယကာတစ်ဦးသည် အထူးအားဖြင့် လျှောက်ထားသည်မှာ အရှင်ဘုရား ဆိုင်းသမား သဘင်သည်တို့၏ အမှုကို အကုသလကမ္မပထတရား ဆယ်ပါး၌ စဉ်းစားဆင်ခြင်သော် ကာယကံ တွင်လည်းမပါ, ဝစီကံမှာလည်း မပါထိုက်, မနောကံမှာလည်း မသွင်းသင့်ဖြစ်ပါ သောကြောင့် အပြစ်လွတ်မည်ထင်ပါသည်ဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ သဘင် သည် ဇာတ်သမားတို့သည် ငွေးရမ်း၍ ကပြကြသောအခါ ပညာရှိအား နားနှင့် မတန် မခံသာ အနာဒရ (မရိုမသေ) ထုတ်၍ ကြမ်းကြုတ်စွာ ဆိုရခြင်းတည်းဟူသော ဖရုသဝါစာ၊ မဟုတ်မမှန် ကြံဖန်လည်ဆယ်၍ ပရိယာယ်ဖြင့် အကယ်ထင်မှတ်အောင်

www.burmeseclassic.com

www.burmeseclassic.com



သမ္မပ္ပလာပ မကင်းဘဲ ပြိန်ဖျင်းသောစကားကို ဆိုရခြင်း၊ ယင်းသို့ ချွတ်ယွင်းဖောက်ပြန်သည်ကို အဘယ်ကဲ့သို့ သွင်းမည်နည်းဟု မေးတော်မူ၏။

ထိုအခါ ဒါယကာက တပည့်တော် နားမလည်ခြင်းကြောင့် မသွင်းတတ်ပါဘုရားဟု လျှောက်ထား၏။ ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒါယကာ... ကိုယ်ထင်ရာကိုယ်ပြော ကိုယ့်သဘောနှင့်ကိုယ်ယူလျှင် ထိုသူဟာ လွဲပြီးချည်းမှတ်၊ ဉပမာပုံကပ်လျှင် "အဂ္ဂပတ်ဘုန်းကြီး ရဟန်းတစ်ယောက်သည် ကျမ်းထောက်နှင့် ပမုန်းမွေးထားသလိုနေပြီ"ဟု ပမာထား၍ မိန့်ကြားတော်မူသည်"

## အဂ္ဂပတ်ရဟန်း ပမုံးမွေးထားသည်

ငါတို့ အထက်မန္တလေး နေပြည်တော်၌ သီတင်းသုံးစဉ် ကသည်းဘုန်းကြီး တစ်ပါး ရောက်လာသဖြင့် များစွာသော ပမုန်းမွေးတို့ဖြင့် ရှုပ်ထွေးသည်ကိုမြင်၍ သံဃာအများတို့က သင်ကား အဘယ်ကြောင့် မတင့်တယ် မလျောက်ပတ် မအပ်သော ပမုန်းမွေးတို့ကို ထားသနည်းဟု မေးမြန်းကြရာ မြန်မာရဟန်းတို့၌ မအပ်သော်လည်း အဂ္ဂပတ်ဘုန်းကြီး၌ ပမုန်းမွေး ထားအပ်ကြောင်းကို ကျမ်းဟောင်း ပါဠိ အခိုင်အမာရှိသောကြောင့် ငါ၏ပမုန်းမွေးတို့ကို မရိတ်ဘဲထားသည်ဟု ပြောသောအခါ မြန်မာရဟန်းတို့က သင့်ကျမ်းဂန် ပါဠိကို ရွတ်ပြ၍ အနက်ပေးလော ဟု ခိုင်းရာ မဆိုင်းမကြာ ခပ်တိုတိုဖြင့် ရွတ်ဆို၍ပြသည်မှာ... "အဂ္ဂပတ္တော ပမောဒတိ။ ဘိက္ခဝေ၊ ရဟန်းတို့။ အဂ္ဂပတ္တော၊ အဂ္ဂပတ်ဘုန်းကြီးသည်။ ပမောဒတိ၊ ပမုန်းမွေးထား၏" ဤသို့ အနက်ပေးရာ မြန်မာရဟန်းအပေါင်းတို့သည် တစ်ကျောင်းလုံး ရယ်မောကြသတဲ့ ဒကာရဲ့။

ဤအတူ ဒကာမှာလည်း မတတ်ဘဲနှင့် အဂ္ဂပတ်ကသည်းဘုန်းကြီး ပမုန်းမွေးထားသလို ကိုယ့်ဉာဏ်သွားနှင့်ကိုယ် ယူထား၍ အလွဲအမှားချည်း ဖြစ်နေပြီဟု မိန့်တော်မူသောအခါ တရားနာအများ ဟင်္သာတမြို့သားတို့သည် ရယ်အားတက်ကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၀၂-သူနာနှင့်ဆရာ သဘောချင်းတူပါလျှင် သူနာကိုဆေးမသွင်း သော်လည်း တေးသီချင်းနှင့် ပျောက်သည်ဟူသော ပမာစကားဖြင့် ဒါယကာအား မိန့်တော်မူပုံ

အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော တံဆိပ်နာမံ အလှူတော် အပူဇော်ခံရသဖြင့် နိုင်ငံမဆုံ ပျံ့နှံ့သတင်း ကျော်စောခြင်းဂုဏ် အထူးကို ချီးကျူးအံ့ဩ ပြောပ၍ မကုန်နိုင် ခံ့ခိုင်သော သမာဓိ တည်ကြည်ခြင်း ရှိတော်မူသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် အသီးသီးသော ရဟန်းပရိသတ် တို့နှင့် လှည့်ပတ်ဒေသစာရီ ကြွချီတော်မူသောအခါ တောတွင်းရွာတစ်ခုသို့ ရောက်ရာ ဒါယကာတစ်ဦးသည် အဖူးအမြော် ရောက်လာသည်။

ထိုအခါ ဒါကာက ဦးတင်လျှောက်ထားသည်မှာ အရှင်ဘုရား တပည့်တော်တို့ ဘုန်းတော်ကြီးသည် နှမြောလည်းနှမြော စိတ်သဘောလည်း ကောက်တတ်ပါသည်။ ဤကဲ့သို့ နှမြောဝန်တို စိတ်အလိုကောက်သော်လည်း တပည့်တော်တစ်ယောက်ကို မူကား စားမဆို, သောက်မဆို, ယူလိုယူ, ပေးလိုပေး သူကျေအေးပါသည်၊ ခိုင်း စရာပင် ရှိသော်လည်း တပည့်တော်ကိုသာ ခိုင်းပါသည်ဘုရားဟု လျှောက်ထား၏။

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ "သူ့သဘောကို လိုက်လျောညီထွေ၊ သိတတ်စေ"ဟူ၍လည်းကောင်း၊ "သူ့စရိုက် ကို အလိုက်ညီထွေ ပေါင်းတတ်စေ" ဟူ၍လည်းကောင်း ရှေးသူဟောင်းတို့ ဆိုရိုးစကား ထင်ရှားရှိသည်။ သူ၏အလိုကိုသိ၍ ပေါင်းသင်းလျှင် အချင်းချင်း ညီညွတ်တတ်၏။ "သဘောချင်းတူပါလျှင် သူနာကို ဆေးမသွင်းဘဲ တေးသီချင်း နှင့်ပင် ပျောက်ဖူးသတဲ့" ဒကာရဲ့ဟု မိန့်တော်မူပြီးလျှင် အသင်ဒကာ ရှေးသော အခါ ရွာတစ်ရွာ၌ ဥစ္စာနှင့် ပြည့်စုံသော သူတစ်ယောက်သည်ရှိ၏။ ထိုသူသည် နူးညံ့သိမ်မွေ့သောအမူ အပြုအမူကို အလွန်ကြိုက်နှစ်သက်တတ်၏။ အယုတ်ဆုံး အားဖြင့် ခြေဖျားဖြင့် နင်းထောက်၍သွားမှု မည်သူကိုမဆို အလိုသဘောကျ၏။ ထိုသူသည် တစ်ရံရောအခါ ရောဂါဖိစီးလျက် ကြီးစွာသော ဝေဒနာကို ခံစားရ သဖြင့် တတ်လှသော သမားတို့ကိုခေါ်၍ ကုသရာ လာလာသမျှသော ဆေးသမား တို့အား အသွားကြမ်းသည်၊ အပြောအဆို ကြမ်းသည်၊ အနေအထိုင်ကြမ်းသည်၊ ဆေးတိုက်ကြမ်းသည် စသည်ဖြင့် ပြော၍ သဘောမကျသောကြောင့် ငွေပေး၍ ချည်း နှင်လျက်လွှတ်၏။

www.burmeseclassic.com

www.burmeseclassic.com



### လူနာသဘောကျ

ထိုနောက် မကြာမီ နေပြည်တော် မန္တလေးက ဆေးဆရာငယ်ငယ် အသက် သုံးဆယ်ရွယ် နုနယ်ပြေပြစ် ကျစ်လျစ်အထူး နူးညံ့သိမ်မွေ့ ငြိမ်ဆိမ်သော အမူ အရာရှိကြောင်းကို လူအပေါင်းတို့ ပြောခြင်းကြောင့် သတင်းရရှိသဖြင့် မိမိအိမ်သို့ ပင့်ခေါ်ရာ ဆေးဆရာကလည်း ထိုသူနာ၏ ဝါသနာကို ကောင်းစွာရိပ်မိသဖြင့် အိမ်ပေါ်သို့ ရောက်သည်မှစ၍ ခြေနှင်းသံကို မကြားရ စကားကိုမျှ ဒလသံဖြင့် ရိုးရိုးနှင့် တိုးတိုး အနီးသို့ကပ်လျက် မျက်နှာချင်းအပ်ပြီးလျှင် သင်၏ရောဂါသည် သက်သာ၏လော စသည်ဖြင့် နူးညံ့သိမ်မွေ့သော အမူအရာနှင့်မေး၍ ဆေးပေး ကုသရာ သူနာက အလွန်သဘောကျ၏။

ထိုအခါ ဆရာက ဘာကိုမျှမကြောက်လင့် ပျောက်အောင်ကုမည်ဝန်ခံလျက် အရုံသင့် အိမ်မှ ယူဆောင်ခဲ့သော ကတိုးနှင့် ဖုံးမသိမ်ကိုထုတ်၍ ရုတ်တရက် ကျောက်ပျဉ်တွင် ယဉ်ယဉ်ကျေးကျေး သာယာသောအသံကလေးနှင့် တေးဆို၍ သွေးသည်မှာ... **"ကတိုးရယ်နှင့် ဖုံးသိမ်၊ ကျောက်ပျဉ်မှာ အသာသွေးပါလို့၊ တစ်ရွှေးစီတဲ့ စက်ခါချိန်"**ဤကဲ့သို့ ဆရာကလေး၏ တေးဆိုသောအသံကို နာခံရင်း ဆောမကြာဘဲ စွဲကပ်သော ရောဂါသည် လျှော့ကျ၍ လွတ်ကင်းသဖြင့် ချက်ချင်းပင် ချမ်းသာရာရသတဲ့ ဒကာရဲ့။

ဤဥပမာ၌ သူနာနှင့်ဆရာ သဘောချင်းတူရာ၍ သူနာကို ဆေးမသွင်းဘဲ တေးသီချင်းနှင့် ပျောက်သည်ဟူသကဲ့သို့ ထိုအတူ အယူသဘော မနောစရိုက်ကို ချင့်၍ အလိုက်သင့် ပေါင်းသင်းလျှင် ကောင်းခြင်းသို့ရောက်သည်ဟု မိန့်တော်မူ သောအခါ များစွာ သဘောကျကြလေကုန်သတည်း။

---

### ၁၀၃-"သည်လို ဒုက္ခမျိုးကို တက်တိုးတို့ ခံစမ်းချင်လှသည်"ဟူသော ပမာဖြင့် ဒါယကာမင်းတရားကို စဉ်းစားရန် မိန့်တော်မူခြင်း

အခါတစ်ပါး ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် သင်္ဃာ ဆရာတော်ဘုရားနှင့်တကွ များစွာသော တံဆိပ်တော်ရ ဆရာတော်တို့ကို နန်းတော် သို့ပင့်၍ သင်တင့်လျောက်ပတ် ကောင်းမြတ်ဖွယ်ရာသော အရသာဆွမ်းများကို လှူဒါန်းဆက်ကပ်၍ ပရိတ်တရားမြတ်ကို နာခံပြီးသောကာလ မင်းတရားကြီးက

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဘုရားတို့ သိကြား ဗြဟ္မာ, စတုလောကပါလာ, မန္တတ်, စကြဝဠာ, ပဒေသရာဇ်, ဧကရာဇ်, သူဌေး, သူကြွယ်တို့၌ တင့်တယ်များပြား ကြီးမားသော စည်းစိမ်ဥစ္စာ ရတနာရွှေငွေ ဆန်ရေစပါး ကျွဲနွားဆင်မြင်း သင်းပင်းကျေးကျွန် ခြွေရံပရိသတ် အရပ်ရပ်တို့သည် ကောင်းမြတ်သော ကုသိုလ်ပါရမီ ကူညီထောက်ပံ့၍ ဖြစ်လာသဖြင့် ချမ်းသာဟု ခေါ်သမုတ်ကြသော်လည်း "တေဘူမကံ ဝဋ္ဋဒုက္ခံ" ဟု ထုတ်ပြန်သော ပါဠိ၏အရ တေဘူမက ဝဋ်တွင်း၌ စာရင်းအပါအဝင်ဖြစ်၍ စင်စစ်မုချမှာ ဒုက္ခပင်ဖြစ်ပါသည်။

သို့အတွက် ယခု တပည့်တော် အစိုးရသော တိုင်းပြည် ကျေးလက်ခရိုင် နိုင်ငံနှင့်တကွ မိဖုရား မောင်းမမိသံ အရံထိုးနန်းစသော စည်းစိမ်ချမ်းသာ ဟူသမျှမှာလည်း ဒုက္ခဟူသော အခင်းသွားကို စဉ်းစားဆင်ခြင်လျှင် ခင်မင်နှစ်သက်စရာ မဟုတ်၍ စိတ်ရှုပ်ခြင်း ဖြစ်ပါသည်ဘုရားဟု လျှောက်ထား၏။

ထိုအခါ သင်္ဂဇာဆရာတော်မှတစ်ပါး အခြားသော ဆရာတော်အများတို့သည် မိန့်ကြားတော်မမူကြလျှင် သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒကာတော် လျှောက်ထားသော စကားသည် ဘုရားဟောကျမ်းဂန်နှင့် သင့်မှန်ညီညွတ်သောစကား ဖြစ်ပေသည်။ သို့ရာတွင် သူတစ်ပါးကြားတော့ "သည်လိုဒုက္ခမျိုးကို တက်တိုးတို့ ခံစမ်းချင်လှ"ဆိုတာလို နေလိမ့်မည်ဟု မိန့်တော်မူ၏။

ထိုအခါ မင်းတရားကြီးက ရှိခိုးလျက် တက်တိုး၏ ဥပမာစကားကို မိန့်ကြားတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်သဖြင့် လင်းပြန် မိန့်ကြားတော်မူသည်မှာ... ငါတို့ ကျေးဇူးရှင် ဖြစ်တော်မူသော ကောလ္လာညမထေရ်မြတ်၏ တူသားအမျိုး တက်တိုးဆိုသော ကျောင်းသားသည် ကောလ္လာညဆရာတော်ဘုရား၏ အနီးတွင် ခိုမှီးခစား အပါးတော်တွင် ရှိခိုက်အခါ ဒါယကာတစ်ဦးသည် အထူးကြည်ညိုသော သဒ္ဓါတရားဖြင့် နွားနို့ကိုကပ်လာလျှင် ဆောစွာ မဘုဉ်းပေးသေး၊ ဖြည်းဖြည်း လက်ပေါ်မှာတင်၍ ပစ္စဝေက္ခဏာ ဆင်ခြင်ပြီးသော် ဩော်... ဒုက္ခ–ဒုက္ခဟု နှုတ်ကဆို၍ ဘုဉ်းပေးတော်မူ၏။ ထိုအခါ အပါးတွင် ခစားသော ကျောင်းသားတက်တိုးက မရိုးမရွ စားရမည့်နေရာမှာ ညည်းတွားနေသေးသည်ဟူသော သဘောကိုပိုက်၍ ဖြစ်ရလေသနော် "သည်လိုဒုက္ခမျိုးကို တက်တိုးတို့ ခံစမ်းချင်လှသည်"ဟု ဆိုသတဲ့ ဒကာတော်ရဲ့။

ဤအတူ ဒကာတော်မင်းတရားကြီးက ထီးနန်းစည်းစိမ် ရိပ်ငြိမ်ဥသည့် အလုံးစုံတို့သည် အကန်မုချအားဖြင့် ဒုက္ခဖြစ်၍ စိတ်ညစ်သည်ဟု ပြောသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးသောသူတို့ကြားလျှင် ကျောင်းသားတက်တိုးလို သည်ဒုက္ခမျိုး တွေ့စမ်းချင်လှသည်ဟု ပြောဆိုကြလိမ့်မည် ဒကာတော်ဟု မိန့်တော်မူသောအခါ မင်းတရားကြီးနှင့်တကွ များစွာသော မိဖုရား မှူးမတ် ပရိသတ်အလုံးစုံတို့သည် အကုန်ရယ်မော၍ တသောသော နေကြလေကုန်သတည်း။

---

## ၁၀၄–ပြဿဒါးနေ့ထွက်၍ လှေပျက်ရာမှာ ရှိပါစေတော့၊ ရက်ရာဇာရွေးတဲ့ မင်းတို့ဘထွေး ဘုန်းကြီးမှာ ငါ့လခွီးပြုလို့ လှေမှောက်သလား ဟူသော ဥပမာဖြင့် အတူပါတပည့်များကို မိန့်တော်မူခြင်း

မန္တလေး ရတနာပုံ နေပြည်တော်ကြီးကို ထီးနန်းပြအိုး ကျုံးမြို့ရိုးနှင့်တကွ သုဒဿနနတ်နန်းကဲ့သို့ အဆန်းတကြယ် တင့်တယ်ဘုန်းရောင် ရန်မျိုးအောင်လျက် တည်ထောင်ဖန်ဆင်းတော်မူသော ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးသည် နတ်ပြည်စံဝင်တော်မူ၍ သားတော် ဥပရာဇ် ရာနစ်သမုတိ တုမရှိသော ဒုတိယ မင်းမြတ်သည် အရပ်ရပ်သော ထီးနန်းနိုင်ငံကို ပိုင်စံ သိမ်းမြန်းတော်မူသော ၁၂၄၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့၊ ရာမညတိုင်း တလိုင်းသုံးရပ်သို့ လှည့်ပတ်ကြွမြန်းတော်မူမည်ဟု သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားရက်သတ်မှတ်တော်မူရာ နောက်ပါ ရဟန်းအများတို့တွင် တစ်ပါးသောရဟန်းက စုံစမ်းလျှောက်ထားသည်မှာ အရှင်ဘုရား ယခု အရှင်ဘုရား အမိန့်ပေးတော်မူသော ရက်၌ သွားသော် ပြဿဒါးမှ လွတ်ပါမည်လောဟု လျှောက်ထားသည်။

ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ "ဦးပဥ္စင်း မင်းတို့ ရက်ရာဇာ ပြဿဒါး, နဂါးမြေခံတွေကို စစ်ဆေးပြီး ရွေးနေဖို့မဟုတ်ပါ။ အကြောင်းအခန့်သင့် နေ့ရက်များ၌သာ ထွက်သွားစုန်ဆင်းဖို့ ရှိပါသည်။ မင်းလျှောက်ထားလိုသဖြင့် "ပြဿဒါးနေ့ထွက်၍ လှေပျက်ရာမှာ ရှိပါစေကော့ ရက်ရာဇာရွေးတဲ့မင်းတို့ ဘထွေးဘုန်းကြီးမှာ ငါ့လခွီးပြု၍ လှေမှောက်သလား" ဆိုသကဲ့သို့ ရှိလိမ့်မည်ဟု မိန့်တော်မူ၏။

ထိုအခါ တပည့်တပန်း ရဟန်းတော်များက ဥပမာစကားကို ပြန်ကြားမိန့်တော်မူပါဟု တောင်းပန်လျှင်... ငါ့ရှင်တို့ ရှေးက ဘုန်းကြီးနှစ်ပါးတို့သည် ကျောင်းပါးနီးချင်း နေကြရာ လှေနှင့်သွားစရာရှိ၍ မိမိ၏တပည့်များနှင့် တစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



သော ဘုန်းကြီးမှာ ရက်ရာဇာ အခါနာရီကို ရွေးလျက် အဝေးခရီးသို့ ထွက်သွားလေသတည်း။ တစ်ပါးမှာကား ပြဿဒါးနေ့ကို ထွက်မည်ရှိရာ များစွာသော တပည့်အပေါင်းတို့က ရက်မကောင်းသေးပါ သူတစ်ပါးမှာ ရက်ရာဇာ အခါများတွင် ပြဿဒါးလွတ်မှ ထွက်ကြပါသည်ဟု လျှောက်၏။

ထိုသို့ လျှောက်သည်ကို သဘောမတွေ့ ပြဿဒါးနေ့ပင် သွားမည်ဟု တပည့်များနှင့်တကွ လှေစီး၍ ရေခရီးသို့ ထွက်သွားကြရာ လမ်းမှာ ယခင်ဘုန်းကြီး၏ လှေကိုအမီတွင် လေနိုကြမ်းထသောကြောင့် လှော်ကြစဉ်အတွင်း လှေနှစ်စင်းပြိုင်တူမှောက်၍ ရောက်ရာရောက် အတင်းကူးသဖြင့် မြစ်နဖူးတစ်ဖက်ကမ်းသို့ ပင်ပန်းစွာ ရောက်ကြလေသတည်း။

ထိုအခါ တပည့်များက ပြဿဒါးနေ့ထွက်၍ လှေပျက်မှောက်ရသည်။ အစကပြောစကားကို နားမထောင် စသည်ဖြင့် မြည်တွန်ပြောကြားလျှင် ပြဿဒါးဘုန်းကြီးက ဟေ့ ပြဿဒါးနေ့ထွက်၍ ငါ့လှေပျက်ရာမှာ ရှိပါစေတော့။ ရက်ရာဇာရွေးတဲ့ မင်းတို့ ဘထွေးဘုန်းကြီးမှာ ငါ့လခွီးပြု၍ လှေမှောက်သလား"ဟု ဆိုသတဲ့ ကွယ်တို့။ ဤကဲ့သို့ ယခုလည်း ပြဿဒါးနေ့ထွက်သော်လည်း ပျက်မှပျက်ပါသည်။ ရက်ရာဇာရွေးသော်လည်း အေးချင်မှအေးပါသည်ဟု မိန့်တော်မူသောအခါ များစွာသော တပည့်ရဟန်းအပေါင်းတို့သည် တစ်ကျောင်းလုံး ရယ်မော၍ တသောသောနေကြကုန်သတည်း။

---

## ၁၀၅–ကြက်သားဟင်းတစ်ခွက် ပေးဘူးရုံမျှနှင့် ကျေးဇူးဂုဏ်အနန္တ ကျေနိုင်ပါ့မလား စားသာစားပစ်ဟူသော ဥပမာဖြင့် ဒါယကာ မင်းတရားကို စဉ်းစားရန် မိန့်တော်မူခြင်း

မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် သင်္ချာ ဆရာတော်ဘုရားကြီးနှင့်တကွ အသီးသီးသော တံဆိပ်တော်ရဆရာတော်တို့ကိုပင့်၍ သင့်တင့်မွန်မြတ် လျှောက်ပတ်တင့်တယ်သော ဘောဇဉ်ဆွမ်းတို့ဖြင့် လှူဒါန်းဆက်ကပ်ပြီးလျှင် မဂ္ဂင်ရှစ်ပါး နိဗ္ဗာန်ရောက်ကြောင်းတရားများကို ဟောကြားတော်မူရာ သာသနာ့ဒါယကာ မင်းတရားက လျှောက်ထားသည်မှာ... ယခု အရှင်ဘုရားသည် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ,

www.burmeseclassic.com



သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟူသော မဂ္ဂင်ရှစ်ပါးတရားကို ဟောကြားတော်မူသည်မှာ အလွန်တရာ ကောင်းပါပေသည်။ သို့ရာတွင် တရားတော်၏ ခက်ခဲနက်နဲခြင်းကြောင့် နလုံးမသွင်းနိုင်သည့်အတွက် စိတ်ပျက်ပျက် သွားပါသည်။ ဟောတိုင်းများ သိမည်ဆိုလျှင် ဒကာတော် နိဗ္ဗာန် ရောက်သင့်ပြီဟု လျှောက်၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒကာတော်ရေမြွေရှင် ပုထုဇဉ်တို့၏ သဘာဝ မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့၏ သဘောသည် ဟောတိုင်း မသိမမြင်၊ ထိုသို့ဟောတိုင်းပင် မသိမမြင်သော်လည်း ကြည်လင်သော ယောနိသောမနသိကာရ သက္ကစ္စတရားဖြင့် မှတ်သားနာခံလျှင်ပင် အာနိသင်အကျိုး တက်တိုးပွားများ တစ်ဘဝထက် တစ်ဘဝအားဖြင့် ကြီးမားရင့်သန်သောအဖြစ်သို့ စင်စစ်ရောက်နိုင်ရာသည်။ သဘာဝတွကို ကျနအောင် မသိမနာဘဲနေပါလျှင် ဘယ်အခါ ဘယ်ဘဝမှ သိတော့မည်မဟုတ် ဖြစ်မည်။ ဒကာတော်ရေမြွေရှင် လျှောက်ထားသော စကားမှာ "ပန်းအိုင်သားငြိမ်းက မိန်းမကို ပြောသလိုနေချေပြီ"ဟု မိန့်တော်မူ၏။

ထိုအခါ မင်းတရားက ပန်းအိုင်သား ငြိမ်းဝတ္ထုကို ယခု မိန့်ကြားတော်မူပါဟု တောင်းပန်သဖြင့် လင်းပြန်မိန့်ကြားတော်မူသည်မှာ... ပန်းအိုင်ရွာက ဒကာငြိမ်းဆိုသော သူ၏အိမ်၌ ကြက်သားဟင်း ချက်၍စားရာ မယားမိကြွယ်က တစ်အိမ်ဝယ်နေသော မိဘများကို ပေးမည်ဟု ဟင်းကလေးတစ်ခွက် ခပ်၍ထား၏။ ဤသို့ခပ်ထားသော ဟင်းခွက်ကို သမက်ငြိမ်းမြင်လျှင် မင်းခပ်၍ထားသော ကြက်သားဟင်းသည် မည်သူ၏အတွက်နည်းဟုမေးရာ ကျေးဇူးရှင် မိဘကိုပေးရအောင် ခပ်ထားသည်ဟု မယားကပြောလေသော် သဘောမကျသူ သမက်ငြိမ်းက ကိန်းကြီးတစ်ခု ပြုလုပ်၍ ပြောသည်မှာ 'ဟဲ့ရှင်မရဲ့ မြင်းမိုရ်တောင်ဦး မကကြူးသည့် ကျေးဇူးဂုဏ်အနန္တ ရှိကြကုန်သော မိဘနှစ်ပါးကို ကြက်သားဟင်း ပေးဖူးရုံမျှနှင့် ကျေးဇူးဂုဏ်အနန္တ ကျေနိုင်ပါ့မလား။ မကျေမယ့်အတူတူ ချန်မထားနှင့် စားသာစားပစ်လိုက်'လို့ဆိုသတဲ့ ဒကာတော်ရဲ့။

ဤအတူ ယခု ဒကာတော်မင်းမြတ်မှာလည်း တရားတော်ခက်ခဲလို့ မနာနိုင်သဖြင့် ပန်းအိုင်သားငြိမ်းလို ရှောင်တိမ်း၍ ပြောသလားဟု မိန့်တော်မူလျှင် ဘုရင်မင်းတရားကြီးနှင့်တကွ ရှိသမျှ ပရိသတ်တို့သည် မရပ်မနား ရယ်မောလျက် သဘောနှစ်သက်ကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၀၆–လူကတော့ပြာတာအလုပ်နှင့် မြို့အုပ်ထင်တဲ့ ငဖိုးကြာလိုပဲဟူသော ပမာစကားဖြင့် ဒါယကာအား မိန့်တော်မူခြင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ မဟာတိဂုမ္ဘ စေတီတော်ကြီး၏ အနီးအပါးဖြစ်သော ကြားတောရကျောင်းတိုက်၌ နှစ်ခြိုက် ရွှင်ပြုံး သီတင်းသုံးတော်မူသောအခါ ဒါယကာတစ်ဦးသည် အထူးစကား လျှောက် ကြားသည်မှာ... အရှင်ဘုရား ပရိတ်ကြီး ပါဠိတော် နိဿယ၌ သက္ကာယဒိဋ္ဌိ စ– မိမိကိုယ်ကို ထင်ရှားရှိ၏ဟု ယူသောအယူလည်းကောင်း။ ဤသို့ အနက်သမ္ဗန် သည့်အတိုင်း တပည့်တော်သည် ငါကား ကိုယ်ထင်ရှားမရှိ ခတ်လေးပါးအစုမျှ သာ ရှိသည်ဟု အယူရှိပါသည်။ သို့အတွက် တပည့်တော်မှာ သက္ကာယဒိဋ္ဌိလျက် သောတာပန်အဖြစ်သို့ ရောက်ပြီဟု ထင်ပါသည်။ သောတာပန်အဖြစ်သို့ ရောက်, မရောက်၊ သောတာပန် ဟုတ်,မဟုတ်ကို ဖော်ထုတ်မိန့်ကြားတော်မူပါဘုရားဟု လျှောက်၏။

## ငဖိုးကြာ ပြာတာလုပ်သလို

ထိုအခါ သင်္ဂဇာ ဆရာတော်ဘုရားက မျက်နှာထား ရွှင်ပြုံးလျက် ထုံးတင်၍ မိန့်တော်မူသည်မှာ ဒါယကာ **“အထက်မုံရွာက ငဖိုးကြာ ပြာတာလုပ်သလို”** နေပြီ ဟု မိန့်တော်မူ၏။ ထိုအခါ ဒါယကာ အများတို့က ငဖိုးကြာ ပြာတာလုပ်ပုံကို အလုံးစုံ သိရအောင် မိန့်ဟမြွက်ကြားတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်၍ အကြောင်းခံကို လင်းပြန်အမိန့်ရှိတော်မူသည်မှာ... မုံရွာက ငဖိုးကြာဆိုသော သူသည် အညာမြို့မှ ရန်ကုန်သို့ရောက်၍ အတော်ကြာလျှင် ပြာတာအလုပ်နှင့် အစိုးရအမှုတော်ကို ထမ်းရွက်သတည်း။ ထိုပြာတာ ငဖိုးကြာသည် ငါကား မင်း ဖြစ်ချေပြီ။ ငါရွေးက တည်းခိုနေထိုင်သောအိမ်သို့ တစ်ကြိမ်တစ်ခါ အလည်အပတ် သွားဦးမှ တော်မည်။ အကယ်၍ မသွားဘဲနေချေပါက မောင်ဖိုးကြာသည် ကြီးကျယ် စွာသော မင်းအဖြစ်သို့ရောက်၍ ငါတို့မျှလောက် နိမ့်ကျသေးငယ်သော သူများကို စကားအဖက်လုပ်၍ မပြောချင်သဖြင့် မဝင်ထွက်ဘဲနေသည်ဟု အောက်မေ့တော့ မည်ဟု ကြံစည်တွေးတော၍ အဆောတလျင် သွားရာ ရွေးအခါက တည်းခိုနေထိုင် သော အိမ်သို့ရောက်လျှင် အိမ်ရှင်မိန်းမက ဩော်–ကိုဖိုးကြာသည် ပြာတာတော်

www.burmeseclassic.com



မင်းဖြစ်လာပါကလားဟု စကားလှောင်ချော် သရော်သောအဖြစ်ကို စင်စစ်အကယ် အကြီးအကျယ် ထင်မှတ်၍ ပြောသည်သို့ သဘောရှိသဖြင့် ကျွန်တော်၏ဆရာ ဘုန်းဘုရားက ကျောင်းသားတုန်းကပင် ဗေဒင်ဟောသည်မှာ သူ့အပြောနှင့် အလွန် တဲ့သည်၊ ဟဲ့–ဖိုးကြာ ကြီးသောအခါ နင်မင်းဖြစ်လိမ့်မည်ဟု ဆိုသည်အရ ယခုမှ ကျွန်တော်ယုံသည်ဟု ဂုဏ်လုပ်၍ပြောသတဲ့ ဒကာရဲ့။

ဤဥပမာ၌ **"လူကတော့ ပြာတာအလုပ်နှင့် မြို့အုပ်ထင်တဲ့ ဖိုးကြာလို ကိုယ့်ဟာကိုယ် ထင်မနေနှင့်ဒကာ"** ဟု မိန့်တော်မူသောအခါ တရားနာအသင်းအပင်း တို့သည် ပြင်းထန်စွာ ရယ်မောလျက် အလွန်သဘော နှစ်သက်ကြလေကုန်သတည်း။

---

## ၁၀၇–"ထွန်ကိုင်းတပ်ပုံ အလွန်ရှုးသောကြောင့် ထွန်မစူးသည်" ဟူသော ပမာကိုပေး၍ စာမေးသူ ဒါယကာတစ်ဦးကို အထူးမိန့်တော်မူခြင်း

အဂ္ဂမဟာလင်္ကာရ မဟာဓမ္မ ရာဇဓိရာဇဂုရု အမည်တော်ရှိသော သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ဒေသ၌ တစ်ခုသော ရပ်ကွက်တွင် လူရှင် အများတို့အား တရားရေအေး တိုက်ကျွေးဟောကြားတော်မူစဉ်အခါ ဒါယကာ တစ်ယောက်သည် လက်မြှောက်ရိုကျိုး ရှိခိုးလျှောက်ထားသည်မှာ… အရှင်ဘုရား၊ အဘိဓမ္မတ္ထသင်္ဂြိုဟ် ခေါ်ဆိုမည်မှန်း လက်သန်းအဌကထာကျမ်းတွင် အတိတ် စိတ်၌ ဒွေပဉ္စဝိညာဏ်တစ်ဆယ်ကိုပြရာ စက္ခုဝိညာဏ် ဒွေး, သောတဝိညာဏ်ဒွေး, ဃာနဝိညာဏ်ဒွေး, ဇိဝှာဝိညာဏ်ဒွေး, ကာယဝိညာဏ်ဒွေးဟု ဆိုပါသည်။ ထိုသို့ ဆိုရာ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်တို့မှာ နှစ်ခုစီ ရှိသောကြောင့် ဆိုသင့်ဆိုထိုက်ပါ၏။ ဇိဝှာဝိညာဏ်နှင့် ကာယဝိညာဏ်တို့မှာ တစ်ခုသာရှိပါလျက် ဒွေးဟူ၍ ဆိုခြင်းသည် အလျှင်းပင်မသင့်ဟု တပည့်တော် သဘောရပါသည်။ အကယ်၍ ဆိုခဲ့ပါလျှင် ဇိဝှာဝိညာဏ်ဧ, ကာယဝိညာဏ်ဧ ဟူ၍သာ ဆိုသင့်ပါသည်။ ဒွေး၏အရကို ကြံဆ၍ မဖြစ်နိုင်ပါဘုရားဟု လျှောက်ထားလေသည်။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ… ဒါယကာ နှစ်ခုစီ ရှိသောကြောင့် စက္ခုဝိညာဏ်ဒွေး–စသည်၌ ဒွေး–ဟူ၍ ဆိုသည်မဟုတ်၊ အာရုံကို

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြု၍ အကုသလဝိပါက်စက္ခုဝိညာဏ်၊ ကုသလဝိပါက်စက္ခုဝိညာဏ် ဤသို့အားဖြင့် နှစ်ပါး နှစ်မျိုးဖြစ်သင့်သည်ကို ရည်လျက် စက္ခုဝိညာဏ်ဒွေး စသည်၌ ဒွေးဟု ဆိုသည်ကို အတည်ကျမှတ်။ "ထွန်သွားတပ်ပုံက အလွန်ရှုးတာကပဲ၊ ထွန်စူးပါ့မလား"ဟူသော ဥပမာကဲ့သို့ရှိသည်ဟု မိန့်တော်မူသည်။

ထိုအခါ ထွန်သွားတပ်ပုံ ဥပမာကို သေချာထင်ရှားအောင် မြွက်ကြား အမိန့်ရှိတော်မူပါဘုရားဟု ဒါယကာများ တောင်းပန်၍ လင်းပြန်မိန့်ကြားတော်မူသည်မှာ... ဒါယကာတို့- ရှေးအခါက တစ်ခုသောရွာတွင် မကျွမ်းကျင် မလိမ္မာများစွာ မလည်ပတ်သော ဒါယကာတစ်ယောက်သည် တောင်မြောက်ကိုမျှမသိ၊ လေးဆယ်ရွယ်ရှိအောင် မိဘကို အမှီပြု၍ စားခဲ့သဖြင့် လုပ်မှုကိုင်မှု တောင်သူတို့၏ နည်းလမ်းနှင့် စည်းကမ်းကိုမျှ နားမလည်ဘဲရှိလေသတဲ့။ ထိုသူအား သားမယားရှာကြံ၍ ပေးသဖြင့် အိမ်ကလေးတစ်ခုနှင့် နေထိုင်ကြရာ မိုးဦးကျအချိန်သို့ ရောက်သောအခါ ကောင်းမွန်စွာ ထွန်မျှား၌ ထွန်သွား, ထွန်သန်ကို တပ်လျက် စေ့စပ်အောင်လုပ်ထားဟု မယားက နှိုးဆော်လျှင် အိမ်ပေါ်တွင် အသင့်ရှိသော ထွန်တုံးကိုယူပြီးလျှင် သူတစ်ပါးတို့ လုပ်ကိုင်သည်ကိုမကြည့်၊ မိမိ သဘောအတိုင်း ထွန်ကိုင်းထွန်သန်ကို ပြောင်းပြန်တပ်၍ထားသဖြင့် ထွန်သွားသည် နောက်သို့လဲလျက် အလွဲလွဲအမှားမှား နေသည်ကိုမျှ မသိ၊ သတိလည်း မထား၊ ဟုတ်လုပြီ သဘောသွားနှင့် အားထုတ်လုပ်ကိုင်လျက် နံနက်လင်းသော် လုပ်ခင်းရှိရာသို့သွား၍ နွားနှင့် မောင်းထွန်ရာ မြေမှာထွန်မစူးသဖြင့် စိတ်ကူးဆင်ခြင်သည်မှာ အင့်ဟင် "ဖြစ်ရချက်ထူးခြား ဘယ်စုန်းမ ပြုစား၍ ငါ့ထွန်သွား မစူးသနည်း" ထူးလှသည့်ဖြစ်ဟန်ကို အိမ်ပြန်၍ မယားကိုပြောမည်ဟု အဆော တလျင် ပြန်သွားသည်။

ထို့နောက် ဟဲ့-ရှင်မ ငါပူလှပေါ့ ရွာသူချစ်မ်းဟု ဆို၍ မယားက မြွေကင်းများ ကိုက်သလားမောင်ရဲ့၊ အခင်းကို ပြောပါဦးဟု ဆိုသောအခါ "ဟာ-ရှင်မနှယ်၊ မနေ့က အလွန်ချွန်ထားသည့် ထွန်သွားမှာ မစူးဘဲ စုန်းဦးနေသည်ဟု ငါထင်သည်"ပြောသည်ကို သဘော၌ မကျေမနပ်ရှိသဖြင့် လိုက်၍ကြည့်မှတော်မည်ဟု သွားသော် အချော်ချော်အလွဲလွဲ လင်စွဲသော ထွန်ကိုင်းသန်ကို ပြောင်းပြန်တပ်ထားသည်ကို မယားကမြင်လျှင် ဟင်-ထွန်သန်တပ်ပုံက အလွန်ရှုးတာကပဲ ထွန်စူးပါ့မလားဟု မယားက ဆိုသတဲ့ ဒကာရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဤအတူ ဒါယကာမှာလည်း သူတစ်ပါးကိုလည်း မေးမကြည့် မိမိသဘော အတိုင်း ယူထား၍ ထွန်သမားထက် ဆိုးသည်ဟု မိန့်တော်မူသောအခါ တရားနာ ပရိသတ် အရပ်ရပ်တို့သည် အထပ်ထပ် ရယ်မောလျက် အတောမသတ်နိုင်အောင် ရှိကြလေကုန်သတည်း။

---

## ၁၀၈–မင်းတို့ ကံ, ဒွါရ နှစ်မျိုးရှုပ်တာက "ဖိုးတရုတ် ဖက်ရောင်းသွားသလို" ဟူသော ထုံးစကားဖြင့် နှလုံးထားရန် မိန့်ကြားတော်မူခြင်း

သာသနာပြုသုမင်္ဂလာအဝင် သင်္ဂဇာဆရာတော်ဘုရားကြီးသည် အသီးသီးသော တပည့်တပန်း ရဟန်းပရိသတ်အပေါင်း ခြံရံလျက် နိုင်ငံမြို့ပြည်သို့ လှည့်လည်ကြွ မြန်းတော်မူရာ ဟင်္သာတမြို့သို့ ရောက်တော်မူလျှင် လူရှင်အများတို့ကို တရားဓမ္မ ဟောပြကယ်တင်၍ တရားသဘင် ပြုတော်မူစဉ်အခါ ဒါယကာ ကံသမားတို့က လျှောက်ထားသည်မှာ... အရှင်ဘုရား ယခု အရှင်ဘုရားသည် တပည့်တော်များ ဟင်္သာတမြို့သို့ ကြွရောက်တော်မူသည့်အခါ ဒွါရဘက်က ဒါယကာများကို တရား သြဝါဒ အနုသာသန အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့ပါလျှင် ကံနှင့်ဒွါရ သင့်မျှတလျက် ပစ္စက္ခသံသရာ နှစ်ဖြာသော အကျိုးစီးပွား များရန်ရှိပါသည်။ ဒွါရဘက်က ဒါယကာ အပေါင်းတို့ကိုလည်း စုဆောင်းခေါ်ငင်၍ အရှင်ဘုရား ခြေတော်ရင်းသို့ လာပါမည်ဘုရားဟု လျှောက်ထား၏။

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားကြီးက အသီးသီးသော ကံ,ဒွါရ နှစ်ပက္ခ အသင်းသားတို့ကို ဟောကြားတော်မူသည်မှာ ဒါယကာအပေါင်းတို့ "မင်းတို့ ကံ, ဒွါရနှစ်မျိုး ရှုပ်တာက ဖိုးတရုတ် ဖက်ရောင်းသွားသကဲ့သို့ရှိသည်"ဟု မိန့် တော်မူ၏။ ထိုအခါ ဒါယကာအများ လျှောက်ထားတောင်းပန်၍ ပြန်လှန်ဟော ကြားတော်မူသည်မှာ... ပြည်မြို့က လင်မောင်တရုတ်နှင့် မယားမိတုပ်တို့သည် အိုးအိမ်နှင့်နေကြရာ ရန်ကုန်မြို့မှာ ဖက်ဈေးကောင်းသည်ဟု သတင်းကြားသော ကြောင့် မယားမိတုပ်က မောင်တရုတ် ရန်ကုန်မြို့၌ ဖက်ဈေးကောင်းသည်ဟု လူအပေါင်းတို့ ပြောကြသည် မောင်မင်းသွား၍ ဖက်များကို ရောင်းချေဟု

www.burmeseclassic.com

www.burmeseclassic.com



ဆို၏။ ထိုအခါ ဖိုးတရုတ်က မိတုပ်–ညည်းကတော့ အလွယ်ကလေးပြောလို့ . ရန်ကုန်မြို့ဆိုတာ တစ်ခါတစ်ခေါက်မျှ မရောက်ဖူးသည့်အတွက် အသွားရခက်သည်ဟု ပြောကြားလျှင် မယားမိတုပ်က ကျွန်ုပ် စခန်းကျအောင် လမ်းပြလိုက်ပါမည် ပုတ်ကြီးကတစ်လုံး, ပုတ်ငယ်ကတစ်လုံး၊ ဤနှစ်လုံးကို ပြီးဆုံးအောင်ရက်၍ ဖက်မှ္းကိုသာ အဆင်သည့် ထည့်ထားပါဟုဆိုသည်။

ထိုအခါ ဖိုးတရုတ်သည် ပုတ်ကြီး, ပုတ်ငယ်နှစ်လုံးကို ပြီးဆုံးအောင်ရက်ပြီးလျှင် ဖက်များကို ထည့်သွင်းပြီး၍ ညည်းပြောမည့် ခရီးလမ်းကိုသာ စခန်းကျမှာလိုက်တော့ ငါ ဖက်ရောင်းသွားမည်ဟု ပြောကြားရာ မယားမိတုပ်က ရန်ကုန်မြို့သို့သွားသော ခရီးလမ်းစကိုပြ၍ ဟောသည်ကသည်လိုသွား ပုတ်ကြီးကိုရှေ့က ထား သညာအမှတ်အားဖြင့် ပုတ်ကြီးသွားရာကိုသာ အမြဲမှတ် လိုက်ပေတော့ဟု လမ်းညွှန်လိုက်သတဲ့။ ထိုအခါ မောင်တရုတ်သည် ပုတ်ကြီးကို ရှေ့ကထား၍ ပုတ်ငယ်ကို နောက်ကထားပြီးလျှင် အစဉ်အတိုင်း ပြည်မြို့မှ ရန်ကုန်မြို့သို့သွားရာ လမ်းခရီးမှာ မောပန်းသဖြင့် ပုတ်ထမ်းကို လမ်းပေါ်တွင်ချထား၍ နားနေလေသတည်း။ ထိုသို့ ပုတ်ထမ်းကို လမ်းလယ်၌ ချထားရာ ခရီးသွား လမ်းလာတို့က ဤပုတ်ထမ်းကို လမ်းပေါ်မှာထားသည့်အတွက် အသွားရခက်သည်ဟု ဆိုပြီးလျှင် ယခင် ရှေ့ကထားသော ပုတ်ကြီးကို နောက်ကထားပြီးလျှင် ပုတ်ငယ်ကို ရှေ့က ထား၍ ဘေးနားတွင် ပြင်၍ချထားခဲ့ကြသတတ်။

မောင်တရုတ်သည် အမောအပန်းပြေသဖြင့် သွားလေဦးမှပဲဟု ထမ်းမြဲ ပုတ်နှစ်လုံးကိုထမ်း၍ ခရီးလမ်းသို့ သွားမည်ရှိရာ မယားက မှာလိုက်သောနည်းဖြင့် ပုတ်ကြီးသွားသို့ လိုက်မည်ဟု ကြံပြီးလျှင် နောက်ပြန်ဖြစ်နေသည်မသိ ပုတ်ကြီးကိုကြည့်၍ သွားသဖြင့် မှောက်မှားချွတ်ယွင်း၍ နေရင်းဖြစ်သော ပြည်မြို့သို့ လူတို့ မီးထွန်းသောအချိန် ဆိုက်ရောက်လျှင် ဆင်ခြင်စဉ်းစားသည်မှာ “အင့်ဟင် ရန်ကုန်မြို့ကလည်း ငါတို့ပြည်မြို့နှင့် မခြားပါကလား”ဟု အောက်မေ့၍သွားရာ မယားမိတုပ်အိမ်၏ အနီးအပါးသို့ ရောက်ပြန်သောအခါ အို–သည်အိမ်နှယ် ငါတို့အိမ်နှင့် တူလေသည်ဟု ဆိုပြီးလျှင် တည်းခိုသင့်မည်ဟု နှလုံးထားလျက် အိမ်ရှေ့အပါးက ရပ်၍ အို အိမ်ရှင်တို့ အိုအိမ်ရှင်တို့နှင့် ခေါ်သံကိုကြားသဖြင့် မယားမိတုပ်က မောင်တရုတ်အသံနှင့် တူသည်ဟု အောက်မေ့လျက်အပြင်သို့ ထွက်၍ ဤသို့မေးသည်။

www.burmeseclassic.com



"ဘယ်အရေး ဘယ်ကိစ္စ ဘယ်အရပ်ဌာနကလဲရှင်ဟု မေးသော် အမိရယ် ပြည်မြို့ကပါ၊ ရန်ကုန်မြို့သို့ ဖက်ရောင်းလာခဲ့ပါသည်၊ ညဥ့်အခါနှင့် ကြိမ်သောကြောင့် တည်းအိမ်လိုက်၍ ရှာပါသည်။ တစ်ညဥ့်တာ တည်းခိုပါရစေဟု ပြောကြားလျှင် မယားမိတုပ်က မောင်တရုတ်အသံနှင့်တူသည်။ လူပုံကို ဆင်းသက်၍ မီးခွက်နှင့် ကြည့်ဦးမည်ဟု ဆင်းလာသည်ကို မောင်တရုတ်မြင်လျှင် အင့်ဟင် ပြည်မြို့၌ဖြစ်ပါမူ အိမ်သူသက်ထား ငါ့မယားမိတုပ်ဟု ဧကဝုဒ် စွပ်စွဲရာ၏။ ယခုမူကား ရန်ကုန်မြို့၌ ဖြစ်ခြင်းကြောင့် မစဉ်းစားတတ်နိုင်အောင် ရှိတော့သည်ဟု အောက်မေ့ဆင်ခြင်၍ အိမ်ရှင်မိန်းမအား စကားတစ်လုံး မေးပါရစေ အမိရယ် စိတ်မရှိပါနှင့်ဟု ပြောကြားသော် မယားဖြစ်သူမိတုပ်က မောင်တရုတ်ဖြစ်သည်ကို စင်စစ်သိငြားသော်လည်း အဘယ်စကားကို သူပြောမည်နည်းဟု နှလုံးထား၍ အဘယ်စကားကို မေးချင်ပါသလဲရှင် မေးသာမေးပါဟု ဆိုသောအခါ ပြည်မြို့မှာ အမိနှင့် ညီအစ်မအရင်း ရှိသလားဟု မေး၏။

## ပုတ်ကြီးကိုသာ ဓားနှင့်ခုတ်ပါ

ထိုအခါ မိတုပ်က ကျွန်ုပ်နှင့် ညီအစ်မ မရှိပါ။ အဘယ်အကြောင်းအရာကြောင့် မေးပါသနည်းဟုဆိုလျှင် အို ပြည်မြို့က ကျွန်ုပ်မိန်းမနှင့် ပုံရုပတူလွန်းလို့ မေးပါသည်ဟု ပြောကြားရာ မယားမိတုပ်က ရုတ်တရက်ရောင်ကိုဆွဲပြီးလျှင် ဘယ့်နှယ်ကြောင့် ရန်ကုန်သို့ထွက်ရာက ပြည်မြို့ဘက်သို့ ပြန်ရောက်သနည်းဟု ဆီးကြိုရိုက်နှက်သောအခါ မိုက်ပါဘိရှင်မရယ် ငါ့ကို ညည်းမလုပ်နှင့် ပုတ်ကြီးကိုသာ ဓားနှင့် ခုတ်ပစ်လိုက်ပါလို့ ဆိုသတဲ့ ဒကာတို့ရဲ့။

ဤအတူ မင်းတို့ကဲ, ဒွါရ ရှုပ်နည်းမှာလည်း ပုတ်ကြီးကို ဓားနှင့်ခုတ်ပစ်လိုက်မှပဲ ငြိမ်းတော့မည်ထင်သည်ဟု မိန့်တော်မူသောအခါ များစွာ ရယ်မောကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၀၉–မောင်သုတမှာ သက်နန်းကို လူခိုး၍ "မုဆိုးမကြီး ငွေငါးကျပ်ပျောက်သလို မဖြစ်ပါစေနှင့်"ဟူသော စကားရပ်ဖြင့် အများမှတ်လောက်အောင် မိန့်တော်မူခြင်း

သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် မန္တလေး ရတနာပုံနေပြည်တော်ကြီး အနောက်မျက်နှာ သင်္ဂဇာတိုက်ကြီး၌ ခိုမှီးသီတင်းသုံးတော်မူသောအခါ ဦးသုတ ဆိုသော ဦးပဉ္ဇင်းတစ်ပါးသည် ဆရာတော်ဘုရားအထံ၌ နိယံမပျက် စာတက်သင်ကြား၏။

### သက်နန်း အခိုးခံရ၍

အခါတစ်ပါး ဦးသုတ၏ သက်နန်းကို ညဉ့်အခါ လူခိုး၍ နိုးသောအခါမှ သိသဖြင့် ဝိပ္ပဋိသာရ နှလုံးမသာမယာဖြစ်၍ စိတ်ညစ်သောအတွက် စာတက်မသွားလျှင် ဆရာတော်ဘုရားက မောင်သုတ အဘယ်အတွက်ကြောင့် စာတက် ငါ့ထံကို မလာသနည်း ဟု မေးတော်မူသော် အဖော်အတူနေဖြစ်သော ဦးပဉ္ဇင်းတစ်ပါးက ဦးသုတသက်နန်းကို ညဉ့်က လူခိုးသဖြင့် စိတ်တစ်မျိုးပြောင်း နေမကောင်းသော အတွက်ကြောင့် စာတက်မလာပါသည်ဘုရားဟု လျှောက်ထားသည်။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဩော် မောင်သုတ၏ သက်နန်းကို လူခိုးသွားသလား မောင်သုတ ခေါ်စမ်းဟု အမိန့်ရှိသဖြင့် သွား၍ခေါ်ရာ ရှေ့တော်သို့ ရောက်လာက မောင်သုတ အဘယ်အတွက်ကြောင့် စာတက်မလာ ပြန်သနည်းဟု မေးမြန်းသော် တပည့်တော်၏ သက်နန်းကို လူခိုး၍ စိတ်တစ်မျိုး ပြောင်းသောကြောင့် နေမကောင်း၍ မလာပါသည်ဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်က ငါ့တပည့် စိတ်မရှုပ်နှင့် ပိတ်တစ်အုပ်ပေးမှာပ အေးအေးသာ စာတက်၍နေ။ သို့သော် မောင်သုတမှာ သက်နန်းကို လူခိုး၍ မုဆိုးမကြီး ငွေငါးကျပ်ပျောက်သလိုလည်း မဖြစ်ပါစေနှင့်"ဟု မိန့်တော်မူသည်။

ထိုအခါ မုဆိုးမကြီး ဥပမာကို ကြားနာရန် မိန့်တော်မူပါဟု လျှောက်ထား တောင်းပန်၍ လင်းပြန်မိန့်ကြားတော်မူသည်မှာ... ရွာတစ်ရွာတွင် မုဆိုးမကြီး တစ်ယောက်ရှိရာ ထိုမုဆိုးမကြီးသည် ပုတီးအမြဲစိပ်၍ မအိပ်ခင် ညတိုင်း အမြဲ ဘုရားရှိခိုးလေ့ရှိသတတ်။ အခါတစ်ပါး သူခိုးများတို့ မုဆိုးမကြီးအိမ်တွင်ရှိသော ငွေငါးကျပ်ကို ညအခါ ခိုးယူ၍ နိုးကာမှ သိသဖြင့် မချိသောက နှမြောလှသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ညဥ့်တိုင်းဝတ်ပြု၍ ထားသော ဘုရားရှိခိုးခြင်း, ပုတီးစိပ်ခြင်းများကို မပြုလုပ် စိတ်ရှုပ်၍ မှိုင်လျက်သာနေလေသတည်း။

ထိုအကြောင်းကို အပေါင်းအဖော်ဖြစ်သော ရပ်ရွာသားတို့သိသဖြင့် ညှိနှိုင်းတိုင်ပင်ပြီးလျှင် မုဆိုးမကြီးထံသွား၍ စကားဤသို့ဆိုကြ၏။ အမေကြီး အမေကြီး ငွေငါးကျပ်ကို လူယူသဖြင့် စိတ်ပူသောအား သောကများလျက် ဘုရားရှိခိုးဝတ်ကို မပျက်မချွတ်ပါစေနှင့်၊ ပျောက်သောငွေငါးကျပ်၏အစား အာလုံးစု၍ ပေးပါမည်၊ အေးအေးဘုရားရှိခိုးလျက် နေရိုးအတိုင်း နေပါဟု တိုက်တွန်းပြီးလျှင် မုဆိုးမကြီးအား ငွေငါးကျပ်ပေး၍ ပြန်ကြကုန်၏။

သို့သော်လည်း ထိုမုဆိုးမကြီးသည် ဘုရားရှိခိုး တိတ်တိတ်ဆိတ်ဆိတ်နေသည်ကို ရွာသားတို့သိ၍ မိခင် ရှေးက ငွေငါးကျပ်ကို လူခိုး၍ စိတ်တစ်မျိုးပြောင်းသဖြင့် နေမကောင်း, ထိုင်မသာရှိသည်အတွက် ဘုရားရှိခိုး ပျက်သည်မှာ ရှိပါစေတော့၊ ယခု ရပ်သူရွာသားများက ငွေငါးကျပ်ပေး၍ အေးအေးနှင့် ရပြန်တော့လည်း အမေကြီးဘုရားရှိခိုး အဘယ်ကိုစိုးသောကြောင့် တစ်မျိုးဖြစ်နေသနည်းဟု မေးလျှင် သည်လိုပ ငါ့မြေးရယ် ရှေးကရှိရင်းငွေငါးကျပ်, နောက်ထပ်၍ ငါ့မြေးတို့က ပေးသည်မှာ ငွေငါးကျပ်နှင့် နှစ်ရပ်ပေါင်းလျှင် ငွေတစ်ဆယ်။ ဤသို့ပျောက်တာနှင့် ပေါင်းပြီး နေမကောင်းသည့်အတွက် ဘုရားရှိခိုး ပျက်ပါသည်ဟု ပြောသတဲ့ မောင်သုတရဲ့။

ဤအတူ မောင်သုတမှာလည်း "လူခိုးတဲ့ သက်န်းနှင့် ပေါင်းပြီး နေမကောင်းတယ်လို့များ စာတက်ပျက်မနေပါနှင့်"ဟု မိန့်တော်မူသောအခါ များစွာသော စာလိုက်ရဟန်းတော် အပေါင်းတို့သည် သောင်းသောင်းအုတ်အာ အလွန်တရာ ရယ်မော၍ တသောသော ဖြစ်ကြလေကုန်သတည်း။

---

## ၁၁၀–ပုသိမ်နှင့် မော်လမြိုင် အပြိုင်ပင့်ကြသဖြင့် နေနှင့်လကဲ့သို့ကျင့်၍ ခွင့်သင့်ရာလိုက်မည်ဟု နှစ်ဦးကြိုက် သဘောကျအောင် ဟောပြတော်မူခြင်း

အင်္ဂဓမ္မာလင်္ကာရ စသည်တံဆိပ် ခတ်နှိပ်ထင်စွာ လွန်ကြေညာသော သင်္ဃာဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ ကြားတောရတိုက်၌ နှစ်ခြိုက်ရွှင်ပြုံး သီတင်းသုံးတော်မူရာ မော်လမြိုင်မြို့က ဒါယကာများနှင့် ပုသိမ်မြို့က ဒါယကာ

www.burmeseclassic.com



များတို့ ဆရာတော်ဘုရားကြီးကို ပင့်ရန်လာကြရာ နှစ်ဦးနှစ်ဖက်ဆုံ၍ တွေ့ကြုံ ပေါင်းစပ်လျက် မည်သည့်အရပ်သို့ လိုက်မည်ကို အတည်ကျမသိသေး အမိန့်မပေးသောကြောင့် စိတ်မအေးကြသေးသည့်အတွက် ပုသိမ်ဘက် ဒါယကာများက လျှောက်ထားသည်မှာ… အရှင်ဘုရား ယခုပုသိမ်နှင့် မော်လမြိုင် အပြိုင်ပင့်ကြရာ အဘယ်ဒကာ၏နောက်သို့ လိုက်မည်များကို ခွဲခြား၍ အမိန့်ရှိတော်မူပါမည့် အကြောင်းနှင့် ခွင့်တောင်းလျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ… ဒကာတို့ ငါ့မှာတော့ သမီးနှင့် အကြောင်းဆက်က သမက်ဖြစ်ရသည်ဆိုသကဲ့သို့ ပုသိမ်ဒကာတို့နှင့် အကြောင်းသင့်လျှင်လည်း ပုသိမ်သို့ လိုက်ရလိမ့်မည်။ မော်လမြိုင်ဒကာတို့နှင့် အကြောင်းသင့်လျှင်လည်း မော်လမြိုင်သို့ လိုက်ရလိမ့်မည်။ နှစ်ဦးကြိုက်တော့ တယ်ကျခဲသည်။ သို့သော်လည်း မင်းတို့ "နှစ်ဦးနှစ်ဖက် ကျေခွင့်ရအောင် နေနှင့်လကဲ့သို့ ကျင့်ရလိမ့်မည်။ မင်းတို့က သဘောတူနိုင်ကြမည်လား"ဟု မေးတော်မူ၏။

## အမေသိပ်ပေမယ့်

ထိုအခါ နှစ်ဦးနှစ်ဖက်သော ဒါယကာများက လျှောက်ထားကြသည်မှာ မှန်လှပါ တပည့်တော်တို့မှာ ဥပမာအားဖြင့် "အမေသိပ်သော်လည်း ငါအိပ်မှဖြစ်သည်"ဆိုသောစကားကဲ့သို့ တပည့်တော်များ အထူးလျှောက်ထားဖွယ်မရှိပါ။ ဆရာတော် ပြောသမျှကို သဘောကျနိုင်ပါသည်ဘုရားဟု လျှောက်ထားကြလေသည်။

အရာတော်ဘုရားက ဒါယကာတို့ မော်လမြိုင်မြို့နှင့် ပုသိမ်မြို့သည် သူတို့ချင်း အဘယ်ကဲ့သို့ နေကြသနည်းဟု မေးတော်မူ၏။ ထိုအခါ ဒကာများက မှန်လှပါ အရပ်ချင်းနေဟန်ကို ထောက်ရလျှင် အရှေ့အနောက် ဆိုရပါလိမ့်မည် ဘုရားဟု လျှောက်၏။

## အရှေ့မှထွက်၍ အနောက်မှာဝင်မည်

ထိုအခါ ဆရာတော်ဘုရားက ကောင်းပြီ ဒကာတို့–နေသည် ဘယ်ကထွက်၍ ဘယ်သို့ဝင်သနည်းဟု မေးတော်မူပြန်ရာ အရှေ့ကထွက်၍ အနောက်သို့ဝင်ပါသည် ဘုရားဟု လျှောက်ထားပြန်လျှင် သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်

www.burmeseclassic.com



မှာ အဲ...ရောင်ခြည်တစ်ထောင် အလင်းဆောင်သော သူရိယနေမင်းသည် အရှေ့မျက်နှာမှ ထွက်၍ အနောက်အရပ်သို့ ဝင်သကဲ့သို့ ဤအတူ ငါလည်း အရှေ့အရပ်ဖြစ်သော မော်လမြိုင်မြို့မှ ထွက်၍ အနောက်မျက်နှာ ပုသိမ်မြို့သို့ ဝင်မည်ဟု မိန့်တော်မူသောအခါ နှစ်ဦးနှစ်ဖက်သော ဒါယကာတို့သည် များစွာ နှစ်သက်ဝမ်းမြောက်ကြလေကုန်သတည်း။

---

### ၁၁၁–မင်းလျှောက်သည့်စကားက "တောရွာသားမောင်တရုတ်နှင့် စံအုပ်တို့ အုန်းဆိုသလို" အလုံးပိုသဖြင့် အကုန်မှားသည်ဟု ဉာဏ်ညွှန့်သမား ဒါယကာတစ်ဦးကို ပမာအထူး မိန့်တော်မူခြင်း

သင်္ဂဇာဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ ကြားတောရကျောင်းတိုက်၌ နှစ်မြိုက်ရွှင်ပြုး သီတင်းသုံးတော်မူသောအခါ ဉာဏ်ညွှန့်ဆရာဖြစ်သော ဒါယကာတစ်ဦးသည် အထူးဝင်ရောက် လျှောက်ထားသည်မှာ... အရှင်ဘုရား လောကသုံးပါး၌ အတုမရှိသော မြတ်စွာဘုရားသည် ဆွမ်းစားတော်မူသည်ဟု လူအများတို့ ပြောဆိုကြသော စကားသည် အမှားစင်စစ်ဖြစ်သည်ဟု တပည့်တော် သဘောရပါသည်။ အဘယ်ကြောင့်ပါနည်းဟုဆိုလျှင် ကိလေသာ အာသဝေါကင်းရှင်းသော ဘုရားရဟန္တာတို့သည် ရသာရုံကို ခံမင်ခံစားခြင်းမရှိဟု ဆိုသောကြောင့် သဘောမကျနိုင်ပါဘုရားဟု လျှောက်ထား၏။

* ဤဉာဏ်ညွှန့်ဆရာက ခန္ဓာပဥ္စကဖြစ်သည် ဘုရားမဟုတ်၊ ဉာဏ်သာလျှင် စင်စစ်အားဖြင့် ဘုရားဖြစ်ရကား ဆွမ်းစားခြင်း မရှိဟု ဆိုလိုသည်။

### သံဃာကို မကိုးကွယ်သူ

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ ယခု မင်းလျှောက်ထားသော စကားကို ထောက်ထားလျှင် ဆွမ်းစားသောဘုရားသည် ဘုရားမဟုတ်သောကြောင့် မင်း မကိုးကွယ်ဘူးလားဟု မေးတော်မူလျှင်၊ မှန်ပါ– မကိုးကွယ်ပါဘုရားဟု လျှောက်ထား၏။ ယင်းသို့ဖြစ်ခဲ့လျှင် ယခု မင်းကိုးကွယ်သော ဘုန်းကြီးများက ဤကဲ့သို့ပင် ဟောသလားဟု မေးတော်မူပြန်၏။ ထိုအခါ ဒါယကာက တပည့်တော်သည် ဘုန်းကြီးများကို မကိုးကွယ်ပါ။ သံဃာတော်

www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ကိုးကွယ်ပါသည်ဘုရားဟု လျှောက်ထားပြန်၏။ အဘယ်သံဃာကို ကိုးကွယ်သနည်းဟု ဆရာတော်ဘုရားက မေးတော်မူပြန်ရာ၊ အရိယာသံဃာကိုသာ ကိုးကွယ်ပါသည်၊ ပုထုဇဉ်သံဃာများကို မကိုးကွယ်ပါဟု လျှောက်ထားပြန်၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... အင်း ရှေးက စူဠဂဏ္ဌိဆရာများကို အလွန်မှားသည်ဟု ငါအောက်မေ့သည်။ ယခု မင်းနှင့်စာလိုက်သော် စူဠဂဏ္ဌိဆရာများ မမှားကြလှပေဘူး။ အဘယ်ကြောင့်နည်းဆိုလျှင် ဘုရားလည်း တူမျှကြ၏။ အလဇ္ဇီကိုသာ မကိုးကွယ် မလှူဒါန်းသည် လဇ္ဇီပုဂ္ဂိုလ်များကိုတော့ ကိုးကွယ်ကြလျက်ပင် ဖြစ်သည်။ ယခု ဉာဏ်ညွှန့်ဆရာက ဆွမ်းစားသောဘုရားသည် ဘုရားမဟုတ်။ ပုထုဇဉ်ဘုန်းကြီးသည် သံဃာမဟုတ်။ ဤကဲ့သို့ လျှောက်ထားတော့ "တောရွာသား မောင်တရုတ်နှင့် စံတုပ်တို့ အုန်းဆိုသလို" နေသကိုးကွဲ့ဟု မိန့်တော်မူ၏။

## အရှုံးနှစ်ယောက်ကို အဆိုခိုင်းမည်

ထိုအခါ ဒါယကာများက အရှင်ဘုရား မောင်တရုတ်နှင့် စံတုပ်တို့ အုန်းဆိုသောအဓိပ္ပာယ်ကို အကျယ်ဟောကြားတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်သဖြင့် လင်းပြန်မိန့်ကြားတော်မူသည်မှာ... ရှေးက ရွာတစ်ရွာတွင် ဒါယကာ မောင်တရုတ်နှင့် စံတုပ်ဆိုသော လူနှစ်ဦးတို့သည် အုန်းဆိုကြရာ ဉာဏ်ရည်တူသောကြောင့် မည်သူကမှ အရှုံးအနိုင်မရှိ။ ထိုအခါ မောင်တရုတ်က မောင်စံတုပ်-မင်းနှင့်ငါ အနိုင်အရှုံး အုန်းဆိုကြသည်မှာ မည်သူမျှသာသည်မရှိ။ သို့ဖြစ်၍ တို့ရွာထဲက အရှုံးသာရွဲနှင့် သာဖဲတို့ကို တစ်ယောက်စီ အဆိုခိုင်းမည်ဟု ညှိနှိုင်းတိုင်ပင်လျှင် ကောင်းပြီ သူငယ်ချင်း မင်း ဘယ်သူ့ကို အဆိုခိုင်းမည်နည်းဟု စံတုပ်ကမေးရာ မောင်တရုတ်က ငါ့မှာ မှန်မှန်လွဲလွဲ သာရွဲကို အဆိုခိုင်းမည်၊ မင့်မှာ သာဖဲကို အဆိုခိုင်းပေတော့ဟု ဆို၏။

ထိုအခါ နှစ်ဦးသဘောကျ၍ မောင်တရုတ်က အရှုံးသာရွဲကိုအုန်း အဆိုခိုင်းသည်မှာ မောင်သာရွဲ ယခုဒီအုန်းသည် အထင်ဆုံးအားဖြင့် ဘယ်အချိန်ရှိသည်ကို မိမိ သဘောရရှိသည့် အလိုနှင့် မှန်း၍ဆိုစမ်းလော့ဟု ခိုင်းသောအခါ အရှုံးသာရွဲက တစ်ခွန်းတည်း ပြောလိုက်မည်-ဟောသည် အုန်း အခွက်တစ်ဆယ်ဗျ ဟု ဆိုသောအခါ မောင်သာရွဲလူ မောင်တရုတ်က မဟုတ်လိုက်လေ သာရွဲရယ် လွဲရောပသည်တစ်ခါ ရှုံးတော့မှာပဲဟု စိတ်ရှုပ်၍ ခေါင်းကုပ်၍နေဆဲတွင် စံတုပ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော တစ်ဖက်လူက သူတကာဖြင့် ဆိုပြီးပေါ့ ရဲရဲကြီးဆိုစမ်းဟုခိုင်းရာ သောဖဲက တစ်ခွန်းတည်း ပြောလိုက်မည် လူမိုက်သောရွှဲဆိုတဲ့ အခွက်တစ်ဆယ်ထက် သာဖက်ကကွဲ့၊ တစ်ရာတက်မလျော့ဘူးလို့ ဆိုသတဲ့ ဒကာရဲ့။

"ဤဥပမာ၌ သာရွှဲပြောသောစကားကို များလှပြီမှတ်ဆဲကို နောက်လူက ကဲ၍ လာဘိသကဲ့သို့၊ ယခုလည်း ငါ့မှာ စူဠဂဏ္ဍိဆရာများ အလွန်များသည်ဟု ထင်နေပါသည်။ ဉာဏ်ညွှန့်ဆရာလာ၍ ကဲပြန်တော့ သာဖဲထက်ဆိုးနေပေါ့"ဟု မိန့်တော်မူသောအခါ များစွာသော ရဟန်းရှင်လူ ပြည်သူပရိသတ် အရပ်ရပ်တို့သည် အထပ်ထပ် ရယ်မောလျက် ပြော၍မဆုံး တအုန်းအုန်းနှင့် တရုန်းရုန်း နေကြလေကုန်သတည်း။

---

## ၁၁၂-ဘိုးသူတော် ကိုရွှေကြာနှင့် သီလရှင်မယ်ခါတို့ ကဗျာနှင့် လူပျိုစကားပြောဆိုသလိုဟူသော ဥပမာဖြင့် စူဠဂဏ္ဍိ ဆရာတစ်ဦးကို စကားထူး မိန့်တော်မူခြင်း

သင်္ဃာဆရာတော်ဘုရားကြီးသည် အသီးသီးသော ရဟန်းရှင်လူတို့ကို ကြည်ဖြူ သနား တရားမွေ့ နည်းကောင်းပြလျက် ကြားတောရကျောင်းတိုက်၌ နှစ်မြို့က်ရွှင်ပြုံး သီတင်းသုံးတော်မူသောအခါ စူဠဂဏ္ဍိဒါယကာတစ်ဦးသည် ထူးထွေသောစကား တို့ကို လျှောက်ထားသည်မှာ အရှင်ဘုရား ရေးသားတော်မူသောစာကို တပည့်တော် ကြည့်ရှုရာ ရဟန်းတော်များမှာ ပါရာဇိကလေးပါးကို လုံခြုံခဲ့လျှင် ကုန်ကိုပင် သွယ်ငြားသော်လည်း ဘုရားသားတော် သံဃာတော်အစစ်ဟူ၍ မှတ်ရမည်။ ယင်းကဲ့သို့ တွေ့သည်ကို စေ့စေ့ယှဉ်ငင် ဆင်ခြင်စဉ်းစားသော် တပည့်တော်များ ရှေးက တွေ့ဖူးသောစာနှင့် များစွာ ဝေးကွာ၍နေပါသည်ဘုရားဟု လျှောက်ထား သည်။

သင်္ဃာဆရာတော်ဘုရားက ငါရေးသောစာနှင့် ဒါယကာ မှတ်ဖူးသောစာ သည် အဘယ်ကဲ့သို့ကွာသနည်းဟု မေးတော်မူပြန်သောအခါ ဒါယကာက တပည့်တော်များ ရှေးက တွေ့ဖူးသည်မှာ ဘိက္ခုဝေ၊ သံသရာဘေး လေးသောဝန်ကို ရှုဆင်ခြင်လေ့ရှိကုန်သော ငါ၏ချစ်သား ရဟန်းများတို့။ ဤကဲ့သို့ တွေ့ဖူးပါသည်။ ယခု အရှင်ဘုရားရေးသောစာက ပါရာဇိကလေးပါး လုံခြုံတည်လျှင် ကုန်ကိုပင်

www.burmeseclassic.com

www.burmeseclassic.com



သွယ်ငြားသော်လည်း ဘုရားသားတော် သံဃာအစစ် ဖြစ်ကြောင်းကို ဆိုသောကြောင့် ထိုစာ၏အနေနှင့် ဘိက္ခုဝေကို အနက်ပေးရလျှင် "ဘိက္ခုဝေ၊ သံသရာဘေး လေးသော ဝန်ကိုမရှု ကျင့်ချင်တိုင်းကျင့်၍ နေကြကုန်သော ငါ၏ချစ်ဆွေ ရဟန်းလေတို့။" ဤကဲ့သို့ အနက်ပေးမှ သင့်လျော်ပါမည်ဘုရားဟု လျှောက်ထား၏။

## ပါရာဇိက ၄ ပါးလုံလျှင် သံဃာ

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ၊ ပါရာဇိက လေးပါး လုံခြုံက ကုန်ကိုပင် သွယ်ငြားသော်လည်း ဘုရားသားတော် သံဃာတော် အစစ်ဟူ၍ ဆိုသည်မှာ အချို့သောသူများက အလဇ္ဇီဖြစ်ကာမျှနှင့် ဘုရားသား တော် သံဃာတော် မဟုတ်ဟူ၍ မှတ်ယူကြသောကြောင့် အလဇ္ဇီပုဂ္ဂိုလ်ပင် ဖြစ်ငြားသော်လည်း ပါရာဇိကလေးပါး လုံခြုံပါက ဘုရားသားတော် သံဃာတော် အစစ်ဟူ၍ မှတ်ရမည်ဟု ရေးခြင်းဖြစ်သည်။

စင်စစ်မှာမူကား နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သော သိက္ခာပုဒ်တို့ကို မကျိုးမပေါက် လုံခြုံစွာ စောင့်ထိန်းသော လဇ္ဇီပေသလ, သိက္ခာကာမပုဂ္ဂိုလ်မှာ ပြောဆိုဖွယ်ရာမရှိ ဟု မှတ်ရမည်။ ယခု ဒါယကာလျှောက်သော စကားမှာ "ဘိုးသူတော် ကိုရွှေကြာ နှင့် သီလရှင် မယ်ခါတို့ ကဗျာနှင့် လူပျိုစကားပြောသလို ဖြစ်နေသည်"ဟု မိန့်တော်မူ၏။

ထိုအခါ ဥပမာစကားကို ထင်ရှားအောင် မိန့်တော်မူပါဘုရားဟု လျှောက် ထားတောင်းပန်ကြ၍ မိန့်ဟမြွက်ကြားတော်မူသည်မှာ... ဒါယကာ၊ ဘိုးသူတော် ကိုရွှေကြာနှင့် သီလရှင်မယ်ခါတို့သည် နှစ်ဖြာနှစ်ဝ ဇရပ်တစ်ခုတွင် တွေ့ဆုံကြရာ ဘိုးသူတော် ကိုရွှေကြာက သီလရှင်မယ်ခါကို စကားရှာ၍ ပြောသည်မှာ... သီလရှင်မယ်ခါ စာစကား ကျွန်ုပ်ပြောမည် သဘောကျနားထောင်မည်လားဟု ဆိုလျှင် သီလရှင်မယ်ခါက ကောင်းပါပြီ ဦးရွှေကြာ ဘယ်စာကို ရှင်ပြောမည်နည်း မေးသော် ဘိုးသူတော် ကိုရွှေကြာက ကျုပ်ပြောမည့်စာကို မယ်ခါဖြင့် သိမှာပ စာကသည်လိုတဲ့ **"သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ပေါင်းဖက်တွေ့"**ဟူ၍ လာရှိသည်။

စာ၏အဓိပ္ပာယ်သရုပ်မှာ ကျုပ်လည်း ဘိုးသူတော်, မယ်ခါကလည်း မယ်သူ တော် သို့ဖြစ်၍ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့၊ ပေါင်းဖက်များ မတွေ့ချင်

www.burmeseclassic.com


ဘူးလားဟုဆိုရာ သီလရှင်မယ်ခါက ရှင့်စာနှင့်ရှင် လိုချင်ရာယူထားလို့ သူများ သဘောကျနိုင်ပါမည်လားဟု ဆိုသတဲ့ ဒကာရဲ့။

ယခုလည်း ဒကာ့စာနှင့်ဒကာ လိုချင်ရာ ယူထားသောကြောင့် သူတစ်ပါးတို့ သဘောကျကြမည်မဟုတ်ဟု မိန့်တော်မူသောအခါ များစွာရယ်မောကြလေကုန်သတည်း။

---

## ၁၁၃–တရားဟောကောင်းလှသဖြင့် "ကျောင်းအမ တေးဆို၍ ကလေးလို က,သည်"ဟူသကဲ့သို့ သဘောတူက ကောင်းရသည်ဟု မိန့်တော်မူခြင်း

အဂ္ဂမဟာပဏ္ဍိတ ကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် အသီးသီးသော တပည့်ရဟန်းအပေါင်းတို့နှင့် အနောက်ချောင်းသို့ ရောက်တော်မူသောကာလ ကျောင်းအမတစ်ယောက်သည် စိတ်ပျိုကိုယ်နုသော မနောနှလုံးထားဖြင့် ဆရာတော်ဘုရားကြီးအား လျှောက်သည်မှာ… အရှင်ဘုရား တပည့်တော်မသည် ရှေးကလည်း ဘုန်းကြီးတွေများစွာ ကိုးကွယ်လှပါပြီ။ ယခု ကိုးကွယ်သော ဘုန်းကြီးကိုယ်တော်ကလေးကဲ့သို့ တရားဟောရာ၌ အသံကောင်းသော ဘုန်းကြီးကို မတွေ့ရသေးပါ။ ယခုကိုးကွယ်သော ကိုယ်တော်ကလေး၏ အသံသည် သဏ္ဌာန်နိမိတ်အားဖြင့် ကရဝိတ်ငှက်မင်း၏ အသံနှင့် တူပါသည်။ ဤကိုယ်တော် ဟောသောတရားကို ကြားကြားသမျှသော သူအပေါင်းတို့သည် နားမငြောင်းအောင် သာယာနာပျော်ဖွယ် ရှိပါသည်ဘုရားဟု လျှောက်ထား၏။

### ကျောင်းအမတေးဆို

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ၊ အင်း… "တရားဟောကောင်းလှသဖြင့် ကျောင်းအမတေးဆို၍ ကလေးလို က,သည်"ဟူသကဲ့သို့ ရှိချေမည်ဟု မိန့်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဖောဝိမဏ္ဍိုင်ကျောင်းအမကြီး

ထိုအခါ လျှောက်ထားသူ ကျောင်းအမက တောဆို၍ က,သောဥပမာကို သေချာထင်ရှားအောင် မိန့်ကြားတော်မူပါဟု တောင်းပန်၍ လင်းပြန်မိန့်ကြားတော်မူသည်မှာ... ကျောင်းအမ ညောင်ပင်ရွာအမည်ရှိသော ရွာကြီး၌ ခိုမိုးဂေါစရဂါမ်ပြု၍နေသော ကျောင်း တစ်ဆယ့်နှစ်ကျောင်းရှိသတည်း။ ထိုညောင်ပင်ရွာက ကျောင်းအမကြီး တစ်ယောက်သည် ရှင်သီလဝံပုဂ္ဂိုလ် ထုတ်ဆိုရေးသားသော ပါရမီခန်းလင်္ကာကို များစွာနှစ်သက်လေ့ရှိသဖြင့် ထိုကျောင်းအမကြီးကို ဖောဝိမဏ္ဍိုင် ကျောင်းအမကြီးဟူ၍ လူအများတို့ ခေါ်ဝေါ်ကြ၏။ ကျောင်းတစ်ဆယ့်နှစ်ကျောင်းရှိသော ပုဂ္ဂိုလ်တို့သည် ပါရမီခန်းကို ရွတ်ဆိုလျှင် တိုတိုရိုးရိုးသာ ရွတ်ဆိုဟောကြားတတ်ကြသောကြောင့် ကျောင်းအမကြီးသည် သဘောမကျ၊ ကျောင်းအမကြီး နှစ်သက်အောင် ဟောနိုင်သောပုဂ္ဂိုလ်ဟူ၍ မရှိ၊ ဘုန်းကြီးတစ်ပါးသည် ဤဖောဝိမဏ္ဍိုင်ဟူသော ပါရမီခန်းကို ခပ်ဆန်းဆန်းဖြစ်အောင် အဘယ်ကဲ့သို့ ကြံဖန်၍ ဟောရပါမည်နည်းဟု စဉ်းစားတွေးတောလေသတည်း။

တစ်နေ့သ၌ သဘင်သည် ဇာတ်သမား လူပြက်တစ်ယောက်သည် ကျောင်းသို့ လာရောက်သဖြင့် ဘုန်းကြီးက ဟေ့ ဒါယကာ ဖောဝိမဏ္ဍိုင်ဟူသော ပါရမီခန်းကို အထူးအဆန်းဖြစ်အောင် အဘယ်ကဲ့သို့ ဟောမည်နည်းဟု မေးလျှင် ဇာတ်သမား လူပြက်က ခက်သည်မဟုတ်ပါ။ သာယာနာပျော်ဖွယ်ရှိအောင် "ဖောဝိလေးရယ်တဲ့မှ ရွှေမဏ္ဍိုင်ရယ်၊ ခန်းဝါကလေးကို ကိုယ်တော်ပိုင်လို့" ဤကဲ့သို့ ရှည်ရှည် ဆွဲ၍ ရဲရဲရင့်ရင့် ဟောရပါသည်ဘုရားဟု လျှောက်ထား၍ ဇာတ်သမားလူပြက်သည် ကျောင်းထက်မှ ဆင်းသွားလေ၏။ ဘုန်းကြီးသည်လည်း လူပြက်ဇာတ်သမားထံမှ နည်းခံ သင်ယူသဖြင့် အမှုပါအောင် ဟောကြားတတ်လေသတည်း။

တစ်နေ့သ၌ ဖောဝိမဏ္ဍိုင် ကျောင်းအမကြီးသည် အသီးသီးသော သံဃာတို့ကိုပင့်၍ သင့်တင့်မွန်မြတ်သော ဘောဇဉ်ဆွမ်းတို့ဖြင့် လှူဒါန်းဆက်ကပ်ပြီးလျှင် အရှင်ဘုရားတို့ ဟောကြားတော်မူသောအခါ ပါရမီခန်းကို ဆန်းကြယ်အောင် သဘောထား၍ ဟောကြားတော်မူပါဟု လျှောက်၏။ ထိုအခါ သဘင်သည် လူပြက်ထံ၌ နည်းခံလိုက်သာ ဘုန်းကြီးက စည်းဝါးမိမိဖြင့် "ဖောဝိကလေးရယ်တဲ့ ရွှေမဏ္ဍိုင်ရယ်...ရွှေမဏ္ဍိုင်ရယ်...ခန်းဝါကလေးကို ကိုယ်တော်ပိုင်လို့" ဤသို့ စသည်ဖြင့် ရှည်ရှည်ဆွဲငင်လျက် အယဉ်အကျေး သီချင်းတို့၏ အပြုအမူဖြင့် ဟောကြားလျှင် ယခင် ပါရမီခန်းကြိုက်သော ဖောဝိမဏ္ဍိုင် ကျောင်းအမကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



တရားဟောနည်းကို အားရနှစ်သက်လှသောကြောင့် "အစရင်းကလေးရယ်ကမှ ယဉ်ပါပေသကို၊ ကျုပ်ဘုန်းကြီးကလေးကို လွန်ကြည်ညိုလို့" ဤကဲ့သို့ဆို၍ ထိုထို တရားနာပရိသတ်တို့ အစုအဝေးတွင် ကွေးအောင်ထ၍ ကသတဲ့ ကျောင်းအမရဲ့။ ဤအတူ ယခုလည်း ဘုန်းကြီး တရားဟောကောင်းလှ၍ ကျောင်းအမက တေးဆိုလျက် ကလေးလိုများ သွားမကနှင့် မှားကြမယ်နော်ဟု မိန့်တော်မူသော အခါ တရားနာပရိသတ်တို့သည် အတောမသတ်အောင် ရယ်မော၍ တသောသော နေလေကုန်သတည်း။

---

## ၁၁၄–တောင်သာက ဦးရွှေလာဆိုသောခင်ကြီး ဆိုင်းတီးသံမကြားချင်ဘူးဆိုတာလို ထင်ပါရဲ့ဟူသော ပမာစကားဖြင့် ဒါယကာအား မိန့်တော်မူခြင်း

သင်္ဂဇာဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ ကြားတောရကျောင်းတိုက်၌ နှစ်ခြိုက်မွေ့လျော် သီတင်းသုံးတော်မူသောအခါ စူဠဂဏ္ဍိဒါယကာတစ်ယောက် သည် ဝင်ရောက်လျှောက်ထားသည်မှာ အရှင်ဘုရား–စူဠဂဏ္ဍိ, မဟာဂဏ္ဍိ နှစ်မျိုး ရှိကြရာတွင် တပည့်တော်တို့ စူဠဂဏ္ဍိဘုန်းတော်ကြီးများသည် ဝိနည်းသိက္ခာပုဒ် တော်ကို အလွန်အလေးဂရုပြုကြပါသည်။ အယုတ်သဖြင့် ပွဲလမ်းသဘင်, အတီး အမှုတ်, အက, အခုန်ပါသော အလှူအတန်းများကိုပင် လိုက်၍အလှူမခံကြပါ။ မဟာဂဏ္ဍိ ဘုန်းတော်ကြီးများမှာ ဝိနည်းဝိက္ခာပုဒ်တော်ကို အလေးဂရုမပြု အမှု မထား ပွဲလမ်းသဘင်များကို တမင်လိုက်စား၍ ကြည့်ရှုကြပါသည်။ ဤကဲ့သို့ မဟာဂဏ္ဍိ ဘုန်းတော်ကြီးများသည် မြတ်စွာဘုရား အာဏာတော် ပညတ်၌မတည်၊ မညီမညွတ် ကျင့်ကြသည်များကို အရှင်ဘုရားသည် သာသနာတော်ကို ကြည့်ရှု ရသော သာသနာပြု သုဓမ္မာဆရာတော်ဖြစ်သည့်အညီ တရားဓမ္မသြဝါဒဖြင့် ဆုံးမတော်မူပါလျှင် အလွန်ပင် လျော်ကန်သင့်မြတ်မည် ထင်ပါသည်ဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒါယကာ၊ စူဠဂဏ္ဍိ ဘုန်းတော်ကြီးများသည် ဘယ်အတွက်ကြောင့် ပွဲလမ်းသဘင်များကို မကြည့်မရှု ကြသည်ကို မင်းသိ၏လောဟု မေးတော်မူလျှင် မသိပါဘုရားဟု လျှောက်ထားလေ သော် ဆရာတော်ဘုရားက ဒါယကာ–စူဠဂဏ္ဍိ ဘုန်းကြီးများ ပွဲလမ်းသဘင်

www.burmeseclassic.com



မကြည့်မရှုဟု လျှောက်သည်မှာ အလွန်တရာပင် နှစ်သက်ဝမ်းမြောက်ဖွယ်ရှိသည်။ သို့ရာတွင် "တောင်သာက ဦးရွှေလာဆိုသော ခင်ကြီးသည် ဆိုင်းတီးသံကို မကြားချင်ဘူး"ဟု ဆိုတာမျိုးကဲ့သို့ ဖြစ်နေမည်ကို စိုးရိမ်ရသည်ဟု မိန့်တော်မူ၏။

ထိုအခါ စူဠဂဏ္ဍိ ဒါယကာက ဦးရွှေလာအကြောင်းကို ပြန်ပြောင်း မိန့်ရှိတော်မူပါဟု တောင်းပန်၍ လင်းပြန်မိန့်ကြားတော်မူသည်မှာ... တောင်သာမြို့က ဦးရွှေလာဆိုသော ခင်ကြီးသည် ဘုန်းကြီး မဖြစ်မီ ရှေးအဖို့က လူတို့၏ အသက်မွေးရာ မွေးကြောင်းဖြင့် ရုပ်သေး ဇာတ်သဘင်သည် ဘဝနှင့် ဆို,က, တီး,မှုတ်၍ လာခဲ့သောကြောင့် ဝါသနာ စွဲလမ်းလျက် ရဟန်းအဖြစ်သို့ ရောက်သည့်တိုင်အောင် ယောင်၍ တေးဆိုမိ၏။ ဆိုင်းတီးသံကြားက မရပ်မနား မတည်တံ့နိုင်အောင်ရှိ၏။ တစ်နေ့သောအခါ တောင်သာမြို့မှ ဒါယကာတစ်ဦးသည် မိမိသားကို မြတ်စွာဘုရား သာသနာတော်တွင်း၌ သွတ်သွင်းလိုပါ၍ ကြွလာတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ပန်၏။

ထိုအခါ ဘုန်းကြီးဦးရွှေလာက ဒါယကာ၏ အလှူတွင် သဘင်ဇာတ် အတီး အမှုတ် အက, အခုန်များ ပါသလော၊ အတီး, အမှုတ်, အက, အခုန်ပါလျှင် ငါ စင်စစ်မလိုက်၊ တီးသံ, မှုတ်သံများကို မကြားချင် မမြင်ချင် အလွန်ပင် ရှောင်လို၏ဟု ဆိုရာ ဒါယကာက အရှင်ဘုရား အတီး, အမှုတ်, အက, အခုန်များကို မငှားမထည့်ပါ၊ အလှူကိုသာ အားထား၍ ကြိုးစားပါသည်၊ အရှင်ဘုရားသည် တပည့်တော်၏ သားရှင်ပြုအလှူသို့ ကြွလာတော်မမူဘဲ မနေပါနှင့်ဟု လျှောက်ထား၍ ပြန်သွားလေသတည်း။ အိမ်သို့ရောက်သောအခါ ရပ်ရွာသားတစ်စုတို့က လူသာခုခေါ် နတ်သာခုခေါ် ပျော်ထည့်မှ လျော်မည်ဟု ဆိုကြသဖြင့် အခအနည်းငယ်နှင့် ငှား၍ ပျော်သမားများလည်း အသင့်ရှိလေသတည်း။

ပင့်သောအလှူရက်သို့ တိုင်ရောက်သောအခါ ဦးရွှေလာဆိုသော ခင်ကြီးသည် ပုတီးကို ကိုင်စိပ်လျက် ပင့်ဖိတ်သော သံဃာစင်မဏ္ဍပ်သို့ တန်းမတ်၍ ကြွလာသော် ငှားခေါ်ထားသော ပျော်သမား ဆိုင်းသမားတို့က လူတကာကြည်လွှမ်းအောင် စည်ရွှမ်း၍ပေးမှဟု တေးအပြ နည်းမယုတ်အောင် တီးမှုတ်ကြသည်ကို မထေရ် ဦးရွှေလာသည် သေချာမြင်ကြားရလျှင် ဇာတ်သမားဖြစ်ဖူးသော အထုံကြောင့် သက်န်းရုံကို ဖျက်ပြီးလျှင် လက်တစ်ဖက် ပုတီးကိုကိုင်လျက် ပိုင်ပိုင်နိုင်နိုင် ဆိုင်းချက်ပြသောကြောင့် သိုင်းကွက်ကျနင်း၍ လွန်မင်းစွာ 'က'လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ဦးရွှေလာခင်ကြီးသည် ချေးတီးတီးကျသော်လည်း လက်စမသတ် မရပ်မနားကဲ၍ ကြာလှမကကြာသည်တွင် အလှူရှင်ဒါယကာက မောလှပြီ သည်းခံတော်မူပါဘုရားဟု လျှောက်ထားသောအခါ ဦးရွှေလာက ငါ အစရင်းကိုက အတီး, အမှုတ်, အက, အခုန် မထည့်ပါနှင့် တီးသံများကို လားလားမျှ မကြား ချင်ဟု ကြိုတင်၍မှာထားသည်၊ ငါ့စကားကို မနာခံ တီးလိုက်တာည့်လို့၊ ဆိုင်း သံကြားလျှင် အလွန်ပင် 'က'ချင်သည်ဟုဆိုသတဲ့ ဒကာရဲ့။

ယခုလည်း ဤဥပမာကို နှိုင်းစံလျှင် ဆိုင်းသံကို ကြောက်နေမှန်းမှ မသိဟု မိန့်တော်မူသောအခါ များစွာရယ်မော၍ အတောမသတ်နိုင်အောင် ရှိကြလေကုန် သတည်း။

---

## ၁၁၅–မင်းဟောသည့်တရားက လမိုင်းသား ဓာတ်ကသလို အဖြတ်ရခက်သားဟူသော စကားပမာဖြင့် တရားနာလူအများကို မိန့်ကြားတော်မူခြင်း

အဂ္ဂမဟာလင်္ကာရ နာမထင်ပေါ် သင်္ဘာဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ ကျောင်းတော်ရာတိုက်၌ နှစ်ခြိုက်ရွှင်ပြုး သီတင်းသုံးလျက် အလုံးစုံသော ရဟန်း ရှင်လူ ပြည်သူအပေါင်းတို့အား နည်းကောင်း ဥပဒေသ ဩဝါဒဖြင့် ညွှန်ပြဟော ကြား၍ နေတော်မူစဉ် တစ်နေ့သောအခါ ကျောင်းမှာ အလှူအတန်းကိစ္စတစ်ခု ရှိ၍ ပဋ္ဌင်းငယ်တစ်ပါးသည် တရားလည်းမရတရ ရှေးကလည်း တစ်ခါမျှ မဟော စဖူး အထူးသတိပြုလျက် အထက်တန်းကျလွန်းသော အသံကိုတင်၍ အစဉ်အတိုင်း ဟောရာ လွန်စွာမောပန်းခြင်းသို့ ရောက်သောအခါ အသံပြာလျက် အပြီးသတ်ရ မှာနှင့်လည်း ဝေးသေး တဖြည်းဖြည်း ချောင်းဟ်န့်သဖြင့် ခေါင်းဆန့်၍ဟော သည်ကို တရားနာသော လူအပေါင်းတို့ မြင်သောကြောင့် အလွန်ပင်သနားစရာ ဟု အားနာ၍ တန်ပါတော့ဘုရား လျှောက်ထားရမည်လည်းအခက်၊ အသံလည်း မထွက်သဖြင့် သည့်ထက်သည်ဆိုးမည်ကို မြင်သောကြောင့် သင်္ဘာဆရာတော် ဘုရားက ငါ့ရှင် "သည်းခံ, သည်းခံ၊ ခုနယ်က တန်ပေတော့ ဆုံးအောင်စိုင်း သွားလျှင် လမိုင်းသား ဓာတ်ကသလို အဖြတ်ရခက်နေလိမ့်မည်ဟု မိန့်တော်မူ၏။

ထိုအခါ တရားနာပရိသတ်အပေါင်းတို့က လမိုင်းသားဓာတ်ကသော အကြောင်း ၏ ဥပမာကို ကောင်းမွန်စွာ သဘောထားရအောင် ဟောကြားတော်မူပါဘုရားဟု

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ထား တောင်းပန်၍ အကြောင်းခံဥပမာကို ဆရာတော်ဘုရားက ဟောကြားတော်မူသည်မှာ… ဒါယကာအများတို့ လမိုင်းသားတို့ ဇာတ်ထောင်ရာ ဇာတ်ကိရိယာ မပြည့်စုံသဖြင့် ရန်ကုန်မြို့သို့သွား၍ ကိရိယာများကို ဝယ်ယူပြည့်စုံသော်လည်း ပိတ်ဖုံတစ်လုံးကို မဝယ်မိဘဲ ရှိလေသတဲ့။ အခါတစ်ပါး တစ်ရွာက ငှားသောကြောင့် လိုက်သွားကပြကြသောအခါ ကျနစွာ ဖြတ်ပိုင်း၍ နောက်ဆိုင်းက အချီအချဆိုသည်မှာ "ရွှေဖရုံသီးဆိမ့်သလို တို့လင်မယား အိမ့်သကို၊ တို့လင်မယား အိမ့်သကို–ရွှေဖရုံသီး ဆိမ့်သလို" ဤကဲ့သို့ အပြန်အလှန် အတိုင်အဖောက်ဆို၍ တီးကရာ အပြီးမသတ် မရပ် မသိမ်းနိုင်အောင် ရှိကြလေကုန်သတည်း။

ထိုအခါ သံဃာတော်များလည်း ကြွလာ၍ အားနာတာကလည်း အခက်သား ဇာတ်သမားများကလည်း အလွန်တီး တော်တော်နှင့်မပြီးသောကြောင့် အရပ်လူကြီးခေါ်၍ ဆိုင်းချရသတဲ့ ငါ့ရှင်တို့ရဲ့။ ဤနည်းအတူ ယခုလည်း "မင်းဟောသည့်တရားက လမိုင်းသား ဇာတ်ကသလို အဖြတ်ရခက်နည်းကြောင့် အရပ်လူကြီးသွားခေါ်ရပုံ ပေါ်နေသည်"ဟု မိန့်တော်မူ၍ တရားနာ ပရိသတ်အများ ယောကျ်ားမိန်းမတို့ကို ဒါနကထာ, သီလကထာနှင့်စပ်သော တရားများကို ဟောကြားဆုံးမ ဩဝါဒပေးသဖြင့် ကြည်အေ ဝမ်းမြောက်ကြလေကုန်သတည်း။

---

## ၁၁၆–သမီးနှစ်ယောက် ဉာဏ်ကောင်းသည်ကို ပြန်ပြောင်း၍ လျှောက်သောစကားတွင် အများမှတ်လောက်အောင် မိန့်တော်မူခြင်း

အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇဓိရာဇဂုရု တံဆိပ်နာမံ အလှူတော်အပူဇော်ခံရသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် အသီးသီးသော တပည့်တပန်း ရဟန်းပရိသတ်အပေါင်း ခြံရံလျက် နိုင်ငံမြို့ပြည်သို့ လှည့်လည်ကြွမြန်းတော်မူရာ ပုသိမ်မြို့သို့ ဆိုက်ရောက်လျှင် ဝန်းကျင်ပတ်ကုန်း လူအလုံးတို့သည် အဆုံးအမ ဩဝါဒခံမည်ဟု အတန်တန် လာရောက်ကြသည်များကို တရားရေအေး တိုက်ကျွေးဟောတော်မူသောအခါ ကျောင်းဒါယကာတစ်ဦးသည် ဖူးမြင်မျက်မှောက် ဝင်ရောက်ခစား၍ တရားနာခြင်းကိစ္စ အပြီးတွင် သမီးနှစ်ယောက်တို့ ဉာဏ်ကောင်းသည်ကို အကြောင်းတစ်ခုပြုလုပ်၍ ဝပ်တုပ်ရိုကျိုး ရှိခိုးအသနားခံ ဤသို့လျှောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဘုရား တပည့်တော်မှာ သမီးကလေးနှစ်ယောက် ပေါ်ပေါက်ဖြစ်ထွန်းသည်မှာ ဉာဏ်စွမ်း ဉာဏ်စ အလွန်ကောင်းပါသည်။ အဘယ်အကြောင်းမျိုးမဆို ထိုထိုအရာဌာန ဟူသမျှတို့ကို မြင်မှုဖြင့် တတ်သိ၍ မှတ်မိပါသည်ဘုရား... စသောအားဖြင့် လျှောက်ထားလေသတည်း။

ထိုအခါ ဆရာတော်ဘုရားသည် လျှောက်ထားသူက လျှောက်ထားလျက် စကားသေးငယ်သည်ဟု ဂရုမစိုက် အထိုက်အလိုက်မပြော တုဏှိဘော နေခဲ့လျှင် ပုထုဇဉ် ဉာဏ်နုသမားတို့သည် ဆရာတော်ဘုရားအား ငါတို့အား အလေးမမူ ဂုဏ်ရှိသူများကိုသာ စကားလက်ခံ၍ ဆက်ဆံပြောဟောလေ့ရှိသည်ဟူသော မနော နှလုံးသွင်းမည်ကို သိရင်းဖြစ်တော်မူ၍ ထိုသူ၏ အကြိုက်ကို လိုက်သောအားဖြင့် မိန့်ကြားတော်မူသည်မှာ... ကျောင်းဒကာ-သတ္တဝါတို့မည်သည်မှာ ပါရမီလျှင် အရင်းခံ ရှိကြသဖြင့် မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ အခြေခံပါရမီဟူသော အကြောင်းကြောင့် ဉာဏ်ကောင်းသောအဖြစ်သို့ ရောက်ရသည်။ နောက်နောက်က ကောင်း၍ ခုကောင်းသည်ဟု မှတ်ယူရမည်၊ မိဘက ဆုံးမသွန်သင်ပါလျှင် ယိမ်မာ လောက်သော အခွင့်ရှိလင့်ကစား မိဘများတို့ အသင်အကြား အဆုံးအမလို၍ ကိုယ့်ကိုမှီ၍ဖြစ်သော သမီးသားတို့သည် မကြီးမပွား မလိမ်မာခြင်း ဖြစ်ရသည်။ "လက်ဦးဆရာ မည်ထိုက်စွာသား ပုဗ္ဗာစရိယ မိနှင့်ဖ"ဟူ၍ ရှေးကဆိုရိုးရှိသည် အတိုင်း ရိုင်းစိုင်းမိုက်မဲခြင်း အဖျင်းအညံ့ မဖြစ်ရအောင် ဆုံးမဩဝါဒ ပေးရာသည်။ "ရှေးက သားအဖသုံးယောက် ပြောသလိုလည်း မလုပ်နှင့် ကျောင်းဒကာ" ဟု မိန့်တော်မူ၏။

ထိုအခါ လျှောက်ထားသော ကျောင်းဒကာက ဥပမာထုတ်ပြသော သားအဖသုံးယောက်အကြောင်းကို ကောင်းစွာမှတ်သားဖို့ မိန့်ကြားတော်မူပါဟု တောင်းပန်၍ လင်းပြန်မိန့်ကြားတော်မူသည်မှာ... ကျောင်းဒကာ- ရှေးသောအခါ ဒါယကာ တစ်ယောက်၌ သမီးနှစ်ယောက်သည် ရှိသတတ်။ တစ်နေ့သ၌ ထိုဒါယကာသည် သမီးငယ်ကို ခေါ်၍ တောသို့ အလည်အပတ်သွားရာ လမ်းဘေးမှာ တွေ့ရှိသော ဝါးရုံပင်တစ်ခုတွင် ဥတုရာသီအလျောက် စို့ညှောက်ထွက်ပေါ်သော မျှစ်ကိုတွေ့မြင်၍ ဖခင်က ပြောဆိုသည်မှာ ဟော ကြည့်စမ်းဟဲ့သမီး၊ ဤမျှစ်ကြီး၏စနစ်သည် မျှစ်ပင် ငယ်ငြားသော်လည်း အပေါ်သို့ ခွဲပြီးလျှင် မြေထဲက တက်လာရသည် ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com



## မှိုသည်ပင် မြေကိုခွဲထွက်နိုင်သေးသည်

ထိုအခါ သမီးက အဖရယ် မြေကိုခွဲ၍ လာနိုင်ပါသော်ကော မျှစ်တို့၏ သဘောမှာ အချွန်ကြီးနှင့်ဖြစ်သည်။ အချွန်မရှိသော မှိုတို့သည် ထိပ်တိုနှင့်ပင် မြေထဲကခွဲ၍လာနိုင်သေးသည်ဟုဆိုလျှင် ဖခင်ဖြစ်သူက အင်း...ငါ့သမီးပြောသော စကား လည်း ဟုတ်ဟုတ်ပဲဟု ဆို၍ အိမ်သို့ပြန်ကြလေ၏။ အိမ်သို့ရောက်သော အခါ သမီးငယ်ပြောသော အခြင်းအရာ အသီးသီးတို့ကို သမီးကြီးအား ပြောပြလျက် ငါ့သမီးငယ်ကတော့ လိမ္မာသည်, နားလည်သည် စသောအားဖြင့် များစွာ ချီးမွမ်း၏။

အခါတစ်ပါး သမီးအကြီးကိုခေါ်သွား၍ တောဖျားသို့ လည်ပြန်ရာ ပေါက်မည် သော ငှက်သည် သစ်ပင်ထက်ကနေ၍ မြည်သည်ကိုမြင်လျှင် ဖခင်ဖြစ်သူက ကြည့်စမ်းသမီး လည်တန်ကြီးပင်ရှည်သော်လည်း ဤပေါက်ငှက်သည် အသံကောင်း လှပေ၏ဟု ဆိုသော် အဖော်ဖြစ်သော သမီးကြီးက တစ်နည်းကြံဖန်၍ ဉာဏ်နှင့် ပြောဆိုသည်မှာ အို... အဖ၊ သဝိညာဏကသတ္တဝါဖြစ်သော ပေါက်ငှက်သည် အသက်နှင့်ဖြစ်၍ အသံကောင်းသည်ကို အကြောင်းတစ်ခုပြု၍ စင်စစ် ချီးမွမ်း လောက်သေးသည် မယုတ်ပါ။ အဝိညာဏကဖြစ်လျက် အသက်မရှိသော နှဲတံ သည် အသံလည်းကောင်း၏။ လည်ချောင်းလည်းရှည်၏။ ဤသို့ သမီးအကြီးက ပြောလျှင် ဖခင်က အင်း... ငါ့သမီးပြောသော စကားလည်း ဟုတ်ဟုတ်ပဲဟု ဆိုသတဲ့ ကျောင်းဒကာရဲ့။

ဤအတူ ကျောင်းဒမှာလည်း သမီးများ၏ဂုဏ်ကို ဖော်ထုတ်၍ ဟုတ်ဟုတ် ပဲချည်း လိုက်ရမည်ဟု မိန့်တော်မူသောအခါ တရားနာပရိသတ်တို့သည် မပြတ် မစဲ ရယ်ပွဲဖြစ်ကြလေကုန်သတည်း။

* ဤကဲ့သို့ သင်္ဂဇာဆရာတော်ဘုရားကြီး မိန့်တော်မူသော အရေးတို့ကို သေးငယ် သိမ်ဖျင်းသည်ဟု မအောက်မေ့ရာ။ အဘယ့်ကြောင့်ဟူမူ လျှောက်ထားသောသူတို့၏ စကားသို့လိုက်၍ စရိုက်နှင့်ညီစွာ ယထာရုပ အလိုက်အထိုက် မိန့်ဆိုတော်မူသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၁၁၇-အထစ်အရစ်များသော သီချင်းသဘောကဲ့သို့ မင်းဟောသော ဤတရားမှာလည်း အနီများသည်ဟု မိန့်ကြားတော်မူခြင်း

သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် ဇေယျာပူရ ပဗ္ဗတသေလာ ရောဝတီ နဒီရစ်သိုင်း ညို့ညို့မှိုင်းသော စစ်ကိုင်းမြို့မြောက် ထွန်းတောက်ပွင့်လင်း လောက မှန်ကင်းချောင်၌ မြားမြောင်သံဃာ ဝန်းရံကာလျက် ဘာဝနာအဖော် ပျော်ကြီး ပျော်လျက် မွေ့လျော် သီတင်းသုံးတော်မူသောအခါ ဦးပဥ္စင်းတစ်ပါးသည် ယပ် ထောင်တရားကျက်၍ ညဥ့်နက်သည်တိုင်အောင် ရောင်ခြည်တော်အဖွင့်ကို ရွတ် သည်မှာ "အရဏ်တက်လာ နီတျာတျာ-နီတျာတျာ"ဟူသော အစပ်သည် အထပ် ထပ်ပါရှိသည်ကို ကြားလျှင် ဆရာတော်ဘုရားကခေါ်၍ ဤသို့ အမိန့်ရှိတော်မူသည်။

"ငါ့တပည့် ရွတ်အံလျက်၊ ပြန်ဆိုထုတ်မြည်သော ရောင်ခြည်တော်ဖွင့် ယပ် ထောင်တရား၌ ငါကြားရသည်မှာ နီတျာတျာ, နီတျာတျာနှင့် နီတျာတျာတွေ များလွန်းသည်။ "မင်းသမီးနှင့် မင်းသား စခန်းသွားတွင် ဆန်းပြားစွာ အထစ် အရစ် ထူသကဲ့သို့ရှိသည်"ဟု မိန့်တော်မူ၏။

ထိုအခါ တရားကျက်သော ဦးပဥ္စင်းက မင်းသမီးနှင့် မင်းသား စခန်းသွား၍ အထစ်အရစ် ထူပုံကို လင်းပြန် မိန့်ကြားတော်မူပါဘုရားဟု လျှောက်ထား တောင်းပန်၍ အကြောင်းခံရှိသမျှကို သိရအောင် မိန့်ကြားတော်မူသည်မှာ... ဦးပဥ္စင်း ငါတို့ ငယ်ရွယ်နုသေး အကလေး ကျောင်းသားအရွယ်က ပွဲသွား၍ ကြည့်ရာ မင်းသားနှင့် မင်းသမီးတို့သည် အသီးသီးသော ပညာများကို သင်ကြား၍ တက္ကသိုလ်က မိုးခို၍အပြန်တွင် ကန္တာရမြိုင်အတွင်း၌ အပျင်းပြေလေအောင် ကြံဆောင် ဖွဲ့သီလျက် တစ်လှည့်စီ ဆိုသွားမည်ဟု မင်းသားကခိုင်းရာ လက်စွဲ တစ်ယောက်က "တောင်စဉ်-တောင်စဉ်၊ တောင်စဉ်တွေက အထစ်အထစ်, အထစ်အထစ်" ဤကဲ့သို့ ဆိုသောအခါ နောက်လက်စွဲတစ်ဦးက မြှောင်တွေ မြှောင်တွေ၊ မြှောင်တွေရယ်က အရစ်အရစ်, အရစ်အရစ်"ဟု ဆိုလေသတည်း။

ထိုအခါ မင်းသားက မောင်မင်းများဆိုသောတေးက ယဉ်ယဉ်ကျေးကျေးသာ မဖြစ်သည်။ အထစ်တွေ-အရစ်တွေကဖြင့် အလွန်များသည်ဟု ဆိုသတဲ့။

ယခု ငါ့ရှင် အံမြည်သည့် ရောင်ခြည်တော်ဖွင့် ယပ်ထောင်တရားမှာလည်း အသားသာတယ်မပါသည် နီတျာတျာတွေကတော့ အလွန်များသည်ဟု မိန့်တော်မူ သောအခါ များစွာသော ရဟန်းအပေါင်းတို့သည် တစ်ကျောင်းလုံး အဆင့်ဆင့် ပြော၍ ရယ်မောကြလေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ဆရာတော်ဘုရားက မိန့်ကြားတော်မူပြန်သည်မှာ- ငါ့ရှင်တို့ ရဟန်းတို့သဘောမှာ "အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ" နည်းသော ကိစ္စရှိသဖြင့် မိမိအကျိုးဖြစ်သော ဘာဝနာကမ္မဋ္ဌာန်းများကို ကြိုးပမ်းအားထုတ်ရမည်။ ဤတရား ကိုကျက်၍ နှုတ်တက်ရသောအခါ မသာအသုဘရှု လှူမှုတန်းမှုများ၌ တရားဟော တတ်သည်ကို ဒါယကာတို့က ပင့်ရာသို့ သွားလျက် သူတစ်ပါး အကျိုးကို သယ်ပိုး ဆောင်ရွက်ရသည်။ ယင်းသို့ သူတစ်ပါးအကျိုး ရွက်ဆောင်သယ်ပိုးက ကိုယ်အကျိုးမှ ဆုတ်ယုတ်မည် အမှန်ဖြစ်သည်။ ထို့ကြောင့် မြတ်စွာ ဘုရားသည် "အတ္တဒတ္ထံ ပရတ္ထေန န ပရာဇယေ ဟု ဟောတော်မူသည်။ အတ္တဒတ္ထံ၊ မိမိအကျိုးစီးပွားကို။ ပရတ္ထေန၊ သူတစ်ပါးအကျိုးစီးပွားဖြင့်။ န ပရာဇယေ၊ လွတ်အောင်ရှုန်းလေ မရှုံးစေရာ" ဤကဲ့သို့ လာသည်ကို နှလုံးထားလျက် သူ တစ်ပါးအကျိုးကိုမကြည့် မိမိအကျိုးကိုသာ အားထုတ်မည်ဟု တောအုပ်ခိုဝင် အရှည်ကင် ဖြစ်ကြရာသည်။ လာဘ်လာဘကို အားမထုတ်ကြနှင့်ဟု မိန့်တော်မူသောအခါ များစွာ သတိရကြလေ ကုန်သတည်း။

---

## ၁၁၈–ဝေဘူလတောင်သို့ ရောက်လျက် မီးခတ်ကျောက်ကို အဖိုးတန်ထင်သလို ပုံပြင်ကို အလိုမရှိပါနှင့်ဟူသော စကားဖြင့် မော်လမြိုင်သား ဘုန်းကြီးကို ထုံးနည်းနှင့်တကွ မိန့်တော်မူခြင်း

အင်္ဂမဗ္ဗာလင်္ကာရ အစအာဒိ ဂုဏ်ထူးရှိတော်မူသော သင်္ဂဇာဆရာတော်ဘုရား ကြီးသည် ရာထီးဥက္ကဋ္ဌ မင်းမြတ်စံရာ ရတနာပုံ ရန်လုံဌာန ရာဇဌာနီ မင်းနေ ပြည်ကြီးမှ အသီးသီးသော ထေရ, နဝ, မဇ္ဈိမဖြစ်ကုန်သော တပည့်တပန်း ရဟန်းတော်အပေါင်း ခြံရံလျက် ရာမညတိုင်း တလိုင်းသုံးရပ်တို့ကို လှည့်ပတ် ဒေသစာရီ ကြွချီဖြန့်မြန်းတော်မူခဲ့ရာ တနင်္လာရီ ခွန်ဆိခရိုင် မော်လမြိုင်မြို့အနီး မန်ကျည်းတောကျောင်းတိုက်၌ နှစ်ခြိုက်ရွှင်ပြုံး သီတင်းသုံးလျက် အလုံးစုံသော ရဟန်းရှင်လူ မြို့သူမြို့သား ဒါယကာအများကို တရားရေအေး တိုက်ကျွေးဆုံးမ ဩဝါဒအလျောက် ချီးမြှောက်ကယ်ချွတ်တော်မူစဉ် ၎င်းမော်လမြိုင်မြို့တွင် အစဉ် ပျော်မီးသော ကျောင်းထိုင်ဘုန်းကြီးတစ်ပါးသည် ခစားရိုကျိုး ဤသို့ ရှိခိုးလျှောက် ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဘုရား... တပည့်တော်သည် ယခုအရှင်ဘုရား ကြွလာတော်မူသောနေ့မှစ၍ ဟဒယရှင်လန်း၍ ဝမ်းမြောက်ဝမ်းသာ ရှိပါသည်။ တပည့်တော်၏ ကျောင်းကန်နှင့်တကွ အရံပစ္စည်းများကို အနည်းငယ်မျှ မလိုချင်။ ခင်မင်အာသာ တွယ်တာခြင်းမရှိ မငြီမကပ် လွတ်စွန့်ဖြတ်၍ အရှင်မြတ်၏နောက်မှ တကောက်ကောက် တစိုက်စိုက် ကြွတော်မူရာသို့ လိုက်ပြီးလျှင် နှစ်ခြိုက်စွာ နေလိုပါသည်ဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက ငါ့ရှင်...ငါ၏နောက်သို့ လိုက်သည်မှာ အဘယ်ပညာကို လိုလား၍ ငါ့အား မှီခိုချင်သနည်းဟု မေးတော်မူလျှင် အရှင်ဘုရား တပည့်တော်သည် အခြားသော်ပညာများကို လိုလားနှစ်သက် စုံမက်မြတ်နိုး၍ မဟုတ်ပါ။ အရှင်ဘုရားသည် စကားပြောသောအခါ ထည့်သွင်းသောဥပမာကို ကောင်းမွန်စွာ အမြတ်ထားလျက် မှတ်သားနည်းယူလို၍ မှီခိုအားထားခြင်း ဖြစ်ပါသည်ဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက ငါ့ရှင်... ဝေဘူလတောင်သို့ ရောက်လျက် မီးခတ်ကျောက်ကို အဖိုးတန်ထင်၍ ယူငင်သိမ်းဆည်းဘိသကဲ့သို့လည်းကောင်း နာနာနယသိဒ္ဓိလမ်း၌ ကမ်းတစ်ဖက်သို့ရောက်သော ဇော်ဂီကို တွေ့ရလျက် ဓာတ်ဝင်္ဂနေ်းဆေးကို တောင်းသကဲ့သို့လည်းကောင်း နိဗ္ဗာန်လမ်းကြောင်းသဖွယ်ဖြစ်သော ပရိယတ်, ပဋိပတ် ကျင့်စဉ်ကျင့်နည်းတရားတို့ကို လိုလားနှစ်သက်ခြင်း မရှိမူ၍ လူတကာတို့ ပါးစပ်ကပြောတတ်သော ဥပမာကို ဘာမျှအကောင်းမဟုတ် ဘဲနှင့် အလွဲကို အလိုမရှိပါနှင့် ငါ့ရှင်။ မြတ်စွာဘုရား၏ သာသနာတော်ထမ်း ရဟန်းတို့မည်သည်မှာ ပါဠိ အဋ္ဌကထာ ဋီကာစသော ကျမ်းတို့ကို ကြိုးပမ်း အားထုတ်ခြင်းဟု ဆိုအပ်သော ပရိယတ္တိ, ထိုပရိယတ္တိဟု ဆိုအပ်သော ကျမ်းဂန်ကို သင်ကြားသဖြင့် နားလည်သိကျွမ်းသည့်အလျောက် အားထုတ်နိုင်သလောက် အားထုတ်၍ ကျင့်ခြင်းဟု ဆိုအပ်သော ပဋိပတ္တိ, ထိုပဋိပတ္တိအမှု အားထုတ်ခြင်းကို အကြောင်းပြုလျက် ပဋိဝေဓဟု ဆိုအပ်သော နိဗ္ဗာန်သို့ရောက်ရန် ဤသုံးတန်သော တရားထူးကို ဆည်းပူးအားထုတ်ရာသည်ဟူသော အနုသာသနဩဝါဒကထာ စကားတို့ဖြင့် ဟောကြားဆုံးမတော်မူသောအခါ များစွာသော တပည့်ရဟန်းတို့သည် ကမ္မဋ္ဌာန်းဝိပဿနာ ဘာဝနာတရားထူးကို ဆည်းပူးအားထုတ်ကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၁၉–"အသက်ကေန် သတ်ကြောင်းမှန် ဉာဏ်ဟုဘယ်ကြောင့် ခေါ်သနည်း"ဟူသော စွယ်စုံကျော်ထင် အမေးနှင့် စပ်လျဉ်း၍ တိုက်သူကြီးမင်း ဦးဆိုင်ကို ပိုင်နိုင်စွာမိန့်တော်မူခြင်း

သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ဒေသ မဟာတိဂုမ္ဘစေတီတော်ကြီး၏ အရှေ့စောင်းတန်း ဗဟန်းဇရပ်၌ ပရိသတ်အများကို တရားဟောပြ ချွတ်ဆုံးမလျက် ခေတ္တသီတင်းသုံးတော်မူရာ အဏ္ဏေဝါသိကဖြစ်သော စစ်ပင်တိုက် အငြိမ်းစားတိုက်သူကြီး ဦးဆိုင်ဆိုသူက စွယ်စုံကျော်ထင်ကျမ်း၌ "အသက်ကေန်၊ သတ်ကြောင်းမှန်၊ ဉာဏ်ဟု ဘယ်ကြောင့်ခေါ်သနည်း"ဟူသော အမေးတွင် ဝိသဇ္ဇနာမူရာ ဖြေဆိုတော်မူရာတွင် သုလသာ ပြည့်တန်ဆာမက သတ္တုကခိုးသူကို တောင်ပေါ်မှ တွန်းချသတ်ဖြတ်သောအချက်ဖြင့် ဖြေဆိုသည်ကို သဘောမကျေနပ်ရှိသဖြင့် သင်္ဂဇာ ဆရာတော်ဘုရားကြီးအား လျှောက်ထားသည်။

အရှင်ဘုရား... ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌ တောသားမုဆိုးသည် သမင်၊ ဒရယ်၊ ချေယယ်၊ ယုန်၊ ဆတ် စသော သတ္တဝါတို့ကို ရယူလိုသော အဘိဇ္ဈာဗျာပါဒ ဝဓကစေတနာ သတ်မယ်ဆိုတဲ့ စိတ်စေတနာနဲ့ ရှေ့သွားနှင့် တောသို့ လှည့်ပတ်ရှာဖွေရာ အယုတ်သဖြင့် ကြောင်ငယ်တစ်ခုမျှ မရသော်လည်း ဒုစရိုက်ဖြစ်ကြောင်းကို အထင်အရှား လာပါသည်။ ယခု သုလသာ ပြည့်တန်ဆာမက သတ္တုကခိုးသူကို သက်သေခံအချက်၌ မည်သည့်အတွက်ကြောင့် ပညာဉာဏ် ဖြစ်သည်ဟု ဖြေဆိုပါသနည်း။ ပညာဉာဏ်ဟူ ၍လည်း ပညိန္ဒြေစေတသိက်ပင် ဖြစ်ပါသည်။ ပညိန္ဒြေစေတသိက် ဖြစ်ကလည်း အကုသိုလ်၌ မယှဉ်နိုင်ပါ။ ကုသိုလ်စိတ်၌သာ ယှဉ်ပါသည်ဘုရားဟု သံသယတ္တ အထောက်နှင့် မေးလျှောက်သည်။

သင်္ဂဇာဆရာတော်ဘုရားကြီးက သရဘင်္ဂဇာတ်၌ "ကထံ ဝိဓံ ပညာဝန္တံ" ဟူသော သိကြားမေးသော ပြဿနာတွင် ပညာရှိတို့၏ လက္ခဏာသဘောကို ဟောကြားတော်မူသည်အရ ခဏချက်ချင်း လက်ငင်းတစ်မဟုတ် လျင်ခုတ်ကောက်ကာ ဖြေဆိုအံ့သောငှာ ဥပမာပြတော်မူလိုသည်ဖြစ်၍ စစ်ပင်တိုက်သူကြီး မောင်ဆိုင်၊ ကျွန်း၊ ပျဉ်းကတိုးစသော အရာဝတ္ထု၌ တစ်စုံတစ်ခုသော အပေါက်ကို ထွင်းဖောက်လိုသောအခါ မည်သည့်ကိရိယာနှင့် ထွင်းဖောက်ရသနည်းဟု မေးတော်မူ၏။

ထိုအခါ တိုက်သူကြီးဦးဆိုင်က စူးဆောက်–စသော ကိရိယာတန်ဆာတို့ဖြင့် ဖောက်ထွင်းရပါသည်ဘုရားဟု လျှောက်ထားလေလျှင် ကောင်းပြီ အပေါက်ဖြစ်လာသောအခါ၌ အမှိုက်သရိုက် အမျိုးမျိုးတို့ကို မထိုးမသွင်းနိုင်ဘူးလောဟု

www.burmeseclassic.com



မေးတော်မူပြန်ရာ သွင်းနိုင်ပါသည်ဟု လျှောက်ထားကာလ မောင်ဆိုင်...ယခု မင်းလျှောက်ထားသော သုလသာ ပြည့်တန်ဆာမက သတ္တုကြ ခိုးသူကိုသတ်ရာ၌ ရှေးဦးစွာပထမက ပြည့်တန်ဆာမ သုလသာကို သတ္တုကခိုးသူက သတ်ဖြတ်ရန် ရည်ရော်လျက် တောင်ပေါ်သို့ ခေါ်ငင်ဆောင်သွား၍ သင့်အား သတ်ဖြတ်မည် ပြောဆိုသောကာလ သုလသာက ဤခိုးသူသည် ဆိုးသွမ်းယုတ်မာသောသူဖြစ်၍ မသတ်မညှစ်အောင် ကြံဆောင်တောင်းပန်ငြားသော်လည်း တရားမဲ့သောသူ ဖြစ်သည့် အတွက် အသက်ကို ချမ်းသာပေးတော့မည်မဟုတ်ဟု ရုတ်တရက် စတင်ကြံဆိုလျက် အလိုသို့လိုက်ပြီးလျှင် အကြိုက်ကျ ဖြားယောင်း၍ တောင်စောင်းက သတ်ဖြတ်တွန်း ချရန် ကြံစည်ခြင်းဟူသော ဥပါယစိန္တာကို ဉာဏ်ဟုခေါ်သည်ဖြစ်၍ သစ်သားကို ဖောက်သော စူးဆောက် တန်ဆာကိရိယာနှင့် ဥပါယစိန္တာသည် တူ၏။ နောက်ဖြစ်သော လုံ့လပယောဂ ဝဓကစေတနာတို့သည် အပေါက်၌ ထိုးသွင်းသော အမှိုက်သရိုက်နှင့်တူ၏။ ဤကိုရည်၍ ဉာဏ်ခေါ်ကြကြောင်း ဖြေဆိုသောအခါမှ သံသယ ကင်းရှင်း၍ ထင်လင်းစွာ မှတ်သားရသဖြင့် မြေကြီးအထု နေရုတနိုင်း အတိုင်း မသိ နက်နဲစွာသော ဂမ္ဘီရဉာဏ် လျင်မြန်သောနည်းကို တိုက်သူကြီးမင်း ဦးဆိုင် နှင့်တကွ လာသမျှ ပရိသတ်တို့သည် အထပ်ထပ်အံ့သြ၍ ပြောဆိုမပြီး ရှိကြလေ ကုန်သတည်း။

---

## ၁၂၀–ဒေါက်ချာဆောင်းခြင်း၏ အကြောင်းရင်း အခြေအမြစ်ကို ဖြေလှစ်၍ မိန့်တော်မူခြင်း

သင်္ဇာ ဆရာတော်ဘုရားကြီးသည် မော်လမြိုင်မြို့အနီး မန်ကျည်းတောကျောင်း တိုက်၌ ယာပိုက်မယွင်း သီတင်းသုံးနေတော်မူသောအခါ ဒါယကာတစ်ဦးသည် အထူးစကား လျှောက်ထားသည်မှာ အရှင်ဘုရား ရှေးကအချို့သောရဟန်းများ ဒေါက်ချာဆောင်းကြောင်းကို သာသနာလင်္ကာရ စသော ကျမ်းစာဟောင်းများ၌ တွေ့ရှိဖူးပါသည်။ ဒေါက်ချာဆောင်းခြင်း အကြောင်းရင်း အခြေအမြစ်ကို ဖြေလှစ် မိန့်ကြားတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်း လျှောက်ထားသည်။

### ဒေါက်ချာဆောင်းရတဲ့အကြောင်း

ထိုအခါသင်္ဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ ယခု လျှောက်သော ဒေါက်ချာ၏သဘောမှာ ဘုရားဟောကျမ်းဂန်တို့၌ လာရှိသည်

www.burmeseclassic.com



မဟုတ်။ သို့ရာတွင် အတ္ထုပ္ပတ္တိဖြစ်ပွားပုံ လျှောက်ထားလာသဖြင့် အခွင့်အရာအား လျော်စွာ ဖြေဆိုပါလျှင် ရှေးအခါက တိုင်းပြည်တစ်ပြည်တွင် ဘုရင်မင်းမြတ် ဆည်းကပ်ကိုးကွယ်သော ဆရာတော်တစ်ပါး၏ ဦးခေါင်း၌ ချိုနှစ်ချောင်း ပေါက်၍လာသတတ်။ ဤသို့ ဦးခေါင်း၌ ချိုနှစ်ခေါင်းပေါက်သည့်အတွက် ရှက်သောကြောင့် ထိပ်ထက်တွင် ဒေါက်ချာဆောင်းထားလျက် သူတစ်ပါးတို့ချိုကို မသိမမြင်အောင် ဟန်ဆောင်လျှို့ဝှက်၍ နေ့ရက်များစွာ ရှည်ကြာလေသတည်း။ အခါတစ်ပါးသော် မင်းတရားဆရာတော်သည် ကြာသော် ငါ၏ဦးခေါင်း၌ ချိုပေါက်ကြောင်းကို သိလတ္တံ့ဟု ထောက်ရှုဆင်ခြင်ပြီးလျှင် ဘုရင်မင်းအား ပန်ကြားခွင့်တောင်း၍ တောကျောင်းတွင် ဘိုးသူတော်တစ်ယောက်နှင့် နေ၏။

တစ်နေ့သ၌ ဆရာတော်သည် ပြတင်းပေါက်၌ ဒေါက်ချာဆောင်းလျက် စာကြည့်သော် ဆရာတော်၏ ဦးခေါင်းမှ ဒေါက်ချာ ကျွတ်၍ကျလျှင် မကောက်ခင် ကျောင်းပေါ်သို့ ဘိုးသူတော်တက်လာလျှင် ဆရာတော်၏ ဦးခေါင်း၌ ချိုနှစ်ခေါင်း ပေါက်၍ ငေါက်တောက်တောက်မြင်ရာ အရှင်ဘုရားဦးခေါင်း၌ ချိုနှစ် ခေါင်းပေါက်၍ နေပါသည်ကားဟုဆိုသည်။

ထိုအခါ ဆရာတော်က ဘိုးသူတော်, ငါ၌ ဤကဲ့သို့ ဖြစ်ရသည်ကို ယခုမှ သင်သိသလောဟု မေး၏။ ဘိုးသူတော်က အရှင်ဘုရား ချိုပေါက်သောအကြောင်းများကို ထင်ရှားခုမှသိပါသည်ဟု ဆိုသော် ဆရာတော်က ဘိုးသူတော် ငါ၏ ဦးခေါင်း၌ ချိုနှစ်ချောင်းပေါက်သည်ကို တစ်ယောက်တစ်ဦးမျှ မသိပါစေနှင့်ဟု မှာထား၏။ ဘိုးသူတော်လည်း ဆွမ်းခံသွားတိုင်း သွားတိုင်း ရိုင်းလိုက်လေနော် ငါတို့ဆရာတော်၌ မလျော်အောင် ချိုပေါက် ဒုက္ခကြီး ရောက်ရသည်ဟု လမ်းတစ်လျှောက် တောအုပ်၌ နှုတ်ကမြည်တွန် ညည်းညူ၍သွား၏။

တစ်နေ့သော် မုဆိုးတစ်ဦးသည် အထူးထူးသော သားကောင်တို့ကို ပစ်ခတ်အံ့ဟု လှည့်ပတ်ရှာဖွေလျှင် သမင်နှစ်ကောင်ကို မြင်၍ ဝါးပင်နှစ်ပင်ကြားမှ ချောင်း၍နေသောအခါ ဆွမ်းခံလာသော ဘိုးသူတော်သည် သြော် ဖြစ်ရလေနော် တို့ဆရာတော် ဦးခေါင်း၌ ချိုနှစ်ချောင်းပေါက်လေခြင်းဟု လူကင်း၏ဟူသော အမှတ်နှင့် ညည်းညူလျှင် ဝါးပင်က စကားပြောသည်ဟု တောမုဆိုးအထင်နှင့် ထသွားမှ သမင်များလည်း ပြေးလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## တောဘုန်းကြီးခေါင်းမှာ ချိုပေါက်

မုဆိုးသား ပြန်သွားလျှင် များစွာသော အမဲသည်တို့က ဆိုမြည်ပြောကြား ကြသည်မှာ ငွေကိုသာ ယူသွားသည်၊ အမဲသား ဘယ်မှာနည်း အသီးသီး အမဲ တောင်းကြလျှင် ယခင်မုဆိုးက အသင်တို့ သမင်ကို ပစ်ချင်၍ သံစပ်ပင်ကကပ်၍နေစဉ် ဝါးပင်က စကားပြောသည်မှာ "တောကျောင်းဘုန်းကြီး ဦးခေါင်း၌ ချိုနှစ်ချောင်း ပေါက်သည်ဟု ဆိုသည်တွင် သမင်ထွက်ပြေး၍ အေးအေးပြန်ခဲ့သည်"ဟု ပြော၏။

ထိုအခါ များစွာသော အမဲသည်တို့က ပလီ၍ သူပြောသည်။ တောကျောင်း ဘုန်းကြီး ဦးခေါင်း၌ ချိုနှစ်ချောင်းပေါက်သည်။ မလျောက်ပတ်စကား သူဝါကြွား သည်ဟု ပြောကြားကြသဖြင့် အဆင့်ဆင့် ပြည်ကျော်၍ ရွှေနားတော်ကြားခြင်း ကြောင့် ပြည့်ရှင်မင်းကြီး စိတ်နေမကောင်းသဖြင့် တောကျောင်းသို့ လိုက်လေသော် ဆရာတော်ဦးခေါင်း၌ ချိုနှစ်ချောင်းကိုမြင်လျှင် ရှင်ဘုရင်က ဟစ်အော်၍ ဖြစ်တော် မူရလေခြင်းဟု အတင်းမွှေ့ရမ်းသော် ဆရာတော်၏ ဦးခေါင်းမှ ချိုနှစ်ချောင်းကျွတ်၍ ကျလေ၏။ ထိုချိုကျွတ်သည်တွင် ရှင်ဘုရင်သည် ယခင်ကထက်တိုး၍ တံပိုးကြည်ညို သဖြင့် ပြည်တော်သို့ ပင့်လျက် သင့်တင့်စွာ ကိုးကွယ်သတဲ့ ဒကာရဲ့။

## ချိုဖုံးသည့်ဦးထုပ်

ဤကိုထောက်စာလျှင် ဒေါက်ချာဟာ ရှေးအခါ ဟိုတုန်းက ချိုဖုံးသည့် ဦးထုပ်ပ–လကွယ်။ ဟုတ်မဟုတ်တော့ ဘုရားဟောမရှိဘူးကွဲ့။ အများပြောသည့် ရှေးစကားပဲ အမေးအားလျော်စွာ အဖြေတင်ရသည်။ ငါမြင်တာတော့ မဟုတ် ဘူးပ။ မနေ့ညက ဝံပုလွေနှစ်ကောင် ကိုက်ကြသည်မှာ တစ်ကောင်ဟာ ပေါင်ကျိုး သွားသည်ဟုပြောရာ တစ်ဦးသော သူငယ်ချင်းက မင်းမြင်ရသလား မေးစစ်လျှင် တစ်တီတူးထိုးသံ ကြားရသည်ဟု ဆိုသတဲ့ ဒကာရဲ့။ ယခု ငါတို့လည်း မြင်တော့ မမြင်ဘူး။ တစ်တီတူးထိုးသံ နားခံပြောရသည်ဟု မိန့်တော်မူသောအခါ များစွာ ရယ်မောကြလေကုန်သတည်း။

---

www.burmeseclassic.com



## ၁၂၁–အမိန့်တော်ရမင်း မောင်ပုတ်နီအယူက ကျေးတောသူ မြို့စကားပြောတော့ အမှားနှော၍ အမှုလွဲသဖြင့် ရှုထဲကျသွားသလို ဟူသောပမာစကားဖြင့် မိန့်ကြားတော်မူခြင်း

သင်္ဂဇာဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ မဟာတိဂုမ္ဘစေတီတော်ကြီး၏ အနီးအပါး ကြားတောရတိုက် အမိန့်တော်ရ ဦးပုတ်နီ ဇရပ်တွင် လူရှင်အများတို့ကို တရားဟောတော်မူရာ ဦးပုတ်နီလည်း ပါသည်နှင့် ဆရာတော်ဘုရားက မောင်ပုတ်နီ၊ ဘုံသုံးပါးကို ကြောက်၏လောဟု မေးတော်မူသည်။

ထိုအခါ အရှင်ဘုရား ဘုံသုံးပါးစက်ကြီး အတွင်း၌ ဆယ့်တစ်မီးမကင်း၍ ပျက်စီးခြင်းဒုက္ခကို မုချတွေ့ကြုံရပါသောကြောင့် တစ်ခါတစ်ခါ ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်ပါသည်။ သို့သော်လည်း တပည့်တော်သည် ယခုဘဝထက်ဖြင့် နိမ့်ကျ၍ မဖြစ်ချင်ပါဘူးဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မင့်စကားကလည်း တစ်ခါတစ်ခါ ထိတ်လန့်တုန်လှုပ်ပါသည်ဟု လျှောက်သည်မှာ အတော်သား၊ သည်ဘဝထက်ဖြင့် နိမ့်ကျသောဘဝ၌ မဖြစ်ချင်ပါဘူးဆိုတော့ "ကျေးတောသူ မြို့စကားပြောတော့ အမှားနှော၍ အမှုလွဲသဖြင့် ရှုထဲကျသွားဆိုတာလိုကိုးကွဲ့"ဟု မိန့်တော်မူလျှင် တင်ပြသော ဥပမာကို ထင်လင်းစွာ မှတ်သားဖို့ ဖြေကြားတော်မူပါဟု တောင်းပန်၍ လင်းပြန် မိန့်ကြားတော်မူသည်။

ဇရပ်ဒကာ မောင်ပုတ်နီ၊ ကျေးတောသူတစ်ယောက်သည် မင်းနေပြည်သို့ တစ်ခါတစ်ခါက်မျှ မရောက်ဖူးဘဲ ကိစ္စအထူးရှိ၍ ရောက်သွားရာ မြို့သူတို့၏ ဓလေ့ဘာသာအားဖြင့် စကားပြောလျှင် "ရှင်"ဟူသော အသုံးအစွဲနှင့် ပြောမြဲဖြစ်သည်ကို စနစ်ကျသိသဖြင့် ငါလည်း မြို့သူများနှင့် မြို့စကားပြောမှ တော်မည်ဟု ကြံစည်အားယူဆဲအခါ မြို့သူတစ်ယောက်က ဆေးသောက်၍ အပါးသို့ရောက်လျှင် "ဆေးတစ်ရှင်ပေးပါရှူလို့" ကျေးတောသူကဆိုသတဲ့ မောင်ပုတ်နီရဲ့။

ဤဥပမာ၌ ကျေးတောသူ မြို့စကားပြောရာ အမှားနှော၍ အမှုလွဲသဖြင့် ရှုထဲကျသွားသကဲ့သို့ မင့်စကားလည်း အမှုလွဲ၍ ရှုထဲကျသွားသည်ဟု မိန့်တော်မူလျှင် ရှင်လူအရပ်ရပ် ပရိသတ်တို့သည် အထပ်ထပ် ရယ်မောကြကုန်၏။

ထို့နောက် ဆရာတော်ဘုရားက ဒါယကာအများတို့အား ခန္ဓာ, အာယတန မာတ်တို့၏ မပြတ်ဖြစ်ခြင်းဟု ဆိုအပ်သော သံသရာထောင် နှောင်အိမ်အတွင်း၌

www.burmeseclassic.com



အကျဉ်းခံနေရကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဇာတိ, ဇရာ, ဗျာဓိ, မရဏ စသော ဘေးရန်အတန်တန်တို့သည် အဖန်ဖန်အထပ်ထပ် စက်ရဟတ် ဆုံရှန်းနွားကဲ့သို့ ဘုံသုံးပါး၌ ဖိစီးနှိပ်စက်သဖြင့် လက်ဖျစ်တစ်ထွက်ကာလမျှ အနိစ္စသဘော ပျက်စီးတတ်သောအမှုနှင့် မကင်းရကား လူမင်း, နတ်မင်း, ဗြဟ္မာ မင်းတို့၏ ချမ်းသာကိုပင် လိုချင်နှစ်သက် စုံမက်မြတ်နိုးဖွယ်မရှိ။ ဤသို့သော အကြောင်းကို သိသဖြင့် ဒုက္ခအတိသာ ဖြစ်ပါသည်တကားဟု ဘုံသုံးပါးစက်အကန့်၌ ထိတ်လန့်တုန်လှုပ်သဖြင့် ဒုက္ခ၏ကင်းရာ မဟာနိဗ္ဗာန်သို့ အမြန်ရောက်ကြောင်း သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ကြရမည်ဟု ဟောတော်မူသောအခါ များစွာနှစ်သက် ဝမ်းမြောက်ကြလေကုန်သတည်း။

---

## ၁၂၂–မင်းတို့ သီလစောင့်ရှောက်တာက "ဧကောက်သိကြားရုပ်ဆွဲရင်း ပျင်းပျင်းနှင့် မိုးလင်းရသည်"ဆိုသကဲ့သို့ စိတ်အလိုမကျဘဲ ရှိဟန်တူသည်ဟု သီလယူသူဒါယကာများကို မိန့်ကြားတော်မူခြင်း

အဂ္ဂမဟာလင်္ကာရ အနုတ္တတာဆိပ် ခတ်နှိပ်ပူဇော် အလှူတော်ခံရသော သာသနာ ပြု သုဓမ္မာအဝင် သင်္ဃာဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ မဟာတိဂုမ္ဘ စေတီတော်ကြီး၏ အရှေ့မျက်နှာ ကျောင်းတော်ရာ၌ နှစ်ခြိုက်ရှင်ပြုံး သီတင်းသုံး လျက် အလုံးစုံသော မြို့သားပြည်သူ ရှင်လူကြီးငယ် ပေါယယ်များစွာ သတ္တဝါတို့အား တရားစည်ကြီး ခတ်တီးဆော်ရှမ်း၍ သောင်ကမ်းကုတို့ ဆောင်ပို့ ချီးမြှောက်တော် မူစဉ် ဒါယကာ–ဒါယိကာမ အများတို့သည် ဆရာတော်ဘုရားထံ ရှစ်ပါးသီလကို ဆောက်တည်၍ နေ့ရက်ရှည်စွာ ကျောင်း၌သာ နေကြသတည်း။

### ဆရာတော်အမေး

တစ်နေ့သ၌ ဆရာတော်ဘုရားက ယခု မင်းတို့ သီလစောင့်ထိန်းကြသည်မှာ အဘယ်မျှလောက် ကြာကြပြီနည်းဟု မေးတော်မူလျှင် အရှင်ဘုရား လေးငါးရက် ကြာပြီဟု လျှောက်သော် ဆရာတော်က ယခု မင်းတို့သီလသီတင်းနှင့် သစ်တစ်ပင် ရင်း ဝါးတစ်ပင်အောက်တွင် စောင့်ရှောက်နေထိုင်ရတာနှင့် မင်းတို့၏ သားမယား နှင့် နေထိုင်ရတာ အဘယ်က ပျော်ကြသနည်းဟု မေးပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဒါယကာတို့က အရှင်ဘုရား ယခု ဥပုသ်စောင့်သုံးကြရသည်မှာ အိမ်တွင်နေသည့်အခါကဲ့သို့ အလွန်တရာ ပျော်ရွှင်ကြသည် မဟုတ်ပါ၊ ခပ်ပျင်းပျင်းနှင့် အတင်းစိတ်ကိုဆုံးမ၍ စောင့်သုံးကြရခြင်း ဖြစ်ပါသည်ဘုရားဟု လျှောက်ထားကြကုန်၏။

ထိုအခါ ဆရာတော်ဘုရားက "အင်း ဒါဖြင့် မင်းတို့ သီလစောင့်ရောက်တာက ကောက် သိကြားရုပ်ဆွဲရင်း ပျင်းပျင်းနှင့် မိုးလင်းရသည်ဆိုသကဲ့သို့ဖြစ်သည်"ဟု မိန့်တော်မူရာ ဥပမာစကားကို ထင်ရှားအောင် ဟောတော်မူပါဘုရားဟု လျှောက်ကြ၍ မိန့်ဟတော်မူသည်။

## ကောက် သိကြားရုပ်ဆွဲသလို

ဒါယကာ ကောက်ဆိုသောသူသည် ရုပ်သေးထဲသို့ လိုက်ပြီးလျှင် မြင်း, ဆင်, ကျား, မျောက် ထိုနောက်တလီ ဇော်ဂျီ, နဂါး, ဘီလူးများနှင့်တကွ အကြမ်းပိုင်းက အရုပ်ဟူသမျှကို ဆွဲနေကျဖြစ်သတည်း။ ယင်းသို့ ရုပ်သေးထဲသို့ လိုက်ရာ သုံးနှစ်လောက်ကြာလျှင် ရုပ်သေးဆရာကြီးကို ကောက်က ကြို့ထောက်၍ ပြောသည်မှာ... ဆရာကြီး ကျွန်တော်သည် စင်ပေါ်သို့လိုက်၍ ကြိုးဆွဲရာ အကြမ်းစုက နိုင်ပါပြီ။ ခုတစ်ခါ သည်တစ်ပွဲ အရုပ်နု ဆွဲပါရစေဟု ခွင့်တောင်းသဖြင့် ကောင်းပြီ ငါတပည့် ဆွဲမည်သာကြံပေတော့ ကေန္တအနုပိုင်းက ငါပိုင်းမည်ဆိုပြီးကာလ ညဉ့်သို့ကျ၍ မောင်မာဃ ဇာတ်ကိုခင်းရာ ရုပ်သေးဆရာကြီးက ဟေ့–မောင်ကောက် မင့်အလှည့်ရောက်ပြီ၊ သိကြားရုပ်ကို မင်းဆွဲ အဲဒါ အနုဆုံးဟု ဆိုပြီးလျှင် သိကြားရုပ်ကို အဆွဲခိုင်းထားလေ၏။ သိကြားရုပ်ဖြစ်၍ မလှုပ်မရှက် ငြိမ်သက်တည်ကြည်စွာ အသာကလေး ဆွဲရတော့ စည်ချက်ကလည်းမရ ဒုက္ခကြီးရောက်ပြီးလျှင် ကောက် သိကြားရုပ်ဆွဲရင်း ပျင်းပျင်းနှင့် မိုးလင်းရတာပဲတဲ့ ဒကာတို့ရဲ့။

အဲတာလို မင်းတို့မှာလည်း ဥပုသ်စောင့်ရင်း ပျင်းပျင်းနှင့် မိုးလင်းရတာပဲ မဟုတ်လားဟု မိန့်ကြားတော်မူသောအခါ ဒါယကာအပေါင်းတို့သည် သောင်းသောင်းအုတ်အာ များစွာရယ်မော၍ သာသာအုန်းအုန်း နေကြလေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၁၂၇–ဥပါသကောဝါဒဋီကာတည်းဟူသော မြွားဒဏ်ထိ၍ စကားမခံရှိအောင် ပြောကြသည်ကို ဒေါသမဖြစ်စေကြလင့်ဟု ထုံးပြ၍ ဆုံးမတော်မူခြင်း

အဂ္ဂမဟာလင်္ကာရ မည်ရထင်ရှား သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် တိုင်းကြီး ရာမည သုံးဌာနသို့ ဒုတိယအခေါက် နှစ်ကြိမ်မြောက် ကြွရောက်တော်မူရာ ခနေဖြူ မြို့၌ ရှင်လူတို့အား တရားသဘင် ဆင်ယင်ကျင်းပ ဆုံးမတော်မူရာ ဆရာတော် ဘုရားကို တက်ပွားစေတနာ သဒ္ဓါကြည်ညိုသူ လူအများတို့က လျှောက်ထားသည့် စကားမှာ ကြောင်ပါးနှင့် ကြွက်ကြို, ဂဠုန်နှင့်နဂါး, တောကျားနှင့် သမင်အုပ်, ခင်ပုပ်နှင့် ကျီးကာက, ဒွါရနှင့်ကံ, ကမ္ဘာရန်ကဲ့သို့ ကျမ်းဂန်စာရှိ ပါဠိအဋ္ဌကထာ ဋီကာမဖက် ကိုယ်လိုရာကျက်ပြီးလျှင် နှစ်ပက္ခသား တရားဒွိဟ ဝိဝါဒနှင့် မာန ထန်ပြင်း အငြင်းအခုံ တွေ့ဆုံစကား အချင်းများကြပြီးလျှင် ဆရာတော်ဘုရား ရေးသားပြုစုသော ဥပါသကောဝါဒဋီကာကို အပြစ်ရှာသကဲ့သို့ အကျိုးမဲ့စကား ဒွါရသမားတို့က ပြောကြားပြစ်တင်ကြပါသည်ဘုရားဟု လျှောက်ထားကြလေ ကုန်၏။

ထိုအခါ ဆရာတော်ဘုရားက ဒါယကာတို့ မာနဟူက ပပဉ္စတရား သံသရာ ကို ချဲ့ထွင်လျက် အစဉ်လိုက်မှားတတ်သည်။ သူတစ်ပါးတို့က ရှုံ့ချက်ရဲ့သော စကား သင်တို့ကြားသော်လည်း သနားခြင်းကရုဏာကို များစွာဖြစ်စေရမည်။ မကြည်မလင်သော ဒေါသ အာဃာတတရား ရန်ငြိုးမထားကြနှင့် "ခန္တီ၊ သည်းခံခြင်းသည်။ ပရမံ၊ မြတ်သော။ တပေါ၊ အကျင့်တည်း" ဤကဲ့သို့ မြတ်စွာ ဘုရား ဟောကြားဆုံးမသည်ကို အတည်မျှော်ရှု နှလုံးပြုလျက် ဂရုမစိုက်ကြကုန် လင့်ဒကာတို့။

## ဥပါသကောဝါဒဋီကာ

ဥပမာအားဖြင့် ပေတစ်ရာလမ်းပေါ်သို့ လူနှစ်ဦးတို့သည် ယှဉ်ပူးစကား ပြောဆိုသွားကြရာ လူတစ်ယောက်က ကျောက်စရစ် တုတ်လက်နက်တို့ဖြင့် နှိပ် စက်ပစ်ခတ်မှု တစ်ဦးလူတွင် နာကျင်ပြင်းပြ ဒုက္ခဝေဒနာ ခံစားရရှာလေ၏။ လက်နက်ဒဏ် ထိခံရသောသူနှင့် မခံရသောသူ အဘယ်သူက နာကျင်မည်နည်းဟု မေးတော်မူ၏။ ထိုအခါ ဒါယကာတို့က အရှင်ဘုရား လက်နက်ရှထိ ဒဏ်ချက်မိ

www.burmeseclassic.com



သောသူက နာပါမည်ဟု လျှောက်ထားလေသော် ဆရာတော်က ဤသို့ပင် မှတ်ကြပါ ဒါယကာတို့။ ဥပါသကောဝါဒဋီကာတည်းဟူသော မြားဒဏ်ထိ၍ စကားမံချိအောင် ပြောကြသည်ကို ဒေါသမဖြစ်ကြကုန်လင့်ဟု ဆုံးမ၍ ဒါနကထာ, သီလကထာ, ဘာဝနာကထာ, သဂ္ဂကထာ, သံသရာမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ကောင်းသော နည်းလမ်းဥပဒေသတို့ကို ဝိတ္ထာရသွတ်သွင်း နည်းစုံခင်းလျက် ထင်လင်းစွာ ဟောကြားတော်မူလျှင် လူရှင်များစွာ လာလာသမျှ ပရိသတ် အရပ်ရပ် အသီးသီးတို့သည် ကောင်းချီးသြဘာ မဟာလျှောင် ပဲ့တင်ထပ်မျှ ဝမ်းမြောက်ကြလျက် သာဓုကာရ အမှုကို ပြုကြလေကုန်သတည်း။

---

## ၁၂၄–မြို့အုပ်မောင်မှတ်ကလေးမှာ ရှေးက အမယ်ကြီးတစ်ယောက် သားဆုံး၍ တရားလုံးလုံးမမှတ်မိတော့ ထပ်ပြီးဟောပါဦး လျှောက်ထားသလို ပျောက်သွားကုန်ပြီထင်သည်ဟူသော စကားဖြင့် မိန့်ကြားတော်မူခြင်း

မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပါရမီအဟုန် လောက်လုံပြည့်ဝ ဗျာဒိတ်ရ ဖြစ်တော်မူသော မဟာလောကမာရဇိန် စေတီတော်ဒါယကာ ပဉ္စမ သင်္ဂါယနာတင် ဘုရင်မင်းတရားကြီးနှင့်တကွ ဒုတိယရဝိ ရဲရဲငြိသော သမုတိ မင်းမြတ်တို့သည် နှင်းအပ်သာသနာ အကဌရာတံဆိပ် ခတ်နှိပ်ပူဇော် အလှူတော်ခံရ သဖြင့် သာသနသောဘဏ ကောဝိဒတစ်ဆူ ဖြစ်တော်မူသော သင်္ဂဇာဆရာတော် ဘုရားကြီးသည် ထီးနှစ်ဆက်တိုင်တိုင် ကြံ့ခိုင်ဥဿာဟ ဝီရိယဖြင့် သင်္ဂဇာရာမ, ဝဇီရာရာမ ဟူသော ဌာနသီးသီး ကျောင်းတိုက်ကြီးများတွင် အလှည့်အလည် မျှညီသီတင်းသုံးလျက် အလုံးစုံသော ပါဠိ, အဋ္ဌကထာ, ဋီကာစသော ကျမ်းတို့ကို တပည့်ရဟန်းတို့အား ကြိုးပမ်းအားသစ် အနှစ်နှစ် အဆက်ဆက် နေ့ရက်ကာလ မချို့ရအောင် ပို့ချသင်ကြားတော်မူခြင်း, ဓမ္မပဒနိဿယ၊ ဝိမတိဝိနောဒနီ ဋီကာ နိဿယ၊ စတုရာရက္ခ–စသောကျမ်းတို့ကို ခမ်းနားကောင်းမွန်စွာ သာသနာ ငါးထောင် တည်အောင်ရှေ့သွား နှလုံးထား၍ ရေးသားစီရင်တော်မူခြင်း, သုဓမ္မာ ဆရာတော်ကြီး၏ အဖြစ်ဖြင့် နှစ်, လ, များစွာ သုဓမ္မာ၌ မြို့တော်လေးပြင် လေးရပ်နှင့်တကွ ကျေးလက်ခရိုင်, နိုင်ငံတော်အတွင်း မိုတင်းသီတင်းသုံးကြကုန်

www.burmeseclassic.com

www.burmeseclassic.com



သော သံဃာတော်အများတို့ ဖြစ်ပွားသမျှ အမှုအခင်းတို့ကို ရှင်းလင်းသုတ်သင် စီရင်ဆုံးဖြတ်တော်မူခြင်း ယင်းသို့စသော သာသနာတော်၏ တာဝန်ကို အလွန် ရွက်ဆောင် အားထုတ်ပြီးဖြစ်ရကား အခြားသော မြို့ရွာ တိုင်းပြည်သို့ လှည့်လည် ကြွမြန်းတော်မူလိုသော မနောပဏီဓိ နှလုံးသွင်းရှိသဖြင့် တပည့်တပန်း ရဟန်း အပေါင်း ခြံရံလျက် အောက်နိုင်ငံသို့ ကြွတော်မူရာ မဟာသောဏ, ဥတ္တရမထေရ် မြတ်တို့ ရှေးအခါက သာသနာပြုသော သုဝဏ္ဏာပူရ စသည်တစ်ခို လူဗိုလ်အများ တို့ကို တရားဘေရီ အောင်စည်တီးရိုက် အမြိုက်သွန်းပို့ရာ ဌာနဖြစ်သော ကျိုက် ထိုမြို့သို့ ရောက်တော်မူသောအခါ ဒါယကာ ဒါယိကာမ အများတို့အား တရား ပွဲသဘင် ဆင်ယင်ကျင်းပ ဆုံးမဟောကြားတော်မူ၏။

ထိုအခါ မြို့အုပ် ဦးမှတ်ကလေးသည် ထကြွလုံ့လ ဝီရိယနှင့် ပြည့်စုံသူ တစ်ဦးဖြစ်၍ အထူးကြပ်မ ပြောရဆိုရ ဝေယျာဝစ္စအမှုတို့ကို ကြည့်ရှုဆောင်ရွက် ရသောကြောင့် ဆရာတော်ဘုရား ဟောကြားတော်မူသော တရားကို ရံခါသာ လာ၍ နာရ၏။ ရံခါထ၍ သွားရ၏ သူတစ်ပါးတို့ လုပ်ကိုင်သည်များကို အားမရ သဖြင့် ထလိုက်, ထိုင်လိုက်နေ၏။

ထိုအခါ ဆရာတော်ဘုရားက မြို့အုပ်မင်း၊ ယခု ဆရာတော်ဟောသော တရားများကို မှတ်သားမိ၏လောဟု မေးတော်မူ၏။ ထိုအခါ မြို့အုပ် ဦးမှတ် ကလေးက မှန်ပါ၊ ဆောင်ရွက်ကြည့်ရှုရန် ကိစ္စများသောကြောင့် မမှတ်သားမိပါ ဘုရားဟု လျှောက်လျှင် သင်္ဃာဆရာတော်ဘုရားက အင်း–မြို့အုပ် မောင်မှတ် ကလေးမှာ "ရှေးက အမယ်ကြီးတစ်ယောက် သားဆုံးလို့ တရားတစ်လုံးမှ မမှတ် မိတော့ ထပ်ပြီးဟောပါဦး" ဆိုသလို ဖြစ်တော့မည်ဟု မိန့်တော်မူ၏။

ထိုအခါ မြို့အုပ် ဦးမှတ်က အရှင်မြတ် ယခုဆောင်သောဥပမာကို ကောင်းမွန် စွာ သဘောထားဖို့ ဟောကြားတော်မူပါဟု တောင်းပန်သောအခါ ... ဒါယကာတို့ ရွာတစ်ရွာတွင် ဒါယိကာမကြီးတစ်ယောက်၌ ချစ်လှစွာသော သားသည် ဘဝ တစ်ပါးသို့ ပြောင်းသွားစုတေသေလွန်ရာ သံဃာတော်အများကို ပင့်၍ သင့်တင့် လျောက်ပတ် ကောင်းမြတ်ဖွယ်ရာသော ဆွမ်းတို့ဖြင့် လှူဒါန်းဆက်ကပ်၍ တရားတော်မြတ်ကိုနာရာ သေရှာသောသားကို သနားသမှု အာရုံပြုလျက် ဂရုမထား မနာသောအားဖြင့် တရားကို မမှတ်မသားမိဘဲ ရှိလေသတည်း။ တရားဟော၍ အဆုံး နိဂုံးအရပ် အဘိဓမ္မာ တပ်ပြီးလျှင် ပရိသတ်အပေါင်းတို့သည် ဆုတောင်း ကြကုန်ဟု အဆိုတွင် ထိုသားသေသော ဒကာမကြီးက အပြီးလဲ သတ်သွားပေါ့

www.burmeseclassic.com

www.burmeseclassic.com



တရားကိုလည်း တစ်လုံးမျှ မမှတ်မိ ထပ်ပြီး ဟောတော်မူပါဦးဘုရားဟု လျှောက်ထားသောအခါ ဆရာဘုန်းကြီးက ဒကာမကြီးမှာ သားသေ၍ ဗျာပါဝေသောအားနှလုံးမထားသောကြောင့် တရားကိုမမှတ်မိ၊ ငါ့မှာလည်း သင်တို့လှူတာကနည်းပါး တပည့်ကများသဖြင့် ကျောင်းသားကိုရင်ကို မဝေမခြမ်းလောက်မည်ကို စိုးသောကြောင့် အဘယ်တရားမျိုးကို ဟောမိမှန်း မသိဟု ဆိုသတဲ့ မြို့အုပ်မင်းရဲ့။ ယခုလည်း မင်းနှင့်ငါ ဓာတ်သိမို့ မမှတ်မိတဲ့ လူချည်းထားကြစို့ဟု မိန့်တော်မူသောအခါ များစွာရယ်မောကြလေကုန်သတည်း။

---

## ၁၂၅–စာပြော ဆရာကလည်း ညောင်ဦးမြို့အနီးက ကူးတို့သူကြီးမောင်မဲလို လျှော့တော့လည်း အမြန်သားဟု ပြန်ကြားမိန့်ဆိုတော်မူခြင်း

သင်္ဂဇာဆရာတော်ဘုရားကြီးသည် အသီးသီးသော တပည့်တပန်း ရဟန်းတော်အသင်းအပင်းတို့နှင့် ဘီးလင်းမြို့သို့ ရောက်သောအခါ လာသမျှ ပရိသတ်တို့အား ကောင်းမြတ်သော အဆုံးအမ ဩဝါဒတရားကို ဟောကြားဆုံးမတော်မူလေသတည်း။

ထိုဘီးလင်းမြို့မှာလည်း စာပြောဆရာတစ်ယောက်သည် မင်္ဂလာတရားတော်၌ "ပုတ္တဒါရဿ သင်္ဂဟော" ဟူသော ပါဠိအရ အဓိပ္ပာယ်ကို ပြရာ၌ ပစ္စည်းဥစ္စာ ရတနာ ရွှေငွေ ဆန်ရေစပါး ကျွဲ, နွား, ဆင်မြင်းတို့ဖြင့် ပေးကမ်းခြင်း, ချီးမြှောက်ခြင်းကို မပြုအပ်။ မြတ်သောတရားသဘောဖြင့် ဟောပြောပြသ ဆုံးမချီးမြှောက်ရမည်ကို ဆိုလိုသည်ဟု ထိုထို၌ဤ လှည့်လည်ဟောပြော၏။ ထိုစာပြောဆရာကို ရပ်ရွာများမှ ယောကျ်ားမိန်းမတို့သည် သဘောကျသူဟူ၍ မရှိသော်လည်း မိမိ လွဲမှားသောအရာကို အခိုင်အမာ ပြုလုပ်၍ ငြင်းခုံ၏။ ထိုအခါ ရပ်ရွာသားတို့က ခင်ဗျား သည်လောက်ငြင်းခုံသည်ကို အလုံးစုံ မှန်–မမှန် ကောန်မှတ်သားရအောင် ဆရာတော်ဘုရား အထံသို့ သွား၍ လျှောက်ထားရအောင်ဟု စာပြောဆရာကို ခေါ်၍ ဆရာတော်ထံသို့ သွားကြသည်။

ရပ်ရွာသားတို့က အရှင်ဘုရား... ဤစာပြောဆရာသည် မင်္ဂလာတရားတော်၌ "ပုတ္တဒါရဿ သင်္ဂဟော" ဟူသော ပါဠိ၏အရ အဓိပ္ပာယတ္ထလို ဟောကြားသည်မှာ သားမယားတို့အား ပစ္စည်းဥစ္စာ, ရတနာရွှေငွေ, ဆန်ရေစပါး,

www.burmeseclassic.com



ကျွဲ, နွား, ဆင်, မြင်းတို့ဖြင့် ထောက်ပံ့ခြင်းကို မပြုအပ်။ မြတ်သောတရားကို ဟောကြားပြသ ဆုံးမခြင်းဟူသော အထောက်အပံ့ဖြင့်သာ ချီးမြှောက်ထောက်ပံ့ ရမည်ဟု အတည်ပြောကြားလျက် နေပါသည်။ ထိုစာပြောဆရာ ဟောသောတရားကို မှားသည်–မှန်သည် အတည်တကျ မှတ်သားရအောင် ဖြေကြားတော်မူပါမည့် အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားသည်။

သင်္ဂဇာ ဆရာတော်ဘုရားက မိန့်ကြားစစ်ဆေးတော်မူသည်မှာ စာပြောဆရာ သင်သည် ဤကဲ့သို့ အလွဲလွဲအမှားမှား ဟောကြားပြောဆိုမိပေသလောဟု မေးတော်မူရာ စာပြောဆရာက မှန်ပါ၊ ဟောတော့ ဟောမိပါသည်။ ဆရာတော်ဘုရားက မမှန်ဘူးဆိုလျှင် နောက်ကို မဟောဝံ့ကြောင်းပါဘုရားဟု လျှောက်ထား၏။ ထိုအခါ ဆရာတော်က ပြုံးလျက် မိန့်တော်မူသည်မှာ စာပြောဆရာကလည်း "ညောင်ဦးမြို့ အနီးက ကူးတို့သူကြီး မောင်မဲလို လျှော့တော့လည်း အမြန်သား"ဟု မိန့်တော်မူ၏။ ထိုအခါ ဒါယကာအများတို့က ကူးတို့သမား၏ အကြောင်းခံကို လင်းပြန်တော်မူပါဘုရားဟု လျှောက်ထားတောင်းပန်လေသော် ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ အထက်အညာ ရေဝတီမြစ်ကမ်းနဖူး ညောင်ဦးမြို့အနီး၌ ကူးတို့သူကြီး မောင်မဲဆိုသောသူသည် လူလာလူသွား ခရီးသည်များကို အခအစား ငွေပေးက လှေကလေးနှင့် ကူးပို့၏။ တစ်နေ့သောအခါ လင်းပိုးလင်းပင်ရှာက ဒါယကာတစ်ယောက်သည် အနောက်ဘက် ကမ်းနဖူးမှ ညောင်ဦးသို့သွားလို၍ အကို ကျွန်တော့်ကိုပို့ပါ ကူးတို့ခ အဘယ်မျှလောက် ပေးရမည်နည်းဟု မေးရာ မောင်ရယ် စီးလိုစီး မစီးလိုနေ ငွေတစ်ဆယ့်ငါးကျပ်ရမှ ပို့နေကျဖြစ်ပါသည်ဟု ဆိုလျှင် အကို များလှပါတကား အလွန်ပင် ဆိုထားသည်ဟု ပြောကြားသော် ကူးတို့သူကြီး မောင်မဲက ကဲကဲ ခုပြောတာ များခဲ့လျှင် နှစ်ပြားသာ ပေးပေတော့ဟု ဈေးအလျှော့ တယ်မြန်သတဲ့ကွဲ့။ ဤအတူ ယခု စာပြောဆရာမှာလည်း အစကတော့ အဓမ္မစကား အများတို့နှင့် အဟုတ်ငြင်းပြီး ယခုတော့ ဆရာတော်ဘုရားက မှားသည်မှန်သည်ဟု မပြောသေးဘဲနှင့် ဈေးလျှော့တဲ့ ကူးတို့သူကြီး မောင်မဲလို လျှော့တော့လည်း အမြန်သားပါကလားဟု ပြောကြား မိန့်ဆိုတော်မူသောအခါ များစွာသော ပရိသတ်တို့သည် မပြတ်မလပ် ရယ်မောကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၂၆–ဝယ်လိုက်ကြရှင် ခေါင်းပေါ်မှာအသာတင်ခဲ့ နှမ်းဖတ်ချဉ်ရွှေမိန္ဒူးယယ် နန်းသူ့မျက်ချေးဟူသော သီချင်းစကားဖြင့် မော်လမြိုင်သား တပည့်ဒါယကာတို့၏ အဘိယာစကစာတွင် ရွှေပါတိုင်းမသင့်ဟု လှစ်ဖွင့်မိန့်တော်မူခြင်း

ဒက္ခိဏ မွှာ လင်္ကာရ ကဝိဇ မဟာဓမ္မရာဇာဓိရာဇဂုရု သွန်းပြုခတ်နိပ် တံဆိပ်နာမံ အဘိရှိသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် တနင်္သာရီ ခွန်ဆီခရိုင် မော်လမြိုင်မြို့သားတို့ လျှောက်ထားချက်အရ ပဉ္စာသမဏ အပေါင်းအဖော် ရဟန်းတော် အသီးသီးခြံရံလျက် ကျိုက်လလ္လာဘုရားအနီး မန်ကျည်းတောကျောင်း တိုက်၌ နှစ်မြိုက်မွေ့လျော် သီတင်းသုံးနေတော်မူသည်။

ထိုအခါ ဒါယကာအများတို့သည် "ဒေသတု ဘန္တေ ဘဂဝါ" မဟာဝါပါဠိ လာရှိသောထုံးစံဖြင့် သဟမ္ပတိဗြဟ္မာမင်းသည် တောင်းပန်ခြင်းကို အတည်ပြုလျက် ဂရုဂါရဝ သက္ကစ္စဖြစ်လေအောင် ကြဲဆောင်ပြီးသော် ဆရာတော်ဘုရားအား တရားဟော တောင်းပန်ရန် အဘိယာစက စာတမ်းကို အဆန်းတကြယ် တင့်တယ် ကောင်းမွန်စွာရေး၍ စည်းဝေးလာရောက်သော ပရိသတ်တွင် ရွတ်ဖတ်တောင်းပန် သောစကားမှာ... မင်္ဂလာကျက်သရေ၊ တက်ဖြိုးဝေသား၊ မြူတေရောင်ရွှန်း၊ မြရည်သွန်းသည်၊ ညောင်နန်းဗုဒ္ဓဟော၊ ပလ္လင်ဗွေ၌၊ ပရမေထွတ်ဘုန်း၊ မာရ်ကိုမှုန်း၍၊ ဖျက်ဖြုန်းသောအခါ၊ ရွှေသမ္ဘာကြောင့်၊ ဒေဝါရဲမက်၊ ရွှေတပ်ပျက်၍၊ ဂရက် ရေကြော၊ နစ်ကြမျောသော်၊ ဤသို့အစရှိသော အဘိယာစက တောင်းပန်စာကို ရွတ်ဖတ်၍ ဆုံးသောအခါ ဆရာတော်ဘုရားက မင်းတို့ ယခု ရွတ်ဖတ်သော အဘိစက စာတမ်းလျှောက်လွှာ၌ "ရွှေသမ္ဘာကြောင့်၊ ဒေဝါရဲမက် ရွှေတပ်ပျက်၍" ဟု ဆိုရာတွင် ရွှေသမ္ဘာ၌ကား ရွှေနှင့်ရေးသော် သင့်တန်ရာ၏။ ရွှေတပ်ပျက်၍ဟု ဆိုရာ၌ကား ရွှေနှင့်ရေးခြင်းဟု မသင့် အခွင့်အရာကိုကြည့်၍ သုံးစွဲရာသည်။ စာရေးစာစီ အမှုမှာလည်း ရတု, ကဗျာ, လင်္ကာ, ဧချင်း, မော်ကွန်းများစွာ ကျောက်စာသံပိုင်း ရေးထုံးရေးနည်း သတ်နည်းသတ်ပုံ အလုံးစုံတို့ကို နားလည် သိကျွမ်းမှ ရေးစွမ်းနိုင်သော အရာဖြစ်သည်။

ထိုကြောင့် ရှေးစာရေးဆရာတို့သည် အစစ်အမေးတတ်၏၊ ဓမ္မသတ်ကို မကျွမ်း။ အစီအကုံးကောင်း၏၊ အကြောင်းမလျော်ဟု ဆိုရိုးပြုကြသည်။ ယခု မင်းတို့စာက ရှေးအခါက လူနှစ်ယောက်တို့သည် အတိုင်အဖောက် အငြင်းဖြစ် ကြသည်နှင့်တူ၏ဟု မိန့်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးသောအခါ ရွာတစ်ရွာတွင် ကဗျာရေး ဝါသနာပါသော လူနှစ်ဦးတို့သည် ရှိကြကုန်သတတ်။ တစ်နေ့သဌ် တစ်ယောက်သောသူက ဆိုသည်မှာ စာရေးသော အရာဌာနဟူသမျှ နန်းတော်က အသုံးအစွဲပါလျှင် ကဗျာကောင်းဆိုရမည်ဟုပြော သော် အဖော်ဖြစ်သော လူတစ်ဦးက မင်းစိတ်ကူးအလွန်ရိုင်းသည် နန်းပါတိုင်း ကောင်းသည်မဟူ၍ မမှတ်လင့်။ အခွင့်ကိုထောက်၍ တည်လောက်သောနေရာ၌သာ တည်ရမည်ဟုဆိုလျှင် ယခင် ပထမလူက နန်းသူနန်းသားတို့၏ အသုံးကို အလုံး စုံသော နေရာဌာနဟူသမျှတို့၌ ပါမှသာကောင်းသည်ဟုဆိုလျှင် အို…နန်းပါတိုင်း ကောင်းလျှင် စာဟောင်းတစ်ပုဒ်ကို ငါထုတ်၍ ရွတ်ပြမည်ဟု ဆိုပြီးလျှင်… **"ဝယ်လိုက်ကြရှင် ခေါင်းပေါ်မှာ၊ အသာတင်ခဲ့၊ နှမ်းဖတ်ချဉ် ရွှေမိန့်ငယ်၊ နန်းသူ့ မျက်ချေး"**ဟူသောစာကို ရွတ်၍ပြောလျက် ဟောသည်စာ ကောင်းသလားဟု ဆိုသတဲ့ ဒကာရဲ့။

ဤဥပမာကဲ့သို့ မင်းတို့စာမှာလည်း ရွှေပါတိုင်း မကောင်းဟု အကျိုးအကြောင်း နှင့်တကွ ပြောဆိုပြီးလျှင် မဂ်ဖိုလ် နိဗ္ဗာန်သို့ရောက်ရန် အခြေအနေ အထွေထွေ သော သမထဘာဝနာ, ဝိပဿနာ ကျင့်နည်းကျင့်လမ်း အခန်းခန်းတို့ကို ကျမ်းဂန် နှင့်အညီ ဆုံးမဟောကြားတော်မူလျှင် လူရှင်အများတို့သည် အားရနှစ်သက် ဝမ်း မြောက်ကြလေကုန်သတည်း။

---

## ၁၂၇။ ပထဝီစသော ဓာတ်လေးပါးတို့၏ ဖြစ်အင်ကို ပင်စင်အငြိမ်းစား တိုက်သူကြီးဦးဆိုင်၏ လျှောက်ချက်နှင့် နောက်တစ်သတ်မှတ်ရန် ဖြေဆိုတော်မူခြင်း

သာသနာပြု သုဓမ္မာအဝင် သင်္ဂဇာဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ မဟာတိဂုမ္ဘ စေတီတော်ကြီး၏ အနီးအနား ကြားတောရ၌ ခေတ္တသီတင်းသုံးနေ တော်မူသောအခါ အဏ္ဏဝါသိကအရင်း အတွင်းတပည့်ဖြစ်သူ စစ်ပင်စင်အငြိမ်းစား တိုက်သူကြီးဦးဆိုင်က ဆရာတော်ဘုရားအား ဤသို့ လျှောက်ထားမေးမြန်းသည်။ "အရှင်ဘုရား ပထဝီ, အာပေါ, တေဇော, ဝါယောဟူသော မဟာဘုတ် လေးပါး တို့သည် အညမည သဟဇာတ သုဒ္ဒဋ္ဌက ကလာပ်ဖြစ်၍ ဖြစ်ချုပ်အတူ အမူအရာ

www.burmeseclassic.com

www.burmeseclassic.com



သာလွန်ယုတ်လျော့ခြင်းမရှိ ဥပ္ပါဒ, ဌိတိ, ဘင်္ဂ၏ အစွမ်းအားဖြင့် အစဉ်မပြတ် လဒ္ဓပစ္စယအားလျော်စွာ ဖြစ်၍နေပါသည်။ အရေအတွက် ဂဏန်းသင်္ချာအားဖြင့်လည်း ၎င်းကလာပ်စည်း၌ ပထဝီက တစ်ခုသာသည်-လျော့သည်၊ အာပေါက တစ်ခုသာသည်-လျော့သည်မရှိပါ။ သို့ဖြစ်ပါလျက် အများထင်ရှား သုံးစားပြုလုပ်ကြသော လောကီဆေးကျမ်း ဓာတုကျမ်း စသည်တို့၌ ပထဝီအဓိက, ဦန၊ တေဇောအဓိက, ဦန၊ ပထဝီလွန်သည်, ယုတ်သည်၊ တေဇောလွန်သည်, ယုတ်သည်ဟု ရေးသားခေါ်ဝေါ် ပညတ်ကြသည်ကို ကျမ်းဂန်အရ ထောက်ဆဆင်ခြင်လျက် ထင်ထင်မြင်မြင် မိမိရရ မကျေနပ် ရှိပါသောကြောင့် ၎င်းအချက်တို့ကို အနက်အဓိပ္ပာယ်နှင့်တကွ သိလွယ် မှတ်သားပါရအောင် ဖြေကြားတော်မူပါဘုရားဟု လျှောက်ထား၏။

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... စစ်ပင်တိုက်သူကြီး မောင်ဆိုင်၊ မန္တလေး, ရန်ကုန်, ပုသိမ်, မြောင်းမြ လေးဌာန အရပ်ကြီးတို့၌ အသီးအသီး နေထိုင်ကြသော လေးဦးသော ကလျာဏမိတ္တ သန္ထဝအရင်းပေါင်းသင်းဆက်ဆံလျက် အတူမခွား ခရီးသွားကြရာ မန္တလေးမြို့သို့ရောက်လျှင် မန္တလေးမြို့သူ မြို့သားတို့က မန္တလေးသားကိုပင် စတင်နှုတ်ခွန်းဆက်ကြလိမ့်မည်။ ထိုအခါ ကျန်သုံးမြို့သားတို့က ကျွန်တော်တို့ကို နှုတ်ခွန်းမဆက်ဘဲ မန္တလေးမြို့သား တစ်ဦးတစ်ယောက်တည်းကိုသာ နှုတ်ခွန်းမဆက်ထိုက်ပါ။ အကြောင်းအားဖြင့် မန္တလေးမြို့သား၌လည်း ခန္ဓာငါးပါး၊ ကျွန်တော်တို့၌လည်း ခန္ဓာငါးပါး ထူးခြားကြသည် မဟုတ်ပါ။ အများတူညီကြပါသည်။ ရုပ်တူ-နာမ်တူ, ခန္ဓာတူ လူချင်းကို ဖောက်ထွင်းကျူးလွန် အထူးခွဲခြား၍ နှုတ်ခွန်းဆက်လှမ်း မေးမြန်းခြင်းကို မပြုမလုပ်ထိုက်ပါဟုဆိုလျှင် မန္တလေး မြို့သူမြို့သားတို့က ကျန်မြို့သား သုံးဦးထက် မန္တလေးမြို့သားက ရုပ်နာမ်ခန္ဓာအားဖြင့် ထူးခြားသာလွန်၍ နှုတ်ခွန်းဆက်ရသည် မဟုတ်ပါ။ ကျွန်တော်တို့နှင့်အတူ နေထိုင်ပေါင်းသင်းသော တစ်မြို့တည်းသားဖြစ်၍ နှုတ်ခွန်းဆက်သရပါသည်ဟု ဖြေဆိုပြန်ကြားဘိသကဲ့သို့ ထိုအတူ ခွဲစိတ်၍ မရစကောင်းသော အဝိနိဗ္ဘောဂရုပ် သုဒ္ဓဋ္ဌက ကလာပ်၌ ဓာတ်ခိုးဓာတ်ကင်း ပဓာနပြဋ္ဌာန်းရာကိုစွဲ၍ ခေါ်ဝေါ်ပြောဆို ပညတ်ကြသည်။ ဆတ်ဆတ် မှချအားဖြင့် လွန်သည် ယုတ်သည်ဟူ၍ မရှိမှတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ဖြေဆိုမိန့်ကြားတော်မူသောအခါ အန္တေဝါသိကအရင်း အတွင်းတပည့်ဖြစ်သူ စစ်ပင်အငြိမ်းစား တိုက်သူကြီး ဦးဆိုင်နှင့်တွ ပရိသတ်အများတို့က ဆရာတော်ဘုရား၏ ထူးခြားဝိသိဋ္ဌ, အတိသယ, စိန္တာမယဉာဏ် ထက်သန်သော ဂုဏ်ထူးကို ချီးကျူးငြိမ့်လေး ကောင်းချီးပေးကြလေကုန်သတည်း။

---

## ၁၂၈–အရညဝါသီ ခေါ်ဆိုခြင်း၏ အကြောင်းရပ်ကို ကောင်းမြတ်ထင်ရှားစွာ မိန့်ဆိုတော်မူခြင်း

သင်္ဂဇာဆရာတော်ဘုရားသည် ဖေယျာပူရ ဌာနညီ့မှိုင်း မြို့စစ်ကိုင်းမြောက်ချောက်မြောင်ဝင်္ဂဘာ အလွန်သာသော မဟာလောကမုန်ကင်းချောင်တွင် ပဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် ဖြင်ပည်းသဒ္ဓါ စေတနာဖြင့် ကောင်းစွာဆောက်လုပ် လှူဒါန်းအပ်သော ကျောင်း၌ ခိုအောင်းမှုတ အာရဒ္ဓဝီရိယ အထူးဖြင့် ဆည်းပူးအားထုတ်တော်မူစဉ်အခါ မိမိ၏တပည့်တပန်း ရဟန်းသာမဏေတို့ကို တော၌ ကျက်စား သွားလာနေထိုင် ယုန်သတ္တဝါကို ပမာပြု၍ ဆုံးမသြဝါဒစကားဖြင့် ဤသို့ဟောကြားတော်မူသည်။

“ငါ့ရှင်တို့ ယခု စစ်ကိုင်းတောင်ရိုး၌ ခိုကိုးမှီတင်း သီတင်းသုံးနေထိုင်ကြကုန်သော ပုဂ္ဂိုလ်ဟူသမျှတို့ကို အရညဝါသီ တောမှီပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုပညတ်ခြင်း အရင်းမူလကို ပြောပြလျှောက်ထားကြစမ်းဟု မေးမြန်းတော်မူရာ ကုလလေးတာငါးရာကွာဝေးသော တောအရပ်၌ ဣရိယာပထ မှျ–တ–နေထိုင်ကြသောကြောင့် အရညဝါသီ ပုဂ္ဂိုလ်ဟု ခေါ်ဆိုပညတ်ကြပါသည်ဘုရားဟု လျှောက်ထားကြသည်။

ဆရာတော်ကတစ်ဖန် ထပ်မံ မေးမြန်းတော်မူသည်မှာ... ငါ့ရှင်တို့ ကုလလေးတာ ငါးရာကွာသောအရပ်၌ နေကြ၍ အရညဝါသီ ပုဂ္ဂိုလ်ဟု ခေါ်ဆိုကြောင်း လျှောက်လျှင် ဤကျောင်းတိုက်၏ အနီးတွင် ခိုမှီးနေကြသော ယုန်စသော သတ္တဝါများတို့က အရှင်ဘုရားတို့ကဲ့သို့ တပည့်တော်တို့လည်း ကုလလေးတာငါးရာကွာသော တောအရပ်၌ မပြတ်ပျော်ရွှင်၍ အရညကင် ပုဂ္ဂိုလ်ဟု ခေါ်ဆိုထိုက်သည် မဟုတ်ပါလားဟု လျှောက်ထားခဲ့လျှင် ငါ့ရှင်တို့အများ ယုန်နှင့်ခြားအောင် စကားဘယ်သို့ဆိုမည်နည်းဟု မေးတော်မူရာ များစွာသော တပည့်ရဟန်းတို့က အကြောင်းလမ်းပြလို၍ ကထေတုကမျတာပုစ္ဆာဖြင့် မေးသည်ဟု မြော်တွေး

www.burmeseclassic.com



ကြံသီသဖြင့် တုဏှိဘာဝ ညွတ်ခဝပ်တွားလျက် စကားတုံ့မပြန်ဘဲ နေကြလေကုန်၏။ ထိုအခါ သင်္ဂဇာ ဆရာတော်ဘုရားက ငါ့ရှင်တို့ အရည့ဝါသီ တောမှီပုဂ္ဂလ သုညာဂါရ ပဝိဋ္ဌအဖြစ်ကို ဖွင့်လှစ်ဟောကြားတော်မူသော ဒေသက အရှင်ဘုရားသခင်အလိုမှာ ထိုထိုဤဤ ဗာဟိရက ကာမဝတ္ထု အစုစုအာရုံ ခုံခုံ မင်မင်ချစ်ခင်မြတ်နိုး အလိုဆိုးပါပိစ္ဆ ရှိခဲ့ကြလျှင် အရည့ပုဂ္ဂိုလ် ဆိုပင်ဆိုသော် လည်းထိုထိုများစွာ ယုန်စသော သတ္တဝါတို့ကဲ့သို့ပင် ရှိကြလိမ့်မည်ဟု ရည်သန်ပြီးလျှင် "သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော"ဟူသော ဒေသနာကိုရွှေကဗျာကျူးရင့် လှစ်ဖွင့်ဟောကြားတော်မူသည်။

ထို့ကြောင့် အရည့ဝါသီ တောမှီပုဂ္ဂိုလ်ဟူက လူမာတုဂါမ ဝိသဘာဂ အာရုံတွေ့ကြုံခြင်းနည်းပါး၍ တည်ကြည်သောစိတ်ထားနှင့် တရားကို နှလုံးသွင်းကြရမည် ငါ့ရှင်တို့။ ရှေးကာလက နိက္ခမရဟန်းကြီး တောနေသလို မလုပ်ကြနှင့်... ရှေးကဝုမှုပဇ္ဇဖွိတ ကြီးမှ ရဟန်းပြုသည့် နိက္ခမရှင်ကြီးတစ်ပါးသည် တပည့်သားမြေးမရှိ မိမိတစ်ကိုယ်တည်းဖြင့် တောကြီး၌ထွက်၍ သက်ကယ်မိုး ကျောင်းငယ်နှင့်မှီတွယ်သီတင်းသုံးရာ များစွာသော ဒါယကာ ဒါယိကာမတို့သည် သဒ္ဓါပသန္နဗလဝတရားဖြစ်ကြ၍ နှစ်သက်ချီးမွမ်းကြကုန်၏။

## ကွမ်းစားရင်းထိုင်နေစဉ်

ထိုရဟန်းကြီးသည် ဝါသနာအလိုက် တေးသီချင်းကြိုက်တတ်သဖြင့် လူလစ်လပ်သောအခါတို့၌ ဘာသာတိတ်တိတ် ကျောင်းပေါက်ကို ပိတ်ပြီးလျှင် စိတ်ရှိတိုင်း သီချင်းဆိုလေ့ရှိသတတ်။ တစ်နေ့သောအခါ ရွာတစ်ရွာမှ ဒါယကာတစ်ယောက်သည် နွားပျောက်၍ အရှာသွားသဖြင့် ကျောင်းနားသို့ရောက်လျှင်အရည့ကင် ဝှတင်အလေ့အကျင့် သိမ်မွေ့သော အရှင်ကောင်းတို့ ခိုအောင်းသောအရပ်သို့ ရောက်လာပါသည်တကား စကားတိတ်ဆိတ် ကျောင်းပေါက်ပိတ်လျက်နိဗ္ဗန္နဉာဏ်ဖြင့် သံသရာခရီးကွေ့က ငြီးငွေ့၍နေဟန်ရှိ၏ဟု နှလုံးသွင်းလျက်ကျောင်းတလင်းအောက်နားက ကွမ်းစားရင်း ထိုင်လေသတည်း။

ထိုအခါ နိက္ခမခင်ကြီးသည် တစ်ကိုယ်တည်းငါချည့် သူတစ်ပါးမရှိဟုပျင်းရိသည်အလျောက်ဖြင့် လက်ဖျောက်နှင့် စည်းချလျက် ခြေမကို ချက်နင်းပြီးလျှင် ခြေမဖြင့် ဝါးလိုက်ပြီး ဒုံးသီချင်းကို ဆိုသည်မှာ... **ဘာဘာတွဲညည်းညား**

www.burmeseclassic.com

www.burmeseclassic.com



**ကျူပ်မီးရှေ့ဝါ တိမ်ကိုထိုးမယ်၊ စိုးရိမ်လှပါ၊ သိကြားမင်းကြီးခင်ဗျာ၊ ကျူပ်မီးရှေ့ဝါ တိမ်ကဆင်းအောင်၊ နင်းချလိုက်ပါ...**

ဤကဲ့သို့ ဆိုသည်ကို နေခိုရင်းနားနေသော ဒါယကာကြားလျှင် လားလားမျှ မလျော် ဤအမှု မတော်လေးခြင်းဟု ကျောင်းပေါ်သို့ တက်သွား ခြေသံကိုကြားလျှင် တံခါးကိုဖွင့်ပေးလျက် မသိသေးဘူးအထင်နှင့် ယခုပင် လာသလား စသော အားဖြင့် စကားနှုတ်ဆက်၍ ရုတ်တရက် ပြောဆိုရာ ဒါယကာက မှန်ပါသည်ဘုရား အရှင်၏တောကျောင်းသို့ ရောက်လာတော့ များစွာနှလုံးညွတ်နူးလျက် အထူးအားထုတ်လိုသောစိတ်ထား နိဗ္ဗိန္ဒဖြစ်လာပါသည်ဘုရားဟု လျှောက်ထားပြောဆိုလျှင် ယခင် ရဟန်းကြီးက ဒါဖြင့်လျှင် ဒါယကာ ငါ့ကျောင်းသို့လာလော့၊ ငါနှင့်အတူ နေမည်ဟုဆိုသည်။

## နေတော့နေချင်ပါသည် သို့သော်

ဒါယကာက မှန်ပါ နေတော့နေချင်ပါ၏။ နေမည်ဟု နှလုံးသွင်းသော်လည်း အရှင်ကဲ့သို့ ဒုံးသီချင်းကို မဆိုတတ်၍ ခက်သည်ဟု ဆိုသတဲ့ ငါ့ရှင်တို့ရဲ့။

ထို့အတူ ယခု ငါ့ရှင်တို့မှာ အရညကင် ခိုဝင်မည်ဟု နှလုံးသွင်းလျက် ဒုံးသီချင်း ဆိုမနေကြနှင့် မိန့်တော်မူသောအခါ များစွာသော တပည့်ရဟန်းတို့သည် ရှင်လန်းရယ်မောကြလေကုန်သတည်း။

---

## ၁၂၉-ပျဉ်းမနားမြို့က အသင်းသားတို့ကို အငြင်းစကား ဆင်ခြင်ကြဖို့ ကရင်မ မိပိုးနှင့် ပုံထိုး၍ မိန့်တော်မူခြင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားကြီးသည် ဥတုသပ္ပါယ ညီမျှပြည့်စုံသော ပျဉ်းမနားအရပ်၌ ကပ်တော်မူလိုသဖြင့် ဘုရင်မင်းမြတ်ထံသို့ ကိုယ်တိုင်ကြွသွားလျက် မိန့်ကြားတော်မူသည်မှာ ဒကာတော်မင်းမြတ် ဆရာတော် ဥပမာတစ်ခု ပြောမယ်။ ဆန်ကောများပျက်လျှင် မည်သည့်အကွက်ကစ၍ ပျက်သနည်းဟုမေးလျှင် ပဌမသင်္ဂါယနာတင် မင်းတရားကြီးက အရှင်ဘုရား ဆန်ကောပျက်သောအခါ အနားကွပ်ကစ၍ ပျက်တတ်ပါသည်ဘုရားဟု လျှောက်၏။

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားက ကောင်းလှပြီ ဒကာတော်။ ဤ ယခု ပြောသော အလားကဲ့သို့ ပျဉ်းမနားအရပ်သည် နယ်စပ်ပယ်ခြား ကျောက်တိုင်တား

www.burmeseclassic.com



သဖြင့် ကုလားနယ်နှင့် နီးကပ်၍ မြတ်စွာဘုရား သာသနာတော်မြတ်ကြီးသည် ခရီးကောင်းကင် တိမ်မစင်သော လ–သဖွယ်ကဲ့သို့ တင့်တယ်စွာ ထွန်းပမည်မထင် သို့ဖြစ်၍ ဆရာတော်သွား၍ မြတ်စွာဘုရား သာသနာတော်ကို ပြုလိုကြောင်း နှင့် ခွင့်တောင်း၏။

ထိုအခါ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးက အရှင်ဘုရား တပည့်တော်မှာ အရှင်ဘုရား၏ အဆုံးအမ ဩဝါဒ ပဋိပတ်ကို မပြတ်မပြတ် ကြားနာမှတ်သားရ သဖြင့် အကျိုးများစွာ ရှိပါသည်။ ဆရာတော်ဘုရားနှင့် ဝေးကွာလျှင် ကောင်းစွာ ကြားနာရတော့မည် မဟုတ်ပါ။ သို့သော် ဆရာတော်ဘုရား ကြွတော် မူလိုလျှင် ကြွတော်မူပါ။ ပျဉ်းမနားမြို့သို့ရောက်လျှင် ဘူးပင်ဖရုံပင်ကဲ့သို့ ကျင့်တော် မူပါ၊ ကန်စွန်းပင်ကဲ့သို့ ကျင့်တော်မမူပါနှင့်ဘုရားဟု လျှောက်ထား၏။ "ရောက်ရာ မှာ အမြစ်မတွယ်ပါနှင့် ဆိုလိုသည်။"

## အမြစ်ကိုတော့ မခြောက်ပါစေချင်

ထိုအခါ ဆရာတော်ဘုရားက ကောင်းလှပြီ ဒကာတော် လျှောက်ထားသည့် အတိုင်း ဘူးပင် ဖရုံပင်ကဲ့သို့ ကျင့်ပါမည်။ သို့သော် နောက်ပိုင်းက အမြစ်ကိုတော့ ရေမခြောက်ပါစေနှင့်ဟု မိန့်လျှင် ဘုရင်မင်းတရားကြီးက ပြုံးရွှင်သောမျက်နှာ ထားနှင့် အရှင်ဘုရား ကြွသာကြွတော်မူပါ တိုက်တာ သံဃာများ တပည့်သားတို့ အတွက်မှာ စိတ်လက်ချတော်မူပါ ဒကာတော် ထောက်ပံ့စောင့်ရှောက်ပါမည်။ ဗူးညွန့်ကိုသာ မရှည်ပါစေနှင့်ဟု လျှောက်၏။

ဤကဲ့သို့ သင်္ဂဇာဆရာတော်ဘုရားသည် ပန်ကြားပြောပြီးလျှင် နောက်ပါ သံဃာတော် ခြောက်ကျိပ်ကျော်တို့နှင့်တကွ ရာဇဌာနီ မင်းနေပြည်ကြီးမှ ခရီး ဒေသစာ မင်္ဂလာအောင်ပန်း ဖြန့်မြန်းကွန့်နင်း၍ ပျဉ်းမနားမြို့သို့ ရောက်တော်မူသော အခါ အရှည်ဝါမြိုင် ခံ့ခိုင်တောကျောင်း သာဘိတောင်း၌ ခိုအောင်းဝါကပ်၍ အရပ် ရပ်သော ရဟန်းရှင်လူ ပြည်သူသတ္တဝါ ဒါယကာ ဒါယိကာမတို့ကို ဆုံးမဟော ကြားတော်မူလေသတည်း။

ထိုအခါ ပျဉ်းမနားမြို့က အချို့သောလူ ဗဟုသုတ နည်းပါးသူတို့က ဘုရား ရဟန္တာတို့မှာ စိတ်စေတသိက်မရှိ၊ အကယ်၍ ရှိခဲ့လျှင် ပုထုဇဉ်တို့နှင့် အာရုံခံစား ခြင်း ခြားနားကြတော့မည်မဟုတ်ဟု အားထုတ်မာန်တင်း အသင်းဖွဲ့စည်းလျက် အသင်းကြီးတစ်ခုပြု၍ နေကြကုန်၏။ စိတ်စေတသိက်ကားရှိ၏ ငြိတွယ်သော

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ခံစားခြင်းမရှိဟု ပကတိလမ်းမှန် ကျမ်းဂန်ကျန် ယထာဘူတ ဓမ္မဝါဒီ အသင်းသားတို့က အဓမ္မဝါဒီအသင်းသားများလောက် အာဘောင်အာရင်းမသန် အည့်ခံ၍သာ နေကြရကုန်သတတ်။

အခါတစ်ပါး နှစ်ဖက်သော အသင်းသားတို့သည် ဆရာတော်ဘုရားအထံသို့ ကပ်၍ လျှောက်ပတ်သင့်တင့်စွာ ခစားလျက် နှစ်ပက္ခသား အစုအညီတွင် ဓမ္မဝါဒီအသင်းသားတို့က အရှင်ဘုရား... တပည့်တော်တို့ ပျဉ်းမနားမြို့မှာ အချို့သောသူတို့က ဘုရားရဟန္တာတို့မှာ စိတ်စေတသိက် မရှိဟု ယူကြပါသည်။ တပည့်တော်များက ဘုရားရဟန္တာတို့မှာ စိတ်စေတသိက်ကား ရှိ၏။ ယင်းသို့ပင် ရှိသော်လည်း ငြိတွယ်သောအားဖြင့် အာရုံကို ခံစားခြင်းမရှိဟု ယူပါသည်။ ဤကဲ့သို့ မဟုတ်မလျား ပြောကြားငြင်းခုံကြပါလျှင် ဗုဒ္ဓသာသနာ၌ များစွာနစ်နာဖို့ ဖြစ်ပါသည် ဘုရားဟု လျှောက်ကြားကြ၏။

ထိုအခါ အဓမ္မဝါဒီအသင်းသားတို့က "စက္ခုဝိညာဏေန သံဝါသံ ရာဂပုတ္တံ ဝိဇာယတိ၊ အာရမ္မဏံ စိန္တေတိ" တွေပါတွေနှင့် အပွေသားထပြီးလျှင် ဉာဏ်ရှိသမျှ လျှောက်ကြလေကုန်၏။

ထိုအခါ ဆရာတော်က အင်း ငါလည်း စိတ်စေတသိက်မရှိဟု ဆိုသောဝါဒကို သဘောကျသည်။ ဘုရားရဟန္တာတို့မှာ မင်းတို့ပြောသည့်အတိုင်း စိတ်စေတသိက် မရှိ, စကားလည်းမပြော, တရားလည်းမဟော, ဆွမ်းလည်းမစား, ကျင်ကြီးကျင်ငယ်လည်း မသွားဟု မိန့်တော်မူ၏။

## အသက်မရှိသောဘုရား

ထိုအခါ ဓမ္မဝါဒီ အသင်းသားများက ယခု ဆရာတော်ဘုရားကြီး စကားအရကို ထောက်ဆဆင်ခြင်သော် ယခင်က စိတ်စေတသိက်မရှိဟူသော အဓမ္မဝါဒီ အသင်းသားတို့၏ ဘုရားထက်ပင် ဆိုးနေပြီတကားဟု လျှောက်၏။ ထိုအခါ ဆရာတော်က အဘယ်ကြောင့် ဆိုးရမလဲကွဲ့၊ သူတို့ပြောသည့်ဘုရားက အသက်ရှိသောဘုရားမှ မဟုတ်ဘဲ၊ ကျောက်ဆင်းတုကို ပြောတာကွဲ့ဟု မိန့်တော်မူသောအခါ များစွာသော ပရိသတ်တို့သည် ပွဲတင်ထပ်မျှ ရယ်မောကြလေကုန်သတည်း။

ဤကဲ့သို့ ရယ်မောကြသောအဆုံးတွင် အားလုံးတို့ မှတ်သားရန် လင်းပြန်မိန့်ကြားတော်မူသည်မှာ...

www.burmeseclassic.com

www.burmeseclassic.com



ဒါယကာတို့ ငါ၏ ဥစ္စာဟု စွဲလမ်းတတ်သော တရားမျိုးတို့သည် တဏှာဂါဟ, ဒိဋ္ဌိဂါဟ၊ မာနဂါဟ ဟူ၍ သုံးမျိုးရှိသည်။ ထိုသုံးပါးတို့တွင် တေဘူမကတရားတို့ကို စွဲယူတတ်သော တဏှာသည် 'တဏှာဂါဟ'မည်၏၊ ဤတေဘူမကတရားတို့၌ သင်္ခါရ ဘဋ္ဌမေမ္ဘ အနေနှင့်မရှုဘဲ အစိုင်အခဲ အပေါင်းအစုပြု၍ အတ္တ, အတ္တနိယ အနေနှင့် စွဲယူခြင်းသည် 'ဒိဋ္ဌိဂါဟ, မည်၏။ မိမိကိုယ်ကို သူတစ်ပါးအောက် မကျစေမူ၍ ငါတတ်သည်, ငါမြတ်သည် စသည်ဖြင့် စွဲယူခြင်းသည် 'မာနဂါဟ' မည်၏။

ထိုဂါဟသုံးမျိုးတွင် အငယ်ဆုံး သောတာပန်အဖြစ်သို့ ရောက်လျှင်ပင် ဒိဋ္ဌိဂါဟသည် အမြစ်ပါပြုတ်၍ကျလေတော့၏၊ သို့ဖြစ်၍ သောတာပန် ပုဂ္ဂိုလ်အဖြစ်သို့ရောက်လျှင် အနတ္တကို အတ္တဟု မရှုပြီ။

ထို့ကြောင့် ဇေကုတ္တရပါဠိတော် အဋ္ဌာနဝဂ်၌–

"အဋ္ဌာနမေတံ အနဝကာသော ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော ကိဉ္စိ ဓမ္မံ အတ္တတော သမနုပဿေယျ နေတံ ဌာနံ ဝိဇ္ဇတိ။

ဟူ၍ ဟောတော်မူသည်။

ယံ–ယေန ကာရဏေန၊ အကြင်ကြောင့်။ ဒိဋ္ဌိသမ္ပန္နော၊ သောတာပတ္တိဉာဏ်အမြင်နှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ သောတာပန် ပုဂ္ဂိုလ်သည်။ ကိဉ္စိဓမ္မံ၊ တစ်စုံတစ်ခုသော တေဘူမကတရားကို။ အတ္တတော၊ အတ္တအနေအားဖြင့်။ သမနုပဿေယျ၊ ရှုရာ၏။ တေံ ဌာနံ၊ ထိုအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။

ဤသို့ လာရှိရကား သောတာပန်ပုဂ္ဂိုလ်သည် အနတ္တကို အတ္တဟူ၍ မရှု၊ ဒုက္ခကိုကား သုခဟူ၍ ရှုသေး၏၊ ထို့ကြောင့် ခုနစ်နှစ်အရွယ်က သောတာပန်ဖြစ်သော ဝိသာခါစသော သူတို့သည် လင်သား အိုးအိမ်ယူ၍ ကာမဂုဏ် ငါးပါးကို အမြိန်သားခံစံလျက် ရှိကြသေး၏။

တဏှာဂါဟသည် ကာမရာဂတဏှာ, ရူပရာဂတဏှာ–ဟူ၍ နှစ်မျိုးရှိ၏။ ကာမရာဂတဏှာသည် အနာဂါမ်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်လျှင် အမြစ်ပါပြုတ်၍ကျတော့၏။ သို့ဖြစ်၍ အနာဂါမ်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်လျှင် ၎င်းကာမရာဂ မရှိသည့်အတွက် ရှစ်ပါးသီလ အမြဲတည်လေတော့၏။ ရူပရာဂမှုကား ၎င်းပုဂ္ဂိုလ်တိုင်အောင်ပင် တည်ရှိသေး၏။

မာနဂါဟသည် အယာထာဝမာနဂါဟ, ယာထာဝမာနဂါဟ ဟူ၍ နှစ်မျိုးရှိသည်။ မဟုတ်မမှန်တတ်သော မာန်မျိုးသည် အယာထာဝမာန မည်၏။ ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



မှန်တိုင်း တက်သောမာနသည် ယာထာဝမာနမည်၏။ ထိုတွင် အယာထာဝမာန မျိုးသည် သောတာပတ္တိမဂ်သို့ရောက်လျှင် အမြစ်ပါပြုတ်၍ ကျလေတော့၏။ ဟုတ်မှန်တိုင်း တက်သော ယာထာဝမာန်မျိုးသည် အနာဂါမ်တိုင်အောင် တည်ရှိသေး၏။ ထို့ကြောင့် ဘုရားရှင် လက်ထက်တော်က အနာဂါမ်တည်ပြီးသော အရှင်ခေမက မထေရ်သည်...

"အပိ စ မေ အာဝုသော ပဉ္စသု ဥပါဒါနက္ခန္ဓေသု အသ္မီတိ အဓိဂတံ အယမဟာသ္မီတိ စ န သမနုပဿာမိ။"

ဟု အရှင်ဒါသက မထေရ်အား ပြောဟော၏။

အာဝုသော၊ ငါ့ရှင်ဒါသက။ အပိ စ၊ စင်စစ်သော်ကား။ မေ၊ ငါ့အား။ ပဉ္စသု ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါနက္ခန္ဓာငါးပါးတို့၌။ အသ္မီတိ၊ ငါဟူ၍။ အဓိဂတံ၊ ယာထာဝမာနဂါဟ-ကိုကား ရအပ်သေး၏။ အယံ၊ ဤခန္ဓာငါးပါးသည်။ အဟံ၊ ငါကောင်သည်။ အသ္မိ၊ ဖြစ်၏။ ဣတိ စ-ဣတိ ပန၊ ဤသို့ ဒိဋ္ဌိဂါဟအားဖြင့်ကား။ န သမနုပဿာမိ၊ မရှုတော့ပြီ။

ရဟန္တာအဖြစ်သို့ ရောက်မှုကား ၎င်းဂါဟ သုံးမျိုးတို့သည် အမြစ်ပါပြုတ်ကျလေတော့၏။ တစ်စုံတစ်ခုသော တေဘုမ္မကတရားကိုမျှ စွဲလမ်းသောအားဖြင့် အတ္တ, အတ္တနိယ-အနေနှင့် မရှုတော့ပြီ။ သို့ဖြစ်ခဲ့လျှင် ရဟန္တာပုဂ္ဂိုလ်များသည် ငါ့သပိတ်, ငါ့သင်္ကန်း စသည်ဖြင့် အတ္တ, အတ္တနိယ-အနေနှင့် ငါတစ်လုံးကို အသုံးပြုသေးသည် မဟုတ်လော ဟုဆိုငြားအံ့၊ ကိုက်ခဲ စွဲလမ်းသောအားဖြင့် စွဲလမ်း သည်မဟုတ်ပါ။ တစ်ပါးသူတို့နှင့် မဆန့်ကျင်အောင် ဝေါဟာရ၌ လိမ္မာတော်မူသောအားဖြင့်သာ သုံးစွဲတော်မူကြသည်။ အကယ်၍ ခန္ဓာငါးပါး သပိတ်, ခန္ဓာငါးပါးသင်္ကန်းဟု သုံးစွဲခဲ့လျှင် တစ်ဦးနှင့်တစ်ဦး ထူးခြားကြတော့မည်မဟုတ်၊ တေဘုမ္မကတရားတို့ကို အာရုံပြုငြားသော်လည်း ငြီတွယ်သောအားဖြင့် အာရုံပြုသည်မဟုတ်၊ အာရုံပြုကာမျှသာ ဖြစ်တော့၏။ ဤကဲ့သို့ မှတ်ယူကြရမည်။

ယခု မင်းတို့ ဘုရားကိုးကွယ်တာက "ကရင်မ မိပိုး နတ်ကိုးကွယ်သည်နှင့် တူသည်"ဟု မိန့်တော်မူ၏။ ထိုအခါ ဓမ္မဝါဒီဒါယကာများက ဥပမာစကား အဓိပ္ပာယ်ကို နားလည်အောင် ဟောကြားတော်မူပါဘုရားဟု လျှောက်ထားကာလ ဤသို့ မိန့်ဟောတော်မူသည်။

လူအများတို့ နတ်ကိုးကွယ်ကြသည်မှာ နတ်ရုပ်ကို စိတ်၌ အတုမျှသာပြု၍ ဘုမ္မစိုး, အာကာသစိုး, နတ်တို့ကိုသာ ကိုးကွယ်ကြသည်။ ကရင်မ မိပိုးမှာကား

www.burmeseclassic.com

www.burmeseclassic.com



သောအရေးကို သူဌေးကြီးသိရသဖြင့် မိမိမှာလည်း သားသမီးမရှိသည်နှင့် ပြည့်ဝနင်၏ ကိုယ်ဝန်ကို ကောင်းမွန်စွာ စောင့်ရှောက်လော့၊ ဖွားမြောက်သန့်စင် မျက်နှာမြင်က အစဉ်ကြည့်ရှုမည်ဟု နှုတ်ပိတ်၍ တိတ်တဆိတ်နေလေ၏။ နောက် ငါးလ, ခြောက်လ ရှိသော် သူဌေးကတော်ကြီးနှင့်တကွ မြင်သမျှ လူအပေါင်းတို့သည် ၎င်းပြည့်ဝတွင် လင်မရှိဘဲလျက် ကိုယ်ဝန်ဆောင်သည် တောင်ပြင်သူဌေးကြီးနှင့် ဖြစ်မည်ဟု ကြံစည်အောက်မေ့ကြကုန်၏။

## ကလေးမဟုတ်၊ အညစ်အကြေး

နောက် နေ့ရက်စေ့၍ ဖွားမြင်ခါနီးလျှင် သူဌေးကြီးက ကြိုတင်လျက် မိသုလင်, ယင်းပျား, နနွင်း, ဆားတို့ကို သူတစ်ပါးတို့ မသိအောင် ကြံဆောင် စုဆောင်း၍ ကောင်းမွန်စွာ အခန့်သင့်ထား၏။ နောက်များမကြာခင် ညဉ့်အခါတွင် ဖွားမြင်မည်ရှိရာ သူတကာသိက ခက်ချေမည်၊ လက်သည်မခေါ် ငါစောင့်ရှောက်မှတော်မည်ဟု ကြံစည်မြော်တွေးလျက် သူဌေးကြီးအပါးက စောင့်စားသောအခိုက် ဝမ်း၌ရှိသော အညစ်အကြေးတို့သည် စုဝေးမကွဲ အဆိုင်အခဲဖြစ်၍ ကျလာသည်ကို အားရဝမ်းသာဖြင့် ဗျာကရာ သူဌေးက ရေဆေး၍အကြည့်တွင် တရိရိ သေးငယ်လျှင် အင့်ဟင် ပြည့်ဝရဲ့ ဟန်မရပါတကား–နင်ဖွားသည့်ကလေးက ဆေးလေသေးလေပါကလား ဟု မီးထွန်း၍ကြည့်သောအခါ ကလေးမဟုတ် အညစ်အကြေးတုံးကြီး ဖြစ်၍နေသတဲ့ကွဲ့။

ယခု မောင်ဝိသုဒ္ဓမှာလည်း ကြပ်ကြပ်စစ်ဆေး၍ အဆုံးကျတော့ အညစ်အကြေးတုံးကြီး ဖြစ်နေပါတကားဟု မိန့်တော်မူသောအခါ များစွာသော သံဃာတို့သည် အထပ်ထပ် ရယ်မောကြလေကုန်သတည်း၊

---

## ၁၃၁–ဗောဓိမဏ္ဍိုင်လက်ာနည်းကို ကရင်ဆရာကြီးအယူလွဲသလို မောင်မဲအား အရှုံးသာပေးလိုက်ချင်တော့သည်ဟူသော စကားရပ်ဖြင့် အများမှတ်လောက်အောင် မိန့်ကြားတော်မူခြင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားသည် ပျဉ်းမနားမြို့ တောကျောင်း၌ ခိုအောင်း သီတင်းသုံးတော်မူသောအခါ ပျဉ်းမနားမြို့သား မောင်မဲဆိုသော ဒါယကာ တစ်ဦးသည် အထူးအားဖြင့် ဤသို့ လျှောက်ထားသည်မှာ...

www.burmeseclassic.com

www.burmeseclassic.com



## ဘဝမြုံရာ ပြည်ခေမာ

အရှင်ဘုရား "ဘေဒါသာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟနိဿင္ဒံ" သင်္ဂြိုဟ်ပါဠ်အရ နိဗ္ဗာန်သည် တစ်ဆယ့်တစ်ပါးသော အပြားမရှိသောကြောင့် ခန္ဓာဟူသော အရေအတွက်မှ လွတ်သည်ဟု ပါပါသည်။ သို့ဖြစ်၍ နိဗ္ဗာန်ဟူက ကိုယ်တွင်း၌ ရအပ်သော အဇ္ဈတ္တိကတရားလည်း မဟုတ်, အပ၌ ရအပ်သော ဗဟိဒ္ဓတရားမျိုးလည်း မဟုတ်, အဝေး၌ ရအပ်သော ဒူရတရားမျိုးလည်းမဟုတ်, အနီး၌ရအပ်သော အာသန္နတရားမျိုးလည်းမဟုတ်, ယုတ်သော ဟီနတရားမျိုးလည်းမဟုတ်, မြတ်သော ပဏီတ တရားမျိုးလည်း မဟုတ်, ရုန့်ရင်းသော ဩဠာရိကတရားမျိုးလည်း မဟုတ်, သိမ်မွေ့သော သုခုမတရားမျိုးလည်း မဟုတ်, အတိတ်, အနာဂတ်, ပစ္စုပ္ပန်၌ ရအပ်သော အတီတာနာဂတ ပစ္စုပ္ပန္နတရားမျိုးလည်း မဟုတ်ဖြစ်၍ စင်စစ် ဘာမျှ မရအပ်သော အဘာဝတရားမျိုးဟု သဘောရပါသည်။ လင်္ကာများ၌လည်း "ဘဝမြုံရာ ပြည်ခေမာ"ဟု သေချာစွာ အစပ်ရှိပါသည်ဘုရားဟု လျှောက်ထား၏။

## ဗဟိဒ္ဓတရား

ထိုအခါ ဆရာတော်ဘုရားကြီးက အထူးထူးသော နည်းနာနယတို့ဖြင့် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးသာ အပြားမရှိသည်, အပြားမရှိလျှင် အလုံးရှိရသည်ဟူသော အဝုတ္တသိဒ္ဓိစကားမျိုးကဲ့သို့ ဗဟိဒ္ဓတစ်ပါးသာ ယူရမည်၊ သို့ဖြစ်၍ ဓမ္မသင်္ဂဏီပါဠိတော်ဝယ် အဇ္ဈတ္တာ ဓမ္မာ, ဗဟိဒ္ဓါဓမ္မာ, အဇ္ဈတ္တ ဗဟိဒ္ဓါဓမ္မာဟူသော မာတိကာ၏ နိဂ္ဂေပ၌ ဗဟိဒ္ဓါဓမ္မာဟူသော ပုဒ်တွင် နိဗ္ဗာန်ကိုထည့်၍ ဟောတော်မူသည်။

## ဘဝမြုံသည် စကား၏ အဓိပ္ပာယ်

ထို့အတူ ဒူရ, အာသန္နစသည်၏ အနက်လည်း ယူရမည်။ ဘဝမြုံရာ ပြည်ခေမာဟူသော စကား၌လည်း ဧကဝေါကာရစသော ဘဝကိုးပါးတို့၏ ဖြစ်ရာမဟုတ်၍ ဘဝမြုံသည်ဟု ဖြေဆိုတော်မူ၏။ ထိုအခါ လျှောက်သူမောင်မဲက မကျေနပ်နိုင်၍ ဘဝမြုံရာ ပြည်ခေမာဟူသော လင်္ကာကိုပင် ထပ်ကာထပ်ကာ များစွာတန်တန် အဖန်ဖန်ထပ်၍ လျှောက်၏။

ထိုအခါ ဆရာတော်က ဩော်... မောင်မဲနယ် လင်္ကာစပ်မလွဲဘူးကွဲ့၊ မောင်မဲက မယူတတ်၍ဖြစ်သည်။ မင့်ဟာက "ဗောဓိမဏ္ဍိုင် လင်္ကာနည်းကို ကရင်

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး အယူလွဲသလိုနေချေပြီ”ဟု မိန့်ကြားလျှင် အနီးအပါးတွင်ရှိ ဒါယကာ အပေါင်းတို့က တူကြောင်းကို မိန့်တော်မူပါဘုရားဟု လျှောက်ထားတောင်းပန်၍ ဤသို့ လင်းပြန်မိန့်ကြားတော်မူသည်။

## ဗောဓိဆိုသည်မှာ ကရင်လို သူကြီး

ဒါယကာတို့ လှိုင်းတက်မြို့နယ်တွင်းမှ မြင်းကုန်သည် ငါးယောက်တို့သည် ရှမ်းပြည်သို့ မြင်းဝယ်တက်သွားကြရာ ကရင်ရွာတစ်ခုသို့ရောက်လျှင် ကရင်ဆရာကြီး ဘိုးရွက်၏အိမ်တွင် တည်းခိုကြသည်။ ညအခါ၌ မြန်မာမြင်းကုန်သည် တစ်ဦးက အထူးပျင်းရိသည်နှင့်... “ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်သား၊ ချက်ရိုင်ပြည့်စုံ၊ နဝဂုဏ်သည့်၊ ဆန်စုန်အောက်ထက်၊ ကျော်ဝှန်းတက်သား” စသည်ဖြင့် ပါရမီခန်းလင်္ကာကို ရှည်စွာဆွဲငင်၍ရွတ်လျှင် ကရင်ဆရာကြီး ဘိုးရွက်က ထောက်သည်မှာ “ယောက်ဖ၊ ဟေ ယောက်ဖ–ယခု မင်းရွတ်သောစာသည် မြန်မာတို့ ရေးသောစာ မဟုတ်။ ငါတို့ကရင်စာ သက်သက်ဖြစ်သည်ဟုဆိုလျှင် ယခင် ရွတ်သူမြင်းကုန်သည်က ကရင်စာဖြစ်လျှင် စနစ်တကျ အဓိပ္ပာယ်ပြောစမ်းဟု ဆိုသည်တွင် ကရင်ဆရာကြီး ဘိုးရွက်က ပြောသည်မှာ “ဗောဓိ”ဆိုသည်ကား ကရင်များမှာ သူကြီးကို ဗောဓိဟူ၍ ခေါ်သည်၊ “မဏ္ဍိုင်”ဆိုသည်ကား အိမ်တန်းလျားတွင် အလယ်မဏ္ဍိုင် တည့်တည့်ကနေရသည်။ “ခန်းဝါပိုင်”ဆိုသည်ကား မင်းတို့ မြန်မာ မပီသသော ကြောင့်ဖြစ်သည်၊ ခန်းဝပိုင်ဟု ဆိုရမည်၊ အခန်းပေါက်ဝရှိ ကရင်အလုံးစုံလို အကုန်ပိုင်သည်ဟု ဆိုလိုသည်၊ “ချက်ရိုင်ပြည့်စုံ”ဟူသော စကားမှာလည်း ခရိုင်ပြည့်စုံ သူဟူ၍ ရွတ်ရမည်။ တို့ကရင်များမှာ ခရိုင်ပြည့်စုံမှ တောင်ဆင်းတောင်တက်သန် သည်။ ‘နဝဂုဏ်တည့်’ဟု မရွတ်ရ “နားဝကုန်တည်း”ဟု ရွတ်ရမည်။ တို့ကရင် များမှာ နားဖောက်သောအခါ နားဝကုန်အောင် ဖောက်ရသည်။ “ဆန်စုန် အောက်ထက်–ကျောဝန်တက်”ဟု ရွတ်ရမည်။ တို့ကရင်များမှာ မင်းတို့မြန်မာလို ပခုံးနှင့် ခေါင်းနှင့် ထမ်းရွက်သည်မဟုတ်၊ အစုန်အဆန်ခရီးသွားသောအခါ ကျောပေါ်မှာသာ ဝန်တက်သည်ဟု ဆိုသောအခါ မြန်မာမြင်းကုန်သည်က ပါရမီ ခန်းကို ရေးသားသော လင်္ကာပါဗျာ ကရင်စာ မဟုတ်ပါဘူးဟု အထူးပြောဆို သော်လည်း ကရင်ဆရာကြီး ဘိုးရွက်က စိုးတက်၍ အငြင်းပွားသောကြောင့် မြင်းသမား အရှုံးခံခဲ့ရသတဲ့ကွဲ.။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း မောင်မဲကို နှလုံးနာသောကြောင့် အရှုံးသာ ခံလိုက်ချင်တော့သည်ဟု မိန့်တော်မူသောအခါ များစွာသော ပရိသတ်အားလုံးတို့သည် တရှန်းရှန်း ရယ်မောကြလေကုန်သတည်း။

---

## ၁၃၂–သက်ပန်းဆရာတော် စကားအလိုက်ဖြင့် ဘုရားကြိုက်သော ထန်းလျက်ကို အဆန်းဖက်၍ မထေရ်ရှစ်ပါးတို့ ကျီစားတော်မူခြင်း

မန္တလေး ရတနာပုံ မြို့တည်နန်းသည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးဘုရား လက်ထက်တော်အခါတိုင်...

၁။ မေဓာဘိသိရီပရမ ကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော မန္တလာရာမတိုက် ပြည်ဆရာတော်ဘုရားကြီး၊

၂။ သုဓာတာဘိဓဇ ဓိပတိပဝရ မဟာဓမ္မရာဇာ ဓိရာဇဂုရုတံဆိပ်နာမံတော်ရှိသော အရှေ့မဇ္ဈာရာတိုက် မဇ္ဈာရာ ဆရာတော်ဘုရားကြီး၊

၃။ ပညာသာမိ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော မင်္ဂလာရာမတိုက် မောင်းထောင် ဆရာတော်ဘုရားကြီး၊

၄။ ဥဿျှဓမ္မာဘိဓဇ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော သက်ပန်းတိုက် သက်ပန်းဆရာတော်ဘုရားကြီး၊

၅။ ကလျာဏာဘိဓဇ ဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော အရှေ့စလင်းတိုက် စလင်းဆရာတော်ဘုရားကြီး

၆။ သုဒဿနဓဇ အတုလာဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော စံကျောင်းတိုက် စံကျောင်းဆရာတော်ဘုရားကြီး၊

၇။ အဂ္ဂဓမ္မာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော သင်္ဘောတိုက် သင်္ဘောဆရာတော်ဘုရားကြီး၊

၈။ နန္ဒာဘိဓဇဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော မဟာဝိသုတာရာမတိုက် ပုခန်းဆရာတော်ဘုရားကြီး၊ ဤဆရာတော် ရှစ်ပါးတို့သည် သုဓမ္မာဆရာတော်ဘုရားကြီးများ ဖြစ်တော်မူကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



### မြစ်ပြောက်ဘက်သား ပညာပိုတတ်

တစ်နေ့သ၌ သုဓမ္မာ အစည်းအဝေးတွင် သက်ပန်း ဆရာတော်ဘုရားကြီးက အမိန့်ရှိတော်မူသည်မှာ မြစ်ပြောက်ဘက်သားများသည် တစ်ပါးအရပ်သားတို့ထက် များသောအားဖြင့် ပညာရှိကြသည်။ ယခု မန္တလေးရတနာပုံ နေပြည်တော်မှာလည်း တံဆိပ်တော်ရ ကျမ်းတတ်ဂန်တတ် ဆရာတော်ကြီးများနှင့် ကျမ်းတတ် ဂန်တတ် လူပညာရှိ မှူးတော်မတ်တော်တို့သည် မြစ်ပြောက်ဘက်သားချည့် များကြသည်ဟု မိန့်တော်မူသည်။

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားကြီးက မှန်ပါ၊ မြစ်ပြောက်ဘက်နှင့် တောင်တက်ကို နှိုင်းစာလျှင် ပညာရှိအထွက်ချင်းမတူပါ၊ မြစ်ပြောက်ဘက်ကသာ ပညာရှိ ပိုထွက်ပါသည်။သဝိညာဏက အသက်ရှိသော လူမဆိုထားဘိ အဝိညာဏက အသက်မရှိသော ထန်းလျက်ကိုပင် မြစ်ပြောက်ဘက်က ထန်းလျက်များကိုသာ ဘုရားသာ၍ ကြိုက်တော်မူသည်ဟုဆိုရာ သက်ပန်းဆရာတော်က အဘယ့်ကြောင့် မြစ်ပြောက်ဘက်က ထန်းလျက်များကို ဘုရားသာ၍ ကြိုက်ပါသနည်းဟု မေးတော်မူ၏။

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားက မှန်ပါ မြစ်ပြောက်ဘက်က ထန်းလျက်မှာ မြစ်တောင်ဘက်က ထန်းလျက်ထက် တည်ခေါက်များသောကြောင့် အင်္ဂတေနှင့် ပန်းရသည့်အတွက် ဘုရားသာ၍ နှစ်သက်ပါသည်ဘုရားဟုဆိုလျှင် ထိုထို သုဓမ္မာ ဆရာတော်အများတို့သည် တဟားဟား ရယ်မောကြလေကုန်သတည်း။

---

### ၁၃၃–အလဇ္ဇီတို့ကို အပြစ်ပေးရာ၌ အညစ်အကြေးနှင့်တူသည်ဟူသော နည်းဖြင့် ဘုရားကြီး ဆရာတော်ဘုရားကို လျှောက်ထားတော်မူခြင်း

မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဌမသင်္ဂါယနာတင် မင်းတရားကြီးသည် အသီးသီးသော တံဆိပ်တော်ရ ဆရာတော်တို့နှင့် လျှောက်ထားတိုင်ပင်၍ နိုင်ငံတော်အတွင်း ကျေးတော ကျေးလက်၌ အလဇ္ဇီ, ဒုဿီလ ရဟန်းအရပ်ရပ် တို့အား ပဗ္ဗာဇနီယကံဖြင့် နှင်ထုတ်၍ သာသနာပြုရန် စီမံစေလွှတ်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



## မင်းတရားထံ စာသွင်းပုံ

ထိုအခါ တောင်တွင်း၌ သီတင်းသုံးသော ဆရာတော် ဦးနန္ဒက ကျေးတော ကျေးလက်တို့၌သာ အလဇ္ဇီ, ဒုဿီလ ရဟန်းဖြစ်ထွန်းပေါ်နိုင်ရာသလော။ မြို့တော် ၌ကား အလဇ္ဇီ, ဒုဿီလ ရဟန်းများ မဖြစ်ထွန်း မပေါ်ပေါက်ရာသလော။ ကျေးတော ကျေးလက်၌ရှိလျှင် မြို့တော်တွင်း၌လည်း ရှိရမည်သာ... ဟူသော စကားဖြင့် မင်းတရားထံ စာသွင်းလေသတည်း။

## အလဇ္ဇီကို နှင်ရန်

ထိုအခါ ပဋ္ဌမ သင်္ဂါယတနာတင် မင်းတရားကြီးသည် အသီးသီးသော တံဆိပ်တော်ရ ဆရာတော်တို့ကို နန်းတော်သို့ ပင့်ပြီးလျှင် မြို့တော် လေးပြင်လေး ရပ်၌ အလဇ္ဇီ, ဒုဿီလရဟန်းများကို တရားကျမ်းဂန်နှင့်ညီစွာ ပဗ္ဗာဇနီယကံဖြင့် နှင်ထုတ်၍ သာသနာပြုရန် အကြောင်းများကို လျှောက်ထားရာ ထိုအခါ မန္တလေး မြို့ တောင်ပြင် ဒက္ခိဏာရာမတိုက် ဘုရားကြီးဆရာတော်ဘုရားကြီးက ယခု အလဇ္ဇီ, ဒုဿီလ ရဟန်းတို့ကို ကျမ်းဂန်နှင့်ညီစွာ ပဗ္ဗာဇနီယကံဖြင့် နှင်ထုတ်ရန် တိုင်ပင်ကြသောအရာမှာ အလွန်တရာကောင်းသော အရာပင်ဖြစ်သည်။ သို့ရာတွင် ယခုရှိသော အလဇ္ဇီ, ဒုဿီလကို ပဗ္ဗာဇနီယကံဖြင့် နှင်ထုတ်၍ နောင်တစ်ဖန် အလဇ္ဇီ, ဒုဿီလ ပေါ်ပေါက်ပြန်လျှင် အဘယ်ကဲ့သို့ ပြုကြမည်နည်းဟု မိန့်တော် မူသည်။

ဆရာတော်အများတို့တွင် ဘုရားကြီး ဆရာတော်ဘုရားကြီး၏ စကားကို တစ်ပါးမှ တုံ့ပြန်ချေဆို လျှောက်ထားမည့်ပုဂ္ဂိုလ် မမြင်သောကြောင့် သင်္ဂဇာ ဆရာတော်ဘုရားက... "အရှင်ဘုရား 'ဧကော အလဇ္ဇီပိ အလဇ္ဇီသတံ ကရောတိ' လာရှိသည်နှင့်အညီ အလဇ္ဇီတစ်ယောက် ရှိပါက တစ်ရာသော အလဇ္ဇီကို ဖြစ်ပွား စေနိုင်သောကြောင့် အလဇ္ဇီ, ဒုဿီလတို့ကို ဆုံးမသုတ်သင်မှ သင့်လျော်ပါမည်၊ ဥပမာအားဖြင့် ဝစ္စကုဋိသို့ တက်သောအခါ အညစ်အကြေးကို တွေ့မြင်ရာ၌ ယခု ဆေးကြောသုတ်သင်သော်လည်း နောင်တစ်ဖန် အညစ်အကြေး လူးလဲဦး မည်ကို တွေးတောဆင်ခြင်၍ မသုတ်သင်ဘဲ နေခဲ့ပါလျှင် ဇင်းကုဋိကို ကြည့်ဝံ့ တက်ဝံ့စရာမရှိအောင် တစ်နေ့ထက်တစ်နေ့ ပုပ်သိုးနံစော်လျက် မလျော်ကံအောင် ရှိပါလိမ့်မည်။ ဤကဲ့သို့ တစ်နေ့ထက်တစ်နေ့ ဆိုး၍ ပုပ်သိုးမည်ကို မြင်သဖြင့် တစ်ဖန် ညစ်ကြေးဦးမည်ပင် ဖြစ်သော်လည်း ကော်မ၍ သုတ်သင်ရသကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



ယခုရှိသော အလဇ္ဇီ, ဒုဿီလတို့ကို မသုတ်သင်ပါက နောင်အစဉ်ပွားများလျက် မြတ်စွာဘုရား သာသနာ အားနည်းစရာ ရှိပါသည်ဘုရားဟု လျှောက်ထားသည်။

ဘုရားကြီး ဆရာတော်ဘုရားကြီးက အင်း–သင်္ဂဇာတို့ ပြောမှဖြင့် နားကြောက စိမ့်လာရသည်ဗျဟု မိန့်တော်မူလျှင် ဘုရင်မင်းတရားကြီးနှင့်တကွ ဆရာတော် အားလုံးတို့သည် ပြုံးတော်မူကြလေကုန်သတည်း။

---

## ၁၃၄–ဒါနကို အသိခက်မည်ကြောင့် ငါးပိချက်နှင့်ပမာထား၍ ဒါယကာများကို မိန့်ကြားဆုံးမတော်မူခြင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားကြီးသည် ပျဉ်းမနားမြို့ တောကျောင်း၌ ခိုအောင်း သီတင်းသုံးတော်မူသောအခါ အဓမ္မဝါဒီ အသင်းသားတို့က အရှင်ဘုရား… ဒါနချည့်သက်သက်ဖြင့် မဂ်ဖိုလ်ကို ရမည်မထင်ပါ။ ဝိသုဒ္ဓိခုနစ်ပါးတွင်လည်း သီလဝိသုဒ္ဓိကသာ ရှေးဦးစွာဆိုပါသည်။ ဒါနဝိသုဒ္ဓိဟူ၍ မရှိပါ။ ဝိသုဒ္ဓိမဂ်ကျမ်း နိဒါန်းတွင်လည်း "သီလေ ပတိဋ္ဌာယနရော"ဟူ၍သာ လာရှိသည်။"ဒါနေ ပတိဋ္ဌာယ နရော"ဟူ၍ မလာမရှိပါ။ ဒါနဟူက မဂ်ဖိုလ်ကို မရနိုင်ရုံမျှသာမဟုတ် မလီဗောစ ဆယ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်၍ မဂ်ဖိုလ်၏ အန္တရာယ်ပင် ဖြစ်မည်ထင်ပါသည် ဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားကြီးက ကျမ်းဂန်အရပ်ရပ် နိပါတ်အခန်းခန်း ဇာတ်လမ်းအဝဝတို့နှင့် ဖြေဆိုသော်လည်း ဝိပဿနာသံ, သင်္ခါရုပေက္ခာသံများနှင့် ပြန်လှန်ကာ လျှောက်ထားလျက် စကားမကျေမနပ် ရှိကြကုန်သတည်း။

### ခြင်ထောင်၌တည်၍ဟု ရှိသလား

ထိုအခါ ဆရာတော်ဘုရားက ဒါနများကို ကြမ်းသည်ထင်၍ မပြုကြပါလျှင် ဝိပဿနာဉာဏ်, သင်္ခါရုပေက္ခာဉာဏ်များကို အားထုတ်ကြပါ၏လောဟု မေးတော်မူရာ ဒါယကာတစ်ယောက်က ထ၍ မှန်ပါ–ဝိပဿနာကို အားထုတ်မည်ကို ထေးစွ၊ ဥပုသ်ကလေးကိုမျှ မှန်မှန်မစောင့်နိုင်သူ များပါသည်ဘုရားဟု လျှောက် ထားလေလျှင် သင်္ဂဇာဆရာတော်ဘုရားကြီးက အင်း…မင်းတို့မှာ အထက်၌အသံ ပေး၍ အောက်ရေးကလည်း မလုကြဘဲနှင့် အပြောရဲသည့်လူစုကိုးကွဲ့။ မင်းတို့ မူလကလျှောက်သည့်အတိုင်း ဒကာမ ဝိသုဒ္ဓိကကော စသလားကွဲ့။ ဝိသုဒ္ဓိမဂ်

www.burmeseclassic.com

www.burmeseclassic.com



နိဒါန်းတွင် "သီလေ ပတိဋ္ဌာယနရော"ဟုသာ ရှိ၍ "မာတုဂါမေ ပတိဋ္ဌာယ နရော" ဟူ၍လည်းကောင်း၊ မသကကုဋိမှိ-ခြင်ထောင်တွင်း၌၊ ပတိဋ္ဌာယ၊ တည်၍လည်းကောင်း ရှိသလားကွဲ့။ မင်းတို့ အသင်းကလည်း "ဒီပဲရင်းမြို့ ကျေးလက်က ငါးပိချက်ကြိုက်သော ကိုရင်ကြီး ဆွမ်းတော်တင်သလို" ကိုယ်လိုချင်ရာကို ချန်ပြောတဲ့လူစုကိုးကွဲ့ဟု မိန့်တော်မူသောအခါ ဒါယကာအများတို့က ပမာစကားကို မိန့်တော်မူပါဟု တောင်းပန်လျှောက်ထား၍ မိန့်ကြားတော်မူသည်မှာ-

ဒါယကာတို့ ဒီပဲရင်းမြို့ အဝင်အပါ တစ်ခုသော ရွာကျောင်းတွင် ခိုအောင်းနေထိုင်သော တောထွက် ကိုရင်ကြီးတစ်ပါးသည် အခြားဟင်းတို့ထက် ငါးပိချက်ကို သာလွန်၍ ကြိုက်တတ်သတည်း။ အခါတစ်ပါး ဒါယကာတို့သည် ရှစ်ပါးသီလပျော်မွေ့ သီတင်းနေ့ကြုံသောအခါတွင် ယခင် ကိုရင်ကြီးသည် အသီးသီးသော ဟင်းခွက်တို့၌ ဆွမ်းတော်တင်ရန် ဖွန်းနှင့်ခပ်ရာ ကြိုက်တတ်သော ငါးပိချက်ကို ချန်ထား၍ ကောက်သည်ကို လာရောက်သော ဒကာတို့မြင်သဖြင့် ကိုရင်ကြီးအဘယ်အတွက်ကြောင့် ငါးပိချက်ကိုချန်၍ ကောက်သနည်းဟု မေးကြသည်။

## နောက်ဘဝမှာ ငါးပိစော်နံမှာစိုးလို့

ကိုရင်ကြီးက အခြားကြောင့်မဟုတ် ကျွန်ုပ် ငါးပိချက်ကောက်က နောက်ဘဝ၌ ငါးပိစော်နံမှာစိုးသောကြောင့် ငါးပိချက်တစ်မျိုးကို ချန်၍ကောက်သည်ဟု ပြောသတဲ့ ဒကာတို့ရဲ့။ ဤအတူ မင်းတို့မှာလည်း ကာမဂုဏ်တစ်လုံးကိုတော့ အကြိုက်ဆုံးဖြစ်၍ ချန်ကောက်တာနှင့် တူပါရဲ့ဟု မိန့်တော်မူသောအခါ လာလာသမျှ ပရိသတ်တို့သည် ပွဲတင်ထပ်မျှ ရယ်မောကြလေကုန်၏။

## ဒါနသည် ပါရမီအားလုံး၏ ရေသောက်မြစ်

ထိုနောက် ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာတို့ ဒါနဟူသည်ကား အဆူဆူသော ဘုရားရှင်တို့၏ လက်မှန်အစ ပထမ အားထုတ်ရာ ရှေးဦးခေါင်းတည် ဖြစ်၏။ ဒါနဟူသည် ကြွင်းသော ပါရမီတို့၏ ပေါက်ဖွားဖြစ်ထွန်းရာ အခြေမူလ ထာဝရအစစ် ရေသောက်မြစ်သဖွယ် ဖြစ်၏။ ဝိသုဒ္ဓိခုနစ်ပါးတွင် သီလဝိသုဒ္ဓိက စသည်မှာ ဒါနမရှိဘဲနှင့် သီလဝိသုဒ္ဓိ စသည်ဖြစ်နိုင်သူကား လူတို့မှာ အလွန်နည်းပါး၏။ စားရန် ဝတ်ရန်ကိုမျှ ရှာကြံမရ မမျှတအောင် ရှိသောသူများသည် အဘယ်မှာ သီလဝိသုဒ္ဓိစသည် ဖြစ်နိုင်ကြတော့အံ့

www.burmeseclassic.com

www.burmeseclassic.com



နည်း။ ဒါနသည် မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်သည်ဟု လျှောက်ရာမှာလည်း ဝိသုဒ္ဓိမဂ်၌ မဂ်ဖိုလ်၏ အန္တရာယ်ကိုပြရာ...

အာဝါသော စ ကုလံ လာဘော၊ ဂဏော ကမ္မဥ္စ ပဥ္စမံ။
အဒ္ဓါနံ ဉာတိ အာဗာဓော၊ ဂန္ထော ဣဒ္ဓိတိ တေ ဒသ။

ဟု ပြဆိုအပ်သော ပလိဗောဓ ဆယ်ပါးတွင် ဒါနပြုခြင်းကို ပလိဗောဓဟု မဆို၊ လာဘ်လာဘ များခြင်းကိုသာ ပလိဗောဓဟု ဆိုသည်၊ ဤဆယ်ပါးတွင် အထွတ်အထိပ်ဖြစ်သော ပရိယတ်တရားကြီး ဈာန်တရားကြီးများကိုပင် ထည့်သွင်း၍ ထားသေးသည်။

ဒါနချည့် သက်သက်နှင့် နိဗ္ဗာန်သို့မရောက် ဟူရာမှာ... ရောက်ခြင်းသည် သုတ္တန်နည်းအားဖြင့် ရောက်ခြင်းတစ်မျိုး အဘိဓမ္မာနည်းအားဖြင့် ရောက်ခြင်း တစ်မျိုး ဤသို့ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတို့တွင် သုတ္တန်နည်းအားဖြင့် ရောက်ခြင်းကို ကျမ်းဂန်အရပ်ရပ် နိပါတ်အခန်းခန်း ဇာတ်လမ်းအဝဝတို့ဖြင့် သိအပ်သိသင့် လှကုန်ပြီ။ အဘိဓမ္မာနည်းအားဖြင့် ရောက်ခြင်းသည်လည်း အာရမ္မဏအားဖြင့် ရောက်ခြင်း၊ ဥပနိဿယအားဖြင့် ရောက်ခြင်း၊ ဇနကအားဖြင့်ရောက်ခြင်း၊ သဟဇာတအားဖြင့်ရောက်ခြင်း၊ သမ္ပယုတ္တအားဖြင့် ရောက်ခြင်း စသောအားဖြင့် ရောက်ခြင်း အမျိုးမျိုးရှိသည်တွင် ဒါန စေတနာသည် နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် မရောက်နိုင်ခြင်းကြောင့် အာရမ္မဏအားဖြင့် ရောက်ခြင်းမဟုတ်။ ဒါနစေတနာသည် နိဗ္ဗာန်ကို ဖြစ်ပေါ်စေတတ်သော တရားမျိုးမဟုတ်၍ ဇနကအားဖြင့် ရောက်ခြင်းလည်း မဟုတ်။ ဒါနစေတနာနှင့် နိဗ္ဗာန်သည် တကွဖြစ်သော တရားမျိုးမဟုတ်၍ သဟဇာတ သမ္ပယုတ္တအားဖြင့် ရောက်ခြင်းလည်းမဟုတ်၊ ဒါနစေတနာနှင့် နိဗ္ဗာန်သည် နာမက္ခန္ဓာချင်းမဟုတ်၍ အနန္တရအားဖြင့် ရောက်ခြင်းလည်းမဟုတ်၊ ဒါနစေတနာသည် နိဗ္ဗာန်သို့ ရောက်ခြင်း၏ အားကြီးသော အကြောင်းဖြစ်၍ ဥပနိဿယအားဖြင့် ရောက်ခြင်းဖြစ်၏။ ထို့ကြောင့် ဥပနိဿယခန်း၏ ပဋ္ဌာန်း ပဥ္စာဝါရ ပါဠိတော်၌ "ဒါနံ ဒတွာ၊ သီလံ သမာဒိယိတွာ။ ပ။ ဈာနံ နိဗ္ဗတ္တေတိ၊ မဂ္ဂံ နိဗ္ဗတ္တေတိ" စသည်ဖြင့် လာသည်။

ပဋ္ဌာန်းနည်းအားဖြင့် စိစစ်လိုက်လျှင် ဝိပဿနာ၏ အထွတ်အထိပ်ဖြစ်သော ဂေါတြဘူကုသိုလ်၊ ပစ္စဝေက္ခဏာဇော ကုသိုလ်မှ တစ်ပါး လောကီကုသိုလ်က နိဗ္ဗာန်သို့ ရောက်နိုင်သော ကုသိုလ်ဟူ၍ မရှိ။ ဒါနကုသိုလ်လည်း မရောက်နိုင်၊ သီလကုသိုလ်လည်း မရောက်နိုင်၊ တရုဏ ဝိပဿနာကုသိုလ်လည်း မရောက်

www.burmeseclassic.com



နိုင်၊ သခ်ါရုပေက္ခာဉာဏ် ကုသိုလ်လည်း မရောက်နိုင်။ ဥပနိဿယအားဖြင့် ရောက်ခြင်းမူကား ဒါနကုသိုလ်လည်း ရောက်နိုင်၏။ သီလကုသိုလ်လည်း ရောက် နိုင်၏။ ဤရောက်ခြင်းတို့တွင် မဂ်ဖိုလ်သို့ ရောက်ခြင်းကား ဂေါတြဘူ–ဝေါဒါန် ကုသိုလ်မျိုးသာလျှင် မဂ်ဖိုလ်–အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ အာသေဝန၊ ဥပနိဿယအားဖြင့် ရောက်နိုင်၏။ ၎င်းရောက်နည်းအားဖြင့် ဒါနကုသိုလ်၊ သီလကုသိုလ်၊ တရဏ ဝိပဿနာကုသိုလ်၊ သခ်ါရုပေက္ခာဉာဏ် ကုသိုလ်တို့သည် မရောက်နိုင်။ သို့ဖြစ်၍ သုတ္တန် အဘိဓမ္မာ နည်းနှစ်ရပ်လုံးဖြင့်ပင် ဒါနကုသိုလ်သည် နိဗ္ဗာန်သို့ ရောက်စေနိုင်၏ဟု မှတ်ရမည်။

## ဒါနကုသိုလ် နိဗ္ဗာန်ရောက်စေနိုင်

ဒါနချည့် သက်သက်နှင့် ရောက်စေနိုင်ပါမည်လော ဟူရာမှာ ဒါနချည့် သက်သက်သာ မရောက်နိုင်သည်မဟုတ်။ သီလချည့်သက်သက်နှင့်လည်း မရောက် နိုင်ဟု မှတ်ရမည်။ အဘယ်ကြောင့်နည်းဟူမူ ရှေးအဖို့က ဝိပဿနာဇော မပါဘဲ မဂ်ဖိုလ်ကို မဖြစ်စေနိုင်သောကြောင့်တည်း။ ဤကဲ့သို့ သင်္ဂဇာဆရာတော်ဘုရား ကြီးသည် နည်းနာနယ ဥပဒေသတို့ဖြင့် ထုတ်ပြညွှန်ကြားတော်မူလျှင် လူရှင် များစွာတို့သည် ဖရဏာပီတိ ဆီထည့်သော ဂွမ်းကဲ့သို့ ဝမ်းမြောက်နှစ်သက်သဖြင့် သာဓုကရနည်း ပွဲတင်ဟည်းအောင် ကောင်းချီးပေးကြလေကုန်သတည်း။

---

## ၁၃၅–အာရတိ, ဝိရတီဟု ခေါ်ပြားသော်လည်း စော်ဘွား–စော်ခံဟူသော ဥပဒေသဖြင့် မြွက်ဟမိန့်ကြားတော်မူခြင်း

သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် မန္တလေးမြို့ အနောက်ပြင် သင်္ဂဇာတိုက်၌ နှစ်ခြိုက်ရှင်ပြုး သီတင်းသုံးတော်မူသောအခါ ဒါယကာအများတို့သည် ဆရာတော် ဘုရားအား လျှောက်ထားကြသည်မှာ... အရှင်ဘုရား မင်္ဂလသုတ်တွင် အာရတီ, ဝိရတီဟူ၍ နှစ်ပါးပြားရာ အာရတီမှာ ဝေးစွာရှောင်ကြဉ်ခြင်း, ဝိရတီမှာ အထူး သဖြင့် ကြဉ်ခြင်း၊ ယင်းသို့ အနက်သမ္ဗန်သည်ကို ကျက်အံ မှတ်သားရပါသည်။ အာရတီနှင့် ဝိရတီ ထူးခြားပုံကို အာရုံထင်လင်း နှလုံးမသွင်းနိုင် ရှိပါသောကြောင့် တပည့်တော်တို့အား သနားတော်မူပါသဖြင့် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်အရ ဆုံးမဟောကြားတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်း လျှောက်ထားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သင်္ဂဇာဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ ဒါယကာတို့ ဆရာတော် ဥပမာတစ်ခုပြောမည်။ ရှေးသောအခါ ရွာတစ်ရွာ၏ အနီးတွင် ဇရပ်ကြီးတစ်ခုရှိသတတ်။ ထိုဇရပ်၌ ပရိတ်သတ် ဥပုသ်သည်တို့သည် ညီညာဖြိုဖြို လာရောက်ကြပြီးလျှင် နိဝင် နေထိုင်ကြကုန်ရာ ဒါယကာတစ်ယောက်က ထောက်၍ ပြောကြားသည်မှာ ဘုရားဒကာတို့။ ကျွန်တော်တို့ ဘုရားဒကာတို့သည် ငယ်စဉ်ကာလက မင်္ဂလသုတ်ကို မတာဘ် မသင်ဖူးသောသူဟူ၍ မရှိပါ။ များသောအားဖြင့် သင်ဖူးကြသည်သာဖြစ်ပါသည်။ အာရတီနှင့် ဝိရတီ နှစ်ပါးတို့၏ ထူးခြားခြင်း အဓိပ္ပာယ်ကို နားလည်အောင် အမိန့်ရှိကြစမ်းပါ”ဟု ဆိုသည်။

ထိုအခါ ဥပုသ်သည်တစ်ယောက်က ထ၍ပြောသည်မှာ သဘောအဓိပ္ပာယ်ယူရန် မခက်ပါ။ အာရတီ ဝိရတီ ခေါ်ငြားသော်လည်း စော်ဘွားစော်ခံ ဟူသော စကားကဲ့သို့ ထူးခြားလှသည်မဟုတ်ပါဟု ဆိုလေသည်။

ထိုအခါ ယခင် အမေးထုတ်သူက ဆရာရယ်၊ အာရတီနှင့် ဝိရတီ အထူးကို မကြားဖူး၍ မေးသည်ကို စော်ဘွားနှင့် စော်ခံကို ထည့်သွင်းသည်မှာ အဓိပ္ပာယ်ချင်း မတူပါ။ ဘာဆိုင်သလဲ”ဟု ဆိုလေ၏။

ဖြေဆိုသော ဒကာက ဟာ… မဆိုင်ဘဲရှိပါ့မလား ဒါယကာရဲ့၊ စော်ဘွားဆိုတာ ရှမ်းဘုရင်ကိုခေါ်တယ်။ စော်ခံဆိုသည်မှာ ရှမ်းဘုရင်ရဲ့ ကတော်ကိုခေါ်တာ။ ယခု ကျွန်တော်တို့ ယောက်ျားများ စောင့်ထိန်းသော သီလကို ဝိရတီဟု ခေါ်သည်။ မိန်းမများ စောင့်ထိန်းသော သီလကို အာရတီတို့ ခေါ်သည်ဟု ပြောလေသည်။

ထိုအခါ လူအများတို့က မထူးပါဘူးဟု သဘောမကျ၍ စောဒကတက်ကြရာ ခက်မှခက်ပလေဗျာ။ ကျုပ်ပြောတာ မရိုင်းပါဘူး၊ သည်အတိုင်းသာ မြဲမြဲမှတ်ထားကြပါဟု ဆိုသတဲ့ ဒကာတို့ရဲ့။

ယခု ဆရာတော်လည်း အထူးကြံစည်၍ ပုံမခိုင်းတော့ပါဘူး၊ သည်အတိုင်းသာ မှတ်ကြပါတော့ဟု အမိန့်ရှိသောကြောင့် ပရိသတ်မှာ ဘာမှထပ်မပြောကြတော့ဘဲ အသာထပြန်ကြလေသတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၃၆–သင်္ဃာဆရာတော်သာ ကျော်စောသည်ဟု ကျေးရွာအရပ်ရပ်ကို ပြောရာ၌ ခွေးရူးသတ်သော ဒါယကာများနှင့် ဥပမာကပ်လျက် သုဓမ္မာဇရပ်တွင် မိန့်ဆိုပုံ

မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး လက်ထက်တော်အခါ သုဓမ္မာဆရာတော်ဘုရားကြီးများ အစုံအလင်တွင် မဟာဝိဇိတာရာမခေါ်သော တောင်စလင်းတိုက်သစ်၊ ကေတုမာလာဘိဓေ အတုလာဓိပတိ သိရိပဝရ မဟာဓမ္မာရာဇာဓိ ရာဇဂုရု တံဆိပ်နာမံတော်ရှိသော စလင်းဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... တပည့်တော်များ ဆရာတော်ဘုရားများနှင့် သင်္ဃာဆရာတော်ဘုရားတို့ စကားပြော, တရားဟော, လောကဓမ္မကျွမ်းကျင်ကြသော်လည်း ကံချင်းက မတူကြဟု မှတ်ယူသင့်သည်။ အဘယ်ကြောင့်နည်းဆိုသော် ထိုထိုအများ ဆရာတော်ဘုရားတို့သည်လည်း စကားပြောဟောတော်မူကြသောအခါ ဥပမာစကားကို မိန့်ကြားတော်မူကြသည်ချည်းပင်ဖြစ်သည်။ ဤကဲ့သို့ ဥပမာစကားများကို မိန့်ကြားတော်မူနိုင်ကြသော်လည်း ကျော်တော့ သင်္ဃာဆရာတော်ဘုရားသာ အများအနှံ့ ကျော်စောတော်မူပေသည်။ သို့အတွက် ဘယ်သူပင် စကားပြောကောင်းသော်လည်း 'ကံ'သာကြောင်းကို သိရသည်ဟု ပြုံးရွှင်သော မျက်နှာထားနှင့် လျှောက်ထားပြောဆိုသည်။

ထိုအခါ သင်္ဃာဆရာတော်ဘုရားက စလင်းဆရာတော်ရဲ့၊ ဘယ်လိုပင်ပြောသော်လည်း "ခွေးရူးသတ်သော ဒကာနှစ်ယောက်ကဲ့သို့ ဖြစ်သည်"ဟု မိန့်တော်မူ၏။ ထိုအခါ ကြွင်းသော သုဓမ္မာဆရာတော်ကြီးများက စကားကို ဆုံးအောင် အမိန့်ရှိဦးဗျာဟု တိုက်တွန်းကြရာ သင်္ဃာဆရာတော်က ထုတ်ဖော် မိန့်ကြားတော်မူသည်မှာ ပန်းတိန်းငဖဲအရပ်က မောင်မှတ်နှင့် မောင့်ထင်ဆိုသော သူနှစ်ဦးတို့သည် ကိစ္စအထူးရှိသောကြောင့် တောသို့သွားကြရာ လမ်းမှာ ခွေးရူးနှင့် တွေ့ကြုံသဖြင့် အသည်းနှလုံးတုန်အောင် လန့်ဖျပ်၍ မောင်ထင်ဆိုသောသူမှာ အဆောတလျင် ဝါးရုံပင်ကြီးတစ်ခုသို့ တက်ပြီးလျှင် အောက်တွင်ရှိသော မောင်မှတ်အား ပြောသည်မှာ ဟေ့ မောင်မှတ်၊ ဟေ့ မောင်မှတ်၊ ခွေးရူးကို သတ်ပါတော့လားဟု သစ်ပင်ဖျားကနေ၍ အော်၏။

ထိုအခါ မောင်မှတ်သည် မရှောင်တတ်ဘဲ ကြောက်သွေးပင်ရှိသော်လည်း "မရဲသော်လည်း ပြေးခဲစေ"ဆိုသည်နှင့်အညီ မိမိလက်တွင်ပါသော ဝါးရင်းတုတ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မဆုတ်မနစ် အရိုက်ဦးသောကြောင့် ခွေးရူးသေမှန်းကို သိလေသော် သစ်ပင်ပေါ်က မောင်ထင် ဆင်းလာပြီးလျှင်၊ သူငယ်ချင်းရဲ့... ဘယ်သင်းကို ဘယ်သူသတ်သတ် ခွေးရူးသတ်မှာတော့ တို့နှစ်ယောက် အကျော်ဆုံးဟု ဆိုသတဲ့ဘုရား။

ဤအတူ ယခု စလင်းဆရာတော်က အတူတူပင် မှတ်သော်လည်း ခွေးရူး သတ်တော့ တပည့်တော်ချည့် သတ်ရပါသည်ဘုရားဟု မိန့်ကြားတော်မူသောအခါ သုဓမ္မာဆရာတော် အားလုံးတို့သည် တအုန်းအုန်း ရယ်မောတော်မူကြလေကုန် သတည်း။

[ဤဥပမာစကား၌ သင်္ဂဇာဆရာတော်ဘုရားက တစ်ပါးသော ဆရာတော်တို့ ဥပမာကို အတူတူပင် ပြောကြသည်ဆိုသော်လည်း ကံပို၍ကျော်စောသည်မဟုတ်ပါ၊ အပြောပင် သူတစ်ပါးထက် သာပါသည်။ သို့အတွက် သင်္ဂဇာကျော်စောပါသည် ဟု ဆိုလိုသည်။]

---

## ၁၃၇-မိမိသဘောနှင့် အလွတ်ရာကြံ၍ သောတ္တာနံဟူသော အထောက်စကားဖြင့် အလျှောက်မှားသော ဒါယကာတစ်ဦးအား ပမာအထူး မိန့်တော်မူခြင်း

သင်္ဂဇာဆရာတော်ဘုရားကြီးသည် မန္တလေးမြို့ အနောက်ပြင် သင်္ဂဇာတိုက်၌ နှစ်ခြိုက်ရွှင်ပြုံး သီတင်းသုံးတော်မူသောအခါ ဒါယကာတစ်ယောက်သည် ဝင်ရောက် လျှောက်ထားသည်မှာ... အရှင်ဘုရား တပည့်တော်သည် မင်္ဂလသုတ် 'ဗဟူဒေဝါ' ဟူသောပုဒ်တွင် 'သောတ္တာနံ'၏ အဓိပ္ပာယ်ကို အငယ်ကတည်းက ကြံခဲ့ရသည်မှာ ယခုမှ သဘောကျပါသည်။ တပည့်တော်၏ အယူမှာ 'သောတ္တာနံ' ဟူသောပါဠိ လာရှိသည့်အတိုင်း သောတ္တာ 'နံ'မှသာလျှင် နိဗ္ဗာန်ကိုရမည်၊ သောတ္တာမှ 'မနံ' လျှင် နိဗ္ဗာန်ကို မရနိုင်ဟု ယူပါသည်။ ဤကဲ့သို့ တပည့်တော် သိသောတရားကို သူတစ်ပါးတို့အား တပည့်တော်ကဲ့သို့ သိစေချင်သောသဘော ယောနိသော မနသိကာရနှင့် ပြောပြပါသည်ကို အချို့သောသူတို့က သရော်သလို ချော်သလို မတော်သောစကားကို ပြောကြားလေသည်ဟု ဖွဲ့နွဲ့၍ ကဲ့ရဲ့ကြပါသည်ဘုရား၍ လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မျက်နှာထား ရွှင်ပြုံးလျက် အသက်ထက်ဆုံး မှတ်သားဖို့ မိန့်ကြားတော်မူသည်မှာ... သြော် ဒကာနယ် ဖြစ်ရလေ "တိဿဆိုသော

www.burmeseclassic.com



ကိုရင်ကြီး စာကြံသလိုနေပေါ့”ဟု မိန့်တော်မူပြီးလျှင် ယခင်က တိဿဆိုသော ကိုရင်ကြီးတစ်ပါးသည် မဟာနိပါတ် တေမိဇာတ်ကို ရွတ်ဖတ်သောအခါ “ရာဇာ မင်းသည်၊ အာဟာဆို၏” ဤကဲ့သို့ တွေ့ရှိသဖြင့် မိမိသဘောဖြင့် တွေးတောမြော် ခေါ်သည်မှာ ဩော်–စာပေ ကျမ်းဂန်ကို ကြံမှသာသိသည်၊ မကြံကမသိ၊ တေမိ ဇာတ်၌ ဘုရားဟောသည်ကို သဘောကျလိုက်လေသည်၊ အာဟ–ဆို၏ဟူသော စကားသည် အလွန်မှန်လေစွ၊ ‘အာ’ကို ‘ဟ’မှသာ ဆိုနိုင်သည်။ ‘အာ’ကို ‘မဟ’ က အနည်းငယ်မျှ မဆိုနိုင်ဟု ကြံသတဲ့ ဒကာရဲ့။

စာဆိုသည်ကား မိမိအလိုအလျောက် သဘောပေါက်ရာကို ယူရမှတ်ရသည် မဟုတ်၊ သုတ္တ, သုတ္တာနုလောမ, အာစရိယဝါဒ, အတ္တနောမတိဟူသော မဟာ ပဒေသလေးပါးတို့နှင့် ညီညွတ်နိုင်းဆလျက် အာဂမဒဋ္ဌိ, ယုတ္တိဒဋ္ဌိ အမျိုးမျိုး အကိုးအကားတို့နှင့် ကြံစည်ရခြင်း။ ယင်းသို့မဟုတ်က မိမိထက် ကျမ်းဂန်ပိဋကတ် အရာ၌ လိမ္မာကျွမ်းကျင် သိမြင်လုံလောက်သော ပုဂ္ဂိုလ်များထံ နည်းခံဆွေးနွေး မေးမြန်းယူဆရမြဲဖြစ်သည်။ ယခု ဒကာမှာ သောတ္တာ ‘နံ’မှ နိဗ္ဗာန်ကိုရသည်၊ သောတ္တာမှ ‘မနံ’လျှင် နိဗ္ဗာန်ကို မရဟု ကြံမှကြံရရှာလေသည်။ ယခု ဒကာကြီး သောတ္တာနံကဲ့သို့ ကြံရလျှင် “အရှင်အာနန္ဒာနှင့် ရှင်မောဂ္ဂလာန်မှာ” အကြံ မခက်ပါသလော မိန့်တော်မူလျှင် ယခင် လျှောက်ထားသူ ဒါယကာနှင့်တကွ ရှိကြသော ပရိသတ်တို့သည် ပွဲတင်ထပ်မျှ ရယ်မောလျက် တသောသော နေကြ လေကုန်သတည်း။

---

## ၁၃၈–လျှောက်ထားပုံအထက်မြင့်သော်လည်း ငှက်သင့်သလိုသာရှိချေမည်ဟူသော ပမာစကားဖြင့် မိန့်ကြားမြွက်ဟတော်မူခြင်း

အဂ္ဂမဟာလင်္ကာ ကဝိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု တံဆိပ်နာမံတော်ရှိသော သာသနာပြု သုဓမ္မာအဝင် သင်္ဂဇာဆရာတော်ဘုရားကြီးသည် အသီးသီးသော တပည့်အသင်းအပင်းတို့နှင့် ဟင်္သာတမြို့ဒေသ၌ တရားဓမ္မ ညွှန်ပြဟောကြား သီတင်းသုံးတော်မူစဉ် အုတ်ဖိုဆရာတော်ဘုရားကြီး၏ အဆုံးအမ, ဩဝါဒကို

www.burmeseclassic.com



ခံသူ ယိမ်းပရိတ် ဆရာမကြီး မလေးသည် အစုအဝေးနောက်ပါ တပည့်သူငယ်မတို့နှင့်တကွ သင်္ဂဇာ ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်း၌ ဝပ်စင်းခစားတရားနာရောက်ရှိသည်နှင့် ထိုသူတို့၏ စရိုက်အားလျော်စွာ သဒ္ဓါပသန္နတရားဖြစ်ပွားလေအောင် ကြံဆောင်ဟောကြား ဆုံးမတော်မူ၏။

ထိုအခါ ယိမ်းပရိသတ် ဆရာမကြီး မလေးသည် နည်းပေးဆုံးမသောတရားတော် အချက်ကို နှစ်သက်ဝမ်းမြောက်၍ လျှောက်ထားသည်မှာ... အရှင်ဘုရားတပည့်တော်မအား ပစ္စည်းလေးပါး ဒါယိကာမ မှတ်တော်မူပါဟု လျှောက်ထားဖိတ်မန်၍ ဝတ်ပြု ထသွားလေသတည်း။ ထိုအခါ ကြွင်းကျန်ရှိသော ပရိသတ်အပေါင်းတို့က ၎င်းယိမ်းပရိသတ်ဆရာမကြီး မလေးသည် အုတ်ဖိုဆရာတော်ကြီးမှတစ်ပါး အခြားပုဂ္ဂိုလ်သာမညကို ဂရုဂါရဝမပြု၊ ယခု ဆရာတော်ဘုရားကြီးအားပစ္စည်းလေးပါးတို့ဖြင့် လျှောက်ထားဖိတ်မန်၍ သွားပေသည်ဟု လျှောက်ထားကြကုန်၏။

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ... ဒကာတို့မင်းတို့ မလေးသည် ဆရာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်သည်ဟု ပြောသော်လည်း လောကဝတ်မျှသာ ဖြစ်မည်။ စင်စစ်ဆိုသော် အုတ်ဖိုဆရာတော်ထက်ပို၍ ကြည်ညိုလေးမြတ်တော့မည် မဟုတ်။ ငါ တရားဟော၍ အမောသာအဖတ်တင်မည်။ ငါ့အား ပစ္စည်းလေးပါးတို့ဖြင့် "လျှောက်ထားပုံအထက်မြင့်သော်လည်းငှက်သင့်မည်"ဆိုသော စကားကဲ့သို့ ရှိမည်ဟု မိန့်တော်မူ၏။

ထိုအခါ တရားနာပရိသတ်တို့က အရှင်မြတ် ငှက်သင့်ဟန်ကို နာခံကြပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားကြလေသော် ဆရာတော်က မန္တလေးသားတစ်ယောက်သည် အောက်မြန်မာနယ်မှ အထက်ရှမ်းပြည်သို့ ကုန်စည်ရောင်းချရန်တက်သွားရာ ငှက်ဖျားမိတတ်သည်ဟု ပြောသံကို ကြားဖူး၍ စိတ်ကူးနှင့်ကြောက်လှသဖြင့် သစ်ပင်အောက်တွင် နားနေခိုက် ငှက်သိုက်၏အနီးတွင်ငှက်ထီးကြီးတစ်ကောင် နားနေသည်ကို ကြည့်လျက်နေစဉ် ငှက်မကြီးတစ်ကောင်လာ၍ နားသော် သြော် ငါ့အား ငှက်ကား ကေန်သင့်တော့မည် ကြံစည်သောအတွင်း၌ ငှက်ချင်းဘာသာ မြည်တွန်ကာနှင့် နှစ်ဖြာလည်ဆင့် အမြီးစွင့်လျက်တစ်ပင်တစ်ပင်ကူး၍ ပျော်မြူးပျံသွားကြလေကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



## ငါ ငှက်မသင့်တော့

ထိုအခါ မန္တလေးသား ကုန်ရောင်းသမားသည် ငါ့အား ငှက်မသင့်ပြီ။ ငှက်ထီးနှင့် ငှက်မ သူတို့ချင်း သင့်ကြပါသည်တကားဟု ကြောက်အားပြေလျက် နားနေသော သစ်ပင်ရိပ်မှထ၍ အလိုဆန္ဒရှိရာသို့ သွားသတဲ့ ဒကာတို့ရဲ့။

ဤအတူ ယခုလည်း ဤဒကာမကြီးကို ချွေးဒီးဒီးကျအောင် ဆရာတော်က ဟောသော်လည်း အမောသာအဖတ်တင်မည် သစ်ပင်က ငှက်မနှင့် ငှက်ထီးလို အပြီးသတ်တော့ သူတို့ချင်း သင့်သွားကြမှာပဲဟု မိန့်တော်မူသောအခါ များစွာသော ပရိသတ်အားလုံးတို့သည် တအုန်းအုန်း ရယ်မော၍ တသောသော ရှိကြလေကုန်သတည်း။

---

## ၁၃၉–ဥပမိရုပ်ဝါ လက္ခာနှင့်ပင် ပြည့်စုံသော်လည်း ပယောဂသမ္ပတ္တိ တန်ခိုးသေးက အကျိုးမပေးနိုင်ဟူသော အကြောင်းရုပ်ဖြင့် ကောင်းမြတ်စွာ ဟောကြားတော်မူခြင်း

အဂ္ဂမဟာလင်္ကာရ စသည်အဂ္ဂရာ ရွှေဘွဲ့သာသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် ထီးနန်းကနက် ဖြန့်ကြက်စိုက်ထူရာ ရတနာပုံ နေပြည်တော်မှ ရာမညတိုင်း တလိုင်းသုံးရပ်သို့ လှည့်ပတ်စုန်ဆင်း၍ ဟသ်ာတမြို့သို့ ရောက်တော်မူသောအခါ များစွာပရိသတ် ပျားပန်းခတ်သကဲ့သို့ အရပ်ရပ်မှ လာသမျှ ရဟန်းရှင်လူတို့ကို ကြည်ဖြူလှစွာ ဒေသနာရေအေး နည်းကောင်းပေး၍ တိုက်ကျွေးသီတင်းသုံးတော်မူသောအခါ အုတ်ဖိုဆရာတော်ကြီး၏ ဒကာရင်းဖြစ်သူတစ်ယောက်က ဤသို့ လျှောက်ထားသည်။ "အရှင်ဘုရား တပည့်တော်များ၏ ဆရာဖြစ်သော အုတ်ဖိုဆရာတော်ဘုရားကြီးသည် ပိဋကတ်သုံးပုံ အလုံးစုံသော ပါဠိ, အဋ္ဌကထာ, ဋီကာအရပ်ရပ်တို့၌ နှံ့စပ်သိကျွမ်း တတ်စွမ်းလိမ္မာတော်မူခြင်း, ဥပမိရုပ်ဝါ လက္ခာစုံစီ ပါရမီဒဗ္ဗ သမ္ဘာရနှင့် ပြည့်စုံတော်မူခြင်း ယင်းသို့သော အကြောင်းအင်္ဂါ ညီညွတ်စွာသော ဆရာတော်ကြီးတစ်ပါး ဖြစ်ပါသည်။ နိုင်ငံခြား တိုင်းတစ်ပါး၌ ဖြစ်၍သာ ရာဇဂုရုဟူသော မင်းလျှုတံဆိပ် ခတ်နှိပ်ချီးမြှောက်ခြင်း မခံရပါသည်။ အကယ်၍ မန္တလေးဒေသ ရာဇဌာနီ မင်းနေပြည်၌ သီတင်းသုံးတော်မူပါလျှင် ဘုရင်မင်းမြတ် လျှုကပ်အပ်သော တံဆိပ်တော်နာမံနှင့်တကွ သံဃရာဇာ သာသနာ

www.burmeseclassic.com



ပိုင်သော်လည်းကောင်း, သာသနာရေး သာသနာမှု၌ ကြည့်ရှုရသော သုခမ္မာ ဆရာတော်ကြီးသော်လည်းကောင်း ဖြစ်လိမ့်မည် ထင်ပါသည်ဘုရား”ဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ ဥပမိရုပ်ဝါ လက္ခဏာနှင့် ပြည့်စုံသော်လည်း အတ္တသမ္မာပဏိဓိ, ပယောဂသမ္ပတ္တိတည်းဟူသော တရား ယှဉ်းကွက်ဖောက်ပြန် အကျင့်တန်လျှင်လည်း ကံရှိရာသလောက် အကျိုးမပေး တန်ခိုးသေးမြဲ ဖြစ်ချေသည်။ ပယောဂဝိပတ္တိဖိစီးက ရှိပြီးသော ကံဟောင်းတို့သည်လည်း အကြောင်းမသင့် အခွင့်မဟုတ်သေး၍ အကျိုးပေးရိုး မရှိသည်ကို ဝိဘင်းပါဠိတော်၏ အဖွင့်ဖြစ်သော သမ္မောဟဝိနောဒနီ အဋ္ဌကထာများ၌ ထင်ရှားလာရှိသည်။ “လက္ခဏာက ရှင်ဘုရင်နွယ်သော်လည်း ကျင်ငယ်စွန့်ပုံ နည်းမဟုတ်သောကြောင့် ထီးစုတ်ကိုမျှ မဆောင်းထိုက်ဘူး”ဆိုသော စကားကဲ့သို့ ရှိတတ်သည်။

ရှေးသောအခါ လက္ခဏာကျမ်း အရပ်ရပ်တို့၌ ကမ်းခတ်လိမ္မာသော ဆရာတစ်ဦးသည် အထူးသဖြင့် သိကျွမ်း၍ လှမ်းသွားရာသော ခြေရာတစ်ခုကို မြင်ခါမတ္တ သာမညနှင့်ပင် လူအမျိုးမျိုးတို့၌ အကျိုးပေး မပေးကို သိနိုင်လေသတတ်။

## ထီးစုတ်ပင်မဆောင်းထိုက်

ထိုဆရာသည် အခါတစ်ပါး ခရီးသွားရာ လမ်းမှာ ခြေရာတစ်ခုမြင်လျှင် ဆင်ခြင်စဉ်းစား၍ ဤသူကား ရှင်ဘုရင်လက္ခဏာ ပါရှိသည်။ ရှင်ဘုရင်ဖြစ်မည့် အကြောင်းများကို ငါသွား၍ ဟောရမူ လောက၌ ထင်မြင်၍ ရှင်ဘုရင်ချီးမြှောက်ကို ခံရဦးမည်မသိဟု မိမိအလျောက်ဖြင့် ခြေရာကိုကောက်၍ လိုက်လေရာ လမ်းနံဘေးကွယ်တွင် ကျင်ငယ်ကိုမတ်တတ် လက်ကြားညှပ်လျက် ပေါက်၍နေသည်ကို တွေ့၏။ ထိုအခါ လက္ခဏာတတ်ဆရာက အသင်သည် အဘယ်ပညာနှင့် စားသနည်းဟု မေးသော် ကျွန်တော် ရပ်သေးထဲတွင် ရှင်ဘုရင်ရုပ်ဆွဲကိုင်လျက် နန်းထိုင်၍ စားပါသည်ဟု ပြောသောအခါ လက္ခဏာဆရာက ‘မင့်မှာ လက္ခဏာက ရှင်ဘုရင်နွယ်သော်လည်း ကျင်ငယ်စွန့်ပုံ နည်းမဟုတ်သောကြောင့် ထီးစုတ်ကိုမျှ ဆောင်းထိုက်မယ့်အကောင်မဟုတ်ဘူး’ဟု ဆိုသတဲ့ ဒကာရဲ့။ ဤကဲ့သို့ အမိန့်ပေးလျှင် တွေး၍ ပြုံးကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၄၀–လျှောက်ထားပုံဆန်းထူးသဖြင့် ယမ်းဘူးနှင့်ပမာထား၍ ဒါယကာအား မိန့်တော်မူသောအကြောင်း

သင်္ဂဇာဆရာတော်ဘုရားကြီးသည် ဇေယျာပူရ ဌာနရန်ကြီး စစ်ကိုင်းမြို့ မြောက် လောကမှန်ကင်းချောင်တွင် အရှည်ကင် ရှုတင်ကျင့်လမ်း ကမ္မဋ္ဌာန်းဖြင့် ပျော်မြန်း သီတင်းသုံးနေတော်မူသောအခါ နောက်ပါတပည့်တပန်း ရဟန်းသံဃာ နှစ်ရာခန့်တို့နှင့် စစ်ကိုင်းမြို့ ပိုးတန်းရပ်က ဆွမ်းကပ်ရန် လျှောက်ထားသဖြင့် ဆွမ်းစား ကြွတော်မူသောအခါ ရသာဘောဇဉ် ချိုချဉ်မွှန်မြတ် ဆက်ကပ်လှူဒါန်း၍ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ အပြီးတွင် ဦးပြော့ဆိုသူ ဒါယကာတစ်ယောက်က လက်မြှောက်ဝပ်တွား၍ အသနားခံကာ ဤသို့လျှောက်သည်။

"အရှင်ဘုရား ရဟန်းသံဃာတော်များ တရားဟောတော်မူတိုင်း သုတ်တရား, ဝိနည်းတရား, အဘိဓမ္မာတရားကို ဟောကြပါသည်။ ထိုသို့ဟောသော်လည်း မည်သူ တစ်စုံတစ်ယောက်မျှ သုတ်တရားကို အားထုတ်သည်ဟူ၍လည်းမရှိ၊ ဝိနည်းတရားကို အားထုတ်သည်ဟူ၍လည်း မရှိ၊ အဘိဓမ္မာတရားကို အားထုတ်သည်ဟူ၍လည်းမရှိ၊ သုတ္တန်, ဝိနည်း, အဘိဓမ္မာတရားများကို ကြားနာရ၍ အဘယ်သူသည် သောတာပန်ဖြစ်သည်၊ အဘယ်သူသည် သကဒါဂါမ်ဖြစ်သည် အဘယ်သူသည် အနာဂါမ်ဖြစ်သည်၊ အဘယ်သူသည် ရဟန္တာဖြစ်သည်ဟူ၍ မရှိစဖူး, မကြားစဖူး၊ ရှေးအခါကာလ သဗ္ဗညုတ မြတ်စွာဘုရား ရှိတော်မူစဉ်အခါက တရားတော်ကို နာရ၍ မည်မျှမည်ရွေ့သော သတ္တဝါအများတို့သည် အကျွတ်တရား ရကြသည်။ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ယထာယဟာဖြစ်ကြသည်ဟူသော အနေကို စာပေကျမ်းဂန်များ၌ ထင်ရှားစွာ တွေ့ရှိပါသည်။ အရှင်ဘုရားများလည်း ရှေးအခါက ဤကဲ့သို့ မဂ်ဖိုလ်နိဗ္ဗာန် ရဖို့ရန်အခွင့် ဟောသင့်ဟောထိုက်ပါသည်။ ယခု လူအပေါင်းတို့မှာ "ဆုတောင်းကြကုန်"ဆို၍သာ ထသွားသည် တရားထူးရသည် မဟုတ်ပါဘုရား"ဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒကာကြီး ရှေးအခါက "ဆေးဆရာဆန်းထူး၍ ယမ်းဘူးဆိုသော စကားလိုပ"ဟု မိန့်တော်မူရာ တရားနာသူ လူအပေါင်းတို့က ယမ်းဘူးအကြောင်းကို ခွင့်တောင်း လျှောက်ထားကြလျှင် ဒကာတို့ ရှေးအခါကာလ အင်းဝမြို့ ကောင်းစားစဉ်အခါ ဆေးဆရာသမားတော်ကြီးတစ်ဦးသည် အထူးထူးသော သွေးဆေး, ငန်းဆေး, လေဆေး,

www.burmeseclassic.com

www.burmeseclassic.com



ဇာတိဝင်စသော ဆေးတို့ကို ဘူးနှင့်ထည့်၍ မိမိဆောင်မြဲဖြစ်သော ဆေးအိတ်ကြီး၌ သိုမှီးလျက် ချိုင်းတွင်လွယ်ပြီးသော် နန်းတော်တံခါးဝသို့ ဝင်သွားရာ တံခါးစောင့်ဖြစ်သူ လူအများက သင်ကား အဘယ်သို့သွားမည်နည်း၊ သင်၏ အိတ်ကြီး၌ သိုမှီးအပ်သော အစုစုသည် အဘယ်ဝတ္ထုများ ဖြစ်သနည်းဟု စစ်ကြောမေးမြန်းသည်။

ထိုအခါ ယခင် သမားတော်ကြီးက ငါ၏အိတ်ထဲမှာ ယမ်းဘူးတွေပါသည်ဟု ပြော၏။ ထိုအခါ တံခါးစောင့်သူ မင်းချင်းလူတို့သည် အမှုထွေထူး ရာဇဝတ်ပေါက်ကျူးလျက် ယမ်းဘူးကို ဆောင်သောသူဖြစ်သည်ဟု ကျစ်လျစ်စွာ ကြိုးတို့ဖြင့် တုပ်နှောင်လျက် ရာဇဝတ်ကောင်ကို ချမ်းသာပေး၍ မလျှော်ဟု လွှတ်တော်သို့ ပို့ကြလေသတည်း။

ထိုအခါ လွှတ်တော်ဝန်ကြီးများက သင်ကား အဘယ်အတတ်ဖြင့် အသက်မွေးသနည်း။ သင်၏အိတ်ကြီးကို ပြစမ်းဆိုလျှင် ကိုယ်တွင် လွယ်ထားသော ဆေးသမားအိတ်ကြီးကို ပြရလေသတည်း။

## ဆန်းထူး၍ ယမ်းဘူးပြောရသည်အကြောင်း

ထိုအခါ လွှတ်တော်ဝန်ကြီးက အသီးသီးဘူးတို့ကို ဖွင့်ကြည့်ရာ ဆေးကိုသာလျှင် တွေ့ရှိသဖြင့် မိမိ အသက်မွေးမှုဖြင့် ဆေးကုစားသော ဆေးသမား၏ ဆေးအိတ်ပါဆိုလျှင် ပြီးရော့မည်။ ရီးတီးရားတား စကားဆန်းထူး ယမ်းဘူးဟူ၍ အဘယ်ကြောင့် အစစ်ခံရသနည်းဟု မေးသော် ဆေးဆရာကြီးက မှန်ပါ၊ ကျွန်တော်မျိုးမှာ ဆေးသမားဟူသမျှတို့မှာ ကုသ၍ပျောက်သည်ဆိုသော်လည်း ထိုထိုအနာမျိုး ကိုးဆယ့်ခြောက်ပါးတို့၌ ဤကားအပူ, ဤကားအအေး, ဤဆေးကားအသက်, ဤဆေးကားအတက်ဟု မျက်မြင်မှုချ သိမြင်ကြသည် မဟုတ်ပါ။ စာဆိုအရှိ အမှာကိုကြည့်ပြီးလျှင် မိမိတို့ ဖော်နည်းကားနှင့် ယမ်းဆ၍ ကုသရခြင်းဖြစ်ပါသည်။ သို့အတွက် ဆန်းထူး၍ ယမ်းဘူးဟု ပြောပါသည်ဘုရား၍ လျှောက်ထားသောအခါမှ ဆေးဆရာကို လွှတ်လိုက်သတဲ့ ဒကာရဲ့။

ဤအတူ ငါတို့မှာလည်း သတ္တဝါကိုကျွတ် မကျွတ်ကိုတော့ မပြောတတ်ဘူး။ မြတ်စွာဘုရား နိဗ္ဗာန်သို့ ရောက်စေတတ်သည်ဟု ဟောသောကြောင့် စာသဘောနှင့် ယမ်းကုရတာပဲဟု မိန့်တော်မူသောအခါ တရားနာပရိသတ် အသီးသီးတို့သည် အပြီးမသတ်နိုင်အောင် ရယ်မောကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၄၁–မင်းတို့ ဒါယကာတစ်စုနှင့် သာသနာပြု ရှမ်းပြည်သွားမိသလို နေပြီဟု ပျဉ်းမနားက အသင်းသားတို့ကို မိန့်ကြားတော်မူခြင်း

မန္တလေး ရတနာပုံ ရွှေပြည်တော်ကြီးကို ဘုန်းမီးနေလ ဒုတိယရဝိ သမုတိနတ်ဖြစ်တော်မူသော သီပေါမင်းတရားသည် ခမည်းတော် နတ်ရွာစံတော်မူလျှင် ၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လ ရွှေနန်းစိုးစံ ဆက်ခံသိမ်းပိုက်တော်မူမိလျှင် ၎င်း ၄၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆုတ် (၄) ရက်၊ သောကြာနေ့ အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် အသီးသီးသော တပည့်တပန်း ရဟန်းပရိသတ်တို့ဖြင့် ခြံရံလျက် နယ်စွန်ပယ်ဖျား ကျောက်တိုင်ထားသော ပျဉ်းမနားမြို့သို့ ကြွတော်မူရာ တောဝါဆိုကပ်လျက် ပရိသတ်အများတို့အား တရားရေအေး တိုက်ကျွေးဆုံးမတော်မူ၏။

အခါတစ်ပါး များစွာသော ပရိသတ်တို့ဖြင့် စုဝေး၍ သီတင်းနေ့ တရားနာကြရာ တရားပွဲသဘင် ဆင်ယင်ကျင်းပ၍ ပြီးသောအခါ ဒကာမောင်ရွှေလူက ရှေးရှုဝပ်တွား လျှောက်ထားသည်မှာ... "အရှင်ဘုရား အချို့သော မနာလိုသည့် ပုဂ္ဂိုလ်တို့က မန္တလေးမြို့မှ ယခု ကြွလာသော သင်္ဂဇာဆရာတော်သည် ကျော်စောသလောက် စာမတတ်၊ ပရမတ်သဘော ဓာဝိထိနေရာ၌ ငါတို့လို မစူးမရှ၊ သဂြိုဟ်ပဏ္ဏာမတွင်ပင် မျက်စိလည်၍ နေရှာသည်ဟု ထိုဤစကား ဆရာတော်ဘုရားကြီးကိုပင် ပြစ်တင်ဖွဲ့နွဲ့၍ ကဲ့ရဲ့ကြပါသည်ဘုရားဟု လျှောက်ထား၏။

### သဂြိုဟ်ပဏ္ဏာမမှာပင် မျက်စိလည်နေသူ

ထိုအခါ ဆရာတော်ဘုရားက "အင်း မင်းတို့ ဒါယကာတစ်နှင့် သာသနာပြု ရှမ်းပြည်သွားမိသလိုနေပေါ့"ဟု မိန့်တော်မူပြီးသောအခါ ဒကာ မောင်ရွှေလူ အရှေ့တောင်တန်း ရှမ်းတို့ရပ်ထံ တိုင်းနိုင်ငံသို့ ရတနာပူရ အင်းဝ ရွှေမြို့တော်မှ တံဆိပ်တော်ရ သာသနာပြု ဆရာတော်နှစ်ပါးတို့သည် လွယ်လုံ တစ်ဆယ့်နှစ်ကောင်၊ မိုးပြဲ မိုးနဲအရပ်သို့ သာသနာပြု ကြွတော်မူရာ ရှမ်းဒါယကာ အပေါင်းတို့သည် သောင်းသောင်းအုတ်အာ ညီညာဖြဖြ ဂါရဝတရားဖြင့် ဝပ်တွား ကော်ရော်ဖူးမြော်လာရောက်ပြီးသောအခါ ကြီးစွာသော မဏ္ဍပ်ကနား ဆန်းပြား ကောင်းမွန်စွာဆောက်ပြီးလျှင် ကြည်လင်စွာ တရားတော်ကို နာကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ ကိုးကွယ်ရင်းဖြစ်သော ရှမ်းဘုန်းကြီးများကိုလည်း ဆရာတော်နှစ်ပါး သာသနာပြုရောက်ကြောင်း စကားကို လျှောက်ထားကြကုန်၏။

ထိုအခါ ရှမ်းဂိုဏ်းအုပ်ဆရာတော်က ဂိုဏ်းပေါ်၌ရှိသော တပည့်သား ဘုန်းကြီးတို့ကို အသီးသီးဆင့်ဆိုသည်မှာ... ငါ့ရှင်တို့၊ ယခု ရတနာပူရ အင်းဝ နေပြည်တော်မှ သာသနာပြု ဆရာတော်နှစ်ပါးတို့ ရောက်ရှိနေသည်။ ၎င်းသာသနာပြု ဆရာတော်များနှင့် စာစကားပြော၍ စောကြောမေးမြန်း စုံစမ်းဆွေးနွေးကြမှ လျော်မည်။ အကယ်၍ ငါတို့ဘာသာအလျောက် မမေးမမြန်း နေခဲ့ကြလျှင် ရှမ်းပြည်တွင် ကျမ်းတတ်စာတတ်မရှိဟု မသိသော ဒါယကာတို့ ကဲ့ရဲ့ဖွယ်ရာရှိသည်ဟု ဆင့်ဆို ခေါ်ငင်၍ သာသနာပြု ဆရာတော်ကြီးများ သီတင်းသုံးသော မဏ္ဍပ်သို့ ပရိသတ် အစည်းအဝေးနှင့်တကွ သွားရောက်ကြပြီးလျှင် အာလာပ, သလ္လာပ စကားများကို ပြောကာ နှုတ်ဆက်ကြသည်။

ထို့နောက် ရောက်လာသော ရှမ်းဂိုဏ်းအုပ်က ညွတ်တုပ်ဝပ်တွား၍ အရှင်ဘုရားတို့ကို စာများ မေးလိုပါသည်၊ ခွင့်ပြုတော်မူပါဆိုသော် သာသနာပြု ဆရာတော်တို့က ကောင်းပြီ အလိုရှိရာမေးတော့ဟု ခွင့်ပေးတော်မူရာ ရှမ်းဂိုဏ်းအုပ်ဆရာက "ကျွဲကို အဘယ်ကဲ့သို့ ရေးမည်နည်း"ဟု မေးသဖြင့် သေးငယ်သော စကားဖြစ်၍ ဖွင့်လှစ်ဖြေကြားတော်မမူဘဲ ပြုံးမြိပြုံးလျက် ဆိတ်ဆိတ်နေတော်မူကြ၏။

ထိုအခါ ရှမ်းဒါယကာအပေါင်းတို့က သောင်းသောင်းအုတ်အာ ဝိုင်းအုံလာကြပြီးလျှင် မြန်မာဘုရင်က လွှတ်လိုက်သော သာသနာပြု ဆရာတော် သာသနာပြု ဆရာတော်နှင့် ကျော်သာကျော်သည် တို့ကိုယ်တော်မေးသည့် ကျွဲကလေးတစ်လုံးကိုမျှ နေရာတကျ မရေးတတ်ဟု ဆိုသတဲ့ ဒကာမောင်ရွှေလှူရဲ့။

ယခုလည်း မင်းတို့လူများ အကဲအလေးက ကျွဲ-မရေးတတ်သည့်အတွက်နှင့် ပြန်ရမှာ ထင်ပါရဲ့ဟု မိန့်တော်မူသောအခါ များစွာရယ်မော၍ တသောသော နေကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၄၂-ယခုမင်းလျှောက်သည့် မြူနီစီပယ်စကားသည် သူငယ်ထွား ပြောသည်နှင့် တူသည်ဟု မှတ်ယူရန် မိန့်တော်မူခြင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားကြီးသည် နည်းဥပဒေသ တရားပြလျက် ဆုံးမတော်မူသော တရားသဘင်သို့ ခိုဝင်ခစား၍ ဒါယကာတစ်ဦးက လျှောက်ထားသည်မှာ... အရှင်ဘုရား ယခု အင်္ဂလိပ်မင်းများသည် မြို့တွင်းမြို့ပြင် လမ်းစဉ်တလျှောက် မိုမောက်ချိုင့်ဝှမ်း မရှိရအောင် ကြံဆောင်ပြီးခါ ပေတရာခင်းခြင်း, အမှိုက်သရိုက်တို့ တိုက်ထုတ်ယူငင်ခြင်း, ညဥ့်အခါ ကောင်းစွာမီးထွန်းခြင်း, ဖုံမြူထကြွ မရှိရအောင် ရည်မှန်းလျက် ရေဖျန်းလောင်းဆွတ်ခြင်း, ယင်းသို့ပြုစုအားထုတ်ကြသည်ကို တွေးဆဆင်ခြင်သော် ကုသိုလ်ပင်ဖြစ်ရန် အကြောင်းရှိသည်ဟု တပည့်တော် ထင်မှတ်ပါသည်။ ဘုရားအရှင်မြင်က ဟုတ်-မဟုတ်, မှန်-မမှန်ကို ယူဆရန် သနားသဖြင့် မိန့်ကြားတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်း လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ- ငါ ဥပမာတစ်ခုပြောမည် သဘောစိုက်၍ ကောင်းစွာနာလော့...။

ရှေးအခါ ကျောင်းတစ်ကျောင်းတွင် ကိုရင်ကျောင်းသား များစွာရှိသတတ်။ တစ်နေ့သောအခါ ကိုရင်ငယ်တစ်ပါးနှင့် ထွားဆိုသူ ကျောင်းသားတို့ ခိုက်ပွားဒေါသ ရန်ဖြစ်ကြရာတွင် ကိုရင်ငယ်သာမဏေက ထွားကို "နင့်အမေ ဖင်ခွက်"ဟု ဆဲလေ၏။

ထိုအခါ သူငယ်ကျောင်းသား ခံရသူထွားက ငါ့အား အဘယ်ကြောင့် ဆဲရမည်နည်း။ ဘုန်းကြီးကို လျှောက်အံ့ဟု မျက်ရည်ပေါက် စီးယိုလျက် ငို၍လျှောက်ထားသည်မှာ-အရှင်ဘုရား တပည့်တော်အား ကိုရင်သာမဏေက "နင့်အမေ ဖင်ခွက်"ဟု ရက်စက်သည့်အလျောက် မထောက်မထား ဆဲရေးမှုများကို အရှင်ဘုရား ဆုံးမတော်မူပါဘုရားဟု လျှောက်ထား၏။

### အနီးအနားရောက်နေပြီ

ထိုအခါ ဆရာဘုန်းတော်ကြီးက ဤမျှတည်း ဆဲရုံနှင့် ဂုဏ်သိမ်မဲ့လျက် ပဲ့၍ သွားသည်မဟုတ်ပါ။ သည်တစ်ခါ သည်းညည်းခံ, နာက်တစ်ခါ မိုက်မှားလျှင် ကိုရင်အား ငါဆုံးမမည်။ ဤမျှဆဲတာကို နာစရာမရှိဟု မိန့်ကြားသော် ထွားက လျှောက်သည်မှာ မနာဘဲနေမလာ အရှင်မြတ်စဉ်းစားပါ "နင့်အမေ ဖင်ခွက်"ဟု ဆိုကတည်းက အနီးအနားသို့ ဆိုက်နေပြီဟု ဆိုသတဲ့ ဒကာရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဤဥပမာလို ယခု မင်းလျှောက်ထားသည့် အာဘော်သည် တော်တော်အနီးသားပဲဟု မိန့်တော်မူသော် လျှောက်ထားသူ ဒါယကာနှင့် လာလာသမျှ ရဟန်းရှင်လူတို့သည် အူအူသိမ့်သိမ့် ပွဲတင်လိုမ့်မျှ တညိမ့်ညိမ့် ရယ်မောရ၍ တသောသော နေကြလေကန်သတည်း။

---

## ၁၄၃–သပြေတောင်ဆရာတော်က အလျှောက်အဆိုဝင်သောကြောင့် မျောက်ငိုပင်ခေါ်ဝေါ်သည်ကို တော်လျော်အောင် ချက်ချင်းဖြင့် လက်ငင်းမိန့်တော်မူခြင်း

အခါတစ်ပါး အဂ္ဂမဟာလင်္ကာရ ကဝိဓဇမဟာဓမ္မရာဇာဓိရာဇာဂုရု တံဆိပ်နာမံတော်ရှိသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် ပျဉ်းမနားမြို့ တောကျောင်းတွင် ခိုအောင်းသီတင်းသုံးလျက် အလုံးစုံသော ပြည်သူသတ္တဝါ လာလာသမျှ ပရိသတ်အရပ်ရပ်တို့အား တရားရေအေး တိုက်ကျွေးဆုံးမတော်မူ၏။

အခါတစ်ပါး ယခုတိုင် ထင်ရှားရှိတော်မူသော သံသာရ ဘီရုက ဘယဒဿာဝီ အရည်ဝါသီ အစစ် ဖြစ်တော်မူသော သပြေတောင် ဆရာတော်ဘုရားနှင့် နှစ်ပါးတူစွာ စကားပြောရင်း တောလည်ကြရာ ကြီးစွာသော မျောက်ငိုပင်အောက်ရောက်လျှင် သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ သပြေတောင်ဆရာတော်ကြည့်စမ်း တပည့်တော်တို့ ကိုယ်တော်တို့ဆရာ အစိန္တေယျ လောကစက္ခု သဗ္ဗညုဂေါတမမြတ်စွာဘုရားသည် ကုသိနာရုံ ရဂုံအင်ကြင်း နှစ်ပင်ရင်းတွင် ခင်းထားအပ်သော ရတနာရွှေညောင်စောင်း၌ လျောင်းစက်နိဗ္ဗာန် စံလွန်တော်မူခါနီးတွင် အသီးသီးသော လူ, နတ်, ဗြဟ္မာ သတ္တဝါဟူသမျှတို့အား ပစ္ဆိမတရား အဆုံးစွန်သောစကားဖြင့် မှာကြားဆုံးမ ဩဝါဒပေးတော်မူစဉ် အာနန္ဒာအရှင်သည် ဤသို့သော မျောက်ငိုပင်၌ ခိုဝင်ညည်းညူ သည်းအူကြွေမျှ လွမ်းဆွတ်လှသောကြောင့် တ–သ–ပူဆွေး ငိုကြွေးမြည်တမ်းတော်မူလေသည်ဟု မိန့်တော်မူသည်။

သပြေတောင် ဆရာတော်ကလည်း ဇဝနတိက္ခ ဂမ္ဘီရနှင့် ဟာသပညာပြည့်စုံစွာသော ပုဂ္ဂိုလ်တစ်ဆူ ဖြစ်တော်မူသောကြောင့်လည်းကောင်း၊ သင်္ဂဇာဆရာတော်ကြီးနှင့် ဘဝရေစက် ပန္နက်မေတ္တာ အစဉ်သဖြင့် “ပုဗ္ဗေဝ သန္နိဝါသေန ပစ္စုပ္ပန္နဟိတေန ဝါ” စာလာသည့်အရ ပရမဝိဿာသိက ကိစ္စများစွာ အရာရာမျိုး ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အကျိုးတို့၌ ကောင်းဆိုးမရွံ့ လျှောက်ထားဝံ့သော တပည့်ကြီးဖြစ်သောကြောင့်လည်းကောင်း ခွင့်တောင်းကျီစား လျှောက်ထား စောဒကတက်သည်မှာ အရှင်ဘုရား ဘုရားသခင် နိဗ္ဗာန်ဝင်၍ ညီခင်အာနန္ဒာ ငိုယိုသော အပင်ဖြစ်ပါလျှင် အာနန္ဒာငိုပင်ဟူ၍ လူတို့ခေါ်ဝေါ် သမုတ်သင့်ပါသည်မဟုတ်လော။ အဘယ်အကြောင်းကို ထောက်၍ မျောက်ငိုပင် ခေါ်ပါသည်နည်းဟု လျှောက်၏။

## အရှင်အာနန္ဒာ မရောက်ခင်

ထိုအခါ ဆရာတော်ဘုရားက အင်း... သပြေတောင်ဆရာတော် လျှောက်မည်ဆိုသော် လျှောက်စရာပဲ။ သို့ရာတွင် အာနန္ဒာမရောက်ခင် မျောက်က အလျင်ကျသွားဟန်ရှိသည်ဟု မိန့်တော်မူသော် သပြေတောင်ဆရာတော်က သြော် ဆရာတော်ဘုရားကြီးကား ဖြည့်အပ်ပြီးသော ပါရမီအဟုန်, ထုံအပ်ပြီးသော ဒဗ္ဗသမ္ဘာရထူးဆည်းပူးခဲ့ခြင်းကြောင့် လက်ငင်းမဆုတ် တစ်ဇာပွတ္တိဉာဏ် ထက်သန်လျင်လျားဖြေစွမ်းအားသည်ဟု များစွာအံ့သြလျက် ပြောပရာ ယခုတိုင်ဖြစ်၏။

ဤကဲ့သို့ ပြောဆို ရယ်မောကြပြီးလျှင် ဘုရားသခင်သော်မှ ရှောင်ကွင်းအံ့ဌာမတတ်သာသော မရဏာဒုက္ခ သံသရာဘေးကို မြော်တွေးကြံဆလျက် သံဝေဂနှလုံးဖြင့် ပိုက်ကြုံးသောအား သဘောထား၍ တရားကို အားထုတ်ကြသင့်ကြောင်းကို ကောင်းစွာဟောပြ ဆုံးမမိန့်ကြားတော်မူလျှင်း၍ နေရင်းတောကျောင်းသို့ ပြန်ကြွတော်မူလေသတည်း။

---

## ၁၄၄—မင်းတို့ဒကာများကြောင့် ဆရာနှစ်ပါး အမှုဆိုက်လျက် ဘုံကျော်တိုက်က ဦးပဥ္စင်းနှစ်ပါး ဘုရားပြိုင်ထုသလို အနိုင်အလုဖြစ်လိမ့်မည်ဟု လှစ်ဟမိန့်ကြားတော်မူခြင်း

မဟာဓမ္မ ရာဇဂုရု သုဓမ္မာအဝင် သင်္ဃာ ဆရာတော်ဘုရားကြီးသည် ဟင်္သာတမြို့၌ လူရှင်တို့အား တရားအမြိုက်ဆေး တိုက်ကျွေး သီတင်းသုံးတော်မူသောအခါ ရွာနှစ်ရွာစပ်၌ နီးကပ်တည်ရှိရာ တစ်ရွာလျှင် ကျောင်းတစ်ကျောင်းစီ ကြည်ညိုရာ ပုဂ္ဂိုလ်များကိုပင့်၍ သင့်တင့်စွာ ကိုးကွယ်ထားကြသတည်း။

အခါတစ်ပါး ဆရာတော်ဘုရားထံသို့ တရားနာရန် လာကြသည်တွင် တရားသဘင်၌ တွေ့ဆုံကြလျှင် တို့အရှင် ဘုန်းတော်ကြီးသည် ဝိနည်းကပဲ စမ်းစမ်း,

www.burmeseclassic.com

www.burmeseclassic.com



သုတ္တန်ခန်းကပင် လာလာ, အဘိဓမ္မာကပင် မေးမေး၊ သဒ္ဒါရေးကပင် ပြောပြော လောကဓမ္မ ဗဟုသုတများသည်ဟု တစ်ဖက်သား ဒါယကာတို့ကဆိုလျှင် ထိုထို အများ တစ်ရွာသားတို့ကလည်း သူများဆရာ ဘယ်လိုပင်တတ်သည်ဟု ဆိုသော် လည်း ထိုထိုပါဠိ အဋ္ဌကထာ ဋီကာအထွက် အနက်အဓိပ္ပာယ် အကျင်သဘော ဓာတ်ထိ အစဉ် ဥပါဒ်,ဠီ,ဘင်၊ အစဉ်ဖြစ်ပုံ အာရုံအာရမ္မဏိကလက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်နှင့်တကွ နေရာကျ သိမြင်သော ပုဂ္ဂိုလ်ရှားသည်။ တို့ဆရာတော် ဘုရား သဘောကို ပြောကြည့်မှသိမည်။ ဤသို့စသည်ဖြင့် အတည်အနိုင် အဆိုင် အပြိုင် ရှုံးနိုင်စကား အငြင်းပွားလျက် အချင်းများကြမည်အရှိ ဆရာတော်သိသဖြင့် ဘာမျှ မဟုတ်သည့်အတွက်နှင့် အမျက်ဒေါသ အာဃာတမထားကြရာ။ ဘုရား သဗ္ဗညု ရှိတော်မူစဉ် ကောသမ္ဗီပြည်တွင် အဘိဓမ္မာတတ် ရဟန်း, ဝိနည်းတတ် ရဟန်းတို့သည် အတူနေကြရာ ဘာမျှမဟုတ်သည့်အချက် သန့်သက်ခွက်အတွင်း၌ ရေကြွင်းထားမိရုံမျှနှင့် တစ်ပါးက တစ်ပါးကို ပြောဆိုငြင်းခုံ သူတစ်ဖုံ ငါတစ်ဝ ဆရာဒကာ လူ့ရွာနတ်ရွာ နှစ်ဖြာနှစ်ဝ နှစ်ပက္ခကွဲပြား ဖြစ်ကြငြားလျှင် ဘုရား သခင် ထုံးပြ၍ ဆုံးမသော်လည်း မနာယူ၊ ဒေါသမူ အာဃာတ ရန်လက်စ မစဲ သောကြောင့် ပလလဲတောသို့ မြတ်စွာဘုရား ကြွသွားတော်မူရသည်။

ဒကာကလည်း ဆရာကိုဖျက်တတ်သည်။ ဆရာကလည်း ဒကာကို ဖျက်တတ် သည်။ အမျက်ဒေါသ ကင်းစေကြရမည်။ ဥပမာအားဖြင့် "မြင်းကား ကောင်းလျက် မြင်းကျောင်းဖျက်သည်၊ မင်းကား ကောင်းလျက် မင်းမြှောင်ဖျက်သည်" ဟူသကဲ့သို့ လူဒါယကာတို့ မလိမ္မာသောနည်းကြောင့် ဘုန်းကြီးချင်း မကွဲပြားကြစကောင်း အကြောင်းလိုရင်းကား မြတ်စွာဘုရားသည်...

အကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ ဥပနယှန္တိ၊ ဝေရံ တေသံ န သမ္မတိ။

ဟူ၍ ဟောတော်မူသည်။

မံ၊ ငါ့ကို။ အကောစ္ဆိ၊ ဆဲရေးလေပြီ။ မံ၊ ငါ့ကို။ အဝဓိ၊ ညှဉ်းဆဲလေပြီ။ မံ၊ ငါ့ကို။ အဇိနိ၊ နှိမ်နင်းလေပြီ။ မေ၊ ငါ၏။ ဓနံ၊ ဥစ္စာကို။ အဟာသိ၊ ခိုးယူပြီ။ ဣတိ၊ ဤသို့။ ယေ စ၊ အကြင်သူတို့သည်လည်း။ တံ၊ ထိုသူတစ်ပါးကို။ ဥပန ယှန္တိ၊ ရန်ငြိုးထားကုန်၏။ တေသံ၊ ထိုရန်ငြိုးထားသော သူတို့အား။ ဝေရံ၊ ရန်သည်။ န သမ္မတိ၊ မငြိမ်း။

www.burmeseclassic.com

www.burmeseclassic.com


ဤကဲ့သို့ လာသည်များကို ထောက်ထားမြော်တင်း၍ သည်းခံခြင်းတရားနှင့် ပြည့်စုံကြကုန်ရာသည်။ မင်းတို့ ဒါယကာများ ငြင်းလို့ "အင်းဝမြို့ဘုံကျော်တိုက်က ဦးပဥ္စင်းနှစ်ပါး ဘုရားပြိုင်ထုသလို မဖြစ်ကြပါစေနှင့်"ဟု မိန့်တော်မူ၏။ ထိုအခါ ဒါယကာများက အရှင်ဘုရား ဦးပဥ္စင်းနှစ်ပါးတို့ ဘုရားပြိုင်ထုသော အခင်းကို လင်းကျင်းတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထား၍ မိန့်ကြားတော်မူသည်မှာ... ရှေးက ရတနာပူရ အင်းဝမြို့ ကောင်းစားစဉ်အခါ မင်္ဂလာဘုံကျော်တိုက်၌ နှစ်ခြိုက်ရှင်ပြိုး သီတင်းသုံးသော ဦးပဥ္စင်းနှစ်ပါးတို့သည် ဒက္ခိဏာသာခါဘုရား ပြိုင်ထုကြကုန်သတတ်၊ ထိုဦးပဥ္စင်းနှစ်ပါးတို့သည် ဘုရားထု၍ ပြီးသောအခါ ကိုယ်ထုသောလက်ရာကို ကိုယ်ပြလျက် သူ့ဘုရားက သပ္ပါယ်သည်, ငါ့ဘုရားက သပ္ပါယ်သည်ဟု အကျယ်အပွား အချင်းများကြလေသော် ဘုရားကိုယ်တော်ချင်းထိ မဏိတော်ချင်း ကိုင်ဆောင့်ကြသတဲ့ ဒကာတို့။

ဤအတူ ယခု မင်းတို့နှစ်သင်းကလည်း မဏိချင်းများ ကိုင်တိုက်မပေးကြပါနှင့်ဟု မိန့်တော်မူသောအခါ ရွာနှစ်ရွာသား ဒကာများတို့သည် မနားမနေ ရယ်မော၍ သဘောချင်း မျှ–တ–လျက် သင့်တင့်လေကုန်သတည်း။

---

## ၁၄၅–တန်ပါဟယ်တန္တွေ နင် သပြေပင်ရွာက မိညိုမြတ် ချည်စာသတ်တာ အတွေ့သားနှင့် လူ့ပြည်များမှာ ပဋိသန္ဓေမနေနိုင်ဘဲ ငါလက်မှိုင်ချရုံရှိတော့မည်ဟူသော ရက္ခစိုးစကားဖြင့် ပုံထား၍ မိန့်တော်မူခြင်း

အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် ပျဉ်းမနားမြို့ တောကျောင်း၌ ထောင်သောင်းမကများပြားလှစွာသော ပရိသတ်ရှင်လူ ပြည်သူသတ္တဝါ လာလာသမျှတို့အား တရားစည်ကြီး ခတ်တီးဆော်ရွမ်း၍ ပြညွန်းဆုံးမတော်မူသောအခါ၊ ယခု ပျဉ်းမနားမြို့ တောင် ရွာသစ်ကျောင်း၌ သီတင်းသုံးတော်မူသော ဦးဇယန္တ အရှင်မြတ်သည် သက်တော်နုနယ် ရွယ်တော်ပျိုမျစ် ငယ်စဉ်ခေတ်က ဓမ္မရာဇ်မင်းမြတ်ဆရာ သင်္ဂဇာဆရာတော်ဘုရားကြီးအထံ၌ နိယံမပြတ် ပျပ်ဝပ်ခစား တရားရင်နို့သောက်စို့

www.burmeseclassic.com



ခံယူတော်မူလေသဖြင့် အတူနေတပည့်ဖြစ်၍ ဆရာတော်ဘုရား၏ တရားဟော ကိုယ်စားလှယ် မထေရ်မွေကထိကပုဂ္ဂိုလ်ဟု ထိုထိုအနှံ့ ကျော်စောထင်ရှား၏။ တရားဟော, စကားပြော ချောမောပြေပြစ် ကျစ်လျစ်သေသပ် ဖြောင့်မတ်သန့်ရှင်း ဆုပ်၍သွင်းသကဲ့သို့ရှိ၏။

ယင်းသို့သော ဂုဏ်ထူးကြောင့် ဦးဇယန္တ အရှင်မြတ်၏ တရားကို ဒါယကာများတို့ နာယူလိုသဖြင့် မအားမလပ်အောင် ပင့်ကြ၍ အခွင့်မရကြသည်အတွက် လေးရက်, ငါးရက်ကပင် ကြိုတင်မှတ်သား လျှောက်ထားပင့်ဖိတ်ကြရ၏။

အခါတစ်ပါး ဦးဇယန္တ အရှင်ဘုရားသည် အသံနာသောကြောင့် လေးငါးရက်ခန့်မျှ ဆရာတော်ဘုရားထံ အခွင့်ပန်၍ အသံနာမှ ပျောက်စေဟု နားနေတော်မူသတည်း။ ထိုအခါ ပျဉ်းမနားမြို့တောင် ရွာသစ်မှ ဒကာ မောင်ဖူးဆိုသောသူသည် ရှေးရှူဦးညွှတ်ကာ ဦးဇယန္တ ကိုယ်တော်၏ တရားကို မှတ်သားနာခံလိုပါသည်။ ထို ဦးဇယန္တအား အရှင်ဘုရား အမိန့်ရှိ၍ တရားဟော ထည့်လိုက်ပါမည့်အကြောင်းနှင့် ခွင့်တောင်း လျှောက်ထားသည်။ သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒကာမောင်ဖူးရဲ့ ကနဦးအစ ရောက်ကာလကပင် စတင်၍ ဟောသည်မှာ ယခု တစ်လကျော် နှစ်လခန့် ရှိချေပြီ။ ဤမျှလောက် နေ့ရက် ကြန့်ကြာအောင် ဟော၍ နေပါပြောလျှက် တရားနာခွင့်မရ ယခုမှနာလိုသည်ဟု လျှောက်သော်လည်း အသံပေါက်မည် မဟုတ်ဟု မိန့်တော်မူရာ ဒါယကာ မောင်ဖူးက အထူးသဖြင့် ထပ်ကာထပ်ကာ ထည့်လိုက်ပါမည့်အကြောင်းနှင့် ခွင့်တောင်း လျှောက်ထားလေသော်... ဆရာတော်ဘုရားကြီးက သြော်... မောင်ဖူးနှယ် ဖြစ်မှ ဖြစ်ရပလေ "တစ္ဆေတစ်ယောက် ပျင်း၍ ရက္ခစိုးမင်းထံ ခွင့်ပန်သောစကားကို မကြားဖူးဘူးလော"ဟု မေးတော်မူ၏။ မကြားဘူးပါဘုရားဟု ခွင့်ပန်သော စကားကို မိန့်ကြားတော်မူပါဦးဟု မောင်ဖူးက လျှောက်ထားသည်။

ထိုအခါ သင်္ဂဇာ ဆရာတော်ဘုရားက ဒကာမောင်ဖူး၊ တစ်ခုသော ညောင်ပင်တွင် အစဉ်ခိုကိုးသော ရက္ခစိုးမင်းကြီးထံ နိယံမအား ခစား၍နေသော တစ္ဆေတစ်ဦးသည် အထူးပျင်းရိလှသဖြင့် တစ္ဆေဘဝမှ စုတေပြီး လူပြည်၌ ပဋိသန္ဓေနေလို၍ ညောင်နန်းရှင် ရက္ခစိုးမင်းထံ အခွင့်ပန်သည်မှာ... "အရှင်ရက္ခစိုးမင်း ကျွန်တော် ပျင်းလှပြီ တစ္ဆေဘဝမှ စုတေ၍ လူ့ပြည်တွင် ပဋိသန္ဓေ တည်နေရအောင် ကြဲ့ဆောင်ကယ်မတော်မူပါဘုရား"ဟု အသနားခံလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်ရက္ခစိုးမင်းက တန်ပါဟယ် တစ္ဆေ၊ နင် သပြေပင်ရွာက မိညိုမြတ်ချည်စာသတ်တာ အတွေ့သားနှင့် လူ့ပြည်များမှာ ပဋိသန္ဓေမနေနိုင်ဘဲ ငါလက်မှိုင်ချရုံသာရှိတော့မည်ဟု ဆိုသတဲ့ မောင်ဖူးရဲ့။

ဤအတူ ယခု မောင်ဖူးမှာလည်း လက်ဦးအစပထမ သူများ နာစဉ်ကတော့ အတွင်ဟောလျက်သားနှင့် တရားမနာရသည်ကို ငါ ခုမှမတတ်နိုင် လက်မှိုင်ချရတော့မည်ဟု မိန့်တော်မူသောအခါ ဒကာမောင်ဖူး ပြုံးလျက် လှုလယ်မှ ထသွားရလေသတည်း။

---

### ၁၄၆–မင့်လူများ စကားလုံးကြီးသော်လည်း ရှမ်းအုန်းသီး အသုံးမလုပ်တတ်သဖြင့် အုန်းမှုတ်ထဲမှာ အဆန်ရှိမှန်းမသိ၍ အခွံချည့် ဝါးထွေးသလို နေသည်ဟူသော ထုံးအရဖြင့် ဆုံးမတော်မူခြင်း

သင်္ဂဇာဆရာတော်ဘုရားသည် ပျဉ်းမနားမြို့ တောကျောင်းတွင် သီတင်းသုံးလျက် အလုံးစုံသော သုတ်, ဝိနည်း, အဘိဓမ္မာ တရားများကို ထိုက်သည်အားလျော်စွာ သတ္တဝါနုရင့် ထောက်ချင့်သောအား ဟောကြားပြသ ဆုံးမတော်မူသတည်း။ အချို့သော ပရမတ်ဆရာ အဘိဓမ္မာနှလုံးသွင်း၍ စိုးစဉ်းမှတ်သားကြားနာရဖူးသူ အချို့သောလူများက သင်္ဂဇာဆရာတော် သင်္ဂဇာဆရာတော်နှင့် ကျော်သာကျော်စောသည်၊ ပြောဟောသောတရားမှာ အဘိဓမ္မာတရား နည်းပါး၍ သုတ်တရားကိုသာ ဟောသည်။ သဘောနက်နဲ ခက်ခဲခြင်းမရှိ မိန်းမများပင် သိ၏ဟု ပြောဆိုကြကုန်သတတ်။

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားကို အထူးအားဖြင့် ကြည်ညိုသူ မောင်ရွှေလူဆိုသော ဒါယကာက သင်္ဂဇာ ဆရာတော်ဘုရားကြီးအား လျှောက်ထားသည်မှာ အရှင်ဘုရား အချို့သောသူများက ဆရာတော်ဘုရား ဟောကြားတော်မူသော တရားသည် အဘိဓမ္မာတရား နည်းပါး၍ သုတ္တန်တရားသာ များသည်ဟု ဆိုကြပါသည်ဘုရားဟု လျှောက်၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒကာ မောင်ရွှေလူ "မင့်လူများ စကားလုံး ကြီးသော်လည်း ရှမ်းအုန်းသီး အသုံးမလုပ်တတ်သဖြင့် အုန်းမှုတ်ထဲမှာ အဆန်ရှိမှန်းမသိ၍ အခွံချည့် ဝါးထွေးသလိုနေသည်"ဟု မိန့်တော်

www.burmeseclassic.com

www.burmeseclassic.com



မှုရာ မောင်ရွှေလူ တောင်းပန်၍ လင်းပြန့်မိန့်ကြားတော်မူသည်မှာ အမရပူရမြို့ဟောင်း ကောင်းစားစဉ်အခါကာလ ကမ္ဘောဇတိုင်းပြည်မှ ကုန်သည်ရှမ်းများတို့သည် ဘုရားဖူး၊ ကုန်ကူးရောက်လာကြလျှင် ဈေးချိုတွင် လှည့်လည်ဝယ်ခြမ်း၍ အုန်းသီးတန်းသို့ ရောက်သဖြင့် ယူကောက်ကိုင်ဆွဲ၍ ဘာသီးလဲဟု မေးသောကြောင့် ဈေးဆိုင်ရှင် မိန်းမက ဘုရားဒကာကြီးရဲ့ အုန်းသီးတဲ့ရှင့်၊ အုန်းသီးဆိုသည်မှာ သာမည အထင်နှင့် လူမြင်တိုင်း မစားနိုင်ဘူး၊ မင်းများမှ စားနိုင်ကြသည်၊ အဆိမ့်ကတော့ အလွန်ပင်ဟုဆိုလျှင် ထိုကုန်သည်ရှမ်းတို့သည် ဝယ်ခြမ်း၍ သွားကြလေကုန် သတည်း။

ရှမ်းပြည် တောတန်း လမ်းစခန်းသို့ ရောက်သောအခါ ဆရာဦးစီး အိုးသူကြီး ဖြစ်သော ရှမ်းတစ်ဦးက မိမိ ဝယ်ခဲ့သော အုန်းသီးကို ဓားကြီးနှင့် နွှင်ပြီးလျှင် အခွံအဖတ်ကိုသာ ဝါးစားလျက် အသင်တို့ "အုန်းအုန်းနှင့် မင်းသုံးမင်းဆောင် ဆို၍သာ စားရသည်၊ ဖန်တွတွပဲ၊ အစေ့ကလည်း ကြီးသနှင့်"ဟု အသုံးမလုပ်တတ် သဖြင့် အုန်းမှုတ်ကို အစေ့ထင်၍ တော်ရာတွင် ပစ်ခဲ့သတဲ့ မောင်ရွှေလူရဲ့။

ဤအတူ မင့်လူများ စကားလုံးကြီးသော်လည်း ရှမ်းအုန်းသီးစားသလို အခွံ ကိုသာဝါး၍ အဆန်များကိုတော့ ပါမှန်းမှ မသိကြဘဲဟု မိန့်တော်မူသော် တရား နာသူ အများလူတို့သည် သဲအူသိမ့်သိမ့် ရယ်မောကြကုန်၏။

ထိုနောက်မှ ဆရာတော်ဘုရားက တရားဟောရခြင်း မည်သည်ကား မြတ်စွာဘုရားသော်မှ ဝေနေယျဖျှာသယကို ကြည့်၍ တိက္ခဗုဒ္ဓိ မန္ဒဗုဒ္ဓိ အားလျော် စွာ ယထာယဟ ဟောပြတော်မူရသည်။ သုတ်တရားဟောသော အခါလည်း အဘိဓမ္မာ ပါရှိသည်ဖြစ်သည်။ စင်စစ် ပါမှန်းကို မသိက မယူဆတတ်၍ ဖြစ်ရာ သည်။ ဥပမာ ရာဟုလောဝါဒသုတ်ကို ဟောရာ၌ "စက္ခု ရူပေ သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ" ရာဟုလ၊ ဗိမ္ဗာရွှေလှော် ယသော်မိဖုရား သူကဖွားသော ချစ်သားရာဟုလာ။ စက္ခုရူပေန သံဝါသာ၊ စက္ခုနှင့် ရူပါရုံ ပေါင်းဆုံထိပါး ကြည့်မိများသောကြောင့်။ ရာဂပုတ္တံ၊ ရာဂတည်းဟူသော သားကို။ ဝိဇာယတိ၊ ဖွား၏။

ဤ၌ သုတ်ပင်ဖြစ်ငြားသော်လည်း အဘိဓမ္မာအားဖြင့် စက္ခုဝိညာဏနှင့် ရူပါရုံ တွေ့ဆုံမိ၍ အတိမဟန္တာရမဏ အာရုံ–အာရမ္မဏိက ကျေးဇူးပြုကြရာ၌ အတီတဘဝင်, ဘဝင်စလန, ဘဂ်ုပစ္ဆေဒ, ပဥ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံ စသည်ဖြင့် စက္ခုဝိညာဏဝီထိအစဉ်

www.burmeseclassic.com

www.burmeseclassic.com



ပါဒါဒ်–ဋီ–ဘင်နှင့်တကွ စိတ္တက္ခဏ တစ်ဆယ့်ခုနစ်ချက် ခဏငယ် ငါးဆယ့်တစ်ချက်ဖြစ်ရာ အဘယ်အခါကာလမျှ အနိစ္စကင်းသောအခါမရှိ ဒုက္ခကင်းသောအခါ, အနတ္တကင်းသောအခါမရှိ၊ ဤသို့ အစရှိသည်ဖြင့် နှလုံးသွင်းသောအခါ အဘိဓမ္မာတရားသည် ပါပြီးသား ဖြစ်တော့သည်ဟု မိန့်တော်မူသောအခါ တရားနာပရိသတ်အပေါင်းတို့သည် ကောင်းစွာ နှစ်သက်ကြလေကုန်သတည်း။

---

## ၁၄၇–မောင်သာဘေး 'စာ'သဘောပေါက်၍ မိအေးမှာ ဒုက္ခရောက်သည်ဟူသော ပမာစကားဖြင့် ဒါယကာအား ထုံးပြ၍ ဆုံးမတော်မူခြင်း

အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမ်တော်ရှိသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် မန္တလေးမြို့ အနောက်ပြင်–သင်္ဂဇာတိုက်၌ နှစ်ခြိုက်ရွှင်ပြုံး သီတင်းသုံးနေတော်မူသောအခါ ဒါယကာတစ်ဦးသည် ညွှတ်နူးရိုသေစွာ ခစား၍ လျှောက်ထားမေးမြန်းသည်မှာ... အရှင်ဘုရား၊ အတ္တ, ပိယ, ဝေရီ, မဇ္ဈတ္တဟု ဆိုအပ်သော ပုဂ္ဂိုလ်လေးဦးတို့သည် မိမိချစ်ခင်သော မယားကိုခွဲခြား၍ မေတ္တာပို့လျှင် အကျိုးရှိမည် မရှိမည်များကို ထင်ရှားသိသာအောင် ထုတ်ဆောင်မိန့်ကြားတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒါယကာ မေတ္တာပို့ပုံအခြင်းအရာ အာကာရကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဗြဟ္မဝိဟာရ နိဒ္ဒေသ၌...

> ယဒိ မေတ္တာ အပ္ပိယပုဂ္ဂလေ, အတိပ္ပိယ သဟာယကေ, မဇ္ဈတ္တေ, ဝေရီ ပုဂ္ဂလေတိ–ဣမေသု စတူသု ပဌမံ န ဘာဝေတဗ္ဗာ–ဟူ၍ လာသည်။

အယံ၊ ဤသို့ဆိုအပ်ခဲ့ပြီးသော စကားလုံးသည်။ ဟိ–သစ္စံ၊ မှန်၏။ မေတ္တာ၊ မေတ္တာဘာဝနာကို။ အပ္ပိယပုဂ္ဂလေ၊ မချစ်မနှစ်လိုသော အပ္ပိယပုဂ္ဂိုလ်၌လည်းကောင်း။ အတိပ္ပိယသဟာယကေ၊ အလွန် ချစ်နှစ်သက်အပ်သော အတိပ္ပိယပုဂ္ဂိုလ်၌လည်းကောင်း။ မဇ္ဈတ္တေ၊ မမုန်းမချစ် လျစ်လျူဖြစ်သော အဇ္ဈတ္တပုဂ္ဂိုလ်၌လည်းကောင်း။ ဝေရီပုဂ္ဂလေ၊ ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်၌လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေသု စတူသု၊ ဤလေးယောက်သော ပုဂ္ဂိုလ်တို့၌။ ပဌမံ၊ ရှေးဦးစွာ။ န ဘာဝေ တဗ္ဗာ၊ မပွားများအပ်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ လာသည်ဖြစ်၍ မချစ်မနှစ်လိုအပ်သော အပ္ပိယပုဂ္ဂိုလ်၌လည်းကောင်း၊ အလွန်ချစ်နှစ်သက်အပ်သော အတိပ္ပိယပုဂ္ဂိုလ်၌လည်းကောင်း၊ မမုန်းမချစ် လျစ်လျူဖြစ်သော မဇ္ဈတ္တပုဂ္ဂိုလ်၌လည်းကောင်း၊ ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်၌လည်းကောင်း၊ ရှေးဦးစွာ မေတ္တာမပွားများရာ၊ မယားဟူသည်လည်း အလွန်ချစ်မြတ်နိုးအပ်သော အတိပ္ပိယပုဂ္ဂိုလ်ပင် ဖြစ်သည်။

ယခု မင်းလျှောက်သော စကားအရ မယားကို ရှေးဦးစွာ ခွဲခြား၍ မေတ္တာတရားကို ပွားများခဲ့ပါလျှင် "မောင်သာဘေး 'စာ' သဘောပေါက်၍ မိအေးမှာ ဒုက္ခရောက်သည်"ဟူသောစကားကဲ့သို့ အကျိုးတရား ပျက်စီးလျက် အချည်းနှီး ဖြစ်ရာသာ ရှိမည်ဟု မိန့်တော်မူသည်။

## မောင်သာဘေး စာသဘောပေါက်ပုံ

ဒါယကာ မောင်သာဘေး စာသဘောပေါက်၍ မိအေးမှာ ဒုက္ခရောက်ဟန်ကို လင်းပြန်မိန့်ကြားတော်မူပါဘုရားဟု လျှောက်ထားသောကြောင့် မိန့်တော်မူသည်မှာ... ဒါယကာ၊ ကသာရွာက မောင်သာဘေးဆိုသော ဒါယကာတစ်ဦးသည် အထူးထူးသော လောကီ–လောကုတ္တရာ စာများကို ကြည့်ရှုခြင်း၌ လွန်မင်းစွာ ဝါသနာအလေ့ရှိသတတ်။ တစ်နေ့သ၌ မောင်သာဘေးသည် မိမိအိမ် အရှေ့ခန်းတွင် ပက်လက်လှန်၍နေခိုက် အိမ်ယောက်စွန်း၌ အသိုက်ပြု၍နေသော စာထီးနှင့် စာမတို့၊ ဒွယဒွယ သမာပတ္တိအမှုကို ပြုကျင့်၍နေသည်ကို သေသေချာချာ တစိမ့်စိမ့် ကြည့်ပြီးလျှင် မိမိတွင် ရာဂတရားနိုပ်စက်သဖြင့် ရက်ကန်းရက်၍နေသော မယားမိအေးကို ခေါ်သဖြင့် တော်ရှင်ဟူသော ဝေါဟာရစကားဖြင့် ပြန်ကြား၍ထူးသော် အိမ်ပေါ်သို့ စာသဘောပေါက်သောကြောင့် ခဏလောက်လာစမ်းဟု ပြောလျှင် သဘောရိုးထင်မှား၍ မယားမိအေးသည် မောင်သာဘေးထံ လျင်အမြန်တက်သွားရာ အနားသို့ရောက်က ဒွယဒွယ သမာပတ္တိအမှု စာကဲ့သို့ပြုလေသတည်း။

ထိုအခါ မိအေးက မောင်သာဘေး စာသဘောပေါက်၍ မိအေးမှာ ဒုက္ခရောက်သည်ဟု ဆိုသတဲ့ ဒကာရဲ့။

ဤအတူ ဒါယကာမှာ မယားတွင်သာ ခွဲခြား၍ မေတ္တာတရားများပွားလျှင် မင့်မယား ဒုက္ခရောက်ဖို့သာရှိမည်ဟု မိန့်တော်မူသောအခါ ကြားနာသူ တပည့် ရဟန်းအပေါင်းတို့သည် များစွာ ရယ်မောကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၄၈–ငါသစ်စေးသုတ်၍ ပေးလိုက်သည် နောက်ဈေးကျမှ ရွှေချပေတော့ဆိုသော အရှုံးစကားကဲ့သို့ ထူးခြားစွာ မပြောသေးဘူး နောက်ဈေးကျမှ ရွှေချပေတော့ ဟူသောစကားကို မိန့်ကြားတော်မူခြင်း

သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် ထီးစိုက်နန်းတည် ရာဇဌာနီဖြစ်သော မန္တလေး ရတနာပုံနေပြည်တော်ကြီးမှ တိုက်သီးနှစ်ဖြာ သင်္ဂဇာနှင့် ဝဇီရာရုံ ကျောင်းရုပ်စုံတို့ကို အာရုံမကပ် စွန့်ဖြတ်ခွာရှောင်၍ မြားမြောင်သီသ ပဏ္ဍာသမဏ တပည့်တပန်း ရဟန်းနောက်ပါ ရုံသံဃာတို့နှင့် လွှမ်းစွာထင်ရှား သတင်းကြွားသော ပျဉ်းမနားမြို့သို့ ဆိုက်ရောက်တော်မူရာ အရည့ဝါသီ တောမိုဝေလေ့ ပြကတေ့ အာသာ အထုံပါသောအားဖြင့် ပျဉ်းမနားမြို့မြောက် တောချောက်မြိုင်စမ်း အေးကြည် ချမ်းလျက် ကမ္မဋ္ဌာန်းမွေ့သိမ် ဆိတ်ငြိမ်ဘိကောင်း တောရကျောင်း၌ အပေါင်းများစွာ ထေရ, နဝ, မဇ္ဈိမတို့ကို ဟောပြကယ်ချွတ်တော်မူခြင်း၊ သီတင်းနေ့အခါ တရားနာ လာကုန်သော ဒါယကာ ဒါယိကာမအပေါင်းတို့အား ကြောင်းကျိုးမမွ ထုတ်ပြညွှန် ကြားတော်မူခြင်း၊ ဝိပဿနာအဖော် ပျော်ကြီးပျော်လျက် ကိုယ်တော်ထီးတည်း ငြီးငွေ့သံသရာ ကိုယ်ကောင်းရှာလျက် လေ့လာပွားများ အားထုတ်တော်မူခြင်း၊ ယင်းသို့ သာသနဟိတ, အတ္တဟိတ, ပရဟိတ, အကျိုးတို့ကို သယ်ပိုးရွက်ဆောင် တော်မူသတည်း။

အခါတစ်ပါး သီတင်းနေ့ကြုံသဖြင့် အလုံးစုံသော မြို့သူမြို့သား ယောကျာ်း မိန်းမဟူသမျှတို့ကို ဩဝါဒကထာ ဒေသနာအမြိုက်ဆေး တိုက်ကျွေးတော်မူသော တရားသဘင် အဆုံး လူလုံးမကွဲသေးခင်အခါ ဒါယကာမောင်ညိုက ဆရာတော် ဘုရားကို လျှောက်ထားသည်မှာ… အရှင်ဘုရား ယခုကာလ ဟာယန ဆုတ်ခေတ် ဖြစ်သည့်အလျောက် ဒိုးပေါက်စယ်ပေါက် သင်္ကြိုဟ်အကောက်များကို ကြည့်ရှုလျက် မှတ်စုနှင့် ပြောကြသော စာဟောဆရာတွေ ရှိကြသဖြင့် ပါဠိပါဠ်စ တစ်ပိုင်းရနှင့် ဒါနကိုပယ် ဝိပဿနာဆယ်မှ ဝင်္ငနွယ်ပြတ်မည်ဟု လှည့်ပတ်၍ပြော၊ အချို့သော ပုဂ္ဂိုလ်တို့ကလည်း ထိုဆရာတို့ ပြောဟောသည်ကို သဘောကျ၍ မနောကနှစ် သက်ကြပါသည်။ သို့ဖြစ်၍ ဟောသူနာသူ ပင့်ဖိတ်သောလူတို့မှာ ဘယ်သူက အကျိုးများလျက် ဘယ်သူအား အကျိုးဖြစ်မည်ကို စိစစ်ဟောကြား သနားတော်မူပါ မည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



## ပျော်ဘွယ်ကအရှူးလို လုပ်ကြစို့

ထိုအခါ ဆရာတော်ဘုရားက ဒကာမောင်ညိုရဲ့၊ ထိုထိုအရာဌာနတို့၌ ဒါန၏အကြောင်းနှင့် စပ်လျဉ်း၍ သွတ်သွင်းဟောကြားသည်လည်း များလှပြီ။ ယခု ဆရာတော်မှာလည်း ဒါယကာ–ဒါယိကာမများကို တရားဟော၍ အမောမျှ မပြေသေးဘဲ ရှိသည်။ ဒကာ၏ အမေးကို ကျေအေးအောင် ဖြေဆိုလျှင် တိုတိုနှင့် ကိစ္စတုံးမည်မဟုတ်။ "ပျော်ဘွယ်က အရှူးလိုလုပ်ကြစို့"ဟု မိန့်တော်မူ၏။

ထိုအခါ လျှောက်သူမောင်ညိုက ထိုအရှူး အခြင်းအရာကို ကောင်းစွာရှင်းအောင် လင်းကျင်းတော်မူပါဟု တောင်းပန်ရာ ဒကာမောင်ညို–ရှေးအခါက ပျော်ဘွယ်မြို့ ဈေးလမ်း၌ တောင်းရမ်းစားသောက် လမ်းလျှောက်ပျော်မြူးသော အရူးမောင်ပျော ဟူ၍ ရှိသတတ်။ အခါတစ်ပါး အရူးမောင်ပျောသည် ပေါ့သွပ်သော စိတ်ဖြင့် သစ်စေးဆိုင်ရိပ်တွင် ထိုင်နေဆဲ ဈေးထဲသို့ အဝယ်အခြမ်းလာသော မိန်းမတစ်ဦး သည် အရူးမောင်ပျောနေသော သစ်စေးဆိုင်နှင့် မဝေးသော ဈေးဆိုင်ကလေးတွင် ကွမ်းစားထုံးကို ကုန်း၍ဝယ်ယူခိုက် နောက်၌ထိုင်သော အရူးမောင်ပျောသည် ပေါ့သွပ်သော စိတ်နှလုံးဖြင့် သစ်စေးပုံးကို ဗျာကရာနှိုက်ပြီးလျှင် ကုန်းသောမိန်းမ ဖင်ကို သစ်စေးနှင့်သုတ်ပြီးမှ ရုတ်တရက် ပြောကြားသည်မှာ… "သွားရော့လဟဲ့ တစ်ခါ၊ ငါ သစ်စေးသုတ်၍ ပေးလိုက်သည် နောက်ဈေးကျမှ ရွှေချပေတော့"ဟု ဆိုသတဲ့ မောင်ညိုရဲ့။

၎င်းအတူ ယခုလည်း ဆရာတော်က သစ်စေးသုတ်၍ ပေးလိုက်မည်၊ နောက် ဈေးကျမှ ရွှေချပေတော့လကွယ်ဟု မိန့်တော်မူသောအခါ လာလာသမျှ တရားနာ အပေါင်းတို့သည် ထိုအကြောင်းကို တစ်ဦးနှင့်တစ်ဦး ပြော၍ ရယ်မောမဆုံး ရှိကြလေကုန်သတည်း။

---

## ၁၄၉–မင်းတရား တစ်ပုဒ်ရ၍ လာဘ်လာဘများသော်လည်း သမားတော်ရာထူးတိုးသလို အကျိုးပေးမည့်အခါနှင့် ကြုံဟန်ရှိသည် ဟူသောစကားဖြင့် မိန့်ကြားတော်မူခြင်း

မော်လမြိုင်မြို့အနီး မန်ကျည်းတောကျောင်း ဇရပ်ကြီးတွင် ခိုမိုးသီတင်းသုံး တော်မူသော ဘုန်းတော်ကြီးတစ်ပါးသည် ဆရာတော်ဘုရားအထံ ဖူးမြော်ရန်သွား၍ ခစားဝတ်ပြုရာ သင်္ဂဇာဆရာတော်ဘုရားကြီးက အသီးသီးသော အာလာပ သလ္လာပ,

www.burmeseclassic.com

www.burmeseclassic.com



သမ္မောဒနီယ စကားများကို ပြောကြားတော်မူပြီးလျှင် ငါ့ရှင် တရားများ ဟောတတ်သလောဟု မေးတော်မူ၏။ ဟောတတ်ပါသည်ဘုရားဟု လျှောက်ထား၍ အဘယ်တရားကို ငါ့ရှင်ရနည်းဟု မေးတော်မူပြန်ရာ မှန်ပါ ဘုရားအလောင်းယုန်မင်းမီးပုံတွင်းသို့ ခုန်ချသောဇာတ် ဆုံးအောင် အကုန်လုံးရပါသည်ဘုရားဟု လျှောက်၏။

ထိုအခါ ဆရာတော်ဘုရားက ငါ့ရှင် ဤတရားတစ်ပုဒ်တည်းသာ ရ၍အလျှုအသုဘ အစစတို့၌ ဟောနိုင်ပါမည်လောဟု မိန့်တော်မူသောအခါ မှန်ပါယုန်မင်းတရား တစ်ပုဒ်တည်းနှင့် ဘုန်းကြီးသည်မှာ လွန်ပါသည်ဘုရားဟု လျှောက်ထားသောအဆုံးတွင် ပြုံး၍ မိန့်တော်မူသည်မှာ အင်... မင်းတရားတစ်ပုဒ်ရ၍လာဘ်လာဘ များသော်လည်း သမားတော် ရာထူးတိုးသလို အကျိုးပေးမည့်အခါနှင့်ကြုံဟန်ရှိသည်။

ရှေးက ရတနာပူရ ပြည်အင်းဝ ကောင်းစားစဉ်အခါ ဆင်းရဲစွာသော မောင်ထူးဆိုသော ဒါယကာသည် ရင်ဘတ်နာစွဲကပ်သဖြင့် မရပ်မတည်နိုင်အောင်ရှိ၏။

## ရင်ဘတ်နာ ပျောက်ဆေး

တစ်နေ့သောအခါ ရင်ဘတ်နာသော ဝေဒနာကို လွန်စွာခံစားရသဖြင့် မယားက နှိပ်၍ပေးနေစဉ် ယောဆရာတစ်ယောက်က မြင်၍ အသင် ဘယ်သို့ဖြစ်သနည်းဟု မေးသော် ကျေးဇူးရှင်ခင်ဗျာ မ,နိုင်လျှင် မ,ပါ၊ ရင်ဘတ်နာသောအဖြစ်မှာ ခုနစ်နှစ်ကြာပါပြီ၊ ချမ်းသာအောင် ကြည့်ရှု၍ ကုသတော်မူပါဟု ပြောလေ၏။

ထိုအခါ ယောဆရာက ရင်ဘတ်နာ ဆေးနည်းကား မန်ကျည်းမှည့် တစ်ကျပ်, ဆား တစ်ကျပ်၊ ဆပ်ပြာ တစ်ကျပ်၊ သုံးဦးစပ် မှန်မှန်ချိန်ပြီးသော် ရေနှင့်ဖျော်၍သောက်၊ ရင်ဘတ်နာပျောက်လတ္တံ့ဟု ပြောပြီးလျှင် ယောဆရာ ထသွားလေသတည်း။ မောင်ထူး၏ ရင်ဘတ်နာသည် ယောဆရာဆိုတိုင်း ဆေးသောက်၍နောက်၌မပေါ်လာ ချမ်းသာရလေ၏။

နောက်ကာလ အတန်ကြာလွန်သော် မြို့ဝန်တစ်ယောက်၌ သည်းထန်သောရင်ဘတ်နာဝေဒနာ ခံစားရသဖြင့် ဆေးသမားကို လိုက်လံရှာဖွေရာ ရှေးအခါမောင်ထူး ပျောက်ဖူးသည်ကို သိသောသူတစ်ဦးက မောင်ထူးဆိုသူမှာ ခုနစ်နှစ်ကြာခံရသော ရင်ဘတ်နာသည် ကင်းကွာပျောက်လွတ်သည်ကို ကြားသိတွေ့မြင်ဖူးပါသည်။ မောင်ထူးကိုမေးက ဆေးနည်းကို သိပါလိမ့်မည် ပြောပြသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အဆောတလျင် စေတမန်နှင့် မောင်ထူးထံမေးလျှင် ဆေးနည်းကိုရေး၍ ပေးလိုက်သည်မှာ မန်ကျည်းမှည့် တစ်ကျပ်၊ ဆား တစ်ကျပ်၊ ဆပ်ပြာ တစ်ကျပ် ရောစပ်၍ ရေနှင့်ဖျော်သောက် ရင်ဘတ်နာပျောက်၏။ ဤကဲ့သို့ ပေးလိုက်သဖြင့် ဆေးကို ရေနှင့်ဖျော်၍ သောက်သောအခါ မြို့ဝန်မင်း ရင်ဘတ်နာသည် လျင်စွာပျောက်ကင်းလေ၏။ ဤကဲ့သို့ ပျောက်ခြင်းကြောင့် မြို့ဝန်မင်းသည် လွန်မင်းစွာ ကျေးဇူးတင်သဖြင့် ရှင်ဘုရင်အား သံတော်ဦးတင်လျှင် ဆေးနည်းရှင်မောင်ထူးအား ရွာစားပေးလျက် ဆေးကုသမားတော်ကြီးအရာကို အပ်နှင်း၏၊ သမားတော်ကြီး ဆရာထူး ဆရာထူးနှင့် ကွန့်မြူးကျော်စော၏။

## ၉၆ ပါးရောဂါပျောက်ဆေး

တစ်ရံရောအခါ မျက်စေ့နာသော မိန်းကလေးတစ်ဦးသည် ဆရာထူးထံ မျက်စေ့နာကုရန် လာရောက်ပြန်သော် ယမန်ကပြုသော ရင်ဘတ်နာဆေးနည်း မန်ကျည်းမှည့် တစ်ကျပ်၊ ဆား တစ်ကျပ်၊ ဆပ်ပြာ တစ်ကျပ်၊ ဤသုံးပါး ရောစပ်၍ ရေနှင့် ဖျော်တိုက်လျှင် မိန်းကလေး၌ ဝမ်းသွားရာ မျက်စေ့နာပျောက်လေသတည်း။

သမားတော် မောင်ထူးသည် ပျောက်ဖူးသော ရင်ဘတ်နာ ဆေးတစ်ဖုံနှင့် အလုံးစုံ လာလာသမျှသော ရောဂါအမျိုးမျိုး ကိုးဆယ့်ခြောက်ပါးလုံး ကုစားသဖြင့် ကံအားလျော်စွာ မပျောက်သည်မရှိ ပျောက်သည်ချည့် ဖြစ်လေသတည်း။

## နွားပျောက် ပြန်တွေ့စေသော ဆေးတော်ကြီး

တစ်နေ့သောအခါ နွားပျောက်သောသူ နှစ်ဦးလူတို့သည် သမားတော်မောင်ထူး ထံ ဝင်ပြီးလျှင် ကျွန်တော်တို့အား နွားပျောက်သောကြောင့် အနည်းငယ်မျှလောက် ထောက်မြော်ပါဟု သမားတော်မောင်ထူးထံ ဗေဒင်ကြည့်ရှုရာ၊ မန်ကျည်းမှည့် တစ်ကျပ်၊ ဆား တစ်ကျပ်၊ ဆပ်ပြာ တစ်ကျပ် ဤသုံးရပ်ကို ပေါင်းစပ်၍ ရေနှင့် ဖျော်သောက်က နွားပျောက်ကို တွေ့လတ္တံ့ဟု ဆိုသတည်း။

နွားရှာသော လူနှစ်ဦးတို့သည် မောင်ထူးပြောတိုင်း မန်ကျည်းမှည့် တစ်ကျပ်၊ ဆား တစ်ကျပ်၊ ဆပ်ပြာ တစ်ကျပ် ဤသုံးရပ်ကို ပေါင်းစပ်၍ သောက်သဖြင့် နှစ်ယောက်လုံး ဝမ်းသွားရာ ချုံကြားတွင် လူဆိုးတို့ ခိုးဝှက်ချည်ထားသော နွား

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင်ကို တွေ့မြင်က ကျေးဖူးရှင် မောင်ထူး၏ဆေးကို စားသောကြောင့် ငါတို့နွားကို တွေ့ရပေသည်တကားဟု သမားတော်မောင်ထူးအိမ်ကို သုံးကြိမ်တိုင် ဦးချ၍ နေရပ်ဌာနသို့ ပြန်ကြသတဲ့ ငါ့ရှင်ရဲ့။

ဤအတူ ယခု ငါ့ရှင်မှာလည်း "ဘုရားလောင်းယုန်မင်းတရား တစ်ပုဒ်လောက် နှင့် နွားပျောက်ကိုပင် ဟောအုံးမည့်လက္ခဏာကိုးကွဲ့"ဟု မိန့်တော်မူသောအခါ အပါးမှာရှိသော ပရိသတ်တို့သည် အထပ်ထပ် ရယ်မော၍ တသောသော နေကြလေကုန်သတည်း။

---

## ၁၅၀–ခွေးချီစေ့ဆက်သွင်းရာ၌ လိုရင်းကို မရောက်တတ်သည့်အပြင် နောက်ထပ်က သာ၍ဆိုးနေပြန်သည်ဟူသော ပမာစကားဖြင့် ဒါယကာအား မိန့်တော်မူခြင်း

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားသည် များစွာသော တပည့် ရဟန်း အပေါင်းတို့နှင့် အရှေ့ကြောင်းခရီးဖြင့် ဖြင်ပည်းများစွာ သတ္တဝါတို့အား တရား ဓမ္မ ဟောပြလိုသော နှလုံးသွင်းခြင်းဖြင့် ဘီလင်းမြို့သို့ ကြွတော်မူရာ သင်္ဂဇာ ဆရာတော်ဘုရား ရောက်ကြောင်းများကို ကြားသိကြသည်နှင့် ဒါယကာ ဒါယိကာမ အပေါင်းတို့သည် ကောင်းမွန်တင့်တယ် ဖွယ်ရာမြင့်မြတ်သော လှူဒါန် ရန်တို့ကို ဆောင်ကြဉ်း၍ ဝပ်စင်းခစားလာကြ၏။

ဆရာတော်ဘုရားကြီးသည်လည်း အသီးသီးသော ပရိသတ်တို့အား လျော်ပတ်သင့်လျော်အံ့ဟူသော တရားများကို ဟောကြားပြသ ဆုံးမတော်မူ၏။

ထိုအခါ တရားနာသော ပရိသတ်အပေါင်းတို့တွင် အကျုံးဝင်သော ဒါယကာ တစ်ဦးသည် အထူးအားဖြင့် အကျိုးပေးမကောင်းသောကြောင့် စောင်းရွဲ့သောပါး ရှိ၏။ ထိုဒါယကာသည် သင်္ဂဇာဆရာတော်ဘုရားကြီး၏ တရားကို ကြားနာရလျှင် ဆင်ခြင်စဉ်းစားသည်ကား ရှေးဖျားအခါ အတီတာနန္တရ ဘဝအကြောင်း ငါမကောင်း သောကြောင့် စောင်းရွဲ့သောပါး ရှိလျက် လူချင်းမတူ သူချင်းမမျှ ရှိရလေသည်။ သီလဝိသုဒ္ဓိ, ပရိယတ္တိဓမ္မ, လဇ္ဇီပေသလ ဖြစ်တော်မူသော ပုဂ္ဂိုလ်ကျော်ထူးကို ဖူးမြော်တွေ့ကြုံရပါလျက်သားနှင့် ပါးရွဲ့သော ဝဋ်အတွင်းမှ လွတ်ကင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



မပြုခဲ့လျှင် ယခုဘဝထက် နောက်ဘဝမှာ သာ၍ဆိုးမည်ဟု ကြံလျက် အိမ်သို့ပြန်ပြီးလျှင် သက်န်းကြီး, ကေသီ, သင်းပိုင်–ဟူသော တိစီဝရိတ် ပိုးသင်္ကန်းတို့ကို လှူဒါန်းရန် ပြင်ဆင်လျက် သင်္ဂဇာဆရာတော်ဘုရားကြီးအား ကပ်လှူ၍ ရှေးရှုဝပ်တွားကာ ဤသို့ လျှောက်ထားဆုတောင်းသည်။

"အရှင်ဘုရား တပည့်တော်သည် ဤသင်္ကန်းကို လှူဒါန်းရသော ကုသိုလ်စေတနာအဟုန်ကြောင့် တွေ့ကြုံရသော ဝဋ်ဆင်းရဲမှ ရှောင်လွှဲလွှင်ကင်းရပါလို၏ဘုရား"ဟု လျှောက်ထားဆုပန်လေ၏။

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားက ဒါယကာအား အဘယ်ဝဋ်မှ ကင်းလွတ်လိုသနည်းဟု မေးတော်မူလေသော် တပည့်တော်မှာ ယခုမတဲ့ဘဲ ပါးရွဲ့သော ဝဋ်အဆင်းမှ လွတ်ကင်းလိုပါသည်ဘုရားဟု လျှောက်ထား၏။ ထိုအခါ တရားနာပရိသတ် အရပ်ရပ်တို့က ရယ်မောကြ၏။

ဆရာတော်ဘုရားက ဒါယကာ ငါမေးသည့်အတွက် အလွန်လွဲသည်၊ ဝဋ်ဆင်းရဲတွင် တန်နေရာ အတော်သေးသား ရှေးနားတို့၍ မေးသည့်အတွက် သာ၍ခက်တော့သည်၊ ရှေးက "ဗွေးချိုစေ့ ဆက်သွင်းရာ၌ လိုရင်းကို မရောက်တတ်သည့်အပြင် နောက်ထပ်က သာ၍ဆိုးနေပြန်သည်"ဆိုသော စကားကဲ့သို့ ရှိ၏ဟု မိန့်တော်မူ၏။

ထိုအခါ တရားနာသူအပေါင်းတို့က ခွင့်တောင်း လျှောက်ထား၍ မိန့်ကြားတော်မူသည်မှာ ဒါယကာတို့ ဗာရာဏသီပြည်သား တောင်ယာသမားတစ်ဦးသည် မိမိ လုပ်ကိုင်သော တောင်ယာခွင်အနီး ကြီးစွာသော ခွေးချိုပင်ကြီးမှသီးသော အသီးတို့သည် မင်းကြီးနှင့် ထိုက်တန်အောင် ချိုမြိန်ကောင်းမြတ်သော အဖြစ်မျိုးကို သိ၍ မျိုးစေ့ကိုဆက်သရလျှင် ဘုရင်ဝမ်းမြောက်၍ ဇထောက်ပံ့ကယ်မတော်မူလိမ့်မည်ဟု ကြံစည်ဆင်ခြင်ပြီးသော် နန်းတော်သို့ဝင်ပြီးလျှင် ဘုရင်ကြီးအား ဆက်သလေသတည်း။

ထိုအခါ ဗာရာဏသီမင်းကြီးက အဘယ်မျိုးစေ့နည်းဟု မေးရာ "ချိုကို ချန်ထား၍" ခွေးစေ့ပါဘုရားဟု လျှောက်လျှင် ဘုရင်မင်းမြတ်က မလျှောက်ပတ်မတင့်တယ်သောကြောင့် နားမလည်ဘူး ပြင်၍တင်လောဟုဆိုလျှင် (ချိုကိုမထည့်) ကပွာယ်အိပ်စေ့ပါဘုရားဟု တင်ပြန်သတဲ့ ဒကာရဲ့။

ဤအတူ ယခုလည်း မသိ၍ မေးမိသည့်အတွက် ပါးရွဲ့ဆက်ရသည်ဟု မိန့်တော်မူရာ တရားနာပရိသတ်တို့ ရယ်မောသောအဆုံး၌ နှလုံးသွင်းရန် ရည်မှန်း၍

www.burmeseclassic.com



သက်န်းဒါယကာအား မိန့်ကြားတော်မူသည်မှာ... ဒါယကာ သံသရာ၏သဘော မတွေ့ကြုံဖူးသောသူဟူမရှိ မိမိတို့ ကံအားလျော်စွာ ဖြစ်ရသည့်ဘဝကိုငဲ့၍ ပါးရှဲ့ သောဝဋ်တွင်းမှ လွတ်ကင်းပါလို၏ဟု မတောင်းရာ။ အကြောင်းရှိ၍ အကျိုးပေးသည်၊ အေးငြိမ်းသော သန္တိသုခ နိဗ္ဗာန်ကိုရခဲ့လျှင် အဘယ်ကလာ၍ ကိုယ်မှာ ပါးရှဲ့နိုင် တော့အံ့နည်း။ မီးဆယ့်တစ်ပါးတို့၏ ငြိမ်းရာ နိဗ္ဗာန်ကိုသာ တောင့်တရာ၏။ ထိုကြောင့် မြတ်စွာဘုရားသည်...

သိဝံ ပေတ္ထတ ဘိက္ခဝေ၊ သိဝံ ပတ္ထေတွာ ဒါနံ ဒါတဗ္ဗံ။ သိဝံ ပတ္ထေတွာ သီလံ ရက္ခိတဗ္ဗံ။ သိဝံ ပတ္ထေတွာ ဘာဝနံ ဘာဝေ–တဗ္ဗံ။

ဟု ဟောတော်မူသည်။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မြော်တွေးကြောက်ငြောင်း သူတော် ကောင်းတို့။ သိဝံ၊ အေးချမ်းရာမှန် ပြည်နိဗ္ဗာန်ကို။ ပတ္ထေထ၊ တောင့်တကြကုန် လော။ သိဝံ၊ အေးချမ်းရာမှန် ပြည်နိဗ္ဗာန်ကို။ ပတ္ထေတွာ၊ တောင့်တကြ၍။ ဒါနံ၊ အလှူကို။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ သိဝံ၊ အေးချမ်းရာမှန် ပြည်နိဗ္ဗာန်ကို။ ပတ္ထေတွာ၊ တောင့်တ၍။ သီလံ၊ ငါးပါး, ရှစ်ပါး, ဆယ်ပါးသီလ အာဇီဝတို့ကို။ ရက္ခိတဗ္ဗံ၊ စောင့်ရှောက်အပ်၏။ သိဝံ၊ အေးချမ်းရာမှန် ပြည်နိဗ္ဗာန်ကို။ ပတ္ထေတွာ၊ တောင့်တ၍။ ဘာဝနံ၊ သမထ, ဝိပဿနာ–ဘာဝနာလမ်း ကမ္မဋ္ဌာန်းကို။ ဘာဝေတဗ္ဗံ၊ ပွားများ အပ်၏။ ယင်းသို့ လာရှိသည်များကို ထောက်ထားမြော်ရှု နှလုံးပြု၍ အစ္စုတာမြဲ အသင်္ခတ–နိဗ္ဗာန်ကိုသာ ရည်သန်တောင့်တ၍ လှူရာသည်ဟု ဟောတော်မူသောအခါ များစွာ နှစ်သက်ဝမ်းမြောက်ကြလေကုန်သတည်း။

---

## ၁၅၁–နွားကျောင်းသားနှင့် ဥပမာပြု၍ 'ရှူးသာစု' ခေါ်ခံရသည်ဟူသော ထုံးအရဖြင့် ဆုံးမဟောကြားတော်မူပုံ

အင္ဂမဓ္ဗာလင်္ကာရ ကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် ထီးနန်းကနက် ဖြန့်ကြက်စိုက်ထူရာ ရတနာပုံ မန္တ လေးနေပြည်တော်ကြီးမှ အသီးသီးသော တပည့်သံဃာ ဝန်းရံလျက် ကြွလာစုန် ဆင်း၍ ပျဉ်းမနားမြို့သို့ ရောက်တော်မူရာ နာတိဒူရ နစ္စာသန္န ဂမနာဂမန

www.burmeseclassic.com



အရှည်အဂ်ါ ပြည့်စုံစွာသော တောကျောင်း၌ ခိုအောင်းသီတင်းသုံးလျက် အလုံးစုံသော ပရိသတ်အများတို့ကို တရားဆုံးမတော်မူ၏။

တစ်နေ့သ၌ သီတင်းနေ့ ကြုံကြိုက်သဖြင့် ဆိုက်ရောက်လာသူ လူသူအများ မိန်းမယောက်ျားတို့သည် ဆရာတော်ဘုရားထံ သီလခံ၍ အပြန်တွင် နည်းပေးဆုံးမတော်မူသည်ကား ဒါယကာ–ဒါယိကာမ အပေါင်းတို့... ကောင်းသော ယောနိသောမနသိကာရနှင့် သီလကို ဆောက်တည်ကြပြီးသော် အဖော်မခင် သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက် ဆိတ်ငြိမ်လောက်သော အရပ်ဌာနသို့သွား၍ သုံးပါးသော လက္ခဏာရေးကိုဖြစ်စေ၊ အာနာပါနသတိကိုဖြစ်စေ၊ ဘုရားဂုဏ်, တရားဂုဏ်, သံဃာတော်ဂုဏ် အလုံးစုံတို့ကိုဖြစ်စေ နှလုံးသွင်းမှီး၍ ပုတီးများကို စိပ်ကြကုန်ရာသည် ဒါယကာတို့၊ ခပ်သိမ်းသော သတ္တဝါတို့မှာ သီလမှတစ်ပါး သီလကိုထား၍ အခြားအားထားကိုးကွယ် မှီတွယ်လဲလျောင်းရာမရှိ၊ သီလ၏ အာနိသင် အကျိုးဆက် မရေတွက်နိုင်ကြောင်းကို–

သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
အာနိသံသပရိစ္ဆေဒံ၊ တဿ သီလဿ ကော ဝဒေ။

ဟူ၍ ဟောတော်မူသည်။

သာသနေ၊ သာသနာတော်၌။ ကုလပုတ္တာနံ၊ အမျိုးကောင်းသား လူအများတို့အား။ ယံ၊ အကြင်သီလကို။ ဝိနာ၊ ကြဉ်၍။ ပတိဋ္ဌာ၊ တည်ရာထောက်ရာ အားကိုးရာသည်။ နတ္ထိ၊ မရှိ။ တဿ သီလဿ၊ ထိုသီလ၏။ အာနိသံသပရိစ္ဆေဒံ၊ အာနိသံသ အပိုင်းအခြားကို။ ကော၊ အဘယ်သူသည်။ ဝဒေ၊ ထုတ်ဆိုဟောကြားနိုင်တော့အံ့နည်း။

ဤသို့လာသည်ကို ထောက်ထားလျက် အားကိုးမှီခိုရာဖြစ်၍ စင်စစ် နှလုံးသွင်းထိုက်ပါပေသည်တကားဟု ကြိုးစားအားထုတ်ကြရမည်။ တိရစ္ဆာနကထာ, ဗာဟိရစကား, သမီးသားနှင့် ကျွဲနွားဥစ္စာ, လယ်ယာမိုးမြေ, မျိုးဆွေစသည် လောကီအစုလူမှုစကားများကို ပြောကြား၍ မနေကြကုန်ရာ ထိုသီလကို ကောင်းစွာမစောင့်သည့် အမှုကြောင့် "ရှူးသာစုများ အခေါ်ခံနေကြရဦးမည်"ဟု မိန့်တော်မူ၏။

ထိုအခါ ဥပုသ်သည်များစွာတို့က ဥပမာပြုသော ရှူးသာစုအကြောင်းကို ခွင့်တောင်း လျှောက်ထားသောကြောင့် မိန့်ကြားတော်မူသည်မှာ... "ဒါယကာ အပေါင်းတို့ အထက်မြို့ကျေး ကလေးဟူသော ရွာ၌ ဒါယကာ ဒါယိကာမအများ

www.burmeseclassic.com


တို့သည် မိမိတို့ ကိုးကွယ်၍ထားသော ဆရာသမား ကျောင်းသို့သွား၍ သီလများကို ခံယူဆောက်တည်ကြပြီးလျှင် သားလင်သမီး လုပ်သီးလယ်ယာ အဖြာဖြာသော အိမ်ထောင်ရေးနှင့်စပ်သော စကားများကို နွားကျောင်းသားတစ်ယောက်ကြား၍ ကမ်းနားသစ်ပင်ရိပ်က ရပ်လျက် မတ်တတ် နားထောင်လေသတည်း။ ဥပုသ်သည်အများ ယောက်ျား မိန်းမတို့သည် အချိန်ကုန်ပြီး နေဝင်ခါနီးသောကြောင့် အသီးအသီး ကျောင်းကထွက်၍ ပြင်ဘက်သို့အရောက် သစ်ပင်အောက်က နွားကျောင်းသားကိုမြင်၍ သီလရှင်မိန်းမကြီးက အမောင် နွားကျောင်းသား အမေကြီးများ သီလစောင့်ခဲ့ကြသည်။ အမျှနော်–သာဓုခေါ်ပေတော့ဟုဆိုလျှင် ယခင်နွားကျောင်းသားက မခံ့မညားပြုမည်ဟူသော စိတ်ကူးနှင့် 'ရှူးရှူး'ဟု ဆိုလိုက်၏။

ထိုအခါ သီလစောင့်သော အမယ်ကြီးသည် သည်းစွာအမျက်ထွက်လျက် မေတ္တာသက်၍ အမျှဝေသည်ကို ရိုသေစွာ သာဓုမခေါ် သရော်မည်စိတ်ကူးနှင့် 'ရှူးရှူး'ဟု ဆိုသူကို ကျောင်းထိုင်ပုဂ္ဂိုလ် ဘုန်းကြီးအား ငါသွားပြီးလျှောက်အံ့ဟု ပြန်သွား၍ ဘုန်းကြီးအား အကြောင်းစုံကို အကုန်ပြန်၍ လျှောက်ထား၏။

ထိုအခါ ဘုန်းကြီးက နွားကျောင်းသားကိုခေါ်၍ သရော်မည် စိတ်ကူးနှင့် ရှူးရှူးဟု မင်းဆိုသည်မှန်သလောဟု မေးရာ မှန်ပါသည်ဘုရား သီလများကို ဆောက်တည်လျက် တည်ကြည်ကောင်းမွန်စွာမနေ ဣန္ဒြေမရ သားကသမီး ပစ္စည်းဥစ္စာ လယ်ယာမိုးမြေ မျိုးဆွေးတဝေး တိုင်းရေးပြည်မှု သူ့မှာမည့်နှယ် ငါ့ဝယ်မည်သို့ ပြောလို့မဆုံး တရုံးရုံးစုအော်၍ ဧရပ်ပေါ်ဗြ နေကြသည်ကို ကြားသောကြောင့် အလကားရှိမည် စိတ်ကူး၍ ရှူးရှူး ဆိုလိုက်ပါသည်ဘုရားဟု လျှောက်ထား၏။

ထိုအခါ ဘုန်းကြီးက ဒါယိကာမကြီးများက စကား ဤသို့ပြောသလောဟု မေးရာ မှန်ပါသည်ဘုရား ပြောကြားမိပေသည်ဟု လျှောက်လေသော် ဘုန်းတော်ကြီးကလည်း သို့တည်းဟုတ်လျှင် ဤဥပုသ်မစင်ကြယ်ဘူး "ရှူးရှူး"ဟု ထပ်ဆိုပြန်သတဲ့ ဒကာရဲ့၊ ဤအတူ ယခု ဒါယကာ ဒါယိကာမများမှာလည်း ရှစ်ပါးသီလ ညစ်ညှူး၍ "ရှူးသာဓု"များ အခေါ်ခံနေကြရမည်ဟု မိန့်တော်မူသောအခါ များစွာသော ဥပုသ်သည်အားလုံးတို့သည် တခဲ့အံ့ ရယ်မောကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၅၂-ပါဠိစကား အသုံးမသင့်သဖြင့် နှလုံးနင့်၍ ထောက်ဆဖို့ ယောက္ခမနှင့် သမက်ထုံးကို တစ်သက်လုံး မှတ်ရန် မိန့်တော်မူသောအကြောင်း

သာသနာပြု သုဓမ္မာအဝင် သင်္ဂဇာဆရာတော်ဘုရားကြီးသည် ရောဝတီ နဒီ ကမ်းခုံ သားမျိုးစုံလျက် ဂုဏ်အင်မချို့ ပြည်မြို့ဌာန ရပ်ဒေသသို့ ရောက်တော်မူရာ သတ္တဝါရှင်လူ ပြည်သူပြည်သား ယောက်ျား-မိန်းမ ဟူသမျှ အရပ်ရပ် ပရိသတ်တို့သည် ပွင့်ချပ်ပဒုမ္မာ ကုဏ္ဍလာအိုင် ကြာတောမြိုင်သို့ မွေးကြိုင်သင်းကြူ ပန်းဝတ်ယူဖို့ ရှေးရှုရစ်ဝဲ သဲသဲအုံးအုံး ပျားပိတုန်းကဲ့သို့ ကျင့်သုံးမှတ်နာရန် လာကြသည်ကို ဆုံးမဟောကြား၍ နေနား သီတင်းသုံးတော်မူစဉ် မောင်မြတ်တင် ဆိုသောသူသည် စာပေကျမ်းဂန်ကို အတန်ငယ်မျှ သင်ဖူးသည်မရှိ၊ ပါဠိစကား အလွန်ပြောချင်သတတ်"

ထိုမောင်မြတ်တင်သည် သင်္ဂဇာဆရာတော်ဘုရားကြီးအပါး၌ ခစားပျပ်ဝပ်လျက် ရှေးရှုညွတ်ပျောင်း ခွင့်တောင်း လျှောက်ထားသည်မှာ... ဘန္တေ-အရှင်ဘုရား၊ ဣဒါနိ-ယခု တပည့်တော်များ၏။ နာဂရေ-ပြည်မြို့တွင်၊ သူ့အသက်ကို သတ်သူ၊ သရဏာဂမန်-သရဏဂုံပျက်သည်ဟု ဘာသေယျ-ပြောဆိုနေကြသော ကြောင့် ပျက်မပျက်ကို။ ဒေသေတု-ဟောကြားတော်မူရန် နာခံလိုပါသည်၊ ဣတိတသ္မာ-ထိုကြောင့် ဟောပြတော်မူပါ၊ ဘန္တေ-အရှင်ဘုရားဟု ပါဠိချည့် သက်သက်မပါ၊ မြန်မာဘာသာသက်သက်လည်း မဆိုလောက်၊ တောင်မရောက် မြောက်မကျ ဟုတ်လှပြီအထင်နှင့် သင်္ဂဇာ ဆရာတော်ဘုရားအား လျှောက်ထား၏။

ဤသို့ လျှောက်ထားလေသော် ဆရာတော်ဘုရားသည် သာမညအားဖြင့် မရယ်စဖူး အထူးရယ်တော်မူပြီးလျှင် မင်းတစ်ယောက်တွင်မှ ကြုံဖူးရသည်ဒကာ-စာတွေ အားကြီး သင်ဖူးဟန်ရှိသည်။ ပါဠိဘာသာကို မြန်မာလို ပြောရတာမျိုး မဟုတ်ဘူးကွဲ့၊ ပါဠိနေ ပါဠိသွား ဝါကျထား ဝါကျသိုကို တေးဆိုသလို ထင်သလား၊ ထူးဆန်းသောစကားကို သည်တစ်ခါ ကြားဖူးသည်။ လူထူးနှင့်တွေ့ဆုံ သရေဂုဏ်ပျက်-မပျက်ကို မပြောသေးဘူး။ ရှေးက သမက်နှင့် ယောက္ခမလို နေပေကိုးကွဲ့။

ရှေးက ရွာတစ်ရွာတွင် ယောက္ခမကြီး သမီးသမက် အတူနေကြရာ သမက်၏ ဝါသနာသည် နေရာဌာန ပြောသမျှဆိုသရွေ့၌ ရှေ့နေသံအသွင်နှင့်

www.burmeseclassic.com


ချဲ့ထွင်ပြောဆိုလေ့ရှိသည်ကို ထိုသူ၏ ယောက္ခမသည် ပြောသံမျှ မကြားချင် အလွန်ပင် မုန်းသတတ်။

တစ်ညသောအခါ အိမ်မှာ သူခိုးကပ်သည်ကို အတပ်သိကြသဖြင့် ယောက္ခမနှင့် သမက်တို့ ထွက်၍လိုက်ကြလျှင် အိမ်ပေါ်မှ ခုန်ချတိုးလျှိုး၍ သူခိုး ထွက်ပြေးလေသတည်း။

ထိုအခါ ယောက္ခမက သူခိုး အဘယ်သို့သွားသနည်း မေးသောအခါ သမက်က ပြောဆိုသည်မှာ မိဘနှစ်ပါးတို့ စားသောက်ရန် စိုက်ပျိုး၍ထားသော ထန်းပင်ပျို နှစ်ပင်အောက်မှ အနောက်သို့ လျှိုး၍ သူခိုး ထွက်ပြေးတိမ်းရှောင်သွားသည်များကို အဖေ သားမြင်ရပါသည်ဟု ဆို၏။

ထိုအခါ ယောက္ခမကြီးသည် သည်းစွာ အမျက်ထွက်သဖြင့် သမက်ကို ထောင်း၍ မြင်းစောင်းထဲ၌ ဝင်၍ထိုင်နေရာ အတန်ငယ်ကြာလျှင် စိတ်ထင်စိတ်ရောက် စိတ်အလွန်ပေါက်သောကြောင့် မထောက်မညှာ ပြုမိသည်။ ယခု ငါ သနားလှသည်။ သွား၍မေးဦးမှ တော်မည်ဟု နှလုံးပိုက်လျက် သမက်၏အနီး၌ ထိုင်ပြီးလျှင် ဖခင်စိတ်ထွက်၍ ပြုမိသည်၊ ယခု အဘယ်ဆီနားက နာသနည်းမေးရာ ဖေလေးသား မခံနိုင်အောင် ချည်တိုင်ကရစ်၍ နာပါသည်ဟု ပြောလေ၏။

ယောက္ခမကြီးမှာ ရှေ့နေသံကို မုန်းသောကြောင့် လုံးလုံးမကြားချင်ငြားသော်လည်း မသွားသာသေးသည်နှင့် ဖြည်းဖြည်းစိတ်တင်းလျက် မင်းဘယ်အစာကို စားချင်သနည်း ဆိုပြန်လျှင် ဖခင် ကျွန်တော် ယခု စားချင်သည့်အမှုမှာ သံရာသီး ဖြစ်ပါသည်ဟု ဆို၏။

ထိုအခါ ယောက္ခမကြီး ကြားပြင်း၍ မင်းထိုက်နှင့်မင်း နေရစ်တော့ဟုဆို၍ ထသွားသတဲ့ မောင်မြတ်တင်ရဲ့။

ဤဥပမာအတွက်၌ သမက်ဖြစ်သောသူသည် ရှေ့နေမဟုတ်ဘဲ ရှေ့နေစကားသုံး၍ ယောက္ခမကြီး မုန်းသကဲ့သို့ ဤအတူ မင့်မှာလည်း စာမတတ်ဘဲနှင့် ပါဠိထုတ်ဖော်တော့ ဆရာတော်က မကြိုက်ဘူး၊ မင်းထိုက်နှင့်မင်း နေပေတော့လကွယ်" ဟု မိန့်တော်မူသောအခါ တရားနာသူ ပြည်မြို့သူတို့သည် ဆူဆူသောသော ရယ်မောမဆုံး ရှိကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၅၃–သင်္ဂဇာဆရာတော် မန္တလေးသို့ ကြွတော်မူ၍ လိုက်ပို့သူတို့ မော်လမြိုင်ကမ်းထိပ်က လွမ်းစိတ်နှင့် ငိုကြွေးကြသဖြင့် ဟိုရှေး ကိန္နရာဇာတ်ကို ထုတ်လှပ်ဟောကြားတော်မူခြင်း

မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဋ္ဌမသင်္ဂါယနာတင် ခမည်းတော် မင်းတရားကြီး နတ်ပြည်စံတော်မူ၍ သားတော် မာရ်အောင်ရတနာစေတီတော် ဒါယကာ ဒုတိယမင်းမြတ် သမုတိနတ်သည် ထီးနန်းနိုင်ငံကို ဆက်ခံတင့်လျှမ်း သိမ်းမြန်းစိုးစံတော်မူရာ ပညာသာမိ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဝဇီရာ ရာမဆရာတော်ကို နန်းတော်သို့ပင့်၍ အခွင့် အကြောင်းအားလျော်စွာ ဤသို့ လျှောက်ထားသည်။

အရှင်ဘုရား၏ ဆရာ, တပည့်တော်များ၏ ဆရာ သင်္ဂဇာဆရာတော်ဘုရား ကြီးလည်း ခမည်းတော် နတ်ပြည်စံတော်မူသည့်နှစ်မှ ယခုတိုင်ကြာအောင် ကြွသွားတော်မူရာ မော်လမြိုင်မြို့မှာ သီတင်းသုံးကြောင်း ကြားသိရပါသည်။ သာသနာတော်အကျိုး, တိုင်းကျိုး, ပြည်ကျိုး, သတ္တဝါတို့၏အကျိုး ပွားတိုးစေရန် အကြောင်းများကို ထောက်ထားဆင်ခြင်သော် သင်္ဂဇာဆရာတော်ဘုရားကြီး မရှိက တပည့်တော်လည်း အားငယ်ဖို့ ရှိပါသည်။ တပည့်အရင်း ဖြစ်သည့်အားလျော်စွာ ကပည့်တော်၏ ပင့်စာနှင့်တကွ အရှင်ဘုရားကိုယ်တိုင် ကြွရောက်ပင့်ဆောင်က လိုက်ကြွတော်မူမည် ဖြစ်ပါသည်ဘုရားဟု လျှောက်ထားတောင်းပန်ချက်အရ ဝဇီရာရာမ ဆရာတော်ဘုရားသည် ကျေးဇူးရှင် သင်္ဂဇာဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ မော်လမြိုင်မြို့သို့ ကြွလိုက်၍ ဆိုက်ရောက်တော်မူလျှင်... ဘုရင်မင်းမြတ်က ပင့်အပ်သော လျှောက်လွှာကိုပြလျက် လျှောက်ထား၍ ဆရာတော် ဘုရားကြီး အခွင့်ပေးသဖြင့် သုံးလေးရက် ငံ့ဆိုင်း၍ တနင်္သာရီတိုင်း ကျေးလက်ခရိုင် မော်လမြိုင်မြို့ သင်္ဘောဆိပ်သို့အဆင်း မြို့တွင်းမြို့ပြင် ဝန်းကျင်ပတ်ရံ အတန်တန် သော မြို့သူမြို့သား ယောကျ်ား မိန်းမ လိုက်ပို့ကြသော လူအပေါင်းတို့သည် ပျော့ပျောင်းမျက်နှာ နေထိသောကြာကဲ့သို့ များစွာ လွမ်းဆွတ်ကြေကွဲ ဆည်မစဲနိုင် အောင် ပူဆွေးလျက် ငိုကြွေးကြသောကြောင့် ကျေအေးဖျောက်ဖြေ ငြိမ်သက်စေ မည်ဟူသော အာဘောဂဖြင့် ဤသို့ ဟောပြတော်မူသည်။

ဒါယကာ ဒါယိကာမအပေါင်းတို့ ချောင်းခြားသော ကိန္နရာတို့လို မဖြစ်ကြ စေနှင့်ဟု မိန့်တော်မူသော် လိုက်ပို့သူ ဒကာများသို့ လျှောက်ထားတောင်းပန်၍

www.burmeseclassic.com



လင်းပြန်မိန့်ကြားတော်မူသည်မှာ ဒါယကာ ဒါယိကာကာမအဆောင်းတို့ ဘုရားလောင်း ဘလ္လာတိယမင်းသည် သတ်ဖြတ်ခြင်း ပါဏာတိ၌ အဋ္ဌကထာရှိ ကျမ်းဂန် အလိုက အပါယ်သွားရန်ဟု လမ်းမှန်ဆိုသော်လည်း နန်းမစံလို တောကစားထွက် မည်ဟု သဘောထားလျက် မဆိုင်းမနေဘဲ တိုင်းပြည်ကို အပိုင်နှင်းလျက် မြို့ဝင်တွင်းသို့ တစ်ကိုယ်ချင်း ထွက်တော်မူလေသတည်း။

ယင်းသို့ ထွက်သွားတော်မူရာ ဘလ္လာတိယမင်းသည် ကင်းငုံကင်းပွင့် မြစ်နှင့် စမ်းရေ ပန်းထွေထွေနှင့် မိုး, နွေ, ဆောင်းဟု သုံးရတုတွင် ရုံးစုကြက်စား ငှက်များစံရာ ရတနာသီဂီ ထိန်ထိန်ကြည်လျက် ဣန္ဒနီ အရောင်လျှံသော စိန်ဝဇီ တောင်ယံတွင် ကိန္နရီမောင်နှံတို့ နှစ်ကောင်စံကာ လည်ချင်းယှက်သဖြင့် မှီတင်း လျက် နှစ်ကိုယ့်တစ်ကိုယ်နမ်းပြီးလျှင် မြည်တမ်းငိုယို ချစ်တင်းဆိုကြတုန်းကို ခိုပုန်းချဉ်းကပ် မိလေသတည်း။

ထို့ကြောင့် ဝိသတိနိပါတ် ဘလ္လာတိယဇာတ်၌...

ဘလ္လာတိယော နာမ အဟောသိ ရာဇာ၊
ရဋ္ဌံ ပဟာယ မိဂဝနံ အစရိသော။
အာဂမ္မ ဂိရိဝနံ ဂန္ဓမာဒနံ၊
သုပုပ္ဖိတံ ကိံ ပုရိသာနုစိဏ္ဏံ။
သာဠူရသံဃဋ္ဌ နိသေဝယိတွာ၊
ခနကလာပဋ္ဌ သော နိက္ခိပိတွာ။
ဥပဂမိ ဝစနံ ကတ္တုကာမော၊
ယတ္ထ ဋ္ဌိတာ ကိံပုရိသာ အဟေသုံ။

ဟု ဟောတော်မူပြီ။

မဟာရာဇ၊ မြတ်သောပသေနဒီကောသလမင်းကြီး။ ဘလ္လာတိယော နာမ၊ ဘလ္လာတိယ–အမည်ရှိသော။ ရာဇာ၊ ပြည့်ရှင်မင်းကြီးသည်။ အဟောသိ၊ ဖြစ်ဖူးပြီ။ သော၊ ထိုဘလ္လာတိယ–မင်းသည်။ ရဋ္ဌံ၊ ဗာရာဏသီ ပူရီညိ့မှိုင်း သာသည့်တိုင်းကို။ ပဟာယ၊ မဆုတ်မတွန့် ပစ်ခဲ့စွန့်၍။ မိဂဝနံ၊ ဟိမဝန္တာ သာယာပြန့်ပြော သမင် တောသို့။ အစရိ၊ လေးမြားမကွာ ခွေးငါးရာနှင့် ဖဲခွာထွက်သွားလေ၏။ သော၊ ထိုဘလ္လာတိယ ရာဇသနင်း အလောင်းမင်းသည်။ သုပုပ္ဖိတံ၊ ရဂုံတွင်း၌ ထုံသင်း စွင့်စွင့် ငုံကင်းဆင့်လျက် ပွင့်သောပန်းကို ဆောင်သော။ ကိံပုရိသာနုစိဏ္ဏံ၊ ကိန္နရီမယ် မောင်လည်နှမ ချစ်တင်းစလျက် ယုယမကွာ ကျက်စားရာဖြစ်သော။

www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓမာဒနံ၊ ဂန္ဓမာဒန အမည်ရှိသော။ ဂိရိဝရံ၊ ဣန္ဒနီလာ ဝဇီရာလျှပ် တောင်တော်မြတ်သို့။ အာဂမ္မ၊ ရောက်၍။

သောရာဇာ၊ ထိုဘလ္လာတိယ နာမတွင်ခြင်း အလောင်းမင်းသည်။ သာဠူရသံဂဋ္ဌ၊ လိမ္မာတတ်ရေး နည်းနာပေးပြီးသော ခွေးအပေါင်းကိုလည်း။ နိသေဓယိတွာ၊ တီးကာလက်ဖျစ် ဆိုတားမြစ်၍။ နေကလာပဋ္ဌ၊ ပြင်ဆင်သွေးဖြောင့် လေးနှင့်တောင့်ကိုလည်း။ နိက္ခိပိတွာ၊ ချ၍။ ယတ္ထ၊ အကြင်အရပ်၌။ ကိံပုရိသာ၊ ကိန္နရာနွယ် မောင်နှင့်မယ်တို့သည်။ ဠိတာ၊ တ–သ–ငိုယို ချစ်တင်းဆို၍ နေကြကုန်သည်။ ပေဟာန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုအရပ်၌။ ဝစနံ၊ စကားကို။ ကတ္တုကာမော၊ ပြောဆိုမေးမြန်း စုံစမ်းလိုသည်ဖြစ်၍။ ဥပါဂမိ၊ ချဉ်းကပ်၏။

ဤသို့ ချဉ်းကပ်မိသောအခါ ဘလ္လတိယမင်းသည် အသင်တို့၏ ကိုယ်သည် လူလိုအဆင်းရှိကုန်၏။ သင်တို့အနွယ်ကို အဘယ်အမျိုးဟု ခေါ်ကြသနည်း၊ အသင်တို့ တ–သ–ငိုယို ချစ်တင်းဆိုလျက် အဘယ်ကို ပြောဆိုတိုင်ပင်ကြသနည်းဟု မင်းကြီးက မေးတော်မူသည်။

ထိုအခါ ကိန္နရာတို့က အသင်မင်းကြီး ငါတို့သည်ကား အမည်မှာကား ကိန္နရာဟူ၍ ခေါ်ကြ၏။ ကိန္နရာ၊ ကိန္နရီ–နှစ်လီပျော်စံ ငှက်မောင်နှံတို့ မြူးပျံကခုန် ပျော်ပွဲစုံအောင် ရဂုံအတွင်း လည်ချင်းဖက်ကာ တောင်ယှက်ကာဖြင့် နေရာကြဆဲ လွန်ကဲထစ်ကြီး မိုးနှင့်တကွ လေကြီးထ၍ ရေ့မှတောင်မြောက် အနောက်ရော်ရမ်း မမှန်းတတ်ပြီ ကသီလင်တ ငှက်ဖိုမတို့ တစ်ညဉ့်မျှအတွင်း ချောင်းခြား၍ ကင်းသောကြောင့် လင်းမှတွေ့ဆုံကြရပါသည်။ ဤသို့ တစ်ညဉ့်မျှအတွက် ကွဲရသည့်အချက်နှင့် အသက်ကွင်းကွေ့ သေရာကထ တွေ့ရသည့်အတူ ကလူဖက်ရမ်း ရှုပ်နမ်းမပြေ ဝမ်းနည်းလေသောကြောင့် နေ့ရေများစွာ အခွန့်ကြာလျက် ခုနစ်ရာနှစ် တွက်စစ်လုံးလုံး ငိုမဆုံးဘဲ ယူကြုံမရ တ–သ–ရှိုက်ငင် ငိုပွဲဆင်၍ တိုင်ပင်ပြောဆိုကြပါသည်။ ယင်းသို့ ငါတို့ တစ်ညဉ့်မျှအဖို့နှင့် သို့လိုပူဆွေး ချစ်တင်းဆို၍ ငိုကြသေး၏။ သင်မင်းကြီးမှာ တစ်ရာသက်တမ်း နည်းပါးလွန်းလျက် ထီးနန်းရိပ်ငြိမ် ပြည်စည်စိမ်းနှင့် ရွှေအိမ်စံစား မိဖုရားတို့ကိုထား၍ ဘယ့်ကြောင့်လာဘိသနည်း။ ယင်းသို့စသည် ကိန္နရီမ ပြောပြသောအခါ ဘလ္လာတိယမင်းကောင်းဘုရားလောင်းသည် ကောင်းစွာကြံဆ သတိရ၍ တောမှပြန်ပြီးလျှင် နိုင်ငံထီးနန်း သိမ်းမြန်းစိုးစံတော်မူပြီး၍ ကြီးစွာသော ဒါနကောင်းမှုတို့ကို ပြုစုအားထုတ်တော်မူလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဝိသတိနိပါတ် ဘလ္လာတိယဇာတ်၌–

ဟိမစ္စယေ ဟေမဝတော တီရေ၊
ကိမိစ ဠိတာ မန္တ ယဝ္ဝေါ အဘိဏ္ဍံ။
ပုစ္ဆာမိ ဝေါ မာနုသဒေဟဝဏ္ဏော၊
ကထံ ဝေါ ဇာနန္တိ မနုဿလောကေ။

ဟိမစ္စယေ၊ ဆောင်းလေးလလွန်သည်ရှိသော်။ ဟေမဝတော၊ ဆီးနှင်းစွေသွန်ဟိမဝန္တာမြစ်၏။ တီရေ၊ ကမ်းနား၌။ ဣဓ၊ ဤအရပ်၌။ ဠိတာ၊ တည်ကုန်သော သင်တို့သည်။ ကိံ၊ အဘယ်စကားကို အဘိဏ္ဍံ၊ မပြတ်။ မန္တ ယဝ္ဝေါ၊ တိုင်ပင်ပြောဆိုကြကုန်သတည်း။ မာနုသဒေဟဝဏ္ဏော၊ လူ၏ ကိုယ်အဆင်းနှင့် တူကုန်သော။ ဝေါ၊ သင်တို့ကို။ ပုစ္ဆာမိ၊ ငါမေး၏။ မနုဿလောကေ၊ လူ့ပြည်၌။ ဝေါ၊ သင်တို့ကို။ ကထံ၊ အဘယ်သို့လျှင်။ မနုဿာ၊ လူတို့သည်။ ဇာနန္တိ နု၊ သိကုန်သနည်း။

ဤသို့ မင်းကြီးက မေးတော်မူရာ ကိန္နရီမက ပြောပြလိုသည်ဖြစ်၍...

မန္ဒာကိနိံ ပဏ္ဏုရတံ တိကူဋံ၊
သီတောဒကာ အနုဝိစရာမ နဒ္ဓော။
မိဂါ မနုဿာဝ နိဘာသဝဏ္ဏာ၊
ဇာနန္တိ နော ကိံ ပုရိသာတိ လုဒ္ဒ။
ယမေကရတ္တံ ပဝိသိမှ လုဒ္ဒ၊
အကာမကာ အညမညံ သရန္တာ။
တမေရတ္တံ အနုတပ္ပမာနာ၊
သောစာမ သာ ရတ္တိ ပုန န ဟေဿတိ။
တိဟူနကံ သတ္တသတာနိ လုဒ္ဒ၊
ယမိဓ မယံ ဝိပ္ပဝသိမှ ပုဗ္ဗေ။
ဝဿေကိမံ ဇီဝိတံ ဘူမိပါလ၊
ကောန္ဓိဓ ကန္တာယ ဝိနာ ဝသေယျ။ ။

ဟူသော ဂါထာကို ရွတ်၏။

လုဒ္ဒ၊ ခွေးငါးရာနှင့် လေးမြားကိုဆောင် ခန့်တိုင်းအောင်သော အမောင်မုဆိုး၊ မန္ဒာကိနိံ၊ မန္ဒာကိနီမြစ်ကိုလည်းကောင်း။ ပဏ္ဏုရကံ ပဏ္ဏုရကမြစ်ကိုလည်းကောင်း။ တိကူဋံ၊ တိကူဋ မြစ်ကိုလည်းကောင်း။ သီတောဒကာ၊ ချမ်းအေးသော ရေရှိကုန်

www.burmeseclassic.com

www.burmeseclassic.com



သော။ နဒ္ဓာ၊ မြစ်တို့ကို။ အနုဝိစရာမ၊ လှည့်လည်ကျက်စား ပျော်ပါးနေထိုင်ကြကုန်၏။ မိဂါ၊ သားမျိုးဖြစ်ကုန်သော။ မနုဿာဝ၊ လူတို့ကဲ့သို့။ နိဘာသဝဏ္ဏာ၊ တူစွာထင်သော အဆင်းရှိကုန်သော။ နော၊ ငါတို့ကို။ ကိံပုရိသာတိ၊ ကိန္နရာတို့ဟူ၍။ ဇာနန္တိ၊ သိကုန်၏။

လုဒ္ဒ၊ တောပုန်းချုံလျှိုး မောင်မုဆိုး။ မယံ၊ ငါတို့သည်။ ယံ ဧကရတ္တံ၊ အကြင်တစ်ညဉ့်မျှ။ အညမညံ၊ အချင်းချင်း။ အကာမကာ၊ အလိုမရှိကုန်ဘဲ။ သရန္တာ၊ အသက်ကွေကွင်း သေရခြင်းတမျှ စိုးရိမ်ကြကုန်လျက်။ ပဝိသိမှ၊ မောင်မယ်နှစ်ပါး မြစ်ချောင်းခြားလျက် ကွဲပြားနေကြရကုန်၏။ တံ ဧကရတ္တံ၊ ထိုတစ်ညဉ့်တွင်းမျှ ကင်း၍နေရသည်ကို။ အနုတပ္ပမာနာ၊ အလွန်ညှိုးပိန် စိုးရိမ်ပူပန်သည်ဖြစ်၍။ သာ ရတ္တိ၊ ထိုကင်း၍နေသော ညဉ့်သည်။ ပုန၊ တစ်ဖန်။ န ဟေဿတိ၊ မဖြစ်ပါစေသတည်း။ ဣတိ၊ ဤသို့ချင်းချင်း နှလုံးသွင်း၍။ သောစာမ၊ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းကြကုန်၏။

လုဒ္ဒ၊ တောပုန်းချုံလျှိုး မောင်မုဆိုး။ ယံ-ယသ္မိံကာလေ၊ အကြင်အခါ၌။ ဣဓ၊ ဤအရပ်၌။ မယံ၊ ငါတို့သည်။ ပုဗ္ဗေ၊ ရှေး၌။ ဝိပ္ပဝသိမှ၊ ကင်း၍နေကုန်၏။ သော ကာလော၊ ထိုအခါသည်။ ဣတော-ဤနေ့မှ။ တီဟူနကာံ၊ တီဟိ ဦနကာနိ၊ သုံးရက်တို့ဖြင့် ယုတ်ကုန်သော။ သတ္တာတာနိ၊ အနှစ်ခုနစ်ရာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဘူမိပါလ၊ ရေမြေသနင်း ပြည့်ရှင်မင်း။ တုမှာကံ၊ သင်မင်းကြီးတို့၏။ ဣမံဇီဝိတံ၊ ဤအသက်သည်။ ဧကဝဿံ၊ အနှစ်တစ်ရာသာတည်း။ ကောနုကိံနု၊ အဘယ့်ကြောင့်။ တွံ၊ သင်သည် ကန္တာဃ၊ နှစ်သက်ခုံမင် ချစ်ခင်စွာငြား မိဖုရားနှင့်။ ဝိနာ၊ သနားမညှာ စွန့်ခွာကွေကွင်း၍။ ဝသေယျ နု၊ နေဘိသနည်း။

ဤသို့ ကိန္နရီမ ပြောပြ ပြန်ကြားသောအခါ ဘလ္လာတိယမင်းသည် ချက်ချင်းသတိရသဖြင့် တောမှပြန်၍ နိုင်ငံကိုအုပ်ချုပ်လျက် မင်းလုပ်တော်မူကြောင်းကို-

ဣဒ္ဒဥ္စ သုတွာန အမနုဿာနံ၊
ဘလ္လာတိယော ဣတ္တရံ ဇီဝိတန္တိ။
နိဝတ္တထ န မိဂဝံ အစရိ၊
အဒါသိ ဒါနာနိ အဘုဉ္ဇိ ဘောဂေ။

ဟု ဟောတော်မူသည်။

တဒါ၊ ထိုအခါ၌။ ဘလ္လာတိယော၊ ဘလ္လာတိယ မင်းသည်။ အမနုဿနံ၊ ကိန္နရာတို့၏။ ဣဒဥ္စ၊ ဤစကားကိုလျှင်။ သုတွာ၊ ကြား၍။ ဇီဝိတံ၊ လူတို့၏

www.burmeseclassic.com



အသက်သည်။ ဣတ္တရုံ၊ နည်းစွာ၏။ ဣတိ၊ ဤသို့။ နလုံးသွင်း၍။ နိဝတ္တထ၊ ပြန်လေ၏။ မိဂဝံ၊ သမင်တောသို့။ န အစရိ၊ မသွားပြီ။ ဒါနာနိ၊ အလှူတို့ကို။ အဒါသိ၊ ပေးလှူ၏။ ဘောဂေ၊ မင်း၏စည်းစိမ်ချမ်းသာတို့ကို။ အဘုဉ္ဇိ ခံစား၏။

ဘလ္လာတိယဇာတ်၌ ကိန္နရာ–ကိန္နရီနှစ်ပါးတို့ ချောင်းခြား၍ ငိုကြွေးသကဲ့သို့ ပူဆွေးခြင်းမဖြစ်ကြစေကုန်လင့်ဟု အဆုံးအမ ဩဝါဒပေးလျက် မန္တလေးသို့ လိုက်ပါကြွသွားတော်မူလေသတည်း။ သင်္ဂဇာ ဆရာတော်ဘုရားကြီးနှင့်တကွ ဝဇီရာရာမ ဆရာတော်ဘုရားတို့သည် ကြွသွားတော်မူကြရာ ရတနာပုံ မန္တလေး နေပြည်တော်ကြီးမှ သာသနာ့ဒါယကာ မဟာကေရာဇ် မင်းမြတ်က သင်္ဘော, သမ္ဗာန်တော်များနှင့်တကွ အလောကာဘိဝရ သာသနာရက္ခ မဟာဓမ္မရာဇာဓိရာဇ ဂုရု တံဆိပ်နာမံတော်ရှိသော မဏိရတနာရာမတိုက် မြတောင်ဆရာတော် ဝါယာမ ဓဇ၊ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော် ရှိသော ရမည်းသင်း မင်းသမီးဆရာတော်, ဝိမလဓဇ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော် ရှိသော မင်းခင်းဆရာတော် ဤဆရာတော်သုံးပါးကို အမှူးထား၍ လွှတ်တော် စာရေးကြီး မင်းလှ သိရီရာဇာ, သံတော်ဆင့် မင်းလှမင်းခေါင်ဇေယျသူတို့ကို အကြိုစေလွှတ်တော်မူလိုက်ရာ ဟံသာဝတီ ပူရိရိပ်မြို့ မြို့ရန်ကုန်၌ တွေ့ဆုံတော်မူကြလေသော် သင်္ဘောတော်တွင် စီးနင်းကြွလိုက် နေပြည်တော်သို့ ဆိုက်က သာသနာ့ဒါယကာ မဟာဓမ္မရာဇ်မင်းမြတ် သမုတိနတ်အား ဆယ်ပါးသော ရာဇ ဓမ္မ စသည်အပေါင်း ပြည့်စုံကြောင်း တရားများကို ဟောကြားတော်မူလေသတည်း။

---

## ၁၅၄–ဆရာတော်သဘောက မပြောလို၍ ပမာမိုးလျှင် နှာစေး၍ အနံ့မသိသော ယုန်ထုံးကို ပုံနှုန်း၍ မိန့်တော်မူသောအကြောင်း

မန္တလေး ရတနာပုံနေပြည်တော် ဒုတိယမြို့တည် နန်းတည် မာရ်အောင် ရတနာစေတီတော် ဒါယကာ သီပေါမင်းတရားသည် ခမည်းတော်၏ အရိုက်အရာ ဖြစ်သော ထီးနန်းနိုင်ငံကို ဆက်ခံတင့်လျှမ်း သိမ်းမြန်းစိုးစံတော်မူ၍ သက်တော် နှစ်ဆယ့်ခုနစ်နှစ်၊ နန်းစံရှစ်နှစ်၊ သက္ကရာဇ် ၁၂၄၇ ခု၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့၊ အင်္ဂလိပ်အစိုးရ စစ်သည်တော်များသည် ရေဝတီမြစ်ကြောင်းသို့

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောနှင့် ဆောင်ယူသွားစဉ်အခါ သင်္ဂဇာဆရာတော်ဘုရားကြီးလည်း မော်လမြိုင်သားတို့သည် သီပေါမင်းတရားကို အင်္ဂလိပ်အစိုးရ စစ်သည်တော်များ ဆောင်ယူသွားသည်ဆိုသောစကားကို အမှန်အားဖြင့် သိလိုပါသောကြောင့် ဟုတ်မဟုတ်ပါ-မပါကို ဆရာတော်ဘုရား မိန့်ကြားတော်မူပါဟု လျှောက်လာကြသည်မှာ နေ့စဉ်နေ့တိုင်း လူဆက်မပြတ် အားလပ်သော အခွင့်အနည်းငယ်မျှမရှိ၊ ညဉ့်စကားပြောရ၍ အကြောအခြင်ညောင်းလျက် နေမကောင်းထိုင်မသာ ရှိတော်မူ၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒါယကာတို့ ရှေးကယုန်ကလေးသို့ ပမာမိုး၍ နာစေး၍သာ နေချင်သည်ဟု မိန့်တော်မူ၏။

ထိုအခါ ဒါယကာအများ လျှောက်ထားသူတစေးတို့က ယုန်ကလေး၏ဥပမာကို ကောင်းစွာထင်ရှားအောင် မိန့်ကြားတော်မူပါဟု တောင်းပန်၍ လင်းပြန်မိန့်ကြားတော်မူသည်မှာ... ဒါယကာတို့ ရှေးက ဟိမဝန္တာ တောသုံးတောင်ကိုကုန်အောင်အစိုးရသော မိဂရာဇာ ကေသရာဇာ ခြင်္သေ့မင်းထံတော်ပါး၌ များစွာသောသမင်, ဒရယ်, ချေငယ်, စိုင်, ဆတ် အရပ်ရပ်သော သားအပေါင်းတို့သည် ခညောင်းဝပ်တွား ခစားလာမြဲ ဖြစ်သတည်း။ ထိုသို့ ခစားလာကြသောအခါ ကေသရာဇာခြင်္သေ့မင်းသည် ခံတွင်းကိုဟလျက် လာသမျှ သားအပေါင်းတို့ငါ၏ခံတွင်းကို နမ်းကြလေဟု ခိုင်းရာ နမ်းသမျှ သတ္တဝါတို့သည် အလွန်တရာ ညှီနံဟောင်ပုပ် စက်ဆုပ်ဖွယ်ပင် ဖြစ်သော်လည်း စင်စစ် ဟုတ်သည့်အတိုင်း မတင်ဝံ့ ရွံ့ကြောက်သည့်အတွက် ကရမက် စူကာ ပန်းနံ့သာကဲ့သို့ အလွန်တရာ မွှေးပါသည်ဘုရားဟု အသီးသီး လျှောက်ထားကြရ၏။

ဤကဲ့သို့ အစဉ်အတိုင်း နမ်းကြကုန်သော် ယုန်၏အလှည့်သို့ရောက်လျှင်မွှေးပါ၏ မပြောချင်သောကြောင့် အရှင်ကေသရာဇာခြင်္သေ့မင်း ခံတွင်းကို ကျွန်ုပ်နမ်းသော်လည်း "နာစေး၍ အနံ့ကိုမသိပါ"ဟု ဆိုသတဲ့ ဒကာတို့ရဲ့။

ဤအတူ ရပ်သူရွာသား အမေးများသောကြောင့် မအားမလပ်နိုင်အောင်ရှိသည်။ ဆရာတော်လည်း နာသာစေးလိုက်ချင်တော့သည်ဟု မိန့်တော်မူသောအခါသည်းစွာရယ်မော၍ တသောသော နေကြလေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၁၅၅ တစ်နေ့တည်း စောင့်ကြပြသော်လည်း ဥပုသ်သုံးပါးရသည်ကို သိကြ၏လောဟု သီလစောင့်သော ဒါယကာများကို သတိထားရန် မိန့်တော်မူခြင်း

အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ ကြားတောရကျောင်းတိုက်၌ နှစ်ခြိုက်ရွှင်ပြုး သီတင်းသုံးတော်မူသောအခါ သီတင်းနေ့ကြုံသောကြောင့် အလုံးစုံသော ဒါယကာ–ဒါယိကာမ အများတို့သည် ဆရာတော်ဘုရားထံ သီလခံပြီးသော် ဇရပ်ကြီးတစ်ခု၌ ရုံးစုနေထိုင်ကြပြီးလျှင် ချိုချဉ်ရသာ အဖြာဖြာတို့ကို ကောင်းစွာစုပေါင်း စားသောက်၍ အလျားမှောက်လျက် ပက်လက်လဲလျောင်း အကြောင်းသင့်ရာ ဥစ္စာစပါး သားသမီး ပစ္စည်းရှာရေး အသက်မွေးဖို့ တချို့က တိုင်ပင်, ဥယျာဉ်လယ်ယာ ငါ့မှာဘယ်သို့ သူတို့ဘယ်နည်း အကြီးအငယ် ရွယ်ရွယ်လတ်လတ် စပ်မိစပ်ရာ ပြောဆိုတိုင်ပင်၍ နေဝင်ခါနီးသဖြင့် သုတ်သီးသုတ်ပြာ သင်္ဂဇာဆရာတော်ဘုရားကြီးထံ ဝတ်ပြုရန်လာကြသော် ဆရာတော်ဘုရားက "အင်း တစ်နေ့တည်း စောင့်ကြပြသော်လည်း သုံးပါးသောသီလကို ရကြသည် မဟုတ်လော"ဟု မေးတော်မူ၏။

ထိုအခါ ဒကာများက သုံးပါးသောသီလကို နေရာတကျ မသိပါဘုရားဟု လျှောက်လျှင် သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ...

၁။ နံနက်မွန်းမတည့်ခင် မြင်မြင်သမျှ ရသာဆိအိမ့် ချိုဆိမ့်ချဉ်ငန် အတန်တန် အမျိုးမျိုး ကောင်းဆိုးမကြွင်း အတင်းစားသောက်၍ စောင့်ရှောက်သော သီလသည် အရသာပျော်မြူး အစားကြူးသောကြောင့် "ဘီလူးသီလ"ဟူ၍မှတ်။

၂။ ထမင်းဟင်းများ စားသောက်ကြပြီးသောအခါ ကမ္ဗလာကော်ဇော ကြမ်းချောချောတွင် မှောမတတ် အိပ်ပျော်ကြူးလျက် တရှူးရှူးဟောက်၍ စောင့်သော ဥပုသ်များကိုတော့ "နဂါးဥပုသ်"ဟူ၍ မှတ်ရမည်။

၃။ ပုတီးမစိပ် အိပ်ချင်တိုင်းအိပ်ပြီးလျှင် သုံးချက်တီးအလွန်တွင် အိမ်ပြန်ချင်သောစိတ်ကူးဖြင့် ဖရူးဖရူးနှင့် ထ၍ပြန်သော အရေး၌ "စာကလေးဥပုသ်"ဟူ၍ မှတ်ရမည်။

ထို့ကြောင့် ဆရာတော်က တစ်နေ့တည်း စောင့်ကြပြသော်လည်း ဥပုသ်သုံးပါးရကြောင်းကို ပြောသည်ဟု မိန့်တော်မူသောအခါ များစွာ ရယ်မောကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်မှ ဆရာတော်ဘုရားက ငါးပါး ရှစ်ပါး, ဆယ်ပါး၊ ထိုက်သည်အား လျော်စွာ တတ်စွမ်းပါသမျှ စောင့်သုံးဆောက်တည်ကြပြီးလျှင် စင်ကြယ်ခြင်းရှိအောင် သမာဓိတည်ကြည်စွာဖြင့် စာမရှိမည်သော သားသည် အမွေးအား မကျွတ်မပျောက် ရအောင် စောင့်ရှောက်သည်းထန် အသေခံသကဲ့သို့ ထိုအတူ ခံယူဆောက်တည် သော သီလကို ခဏတ္တယ အတွင်းမျှ လက်လွှတ်ခြင်း မရှိစေဘဲ မြဲသော နှလုံးသွင်း ဖြင့် အပြင်းစောင့်ရှောက် အကျိုးမပေါက်ရအောင် သတိထားကြရာသည်။ သတ္တဝါ တို့အား အကြင် ပါဏာတိပါတ အစရှိသော အညစ်အကြေးသည် ရှိ၏။ ထိုအညစ် အကြေးကို ဂင်္ဂါ, ယမုနာ, အစိရဝတီ, မဟီ, သရဘူ–ဟူသော မြစ်ကြီးငါးစင်းရေ တို့ဖြင့် အကြိမ်ကြိမ် ဆေးသော်လည်း ဖြူဖွေးစင်ကြယ်အောင် မတတ်နိုင်။ သီလ တည်းဟူသောရေဖြင့် ဆေးမှသာလျှင် ဖြူဖွေးစင်ကြယ်ကြောင်းကို ကောင်းစွာညွှန်ပြ ဩဝါဒပေးတော်မူလျှင် အလွန်ပင် ဝမ်းမြောက်နှစ်သက်ကြလေကုန်သတည်း။

---

## ၁၅၆–သင်္ဂဇာဆရာတော်ဘုရားအား တရားဟောမဏ္ဍပ်တွင် သေနတ်နှင့်ပစ်ခြင်း

သာသနာပြု သုဓမ္မာအဝင် သင်္ဂဇာဆရာတော် ဘုရားကြီးသည် ၁၂၄၆ ခုနှစ် အတွင်း ဟင်္သာတမြို့သို့ ရောက်သဖြင့် တင့်တယ်စွာသော တရားဟောနေရာ၌ ကောင်းစွာ သီတင်းသုံးတော်မူ၍ မြို့သူမြို့သား ယောက်ျား မိန်းမ လာသမျှ အပေါင်း သူတော်ကောင်းတို့အား ကောင်းကျိုးဓမ္မ ဩဝါဒဖြင့် ညွှန်ပြတော်မူသည် ကား ဒကာများတို့ သင်္ခါရတရားတို့၏ အဖြစ်အပျက်ကို ဉာဏ်မျက်စိတွင် ရှုဆင်ခြင်သော် နံနက်မြင်သော လူများစွာမှ ညချမ်းအခါ အချို့ကိုမမြင်ကုန်။ ညချမ်းမြင်သော လူများစွာမှ နံနက်အခါ အချို့ကိုမမြင်ကုန်။ ယင်းသို့သော သေခြင်းတရားနှင့် နီးပါးလှသည်ဖြစ်၍ အားသစ်ကြိုးကုတ် ပြုလုပ်ဆည်းပူးအပ် သော ဒါန, သီလ, ဘာဝနာကမ္မဋ္ဌာန်း ကုသိုလ်ငြိမ်းတို့ကို ကြိုးပမ်းအားထုတ်ကြ ကုန်ရာ၏။ ယနေ့နက်ဖြန် သန်ဘက်မှန်ရာ သေရန်နေ့ရက် ချိန်းချက်ပိုင်းခြားခြင်း မရှိသည်သာ ဖြစ်၏။ ထိုကြောင့်–

သာယမေကေ န ဒိဿန္တိ၊ ပါတော ဒိဋ္ဌာ ဗဟူ ဇနာ။
ပါတော ဧကေ န ဒိဿန္တိ၊ သာယံ ဒိဋ္ဌာ ဗဟူ ဇနာ။

www.burmeseclassic.com

www.burmeseclassic.com



အဇ္ဈေဝ ကိစ္စံ အာတပ်ံ၊ ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရန္တေန၊ မဟာသေနေန မစ္စုနာ။

ဟူသော တရားကို မှတ်သား နှလုံးသွင်းကြကုန်ရာသည်။

ပါတော၊ နံနက်ခင်းက။ ဗဟူဇနာ၊ များစွာသောလူတို့ကို။ ဒိဋ္ဌာ၊ မြင်ကုန်၏။ ဧကေ၊ အချို့ကုန်သောလူတို့သည်။ သာယံ၊ ညနေချိန်ကာလ၌။ န ဒိဿန္တိ၊ မထင်မြင်ကုန်။ သာယံ၊ ညချမ်းအခါ၌။ ဗဟူ ဇနာ၊ များစွာသောလူတို့ကို။ ဒိဋ္ဌာ၊ မြင်ကုန်၏။ ပါတော၊ နံနက်အခါ၌။ ဧကေ၊ အချို့သောလူတို့သည်။ န ဒိဿန္တိ၊ မထင်ကုန်။ အဇ္ဈေဝ၊ ယနေ့ပင်လျှင်။ အာတပ်ံ၊ အားထုတ်ဖွယ်ဖြစ်သော ကမ္မဋ္ဌာန်း ဘာဝနာ, ဒါန, သီလမှုကို။ ကိစ္စံ၊ ပြုအပ်၏။ သုဝေ၊ နက်ဖြန်ခါပင်။ မရဏံ၊ သေခြင်းကို။ ကော၊ ဘယ်သူသည်။ ဇညာ၊ သိနိုင်အံ့နည်း။ မဟာသေနေန၊ အတွင်းအပ များလှစွာသော စစ်သည်ရှိသော။ တေန မစ္စုနာ၊ ထိုသေမင်းနှင့်။ နော၊ ငါတို့အား။ သင်္ဂရံ၊ နေ့ရက် ချိန်းချက်ခြင်းသည်။ နဟိ–အတ္ထိ၊ မရှိသလျှင်ကတည်း။

## မောင်ဝက သေနတ်ဖြင့်ပစ်ပုံ

ယင်းသို့ စသည်ဖြင့် ဟောကြားဆုံးမတော်မူစဉ် မသိမမြင်လောက်သော နေရာမှ မောင်ဝဆိုသော သူသည် သေလောက်သော သေနတ် လက်နက်ဖြင့် ချိန်၍ ဓိဝိန်ကို မှန်းပြီးလျှင် အသက်ဆုံး ခွင်းအံ့ဟူသော အယောနိသော မနသိကာရ ဝဓကစေတနာဖြင့် အသေအချာ ပစ်လေသတည်း။

ထိုသို့ ပစ်ခတ် သေနတ်သံကြားသည်နှင့် တပြိုင်နက် အုတ်အုတ်ကျက်ကျက် ထွက်လော့ ဖမ်းလော သောသော ပရိသတ် ပျားပန်းခတ်သကဲ့သို့ သေနတ်နှင့် ပစ်သောသူကို ရှာဖွေဖမ်းဆီးကြရာ ထိုသူသည် တိမ်းရှောင်ထွက်ပြေး၍ မင်းဘေးမှ လွတ်မြောက်လေသတည်း။

ယင်းသို့ ပစ်သော်လည်း ဆရာတော်ဘုရားသည် ကြီးမားသော သမာဓိဂုဏ်ဖြင့် မတုန်မလှုပ် ဆုတ်နစ်ကြောက်ရွံ့ခြင်းမရှိ ပကတိမဖောက်မပြန် သည်းခံအံ့ဟု နှလုံးပြု၍ သဗ္ဗညုရှင်ပင် ဘုရားသခင် ကိုယ်တော်မြတ်မှ ပရိသတ်အလယ် မတင့်မတယ်သော အမူအရာနှင့် စိဉ္စမာန မိန်းမယုတ်၏ ပုတ်ခတ်ပြောဆိုခြင်း ခံတော်မူရသေးသည်ဟူသော ခန္တီဗလ တိတိက္ခတရားကို ပွားများနှလုံးသွင်းတော်၏။ သေနတ်နှင့် ပစ်သူကို မမိ, ခဲနှင့်ပစ်သူ လူဆိုး မောင်ရွှေနီးကို ဖမ်းမိလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



[ဤကား-သင်္ဂဇာဆရာတော်ဘုရားကြီး အောက်မြို့ကျေးရွာသို့ ကြွတော်မူစဉ်အခါ မန္တလေးမြို့တော်မှ လိုက်ပါသော ယခု မိတ္ထီလာဒိစကြိတ်ညောင်ရမ်းမြို့ရှေ့ ရွှေသာတိုက်၌ သီတင်းသုံးသော ဆရာတော်ဦးနရိန္ဒထံမှ ရအပ်သောအကြောင်း အတ္ထုပ္ပတ္တိအမြွက်တည်း။]

တစ်နည်း-တစ်ဆင့်စကား ကြားဖူးသည်ကား... ရှေး၌ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သင်္ဂဇာဆရာတော်ဘုရားကြီးကို သေနတ်နှင့် ပစ်ခတ်ထွက်ပြေးသူ မောင်ဝကို လက်နက်နှင့်တကွမိရာ ဒါယကာ တစ်သင်းတို့ အရေးပိုင်မင်းထံ အပ်နှံပို့ဆောင်လျှင် ချည်နှောင်ချုပ်ထားခြင်းကို ခံနေရသတတ်။

နောက် ဆရာတော်ဘုရားက ငါ့အား သေနတ်နှင့်ပစ်သော ဒါယကာသည် အဘယ်မှာ နေသနည်းဟု မေးတော်မူသောအခါ ဒါယကာတို့က မှန်ပါ ဆရာတော်ဘုရားကို လေးစားမထောက် သေလောက်သော လက်နက်နှင့် အသက်ဆုံးရှုံးလက်စတုံးပြုမည်ဟူသော ဝစေတနာနှင့် မိုက်ရိုင်းစွာသော သူတစ်ဦးဖြစ်၍ အပြစ်အားလျော်စွာ စစ်ဆေးဖို့ အရေးပိုင်မင်းထံ အပ်နှံပို့ထားပါသည်ဘုရားဟု လျှောက်ထားလေလျှင် သင်္ဂဇာဆရာတော်ဘုရားကြီးက သို့ဖြစ်ခဲ့ကြောင်းလျှင် ငါ့အား ထမ်းစင်ထမ်း၍ အရေးပိုင်မင်းထံ အမြန်ပို့ကြလော့ဟု အမိန့်တော်ရှိရာ သင်္ဂဇာဆရာတော်ဘုရားကို ဒါယကာများတို့ ထမ်းစင်နှင့်ထမ်း၍ အရေးပိုင်မင်းထံသို့ အမြန်လိုက်ပို့ကြရလေသတည်း။

အရေးပိုင်မင်းထံသို့ ရောက်သော် ဆရာတော်နှင့် အရေးပိုင်မင်းတို့ အချင်းချင်း နှုတ်ခွန်းဆက်သ အာလာပ-သလ္လာပ စကားများကို အနည်းငယ် ပြောကြားပြီးလျှင် ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... အရေးပိုင်မင်း၊ မြန်မာစာများကို သင်ဖူးပါသလောဟု မေး၏။ အရေးပိုင်မင်းက အနည်းငယ်မျှ သင်ကြားရဖူးပါသည်ဟု လျှောက်၍ နောက်မှ ဆရာတော်က အသင်အရေးပိုင်မင်း စတုမဟာရာဇ်စသော နတ်ဘုံဟု ရေးသောအခါ, ဗြဟ္မာ့ဘုံဟု ရေးသောအခါ ဝ-အက္ခရာများ ပါရှိသေးသလောဟု မေးတော်မူ၏။

ထိုအခါ အရေးပိုင်မင်းက နတ်ဘုံ, ဗြဟ္မာ့ဘုံကို ရေးသောအခါ ဝ-အက္ခရာနှင့် မရေးမသားရပါဟု လျှောက်၏၊ တစ်ဖန် ဆရာတော်ဘုရားကြီးက အရေးပိုင်မင်း၊ အဝီစိဟု ရေးသောအခါ ဝ-အက္ခရာပါသည် မဟုတ်လောဟူ၍ မေးပြန်ရာ ပါပါသည်ဟု အရေးပိုင်မင်းက လျှောက်လေသော် ဆရာတော်က အရေးပိုင်မင်း-

www.burmeseclassic.com

www.burmeseclassic.com



ယခု ဖမ်းဆီးချုပ်နှောင်၍ထားသော ဆရာတော်အား သေနတ်နှင့်ပစ်သူ မောင်ဝ၏ လားရာဘုံကား လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတို့နှင့် မဆိုင်၊ အဝီစိမှတစ်ပါး အခြား လားရန်မမြင်၊ ထိုသူ၏အမှုကို ထိုသူပင် စီရင်မည် အမှန်ဖြစ်သည်။ သို့အတွက် ယခု ဖမ်းဆီးချုပ်နှောင်ထားသော မောင်ဝကို ပစ္စက္ခ မင်းပြစ်ဒဏ်မှ ကင်းလွတ်ရန် အရေးကို ခွင့်ပေး လျှုဒါန်းစေလိုကြောင်းများနှင့် မိန့်ကြားနတ်ယူ၍ သေနတ်နှင့် ပစ်သူ မောင်ဝသည် အပြစ်ဘေးမှ ချမ်းသာရာရလေသည်။

ဤကား တစ်ဆင့်စကားဖြင့် ကြားဖူးသော အတ္ထုပ္ပတ္တိအကြောင်း အမြွက်တည်း။ ယင်းသို့ ပြဆိုအပ်ပြီးခဲ့သော အကြောင်းနှစ်ပါးတို့တွင် သင့်အံ့ထင်သည်သို့ အမှန် အားဖြင့် မှတ်သားကြပါစေကုန်သတည်း။

* ဤသေနတ်နှင့်ပစ်သော အကြောင်း၌ မည်သည့်ပုဂ္ဂိုလ်ထံက အမှန်အားဖြင့် ရရှိကြောင်းကို ဥပမာအတိုင်း ဥပမာတိုင်း ရေးသားပြဆိုပါလျှင် အပိုစကား ရှုပ်ထွေး၍ ကျမ်းလေးမည်စိုးသောကြောင့် မထည့်မသွင်းခြင်း ဖြစ်ပါသည်။

## ၁၅၇—သေနတ်နှင့်ပစ်သောအကြောင်းနှင့် စပ်လျဉ်း၍ ဦးပဉ္ဇင်း တပည့်ရဟန်းတို့အား မိန့်ကြားဆုံးမတော်မူခြင်း

သင်္ဂဇာ ဆရာတော်ဘုရားကြီးအား တရားဟောမဏ္ဍပ်တွင် သေနတ်နှင့်ပစ် ပြီးနောက် ဆရာတော်ဘုရား၏ တပည့်သား ရဟန်းတို့က အရှင်ဘုရား တရားဟော မဏ္ဍပ်၌ တရားဟောတော်မူစဉ် တရားသဘင်၏ အတွင်း၌ အတင်းဝင်၍ သေနတ်နှင့် ပစ်သည်မှာ စင်စစ် အံ့သြဖွယ်ရာကောင်းသော သတ္တဝါတစ်ယောက် ဖြစ်သည်။ ဤကဲ့သို့ ရန့်ရင်းကြမ်းတမ်းသော သူများသည် ဘုရားသခင် လက်ထက်တော်ကမှ ရှိမည်မဟုတ်ပါ။ ယုတ်မာသော ရန်သူမကောင်းကို အဘယ်အကြောင်းကြောင့် ဆရာတော်ဘုရား လိုက်၍နတ်ပါသနည်း။ ဤကဲ့သို့ ဆရာတော်ဘုရား သနားကယ် တင်ဖူးသော်လည်း ကျေးဇူးတင်မည့် သတ္တဝါမဟုတ်ပါဘုရား စသောအားဖြင့် လျှောက်ထားကြလေသည်။ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ… ငါ့ရှင်တို့ ဤကဲ့သို့သော အကြောင်းကို မအောက်မေ့ကြကုန်ရာ။ ဤကဲ့သို့သော သတ္တဝါတို့၏ နှောင်တမလွန် တွေ့ကြုံရလတ္တံ့သော ဘေးကိုမျှော်တွေးထောက် ထားသဖြင့် သနားခြင်းကရုဏာကိုသာ များစွာဖြစ်စေကြကုန်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မြတ်စွာဘုရားသည်–

တသ္မိံ ပုဂ္ဂလေ ကိစ္စာပိ ေသ ဠာဒါနိ မနုဿလောကေ စရတိ၊ အထ ခေါ ကတိပါဟဿ အစ္စယေန အဋ္ဌမဟာနိရယ သောဠသ–ဥဿဒနိရယ ပရိပူရဏော ဘဝိဿတီတိ ကာရုညံ ဥပဋ္ဌာပေတဗ္ဗံ၊ ကာရုညမ္ပိ သံပဋိစ္စ အာဃာတော ဝူပသမ္မတိ။

စသည်ဖြင့် ဟောတော်မူသည်။

တသ္မိံ ပုဂ္ဂလေ၊ ထိုသို့ပြစ်မှားသော ပုဂ္ဂိုလ်၌။ ေသ–သော ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ ဠာဒါနိ၊ ယခုအခါ၌။ မနုဿလောကေ၊ လူ့ပြည်၌။ ကိစ္စာပိ စရတိ၊ အကယ်၍ကား လှည့်လည်ကျက်စား သွားလာနေထိုင်ရသေး၏။ အထ ခေါ၊ ထိုသို့ လူ့ပြည်လူ့ရွာ ယခုအခါ၌ နေရာရငြားသော်လည်း။ ကတိပါဟဿ၊ နှစ်ရက် သုံးရက်ကို။ အစ္စယေန၊ လွန်သဖြင့်။ အဋ္ဌမဟာနိရယ သောဠသ ဥဿဒ နိရယ ပရိပူရဏော၊ ရှစ်ထပ်သော ငရဲကြီး ၁၆–ထပ်သော ဥဿဒငရဲ အပူပွဲ၌ ပြည့်သည်။ ဝါ၊ ခံရသည်။ ဘဝိဿတိ၊ ဖြစ်ရာတော့လတ္တံ့။ ဣတိ၊ ဤသို့။ ကာရုညံ၊ ရင်ဝယ်ဖွားသည့် သား၏ပမာ လွန်စွာသနားခြင်းကို။ ဥပဋ္ဌာပေတဗ္ဗံ၊ ဖြစ်စေအပ်၏။ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ ကာရုညမ္ပိ၊ သနားခြင်းတို့လည်း။ သံပဋိစ္စ၊ စွဲ၍။ အာဃာတော၊ ရန်ငြိုးထားခြင်းသည်။ ဝူပသမ္မတိ၊ ငြိမ်း၏။

ဤသို့ ထောက်ထားသဖြင့် သနားခြင်းကိုသာ ဖြစ်စေရာ၏။ အာဃာတတရား ရန်ငြိုးထားခြင်းကို မဖြစ်စေရာ။ ငါတို့ ငါ့ရှင်တို့မှာ မျက်ခွက် မျက်ရည်ယိုစီးလျက် ကြီးစွာကျေးဇူးရှိသော မိဘဆွေမျိုး အပေါင်းတို့ကို ကောင်းကောင်းကြီး စွန့်ခွာလျက် သာသနာတော်ထမ်း ရဟန်းပြုနိုင်ပြီးလျက် ကြီးစွာသော အကျိုးမဲ့ကိုပြုတတ်သော အမျက်ဒေါသကို အဘယ်ကြောင့် မသိမ်းမချုပ် မအုပ်နိုင်ဘဲ ရှိရှိအံ့နည်း။

ဗဟူပကာရံ ဟိတွာန၊ ဉာတိဝဂ္ဂံ ရုဒံ မုခံ။
မဟာနတ္ထကရံ ကောဓံ၊ သပတ္တံ န ဇဟာသိ ကိံ။

ဗဟူပကာရံ၊ များစွာသော ကျေးဇူးရှိသော။ ရုဒံ မုခံ၊ ငိုယိုသော မျက်နှာရှိသော။ ဉာတိဝဂ္ဂံ၊ ဆွေမျိုးအပေါင်းတို့ကို။ ဟိတွာန၊ စွန့်ပြီး၍။ မဟာနတ္ထကရံ၊ ကြီးစွာသော အကျိုးမဲ့ကိုပြုတတ်သော။ သပတ္တံ၊ ကျိန်ဆဲခြင်းနှင့်တကွဖြစ်သော။ ကောဓံ၊ အမျက်ကို။ ကိံ၊ အဘယ်ကြောင့်။ န ဇဟာသိ၊ မစွန့်နိုင်ဘဲရှိအံ့နည်း။

www.burmeseclassic.com

www.burmeseclassic.com



## ရန်ဖြစ်သူ အဘိုးနှင့် အဘွား

ဤသို့ လာသည်များကို နလုံးထားကြရမည်။ ငါ့ရှင်တို့က နာကြသလော၊ မနာကြကုန်လင့်။ မင်းတို့မှာ နာရုံသာနာသည်၊ ငါ့မှာ တရားလည်း ဟောရသေး၏။ သေနတ်ပစ်လည်း ခံရသေး၏။ ရှေးက အမယ်ကြီးနှင့် အဘိုးကြီး ရန်ဖြစ်သလို ဖြစ်နေပေါ့ဟု မိန့်တော်မူပြီးလျှင်… ငါ့ရှင်တို့၊ ရှေးက အဘိုးကြီးနှင့် အမယ်ကြီး နှစ်ယောက်သား လင်မယားတို့သည် စကားပြောရင်း အခင်းဖြစ်ပွားကြလျှင် ထ၍ ကန်ကြောက် တစ်ယောက်၏ ပေါင်ကို တစ်ယောက်ကုန်း၍ နပန်းလုံးရင်း ကိုက်ကြကုန်သတတ်။

ထိုနောက် ရန်အေး၍ တဖြည်းဖြည်း စိတ်ကျေပြီးလျှင် အဘိုးကြီးက ပြောသည်မှာ အမယ်ကြီး ညည်းနှင့် စိတ်ပေါက်၍ တစ်ယောက်၏ ပေါင်ကို တစ်ယောက် ကိုက်ကြသည်မှာ နာသလောဟု မေး၏။

## နာလည်းနာ နံလည်းနံ

ထိုအခါ အမယ်အိုက ကိုယ်လာ၍ မပြောပါနှင့်၊ ငါ ဒေါသဖြစ်ပါသည်။ မနာဘဲ ရှိမည်လောဟု ဆိုသော် အဘိုးကြီးက ညည်းမှာ နာရုံသာနာသည်၊ ငါ့မှာ နာလည်းနာသေး၏။ နံလည်းနံသေး၏ဟု ဆိုသတဲ့ ငါ့ရှင်တို့ရဲ့။

ဤအတူ ငါ့ရှင်တို့မှာ နာရုံသာနာသည်၊ ငါဆရာတော်မှာ တရားလည်း ဟောရသေး၏။ နာလည်း နာသေး၏ဟု မိန့်တော်မူသောအခါ အနီးမှာရှိသော ရဟန်းအပေါင်းတို့သည် သောင်းသောင်းအုတ်အာ များစွာ ရယ်မောကြလေကုန်သတည်း။

---

## ၁၅၈–ဘုန်းတော်ကြီးပြောသော စကားက တို့အိမ်နားနီးလာပြီဟူသော ပမာစကားဖြင့် ဒါယကာအား ဆုံးမမိန့်ကြားတော်မူခြင်း

သင်္ဘောဆရာတော်ဘုရားသည် တပည့်သား ရဟန်းအပေါင်းတို့နှင့် အနောက်ချောင်းသို့ ရောက်တော်မူသောအခါ ဒါယကာတစ်ဦးသည် အဖူးအမြော်လာရင်း ဝပ်စင်းခစား လျှောက်ထားသည်မှာ… အရှင်ဘုရား ရဟန်းတော်များသည် မာတုဂါမ ဝိသဘာဂနှင့်စပ်လျက် မလျှောက်ပတ်သော စကားများကို ပြောကြားကောင်းပါသလောဟု စော့ကြောလျှောက်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ ဤသို့ပြော သောစကားကို အဘယ်မှာ ကြားခဲ့သနည်း။ ကြားခဲ့၍ မေးဟန်ရှိသည်။ ဝိသဘာဂ နှင့် စပ်၍ မလျှောက်ပတ်သောစကားကို မပြောကြားကောင်းဟူ၍ မှတ်ရမည်။ သို့ရာတွင် ဒါယကာ ပြောကောင်းသည်ဖြစ်စေ၊ မပြောကောင်းသည်ဖြစ်စေ ကိုယ့်ဘာသာကိုယ် နေရမည်။ အကယ်၍ မပြောကောင်းကြောင်းကို ဒါယကာသိက အကျိုးရှိမည်ဟု အောက်မေ့သလော။ လူနှင့် မဆက်ဆံသော စကားကို မပြောကြား ချင်နှင့်။ ပုထုဇဉ်သဘာဝအလိုက် မကြိုက်မနှစ်သက်သော အမှုအရာတစ်ခုခုကို မြင်အံ့–ပြစ်တင်ကဲ့ရဲ့ ဖွဲ့နွဲ့ပြောဆိုမိတတ်သည်။ ဤသို့ ပြောဆိုမိက ဆူးထိဖက်ပေါက် အမှုရောက်တတ်သည်။ ရဟန်းတော်များ အကယ်၍ ပြောကြားသည်ဟုထင်အံ့၊ မမြင်မကြားရာသို့ သွား၍နေရသည်။ အဘယ့်ကြောင့်နည်းဆိုသော် ထိုစကားအလုံး စုံကို အကုန်နားလည်အောင် ပြုအံ့ဟု ဂရုစိုက်၍ နာခံခဲ့သော် မသင့်မလျော်ပြော သည်ဟု အယောနိသော မနသိကာရဝင်၍ မိမိအပေါ်တွင် အပြစ်မလွတ်ရာ။

ရှေးအခါက ဒါယကာနှင့် ဒါယိကာမ ဥပုသ်စောင့်သွားတော့ ဘုန်းကြီးပြော တဲ့စကားက တို့အိမ်နားနီးလာပြီဆိုတဲ့ ပမာကဲ့သို့ ဖြစ်တတ်သည်ဟု မိန့်တော်မူ၏။

ထိုအခါ လျှောက်ထားသူ ဒါယကာ တောင်းပန်၍ လင်းပြန် မိန့်ကြားတော်မူ သည်မှာ... ဒါယကာ ရှေးက ရွာတစ်ရွာတွင် ကျောင်းတစ်ကျောင်းရှိရာ သီတင်း နေ့အခါ၌ ကျောင်းဒကာ ကျောင်းအမတို့သည် ရှစ်ပါးသီလကို ခံယူဆောက်တည် ပြီးလျှင် ဘုန်းကြီးနေသောနေရာ အောက်တည့်တည့်က မြေကြီးတွင် ပုတီးထိုင်၍ စိပ်ကြ၏။ ဘုန်းကြီးလည်း စကားတစ်လုံးမျှမပြော တုဏှိဘောဖြင့် သမာဓိကြီးသော အယောင်နှင့် ရုပ်ဆောင်နေထိုင်၏။ ကျောင်းဒကာ လင်မယားတို့သည် ရှစ်ပါးသီလ စောင့်သုံးလျက် တစ်နေ့လုံးနေရာ နေဝင်လုနီးအချိန် အိမ်သို့ပြန်ရန်သင့်ပြီဟု နှလုံးသွင်း၍ ပြန်သွားသော် မယားက ဆိုသည်မှာ... တို့ဆရာကိုယ်တော်သည် သင့်လျော်လျောက်ပတ်လေသည်။ ကြည်ညိုဖွယ်သော ဣန္ဒြေရှိ၏၊ ငါတို့လင်မယား ရှစ်ပါးသီလစောင့်သုံး၍ တစ်နေ့လုံး ကျောင်းအောက်တွင် နေကုန်သည်။ တစ်စုံ တစ်ခုသောအကြောင်း မကောင်းသော အမှုအရာဟူ၍ မကြားမမြင်။ စင်ကြယ်သော သီလနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို တို့ကုသိုလ်ကောင်း၍ ကိုးကွယ်ရပေသည်ဟု ပြောလေ၏။

ထိုအခါ ကျောင်းဒကာက ငါလို သိတတ်သော ယောကျ်ား ရှာလျှင်ရှားမည် အဘယ်သူအား ဤကဲ့သို့သော ဘုန်းကြီးကို ရှာမှီး၍ ရမည်နည်းဟုဆို၏။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအမက ကဲ... ကျောင်းကို ပြန်ကြဦးစို့ မောင်မင်း၊ ကျောင်းတွင်းရှိ ကိုယ်တော်များ ဘုရားဝတ်တက်သံကို နာခံကြည်ညိုလျှင် ကုသိုလ်များဖို့ရာ ရှိပါသည်ဟု ပြောရာ ကျောင်းဒကာက မိုးချုပ်ပြီရှင်မ ပြန်ကြပါစို့။ ငါတို့အပြန် မှောင်နေလိမ့်မည်ဟု ဆို၏။ ထိုသို့ဆိုပါသော်လည်း ကြည်ညိုသူ ကျောင်းအမက ဆွဲသောကြောင့် ကျောင်းထဲသို့ လိုက်ပါရလေသတည်း။

ကျောင်းတွင်းသို့ ရောက်သောအခါ နေ့အခါနေသော နေရာတွင် အသာပုတီးစိပ်၍ တိတ်တဆိတ်နေလေသော် ကျောင်းပေါ်က ဘုန်းကြီးနှင့် အသီးသီးသော ရဟန်းအပေါင်းတို့သည် ကျောင်းဒကာနှင့် ကျောင်းအမတို့ ပြန်ကြပြီဟူသော အမှတ်ဖြင့် ပရိသတ်ဝိုင်းဖွဲ့၍ ပြောကြားကြသည်မှာ ဘုန်းကြီးက ငါ့ရှင်တို့ ရွာထဲတွင် ဟိုတုန်းက လင်ဆုံးသော မုဆိုးမဒ္ဒ ယောက်ျားမရသေးဘူးလား စသောအားဖြင့် စကားရှာ၍ လိုရာကိုပြော၏။ ငယ်သောရဟန်းတို့ကလည်း တမ်းမှန်းရည်ရော် တပည့်တော်ပြောသော ဒကာမ, မလှလား–မချောလား၊ အချို့သောရဟန်းများကလည်း ငါမှန်းထားသည်ကို ရန်မရှာနှင့် ဘယ်အိမ်မှာ ဘယ့်နှယ် အရွယ်က အခန့်သင့် စသည်ဖြင့် တစ်ပါးတစ်လှည့်ဝိုင်းဖွဲ့၍ အပျင်းပြေပြောကြရာ နားထောင်သောကျောင်းအမ အိမ်နားနီးပါးဖြစ်သော အိမ်တစ်အိမ်သို့ ရောက်လေသတည်း။

ထိုအခါ ကျောင်းဒကာက ကျောင်းပေါ်မှာ ဘုန်းကြီးများပြောသံကို ကြား၍ မယားအား ပြောဆိုသည်မှာ အို...ကျောင်းအမ၊ ထလေ မြန်မြန်စို့၊ သည်လိုနေ၍ မဟန်ဘူး၊ ပြောသံကိုကြားရဲ့လား၊ ကိုယ်တော်တို့စကားသည် တို့အိမ်နားနီးလာပြီဟု ဆိုသတဲ့ ဒကာရဲ့။

ဤအတူ ဒါယကာမှာလည်း ကိုယ့်ဘာသာ ကိုယ်နေရမည်။ အပျင်းပြေ ပြောကြား၍ အိမ်နားရောက်လာတယ်သည်ဟု မိန့်တော်မူသောအခါ အနားမှာရှိသော ရဟန်းများနှင့် လျှောက်ထားသူ ဒါယကာသည် အလွန်တရာ ရယ်မောရ၍ ပြောမဆုံးအောင် ရှိလေသတည်း။

---

## ၁၅၉–မီးနေဟင်းသောက်ဖို့ တူးရှင်းစောက် အဝယ်မှားသောယောက်ျားကို ပမာပေးလျက် သာမဏေကလေးကို မိန့်တော်မူခြင်း

သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် မော်လမြိုင်မြို့ မန်ကျည်းတောကျောင်းတိုက်၌ သီတင်းသုံးတော်မူသောအခါ အများရဟန်းတို့ကို သက်န်းချုပ်တော်မူရာ

www.burmeseclassic.com

www.burmeseclassic.com



သင်္ဂဇာဆရာတော်ဘုရားက သာမဏေငယ်တစ်ပါးအား ကပ်ကြေးယူချေစမ်းဟု ခိုင်းရာ သာမဏေက အင်္ဂရိတ်ဖိုက ညှပ်ကိုယူ၍ လာ၏။

ထိုအခါ ဆရာတော်က သာမဏေအား အမိန့်ရှိသည်မှာ... သာမဏေငယ်ကလေး "ရှေးမီးနေသည် လင်မယားဝတ္ထုကို ကြားဖူး၏လော"ဟု မေးတော်မူ၏။ သာမဏေငယ်က မကြားဖူးပါဘုရားဟု လျှောက်ထားလျှင် ငါ့ရှင်သာမဏေငယ်ကလေး၊ ရှေးက စစ်ကိုင်းမြို့အနီး ရွာသစ်ကြီးရွာ၌ မိန်းမတစ်ယောက် မီးဖွားရာ ဟင်းခါးသောက်ရန် ဆရာအား စုံစမ်းမေးမြန်းသော် ကြောင်ပန်းရွက်နှင့် ငါးကြင်းစောက်ကို ဟင်းခါးချက်၍ သောက်ရမည်ဆို၍ မိန်းမက လင်ကို ဤသို့ပြောသည်။ မောင်မင်း ကြောင်ပန်းရွက်မှာ မခဲခက် ဟင်းခါးချက်၍သောက်ဖို့ ငါးကြင်းစောက်သွား၍ဝယ်ချေလော့၊ မောင်မင်းမှာ သူတစ်ပါးနှင့်မတူ မေ့တတ်သော လူတစ်ယောက်ဖြစ်၍ ငါးကြင်းစောက်, ငါးကြင်းစောက်ဟု ပါးစပ်က မပြတ်အောင် ဆိုသွားပါဟု ခိုင်းလျှင် မှာလိုက်တိုင်း လမ်းတစ်လျှောက် ငါးကြင်းစောက်, ငါးကြင်းစောက်ဟူ၍ ဆိုသွားရာ ဈေးနားသို့ ရောက်ခါနီးမှ ခလုတ်တိုက်ပြီး လဲသွားသဖြင့် လွဲမှား၍ တူးရှင်းစောက် တူရှင်းစောက်ဟု ဆိုမိလေ၏။

ဈေးထဲသို့ရောက်သော် တူးရှင်းစောက်ကို ဝယ်ယူ၍ အိမ်သူဖြစ်သော မယားအား ဟင်းခါးသောက်ရန် တူးရှင်းစောက်နှင့် ကြောင်ပန်းရွက်ကို ဟင်းချက်၍ပေးလေ၏။

## သံစော်နံသည့်ဟင်းခါး

ထိုအခါ မယားက မောင်မင်း ဟင်းခါးသည် သံစော်နံသည်ဟုဆိုလျှင် အို-ခက်ပေါ့၊ သည်ထက်ဖြင့် မစောက်နိုင်ဘူးဟု ပြောကြားသောအခါ မယားကထ၍ကြည့်ရာ ဟင်းအိုးမှာ အမင်းပေါက်နှင့် တူးရှင်းစောက်ကို တွေ့သတဲ့ ဒကာရဲ့။ မင်းမှာလည်း ဤအတူ တူးရှင်းစောက် ဝယ်လာအုံးမည့် လူစားထဲကပဲဟု မိန့်တော်မူသောအခါ များစွာသော တပည့်တပန်း၊ ရဟန်းအပေါင်းတို့သည် တစ်ကျောင်းလုံး ရယ်မောကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၆၀–မောင်ပျင်းအကွက်လည်အောင် ကြွက်ကယ်သောဝတ္ထုနှင့် ပုံပြု၍ တပည့်ငယ်အား ရယ်မောဖွယ် မိန့်တော်မူခြင်း

သင်္ဂဇာဆရာတော်ဘုရားကြီးသည် အသီးသီးသော တပည့်အပေါင်း ခြံရံလျက် မြင်းခြံမြို့တွင် သီတင်းသုံးတော်မူသောအခါ ဆရာတော်ဘုရားကြီးအနီးတွင် ဝတ်ကြီးဝတ်ငယ်ပြု၍နေသော သာမဏေသည် နေ့ရှည်ရက်များသော် မပျော်သည့်အတွက် ကျောင်းမှထွက်ပြီးလျှင် မိခင်၏ အိမ်၌နေရာ အခါလည်ခန့်ကြာသော် လူ့ဘာသာ ဓလေ့အားဖြင့် မယားရသေလတည်း။

### မယားရှာရတာ ခက်သလား

တစ်နေ့သောအခါ ဆရာတော်ကျောင်းသို့ လာရာ ရှေးကအတူနေဖူးသော ဦးပဥ္စင်းများက ကျီစားပြောဆိုကြသည်မှာ ငါ့တပည့်၏ သတင်းကို ဦးပဥ္စင်းတို့ ကြားရသည် မယားရပြီဆိုပါကလားဟု မေးကြလျှင် မှန်ပါသည်ဘုရား မယားရပြီဟု လျှောက်သည်။

ထိုအခါ ဦးပဥ္စင်းက ကျီစားလိုသည်တစ်သွယ် ငယ်ငယ်က တပည့်ရင်းဖြစ်သည်လည်း တစ်ကြောင်းကြောင့် မယားရှာ တယ်ခက်သလား တပည့်ရဲ့ဟု မေးသော် တပည့်တော်ဖြင့် အခက်သား သူတစ်ပါးမှာ မလျှောက်တတ်ဟု ဆိုလေ၏။

ထိုအခါ အို–မင်းမှာ ဘယ်အတွက် မယားရှာခက်သနည်းဟု မေးပြန်ရာ သာမဏေလူထွက်က ခက်ပါသော်ကောဘုရား၊ ရည်းစားထံရောက်အောင် ခွေးဝင်ပေါက်က ငုံ့ဝင်ရပါသည်ဟု လျှောက်ထားလျှင် ဦးပဥ္စင်းတစ်ပါးက သည်မယားယူရာ၌ ခွေးကူ၍ ကိုယ်တော့တပည့် ရဟန်ရှိသည်ဟု ပြော၍ တသောသော ရယ်နေကြသည်။ ထို့နောက် ဆရာတော် ကြွလာပြီးလျှင် ငါ့ရှင်တို့ အဘယ်ကိုပြောလျက် တသောသော ရယ်နေကြသနည်းဟု မေးတော်မူ၏။

### မှန့်သည်မသား မောင်ပျင်း

ထိုအခါ ဦးပဥ္စင်းများက အရှင်ဘုရား တပည့်ငယ်မှာ ခွေးကယ်၍ မယားရသည်ဟု လျှောက်လေသော် ဆရာတော်က ပြုံး၍ ငါ့ရှင်တို့က ခွေးကယ်၍ မယားရသည်ကို ပြောသည်။ ကြွက်ကယ်သော မောင်ပျင်းကို အလျင်းပင် ကြားဖူးဟန်မရှိဟု မိန့်တော်မူသောအခါ မကြားဖူးပါဘုရား မိန့်ကြားတော်မူပါဟု တောင်းပန်

www.burmeseclassic.com



သဖြင့် လင်းပြန် မိန့်ကြားတော်မူသည်မှာ... ငါ့ရှင်တို့ ရှေးက နိဂုံးတစ်ခုတွင် မုန့်သည်မ၏သား မောင်ပျင်းဟူ၍ ရှိသတတ်။ ၎င်းနိဂုံးတွင် ဂုဏ်အင်မွေးပျံ့သော သူဌေးကြီး၌လည်း သမီးပျိုခုနစ်ယောက် ရှိလေ၏။ မောင်ပျင်းသည် သူဌေးမင်း၏ သမီး မိဝင်းကို အလိုရှိသော်လည်း အနည်းငယ်မျှ မလုပ်မကိုင်ချင်၊ ပညာကလည်း နည်းပါး၍ အနားကိုမျှ မကပ်နိုင်အောင် ရှိသတည်း။

## မယားရဖို့ ကြွက်ကကူညီ

တစ်နေ့သ၌ မောင်ပျင်းသည် အိမ်တွင်းကကြွက်ကို ဖမ်း၍ အကြမ်းသတ်မည်ဟု အရှိတွင် ဖမ်း၍မိသောကြွက်က အသက်ကို ချမ်းသာပေးပါ။ အရေးလိုရာကို ခိုင်းလျှင် ကြံတိုင်းမြောက်အောင် ရွက်ဆောင်၍ပေးပါမည်ဟု အတည်တကျဝန်ခံ ခွင့်တောင်းသောကြောင့် ကောင်းလှပြီ အသင်ကြွက်–ငါအလိုရှိသော အချက်မှာ သူဌေးကြီးကိုးကွယ်၍ထားသော ရုပ်ပွားတော်ဘုရားကြီး ဝမ်းဗိုက်တွင်းသို့ရောက် အောင် လိုဏ်ခေါင်းဖောက်၍ပေးလျှင် ချမ်းအေးစွာ လွတ်မည်ပြောသဖြင့် အာမခံ ကာ ဘုရားဝမ်းဗိုက်ကို ကြွက်ကိုက်၍ဖောက်ရာ လူဝင်လောက်အောင် ဥမင်ဖြစ်က စနစ်ပေးသူ မောင်ပျင်းသည် ဘုရား၏ဝမ်းတွင်းသို့ ဝင်၍ အောင်းနှင့်သတည်း။

သူဌေးသမီးမိဝင်းသည် မလင်းခင် အရုဏ်ဆွမ်းတင်မြဲဖြစ်၍ ရေချမ်း ဆွမ်းပန်း ဆီမီးနှင့်တကွ ဘုရားကြီးသို့ တင်ကပ်လာလျှင် ယခင် မောင်ပျင်းက ဝမ်းတွင်းက နေ၍ ဘုရားယောင်ဆောင်လျက် ယုံအောင် အမိန့်ပေးသည်မှာ သူဌေးသမီး မိဝင်းကို မောင်ပျင်းအား ပေးရန် သင့်သည်ဟုဆိုသော် ထိုသူဌေးသမီး မိဝင်းသည် ချက်ချင်းပြန်ပြီးလျှင် မိခင် သူဌေးကတော်အား ဘုရားအမိန့်ပေးသောအကြောင်းကို ပြောရာ မသင့်စွာသော စကားကို ပြောကြားရမည်လောဟု ရိုက်၏။

## သမီးကို မောင်ပျင်းထံပေးပါ

နောက်တစ်နေ့ နံနက် အရုဏ်တက်သော် သူဌေးကတော်ကိုယ်တိုင်သွား၍ ဘုရားကို ဆွမ်းတင်ပြန်ရာ ယခင်ကနည်းဖြင့် ဘုရားဝမ်းတွင်းက မောင်ပျင်းပြော သည်မှာ သူဌေးကတော်ကြီး နင့်သမီး မိဝင်းကို မောင်ပျင်းအား ပေးလိုက်ပါဟု ဆိုလျှင် ထိုသူဌေးကတော်ကြီး အိမ်သို့ပြန်လျက် သူဌေးကြီးထံ အကြောင်းကိုပြန် ရာ နက်ဖြန် ငါသွားမည်ဟု ဆိုပြီးလျှင် ကိုယ်တိုင်သွား၍ ရုပ်ပွားတော်ကြီးအား ဆွမ်းကပ်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးဝမ်းဗိုက်တွင်းက မောင်ပျင်းသည် ရှေးနည်းဖြင့် သူဌေးကြီး သမီး မိဝင်းကို မောင်ပျင်းအား ပေးလေဟု ဆိုပြန်၏။ သူဌေးကြီးလည်း ပြန်သွား၍ မယား သူဌေးကတော်ကို ပြောကြားသည်မှာ ရုပ်ပွားတော်သေဠ်နှင်းကလည်း မောင်ပျင်းကို သနားသည်။ ဘုရားကြီး သဘောတူရင်ပြီးရော သမီးကိုသာပေးလိုက်ဟု ဆိုသတဲ့ ငါ့ရှင်တို့ရဲ့။

သို့ဖြစ်ခြင်းကြောင့် "မောင်ပျင်းမှာ အကွက်လယ်အောင် ကြွက်ကယ်၍ မယားရသည်"ဟု မိန့်တော်မူသောအခါ များစွာသော တပည့်ရဟန်းတို့သည် သဘောကျနှစ်သက်သဖြင့် သောသော ကြွက်ကြွက် ရယ်မောကြလေကုန်သတည်း။

---

## ၁၆၁–တရားနာဝင်သော ငါးချဉ်သည် မိအေးလို အရေးတကြီး မလုပ်ကြနှင့်ဟု ထုတ်ဟမိန့်ကြားပုံ

အခါတစ်ပါး သင်္ဂဇာဆရာတော်ဘုရားအထံသို့ တရားနာရန် လူအပေါင်းတို့သည် စုဆောင်းဝပ်တွား ခစားလာရောက်ကြလျှင် သင်္ဂဇာဆရာတော်ဘုရားက တရားဟောတော်မမူမီ ရှေးအဖို့က လူတို့အား ဟောကြားတော်မူသည်မှာ... ဒါယကာ ဒါယိကာမအပေါင်းတို့ ကောင်းသော ယောနိသောမနသိကာရနှင့် နှလုံးထား၍ တရားကို နာကြရာသည်။ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို နှလုံးပြု၍ သာဓု–သာဓု ဆိုရသောသူ၏ ခံတွင်းသည် ဖြစ်လေရာရာ သံသရာဘဝ အဆက်ဆက်တို့၌ ပဒုမ္မာကြာရနံ့ကဲ့သို့ သင်းပျံ့ကြိုင်လှိုင်ကြောင်းကို "သဒ္ဓမ္မံ ဒေသနာကာလေ သာဓုသာဓုတိ ဘာသတော မုခတော ဇယတေ ဂန္ဓော" ဟူ၍ ဟောတော်မူသည်။

သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ ဒေသနာကာလေ၊ ဟောကြားသောကာလ၌။ သာဓုသာဓုတိ၊ သာဓု–သာဓုဟူ၍။ ဝါ၊ ကောင်း၏–ကောင်း၏ဟူ၍၊ ဘာသတော၊ ဆိုသောသူ၏။ မုခတော၊ ခံတွင်းမှ။ ဂန္ဓော၊ အနံ့သည်။ ဇာယတေ၊ သင်းပျံ့ကြိုင်လှိုင်၏။

### ငါးချဉ်သည်မိအေး တရားနာသလို

ဤသို့ ဟောတော်မူသည်များကို ထောက်ထားသမှု နှလုံးပြုလျက် ဂရုဂါရဝ ထား၍ တရားတော်ကို နာကြရမည်။ တရားနာ ဖိတ်၍သာ လာရသည် စိတ်က

www.burmeseclassic.com



မငြိမ် အိမ်၌ သားမယား စီးပွားလုပ်ငန်း တန်းလန်းလက်စ ကြောင့်ကြရန် အသွယ်သွယ် လယ်ယာကန်ချောင်း ရောင်းရေးဝယ်မှု ပြောစုပြောရန် ကြံဖန်စဉ်းစား စိတ်ကူးသွား၍ အခြားသို့ မရောက်စေကြကုန်ရာ။ တရားနာဝင်ကြလျှင် "ငါးချဉ်သည် မိအေး ဈေးရောင်းရင်း တရားနာသလို မလုပ်ကြနှင့်"ဟု ဆုံးမတော်မူ၏။

ထိုအခါ တရားနာ အစုအဝေးတို့က မိအေး၏အကြောင်းခံကို လင်းပြန်တော်မူပါဘုရားဟု လျှောက်ထားကြလျှင် သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒါယကာတို့ ရွာတစ်ရွာတွင် ရှင်ပြုမင်္ဂလာ ပြုလုပ်သောအခါ၌ ဆရာရဟန်းတို့ကို ညချမ်းအခါပင့်၍ သင့်တင့်လျောက်ပတ်သော တရားဟောမဏ္ဍပ်၌ ပရိသတ် ဒါယကာ–ဒါယိကာမအများတို့သည် တရားနာ၍နေကြကုန်သတတ်။ ထိုအခါ အရပ်ထဲသို့ လှည့်လည်သော ငါးချဉ်သည် မိအေးကလည်း ဈေးတောင်းကို ရွက်ပြီးလျှင် ငါးချဉ်သည်–ငါးချဉ်သည်ဟုအော် ဈေးဝယ်ကိုခေါ်လျက် တကြော်ကြော်လျှောက်သွားရာ တရားနာသော မဏ္ဍပ်အနီးသို့ ရောက်သောအခါ တရားနာနေကြသည်ကိုမြင်လေ၏။

ငါးချဉ်သည် မိအေးက ကြံတွေးစဉ်းစားသည်မှာ သြော်–ငါကား ရှေးရှေးသော ဘဝဟောင်းက ကောင်းမှုကုသိုလ်နည်းပါး၍ စားရေးဝတ်ရေး ချို့ငဲ့သည့်အရေးကြောင့် ဈေးရောင်း၍စားရသည်။ ဤသို့ ဈေးနာရောင်းပြန်ပါလည်း များစွာအကျိုးတက်တိုးထွန်းကားသည်မဟုတ် ဈေးသည်လုပ်၍ တစ်နေကုန်မှ မသေရုံ ထမင်းဟင်းနှင့် တင်းတိမ်ရောင့်ရဲ၍ မွဲစမဆုံးရှိလေသည်။ "ဆင်းရဲလေလေ သံဝေရရ" တရားနာဦးမှတော်မည်ဟု ငါးချဉ်သည်မိအေးသည် ဈေးတောင်းကို အသာချပြီးလျှင် သူတစ်ပါးနောက်နားက တရားကိုနာလေသတည်း။

ထိုအခါ ဓမ္မကထိကခေါ်ဆို တရားဟောပုဂ္ဂိုလ်ကလည်း ကုသိုလ်ပြုကြရာ၌ သီလ၏အကျိုး, ဒါန၏အကျိုး အမျိုးမျိုးအသွယ်သွယ် အကျယ်ဝိတ္ထာရအားဖြင့် ထင်ရှားအောင် ပြတုန်းဖြစ်၍ အဆုံးလည်း မသတ်သေး၊ ငါးချဉ်သည် မိအေးကလည်း အရေးခပ်ကြီးကြီး၊ ဈေးရောင်း၍ မပြီးသေးသောကြောင့် ခရီးသွားရန်ကလည်း တစ်ဖက်၊ စိတ်ပျက်စရာ ဖြစ်တော့သည်။ တရားကြီးကလည်း ရှည်သနှင့်, ဤမထေရ်ကိုယ်တော်ကလည်း သင့်လျော်ရုံမဟုတ် စိတ်ရှုပ်လှပြီ၊ သို့ကြံစည်လျက် ငါးချဉ်သည် မိအေးသည် ဈေးရောင်းကို အာရုံပြု၍နေရာ အဘိဓမ္မာသတ်ပြီးလျှင် ပရိသတ်အပေါင်းတို့ ဆုတောင်းကြကုန်ဟု အဆုံးသတ်ပြီးမှ ရေစက်ချ၍ အမျှ–

www.burmeseclassic.com



အမျှဗျာ...ဟုဆိုလျှင် ထိုထိုပရိသတ်တစ်စုတို့က သာဓု-သာဓုနှင့်အမြည်၊ ငါးချဉ်သည် မိအေးက အရေးတကြီးထ၍ လာကြပါရှင်တို့ ငါးချဉ်လည်းနည်းပေါ့ တစ်ပဲဆယ့် ငါးကျပ်ဟု ယောင်ဆိုမိသတဲ့ ဒကာရဲ့။

## ငါးချဉ်သည်များ ပါသေးသလား

ထိုကဲ့သို့ ဆရာတော်ထံ တရားနာရန် လာကြသော ပရိသတ်အရပ်ရပ် အကြီး အငယ်တို့တွင် ငါးချဉ်သည်များ ပါသေးသလောဟု မိန့်တော်မူသောအခါ ပြင်းစွာ ရယ်မော၍ တသောသော တအုန်းအုန်း နေလေကုန်သတည်း။

---

## ၁၆၂-သင်္ဂဇာဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ရတနာပုံနေပြည်တော် ထောင်တည်ပထမ အာဒိကရာဇဝင် ပဉ္စမသင်္ဂါယနာ တင် ဘဝရှင်မင်းတရားကြီး၏ မြှောက်စားပူဇော်ခြင်းအထူးကို ခံတော်မူရသော သာသနာပြု သုဓမ္မာဝင် သင်္ဂဇာဆရာတော်ဘုရားကြီးသည် ဆည်းပူးအားထုတ်နိုင် ခဲလှစွာသော သာသနာတော်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်ကစ၍ ပါဠိနှင့်တကွ အဋ္ဌကထာစုံ ပိဋကတ်သုံးပုံ ဆုံးကုန်တတ်မြောက် တစ်ဖက်ကမ်း ရောက် သင်ကြား၍ လျင်လျားအမြန် ထက်သန်စူးရှ တိက္ခဇဝန ဂမ္ဘီရဉာဏ်နှင့် အတန်တန် ပြည့်စုံတော်မူသည့် ဆရာတော်ဖြစ်သည်။

## ဆရာတော်၏ဂုဏ်တော်များ

ဥပမာအားဖြင့် များစွာသော ငှက်အပေါင်းတို့၏ ခိုအောင်းနားနေရာ ကြီးစွာသော ညောင်ပင်ကြီးသည် အသီးအရွက် ခက်လက်ပြည့်စုံ နေမိုးလုံ၍ အလုံးစုံတို့၏ မှီခိုအားထားရာဖြစ်သည့်အတူ သင်ယူ နည်းခံလာသော ထေရ, နဝ, မဇ္ဈိမ-ထောင်သောင်း စာသင်သားအပေါင်းတို့၏ မှီခိုအားထားရာ ဂဏဝါစက ကောဝိဒအစစ် ဖြစ်တော်မူသောဂုဏ်။

- လောကဓမ္မ ရာဇအကြောင်း ထုံးဟောင်း ရာဇဝင် ဝေဒတင်ချက် ဝိတက် ဒဏ္ဍီ ဗျဉ္ဇီကလာပ် ဗြိဟတ် ရာဇမတ္တန် မကျန်ကုန်စင် ဗင်္ဂလီ နာဂရီ ထိုဉ်နှံ့စပ် အရပ်ရပ်သော လောကီဗဟုသုတ ကျနကျွမ်းကျင် သိမြင် လိမ္မာတော်မူသောဂုဏ်။

www.burmeseclassic.com

www.burmeseclassic.com



– ဝိမတိဝိနောဒနီဋီကာနိဿယ စသော ကျမ်းတို့ကို မိုငြမ်းတစ်ခုပြုစေခြင်းငှာ မြန်မာအနက်ပြန်ဆိုတော်မူခြင်း၊ စတုရာရက္ခ, ကာယာနုပဿနာ–အစဖြာလျက် များစွာသော ကျမ်းတို့ကို အဆန်းတကြယ် ဝှက်ကွယ်တိမ်မြုပ်ခြင်း မရှိရအောင် ထုတ်ဆောင်ညွှန်ကြား ရေးသားစီရင်တော်မူခြင်း၊ ယင်းသို့စသောနည်းလမ်း အခန်းခန်းအစုစုတို့ဖြင့် ကျမ်းပြုတော်မူနိုင်ခြင်းဟူသော ဂန္ထကာရတာ ဝိသေသတရ ပုဂ္ဂလတစ်ဆူ ဖြစ်တော်မူသောဂုဏ်။

– စကားအရာ ပြောရာဆိုမှု အစုစုတို့၌ ဥပမာဥပမေယျ ဝစနပရိယာယ် အကျယ်အကျဉ်း အသွင်းအထား ညွှန်ကြားမဆိတ် အပိတ်အဖုံး အသုံးအစွဲ နက်နဲသောအား သူတစ်ပါးတို့ ညွတ်ပြားပျပ်ဝင် ကျေနပ်နှစ်လို့ ရွှင်ပျို့နှစ်သက်အောင် ကြံဆောင်ပြောဟောတော်မူနိုင်ခြင်းဟူသော ဝစနာ–လင်္ကာရ, ဝစနကောသလ္လဂုဏ်။

– ယင်းသို့ ဆိုအပ်ခဲ့ပြီးသော လောကဓမ္မ ရာဇတ္တိ ပဒေဏီကျမ်းအရပ်ရပ်တို့၌ နှံ့စပ်ကျေပွန်တော်မူရကား သူမတူသော ကျေးဇူးသတင်း ကျော်စောခြင်းရှိလှသဖြင့် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးသည် ဖြင့်ပည်းစေတနာ ထက်သန်စွာလျက် “အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု”ဟူသော ဘွဲ့တံဆိပ်ကို ခတ်နှိပ်ပူဇော်ပြီးလျှင် သင်္ဂဇာမည် ကုန္တဒီကမ်း ရိပ်ချမ်းသာယာ မြေမျက်နှာတွင် သင်္ဂဇာတိုက် မကိုဋ်ရောင်ညီး ကျောင်းတော်ကြီးကို အပြီးမယုတ် ဆောက်လုပ်ကိုးကွယ်ခြင်းကို ခံတော်မူရသောဂုဏ်။

– ထိုနောက် နိုင်ငံတော်အတွင်း မိုတင်းသီတင်းသုံးတော်မူကြကုန်သော ရဟန်းသံဃာ သာသနာတော်အရေး မေးမိုန်မရှိ ပကတိ ထွန်းလင်းစေခြင်းငှာ သာသနာပြု သုဓမ္မာဆရာတော်ကြီးအဖြစ်ကို လွှဲအပ်နှင်းပေး၍ မန္တလေး ရတနာပုံ နေပြည်တော်ကြီး၏ အရှေ့မြောက်ယွန်း ဒေသန်စွန်းတွင် ကွန့်ရွှန်းစည်မြှာ ရတနာတို့ဖြင့် ဝဇီရာရာမ နွတ္တသမိုက် မြတ်ကျောင်းတိုက်ကို နှစ်ခြိုက်ကြည်ဖြူ တင်လှူကိုးကွယ်ခြင်းကို ခံတော်မူရသောဂုဏ်။

– ဇေယျာပူရ လောကမုန်ကင်းစသော အရပ်ဌာနတို့၌ အရည်ဝါသီ တောမိုပျော်မွေ့ အစလေ့ဖြင့် ပြကတေ့ရှိလှ သန္တောသ–နှင့် ဘာယဒဿဝီ လဇ္ဇီပေသလ သိက္ခာကာမ ခန္တီသောရစ္စ ပြည့်လှနိုင်ဖြိုး မလိပ်မလည်း သိပ်သိပ်သည်းသည်း တရားမှီးသဖြင့် ကျောက်ထီးအသူ အလေးမူလျက် ရေးပူဇော်ရှိသေထိုက်သောဂုဏ်။

www.burmeseclassic.com

www.burmeseclassic.com



– သုနာပရန္တ တမ္ပဒီပ ရာမညတိုင်း တလိုင်းသုံးရပ် နှံ့စပ်ထိုထို သီဟိုဠ်ခရိုင် နိုင်ငံအတွင်း မိုတင်းများစွာ သတ္တဝါပြည်သူ ရှင်လူကြီးငယ် အသွယ်သွယ်တို့အား ရင်ဝယ်ဖွားသော သား၏အတူ သနားတော်မူသဖြင့် အေးပူမရှောင် တောတောင် ကာဆီး ခရီးခြေလျင် မြေပြင်ကြွလှမ်း အပင်ပန်းခံတော်မူပြီးလျှင် သို့စင်မနား တရားရေအေး တိုက်ကျွေးတော်မူခြင်းတည်းဟူသော ကရုဏာသဉ္ဇောဒိတ ပဘာဝဖြင့် ဓမ္မကထိက ပုဂ္ဂလတစ်ဆူ ဖြစ်တော်မူသောဂုဏ်။

## သင်္ဂဇာဆရာတော် ပျံလွန်တော်မူပြီ

ယင်းသို့ ဆိုအပ်ခဲ့ပြီးသောဂုဏ် အလုံးစုံတို့ဖြင့် စုပုံမြောက်မြား လွန်ထင်ရှား သော သင်္ဂဇာဆရာတော်ဘုရားကြီးသည် အသီးသီးသော အတ္တဟိတ, ပရဟိတ, လောက, သံသရာနှစ်ဖြာအကျိုး တက်တိုးပွားများလေအောင် ဆောင်ရွက်သယ်ပိုး၍ မော်လမြိုင်မြို့အနီး မန်ကျည်းတောကျောင်းတိုက်အတွင်း သီတင်းသုံးတော်မူရာ သိက္ခာဝါတော် ငါးဆယ့်နှစ်၊ သက်စစ် ခုနစ်ဆယ်ကျော် ရှိတော်မူသဖြင့် လူမတူ သော ဘုန်းရှင် ဉာဏ်ရှင် ကံရှင်တစ်ဆူ ဖြစ်တော်မူလင့်ကစား ဆရာတော်ဘုရား၏ ရုပ်နာမ် သမုဋ္ဌာန်တို့သည် ချုပ်ရန်သမယ အချိန်ကျသဖြင့် ဇရာပိဋ္ဌနတရား တစ်နေ့တခြား တိုးပွားရောဂါ နှိပ်စက်လာသဖြင့် ချမ်းသာလွတ်ခွင့် အသင့်စောင့်စား သမားဝန်းအုံ ကျူနှယ်ရုံလျက် အဖုံဖုံသော နည်းအစုစုတို့ဖြင့် ကုသပါသော်လည်း ချမ်းသာခွင့်မရ၊ ဇာတိရှိက မရဏနိုင်ငံသို့ အမှန်လိုက်ပါရမြဲ ဖြစ်သည်နှင့်အညီ ၁၂၄၈ ခု၊ ဥတုဝသန္တ၊ ဝါခေါင်လဆန်း ၁၀ ရက် နာရီပြန် နှစ်ချက်တွင် မပျက် နှလုံး ပိုက်ကျုံးသွင်းထား ဝေဒနာသတိတရားကို ရှုစားငြိမ်ဆိမ် တွေမမှိန်ဘဲ ဇီဝိတိန်ချုပ်နစ်၍ ဘဝသစ်တစ်ဖန် ပျံလွန်တော်မူလေသတည်း။

## အသက်ရှင်မှုသည် မမြဲ၊ သေရမှုသည် မြဲ၏

ယင်းသို့ သင်္ဂဇာဆရာတော်ဘုရားကြီး၏ ပျံလွန်တော်မူခြင်းကို အရင်းမူသဖြင့်–

မရဏံ ဓုဝံ ဇီဝိတံ အဓုဝံ၊ မရဏံ မေ ဘဝိဿတိ၊ သဗ္ဗေ သတ္တာ မရိဿန္တိ၊ မရန္တိ စ မရိံသုစ၊ တထေ့ မေ နတ္ထိ သံသယော၊ ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ စ အရဟန္တာ မဟာဗြဟ္မာ မစ္စုဟတ္ထာ န မုစ္စန္တိ။

မရဏံ၊ သေခြင်းသည်။ ဓုဝံ၊ မြဲချေ၏။ ဇီဝိတံ၊ အသက်ရှည်ရှည် နေရခြင်း သည်။ အဓုဝံ၊ အမြဲမရှိချေ။ မေ၊ ငါ့အား။ မရဏံ၊ သေခြင်းသည်။ ဘဝိဿတိ၊

www.burmeseclassic.com



ဖြစ်လတ္တံ့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ မရိသန္တိ၊ သေလည်းသေကုန်လတ္တံ့။ မရန္တိ စ၊ သေလည်း သေကုန်ဆဲ။ မရိံသုစ၊ သေလည်း သေကြရလုလေကုန်ပြီ။ တွေ၊ ဤသေခြင်းတရား၌။ မေ၊ ငါ့အား။ သံသယော၊ သေရဦးမည်လော, မသေရဘူးလော-ဟူသော ယုံမှားဖွယ်သည်။ နတ္ထိ၊ မရှိ။ ဗုဒ္ဓါ စ၊ မြတ်စွာဘုရားသခင်တို့သည် လည်းကောင်း။ ပစ္စေကဗုဒ္ဓါ စ၊ ပစ္စေကဗုဒ္ဓါ ဘုရားငယ်တို့သည် လည်းကောင်း။ အရဟန္တာ စ၊ ရဟန္တာတို့သည် လည်းကောင်း။ မဟာဗြဟ္မာ စ၊ ဗြဟ္မာမင်းကြီးတို့သည်လည်းကောင်း။ မစ္စုဟတ္ထာ၊ သေမင်း၏ လက်မှ၊ န မုစ္စန္တိ၊ မလွတ်နိုင်ကြကုန်။

ဤသို့ ဘုရားရှင် ဟောတော်မူသည်နှင့်အညီ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်ကိုးတန် ဉာဏ်တော်အနန္တ နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ကိုယ်တော်သည်ပင် ကုသိနာရုံ ရဂုံအင်ကြင်း နှစ်ပင်ရင်းတွင် ခင်းထားအပ်သော ရတနာ ရွှေညောင်စောင်း၌ မြောက်မျက်နှာ ဦးခေါင်းဖြင့် လျောင်းစက်နိဗ္ဗာန် စံလွန်တော်မူရချေသေးသည်။ သင်္ဂဇာ ဆရာတော်ဘုရား ငါတို့အား၌ အဘယ်ဆိုဖွယ်ရှိအံ့နည်းဟူ၍ လည်းကောင်း၊ အာယုကပ်ပတ်လုံး ပြုန်းပြင်းစီးသွန် ဟိမဝန္တာ, သမုဒ္ဒရာ၌ ကျရွာသော မိုးပေါက်ကို ဤမျှလောက် အရေအတွက်ဟု ရွှေလက်ထိုးကာ ပြနိုင်စွာဘိ သမ္မာရှိသော အရှင်သာရိပုတ္တရာ လက်ယာတော်ရံအရှင်သည် မိခင်၏တိုက်ခန်း၌ သွေးသွန်၍ ပရိနိဗ္ဗာန် စံရချေသေးသည်။ သင်္ဂဇာဆရာတော်ဘုရား ငါတို့အား၌ အဘယ်ဆိုဖွယ်ရှိအံ့နည်းဟူ၍လည်းကောင်း။ ယူဇနာရှစ်သောင်းလေးထောင် အမြင့်ဆောင်သော မြင်းမိုရ်တောင်ကို သွားကြိုသွားကြား၌ ဝါးစားနိုင်သည်တစ်ဖြာ, မဟာပထဝီမြေကြီးကို နီးကိုရက်သော ဖျာကဲ့သို့ အသာနိုပ်၍ ခေါက်လိပ်ခြင်းငှာ စွမ်းနိုင်သော လက်ဝဲတော်ရံ မောဂ္ဂလာန်အရှင်ဘုရားသည်ပင် ခိုးသားငါးရာရိုက်၍ ပရိနိဗ္ဗာန်စံရချေသေး၏။ သင်္ဂဇာဆရာတော်ဘုရား ငါ့တို့အားကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်းဟူ၍လည်းကောင်း၊ လက်ညှိုးတစ်ချောင်းနှင့် တစ်သောင်းသော စကြဝဠာ အတွင်း ထွန်းလင်းတောက်ပနိုင်သော မဟာဗြဟ္မာမင်းတို့သည်လည်း သေမင်း၏ လက်တွင်းမှ မလွတ်ကင်းနိုင်ကြ၊ သင်္ဂဇာဆရာတော်ဘုရား ငါတို့အားကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း ဟူ၍လည်းကောင်း အကြောင်းအကျိုး မြော်ကြည့်၍ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းအောက်မေ့သင့်လှပေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဗည်းကျောက်စာ

ပြဆိုအပ်ခဲ့ပြီးသော ဂုဏ်ထူး ကျေးဇူးအပေါင်းနှင့် ပြည့်စုံတော်မူသော သင်္ဂဇာဆရာတော်ဘုရားကြီး၏ မွေးဖွားတော်မူသည်ကစ၍ အာဒိ, မဇ္ဈ, အဝသာန–အစ အလယ် အဆုံး သုံးပါးလုံးတို့၌ ကျင့်သုံးအားထုတ်တော်မူသော အခြင်းအရာများစွာသော ဂုဏ်ကျေးဇူးအပေါင်းတို့ကို အကြောင်းအရာနှင့်တကွ အနာဂတ်ကာလ သိဿနသိဿ အာစရိယပရမ္ပရ အဆက်ဆက်တို့ ပြက်ပြက်ထင်ထင် သိမြင်ကြည်ညို စေခြင်းအကျိုးငှာ ဃင်္ဂိကာရ လူကတစ်ယောက်, မျောက်မင်းကျူပင်, လတွင် ယုန်ရုပ်, ငုံး, တောအုပ်ဟု အချုပ်ဖော်ပြ ကပ္ပဋ္ဌိတိလေးပါးကဲ့သို့ ထင်ရှားခဲ့ခိုင် မော်လမြိုင်မြို့ ကျိုက်သလ္လာဘုရားအနီး စေတီကြီးတည်ထားကြောင်း၊ ၎င်းစေတီကြီးတွင် မွေရှင်တော်မြတ် သရီရဓာတ်တို့ကို ဌာပနာ၍ သင်္ဂဇာဆရာတော်ဘုရားကြီးအလောင်းကို ၎င်းဓာတ်တော်တို့၏အောက်တွင် စီရင်ခမ်းနား မှန်နရားနှင့် သိတ်င်းသုံးတော်မူစဉ် ယင်းသည့် စေတီတော်ကြီး အကာပရိဏ်း တံတိုင်းအတွင်း ကျောက်သလင်းကို ထု၍ ပြုစုရေးသားထားခဲ့သော ကမ္ဗည်းကျောက်စာ လက်ာ ကွန့်ရွှန်း မော်ကွန်းသံပိုင်းများနှင့် ထင်ရှားယခုတိုင် ရှိလေသတည်း။

---

### ၁၆၃–မော်လမြိုင်မြို့ ကျိုက်သလ္လာဘုရားအနီး စေတီကြီးအတွင်းရှိသော သင်္ဂဇာဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိ ကျောက်စာသံပိုင်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

အနန္တ ဉာဏောဒယဂီရိမာရုတံ၊
တိလောကမာနုဒ္ဒကဗန္ဓနာသကံ။
ဇိနံ သုမံပက်ဇနေယျာဗောဓကံ၊
သဓမ္မသံဃံ တမဟံ အာဒရံ။

[၁၂–လုံးဘွဲ့ ဝံသဋ္ဌဂါထာ]

မြမ္မာရဋ္ဌေရတနာပုဋ္ဌ၊ မာပေန္တော ယွာဒိဘူပတိ။
ပဉ္စဝါ သုတဝါ ရာဇ၊ ဓမ္မေသု သုပတိဋ္ဌိတော။
အသမာနံဝ အညေဟိ၊ သာသနာနုဂ္ဂဟံ အကာ။
နာနာ ဓမ္မောပဒေသေန၊ လောကာဂ္ဂနုဂ္ဂဟာနံပိ စ။

www.burmeseclassic.com

www.burmeseclassic.com



ပရိစ္စာဂေါ မဟာ တဿ၊ ကပ္ပဝုဋ္ဌိဝ သာသနေ။
သမဏာနံ နိသေဿနံ၊ သဒ္ဓါ သရဋ္ဌဝါသိနံ။
ပစ္စယာနုဂ္ဂဟံ' ကာသိ၊ ဒီပန္တရေပိ နေကဓာ။
သောတု သဒ္ဓါလုပါယေန၊ ဓမ္မာနုဂ္ဂဟမာမကော။
ပါဠိသံဂီတိမာရုဠှာ၊ သေလက္ခရဋ္ဌ ကာတုန။
ဓမ္မဝါစကဘိက္ခူနံ၊ နိစ္စံ အကာသိ သင်္ဂဟံ။
ကာလေတဿေဝ ထေရော ယော၊ ပရိယတ္တိဝိသာရဒေါ။
အဂ္ဂဓမ္မာလင်္ကာရောတိ၊ ဉာတော ဌာနန္တရေ ဌိတော။
သဗ္ဗာကရဏ ဂန္ထေသု၊ ကေသရောဝ မဟာဝနေ။
သူရောဝ ဝိနိဂိဒ္ဓေါဝ၊ ဣန္ဒာဝုဓံဝ ပဗ္ဗတော။
ဂမ္ဘီရဗုဒ္ဓိနံ ကော၊ နာနပ္ပဝါဒမဒ္ဒနော။
ပညာပေယျုတ္တသမ္ပန္နော၊ တိရဋ္ဌဿ ဓရူပမော။
ဂန္ထကာရတ္တသံပတ္တော၊ လဒ္ဓဝံသာနုရက္ခကော။
ဝိနယာစာရ သံယုတ္တော၊ ပေသလာနမဝဿဟော။
သုဒ္ဓေါ ဇီဝါ နနု ဂိဒ္ဓေါ၊ ပစ္စယေသု ကုလေသု စ။
အပ္ပကောဓော နိမာနော စ၊ သုစိသလ္လေခ ဝုတ္တိကော။
မဟာတော ထုတိဃောသဿ၊ ဗျာပျာဟု ယဿ ဘူတလေ။
မဟာတော ယိဝ မေဃဿ၊ စက္ကဝါဠမှိ သံပုရံ။
ယထာနေရုရုဝိသဿိ၊ ပါကဋော ယော သော သာသနေ။
တဿဂ္ဂဉာဏဒီတတ္တာယ၊ ကယျတေ သေလပဏ္ဏကန္တိ။

ကမ္ဘာတို့၏ အကုဋေတို့ဖြင့် တွက်ရေမရှိ အပရိမာဏ စတုအသင်္ချေယျ သိန်းကပ္ပဟူသော ကာလပတ်လုံး သိမ်းကျုံးလက်ရ၊ မဏ္ဍိုမပင်ပိုပတ်၊ ဓမ္မာနု ဓမ္မဓာတ်၊ ယုတ်လတ်မြတ်ဖျား၊ အပြားသုံးလီ၊ ပါရမီတည့်၊ တန္တိဖြည့်လေ့၊ ပြည့်သေ့ရင့်သန်၊ ပွင့်တောက်တန်ရာကား၊ ပရိဏားငါးကြိမ်၊ သိမ်နိမိတ်ပြု၊ မဏ္ဍိုမနယ်ဝန်း၊ လယ်ကွန်းသီရိ၊ ဇောဓိပါဒပ၊ မြအရည်သောက်၊ ညောင်နန်းအောက်ဒွိ၊ ကြိမြောက်ခင်းထ၊ ဉာဏသန္တာရဏာ၊ အာဘုဇိတ နေရာ၊ မဟာဝိဇယပလ္လင်ဗွေထက်၊ မိုလ်ခြေမျိုးဖြင့်၊ မာရ်ငါးအင်ကို၊ အောင်မြင်ပွဲကြီး၊ စွဲပြီးလက်စ၊ အရဟတ္တမဂ်ဉာဏ်လျှင်၊ ပဒဋ္ဌာန် အခြေရှိသော သမ္ဗာသမ္ဗောဓိ၊ လောကီ ဆီမီး၊ ဉာဏ်တော်ကြီးကို၊ ပိုင်စီးချဉ်းနင်း၊

www.burmeseclassic.com

www.burmeseclassic.com



လက်ငင်းသိမ်းယူ၊ နိဗ္ဗူကြွေငှန်း၊ တစ်နန်းတစ်ထီး၊ ခြားသီးဖွဲ့နှောင်၊ စတုတ္ထပြည်ထောင်၊ အခေါင်အဖျား၊ တရားမင်းအစစ်၊ မဟာသဃ်ရာဇ်၊ အဖြစ်မြတ်သို့ ရောက်လတ်တော်မူသော၊ ဂေါတမမည်ထင်၊ ဘုရားသုံးလူ့ ချစ်ရှင်သည် ခပ်သိမ်းဥသုံ၊ အပုံအရင်၊ ဘုရားရှင်တို့တံထွာ၊ ပြုသင့်ရာရာ ဓမ္မတာသဘာဝ၊ ဗုဒ္ဓကိစ္စငါးဦးကို၊ ကိုယ်မှူးထပ်ကြပ်၊ ရှုယ်မှတ်အားထုတ်တော်မူ၍၊ ကြိတ်လိပ်မြဲသေ၊ ပြီးစေအပ်သော ဗုဒ္ဓကိစ္စရှိလတ်သော်၊ မလ္လာမင်းတို့၏၊ ဇာတိရိုက်ရာ၊ ကုသိနာရုံပြည်သာဝယ်၊ ချမ်းကြည်စွာဘိ၊ ဘူမိနက်သန်၊ မြေကြန်မင်္ဂလာ၊ ကောင်းမြတ်စွာသော မဟာသာလဝန ဥယျာဉ်ကြီး၌ အနုပါဒိသေသဓာတ်၊ ပြည်မြတ်ဗိမာန်၊ နေရဗန်ဘုံ၊ စိုးလျှံကိန်းစံတော်မူလေသတည်း။

ဤသို့ ကပ်ဦးသမ္ဗုတမင်းမှစ၍ သုံးသိန်းသုံးသောင်း လေးထောင် ငါးရာ ခြောက်ကျိပ်ကိုးယောက်သော အာဒိစ္စဝံသ သကျသာကီယမင်းတို့၏အထွတ် ငါတို့ ဂေါတမမြတ်စွာဘုရား နိဗ္ဗာန်လားတော်မူပြီးနောက်။ အာဒိစ္စဝံသ၊ အသမ္ဘိန္န၊ မဟာသမ္မတ၊ ပရမ္ပရရာဇဝင်၊ စာတင်မပျက်၊ ဆင်းသက်ခဲ့သော၊ တကောင်းနန်းရိုး၊ သတိုးနွယ်လာ၊ သရေခေတ္တရာ၊ အရိမဒ္ဒနာ ပြည်ထောင်၊ ဒွတ္တပေါင်မင်းကြီး၊ ပြူစောထီး နော်ရထာ၊ စဉ်သင့်လာသဖြင့်၊ ဇေယျာပူရ, ရတနာပူရ, ရတနာသီခ, အမရပူရ, မဟာရာဇဌာနီ, ကောလီဓာတ်သိုက်၊ ကိန်းအကြိုက်ဖြင့်၊ အကိုက်ညွန့်ဖူး၊ ပွားပြန့်လူးသော၊ မန်းဦးဇေယျခုံ၊ မြေရန်လုံဝယ်၊ ရတနာပုံပြည်ကြီးကို၊ မြို့ပြထီးနန်း၊ ဖန်ဆန်းလက်မွန်၊ လည်ညွှန်သစ်လင်းတော်မူ၏။

သေလာမယ, ပေါတ္ထက အာရုဋ္ဌသင်္ဂါယနာ၊ အက္ခရာသန့်စင်၊ သိဒ္ဓိယင်သော၊ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး လက်ထက်၊ ထိုမင်း၏ဆရာဖြစ်သော သုနာပရန္တ, တမ္ဗဒီပ, ရာမည–ဟူသော တိုင်းကြီးပြည်ကြီး၊ သုံးသီးသုံးဌာန၊ လင်္ကာဒီပ–စသည်အလုံး အုပ်ဖုံးတက်လျှံ၊ ကျော်သံကိတ္တိ၊ ထုတိဃောသဝဏ္ဏ–ဇုတ္တပဋိဗလ၊ တိက္ခပဟာသ၊ ဇဝန–ဂမ္ဘီရဉာဏ်၊ ထက်သန်ရဲရင့်၊ ပွဲတိုင်းတင့်သော ဆရာဖြစ်၍၊ ပါဠိဓမ္မ၊ အဋ္ဌကထာနယ၌၊ ဂုဋ္ဌဂမ္ဘီရ၊ နိပုဏ ဒုရောဂဠ္ဌအရာများဝယ် လွှားလွှားဖြုတ်စဉ်း၊ ဓားကောင်းယဉ်းသို့၊ ရုတ်ချည်းသိစွမ်းနိုင်သော၊ ပညာဝေယျယတ္တိယ၊ ထိတိုင်းရှသော၊ စွမ်းပကားသတ္တိမာန်၊ လေးတန်သုဒ္ဓိ၊ မြူတစ်စိမှျ ငြစ်ကျိမတင်၊ သန့်ရှင်းစင်သော၊ သိက္ခာကာမ၊ သီလဝန္တ၊ ကုက္ကုစ္စက ပုဂ္ဂိုလ်အစစ်ဖြစ်ရကား လိုအင်ပြည့်ဖြိုး၊ သစ်မျိုးစုံလင်၊ ဒုမရာဇာ၊ ပဒေသာမည်တွင်၊ နတ်သစ်ပင်ကဲ့သို့၊ ဒီသာလေးရပ်၊ ထုတ်ခတ်ဝန်းကျင်၊ ထွက်ဝင်မစဲ၊ ပန်းရက်ယူပျားသဲ၊

www.burmeseclassic.com



အမြန်နိယံ၊ နည်းခံတပည့်၊ ရံလှည့်မှီ၍၊ သံဃိဂဏီ သံဃနာတ လာဘဂ္ဂ၊ ယသဂ္ဂ ပတ္တ ပုဂ္ဂိုလ်တို့တွင်၊ တွက်ကြုံးဝင်သော၊ "အဂ္ဂမဗ္ဗာ လင်္ကာရ ကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု" တံဆိပ်နာမံရှိသော သာသနသောဘကာရ ပရိယတ္တိဝိသာရဒ ပုဂ္ဂိုလ်ကျော်ဟု ထင်ပေါ်ဖြစ်ထွန်းလတ်သတည်း။

### ဆရာတော်၏ အတ္ထုပ္ပတ္တိ

**ထိုပုဂ္ဂိုလ်၏ ပဋိသန္ဓေအာဒိ စုတိအဝသာန်ဖြစ်သော အတ္ထုပ္ပတ္တိကား... ဤသို့တည်း။**

တရားမင်းဖျား၊ ထားတော်မူအပ်သော၊ သာသနာ နှစ်ထောင့်ငါးရာအနက်၊ ရောက်ဆဲသာသနာ၊ အဋ္ဌာပဋ္ဌ၊ သောကမ္ဗော၊ ကောဇာအလှ၊ ဘရဂုမုနိ၊ ကေနေရှ၊ နှစ်အစု၌၊ ပဋိသန္ဓေ၊ စွဲနေတည်ထွန်းသည်ကိုပြ၍၊ မထေရ်၏မယ်တော်တို့သည် လည်း၊ မွေ့လျော်ဒါန၊ သီလစင်ဖြူ၊ ထောက်ကူရင်းနှီး၊ ဆွေကြီးမျိုးစုံ၊ ကျူနှယ်ရုံ လျက်၊ ပေါင်းဆုံအုပ်လိုက်၊ နေကြကြိုက်ဝယ်၊ မထေရ်သန္ဓေ၊ စွဲနေအံ့သောအခါ၌၊ တစ်ရံတစ်ဆစ်၊ မဖြစ်ဖူးတောင်း၊ မျိုးကောင်းဖိုလ်ဟိတ်၊ ဝိသိဋ္ဌကျေးဇူး၊ ထူးသည် တမင့်၊ ဖြစ်ခွင့်ကြောင်းချာ၊ မင်္ဂလာအိပ်မက်ကို၊ နံနက်လင်းစင်၊ မယ်တော်မိခင်၊ မြင်လေသည်ကား... "ကောင်းကင်အဇင္ဗာ၊ အာကာသဓာတ်၊ မိုးလယ်လတ်မှ၊ ရွှေပြာသာဒ်ဆောင်၊ လောင်ဘိဘနန်း၊ အဆန်းအထူး၊ လျှပ်ပန်းမီးရှူး၊ ပမာမြူးတည့်၊ စူးစူးဝန်းလျား၊ ရွေ့ကာတွားလျက်၊ မယ်တော်၏ ရှေ့ဖျား၌ ရပ်နားခိုဝင်လာသည်"ဟု မြင်မက်သတည်း။

### တနင်္ဂနွေသား

ဤသို့ကောင်းဟိတ်၊ ကြောင်းနိမိတ်ဖြင့်၊ ဝှန်ထိတ်ဆူဝေ၊ လူ့ဌိဖြစ်ချေ၊ သန္ဓေကိန်းအောင်း၊ ဆယ်လညောင်းသော်၊ ကောဇာသက္ကရာဇ် ၁၁၇၇ ခုနှစ်၊ ဇေဋ္ဌမာသ၊ ဇုဏှပက္ခာ၊ ပုဏ္ဏာထွန်စည်၊ စန်းမပြည့်မီ၊ စုဒ္ဒသီရက်၊ စီးလင်္ဂမင်္ဂလာ၊ အခါရက်စေ့၊ ထိုသည့်နေ့၌၊ ချမ်းမြေ့သာယာ၊ ဒီပါကရော်၊ ထွန်းပေါ်တက်ထိန်၊ နံနက်ချိန်ဝ ယ်၊ ဝရဇိန်တရထည်၊ ဉာဏ်ရည်ရဲဘိ၊ ဝမ်းထဲရှိသော၊ ဤမထေရ်ကို၊ မယ်တော်မိခင်၊ ဖွားမြော်မြင်၏၊ နံတော်ကား တနင်္ဂနွေသားတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ငယ်မည် မောင်ပို

မေထုန်ရာသီ၌ သောကြာ, ရာဟုနှင့် လက်ရှိ၏။ ဗြိစ္ဆာ၌ စန်းရပ်၏။ ပြိဿ၌ တနင်္ဂနွေ–ဗုဒ္ဓဟူး ဂြိုဟ်ယှဉ်ပူး၏။ ကုံ၌အင်္ဂါ, ကန်၌ဂုရု, မကာရ၌ သောရီ, ပြိုင်ညီထွန်းပ တည်ကုန်ကြ၏။ ငယ်မည်ကား (မောင်ပို) ဟူသတည်း။

## ဝဿမျိုး

အမျိုးအရိုးကား–ခတ္တိယ, ဗြာဟ္မဏ, ဝဿ, သုဒ္ဒ–ဟူသော အမျိုးလေးပါးတို့တွင် ဝဿ–မည်သော အသည်မျိုးတည်း။

## ဖွားရာဇာတိ

ဇာတိဘုမ္မိကား ရောဝတီ၊ နဒီယဉ်ပြောင်၊ မြရောင်ကွန့်လှစ်၊ မြစ်၏ အရှေ့ဘက်၊ စပ်လျက်ကမ်းယံ၊ တမ္ဗဒီပ၊ ရဋ္ဌတိုင်းဝင်၊ ကောင်းအင်မချို့၊ တလုပ်မြို့ကျေးလက်၊ ခွန်ထွက်ဖြစ်ထွန်း၊ အလယ်ကျွန်းအရပ်၌၊ ပညတ်ခေါ်ညောင်း၊ ပျော်ဘွယ်ကောင်းသော၊ ပေါက်ချောင်းရွာလျင်၊ ဖွားရာဇာတိ၊ ဘုမ္မိတည်း။

## ၁၂ နှစ်သားအရွယ်

ဖွားမြင်ပါ၍၊ ရုပ်ဝါနုပျို၊ ငယ်သွေးစိုကပင်၊ အဟိုသံသရာ၊ များစွာရှည်ကျူး၊ ကုသိုလ်ပကတူး၊ ဆည်းပူးအပ်သော ပါရမီကံ၊ စီမံတိုက်တွန်းအပ်သည်ဖြစ်ရကား၊ ပဋိရူပသေဝန၊ ဒုတိယမင်္ဂလာ၊ များစွာဖြစ်ကျိုး၊ သုံးခေတ္တဘုံ၊ လွှမ်းခြုံစိုးရ၊ အောင်မြေလောက၊ ဘုရားဒါယကာခံ၊ ဘုန်းလျှံညီးညီး၊ ရန်မီးပယ်ခွင်း၊ ဘိုးတော်ကြီးမင်းတရား၊ ရှေးဖျားလက်မွန်၊ ဖန်ဆင်းတည်သား၊ ရွှေပြည်အမရ၊ ထီးပေါင် ခ–သို့၊ မယ်တော်ဆောင်ယူ၊ ရောက်ပြီးမူကား၊ မြို့မှမြောက်ယွန်း၊ ရေဝန်းကွန့်ချီ၊ ရောဝတီ မြစ်၏ အရှေ့ဘက်၊ ပုဗ္ဗန်ချောင်းအရပ်၌၊ တင့်အပ်ဖွယ်ရာ၊ ကောင်းစွာနေထိုင်ရချေ၏၊ ထိုအရပ်၌ပင်လျှင်၊ မန္တခိဋ္ဌ၊ ဒသကအရွယ်၊ မြူးရယ်ရွှင်ပျ၊ ပံသုကီဠန၊ ကုမာရအဖြစ်ဖြင့်၊ ဒွါဒသနှစ်ကို လွန်စေ၏။

## သာမဏေဘဝသို့

တစ်ဆယ့်ကျူးလစ်၊ သုံးနှစ်စွန်းကယ်၊ အရွယ်သို့ ရောက်သောကာလ၊ သာမဏေရ ပဗ္ဗဇအဖြစ်ဖြင့်၊ ကောင်းနှစ်မြူတော၊ ဘုရားအမွေကိုယူ၏။ ဘွဲ့အမည်ကား "အဂ္ဂမေ္ဓ" လျှင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



## သဲအင်းဆရာတော်ထံ ပညာသင်

ထိုအဂ္ဂဓမ္မသာမဏေသည် မိမိဥပဇ္ဈာယ်ဖြစ်သော ကောဏ္ဍညမထေရ်၏ အထံ၌–သမ္မန်ခြောက်ပါးနှင့်တကွ ကစ္စာယနကျမ်းကို၊ ဆောင်စွမ်းရမိ၊ ပုဒ်ပါဌ်ညှိ လျက်၊ ပါဠိအဋ္ဌကထာ၊ ဋီကာချင်းနင်း၊ ဝမ်းတွင်းပညာ၊ ပါသည့်အတိုင်း၊ ရပ်ဆိုင်း မနား၊ သင်ကြားလေ့လာပြီးလျှင်၊ ရတနာပူရ၊ အဝမြို့ကြီး၊ မှို့တသီးတည့်၊ ညီးညီး ပြောင်ရှန်း၊ ထွန်းသားဓိတိ၊ ပညာရှိသော "သူရိယာဝံသ သိရီပဝရာလင်္ကာရ ဓမ္မ သေနာပတိ မဟာဓမ္မရာဇဓိရာဇဂုရု" တံဆိပ်နာမံတော်ရှိသော၊ သဲအင်းဆရာတော် ဘုရားကြီး၏ ခြေရင်းပါး၌၊ ပျားတရထည်၊ ဝတ်ရည်ပိဋကတ်၊ သင်ယူဆွတ်၏။

## ဥပဇ္ဈာယ်ဆရာ

ကောဇာသက္ကရာဇ်၊ ဇော်, ဇော်, နော, သတ်၊ ရှိတုံလတ်သော်–ဥပသမ္ပဒ အဖြစ်၊ မြိုက်နှစ်ဖွေရှ၊ ရဟန်းပြု၏၊ ဥပဇ္ဈာစရိယာကား ထိုသဲအင်းတိုက်ဝယ်၊ အကိုက်အညှောက်၊ ပေါက်ကြီးအလျာ၊ ဆရာထပ်ရှည့်၊ တပည့်လက်ရင်း၊ အင်တူ သွင်းလိုက်သော "သူရိယဝံသာဘိ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဓိရာဇဂုရု" အမည်ရှိသော ထီးလင်းဆရာတော်တည်း၊ ရဟန်းအဖြစ်ကိုယူပြီး အန်ထောင်၊ လင်ဆောင်ဖွေရှာ၊ နာယူကြံတွေး၊ ဆိုမေးလေးပါး၊ တမျဉ်းသားလျက်၊ မရပ်မနား၊ သင်ကြားလေ့လာပြီးလျှင်၊ မကြာမြင့်မီ၊ ပါဠိအဋ္ဌကထာ၊ ဋီကာဂဏ္ဌိ ရ၊ သဒ္ဒအတ္ထ– ဓမ္မဝိနိစ္ဆယ၊ ဉာဏ်စူးရှသည်ဟု၊ သဗ္ဗဓိရာ–ပညာရှိခပင်းတို့၊ ဆိုခြင်းယူကောက်၊ ချီးမြှောက်ပြောစား၊ ထင်ရှားစွာ ဖြစ်သတည်း။

## သီတင်းသုံးခဲ့ရာဌာန

ထိုသဲအင်းတိုက်၌ ရဟန်းသိက္ခာ သုံးဝါတိုင်တိုင်နေ၍ အခြေကြီးရင့်ခြင်းသို့ ရောက်လျှင် ရွှေမှောက်ဘေးလောင်း၊ စံဟောင်းဌာန၊ ရတနာသိင်္ဃမြို့အနောက်၊ ဝှန်ချောက်ပတ်ကုံး၊ သလုံးအမည်ရှိသောရွာ၌၊ သိက္ခာကာမိ, လဇ္ဇီပေသလ၊ ပေါက်လုစွယ်စုံ၊ တရားဓမ္မာရုံ၊ ကိုယ်လုံးတုံသော၊ အရှင်စန္ဒိမာမထေရ်၏အထံ၌၊ အခြေပရိယတ်၊ ပဋိပတ်ကို–အမြတ်တနိုး၊ အားကြိုးလုံ့လ၊ နယဂ္ဂါဟပြုကာ၊ တစ်ဝါမှီတင်း၏။ ထို၌ကိန်းအောင်း၊ တစ်ဝါညှောင်းသော်၊ ဘိုးလောင်းနရိန္ဒ၊ တည်ဦးစသား၊ အမရပြည်နန်း၊ ဖြောင့်တန်းဥတ္တရာ၊ အုတ်အာကျော်သဲ၊ ပေါင်းလဲ

www.burmeseclassic.com



တိုက်က၊ ရှင်သီရိမာလာထံ၊ ဝန်းရုံခိုဝင်၊ စာသင်တပည့်တို့အား၊ တရားပရိယတ်၊ ပဋိပတ်မယွင်း၊ သင်ပို့ခြင်းကိစ္စကိုပြု၍၊ သာသနာ့တံခွန်၊ မိုးစွန်မြှောက်မြှင့်၊ စိုက်ဆောက်လွှင့်၏။ ထိုဌာတစ်ဝါ၊ ကျွတ်ပြန်ပါသော်၊ ဥပဇ္ဈာစရိယ၊ ကောဏ္ဍညမထေရ်၊ နေတည်မွေ့ရာ၊ ပုဇွန်ချောင်းရွာ၊ ဒါယကာ–သစ်တောစာရေး၊ ပေးလှူဆောက်လုပ် အပ်သောကျောင်း၌၊ ကိန်းအောင်းနှစ်ဝါ၊ စာပေပို့ချလျက်၊ ဥပဇ္ဈာစရိယဝယ်၊ မချွတ်ကုန်င၊ ယာပိုက်မျှ၏။

## ဓာတွတ္ထဒီပကကျမ်းပြုစီရင်ခဲ့

ထိုမှတစ်ဖန်၊ ခွာရှုပြန်သော်၊ မန္တဂူ၊ စံတူလင်းဖြာ၊ မဟာမုနိ၊ ကိတ္တိကျော်ထင်၊ ရုပ်ရှင်တော်တည်ရာမှ၊ ပြဗ္ဗာမရွှေ၊ ချမ်းမြေ့သာတောင်း၊ ရှားစောင်းတောရ၊ အရှည်၌၊ ဂန္ဓဝါစက–ဓူရပဟူသော၊ ဝန်နှစ်ပါးကို၊ တက်ပွားဆောင်လတ်၊ တစ်ဝါကျွတ်သော်၊ ကောဏ္ဍညမထေရ်၊ နေတည်ပျော်မွေ့၊ တိုက်အရှေ့၌၊ ပြည့်လေ့ဥစ္စာ၊ သဒ္ဓါခိုင်ကြည်၊ သစ်ကုန်သည်တစ်ဦး၊ ညွှတ်နူးကြည်ဖြူ၊ ဆောက်လုပ်လှူအပ်သော ကျောင်း၌၊ မြင့်ညောင်းရှည်လျား၊ တရားထုံမွေ့၊ နေတည်လေ့ရှိ၏။ ထိုအခါ ပညာဓိတိ၊ ပရိယတ္တိအရာ၊ ရွှံရှားကင်းဝေးဘိရကား... သဒ္ဒနီတိကျမ်းကို မှီငြမ်းပြု၍ **"ဓာတွတ္ထဒီပကကျမ်း"**ကို ဂါထာစုဏ္ဏိယ၊ နှစ်ဝရောယှက်၊ အနက်မြန်မာနှင့်တကွ၊ စီရင်ပြုစု၏။ [ဓမ္မပဒပါဠိတော်ကို နိဿရည်းအသစ်] ရေးပြုစီရင်၏။

## ဝိမတိဝိနောဒနီဋီကာနိဿယ

ထိုကျောင်း၌ နေကြိုက်ပင် "မေဓာဘိဝံသ သဒ္ဓမ္မပါလ ကဝိဓဇ မဟာဓမ္မ ရာဇဓိရာဇဂုရု" တံဆိပ်နာမံခံသော၊ ပြည်ဆရာတော်ကြီး၊ မြှောက်ချီးကိုယ်ကြပ်၊ တောင်းပန်အပ်သည်ဖြစ်၍ **"ဝိမတိဝိနောဒနီ"** အမည်ရှိသော ဝိနည်းဋီကာကိုလည်း အက္ခရာဝဋ် ဝိပတ္တိအရာကို သေသပ်ကောင်းမွန်စွာ ပြင်ဆင်၍ နိဿရည်းအသစ် စီရင်ရေးသား၏။ ထိုအခါ–ပဥ္စဒသမ သိက္ခာဝါရှိ၏။ ဝိမတိ ဝိနောဒနီဋီကာ နိဿယ မပြီးမီ ရောဝတီမြစ်ညာ ကြေညာထင်ရှား၊ ရိမ်းမကား အမည်တွင်သော၊ နိဂုံးမှတောင်ဘက်၊ တောနယ်တောင်ကြီး၊ ပိတ်ဆီးသန်းယှက်၊ သရက်ချောင်းတောရ, ဒဟတ်ချောင်းတောရ–နှစ်ဌာန၌ နှစ်ဝါတိုင် မှီတင်းမျှတ၏။

ယင်းသောအခါ ဝိမတိဝိနောဒနီဋီကာနိဿယ၊ ကိစ္စမှုကြီး ပြီးသတ်သော် သိက္ခာပိယ၊ ဓမ္မမာမက၊ မဟာနေရုံ၊ ရွှေဘုံနတ်ကွန်း၊ နေဝန်း, လဝန်း တပြေး၊

www.burmeseclassic.com

www.burmeseclassic.com


ပြန့်မွေးထင်ရှား၊ ပြောစားလွန်ကျူး၊ ကျော်ဝုန်မြူးသော၊ သလုံးဆရာတော် အရှင်စန္ဒိမာမထေရ်မြတ်၏ ရင်ခါတတ်ဟူထ၊ ဓမ္မဝိနယ၊ ကျနသေခွေ၊ နည်းသေလက်ဆုပ်၊ ယူထုတ်သောက်မည်၊ ရည်သားပြတ်ဖော၊ မနော်သက်ပွရှိရကား... မိမိကိုယ်တိုင် ညွှတ်ယိုင်ယိမ်းပည်း၊ တစ်ပါးဆည်းသည်ကို၊ ပြုပြန်သတည်း။

## လင်းလွန်းတောရစ္ဆ

ယင်းသို့ ရေးအခါ၊ ပထမတစ်ကြိမ်၊ ညွှတ်နိမ်မှီဝဲ၊ ရောင့်ရဲခြင်း မရှိရကား နောက်ပြီး တစ်ကြိမ်ထပ်၍၊ ဆည်းကပ်မှီဝဲပြန်သည်ရှိသော်၊ ပရိယတ္တိကမ်းပေါင်၊ မြနှောင်ခိုင်ကြည်၊ ကြွကြွတည်သဖြင့်၊ ကြည်သားသက်နေ၊ ရေတည်းဟူသော၊ ပဋိပတ်တရား၊ တန့်နားမပြတ်၊ ပဋိဝေဓ ဓမ္မဓာတ်၊ သတ္တပတ်ရွှေကြာ၊ ပွင့်ရာမြစ်ခြေ၊ ဖြစ်တို့လေ၏။ ဓမ္မေသက၊ ဓမ္မာဘိရတကျေးဇူး၊ အထူးပြန့်ပွားခြင်းသို့ ရောက်၍၊ တုံ့ခေါက်ပြန်လည်ခဲ့ပြီးမှ၊ အပရိဟာနိယ၊ ဓမ္မအာရုံ၊ မိန့်တော်ပုံသို့၊ နေရုံဂီရိ၊ တောင်ကြီးဘိ၏သို့၊ သတိကွပ်ကဲ၊ ဝမ်းထဲတရား၊ သိုထားအညီ၊ ဝသီထုံငွေ့၊ ဓလေ့အကျင့် ရှိရကား၊ ရောဝတီ နောက်မှီကမ်းယံ၊ လူသံတိတ်ဆိတ်၊ တောမြိတ်သာခေါင်၊ ခိုတောင်မြောက်စွန်း၊ လင်းလွန်းတောရ၊ အရညာ၊ ဓမ္မဝိဟာ၊ နှစ်ဝါတိုင်မြောက်၊ တည်ဆောက်မှီတင်း၏။

## နိစ္စဘတ်ဆွမ်းလှူ

ထိုဒွိတသီ၊ နေပြီးသည့်နောက်၊ နှိုင်းထောက်ပုံပြ၊ သီဟဠဓေ၊ မဟိန္ဒထေရ်မြတ်သည်၊ ဉာတတ္ထစီးပွား၊ ရှာလိုသောအားဖြင့်၊ ဖွားရာဌာန၊ ဝေဒိသဍ်၊ ဓမ္မရသာ၊ ဩဇာနက်လေး၊ ကျွေးလျက်မကွာ၊ တစ်ဝါမှီတင်းသောထုံးကဲ့သို့၊ ဓာတိရပ်ဟောင်း၊ ရှာပေါက်ချောင်း၌၊ ကိန်းအောင်းတစ်ခါ၊ နေပြီးခါမှ၊ ဒုဋ္ဌာဝတီ၊ နဒီမြစ်ငယ်၊ ရစ်သွယ်ပတ်ခြံ၊ သဗ္ဗခန့်၊ လောက်ငံပြည့်သိပ်၊ ပလိပ်နိဂမ၊ ဒက္ခိဏာဝယ်၊ ဂမနအာဂမန်၊ နစ္စာသန်ကြောင့်၊ သူမွန်မြတ်ကျော်၊ မွေ့လျော်ရာဖြစ်သော၊ ကျောက်အိုးတောရ၌၊ နှစ်ဝါတိုင်တိုင်၊ မှီတင်းစဉ်အခါ၊ သာသနာ့ဒါယကာ၊ မဟာကေရာဇ်မင်းမြတ်က၊ စာသင်တပည့်၊ လေးကျိပ်ကျော်နှင့်တကွ၊ မထေရ်အား၊ နေ့စဉ်မပြတ်၊ နိစ္စဘတ်ဆွမ်း၊ လှူပေးကမ်း၏။

www.burmeseclassic.com

www.burmeseclassic.com



## ရေစက်သွန်းချကပ်လှူ

ထိုမှနောက်၌၊ ဧယျာပူရ၊ သာစွရည်မှိုင်း၊ စစ်ကိုင်းမြစ်အောက်၊ ဖြိုးမောက်ချိပ်ချိပ်၊ မြရိပ်အရောင်၊ တောင်စဉ်တောင်ဝှမ်း၊ ရှုသော်လွမ်း၏။ ချောက်ကမ်းသာစွ၊ ကောဏ္ဍာညချောင်၊ လောကမှန်ကင်း ချောင်များ၌၊ တစ်ပါးစီ၊ မှီတင်းနေစဉ်အခါ၊ ရတနာပုံမြို့တည်မင်းတရားသည်၊ အာဝါသဆောက်ဦ၊ လှူတော်မူလိုရကား၊ လေးကျိပ်ကျော်နှင်နှင်၊ သံဃာတော်နှင့်တကွ၊ ယာပိုက်လေးလီ၊ မှု-တ လောက်သောကျောင်းကို၊ ပြည်လုံးအံ့ လော်ကားထောက်ကဲ မင်းလှဧယျကျော်သူကို အမြန်ကြီးကြပ်စေ၍ ဆောက်လုပ်ဖန်ဆင်းစေပြီး၊ သံတော်ဆင့် မိုင်းခိုင်မြို့စား မင်းလှသီရိဧယျသူ, သစ်တော အခွန်ဝန်မင်းကြီး မဟာမင်းကျော် မင်းလှစည်သူတို့ကို ကိုယ်စားတော်၊ စေလွှတ်ရည်ညွှန်း၊ ရေစက်သွန်းချ၊ ကပ်လှူတော်မူ၏။

စစ်ကိုင်းမြို့နယ်အတွင်းရှိ ဂါမဝါသီ, အရညဝါသီ-ပုဂ္ဂိုလ်တို့အား ဆုံးမစီရင်စိမ့်ငှာ သာသနာပြုအရာ လွှဲအပ်တော်မူ၍ ဝိနည်းပညတ်တော်နှင့်မလျော် တိမ်းပါးသည့်အရာများကို ပယ်ရှားသုတ်သင်အံ့ငှာ ဒုဿီလ ဒါနကထာ, သီလာနိသံသကထာ, အနုသာသနကထာ, အာဝါသိကာ စာရကထာ, ပစ္စယာနိသဂ္ဂကထာ, ပါတိမောက္ခကထာ, ဒါယကော ဝါဒကထာ ဟူသော ကထာခုနစ်ပါး၊ တရားမိုးရေ၊ ထွေထွေဆွတ်ဖျန်း၊ ကြိမ်ကြိမ်သွန်းလျက်၊ လဝန်းထွက်၏သို့၊ အတိုင်းထက်အလွန်၊ ပြောပစရာ ဖြစ်သတည်း။

## သင်္ဂဟကျောင်းဆောက်လှူဒါန်း

ထိုမှကြွပြန်သော် ရတနာပူရ အဝမြို့ကြီးအတွင်း၊ နမော-အမည်ရှိသော ကျောင်းတိုက်ဟောင်း၌ ကိန်းအောင်းစံပ၊ ခြောက်လနှင်နှင်၊ စာသင်တပည့်၊ မှည့်ရွှမ်းလုလု၊ ဂိုဏ်းစုသင်းဖော်၊ လေးကျိပ်ကျော်တို့အား၊ ခဲလော်ဖြတ်ပိုင်း၊ ဉာဏ်ကရိုဏ်းဖြင့်၊ ယှူနှိုင်းကျုန၊ ဓမ္မဝိနယ-ပြဿသေချွေ၊ ခေတ္တတည်းခိုနေစဉ်အခါ၊ ရတနာပုံပြည်၊ ထောင်တည်ပထမ၊ မဟာလောက မာရဇိန်ဘုရား၊ ဒါယကာခံ၊ ဘုန်းလျှံပိုးဝင်း၊ ကျွန်းလုံးချဉ်းသော၊ ပဋ္ဌမသင်္ဂါယနာတင်မင်းမြတ်အား၊ သာသနာစောင့်တတ်၊ နတ်တို့ဆော်ဖန်၏သို့၊ သာသနာရေးခွင့်ပြုသင့်ခါလျော်၊ အချိန်တော်ရကား... ရတနာပုံနေပြည်တော်သို့ ပင့်ဆောင်ကိုး ကွယ်လိုသောစိတ်၊ ညွှတ်ညိတ်တော်မူသဖြင့်၊ အဟောဂင်္ဂါ၊ မြစ်ညာကမ်းစ၌၊ ခေတ္တ သီတင်းသုံးတော်

www.burmeseclassic.com

www.burmeseclassic.com


မူသော၊ မောဂ္ဂလိပုတ္တတိဿ ရဟန္တာကို၊ ဓမ္မာသောက၊ သာသနဒါယကာသည်၊ ပါဋလိပုတ်ပြည်ထောင်သို့၊ ပင့်ဆောင်သောထုံးကဲ့သို့၊ ပင့်ဆောင်တော်မူ၍၊ ပုဂံနန်းရိုး၊ သတိုးပြန့်ပြော၊ မင်းလျှင်စောဆရာ၊ သံဃရာဇာ မထေရ်၊ နေတော်မဆွ၊ ထိုက စ၍ "သင်္ဂဇာ" အမည်တွင်သော၊ ချောင်းကမ်းထိပ်၌၊ မိုးရိပ်ဘနန်း၊ အဆန်းတကြယ်၊ တင့်တယ်ကောင်းမွန်စွာ၊ ဆောက်လုပ်အပ်သော ကျောင်းကို၊ ကပ်လှူတော်မူ၏။

## ဘွဲ့တံဆိပ်တော်ကပ်လှူ

သစ်တောအခွန်ဝန်မင်းကြီးကလည်း၊ ထိုကျောင်းတိုက်အတွင်း၊ ကျောင်းမလည်နှစ်ပွင့်၊ ဘုံလေးဆင့်ထပ်၊ အဦးပြာသာဒ်၊ ဘုံခုနစ်ဆင့်များနှင့်၊ တင့်အပ်ဖွယ်ရာရှိသော ကျောင်းကို၊ ဆောက်လုပ်တင်လှူ၏။ **"အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"** ဟူသော တံဆိပ်တော်ကိုလည်း လှူတော်မူ၍ ခံရ၏။ **သင်္ဂဇာဆရာတော်** ဟူ၍လည်း ကျော်စောထင်ရှားစွာ ဖြစ်၏။

## ကြည်ညိုလေးမြတ်ကြပုံ

ထိုမှတစ်ပါးလည်း၊ သာသနာတော်၌ အန္တရာယ်ကွန်းငြိ၊ ဝိဝါဒါဓိကရဏ အစရှိသော၊ မြူလှေးရန်ကို၊ တွန်းလှန်ပယ်ရှား၊ တရားဓမ္မိက၊ ပြုစိမ့်သောငှာ၊ သုဓမ္မာဆရာတော်ကြီးအရာကို၊ နှင်းအပ်ပေးလှူတော်မူသည်ကို ပြု၏။ ထိုသင်္ဂဇာ ရာမဥ္စ၊ လေးဝါမျှ သီတင်းသုံးမိလျှင်၊ ဇာတိမျိုးစစ်၊ ရိုးမြစ်သန့်စင်၊ နွယ်ဝင်မဟာသွေး၊ မိထွေးတော်မြတ်၊ သည်းပွတ်ပွင့်ညှာ၊ သီရိသုပဘာ၊ ရတနာဒေဝီ၊ မဟေသီဘွဲ့ခံ၊ ကွန့်လျှံသမ္ဘာ၊ သဒ္ဓါပညာ၊ ဥစ္စာနဂ္ဂိ၊ ဝမ်းထဲရှိသော၊ စိန်တုံးမိဖုရားသည်၊ သက်စစ်နုနယ်၊ အရွယ်ပျိုမျစ်၊ တစ်ဆယ့်ရှစ်က၊ ကေရာဇ်မင်း၊ လေးမြတ်ရင်းမူလ၊ ထိုကြောင်းစကြောင့်၊ ဘဝဤကိုယ်၊ ယွင်းပြိုပျက်ကင်းသည်တိုင်အောင်၊ ကိုးကွယ်ပူဇော်စေဟု၊ မိန့်တွေသင်းကြူ၊ အပ်နှင်းတော်မူသည်ဖြစ်၍၊ ရတနာပုံမြို့တော်ကြီးမှ အရှေ့မြောက်ယွန်း၊ တောက်ထွန်းသညာ၊ ဝဇီရာရာမတိုက်ကြီး မင်္ဂလာ ရတနာဘုံစံ၊ ဘွဲ့နံဝှန်တိတ်၊ ဘိသိက်ရောင်မောင်း၊ ရှုသျောင်းစသီး၊ ကျောင်းတော်ကြီးများကို၊ လျှင်လျားမောက်ပို၊ ကုသိုလ်ဘုန်းဖြစ်၊ အသင့် ဖန်ဆင်းတော်မူ၍၊ တင်လှူကိုးကွယ် သည်ကိုလည်း ခံရ၏။ ယင်းသောကာလ၊ အဂတိလေးပါး၊ မလိုက်မစား၊ တရားထုံးစံ၊ ဝိနည်းကံအရှိ၊ တမျဉ်းညီလျက်၊ ဝိနယရေ၊ နာယကကျေးဇူး၊ အထူးပြည့်စုံ၊

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းဂုဏ်ပညာ၊ နေဝါလဝန်း၊ ပြိုင်ညီထွန်း၏သို့ ဖြစ်ရကား၊ ကျွန်းအတည်တည်၊ တိုင်းပြည်နိုင်ငံ၊ ကြော်ညံကြွေးဟစ်၊ လက်ဖျတ်တတီး၊ ကောင်းချီးမြွက်ဆို၊ ကြည်ညို လေးမြတ်ကြသတည်း။

## တောရမှီပြီ

ဤသို့ ဂုဏ်ထူး၊ ကျေးဇူးမဟန္တ၊ သာသနတ္ထ, လောကတ္ထစီးပွားကို၊ တတ်အား သမျှ၊ ဆောင်ရွက်စဉ် "သင်္ဃာရာမ, ဝဇီရာရာမ" နှစ်ဌာနဌ၊ ကာလမြင့်ကြာ၊ ခြောက်ဝါနှင်နှင်၊ ရှိပြီးလျှင်လည်း "ယေ ဖလတ္ထာ သံဘဇန္တိ" စရိုက်ထား၊ လာသည်နှင့်အညီ၊ ပရတ္ထပညာသာရှိ၍၊ အတ္တတ္ထပညာ၊ မရှိချေက၊ ကျက်သရေ မလျှမ်း၊ လတစ်ခြမ်းသို့၊ ချမ်းသာကိုယ်ဖို့၊ ယုတ်တုံမြို့အံ့ဟူသော၊ မနသိကာရ၊ အတ္တဟိတ–ပညာဖြင့်၊ ရှောင်ခွာလွဲသွေ၍၊ ဂါမန္တဝါသီ၊ ထွီစဖွယ်လိ၊ လောကိနယ် တွင်း၊ မနင်းမိရာဖြစ်သော၊ ဝိဝေကဌာန၊ အရညကို၊ တောင့်တမျှော်ဆဲအခါ၊ သာသနဒါယကာ၊ နရာဓိပတိ၊ ပြည်ကြီးတမွတ်၊ လွတ်လွတ်ရှိဝန်၊ လျှောက်ပန်ထွာ၍၊ ရတနာပုံ၊ ရန်လုံခိုင်ဖြိုး၊ ပြည်ကြီးတောင်ဘက်၊ လှိုင်ထက်သာဂရ၊ ရမည်းသင်း အစရှိသော၊ နယ်စွန်ပြည်ရွာတို့၌၊ သာသနာရေးငန်း၊ အခန်းခန်းကို၊ အပန်းကြီးစွာ၊ သုတ်သင်ဝိသောနော၊ ရောင်ဝါရွန်းစက်၊ တိုင်းထက်အလွန်၊ ပြန့်ပွားခြင်းသို့ရောက် လျှင်၊ တံ့ခေါက်ပြန်နစ်ခဲ့၍၊ ရတနာပူရ၊ ပင်းယနစ်ပြည်၊ ချမ်းကြည်လယ်ချက်၊ တဘက်ဆွဲအရပ်သို့၊ မှီကပ်ခိုဝင်၊ ဆင်ခြင်စေ့ငု၊ ရှုလတ်သည်ကား၊ မနှစ်သက်အပ် သော၊ ဝိဟာရဂါမန္တ၊ သင်္ဃာရာမ, ဝဇီရာရာမ–တိုက်ကြီး နှစ်တိုက်ကို၊ မပိုက် မသိမ်း၊ ရှောင်တိမ်းစွန့်လွှတ်၊ တရားမွေ့ဝတ်၊ မချွတ်စေငှာ၊ ခမ်းဝါတောကျောင်း၊ ခိုပုန်းအောင်းလျက်၊ အလောင်းမြတ်ကျော်၊ သူတော်တို့နည်း၊ နိဿရည်းကို၊ ငါလည်း တမူ၊ ကျင့်အံ့ဟူ၍၊ ကြံယူမပျက်၊ တဘက်ဆွဲရွာ၊ မှီရာဂေါစရဂါမ်၊ ဆိတ်ညံဘိတောင်း၊ တောရကျောင်း၌။ ကိန်းအောင်းတစ်ဝါမှီသတည်း။

## ကျောင်းတိုက်များလွှဲအပ်

ဝဇီရာရာမတိုက်ကို ဆရာထင်ရှည်၊ တပည့်ရင်းချာ၊ ပရိယတ္တိအရာ၊ လိမ္မာတတ် ပွန်၊ စွယ်ချွန်ဉာဏ္ဏတ၊ ပေါက်လုရွယ်လူး၊ နွယ်ညွှန့်မြူးသော၊ "ပညာသီရိ သဒ္ဓမ္မဇ ရာဇဓိရာဇဂုရု" တံဆိပ်နာမံခံသော ဆရာတော်ကို လွှဲအပ်ဆောင်နှင်းခဲ့၏။ သင်္ဃာရာမတိုက်ကိုလား ပရိယတ္တိဝိသာရဒ သတ္တိမန္တ၊ ဝံသာနုရက္ခိတ၊ သာသနေ

www.burmeseclassic.com



ပကာရ–ဖြစ်သော၊ တပည့်ရင်းချာ၊ ဓမ္မစာရိန္ဒာဘိ သိရိဓဇ မဟာဓမ္မရာဇာဓိရာဇ ဂုရု–နာမံရှိသော ဆရာတော်ကို လွှဲအပ် ဆောင်နှင်းခဲ့၏။ ထိုမှတစ်ဖန်၊ ခွာပြောင်းပြန်သော်၊ ဇေယျာပူရ၊ ပဗ္ဗတတောင်ကွေ့၊ တောဓလေ့ဖြင့်၊ ပျော်မွေ့ဖွယ်ရာ၊ ကြက်တောင်ရွာမှ၊ နာတိဒူရ၊ နစ္စာသန္န၊ ဝိဝေကအောက်ရပ်၌၊ မှီကပ်မသွေ၊ ခြောက်ဝါစံနေတော်မူသတည်း။

## အရှင်ဇဝနသို့ လွှဲအပ်

ထို၌ နေကြိုက်သောအခါလည်း၊ သာသနာ့ဒါယကာ၊ မဟာဓမ္မရာဇ်သည်၊ ကျောင်းရံတစ်ဆယ်နှင့်တကွ၊ ကျောင်းကြီးတစ်ကိုယ်၊ ဆောက်လုပ်တင်လှူတော်မူ၏။ သစ်တောဝန်၊ အခွန်ဝန်မင်းကြီးကလည်း၊ အခိုင်အဖြီး အုတ်ကျောင်းကြီးကို ဆောက်လုပ်တင်လှူ၏။ ၎င်းနောက် မင်းကွန်းစေတီတော်ကြီးမြောက် စမ်းကြီးတောရ၌ တစ်ဝါမျှ–တ–၏။ ကြက်ထောင့်တောရတိုက်ကိုကား ပရိယတ္တိဆေက, ဓိတိမန္တ, ဝိဝေကာသိရတ, သုဓမ္မကာမိ, လဇ္ဇီ, သီလဝန် ထေရ်မွန်ဂိုဏ်းစောင့် စိတ်လုဖြောင့်သော အရှင်ဇဝန အမည်ရှိသော တပည့်ကြီးကို လွှဲအပ်ဆောင်နှင်းခဲ့၏။

## တရားဓမ္မ၌ မွေ့လျော်

ထိုမှခွာသော် နမန္တာမြစ် သစ္စဗန်ထိပ် ချနိုပ်စက်တော်ပူဇော်ညွတ်ခ ပြန်နစ်ခဲ့ရာ အလုံမြို့စီရင်ပါ ကျောက်ကာရွာမ မနီးမဝေး ချိုစေးတောအုပ် အရှုပ်ရှုပ်တည့် ထန်းဇယုပ်မည် ရိပ်ချမ်းကြည်မြ အရည၌ တစ်ဝါမျှ မှီတင်း၏။ ယင်းမှနောက်ဝယ် ဧရာဝတီ နဒီကမ်းထိပ် သင်္ဘောဆိပ်တည့် ဘိသိက်ဝန်းကျင် မွန်းဖြင်အုတ်အာရှစ်မျက်နှာမှ ဝင်လာထွက်သူ ပြောထူညီးည် မြင်းခြံတွင်ထ နိဂါမမှ ဒေသမဝေး တောရေးယှက်သိုင်း ခက်ကြိုင်းဆင့်ဆင့် နိမ့်မြင့်စိုစို ကြည့်ဖို့အထူး ရည်စူးနက်သန် သဏ္ဍာန်တူစွ စမ်းကျခေါ်မှတ် နေရာမြတ်၌ လွတ်လွတ်မနော တောနေပီပီ ဝသီထုံငွေ့ တရားမွေ့လျက် မရွေ့မပြောင်း ခြောက်ဝါညောင်းသတည်း။

## စတုရာရက္ခကျမ်းပြုစု

ထိုအခါ သာသနဒါယကာမင်းမြတ်သည် ဆောင်နှင်းပေးလှူအပ်သော တလုပ်မြို့ကြီး ဦးစီးနာယက သာသနပိုင်သောခေ အဖြစ်ကိုလည်း ခံယူရ၏။ သာသနာတော်

www.burmeseclassic.com



အား ကျေးဇူးတရား များမြတ်စေခြင်းငှာလည်း ဂါထာသက်သက်ဖြင့် ဟောမြွက်စီကုံး ပုလဲပြုံးသို့ သစ်လုံးဝစနှာ သုတ္တာနုလောမ ဗိစိတြမ္မေအလင်္ကာရ ဩဇတ္တဂုဏာ များလှစွာသော **"စတုရာရက္ခကျမ်း"**ကို စီရင်ရေးသား၏။

ယင်းသို့ သာသနာတော်၏ အကျိုးကို သယ်ပိုးရွက်ဆောင်စဉ်အခါ ကောဇ သက္ကရာဇ် ၁၂၄၀ ပြည့်ဝယ် ဘူမိပါလ ပဉ္စမသင်္ဂါယနာတင် နတ်ပြည်ဝင်သော် ထိုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့ ရန်ကုန်မြို့ကြီးသို့ စုန်ဆင်းခဲ့၍ ရောက်လျှင် မဟာတိဂုမ္ဘစေတီတော်ကြီးမှ အရှေ့စူးစူး ပြန့်ပြူးသာယာ ကျောင်းတော်ရာဟု ဝေါဟာသမိုက် မဟာမေ့ဒီပိကာရာမတိုက်တွင် ငွေကြောအဆင်း ရောင်လင်းဆေးခြယ် တင့်တယ်စွာ ဆောက်လုပ်အပ်သောကျောင်း၌ ကိန်းအောင်းစံပယာပိုက်မျှလျက် သာသနာ့အရေး ရန်ဘေးသုတ်သင် ပယ်ထွင်ရှင်းလင်း အညစ်အကြေးကင်းသည်ကို ပြုခြင်းငှာ အလဇ္ဇီရဟန်းကို နှုတ်ကြမ်းလက်ပူ ငြူစူမဲ့ရွဲ့ ကဲ့ရဲ့ရှုတ်ချသော အတ္တုပ္ပတ္တိဖြစ်ဘိသည်အားလျော်စွာ ဥပါသကာ, ဥပါသိကာ သာသနာကို မှီကုန်သော သူတို့အား အပြစ်ကြီးမား မရောက်စေသား နှလုံးထားခြင်း။

## ဥပါသကောဝါဒဋီကာ

အလဇ္ဇီဖြစ်ကာမျှဖြင့် သမဏဘာဝ ကင်းမဲ့သည်မဟုတ် သကျပုတ္တ ဇိနောရသဖြစ်ကြောင်းကို တရားလမ်းကြောင်းအတိုင်း ကောင်းစွာပြတတ်သော **"ဥပါသကောဝါဒစာကိုယ်နှင့် ၎င်းဋီကာ"**ကို ရေးသားစီရင်ခြင်း။

– ထိုမှတစ်ပါး **ကာယပစ္စဝေက္ခဏာ** မည်သောကျမ်းကို ဂါထာပါဠိသက် အနက်မြန်မာနှင့်တကွ စီရင်ရေးသားခြင်း။

– ကိစ္စခပင်း ပြီးကုန်လျှင်းတည်း ထိုကျောင်း၌ တစ်ဝါကျွတ်ပြီး အတီးကာလ သာမဏေရ ငယ်စဉ်ကပင် အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို နည်းလမ်းညွှန်ပြ ပို့ချပေးဖူး ကျေးဇူးအထို မြင့်မိုရ်မေရု အတဋ္ဌုဟု ဥပကာရ များလွန်းလှသော ဒလမြို့ ကွမ်းခြံကုန်းအရှေ့ကျောင်းနေ မေဓာလင်္ကာရ အမည်ရှိသော မထေရ်ကြီးအား တပ်တွားရှိသေ ခြေထိနဖူး ရှိဦးကင်က ပူဇော်သပြီးလျှင် ကွမ်းခြံကုန်းရွာ မရမ်းရွာမှ တာတစ်ထောင်ရှိ တောကြီးအရေး ပင်သေးပင်နွယ် မြနယ်စိမ်းညို ထွက်ယိုစမ်းအိုင် ဂနိုင်တောဝ အရည်၌ ဓမ္မမြိုက်နှစ် အခြေအမြစ် ဖြစ်ကြပါစေ ၄ဝေ ဟောမြွက်လျက် တစ်ဝါကပ်မှီတင်းသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှလွန်ပြန်သော် ကုသိမမဏ္ဍလ ဒေသသီးခြား မြို့ကြီးမြို့ငယ် ဆူလှယ်တွက်ဖွဲ့ သုံးဆယ့်နှစ်မြို့ ရစ်ဆိုမြစ်ချောင်း ရွှေလောင်း–ပန်းတနော် ထင်ပေါ်နီးဝေး မြို့ကျေးခရိုင်တို့မှ ပင့်ခေါ်ရောက်လာ လိုက်ပါကြွသွား တရားမြိုက်ရည် ကြည်ကြည်ဖျန်းဆွတ် ကျွတ်ကြောင်းဖွေရှာ နေစဉ်ခါဝယ် သုဓမ္မာပူရ မုတ္တမဟု ဒေသတာသွန် မွန်တဂိုဏ်းဖွဲ့ ရစ်ဖွဲ့ပင်လယ် စီးသွယ်သံလွင် များဖြင်လှုမိုလ် ခိုကြအုံးအင်း တနင်္သာရီ ခွန်ဆီခရိုင် မော်လမြိုင်မြို့မှ သီမသမ္မုတိ သာသနဝုမ်ိုအရာ သာသနာအိမ် သိမ်သမုတ် လှူဒါန်းမည့် ကြံစည်ခိုင်ဖြီး မြို့နေလူကြီး အသီးသီးတို့ တိုင်ပင်ဆွေးနွေး အရေးကြီးစွာ ဤအရာသည် ပညာမဟန္တ ပရိယတ္တိဝိသာရ ဗျတ္တိဗလနှင်နှင် ပြည့်စုံလင်သော ထေရ်အရှင်တို့သည်သာလျှင် ကောင်းစွာရွက်ဆောင် ပြီးစီးစေနိုင်သည်ဟု ဆင်ခြင်အပ်ရကား… အဂ္ဂဓမ္မာ လင်္ကာရ အစအာဒိ တံဆိပ်ရှိသော ဤမထေရ်ကို မော်လမြိုင်မြို့သို့ ပင့်ဆောင်ခဲ့ပြီး ကျိုက်လလ္လာစေတီတော်မှ အရှေ့မြောက်ယွန်း တောင်စွန်းသာနု သေလာပံသု ရော့ရှပေါင်းညီ ဒီပါရုံကျောင်းမှ အနောက်မျက်နှာ တာသုံးဆယ်ခန့် အောက်မြေပြန့်၌ သာသနာတော် ငါးထောင်ပတ်လုံး မဆုံးမပျက် တည်စေခြင်းငှာ ဓမ္မဝိလာသနီ အမည်ရှိသော သိမ်ကြီးကို ဆရာတော်ဘုရား ကိုယ်တော်တိုင် ကြီးမှူးကြပ်မ၍ သမုတ်တော်မူသတည်း။

## ရတနာပုံသို့ ပြန်လည်ပင့်ဆောင်

ထိုအခါ ရတနာပုံပြည် အောင်စည်ကြွေးရင့် ဒုတိယနေပွင့် ရာမင်းတမွတ်သမုတိနတ်သည် ပညာဘိသိရီသဒ္ဓမ္မဓေ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဝဇီရာရာမ ဆရာတော်ကို သာသနာအစီးအပွား လောကအကျိုးတရား တိုးပွားစေရန် သင်္ဂဇာဆရာတော်ဘုရားကြီးကို ရတနာပုံနေပြည်တော်သို့ ပင့်ဆောင်စေလိုကြောင်းနှင့် လျှောက်ထားရှိသည်ဖြစ်ရကား ထိုဝဇီရာရာမဆရာတော်သည် မော်လမြိုင်မြို့တိုင် လာရောက်ပင့်လျှောက်ပန်ထွာ၍ ရတနာပုံမြို့သို့ ကြွရောက်တော်မူလတ်သော် သာသနာ့ဒါယကာ မဟာဓမ္မရာဇ်သည် အတင့်အတယ် အဖွယ်အရာ သင်္ဘောတော် သမ္ဗန်တော်များနှင့်တကွ အာလောကာဘိပဝရ သာသနရက္ခ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံခံသော မိဖုရားခေါင်ကြီးဆရာတော်။ ‘ဝါယာမဓေ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု’ တံဆိပ်နာမံခံသော ရမည်းသင်း မင်းသမီး ဆရာတော်။ ‘ဝိမလဓေသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု’ တံဆိပ်နာမံခံသော

www.burmeseclassic.com

www.burmeseclassic.com



မင်းခင်း မင်းသမီးဆရာတော်၊ ၎င်းဆရာတော်သုံးပါး အမှူးထား၍ လွှတ်တော် စာရေးကြီး မင်းလှသီရိရာဇာ, သံတော်ဆင့် မင်းလှမင်းခေါင်ဖေယျသူတို့ကို စေလွှတ်ခွင့်ပိုင် ရန်ကုန်မြို့တိုင် ကြိုဆိုလာရောက်သတည်း။

## နေပြည်တော်၌ မနေလို

ရန်ကုန်မြို့မှ အစဉ်အတိုင်း ဆန်တက်တော်မူ၍ ရတနာပုံနေပြည်တော်သို့ ရောက်လျှင် ဒသရာဇဓမ္မ, စတုသင်္ဂဟ, သတ္တအပရိဟာနိယ–စသော ရာဇပြကတေ့၌ နှလုံးမကွေ့ တည်လေတော်မူစေခြင်းစသည်ဖြင့် မင်းအား ဩဝါဒပေးတော်မူ၍ နှစ်လခန့် ရပ်တန့်နေကြိုက်အခါ အာဒိစ္စဝံသ ဒုတိယရဝိ ပြည်ကြီးတမွတ် ထိုနေနတ်သည် လေးမြွတ်ညွှတ်ကြည် အရှည်အစည်ကို ကိုးကွယ်လိုရကား ရတနာပုံ နေပြည်တော်အတွင်း သီတင်းသုံးနေပါမည်အကြောင်း အကြိမ်များစွာ ပန်ထွာလတ်လျှင်းမူလည်း ထိုရာဇဝူဇီတဂုဏ်၌ သုန်သုန်မညွှတ် စိတ်မြွတ်ရှုံ့အီ မသတီသည်လည်းတစ်ကြောင်း၊ ဌာနာဌာန ဝိမံသနပညာ သမ္ဘာရဂ္ဂိ ဝမ်းထဲရှိ၍ အရှည်နေခြင်း၌ လောက, ဓမ္မ, သာတ္တက ဖြစ်မည်ကို မမြင်သည်လည်း တစ်ကြောင်းဖြစ်၍ နေပြည်တော်၌ မနေလို၊ နိုင်ငံတော်အတွင်း တောင်ငူနယ်စွန် နင်းကျမ်းမြို့တွင် နေအံ့ဟု မင်းနှင့် ဝိရောဓိမဖြစ်စေသောအားဖြင့် ပဋိညာဉ်ပေး ပြီး ကြွတော်မူလိုသော် ထိုဘုရင်မင်းမြတ်သည် သဘော်တော်ဖြင့် မြင်းခြံမည်သော နိဂုံးကြီးဆိပ်ကမ်းတိုင်အောင် ပို့ဆောင်တော်မူစေ၍ အစဉ်အတိုင်း နင်းကျမ်းမြို့သို့ ရောက်လျှင် လက်စွဲဝင်းတော်မှူးနှင့် မြို့ဝန်မင်းကြီး မဟာမင်းလှမင်းရဲကျော်သူ ကို ကြီးကြပ်ဆောင်လုပ် တင်လှူစေသော မင်္ဂလာကျောင်းတော်၌ တစ်ဝါမျှတင်း တော်မူရာ ပစ္စည်းလေးပါး မရှားကုန်င သင်္ဂဟပြုတော်မူသတည်း။

## ကေတုမတီသို့

ထိုကျောင်းမှခွာပြန်သော် ကေတုမတီတောင်ငူမြို့၌ မြတ်စောညီနောင် စေတီ တော်ကို ပူဇော်အံ့ငှာ ကြွလာခဲ့ပြီး ထိုတောင်ငူမြို့၌ နှစ်လို့သာယာ တစ်ဝါကိန်းမှု တရားပြလျက် ဝိဝါဒါမိကရဏာဘေး ငြိမ်းအေးစေပြီး ဖြေရှင်းလင်းသည်ကို ပြ၍။

www.burmeseclassic.com

www.burmeseclassic.com



## ကာလကတ္တားသို့

ထိုမှခွါလျှင် ရွှေကျင်မြို့ရောက် ခရီးထောက်၍ အောက်မေ့ဆင်ခြင်သည်ကား ဘုရားမြတ်စွာ ပွင့်ရာမှန်ဘိ မဟာဗောဓိ ရက္ခညောင်နန်းမကို ဖူးရစေကာ သွားရာအခွင့် သင့်မြတ်ချေ၏တကားဟု တိုင်းစားဆင်ခြင် ရွှေကျင်မြို့မှ ရန်ကုန်မြို့သို့ ပြောင်းလျက် မီးသင်္ဘောထက် တက်စီး၍ လေးရက်တို့ပတ်လုံး ကမ်းဆုံးမမြင် ပင်လယ်သို့ ကူးခပ်ရာ ကာလကတ္တားမြို့ကြီးသို့ရောက်လျှင် စစ်တွေ ရမ်းဗြဲ သံတွဲမြို့သား ပွဲစားကုန်သည်တို့ လေးမြတ်ကြည်ညို ခရီးဦးကြိုဆိုကြသောင်းသောင်း စည်မောင်းခရာ ခြိမ့်ဩရာဆော်တီး၍ တိုက်ကြီးသုံးဆင့် ဘုံမြင့်ပျော်ကြောင်း စံတဲကျောင်းကို ကိန်းအောင်းတည်းခိုရန် လျှောက်ပန်တင်လှူကြသတည်း။

## ပုသိမ်ဦး နှစ်ဝါဆို

ထိုကာလကတ္တားတွင် သုံးရက်နား၍ မီးရထားဖြင့် သွားပြန်တုံရာ ဂယာသီသမဇ္ဈိမလယ်ချက် နက်သန်သီရိ ဗောဓိပင်မင်း အောင်မြေသို့ နင်းမိ၍ ရုံသင်းများစွာ နောက်ပါရှင်လူတို့နှင့်တကွ ရှစ်ရက်တို့ပတ်လုံး ညွတ်ရုံးပူဇော် ဖူးမြော်ပြီးလစ် ဆုတ်နစ်ပြန်လည်ခဲ့၍ ပုသိမ်မြို့သို့ ရောက်ချေက မြို့နေဒါယကာ သဒ္ဒါကုံလုံ လူဗိုလ်ပုံတို့ လက်မုရှိဝန် ခွင့်တောင်းပန်၍ နှစ်ဝါတိုင်တိုင် နေထိုင်သီတင်းသုံးတော်မူသည်။

## ညောင်အုပ်မင်းသား၏သားများ သာသနာ့အမွေခံစေပုံ

သာသနာတော်သက္ကရာဇ် ၂၃၆ ခုမြောက်၌ ပါတလိပုတ် အသောကမင်း၏သား အရှင်မဟိန္ဒရဟန္တာသူမြတ်သည်၊ သာသနသ, လောကဿဝုမို၊ ဟိတစီးပွား တံစားရွက်ဆောင် ယခုတိုင်အောင် ထွန်းပ–စည်ကားလျက်ရှိသော သီဟိုဠ်ကျွန်းသို့ ကူးမည်ကြံရည် အောက်မေ့၍ ရန်ကုန်မြို့ရောက် ကြွလာပြီး ၁၂၄၆ ခု၊ ဖဂ္ဂုဏမာသ ဆန်းစယုန်စက် ငါးရက်ပဥ္စမီနေ့ မီးသင်္ဘောထက် တက်စီးကူးခပ်ရာ ကာလကတ္တားမြို့သို့ရောက်လျှင် နန်းညှော်ထီးဖွား ညောင်အုတ်မင်းသားလျှောက်ထား တောင်းပန်ခြင်းကို အရင်းပြု၍၊ ဝါတွင်းသုံးလခန့် ဆိုင်းအံ့ရပ်နား သီဟိုဠ်ကျွန်း၏ သတင်းများကို စောင့်စားနာယူလျက် ညောင်အုတ်မင်းသား၏ သားတော်နှစ်ယောက် တို့ကို လောကုတ္တရာအခြေ သာသနာ့အမွေကို ခံယူစေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယအကြိမ် မော်လမြိုင်သို့ကြွလာ

ဤသို့ ဝါတွင်းသုံးလ မြော်ဆဆင်ခြင် ဝါကျွတ်လျှင်လည်း လက်ာဒီပဋ္ဌ ဒုဗ္ဗိက္ခဘေး အရေးရောက်ခြင်း သတင်းလျှောက်စာ လာချေရကား မသွားသီဟိုဠ် အလိုမပြည့် ရန်ကုန်သို့လှည့်ခဲ့ရာ အထက်ကာလ မြွက်ဟပိုင်ပိုင် မော်လမြိုင်သို့ မချို့လှည့်လည် လာရောက်မည်ဟု နှုတ်မြည်ဆုံးဖြတ် ခွင့်လွှတ်သေချာ ရှိပါသော ကြောင့် ဤမော်လမြိုင်မြို့သို့ ကူးမည်ကြံရည် အောက်မေ့ဆဲအခါ ပိတ်ကာမိုက် မှောင် ညဉ့်ရောင်မကူး ကပ်ဦးသူတို့ စိတ်ယူတမ်းဇရော် စန်းကိုမျှော်သို့ ထွေခေါ် မြွက်ဟ ကြွလာခြင်းကို မြော်တင်းလျက် ရှိကုန်သော ဤမော်လမြိုင်မြို့နေ ဥပါသကာ– ဥပါသိကာတို့သည် တူညီစိတ်မျှ ရှိကြကုန်ရကား အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်မှတ်ပြု သုဝိသုတ ဓမ္မဒီပဓဇ ပုဂ္ဂလဇာနည် ဤမထေရ်ကို ကြည့်ဖွယ်များပုံ တိဂုံခြေရင်း မြေခင်းအောင်မှို့ ရန်ကုန်မြို့မှ ပင့်ဆောင်၍ တောင်ခြေရစ်သိုင်း ပတ်လည်ဝိုင်းသား မွန်တိုင်းကျက်သရေ ရှေး ပဝေလည်း ထွန်းနေသာသနာ ရောင်ဝါယှက်ကူး ကွန့်ခဲ့ဖူး၏။ ပွားလူးပြန်လာ ယခုခါလည်း ဆက်ခါထွန်းစည် ကုန်စည်သူဌေး ရောထွေးပုံပေါင်း ရေသော်ညောင်းမျှ ကျောင်းနှင့်ဘုရား ရုပ်ပွားစေတီ သိင်္ဂီလျှံဝင်း မိုးပြည့်လင်း၏။ ခပင်းချက်ရိုင် တင်းကျမ်းလှိုင်သော ဤမော်လမြိုင်မြို့သို့၊ ၁၂၄၇–ခု၊ နတ်တော်လဆန်း ၅– ရက်နေ့ ဒုတိယမြောက် ကြွရောက်တော်မူလာ၏။

## မန်ကျည်းတောကျောင်း၌ဝါဆို

ကျိုက်သလွှာတောင်ဘက် တောနက် တောင်တန်း ရှုဘနန်းတည့် ရဟန်း သူတော် မြတ်ရာမြော်တို့ မွေ့လျော်သာမော မန်ကျည်းတောဟု ဝေါဟာသမိုက် ထိုကျောင်းတိုက်မှ အနောက်တောင်ယွန်းသော အရပ်၌ အလျား ၈၇ တောင်၊ အနံ ၃၅ တောင် ပမာဏရှိသော အုတ်ကျောင်းကြီးကို တည်ဆောက်လုပ်ဆောင် ကြစဉ် မန်ကျည်းတော ကျောင်းတိုက်အတွင်း လည်ပွင့်ဘုံဆက် သုံးဆင့်တက်သော ကျောင်း၌ ခေတ္တတည်းခို ဝါဆိုကိန်းအောင်းရသတည်း။

## ဓာတ်ဆားခံစားရပုံ

ထိုနှစ်ကောဇာသက္ကရာဇ် ၁၂၄၈ ခု၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့ကပင်လျှင် ဇာတိဇရာ ဗျာဓိမရဏ–စသော ဒုက္ခတဝေး ဘေးအပေါင်းတို့၏ အကြောင်းမှခံ

www.burmeseclassic.com

www.burmeseclassic.com



အဆုံးဘဝဖြစ်သောကိုယ်သည် သပ္ပာယ ဥတုဘောဇန စသည်တို့ဖြင့် စောင့်ရှောက် ထိန်းသိမ်းငြား လည်း ပေါက်ကြားယိမ်းယိုင် မလုံနိုင်သည်သာလျှင် ဖြစ်၏ဟူသော တရားလမ်းရိုးရှိသည့်အတိုင်း ဌာနနိသဇ္ဇ ဗဟုလကြောင့် ဥသဿန္နဓာတ် ဝမ်းဆီး ပြတ်သောရောဂါ ဝေဒနာပီဠန ဗျာဓိဓမ္မ နှိပ်စက်သဖြင့် ၁၃ ရက်တို့ပတ်လုံး ဝေဒနာ သတိပဋ္ဌာန်ကို အဖန်တလဲလဲ ဆင်ခြင်အောက်မေ့ တေဘုမ္မကဋ္ဌ ငြီးငွေ့ လောက်အောင် မညည်းမတွား ခံစားတော်မူပြီးမှ...

ရောဝတီမြစ်ညာ သုနာပရန် တမ္ပဒီပ ဦးစွန်းချက်မ ရတနာပုဥ္ဌာနရိပ်စိုး ကုသိုလ်ပျိုးစိုက် သန္ဓေကြိုက်၍ ဇာတိရိုက် ဖြစ်လျှင်မူလည်း–

ဇီဝိတံ ဗျာဓိ ကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာန နာယရေ။

ဤသို့ ပါဠိလာရှိရကား အနိဗဒ္ဓ ဒေဟနိက္ခေပန ဗျာဓိကာလတို့ကို အမြဲ သေချွေ သိစေတော်မူသည်ကိုပြုလျက် ငါတို့ကျေးဇူးရှင် သင်္ဂဇာဆရာတော် ထင်ပေါ် တက်ဝှန် ပုဂ္ဂိုလ်မွန်သည် ပြည့်စုံခဲ့ပြီးသော ၂၇ ဌာနတို့၌ ၃၅ ဝါ အခါကာလ အတ္တဟိတ, ပရဟိတ အကျိုး သယ်ပိုးရွက်ဆောင်တော်မူပြီး...

သက်တော် ၇၂ ရှိလတ်သောအခါ ဝါခေါင်လဆန်း ၁၀ ရက် မဇ္ဈန္တိက အလွန် နာရီပြန်စက် နှစ်ချက်စွန်းလစ် ၁၅–မိနစ်အချိန်၌ ဇီဝိတိန္ဒြေ ပြတ် ကြွေစုတေ နတ်ပြည်ရွှေ့သတည်း။

## ဂုဏ်ကျေးဇူးများ

ဤမထေရ်၏ ဂုဏ်ကျေးဇူးကား... ဗဂ်လီ နာဂရီ လောကီကျမ်းတတ် ပိဋကတ္တယဆေက ပညာဗဟုသုတ လောက်မျှောဘိ ဝမ်းထဲနှစ်အတိ ရှိပြီး၍ လည်း ဆုတ်နစ်မရှိ အတိသမာဆန္ဒ အားရရောင့်ရဲခြင်းမဖြစ် အသစ်ဖွေရှာ မှတ်သားတတ်သော ဂုဏ်လည်းရှိ၏။

ရေးခွင့်ကြီးကျယ် ဆိုဖွယ်ရောက်က ထွင်းဖောက်လွယ်ကူ ကောက်ယူ ချက်ဖြုတ် နှလုံးနှင့်နှုတ် တသုတ်ညီညွတ် ဓမ္မဝတ်, လောကဝတ်–မသွေ ကျွတ်လွတ်ဖြတ်ဖြေ ဥပမာ, ဥပမေယျ, ဝါစာသီလိဋ္ဌစကား တရားနှီးနွယ် မှတ်သားသိလွယ် အနက်အဓိပ္ပာယ် ထင်မြင်အောင် ပြောဟောတတ်သော ဂုဏ်လည်းရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



တပည့်ရင်းဖျား မှတ်သားမလိုက် အထိုက်အလျှောက် ချီးမြှောက်တတ်သော အလေ့လည်းရှိ၏။

အသက်သိက္ခာ ကြီးရင့်စွာသော ပုဂ္ဂိုလ်တို့အား လေးစားမြတ်နိုး ရှိခိုးပူဇော်တတ်သော အလေ့လည်းရှိ၏။

အာဃာတဝတ္ထု တွေ့ကြုံမှု၌ မခုအမျက် မထွက်သိုထား ကောဓအားကို ပယ်ရှားမသုံး နှလုံးမငြိ သည်းခံချိတတ်သော ခန္တီဗလလည်းရှိ၏။

ပစ္စည်း ပရိက္ခရာ များစွာလောက်လုံ စုပုံ၍ရသော်လည်း ထိုပစ္စည်းပရိက္ခရာ၌ တွယ်တာကပ်ငြိခြင်းမရှိ ဖြန့်ချိဝေဖန်တတ်သောအလေ့ရှိ၏။

ယထာလာဘ သန္တောသတရား ရှေ့သွားသဘော တော၌ပင်လျှင် အရည ကင် စူတင်မွေ့လျော် နေပျော်တတ်သောအလေ့ရှိ၏။

သိက္ခာကာမ ဓမ္မဂရုက ကောသလ္လပုဂ္ဂိုလ်တို့ကို ကြည်ညိုလေးမြတ်ချီးမြှောက်တတ်သော အလေ့ရှိ၏။

## ကြာကလာပ်ဖြင့်

ဤသို့ အာဒိဂုဏ်ထူးရှိသော မထေရ်၏ အလောင်းတော်ကို သသက်ရာဇဓာတ်၌ ဘုရားအလောင်းယုန်မင်း၏ ကျေးဇူးဂုဏ်ကို ကမ္ဘာကုန်တည်စေခြင်းငှာ သသက်မဏ္ဍလင်၌ ပြက်တင်ဖွေးဖွေး ယုန်ရုပ်ဟန်ရေးသော ထုံးကဲ့သို့ ကျိုက်သလ္လာ စေတီတော်မှ တောင်ဘက်အဆင်း ဖြောင့်စင်းပထဗျာ ဘူသီခါထက် ပန်းတင်သုံးဆင့် ငွါးငွါးမြင့်လျက် တင့်အပ်ဖွယ်ရာ ဟေမမာလာ ရတနာပန်းဆိုင်းနှင့်တကွ ကြာသွတ်အိုး နတ်မုခ်နတ်လေ့ကား မကန်းဆင်ကြမ်းခံသဏ္ဌာန် ရဲမာန်ကြွေ့ကြွေ့ ခြသေ့်မြေနင်းစသော ကြည်ညိုဖွယ်လောက်ငံ တန်ဆာနှင့်တကွ စေတီကြီးစွာ တည်လုပ်ပြီးလျှင် များစွာသော လူနတ်တို့၏ ကြည်ညွတ်ကော်ရော် ပူဇော်ကြည်ညိုရန် သီဟိုဠ်ကျွန်းမှ ပင့်ဆောင်လာခဲ့သော သဗ္ဗညုမြတ်စွာဘုရား၏ ဓာတ်မွေစစ်များနှင့်တကွ များစွာသော ဥဒ္ဒိသစေတီတော်မြတ် ရုပ်ဓာတ်တော်များကိုလည်း ဌာပနာ၍ ၎င်းဓာတ်မွေ ရုပ်ပွားတော်တို့အောက် ဆရာတော်ဘုရားကြီး အလောင်းတော်ကို ကြာကလပ်အမြင့် သုံးဆင့်မားမား ထိပ်ထက်ဖျားဝယ် မှန်နရားအတွင်း ထည့်သွင်းထားလျက် ဥဒါန်းစဉ်ရှည် ပြောပမပြီး ကြီးစွာသော သာဓုကိုငြနသဘင် ခံယင်ကျင်းပလျက် မြို့နေပုံယင် များလူရှင်တို့နှင့်တကွ ထိုမထေရ်၏ တရည်နိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရှည့် ပညာ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဆရာတော်ကြည့်ရှု၍ စေတီယဒါန ဈာပနထွက်ကျူး စဉ်ဆက်ရုံးလျက် ပြီးဆုံးသင့်ပြဟ်အပ်သတည်း။

ဤမထေရ်ကို မမြုပ်မတိမ် ဥဒါန်းစကား သိကြားကြသူ ရှင်လူခပဲတို့ သံဒွါ ပသန္နတိုးပွား အကျိုးများကြစေခြင်းငှာ သမာနော၀ါဒအသင်း ဥပါသကာတို့က စရိတ်ကြေးငွေ စိုက်ထုတ်၍ ၎င်း၀ဇီရာရာမ ဆရာတော် ကြည့်ရှုကြပ်မ၍ "အဋ္ဌဇ ယကေ ဒေါဒေါရသ ခပဋ္ဌ" ကိန်းတို့ကို ဖြုပြီးနောက် "နေရုပါနစ္စမ္မကေ"ဟူသော ကောဇာသက္ကရာဇ် (၁၂၅၁) ဝါဆိုလဆန်း ၁၅ ရက် ကြာသပတေးနေ့ ဤကျောက်စာ သံပိုင်းကို ထိုးမှတ် စိုက်ထားအပ်သတည်း။

## ကျောက်စာများ

* မင်္ဂလာ တန်ဆောင်–ကပ်လုံး ပြောင်စိမ့်၊ ဘုန်းခေါင် ပရမေ၊ အစိန္တေ လျှင်၊ နေရပဗန်နန်း၊ ဝင်စံမြန်းသာ၊ တည်ထွန်းဆက်ကာ၊ စဉ်သင့်လာသည်၊ သာသနာ၀သ၊ ဓမ္မယာမာ၊ ပဋ္ဌာနော်ရောက်၊ ဖွားမြောက်ဖြစ်ပေါ်၊ ထေရ်မြတ်ကျော်ကား၊ ခဲလှော်ရခက်၊ ထက်မြက်တိက္ခ၊ ဝက်ဝက်ရှု၍၊ သအဋ္ဌကထာ၊ အင်္ဂါကိုးသွယ်၊ နက်ကျယ်သာဂရတ်၊ ပိဋကတ်ကမ်းကွေ့၊ ရဲစွမ်းလေ့ဖြင့်၊ ခြင်္သေ့အယောင်၊ မရှောင်ပွဲတိုင်း၊ လွှားလွှားပိုင်းသား၊ ဂိုဏ်းပါမောက်ကြီး၊ ယာဉ်စီးလက္ခဏာတ်၊ ပဋိပတ်လည်း၊ မချွတ်သည်ပင်၊ ချစ်ခင်သိက္ခာ၊ မြိုက်နှစ်ရှာစဉ်၊ ရတနာပုံ၊ ပြည်ထောင်မဆွ၊ ဒသမနေမင်း၊ နားတော်သွင်း၍၊ နန်းခင်းမြေပြင်၊ သင်္ဂဇာရာမ၊ ထွန်းပကြေညာ၊ ဝဇီရာ ရုံ၊ ရွှေဘုံကျောင်းကြီး၊ တင်လှူပြီးသော်၊ ပွားစီးသာသနာ၊ တည်စိမ့်ငှာဟု၊ သုဓမ္မာမှူး၊ ရာထူးဆောင်နှင်း၊ ခံယူလျှင်း၍၊ ရှင်းလင်းခပ်သိမ်း၊ ကိစ္စငြိမ်းမှ၊ ရှောင်တိမ်းတောင်ခြေ၊ ဝင်နေကိန်းအောင်း၊ မင်္ဂဖိုလ်ချောင်း၏၊ မြင့်ညောင်းကာလ၊ တည်ထွန်းပသား၊ အဂ္ဂဓမ္မော်၊ နှံ့ကျော်ဝှန်စည်၊ ဤမထေရ်၏၊ ဂုဏ်ရည်ကျေးဇူး၊ အထူးထူးကို၊ ရှည်ကျူးနောင်ခါ၊ ပြောရာသရုပ်၊ မတိမ်မြုပ်အောင်၊ ဖွဲ့ချုပ်ဝှဲ့ချီး၊ မြတ်ဆုမှီးသား၊ ဆရာကြီးတွင်၊ ဦးရန်နှင်လျှင်၊ ရေးတင်ဟုတ်တိုင်း၊ ကမ္ဗည်းလှိုင်းသည်... သံပိုင်း ရွှေစာမော်ကွန်းတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထေရပ္ပတ္တိကထာ ကျောက်စာသံပိုင်း မော်ကွန်းပြီး၏။

ဤကား မော်လမြိုင်မြို့ ကျိုက်သလ္လာဘုရားအနီး စေတီကြီးတွင် ရေးစိုက်ထားသောမူမှ ကူးယူခဲ့သော ထေရပ္ပတ္တိကထာ ကျောက်စာမော်ကွန်းတည်း။

ဤမျှလောက်သော စကားစဉ်တို့ဖြင့် ဥပမာသမူဟ ဂီရက္ကမကျမ်း၌ သင်္ဂဟဆရာတော်ဘုရားကြီး၏ ဥပမာတို့ကို ပြဆိုရာပြဆိုကြောင်းဖြစ်သော အပိုင်းအခန်းကား ဤတွင် အပြီးသတ်သတည်း။

**သင်္ဂဟစကားပုံများ ပြီး၏။**

www.burmeseclassic.com

www.burmeseclassic.com

## ၂-ဗန်းမော်ဆရာတော်ဘုရားကြီး၏ စကားပုံ

### "ကျမ်းပြုဆရာ၏အမှာ"

ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံ အပူဇော်ခံရသော ဗန်းမော်ဆရာတော်ဘုရားကြီးက ပိဋကတ်သုံးပုံ အလုံးစုံသော ပါဠိအဋ္ဌကထာ စသော ကျမ်းဂန်အရပ်ရပ်တို့၌ နှံ့စပ်ကုန်စင် သိမြင်လိမ္မာတော်မူ၏။ ပျို့ကဗျာ လင်္ကာ, ချေင်း, မော်ကွန်း, ပိုဒ်စုံရတု အစုစုအသီးသီး ရေးနည်းရေးထုံး အနှုန်း အဖွဲ့တို့၌ အလွန်တတ်သိ ကျေပြွန်တော်မူသဖြင့် ကဗျာပါရဂူကြီးတစ်ပါး ဖြစ်တော်မူရကား... မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး လက်ထက်တော်၌ ထင်ပေါ်ကျော်စောခြင်း ဂုဏ်သတင်းနှင့် မင်းလှသင်္ဂယာဟူသော ဘွဲ့တံဆိပ်ဖြင့် ခတ်နှိပ် သူကောင်းပြုသည်ကို ခံတော်မူရသော မန္တလေးဘွဲ့မော်ကွန်း, ရတနာနဒီ မြစ်တော်ဘွဲ့ မော်ကွန်းများကို ရေးသားဆက်သွင်း ရသူ စလေဆရာကြီး ဦးပုညသည်ပင် ခိုဝင်ညွတ်ကာ မှီငြမ်းနိဿယ နယူပဒေသ ခံယူရကြောင်းကို ၎င်းဆရာကြီး ဦးပုညသည်ပင် စီရင်ရေးသားသော မေတ္တာစာ၌ ဗန်းမော်တိုက်ဆရာ ပဏ္ဍိတဝံသ မဟာဓမ္မ ရာဇာဓိရာဇဂုရု သံဃာတော် မထေရ် ကြီးကို ကျောက်ထီးကဲ့သို့ အလေးပြု၍ စသည်ဖြင့် ဆိုသောစကားကို ကြည့်၍ သိရလေသတည်း။

ဤဗန်းမော်ဆရာတော် ဘုရားကြီးသည် ရေးသားအပ်သော ဝိနည်းအဆုံး အဖြတ်ပေါင်း များစွာရှိ၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုထိုအရာ၌ာန သဘောမကျသော နေရာတို့၌ ပစ်စာအမျိုးမျိုး, လေးချိုး, ဒွေးချိုးစသော စာများကို ရေးသားပစ်ထားလေ့ ရှိသောသူဟူ၏။

မည်သူအားမဆို ပြောလိုက်စွ ရှိကာလ၌ ယုတ္တမုတ္တဝါဒီ သင့်မှန်သည်ကို အတည်မရှောင် ပြောင်ပြောင်မိန့်ဆိုလေ့ရှိသောသူဟူ၏။

ဤယခုဆိုလတ္တံ့သော ဗန်းမော်ဆရာတော်ဘုရား၏ အပိုင်းအခန်း၌ ဆန်းဆန်းကြယ်ကြယ် ရယ်ဖွယ်အမျိုးမျိုး အချိုးပစ်စာ ထိုက်သင့်ရာတို့၌ ပါလာတွေ့မြင်ကြရလိမ့်မည် ဖြစ်ပါ၍ ပညာဗဟုသုတ နည်းအထူးများကို ဆည်းပူးရှာမှီးလေ့ရှိသော ပုဂ္ဂိုလ်အပေါင်းတို့သည် ကောင်းစွာသတိပြု၍ ကြည့်ရှုတော်မူနိုင်ကြပါစေကုန်သတည်း။

---

## ၁ – ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးက ဓမ္မာဘိသမယကို မေးတော်မူရာ ဖြေဆိုတော်မူခြင်း

အခါတစ်ပါး မန္တလေးရတနာပုံ မြို့တည်နန်းတည် မဟာလောကမာရဇိန်စေတီတော်ကြီး ဒါယကာ ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် ပိဋကတ္တယကောဝိဒ၊ နာနာနယပါရဂူ ဖြစ်တော်မူသော ပဏ္ဍိတဝံသ သိရီပဝရမဟာဓမ္မရာဇဓိရာဇဂုရု ဟူသော တံဆိပ်နာမံ အလှူတော် အပူဇော်ခံရသော ဗန်းမော်ဆရာတော်ဘုရားကြီးကို ရွှေနန်းတော်သို့ပင့်၍ သင့်တင့်လျောက်ပတ်မွန်မြတ်ဖွယ်ရာ ရသာဘောဇဉ် ချိုချဉ်အရပ်ရပ်တို့ဖြင့် လှူကပ်ပြီးသောအခါ တရားနာ၍ အဆုံးတွင် နှလုံးသွင်းရှိသော ပြဿနာစကားကို မင်းတရားကြီးက ဤသို့ လျှောက်ထားသည်။

### တရားရပုံချင်းမတူ

အရှင်ဘုရား မြတ်စွာဘုရား ရှိတော်မူစဉ်အခါက သတ္တဝါအများတို့အား တရားရေအေး တိုက်ကျွေးတော်မူသောအခါ သတ္တဝါချင်း မတူကြပါ။ အချို့မှာ သရဏဂုံ ပဉ္စသီလမျှ တည်ကြရကြပါသည်။ အချို့မှာ သောတာပန်, အချို့မှာ သကဒါဂါမ်, အချို့မှာ အနာဂါမ်, အချို့မှာ ရဟန္တာဖြစ်ကြပါလျက်နှင့် တရားရပုံချင်းမတူကြသည်မှာ အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်းဟုလျှောက်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



* ဤကဲ့သို့ လျှောက်ထားခြင်းမှာလည်း မင်းတရားကြီးသည် သတ္တဝါတို့၏ တိက္ခိန္ဒြိယ, မုဒိန္ဒြိယ, အနုအရင့်ရှိကြသဖြင့် ပါရမီဒဗ္ဗသမ္ဘာရ အားလျော်စွာ ယထာရဟ တရားထူးရကြသည်ဟူသော သဘောကို မနောပိုက်တော် မမူမိ၍ မဟုတ်၊ ပုစ္ဆာတစ်ခုထား၍ စကားအစ ပဘာဝဖြစ်စေရန် အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားလျက် စကားစပ်ပြုတော်မူသည်ဟူ၍ မှတ်ရမည်။ အဘယ်ကြောင့်နည်းဟူမူကား–ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည်ထောက်ထားမြော်မြင်နိုင်သောပါရမီဒဗ္ဗသမ္ဘာရ အရှိန် သေးသိမ်လှသောကြောင့် ဤမျှလောက်သောအချက် မခဲခက်သောအရေးကို အမေးပြုတော်မူရလေသည်ဟု မထင်မှတ်စေလိုသောကြောင့်တည်း။

ထိုသို့ မေးတော်မူသောအခါ ပညာပါရမီ ဇမ္ဗူမဆုံ ပျံ့နှံ့ထင်ပေါ် ဟိုးဟိုးကျော်သော ဗန်းမော်ဆရာတော်ဘုရားကြီးက ဖြေကြား မိန့်ဆိုတော်မူသည်မှာ သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ် မှတ်သားရန် ဥပမာဖြင့် ထင်ပေါ်အောင် ဆရာတော် ဟောကြားမည်၊ သဘောထားတော်မူလော့။

## ဗန်းမော်ဆရာတော် ဖြေကြားပုံ

ရှေးသောအခါ မဟာရာဇဌာနီ–မင်းနေပြည်ကြီးတွင် ငယ်စဉ်အခါက အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ကျအောင် အတူတကွ ပေါင်းသင်းလျက် သူငယ်ချင်းဖြစ်ကြကုန်သော အမျိုးသား နှစ်ယောက်တို့သည် လောကီအလျှောက် တတ်မြောက်ရန် ဗေဒင်များကို သင်ကြားခြင်းအလို့ငှာ မိမိတို့ပြည်ရွာမှ ထွက်၍ တက္ကသိုလ်ပြည်သို့ သွားရောက်ပြီးလျှင် ဒိသာပါမောက္ခဆရာကြီးထံ နည်းခံသင်ယူကြသတတ်။

ထိုအခါ ဆရာကြီးသည် ခိုမှီးသင်ကြားလာသူ လုလင်နှစ်ယောက်တို့အား တတ်မြောက်စေချင်သဖြင့် ဗေဒင်ကျမ်းအရပ်ရပ်တို့၌ ကမ်းခတ်အောင် သင်ကြားပြ၍ သုံးနှစ်ကျော် လေးနှစ်ကြာလျှင် ဆရာကြီးထံ ခွင့်ပန်တိုင်ကြား၍ ပြန်သွားကြသောအခါ ရွာတစ်ရွာသို့ဝင်လျက် အိမ်တစ်ခုတွင် နားနေကြရာ များစွာမချွတ် လောကဝတ်အရေးတို့ဖြင့် ကျွေးမွေးပြုစုပြီးလျှင် အိမ်ရှင်မိန်းမက မေးသည်မှာ– "ဘယ်ရွာဘယ်မြို့မှ အမောင်တို့ လာကြသနည်း"ဟု မေးရာ ကျွန်ုပ်တို့သည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံမှ နည်းခံသင်ကြားသဖြင့် များစွာသော ဗေဒင်ကျမ်းအရပ်ရပ်တို့၌ ကမ်းခတ်အောင် တတ်ပေ၏။ ယခု တိုင်းပြည်သို့ ပြန်ခဲ့ကြကြောင်းကို ကောင်းမွန်စွာ ပြန်ကြားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကြွက်ကို ကြောက်ခုတ်သည့်နိမိတ်

အိမ်သားဖြစ်သူ မိန်းမသူသည် မိမိယောကျ်ား အရပ်တစ်ပါးသို့ ဥစ္စာရှာသွားရာ ပြန်မလာသည်နှင့် ဝမ်းသာအားရ ကြောင်းခြင်းတ–ကို သိရအောင်မေးမည်ဟု မြော်တွေးကြံဆောင်လျက် အမောင် ဆရာကလေးတို့– ကျွန်ုပ်၏လင်သည် တိုင်းခွင်တခြား ရပ်တစ်ပါးသို့ ထွက်သွားသည်မှာ လူမလာ စာမပြန် မကြာတန် ကြာသောကြောင့် ခြင်းရာကိစ္စ အဝဝကို သိရဖို့ ဗေဒင်နှင့် မြော်မြင်အမိန့်ရှိပါဟု ဆို၏။

ဤကဲ့သို့ မေးစဉ်အခါ အကြောင်းနိမိတ်ရှာ၍ ဆရာများ ကြည့်ကြသော် မနီးမဝေးတွင်ထားသော အုပ်ဆောင်းအပေါ်သို့ လှမ်းကျော်၍ခုန်တက်သော ကြွက် တစ်ကောင်ကို ကြောင်ဆီးခုတ်သဖြင့် ရုတ်ချည်း သေသည်ကို မြင်လေလျှင် ဗေဒင်ဆရာတစ်ယောက်က ကောက်၍ဟောသည်မှာ သင်၏ ယောကျ်ားသည် တိုင်းတစ်ပါးမှအပြန် အမှန်လမ်းတွင် သေပြီဟူ၍ ဤမျှကိုသာ ဟောကြား၍ တစ်ယောက်ကား သင်၏ယောကျ်ားသည် တိုင်းတစ်ပါးမှအပြန် တောင်ကမ်းပါးယံ အဆင်းနားတွင် ကျားခဲ၍သေပြီ၊ မယုံချေက သွား၍ရှာလော့ဟု ဟောပြောမိန့်ဆို၏။

ဤကဲ့သို့ ဗေဒင်ထွက်ရှိသည့်တိုင်း မဆိုင်းမတွ ထိုမိန်းမသည် ရွာမှလူများနှင့် သွား၍ရှာလျှင် ယခင်ဗေဒင်အထွက်နှင့် တစ်ချက်မလွဲ ကျားခဲသော လင်၏အလောင်း ကို တွေ့လေလျှင် ဗေဒင်ဆရာနှစ်ဦးတို့သည် အထူးသိမြင်ကြပေသည်ဟု ပထမ သာမညဟောသူကို ငွေငါးကျပ်ပေး၍ နောက်ဒုတိယ ဝိသေသဟောသူကို ငွေ တစ်ဆယ်ပေး၏။

ထိုအခါ ပထမ ဗေဒင်ဆရာက စာနာကြံတွေးသည်မှာ– ငါကား ဤသူနှင့် အတူပင် ဗေဒင်ပညာများကို သင်ကြားလျက် ဘယ်အတွက်ကြောင့် ငါ့ထက်သာ၍ ဟောနိုင်လေသနည်းဟု ဆင်ခြင်လျက် ယခု ဒုတိယဝိသေသဟောသော မိမိ၏ သူငယ်ချင်းအား ပြောကြားသည်မှာ… အဆွေ သင်နှင့် ငါသည် ဆရာ့ထံမှာ နည်းခံသင်ယူ အတူတူဖြစ်ပါလျက် ဘယ်အတွက်ကြောင့် ငါ့ထက်သာ၍ ဟောနိုင် သနည်း၊ ဆရာကြီးထံ ယခုပြန်၍ မေးအံ့ဟုဆိုလျက် ထိုသူနှစ်ယောက်တို့သည် ဒိသာပါမောက္ခဆရာကြီးထံသို့ ပြန်၍သွားရာ ရောက်ကာလ ဘယ်ကိစ္စအကြောင်း ခံနှင့် ပြန်လာကြသနည်းဟု ဆရာကြီးမေးလျှင် ယခင် ပထမဟောသူက ဤသူ နှင့် ကျွန်ုပ်သည် ဆရာကြီးထံက နည်းခံသင်ယူ တူပါလျက် ဘယ်အတွက်ကြောင့် ကျွန်ုပ်ထက်သာ၍ ပညာကို ပေးသနည်းဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



## ကောင်းကင်ကျရေကိုယူခဲ့

ထိုအခါ ဆရာကြီးက နည်းတစ်ခုပြ၍ နေရာတကျ ဖြေခြင်းငှာ လာကြသော သင်တို့နှစ်ယောက်သည် ချောက်, ကန်, အိုင်, အင်း, တွင်း, ချောင်း, မြစ်, သမုဒ္ဒရာ တို့၌ ရှိသောရေကို မယူမူ၍ သက်သက် ကောင်းကင်မှကျသော ရေအမှန်ကို ဉာဏ်ဖြင့် ခပ်ယူခဲ့ကြလောဟု စေခိုင်း၏။

ထိုအခါ ပထမ ဗေဒင်ဟောသော သူမှာ ပညာဉာဏ် နည်းပါးသည့်အတွက် မြက်သစ်ပင် စသည်တို့၌တည်သော နှင်းရေကို ရစေခြင်းငှာ အပင်နှုတ်၍ အိုးပေါ်၌ ခါချသဖြင့် မရမစုမိဘဲ ရှိလေ၏။ ဒုတိယလူမှာကား များသော ပညာဉာဏ် အကြံအဖန်နှင့် ပြည့်စုံသဖြင့် အဝတ်နှင့် နှင်းရေရှိသော သစ်ပင်ကို လူးသုတ်၍ ရတ်တရက် ညှစ်၍ယူလျှင် ရောင်တခင် အိုး၌ရေပြည့်သဖြင့် ဆရာ၏အထံသို့ ယူသွား၏။ ပထမလူ၏ အိုးမှာကား... ပြည့်မည်ကိုထား၍ တစ်ဖလားခန့်မျှပင် မပါဘဲလျက် အချိန်ကျသည်အတွက်ကြောင့် ရှက်ရှက်နှင့်ပင် ပြန်ခဲ့ရ၏။

ထိုအခါ ဆရာကြီးက ဆီး၍ပြောသည်မှာ... ငါသည် သင်တို့အား အတူတူ စေခိုင်းပါလျက် ဘယ်အတွက်ကြောင့် တစ်ယောက်မှာ ရေရ၍ တစ်ယောက်မှာ ရေမရသနည်းဟု မေး၏။ ထိုအခါ ပထမတပည့်က သိပါပြီဆရာကြီးဟု ဝန်ခံ၍ နေရပ်ဌာန တိုင်းပြည်သို့ ပြန်လည်နေထိုင်ကြသတဲ့ သာသနာ့ဒါယကာ မဟာ ကေရာဇ်မင်းမြတ်။

ဤကဲ့သို့ ဗန်းမော်ဆရာတော်ဘုရားက မိန့်ကြားတော်မူသောအခါ ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးသည် မှန်ပါ သိသာပါပြီဘုရားဟု လျှောက်ထားပြီးဆုံးသောအခါ ဗန်းမော်ဆရာတော်ဘုရားသည် ကျောင်းတော်သို့ ပြန်ကြွလေသတည်း။

---

## ၂ – ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားအား ကံဉာဏ်ဝီရိယ သုံးပါးကို နှလုံးထားရန် ဟောတော်မူခြင်း

အခါတစ်ပါး ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် တစ်ကိုယ်တည်း အကြံဖြစ်တော်မူသည်ကား– ကံ, ဉာဏ် ဝီရိယသုံးဌာန တရားတွင် အဘယ်က သာ၍ ပြဋ္ဌာန်းသနည်း၊ ဝီရိယကို ချီးမွမ်းသော အရာဌာန၌ ဇနကဇာတ်ကို ထောက်ဆသော် ဝီရိယကပင် ပြဋ္ဌာန်းသကဲ့သို့ ရှိသည်။ မဟောသဓာဇာတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ထောက်ပြန်က ပညာဉာဏ် ပြဋ္ဌာန်းသကဲ့သို့ပင်ရှိသည်။ ယင်းသို့ အထွေထွေအပြားပြား ယုံမှားသံသယ ဒွေဠ္ဌကဖြစ်သော အရေးများကို ကြံတွေးမြော်ခေါ်လျက် ဗန်းမော်ဆရာတော်ဘုရားအား လျှောက်ထား မေးမြန်းအံ့ဟု ကြံလျက် နံနက်ဆွမ်းဘုဉ်းပေးရန် ရွှေနန်းတော်သို့ ဗန်းမော်ဆရာတော်ဘုရားကြီးကို ပင့်၍ သင့်တင့်မွန်မြတ် လျောက်ပတ်တင့်တယ် ဖွယ်ဖွယ်ရာရာ ရသာဘောဇဉ် ချိုချဉ်အခန်းခန်းတို့ဖြင့် လှူဒါန်းဆက်ကပ်ပြီးသောအခါ မင်းတရားကြီးက ဤသို့လျှောက်ထားသည်။

အရှင်ဘုရား– တပည့်တော်မှာ ကံ, ဉာဏ်, ဝီရိယ သုံးဌာနတရားများ၌ ယုံမှားသံသယ အဘယ်တရားက ပြဋ္ဌာန်းသည်ကို အတည်ကျမသိ နှလုံးနှစ်ခွရှိပါသောကြောင့် တပည့်တော်အား ရွှေဉာဏ်တော်ပိုင်းခြား၍ သနားမြွက်ဟတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထား၏။

## ကံသမား

ထိုအခါ ဗန်းမော်ဆရာတော်ဘုရားကြီးက ဒကာတော် ကေရာဇ်မင်းမြတ်မှတ်တော်မူလော့… ရှေးက ဗာရာဏသီပြည်တွင် ဘုရင်ဗြဟ္မဒတ်မင်းကြီး မင်းပြုသောအခါ တောတွင်းရွာဇနပုဒ်၌ နှစ်ခြိုက်ပျော်စံသော ကံသမားတစ်ယောက်, ဉာဏ်သမားတစ်ယောက်, ဝီရိယသမားတစ်ယောက်ပေါင်း သုံးယောက်တို့သည် အတူတကွ နေထိုင်ကြရာ၊ ကံသမားသည် လူတို့မှာ ကံသာလျှင်အမိ၊ ကံသာလျှင်အဖ၊ ကံစီရင်ရာဖြစ်ရသည်၊ ကံရှိမှ ချမ်းသာ, ဉာဏ်ပညာသော ဝီရိယသော ဘယ်လိုပင်ပြောသော်လည်း သဘောလိုရင်း မဟုတ်ချေ။ ဤကဲ့သို့ အမြဲအစွဲပြောလေ့ဆိုလေ့ပြု၏။

## ဉာဏ်သမား

ဉာဏဝါဒဖြစ်သူ ဉာဏ်ကြိုက်လူကလည်း ကံပင်ရှိသော်လည်း ဉာဏ်၏စောင့်ရှောက်ခြင်း မပါခဲ့လျှင် ကောင်းစွာမတည် အရှည်မဖြစ်ထွန်း ဝီရိယအစွန်းမှာလည်း ဉာဏ်ပါမှ စားရ အရာရာ ထောက်ဆမှု ဉာဏ်ပဓာန ဖြစ်လေသည်ဟု စွဲယူ ပြောဆိုလေ့ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဝီရိယသမား

ဝီရိယဝါဒဖြစ်သူ တစ်ယောက်လူကလည်း ကံတူဉာဏ်တူ ရှိသော်လည်း အပျင်းထူ၍ မလုပ်မကိုင်ဘဲ နေထိုင်ခဲ့မူ ထိုသူ ငတ်မည်သို့ စသည်ဖြင့် အတည် အမြဲ ယူစွဲပြောဆိုလေ့ရှိ၏။

## သုံးဦးလုံးတောထဲပို့ပြီ

ဤ၊လူသုံးယောက်တို့သည် ယင်းကဲ့သို့ ပြောဆိုလေ့ရှိကြသော သတင်းစကားကို ဗာရာဏသီမင်းကြီးနား ကြားတော်မူ၍ ထိုသူတို့ကိုခေါ်လျက် ရှေ့တော်သို့သွင်းရမည် အမိန့်တော်မှတ်သဖြင့် အကြပ်အတည်းခေါ်၍ ရှေ့တော်သို့ သွင်းခဲ့ရာ မဟာဗြဟ္မဒတ်မင်းကြီးက အသီးသီး မေးတော်မူလျှင် ယခင်က မိမိတို့ အယူစရိုက် နှစ်သက်ရာသို့လိုက်၍ အကြိုက်ကို သံတော်ဦးတင်ကြလျှင် ဘုရင်မင်းမြတ်က ဤလူသုံးဦးသားကို ခေါ်သွားပြီး၍ တောကြီးတစ်ခု၌ ထားချေ၊ ဤကဲ့သို့ စေသဖြင့် လူနေနှင့် မနီးသော တောကြီးတစ်ခုသို့ ပို့၍ထားရ၏။

ထိုအခါ ထမင်းပင်ဆာသော်လည်း ကံဆရာက ကံညာလျှင် စားရလတ္တံ့ဟု မျှော်ငံ့ကြံစည်လျက် အိပ်၏။ ဉာဏ်ကြိုက်သောယောကျ်ား ဉာဏ်သမားကလည်း ငါ့အား အဘယ်ကဲ့သို့ ကြံ၍ ဉာဏ်ဖြင့်စားရမည်ဟု ဆဝါးကြံစည်လျက်နေ၏။ ဝီရိယသမား ထိုယောကျ်ားကလည်း အဘယ်သို့ သွားမှတော်မည်, အဘယ်အမှုကို ပြုစုအားထုတ်မှ တော်မည်–ဤကဲ့သို့ စသည်ဖြင့် ထိုဤကိစ္စကို ပြုရဖို့သာ ဝီရိယစိုက်၏။

## ကံဝီရိယသမားတို့ ထမင်းမစားရပုံ

ယင်းသို့နေကြသောအခါ တောကျီးငှက်တစ်ယောက်သည် အာခေါင်သံပါပါ နှင့် အာ,အာ–ဟူသော မာဂဓဘာသာဖြင့် မြည်၍ အနောက်အရပ်မှ အရှေ့အရပ်သို့ ပျံရာ ဉာဏ်သမားက အဆွေဝီရိယဆရာ ယခုကျီးငှက် ပျံရာသို့ လိုက်သွားလျှင် အစားနှင့် ကေန္တမုချ တွေ့မည်မချွတ်ဟုဆိုက ဝီရိယသမားက သွားရအောင်ဆရာ ဟု ပြောလျှင် နှစ်ယောက်သော ဉာဏ်ဝါဒ, ဝီရိယသမားတို့သည် ကျီးငှက်သွား ရာသို့ အစဉ်တစိုက် လိုက်သွားကြရာ အတန်ငယ် ဝေးကွာသောအရပ်သို့ရောက် လျှင် စေတီရင်ပြင်တွင် ပလ္လင်ပေါ်၌တင်၍ လှူထားသော အမဲသားဟင်းလျာကို ဆွမ်းကြွင်းပါ တွေ့ရှိသဖြင့် ဝီရိယဉာဏ် နှစ်တန်သော ဆရာများသည် စားသောက် ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဉာဏ်သမားက အဆွေ ကျန်ရစ်သူ ကံသမားသည် မစားရလျှင် သေရှာတော့အံ့ဟု ဆိုသည်တွင် ဝီရိယသမားက သနားသည့်အတွက် ကရုဏာသက်သောကြောင့် ဖက်နှင့်ထုပ်၍ ထမင်းကို ယူပြီးလျှင် ယခင်နေရာ တောအုပ်ကိုပြန်ကြ၍ ရောက်သောအခါ အဆွေကံသမား ကံချည်းသာယုံ၍နေ ထမင်းဝေ်၍ သေလတ္တံ့ဟုဆို၍ ထမင်းထုပ်ကို ပေး၏။

## ကံသမား ပြည်တန်ပတ္တမြားရ

ထိုအခါ ကံသမားက အားရဝမ်းသာနှင့် ပေးပါဆရာ ကံကောင်းလို့သာ စားရပေသည်ဆို၍ ထမင်းထုပ်ကို ဖြေလျက် စားနေသည်အတွင်း ထမင်းလုံးအကြားမှ ပြည်တန်သော ပတ္တမြားတစ်လုံးကို ရလေ၏။

## ကံသာပဓာန

ထိုအကြောင်းများကို ဗာရာဏသီပြည့်ရှင်မင်းကြား၍ သုံးဦးသားတို့ကို ခေါ်ပြီးလျှင် ရှေ့တော်တွင် ခစားစေ၍ ကံသမားအား အိမ်ရှေ့မင်း၏ အစီးအနင်း အဆောင်အရွက်နှင့်တကွ ပေးသနားတော်မူ၏။ ဉာဏ်သမားအား တရားဆုံးဖြတ်ခြင်း၌ သင့်လျော်သော လွှတ်တော်အမတ်ကြီး၏ အစီးအနင်း အဆောင်အရွက်နှင့်တကွ ပေးသနားတော်မူ၏၊ ဝီရိယသမားအား စားလုံသေနတ် အရပ်ရပ်လက်နက်နှင့်တကွ အစိုးရသော စစ်သူကြီးအရာကို ကောင်းစွာပေးသနားတော်မူ၏။ ဤကဲ့သို့သော အရာများကို ထောက်ထားစာနာလျှင် ကံသာလျှင် ပဓာန-ဖြစ်သည်ဟု မှတ်ယူရန်ရှိသည် သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ်။ ဤကဲ့သို့ အမိန့်ရှိတော်မူသောအခါ ဘဝရှင်မင်းတရားကြီးသည် အားရနှစ်သက်တော်မူလေသတည်း။

* ဤနေရာ၌ ကံကိုပဓာနထား၍ ဆရာတော်ဘုရားကြီး ဖြေဆိုတော်မူသည်မှာ သတ္တဝါတို့ဟူသည် ကံနှင့်မကင်းကောင်း၊ ကံတည်းဟူသောအကြောင်းကောင်း-မကောင်းကို အမှီပြုရကား "အပရာပရိယဝေဒနီယကမ္မမုတ္တာ သတ္တော နာမ နတ္ထိ။ ကမ္မံ သတ္တေ ဝိဘဇ္ဇတိ"ဟူသော ပါဠိများနှင့်အညီ ဖြေဆိုတော်မူလေသည်ဟူ၍ မှတ်အပ်၏။ ထိုပါဠိတို့၏ အနက်ကား... အပရာပရိယဝေဒနီယကမ္မမုတ္တာသတ္တောနာမ၊ အပရာပရိယဝေဒနီယ ကံမှ လွတ်သော သတ္တဝါမည်သည်။ နတ္ထိ၊ မရှိ။ ကမ္မံ ကံသည်။ သတ္တေ၊ သတ္တဝါတို့ကို။ ဝိဘဇ္ဇတိ၊ ဝေဖန်ပြုပြင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုခြင်းမှာလည်း ဆရာတော်ဘုရားကြီး၏ အဖြေအားလျော်စွာ ပြဆိုခြင်းသာတည်း။

---

## ၃ – ဗန်းမော်ဆရာတော်ဘုရားနှင့် သီလရှင်မယ်ကင်းတို့ အချင်းချင်းစာရေးပေးပို့ကြသောအကြောင်း

ပဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး လက်ထက်တော်၌ ကျော်စောသတင်း ပျံ့နှံ့ခြင်းနှင့် မင်း၏အချီးအမြှောက်ကို ခံရသော သီလရှင် မယ်ကင်းသည် အသင်းအပင်း တပည့်သား သီလရှင်ငယ်များကို ထိုက်သည်အားလျော်စွာ သဒ္ဒါ၊ သင်္ဂြိုဟ်စသော အောက်စာငယ်များကို သင်ကြားပို့ချသောဟူ၏။

### သဘော်သီးကြီး ဘုရားဆုတောင်းပုံ

အခါတစ်ပါး သီလရှင်မယ်ကင်းသည် တပည့်ဖြစ်သူ သီလရှင်ငယ် နှစ်ယောက်ကိုခေါ်၍ သင့်လျော်မွန်မြတ် လျောက်ပတ်အံ့ထင်သော သဘော်သီးကြီးသည် လှသည်တို့ကို ရွေးချယ်လျက် ဖွယ်ရာလှပအောင် ပြင်ပြီးလျှင် အရှင်ဗန်းမော်ဆရာတော်ဘုရားကြီးအား သွား၍လှူဒါန်းချေလော့ဟု စေခိုင်းလိုက်၏။

ထိုအခါ မယ်သီလနှစ်ယောက်တို့သည် ဗန်းမော်တိုက်သို့သွား၍ ဗန်းမော်ဆရာတော်ဘုရားကြီးအား လှူဒါန်းကြသော် ဗန်းမော်ဆရာတော်ဘုရားကြီးက မယ်သီလရှင်များကို မေးသည်မှာ... သင်တို့ဆရာမယ်ကင်းက အဘယ်သို့သော စကားအထူးများကို မှာကြားလိုက်သေးသနည်းဟု မေးတော်မူလျှင် သီလရှင်ငယ်များက လျှောက်ထားသည်မှာ "အရှင်ဘုရား–တပည့်တော်မတို့၏ ဆရာကြီးမယ်ကင်းက သဘော်သီးလှူရသော ကုသိုလ်ကောင်းမှုကြောင့် ဘုရားဆုကို ရလိုကြောင်းနှင့် ဆုတောင်းပါသည်ဟူသော စကားကိုလည်း ဆရာတော်ဘုရားအား လျှောက်ထားခဲ့ကြ" မှာလိုက်ပါသည်ဟု လျှောက်ထားသည်။

### ဗန်းမော်ဆရာတော် ပြန်ကြားပုံ

ထိုအခါ ဆရာတော်ဘုရားကြီးက မိန့်တော်မူသည်မှာ သင်တို့ဆရာ သီလရှင်မယ်ကင်းအား ဘုရားဆုကို မပန်နှင့်ဦး "ဆရာတော်ဘုရား၏ ပေါင်ကြားဝတ္ထုကို မယ်ကင်း၏ ပေါင်ကြားသို့ရောက်အောင်"ဆုတောင်းလေဦးဟု ဗန်းမော်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီးက မှာလိုက်ကြောင်းကို ကောင်းစွာ မှတ်သား၍ ပြောကြားကြလေဘိဟု မှာလိုက်၏။

မယ်လသီရှင်ငယ်များ ကျောင်းမှပြန်သွား၍ ရောက်ကာလ ဆရာတော်ဘုရားကြီး မှာလိုက်သောစကားကို ပြန်ကြားပြောဆိုကြလျှင် သီလရှင်မယ်ကင်းသည် ရုတ်ချည်း ဒေါသအမျက်ထ၍ ဂရဟိတစကား ပြောကြားဆိုဆဲ အရှက်ခွဲသည်။ ငါကလည်း အတင်စီးမခံ စာပြန်၍ရေးမည်ဟု ဒွေးချိုးသံဖြင့် ကြံစည်ရေးသားသည်မှာ—

**မယ်ကင်း၏စာချိုး**

**"အဖျားရယ်မေ၊ အနားခွေမနိုင်ပြတ်ခါမှ၊ မြိုင်ရပ်ကိုမှီး။ ။**
**စိပ်ပုတီးနှင့် ယပ်ကြီးကိုထမ်းကိုင်၊ မင်္ဂလမ်းကို ဘယ်လိုဆိုင်ပါ့မယ်၊**
**ဖန်သင်းပိုင်မုံရည် ကွက်ကယ်နှင့်၊ တောထွက်ခင်ကြီး"**

ဤကဲ့သို့ ရေးသားစီကုံးပြီးလျှင် သီလရှင်တပည့်ငယ်များအား သွား၍ အမြန်ပို့ချေကြဟု စေခိုင်း၏။

ထိုအခါ သီလရှင်ငယ်များသည် ရေးသားသောစက္ကူ ဒွေးချိုးမှုကိုယူ၍ သွားပြီးသော် ဇန်းမော်တိုက် အတွင်းက ဦးပဉ္စင်းတစ်ပါးကို ဆရာတော်ဘုရားအား ကပ်ပါဘိဟု မှာလျက် စာလွှာကိုအပ်နှင်း၍ ချက်ချင်းပြန်သွားကြလေ၏။

ထိုအခါ စာကိုရရှိသော ရဟန်းတော်သည် ဇန်းမော်ဆရာတော်ဘုရားကြီးအထံတော်သို့သွား၍ မယ်သီလရှင်များ ပေးသွားကြောင်းကို လျှောက်ပြီးခါ ထိုစာကို ဆရာတော်ဘုရားလက်သို့ ကပ်ဆက်လေ၏။ ထိုအခါ ဆရာတော်ဘုရားသည် ရေးသားပေးပို့လာသော စာချိုးကို ကြည့်ရှုမိလျှင် သီလရှင်မယ်ကင်း၏ အာဘော်ဟု ဟုတ်မှန်သောအတိုင်း တွေးမိ၍ ဤသို့ ပြန်စာရေးသားတော်မူသည်။

**ဇန်းမော်ဆရာတော်၏စာချိုး**

**"နှုတ်သီးရယ်စွာ၊** ယုတ်တီး ယုတ်တမာနှင့်၊ **ဟာမယ်သီလ။ ။**
**အတျှင့်ရယ်တန်၊ မသင့်ရာအမြင်သန်လိုက်ထာ၊** နင့်အကြံ ဝသီဆိုးကို
**ချိုးလိုက်ချင်လှ"**

* ဤစာချိုးပါ စာလုံးအဖြူများနေရာ၌ ပြင်ဆင်ရေးသားထားပါသည်။ ဆရာတော်ဘုရားကြီး ရေးသားရင်း စာချိုးသည် အနည်းငယ်မျှ ရုန့်ရင်းသဖြင့် အများတို့နား၌ ဆန့်ကျင်အံ့ထင်၍ ပြင်ဆင်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ရေးသားစီကုံးပြီး ရဟန်းငယ်တစ်ပါးကို ခေါ်ပြီးလျှင် သီလရှင်မယ်ကင်းထံသို့ အမြန်ပို့ချေဟု စာနှင့်တကွ လွှတ်လိုက်၏။

## ဘုရင်ကိုတိုင်ပြီ

ထိုရဟန်းငယ် ကိုယ်တော်သည် ဗန်းမော်ဆရာတော်ဘုရားကြီး၏စာကို သီလရှင်မယ်ကင်းထံသို့ပို့၍ ကျောင်းသို့ ချက်ချင်းပြန်လာ၏။ သီလရှင်မယ်ကင်းလည်း ဦးပဥ္စင်းပေးသွားသောစာကို မြင်သောအခါ မရွှင်သောမျက်နှာဖြင့် များစွာစိတ်ဆိုးလျက် မင်းတရားကြီး လက်တော်ရောက်ပြအံ့ဟု ကြံ၍ အမြန်နန်းတော်သို့ ဝင်ပြီးလျှင် ဘုရင်မင်းတရားကြီးအား တိုင်ကြားလျှောက်ထားသည်။

ထိုအခါ မင်းတရားကြီးက "သည်းခံပါ မယ်ကင်း၊ ဤဗန်းမော်ဆရာတော်ဘုရားကြီးသည် သင်တို့ကဲ့သို့သောသူကို မဆိုထားလင့် ရေမြေအရှင် ဘုရင်ကေရာဇ်မင်းမြတ်ကိုပင် မထေမဲ့မြင် ပြောဆိုသေးသည်။ ဤကဲ့သို့ ပြောဆိုသော်လည်း နဂိုက ဝါသနာ အထုံပါသဖြင့် အရာရာ၌ သည်းညည်းခံရသည် ပြန်လှန်လျှောက်ထား စကားအထူးပြော၍မလျှော် ခွင့်မတော်သော အကြောင်းများကို ပြောကြားတောင်းပန်လျှင် သီလရှင်မယ်ကင်းသည် စိတ်တင်း၍ ပြန်ရှာလေသတည်း။

[ဤကဲ့သို့ ဗန်းမော်ဆရာတော်ဘုရားကြီးသည် ကြမ်းတမ်းသောစာကို ရေးသားပေးပို့ခြင်းမှာ သီလရှင်မယ်ကင်းသည် မာန်တင်းထောင်လွှား ဆရာတော်ဘုရားကြီးများကိုပင် လေးစားမမှု၊ သူနှင့်အဖက်အရာပြုလုပ်၍ အရောတဝင် မထေမဲ့မြင် ရေးသားခြင်းဖြစ်ရကား နောက်နောင် ဤကဲ့သို့ မပြုမလုပ်မူ၍ ဂါရဝ, နိဝါတတရား နှလုံးထား၍ ပိပြားသေဝပ်စေခြင်းအကျိုးကို မြော်ကိုးထောက်ထားသဖြင့် ရေးသားပေးပို့တော်မူလေသည်။ သက်သက်မဲ့ အကျိုးတရားမရှိဘဲ အပျော်အပါး ရေးသားတော်မူခြင်း မဟုတ်ပေ။

---

## ၄–သုဓမ္မာဆရာတော်ဘုရားကြီးများ အကြောင်းပြုလျက် စာချိုးတစ်ခု ရေးသားပစ်ထားခဲ့ခြင်း

ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးလက်ထက်တော် အခါ၌ သုဓမ္မာဆရာတော်ဘုရားကြီး ရှစ်ပါးကို သီးခြားရွေးကောက် တင်မြှောက်တော်မူသည်။ ထို သုဓမ္မာဆရာတော်ဘုရားကြီး ရှစ်ပါးတို့သည် သုဓမ္မာဇရပ်သို့ ကြွတော်မူပြီးလျှင် နိုင်ငံတော်အတွင်း မှိတင်းသီတင်းသုံးတော်မူကြကုန်သော ရဟန်းသံဃာ သာသနာ

www.burmeseclassic.com

www.burmeseclassic.com



တော်နှင့် စပ်လျဉ်းသော အမှုအခင်း အရေးကိစ္စ ဝိနယဝိနိစ္ဆယ သာသနာ့တာဝန်ကို ကျေပွန်ရွက်ဆောင် ပြီးငြိမ်းအောင် ဆုံးဖြတ်လျက် အရပ်ရပ်စစ်ဆေး၍ စည်းဝေး တိုင်ပင်မြဲ ဖြစ်တော်မူကုန်၏။

### ထိုသုဓမ္မာဆရာတော် ရှစ်ပါးတို့ကား

(၁) "မေဓာဘိ သိရီပဝရ ကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု" တံဆိပ်နာမံ တော်ရှိသော မန္တလာရာမတိုက် ပြည်ဆရာတော်ဘုရားကြီး။

(၂) "သုဓာတာဘိဓဇဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံတော် ရှိသော အရှေ့မင္တရာတိုက် မင္တရာဆရာတော်ဘုရားကြီး။

(၃) "ပညာသာမိ ကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု" တံဆိပ်နာမံတော် ရှိသော မင်္ဂလာရာမတိုက် မောင်းထောင်ဆရာတော်ဘုရားကြီး။

(၄) "ဉေယျဓမ္မာဘိဓဇ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံ တော်ရှိသော သက်ပန်းတိုက် သက်ပန်းဆရာတော်ဘုရားကြီး။

(၅) "ကလျာဏ ဘိဓဇ ဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံ တော်ရှိသော အရှေ့စလင်းတိုက် စလင်းဆရာတော်ဘုရားကြီး။

(၆) "သုဒဿနဓဇ အတုလာဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံတော်ရှိသော စံကျောင်းတိုက် စံကျောင်းဆရာတော်ဘုရားကြီး။

(၇) "အဂ္ဂဓမ္မာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံတော် ရှိသော အရှေ့သင်္ဂဇာဆရာတော်ဘုရားကြီး။

(၈) "နန္ဒာဘိဓဇဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံတော်ရှိ သော မဟာဝိသုတာရာမတိုက် ပုခန်းဆရာတော်ဘုရားကြီး။

ဤကား ပဌမသုဓမ္မာဆရာတော်ဘုရားကြီးများတည်း။

---

### နောက်လျော့၍ ထပ်ဖြည့်ထည့်သွင်းရသော ဆရာတော်ဘုရားကြီးများကား

သင်္ဂဇာ ဆရာတော်ဘုရားကြီး အရှည်ကင် ခိုဝင်တော်မူသည်နောက် ၎င်း ဆရာတော်ဘုရားကြီးအစား–

(၁) ပညာသာမိ သိရီသဒ္ဓမ္မ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု–တံဆိပ်နာမံတော် ရှိသော ဝဇီရာရာမဆရာတော်ဘုရားကြီး။

www.burmeseclassic.com

www.burmeseclassic.com


မန္တလာရာမတိုက် ပြည်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည့်နောက် ၎င်းဆရာတော်ဘုရားကြီးအစား–

(၂) ဝိစိဘိဓေ ဓိပတိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု–တံဆိပ်နာမံတော်ရှိသော မန္တလာရာမ ဆရာတော်ဘုရားကြီး။

ပထမ စလင်းဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည့်နောက် ၎င်းဆရာတော်ဘုရားကြီးအစား

(၃) ကေတုမာလာဘိဓေ အတုလာဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု–တံဆိပ်နာမံတော်ရှိသော မဟာဝိဇိတာရာမ တောင်စလင်းတိုက်သစ် ဒုတိယ စလင်းဆရာတော်ဘုရားကြီး။ ဤဆရာတော်ဘုရားကြီးများကို ထပ်ပြည့်သွင်းရသည်။

ဝိရိယာရဗ္ဘဓေ ဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော လှထွေဆရာတော်ဘုရားကြီးမှာကား… ယခု သုဓမ္မာဆရာတော်ဘုရားကြီး ရှစ်ပါးတွင် မပါမဝင်သော်လည်း ထိုထိုအရာဌာန ကိစ္စအမှုတို့၌ ကြည့်ရှုကြီးကြပ်တော်မူရလေသည်။

အခါတစ်ပါး ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဗန်းမော်ဆရာတော်ဘုရားကြီးသည် သုဓမ္မာဆရာတော်ဘုရားကြီးများကို အကြောင်းပြု၍ စာချိုးတစ်ခု ရေးသားပြီးလျှင် သုဓမ္မာခွင်သို့ ဝင်ရောက်မိန့်ဆိုရန် ကိစ္စနှင့် ကြွသွားတော်မူသောအခါ သုဓမ္မာဇရပ်တွင် ချထားခဲ့သည်မှာ…

> "မောင်သက်ပန်းက တသမ်းသမ်းတဝေဝေ၊ မောင်လှထွေမှာ စာပေက နတ္ထိ၊ မောင်စလင်းမှာတော့ ပျင်းလွန်းလို့ စာမကြည့်၊ မင်းနန်မှာ လူနှင့်နှောတယ် သောသောည်၏၊ မန္တလာ မှူခြင်းရာ မစုံစမ်းခင်က ငေါက်ငန်းပါဘိ"

ဤစာချိုးကို ရေးသား၍ ချထားခဲ့သောဟူ၏။

## စာချိုး၏ အဓိပ္ပာယ်များ

၎င်းစာချိုးတွင် **မောင်သက်ပန်းက တသမ်းသမ်းတဝေဝေ**… ဟူသည်မှာ ဥဿျဓမ္မာဘိဓေ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော သက်ပန်းဆရာတော်ဘုရားကြီးသည် သုဓမ္မာ ဆရာတော်ပင် ဖြစ်ငြားသော်လည်း တစ်ပါးသော ဆရာတော်ကြီးများ တရားဆုံးဖြတ် အရပ်ရပ်ဆွေးနွေး တိုင်ပင်ကြသောအခါ ဘာသာထိုင်၍ မပြတ်မပြတ် သမ်းဝေ၍သာ နေထိုင်တတ်သည် ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



**မောင်လှထွေမှာ စာပေက နတ္ထိ**... ဆိုသည်ကား ဝီရိယာရဇ္ဇာဓဇ ဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမ်တော်ရှိသော လှထွေ ဆရာတော်ဘုရားကြီးသည် တစ်ပါးသော ဆရာတော်ကြီးများကဲ့သို့ ကျမ်းဂန်အရာ၌ ထက်မြက်တော်မမူရကား စာမတတ်ဟု ဆိုလိုသည်။

**မောင်စလင်းမှာတော့ ပျင်းလွန်းလို့ စာမကြည့်**... ဟူသည်ကား ကေတုမာလာဘိဓဇ အတုလာဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမ်တော်ရှိသော စလင်းဆရာတော်ဘုရားကြီးသည် ပါဠိအဋ္ဌကထာ ဋီကာစသော ကျမ်းအရပ်ရပ်တို့၌ နှံ့စပ်ကျေပြွန်သဖြင့် လွန်စွာထက်မြက်သော ဉာဏ်ရှိတော်မူသည် ဖြစ်၍ ထိုထိုအရာဌာနတို့၌ ပြောဆိုမိန့်ရှိကြသောအခါ ပါဠိကိုပင်သော်လည်း မိမိဉာဏ်သဘောဖြင့် စီတန်းမှန်းထား၍ ရွတ်နိုင်တော်မူ၏။ သို့သော် စာကြည့်ပျင်းသောကြောင့် ဗန်းမော်ဆရာတော်ဘုရားကြီးက ဤသို့ရေးခြင်းဖြစ်သည်။

**မင်းနန်မှာ လူနှင့်နှောတယ် သောသောည်၏**... ဆိုသည်ကား နန္ဒာဘိဓဇ ဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမ်တော်ရှိသော ပုခန်းဆရာတော်ဘုရားကြီးသည် စကားပြောအရာ၌ များစွာကျွမ်းကျင် လိမ္မာတော်မူသည်ဖြစ်၍ အရပ်ရပ်က လာသမျှသော အမှုအခင်း မရှင်းမလင်း မပြီးမပြတ်သည်တို့ကို စေ့စပ် ညီညွတ်အောင် ဆုံးမသြဝါဒ ပေးတော်မူရသဖြင့် ပရိသတ်နှင့် ရောနှော၍ တသောသောနေသည်ဟု လို၏။

**မန္တလာမှူခြင်းရာ မစုံစမ်းခင်က ဝေါက်ငမ်းပါဘိ**... ဟူသည်ကား ဝိစိတ္တာဘိဓဇ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမ်တော်ရှိသော မန္တလာရာမ ဆရာတော်ဘုရားကြီးသည် သုဓမ္မာသို့ အမှုသည်တို့ ဆိုက်ရောက်လာလျှင် အမှုကို မစုံစမ်း မမေးမြန်းရသေးမီ အမှုသည်တို့ကို ပြင်းစွာဝေါက်ငမ်းတတ်သည်ဟု ဆိုလိုသည်။

---

## ၅ – လွှတ်တော်ဝန်ကြီးများကို အကြောင်းပြု၍ စာချိုးတစ်ခု ရေးသား၍ ချထားတော်မူခဲ့ခြင်း

ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးဘုရား လက်ထက်တော်အခါ ခန့်ထားချီးမြှောက်တော်မူသော ဝန်ရှင်တော် မင်းကြီးများကား–

(၁) သတိုးမင်းကြီး မဟာမင်းလှစည်သူဘွဲ့ခံ ပုခန်းကြီးမြို့စားဝန်ရှင်တော်မင်းကြီး။

www.burmeseclassic.com

www.burmeseclassic.com



(၂) သတိုးမင်းကြီး မဟာသိရိစည်သူဘွဲ့ခံ လောင်းရှည်မြို့စား ဝန်ရှင်တော်မင်းကြီး။

(၃) သတိုးမင်းကြီး မဟာမင်းလှဥစ္စာနဘွဲ့ခံ ခန်းပတ်မြို့စား ဝန်ရှင်တော်မင်းကြီး။

(၄) သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော်သူဘွဲ့ခံ ရေနံချောင်းမြို့စား ဝန်ရှင်တော်မင်းကြီး။

ဤကား ဗန်းမော်ဆရာတော်ဘုရားကြီး စာရေးသားချထားတော်မူစဉ်အခါက ရှိကြသော ဝန်ရှင်တော်မင်းကြီးများတည်း။

အခါတစ်ပါး ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု-တံဆိပ်နာမံတော်ရှိသော ဗန်းမော်ဆရာတော်ဘုရားကြီးသည် အံကြောင်းကိစ္စနှင့် ရွှေနန်းတော်ကြီးသို့ ကြွရောက်တော်မူစဉ်အခါ မဟာဝန်ရှင်တော်မင်းကြီးများကို အကြောင်းပြု၍ စာချိုးတစ်ခု ဤသို့ရေးသားထားတော်မူခဲ့သည်။

## ဗန်းမော်ဆရာတော်စာချိုး

**"ပုခန်းမှာလေ၊ လောင်းရှည်မှာစား၊ ခန်းပတ်မှာနား၊ ရေနံတစ်တိုင်ချင်းရယ်နှင့် လင့်ပါ့မလား"**

ဤစာချိုးကို ရေးသားပြီးလျှင် ရွှေနန်းတော်ကြီး၌ ချထားတော်မူခဲ့သောဟူ၏။

## စာချိုး၏ အဓိပ္ပာယ်

၎င်းစာချိုးတွင် ပုခန်းမှာလေ... ဟူသည်ကား ပုခန်းမြို့စား ဝန်ရှင်တော်မင်းကြီးမှာ လေနာစွဲကပ်လျက်ရှိ၍ အရပ်ရပ် အမှုအခင်းများကို ရှင်းလင်းပြီး ပြတ်စေခြင်းငှာ ကောင်းစွာမရွက်ဆောင်နိုင်ဟု ဆိုလိုသည်။

**လောင်းရှည်မှာစား...** ဟူသည်ကား လောင်းရှည်မြို့စား ဝန်ရှင်တော်မင်းကြီးမှာ ၁၂၂၈ ခုနှစ်၊ မြင်ကွန်းမင်း အရေးတော်တွင်း ဓားလက်နက် ထိခိုက်ရှနာ၍ မသန်မမာ ဖြစ်လေသောကြောင့် အရပ်ရပ် တိုင်းရေးပြည်မှုတို့၌ ကြည့်ရှု၍ ကောင်းစွာမဆောင်ရွက်နိုင်ဟု ဆိုလိုသည်။

**ခန်းပတ်မှာနား...** ဟူသည်ကား ခန်းပတ်မြို့စား ဝန်ရှင်တော်မင်းကြီးမှာ နားလေးသည်ဖြစ်သောကြောင့် ရွှေလွှတ်တော်ကြီးတွင် တရားအရေး စစ်ဆေးဆုံးဖြတ်ရာ၌ ကောင်းစွာမဆောင်ရွက်နိုင်ဟု ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



**ရေနံတစ်တိုင်ချင်းရယ်နှင့် လင်းပါ့မလား...** ဟူသည်ကား ယခင်ပြဆိုခဲ့ပြီးသော မင်းကြီးလေးပါးတွင် ရေနံချောင်းမင်းကြီး တစ်ပါးသာ သန်မာသည်ဖြစ်ရကား နိုင်ငံတော်တည်းဟူသော တိုက်ခန်းကြီး၌ ရေနံချောင်းမင်းဟု ဆိုအပ်သော မီးတိုင်တစ်တိုင်နှင့် မလင်းနိုင်ဟု ဆိုလိုသတည်း။

---

## ၆–ရောဝတီမြစ်ရိုးတွင် စာချိုးနှင့် ရေကူးတော်မူပုံ

အခါတစ်ပါး ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဗန်းမော်ဆရာတော်ဘုရား၊ အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော သင်္ဂဇာဆရာတော်ဘုရားကြီး၊ ဦးသောဘိတ၊ ဦးသြဘာ၊ ဦးဂန္ဓမာ အမည်ရှိသော ရဟန်းအရှင်မြတ်တို့သည် အသက်စေ့၍ ရဟန်းပြုလိုသော သာမဏေကို ဥပသမ္ပဒအဖြစ်သို့ရောက်အောင် ချီးမြှောက်အားထုတ်ကြမည်ဟု သပိတ်ပရိက္ခရာ ကမ္မဝါအပြည့်အစုံနှင့် ဧရာဝတီမြစ်တွင်း ရေလယ်တွင် ကျောက်ချ ရပ်တန့်လျက်ရှိသော ဝါးဖောင်ကြီးတစ်ခုသို့ တက်ပြီးလျှင် အစဉ်ဆောင်ရွက်မြဲအတိုင်း ရဟန်းလောင်းကို စစ်မေးပြီးသောအခါ ပဌမကမ္မဝါအကြိမ်တွင် တစ်ရှိန်တည်းဖတ်ကြမည်ဟု နမော တဿ–သုံးခေါက်အဆုံးတွင် မိုးလုံးအုံ့မှိုင်း လေမုန်တိုင်းတို့ဖြင့် ခတ်လိုင်းတိုက်ဖျက်သောကြောင့် တက်၍ကံဆောင်ကြသော ဝါးဖောင်ကြီးသည် အစည်းအနှောင် ပြတ်ထွက်၍ အထက်မှအောက်သို့ ပျက်ပြားလျက် တစ်ခုတစ်ခြားစီ မျောလေသတည်း။

ထိုအခါ ကမ္မဝါဖတ်သော ရဟန်းတို့သည် ကမ်းပေါ်သို့လည်း မကပ်နိုင်၊ ဝဲဆိုင်မှာ လက်ပစ်ကူး၍ အထူးအားထုတ်တော်မူကြဆဲအခါ ဝါသနာအဟုန် စေ့ဆော်၍ ဗန်းမော်ဆရာတော်ဘုရားကြီးက လူကြားအောင် စာစီလျက် ရောဝတီ ရေရိုးတွင် စာချိုးကာ ဤသို့မိန့်တော်မူသည်။

> "တို့သားအမိကံတော်ဆိုး ရေရိုးကိုတဲ့ မျှောတော့မယ်၊ ကျန်ရစ်သူ
> မိတ်ဆွေများရယ်၊ တားကြနှင့်ကွယ်။ ။ အကက်, ဂံ, သော–နှင့် သြ–
> က တစ်သွယ်၊ သည်ရေမြစ်တွင်၊ သေဖြစ်ရာရော့မယ်"

ဤကဲ့သို့ဆို၍ ကူးဆဲတွင် တံငါလှေတစ်စင်း ရောက်လာ၍ ချမ်းသာရာ သောဟူ၏။

www.burmeseclassic.com



## ၇–အလျင်အမြန် မဂ်ဖိုလ်သို့ရောက်အောင် အတိုကောက် တရားဟောတော်မူခြင်း

ရတနာပုဋ္ဌ ပြည်ဌာနကို ပထမမြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် အထူးအားဖြင့် ကြည်ညိုခြင်း ရှိတော်မူသော ပဋိပတ္တိအရာ၌ လွန်စွာ အားထုတ်တော်မူလေ့ရှိသော ရတနာထွဋ်ခေါင် ဆရာတော်ဘုရားကြီးသည် ဇေယျာပူရ အညရန်ကြို့ စစ်ကိုင်းမြို့မြောက် ပိတောက်ချောင်ဝိဟာရတွင် အရညကင် ဓုတင်မရှေ့ တရားလေ့ဖြင့် ပျော်မွေ့သီတင်းသုံးတော်မူစဉ် ဗန်းမော်ဆရာတော်ဘုရားကြီးသည် အသီးသီးသော နောက်ပါတပည့်တပန်း ရဟန်းပရိသတ်တို့နှင့်တကွ ရတနာထွဋ်ခေါင် ဆရာတော်ဘုရားကြီးထံသို့ ဖူးမြော်ရန် ကြွသွားတော်မူရာ ထွဋ်ခေါင်ချောင်သို့ ရောက်သောအခါ ရတနာထွဋ်ခေါင် ဆရာတော်ဘုရားကြီးနှင့် ဝမ်းမြောက်ဝမ်းသာစကား, အသက်ထက်ဆုံး မှတ်လောက်သောစကား, အာလာပ–သလ္လာပစကားများကို ပြောကြား မိန့်ရှိတော်မူကြပြီးနောက် ရတနာထွဋ်ခေါင် ဆရာတော်ဘုရားကြီးက အထူးအားဖြင့် ဤသို့အမိန့်ရှိတော်မူသည်။

ဗန်းမော်ဆရာတော် သင်တို့ ကျွန်ုပ်တို့မှာ ပရိယတ္တိသာသနာဟု ဆိုအပ်သော ပိဋကတ်သုံးပုံ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန် အတန်တန်တို့ကို သင်ကြားပို့ချကြည့်ရှုရခြင်းသည် ပဋိပတ္တိဟု ဆိုအပ်သော အကျင့်မြတ်တရားကို ကြိုးစားအားထုတ်ဖို့၊ ပဋိပတ္တိဟု ဆိုအပ်သောအကျင့်မြတ်တရားကို ကြိုးစားအားထုတ်ပြီးသော် ပဋိဝေဓဟု ဆိုအပ်သော နိဗ္ဗာန်ရွှေပြည်မြတ်သို့ ကူးခတ်နိုင်ကြရန် အကျိုးကိုမြော်ကိုး အားထားရင်းရှိသည်အရ **"အတ္တဒတ္ထံ ပရတ္ထေန ပရာဇိယေ"။ အတ္တဒတ္ထံ၊ မိမိအကျိုးစီးပွားကို။ ပရတ္ထေန၊ သူတစ်ပါးအကျိုးစီးပွားဖြင့်။ န ပရာဇယေ၊ မရှုံးစေရာ။** ဤသို့ လာရှိသည်ကို နှလုံးပြု၍ ကိုယ်မှုကိုယ်တာ အကျိုးတရားကို သူတစ်ပါး၏ အကျိုးနှောင့်ယှက်၍ မပျက်စကောင်း၊ ဤသို့သောအကြောင်းကို ကောင်းစွာနှလုံးပြုလျက် ကိုယ်မှုကိုယ်တာ ကိုယ်သာအားထုတ်အံ့ဟု ကျွန်ုပ်သည်တော၌ အရညကင် ဓုတင်ပဋိပတ်တရားများကို အားထုတ်ဆည်းပူး၍နေသည်။

## အရိုးမပါတာနှစ်ခု အလိုမလိုက်နှင့်

သို့အတွက် မဂ်ဖိုလ်နိဗ္ဗာန်သို့ အမြန်ရောက်စေတတ်သော တရားများကို ဗန်းမော်ဆရာတော် နှလုံးထားမိသမျှ ဟောကြားခဲ့ရမည့်အကြောင်းနှင့် ခွင့်တောင်း၊ အမိန့်ရှိရာ ဗန်းမော်ဆရာတော်ဘုရားကြီးက လျှောက်ထားသည်မှာ အရှင်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလိနိဗ္ဗာန်သို့ ရောက်ဖို့ရန် တရားမှာ အများဟောဖို့ရန်မလို တိုတိုဟောရမှာဖြင့် "အရိုးမပါသော သတ္တဝါနစ်ခုတို့၏အလိုသို့ မလိုက်မနာဘဲ တရားကိုသာ ကြိုးစားအားထုတ်က မုချရောက်ပါလိမ့်မည်ဘုရား"ဟု လျှောက်ထားသောအခါ ရတနာထွင့်ခေါင် ဆရာတော်ဘုရားကြီးနှင့်တကွ အသီးသီးသော ရဟန်းပရိသတ်အားလုံးတို့သည် ပြုံးတော်မူကြလေကုန်သတည်း။

---

## ၈ – သီလရှင်မယ်ကင်းနှင့် စပ်လျဉ်း၍ ဟောတော်မူခြင်း

အခါတစ်ပါး မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးသည် ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံ ရှိတော်မူသော ဗန်းမော်ဆရာတော်ဘုရားကြီးကို ရွှေနန်းတော်သို့ ပင့်ပြီးလျှင် ဘောဇဉ်ရသာ အဖြာဖြာ အခန်းခန်းတို့ဖြင့် လှူဒါန်းဆက်ကပ်သည်။

ထို့နောက် လျှောက်ထားသည်မှာကား အရှင်ဘုရား သီလရှင်မယ်ကင်းက အတွင်းတော်သို့ဝင်၍ ရှေ့တော်တွင် ပြောသည်မှာ ဗန်းမော်ဆရာတော်ဘုရားက ငါ့ပေါင်ကြားကဝတ္ထုကို နင့်ပေါင်ကြားသို့ ရောက်အောင်အားထုတ်ရဦးမည် အမိန့်ရှိလိုက်ကြောင်း၊ ပညာရှိအား နားနှင့်မတန် မခံသာသောအချိုးများကို အရှင်ဘုရား ရေးသားပေးပို့ကြောင်း၊ မကောင်းအောင် ရေးသည့်အတွက် အရှက်ရကြောင်းများနှင့် တိုင်ကြားလာပါသည်ဟု လျှောက်ထား၏။

### ဗန်းမော်ဆရာတော်၏ ရှင်းလင်းချက်

ထိုအခါ ဗန်းမော်ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ– သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ်၊ ငါ့ပေါင်ကြားက ဝတ္ထုကို သူ၏ပေါင်ကြားသို့ ရောက်အောင် အားထုတ်ရမည်ဆိုသည်မှာ ယုတ်မာညစ်ညမ်း ကြမ်းတမ်းသောစကား မဟုတ်။ သီလရှင်မယ်ကင်း၏ အထံက လှူရန် သင်္ဘောသီးများနှင့် သီလရှင်ငယ်တို့ကို စေလွှတ်လိုက်ရာ ဤသင်္ဘောသီးကို လှူရသော ကောင်းမှုကြောင့် ဘုရားဆုကို ပန်ပါသည်ဟု ဆရာတော်ဘုရားကို လျှောက်ထားခဲ့ဟု မှာလိုက်ကြောင်းကို သီလရှင်ငယ်များ ပြန်ကြားလျှောက်ထားကြသည်။ ဆရာတော်ဘုရားက သီလရှင်မယ်ကင်းမှာ ယခုဘဝ မိန်းမဖြစ်သည့်အတွက် ဘုရားဆုကို ပန်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



မိန်းမအဖြစ်နှင့် သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ မရောက်နိုင်၊ မိန်းမဘဝက ယောကျာ်းဘဝသို့ရောက်အောင် ဆုတောင်းဦး၊ ယောကျာ်းဘဝကမှ ဘုရားဆုပန်လျှင် ကေန်ဘုရားအဖြစ်သို့ ရောက်လိမ့်မည်ဟူသော အဓိပ္ပာယ်ကို နှလုံးထား၍ ငါ၏ ပေါင်ကြားကဝတ္ထုကို သူ၏ပေါင်ကြားသို့ရောက်အောင် ဆုတောင်းလေဦးဟု ဆရာတော်က သူတော်ကောင်းစကား ပါရမီတရားဟောသည်ကို သူ သဘောမကျ လျှင် မတတ်နိုင်။ ငါတို့ကို မဆိုထားဘိဦး မြတ်စွာဘုရားသော်လည်း အခွင့်ကာလ သို့ရောက်က ဘိက္ခုနီမများကို ဝိနည်းတရားနှင့် စပ်လျဉ်း၍ ရုန့်ရင်းသောစကား ကိုပင် ကရုဏာတရားကို ရှေ့ထား၍ ဟောကြားတော်မူရလေသည်။ သာသနာ့ ဒါယကာ မဟာကေရာဇ်မင်းမြတ်။

စာချိုးရေး၍ ပေးပို့လိုက်သည်ဆိုရာ၌လည်း ဒေါသထား၍ ရေးသားပေးပို့ လိုက်သည်မဟုတ်။ သီလရှင်မယ်ကင်းသည် ဆရာတော်ကိုပင် မထေမဲ့မြင် အရော တဝင်ပြုလုပ်၍ ဟုတ်ဟုတ်ညားညား စာရေးသားပေးပို့သည်နှင့် နောက်နောင်ကို မာန်မာနတရားကို နှိမ်ချ၍ ဂါရဝတရား နိဝါတတရား ဖြစ်ပွားစေခြင်းငှာ ရေးသားပေးပို့ခြင်းဖြစ်သည် သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ်။

ဤကဲ့သို့ ဗန်းမော်ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူပြီးသောအခါ ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးဘုရားက လျှောက်ထားသည်မှာ အရှင် ဘုရား၊ ဆရာတော်ဘုရားများသည် တစ်ပါးသည် တစ်ပါးနှင့်မတူ မိမိတို့အလေးမူရာ ဝသီဝါသနာတော်သို့လိုက်၍ ဉာဏ်ရှုးစိုက်တော်မူမိရာ အားကြီးလျက် အသီးသီး အဝဝ အလုံးစုံပင် တတ်မြောက်လိမ္မာတော်မူကြပါပေသည်။ သို့ရာတွင် သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် စကားပြောတိုင်း ဟောတိုင်း မဆိုင်းမတွ ဥပမာ ဥပမေယျနှင့် ဖြေရှင်းနိုင်သည့်အတွက် ထက်မြက်ဂမ္ဘီ ဉာဏ်အဆီသည် အလွန် ကြည်လင်သော ဆရာတော်ဘုရားဟု တပည့်တော် ထင်ပါသည်ဘုရားဟု လျှောက် ထားသည်။

ထိုအခါ ဗန်းမော်ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒကာတော် ကေရာဇ်မင်းမြတ် ဆရာတော် ပုံတစ်ခုပြောမည်။

## စိတ္တေသီကို အနက်ပေးပြပါ

ရှေးသောအခါ ရွာတစ်ရွာတွင် တောင်ကျောင်း၊ မြောက်ကျောင်းဟူ၍ ကျောင်း နှစ်ကျောင်းရှိရာ တောင်ကျောင်း ဖိုးသူတော်က မြောက်ကျောင်း ဖိုးသူတော်ထံသို့

www.burmeseclassic.com

www.burmeseclassic.com



သွား၍ စကားပုစ္ဆာ ပြဿနာပြုလုပ်၍ မေးသည်မှာ– အသင် မြောက်ကျောင်း ဖိုးသူတော် (စိန္တေသိ) ဟူသော ပါဠိကို သင်သိလျှင် အနက်သမွန်စမ်းပါဟု ဆို၏။။

## ဖြေစွမ်းနိုင်ပါပေ၏

ထိုအခါ မြောက်ကျောင်း ဖိုးသူတော်က ထိုပါဠိကို အနက်မပေးနိုင်သဖြင့် ကြံမှိုင် စဉ်းစားနေဆဲအခါ တောင်ကျောင်း ဖိုးသူတော်ကို မြောက်ကျောင်း ဖိုးသူတော် အနက်ပေးနိုင် ပေးပါ။ (ပုစ္ဆိ) ဟူသော ပါဠိကလေး မေးစရာရှိပါသေးသည်။ နေးလှပါတကားဟုဆိုလျှင် ယခင်မြောက်ကျောင်း ဖိုးသူတော်က တစ်ခုမပြီးသေး ခင် တစ်ခုထပ်၍ မေးရမည်လောဟု စိတ်ဆိုးသောအားဖြင့် (စိန္တေသိ) ကြံတုန်း ရှိသေး (ပုစ္ဆိ) လာမေးပြန်ပြီဟု ဆိုသောအခါ တောင်ကျောင်း ဖိုးသူတော်က မြောက်ကျောင်း ဖိုးသူတော်သည် ငါ၏ အမေးပုစ္ဆာ ပြဿနာကို ကောင်းစွာဖြေ စွမ်းနိုင်ပါသည်ဟု ချီးမွမ်း၍ မိမိကျောင်းသို့ ပြန်သွားသတဲ့။

အဲ... ထို့အတူ ယခု ဆရာတော်မှာလည်း (စိန္တေသိ) ကြံတုန်းရှိသေး (ပုစ္ဆိ) ဒကာတော်က ထပ်မေးပြန်ပေါ့ကိုးဟု ဤကဲ့သို့ ဗန်းမော်ဆရာတော်ကြီးက ဥပမာ–ဥပမေယျစကားဖြင့် မိန့်ကြားတော်မူသောအခါ ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးနှင့်တကွ များစွာသော မင်းမှူးမတ် ပရိသတ်အပေါင်းတို့ သည် သောင်းသောင်းအုတ်အာ ထောမနာစကား ပြောကြားချီးမွမ်းကြလေကုန် သတည်း။

---

## ၉–ဗန်းမော်ဆရာတော်ဘုရားကြီးကို စာပစ်မှုနှင့် ဗန်းမော်မြို့သို့ပို့ရန် နန်းတော်သို့ပင့်၍ လျှောက်ထားခြင်းအကြောင်း

အခါတစ်ပါး ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးက နန်းတော်၌ စာပစ်သည်မှာ ဗန်းမော်ဆရာတော်ဘုရားကို စစ်မေးတော်မူပါမည့်အကြောင်းနှင့်။ ဒေယျမ္မောဘိဝံသ သိရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု– တံဆိပ်နာမံတော်ရှိသော သံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီးထံ လူ လွှတ်လျှောက်ထား၍ ဗန်းမော်ဆရာတော်ဘုရားကြီးကို သာသနာပိုင် ဆရာတော် ဘုရားက ပင့်ခေါ်တော်မူ၍ ကြွလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သာသနာပိုင် ဆရာတော်ဘုရားကြီးက ဗန်းမော်ဆရာတော် ပညာရှိသည် မဟုတ်လော်ဟု မိန့်တော်မူလျှင် ဗန်းမော်ဆရာတော်ဘုရားကြီးက "ပဏ္ဍိတ်-ပညာရှိကို၊ ဥပဇ္ဈ-သိရာ၏"ဟု ပြန်၍ လျှောက်ထားသောဟူ၏။

ထိုနောက် သာသနာပိုင်ဆရာတော်ဘုရားကြီးက ဗန်းမော်ဆရာတော် သင့်ကို နန်းတော်တွင်း၌ စာပစ်ထားကြောင်းနှင့် ဘုရင်ကေရာဇ်မင်းမြတ်က လူလွှတ်လျှောက်ထားရှိနေသည်။ သင်သည် နန်းတော်၌ စာပစ်သည် မှန်သလောဟု မေးတော်မူရာ ထိုအခါ ဗန်းမော်ဆရာတော်ဘုရားကြီးက 'ပဏ္ဍိမရေး မှန်၏'ဟု လျှောက်ထားရာ၊ တဖန်သာသနာပိုင် ဆရာတော်ဘုရားကြီးက ရေးသည် မရေးသည်ကို အလိုမရှိ၊ သင် စီကုံးသောစာ မဟုတ်လောဟု မေးတော်မူရာ 'ပဏ္ဍိမရေး မှန်၏'ဟု သုံးကြိမ်သုံးတန် ဤစကားတစ်ခွန်းတည်းသာ ပြန်၍လျှောက်ထားသောဟူ၏။ ထိုသို့ လျှောက်ထားပြီးလျှင် ဗန်းမော်ဆရာတော်ဘုရားကြီး ကျောင်းသို့ပြန်လေသတတ်။

## ဗန်းမော်သို့ နယ်နှင်

သာသနာပိုင် ဆရာတော်ဘုရားကြီးလည်း ဗန်းမော်ဆရာတော်ကို စစ်မေးရာ ဟုတ်မှန်တိုင်း မပြောမဆိုကြောင်းနှင့် နန်းတော်သို့ စာသွင်းပြန်ကြားရာ ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် ဗန်းမော်ဆရာတော်ကြီးကို နန်းတော်သို့ပင့်၍ များစွာသော မှူးမတ်တို့ အစုံအညီတွင် လျှောက်ထားသည်ကား... ဆရာတော်၊ တပည့်တော်သည် သာသနာတော်၏ အကျိုးစီးပွား, သတ္တဝါတို့၏ အကျိုးစီးပွား, မိမိ၏ အကျိုးစီးပွား များအံ့သည်ကို ထောက်ထား၍ သာသနာပိုင် ဆရာတော်ဘုရားနှင့်တကွ တံဆိပ်တော်ရ-မရ၊ လေးပြင်လေးရပ် ဆရာတော် သံဃာတော် နိုင်ငံတော်အတွင်းရှိ ဆရာတော် သံဃာတော်တို့အား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်း ပြုစုအားထုတ်ပါသည်။ ယင်းသို့ အားထုတ်ပါလျက် တပည့်တော်၏ စေတနာ သဒ္ဓါပသန္နတရား ပျက်ပြား ငြိုငြင်စေကောင်းသည် မဟုတ်ပါ။ ယခု ဆရာတော်ဘုရားသည် တပည့်တော်ကို မထေမဲ့မြင် ပြုလုပ်သောအားဖြင့် စာများကို ရေးသားပစ်ထားခြင်းသည် အလျင်းပင် မသင့်မလျော် မတော်ဖြစ်ပါသည်၊ ဆရာတော်ကဲ့သို့ချည်း ပြုလုပ်ကြမည်ဆိုလျှင် တပည့်တော်၏ အသရေပျက်စီးခြင်း, တိုင်းသူပြည်သားတို့၏ အရှိအသေနည်းခြင်း ဖြစ်ရာသည်၊

www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် ဆရာတော်ကို တပည့်တော် အထူးမလျှောက်ထားလို၊ ဗန်းမော်မြို့သို့သာ ကြွတော်မူပါတော့ဟု လျှောက်ထားပြီးလျှင် အဆောင်တော်ထဲသို့ စိတ်မျက်တော်မူ၍ ဝင်လေ၏။

ထိုအခါ ဗန်းမော်ဆရာတော်ဘုရားကြီးနှင့် မှူးတော်မတ်တော်တို့ချည်းသာ ကြွင်းကျန်ရစ်ကြသဖြင့် ဗန်းမော်ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... မှူးတော်မတ်တော်တို့၊ မင်းတို့ဘုရင်က ငါ့ကို ယခု ဗန်းမော်ပို့မည်ဆိုပါတကား၊ သို့ဖြစ်၍ ဆရာတော် ငိုချင်းတစ်ပုဒ် ငိုစမ်းချင်သည်ဟု အမိန့်ရှိရာ...ငိုတော်မူပါ ဘုရားဟု လျှောက်ထားသည်။

ဤတွင် ဆရာတော်က မိန့်တော်မူသည်မှာ “ခေတ်နယ်ဆိုးပါဘိ သင့်အမေရှိုးမဲ့ ကံရယ်၊ ငါ့လဆီးပါမှ ငါ့ချည်းသာကျန်တော့တယ်”ဟုဆို၍ နန်းတော်မှဆင်း ပြီးလျှင် ကျောင်းသို့ ကြွတော်မူလေ၏။

## ပုဂံရွှေစည်းခုံဖူးချင်

ထိုနောက် မင်းတရားကြီးက အမိန့်တော်မှတ်သည်မှာ– “ဗန်းမော်ဆရာတော် ကို ဗန်းမော်သို့ လှေနှင့်ပို့ကြစေ။ လမ်းခရီးတွင် ဆရာတော်ဖူးလိုသော ဘုရားကို လည်း ဖူးမြော်စေ၊ အလိုရှိရာဘုရားသို့ ပို့ကြရမည်”ဟူသော အမိန့်တော်နှင့် ဗန်းမော်ဆရာတော်ဘုရားကြီးကို လှေနှင့်ပို့ကြရာ အထက်အညာ ဗန်းမော်မြို့သို့ ရောက်ခါနီးမှ ဆရာတော်ဘုရားကြီးက ပုဂံရွှေစည်းခုံဘုရားကို ဖူးချင်သည်ဟု အမိန့်ရှိလျှင် ပို့သောသူများက၊ မှန်ပါ ယခု ဗန်းမော်မြို့သို့ ရောက်ခါနီးနေပါပြီ ဘုရား၊ ပုဂံရွှေစည်းခုံဘုရားနှင့် အလွန်ကွာခြားနေပါကြောင်းနှင့် လျှောက်ထားကြ သည်။

ထိုအခါ ဗန်းမော်ဆရာတော်ဘုရားကြီးက မင်းတို့ရှင်ဘုရင်က ငါအလိုရှိရာ ဘုရားများကို ဖူးမြော်စေရန် သွားလိုရာ လိုက်ပို့ရမည် အမိန့်တော်မှတ်လိုက်သည် မဟုတ်လော၊ သို့ဖြစ်၍ ငါအလိုရှိရာ ပြန်၍ ပုဂံရွှေစည်းခုံဘုရားကို ဖူးမည်ဟု အမိန့်ရှိရာ လိုက်ပို့သော မင်းစေလုလင်တို့က များစွာလျှောက်ထား တောင်းပန်ရ သောဟူ၏။

www.burmeseclassic.com



## ပြန်ပင့်ပြီ

နောက် ဗန်းမော်မြို့သို့ ပို့ထားပြီး၍ အတန်ကြာလျှင် မိဖုရားခေါင်ကြီးက ဗန်းမော် ဆရာတော်ဘုရားကြီးကို ဗန်းမော်မြို့သို့ ပို့ထားသည်မှာ အတန်ကြာသည် ဖြစ်၍ နောက်ကို ဤကဲ့သို့ ပြုလုပ်တော့မည် မဟုတ်ပါ။ ရွှေမြို့တော်သို့ ပြန်၍ ပင့်သင့်ပါကြောင်းနှင့် လျှောက်ထား တောင်းပန်သောကြောင့် မင်းတရားကြီးက ဗန်းမော်မြို့သို့ အပင့်စေလွှတ်သဖြင့် လိုက်ကြွပါလာရာ နင်တို့ မန္တလေးကိုဖြင့် ငါမပြန်ဟု အမိန့်ရှိပြီးလျှင် စစ်ကိုင်းဘက်တွင် သီတင်းသုံးတော်မူသတတ်။

ထိုအခါ စစ်ကိုင်းဘက်ကနေ၍ စာရေးသည်မှာ–

"ပြည်တိုင်းရယ်ကျော် ဗန်းမော်ကို သေပြီမှတ်လို့၊ ညာလက်ခတ်တီး။ ဇေ့စေ့ကိုလှန် အဆံကိုတူနှင့်ထုသော်လည်း ပါစောင့်မှလဆီး"

ဤသို့ ရေးသားစီကုံးသောဟူ၏။

## ပုရစ်နှင့်တူသည့် ဆရာတော်

ဤသို့ ရေးသားကြောင်းကို သာသနာပိုင် ဆရာတော်ဘုရားကြီး ကြားသိတော်မူ၍ အမိန့်ရှိတော်မူသည်မှာ–ဗန်းမော်ဆရာတော်သည် နန်းတော်တွင်း၌ စာပစ်သည့်အတွက် မျက်တော်မူ၍ ဗန်းမော်မြို့သို့ ပို့မည်ရှိရာ နန်းတော်မှာ ငိုချင်းတစ်ပုဒ်ငို၍ သွားသည်။ ယခုလည်း ဘုရင်မင်းမြတ်က လိုက်၍ပင့်သဖြင့် စစ်ကိုင်းသို့ ရောက်ပြန်ရာ စာရေးသည်ဟု ကြားပြန်သည်၊ ဗန်းမော်ဆရာတော်ကား ပုရစ်နှင့် တူသည်ဟု အမိန့်တော်ရှိ၏။

## ပုရစ်နှင့်တူပုံ

ထိုအခါ အပါးတွင် ဝတ်ပြုလျက်ရှိသော ရဟန်းတော်များက ပုရစ်နှင့်အဘယ်ကဲ့သို့ တူပါသနည်းဟု လျှောက်ထားလျှင် ပုရစ်တို့မည်သည်မှာ အသက်ရှိစဉ်ကလည်း မျက်လုံးပြူးပြူး, သေ၍ အသက်မရှိသောအခါလည်း မျက်လုံးပြူးပြူးပဲနေသည်။ ဤအတူ ဗန်းမော်ဆရာတော်သည် ဗန်းမော်သို့ မပို့မီကလည်း မျက်နှာမညိုး၊ ဗန်းမော်သို့ ပို့ပြီးသောအခါလည်း မျက်နှာမညိုး သို့အတွက် ပုရစ်နှင့်တူသည်ဟု ပြောကြောင်းကို အမိန့်ရှိတော်မူသောဟူ၏။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၀–မင်းတရားကြီးက စေလွှတ်သော အမတ်အား မိန့်ကြားတော်မူခြင်း

ပဏ္ဍိတာဝံသာဘိဓဇ သိရီပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဗန်းမော်ဆရာတော်ဘုရားကြီးသည် ဗန်းမော်မြို့မှ ပြန်လည်ကြွရောက်တော်မူပြီးနောက် စစ်ကိုင်းမြို့မြောက် မင်းကွန်းဘက်တွင် သီတင်းသုံးတော်မူခဲ့ရာ သာသနာဒါယကာ ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးအား မကောင်းသောစကားကို များစွာပြောဆို၍ နေသတတ်။

### ဆင်ခြင်တော်မူပါ

ထိုအကြောင်းကို ဘဝရှင်မင်းတရားကြီး ကြားသိတော်မူ၍ လိမ္မာချေင်သော မှူးတော် မတ်တော်များကို ဆရာတော်ဘုရားကြီးထံသို့ စေလွှတ်၍ ဤကဲ့သို့ မကောင်းစကားများကို မပြောကြားရန် လျှောက်ထားရမည် အမိန့်တော်ရှိသည်နှင့် မှူးတော် မတ်တော်များတို့ သွားရောက်ပြီးလျှင် ဤသို့လျှောက်ထား၏။ အရှင်ဘုရား၊ အရှင်ဘုရားသည် ဘဝရှင်မင်းတရားကြီးအား အ–မနာပ–စကား ပြောကြားမိန့်ဆိုတော်မူသည်ဟု ကြားသိရ၍ တပည့်တော်များကို လျှောက်ထားတောင်းပန်ရန် စေလွှတ်ပါသည်။ မင်းတရားကြီးသည် ဆရာတော်ဘုရားအား များစွာကြည်ညိုခြင်း သဒ္ဓါတရားရှိပါသည်။ ဆရာတော်ဘုရားကြီးအား ကြည်ညိုကြောင်းနှင့် မကြာမကြာ မင်းတရားကြီး မိန့်တော်မူလျက်ရှိပါသည်။ အရှင်ဘုရားသည် မင်းတရားကြီးအား ယုတ်ညံ့သိမ်ဖျင်းသော သတင်းစကားများကို ဤကဲ့သို့ မပြတ်ပြောဆို အမိန့်တော်ရှိခဲ့ပါလျှင် မှူးကြီးမတ်ရာ သေနာပတိမှစ၍ တိုင်းသားပြည်သူတို့ အရှိအသေနည်းပါးလျက် တိုင်းပြည်နိုင်ငံတော်ကြီး၏ ကျက်သရေ ဆုတ်ယုတ်ခြင်းအကြောင်း ဖြစ်ပါသည်။ သို့အတွက် ဤကဲ့သို့ အကျိုးယုတ်လျော့အံ့သောအရေးကို မြော်တွေးထောက်ဆသဖြင့် အ–မနာပ–စကား ပြောဆိုခြင်းများကို ဆင်ခြင်တော်မူပါဘုရားဟု လျှောက်ထား၏။

### ဘယ်မအေ့လင်သွားပြောသလဲ

ထိုအခါ ဗန်းမော်ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ–ယခု လျှောက်ထားသောစကားမှာ ဟုတ်ပါစေတော့။ ဒါထက် မင်းတို့ နန်းမတော်ကြီး မကျန်းမမာတော်မူစဉ်အခါက ခွေးများ အူသံဟောင်သံကို မကြားလို့၍ စစ်ကိုင်းဘက်

www.burmeseclassic.com



သို့ ပို့လွှတ်ထားသောအခါ တိရစ္ဆာန်ဖြစ်သော ခွေးတို့သည် မိမိတို့နေရင်းဌာန သို့ လွမ်းဆွတ်၍ တိရစ္ဆာန်ဘာသာ အူကြဟောင်ကြသောအသံကို မင်းတို့ရှင်ဘုရင် ကြား၏လောဟု မေးတော်မူရာ မကြားပါကြောင်းနှင့် လျှောက်ထားကာလ စစ်ကိုင်းနှင့် မန္တလေးခရီး ဝေးသည်ဖြစ်၍ ခွေးအူသံ ဟောင်သံများ မကြားရဘဲနှင့် ယခု ငါ မင်းကွန်းဘက်ကနေ၍ ပြောဆိုသောစကားကို "ဘယ်မအေ့လင်များ သွားပြော၍ ကြားပါလိမ့်မလဲ"ဟု မိန့်တော်မူသောဟူ၏။

## ကျီစယ်လို၍

အခါတစ်ပါး ဗန်းမော်ဆရာတော်ဘုရားကြီးသည် ပိတောက်ချောင်၌ သီတင်း သုံးတော်မူသော ရတနာထွင့်ခေါင် ဆရာတော်ဘုရားကြီးကို ကျီစယ်တော်မူလိုသော အားဖြင့် စာချိုးရေးသား၍ ထွင့်ခေါင်ဆရာတော်ဘုရားကျောင်းတွင် ချထားသည်မှာ–

"စိပ်ပုတီးရယ်နှင့်၊ ရိပ်မီးတဲ့ ထွင့်ခေါင်၊ ဦးရွှေညို **သီလချောရယ်နှင့်** တောခိုသည့်ချောင်"

ဤသို့ ရေးသား၍ ချထားသောဟူ၏။

ယင်းသို့ ရေးသား၍ ချထားသောစာကို ထွင့်ခေါင်ဆရာတော်ဘုရားကြီး တွေ့ရှိတော်မူလျှင် ဆင်ခြင်စဉ်းစားတော်မူသည်ကား ဤစာသည် အခြားသူရေးသော စာမဟုတ်၊ အခြားသူများလည်း ငါ့အား ဤကဲ့သို့ရေးသားချထားဝံ့မည်မဟုတ်၊ ဗန်းမော်ဆရာတော်သာ စာရေးသားခြင်း, စာပစ်ခြင်း၌ ဝါသနာရှိသည်။ ဗန်းမော် ဆရာတော်ရေးသော စာပင် ဧကန်အမှန်ဖြစ်မည်ဟု သိတော်မူ၍ ဗန်းမော်ဆရာတော် ကို ပင့်၍ စစ်ဆေးရာ ဟုတ်မှန်ကြောင်း ဝန်ခံလျှောက်ထားသည်။

ထိုအခါ ထွင့်ခေါင်ဆရာတော်ဘုရားက ဟုတ်မှန်ခဲ့လျှင် အဘယ့်ကြောင့် ကျွန်ုပ်ကို "သီလရင်ချောချောနှင့် တောခိုသည်ဟု စာရေးရနည်း"ဟု မေးတော်မူ လျှင် ဗန်းမော်ဆရာတော်ဘုရားက တပည့်တော်သည် ဆရာတော်ဘုရားကို သီလရင် ချောချောနှင့် တောခိုသည်ဟု ရည်မှတ်ခြင်းမနောသွား အာဘောဂထား၍ ရေးသား သည်မဟုတ်ပါ။ အရှင်ဘုရား၏ သီလတော်သည် အညစ်အမည်း အဖုအထစ်မရှိ အလွန်ချောမွေ့စင်ကြယ် ကောင်းမြတ်သောသီလနှင့် နေတော်မူသည် ဟူသော အဓိပ္ပာယ်နှင့် သီလချောဟု ရေးပါသည်ဘုရားဟု လျှောက်ထားလျှင် ထွင့်ခေါင်ဆရာ တော်ဘုရားကြီးက တန်ပါ ဗန်းမော်ဆရာတော်ရယ်... ရေးရင်းမူလက သည်ကို ရည်မှတ်၍ ရေးသည်မဟုတ်ပါဟု အမိန့်တော်ရှိသောဟူ၏။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၁–ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးက ရှမ်းကလေးကျွန်း ဆရာတော်အား သာသနာတော်ကို ကြည့်ရှုရန်လွှဲအပ်ချက်

မန္တလေး ရတနာပုံ မြို့တည်နန်းစိုက် ခတ်သိုက်နိမိတ် ဗျာဒိတ်တော်ရ ဘုန်းရောင်ပသော ပဋ္ဌမသင်္ဂါယနာတင် မဟာလောကမာရဇိန် စေတီတော်ဒါယကာ မင်းတရားကြီးသည် အတီးမဆွ ရှေးကာလက အဇာတသတ္တု, သုသုနာဂ, အသောကရာဇာ, နော်ရထာစသော မင်းကောင်းမင်းမြတ်တို့ကဲ့သို့ သဗ္ဗညုတဘုရား သခင်၏ သာသနာတော် ထွန်းပေါ်ထင်ရှား တစ်နေ့တစ်ခြား တိုးပွားစည်ပင်ရန် အရေး၌ အလေးတစ်ခု ဂရုစိုက်တော်မူခြင်း, လွန်မင်းသော ဝီရိယဥဿာဟတရား အားကြီးသော မင်းမြတ်ဖြစ်တော်မူသည်နှင့်အညီ ရှမ်းကလေးကျွန်းဆရာတော် ဦးနန္ဒကို နန်းတော်သို့ပင့်၍ အခွင့်အရာအားလျော်စွာ ဤသို့လျှောက်ထားသည်ကား– အရှင်ဘုရား–သဗ္ဗညု ရှင်တော်ဘုရား ထားတော်မူခဲ့သော သာသနာတော်သည် အရှည်လွန်ကဲမြဲမြဲခိုင်ခံ့ တည်တံ့ထွန်းကား ဆန်းသစ်သော နေလအလားကဲ့သို့ တိုးပွားမှသာလျှင် လူရှင်သတ္တဝါ များစွာသောသူတို့သည် ပစ္စုပ္ပန် တမလွန် နှစ်တန်သောအကျိုးစီးပွား များရန်အကြောင်း ဖြစ်ပါသည်။ သာသနာတော် မပေါ်မေ့ မှိန် လွန်သေးသိမ်လျက် အသူရိန်ဖမ်း ဣန္ဒုစန်းကဲ့သို့ ညှိုးသမ်းအားငယ် မစင် ကြယ်ခဲ့ပါလျှင် လကွယ်ပက္ခ ပမာဏသို့ ဝိရဠ်ဝုမှိ မရှိပျက်စီး အချည်းနှီးဖြစ်ကြရန် အကြောင်းရှိပါသည်။ သာသနာတော် သုတ်သင်ရှင်းလင်းခြင်းသည် လျှင်ပြင်း တစ်မုဟုတ် ချက်တစ်ဖြုတ်ဟု လျင်ခုတ်တောက်တပို အရေးလိုသော အမှုကြီးတစ်ခု ဖြစ်ပါသည်။ သို့အတွက် အရှင်ဘုရားသည်လည်း အားထားအန်ထောင် ကြိုးစား ရှက်ဆောင် မရှောင်မဆုတ် အပတ်တကုတ် အားထုတ်ထိုက်သော ဘုရားသားတော် အစစ်ဖြစ်သည်တစ်ကြောင်း, ပရိယတ္တိပိဋကတ်သုံးပုံ အလုံးစုံသောပါဠိ, အဋ္ဌကထာ, ဋီကာဝါဒ, ဝိနိစ္ဆယတ္တတို့၌ ကျ–န–ကျွမ်းကျင် သိမြင်လိမ္မာတော်မူသည်တစ် ကြောင်း, ဝိနယဂရုက, သိက္ခာကာမ, အပိစ္ဆသန္တောသ, သလ္လဟုကဝုတ္တိ, ဘယဒဿာဝီဂုဏ် ပြည့်စုံတော်မူသည်တစ်ကြောင်းဖြစ်၍ စင်စစ်လျစ်လျူမရှုထိုက် သော သဘောဖြစ်သည်အရ၊ အပွေါသုက္က ကြောင့်ကြမဲ့နေတော်မမူဘဲ သာသနာ တော်မြတ်၌ အရပ်ရပ်သော ရဟန်းသာမဏေ အသီးသီးတို့အား ဝိနည်းသိက္ခာပုဒ် တော်နှင့်အညီ ကျင့်ကြံအားထုတ်တော်မူကြရန် စီမံပြုပြင် သုတ်သင်ရှင်းလင်းတော် မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရှမ်းကလေးကျွန်း ဆရာတော်ဘုရားက "ဝိနယော ဌိတေ သာသနံ ဌိတံ၊ ဝိနယော နာမ သာသနဿအာယု" ဝိနယေ၊ ဝိနည်းသည်။ ဌိတေ၊ တည်သည်ရှိသော်။ သာသနံ၊ သာသနာတော်သည်။ ဌိတံ၊ တည်သည်။ ဟောတိ၊ ဖြစ်၏။ ဝိနယော နာမ၊ ဝိနည်းမည်သည်ကား။ သာသနဿ၊ သာသနာတော်၏။ အာယု၊ အသက်တည်း။

ဤသို့ ဝိနည်းဒေသနာ လာသည်နှင့်အညီ ရဟန်း သာမဏေတို့မှာ မြတ်စွာဘုရား သာသနာတော်ထမ်း၍ ကြိုးပမ်းခိုမီးကြသဖြင့် ဝိနည်းသိက္ခာပုဒ်တော်နှင့် မညီလျှင် အရှည်တိုးပွား အကျိုးများရန်မရှိ နည်းပါးခြင်း၏အကြောင်း မကောင်းသော အလဇ္ဇီဒုဿီလ အဖြစ်၌ တည်၍ မကြည်ညိုသေးသော သူတို့လည်း ကြည်ညိုခြင်းမဖြစ်၊ ကြည်ညိုပြီးသော သူတို့အားလည်း ကြည်ညိုခြင်းတရား ပွားများခြင်း မဖြစ်လာ၊ ယခုကာလ ရဟန်းတော်တို့သည် ခွင့်ပြုတော်မူအပ်သော ဂိလာနပစ္စယ အာဗာဓ အကြောင်းမရှိဘဲ နေလွဲကွမ်းစားဆေးသောက်ခြင်း, မြို့တွင်း ရပ်တွင်း၌ ဖိနပ်စီးခြင်း, ထီးဆောင်းခြင်း, သုပ္ပဋိစ္ဆန္န–ပရိမဏ္ဍလ–သိက္ခာပုဒ်တို့ကို မရိုမသေ မလေးမစား မခံ့မညား အရပ်ကြားအလုံးစုံ လူဗိုလ်ပုံတို့၌ သင်္ကန်းမရုံမလွှမ်းဘဲ သွားလာခြင်း, သမ္ဗုဒ္ဓပဋိကုဋ္ဌတရား မြတ်စွာဘုရား စက်ဆုပ်တော်မူအပ်သော ဗေဒင်ဟောခြင်း, ဆေးကုခြင်း, လူတို့အစေအပါးခံခြင်း စသောအားဖြင့် များစွာသော အလဇ္ဇီဓမ္မ သမဏသာရုပ္ပ မဖြစ်သော အချက်တို့ကို မျက်မြင်တွေ့ရှိကြားသိနာခံရသည်။

သို့ဖြစ်၍ ရဟန်းတော်တို့မှာ ဒွေမာတိကာ ပါဠိအနက်များကို ဆောင်ရွက်သင်ကြားခြင်း, သာမဏေတို့မှာ လိင်ဒဏ်သေခိယ စုဒ္ဒသ ခန္ဓကဝတ် စသော အကျင့်တရားများကို နှုတ်တက်ရအောင် ကြံဆောင်အားထုတ်ပြီးလျှင် အကြောင်းမရှိဘဲ နေလွဲကွမ်းစား ဆေးသောက်ခြင်း, မြို့တွင်းရပ်တွင်း၌ ဖိနပ်စီးခြင်း, သင်္ကန်းမရုံဘဲ သွားခြင်းစသော အမှုများကို မပြုမလုပ်ကြမူ၍ သိက္ခာပုဒ်တော်၌ လာသော အာဏာတော်ကို မလွန်မကြူးဘဲ အထူးအားထုတ်နေထိုင်ကြရမည့် အကြောင်းနှင့် မြို့တော်လေးပြင် လေးရပ်မှစ၍ နိုင်ငံတော်အတွင်း မှီတင်းနေထိုင် သီတင်းသုံးကြကုန်သော ရဟန်းသံဃာတော်တို့အား စကားကမ်းလှမ်း အမိန့်တော်ပြန်တမ်းများကို ရေးသားဆင့်ဆို၏။ ဤကဲ့သို့ နေထိုင်ကျင့်သုံးမှ ဝိနည်းသိက္ခာပုဒ်နှင့် ညီကြောင်းကိုလည်း နန်းတော်သို့ စာသွင်း၏။

www.burmeseclassic.com

www.burmeseclassic.com



၎င်းအမိန့်တော်ပြန်တမ်းနှင့်တကွ အလင်္ကာဗိမ္မဝိနိစ္ဆယကို မှန်နန်းဆောင်တွင် ဧဒေယျဓမ္မာဘိဝံသ သိရိပဝရ လင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်နာမံတော်ရှိသော သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့်တကွ ခင်မကန် ဆရာတော်၊ ဘုံကျော်ဆရာတော်၊ ဗားကရာဆရာတော်၊ ပြည်ဆရာတော်၊ စံကျောင်း ဆရာတော်၊ ထီးလင်းဆရာတော် ငါတို့ သာသနာပြု သုဓမ္မာဆရာတော် ရှစ်ပါး တို့ကို နန်းတော်သို့ပင်၍ ဆရာတော်တို့ မျက်နှာအစုံအညီတွင် မင်းဇကရာဇ်က ယခု ရှမ်းကလေးကျွန်း ဆရာတော်ဘုရား ရေးသားသော အလင်္ကာဗိမ္မဝိနိစ္ဆယ- သည် ပိနည်းပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ–ဘုရားဟောကျမ်းဂန်နှင့် ညီပါ၏လော ဟု မေးလျှောက်ရာ သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့်တကွ အလုံးစုံသော ဆရာတော်တို့က ပိနည်းပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်များနှင့် ညီညွတ် ဟုတ်မှန်ကြောင်းကို အမိန့်တော်ရှိကြ၏။

ယင်းသို့ ညီညွတ်မှန်ကန်သော နည်းလမ်းဖြင့် ရှမ်းကလေးကျွန်း ဆရာတော် သည် မြို့ပေါ် လေးပြင်လေးဌာနနှင့်တကွ အရပ်ရပ်သော မြို့ပြခရိုင် နိုင်ငံတော် အတွင်း ရှင်းလင်းသုတ်သင် စီရင်ရေးသား ဆင့်ဆိုတော်မူလေတည်း။

---

## ၁၂–သက္ကရာဇ် ၁၂၁၇–ခုနှစ် တပို့တွဲလဆုတ် ၆–ရက်နေ့ နံနက် ၄–ချက်တီးကျော်အချိန်တွင် အတွင်းဝန် ဦးရိုန်အိမ်ဝင်းအတွင်း ပစ်ထားသည့် ပြန်တမ်းပစ်စာ

ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးသည် ပြဆိုအပ်သော သာသနာပိုင်ဆရာ တော်ဘုရားကြီးနှင့်တကွ တံဆိပ်တော်ရ ဆရာတော်အများတို့နှင့် ညီညွတ်တိုင်ပင်၍ ရှမ်းကလေးကျွန်း ဆရာတော်ဘုရား ရေးသားစီရင်သော အလင်္ကာဗိမ္မဝိနိစ္ဆယကို အတည်ပြဋ္ဌာန်း၍ ဆင့်ဆိုရာ ပဏ္ဍိတဝံသ သိရိပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဗန်းမော်ဆရာတော်ဘုရားကြီးက ၎င်းရှမ်းကလေးကျွန်း ဆရာတော်၏ အမိန့်တော်ပြန်တမ်းနှင့်တကွ အလင်္ကာဗိမ္မဝိနိစ္ဆယကို သဘောညီညွတ် မှု–တ–ခြင်းမရှိသဖြင့် မိမိသဘောအတိုင်း ညှိနှိုင်းထောက်ထား ဤသို့စဉ်းစားဆင်ခြင် သည်။

"ဤရှမ်းကလေးကျွန်း ဆရာတော်သည် အမျိုးကွဲသော ကသည်းလူမျိုးဖြစ် သည်။ ယခု သာသနာတော်ထမ်း ရဟန်းတော်တို့အား အကြောင်းမဲ့ မြို့တွင်း၌

www.burmeseclassic.com


ဖိနပ်စီးခြင်း, ထီးဆောင်းခြင်းများကို တားမြစ်ရေးထုတ် မပြုလုပ်ရဟု ဆင့်ဆိုသည်မှာ မိမိက လူမျိုးကွဲ ကသည်းဇာတိ ဖြစ်သည့်အတိုင်း မနှိုင်းမစာ ညှာတာခြင်း နည်းပါး၍ ရေးသားထုတ်ဆင့်ခြင်း ဖြစ်သည်။

"စင်စစ်အားဖြင့် ကသည်းလူမျိုးတို့မှာ မြေအိမ်မြေနင်း မြေအခင်းနှင့် ဆင်းရဲကျဉ်းမြောင်းစွာ ဘာသာအလိုက် နေထိုင်မြဲ အရိုးအစဉ်ဖြစ်၍ ဆင်းရဲကို ခံနိုင်သောကြောင့် နေပူသောအခါ မိုးရွာသောအခါများ၌ ဖိနပ်စီးခြင်း ထီးဆောင်းကို မပြုဘဲ သွားလာ၍ ရောဂါဝေဒနာ မဖြစ်သော်လည်း အိမ်မြင့်နေရာ တင့်တယ်ချမ်းသာစွာ နေထိုင်မြဲဖြစ်ပါသော မြန်မာလူမျိုးတို့မှာ မိုးရွာနေပူတို့၌ ဖိနပ်စီးခြင်း, ထီးဆောင်းခြင်းကို မပြုရလျှင် ဥပဒ်ရောဂါ ဝေဒနာရောက်လာမည် အမှန်ဟု ကြံဖန်နှလုံးထား၍ ရေးသားပစ်ချသောစကား အောက်ပါအတိုင်း ဖြစ်လေသတည်း။

---

## ပြန်တမ်းသိမ်း အမှုငြိမ်း ဝိနိစ္ဆယသြဝါဒပစ်စာ

"ပါပါ နိဝါရေတိ ကလျာဏေ နိဝါသေတိ" အစရှိသည်ဖြင့် ရဟန်းသံဃာ ဆရာဖြစ်သူတို့သည် တပည့်ဒါယကာဖြစ်သူတို့အား ပြုရသော ဝတ်တရားခြောက်ပါး ဘုရားဟောတော်မူအပ်သည်နှင့်အညီ ကြားသိစေအပ်သည် ဝန်မင်းများတို့"

"ရွာတွင်း ပြည်တွင်း ရဟန်းသံဃာများ ဖိနပ်စီး ထီးဆောင်းကြသည့်အရာမှာ ရဟန်းစီး ဧကပလာသိက-စသော သားရေ, နွားရေ စသော ဖိနပ်သည် လူတို့ ဖိနပ်ကဲ့သို့ အဆန်းတကြွယ် အတင့်အတယ် မဟုတ်၊ ရဟန်းဆောင်းထီးသည် မင်းဆောင်းထီးကဲ့သို့ ကြီးကျယ် ထိုက်လျောက်သည်လည်း မဟုတ်၊ ရဟန်း၏ အသွင်အပြင်သည်လည်း, ဆံ, မုတ်ဆိတ်ကို ဖြတ်ရိတ်ပယ်ရှားရခြင်း, ကာယဝေဝဏ္ဏ အညိုအရွှေစသော အဆင်းထူးမထင် လူလိုချင်ဖွယ်မဟုတ်၊ အစုတ်စုတ်အပြတ်ပြတ် ဖန်ရေတပ်သော အဝတ်သင်္ကန်းကို ဝတ်ရုံရခြင်း, ပရိက္ခရာ ဝေဝဏ္ဏတို့ဖြင့် လုပ်တင့်တယ်လိမ့်မည်ဟု အောက်မေ့ဖွယ်ရှိသည်လည်း မဟုတ်ဖြစ်၍ဝင့်ဝါ ပ-လွှားဝါကြွားလို၍သာ ပြုကြသည်မဟုတ်ရာ။

"လူ့ပြည်လူ့ရွာမှာ လူဖြစ်လာရင်း မူလဇာတိကပင် မြေအိမ်မြေခင်း မြေသလင်းတွင် ဖွားမြင် ကြီးပွားသော ပုဏ္ဏားလူမျိုးများတို့သည် မြေအိမ်နေ၍ ရောဂါမရှိ ကျန်းမာကြဘိငြားလည်း အိမ်မြင့်နေလေ့ရှိသော မြန်မာလူမျိုးများတို့ မြေအိမ်နေ၍ ဝေဒနာရောဂါ မကင်းရာနိုင်သကဲ့သို့လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



"တောင်သူ ယာခုတ် လယ်လုပ်ယောက်ျား ကျေးတောသားတို့သည် အချမ်းအပူ ခံနိုင်ကြပြားလည်း နေပြည်တော်သားတို့ အချမ်းအပူ မခံနိုင်ရာသကဲ့သို့လည်းကောင်း။

"ရွှေမြို့တော်နေ ဆရာတော် သံဃာတော်များလည်း တောကြိုချုံကြားသွားလာနေကြသော တောတွင်းသား ရဟန်းများကဲ့သို့ အပူမခံနိုင်ကြ၍ သီတဥတု, ဥဏှဥတု ဝိသမုပ္ပါဒ, ဒုက္ခဝေဒနာ ရောဂါဘယ ဂိလာန–အကြောင်းရှိပါသည်။

ဤသို့ ပြောဟောပြားလည်း နည်းနည်းမျှ မကြား–နားမနာယူ သယမ္ဘုဉာဏ်ရှင် ဘုရားသခင် ပညာထက် ကြောက်မက်ဖွယ် မျက်နှာထားနှင့်ခင်ကြီး, ကျယ်သလား–ထယ်သလားဟု စားမတတ် ဝါးမတတ် ဖိနပ်ကို သိမ်း၍ယူ၊ လူကိုဆိုင်ရာမှာအပ်မည် ပြုသူကပြု၊ တကဲ့အမှုနှင့်ပြားက နားရွက်ကို ဆွဲရုံမဟုတ် လည်း, ကုပ်ကိုနှိမ်၍ တင်းတိမ်အောင် ပြုလုပ်ရမည်။

"ဉပုသ်သည်အယောင် သီလကြောင် အရပ်သားတချို့ကလည်း အရှင်ဘုရားတို့ ထီးဖိနပ်ကို ပယ်ရှားပါ။ ဒါယကာ ဒါယိကာမများကို ရာဇဝတ်တော်သင့်အောင်မကျင့်ကြပါနှင့် တားသူတား၊ တရားတော်နှင့်လည်း မလျော်မလျောက် ထီးဖိနပ်ဖြင့် အရပ်ထဲမှာဝင့်ဝါ အလွန်တရာ အတင့်ရဲသည် ကောင်းကြပါလေစေဟု အားရဝမ်းသာ လူ့အဖျင်း လူ့မိစ္ဆာ သဒ္ဓါပညာမဲ့တို့ကလည်း ကဲ့ရဲ့ပြစ်တင် ဆိုချင်တိုင်းဆိုကြနှင့် အခက်တကာ အခက်ဆုံး ကြုံရသည့်အရေး လေးခုနှစ်ဘေးသမှ ပြေးနိုင်လျှင်လွတ် ပြားပြားဝပ်၍ တောင်းပန်လျှင် အန္တရာယ်မပြု။

ယခု တွေ့ကြုံရသည်မှာ ကြုံရာမရဟု စိတ်ဒုက္ခနှောင့်ယှက်၍ မသက်မသာ သံဃာမညီညွတ်သော် သာသနာတော် မငြိမ်သက် မြေထက်တွင်မက ဖြပွာပြည်တိုင်အောင် မကောင်းမှုတရား ဖြစ်ပွားရလေသည်ကို ထောက်ရှုသဖြင့်လည်းကောင်း။

ရှေးသာသနာပြု သိရီဓမ္မာသောကကြောင့် လိုအပ်သောအကျိုးမပြီး ရဟန်းသံဃာတို့ ပျက်စီးလေသောအမှားပုံကို အာရုံပြုသဖြင့်လည်းကောင်း။

ယခု သီတဥတု၊ ဥဏှဥတု၊ ဝိသမုပ္ပါဒ–မုက္ခကို ဂိလာနပြု၍ ဖိနပ်စီးထီးဆောင်းကြသောအရာကို မအပ်ဟုထင်မှတ်ကြသည်ဖြစ်လျှင် ဝဇ္ဇီတိုင်းသားရဟန်းတစ်သောင်း၏ မကောင်းသော ဥဒ္ဓမ္မ–ဥဗ္ဗိနယဖြစ်သော မိစ္ဆာဝါဒ သီဂီလောဏကပ္ပ–စသော ဒသဝတ္ထု အလဇ္ဇီအမှုကို ဒုတိယ သင်္ဂါယနာတင် ဆရာ–ရှင်မဟာ

www.burmeseclassic.com

www.burmeseclassic.com



ယသစသော ရဟန်းသံဃာအပေါင်း တစ်သန်းနှစ်သိန်းတို့ အညီအညွတ် စည်းဝေး ကြ၍ ဝိနိစ္ဆယပြုသဖြင့် သဗ္ဗညုဘုရားသခင် သာသနာတော်ကို သုတ်သင်ရှင်းလင်း ကြသော ထုံးရှိသည်နှင့်ညီညာ သံဃာစည်းဝေး၍ ဆွေးနွေးမေးမြန်း ကျမ်းဂန်ပါဠိ ယုတ္တိအာဂုံပြ၍ ပရူပဝါဒ ဝိတဏ္ဍာဝါဒီပုဂ္ဂိုလ်တို့ကို နှိမ်နင်းဖြိုဖျက်သဖြင့် ဓမ္မစက် လွှတ်စေပြီးသည့်ကာလမှ ပညတ္တိဓမ္မ သီလသိက္ခာပုဒ် ဟုတ်မှန်တရားလမ်းသို့ လိုက်၍ မကျင့်ကုန်သော အဓမ္မဝါဒီ အလဇ္ဇီရဟန်းဆိုး ရဟန်းပျက်တို့ကို အာဏာ စက်ထား၍ ဘုရားသခင် သာသနာတော်ကို သုတ်သင်ချီးမြှင့်မှ တောင့်တအပ်သော ကောင်းမှုကုသိုလ် အကျိုးတရားများစွာ ဖြစ်လေရာသောအကြောင်းကို ကြားသိစေ အပ်သည်..., ဝန်မင်းများတို့။

လူနတ်ဖြဟ္မာ အများတကာ မှီခိုရာ သာသနာကို အနေကျ မပြုမိလျှင် အမှားတကာ့ထိပ်စ **မကောင်းမှုကုန်သည်ကြီး ဖြစ်မည်ကို စိုးသောကြောင့် နည်းစိုး စရာ ကြားလှည့်သည့် စကား... "ရာဇာဝင်ထုံးတမ်း အရှည်ကို လှည့်ဝေသည့် ပြန်တမ်းတော်မှာ စာမှားတွေဗလချာနှင့် တို့ရှက်ပါဘိ။ တစ်စပ်ကယ် ဝိနည်းကျယ်၊ တယ်ချင်လှမောင်ရှမ်း၊ ထွက်ခဲ့နော် ဘက်ပေါ်လျှင် အမြန်ထုတ်ကရော့ ရှုံးထိပ် ပုတ်တမ်း"** ဤကဲ့သို့ ရေးသား၍ ပစ်ထားလေသတည်း။

---

## ၁၃-သက္ကရာဇ် ၁၂၁၇-ခု၊ တပေါင်းလဆန်း ၁-ရက်နေ့၊ လေးချက်တီးကျော်အချိန်တွင် အတွင်းဝန် ဦးချိန်အိမ်ဝင်းအတွင်း ချထားသော ပြန်တမ်းသိမ်း အမှုငြိမ်းဝိနိစ္ဆယ ဩဝါဒအကြောင်း

ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဗန်းမော်ဆရာတော်ဘုရားကြီးသည် ပြုဆိုအပ်ပြီးသော ပစ်စာကို အတွင်းဝန်မင်း ဦးချိန်အိမ်ဝင်းအတွင်း ပစ်ချထားစေပြီးနောက် ၎င်းပစ်စာသည် အတွင်းတော်သို့ ရောက်သွားသဖြင့် မင်းတရားကြီး သိတော်မူလျှင် အပြစ်တင်စကား ပြောကြောင်း များကို ကြားသိတော်မူသောကြောင့် မင်းနှင့်တကွ ရဟန်းရှင်လူ ပြည်သူအများတို့ ကဲ့ရဲ့ပြစ်တင်ခြင်းမှ ကင်းလွတ်စေရန် ရည်သန်နှလုံးသွင်းပြီးလျှင် ယခင်အတွင်းဝန် မင်း ဦးချိန်အိမ်တွင်း နှစ်ကြိမ်မြောက် ရေးသားပစ်ထားပြန်သော စကား အောက်ပါအတိုင်း ဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယပစ်စာ

"အပညတ္တံ န ပညာပေတဗ္ဗံ၊ ပညတ္တံ ဝါ န သမုစ္ဆိန္ဒိတဗ္ဗံ၊ ယထာ ပညတ္တေသု သမာဒါယ ဝတ္တိတဗ္ဗံ။"

အပညတ္တံ၊ ငါဘုရား–မပညတ်သည်ကို။ န ပညာပေတဗ္ဗံ၊ မပညတ်အပ်။ ပညတ္တံ ဝါ၊ ငါဘုရား ပညတ်အပ်ပြီးသည်ကိုလည်း။ န သမုစ္ဆိန္ဒိတဗ္ဗံ၊ မဖျက်မပယ်အပ်။ ယထာပညတ္တေသု၊ ပညတ်တိုင်းကုန်သော။ သိက္ခာပဒေသု၊ သိက္ခာပုဒ်တို့၌။ သမာဒါယ၊ ကောင်းစွာဆောက်တည်၍။ ဝတ္တိတဗ္ဗံ၊ ကျင့်အပ်၏။

## ကိုယ်ထင်သလို မဆုံးဖြတ်အပ်

ဤသို့ သဗ္ဗညု မြတ်စွာဘုရား ဟောကြားဆုံးမတော်မူအပ်သည်ဖြစ်၍ ဝိနည်းသိက္ခာပုဒ်တရားကို ဟောကြားပြသ ဝိနိစ္ဆယပြုလိုသောသူသည် ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော် လာရှိသည့်အတိုင်း မယုတ်မလွန်စေသဖြင့် ရှိသေစွာ အာပတ္တိဝါရ, အနာပတ္တိဝါရ, မူလပညတ်, အနုပညတ်–စသည်တို့ကို ထောက်ရှုသဖြင့် ပြုအပ်မပြုအပ် ကတ္တဗ္ဗာ ကတ္တဗ္ဗမှုကို နေရာတကျ ပြသဆုံးမရာသည်၊ ပါဠိအဋ္ဌကထာ ဋီကာမှ ဝိနိစ္ဆယ သဘောတို့နှင့် မရောမယှက် ဆန့်ကျင်ဘက်ဖြစ်အောင် မိမိအလိုသို့ဝင်၍ စိတ်ထင်တိုင်း မဆုံးဖြတ်အပ်။

ထိုသို့ နေရာတကျ ပြသဆုံးဖြတ်အပ်သော အနည်းဝိနိစ္ဆယ–သဗ္ဗညုတဉာဏ်တော်မြတ်၏သာ ကျက်စားရာ အာရုံဖြစ်သော သိက္ခာပုဒ် ပညတ္တိမှုဝိနိစ္ဆယတို့ဖြင့် ပြန်ထုတ်ဆင့်အပ်သော ပြန်တမ်းအမိန့်တော်မှာ ရဟန်းတို့က ကပ္ပိယ ပရိက္ခရာဖြင့် ခဝါသည်စသော လူတို့ထံ ကွမ်းအစ်, ထုံးဘူး, ကန့်ကူ, ပုရပိုက်စသော ကပ္ပိယဝတ္ထုတို့ကို လဲလှယ် ရောင်းဝယ်ခြင်းဟူသော အလဇ္ဇီမှုကို ပြန်ဆိုရေးသားအပ်သော ကယဝိက္ကယသိက္ခာပုဒ် အဆုံးအဖြတ်သည်...

အနာပတ္တိ အဂ္ဃံ ပုစ္ဆတိ၊ ကပ္ပိယကာရကဿ အာစိက္ခတိ၊ ဣဒံ အမှာကံ၊ အတ္ထိ၊ အမှာကဉ္စ ဣမိနာ စ ဣမိနာ စ အတ္တောတိ ဘဏတိ။

ဟူ၍လာသော ပါဠိတော်မြတ်၏ အနာပတ္တိဝါရ အနက်မထင် သာမည အာပတ္တိဝါရဖြင့်သာလာရှိရကား ဝိနိစ္ဆယခံဖြစ်သူလူများသည် လဲလှယ်သော ရဟန်းသံဃာဟူသမျှကို အလဇ္ဇီမှုဖြင့် စွပ်စွဲပြစ်မှားမိလေရာ၏။ ထိုသို့ ပြစ်မှားမိသော် အနာပတ္တိဝါရနှင့် အလျော်အညီ လဲလှယ်သော ရဟန်းနှင့်တွေ့ကြုံကြားက ဆေးသမားမလိမ္မာ၍ သူနာပျက်စီးလေသည့်ပမာ အပယ်လေးပါး အစာဖြစ်၍ နစ်မွန်းကြလေရာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကား အနာပတ္တိဝါရ၏ အတ္ထဝိနိစ္ဆယကို ပြအပ်လျက် မပြဘဲ ထိမ်ဝှက်ရှောင်လွှဲ၍ ဆုံးဖြတ်ခြင်းကြောင့်ဖြစ်သော တပြစ်တစ်ပါး အများတစ်ချက်။

ကယဝိက္ကယေန ကယဝိက္ကယသညီ နိဿဂ္ဂိယံ ပါစိတ္တိယံ။
ပါရာဇိကဏ်ပါဠိတော်။

နောသညာဝိမောက္ခံ အစိတ္တကံ ပဏ္ဏတ္တိဝဇ္ဇံ။–ဋင်းအဋ္ဌကထာ။

ဤသို့ ပါဠိအဋ္ဌကထာ လာရှိသည်ဖြစ်သောကြောင့် အလဲအလှယ်မတတ်ပညတ်ခြင်းကို မသိကုန်သော ကလျာဏပုထုဇဉ် အရိယာအရှင်မြတ်တို့အားလည်းသင့်လေရာသော အာပတ်ဖြစ်ခဲ့ရကား အလဇ္ဇီမဓမ္မတို့ဖြင့် ထိုအရှင်မြတ်အားပြစ်မှား စွပ်စွဲမိ၍လည်း အရိယူပဝါဒနှင့်တကွ မဟာသာဝဇ္ဇပါပအစု မကောင်းမှုအကုသိုလ်တရား ပြစ်မှားမိသော သူတို့အား ပြစ်မှားမိလေရာသည်။

ဤသည်လည်း အလဇ္ဇီအဖြစ်ကို အများနှစ်ချက် ပြုတတ်သော ဝီတိက္ကမစေတနာဖြင့် ဝိသေသပြု၍ ပြဆိုအပ်လျက် မပြမဆို အတ္တုက္ကံသန ပရဝမ္ဘနသဘောဖြင့် အပြစ်ဆိုချင် လောကြီးဘိသကဲ့သို့ဖြစ်၍ အလဇ္ဇီမဓမ္မဟု သာမညပြဆိုဆုံးဖြတ်ခြင်းကြောင့်ဖြစ်သော အပြစ်တစ်ပါး အများတစ်ချက်။ ဤသို့တစ်ခုသော ဝိနိစ္ဆယ၌ အများနှစ်ချက် ထွက်သည်ကို သိအပ်၏။

## အမှားပေါင်း ၁၅ ချက်

ထိုသို့သိအပ်သော အများနှစ်ချက်တွင် ဒုတိယမှားချက်နှင့် အနက်သဘောတူစွာ မှားလေသော အရာဌာနပေါင်းကား... ရူပိယပဋိဂ္ဂဟာန, ရူပယသံဝေါဟာရအစရှိသော အစိတ္တက ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ် ဝိနိစ္ဆယ ၁၃ ဌာနတို့၌ အလဇ္ဇီမဓမ္မဟုပြအပ်သောအရာ ဟူသမျှသည် အမှားချည်းဖြစ်၍ အတော်အလျော် မှားသည်ကိုမဆိုထားဘိ ထင်ထင်ရှားရှား မှားလေသည့် အမှားပေါင်း ၁၅ ချက် ထွက်ချေသည်။

## အမှားတွေ ဗလချာနှင့်

ထုံးတမ်း ရာဇဝင် မော်ကွန်းအရှည်ထွန်းလေအောင် ရည်ဆောင်ပြုအပ်သောကေရာဇ်မင်းမြတ် အမိန့်တော်နှင့်စပ်သဖြင့် ဆုံးဖြတ်အပ်သောအရာ ဖြစ်ခဲ့ရကားအနက်အဓိပ္ပာယ်ကို မဆိုဘိ၊ ပုဒ်အရာ သဒ္ဒါအရစ် အသတ်တစ်ခုမျှပင် မမှားကောင်းဘဲလျက် ထိုအမှား ၁၅ ချက်ပါသောကြောင့် အမှားတွေ ဗလချာနှင့်ဟူ၍လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



နည်းပေးနည်းပြ ဆရာများ၏ "ငါတို့သာ လဓ္ဓိသူတော်ကောင်း၊ သူများတကာ အလဓ္ဓိ–သူယုတ်မာ၊ ငါတို့သာ တတ်သိလိမ္မာသည်၊ သူများတကာ မတတ်မလိမ္မာ" ဟူ၍ အယူအမှတ် အသပ္ပုရိသဇာလအဖြစ်ကို ပြုတတ်သော အတ္တုက္ကံသန, ပရဝမ္ဘန–မာန်မာနရှိပုံ ဂုဏ်အမှုအရာ ပကာသန အစွမ်းအရိပ်တို့ကို ပယ်နှိပ်ခြင်း ဌာလည်း ဝိနည်းကျယ်ကို တယ်ချင်စမ်းလှသည်ဟူ၍ လည်းကောင်း။

## ဝတ္တုရေးရှိ၍ တားမြစ်သည်

အကြောင်းကြား အလွှာမှအဆုံး နိဂုံးသတ်၍ ဆိုအပ်လေသည် ဝန်မင်းများတို့... မပြစ်မှားကြလင့်၊ ငါကား ကောင်းစေချင်၍သာ "ပါပါ နိဝါရေတိ၊ ကလျာဏေ နိဝါသေတိ" ဝတ်ရှိသည်နှင့်ညီစွာ မကောင်းမြစ်တာ ကောင်းရာတိုက်တွန်းသော အားဖြင့် ဟောကြားပြသ နည်းဥပဒေသ ပေးသည်ဟူ၍ အယူနှလုံးထားမြတ်ကြစေ။ သာသနာတော်မြတ်၏ အစီးအပွား, ဝန်မင်းတို့ ကျွန်အရှင်များ၏ အစီးအပွား, တိုင်းသူနိုင်ငံသူ ရှင်လူအပေါင်းတို့၏ အစီးအပွားဌာ ပြန်တမ်းတော်တွင် အပြစ်တင်ဖွယ် ရှိသည်များကို ပြန်ကြားကောက်ဆိုချက်။ မနှစ်သက်ကြလျှင် ရဟန်းပညာရှိ, လူပညာရှိ, ဝိနည်းအရာ လိမ္မာစေ့စပ်သည်ဟူ၍ သမုတ်အပ်သော ဝိနည်းတတ် ဝိနည်းကျော် ပုဂ္ဂိုလ်မြတ်တို့ထံ ဝန်ချ၍မှတ်။ ဤသို့ ရေးသား၍ ပစ်ထားလေ သတည်း။

---

## ၁၄–ရှမ်းကလေးကျွန်း ဆရာတော်ကျောင်းသို့သွား၍ ရေးသားချထားသော အချိုးပစ်စာများ

ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမ်တော်ရှိသော ဗန်းမော်ဆရာတော်ဘုရားကြီးသည် ပြဆိုအပ်ပြီးသော ပစ်စာများကို ရေးသားပြုပြင် စီရင်ဆုံးဖြတ်၍ တပည့် ရဟန်းငယ်တစ်ပါးကို မြို့တွင်းသို့ လူမသိအောင်ဝင်၍ ပစ်ထားရန် စေလွှတ်တော်မူလိုက်ပြီးနောက် စာချိုးအများ ရေးသားစီတန်း၍ ရှမ်းကလေးကျွန်း ဆရာတော်ကျောင်းသို့သွား၍ ချထားစေသော ပစ်စာများကား အောက်တွင် ထည့်သွင်းပါရှိသောအတိုင်း ဖြစ်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ပစ်စာများ

"တောတွင်းက နွားကျစ်သိုး၊ ချိုကျိုးမနော်။ တော်ရုံတွင် မတွန်ဘဲနှင့်၊ ရဲအာဇာနည်၊ တောဆီက မကျော်လား၊ နိုင်ငံတော် နယ်တစ်လွှားမှာ၊ ပြိုင်ဘက်ကရှား။

တယ်မယ်လာ ထွက်ပါတော့လား၊ မထွက်ဝံ့ တို့အနားမှာ၊ ငါ့ဟာ ပြုလို့ တွန်သလား။

မြစ်ကမ်းယံရေနားက လူ့ပြည်မှာ ငါတကားဟု စိတ်ထားကြီးတဲ့ တောရဝါ၊ မှားချက်ကနှာ၊ မောင်တို့စာဖြစ်လား၊ ကိုယ်စားရှက်လှပါ။ နောက်များကိုဗျာ–လူ့ဘုံကို မသိလာနှင့်၊ ခင်တို့ဟာ နေရာမြဲမို့၊ နောက်တော်ပါ ဖော်သဟဲနှင့် ပြေးရော့တကတဲ"

ဤသို့ ရေးသား စီတန်းလျက် ရှမ်းကလေးကျွန်း ဆရာတော်ကျောင်းသို့ သွား၍ ပစ်ထားလေသတည်း။

## ပစ်စာ၏အဓိပ္ပာယ်များ

ဤပစ်စာအချိုးတို့တွင် ပထမချိုး၌ **"တောတွင်းက နွားကျစ်သိုး"**ဆိုသည်ကား ရှမ်းကလေးကျွန်း ဆရာတော်သည် တော၌နေသည်ဖြစ်သောကြောင့် နီကျစ်သောသက်န်းကို ရုံလွှမ်းသည်ဖြစ်ရကား၊ တောတွင်းက နွားကျစ်သိုးဟူ၍ ဆိုလေသည်။ **"ချိုကျိုးမနော်"**ဆိုသည်ကား တောကနေ၍ ငါတို့မြို့နေ ဆရာတော်ကြီးတို့အပေါ်သို့ လွှမ်းမိုး၍ အစိုးတရဆင့်ဆိုခြင်းဟူသော ချိုကိုထောင်သည်ဖြစ်၍ ဗန်းမော်ကို လာမတိုးကြနှင့် ချိုကျိုးမည် ဆိုလိုသည်။

## ဒုတိယစာချိုး၏ အဓိပ္ပာယ်

ဒုတိယအချိုး၏ အဓိပ္ပာယ်ကား ရှမ်းကလေးကျွန်း ဆရာတော်သည် အမိန့်တော်ပြန်တမ်းတည်းဟူသော တွန်ခြင်းဖြင့် တွန်မြည်ဟစ်ကြွေး၍ အဝေးက အဘယ့်ကြောင့် နေသနည်း၊ ပရိသတ်ပွဲလယ် ရဲရင့်စွာ တယ်လိုလျှင် ထွက်ခဲ့လာခဲ့ပါတော့လော၊ အဘယ်ကြောင့် မထွက်ဝံ့ဘဲနှင့် ရဲဝံ့သောအယောင် တွန်သနည်းဟု ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



## တတိယစာချိုး၏အဓိပ္ပာယ်

တတိယအချိုးတွင် ပထမအပိုဒ်၌ **"မြစ်ကမ်းယံရေနားက"** ဆိုသည်ကား ရှမ်းကလေးကျွန်း အရပ်သည် အမရပူရမြို့ အနောက်မြောက် အတန်ငယ်ကွာ ဧရာဝတီမြစ် အရှေ့ကမ်း၌ တည်ရှိရကား မြစ်ကမ်းယံ ရေနားကဟု ဆိုသတည်း။ ၎င်းအပိုဒ်တွင် **"လူ့ပြည်မှာ ငါတကားဟု စိတ်ထားကြီးတဲ့တောရဝါ၊ မှားချက်ကနာ"** ဟူသည်ကား ရှမ်းကလေးကျွန်း ဆရာတော်သည် လူ့ပြည်မှာ ငါတစ်ယောက်သာ တတ်သိ လိမ္မာသည်ဟူသော မာန်မာနစိတ်ထားဖြင့် မှားယွင်းစွာ ရေးသားဆုံးဖြတ်ဆင့်ဆိုသည်အတွက် မှားချက်အလွန်နာသည် ဆိုလိုသည်။

**"နောက်များကိုဗျာ၊ လူ့ဘုံကိုမသီလာနှင့်၊ ခင်တို့ဟာ နေရာမြိမို့၊ နောက်တော်ဖော်သဟဲနှင့်၊ ပြေးရှော့တကတဲ"** ဟူသည်ကား ခင်ကြီးတို့မှာ ဤကဲ့သို့ အမှောက်မှောက်အမှားမှား ရေးသားဆုံးဖြတ်သည့် အကုသိုလ်အဟုန်ကြောင့် လူ့ဘုံသို့ နောက်တစ်ခါ သီလာဖြစ်နိုင်ရန်မမြင် အစဉ်အမြဲ အဖော်သဟဲတို့နှင့် ငရဲသို့သာ ပြေးသွားကြပေတော့ ဟူလို။

ဤတွင် နောက်တော်ပါ ဖော်သဟဲနှင့်ဟူသော စကား၏အရ ဤအလင်္ကာမွေဝိနိစ္ဆယကို ရေးသားသူ ရှမ်းကလေးကျွန်း ဆရာတော်နှင့်တကွ ၎င်းဝိနိစ္ဆယကို ပါဠိ, အဋ္ဌကထာ, ဋီကာနှင့် ညီညွတ်၏ဟု ဝန်ခံသော သာသနာပိုင် ဆရာတော်, တံဆိပ်တော်ရ ဆရာတော်တို့ပါ သွတ်သွင်း၍ ရေးသားခြင်းဖြစ်လေသတည်း။

---

## ၁၅–ပစ်ချသောစာများ အတွင်းတော်သို့ ရောက်ကြောင်းကိုကြား၍ လိုလားတောင့်တအပ်သော အကျိုးပြီးမပြီးကို စနည်းတဘောင် နားထောင်ဟန်

ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော် ရှိသော ဗန်းမော်ဆရာတော်ဘုရားကြီးသည် ပြဆိုအပ်ပြီးသော ပစ်စာများကို ရေးသားပြီးလျှင် ရဟန်းငယ်တစ်ပါးအား မြို့တွင်းသို့ဝင်၍ အဆောတလျင် ပစ်ထားရန် စေခိုင်းခြင်း, ရှမ်းကလေးကျွန်း ဆရာတော်ကျောင်းသို့ သွား၍ ချစေခြင်း၊ ဤကဲ့သို့ စီမံပြုလုပ်ပြီးနောက် ၎င်းပစ်စာများသည် အတွင်းတော်သို့ ရောက်သည်ကို ကြားသဖြင့် လိုလားတောင့်တအပ်သော အကျိုး ပြီး–မပြီးကို စနည်းတဘောင်

www.burmeseclassic.com

www.burmeseclassic.com



နားထောင်သောအကြောင်းအရာကို ပစ်စာရေးသား၍ ချထားပြန်သည်ကား အောက်ပါအတိုင်း ဖြစ်လေသတည်း။

## စနည်းတဆောင် နားထောင်သောပစ်စာ

လေးချက်မတီးမီ လေးကျွန်းတံခါးသို့ ရောက်သွား၍ တံခါးဖွင့်သည်ကာလ အလျင်အမြန် အတွင်းဝန်မင်းဦးချိန် ဝင်းအတွင်းမှာ ပစ်ချရေဟု ရှေးဦးအစ ပထမ စေလွှတ်အပ်သော ရဟန်းပျို တမန်သည်ကား–တံခါးတစ်ဆယ့်နှစ်ရပ်တွင် အမြတ်ဆုံးဖြစ်သော ဦးနှိမ်ဓာတ်တံခါးကြီးသို့ ရောက်လေ၏၊ အချိန်မကျခင် တံခါးဖွင့်လျက် ရှိသည်ကို မြင်သဖြင့် မြို့တွင်းသို့ ဝင်ရောက်လေသည်။

အမေးအမြန်းမရှိ စာပစ်ချသည့်ဝင်း၏ အနီးအပါးသို့ ရောက်သည်ကာလလည်း ဝင်းပေါက်ဝင်းပြင် အပါးတွင် အခင်းငယ်ပြု၍လာသော မာတုဂါမကြီးတစ်ယောက်ကို တွေ့လေသည်။ အချိန်မဟုတ်ဘဲ တစ်ကိုယ်ဝင်တစ်ယောက်ဆံ့ တံခါးလည်း ပွင့်လျက်ရှိနေပြန်၍ အန္တရာယ်မရှိ အကြံပြီးမြောက်လေသည်။ ၎င်းပစ်စာများကို တိုက်တော်သို့ ရောက်ကြောင်းကို ကြားစကာလတွင် တောင့်တအပ်သောအကျိုး ပြီးစီးအောင် မြင်မည်, မအောင်မြင်မည်ကို စနည်းတဆောင် နားထောင်ကာလလည်း ကျောင်းသားသူငယ်တစ်ယောက် ဝမ်းမြောက်ဝမ်းသာ သာယာညွတ်နူး ကျူးရင့် သီဆို မြည်တမ်းလေသည်ကား–

(၁) ဘုရားဘုန်းတော်၊ တန်ခိုးတော်နှင့်၊ မင်းမယော်၏ တိုက်ကျော်သူဝ၊ ပဋ္ဌာလကို၊ ပြန်ရတော့မည်၊ နန်းသူ့ကသိုဏ်း၊ ရင်ပုပိုင်းငယ်၊ ကြံတိုင်းအောင်ပါစေဟု။

မှိုင်းဝေဝေသည်၊ ညာကြေထက်ဝန်းကျင်၊ ဝက်ပါကွက်၊ မိလ္လာရွက်ကယ်နှင့်၊ မိုးသက်လေပြည်ဆင်၍၊ ကောင်းကင်တည့်ရီဝေဝေ၊ ဟိုတိမ်အကြား၊ ဟိုတိမ်သွားသည်၊ နဂါးရစ်ခွေ၍၊ အသစ်ကယ်ထွေသည်၊ မြရေစိမ်းညို့ညို့၊ ဘယ်တောမဝင်၊ ဘယ်ပင်မနား၊ ပျံကာသွားသည်၊ ကျေးသားအရင် လိုရောက်ခဲ့။

နေညိုညို၊ လေချိုသွေးရောက်တဲ့အောင်၊ ကြိုးကြိမ်ကြိုးကြိမ်၊ မိုးဝတိမ်ထိ၊ စိန်ရွှေချိုင့်မွှေး၊ တောသံပေးသည့်၊ တောကျေးအယောင်ဆောင်၍။ ညိုမှောင်မှောင်သည်၊ ထိုတောင်မှိုင်းရီရီ၊ ဟိုတောင်အညို့၊ ဟိုတိမ်ဆို့သည်၊ လွမ်းလို့မောခဲ့ပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



နဒီမြစ်ကွေ့ ဆီးဖိလာ၊ ပဋ္ဌာမြို့ကြီး၊ ရောက်ခါနီးသည်၊ ခရီးချိန်သင့်စွာ၏။

သက်လိပ်ပြာ၊ သည်မှာမယွင်း၊ မလန့်မထိတ်၊ အံ့သွားကြိတ်၍၊ ရဲစိတ်တင်းတင်းနှင့်။

ပြဟ္မဒတ်မင်း၊ စံခင်းရွှေမြို့တော်၊ မြီးတံသွယ်ပျော့၊ ကျေးညီကျော့ငယ်၊ အသော့ရောက်တည့်သော်မှ၊ ရွှေနန်းပေါ်မှာ ကျော်ခါဝဲ၊ သို့ပြီးခါမှ၊ မာဂဓငယ်၊ သော်ကာဥယျာဉ်ထဲသို့၊ ရဲရဲကြီးအတင်းဝင်သည်၊ လောင်းမယောင်၏၊ တိုက်ကျော်ခေါင်မှူး တောသံကျူး၍၊ တစ်ဦးအသော့ဝင်၊ ပန်းပင်ဟိုအကြားကလေ၊ မယ်သာလိကာ၊ ဆက်ရက်ပြာကို၊ ရိပ်ကာယူသွားနှင့်လေ။

(၂) တစ်ဆယ့်နှစ်ခွေ၊ လေးထွေရောင်ရှိန်၊ အာလိန်ငါးဆင့်၊ ဖြိုးမြင့်နဂို၊ မြင်းမိုရ်လေးထွေ၊ သပြေမဥ္ဇူ၊ မြရိပ်ငူနှင့်၊ ငါးဆူပွင့်ရပ်၊ ဘဒ္ဒကပ်ဟု၊ ငါးချပ်ကြာဖူး၊ နိမိတ်ကျူးသား၊ လေးပါးပေါ်ထွန်း၊ သောင်းမော်ကွန်းတွင်၊ ရုံဝန်းငါးရာ၊ ကျွန်းဒီပါထက်၊ မဇ္ဈိမသောက၊ သကျသခင်၊ ဖြစ်မည်အင်ကို၊ များဖြင်နှင်းခွင့်၊ ကျော်စောသင့်သို့ ကျူးရင့်ဗျာဒိတ်၊ နိမိတ်တိုင်းညီ၊ သိုက်တိုင်းချီ၍၊ ဌာနီနက်သန်၊ ဘုမိကြန်ထက်၊ ဗိမာန်နန်းဆောင်၊ စတည်ထောင်သည်။ အခေါင်အုပ်စိုး၊ နေမင်းမျိုး၏၊ နွယ်ရိုးသကျ၊ ကုမာရဟု၊ သြဇရွှေခွန်း၊ ကြိုင်နံ့မွှန်းသည်... မရွှန်းအညီ မှန်တည့်လေ။

ပြင်းထန်သည့်ရိုက်ချွန်း၊ မန္တာတ်ဘုန်း။

ပြီးစိုနှုန်းစကြာ၊ အာကာတည့်ပျံ့ရိုး၊ ဆဒ္ဒန်မျိုး။

ဤစာနှစ်ပိုဒ် ဆိုရွတ်သံများ ကြားလေသည်။

ဤသို့ စနည်းတဘောင်တို့ ထင်ဟန်မြင်ဟန်ကို ထောက်ရှုဆင်ခြင်လျှင် သာသနာပြု မင်းမြတ်၏ မတိမ်းမပါး မဖောက်မှားရမည့် ရှေးဘုန်းရှေးကံမြတ်၏ လည်းကောင်း၊ သဗ္ဗညုဘုရားသခင်၏ အံ့ဖွယ်ရှစ်ဖြာ အင်္ဂါကိုးပါးရှိသော နိယျာနိကသာသနာတော်မြတ်၏ လည်းကောင်း တန်ခိုးအာနုဘော်အားဖြင့် သိကြားဗြဟ္မာသမ္မာဒေဝ လောကပါလာ သာသနာစောင့်နတ်များတို့ ညီညာဝိုင်းမ၍ ဖြစ်ရသော အခါဟူ၍ ဆိုရန်ရှိကြောင်းကို သိအပ်မှတ်အပ်၏။

www.burmeseclassic.com

www.burmeseclassic.com


ဆင့်ဆိုအပ် ထုတ်ပြန်အပ်သော ပြန်တမ်းအမိန့်တော်ကို ကြီးကြီးငယ်ငယ် ဘယ်သူတစ်ယောက်မျှ အပြစ်မဆိုဝံ့ ရွံ့ထိပ်ခေါင်းလျှိုး၍ နေကြသည်ဖြစ်လျက် ထွက်၍ တစ်ယောက်တည်း ကြံဝံ့လေသည့်အရာလည်း အံ့ဖွယ်သရဲတစ်ခု။ ဗဟုသုတအရာလည်း အလွန်လိမ္မာမှတ်သားမိသည်။ ပညာရှိ လူတံခွန် အတွင်းဝန် ဦးချိန် အရေးယူ၍ သူတစ်ပါးတို့ ဆီးမတားနိုင် အတွင်းတော်သို့ ရောက်လေသည့် အရာလည်း အံ့ဖွယ်သရဲတစ်ခု။ ဤသို့ အစ္ဆရိယဝတမ အဗ္ဘုတဝတ, ဥဒါန်းမြွက်ဟ ပြောပချီးကျူးအပ်သော အရာသုံးခုတို့ဖြင့် ထင်ရှားစွာ သာသနဟိတာဝတ၊ ဝိညူပသဋ္ဌဖြစ်သော ပစ်စာ မှတ်ရာမှတ်စုအခန်းစကား နိဒါန်းဟူ၍မှတ်။

ဒေဝဒတ်လို ပုဂ္ဂိုလ်အပေါင်း ထောင်သောင်းပင် လှုပ်ရှားတော်လှန်သော်လည်း မဏ္ဍိုင်ဗဟို တောင်မြင့်မိုရ်အလား မလှုပ်မရှားနိုင်လေရာသော သာသနာတော်မြတ်၏ ဂုဏ် အာနုဘော်ကိုလည်းမမြင်... စွမ်းအင်သတ္တိကိုလည်း မသိတတ်... ပါးစပ်ရှိ၍ သာ မအပ်မရာ ပလေပစာ လူဖျင်းလူမည်ကာ လူ့ဗလချာ ဉာဏ်စုတ်တာ ဉာဏ် ပဒိုင်းစား ဉာဏ်တစ်ဝါးလေးသစ် ဉာဏ်လက်တစ်သစ်တို့ ဖြစ်ကတတ်ဆန်း ပရမ်းပတာ အမှန်မသိမိစေခြင်း သဘောယုတ်မာ စေတနာဖြင့် ရောက်လိုရာရောက် ရေ့မထောက် နောက်မမြော် ဟစ်ကြော်ဟီးကြော် အရှိန်စော်မဲ့ ကဲ့ရဲ့စကား ပြောလွင့်သည်များကို ကြားရသဖြင့် ဟုတ်လင့်နိုးနိုး ညှိုးညှိုးငယ်ငယ် ဘယ်သို့မျှ မရှိကြနှင့် ကိစ္စထွေထူး မရှိဘူးဟု မှတ်ကြလေ။

## နိဂုံးသတ်စာချိုးများ

(၁) "တိုင်းလုံးငယ်ကျော်၊ ဗန်းမော်ကိုမိပြီမှတ်လို့၊ ညာလက်ခတ်တီး။ အစေ့ကိုလှန်၊ အဆံကိုတူနှင့်ထုပါလို့၊ သေလုအောင် ဘယ်လိုစစ်တော့၊ ပစ်စာရှင် ပညာကြီးကို၊ တီးမှမိဘူး။"

(၂) "တိုင်းလုံးငယ်ကျော်၊ ဗန်းမော်ကို ဖမ်းလို့စစ်တယ် ဖမ်းလို့စစ်တယ်၊ သည်ခေတ်တွင် ကမ္ဘာဆုံးသော်လည်း၊ စီကုံးသူပစ်စာရှင်းကို မင်းတို့ သိဘူး"။

ဤသို့ ထည့်သွင်းပြဆိုအပ်ပြီးသော နည်းအတိုင်း ရှမ်းကလေးကျွန်း ဆရာတော် ကို အရင်းမူ၍ မင်းကေရာဇ်ပါ သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့်တကွ တံဆိပ်တော်ရ သုဓမ္မာဆရာတော်ကြီးများကို ထိပါးပုတ်ခတ် ရေးသားချထားလေ သည်ဖြစ်သောကြောင့် မင်းကေရာဇ် သဘောတော် မနှစ်မြို့ကြသဖြင့် ဗန်းမော်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီးကို ပြဆိုခဲ့သည့်အတိုင်း စစ်ကြောမေးမြန်းပြီးလျှင် ဗန်းမော်သို့ ပို့လေသတည်း။

* ဤရှမ်းကလေးကျွန်းဆရာတော်နှင့် စပ်လျဉ်းသော ပစ်စာများကို ရှာဖွေ စုံစမ်းထောက်လှမ်းရာ စစ်ကိုင်းမြို့ မီးရထားဘူတာအနီး ဈေးကြီးတိုက် ဆရာတော်ဘုရားထံမှ ရေးသားကူးယူရရှိ၍ ထည့်သွင်းဖော်ပြလိုက်ပါသည်။

---

## ၁၆–ဗန်းမော်ဆရာတော်ကို အပင့်ခိုင်းရာ စစ်ကိုင်းဘက်က မပြန်ပြီဟူသော စကားအကြောင်း

ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဗန်းမော်ဆရာတော်ကြီးသည် ဗန်းမော်ကအပြန် စစ်ကိုင်းဘက်တွင် သီတင်းသုံးတော်မူရာ သာသနာ့ဒါယကာ မဟာကေရာဇ် မင်းမြတ်က ဗန်းမော်ဆရာတော်သည် သံဃာတော်အများတို့ ကွဲပြားရန်အကြောင်း မကောင်းသော ပစ်စာများကို ရေးသားပစ်ချသည့်အတွက် နောက်နောင်ကို ဆင်ခြင်ရန် ရည်သန်မျှော်ခေါ်၍ ဗန်းမော်သို့ ပို့စေဟု အမိန့်တော်ထုတ်သော်လည်း အပုတ်ကျဉ်းကျပ် နှစ်နာစေလိုသောသဘော မရှိ။ သတိရစေခြင်းငှာသာ ဖြစ်သည်။ စင်စစ်အားဖြင့်ဆိုသော် ထိုဗန်းမော်ဆရာတော်ဘုရားသည် များသောအကြားအမြင်ရှိသည့် ပညာရှင်ပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်သည်။ သို့အတွက် စစ်ကိုင်းဘက်သို့သွား၍ ဆရာတော်ဘုရားကို ပင့်ချေရမည်ဟု မဟာဒဏ်ဝန်ကို အပင့်စေလွှတ်လိုက်သည်။

### မဟာဒဏ်ဝန် လျှောက်ထားချက်

မဟာဒဏ်ဝန်သည် ဗန်းမော်ဆရာတော်ဘုရားထံသို့ ရောက်လျှင် "အရှင်ဘုရား သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ်က အရှင်ဘုရား စစ်ကိုင်းဘက်တွင် သီတင်းသုံးတော်မူသည့်အတွက် တစ်နေ့တစ်ရက်မျှမမေ့ ဖူးတွေ့လိုသောအားဖြင့် အရှင်ဘုရားကိုပင့်ရန် တပည့်တော်အား စေလွှတ်တော်မူလိုက်ပါသည်။ အရှင်ဘုရားသည် နေပြည်တော်သို့ ကြွလိုက်တော်မူပါမည့်အကြောင်း" နှင့် ခွင့်တောင်းလျှောက်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဗန်းမော်ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ– "ဒါယကာ မဟာဒဏ်ဝန်–ငါလိုက်ရမည်ဆိုသော် ဆရာတော်၌ စာတန်းကြည့်ရန် ရှိသေးသည် ဟု မိန့်တော်မူ၏။

## အာဏာပါးကွက်သားဟူသည်

ထိုအခါ မဟာဒဏ်ဝန်က အရှင်ဘုရားသည် အဘယ်စာတန်းများကိုကြည့်ရန် ရှိပါသေးသနည်းဟု လျှောက်သော် ဆရာတော်က မဟာဒဏ်ဝန်–ပါးကွက်အာဏာ သားတို့၏ ပါးတွင် မင်ကွက်သောအဓိပ္ပာယ်ကို နားလည်အောင် လျှောက်ထားစမ်းဟု ဆိုရာ မဟာဒဏ်ဝန်က "မှန်ပါ ထိုသူတို့၏ ပါးတွင် မင်ကွက်သော အရေးမှာ ရှေးက ရာဇဝတ်မကင်း၍ သေပြစ်သေဒဏ် ထိုက်သောသူတို့ကိုဖမ်း၍ သုံ့ပန်း လက်သို့အပ်ရာ ထိုရာဇဝတ်သားတို့က ကျွန်တော်တို့အား အသက်မှ ချမ်းသာရန် အခွင့်အရေးကို ပေးသနားတော်မူပါ။ နောင် သေပြစ်သေဒဏ်ထိုက်သော လူဆိုး သူခိုးတို့ကို ကျွန်တော်မျိုးတို့က သတ်ပါမည်။ အမှတ်အသားအဖြစ် ပါးတွင် မင်ကွက်၍ ကွင်းပြီးလျှင် မြို့ဝန်မင်းသွားရာကို မကွာစိုက်စိုက် ဓားထမ်း၍ လိုက်ပါမည်ဟု ခွင့်တောင်းသဖြင့် ၎င်းသူတို့ကို လွှတ်ပြီးလျှင် ပါးတွင်ကွက်၍ ရက်စက်ကြမ်းကြုတ် သော လူသတ်အရာကို ပေးထားပါသည်ဘုရား"ဟု လျှောက်ထားလေသည်။

ထိုအခါ ဆရာတော်က တစ်ဖန်ထပ်၍ မေးမြန်းသည်မှာ– "မဟာဒဏ်ဝန် ယင်းသို့ဖြစ်လျှင် ယခင် အာဏာပါးကွက်သမား သူသတ်ယောကျ်ားတို့သည် မင်း, မိဖုရား, မင်းညီမင်းသား, မှူးမတ်, သူဌေးသူကြွယ်များ၏ အရိပ်ကို ကျော်နင်းမိက မည်ကဲ့သို့ ပြုရသနည်း"ဟု မေးသောအခါ မဟာဒဏ်ဝန်က ဤကဲ့သို့ မင်းစသောသူတို့၏ အရိပ်ကိုနင်းမိလျှင် ဖျင်ဖြူဖျင်နီ အုန်းငှက်ပျောတို့နှင့် ကျော့ချော့အောင် ကန်တော့ရပါသည်ဘုရားဟု လျှောက်၏။

## ကန်တော့စရာမရှိ၍ မလိုက်လိုပြီ

ထိုအခါ ဆရာတော်ဘုရားက ဒါယကာ မဟာဒဏ်ဝန် ဤအတူ ဆရာတော် မှာလည်း ဗန်းမော်သို့ အပို့ခံရသည့်အတွက် အာဏာပါးကွက် လူကြမ်းတို့ကဲ့သို့ စာတန်းထိုး၍ အမျိုးကွဲပြီးဖြစ်သည်။ ဆရာတော်လိုက်၍ ဗန်းမော်တိုက်၌ သီတင်း သုံးရဦးမည်ဆိုသော်လည်း အကယ်၍ အကြောင်းတစ်စုံတရာကြီးသဖြင့် ထီးပေါ်

www.burmeseclassic.com



နန်းပေါ် အိမ်တော်မှစ၍ သွားမိသည်ရှိသော် လှူရိပ်ကိုသော်လည်းကောင်း၊ ထီးရိပ် နန်းရိပ် အိမ်တော်ရိပ်ကိုသော်လည်းကောင်း နင်းကျော်မိက ပူဇော်ကန်တော့ရန် ဖျင်ဖြူဖျင်နီမပါ၊ အုန်းငှက်ပျောမရှိသည်ဖြစ်၍ ကေရာဇ်မင်း ပင့်ရာသို့ မလိုက် မပါတော့ပြီဟု အမိန့်ရှိတော်မူလေသည်။

ထိုအခါ မဟာဒဏ်ဝန်မင်းသည် ချက်ချင်းပြန်ပြီးလျှင် ရေမြေ့ရှင် မင်းတရား အား ဆရာတော်ဘုရားက အမိန့်ရှိပုံကို အကုန်ပြန်၍ သံတော်ဦးတင်ရလေသတည်း။

---

## ၁၇–တောင်ကြားနေသူကို–ပေါင်ကြားလူက ဆုံးမဖို့မရှိပါဟု လျှောက်ထားသူအမတ်အား မှာထားတော်မူခြင်း

ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဗန်းမော်ဆရာတော်ဘုရားကြီးသည် ဓေယျာပူရ ဌာနညီ့မှိုင်း စစ်ကိုင်းမြို့မြောက် မြစ်အောက်မျက်နှာ အရည်စပါချောင် တောင်၏အကြား တရားပျော်မွေ့ ဝူတင် လေ့ဖြင့် မရွှေ့နှလုံး သီတင်းသုံးတော်မူသောအခါ သာသနာ့ဒါယကာ မဟာကေရာဇ် မင်းမြတ်က ဗန်းမော်ဆရာတော်သည် နေပြည်တော် ဗန်းမော်တိုက်သို့မပြန် အတန်တန်ပင့်သည်ကိုလည်း မကြွမလာ စိတ်နာဟန်လက္ခဏာရှိသည်။ ဆရာတော် သည် မည်ကဲ့သို့သော စကားများကို ပြောကြား၍ တရားများကို မည်ကဲ့သို့ ကျင့်ကြံအားထုတ် နေထိုင်သည်ကို နေရာတကျသိရန် အမတ်ငယ်တစ်ယောက်အား စုံထောက်ချေဟု စေလွှတ်တော်မူလိုက်သတည်း။

### အမတ်ငယ်စေလွှတ်ပြီး စုံစမ်း

ထိုအမတ်ငယ်သည် အမိန့်တော်အတိုင်း စစ်ကိုင်းဘက်သို့ ကူးပြီးသော် ဗန်းမော်ဆရာတော်ဘုရားကြီးထံသို့သွား၍ ခစားပျပ်ဝပ်၏။ ထိုအခါ ဆရာတော် ဘုရားက အဘယ်အကြောင်းနှင့် လာသနည်းဟု မေးတော်မူရာ သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ်က အရှင်ဘုရားသည် မြို့ပေါ်ဗန်းမော်တိုက်သို့ ပင့်သည်ကို မကြွမလာ စိတ်နာဟန်ရှိသည်၊ မည်သည့်အကျင့်တရားများကို အားထုတ်နေထိုင် ကြောင်း သေချာစွာသိရန် နာခံစုံစမ်းရမည် အမိန့်တော်နှင့် လာရပါသည်ဘုရားဟု လျှောက်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆရာတော်ဘုရားက "ဒါယကာရဲ့၊ မင်းတို့ ရှင်ဘုရင်က ငါ့ကို သူပုန်ထင်လျက် ယုံချင်ဟန်လက္ခဏာ မရှိဘူး၊ ဒါယကာ ငါတို့မှာ လူသူမပြော တောသို့နေခြင်းကား–

အယံ ပနာနိသံသော အာရညိကော ဘိက္ခု အရညသညံ မနသိ ကရောန္တော ဘဗ္ဗော အလဒ္ဓံဝါ သမာဓိံ ပဋိလဒ္ဓုံ လဒ္ဓံ ဝါ ရက္ခိတုံ သတ္ထာပိဿ အတ္တမနော ဟောတိ။

အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ အာနိသံသော၊ အကျိုးတည်း။ အာရညိကော၊ ကမ္မဋ္ဌာန်းမွေ့သိမ် ဆိတ်ငြိမ်ဘိတောင်း တောရကျောင်း၌နေသော။ ဘိက္ခု၊ ရဟန်းသည်။ အရညသညံ၊ ဝိသဘာဂ–စသည်မရော လူမနှောဘဲ တောဟူသော အမှတ်သညာကို။ မနသိကရောန္တော၊ သတိမကင်း နှလုံးသွင်းသည် ဖြစ်၍။ အလဒ္ဓံ၊ မရအပ်သေးသော။ သမာဓိံ ဝါ၊ သမာဓိကိုလည်း။ ပဋိလဒ္ဓုံ၊ ရခြင်းငှာ။ လဒ္ဓံ၊ ရပြီးသော။ သမာဓိံ ဝါ၊ သမာဓိကိုလည်း။ ရက္ခိတုံ၊ စောင့်ရှောက်ခြင်းငှာ။ ဘဗ္ဗော၊ ထိုက်၏။ သတ္ထာပိ၊ မြတ်စွာဘုရားသည်လည်း။ အဿ၊ ထိုတော၌ နေခြင်းအား။ အတ္တမနော၊ နှစ်လိုခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့လာရှိသည်ဖြစ်သောကြောင့် မရသေးသော သမာဓိများကိုရရန် မြဲမြံစွာ ကြိုးကုတ်၍ အားထုတ်နေထိုင်သည်ပင်ဖြစ်သည်။

## သံတော်ဦးတင်လိုက်ပါ

ယခုတော့ မင်းတို့ရှင်ဘုရင်က ငါ့ကိုပင် ဆုံးမဦးမည်ယောင်ယောင်များနှင့် "တောင်ကြား၌ နေသူကို ပေါင်ကြားလူက ဆုံးမဖို့မရှိပါ" မင်းတို့ သာသနာ့ဒါယကာ အား ငါက ဤကဲ့သို့ပြောကြောင်းကို ကောင်းစွာ သံတော်ဦးတင်လေဟူသော စကားကို မှာထားလိုက်လေသတည်း။

## အသွားတမန် အပြန်ရှေ့နေ

အမတ်ငယ်လည်း ပြန်သွား၍ မင်းတရားကြီးအား ဆရာတော်ဘုရားကြီး မှာလိုက်သောစကားကို မထားမချန် "သွားတမန်–ပြန်ရှေ့နေ" ဟူသော နည်းလမ်း ကိုမဆင်ခြင် သံတော်ဦးတင်မိသောကြောင့် ဘုရင်မင်းမြတ် မနှစ်သက်ရကား အမတ်ငယ်အား ရာထူးမှ နုတ်သိမ်းတော်မူလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၁၈–ဗန်းမော်ဆရာတော်က စလင်းဆရာတော်ဘုရားကို ကျီစား၍ အလကားသို့ရောက်သည်ဟူသော ဥပမာကို ထူးခြားစွာ မိန့်တော်မူခြင်း

အခါတစ်ပါး သုဓမ္မာဆရာတော်ကြီးရှစ်ပါးတို့ သုဓမ္မာဇရပ်တော်တွင် တိုင်ပင်ပြောဆိုရန်အရေးနှင့် စည်းဝေးညီညွတ်ကြသောအခါ ဥယျာဉ်ဓမ္မာ ဘိဓေ သိရီပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု တံဆိပ်နာမံတော်ရှိသော သက်ပန်းဆရာတော်ကြီးက "တပည့်တော်တို့ ဆရာတော်တို့မှာ အာယုပရိစ္ဆေဒတရားနှင့် ထောက်ထားရေတွက်က သေဘက်သို့အားကြီးကြပြီ။ သို့အတွက် မိမိအတ္တဟိတ ကိုယ်ကောင်းဖြင့် တောကျောင်းများ နေကြရလျှင် မကောင်းပါလောဟု မိန့်၏။

ထိုအခါ ကေတုမာလာဘိဓေ အတုလာဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော စလင်းဆရာတော်ဘုရားက "မှန်ပါ သင်္ဂဇာဆရာတော်ဘုရားပါလျှင် စစ်ကိုင်းဘက်မှာသွား၍ တပည့်တော်တို့ ဆရာတော်သုံးပါးတရားကို အားထုတ်ချင်ပါသည်ဘုရားဟု မိန့်၏။

### ဇရပ်ပေါ်မှ ဘိုးသူတော်နှင့် မယ်သီလလို

ထိုအစည်းအဝေးတွင် ဗန်းမော်ဆရာတော်ဘုရားကြီးလည်း ပါရှိသည်ဖြစ်၍ ချစ်ကြည်ကြသောအားဖြင့် ကျီစား အမိန့်ရှိသည်မှာ "အင်း... သက်ပန်းဆရာတော်က စလင်းနှင့် သင်္ဂဇာကို တောနေခေါ်မှုဖြင့် "ဇရပ်ပေါ်မှာ ဘိုးသူတော်နှင့် မယ်သီလ သဘောတူဟောက်၍ အလကားသို့ရောက်သည်"ဟူသကဲ့သို့ ရှိလိမ့်မည်ဟု မိန့်တော်မူ၏။

ထိုအခါ သုဓမ္မာဆရာတော်ကြီး အသီးသီးတို့က ပြီးဆုံးအောင် အမိန့်ရှိပါဟု တိုက်တွန်းကြသော် ဗန်းမော်ဆရာတော်ဘုရားက အမိန့်ရှိသည်မှာ... "ရှေးအခါ ပုဂံကမယ်သီလနှင့် ညောင်ဦးက ဘိုးသူတော် နှစ်ယောက်တို့သည် ရွှေမြို့တော်သို့ ဘုရားဖူးလာကြ၍ အင်းဝသို့ဆိုက်လျှင် ဇရပ်တစ်ခု၌ အိပ်မည်ဟု တက်ကြပြီး ညဉ့်အခါသို့ရောက်လျှင် မြောက်အခန်းက ဘိုးသူတော်, တောင်အခန်းက မယ်သီလ နှစ်ဌာနစီအိပ်ကြရာ အကာလည်းမရှိသောကြောင့် မယ်သီလ၏ပေါင်သည် သန်းခေါင်သို့ရောက်က ပေါ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ပေါ်ပေါ် အလကား

ထိုအခါ လကလည်းသာသဖြင့် မြောက်အခန်းမှာအိပ်သော ဘိုးသူတော်က ပေါင်ပေါ်သော မယ်သီလကို မြင်လျှင် ကြားစေချင်၍ "ဂေါ်ဂေါ်၊ မယ်သီလပေါင်ပေါ်"ဟု ဟောက်သတတ်။ ထိုအခါ မယ်သီလကလည်း ကာမဝိတက်ကိုကြံလျက်ဖြင့် နှုတ်ဆက်မှတော်မည်ဟု "ဂေါ်ဂေါ်၊ အလိုရှိရာ"ဟု ဟောက်၏။ နောက်တစ်ခါ ဘိုးသူ့တော်က "ဂေါ်ဂေါ် လျော်စရာဆန်မရှိ"ဟု ဟောက်သော် နောက်တစ်ဖန် မယ်သီလက "ဂေါ်ဂေါ် အလကား"ဟု ဟောက်ရာ နှစ်ယောချင်းငြိပါး၍ အလကား၏ အဖြစ်သို့ ရောက်ကြသတဲ့ ဆရာတော်တို့ရဲ့။

ဤအတူ သက်ပန်းဆရာတော် တောနေရာသို့ သင်္ဂဇာဆရာတော်နှင့် စလင်းဆရာတော် ခေါ်သွားမှဖြင့် စကားများတာနှင့် အလကားပဲရှိမည်ဟု မိန့်တော်မူသော အခါ သုဓမ္မာဆရာတော်ကြီး အသီးသီးတို့သည် အပြီးမသတ် အထပ်ထပ် ရယ်မော၍ တသောသော နေကြလေကုန်သတည်း။

---

## ၁၉–ကွမ်းအစ်ကြီးနီတာရဲနှင့် ကြမ်းပြီမှာသူကျော်၊ သာပေါ်တို့တူဝရီး စသော နှစ်ဆစ်ချိုးသီချင်းကို လက်ငင်းစပ်ဆိုတော်မူခြင်း

ပဏ္ဍိတဝံသ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဗန်းမော်ဆရာတော်ဘုရားကြီးသည် ငယ်ရွယ်စဉ် ပဥ္စင်းပျိုအခါ ချက်ကြွေ နေရင်း ဇာတိဌာနဖြစ်သော ရွှေတောင်မြို့မှ အလုံမြို့သို့ သမဂ္ဂအသင်း ချစ်ခင်ရင်းဖြစ်သော ဦးပဥ္စင်းတစ်ပါးနှင့် စကားအလုံးစုံ တွေ့ဆုံပြောမည် လှည့်လည်ကြွထွက် ဆန်တက်တော်မူခဲ့သည်။

ကြမ်းပြမည်သော ရွာသို့ရောက်လျှင် ကျောင်းသို့ ဝင်ရောက်တည်းခိုခြင်းကို ပြု၍ အာဂန္တုတို့ပြုရာသော ဝတ္တရားနည်းဖြင့် မထေရ်ကြီးအား ရှိခိုးဦးချလျက် မူလ ဝါသနာက ကဗျာရေးသားစပ်ဆိုခြင်း၌ လွန်မင်းစွာ အထုံပါသောကြောင့် ဝါတော်ကိုမေးသည်မှာ... "ကျောင်းထိုင်ဘုန်းမော်၊ မထေရ်ကျော်၊ ဝါတော်ဘယ်မျှ ရှိပြီနည်း"ဟု ကဗျာသံပေါက်ဖြင့် မေးလျှောက်လေလျှင် ကျောင်းနေဘုန်းတော်ကြီးက အနည်းငယ် ရွှင်ပြုံးလျက် အဆုံးတိုင် အကဲခတ်လိုသည်ဖြစ်သောကြောင့် "ငါ့ရှင် ငါ၏သိက္ခာကို မေးသလော၊ လေးဆယ့်နှစ်ဝါရပြီ"ဟု အမိန့်ရှိတော်မူသည်။

www.burmeseclassic.com



ထိုအခါ ဗန်းမော်ဆရာတော် ဖြစ်လတ္တံ့သော ဦးပဥ္စင်းက ချက်ချင်းစပ်ဆိုသည်မှာ "ဝါလေးဆယ့်နှစ်၊ ရသည်ဖြစ်ရာ၊ အပြစ်တောင်နှယ်မို့ လတ္တံ့."ဟု ကျီစယ်လိုသောစိတ်ထားနှင့် ဆိုကြားလျှင် ယခင်ဘုန်းတော်ကြီးက "ငါ့ရှင် သင်သည့်ဟာသဗဝနဉာဏ် ထက်သန်လျင်လျား ရေးသားစပ်ဆိုနိုင်သော ဉာဏ်အဟုန်နှင့်ပြည့်စုံဟန်ရှိသည်။ သင်၏ ဉာဏ်စွမ်းကို ဆုံးခန်းရောက်သိရအောင် ငါ့တပည့်စာတစ်ပုဒ် စပ်ဆိုဦးလော"ဟု မိန့်၏။

ထိုအခါ ပဥ္စင်းငယ်က အဘယ်အကြောင်းကို စပ်ဆိုရမည်နည်းဘုရားဟု လျှောက်ထား၏။ ထိုအခါ ဘုန်းတော်ကြီးက ငါ့ရှင်–ယခု ငါသီတင်းသုံးနေသော ကြမ်းပြို့ရွာကိုလည်း ပါစေရမည်။ ငါ၏ရှေ့တွင် ယခုချထား အမြဲစားသော ကွမ်းအစ်နီကြီးကိုလည်း ပါစေရမည်။ ယခု ငါ၏အနီးတွင်တိုင်နေသော ငါ၏တူရင်းသာပေါ်ကိုလည်း ပါစေရမည်၊ ငါ့ပေါင်က ထိုးကွင်းမင်ကြောင်ကိုလည်း ပါစေရမည်။ ငါ၌ ငှက်ဖျားရောဂါစွဲကပ်သော အရာကိုလည်း ပါစေရမည်၊ ငှက်ဖျားဖျားလျက် အစားအသောက် မဆင်ခြင် တွေ့မြင်ရာစားသော အကြောင်းကိုလည်း ပါစေရမည်။ ဤအကြောင်း အမျိုးမျိုးတို့ကို နှစ်ဆစ်ချိုးသီချင်းနှင့် သွတ်သွင်းပါရှိအောင် ကြံဆောင်စပ်ဆိုစမ်းလော့ဟု ဆို၏။

ထိုအခါ ဗန်းမော်ဆရာတော် ဖြစ်လတ္တံ့သော ဦးပဥ္စင်းသည် ချက်ချင်းစပ်ဆိုသည်မှာ...

"ကွမ်းအစ်ကြီး နီတာရဲနှင့်၊ ကြမ်းပြို့မှာသူပျော်၊ သာပေါ်တို့ တူဝရီး၊
ထိုးကွင်းမင်ကြောင်နှင့်၊ တွေ့မရှောင် အလွန်စားတယ်၊ ဖျားတဲ့ခင်ကြီး"

ဤကဲ့သို့ စပ်ဆိုသောအခါ ကြမ်းပြို့ရွာ ဘုန်းတော်ကြီးသည် သည်းစွာရယ်မောဆိုပြောချီးမွမ်း ဉာဏ်စွမ်းသတ္တိရှိလှပါပေသည်။ သင်ကား ယခုသည်ကမရွှေ့မပြောင်းဘဲ ငါ့ကျောင်းတွင် သီတင်းသုံးပါလောဟု ဆို၏။

ထိုအခါ ဦးပဥ္စင်းငယ်က ဘုရားတပည့်တော်မှာ ကိစ္စမကုန် မပြည့်စုံသောကြောင့် အလုံမြို့သို့သွားရန် ရှိပါသေးသည်ဘုရားဟု လျှောက်ထားပြီးသော် ကျောင်းပေါ်မှထ၍ ဝပ်ချဆင်းသွားလေ၏။

---

www.burmeseclassic.com

www.burmeseclassic.com



## ၂၀–မင်းဆရာမောင်ပါနောက်က ဦးသာရောက် အနက်မထင်သဖြင့် စာအပြင် မှားကဲ့သို့ရှိသည်ဟူသော စကားဖြင့် ဒါယကာအား မိန့်ကြားဖြေဆိုတော်မူခြင်း

ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံ အလှူတော် အပူဇော်ခံရသော၊ ဗန်းမော်ဆရာတော်ဘုရားကြီးသည် သံသာရဒုက္ခ ဘဝကျပ်ကြည်းမှု လက်ငင်းတို့ကို ပျင်းမုန်းငြီးငွေ့တော်မူရကား ဘုရားသဗ္ဗညု ခွင့်ပြုဟောမြွက် နှစ်သက်လိုလားတော်မူသောအတိုင်း စစ်ကိုင်းတောင်စောင်း တောရကျောင်း၌ ခိုအောင်း သီတင်းသုံးတော်မူစဉ်အခါက ဖြစ်သည်။

ဥပုသ်စောင့်လာသော ဒါယကာတစ်ဦးက အထူးဝပ်တွား ခစားလျှောက်ထားသည်မှာ... အရှင်ဘုရား တပည့်တော်မှာ တောင်တွင်းပုဂ္ဂိုလ်ကျော် ရှင်သီလဝံသ ကိုယ်တော် စပ်ဆိုတော်မူသော ပါရမီခန်းစာ လက်ာပျို့တစ်စောင်ရှိ၍ ကြည့်ရှုသော အခါ ၎င်းစာတွင် "သုံးမည်ခန္ဓာ၊ အနိစ္စာကား၊ မက္ခာတုက္ခ၊ ဆွေမျိုးစသား"ဟု စပ်ဆိုတော်မူသည်မှာ ခန္ဓာကတော့ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟူ၍ ငါးပါးရှိသည်၊ လင်္ကာတွင် သုံးမည်ခန္ဓာ ဟူသော စကားနှင့် ကွဲပြားယွင်းချွတ် မညီညွတ်ရှိပါသောကြောင့် ဆရာကိုပါနောက်ဆိုသောသူကို မေးသောအခါ ဆရာကိုပါနောက်က သုံးမည်ခန္ဓာ အနိစ္စကား ဤစကားသည် အခြားမဟုတ်, အနိစ္စ, ဒုက္ခ, အနတ္တဟူသော လက္ခဏာရေးသုံးပါး ကို ဆိုသည်ဟု ပြောပါသည်။ သဘောမကျေနပ် မကြံတတ် ရှိပါသောကြောင့် သိသာကွဲပြားအောင် ခွဲခြား၍ ဖြေဆိုတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ "မင့်ဆရာ မောင်ပါ နောက်က ဦးသာရောက် အနက်မထင်၍ စာအပြင် မှားသလိုနေသည်"ဟု မိန့်တော်မူရာ လျှောက်သူ ဒါယကာက ဦးသာရောက် အနက်မထင်၍ စာပြင်ပုံ အဘယ်ကဲ့သို့ မှားပါသနည်းဟု လျှောက်ထားသည်။

## မဟာရာဇကြီးတွံသည်

ဆရာတော်က ရွှေဘိုမြို့မြောက်က ဦးသာရောက်ဆိုသော ခင်ကြီး တောထွက် သည် ဇနကဇာတ်ကိုသင်သော ကျောင်းသားက မြွပ်ထားသည်ကိုမသိ "မဟာရာဇ– ကြီး၊ တွံ–သည်"ဤကဲ့သို့ရှိရာ၌ မြန်မာနှင့် ပါဠိကိုရော၍ "မဟာရာဇကြီးတွံသည်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖတ်သည်ကိုကြားလျှင် ယခင်တောထွက် ဦးသာရောက်က ငေါက်တဲ့၍ ဟဲ့ခွေးမသား–နင်ဖတ်တာ အမှားချည်းပဲ။ စာများကို သေသေချာချာ ကြည့်ပါဦးလောဟု ဆိုသည်။ သူငယ်ကျောင်းသားက မှားလျှင်သာ မှားရမည်။ ရေးထားသည့်အတိုင်းပင်ဟု အလျှင်စာကိုယူကောက်၍ ဦးသာရောက်ထံ သွားပြသတည်း။

## မဟာရာဇကြက်တွန်သည်ဟုဖတ်

ထိုအခါ ဦးသာရောက်က အင်း–မင်းဖတ်တိုင်း အမှန်ပဲ၊ စာရေးက လွဲလေသည်၊ အမြဲမှတ်ထား၊ ကျီးများသည် ဘယ်အခါမှမတွန် လွဲလိုက်တာ လွန်ရော၊ တွန်ခြင်းတွန်လျှင် ကြက်သာတွန်ရမည်၊ "မဟာရာဇ ကြက်တွန်သည်" ဤကဲ့သို့ ဖတ်ဟု နောက်ထပ်ပြီး စာပြင်မှားသတဲ့ ဒကာရဲ့။

ထို့ကြောင့် မင့်ဆရာ မောင်ပါနောက်က ဦးသာရောက် အနက်မထင်၍ စာအပြင် မှားသကဲ့သို့ ဖြစ်သည်ဟု ဆရာတော်က ပြောသည်ဟု အမိန့်ရှိသောအခါ လျှောက်ထားသူ ဒါယကာသည် ပြင်းစွာရယ်မောဧ်။

နောက်မှ ဆရာတော်က "သုံးမည်ခန္ဓာ" ဆိုသည်ကား အခြားမဟုတ်၊ စိတ်, စေတသိက်, ရုပ်၊ ဤသုံးပါးသည် အနိစ္စဖြစ်ကြောင်းကို စပ်ဆိုသည်။ ထိုစိတ်, စေတသိက်, ရုပ်၊ ဤသုံးပါးကို ခန္ဓာအားဖြင့် ဖွဲ့သည်ဖြစ်လျှင် ငါးပါးပင်ရသည်။ စိတ်တစ်ခုယုတ် ကိုးဆယ်၊ အကျယ် တစ်ရာ့နှစ်ဆယ့်တစ်ပါးသည် ခန္ဓာအားဖြင့် ဝိညာဏက္ခန္ဓာထိုက်၏။ စေတသိက် ဒွေပညာသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ၊ သညာ–စေတသိက်သည် သညာက္ခန္ဓာ၊ ဝေဒနာ, သညာ–မှကြွင်းသော စေတသိက် ၅၀ သည် သင်္ခါရက္ခန္ဓာ၊ ရုပ် နှစ်ဆယ့်ရှစ်ခုသည် ရူပက္ခန္ဓာ၊ ဤသို့ ခန္ဓာငါးပါးရသည်ကို နေရာတကျမှတ်။ ဤခန္ဓာငါးပါးအပြား စိတ်, စေတသိက်, ရုပ်သုံးပါးတို့သည် ပျက်ပြားတတ်သည်ကိုရည်၍ "သုံးမည်ခန္ဓာ၊ အနိစ္စကား"ဟု ရေးသားစပ်ဆိုလေသည်ဟု မိန့်ကြားဖြေဆိုတော်မူသောအခါ များစွာ နှစ်သက်ဝမ်းမြောက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၂၁–ရွှေညောင်ပင် သာသည့်ကုန်း၌ စုရုံး၍နေကြရာ စသောသီချင်းကို လက်ငင်းစပ်ဆိုသော်မူခြင်း

ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဗန်းမော်ဆရာတော်ဘုရားကြီးသည် ငယ်သွေးတစို ပျို့ရွယ်စဉ်အခါ သာမဏေအဖြစ်မှ ခေတ္တ အိမ်သို့ထွက်ပြီးလျှင် မိခင်တို့အိမ်တွင် နေရာ အခါတစ်ပါး ကာလသား သူငယ်ချင်း အပေါင်းအသင်း မိတ်ဆွေတို့နှင့် လှည့်လည်ပျော်ပါး သွားလာကြသည်။

သူတို့ ညောင်ပင်ကြီးတစ်ပင်အောက်သို့ ရောက်သောအခါ များစွာသော မိန်းမပျိုအပေါင်းတို့သည် နောက်နှောင်းရှေးဖြစ် စကားများကို ပြောကြားနေထိုင်ကြသည်ကိုမြင်၍ ဝင်ရောက် ထိုင်နားကြလျှင် ယခင်အခါက မေတ္တာဖွဲ့ယှက် စုံမက်ရည်ငံဖူးသော မမင်းမိုန်ဆိုသော မိန်းမသည် သာမညအမှတ်မဲ့အားဖြင့် လူအများအဆုံတွင် မလုံ၍ လေလည်မိသတည်း။ ထိုအခါ ဗန်းမော်ဆရာတော်ဖြစ်၍ ထွန်းသစ်လတ္တံ့သော သာမဏေလူထွက်က အရှက်မရှိသော မိန်းမကို စာစပ်မှ တော်မည်ဟု ရည်ရော်မှန်းဆ၍ အတန်ကြာ နေပြီးလျှင် **"ရွှေညောင်ပင် သာသည့်ကုန်း၌ စုရုံး၍နေကြရာ။ မမင်းမိုန်အပျိုကြီးရယ် အီးညှစ်၍ပါ"** ဤနှစ်ပိုဒ်မျှကို စပ်ဆိုလျှင် ထိုထိုအများ ယောကျ်ားမိန်းမတို့သည် ထ၍ ရယ်မောသဖြင့် တသော သောနေကြကုန်၏။

ထိုအခါ ဗန်းမော်ဆရာတော်ဖြစ်၍ ထွန်းသစ်ကြီးပွား ထင်ရှားလတ္တံ့သော သာမဏေလူထွက်သည် ရတ်တရက် ကြံသည်ကား လေးဆစ်ချိုးကို ငါချိုထားသည်။ စကားအစိပ္ပါယ်လည်းကုန်ပြီ၊ ဘယ်ပုံရှေ့ကိုဆက်၍ အပြီးသတ်ရပါအံ့နည်းဟု အောက်မေ့ဆဲတွင် ယခင်လေလည်သော မမင်းမိုန်၏ မောင်အရင်း ငစွန်ဆိုသော သူငယ် ကျောင်းသားရွယ်က ငါ၏အစ်မကို ထောက်ဆတိုင်းထွာခြင်းမရှိ စာစပ်ဘိသည်တကားဟု မြွက်ကြားဆဲဆိုလျှင် ယခင်သာမဏေလူလွက် မဆက်နိုင်ဘဲနေသော စာချိုးကို ဉာဏ်တိုး၍ အဆုံးသတ်သည်မှာ...

> "ရွှေညောင်ပင် သာသည့်ကုန်းမှာလ စုရုံး၍နေကြရာ။ မမင်းမိုန်
> အပျိုကြီးရယ်၊ အီးညှစ်၍ပါ။ မလိမ္မာ ဗာလာနမိုက်ခဲ။ သူ့အစ်မ စအို
> တွန်လို့၊ ငစွန်မျက်မာန်ရှတယ်၊ ဒေါသနှင့်ဆဲ"

ဟူ၍ စပ်ဆိုပြီးလျှင် ညောင်ပင်အောက်မှ ထပြေးလေ၏။

ကျန်ရစ်သော ယောကျ်ားမိန်းမ ဟူသမျှတို့သည် မထဘဲ ရယ်မော၍ သော သောကြွက်ကြွက် နေရစ်ကြလေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



* ဤအကြောင်းကို ထောက်ထားဆင်ခြင်သော် ဗန်းမော်ဆရာတော်ကြီးသည် ငယ်ငယ်ကတည်းကပင် စာရေးချင်သော၀ါနာ ပါရှိကြောင်းကို သိအပ်သတည်း။

---

## ၂၂–မျောက်မင်းအူသံဖြစ်ခြင်း၏ အကြောင်းအတ္ထုပ္ပတ်ကို ထုတ်လှပ်၍ မိန့်ကြားတော်မူခြင်း

ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဗန်းမော်ဆရာတော်ဘုရားကြီးသည် အသီးသီးသော တပည့်တပန်း ရဟန်းပရိသတ်တို့အား အသင်ကြားပြသ ပို့ချတော်မူရာ တစ်နေ့သောအခါ စာအဓိပ္ပာယ် ပြောဆိုခိုက် စာလိုက်သော ရဟန်းအများတို့သည် ဆရာတော်ဘုရား ပြောကြားမိန့်ဆိုတော်မူသော အဓိပ္ပာယ်ကို နားလည်အောင် နှလုံးမသွင်း အရပ်တွင်းမသာအိမ်မှ ဆိုင်းတီးသံကို နာခံနားထောင်မိကြလေကုန်သတတ်။

ထိုအခါ ဆရာတော်ဘုရားက ပြောကြားသောအဓိပ္ပာယ်ကို သဘောမစိုက်အခြား၌ နှလုံးမူသည်ကိုသိ၍ ငါ့ရှင်တို့ အဘယ်ကို နားထောင်ကြသနည်းဟု မေးတော်မူလျှင် စာလိုက်သူ ရဟန်းတော်များတွင် တစ်ပါးသော ဦးပဥ္စင်းက အရပ်တွင်း မသာအိမ်မှ နေရာတကျ စည်းမယုတ်အောင် တီးမှုတ်သော မျောက်မင်းအူသံကို နာခံနားထောင်ကြပါသည်ဘုရားဟု လျှောက်ထားလေသော် ဆရာတော်က မအော်မငေါက် ငြိုးငွေ့ပျင်းရိခြင်းကို ဖျောက်အံ့ဟု နှလုံးသွင်း၍ မျောက်မင်းအူသံအကြောင်းကို ကောင်းမွန်စွာ နားလည်ကုန်၏လောဟု မေးတော်မူ၏။

ထိုအခါ ရဟန်းတပည့်တို့က မသိပါဘုရားဟု လျှောက်ထားကြ၍ မိန့်သည်မှာကား ငါတို့ ဂေါတမမြတ်စွာဘုရားအလောင်း မျောက်မင်းဖြစ်တော်မူသောအခါ ထိုမျောက်မင်းသည် အသင်းအပင်း မျောက်အပေါင်း ရှစ်သောင်း ခြံရံလျက် ဟိမဝန္တာတောကြီးတွင် ခိုမှီးနေထိုင်ကြကုန်သတတ်။ ထိုဘုရားအလောင်းနှင့်တကွ ရှစ်သောင်းသော မျောက်တို့သည် ဂင်္ဂါမြစ်ကမ်းနဖူးတွင် ဆန်းထူးကြီးကျယ်စွာသော သရက်ပင်ကြီးသည် အသီးအရသာ နတ်သြဇာကဲ့သို့ ချိုမြိန်ကောင်းမြတ်သည် ဖြစ်၍ ထိုသရက်ပင်ကြီးတွင် ခိုဝင်စားသောက်ကြကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အရသာရှိလှသော သရက်သီး

တစ်နေ့သောအခါ တစ်လုံးသော သရက်သီးသည် သရက်ပင်ကြီးမှ ကြွေကျပြီးလျှင် ဂင်္ဂါမြစ်သို့ အစဉ်အတိုင်း မျောပါသွားသည်တွင် ဗာရာဏသီပြည့်ရှင်မင်းသည် ဂင်္ဂါမြစ်တွင်း၌ ပိုက်ကွန်တား၍ ရေကစားခြင်းကိုပြုရာ ပါလာသော သရက်သီးသည် မင်းကြီး၏ ပိုက်ကွန်တွင် ငြိတင်ဆယ်ယူ၍ နန်းတော်သို့ ဆောင်လေ၏။ နန်းတော်သို့ ရောက်သောအခါ ဤအသီးကား အဘယ်အသီးနည်းဟု မေးလျှင် လျှောက်တင်နိုင်သူ မရှိ၊ မုဆိုးတို့ သိပါသည်ဘုရားဟု လျှောက်ထားသံတော်ဦးတင်သဖြင့် ရှေ့တော်တွင် မုဆိုးတို့ကို ခေါ်၍မေးရာ သရက်သီးဖြစ်ကြောင်းကို လျှောက်ထားက ဓားငယ်ဖြင့် ခွဲလှီး၍ မင်းကြီးနှင့်တကွ၊ မိဖုရားမှူးမတ် ပရိသတ်တို့ စားကြလျှင် ကိုယ်တွင်း ပျံ့နှံ့၍တည်သော အရသာရှိသည်ကို သိသဖြင့် ရသတဏှာ၏ အတွက်ကြောင့် ဤသရက်သီးကို အဘယ်နည်းနှင့်ရအောင်ပြုမည်နည်း၊ အဘယ်အရပ်၌ ရှိသနည်းဟု မင်းကြီးက မုဆိုးတို့ကိုမေး၏။

ထိုအခါ မုဆိုးတို့က ဟိမဝန္တာတွင် ဂင်္ဂါမြစ်နား၌ ရှိပါသည်ဟုတင်သော် ဘုရင်မင်းတရားသည် များစွာသော လှေအပေါင်းတို့ဖြင့် ရေကြောင်းခရီးသို့ ဆန်တက်တော်မူ၏။ ဟိမဝန္တာသို့ ဝင်မိလျှင် သရက်ပင်ကြီးသို့ ရောက်ကြကုန်သော် အပေါင်းအဖော် အသင်းအပင်းနှင့်တကွ သရက်ပင်ရင်းတွင် ကင်းသင်းအစောင့်အရှောက် လေးမျက်နှာ ရံဝန်းလျက် မီးထွန်း၍ ညအခါ အိပ်ကြကုန်သတတ်။

ဘုရားအလောင်း မျောက်မင်းသည်လည်း အသင်းအပင်း မျောက်အပေါင်းရှစ်သောင်း ခြံရံလျက် ညဥ့်ယံသန်းခေါင်တွင် သစ်ပင်တစ်ခုမှ သစ်ပင်တစ်ခုသို့ အဆင့်ဆင့် အသာအယာတက်၍ သရက်ပင်ကြီး၌ သရက်သီးကို စားကြစဉ်အတွင်း ဗာရာဏသီမင်းနိုး၍ မျောက်တို့ကိုမြင်လျှင် အနီးတွင် ဝန်းရံလျက်ရှိသော လေးသမားတို့နှင့် များသောလူတို့ကို နှိုးပြီးလျှင် ထိုးခုတ်ပစ်ခတ်ရန် ဓားလှံ လက်နက်လေးမြားတို့ကို လက်စွဲ၍ အမြဲဝန်းရံကြကုန်၏။

## ဤရန်ကို ဘယ်လိုငြိမ်းမလဲ

ထိုအခါ မျောက်အပေါင်း ရှစ်သောင်းတို့သည် လူအပေါင်းတို့ လေးမျက်နှာက ပြေးစရာမရှိအောင် စောင့်ရှောက်ကြသည်ကိုမြင်လျှင် အမှန်ပင် ငါတို့ အသက်သေကြကုန်လတ္တံ့ဟု ထိတ်လန့်ကြောက်ရွံ့သောအားဖြင့် ဘုရားအလောင်းသို့ ကပ်လျှောက်

www.burmeseclassic.com



မြတ်သောမျောက်မင်း–သရက်ပင်ကို ဝန်းရံလျက် ဓားလှံလေးမြားတို့ဖြင့် ငါတို့အား ပစ်ခတ်၍ သတ်ကြတော့မည်။ အဘယ်သို့ကြံကုန်၍ ဤရန်ကို ငြိမ်းစေအံ့နည်းဟု ဆိုကုန်၏။

ထိုအခါ ဘုရားလောင်းမျောက်မင်းကအသင်တို့ မကြောက်ရွံ့ကြကုန်လင့်၊ ငါသည် သင်တို့၏အသက်ကို ကယ်အံ့ဟု အားပေးပြီးလျှင် ဝေးသောအရပ်၌တည်သော သစ်ပင်တွင် နွယ်ကြိုးဖြင့် ချည်ထား၍ ငါ၏ခါး၌ တပ်ချည်နှောင်လျက် သရက်ပင်ကြီးသို့တိုက်အောင် ငါခုန်သွားသဖြင့် သစ်ပင်ဖျား၌ ကြိုးကိုချည်ထား၍ သင်တို့အား ကယ်မည်။ ကြိုးနွယ်ကိုလျှောက်၍ ချမ်းသာစွာ လာကြကုန်လောဟု အမှတ်ပေးပြီးလျှင် ခါးတွင် နွယ်ကြိုးချည်၍ ခုန်သွားရာ သစ်ပင်ဖျားကို မမီသောကြောင့် လက်ဖြင့် သစ်ခက်ကို မြဲစွာကိုင်ထား၍ တံတားအသွင် ပြုပြီးလျှင် အသင်မျောက်အပေါင်းတို့ ငါ၏ခါးကိုနင်း၍ ချမ်းသာစွာ သွားကြလော့ဟုဆိုသော် ထိုမျောက်အပေါင်းတို့သည် ဘုရားအလောင်းကို ရှိခိုး၍ ကျောရိုး၌နင်းလျက် ဆင်းကြရကုန်သတတ်။

ဒေဝဒတ်အလောင်း မျောက်မကောင်း၏အလှည့်သို့ ရောက်သောအခါ ကမ္ဘာရန်ဘက်ဖြစ်၍ စင်စစ် ငါ၏ရန်သူကို တစ်ခါမှ သေစေအံ့ဟု နှလုံးထားလျက် မြင့်သောသစ်ခက်မှ ကျောထက်သို့ ခုန်ဆင်းသောကြောင့် မျောက်မင်း၏ နှလုံးသည် ကွဲပြိုလေ၏။ မျောက်အပေါင်းတို့သည် ဘုရားလောင်း ကယ်ယူ၍ ရန်သူ၏လက်တွင်းမှ လွတ်ကင်းချမ်းသာ၍ လိုရာသို့ သွားကြလေကုန်၏။ ဘုရားလောင်းမျောက်မင်းသည် အခြံအရံမရှိ မိမိချည်း ကြွင်းကျန်လျက် သည်းထန်စွာ ဝေဒနာကို ခံစား၍နေရစ်ရရှာသည်တွင် ဗရာဏသီမင်းကောင်းသည် ဘုရားလောင်း၏အမူအရာကိုမြင်သဖြင့် ဆင်ခြင်စဉ်းစားသည်ကား ဤမျောက်ကြီးသည် အသီးသီးသော မျောက်အပေါင်းတို့၏ အသက်ကို ငဲ့ကွက်ညှာတွယ် ကယ်ဆယ်အားထုတ်သည်မှာ အဘယ်အခြင်းအရာ အဘယ်အကြောင်းနည်း, ငါမေးအံ့ဟု နှလုံးသွင်းလျက် မျောက်မင်းကို သရက်ပင်မှ ကောင်းစွာယူ၍ ကြည်ဖြူစွာ သနားသဖြင့် မျောက်မင်းအား နူးညံ့ကောင်းမွန်သော အဝတ်ပေါ်တွင် အိပ်စေ၍ ရှိသေစွာမေးလိုသောကြောင့် သတ္တတိနိပါယ် မဟာကပိလဇာတ်၌...

အတ္တာနံ သင်္ကမံ ကတွာ၊ ယော သောတ္ထိ သမတာရယိ။
ကိံ တွံ တေသံ ကိမေ တုယှံ၊ ဟောန္တိ သော တေ မဟာကပိ။

ဟူသော ဂါထာကို ရွတ်၏။

www.burmeseclassic.com

www.burmeseclassic.com


## ဗာရာဏသီမင်း၏ အမေး

မဟာကပိ၊ မျောက်ကြီး။ ယော–တွံ၊ အကြင်သင်သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ သင်္ကမံ ကတွာ၊ တံတားပြု၍။ ဣမေ ဝါနရေ၊ ဤမျောက်အပေါင်းတို့ကို။ သောတ္ထိသမတာရယိ၊ ချမ်းသာစွာကူးစေ၏။ သော–တွံ၊ ထိုသင်သည်။ တေသံ၊ ထိုမျောက်တို့အား။ ကိံ အဟောသိ၊ အသို့တော်သနည်း။ ဣမေ၊ ဤမျောက်တို့ သည်လည်း။ တေ–တုယှံ၊ သင်အား။ ကိံ ဟောန္တိ၊ အသို့တော်ကုန်သနည်း။

ဤသို့ ဗာရာဏသီမင်းကြီးက မေးသည်တွင် ဘုရားလောင်း မျောက်မင်းသည် ဗာရာဏသီမင်းကြီးအား အကြောင်းကို ပြောကြားလျက် ဆုံးမတော်မူလိုသည်ဖြစ်၍–

တံ ၊ မံ န တပတေ ဗန္ဓော၊ သတော မေ န တပေဿတိ။
သုခမာဟရိတံ တေသံ၊ ယေသံ ရဇ္ဇမကာရယိံ။
သော တေ ဥပမာ ရာဇ၊ တံ သုဏောဟိ အရိန္ဒမ။
ရညာ ရဋ္ဌဿ ယောဂ္ဂဿ၊ ဗလဿ နိဂမဿ စ။
သဗ္ဗေသံ သုခမေတဗ္ဗံ၊ ခတ္တိယေန ပဇာနတာ။

ဟူသော အဆုံး နှစ်ဂါထာကို ခွဲ၍ရွတ်၏။

## မင်းသည် ဉာဏ်နှင့်ပြည့်စုံရာ၏

ယသ္မာ၊ အကြင့်ကြောင့်။ အဟံ၊ ငါသည်။ ယေသံ၊ အကြင် မျောက်တို့၏။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ အကာရယိံ ပြု၏။ မယာ၊ ငါသည်။ တေသံ၊ ထိုမျောက်တို့၏။ သုခံ၊ ချမ်းသာကို။ အာဟရိတံ၊ ဆောင်အပ်၏။ တသ္မာ၊ ထို့ကြောင့်။ ဗန္ဓော၊ ကြိမ်နွယ်ဖြင့် နှောင်ဖွဲ့ခြင်းသည်။ တံ မံ၊ ထို ငါ့ကို။ န တပတေ၊ မပူပန်စေ။ သတော၊ သတိနှင့်ပြည့်စုံသော။ မေ၊ ငါ့အား။ မရဏံ၊ သေခြင်းသည်။ န တပေဿတိ၊ မပူပန်စေလတ္တံ့။

အရိန္ဒမ၊ ရန်သူတို့ကို ဆုံးမတတ်သော။ မဟာရာဇ၊ မင်းမြတ်။ တေ၊ သင် မင်းမြတ်အား။ သော ဥပမာ၊ ဤဥပမာကို။ သုဏောဟိ၊ နာလော့။ ရညာ၊ မင်းသည်။ ရဋ္ဌဿ၊ တိုင်းနိုင်ငံသူ၏ လည်းကောင်း။ ယောဂ္ဂဿ၊ ရထားအစရှိသော ယာဉ်စီးသူရဲ၏လည်းကောင်း။ ဗလဿ၊ ဗိုလ်ပါ၏လည်းကောင်း။ နိဂမဿ၊ နိဂုံးသူ၏လည်း။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော သူတို့၏။ သုခံ၊ ချမ်းသာကို။ ဧတဗ္ဗံ၊ ရှာမှီးအပ်၏။ ခတ္တိယေန၊ မင်းမည်သည်ကား။ ပဇာနတာ၊ ဉာဏ်နှင့်ပြည့်စုံ သည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com


ဤသို့ ဘုရားလောင်းသည် မင်းအား ဆုံးမ၏။ ထို့နောက် မျောက်မင်းကို ပြည်သို့ဆောင်သွား၍ သမားတို့နှင့် ကုသ၏။ ညဆီသို့ရောက်သောအခါ အေးလှစွာသောကြောင့် အနာတိုးသည်ကို သည်းမခံနိုင်၍ **"အိုဘယ့်အိုကံ ညဥ့်ယံသာလို့ သည်းတော့တယ်"**စသော အဓိပ္ပာယ်ကို ညဥ့်ဝယ်ညည်းညူ မြည်တော်မူ၏။ နံနက်အရုဏ်ကျင်းလျက် အလင်းသို့ ရောက်သောအခါ ပန်းပဲအိမ်က တူနက်သံကို ကြားလျှင် ဘုရားလောင်း အနာသက်သာ၏ဟူသော အမှတ်ဖြင့် **"မောင့်ခြေယယ်လေ ကျိုးကျိုး၊ မောင့်လက်ကယ်လေကျိုးကျိုး၊ မိုးမင်း ဘယ်တော့ သောက်ပါ့မယ်၊ ပန်းပဲ ဘယ်တော့ခေါက်ပါ့မယ်"**ဟူသော နံနက်ခင်း၏ အဓိပ္ပာယ်ကို နံနက်ဝယ် ညည်းညူမြည်တော်မူ၏။

ဤသို့ မာဂဓဘာသာအားဖြင့် ဘုရားလောင်းမြည်အူသော အသံသည် နာခံသောလူတို့၏ နှလုံး၌ ယူကြုံးမရအောင် သနားလွမ်းဆွယ်ဖွယ်ရာကောင်းသတတ်။ ဤသို့ ဘုရားလောင်း မျောက်မင်းသည် နေ့ဆက်ရက်ဆက် မြည်တမ်းလျက် အသက်ကုန်ခြင်းသို့ ရောက်လေ၏။

## မျောက်မင်းအူသံ

ဤသို့ ဘုရားလောင်း သေဆုံးလျှင် ဘုရင်ဗာရာဏသီမင်းမြတ်သည် မျောက်မင်း၏အလောင်းကို ကောင်းစွာသင်္ဂြိုဟ်၍ အရိုးကို စေတီတည်၍ ကိုးကွယ်လေသည်။ ဤသို့ ပြဆိုအပ်ခဲ့ပြီးသောအတိုင်း မျောက်မင်း၏ ညည်းညူသံသည် နာခံလွမ်းဆွတ်ဖွယ်ရှိသည့်အတိုင်း ဆိုင်းသမားသဘင်သည်အပေါင်းတို့သည် ၎င်းအသံနှင့် တူစွာ တီးစေဟု မင်းကြီးက အတည်ပြုသဖြင့် ယခုတိုင် လောက၌ ထင်ရှား၍ အများ တီးမှုတ်ခြင်းကြောင့် မျောက်မင်းအူသံဟူ၍ ခေါ်ဝေါ်သမုတ် အသုံးအစွဲပြုလုပ်ကြသတဲ့ ငါ့ရှင်တို့ရဲ့ဟု မိန့်တော်မူသောအခါ များစွာနှစ်သက်ကြလေသတည်း။

* ဤကဲ့သို့ မျောက်မင်းအူသံ တွင်ကြောင်းများကို ဆရာတော်ဘုရား အမိန့်ရှိသည်မှာလည်း စာလိုက်သော တပည့်ဦးပဥ္စင်းတို့ အပျင်းမှပြေစေခြင်းငှာ လောကဝေါဟာရစကား သာမညအားဖြင့် မိန့်တော်မူသည်ဟူ၍ သာယူရန်ရှိသည်။ အဘယ်ကြောင့်နည်းဟူမူ ဤကဲ့သို့ ဘုရားလောင်းမြည်ကြောင်းကို ဇာတ်တော်၌ မလာမရှိ။ မျောက်မင်းလည်း ဟိမဝန္တာ၌ သေ၍ သင်္ဂြိုဟ်ပြီးသည့်နောက်မှ အရိုးကိုသာ ဗာရာဏသီသို့ ဆောင်ယူကြောင်း လာရှိသည်၊ မျောက်မင်း အူသံသီချင်း၌ "မိုးမင်းဘယ်တော့သောက်ပါ့မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ပန်းပဲဘယ်တော့ ခေါက်ပါ့မယ်” ဆိုသည်ကိုထောက်က ပြည်သို့ရောက်မှ သေသည်ဟူသော အဓိပ္ပာယ်ကို ရသည်။ ဤသို့ ဘုရားဟောနိပါတ်ဇာတ်တော်နှင့် မညီမညွတ်သောကြောင့် လောကဝေါဟာရစကား သာမညအားဖြင့် ဆရာတော်ဘုရားက အပျင်းပြေရုံမျှသာ မိန့်တော်မူသည်ဟု ယူအပ်မှတ်အပ်လေသတည်း။

---

## ၂၃–မင်းတောထွက်ချင်တာက ရနိုင်ဘုရင် ဥယျာဉ်ထွက်သလိုဟူသော ပမာစကားဖြင့် ဒါယကာအား မိန့်တော်မူခြင်း

ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဗန်းမော် ဆရာတော်ဘုရားကြီးသည် ဓေယျာပူရ နာမပြန့်လှိုင်း မြို့စစ်ကိုင်း၏မြောက်တောချောက် အရညဝါ ဆိတ်ငြိမ်ရာတွင် ဘာဝနာနှလုံး ကျင့်သုံးနေထိုင်တော်မူသောအခါ ဥပုသ်စောင့်လာသော ဒါယကာတစ်ဦးက ညွတ်နူးသောအားဖြင့် ဤသို့ လျှောက်ထားသည်။

“အရှင်ဘုရား တပည့်တော်သည် သားမယားကို စွန့်ပစ်ခွင့်တောင်း၍ သူတော်ကောင်းဖြစ်သော အရှင်ဘုရားနှင့် အတူတကွ ကျင့်နိုင်သမျှ ကျင့်ကြံအားထုတ်၍ ကြိုးကုတ်နေထိုင်လိုပါသည်ဘုရား စသောအားဖြင့် လျှောက်ထားပြောဆို၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒါယကာ–သင်သည် မြတ်စွာဘုရား သာသနာတော်ထမ်း၍ ရဟန်းပြုလိုသလောဟု မေးတော်မူ၏။ ထိုအခါ ဒါယကာက အရှင်ဘုရား ရဟန်းခံသည်ဆိုပြန်ပါက ကျင့်ကြံအားထုတ်အပ်သော သိက္ခာပုဒ် နှစ်ရာနှစ်ဆယ် ခုနစ်သွယ် များပြား၍ အားထုတ်ရန် ကျင့်ကြံနိုင်မည် မထင်ပါဘုရားဟု လျှောက်ထား၏။

### နေဖို့ခက်

ထိုအခါ ဆရာတော်ဘုရားက ဒါယကာ ယင်းသို့အားထုတ်ရန် သိက္ခာပုဒ်များပြား၍ ရဟန်းမပြုနိုင်သေးလျှင် ကိုရင်သာမဏေပြု၍ နေဦးလော၊ အားထုတ်နိုင်မည် ထင်သောအခါမှ သာသနာတော်ကိုထမ်းလျက် ရဟန်းပြုလေဟု မိန့်တော်မူရာ, ဒါယကာက အရှင်ဘုရား သာမဏေဖြစ်ပြန်ကလည်း လိင်ဒဏ် သေခိယ၊ စုဒ္ဒသခန္ဓကဝတ်တို့နှင့် မယွင်းချွတ်အောင် နေဖို့ရန် အခက်သားဟု လျှောက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆရာတော်ဘုရားက ဒါယကာ–ရဟာန်းပြုလုပ်ပြန်တော့လည်း သိက္ခာပုဒ်များပြား၍ အားမထုတ်နိုင်။ ကိုရင် သာမဏေ လုပ်ပြန်ချေက သေခိယ လိင်ဒဏ်နှင့် အင်မတန် ခက်ခဲသတဲ့၊ မင့်အကြိုက်ကိုပဲ မကျနိုင်အောင် ရှိတော့သည်။ မင့်စိတ်က ဘာများလုပ်၍ အားထုတ်မည်ကြံသနည်းဟု မေးတော်မူ၏။

## ဖိုးသူတော်လုပ်ပါမည်

ထိုအခါ ဒါယကာက မှန်ပါ–ကိုယ်နှင့်လျော်ရုံ ဖိုးသူတော်လုပ်မည်ကြံပါသည် ဘုရားဟု လျှောက်ထားသော် ဆရာတော်က ဩော်... မင်း တောထွက်ချင်တာက လည်း "ရခိုင်ဘုရင် ဥယျာဉ်ထွက်သည်နှင့်တူ၏"ဟု မိန့်တော်မူသောအခါ ဒါယကာက ဥပမာ ယခုတင်သော ရခိုင်ဘုရင်အဓိပ္ပာယ်ကို နားလည်အောင် မိန့်တော် မူပါဘုရားဟု လျှောက်ထားတောင်းပန်၍ ဆရာတော်က ဤသို့မိန့်ကြားတော်မူသည်။

## ဆိတ်စီး၍ တောထွက်မည်

ရှေးအခါကာလက ဓညဝတီရခိုင်ပြည်တွင် ရခိုင်ဘုရင်သည် ဥယျာဉ်သို့ ထွက်တော်မူမည်ရှိရာ သေနာပတိမှူးမတ်အများက "အရှင်ဘုရား ဥယျာဉ်သို့ထွက် သော ခရီးမှာ ဆင်စီး၍ ထွက်တော်မူပါဘုရား"ဟု လျှောက်ထား သံတော်ဦးတင်လျှင် ရခိုင်ရှင်ဘုရင်က "ဆင်စီး၍သွားတော့လည်း မြင့်အားကြီး၍ မစီးချင်ဘူး မောင်မင်း" ဟု ဆို၏၊ ထိုအခါ မှူးမတ်တို့က "အရှင်မြတ်မှာ ဆင်၌မြင့်အားကြီးလျှင် မြင်းစီး ၍ ထွက်တော်မူပါဘုရား"ဟု လျှောက်ထားသံတော်ဦးတင်၏။ ထိုအခါ ရခိုင်ဘုရင် ကြီးက "မြင်းစီး၍ထွက်ပြန်တော့လည်း အလျင်အမြန်ပြေးက ရင်အေးတော်မူသည်" ဟု ဆို၏။ ထိုအခါ မှူးမတ်တို့က ယင်းသို့ဖြစ်ပါလျှင် အရှင်မင်းကြီးသည် အဘယ်ကို စီး၍ ထွက်တော်မူမည်နည်းဟု တင်လျှောက်ကြရာ "ငါကြံတာကတော့ ဥယျာဉ်ရောက်ပြီးရော့၊ ဆိတ်စီး၍ ထွက်တော့မည်"ဟုဆိုသတဲ့ ဒကာရဲ့။

ဤအတူ ဒါယကာမှာ ရဟာန်းလည်းမခံချင်, ကိုရင်သာမဏေလည်း သဘော မကျ, ပြောပြတာကတော့ ဖိုးသူတော်တဲ့၊ အင်း- အဝတ်ဖြူစိပ်ပုတီးနှင့် ကျပ်စီး ထွက်မဲ့လူကိုကွဲ့ဟု မိန့်တော်မူသောအခါ ဒါယကာသည် များစွာရယ်မောရ၍ ပြောလက်စမသတ်အောင် ရှိသတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၂၄–ထန်းတောရွာက ဓာတ်ဆရာမောင်ဟိန်း ဘီလူးကြိမ်းမှားသလို ဟူသော ပုံပမာဖြင့် ယုံသာအောင် ဟောမြွက်ပြီးလျှင် တောထွက်ကြီးကို ဆုံးမတော်မူခြင်း

ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဖန်းမော် ဆရာတော်ဘုရားကြီးသည် အသီးသီးသော တပည့်ရဟန်းအပေါင်းတို့နှင့် စစ်ကိုင်းဘက်တွင် အရှည်ကင် စူတင်ပျော်မွေ့ တရားလေ့လျက် သိမ်မွေ့စွာ သီတင်းသုံးတော်မူသောအခါ ကျောင်းမှာ တောထွက်ဦးပဉ္ဇင်းကြီးတစ်ပါးလည်း ရှိသတတ်။

### သိက္ခာပုဒ်ပျက်လျှင် ဖွပ်သထက်ညစ်မည်

ထိုတောထွက် ဦးပဉ္ဇင်းကြီးသည် တစ်နေ့သောအခါဝယ် လူငယ်ကျောင်းသား အား စိတ်ထားအခန့်မသင့်၍ နင့်အမေ မည်ကဲ့သို့ ဟဲ့–နင့်နမ မည်နှယ်ဟု ကျယ် လောင်စွာ ခြောက်ခြိမ်း၍ ငေါက်ငန်းဆဲရေးတိုင်းထွာသည်ကို ဆရာတော်ကိုယ်တိုင် ကြားသဖြင့် တောထွက်ကြီးအား ခေါ်ပြီးလျှင် "ငါ့ရှင်ခင်ကြီး–သင်္ကန်းကို ဝတ်ဆီး လျက် ဘယ်နည်းကြောင့် ဆဲရေးသနည်း၊ ရဟန်းတို့မှာ ဤကဲ့သို့ ကြိမ်းတမ်း ညစ်ညမ်းသည်ကို မဆိုထားဘိ ဆယ်ပါးသော ဆဲရေးခြင်းတို့တွင် တစ်ခုခုပါဝင်က ဘုရားရှင်ပညတ်ခဲ့ အာပတ်သင့်ကြောင်းကို လာရှိသည်။ သင်ရဟန်းကြီးမှာ ရှေးက နည်းကိုပယ်၍ တင့်တယ်ကောင်းမွန်အောင် နေရမည်၊ ရှေးလူဖြစ်စဉ်အခါကလို နေရသည်မဟုတ်၊ သိက္ခာပုဒ် ယွင်းပျက်က ဖွပ်သည်ထက်ညစ်မည်" သို့စသည်ဖြင့် ဆိုမြည် ဆုံးမတော်မူ၏။

ထိုအခါ တောထွက်ရဟန်းကြီးက သည်းခံတော်မူပါဘုရား တပည့်တော်မှာ ရဟန်းပြု၍ မကြာသေးသဖြင့် ရှေးလူတုန်းကလို စိတ်ကမှတ်ထင်လျက် မဆင်ခြင် ဘဲ ဆဲရေးမိသောအတွင်း ချက်ချင်းသတိရသဖြင့် ရှေးကနှင့်ကွာလှမ်း၍ ငါရဟန်း ဖြစ်ပါပြီတကားဟု မြစ်တားဆုံးမရပါသည် ဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက စဉ်းစားရွှင်ပြုံးလျက် အင်း...ဦးပဉ္ဇင်းကြီး ယခု ပြောတာက "ထန်းတောရွာက ဓာတ်ဆရာမောင်ဟိန်း ဘီလူးကြိမ်းမှားသလို နေပြန်ပြီ"ဟု မိန့်တော်မူ၏။

ထိုအခါ အပါးတော်ရှိရဟန်းအပေါင်းတို့က မောင်ဟိန်းအကြောင်းကိုပြန်ပြောင်း မိန့်ကြားတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားသော်ဆရာတော်

www.burmeseclassic.com



ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ… ငါ့ရှင်တို့ ထန်းတောရွာက ဇာတ်ဆရာ မောင်ဟိန်းသည် အုပ်ထိန်းသူအကြီး ဦးစီးနာယက နည်းပေးလျက် ရုပ်သေးက၍ အသက်မွေးသတတ်။ တစ်ညသောအခါ ရွာတစ်ရွာတွင် ရုပ်သေးပြရာ ဝိဇယ မင်းသား ဇာတ်ထုပ်ကို ခင်းသည်တွင် ယခင်ဇာတ်ဆရာ မောင်ဟိန်းသည်လည်း ခပ်သိမ်းသောအခန်း လူကြမ်းအကွက်သို့အရောက် သေတ္တာမှောက်နားလည်၏။ ထိုဇာတ်ဆရာမောင်ဟိန်းသည် မှိန်းစက်အိပ်ပျော် သန်းခေါင်ကျော်လျှင် အဖော်တပည့် ရင်းတို့က ဘီလူးမင်းကြီး ထွက်ခန်းသို့ ကျလာပြီ၊ ထပါဆရာကြီး–ကြာတော့ ပြီးရော့မည်ဟု နှိုးလေသည်။

ထိုအခါ ဇာတ်ဆရာ မောင်ဟိန်းသည် မှိန်းစက်ရာက အနိုးတွင် ဇဝိုးဇဝါး စိတ်အမှတ်မှားပြီးလျှင် သိကြားရုပ်ကို ဘီလူးရုပ်ထင်၍ အလျင်ဖြုတ်လျက် ရုတ်တရက် ထွက်လာရာ လက်မှာသိကြားရုပ်ကို ကိုင်ဆွဲ၍ "ငါဟဲ့ယောက်ျား ယက္ခ ဒီပ အစိုးငယ်ရသည်" ဤကဲ့သို့ မောင်ဟိန်း ဘီလူးကြိမ်းသည်တွင် ပွဲသဘင်ကြည့် ရှုသူ ရုပ်ရှာလူများက သိကြားရုပ်ကိုမြင်သဖြင့်၊ ဟင့်အင်…ဆိုတာက ဘီလူးစကား သိကြားကို ကိုင်ဆွဲ၍ ဆရာဟိန်းလွဲပြီဟု ပြောကြသောအခါ ဇာတ်ဆရာက အရုပ် ကိုငဲ့ကြည့်လျှင် သိကြားရုပ်မှန်းသိ၍ "သယ်… ငါဟဲ့ယောက်ျား–သိကြားဘီလူး အမည်ထူးနှင့်" စသည်ဖြင့် ရုပ်ဆောင်၍ တော်လျော်အောင် ပြောရသတဲ့ ငါ့ရှင် တို့ရဲ့။

ဤအတူ ယခု ဦးပဋ္ဌင်းကြီးမှာလည်း ရှေးလူဖြစ်စဉ် အခါကကဲ့သို့ချည်း မှတ်လျက် ဇာတ်ဆရာ မောင်ဟိန်းလို ဘီလူးကြိမ်းတဲ့ဟန်ရှိသည်ဟု မိန့်တော်မူသော အခါ အပါးတော်မှာရှိကြသော ရဟန်းပရိသတ်တို့သည် အထပ်ထပ် ရယ်မော၍ တသောသော နေကြလေကုန်သတည်း။

---

## ၂၅–ငယ်ပါလိုနေတတ်မှ ဘေးဥပဒ်ကင်းသည်ဟူသော ပုံကြမ်းဖြင့် တပည့်ရဟန်းများကို ဆုံးမတော်မူခြင်း

ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဗန်းမော် ဆရာတော်ဘုရားကြီးသည် ဗန်းမော်တိုက်၌ သီတင်းသုံးတော်မူသောအခါ ဦးတိဿမည်သော ရဟန်းနှင့် ဦးဣန္ဒမည်သော ရဟန်းတော်နှစ်ပါးတို့သည် စကားပြော အခန့်မသင့်၍ တစ်ဦးနှင့်တစ်ဦး အလွန်အကြူး စိတ်ဆိုးလျက် တွန်းထိုး

www.burmeseclassic.com

www.burmeseclassic.com



ထုသတ်ကြရာ ဦးတိဿမည်သော ကိုယ်တော်မှာ ကျောင်းနံရံအစွန်မှ သံချွန်နှင့် ငြိတိုက်၍ ထိခိုက်ရှုန အနာတရရှိလေသတည်း။

ထိုအခါ ဦးတိဿမည်သော ရဟန်းတော်သည် ဗန်းမော်ဆရာတော်ဘုရားကြီး အထံသို့သွား၍ တပည့်တော်အား ဦးဣန္ဒသည် ဒေါသအမျက် ချောင်းချောင်းထွက်၍ နှိပ်စက်ရမ်းကား ပြုပါသည်ဘုရားဟု လျှောက်ထားလေသော် ဆရာတော်ဘုရားက ဦးဣန္ဒအားခေါ်၍ မသင့်မလျော် ခိုက်ရန်ဖြစ်ပွားသည့်အကြောင်းကိုမေးရာ အတူတူ ပါဘုရား–နှစ်ပါးစလုံး ရှန်းရင်းဆံခတ် ပုတ်သတ်ဖယ်တွန်း၍ ပျဉ်ထောင်စွန်းနှင့် ငြိတိုက်၍ ထိခိုက်ရှုနခြင်းဖြစ်ပါသည်။ တပည့်တော်ပုတ်ခတ်၍ ပေါက်ပြတ်သည် မဟုတ်ပါဘုရားဟု လျှောက်ထား၏။ ထိုအခါ ဆရာတော်ဘုရားက ငါ့ရှင်တို့သည် မြတ်စွာဘုရား သာသနာတော်ထမ်း၍ ရဟန်းပြုလျက် အမျက်ထွက်မှုကိုမျှမခံ ရန်ဖြစ်ခြင်းတရား၌ အပြစ်ငါးပါးရှိသည်ကိုမျှ မသိကြလေ။

## ရန်ဖြစ်ခြင်း၏ အပြစ်ငါးပါး

ဘိက္ခဝေ၊ ရဟန်းတို့။ အခန္တိယာ၊ သည်းမခံခြင်း၌။ ဣမေ ပဉ္စအာဒီနဝါ၊ ဤ ငါးပါးကုန်သော အပြစ်တို့သည်။ ဥပဂစ္ဆန္တိ၊ ကပ်ရောက်တတ်ကုန်၏။ ကတမေ ပဉ္စ၊ အဘယ်ငါးပါးတို့နည်း ဟူမူကား...

–ဗဟူနော ဇနဿ၊ လူများအပေါင်း၏။ အပ္ပိယော၊ မချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။

– အမနာပေါ၊ နှလုံးကိုမပွားစေတတ်သည်။ ဟောတိ၊ ဖြစ်၏။

– ဝေရဗဟုလော စ၊ ရန်များသည်လည်း ဟောတိ၊ ဖြစ်၏။

– ဝဇ္ဇဗဟုလော စ၊ အပြစ်များသည်လည်း။ ဟောတိ၊ ဖြစ်၏။

– သံမူဠှော၊ တွေဝေသည်ဖြစ်၍။ ကာလံ ကရောတိ၊ ဘဝကူးပြောင်းရ၏။

ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်ခြင်းကြောင့်။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ အပါယံ၊ အပါယ်ဟုဆိုအပ်သော။ ဒုဂ္ဂတိံ၊ မကောင်းမှုပြုသူတို့၏ လားရာဖြစ်သော။ ဝိနိပါတံ၊ ပျက်စီး၍ကျရာ ဖြစ်သော။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇတိ၊ ကပ်ရောက်တတ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အခန္တိယာ၊ သည်းမခံဘဲ အမျက်ထွက်ခြင်း၌။ ခေါ၊ စင်စစ်။ ဣမေ ပဉ္စ အာဒီနဝါ၊ ဤအပြစ်ငါးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



## ငယ်ပါလိုနေပါ

ဤသို့ မြတ်စွာဘုရား ဟောတော်မူသောကြောင့် အပြစ်ငါးပါးရောက်ခြင်းမှ လွတ်ကင်းကြရန် သည်းခံပြေငြိမ်းကြကုန်ရာသည်။ ငါ့ရှင်တို့မှာ ပုံရိုင်းရိုင်းတကယ် စာလျှင် ငယ်ပါလောက်မှ အနေမတတ်ကြဘူး၊ "ငယ်ပါလိုအနေတတ်မှ၊ ဘေးဥပဒ် ကင်းရာသည်" မရှိသေစကား ငယ်ပါမွှားသည် သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းဟူသော ဣရိယာပုတ်လေးပါး၌ များစွာပြောင်းလွဲသော်လည်း နည်းနည်း မျှ ထိခိုက်ရှုန အနာတရဖြစ်ခြင်းမရှိ၊ ပကတိအလိုက်သင့်သာ နေတတ်ရာသည်။ မင်းတို့မှာ ငယ်ပါလောက်မှ ချီးမွမ်းစရာရှာမရ၊ နာလှအောင် ဆိုလေသည်တကားဟု ငါ့အား အပြစ်မတင်ကြနှင့် ဆိုခွင့်ရှိ၍ ဆိုရပြောရသည်။ ဤကဲ့သို့ ဆိုခွင့်ရှိက ဆိုအပ်လှသောအကြောင်းကို ရှေးသူဟောင်း ပညာရှိတို့သည်–

> "ဘုရားလူ့ဘ၊ မုနိန္ဒလျှင်၊ မိန်းမယောက်ျား၊ လူစကားကို မကြား စတောင်း၊ မဆိုကောင်းဘဲ၊ အကြောင်းနည်းထွေး ဆိုတုံသေး၏၊ ဆိုရေးရောက်က၊ ဆိုအပ်လှ၏။

စသည်ဖြင့် စပ်ဆိုတော်မူကြကုန်သည်။ "ဤနေ့က နောက်ကို တစ်ယောက်နှင့် တစ်ယောက် တစ်ဦးနှင့်တစ်ဦး အထူးချစ်ခင် ကြည်လင်ချမ်းသာစွာ နေထိုင်ကြလေ" ဟု ဆုံးမတော်မူသောအခါ များစွာနှစ်သက်၍ အမျက်ပြေငြိမ်းကြလေကုန်သတည်း။

---

## ၂၆–ပညာယူလမ်းမှား၍ ရှမ်းမယားဖြစ်သည်ဟူသော အဆန်းစကားဖြင့် ရဟန်းများကို ဆုံးမတော်မူခြင်း

ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမ်တော်ရှိသော ဗန်းမော် ဆရာတော်ဘုရားကြီးသည် ဗန်းမော်တိုက်၌ နှစ်ခြိုက်ရှင်ပြုံး သီတင်းသုံး တော်မူသောအခါ သာသနာ့ဒါယကာ မဟာဓေရာဇ်မင်းမြတ်က ပင့်၍ နန်းတော်သို့ ဝင်ပြီးလျှင် ဘုရင်မင်းတရားအား တရားဓမ္မ ဩဝါဒ ပေးတော်မူခိုက် တိုက်တွင် ရဟန်းနှစ်ပါး အချင်းများ၍ တစ်ပါးသော ရဟန်းသည် အခြားတိုက်သို့ ပြောင်း သွားလေသတည်း။

ဗန်းမော်ဆရာတော်ဘုရားကြီးသည် နန်းတော်မှပြန်၍ ကျောင်းတိုက်သို့ရောက် သောအခါ အပါးတော်မှာနေရသော ရဟန်းများက ဦးပဋ္ဌင်းနှစ်ပါးတို့သည် ခိုက် ရန်ဖြစ်ပွား အချင်းများကြရာ တစ်ပါးမှာ အခြားတိုက်သို့ ရွှေ့ပြောင်းသွားကြောင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် လှော်ကျက်ထားကြသော် ဆရာတော်က မင်းတို့ကို ငါ အခါခပ်သိမ်း ပြေငြိမ်းအမျက် ဒေါသမထွက်ရန် အကြောင်းနှင့်စပ်လျဉ်း၍ မပြတ်မပြတ် ပြောဆိုဆုံးမသည်။ ထိုသို့ ဆုံးမပါလျက်သားနှင့် ခိုက်ပွားဒေါသဖြစ်ကြသည်။ ဥပမာဆိုရန်အချက်မှာ **"ရေနက်ကလည်း နေရသေး၏၊ လင်းတက်လည်း စိုက်ရသေး၏"**ဟူသော စကားကဲ့သို့ ဖင်းတို့အား စာပေကျမ်းဂန်လည်း ပို့ချရသေး၏၊ လေးပါးသော ပစ္စည်းကိုလည်း ချီးမြှင့်ထောက်ပံ့ရသေး၏။ မင်းတို့မှာ ကျေးဇူးကို သိတတ်သော ကတညုတ–ကတဝေဒီ မင်္ဂလာတရားမြတ်သည် ထောပတ်စလောင်းကို ခွေးစောင်း၍ လျက်သည်ထက် ပြောင်သေးသည်။ ရန်ဖြစ်၍ ဦးပဥ္စင်းတစ်ပါး ပြောင်းသွားသည်မှာလည်း "ပညာအယူလမ်းမှား၍ ရှမ်းမယားဖြစ်ရသည်"ဆိုသော စကားကဲ့သို့ ငါပြောကြားသောတရားကို မလိုက်မနာ တိုက်တာတစ်ပါးသို့ ပြောင်းသွားလေသေးသည်။

## ရှမ်းမယား ဖြစ်ရသလို

ရှေးက ရွာတစ်ရွာတွင် လင်မယားနှစ်ယောက် နေကြရာတွင် လင်သည် အရပ်တစ်ပါးသွားရန် ကိစ္စရှိသဖြင့် မိမိမယားအား မှာထားသွန်သင်ခြင်းကို ပြုသည်မှာ–ယခု ငါအခြားသို့ သွားသောအခါ အရာရာဟူသမျှ၌ သတိဝီရိယ လုံ့လမကွာ ချွတ်ယွင်းခြင်းမရှိပါအောင် ပညာနှင့်သာ အမြဲနေနှင့်ဟု ပြောဆို၍ အလိုရှိသောအရပ်သို့ ထွက်သွားလေသတည်း။

ထိုသို့သွားသော် မယားဖြစ်သောသူသည် ဪ ငါ၏လင်သည် သွန်သင်ဖျောင်းဖျ၍ ဆုံးမသည်မှာ ပညာနှင့်ကင်း၍ အလျင်းမျှမနေနှင့်ဟု ပုံသေစကား မှာထားခဲ့သည်။ အကယ်၍ သူ၏စကားကို မလိုက်နာက ပြန်လာလျှင် ငါ့ကို ရိုက်နှက်တော့မည်ဟု ကြံစည်တွေးကြည့်၍ မိမိတို့ရွာတွင်နေသော ရှမ်းကလေး မောင်ပညာကိုခေါ်၍ အိမ်ပေါ်၌ နေ့စဉ်အမြဲ အတူအိပ်ကြရာ လင်မှာသောစကားကို မယားဖြစ်သောသူ ပညာယူ လမ်းမှား၍ ရှမ်းမယားဖြစ်ရသတဲ့ ငါ့ရှင်တို့ရဲ့။

ဤအတူ ယခုရန်ဖြစ်သော ရဟန်းများမှာလည်း လမ်းမှား၍ ရှမ်းမယားဖြစ်သလို စရိုက်မကောင်းသဖြင့် တိုက်ပြောင်းရလေသည်ဟု မိန့်တော်မူသောအခါ များစွာသော တပည့်တပန်း ရဟန်းပရိသတ် အရပ်ရပ်တို့သည် သောမနဿ ဖြစ်ပွား၍ လိုလားနှစ်သက်ကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၂၇-ဘူမိရုပ်ကို အာချာတ်ပုဒ်သူထင်၊ ရုပ်တစ်ခွင်မှာ စာသင်တယ်လှ၊ သည်လိုဟာမကြုံဘူး၊ ထူးပေခင်ဗျဟူသော စာချိုးအသွားကို မိန့်ကြားတော်မူခြင်း

အခါတစ်ပါး မန္တလေးရတနာပုံ ရွှေမြို့တော်ကြီး တောင်ပြင် ဒက္ခိဏာရာမ အမည်တွင်သော ဘုရားကြီးတိုက်၌ နှစ်ခြိုက်ရှင်ပြုံး သီတင်းသုံးတော်မူသော တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဘုရားကြီးဆရာတော် ဘုရားကြီးသည် သဒ္ဒါနည်းအရပ်ရပ် ပုဒ်ပါဌ် အက္ခရာတို့၌ များစွာလိမ္မာ သိကျွမ်းတော်မူသည်ဖြစ်ရကား ဘုရားကြီးဆရာတော်ဘုရားသည် တပည့်များကို စာချမည်ဟု အခန်းတံခါးကို ဖွင့်တော်မူသောအခါ အဝိညာဏကဖြစ်သော တံခါး ခုံကပင် ဥဒါဟရဏ်မည်၏ဆို၍ ပွင့်ကြောင်းများနှင့် စကားဥဒါန်း ထင်ရှားဖြစ်သောဟူ၏။

ထိုသို့ထင်ရှား စကားဖြစ်သည်နှင့်အညီ ဘုရားကြီးဆရာတော်ဘုရားကြီးကို အမှီပြုသော အားဖြင့် ဘုရားကြီးတိုက်၌ နေထိုင် သီတင်းသုံးကြကုန်သော ထေရ, နဝ, ဝဇ္ဈိမ ဖြစ်ကုန်သော ရဟန်းတို့သည်လည်း သဒ္ဒါကျမ်း၌ များသော အားဖြင့် သိကြားလိမ္မာ တတ်မြောက်တော်မူကြကုန်၏။

### ဗန်းမော်ဆရာတော် ဖူးမြော်ရန်

အခါတစ်ပါး တစ်ဝါမျှမရသေးသော ရဟန်းငယ်နှစ်ပါး စာသင်သားတို့သည် သီတင်းဝါလ ကျွတ်သောအခါ စာဝါရပ်ထားခိုက် ဗန်းမော်တိုက် ဆရာတော်ဘုရား ကြီးထံ ဖူးမြော်ရန်အလို့ငှာ သွားရောက်ကြလေကုန်သတည်း။

ထိုသို့ သွားရောက်လေသော် ဗန်းမော်ဆရာတော်ဘုရားကြီးအား ခစားဝပ်ချ ပဏာမပြုကြလျှင် ငါ့ရှင်တို့ အဘယ်တိုက်ကနည်းဟု မေးတော်မူရာ မှန်ပါ- ဘုရားကြီးတိုက်ကပါဘုရားဟု လျှောက်ထားကြသောအခါ ဆရာတော်ဘုရားက ဘုရားကြီးတိုက်ကဖြစ်လျှင် ငါ့ရှင်တို့ ဘုရားကြီးတိုက်သည် သဒ္ဒါ၌ အထူးကျွမ်း ကျင်ကြခြင်းကို သတင်းအားဖြင့် ကြားသိရသည်။ ငါ့ရှင်တို့မှာ သဒ္ဒါကြီးခေါ်မှန်း ပစ္စည်းကျမ်းကို ကြိုးပမ်းအားထုတ်ကြဖူးပြီလောဟု မေးတော်မူ၏။

ထိုအခါ ရဟန်းငယ်များက တပည့်တော်များမှာ သိက္ခာတစ်ဝါမျှ မရသေး၊ ရှေးသာမဏေအခါတုန်းက သုံးခေါက်တက်ဖူးပါသည်။ ယခုမှာ လွှတ်ထား၍

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတရား ပါတိမောက်ကို ရဟန်းအလျောက် သင်ကြား၍ နေရပါသည်ဘုရားဟု လျှောက်ထားကြသော် ဗန်းမော်ဆရာတော်ဘုရားက ငါ့ရှင်များတို့ ဘုရားကြီးတိုက်သားဟုတ်က "ဘူမိ"ရပ်ကို အဘယ်ပုဒ်ခေါ်မည်နည်းဟု မေးတော်မူ၏။

ထိုအခါ ရဟန်းငယ်တစ်ပါးက စဉ်းစားဆင်ခြင်သည်မှာ ဤသဒ္ဒါဘူမိ၌ ဘူ–ဂ ဘူဓာတ်ပင်, မိ–ဝိဘတ်ကိုမြင်သဖြင့် ဧကန်ပင် အာချာတ်ဟု အမှတ်မဲ့ ထင်ရှား၍ အာချာတ်ပုဒ်ပါဘုရားဟု လျှောက်ထားရာ ဆရာတော်ဘုရားက ဘူမိများကိုပင် အာချာတ်ပုဒ် မင်းထင်သည်မှာ "ငါ့ဟာမှမဟုတ်ဘူး"ဟု ရှင်မြူးရယ်မောလျက် အဆောတလျင် ကြံတည့်၍–

"ဘူမိရပ်ကို အာချာတ်ပုဒ်သူထင်၊ ရပ်တစ်ခွင် စာသင်တယ်လှ၊
သည်လိုဟာမကြုံဖူး၊ ထူးပေ့ခင်ဗျ"

ဟု စပ်ဆိုတော်မူသောဟူ၏။

ထိုနောက်မှ ငါ့ရှင်တို့ ဘူမိရပ်သည် အာချာတ်ပုဒ်မဟုတ်၊ မောဂ္ဂလာန်သုတ်ရှိသည်ကို သိအောင် ဆရာတော်ပြောမည်။

"ဘူတောမိ–ဟူ၍လာသည်၊ ဘူတော၊ ဘူဓာတ် နောင်မှ။ မိ၊ မိပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏" ဤသို့ လာသည်ရှိသောကြောင့် ဘူမိရပ်ကို ကိတ်ပုဒ်ဟူ၍ မှတ်ရမည်၊ အာချာတ်ဝိဘတ် မထင်ကြနှင့်ဟု ပြသဆုံးမ ဥပဒေသ ပေးတော်မူလျှင် ရောက်ဝင်ခစား ရဟန်းငယ်နှစ်ပါးတို့သည် များစွာဝမ်းမြောက်ကြလေကုန်သတည်း။

---

## ၂၈–အတွင်ယားလိုက်ပါမိ ဖင်ကြားကပွေးကွက်တွေ–စသော စာချိုးအသွားကို ရေးသားပေးပို့တော်မူလိုက်ခြင်း

ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဗန်းမော် ဆရာတော်ဘုရားကြီးသည် ငယ်ရွယ်စဉ်အတွင်း သဲအင်းတိုက်တွင် စာသင်သားအဖြစ်ဖြင့် စာပေသင်ကြား အားထုတ်နေစဉ်အခါ ကဗျာအရေးအသားစီကုံးခြင်းများ၌ အားကြီးဝါသနာပါ၍ များစွာသော ပါရမီခန်း, ဘုံခန်းစသော ပျို့ကဗျာ, လင်္ကာ, ဧချင်း မော်ကွန်း, ပိုဒ်စုံရတုတို့၌ ကြည့်ရှုလေ့လာ နည်းနာမှတ်သား အရများ၍ တေးထပ်, သံပေါက်, ဒွေးချိုးလောက် စာများကို သွားရင်းထိုင်ရင်းပင် စပ်ဆိုတော်မူနိုင်သောဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



အခါတစ်ပါး ဗန်းမော်ဆရာတော်ဖြစ်၍ ထွန်းသစ်လတ္တံ့သော ဦးပဏ္ဍိခေါ် ပဥ္စင်းပျို့သည် ကိုယ်တစ်ကိုယ်လုံး၌ ပွေးစွဲ၍ အမြဲအိပ်ခြင်း ထိုင်ခြင်း၌ ခွင့်မရ ဒုက္ခများစွာဖြစ်၍ စိတ်ညစ်တော်မူသတည်း။ လကွယ်, လပြည့် သီတင်းနေ့ကြုံလျှင် အတူဆုံ၍ ဥပုသ်ပြုမြဲဖြစ်သော ရဟန်းတော် ဦးပဥ္စင်းသည် သီတင်းနေ့အခါသို့ ရောက်သဖြင့် နောက်နောက်ကကဲ့သို့ အထင်နှင့် ရှင်သာမဏေတစ်ပါးကိုစေ၍ ယခုညနေ ဥပုသ်ပြုရအောင်ဟူသော စကားကို ဦးပဏ္ဍိအား လျှောက်ချေဟု ခိုင်းစေလိုက်သည်တွင် ရှင်သာမဏေယ်သွား၍ အကြောင်းစကားကို လျှောက်ထားသော် ဗန်းမော်ဆရာတော် ဖြစ်လတ္တံ့သော ဦးပဏ္ဍိက "ငါ့ရှင်၏ဆရာ ဦးပဥ္စင်း ကမှာသော်လည်း ငါ့မှာ ပွေးတွေစွဲ၍ လဲလုမတတ် ဖြစ်နေသည်၊ သို့အတွက် နံနက်လင်းစက ဥပုသ်ပြုထားသည်။ ယခုကား မလိုက်နိုင်တော့ပြီ၊ သို့ရာတွင် မင့်ဆရာအား စာရေးသား မှာထားလိုက်ဦးမည်ဟု ဆိုပြီးလျှင်–

**"အတွင်ယားလိုက်ပါဘိ၊ ဖင်ကြားကပွေးကွက်တွေ၊ စုံကုပ်ကာ**
**ထိုင်လို့ ညည်းမိတော့၊ တည်းမှမပြေ။ စိတ်ညစ်လေ၊ သေပါဟဲ့လရှီး။**
**ပဏ္ဍိမှာ ပွေးတွေစွဲလိုက်တာ၊ လဲသေလုနီး"**

ဟူသော ဒွေးချိုးကို အဆောတလျင် ရေး၍ ရှင်သာမဏေကလေးအား ပေးလိုက်သတည်း။ သာမဏေယ်လည်း ယူသွား၍ ဆရာအား စာကိုပြလျှင် အကြောင်းကို သိမြင်၍ အနီးတွင်ရှိသော ရဟန်းတို့အား ဖတ်ပြောလျက် တသောသောနှင့် ရယ်မောမဆုံး ရှိတော်မူကြကုန်သတည်း။

[ဤစာချိုးသည် အနည်းငယ်အားဖြင့် ရုန့်ရင်း၏၊ ထိုသို့ပင် ရုန့်ရင်းကြမ်းတမ်းငြားသော်လည်း စကားပို မသွင်းမထည့် မှတ်သိနည်းယူရန် ကောင်းသည်တစ်ကြောင်း, ရှေးသူဟောင်းတို့၏စကား တိမ်းပါးကွယ်မြုပ်မည့်အတွက်ကြောင့် လည်းကောင်း ရေးသားဖော်ပြလိုက်ပါသည်၊ ပညာရှိမင်းတို့ ကဲ့ရဲ့ခြင်းကို သည်းခံတော်မူကြပါစေသတည်း။]

---

## ၂၉–သီလရှင်မယ်ကင်းနှင့် စာတတ်ချင်း ကွဲပြားသည်ကို ခွဲခြား၍ မိန့်တော်မူခြင်း

ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဗန်းမော် ဆရာတော်ဘုရားကြီးသည် ဓေယျာပူရတိုင်း စစ်ကိုင်းတောရ၌ သီတင်း

www.burmeseclassic.com

www.burmeseclassic.com



သုံးတော်မူသောအခါ ဒါယကာတစ်ဦးသည် ဖူးမြော်လိုသည်တစ်ကြောင်း, တရားကောင်း နည်းနာများကို မှတ်သား နာခံလိုသည်ဖြစ်၍လည်းကောင်း ဝပ်ညောင်းညွတ်တွား အခစားရောက်သော အခါများစွာသော တရားစကားကို ဟောကြားဆုံးမတော်မူ၏။

ထို့နောက် ဒါယကာက လျှောက်ထားသည်မှာ… အရှင်ဘုရား သီလရှင်မယ်ကင်း သီလရှင် မယ်ကင်းနှင့် မင်းသီစိုးပေါက် ရောက်လေရာ အရပ်များ၌ မကြားမသိသူဟူ၍ မရှိ။ မင်း၏ ချီးမြှောက်ခြင်းကို ခံထိုက်အောင် ကျမ်းဂန်လည်းတတ်မြောက်သည်ဟူသော ကျော်စောသတင်းသည် လွန်မင်းစွာ ရှိပါသည်။ ထိုသီလရှင်မယ်ကင်းသည် အရှင်မြတ်တို့ကဲ့သို့ပင် ပါဠိ, အဋ္ဌကထာ, ဋီကာအရပ်ရပ်တို့ကို အဆုံးအဖြတ် အစိပ္ပာယ်နှင့်တကွ နားလည်ပါသလော။ သို့တည်းမဟုတ် ဩဇာက တစ်ပါးသော မိန်းမ မယ်သီလများထက် တော်လျော်သဖြင့် ခေါ်ဝေါ်ကျော်စောခြင်း ဖြစ်ပါသလောဟု လျှောက်ထားမေးမြန်း၏။

ထိုအခါ ဗန်းမော်ဆရာတော်ဘုရားက မိန့်ကြား ဖြေဆိုတော်မူသည်မှာ–ဒါယကာ… ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန် ဂန္ထန္တရ အချက်တို့ကို အနက်အစိပ္ပာယ်နှင့်တကွ နေရာတကျ သုတ္တ, သုတ္တာနုလောမ အာစရိယဝါဒ, အတ္တနောမတိ–ဟူသော မဟာပဒေသ လေးပါးတို့နှင့် ညီညွတ်နိုင်းဆ၍ ဝိနိစ္ဆယတစ်ခုပြုလုပ်ဆုံးဖြတ်နိုင်သည်ဟူသော အရာသည် မိကင်းတို့ကဲ့သို့ မိန်းမကို မဆိုထားဘိ မြတ်စွာဘုရား သာသနာတော်ထမ်း ရဟန်းပြုလုပ်၍ ကြိုးကုတ်သင်ကြား အားထုတ်တော်မူကြသော ဆရာတော်တို့သည်ပင် မသိ မမြင်နိုင်သောအရာ များစွာရှိသေးသည်။

ခွေးထီးနှင့် ခွေးမ ပြောတာမျိုးလိုပ ဒါယကာရယ်ဟု မိန့်တော်မူလျက်ဆက်လက်၍ "ရှေးအခါ တစ်ယောက်သောမုဆိုးကြီး၌ ခွေးထီးကတစ်ကောင်, ခွေးမကတစ်ကောင် မွေးထားသတတ်၊ တစ်နေ့သောအခါ မုဆိုးကြီးသည် ခွေးထီးနှင့် ခွေးမကိုခေါ်ပြီးလျှင် သမင် ဒရယ် ချေငယ် စိုင် ဆတ်တို့ကို ပစ်သတ်ခြင်းငှာ တောသို့လှည့်လည်ရာ တစ်ခါတစ်ခါ ခွေးထီးက လူ၏ရှေ့သို့ တက်ပြေးသောအခါ ခွေးမကလည်း ခွေးထီးနှင့်အတူ လူ၏ရှေ့သို့ တက်ပြေး၏။ တစ်ခါတစ်ခါ ခွေးထီးသည် ချောင်းငယ် မြောင်းငယ်များအပေါ်၌ ခုန်ကျော်၍သွားလျှင် ခွေးမသည်လည်း ခွေးထီးကဲ့သို့ပင် အလျှင်ခုန်ကျော်၍ သွားနိုင်၏။ ဤကဲ့သို့ ခွေးမသည် ခွေးထီးနှင့် မခြားမနား ပြေးသွားခုန်ကျော်ခြင်းကိုပြုရာ တစ်ခုသောအရပ်၌

www.burmeseclassic.com

www.burmeseclassic.com



ချုံစပ်ချုံပုတ်ကို တွေ့ရှိသဖြင့် ခွေးထီးသည် ပေါင်တစ်ချောင်းကို မြှောက်ဖယ်လျက် ကျင်ငယ်နှင့်ပန်း၏။

## ငါလည်းပန်းနိုင်သည်

ထိုသို့ ခွေးထီးပန်းသောကာလ ခွေးမကမြင်သိသော် သူချည်း ပန်းနိုင်သည် မဟုတ်ပါ၊ ငါလည်း ပန်းနိုင်သည်ပင် စိတ်ကထင်၍ အလျင် ပေါင်တစ်ချောင်းကို မြှောက်ပြီးလျှင် ခွေးထီးကဲ့သို့ ကျင်ငယ်နှင့်ပန်းသော်လည်း မှန်းရာကိုမပြေး၊ နံဘေးသို့ ထွက်သတဲ့ ဒကာရဲ့။

ဤအတူ အဋ္ဌကထာ, ဋီကာ တည်းဟူသော တောရှုပ် ချုံပုတ်သို့ကျလျှင် သီလရှင်မယ်ကင်းသည် ပါရမီကင်းကွာဝေးသဖြင့် နံဘေးကိုသာ ထွက်သွားမည်ဟု မိန့်တော်မူသောအခါ အပါးတော်မှာရှိသော ရဟန်းဟူသမျှတို့သည် သောမနဿ ဖြစ်ပွား၍ တဟားဟား ရယ်မောကြလေကုန်၏။

---

## ၃၀–ရွှေကျင်ဆရာတော်ဘုရား–သင်္ဂဇာဆရာတော်ဘုရားတို့နှင့် ဝါသ်စကား ငြင်းကြသော်–ဗန်းမော်ဆရာတော်စိတ်ဆိုး၍ စာချိုးရေးသားတော်မူခြင်း

အခါတစ်ပါး ဗန်းမော်ဆရာတော်ဘုရား၊ သင်္ဂဇာဆရာတော်ဘုရားနှင့် ရွှေကျင် ဆရာတော်ဘုရား၊ ဤဆရာတော်ကြီး သုံးပါးတို့သည် ရဟန်းတော်များတို့ ပရိသါသ်မာနတ် ဆောက်တည်ခြင်းနှင့် စပ်လျဉ်း၍ အငြင်းစကား ဖြစ်တော်မူကြ သည်။

## ဗန်းမော်ဆရာတော်၏ အယူအဆ

ဤတွင် ဗန်းမော်ဆရာတော်ဘုရားက ရဟန်းတော်တို့မှာ ဒေသနာကံ, ဝုဋ္ဌာနကံ–နှစ်ပါးတို့တွင် ဝုဋ္ဌာနကံ–တည်းဟူသော ပရိဝါသ်မာနတ်ကို ဆောက်တည် ကျင့်သုံးကြပြီးသောအခါ အဗ္ဘာန်ဆောင်ကြရာ၌ အဗ္ဘာန်ဆောင်၍ ပြီးသောကာလ ဝါသ်ကို ချရမည်။ အဘယ်ကြောင့်နည်းဟူမူ–အကယ်၍ ရှေးအခါက ချထားသော် လည်း ကျငြားမည်–မကျငြားမည်ကို မသိရ။ ဤကဲ့သို့ ကျသည်မကျသည့်တို့

www.burmeseclassic.com



မုချမသိနိုင်ခြင်းကြောင့် အဖွှာန်သွင်းပြီးလတ်သော် ထပ်၍ ဝါသ်ကိုချသင့်သည်။ ဝါသ်ကို ထပ်၍ချရခြင်းဟူသော အကြွက်ကြောင့် သက်သက် အပြစ်ရှိဖို့ရန်မမြင်။ သာ၍ပင် ကောင်းခြင်းဖြစ်သည်။ ဝိနည်းဆိုသော အရေးသည် အလေးဂရုပြုနိုင်သမျှ ပြုသင့်ပြုထိုက်သော အရာဖြစ်သည်။ အကယ်၍ ဝါသ်ကို ချ၍ မကျဘဲနေသည်ဖြစ်က ဝါသ်နှင့်တကွ ဖြစ်ငြားလျက် ဝါသ်ကို မကြားခြင်းကြောင့် သင့်သော အနာရောစန ဒုက္ကဋ်အာပတ် သင့်မည်ဖြစ်သည်။ သို့အတွက်ကြောင့် အဖွှာန်သွင်းပြီးသော အခါကာလ ဝါသ်ကို ချသင့်ချထိုက်၏ဟု အမိန့်ရှိတော်မူ၏။

## အခြားဆရာတော်တို့အယူအဆ

ထိုအခါ သင်္ဂဇာဆရာတော်ဘုရား, ရွှေကျင်ဆရာတော်ဘုရားတို့က ဗန်းမော်ဆရာတော်ဘုရား မိန့်ကြားတော်မူသော အချက်သည် ကောင်းသည်ထက်ကောင်းအောင် သဘောထား၍ ပြောကြားခြင်းဖြစ်သည်။ သို့သော်လည်း အဖွှာန်သွင်းပြီးမှ ဝါသ်ကို ချဦးမည်ဆိုသည်မှာ ဤပုဂ္ဂိုလ်ဒဏ်သားတို့သည် ဝါသ်ကျငြားအံ့လော, မကျငြားအံ့လော၊ တွေးတောခြင်း ကုက္ကုစ္စတရား ယုံမှားရှိရာသို့ ရောက်သည်။ ကုက္ကုစ္စ မရှိသင့်သော အရာ၌ကုက္ကုစ္စရှိက မိမိ၌ အာပတ်သင့်တတ်သော အရာလည်းရှိသည်။ ဤကဲ့သို့ အဖွှာန်ဆောင်ပြီးသောအခါ ဝါသ်ကို ချရမည်ဟူ၍ ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌လည်း တိုက်ရိုက်မလာမရှိ။ အာစရိယပရံပရ, သိဿာနုသိဿ အဆက်ဆက် အထက်ထက်က ဆရာကြီးတို့လည်း လုပ်နည်း လုပ်ရိုးထုံးမရှိ။ သို့အတွက် အထူးဝါသ်ချနေဖို့ရန် မရှိကြောင်းနှင့် ကောင်းစွာ ပြောဆိုမိန့်ကြားတော်မူကြကုန်၏။

ဤသို့ မိန့်ရှိ ယုတ္တိဒဋ္ဌိများနှင့် ပြောကြားသော်လည်း တစ်ပါး၏အယူကို တစ်ပါး မနှစ်သက်ဘဲရှိလျက် မိမိတို့ကျောင်းတိုက်၌ာနသို့ ပြန်ကြွတော်မူလေကုန်၏။

ဗန်းမော်ဆရာတော်ဘုရားသည် ကျောင်းသို့ရောက်သောအခါ ကဗျာအချိုးရေးထိုးစီကုံးသည်မှာကား...

* **မန်းတောင်တော် မြောက်ဆောင်း၌ ခိုအောင်းသူ ထိုဆရာနှင့်၊ သင်္ဂဇာ မောင်ရွှေအင်္ဂကယ်တို့ မှားတက်တက်လန်။ ဝါသ်နေမှု သဓောအာန်မှာ ဉာဏ်ဖလချာ ချုပ်စပ်ပြီလို့ ယူမယူစာနှင့်လွဲတယ် ကွဲချက်တကြီး။**

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ရေးသားစီကုံးပြီးလျှင် ဘုရားကြီးဆရာတော်ဘုရားထံ ရဟန်းငယ်တစ်ပါးတို့ စေလွှတ်၍ စာကိုအပို့ခိုင်းရာ ဘုရားကြီး ဆရာတော်က "လွဲတော့လည်း သူကလွဲသေး၏၊ ရေးတော့လည်း သူကပင်"ဟု ဆိုတော်မူသောဟူ၏။ ၎င်းစာကို အဆင့်ဆင့်ကူး၍ ယခုတိုင် အမှတ်အသား ထင်ရှားဖြစ်ထွန်းလေသတည်း။

---

## ၃၁–"မကျွမ်းတဲ့မကျင် ဖရုပ်ပေါ်မယ်သီလကို ခွန်းစလိုက်ချင်" ဟူသော စာချိုးသီချင်းကို ခရီးသွားရင်း မိန့်တော်မူခြင်း

ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဗန်းမော် ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းဘက်တွင် ခိုဝင်သီတင်းသုံးတော်မူသောအခါ မန္တလေးမြို့၊ တောင်ပြင် ဒက္ခိဏာရာမတိုက်မှ ဦးဂုဏ, ဦးဉာဏ– မည်သော ရဟန်းနှစ်ပါးတို့သည် ဗန်းမော်ဆရာတော်ဘုရားထံ သိက္ခာထပ်ရန် တစ်ချက်, မျက်နှာတော်ကို ဖူးမြော်လိုသည်က တခြား, ယင်းကဲ့သို့ ကိစ္စများနှင့် ဝက်သားတစ်ပိဿာ ဆန်တစ်ဆိတ်, ကြက်တစ်ကောင်, ဆီ, ဆား, ငရုတ်, ကြက်သွန် အပြည့်အစုံနှင့်တကွ ယူဆောင်၍ ဗန်းမော်ဆရာတော်ဘုရားထံ ဝင်ရောက်ခစား လျှုဒါန်းဖွယ်များကိုလှူရာ၊ ဝမ်းသာအားရ ကိုယ်တော်တိုင် ထပြီးလျှင် ကပ္ပိယကို စေခိုင်းလျက် စိတ်တိုင်းကျ စီမံချက်ပြုတ်စေ၏။

ချက်ပြုတ်၍ ပြီးသောအခါ ဆရာတော်ဘုရားကြီး ဘုဉ်းပေးရန်တခြား, အာဂန္တုများနှင့် တပည့်သား ရဟန်းများတို့အလို့ငှာ အသီးအသီး ပြင်ဆင်ပြီးသော် ငါ့ရှင်တို့ စားကြကုန်လော့ဟု မိန့်တော်မူလျှင် အရှင်ဘုရား ဘုဉ်းပေးရန် ရည်သန်ကြိုးစား၍ တပည့်တော်များ ယူခဲ့ပါသည်။ ဆရာတော်ဘုရားကြီး ဘုဉ်းပေးတော်မူပါလို့ ဦးဂုဏ, ဦးဉာဏတို့က လျှောက်သော် ဆရာတော်ဘုရားကြီး ဆွမ်းဘုဉ်းပေးတော်မူ၏။

ဦးဂုဏ, ဦးဉာဏတို့ကလည်း မူလကကျော်သောကြောင့် ဗန်းမော်ဆရာတော် ဆွမ်းဘုဉ်းပေးသည်ကို မနီးမဝေးမှ ထိုင်လျက် ကြည်ညိုကြ၏။ ထိုအခါ ဆရာတော်ဘုရားသည် စကားပြောရင်း သုံးဆောင်တော်မူသည်မှာ ဝက်သားတစ်ပိဿာ, ဆန်တစ်ခွက်ချက်, ကြက်တစ်ကောင် ကုန်အောင်သုံးဆောင်တော်မူနိုင်သောဟူ၏။

ဆွမ်းဘုဉ်းပေး၍ ပြီးတော်မူသောအခါ မောင်ဂုဏနှင့် မောင်ဉာဏတို့ သိက္ခာထပ်ကြမည်ဆိုသော် ကောင်းမှုတော်ဘုရားကိုဖူး၍ အပြန်မှထပ်ကြဟု

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ရှိသောကြောင့် ကောင်းမှုတော်ဘုရားကို သွားရောက်ဖူးမြော်ကြပြီးလျှင် အပြန်တွင်မှ သိက္ခာထပ်ကြရ၏။ သိက္ခာထပ်၍ပြီးလျှင် ဆရာတော်ဘုရားကြီးအား ဝတ်ချ၍ ပြန်မည်ပြုရာ ငါလိုက်၍ပို့မည်ဟု ကိုယ်တော်တိုင် လိုက်ကြွ မြစ်ကမ်း စအတက် ဝါးချက်တောင်နားတွင် သီလရှင်တို့ နေရာဌာနသို့ရောက်လျှင် မယ်သီလ ကိုမြင်၍ ငါ့ရှင်မောင်ဂုဏ–ထွင့်ခေါင်ဆရာတော်ဘုရား၏ ကြက်ဖြူမတို့ကို မြင်၏ လောဟု ဆိုပြော၍ ရယ်မောပြီးသောအခါ... "မကျွမ်းတဲ့မကျင်၊ ဇရပ်ပေါ်မယ်သီလ ကို၊ ခွန်းစလိုက်ချင်"ဟူသောစာကို ကြားဖူး၏လောဟု မေးတော်မူ၏။ ထိုအခါ ဦးဂုဏက မကြားဖူးပါဘုရားဟု လျှောက်ထားလေလျှင် ဆရာတော်ဘုရားက ဆိုကြား ရွတ်ပြတော်မူသည်မှာ–

"မကျွမ်းတဲ့မကျင်၊ ဇရပ်ပေါ်မယ်သီလကို၊ ခွန်းစလိုက်ချင်။ အထွေး ငယ်ယဉ်၊ အသွင်ကပျော့ပျောင်း။ သူဝတ်လေ၊ ဖြူထွတ်ကယ် လျှော်တေပ၊ တောင်ခြေမှာ ကျင့်တရားငယ်နှင့် ဘွားသီလကျောင်း"

တဲ့ဗျဟု ရွတ်၍အတိတ် လေ့ဆိပ်သို့ ရောက်သွား၍ ဆရာတော်ဘုရားကျောင်းသို့ ပြန်ကြွတော်မူလေသတည်း။

---

## ၃၂–ဗန်းမော်ဆရာတော် အခမ်းအနားဖြင့် ဆွမ်းစား ဘုဉ်းပေးတော်မူခြင်း

အခါတစ်ပါး တနင်္သာရီနယ် ထားဝယ်မြို့မှ ကုန်သွယ်ကူးသန်းလျက် မန္တလေးမြို့သို့ ရောက်လာသော ထားဝယ်မကြီးတစ်ဦးသည် မလွန်ဈေးအနီး တွင် တည်းခိုနေထိုင်ပြီးလျှင် မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမတိုက် ပဏ္ဍိ တဓဇ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဒုတိယဘုရားကြီး ဆရာတော်ဘုရားနှင့်တကွ စာချပုဂ္ဂိုလ် ငါးကျိပ်တို့ကိုပင့်၍ ဆွမ်းကပ်လှူဒါန်းရာ ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဗန်းမော်ဆရာတော်ဘုရားကြီးကိုလည်း ပင့်သဖြင့် အသင့်ပြင်ထား၍ တစ်ပါးတည်း ဆွမ်းကပ်ရာ ဘုဉ်းပေးတော်မူသည်ကား... ဆန်ဖြူဖြူ တစ်ခွက်ချက်, စာကလေး ကြော် တစ်ပိဿာ, ဝက်သားတစ်ပိဿာ, အမဲသားတစ်ပိဿာ, ဟင်းချိုက ဇလုံ

www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့်သုံးလုံး, မုန့်ဆီကြော်သုံးယှက်, ငှက်ပျောနံ့သပု ခြောက်ဖီး, ဖီးခြမ်း ခြောက်ဖီး, မန်ကျည်းဖျော်ရည် သုံးပိဿာ ငှင်းအားလုံး ကုန်သောဟူ၏။

ဆွမ်းစားပြီးသောအခါ ထားဝယ်မြို့သူ ဆွမ်းဒါယိကာမကြီးက ဆွမ်း၏အကျိုး တရားကို များများကြီး ဟောတော်မူပါဘုရားဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက ဒါယိကာမကြီး များများကြီးလိုချင်သည်ဟု ပြောသော်လည်း ဘုရားဟောထက် လွန်နိုင်မည်မဟုတ်၊ သမ္ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသည်မှာ—

**ဆွမ်းလှူရကျိုးငါးပါး**

အန္နဒေါ အာယု ဝါ ဟောတိ၊ ဝဏ္ဏော ဝါ ဟောတိ၊ သုခေါ ဝါ ဟောတိ၊ ဗလော ဝါ ဟောတိ၊ ပဋိဘာဏော ဝါ ဟောတိ၊ ဣမေ ပဥ္စ အာနိသံသေ အန္နဒေါ လဗ္ဘတိ။

ဟူ၍ ဟောတော်မူသည်။

အန္နဒေါ၊ ဆွမ်းလှူရသောကြောင့်။ အာယု ဝါ၊ အသက်ရှည်ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝဏ္ဏော ဝါ၊ အဆင်းလှခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ သုခေါ ဝါ၊ ချမ်းသာကြီးခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဗလော ဝါ၊ ခွန်အား ကြီးခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ပဋိဘာဏော ဝါ၊ ပညာကြီးခြင်းသည် လည်း။ ဟောတိ၊ ဖြစ်၏။ ဣမေပဥ္စ အာနိသံသေ၊ ဤငါးပါးသော အကျိုးတို့ကို။ အန္နဒေါ၊ ဆွမ်းလှူရသောကြောင့်။ လဗ္ဘတိ၊ ရအပ်ကုန်၏။

ဤငါးပါးကို ဘုရားဟောတော်မူသည်၊ ဤထက် များချင်သေးလျှင် ရှေးက “ဘုန်းကြီးတစ်ပါး တရားဟောသလို လုပ်မှပဲဖြစ်တော့မည်”ဟု မိန့်တော်မူ၏။

ထိုအခါ ထားဝယ်မကြီးက ရှေးကဘုန်းကြီး တရားဟောပုံကို သိရရုံ ဟော တော်မူပါဘုရားဟု လျှောက်ထားတောင်းပန်၍ လင်းပြန်မိန့်ကြားတော်မူသည်မှာ… ရှေးသောအခါ ရွာတစ်ရွာတွင် ကျောင်းဆောက်၍ ဘုန်းကြီးတစ်ပါး ကိုးကွယ်၍ ထားသတတ်။

တစ်နေ့သ၌ ဒါယိကာမတစ်ဦးသည် အထူးအားဖြင့် ဝက်သား, ကြက်သား, အမဲသား, ငါး—စသော ဟင်းလျာတို့ကို ကောင်းစွာဝယ်ခြမ်း ချက်ပြုတ်၍ ဆွမ်း အုပ်တွင် သိမ်းမိုးလျက် ဘုန်းကြီးအား သွား၍လှူဒါန်း၏။ ထိုအခါ ဘုန်းကြီးက လှူသောသူအား သဒ္ဓါပသန္နတရား တိုးပွားစေခြင်းငှာ ဒါယိကာမကြီး ဆွမ်းလှူ ရခြင်းကြောင့် ငါးဖြာသောအကျိုးတို့ကို ဆုမတောင်းဘဲနှင့် ပြည့်စုံမည်ဟု မိန့်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းလှူသော ဒါယိကာမကြီးအား ဟောကြားတော်မူခိုက် ခေါင်း၌ ရေအိုးတစ်လုံးကို ရွက်ပြီးလျှင် ကျောင်းသို့ ရေလှူရန် ဒါယိကာမတစ်ဦး ရောက်လာပြန်သည်။ ထိုမိန်းမသည် ရေအိုးကို ခေါင်းမှချ၍ ဝတ်ပြုလျှင် ယခင်ဆွမ်းလှူသော ဒါယိကာမသည် ဝတ်ချဆင်းသွားရာ ကျောင်းလှေကားတွင် ဆင်ခြင်စဉ်းစားအကြံပွားသည် မှာ... ငါ့အား ဆွမ်း၏တန်ခိုးကြောင့် အကျိုးငါးပါးအပေါင်းကို ဆုမတောင်းဘဲ ပြည့်စုံသည်ဟုဟောသည်။ ရေလှူသောမိန်းမအား အကျိုးဘယ်လောက်များ ဟောမည်မသိ။ ကျောင်း၏ အောက်နားကနေလျက် ရေတရားကို နားထောင်ဦးမည်ဟု ကြံစည်စဉ်းစား၍ အောက်နားက နားထောင်၍နေသတဲ့။

## ရေလှူရကျိုးဆယ်ပါး

ဘုန်းတော်ကြီးသည်လည်း ရှေးနည်းအတူ ကြည်ဖြူစေတနာ သဒ္ဓါတရားတိုးပွားစေခြင်းငှာ ဒါယိကာမ ရေလှူရသောအားဖြင့် အကျိုးဆယ်ပါးအပေါင်းနှင့် ဆုမတောင်းဘဲ ပြည့်စုံနိုင်သည်။ ရေသည် မသောက်ရ မနေနိုင်သောကြောင့် တစ်ပါးအလှူထက် တိုးပွား၍ အကျိုးများသည်ဟု ဟော၏။

ထိုအခါ ကျောင်းအောက်က နားထောင်သော ဆွမ်း၏ဒါယိကာမကြီးက အာဂ–ဘုန်းကြီး တရားဟောနည်း မသင့်လျော် ကျောင်းပေါ်၌ ရေလှူသော ဒါယိကာမ အပြန်တွင် ရန်တွေ့မည်ဟု တက်သွားပြီးလျှင် ဘုန်းကြီးအပါးသို့ ရောက်သော် ကိုယ်တော် တရားဟောပုံ နည်းဟုတ်ကဲ့လား။ တပည့်တော်မမှာ မနေ့ညကထဲက သုတ်သီးသုတ်ပြာ ဟင်းလျာအမျိုးမျိုး ကောင်းနိုးရာရာ ရှာကြံအားထုတ်၍ ချက်ပြုတ်စီရင်ပြီးလျှင် ပစ္စည်းပိုက်ဆံ အကုန်ခံသော ဆွမ်းကိုတော့ အကျိုးငါးပါးပဲတဲ့၊ ရေတွင်းက အရင်းမစိုက်ရ တစ်ခဏနှင့် ဖြစ်နိုင်ရနိုင်သော ရေကိုတော့ အကျိုးဆယ်ပါးတဲ့–တော်မလားဘုရားဟု လျှောက်ထားသည်။

## အစကတည်းက သည်လိုဟောရောပေါ့

ထိုအခါ ဘုန်းကြီးက ဤဒါယိကာမကြီး စိတ်ပြေအောင် အရိပ်အခြည်ကို ကြည့်၍ ဟောမှတော်မည်ဟု အောက်မေ့လျက် မနေ့ညက ဒါယိကာမကြီး ဆည်းပူးအားထုတ်လျက် နံနက်အခါ ဆွမ်းချက်တော့ အဘယ်နှင့်ချက်သနည်းဟု မေး၏။ ထိုအခါ ဆွမ်းဒါယိကာမက ရေနှင့်ချက်ပါသည်ဘုရားဟု လျှောက်ရာ ဒါဖြင့် ဒါယိကာမကြီးရဲ့ "ရေက အကျိုးဆယ်ပါး, ဆွမ်းက အကျိုးငါးပါး၊ ပေါင်း

www.burmeseclassic.com



တစ်ဆယ့်ငါးပါး အများကြီးရမှာပါ"ဟုမိန့်လျှင် ယခင်ဆွမ်းအမသည် အစထဲက သည်လိုဟောပြီးရော့မည်ဟု ဆိုသတဲ့ ဒါယိကာမကြီးရဲ့။

ဤအတူ ဒါယိကာမကြီးမှာလည်း နည်းသေးသည်အထင်ရှိက ဆွမ်းချည့် မထားဘဲ ရေဆယ်ပါးနှင့် ရောယူတာပါ့ဟု မိန့်တော်မူသောအခါ တရားနာသူ ပရိသတ်တို့သည် အားရနှစ်သက်သောကြောင့် ရယ်မောမဆုံး ရှိကြလေကုန်သတည်း။

---

## ၃၃–သရဏဂုံ အရွယ်လွဲ၍–ဦးဘဲကို ထုံးပြလျက် ဆုံးမတော်မူခြင်း

ပဏ္ဍိတဝံသ သိရီပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဗန်းမော် ဆရာတော်ဘုရားကြီးသည် ဓေယျာပုရတိုင်း စစ်ကိုင်းတောရ၌ သီတင်း သုံး နေတော်မူသောအခါ ၎င်းဆရာတော်ဘုရားကျောင်း၌ ဝုမုပဗ္ဗဇ္ဇိတ ကြီးမှ ရဟန်းပြုသော တောထွက်ကြီး ဦးဘဲသည် အမြဲအားဖြင့် နံနက်ဘုရားဝတ်တက် တိုင်း ဆယ်ပါးသီလပေးရသတည်း။

ထိုသို့ပေးရာ အက္ခရာပုဒ်ပဒ၊ ကျနကောင်းမွန်စွာ နားလည်ခြင်းမရှိသဖြင့် "တိသရဏဂမနသီလံ ပရိပုဏ္ဏံ"ဟု ရ–အက္ခရာနှင့် ရွတ်ဆိုရမည်ကို "တိသယဏ ဂမနသီလံ ပယိပုဏ္ဏံ"ဟု နေ့စဉ်ရွတ်ဆို၏။

### အကျင့်လွဲလျှင် ငရဲရောက်မည်

ထိုသို့ အလွဲအမှား မမှန်သောအားဖြင့် ရွတ်ဆိုသည်ကို ဆရာတော်ကြား၍ ၎င်းတောထွက်ရဟန်းကြီး ဦးဘဲကို မလွဲအောင် ဆုံးမတော်မူသည်ကား–ရဟန်း ကြီး, သာမဏေတို့ကို သီလပေးသောအခါ တိသယနဟု "ယ" ငယ် အက္ခရာသံ နှင့် မရွတ်လင့်၊ တိသရဏဟု "ရ"ကြီး အက္ခရာသံနှင့် ရွတ်ရမည်။ အက္ခရာမှန်မှ ပုဒ်မှန်သည်၊ ပုဒ်မှန်မှ အနက်မှန်သည်၊ အနက်မှန်မှ အဓိပ္ပာယ်မှန်သည်၊ အဓိပ္ပာယ် မှန်မှ အကျင့်မှန်သည်၊ အကျင့်မှန်မှ နိဗ္ဗာန်သို့ ရောက်နိုင်သည်။ အက္ခရာလွဲက ပုဒ်လွဲသည်၊ ပုဒ်လွဲက အနက်လွဲသည်၊ အနက်လွဲက အဓိပ္ပာယ်ယူလွဲသည်၊ အဓိပ္ပာယ်ယူလွဲက အကျင့်လွဲသည်၊ အကျင့်လွဲက ငရဲသို့ ရောက်ရာသည်။

www.burmeseclassic.com

www.burmeseclassic.com


ရှေးက သင်တို့ကဲ့သို့ ဝုမုပဗ္ဗဇိတ ကြီးမှရဟန်းပြုသော တောထွက်ကြီးတစ်ပါးသည် မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းတောင်းရာ ဖြစ်ခြင်း ပျက်ခြင်းကို ပြတတ်သော ဥဒယဗ္ဗယ ကမ္မဋ္ဌာန်းကို ပေးတော်မူ၍ ဟိမဝန္တာ အနဝတတ်အိုင်၏အနီး အင်ကြင်းပင်ကြီးအရင်းတွင် ထိုင်လျက် ရေဘက်သို့ မျက်နှာထား၍ ဥဒယဗ္ဗယ ကမ္မဋ္ဌာန်းကို သရဇ္ဈာယ်သောအခိုက် ရေဒြကျက်စားသော ဗျိုင်းကိုမြင်လျှင် ယခင်စီးဖြန်းရင်း ဥဒယဗ္ဗယကို ဥဒကဗကဟူ၍ ရွတ်မိလေ၏။ ထိုအခါ မြတ်စွာဘုရားသည် အက္ခရာမှားသည်ကိုသိ၍ တောထွက် ရဟန်းကြီးကို ခေါ်ပြီးလျှင် "အတ္တော အက္ခရသညာတော"ဟူသော ပုဗ္ဗဝါကျကို မြွက်ဟ ဟောကြားတော်မူဟန် ကျမ်းဂန်၌ရှိသည်။ ထိုကြောင့် သင်တို့ကဲ့သို့ ဝုမုပဗ္ဗဇိတ ကြီးမှရဟန်းပြုရသော သူများသည် အမှားအလွဲကို သာ၍ရွတ်ဖတ်တတ်သည်။ ကြပ်ကြပ်သတိထား နောက်များကို မလွဲစေနှင့် မြဲမြဲမှတ်လေဟု ဆုံးမ မိန့်ကြားတော်မူ၏။

ထိုသို့ ထုံးပြ၍ ဆုံးမတော်မူသော်လည်း ချွတ်ချော်တိမ်းပါးမြဲ တိမ်းပါး၍ အမှားကိုသာရွတ်ဆိုသတည်း။ ထိုအခါ ဆရာတော်ဘုရားသည် ဦးဘဲအား စာရေးတော်မူသည်မှာ...

"တိသရဏ၊ သယ–လို့ သူကဆို၊ နဂိုကဟုတ်ပါဘဲ။ မနက်ထ–
တကျော်ကျော်နှင့်၊ ကျောင်းပေါ်မှာ အခံခက်တယ်၊ တောထွက်မောင်ဘဲ"

ဟူ၍ ရေးသားတော်မူလေသတည်း။

ဤမျှလောက်သော စကားအစဉ်တို့ဖြင့် ဥပမာသမူဟ ဂီရက္ကမကျမ်း၌ ဖန်းမော်ဆရာတော်ဘုရားကြီး၏ ဥပမာတို့ကို ပြဆိုရာပြဆိုကြောင်းဖြစ်သော အပိုင်းအခန်းကား ဤတွင် ပြီးသတည်း။

**ဖန်းမော် စကားပုံများ ပြီး၏။**

www.burmeseclassic.com

www.burmeseclassic.com

## ၃-ဘုရားကြီးဆရာတော်ဘုရားကြီး၏ စကားပုံ

ဓာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံ အလှူတော် အပူဇော်ခံရသော မန္တလေး ရတနာပုံနေပြည်တော်ကြီး၊ တောင်ပြင် ဒက္ခိဏာရာမတိုက် ဘုရားကြီး ဆရာတော်ဘုရားကြီးကား... ပိဋကတ်သုံးပုံ အလုံးစုံသော ပါဠိ, အဋ္ဌကထာ, ဋီကာ–စသောကျမ်းတို့၌ တစ်ဖက်ကမ်းရောက် တတ်မြောက်ကျွမ်းကျင် လိမ္မာတော်မူ၏။

အထူးသဖြင့် ကစ္စည်းသဒ္ဒါကျမ်းကို အရင်းပြုလျက် အစုစုအရပ်ရပ်သော သဒ္ဒါကျမ်းတို့၌ ဆန်းကြယ်နက်နဲ ခက်ခဲသော အရာဋ္ဌာနဟူသမျှတွင် စူးရှလိမ္မာတော်မူသဖြင့် နိရုတ္တိပါရဂူ ဖြစ်တော်မူရကား သေလက္ခရာရှင်ဋ္ဌ ပဋ္ဌမသင်္ဂါယနာတင်ပွဲကြီးယင်တော်မူရာ၌ များစွာထင်ရှားတော်မူ၏၊ "ပါစိတျာဒိယောဇနာကျမ်းကြီး သံဝေဂဝတ္ထု ဒီပနီ–မည်သော ကျမ်းကြီး, အဘိဓမ္မတ္ထ–သင်္ဂဟမည်သော သင်္ဂြိုဟ်ကျမ်း၏ ဂဏ္ဌိဋ္ဌာနဖြစ်သော သင်္ဂြိုဟ်ဂဏ္ဌိသစ်, ဂန္ထာဘရဏဋီကာ" စသော များစွာသော ကျမ်းအရပ်ရပ်တို့ကိုလည်း အဆုံးအဖြတ်နှင့်တကွ ရေးသားပြုပြင်စီရင်တော်မူ၏။ များစွာသော တပည့်တပန်း ရဟန်းအပေါင်း ရာထောင်သောင်းတို့၏ မိဝဲဆည်းကပ်ရာ မဟာကျေးဇူးရှင်ကြီးတစ်ဆူလည်း ဖြစ်တော်မူ၏။

ဤကား ဘုရားကြီးဆရာတော်ဘုရားကြီး၏ ဂုဏ်ထူးဝိသေသ
အတိပသခေ်ပဖြစ်သော စကားတည်း။

---

www.burmeseclassic.com



## ၁–ငါ့အလုံး သဏ္ဌာယကို ဖျက်ခွာချရန် မင်းတရားကြီးအား ဟောကြားတော်မူခြင်း

အခါတစ်ပါး မန္တလေး ရတနာပုံမြို့တည်နန်းတည် ပဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် ဓာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်နာမ်တော်ရှိသော ဒက္ခိဏာရာမတိုက် ဘုရားကြီးဆရာတော် ဘုရားကြီးကို ရွှေနန်းတော်သို့ပင့်၍ သင့်တင့်လျောက်ပတ် ကောင်းမြတ်ဖွယ်ရာ ရသာဘောဇဉ် ချိုချဉ်အစရှိသော ဆွမ်းတို့ဖြင့် လှူဒါန်းကပ်ဆက်ပြီးသောအခါ ဤသို့ လျှောက်သည်။

"အရှင်ဘုရား မဂ်ဖိုလ်နိဗ္ဗာန်သို့ အမှန်ဒိဋ္ဌ ခဘဝနှင့် ရောက်အောင်အဘယ်ကဲ့သို့ ကြံဆောင်အားထုတ်ရပါအံ့နည်း။ ဒကာတော်အား မဂ္ဂကထာ, ဘာဝနာစကားများကို ဟောကြားတော်မူပါဘုရား"ဟု လျှောက်ထား၏။

ထိုအခါ ဘုရားကြီးဆရာတော်ဘုရားကြီးက အမိန့်ရှိတော်မူသည်မှာ... သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ် ဆရာတော် ဉပမာတစ်ခုဖြင့် ယခု ဒကာတော် လျှောက်ထားသောစကားကို ထင်ရှားအောင်ပြအံ့... ရှေးသောအခါ ရွာတစ်ရွာတွင် စည်းစိမ်ဥစ္စာ, ရတနာရွှေငွေ, ဆန်ရေစပါး, ကျွဲနွားဆင်မြင်းနှင့် ပြည့်စုံသော ကုန်သည်လင်မယားတို့၌ မွေးဖွားသော သမီးငယ် အပျိုအရွယ် တစ်ယောက် ရှိသတတ်။ ထိုသမီးငယ်အား ဆွမ်းကွမ်းဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာသော လှူဒါန်းဖွယ်များနှင့် မိမိတို့ ကျောင်းဆောက် ကိုးကွယ်ထားသော ဆရာဘုန်းတော်ကြီးကျောင်းသို့ နေ့စဉ်ဆွမ်းပို့ရန် အမြဲဝတ်ပြု၍ စေလွှတ်၏။

### ဤကျောင်းကား ငါ့ကျောင်း

တစ်နေ့သ၌ ထိုသမီးငယ်သည် လှူဒါန်းဖွယ်ဝတ္ထု အစုစုများကို ယူဆောင်ပြီးလျှင် ယခင် ကျောင်းဘုန်းတော်ကြီးထံသို့သွား၍ စကားပြောဆိုနေကြရာ ကျောင်းဒါယကာ၏သမီးက ဘုန်းကြီး၏ စိတ်သဘောကို သိလို၍ အရှင်ဘုရား– ဤကျောင်းသည် အဘယ်သူ၏ကျောင်း ဖြစ်ပါသနည်းဟု လျှောက်ထားလေလျှင် ဘုန်းကြီးက "ဒကာမလေး ဤကျောင်းကား ငါ့ကျောင်းတည်း"ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



## ငါ့ကိုမကြိုက်ပါနှင့်

ထိုအခါ ကျောင်းဒါယကာ၏ သမီးက အရှင်ဘုရား ဤသက်န်းကား အဘယ်သူ၏ သင်္ကန်းပါနည်းဟု လျှောက်ပြန်ရာ ဘုန်းတော်ကြီးက "ငါ၏သင်္ကန်း" ဟု ဆိုပြန်၏။ ဤကဲ့သို့ အကြိမ်များစွာ ငါ့ဥစ္စာ, ငါ့ပစ္စည်းဟု ပြောဖန်များ၍ အရှင်ဘုရားသည် အဘယ်ကို အလိုရှိသောကြောင့် မြတ်စွာဘုရား သာသနာတော်ကို ထမ်း၍ ရဟန်းပြုသနည်းဟု လျှောက်ထားသောအခါ ဘုန်းကြီးက "ငါသည် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရလို၍ ရဟန်းပြုသည်"ဟု ပြောရာ ကျောင်းဒါယကာ၏ သမီးက မဂ်ဖိုလ်နိဗ္ဗာန်ကို ရလို၍ ရဟန်းပြုသည် မှန်က "ငါ့ကို မကြိုက်ပါနှင့်"ဟု လျှောက်ထားပြီးကာလ ဦးချ၍ အိမ်သို့ပြန်လေသတည်း။

ထိုသို့ ကျောင်းဒါယကာ၏သမီးသည် လျှောက်ထား၍ ပြန်သွားလေလျှင် ဘုန်းကြီးသည် ဤဒါယိကာမလေးကား ဘယ်အရေး ဘယ်အခွင့်ကို ထောက်ထား၍ ဤစကားများကို ပြောပါသနည်းဟု ဆင်ခြင်လျက် စားမဝင်, စက်မရ ဒုက္ခရောက်၍ နေလျှင် ကျောင်းတွင်နေထိုင်သော ကပ္ပိယ ဒါယကာကြီးက အရှင်ဘုရား ဘယ် အကြောင်းကြောင့် စားမကောင်း စက်မပျော် နေပါသနည်းဟု လျှောက်ထားရာ ဒါယကာကြီး အခြားမဟုတ် ကျောင်းဒါယကာ၏ သမီးသည် အဘယ်နည်းနှင့် ပြောသည်ဟူ၍မသိ။ ငါ၏ကျောင်းနှင့်တကွ ကျောင်းတွင်ရှိသော ဝတ္ထုများကို ကြည့်လျက် အဘယ်သူ၏ ဝတ္ထုနည်းဟု မေးလျှောက်ရာ ငါ၏ဝတ္ထုဟု ပြောဆို သောအခါ သာသနာတာဝန်ကိုထမ်း၍ ရဟန်းပြုသည်မှာ အဘယ်ကို အလိုရှိ၍ ပြုပါသနည်းဟု ထပ်၍မေးသည်နှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရလို၍ ရဟန်းပြုသည်ဟု ပြောလျှင် ကျောင်းဒါယကာ၏ သမီးက မဂ်ဖိုလ်နိဗ္ဗာန်ကို ရလိုက "ငါ့ကိုမကြိုက် ပါနှင့်"ဟု လျှောက်ထား၍ အိမ်သို့ပြန်သွားသည်။ ထိုသို့ပြောသွားခြင်းသည် အဘယ်ကိုရည်၍ ပြောသည်ဟု တွေးတောမရ ရှိနေသောကြောင့် ဤသို့သော ဝေဒနာကို ခံစားရသည်ဟု ဆရာဘုန်းကြီးက ပြန်ကြားပြောဆိုသည်။

ထိုအခါ ကပ္ပိယဒါယကာကြီးသည် သမီးပြောသောစကားကို မိဘတို့ကို စုံစမ်းက မှုချသိရမည်ဟု သဘောထားလျက် ကျောင်းအမကြီးအား အလုံးစုံသော စကားကို ပြန်ကြားပြောဆိုလေ၏။

ထိုအခါ ကျောင်းအမကြီးက သမီးကို မေးသည်မှာ "ချစ်သမီး... သင်သည် ကျောင်းသို့သွားစဉ် နိဗ္ဗာန်ကို လိုချင်၍ ရဟန်းပြုက ငါ့ကိုမကြိုက်ပါနှင့်ဟု ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးအား လျှောက်ထားသော ချစ်သမီး၏ ပြဿနာကို ကောင်းစွာဖြေဆိုဦး လော့”ဟု ဆို၏။

ထိုအခါ သမီးငယ်က မိခင်၊ ကျွန်မသည် ကျောင်းသို့ အလှူအတန်းသွားရာ ဤကျောင်းနှင့်တကွ ဤကျောင်းတွင်ရှိသော ဝတ္ထုများသည် အဘယ်သူ၏ ဝတ္ထု ပစ္စည်း ပါနည်းဟု လျှောက်ထားသောအခါ ဘုန်းတော်ကြီးက ငါ၏ဝတ္ထုပစ္စည်းဟု ဆိုသောကြောင့် အရှင်ဘုရားသည် အဘယ်ကိုရည်၍ ရဟန်းပြုပါသနည်းဟု မေးပြန်သောအခါ မဂ်ဖိုလ်နိဗ္ဗာန်ကို ရလို၍ ရဟန်းပြုသည်ဟု ပြောပါသည်၊ သို့အတွက် ကျွန်မက မဂ်ဖိုလ်နိဗ္ဗာန်ကိုရလို၍ ရဟန်းပြုလျှင် ငါ့ကိုမကြိုက်ပါနှင့်၊ ငါ့ဥစ္စာ ငါ့ပစ္စည်းစသည်ဖြင့် စွဲလမ်းမှုကို သက္ကာယခေါ်ပါသည်။ ထိုသက္ကာယ ကွယ်ပျောက်မှ မဂ်ဖိုလ်နိဗ္ဗာန် ရောက်နိုင်ပါသည်။ သည်ကိုရည်၍ လျှောက်ထားခြင်း ဖြစ်ပါသည်ဟု ပြန်ပြောလေ၏။

ထိုအခါ ကပ္ပိယ ဒါယကာသည် ကျောင်းသို့ ပြန်သွားလျက် ဘုန်းကြီးအား အကြောင်းအလုံးစုံကို အကုန်ပြန်၍ လျှောက်ထားသောအခါ များစွာ သတိသံဝေဂ တရားရသဖြင့် အရညကင် တောကျောင်းနှင့် ခိုအောင်း သီတင်းသုံးနေထိုင်သတဲ့။ သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ်။

ဤသို့ ဘုရားကြီးဆရာတော်ဘုရားကြီးက ဥပမေယျမပါ ဥပမာမျှကို မိန့် ကြားတော်မူလျှင် ဘဝရှင်မင်းတရားကြီးက သိသာလှပါပြီဘုရားဟု လျှောက်ထား၍ အားရနှစ်သက်တော်မူလေသတည်း။

---

## ၂-“သဘောကို ထောက်ချင့်ဖို့ ပေါက်ပွင့်သုပ်ဥပမာ”ဖြင့် အလှူ့ဒါယကာအား မိန့်တော်မူခြင်း

အခါတစ်ပါး တိပိဋကရေ ပါမောက္ခတစ်ဆူ ဖြစ်တော်မူသော ဘုရားကြီး ဆရာတော်ဘုရားကြီးသည် ဒါယကာတစ်ဦးက အထူးကြည်ညိုလှသဖြင့်အာဟာရ ဘောဇဉ်ဆွမ်းကို လှူဒါန်းလိုကြောင်းနှင့် ခွင့်တောင်းလျှောက်ထားရှိသည်နှင့် ဒါယကာ၏အိမ်သို့ ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူသောအခါ ဆွမ်းလှူသောဒါယကာက အရှင်ဘုရား-တပည့်တော်သည် ချဉ်ပေါင်ရွက်နှင့် ဝက်သားကို နှစ်ပါးရောစွက်၍ ချက်ပြုတ်စီမံသော ဟင်းသည် အရသာရှိပါ၏လားဘုရားဟု လျှောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ... ဒါယကာ၊ ဆရာတော် ဥပမာတစ်ခု ပြောမည် သဘောနှင့် စဉ်းစား၍နာလော့။ ရှေးသောအခါ ရွာတစ်ရွာ၌ ဒါယကာတစ်ယောက်သည် ကျောင်းဆောက် ကိုးကွယ်ရာ ကျောင်းဒကာနှင့် ကျောင်းအမသည် သဒ္ဓါပသန္နတရားဖြင့် ကြိုးစားအားထုတ်လျက် ပေါက်ပွင့်သုပ်ကို နေ့စဉ်မပြတ် ဆက်ကပ်လှူဒါန်းမြဲ ဝတ်ပြုကြကုန်သတတ်။

ထိုအခါ ကျောင်းထိုင်ဘုန်းကြီးသည် ပေါက်ပွင့်သုပ်ကို နေ့စဉ်သုံးဆောင်ရဖန် များ၍ ကာလရှည်လျားလတ်သော် ငြီး-ငါသည် ဤအရပ်၌ နေသည်မှာ ကျောင်းဒကာ, ကျောင်းအမတို့ အားထုတ်သည့် ပေါက်ပွင့်သုပ်ကို နေ့စဉ်စား လျက် များစွာ လ,ရက် ကြာချေပြီ။ ဤကဲ့သို့သာ ပေါက်ပွင့်သုပ်နှင့်ချည်း စားရ လျှင် ငါ့အား သေရုံသာရှိတော့မည်။ ဤအရပ်၌ ငါမနေပြီဟူ၍ မိမိကျောင်းမှ ကျောင်းဒကာ-ကျောင်းအမတို့ မသိရအောင် ကြံဆောင်ပြီးခါ အောက်ပြည်အောက် ရွာသို့ ဘာသာထွက်သွားလေသတည်း။

အောက်မြို့ကျေးရွာသို့ရောက်သောအခါ သင့်တင့်လျောက်ပတ်လိမ့်မည်ထင် သော အရပ်တွင် ခင်မင်ကြည်ညိုသော ဒါယကာ-ဒါယိကာမများနှင့် တွေ့ပြန်သဖြင့် တစ်ဖန် ထိုအရပ်၌ သီတင်းသုံးနေထိုင်၏။ ထိုသို့နေသောအခါ၌လည်း ယခင် အညာ ကျောင်းဒကာ ကျောင်းအမများကဲ့သို့ သဒ္ဓါတရားနှင့် အားထုတ်၍ ပေါက်ပွင့်သုပ် ကို နေ့စဉ်လှူဒါန်းမြဲ ဝတ်ပြုကြပြန်၏။

တစ်နေ့သောအခါ ကျောင်းအမသည် ကျောင်းသို့လာပြီးလျှင် အရှင်ဘုရား တပည့်တော်မသည် ထာဝရလက်စွဲလျက် အမြဲအားထုတ်သော ပေါက်ပွင့်သုပ်သည် ဘုဉ်းပေး၍ လေးလေးပင်ပင် အရသာရှိ၏ဟု ထင်ပါရဲ့လားဘုရားဟု လျှောက် ထားလျှင် ဘုန်းကြီးက ပြောသည်မှာ... ဒါယိကာမကြီး ငါ့မှာ အထက်အညာမြို့၌ ကျောင်းထိုင်စဉ်အခါကလည်း ကျောင်းဒကာ ကျောင်းအမတို့က ထာဝရလှူဒါန်း သော ပေါက်ပွင့်သုပ်နှင့်ချည့်သာ နေ့စဉ်စား၍ နေ့ရက်များ ကြာရှိသောကြောင့် ထိုပေါက်ပွင့်သုပ်ကို စက်ဆုပ်ခြင်းရှိသဖြင့် အထက်အညာမြို့ကျောင်းမှ ရွှေ့ပြောင်း ပြီးကာ အောက်မြို့သို့ လာပြန်ပါလည်း ခုတစ်ခါ ပေါက်ပွင့်သုပ် အားထုတ်သည့် ကျောင်းဒကာ ကျောင်းအမများနှင့် တစ်ဖန်တွေ့ရပြန်သည်ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com



## အောက်အပေါက်ကသာသည်

ထိုအခါ ကျောင်းအမကြီးက မှန်ပါ သို့ဖြစ်ပါလျှင် "အထက်ပေါက်နှင့် အောက်ပေါက်" အဘယ်ကသာ၍ ကောင်းပါသနည်းဟု လျှောက်ထားသောအခါ ဘုန်းကြီးက ကျောင်းအမ၊ ကျောင်းအမရှေ့တွင်ဖြစ်၍ ပြောသည်မဟုတ်ပါ၊ ဆရာ ထင်ဝ ၈ ပြောရမှာဖြင့် "အောက်ပေါက်က" သာ၍လေးလေးပင်ပင် ရှိပေသည်ဟု ဆိုသဗျဲ့ ဒကာရဲ့။

ယခုလည်း ဒါယကာ၏ ရှေ့တွင်ဖြစ်၍ ပြောသည်မဟုတ်ပါ။ ဒါယကာချက် သည့် ဝက်နှင့်ချဉ်ပေါင်သည် လွန်အောင်ပင် ကောင်းပေသည်ဟု မိန့်တော်မူလျှင် အပါးတွင်ရှိသော ဒါယကာအားလုံးတို့သည် တအုန်းအုန်း ရယ်မောကြလေကုန် သတည်း။

---

## ၃-"ဘိုးသူတော်ပုတီးစိပ်သလို မဖြစ်စေနှင့်"ဟူသော ဥပမာစကားဖြင့် မင်းတရားကြီးအား မိန့်ကြားတော်မူခြင်း

အခါတစ်ပါး ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် ပိဋကတ်သုံးပုံ အလုံးစုံတို့၌ စွမ်းဟုန်ဉာဏ ဂမ္ဘီရပါရမီ ဖြည့်ညီတတ်သိ စူးရှခြင်းရှိတော်မူသော ဒက္ခိဏာရာမတိုက် ဘုရားကြီးဆရာတော်ဘုရားကြီးကိုပင့်၍ သင့်တင့်မွန်မြတ်သော ဘောဇဉ်ဆွမ်းတို့ဖြင့် လှူဒါန်းပြီးသောအခါ တရားနာပြီးသောအဆုံး၌ ဆရာတော် ဘုရားကြီးက... သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ်မှာ နိစ္စပတ် ခါးဝတ် ပုဆိုးများကဲ့သို့ ငါးပါးသီလ မြဲပါ၏လော၊ ရှစ်ရက်သီတင်း လပြည့်လကွယ်တို့၌ ရှစ်ပါးသီလကို အားထုတ်စောင့်သုံးပါ၏လောဟု မေးတော်မူ၏။

ထိုအခါ မင်းတရားကြီးက လျှောက်ထားသည်မှာ အရှင်ဘုရား တပည့်တော် မှာ ငါးပါးသီလ ပဋ္ဋင်ကို ခါး၌ဝတ်သော ပုဆိုးကဲ့သို့ မကျိုး, မပေါက်, မပြောက် မကျားရအောင် သဘောထား၍ များစွာ သတိပြုပါသည်။ ရှစ်ရက်သီတင်း လပြည့်လကွယ်တို့၌လည်း ရှစ်ပါးသီလ အင်္ဂါကို ဥဿုဟမယုတ် အားထုတ်စောင့် စည်းပါသည်ဘုရားဟု လျှောက်ထားသည်။

ထိုအခါ ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ၊ အင်း... သာသနာ့ဒါယကာ ကေရာဇ်မင်းမြတ်မှာ မပြတ်စောင့်ရှောက်သည်ကား အလွန်

www.burmeseclassic.com

www.burmeseclassic.com



တရားကောင်းသော နည်းလမ်းဖြစ်ပေသည်။ သို့ရာတွင် "ဖိုးသူတော် ပုတီးစိပ်သလိုလဲ မဖြစ်စေနှင့်"ဟု မိန့်တော်မူ၏။ ထိုအခါ မင်းတရားကြီးက အရှင်ဘုရား ဖိုးသူတော် ပုတီးစိပ်ဟန်ကို သိမှတ်ရန် နှလုံးထား၍ မိန့်ကြားတော်မူပါဦးဟု လျှောက်ထားသည်။

## ဖိုးသူတော် ပုတီးစိပ်နည်း

ဆရာတော်ဘုရားကြီးက.မိန့်ကြားတော်မူသည်မှာ... သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ်... ရှေးသောအခါ ရွာတစ်ရွာတွင် ဘုန်းကြီးကျောင်း၌ ခိုအောင်းကပ်မှီ၍နေသော ဖိုးသူတော်ကြီးတစ်ယောက် ရှိသတတ်။ ထိုဖိုးသူတော်ကြီး၏ ပုတီးကုံးသည် သုံးလုံးသာရှိ၏။ ထိုသုံးလုံးဖြင့် အနိစ္စ–အမြဲမရှိ၊ ဒုက္ခ–ဆင်းရဲခြင်း၊ အနတ္တ–ကိုယ်မဟုတ် အစိုးမရ အလိုသို့မလိုက်ဟူ၍ တစ်ခေါက်မျှသာ နေရာတကျ စိပ်ပြီးလျှင် ယခင်ကဲ့သို့ ကောင်းမွန်စွာ မစိပ်မူ၍ "ငင်းနည်း–ငင်းနည်း"ဟု ဆို၍ စိပ်သတဲ့။

ထိုသို့ ငင်းနည်း ငင်းနည်းဆို၍ ဖိုးသူတော်ကြီး ပုတီးစိပ်သည်ကို ပရိသတ် ဥပုသ်စောင့် လူအပေါင်းတို့ကြား၍ အပါးသို့ကပ်ပြီးလျှင် ဖိုးသူတော်သည် အဘယ့်ကြောင့်–ငင်းနည်း ငင်းနည်းနှင့် ပုတီးကို စိပ်သနည်းဟု မေးကြကုန်သော် ဖိုးသူတော်က "အင်း... ဒကာများကဖြင့် သူတစ်ပါး ပုတီးစိပ်သည်ကို ပြောချင်ဆိုချင် လိုက်ကြတာလွန်လို့၊ အစကဖြင့် လာပြီး နားမထောင်ကြဘဲနှင့်"ဟု ဆိုသတဲ့ သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ်။

ဤအတူ ဒကာတော်မှာလည်း တစ်ခါတည်း စောင့်ရှောက်၍ နောက်ကိုဖြင့် ငင်းနည်း–ငင်းနည်းများ လုပ်မပစ်လိုက်ပါနှင့်ဟု မိန့်တော်မူသောအခါ မင်းတရားကြီးနှင့်တကွ များစွာသော မိဖုရား မောင်းမမိဿံ ခြွေရံမှုူးမတ် ပရိသတ်အားလုံးတို့သည် တအုန်းအုန်း ရယ်မောကြလေကုန်သတည်း။

---

## ၄–"တရားဟောချွတ်ယွင်းလျက် ဇွတ်ငြင်းသည်"ဟူသော ဥပမာဖြင့် သုမေ္ဓာဆရာတော်တို့အား မိန့်ကြားတော်မူခြင်း

အခါတစ်ပါး ပိဋကတ္တယပါရဂူ ဖြစ်တော်မူသော ဒက္ခိဏာရာမတိုက် ဘုရားကြီး ဆရာတော်ဘုရားကြီးသည် တစ်စုံတစ်ခုသော ပြောဆိုရန်ကိစ္စနှင့်

www.burmeseclassic.com

www.burmeseclassic.com



သုဓမ္မာဇရပ်သို့ ကြွတော်မူသောအခါ သုဓမ္မာဆရာတော် ရှစ်ပါးအပါအဝင်ဖြစ်သော ဆရာတော်နှစ်ပါးတို့သည် စကားရှုံးနိုင် ပြိုင်ဆိုင်ငြင်းခုံ သူတစ်ဖုံငါတစ်ဝ မိမိတို့ တွေ့ရှိကြသော ကျမ်းဂန်ပါဠိများကို ကိုးကားပြောဆိုကြသည်။

ထိုအခိုက်တွင် ဘုရားကြီးဆရာတော်ဘုရားကြီး ကြွလာသည်ဟု သုဓမ္မာ ဆရာတော်နှစ်ပါးတို့သည် စကားစ–ဖြတ် အနည်းငယ်တန့်ရပ်၍ နေသည်တွင် ဘုရားကြီးဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဆရာတော်နှစ်ပါးတို့သည် ထောက်ထားသာစေ အာဂမဒဋ္ဌိများနှင့် အကိုးအကားပြုလုပ်၍ မိန့်ဆိုငြင်းခုံကြ သည်မှာ ကိုယ်တွေ့သောစာကို ဟုတ်တမ်းဆိုသကဲ့သို့ မိမိတို့စာကိုသာ မိမိတို့ အမှန်လုပ်၍ ပြောကြလျှင် အတောမသတ်နိုင်အောင် ရှိကြမည်။ ရှေးက တရား ဟောဘုန်းကြီးနှင့် တရားနာသည့် ဒါယကာတို့ကဲ့သို့ "ကာလလာ ဓမ္မာ"များ ဖြစ်နေကြမည်ဟု မိန့်တော်မူသည်။

ထိုအခါ သုဓမ္မာဆရာတော်များက တရားဟောဘုန်းကြီးနှင့် ဒါယကာတို့ အကြောင်းကို အမိန့်ရှိတော်မူပါဦးဘုရားဟု လျှောက်ထားကြသဖြင့် မိန့်ကြားတော် မူသည်မှာ… ရှေးသောအခါ ရွာတစ်ရွာတွင် ကြည်ညိုကိုးကွယ်၍ထားသော ဘုန်းတော်ကြီးတစ်ပါးသည် များစွာ ကျမ်းဂန်ကိုလည်း မသင်ကြားဖူးသောကြောင့် အမှားအမှန်ကိုမသိ။ မိမိတွင်ရှိသော တရားစာကိုကျက်၍ ဒါယကာ, ဒါယိကာမ များကို တရားဟောလေ့ရှိ၏။ တစ်နေ့သောအခါ အလှူ့ဒါယကာတစ်ဦးက ပင့် သဖြင့် လိုက်ပါကြွသွားရာ အချိန်အခါသို့ ကျ၍ တရားဟောသောအခါ သုတ္တန် ဒေသနာအဆုံး၌ နိဂုံးအဘိဓမ္မာသတ်လို၍ ဤသို့ဟောတော်မူအပ်သော ဒေသနာ တော်သည်ကား လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာကို ပေးတတ်သော သုတ္တန်ဒေသနာ တည်း။ ထိုသုတ္တန်ဒေသနာတော်ထက် ဆထက်လွန်ကျူး အထူးအားဖြင့် မြတ်လှ စွာသော အဘိဓမ္မာ ဒေသနာတော်မြတ်သည်ကား ပကရဏအားဖြင့် ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းဟူ၍ ခုနစ် ကျမ်း အပြားရှိ၏။

ထိုခုနစ်ပါးတို့တွင် ဓမ္မသင်္ဂဏီကျမ်းကို ရှေးဦးစွာ ဟောတော်မူ၏။ အဘယ်သို့ ဟောတော်မူသနည်းဟူမူကား "ကာလလာဓမ္မာ၊ အကာလလာဓမ္မာ, အဗ္ဗာကတာ ဓမ္မာ"ဟူ၍ ဟောတော်မူလေသည်ဟု အဆိုတွင် အဘိဓမ္မာစာ မာတိကာအကောက် များကို အနည်းငယ် ဆိုဖူးသင်ဖူးသော ဒါယကာတစ်ယောက်က ထ၍လျှောက်

www.burmeseclassic.com



ထားသည်မှာ အရှင်ဘုရား ဆိုင်းတော်မူပါဦး၊ ယခု အရှင်ဘုရား ဟောကြားတော်မူသော အဘိဓမ္မာဒေသနာတော်သည် တပည့်တော်များ သင်ဖူးသော အဘိဓမ္မာနှင့် မတူပါ။ တပည့်တော်များ သင်ဖူးသော ဒေသနာမှာ က–ကြီးတွင် တစ်ချောင်းငင်နှင့် ကုသလာ ဓမ္မာ၊ အကုသလာဓမ္မာ–ဟူ၍လည်းကောင်း၊ ဗ–ထက်ချိုက် အက္ခရာတွင် ယ–ပင့်နှင့် အဗျာကတာ ဓမ္မာ–ဟူ၍လည်းကောင်း၊ သင်ဖူးတွေ့ဖူးပါသည်။ ယခု အရှင်ဘုရားဒေသနာမှာ "ကသလာ ဓမ္မာ၊ အကသလာဓမ္မာ၊ အဗာကတာ ဓမ္မာ"ဟူ၍ ဖြစ်နေပါသည်။ ဤကဲ့သို့ အဘယ်အခါကမှ မကြားဖူးပါဘုရားဟု လျှောက်ထား၏။

ထိုအခါ ဘုန်းကြီးက ဒါယကာကြီးစာနှင့် မတူလျှင်သာ ရှိရမည်။ ကျွန်ုပ်ကျောင်းမှာရှိတဲ့ ဆယ်ကြောင်းပေ စာနိကလေးထဲမှာဖြင့် သည်လိုပါတာပဲ ဒကာကြီးရဲ့။ ဒကာကြီးက ဘယ်လိုပင်ပြောသော်လည်း သည်တစ်ချောင်းငင် မပါသည့်တရားနှင့်ချည်း ဟောလာခဲ့သည်မှာ အရွာရွာ များလှပေါ့၊ ဒကာကြီးမယုံလျှင် ကျောင်းကစာကို လိုက်ကြည့်ပါဟု ဆိုလေ၏။

ထိုအခါ ဒါယကာသည် ကျောင်းကစာကို လိုက်၍ကြည့်ရာ ရှေးက စာဟောင်းကို မျဉ်းထပ်၍ကိုင်ထားသဖြင့် အစနားက စာကြောင်းတွင်ရှိသော ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၌ က–ကြီးတစ်ချောင်းငင်နှင့် အဗျာကတာဓမ္မာ–၌ ယ–ပင့်များသည် မျဉ်းထိုးရာသို့ ပါသွားသည်ကိုသိ၍ အရှင်ဘုရားစာမှာ မျဉ်းထိုးရာသို့ တစ်ချောင်းငင်များနှင့် ယ–ပင့်သည် ပါသွား၍ ဖြစ်ပါသည် "ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာဓမ္မာ"ဟု ဟောမှ မှန်ပါသည်ဘုရားဟု လျှောက်ထားသည်။

ဘုန်းကြီးက အို... ဒကာကြီး ဘယ်လိုပဲ ကြဲဖန်ပြောသော်လည်း ငါသဘောမကျ၊ ငါ့စာမှာရှိသည့် ပါဠိအတိုင်းသာ မှန်သည်ဟု တရားဟော ချွတ်ယွင်းလျက်နှင့် ဇွတ်ငြင်းပြီး ခံနေသတဲ့ ဆရာတော်တို့ရဲ့။

ဤအတူ ယခု အရှင်များလည်း ဘယ်သူကလွဲ၍ ဘယ်သူကမှန်သည်ဟု မပြောသာဘူး၊ ကိုယ်စာကိုသာ ကိုယ်သဘောကျကြပေတော့ဟု အမိန့်ရှိသောအခါ သုဓမ္မာဆရာတော်တို့သည် များစွာရယ်မောကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com


## ၅–"အပျိုကြီးနှင့် လူပျိုကြီး စကားထာဝှက်သလို" ဟူသော ဥပမာဖြင့် သုဓမ္မာဆရာတော်တို့အား မိန့်ကြားတော်မူခြင်း

အခါတစ်ပါး ဒက္ခိဏာရာမတိုက် ဘုရားကြီး ဆရာတော်ဘုရားကြီးသည် အကြောင်းကိစ္စတစ်ခုနှင့် သုဓမ္မာဇရပ်သို့ ကြွတော်မူသောအခါ သုဓမ္မာဇရပ်တွင် နိုင်ငံတော်အတွင်းမှ မရှင်းမလင်းသော အမှုအရပ်ရပ်တို့ကို ဆုံးဖြတ်စီရင်တော်မူနေဆဲဖြစ်၍ ဆွေးနွေးတိုင်ပင်သောအားဖြင့် ဘုရားကြီးဆရာတော်ဘုရားကြီးအား ဤသို့ လျှောက်ထားကြသည်။

"တပည့်တော်တို့သည် တရားအရပ်ရပ်ကို ဆုံးဖြတ်စီရင်ရသည်မှာ အမှုသည်နှစ်ဦးတို့၏ အထွက်ကို (ထွက်ချက်) ဉာဏ်မျက်စိဖြင့် ဆင်ခြင်တိုင်းထွာ၍ယထာဓမ္မ သံဃာသုဋ္ဌု သံဃာဖာသုဖြစ်အောင်သာ သဘောထားရပါသည်။ ဘုရားရဟန္တာ မဟုတ်ကြ၍ မှုချသိရန် ခဲယဉ်းကြောင်းနှင့် လျှောက်ထားလျှင် ဘုရားကြီးဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ… "အပျိုကြီးနှင့် လူပျိုကြီး စကားထာဝှက်သလိုပ–လေ၊ နှစ်ဦးနှစ်ဖက်၊ ကျေအေးအောင် ကြံဆောင်၍ ဖြေဖြန့်ပြီး လွှတ်သင့်သည့်အရာမှာ ဖြေဖြန့်၍ လွှတ်ရသည်ပင်"ဟု မိန့်တော်မူ၏။

### ထာကြီးပယ်မှ နငယ်နှင့်နီးမည်

ထိုအခါ သုဓမ္မာဆရာတော် အသီးသီးတို့က အပျိုကြီးနှင့် လူပျိုကြီး စကားထာဝှက်သည်ကို အချက်ကျ မိန့်တော်မူပါဦးဘုရားဟု တောင်းပန်ကြရာ၊ မိန့်သည်မှာကား… ရှေးသောအခါ ရွာတစ်ရွာတွင် ပညာဉာဏ်နှင့် ပြည့်စုံသော အပျိုကြီးတစ်ယောက် ရှိသတတ်။ ထိုအပျိုကြီး၏ စကားထာကို ကောင်းစွာ မဖြေဆိုနိုင်ကြသည့်အတွက် ရှက်သောအားဖြင့် ယောကျ်ားသာမည်တို့ သွား၍ စကားမပြောဝံ့ကြကုန်။ တစ်နေ့သောအခါ ၎င်းရွာက လူပျိုကြီးတစ်ဦးသည် အထူးသဖြင့် ခင်မင်နှစ်သက်သောကြောင့် ယခင်အပျိုကြီးထံသို့ ညဉ့်ဦးယံသွားရာ စကားထာကို အပျိုကြီးဝှက်သည်မှာ– **"ထာ–ကြီးကိုပယ်မှ၊ န–ငယ်ကိုနီးပါ့မယ်–မောင်ကြီးရယ်"** ဟု ဝှက်လေသတည်း။

ထိုအခါ လူပျိုကြီးက ကြံသည်မှာ ဉာဏ်ကလည်းနည်းသဖြင့် 'ထာ–ကြီးပယ်'မှ ဆိုသည်ကား အခြားမဟုတ် နီနီရဲရဲ အထက်ဆင့်ကိုရည်မှန်း၍ ဆိုဟန်ရှိ

www.burmeseclassic.com



သည်။ 'နှ–ငယ်ကို နီးမယ်'ဆိုသည်ကား အခြားမဟုတ် အသားမြတ်ကို ရည်မှန်း၍ ဆိုဟန်ရှိသည်၊ ဧကန်ပင်ဖြစ်မည်ဟု မိမိအလိုရှိရာသို့ လိုက်၍ အကြိုက်ကို တွေးပြီးလျှင် ပေးလို၍ ပြောသည်ဟု အဆောတလျင် ထပြီးလျှင် "ထညသမာသန" ရင်သားကိုင်တွယ်မှုကို ပြုလေသတည်း။

ထိုအခါ အပျိုကြီးသည် ယမ်းမီးပမာ ပြင်းစွာအမျက် ရက်လည်းရက်သည်နှင့် ရုတ်တရက် ရွာသူကြီးထံသွား၍ စကားမျိုးအလုံးစုံကို အကုန်မကျန် ပြန်လှန်တိုင်ကြားလျှင် ယခင်လူပျိုကြီးကိုခေါ်၍ မသင့်မလျော် မောင်မင်းသည် အတင်းအစမ္မ "ထညသမာသန" အမှုကို ပြုသည်မှန်သလောဟု သူကြီးက မေးမြန်းစစ်ဆေးက လူပျိုတရားခံက အမှန်ပင်ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်သည် အခွင့်မရဘဲ အစမ္မ သုံးသပ်သည် မဟုတ်ပါ။ ရှေးဦးစွာ အပျိုကြီးကစ၍ "ဏာ–ကြီးကိုပယ်မှ၊ နှ–ငယ်ကို နီးပါ့မယ်မောင်ကြီးရယ်"ဟု စကားပေး၍ သုံးသပ်မိပါသည်ဟု ပြောသော အခါ ရွာသူကြီးက "ဏာ–ကြီးကိုပယ်မှ၊ နှ–ငယ်ကိုနီးပါ့မယ် မောင်ကြီး ရယ်"ဟု ဆိုရုံမျှနှင့် အဘယ်အဓိပ္ပါယတ္ထကို စဉ်းစား၍ မင်းသွားပြီး သုံးသပ်ရသနည်းဟု မေးပြန်လျှင် ကျွန်တော်၏ တွေးနည်းမှာ 'ဏာ–ကြီးကိုပယ်မှ'ဆိုသည်ကား အခြား မဟုတ်၊ နီနီရဲရဲ အထက်ဆင်ပဲဟု တွေးပါသည်။ 'နှ–ငယ်ကို နီးပါ့မယ်' ဆိုသည်ကား အခြားမဟုတ် အသားမြတ်ကို ဆိုသည်ဖြစ်မည်ဟု ကြံစည်ပြီးလျှင် သူပေးချင်၍ စ–တင်ကာ ပြောသည်ဟု သဘောရရှိသဖြင့် ပြုမိပါသည်ဟု အစစ် ခံလေသတည်း။

ထိုအခါ ရွာသူကြီးက အပျိုကြီးကို တစ်ဖန် စစ်မေးပြန်သည်မှာ အသင်သည် အဘယ်အဓိပ္ပာယ်နှင့် "ဏာ–ကြီးကိုပယ်မှ၊ နှ–ကိုနီးပါ့မယ်–မောင်ကြီးရယ်"ဟု ဝှက်သနည်းဟု အပျိုကြီးအား တစ်ဖန်မေးပြန်သော် ကျွန်တော်မသည် "ဏာ–ကြီးကိုပယ်မှ၊ နှ–ငယ်ကိုနီးပါ့မယ်–မောင်ကြီးရယ်" ဆိုသည်မှာ ဏာ–ကြီးဟု ဆိုအပ်သော တဏှာ–ကိုပယ်မှ နှ–ငယ်ဟုဆိုအပ်သော နိဗ္ဗာန်သို့ရောက်မည်၊ ဤကိုရည်၍ ဝှက်ပါသည်ဟု ထွက်ဆိုလေသတည်း။

ထိုအခါ ရွာသူကြီးက အင်း... ယင်းသို့ဖြစ်ခဲ့လျှင် ကိုယ့်စိတ်ကူးနှင့် ကိုယ့် အကြံ နှစ်ယောက်လုံး အမှန်ချည်းပဲ၊ တန်ကြ မပြောကြနှင့်ဟု ဖြန်ဖြေ၍ လွှတ်ရ သတဲ့ ဆရာတော်တို့။

ဤအတူ ယခုလဲပဲ အမှုအေးပြီးရော့ပ၊ သည်းညည်းခံကြလို့ ဖြန်ဖြေ၍ လွှတ်တန်သော နေရာမှာ ဖြန်ဖြေလွှတ်လိုက်ရတာပ ဆရာတော်ဘုရားတို့ဟု

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ရှိတော်မူသောအခါ သုဓမ္မာဆရာတော်ဘုရားတို့သည် အားရနှစ်သက်တော်မူကြလေသတည်း။

---

## ၆–ဘဝရှင်မင်းတရားကြီးအား ကွမ်းထမ်းသမားဥပမာဖြင့် မိန့်ကြားတော်မူခြင်း

အခါတစ်ပါး ဘဝရှင်မင်းတရားကြီးသည် ပိဋကတ္တယဆေက, နာနာနယကောဝိဒ, ဂန္ထန္တရပါရဂူ ဖြစ်တော်မူသော ဒက္ခိဏာရာမတိုက် ဘုရားကြီးဆရာတော်ဘုရားကြီးကို ရွှေနန်းတော်သို့ ပင့်၍ သင့်တင့်လျောက်ပတ် မွန်မြတ်ဖွယ်ရာသော အရသာဘောဇဉ် ဆွမ်းတို့ဖြင့် လှူဒါန်းဆက်ကပ်ပြီးသောအခါ ပဋ္ဌမသင်္ဂါယနာတင် ဘုရင်မင်းတရားကြီးက ဤသို့ လျှောက်ထားသည်။

အရှင်ဘုရား ဒကာတော်မှာ ရှေးရှေးသော ဘုရားလောင်း မင်းကောင်းမင်းမြတ် ဇောဓိသတ် ဖြစ်တော်မူကြကုန်သော နေမိ, ဓမ္မသုန္ဒရ, သာဓိန–စသော မင်းတို့ကဲ့သို့ တစ်ကိုယ်ချင်း တောသို့ထွက်၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်းကောင်းသော အကျင့်များကို အားထုတ်လိုသော ဆန္ဒပင်ရှိသော်လည်း သာသနာတော်၏ အတွက်, မိဖုရားမောင်းမမိဿံ ခြွေရံမှူးမတ် ဆွေတော် မျိုးတော် သားတော် သမီးတော်တို့၏အတွက်, တိုင်းပြည်ခရိုင် နိုင်ငံတော်အတွင်း ဆင်းရဲသားများစွာ သတ္တဝါအပေါင်းတို့အတွက် ငဲ့ကွက်ညှာတာခြင်း သံယောဇဉ်တရား ဆီးတားကန့်ကွက်သောအရာ များသေး၍ တရားကို အားမထုတ်နိုင်ဘဲ ရှိပါသေးသည်။ တကယ်ပင် အသက်အရွယ်ရင့်၍ အခွင့်အခါရသောကာလ အားထုတ်မှ သင့်လျော်မည်ဟူသောအကြံနှင့် အမှန်အားထားဆဲ ရှိပါသည်ဘုရား”ဟု လျှောက်ထားသည်။

ဘုရားကြီးဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ သာသနာ့ဒါယကာ မဟာဇကရာဇ်မင်းမြတ်၊ ဆရာတော် ဥပမာတစ်ခုပြောမည် သဘောနှင့် နာတော်မူလော့။

ရှေးသောအခါက ရွာတစ်ရွာတွင် လယ်သမားတစ်ယောက် လယ်လုပ်ရာ ပျိုးနုတ်ရန်ကိုစွရှိလျက် သစ်ပင်၏ အရိပ်တွင် ခိုဝင်နေနား စကားဤသို့ဆိုသတတ်၊ နေက အလွန်ပူသေးသည်၊ နေအေးမှ အသာဆင်း၍ ပျိုးနုတ်မှု ရုတ်တရက်ကြာ

www.burmeseclassic.com



ပျိုးတစ်ရာ အသာကလေးရမည်၊ ခဏလောက်နေခိုအုံ့ဟု ပြောဆိုနေသည်ကို ထိုသစ်ပင်ရိပ်သို့ နားနေအုံ့ဟု လာသော ကွမ်းထမ်းသမားတစ်ယောက်သည် သစ်ပင်ရိပ်သို့ မရောက်မီက လယ်သမားပြောဆိုသော စကားကိုကြား၍ ဆင်ခြင်သည်မှာ ဤလယ်သမားသည် လုပ်အားကိုင်အားဖြင့် စွန့်စားမည့်သူနှင့်တူသည်။ ထိုသူ၏ ပျိုးနုတ်ဟန်ကို အတန်ငယ်ကြည့်ပြီးမှ မိမိ၏ကွမ်းများကို သွား၍ရောင်းချအုံ့ဟု နှလုံးသွင်း၍ သစ်ပင်ရင်း၌ ထိုင်၍စောင့်နေ၏။

## အိမ်ပြန်သွားပြီ

ထိုအခါ ယခင်လယ်သမားက စကားတစ်ဖန် ဆိုပြန်သည်မှာ နေအေးမှ ပျိုးနုတ်မည်ဟု ကြံစည်၍ နားပါသည်။ နေများကလည်း မြန်သောကြောင့် ကြံဆဲရှိသေး နေဝင်သွားပြီ၊ ငါကား ယနေ့ မနုတ်သာ နက်ဖြန်ခါမှ နုတ်တော့မည်ဟု ဆို၍ အိမ်သို့ပြန်သွားလေ၏။

ထိုအခါ ကြည့်ရှုအုံ့ဟု စောင့်၍နေသော ကွမ်းထမ်းသမားသည် စောင့်စားနေထိုင်မိသော အကြောင်းကြောင့် ကွမ်းမရောင်းရဘဲ နေရှာသတဲ့–သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ်။

ဤအတူ ဒကာတော်မှာလည်း တိုင်းသူပြည်သား မိဖုရား မောင်းမမိဿံ ခြွေရံမှုးမတ် အရပ်ရပ်တို့အတွက် ငဲ့ကွက်စောင့်စားနေလျှင် ကွမ်းထမ်းသမား ကွမ်းပုပ်သကဲ့သို့ အားမထုတ်ဘဲ ရှိတတ်သည် ဒကာတော်။ ဤကဲ့သို့ ဘုရားကြီးဆရာတော်ဘုရားကြီးက ဟောကြားတော်မူသောအခါ ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးသည် အားရနှစ်သက်တော်မူလေသတည်း။

---

## ၇–မဟာဒဏ်လျှော့ချက်နှင့် နောက်တစ်သက် မှတ်လောက်အောင် သဘောထား၍ ဟောကြားတော်မူခြင်း

မန္တလေး ရတနာပုံနေပြည်တော်ကြီးကို လက်မွန်အာဒိက ပထမရှေးဦး ဘုန်းရောင်မြူးလျက် အထူးအံ့ဖွယ် ကြီးကျယ်စွာ ဖန်ဆင်းစံမြန်းတော်မူသော ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးဘုရား လက်ထက်တော်အခါ သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့်တကွ တံဆိပ်တော်ရ ဆရာတော်တို့အား လျှောက်

www.burmeseclassic.com

www.burmeseclassic.com



ထားတိုင်ပင်၍ သံဃာတော်မြတ်များ နေလွှဲလျှင် ကွမ်းစားဆေးသောက်၊ အကြောင်းမဲ့အရပ်တွင်း၌ ဖိနပ်စီး၊ ထီးဆောင်း၊ ယင်းသို့စသော အမှုများကို မပြုမလုပ်တော်မူကြရန် မဟာဒဏ်ဝန်-မဟာဒဏ်စာရေးတို့နှင့် စောင့်ရှောက်ကြည့်ရှု သာသနာပြုတော်မူသတည်း။

## မဟာဒဏ်တို့ လျှောက်ထားပုံ

အခါတစ်ပါး မဟာဒဏ်စာရေးတို့သည် ဒက္ခိဏာရာမတိုက်တွင်းရှိ ကျောင်းများသို့ လှည့်လည်ကြည့်ရှု စုံစမ်းရာ ကျောင်းတစ်ကျောင်း၌ ရဟန်းတော်တစ်ပါး ဆေးသောက်နေသည်ကို တွေ့ရှိသဖြင့် ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု တံဆိပ်နာမံ အလှူတော် အပူဇော်ခံရသော ဘုရားကြီး ဆရာတော်ဘုရားကြီးထံသို့ လာရောက်ခစားကာ ဤသို့ လျှောက်ထားသည်။

"အရှင်ဘုရား၊ တပည့်တော်များသည် မင်းတရားကြီး အမိန့်တော်မြတ်အတိုင်း သံဃာတော်များ နေလွှဲလျှင် ကွမ်းစား ဆေးသောက် အရပ်ထဲ၌ အကြောင်းမဲ့ ဖိနပ်စီး ထီးဆောင်းခြင်း စသောအမှုများကို မပြုမလုပ်ကြရန် မဟာဒဏ်ဝန်-မဟာဒဏ် စာရေးများက စောင့်ရှောက်ကြည့်ရှုရသည်ဖြစ်၍ ယခု ဆရာတော်ဘုရားကြီး၏ တိုက်တွင်းရှိ ကျောင်းများသို့ လှည့်လည်ကြည့်ရှုရာ ရဟန်းတော်တစ်ပါး ဆေးသောက်နေထိုင်သည်ကို တွေ့ရှိပါသည်။ အရှင်ဘုရားခေါ်၍ ဆုံးမတော်မူပါမည့်အကြောင်း"နှင့် ခွင့်တောင်း လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားကြီးက မဟာဒဏ်စာရေးတို့ ဆေးသောက်နေထိုင်သော ရဟန်းကို အဘယ်မှာ တွေ့ရှိခဲ့သနည်းဟု မေးတော်မူလျှင် အရှင်ဘုရား ကျောင်းခန်းထဲ၌ သောက်နေသည်ကို တွေ့ခဲ့ပါသည်ဘုရားဟု လျှောက်ထားသည်။

## အခန်းထဲဝင်ကြည့်လျှင် ယယ်ပါကိုယ် တွေ့နိုင်

ထိုအခါ ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ မဟာဒဏ်စာရေးတို့-အရေးပြုလောက်သော နေရာမှသာ အရေးပြုရမည်။ ယခု ရဟန်းသံဃာ ဆေးသောက်သည်မှာ ရပ်ရွာအတွင်းလည်း မဟုတ်, အသာရုပ္ပ အခွင့်မသင့်မလျော် လမ်းပေါ်၌ သောက်သည်လည်း မဟုတ်, ဖုံးအုပ်ကွယ်ထောင့်သော ကျောင်းခန်း အတွင်း၌ မလွတ်မကင်းနိုင်အောင် မရှောင်မကြည်နိုင်သေးသောအခိုက် သူ့ကို

www.burmeseclassic.com



## ၁၀–ယောက္ခမက သမက်မချစ်၍ စာပစ်သည်နှင့်တူပုံကို ဥဒါဟရဏ် ထုတ်ပြလျက် နှုတ်ဟမိန့်ကြားတော်မူခြင်း

ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော မန္တလေးမြို့တောင်ပြင် ဒက္ခိဏာရာမတိုက် ဘုရားကြီးဆရာတော်ဘုရားကြီးသည် အသီးသီးသော စာသင်သား တပည့်များတို့ကို သင်ကြားပြသ ပို့ချသီတင်းသုံးတော်မူသောအခါ ဆရာတော်ဘုရား၏ တပည့် ရှင်ကဝိဆိုသော သာမဏေသည် စာပေကျမ်းဂန်များကို သင်ကြားနည်းခံ၍ အတော်အတန် သိကျွမ်းလျက် ပညာဉာဏ်စွမ်းနှင့် ပြည့်စုံသတတ်။

ထိုသာမဏေသည် အခါတစ်ပါး မိဘများကို သနားသည့်အတွက် ညှာငဲ့ကွက်၍ လူထွက်မည် စိတ်ထားနှင့် ဆရာတော်ဘုရားထံ ခစားလျက် "အရှင်ဘုရား တပည့်တော်မှာ နှစ်ဖြာသော မိဘတို့ကလည်း အတိဒုက္ခ အလွန်ဆင်းရဲလှသောကြောင့် တတ်အားသမျှ ကူထောက်၍ စောင့်ရှောက်လုပ်ကျွေးရအောင် လူ့ဘောင်သို့ ထွက်ရန်အရေးကို ခွင့်ပေးတော်မူပါဘုရား"ဟု လျှောက်လေသည်။

### စဉ်းစားပါဦး

ဆရာတော်ဘုရားကြီးက၊ ဟဲ့–ရှင်ကဝိ နင့်အမိတို့ အတိဒုက္ခရောက်သည်ကိုလည်း နောက်နောက်က ကုသိုလ်ကံနည်း၍ ဆင်းရဲခြင်းနှင့် တွေ့ကြုံရသည်။ ယခု မင်းထွက်၍ လုပ်ကိုင်ကျွေးမွေးမည်ဆိုသော်လည်း ကုသိုလ်မရှိက မင့်မိဘတို့ ချမ်းသာလာကြမည်မဟုတ်။ ငါ့ရှင်မှာ စာပေကျမ်းဂန်ကို သင်၍ သိမြင်တတ်စွမ်းရဟန်းပြုစေမည်ဟု ဆရာတော်အောက်မေ့သည်။ အကယ်၍ ဆရာတော်ပြောသည်ကို နားမထောင်၊ လူ့ဘောင်သို့ ထွက်သွားပြန်က စားရန် ဝတ်ရန် အတန်တန်သောကိစ္စ ကြောင့်ကြဖွယ် အသီးသီးတို့နှင့် ကြီးစွာသော ဒုက္ခကို သင်တွေ့ရမှာ ငါမြင်သည်၊ ငါ့ရှင် စဉ်းစားဦးလော့ဟု မိန့်တော်မူ၏။

ထိုသို့ မိန့်တော်မူသည်ကို မနာယူဘဲ လူဝတ်လဲ၍ မိဘများအိမ်၌ နေရာလ–နှစ်ကြာသော် ဓမ္မတာသဘောအားဖြင့် သားမယားရလျှင် အာဟာရ ပရိယေသန ဒုက္ခတာဝန်သည် အလွန်ကျဉ်းကျပ်လျက် အပြတ်ပြတ်အလပ်လပ် ရှိသတည်း။ ထိုသာမဏေလူထွက်သည် ခဲခက်ဆင်းရဲသော အကြောင်းကြောင့် အောက်မေ့ဆင်ခြင်သည်မှာ–ယခင် ဆရာတော်ဘုရား မိန့်ကြားဆုံးမ ဩဝါဒပေးသည်ကို

www.burmeseclassic.com

www.burmeseclassic.com



အရေးမပြု ဂရုမစိုက် စိတ်အလိုလိုက်မိသည်မှာ ငါမိုက်လှပါတကား-အလွန်ကြီးမားချေသည်ဟု ကြံစည်စဉ်းစား နောင်တ-တရား ကြီးစွာဖြစ်ပွား၍ ဆရာတော်ဘုရားကြီးကို သတိရသည်နှင့် ငါ့အား ပို့ချသင်ပြဖူးသော ကျေးဇူးရှင် ဆရာတော်ဘုရား၏ တရားကို မနာရသည်မှာ အတော်ကြာပေပြီ ငါသွားအံ့ဟု နှလုံးပိုက်၍ ဘုရားကြီးတိုက် ဆရာတော်ဘုရားကြီးအပါးသို့ အခစားဝင်လေသတည်း။

ဆရာတော်ဘုရားအထံသို့ ရောက်လျှင် နင် အဘယ်သူနည်းဟု မေးတော်မူသော် တပည့်တော် 'ကဝိ' ပါဘုရားဟု လျှောက်၏။

## ဆင်းရဲလှပါသည်

ထိုအခါ ဆရာတော်ဘုရားက ဩော်-ကဝိလား လူထွက်သွားကတည်းက ငါ့ထံများ မရောက်တာကြာပြီ၊ နင်-ဘာလုပ်စားသနည်းဟု မေးလျှင် အရှင်ဘုရား တပည့်တော်မှာ မည်သည့်အလုပ်ဟူ၍ လက်ဆုပ်လက်ကိုင် မရှိပါ။ ရှေးအခါက အရှင်ဘုရား များစွာဆုံးမ ဩဝါဒပေးသည်ကို အလေးမပြု ဂရုမစိုက် အလွန်မိုက်မိပါသည်။ လူ၏ဘောင်တွင် အိမ်ရာထောင်ခြင်းကိစ္စသည် အတိသမ္မာဝ ကျဉ်းကျုံးသော ဒုက္ခကို ယခုမှ သေသေချာချာ သိရပါသည်။ တပည့်တော်မှာ အလွန်မွဲ၍ ဆင်းရဲလှပါသည်ဘုရားဟု လျှောက်၏။

## စာပစ်တာနှင့်တူနေပြီ

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ အင်း-ငါ့တပည့်မှာ "ယောက္ခမက သမက်ကို မချစ်၍ စာပစ်တာနှင့် တူနေပြီ"ဟု မိန့်တော်မူ၏။

ထိုအခါ တပည့်အရင်း အတွင်းနေ အန္တေဝါသိကဖြစ်သူ မောင်ကဝိက ယောက္ခမက စာပစ်ဟန်ကို လင်းပြန်တော်မူပါဘုရားဟု လျှောက်ထားသောအခါ မိန့်သည်မှာကား… ရွာတစ်ရွာတွင် ဒါယကာကြီးတစ်ဦး၌ အထူး အရုပ်ဆိုးသော သမက်တစ်ယောက်သည် ရှိ၏။ ကိုယ်ကြီး ခေါင်းသေး၍ မုတ်ဆိတ်မွေးထူ၏၊ ထိုအခါ ယောက္ခမဖြစ်သူက ဤသူအား သမက်ပြုရချက် ရိုင်းလေသည်။ နေ့ရှိတိုင်း အမြင်ကတ် အနေရကျပ်တော့သည်ဟု အောက်မေ့၍ မလျှောက်ပတ်အောင် စာရေးလျက် အိမ်နံ့ဘေးတွင် ကပ်ထားသည်မှာ "ကိုယ်ကြီးခေါင်းသေး မုတ်မိတ်မွေးထူ၏၊ လူမိုက်ဟူသည်တည်း"။ ဤကဲ့သို့ ရေးသားသောအချက်ကို သမက်မြင်ရာ ဤစာသည် တစ်ပါးသူကို ရေးသည်မဟုတ်၊ ငါ့ကိုရေးသောစာ ဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ငါ၏ မှတ်ဆိတ်မွေးကလည်း စာရေးချင်အောင် ရှုပ်လှသည်၊ ဤရက် ဤနေ့ကစ၍ ဧကန္တမထားဟု မေးဖျားကို မီးနှင့်မြိုက်ရာ ခေါင်း၌ရှိသော ဆံပင်ပါ အကုန်လောင်၍ တက်တက်ပြောင် ဖြစ်လေသတည်း။

ထိုအခါ သမက်သည် စိတ်ပျက်သောအရေးနှင့် ကြံတွေးသည်မှာ ရေးသော စာသည် လွန်စွာမှန်ပါပေ၏၊ အကျည်းတန်ရုံတွင် မနေသော မှတ်ဆိတ်မွေးမီးမြိုက်၍ လူမိုက်ဖြစ်ပြန်ပြီတကားဟု စဉ်းစားမှ သတိရသတဲ့ တပည့်တို့ရဲ့။

ဤအတူ ယခုလည်း ကိုယ့်အမိုက်ကို မီးမြိုက်ခါမှ သတိရမည့် အကောင်ပဲဟု မိန့်တော်မူသောအခါ အပါးတော်မှာရှိသော ရဟန်းအပေါင်းတို့သည် သောင်း သောင်းအုတ်အာ များစွာ ရယ်မောကြလေကုန်သတည်း။

---

## ၁၁–ဧရဲကြီးမှ ဧရဲလေးကိုနိုင်သည် ဆိုသောစကားကို ဖြေကြားတော်မူခြင်း

မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဌမသင်္ဂါယနာတင် ဘဝရှင် မင်းတရားကြီးသည် မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမတိုက် ဘုရားကြီး ဆရာတော်ဘုရားကြီးကို နန်းတော်သို့ပင့်၍ သင့်တင့်လျောက်ပတ် ကောင်းမြတ်ဖွယ် ရာသော ဘောဇဉ်ဆွမ်းတို့ဖြင့် လှူဒါန်းဆက်ကပ်ပြီးလျှင်၊ အရှင်ဘုရား ယခုလောက၌ တစ်ယောက်သောသူက ပါဏာတိပါတ စသော မကောင်းမှုပြုသည်ကို တစ်ယောက် သောသူမြင်ရာ သင့်အား ဧရဲကြီးတတ်သည်။ ဤအမှုကို မပြုလင့်ဟု ဆုံးမသော အခါ ပါဏာတိပါတ စသော မကောင်းမှုကိုပြုသူက "ဧရဲကြီးမှ ဧရဲလေးနိုင်သည်" ဟုပြောဆိုပါသည်။ ထိုသို့ပြောဆိုသောစကား ဘုရားဟောကျမ်းဂန်နှင့် ညီ–မညီ ကို သိလိုပါသည်ဘုရားဟု လျှောက်ထားလေ၏။

### ဧရဲကြီး ဧရဲလေးနိုင်သည်ဆိုသည်မှာ ကျမ်းဂန်နှင့်ညီ

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒကာတော် ရေမြေ့ရှင်၊ ဧရဲကြီးမှ ဧရဲလေးကို နိုင်သည်ဆိုသောစကားသည် ကျမ်းဂန်များနှင့် အညီပင်ဖြစ်သည်။ အဘယ်ကဲ့သို့ ဖြစ်သနည်းဟူမူကား လဟုကဖြစ်သော ကံသည် ဂရုကဖြစ်သော အနန္တရိယကံပြုမိက သေးငယ်သောလဟုက ပါပကံသည်

www.burmeseclassic.com



## ၅–"အပျိုကြီးနှင့် လူပျိုကြီး စကားထာဝှက်သလို" ဟူသော ဥပမာဖြင့် သုဓမ္မာဆရာတော်တို့အား မိန့်ကြားတော်မူခြင်း

အခါတစ်ပါး ဒက္ခိဏာရာမတိုက် ဘုရားကြီး ဆရာတော်ဘုရားကြီးသည် အကြောင်းကိစ္စတစ်ခုနှင့် သုဓမ္မာဇရပ်သို့ ကြွတော်မူသောအခါ သုဓမ္မာဇရပ်တွင် နိုင်ငံတော်အတွင်းမှ မရှင်းမလင်းသော အမှုအရပ်ရပ်တို့ကို ဆုံးဖြတ်စီရင်တော်မူနေဆဲ ဖြစ်၍ ဆွေးနွေးတိုင်ပင်သောအားဖြင့် ဘုရားကြီးဆရာတော်ဘုရားကြီးအား ဤသို့ လျှောက်ထားကြသည်။

"တပည့်တော်တို့သည် တရားအရပ်ရပ်ကို ဆုံးဖြတ်စီရင်ရသည်မှာ အမှုသည် နှစ်ဦးတို့၏ အထွက်ကို (ထွက်ချက်) ဉာဏ်မျက်စိဖြင့် ဆင်ခြင်တိုင်းထွာ၍ယထာဓမ္မ သံဃသုဋ္ဌု သံဃာဖာသုဖြစ်အောင်သာ သဘောထားရပါသည်။ ဘုရားရဟန္တာ မဟုတ်ကြ၍ မုချသိရန် ခဲယဉ်းကြောင်းနှင့် လျှောက်ထားလျှင် ဘုရားကြီးဆရာတော် ဘုရားက မိန့်ကြားတော်မူသည်မှာ... "အပျိုကြီးနှင့် လူပျိုကြီး စကားထာဝှက် သလိုပ–လေ၊ နှစ်ဦးနှစ်ဖက်၊ ကျေအေးအောင် ကြံဆောင်၍ ဖြေဖြန်ပြီး လွှတ်သင့် သည့်အရာမှာ ဖြေဖြန်၍ လွှတ်ရသည်ပင်"ဟု မိန့်တော်မူ၏။

### ဏကြီးပယ်မှ နငယ်နှင့်နီးမည်

ထိုအခါ သုဓမ္မာဆရာတော် အသီးသီးတို့က အပျိုကြီးနှင့် လူပျိုကြီး စကား ထာဝှက်သည်ကို အချက်ကျ မိန့်တော်မူပါဦးဘုရားဟု တောင်းပန်ကြရာ၊ မိန့်သည် မှာကား... ရှေးသောအခါ ရွာတစ်ရွာတွင် ပညာဉာဏ်နှင့် ပြည့်စုံသော အပျိုကြီး တစ်ယောက် ရှိသတတ်။ ထိုအပျိုကြီး၏ စကားထာကို ကောင်းစွာ မဖြေဆိုနိုင် ကြသည့်အတွက် ရှက်သောအားဖြင့် ယောကျ်ားသာမညတို့ သွား၍ စကားမပြော ဝံ့ကြကုန်။ တစ်နေ့သောအခါ ၎င်းရွာက လူပျိုကြီးတစ်ဦးသည် အထူးသဖြင့် ခင်မင် နှစ်သက်သောကြောင့် ယခင်အပျိုကြီးထံသို့ ညဥ့်ဦးယံသွားရာ စကားထာကို အပျိုကြီးဝှက်သည်မှာ– **"ဏ–ကြီးကိုပယ်မှ၊ န–ငယ်ကိုနီးပါ့မယ်–မောင်ကြီးရယ်"** ဟု ဝှက်လေသတည်း။

ထိုအခါ လူပျိုကြီးက ကြံသည်မှာ ဉာဏ်ကလည်းနည်းသဖြင့် 'ဏ–ကြီး ပယ်'မှ ဆိုသည်ကား အခြားမဟုတ် နီနီရဲရဲ အထက်ဆင့်ကိုရည်မှန်း၍ ဆိုဟန်ရှိ

www.burmeseclassic.com



သည်။ 'န–ငယ်ကို နီးမယ်'ဆိုသည်ကား အခြားမဟုတ် အသားမြတ်ကို ရည်မှန်း၍ ဆိုဟန်ရှိသည်၊ ကေန်ပင်ဖြစ်မည်ဟု မိမိအလိုရှိရာသို့ လိုက်၍ အကြိုက်ကို တွေးပြီးလျှင် ပေးလိုက်၍ ပြောသည်ဟု အဆောတလျှင် ထပြီးလျှင် "ထညသမာသန" ရင်သားကိုင်တွယ်မှုကို ပြုလေသတည်း။

ထိုအခါ အပျိုကြီးသည် ယမ်းမီးပမာ ပြင်းစွာအမျက် ရက်လည်းရက်သည်နှင့် ရတ်တရက် ရွာသူကြီးထံသွား၍ စကားမျိုးအလုံးစုံကို အကုန်မကျန် ပြန်လှန်တိုင်ကြားလျှင် ယခင်လူပျိုကြီးကိုခေါ်၍ မသင့်မလျော် မောင်မင်းသည် အတင်းအဓမ္မ "ထညသမာသန" အမှုကို ပြုသည်မှန်သလောဟု သူကြီးက မေးမြန်းစစ်ဆေးက လူပျိုတရားခံက အမှန်ပင်ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်သည် အခွင့်မရဘဲ အဓမ္မ သုံးသပ်သည် မဟုတ်ပါ။ ရှေးဦးစွာ အပျိုကြီးကစ၍ "ဏ–ကြီးကိုပယ်မှ၊ န–ငယ်ကို နီးပါ့မယ်မောင်ကြီးရယ်"ဟု စကားပေး၍ သုံးသပ်မိပါသည်ဟု ပြောသောအခါ ရွာသူကြီးက "ဏ–ကြီးကိုပယ်မှ၊ န–ငယ်ကိုနီးပါ့မယ် မောင်ကြီး ရယ်"ဟု ဆိုရုံမျှနှင့် အဘယ်အဓိပ္ပါယ်တွက်ကို စဉ်းစား၍ မင်းသွားပြီး သုံးသပ်ရသနည်းဟု မေးပြန်လျှင် ကျွန်တော်၏ တွေးနည်းမှာ 'ဏ–ကြီးကိုပယ်မှ'ဆိုသည်ကား အခြားမဟုတ်၊ နီနီရဲရဲ အထက်ဆင်ပဲဟု တွေးပါသည်။ 'န–ငယ်ကို နီးပါ့မယ်' ဆိုသည်ကား အခြားမဟုတ် အသားမြတ်ကို ဆိုသည်ဖြစ်မည်ဟု ကြံစည်ပြီးလျှင် သူပေးချင်၍ စ–တင်ကာ ပြောသည်ဟု သဘောရရှိသဖြင့် ပြုမိပါသည်ဟု အစစ်ခံလေသတည်း။

ထိုအခါ ရွာသူကြီးက အပျိုကြီးကို တစ်ဖန် စစ်မေးပြန်သည်မှာ အသင်သည် အဘယ်အဓိပ္ပာယ်နှင့် "ဏ–ကြီးကိုပယ်မှ၊ န–ကိုနီးပါ့မယ်–မောင်ကြီးရယ်"ဟု ဝှက်သနည်းဟု အပျိုကြီးအား တစ်ဖန်မေးပြန်သော် ကျွန်တော်မသည် "ဏ–ကြီးကိုပယ်မှ၊ န–ငယ်ကိုနီးပါ့မယ်–မောင်ကြီးရယ်" ဆိုသည်မှာ ဏ–ကြီးဟု ဆိုအပ်သော တဏှာ–ကိုပယ်မှ န–ငယ်ဟုဆိုအပ်သော နိဗ္ဗာန်သို့ရောက်မည်၊ ဤကိုရည်၍ ဝှက်ပါသည်ဟု ထွက်ဆိုလေသတည်း။

ထိုအခါ ရွာသူကြီးက အင်း... ယင်းသို့ဖြစ်ခဲ့လျှင် ကိုယ့်စိတ်ကူးနှင့် ကိုယ့်အကြံ နှစ်ယောက်လုံး အမှန်ချည်းပဲ၊ တန်ကြ မပြောကြနှင့်ဟု ဖြန်ဖြေ၍ လွှတ်ရသတဲ့ ဆန္ဒရာတော်တို့။

ဤအတူ ယခုလဲပဲ အမှုအေးပြီးရော့ပ၊ သည်းညည်းခံကြလို့ ဖြန်ဖြေ၍ လွှတ်တန်သော နေရာမှာ ဖြန်ဖြေလွှတ်လိုက်ရတာပ ဆရာတော်ဘုရားတို့ဟု

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ရှိတော်မူသောအခါ သုဓမ္မာဆရာတော်ဘုရားတို့သည် အားရနှစ်သက်တော်မူကြလေသတည်း။

---

## ၆–ဘဝရှင်မင်းတရားကြီးအား ကွမ်းထမ်းသမားဥပမာဖြင့် မိန့်ကြားတော်မူခြင်း

အခါတစ်ပါး ဘဝရှင်မင်းတရားကြီးသည် ပိဋကတ္တယဆေက, နာနာနယကောဝိဒ, ဂန္ထန္တရပါရဂူ ဖြစ်တော်မူသော ဒက္ခိဏာရာမတိုက် ဘုရားကြီးဆရာတော်ဘုရားကြီးကို ရှေးနန်းတော်သို့ ပင့်၍ သင့်တင့်လျောက်ပတ် မွန်မြတ်ဖွယ်ရာသော အရသာဘောဇဉ် ဆွမ်းတို့ဖြင့် လှူဒါန်းဆက်ကပ်ပြီးသောအခါ ပဋ္ဌမသင်္ဂါယနာတင်ဘုရင်မင်းတရားကြီးက ဤသို့ လျှောက်ထားသည်။

အရှင်ဘုရား ဒကာတော်မှာ ရှေးရှေးသော ဘုရားလောင်း မင်းကောင်းမင်းမြတ်ဗောဓိသတ် ဖြစ်တော်မူကြကုန်သော နေမိ, ဓမ္မသုန္ဒရ, သာဓိန–စသော မင်းတို့ကဲ့သို့ တစ်ကိုယ်ချင်း တောသို့ထွက်၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်းကောင်းသော အကျင့်များကို အားထုတ်လိုသော ဆန္ဒပင်ရှိသော်လည်း သာသနာတော်၏ အတွက်, မိဖုရားမောင်းမမိဿံ ခြွေရံမှူးမတ် ဆွေတော် မျိုးတော်သားတော် သမီးတော်တို့၏အတွက်, တိုင်းပြည်ခရိုင် နိုင်ငံတော်အတွင်း ဆင်းရဲသားများစွာ သတ္တဝါအပေါင်းတို့အတွက် ငဲ့ကွက်ညှာတာခြင်း သံယောဇဉ်တရားဆီးတားကန့်ကွက်သောအရာ များသေး၍ တရားကို အားမထုတ်နိုင်ဘဲ ရှိပါသေးသည်။ တကယ်ပင် အသက်အရွယ်ရင့်၍ အခွင့်အခါရသောကာလ အားထုတ်မှသင့်လျော်မည်ဟူသောအကြံနှင့် အမှန်အားထားဆဲ ရှိပါသည်ဘုရား”ဟု လျှောက်ထားသည်။

ဘုရားကြီးဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ သာသနာ့ဒါယကာမဟာဧကရာဇ်မင်းမြတ်၊ ဆရာတော် ဥပမာတစ်ခုပြောမည် သဘောနှင့် နာတော်မူလော့။

ရှေးသောအခါက ရွာတစ်ရွာတွင် လယ်သမားတစ်ယောက် လယ်လုပ်ရာပျိုးနုတ်ရန်ကိစ္စရှိလျက် သစ်ပင်၏ အရိပ်တွင် ခိုဝင်နေနား စကားဤသို့ဆိုသတတ်၊ နေက အလွန်ပူသေးသည်၊ နေအေးမှ အသာဆင်း၍ ပျိုးနုတ်မှ ရုတ်တရက်မကြာ

www.burmeseclassic.com



ပျိုးတစ်ရာ အသာကလေးရမည်၊ ခဏလောက်နေခိုအံ့ဟု ပြောဆိုနေသည်ကို ထိုသစ်ပင်ရိပ်သို့ နားနေအံ့ဟု လာသော ကွမ်းထမ်းသမားတစ်ယောက်သည် သစ်ပင်ရိပ်သို့ မရောက်မီက လယ်သမားပြောဆိုသော စကားကိုကြား၍ ဆင်ခြင်သည်မှာ ဤလယ်သမားသည် လုပ်အားကိုင်အားဖြင့် စွန့်စားမည့်သူနှင့်တူသည်။ ထိုသူ၏ ပျိုးနုတ်ဟန်ကို အတန်ငယ်ကြည့်ပြီးမှ မိမိ၏ကွမ်းများကို သွား၍ရောင်းချအံ့ဟု နလုံးသွင်း၍ သစ်ပင်ရင်း၌ ထိုင်၍စောင့်နေ၏။

## အိမ်ပြန်သွားပြီ

ထိုအခါ ယခင်လယ်သမားက စကားတစ်ဖန် ဆိုပြန်သည်မှာ နေအေးမှ ပျိုးနုတ်မည်ဟု ကြံစည်၍ နားပါသည်။ နေများကလည်း မြန်သောကြောင့် ကြံဆရှိသေး နေဝင်သွားပြီ၊ ငါကား ယနေ့ မနုတ်သာ နက်ဖြန်ခါမှ နုတ်တော့မည်ဟု ဆို၍ အိမ်သို့ပြန်သွားလေ၏။

ထိုအခါ ကြည့်ရှုအံ့ဟု စောင့်၍နေသော ကွမ်းထမ်းသမားသည် စောင့်စားနေထိုင်မိသော အကြောင်းကြောင့် ကွမ်းမရောင်းရဘဲ နေရှာသတဲ့–သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ်။

ဤအတူ ဒကာတော်မှာလည်း တိုင်းသူပြည်သား မိဖုရား မောင်းမမိဿံ ခြွေရံမှုးမတ် အရပ်ရပ်တို့အတွက် ငဲ့ကွက်စောင့်စားနေလျှင် ကွမ်းထမ်းသမား ကွမ်းပုပ်သကဲ့သို့ အားမထုတ်ဘဲ ရှိတတ်သည် ဒကာတော်။ ဤကဲ့သို့ ဘုရားကြီး ဆရာတော်ဘုရားကြီးက ဟောကြားတော်မူသောအခါ ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးသည် အားရနှစ်သက်တော်မူလေသတည်း။

---

## ၇–မဟာဒဏ်လျှော်ချက်နှင့် နောက်တစ်သက် မှတ်လောက်အောင် သဘောထား၍ ဟောကြားတော်မူခြင်း

မန္တလေး ရတနာပုံနေပြည်တော်ကြီးကို လက်မွန်အာဒိက ပထမရှေးဦး ဘုန်းရောင်မြူးလျက် အထူးအံ့ဖွယ် ကြီးကျယ်စွာ ဖန်ဆင်းစံမြန်းတော်မူသော ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးဘုရား လက်ထက်တော်အခါ သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့်တကွ တံဆိပ်တော်ရ ဆရာတော်တို့အား လျှော်

www.burmeseclassic.com



ထားတိုင်ပင်၍ သံဃာတော်မြတ်များ နေလွှဲလျှင် ကွမ်းစားဆေးသောက်၊ အကြောင်းမဲ့အရပ်တွင်း၌ ဖိနပ်စီး၊ ထီးဆောင်း၊ ယင်းသို့စသော အမှုများကို မပြုမလုပ်တော်မူကြရန် မဟာဒဏ်ဝန်-မဟာဒဏ်စာရေးတို့နှင့် စောင့်ရှောက်ကြည့်ရှု သာသနာပြုတော်မူသတည်း။

## မဟာဒဏ်တို့ လျှောက်ထားပုံ

အခါတစ်ပါး မဟာဒဏ်စာရေးတို့သည် ဒက္ခိဏာရာမတိုက်တွင်းရှိ ကျောင်းများသို့ လှည့်လည်ကြည့်ရှု စုံစမ်းရာ ကျောင်းတစ်ကျောင်း၌ ရဟန်းတော်တစ်ပါး ဆေးသောက်နေသည်ကို တွေ့ရှိသဖြင့် ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်နာမံ အလှူတော် အပူဇော်ခံရသော ဘုရားကြီး ဆရာတော်ဘုရားကြီးထံသို့ လာရောက်ခစားကာ ဤသို့ လျှောက်ထားသည်။

"အရှင်ဘုရား၊ တပည့်တော်များသည် မင်းတရားကြီး အမိန့်တော်မြတ်အတိုင်း သံဃာတော်များ နေလွှဲလျှင် ကွမ်းစား ဆေးသောက် အရပ်ထဲ၌ အကြောင်းမဲ့ ဖိနပ်စီး ထီးဆောင်းခြင်း စသောအမှုများကို မပြုမလုပ်ကြရန် မဟာဒဏ်ဝန်-မဟာဒဏ် စာရေးများက စောင့်ရှောက်ကြည့်ရှုရသည်ဖြစ်၍ ယခု ဆရာတော်ဘုရားကြီး၏ တိုက်တွင်းရှိ ကျောင်းများသို့ လှည့်လည်ကြည့်ရှုရာ ရဟန်းတော်တစ်ပါး ဆေးသောက်နေထိုင်သည်ကို တွေ့ရှိပါသည်။ အရှင်ဘုရားခေါ်၍ ဆုံးမတော်မူပါမည့်အကြောင်း"နှင့် ခွင့်တောင်း လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားကြီးက မဟာဒဏ်စာရေးတို့ ဆေးသောက်နေထိုင်သော ရဟန်းကို အဘယ်မှာ တွေ့ရှိခဲ့သနည်းဟု မေးတော်မူလျှင် အရှင်ဘုရား ကျောင်းခန်းထဲ၌ သောက်နေသည်ကို တွေ့ခဲ့ပါသည်ဘုရားဟု လျှောက်ထားသည်။

## အခန်းထဲဝင်ကြည့်လျှင် ငယ်ပါကိုယ် တွေ့နိုင်

ထိုအခါ ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ မဟာဒဏ်စာရေးတို့-အရေးပြုလောက်သော နေရာမှသာ အရေးပြုရမည်။ ယခု ရဟန်းသံဃာ ဆေးသောက်သည်မှာ ရပ်ရွာအတွင်းလည်း မဟုတ်, အသာရပ္ပ အခွင့်မသင့်မလျော် လမ်းပေါ်၌ သောက်သည်လည်း မဟုတ်, ဖုံးအုပ်ကွယ်ထောင့်သော ကျောင်းခန်း အတွင်း၌ မလွတ်မကင်းနိုင်အောင် မရှောင်မကြည်နိုင်သေးသောအခိုက် သူ့ကို

www.burmeseclassic.com



ကြိုက်၍ မသိလိုက်မသိဘာသာ သောက်ကြရသည်ကို သေသေချာချာ အခန်းတွင်း သို့ဝင်၍ တမင်ကြည့်သည်ကို မသိမမြင်ဘဲ ရှိမည်လား။ အခန်းထဲဝင်ရာလျှင် "ငယ်ပါကိုပင် မြင်လိမ့်ဦးမည်"ဟု အမိန့်တော်ရှိလျှင် ရှုကြည့်သူ မဟာဒဏ်စာရေး တို့သည် ပြန်ပြေးကြလေကုန်သတည်း။

---

## ၈–မီးအိမ်ပျံနန်းတော်သို့ ကျသောအကြောင်းနှင့် စပ်လျဉ်း၍ စာသွင်းတော်မူခြင်း

အခါတစ်ပါး မန္တလေး ရတနာပုံနေပြည်တော်ကြီး တောင်ပြင် ဒက္ခိဏာရာမ တိုက်ကြီးအတွင်း မင်းမာကျောင်း၌ သီတင်းသုံးနေသော မိုးကုပ်သားဖြစ်သော ရဟန်းတော်တစ်ပါးသည် သီတင်းကျွတ်အခါဖြစ်၍ စာဝါချထား အားလပ်သည့် အခါ ဝါသနာထုံ၍ မီးအိမ်ပျံတစ်လုံး ချိုးလုပ်စီမံလျက် ရေနံမီးစာနှင့်ကွ 'ဒက္ခိဏာ ရာမတိုက်က လုပ်သော မိုးဂုပ်မီးအိမ်ပျံ'ဟူ၍ စာနံ့အထူး ထန်းဖူးတွင် ရေးဆွဲလျက် တိုက်ထဲမှ လွှတ်လိုက်လေသတည်း။

### နန်းတော်ပေါ် မီးပုံးပျံကျ၍

ထိုအခါ ကောင်းကင်သို့ တက်သွားသော မီးအိမ်ပျံသည် ရေနံအဟုန် အား ကုန်သည့်အတွက် အောက်သို့သက်ပြီးသော် နန်းတော်၌ ကျလေသတတ်။

### မီးရုပ်မီးပုံးပျံဟု ဖတ်ပြီး

ထိုအခါ နန်းသားနန်းသူ ကြွက်ဆူအော်ည် ပြောဆိုကြသောအသံကို အရန် သင့် မင်းတရားကြီး ကြားသိတော်မူသဖြင့် တက်ယူစေပြီးလျှင် မီးအိမ်ပျံတွင် ပါသောစာကို သေချာစွာ ဖတ်ချေဟု အမိန့်တော်ရှိရာ မဆိုင်းမတွ ဖတ်ပြရသည် နှင့် မိုးကုတ်မီးအိမ်ပျံဟု ရေးသောစာတွင် က–ကြီးနှင့် မရေးဘဲ ဂ–ငယ်တွင် တစ်ချောင်းငင်၍ ရေးသားခြင်းရှိသဖြင့် ထို ဂ–ငယ်အက္ခရာ တစ်ချောင်းငင်ကို အထင်မှောက်သဖြင့် ရကောက်ဟု မှတ်၍ 'မိုးရုပ်မီးအိမ်ပျံ'ဟု မမှန်သည်ကိုဖတ် ကြားလျက် လျှောက်ထား သံတော်ဦးတင်လျှင် ဘုရင်မင်းတရားကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



သည်းစွာ မျက်တော်မူသဖြင့် ဒက္ခိဏာရာမတိုက် အမည်တပ်၍ မိုးရပ်မီးအိမ်ပျံဟု ပါခဲ့လျှင် ဒက္ခိဏာရာမတိုက်သို့သွား၍ ဘုရားကြီးဆရာတော်ဘုရားကြီးထံ မီးအိမ်ပျံ လွှတ်ရင်း မိုးရပ်ကျောင်း ဦးပဉ္စင်းကို ချက်ချင်းလျှောက်၍ တောင်းစေဟု အမိန့် တော်မှတ်လေသည်။

ထို့ကြောင့် အမတ်ငယ်တို့သွား၍ ဆရာတော်ဘုရားကြီးအား လျှောက်ထားသည် မှာ အရှင်ဘုရား မီးအိမ်ပျံတစ်ခု နန်းတော်ပေါ်သို့ကျသဖြင့် စာနှင့်တကွ ရရှိလျက် ပါလာသည့် စာမှာ 'ဒက္ခိဏာရာမတိုက်မြတ်က မိုးရပ်မီးအိမ်ပျံ'ဟု ပါသောကြောင့် သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ်က မိုးရပ်ဦးပဉ္စင်းကို ယခုချက်ချင်း အပ်ရမည် အမိန့်တော်ရှိပါသည်။ အရှင်ဘုရား၏တပည့် ရဟန်းတော် ကို နန်းတော်သို့ အပ်ထည့်တော်မူပါဘုရားဟု လျှောက်ထားလေကုန်သတည်း။

ထိုအခါ ဆရာတော်ဘုရားက စဉ်းစားဆင်ခြင်တော်မူသည်မှာ စာမှား၍ ဖတ်သောကြောင့် မိုးရပ်ဟု အထင်ရှိသည်။ ဘုရင်၏ အလိုတော်ကျအောင် ကြံဆောင်၍ စာသွင်းမှ ဦးပဉ္စင်းရဟန်းငယ်သည် ရာဇ အန္တရာယ် လွှင်ကင်း၍ ချမ်းသာခြင်းရမည်ကို အတည်မြော်ခေါ်လျက် နန်းတော်သို့ စာသွင်းသည့်ကား...

"ဒက္ခိဏာရာမ ဆရာတော် စာသွင်းအပ်သည် သာသနာ့ဒါယကာ မဟာဧကရာဇ် မင်းမြတ်– မိုးရပ်မီးအိမ်ပျံဟူ၍ စာ၌ပါရှိသည်မှာ ဆရာတော်၏ တိုက်မြတ်၌ မိုးရပ်ကျောင်းဟူ၍ မရှိ၊ ဒကာတော်မင်းတရားကြီး၏ ကျေးလက်ခရိုင် နိုင်ငံတော် အတွင်းမှာလည်း မိုးညှင်း၊ မိုးမိတ်၊ မိုးကုပ်၊ မိုးနဲ၊ မိုးမြဲ ဟူ၍သာရှိသည်၊ မိုးရပ် ဟူ၍ အဘယ်အရပ်ဒေသ အဘယ်ဌာနမှာမှမရှိ ဖြစ်သည်။ သို့ဖြစ်၍ မိုးရပ်၏ အကြောင်းကို ထောက်ထားဆင်ခြင်လျှင် လူ့ပြည်တွင် "လူမင်းဘုန်းကြီးက နတ်မင်း တို့မနေနိုင်"ဟု ဆိုရိုးရှိသည်နှင့်အညီ လူ့ပြည်က ဒကာတော် ကေရာဇ်မင်း၏ ဘုန်းတန်ခိုးကြီးပေသောအမှုကြောင့် စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ– စသော နတ်ပြည်များက နတ်သိကြားတို့က မီးဆက်သသော လက္ခဏာ ဖြစ်ဟန် ရှိကြောင်းကို စာသွင်းအပ်သည်၊ သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ်" ဤကဲ့သို့ ရေးသား၍ လျှောက်ထားလာသူ အမတ်ကို ပေးအပ်လိုက်သတည်း။

## မင်းကြီး အမျက်ကျေပြီ

ထိုအခါ လျှောက်ထားလာသူ အမတ်သည် ပေးအပ်သောစာကို ယူသွား၍ မင်းတရားကြီးအား ဆက်သလျှင် အားရနှစ်သက်၍ အမျက်ကျေအေးတော်မူလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ဤကဲ့သို့ ကျဉ်းကျပ်သော အရာဌာန ကိစ္စတစ်ခု အမှုဆိုက်တိုက်လာသောအခါ လျင်မြန်စွာ ကိစ္စချော၍ မင်းသဘောကျအောင် ကြံဆောင်စာသွင်းတော်မူနိုင်ခြင်း သဘောသည် အံ့ဩချီးမွမ်းဖွယ် ကောင်းလှပေသည်။ ယင်းသို့ဖြစ်၍ ဤဘုရားကြီးဆရာတော်ဘုရားကြီးများကဲ့သို့ ကိစ္စဘေးရန် အန္တရာယ်တစ်ခုဆိုက်က ကိုယ်၌ဖြစ်စေ, ကိုယ့်ကိုမှီနေအားထားသော အခြားသူ၌ဖြစ်စေ သေလောက်သော ဘေး ကင်းဝေးရှောင်လွတ်ရန် ကြံစည်ထောက်ပံ့နိုင်လောက်သောပညာ ပြည့်စုံရာ ပြည့်စုံကြောင်းကို ကောင်းစွာ သတိသမ္ပဇဉ်တရားဖြင့် ကြိုးစားအားထုတ်နိုင် ကြပါစေကုန်သတည်း။

---

## ၉–ကျမ်းဂန်ကို အသေအချာမထောက်ဘဲ ခြေရာပျောက် စကားပြောသည်ဟု မိန့်တော်မူခြင်း

ဇာဂရာဘိဝံသ တိပိဋကရေ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု တံဆိပ်နာမံတော် ရှိသော မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမတိုက် ဘုရားကြီးဆရာတော်ဘုရား ကြီးသည် အသီးသီးသော စာသင်သားအပေါင်းတို့ကို နည်းကောင်းပြသ ပို့ချ သင်ကြား အားထုတ်တော်မူသောအခါ ဒါယကာတစ်ယောက်သည် လက်မြှောက် ရိုကျိုး ရှိခိုးလျက် ဤသို့လျှောက်ထားသည်။

"အရှင်ဘုရား၊ ယခုကာလ အချို့သောသူတို့သည် အသက်ကို သတ်ခြင်း စသော မကောင်းမှုဒုစရိုက် ပါပကမ္မကိုပြု၍ ပစ္စည်းကိုရှာရာ များစွာအကျိုးပေးပါ သည်။ ထိုသို့ရသောပစ္စည်းဥစ္စာ ရတနာရွှေငွေ ဆန်ရေစပါး–စသောအားဖြင့် များစွာသော ဝတ္ထုတို့သည် ကုသိုလ်ကြောင့် ရပါသလော, သို့တည်းမဟုတ် အကုသိုလ်ကြောင့် ရပါသလော–ဘုရားဟု လျှောက်ထားဆွေးနွေး၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... "ဒါယကာ၊ ပစ္စည်း ဥစ္စာ အဖြာဖြာကို ရှာကြံ၍ ရသည်မှာ ကုသိုလ်ကြောင့် ရသည်ဟူ၍ မှတ်ရမည်။ သူ၏အသက်ကို သတ်သော ပါဏာတိပါတကံမှာ နောင်အခါ အပါယ်သို့ကျရန် တစ်လမ်းဖြစ်သည်ဟူ၍ မှတ်ရမည်ဟု အမိန့်ရှိရာ ဒါယကာက တစ်ဖန် လျှောက် ထားပြန်သည်မှာ အရှင်ဘုရား တပည့်တော်၏ ဆရာသည် သူ့အသက်ကိုသတ် ခြင်း အစရှိသော နည်းလမ်းကြောင့် ရသောပစ္စည်းဆိုလျှင် အကုသိုလ်ကြောင့်

www.burmeseclassic.com



ရသည်ဟူ၍ မှတ်ရမည်ပြောပါသည်ဘုရားဟုလျှောက်သော် ဆရာတော်ဘုရားက မင့်ဆရာက ကျမ်းဂန်ကို အသေအချာမထောက်ဘဲ ခြေရာပျောက် ပြောဟန်တူသည်။ "မသိသူ အမှတ်မှားအောင် လူဝါကြွား မောင်မြတ်ထင်ပြောသလို ဖြစ်နေသည်"ဟု မိန့်တော်မူရာ ဒါယကာက ဥပမာစကားကို မိန့်ကြားတော်မူပါဟု တောင်းပန်သည်။

ထိုအခါ ဆရာတော်က လင်းပြန်မိန့်ကြားတော်မူသည်မှာ... "ဒါယကာ–ရွာတစ်ရွာတွင် မောင်မြတ်ထင်ဆိုသော သူသည် အယုတ်သဖြင့် ဆင်ကိုမျှမမြင်ဖူးဘဲလျက် အထူးသဖြင့် ဗဟုသုတ အလွန်နည်းပါး၏။ ထိုသို့နည်းပါးသည်ဖြစ်သော်လည်း "အနှစ်မရှိသော တောတွင် ကြက်ဆူပင်မင်းမူသည်"ဟူသကဲ့သို့ ရွာသူရပ်သား တောတွင်းသားတို့၏ အပေါ်တွင် မောင်မြတ်ထင် ဝါကြွား၍ ဆရာသမားကြီးတစ်ခု ပြုလုပ်နေသဖြင့် ရှိသေကြရ၏။ တစ်နေ့သဋ္ဌ ၎င်းရွာမှာ လူတစ်ယောက် လုပ်ကိုင်ထားသော စပါးခင်းတွင် ဆင်ဝင်၍ ညဦးက စားသွားရာ ခြေရာများကို မြင်သဖြင့် လယ်ရှင်ယောကျ်ား ငမိုက်သားကလည်း ဆင်စားသည်ကိုမျှမသိ ခြေရာကိုကြည့်ပြီးလျှင် မောင်မြတ်ထင်အား ဤသို့ မေးသည်။

"ဆရာကြီးခင်ဗျား၊ ကျွန်တော်၏ လယ်ကျင်း၌ ကွင်းကွင်းဝိုင်းဝိုင်းတွေထင်လျက် စပါးများစွာ ပျက်စီးပါသည်။ ဘယ်နည်းကြောင့်ဟူ၍မသိ ပညာရှိပင်ဖြစ်သည်အလျောက် လိုက်၍ ကြည့်စေချင်ပါသည်ဟု ဆိုရာ ထိုဆရာမောင်မြတ်ထင်သည် အလျင်လိုက်သွား၍ လယ်များကို ကြည့်သောအခါ ဆင်ခြေရာကိုမြင်သော်လည်း ဆင်ဟူ၍ သူမသိသောကြောင့် ယုတ္တိဆင်၍ ပြောသည်မှာ "စကောကိုဖိနပ်လုပ်၍ စီးပြီးလျှင် ခြေရာမထင်အောင် ခိုးတာကွဲ့၊ တာမျိုးကိုတွေ့ရှိကသည်လိုချည်း မှတ်ထား"လို့ ဝါကြွား၍ ပြောသတဲ့ ဒကာရဲ့။

ဤအတူ မင့်ဆရာ ကောင်းစွာအဓိပ္ပာယ်မကောက်တတ်သဖြင့် ခြေရာပျောက်စကားပြောသည်ဟု မိန့်တော်မူသောအခါ လျှောက်ထားသူ ဒါယကာသည် များစွာ သဘောကျ နှစ်သက်လေသတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၀–ယောက္ခမက သမက်မချစ်၍ စာပစ်သည်နှင့်တူပုံကို ဥဒါဟရဏ် ထုတ်ပြလျက် နှုတ်ဟမိန့်ကြားတော်မူခြင်း

ဇာဂရာဘိဝံသ တိပိဋကဓရ မဟာမေ့ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော မန္တလေးမြို့တောင်ပြင် ဒက္ခိဏာရာမတိုက် ဘုရားကြီးဆရာတော်ဘုရားကြီးသည် အသီးသီးသော စာသင်သား တပည့်များတို့ကို သင်ကြားပြသ ပို့ချသီတင်းသုံးတော်မူသောအခါ ဆရာတော်ဘုရား၏ တပည့် ရှင်ကဝိဆိုသော သာမဏေသည် စာပေကျမ်းဂန်များကို သင်ကြားနည်းခံ၍ အတော်အတန် သိကျွမ်းလျက် ပညာဉာဏ်စွမ်းနှင့် ပြည့်စုံသတတ်။

ထိုသာမဏေသည် အခါတစ်ပါး မိဘများကို သနားသည့်အတွက် ညှာငဲ့ကွက်၍ လူထွက်မည် စိတ်ထားနှင့် ဆရာတော်ဘုရားထံ ခစားလျက် "အရှင်ဘုရား တပည့်တော်မှာ နှစ်ဖြာသော မိဘတို့ကလည်း အတိဒုက္ခ အလွန်ဆင်းရဲလှသောကြောင့် တတ်အားသမျှ ကူထောက်၍ စောင့်ရှောက်လုပ်ကျွေးရအောင် လူ့ဘောင်သို့ ထွက်ရန်အရေးကို ခွင့်ပေးတော်မူပါဘုရား"ဟု လျှောက်လေသည်။

### စဉ်းစားပါဦး

ဆရာတော်ဘုရားကြီးက၊ ဟဲ့–ရှင်ကဝိ နင့်အမိတို့ အတိဒုက္ခရောက်သည်ကိုလည်း နောက်နောက်က ကုသိုလ်ကံနည်း၍ ဆင်းရဲခြင်းနှင့် တွေ့ကြုံရသည်။ ယခု မင်းထွက်၍ လုပ်ကိုင်ကျွေးမွေးမည်ဆိုသော်လည်း ကုသိုလ်မရှိက မင့်မိဘတို့ ချမ်းသာလာကြမည်မဟုတ်။ ငါ့ရှင်မှာ စာပေကျမ်းဂန်ကို သင်၍ သိမြင်တတ်စွမ်း ရဟန်းပြုစေမည်ဟု ဆရာတော်အောက်မေ့သည်။ အကယ်၍ ဆရာတော်ပြောသည်ကို နားမထောင်၊ လူ့ဘောင်သို့ ထွက်သွားပြန်က စားရန် ဝတ်ရန် အတန်တန်သောကိစ္စ ကြောင့်ကြဖွယ် အသီးသီးတို့နှင့် ကြီးစွာသော ဒုက္ခကို သင်တွေ့ရမှာ ငါမြင်သည်၊ ငါ့ရှင် စဉ်းစားဦးလော့ဟု မိန့်တော်မူ၏။

ထိုသို့ မိန့်တော်မူသည်ကို မနာယူဘဲ လူဝတ်လဲ၍ မိဘများအိမ်၌ နေရာလ–နှစ်ကြာသော် ဓမ္မတာသဘောအားဖြင့် သားမယားရလျှင် အာဟာရ ပရိယေသန ဒုက္ခတာဝန်သည် အလွန်ကျဉ်းကျပ်လျက် အပြတ်ပြတ်အလပ်လပ် ရှိသတည်း။ ထိုသာမဏေလူထွက်သည် ခဲခက်ဆင်းရဲသော အကြောင်းကြောင့် အောက်မေ့ဆင်ခြင်သည်မှာ–ယခင် ဆရာတော်ဘုရား မိန့်ကြားဆုံးမ ဩဝါဒပေးသည်ကို

www.burmeseclassic.com

www.burmeseclassic.com



အရေးမပြု ဂရုမစိုက် စိတ်အလိုလိုက်မိသည်မှာ ငါမိုက်လှပါတကား–အလွန်ကြီးမားချေသည်ဟု ကြံစည်စဉ်းစား နောင်တ–တရား ကြီးစွာဖြစ်ပွား၍ ဆရာတော်ဘုရားကြီးကို သတိရသည်နှင့် ငါ့အား ပို့ချသင်ပြဖူးသော ကျေးဇူးရှင် ဆရာတော်ဘုရား၏ တရားကို မနာရသည်မှာ အတော်ကြာပေပြီ ငါသွားအံ့ဟု နှလုံးပိုက်၍ ဘုရားကြီးတိုက် ဆရာတော်ဘုရားကြီးအပါးသို့ အခစားဝင်လေသတည်း။

ဆရာတော်ဘုရားအထံသို့ ရောက်လျှင် နင် အဘယ်သူနည်းဟု မေးတော်မူသော် တပည့်တော် 'ကဝိ' ပါဘုရားဟု လျှောက်၏။

## ဆင်းရဲလှပါသည်

ထိုအခါ ဆရာတော်ဘုရားက ဩော်–ကဝိလား လူထွက်သွားကတည်းက ငါ့ထံများ မရောက်တာကြာပြီ၊ နင်–ဘာလုပ်စားသနည်းဟု မေးလျှင် အရှင်ဘုရား တပည့်တော်မှာ မည်သည့်အလုပ်ဟူ၍ လက်ဆုပ်လက်ကိုင် မရှိပါ။ ရှေးအခါက အရှင်ဘုရား များစွာဆုံးမ ဩဝါဒပေးသည်ကို အလေးမပြု ဂရုမစိုက် အလွန်မိုက်မိပါသည်။ လူ၏ဘောင်တွင် အိမ်ရာထောင်ခြင်းကိစ္စသည် အတိသမ္ဗာဓ ကျဉ်းကျုံးသော ဒုက္ခကို ယခုမှ သေသေချာချာ သိရပါသည်။ တပည့်တော်မှာ အလွန်မွဲ၍ ဆင်းရဲလှပါသည်ဘုရားဟု လျှောက်၏။

## စာပစ်တာနှင့်တူနေပြီ

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ အင်း–ငါ့တပည့်မှာ "ယောက္ခမက သမက်ကို မချစ်၍ စာပစ်တာနှင့် တူနေပြီ"ဟု မိန့်တော်မူ၏။

ထိုအခါ တပည့်အရင်း အတွင်းနေ အန္တေဝါသိကဖြစ်သူ မောင်ကဝိက ယောက္ခမက စာပစ်ဟန်ကို လင်းပြန်တော်မူပါဘုရားဟု လျှောက်ထားသောအခါ မိန့်သည်မှာကား... ရွာတစ်ရွာတွင် ဒါယကာကြီးတစ်ဦး၌ အထူး အရုပ်ဆိုးသော သမက်တစ်ယောက်သည် ရှိ၏။ ကိုယ်ကြီး ခေါင်းသေး၍ မုတ်ဆိတ်မွေးထူ၏၊ ထိုအခါ ယောက္ခမဖြစ်သူက ဤသူအား သမက်ပြုရချက် ရိုင်းလေသည်။ နေ့ရှိတိုင်း အမြင်ကတ် အနေရကျပ်တော့သည်ဟု အောက်မေ့၍ မလျှောက်ပတ်အောင် စာရေးလျက် အိမ်နံဘေးတွင် ကပ်ထားသည်မှာ ".ကိုယ်ကြီးခေါင်းသေး မုတ်မိတ်မွေးထူ၏၊ လူမိုက်ဟူသည်တည်း"။ ဤကဲ့သို့ ရေးသားသောအချက်ကို သမက်မြင်ရာ ဤစာသည် တစ်ပါးသူကို ရေးသည်မဟုတ်၊ ငါ့ကိုရေးသောစာ ဖြစ်သည်၊

www.burmeseclassic.com



သို့ရာတွင် ငါ၏ မှတ်ဆိတ်မွေးကလည်း စာရေးချင်အောင် ရှုပ်လှသည်၊ ဤရက် ဤနေ့ကစ၍ ကေန္တမထားဟု မေးဖျားကို မီးနှင့်မြိုက်ရာ ခေါင်း၌ရှိသော ဆံပင်ပါ အကုန်လောင်၍ တက်တက်ပြောင် ဖြစ်လေသတည်း။

ထိုအခါ သမက်သည် စိတ်ပျက်သောအရေးနှင့် ကြံတွေးသည်မှာ ရေးသော စာသည် လွန်စွာမှန်ပါပေ၏၊ အကျည်းတန်ရုံတွင် မနေသော မှတ်ဆိတ်မွေးမီးမြိုက်၍ လူမိုက်ဖြစ်ပြန်ပြီတကားဟု စဉ်းစားမှ သတိရသတဲ့ တပည့်တို့ရဲ့။

ဤအတူ ယခုလည်း ကိုယ့်အမိုက်ကို မီးမြိုက်ခါမှ သတိရမည့် အကောင်ပဲဟု မိန့်တော်မူသောအခါ အပါးတော်မှာရှိသော ရဟန်းအပေါင်းတို့သည် သောင်း သောင်းအုတ်အာ များစွာ ရယ်မောကြလေကုန်သတည်း။

---

## ၁၁–ငရဲကြီးမှ ငရဲလေးကိုနိုင်သည် ဆိုသောစကားကို ဖြေကြားတော်မူခြင်း

မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဌမသင်္ဂါယနာတင် ဘဝရှင် မင်းတရားကြီးသည် မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမတိုက် ဘုရားကြီး ဆရာတော်ဘုရားကြီးကို နန်းတော်သို့ပင့်၍ သင့်တင့်လျောက်ပတ် ကောင်းမြတ်ဖွယ် ရာသော ဘောဇဉ်ဆွမ်းတို့ဖြင့် လှူဒါန်းဆက်ကပ်ပြီးလျှင်၊ အရှင်ဘုရား ယခုလောက၌ တစ်ယောက်သောသူက ပါဏာတိပါတ စသော မကောင်းမှုပြုသည်ကို တစ်ယောက် သောသူမြင်ရာ သင့်အား ငရဲကြီးတတ်သည်။ ဤအမှုကို မပြုလင့်ဟု ဆုံးမသော အခါ ပါဏာတိပါတ စသော မကောင်းမှုကိုပြုသူက "ငရဲကြီးမှ ငရဲလေးနိုင်သည်" ဟုပြောဆိုပါသည်။ ထိုသို့ပြောဆိုသောစကား ဘုရားဟောကျမ်းဂန်နှင့် ညီ–မညီ ကို သိလိုပါသည်ဘုရားဟု လျှောက်ထားလေ၏။

### ငရဲကြီး ငရဲလေးနိုင်သည်ဆိုသည်မှာ ကျမ်းဂန်နှင့်ညီ

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒကာတော် ရေမြေ့ရှင်၊ ငရဲကြီးမှ ငရဲလေးကို နိုင်သည်ဆိုသောစကားသည် ကျမ်းဂန်များနှင့် အညီပင်ဖြစ်သည်။ အဘယ်ကဲ့သို့ ဖြစ်သနည်းဟူမူကား လဟုကဖြစ်သော ကံသည် ဂရုကဖြစ်သော အနန္တရိယကံပြုမိက သေးငယ်သောလဟုက ပါပကံသည်

www.burmeseclassic.com

www.burmeseclassic.com


အမှန်ပျောက်၍ ဂရုကအတွင်းသို့ သက်ဆင်းပါဝင်ရလေတော့၏။ ဝတ္ထုအားဖြင့် မှတ်သားရန် အဘယ်ကဲ့သို့ရှိသနည်းဟူမူ…

ဒေဝဒတ်သည် မြတ်စွာဘုရားအား ကျောက်ယန္တရားကို ဆင်၍ ခြေတော်တွင် သွေးစိမ်းတည်စေခြင်း, နာဠာဂီရိဆင်ကြမ်းကို နန်းတော်က လွှတ်စေခြင်း, ဤမှတစ်ပါး လေးသမားတို့ကို အပစ်ခိုင်းခြင်း, ရန့်ရင်းသော မကောင်းမှုကံ အတန်တန်ရှိငြားသော်လည်း သံဃာအား သင်းခွဲခြင်းဟူသော အနန္တရိယ ဂရုကကံ အကျိုးပေးသဖြင့် သေးငယ်သော ကံပါပတို့သည် အခွင့်မရဘဲ ရှိလေသတည်း။ ဤကဲ့သို့သောနည်းဖြင့် ငရဲကြီးမှ ငရဲလေးကို နိုင်သည်ဟု ဆိုရကား ဘုရားဟောကျမ်းဂန်နှင့် ဖြောင့်မှန်ညီညွတ်သည်ဟု မှတ်ယူရာသည် ဒကာတော်။

ဤကဲ့သို့ ဆရာတော်ဘုရား ဖြေကြားတော်မူသောအခါ သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ်နှင့်တကွ များစွာသော မှူးမတ် ပရိသတ်တို့သည် သောမနဿဖြစ်ပွား၍ များစွာဝမ်းမြောက်ကြလေသတည်း။

---

## ၁၂–အသက်ရှည်စေလို ထန်းရည်ခါးနှင့် ကြက်သားကိုမျို သေစေလိုစိန်မစားနှင့်–ဥပုသ်စောင့်သွားဟူသော စကားကို ဖြေကြားတော်မူခြင်း

ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော မန္တလေးမြို့တောင်ပြင် ဒက္ခိဏာရာမတိုက် ဘုရားကြီးဆရာတော်ဘုရားကြီးသည် အသီးသီးသော တပည့်တပန်း ရဟန်းပရိသတ် အပေါင်းတို့ကို နည်းကောင်း ဥပဒေသ သင်ပို့ချလျက် ယာပထလေးလီ မျှညီသီတင်းသုံးတော်မူသောအခါ ဒါတကာတစ်ဦးသည် အထူးအားဖြင့် ဆရာတော်ဘုရား၏ ကျေးဇူးသတင်း ကျော်စောခြင်းဖြင့် လွန်မင်းစွာ ကြည်ညိုလျက် ဖူးမြော်လိုသောဆန္ဒဖြင့် ညွှတ်ပျခစားလျက် ဤသို့လျှောက်ထားသည်။

အရှင်ဘုရား ယခုကာလဆိုကြသည်မှာ **"အသက်ရှည်စေလို ထန်းရည်ခါးနှင့် ကြက်သားကိုမျို။ သေစေလို စိန်မစားနှင့် ဥပုသ်စောင့်သွား"**ဟု ဆိုကြပါသည်။ ထိုသို့ဆိုသောစကားသည် ရှေးပညာရှိများတို့ သာမညအားဖြင့် အကျိုးမဲ့သော

www.burmeseclassic.com

www.burmeseclassic.com


စကားကို ရေးသားကြမည် မဟုတ်ပါ။ ယခုကာလ လူမိုက်ဒုစရိုက်သမားတို့သည် ဤစကားကို အမှာခံပြု၍ ယူခဲ့လျှင် များစွာအကျိုးယုတ်ဖို့ရန် ရှိပါသည်။ သိမှတ်ရန် အဓိပ္ပာယ်အားဖြင့် မိန့်ကြားဖြေဆိုတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်၏။

## ထိုစကားမှန်သည်

ထိုအခါ ဆရာတော်ဘုရားက ဒါယကာ၊ ယခု သင်လျှောက်သည့်စကားသည် အမှန်အားဖြင့် ဆိုသောစကားပင်ဖြစ်သည်။ အဘယ်ကြောင့်နည်းဆိုသော် "အသက်ရှည်စေလို ထန်းရည်ခါးနှင့် ကြက်သားကိုမျို" ဟူသောစကားအရ ထန်းရည်ခါးသည် ဘုရားပြစ်ပယ်တော်မူအပ်သော ယစ်မျိုးဖြစ်၍ စင်စစ် မသောက်ထိုက်၊ မသောက်အပ်၊ ယင်းသို့ မသောက်ထိုက် မသောက်အပ်သည်ကို သောက်ကြူးက အထူးထူးသော ဘဝတို့၌ ဓနုကသတ္တဝါဖြင့် ဆက်ကာဆက်ကာ ဘဝများစွာ ဘဝအရာ, ဘဝအထောင်, ဘဝအသောင်း, မရေတွက်ကောင်းအောင် အကျိုးပေးသည့်အတွက် သံသရာစက်၌ အသက်ရှည်သဖြင့် ကျင်လည်စုန်ဆန် နိဗ္ဗာန်မနီး ပျက်စီးမျောပါရသည်ကို ရည်၍ ယူရန်ရှိသည်။

**"သေစေလို စိန်မစားနှင့် ဥပုသ်စောင့်သွား"** ဆိုသည်ကား ဥပုသ်စောင့်က အသက်သေရလိမ့်မည် ဆိုသည်မဟုတ်။ ဥပုသ်စောင့်ခြင်းတည်းဟူသော သီလပြည့်ဝဖြူစင်သောသူသည် ခန္ဓာ, အာယတန, ဓာတ်တို့၏ မပြတ်ဖြစ်ခြင်းဟု ဆိုအပ်သော သံသရာဝဋ်မှ အမြစ်ပြတ်၍ နောက်ထပ် ပဋိသန္ဓေ မစွဲမနေဘဲ အမြဲသေသည်ကိုရည်၍ သေစေလို စိန်မစားနှင့် ဥပုသ်စောင့်သွားဟုဆိုသည် ယူရန်ရှိသည်၊ ထို့ကြောင့် မကောင်းသော ပါပကမ္မ ဒုစရိုက်ကို ပယ်ရှား၍ ငါးပါးသီလ, ဆယ်ပါးသီလ, အာဇီဝ ဋ္ဌမကတို့ကို လုံ့လအားထား၍ ကြိုးစားကျင့်သုံးရာသည် ဟူသော ဥပဒေသ ဩဝါဒ အမြိုက်ဆေးကို တိုက်ကျွေးတော်မူလျှင် ယခင်လျှောက်ထားသော ဒါယကာသည် များစွာနှစ်သက်၍ အသက်ထက်ဆုံး ကြည်ညိုဆည်းကပ်လေသတည်း။

---

www.burmeseclassic.com

www.burmeseclassic.com


## ၁၃–ငိုက်မျဉ်း၍ အကျိုးမရှိသည်ကို သူခိုး၏ဥပမာဖြင့် ကောင်းမွန်စွာ ထုံးပြု၍ ဆုံးမတော်မူခြင်း

ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မ ရာဇာဓိရာဇဂုရု–တံဆိပ်နာမံတော်ရှိသော မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမတိုက် ဆရာတော်ဘုရားကြီးသည် ကစ္စည်းကျမ်း သဒ္ဒါကြီးကို အနည်းနည်းသော ဥပဒေသ–ဝစနတ္ထဆိုကျင်း၍ ထင်းလင်းစွာ ပို့ချတော်မူရာ စာသင်သားများစွာ စာလိုက်သောသူတို့သည် လေးရာကျော်ခန့်ရှိသောဟူ၏။

တစ်နေ့သဦ သဒ္ဒါ၏ အဆုံးအဖြတ်ကို မှတ်သားကြရန် သံဝဏ္ဏနာအခန်းခန်း ဉာဏ်ကျမ်း, သံပျင်တို့နှင့် နှီးနှောလျက် ပြောဟောပြသတော်မူ၏။

ထိုအခါ အချို့သော စာသင်သား ရဟန်းများတို့သည် ဆရာတော်ဘုရားကြီး ပြောဟောသည်ကို သဘောမစိုက် ခေါင်းငိုက်ဆိုက်နှင့် ငိုက်မျဉ်း၍ နေကြကုန်သတတ်။

ထိုအခါ ဆရာတော်ဘုရားကြီးသည် ငိုက်မျဉ်းသော ရဟန်းတို့ကိုမြင်၍ ရွှင်ပျသော မျက်နှာတော်ဖြင့် မြွက်ဖော် မိန့်ကြားတော်မူသည်မှာ စာလိုက်လာရင်း ငိုက်မျဉ်းသော ဦးပဥ္စင်းတို့ ရှင်းလင်းပြဆိုအပ်သော အဓိပ္ပာယ်ကို နားလည်ကြကုန်၏လော ပြောဆိုသူကဖြင့် မေးလို့။ ဘယ်နှစ်ရေးရကြပြီနည်း။ "အမယ်ကြီး တစ်ယောက်အိမ် သူခိုးလာသကဲ့သို့ရှိသည်"ဟု မိန့်တော်မူ၏။

ထိုအခါ အချို့သော စာသင်သား ရဟန်းများက ဥပမာစကားကို မိန့်ကြားတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားသဖြင့် မှတ်သားရန် မိန့်တော်မူသည်မှာ... "ရှေးအခါက ရွာတစ်ရွာတွင် မုဆိုးမဖြစ်သူ အမယ်ကြီးတစ်ယောက် ရှိသတတ်။ တစ်ညသောအခါ ထိုအမယ်ကြီးအိမ်သို့ အချိန်မရောက်ခင် နေဝင်ခါသာသာ သူခိုးတစ်ယောက်လာပြီးလျှင် ဗျာကရာ ရုတ်တရက် အိမ်ပေါ်သို့တက်ပြီးလျှင် ကွယ်ဝှက်ပုန်းလျှိုး၍နေ၏။ အမယ်ကြီးသည် သူခိုးတက်၍ အတန်ငယ်ကြာသော် အိမ်ပေါ်၌ သူခိုးကပ်၍နေသည်ကို သိ၏။ ထိုသို့ သိသော်လည်း မိမိက မိန်းမဖြစ်၍လည်းကောင်း အဖော်အပေါင်း မရှိသည်ဖြစ်၍လည်းကောင်း ရိုက်မောင်းပစ်ခတ်ခြင်းငှာ မဝံ့၊ ကြောက်ရွံ့တုန်လှုပ်လျက် ဘယ်အချက် နည်းမျိုးဖြင့် သူခိုးဆင်းသွားအောင် ပြုရအံ့နည်းဟု နှလုံးသွင်း၍ 'အိမ်နီးချင်းတို့–အိုအိမ်နီးချင်းတို့' ဟု ခေါ်ရာ တော်–ရှင်ဟူသော စကားဖြင့် နီးနားသောအိမ်က ထူး၏။ ထိုအခါ

www.burmeseclassic.com



အမယ်ကြီးက သူခိုးများလာလျှင် ဘယ်အချိန်တွင် လာသနည်းဟု မေးသော် သန်းခေါင်ကျော် လင်းအားကြီးမှ လာတတ်ပါသည်ဟု ပြောသောအခါ အမယ်ကြီးက အိမ်နီးချင်းတို့ရယ် ယင်းသို့ဖြစ်လျှင် တို့အိမ်က မောင်သူခိုးပဲ စောလွန်းလှပါကလား ဟုအဆိုတွင် ပုန်းခိုသော သူခိုးသည် ဖမ်းမိနိုင်အံ့ထင်သောကြောင့် အလျင်ဆင်း သွားသတဲ့"

ဤဥပမာ၌ အိမ်ရှင် အမယ်ကြီးက ပြောသောစကားနှင့်အတူ-ယခု ဝိုက်မျိုး သောရဟန်းတို့မှာလည်း စောလွန်းလှပါကလားကွယ်ရို့ဟု မိန့်တော်မူသောအခါ စာလိုက်လာသူ ပရိသတ်သည် အထပ်ထပ် ရယ်မော၍ တသောသော နေကြလေ ကုန်သတည်း။

ထိုနောက်မှ ဆရာတော်ဘုရားက မိန့်ကြားတော်မူပြန်သည်မှာ ငါ့ရှင်တို့- စာတတ်လိုသောဆန္ဒရှိမူ "သု-စိ-ပု-ဘာ"ဟူသော အင်္ဂါလေးတန်နှင့် အမှန်ညီညွတ် က မချွတ်တတ်မြောက်မည်ပင်ဖြစ်သည်။

"သု"ဟူသော အက္ခရာ၏အရ၊ သုဏေယျ-သင်ရနာရမည် ဆိုလိုသည်၊ "စိ" ဟူသော အက္ခရာ၏အရ စိန္တေယျ-ကြံဆစဉ်းစား နှလုံးထားရမည် ဆိုလိုသည်။ "ပု"ဟူသော အက္ခရာ၏အရ ပုစ္ဆေယျ-မသိသော အရေးကို ဆွေးနွေးမေးမြန်းရ စုံစမ်းရမည် ဆိုလိုသည်။ "ဘာ"ဟူသော အက္ခရာ၏အရ ဘာသေယျ-ပြောပြ ရွတ်အံ အဖန်ဖန် သရဇ္ဈာယ်ရမည်ကို ဆိုလိုသည်။

ဤယခု ပြဆိုအပ်သော အက္ခရာလေးလုံးကို အသက်ထက်ဆုံး မှတ်ကုန်ရာ သည်။ အက္ခရာလေးလုံးကို အသုံးမကျဟူသော အနေနှင့် မထေမဲ့မြင် မပြုကြကုန် လင့်။ နည်းများမဟူ မှတ်ယူသုံးစွဲ အမြဲမှတ်သားက စကားသုံးခွန်းနှင့် ပညာရှင် ဖြစ်ကြောင်းကို ထုံးဟောင်း ကြားဖူးသည်မှာ-ဗာရာဏသီပြည်တွင် အိမ်ရှင်ယောကျ်ား မယားရပြီး လူတစ်ယောက်သည် စားလောက်သောက်လောက် အတတ်ပညာ မိမိမှာမရှိသဖြင့် သတိသမ္ပဇဉ် အမြဲယှဉ်လျက် အိမ်တွင်ရှိသော မယားအား ပြော ကြားခွင့်ပြန်ပြီးကာ အသပြာ သုံးပိဿာကိုယူ၍ ပညာသင်ယူရန် တက္ကသိုလ် ဆရာကြီးထံသို့ အမြန်ထွက်သွားလေသတည်း။

တက္ကသိုလ်ပြည်သို့ ရောက်သောအခါ ဒိသာပါမောက္ခဆရာကြီးထံသို့ဝင်၍ ပညာသင်လိုကြောင်း ခွင့်တောင်းပြောဆို၏။ ထိုအခါ ဒိသာပါမောက္ခဆရာကြီးက အသင်သည် အသက်အရွယ် အဘယ်မျှရှိပြီနည်းဟု မေးသော် ကျွန်တော် အသက် နှစ်ဆယ့်ငါးနှစ် ရှိပါပြီဟု ပြောလျှင် ဆရာကြီးက တစ်ဖန်မေးပြန်သည်မှာ

www.burmeseclassic.com

www.burmeseclassic.com



သင်အား သားမယားရှိပြီလောဟုဆိုရာ ရှိပါပြီပြောကြားက ငါ့အား ပူဇော်ခြင်းငှာ အသပြာ အဘယ်မျှပါသနည်းဟု မေးပြန်သော် ကျွန်တော်မျိုးမှာ ဆင်းရဲပါ၍ သုံးပိဿာမျှသာ ပါနိုင်ကြောင်းနှင့် ပြောသောအခါ ဒိသာပါမောက္ခဆရာကြီးက ယင်းသို့ဖြစ်ခဲ့လျှင် အသင်အား မယားရှိသည် တစ်ချက်, အသက်ကြီးသည်တစ်ဖြာ, အသပြာနည်းသည်တစ်ကြောင်း ဖြစ်၍ စင်စစ် နှစ်ရှည်လများ သင်ကြားခြင်းငှာ မတတ်စွမ်း၊ သုံးခွန်းသော စကားကို သင်ကြားပေးလိုက်မည်။ နှလုံးသွင်းလျက် အချင်းလုလင် သင်သည် အရိုးစွဲအောင် အမြဲမှတ်၍ထားလေ။

## သုံးခွန်းသောစကား

၁။ ကုလားသေ–ကုလားမြော မအိပ်ရာ၊ ပေးကွဲ့တစ်ပိဿာ။

၂။ ရေဆိပ်မှာ ရေမချိုးရာ၊ ပေးကွဲ့တစ်ပိဿာ။

၃။ မစူးစမ်း မဆင်ခြင်ဘဲ မပြုရာ၊ ပေးကွဲ့တစ်ပိဿာ။

## သတိဖြင့်အိပ်နေရာ

ဤသုံးချက်သော ပညာကိုသင်၍ လုလင်၏ အသပြာသုံးပိဿာကို ယူပြီးလျှင် အသင်ပညာတတ်ပြီ နေရပ်သို့ ပြန်တော့ဟုဆိုရာ တိုလုလင်ယောကျ်ားသည် ဆရာအား ရှိခိုး၍ ပြန်သွားရာ လမ်းမှာ ဇရပ်တစ်ခုကိုတက်၍ အိပ်စက်ပန်းဖြေ နားနေမည်အရှိတွင် ငါ၏ဆရာ သင်လိုက်ပေသည်၊ ကုလားသေ–ကုလားမြော မအိပ်ရာ၊ ပေးကွဲ့တစ်ပိဿာ– မှာလိုက်သည့်စကား သတိထားမှ တော်မည်ဟု ဇရပ်ပေါ်တွင် သတိထားလျက် စဉ်းစားအိပ်လေသတည်း။

## ဘီလူးက ရွှေပေးပြီ

ထိုအခါ အမှတ်မဲ့အိပ်သော ဧည့်သည်ခရီးသွားတို့ကို စားနေကျဖြစ်သော ဘီလူးမသည် ရှေးကကဲ့သို့ စားမည်ဟု လူကိုကိုင်လျှင် သတိသမ္ပဇဉ်နှင့် အိပ်သည့်အတွက် ရုတ်တရက်ထ၍ ဘီလူးကို ဖမ်းပြီးလျှင် ဆွဲရမ်းထောင်းထု သတ်မည်ပြုသော် ဤအမှုအပြစ်ဒဏ်ကို သည်းခံ၍ကွက်၍ အသက်ကို ချမ်းသာပေးတော်မူပါဟု သုံးပိဿာသောရွှေကို ပေးသောကြောင့် ချမ်းအေးစွာ လွတ်လိုက်၏။

ရွှေသုံးပိဿာယူငင်၍ လုလင် ပြန်သွားရာ မြစ်ကမ်းနားရေဆိပ်သို့ အရောက်တွင် ရေချိုးချင်သောဆန္ဒရှိ၍ မိမိရွှေထုပ်ကို ချမည်အလုပ်တွင် မဟုတ်သေးပါ

www.burmeseclassic.com



တကား… ငါ့ဆရာ သင်ကြားလိုက်သည်၊ ရေဆိပ်တွင်–ရေမချိုးရာ၊ ပေးကွဲ့တစ်ပိသာတဲ့။ ဤနေရာမှာ မြစ်ကမ်း လူပြွမ်းသောအရပ်ဖြစ်၍ ရေချိုးမှုမသင့်ဟု နှလုံးသွင်းလျက် အခြားသောအရပ်သို့သွား၍ ရေချိုး၏။ ရေချိုးပြီးသောအခါ သုံးပိသာသောရွှေကိုထား၍ ထ–သွားမေ့ရစ်လေသော် အတော်ခရီးဝေးမှ သတိရ၍ ပြန်ကြည့်လျှင် ချထားသည့်အတိုင်း တွေ့ရှိသဖြင့် မမေ့အပ်စွ၊ ငါ့ဆရာ၏ကျေးဇူးသည် အထူးကြီးကျယ်လှပေသည်ဟု ကြံစည်ပြန်သွားလေ၏။

သူသည် မယားအိမ်သို့ရောက်လျှင် အိမ်တွင် ထားခဲ့သောအခါက မယားမှာ ပဋိသန္ဓေရှိသဖြင့် အမိနှင့် သင့်မြတ်၍ ရသောသားသည် တစ်ဆယ့်ငါးနှစ်အရွယ်ရှိလျက် လည်ဖက်၍ အိပ်စက်သည်ကိုမြင်သော် ဩော်–ဤ မိန်းမကား ငါသွားသည့် နေ့ကစ၍ အတိစာရိကအမှု (ဖောက်ပြားကျူးလွန်သောအမှု) ပြုကျင့်သောအား မျောက်မ–ထားသည်ကား ထင်ရှားအမှန် ဖြစ်တော့သည်။ စစ်စစ်မိုက်မှား ဤမယားကို ဓားနှင့်လတ်လတ် အသေသတ်မည်ဟု ဓားကိုင်ပြီးလျှင် အနီးသို့သွားရာ ဆရာ့စကားကို သတိရ၍ ဆရာရှင်က သူသင်ပေးလိုက်သည်မှာ မစူးစမ်းမဆင်ခြင်ဘဲ မပြုရာ၊ ပေးကွဲ့တစ်ပိသာတဲ့၊ ငါသတိထား၍ စဉ်းစားဦးမည်ဟု စိတ်ကိုချုပ်၍ ထိန်းအုပ်နေသောအခါ မကြာခင် မယားနိုး၍ အကြောင်းမျိုး အလုံးစုံကို အကုန်ပြန်ကြားမှ မိမိသားမယားမှန်သည်ဟု ကေန်သိသဖြင့် မိမိဆရာကို များစွာကျေးဇူးတင်သတဲ့ ငါ့ရှင်တို့ရဲ့။

ထိုကြောင့် ယခု ဆရာတော်ပြောသော သု–စိ–ပု–ဘာ ဟူသော အက္ခရာများသည် သင်တို့အတွက် ကောင်းစွာဖြစ်လတ္တံ့ဟု ဆုံးမတော်မူသောအခါ များစွာ နှစ်သက်ကြလေကုန်သတည်း။

ဤမျှလောက်သော စကားအစဉ်တို့ဖြင့် ဥပမာသမူဟဂီရက္ကမကျမ်း၌ ဘုရားကြီးဆရာတော်ဘုရားကြီး၏ ဥပမာစကားတို့ကို ပြဆိုရာ ပြဆိုကြောင်းဖြစ်သော အပိုင်းအခန်းကား ဤတွင် ပြီးဆုံးခြင်းသို့ရောက်၏။

**ဘုရားကြီး စကားပုံများပြီး၏။**

www.burmeseclassic.com

www.burmeseclassic.com

## ၄–ခင်မကန်ဆရာတော်ဘုရားကြီး၏ စကားပုံ

မဏိဇောတ သဒ္ဓမ္မာလင်္ကာရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု တံဆိပ်နာမံ အလျှုတော် အပူဇော်ခံရသော မန္တလေး ရတနာပုံရွှေမြို့တော်ကြီး အရှေ့မျက်နှာ မဟာဝိဇယာရာမတိုက် ခင်မကန်ဆရာတော်ဘုရားကြီးကား... ပါဠိ, အဋ္ဌကထာ, ဋီကာ–စသော ကျမ်းတို့ကို တတ်စွမ်းလေ့လာ များစွာကျွမ်းကျင် သိမြင်လိမ္မာတော်မူ၏၊ အထူးအားဖြင့်ကား အဏုမတ္တေသုဝဇ္ဇေသု ဘယဒဿာဝီ” ဟူသော ပါဠိလာရှိသည်နှင့်အညီ အဏုမြူလောက်မျှသော အပြစ်ကို မြင်းမိုရ်တောင်ကြီးပမာ ကြီးကျယ်စွာသောဘေးဟု တွေးရှုဆင်ခြင်တော်မူသဖြင့် သူမတူသော ပဋိပတ္တိဓမ္မ–အာစာရအကျင့်ထူးကြောင့် ကျေးဇူးသတင်း ကျော်စောခြင်းဂုဏ်နှင့် ပြည့်စုံတော်မူ၏၊ ဝိနယကုက္ကုစ္စ, ဓမ္မမာမက, လဇ္ဇီပေသလ, သိက္ခာကာမ, ပါမောက္ခတစ်ဆူ ဖြစ်တော်မူ၏။ များစွာသော အဆုံးအဖြတ်တို့ကို စီရင်ရေးသားတော်မူ၏။

ဤကား ဆရာတော်ဘုရားကြီး၏ ဂုဏ်ထူးဝိသေသ အတိသင်္ခေပ ဖြစ်သောစကားတည်း။

---

### ၁–ဓမ္မစကြာပါဠိကို အရာရှိတစ်ယောက်အား အကျက်ခိုင်းရာ အမိန့်ရှိတိုင်း မကျက်မရ၍ ဆုံးမတော်မူခြင်း

အခါတစ်ပါး မဏိဇောတ သဒ္ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော မဟာဝိဇယာရာမတိုက်–ခင်မကန် ဆရာတော်ဘုရားကြီးသည် အသီးသီးသော ထေရ, နဝ, မဇ္ဈိမ–ဖြစ်ကုန်သော တပည့်တပန်း ရဟန်းသံဃာ

www.burmeseclassic.com



အပေါင်းတို့အား ပါဠိ၊ အဋ္ဌကထာ, ဋီကာ–စသော ပိဋကတ်သုံးပုံ အလုံးစုံသော ကျမ်းဂန် အတန်တန်တို့ကို ပြန်လှန်ပို့ချ ဆုံးမသင်ကြားတော်မူခြင်း၊ ထိုပရိယတ္တိ ဓမ္မဟု ဆိုအပ်သော ပိဋကတ်ပါဠိ အဋ္ဌကထာ လာရှိသည်နှင့်အညီ ပဋိပတ္တိဓမ္မဟု ဆိုအပ်သော အကျင့်မြတ်တရားကို ကြိုးစားအားထုတ်တော်မူခြင်း၊ လာလာသမျှ ဓမ္မသဝနအကျိုးကို မျှော်ကိုးအားထား၍ လာကြသူ ရှင်လူပရိသတ်တို့အား လူနတ် နိဗ္ဗာန် သုံးတန်ချမ်းသာ ပြည့်စုံရာပြည့်စုံကြောင်းဖြစ်သော ဒါနကထာ, သီလ ကထာ, ဘာဝနာကထာနှင့်စပ်သော တရားစကားကို ဟောကြား ဆုံးမတော်မူခြင်း၊ ယင်းသို့စသော အတ္တဟိတ, ပရဟိတ–တရား အကျိုးနှစ်ပါးပြီးအောင် ရွက်ဆောင် သီတင်းသုံးတော်မူရာ ခင်မကန်ဆရာတော်ဘုရားကြီး၏ သဘောတော်အလေ့အလာ ကား ဦးမဲ, ဦးဖြူ–မည်သူမဆို ကြည်ညို၍လာသောအခါ ဓမ္မစကြာကိုရ၏လောဟု မေးတော်မူလေ့ရှိ၏။

## ဓမ္မစကြာ ရသလား

အခါတစ်ပါး အမတ်တစ်ဦးသည် အထူးကြည်ညိုခြင်း သဒ္ဓါတရား ပြဋ္ဌာန်း လျက် သက်န်းလှူခြင်းအကျိုးငှာ ဆရာတော်ဘုရားကြီးထံသို့ သွားရောက်ခစားရာ သာရဏီယကထာ, သမ္မောဒနီယကထာ, သန္ဓေသကထာ, ဓမ္မကထာ–စကားများ ကို ဟောကြားတော်မူပြီးသည်၏အဆုံး၌ ဆရာတော်ဘုရားကြီးက ဒကာအမတ်– မြတ်စွာဘုရားသခင်သည် အညာသိကောဏ္ဍည–အစရှိသော ပဉ္စဝဂ္ဂီငါးဦးကို အထူးဟောကြားတော်မူအပ်သော ဓမ္မစကြာတရားကို ရ၏လောဟု စစ်ကြော မေးမြန်းတော်မူ၏။

ထိုအခါ အမတ်က အရှင်ဘုရား တပည့်တော်မှာ ကိစ္စများ၍ ဓမ္မစကြာတရားကို မရပါဟု လျှောက်ထားလေသော် ဆရာတော်ဘုရားက ဒကာအမတ် ဓမ္မစကြာတရား သည် သစ္စာလေးပါး၏ဖြစ်ပုံ အလုံးစုံကို အကုန်ထုတ်ဖော်၍ ဟောတော်မူသောသုတ် ဖြစ်၍ အနှစ်သာရ အခက်အခဲ နက်နဲသော အဓိပ္ပာယ်များ ပါရှိပါသဖြင့် သိမှတ် ဆောင်ရွက် သင်ကျက်လေ့လာသောအားဖြင့် အားထားရန် သင့်သည်၊ အခွင့်ရ သောအခါ ဓမ္မစကြာတရားကို ကြိုးစား၍ ကျက်မှတ်ပါလော့ဟု တိုက်တွန်းတော် မူ၏။

ထိုအခါ အမတ်သည် မိမိကပင် အားထုတ်ချင်သောဆန္ဒ မရှိသော်လည်း ဆရာတော်၏အပါးတွင် နေခိုက်ဖြစ်၍ အလိုက်သင့်စကားဖြင့် ဘုရားတပည့်တော် သည် ကျက်ပါမည်ဘုရား စသောအားဖြင့် လျှောက်ထား၍ ပြန်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## မင်းလိုလူ ပြောရတာမောရှံသာ

တစ်နေ့သ၌ ထိုအမတ်သည် ဆရာတော်ဘုရား၏အထံသို့ တစ်ဖန်လာရောက်ပြန်လျှင် ယခင်ကစကားနှင့် ဆရာတော်ဘုရားကြီးက ဓမ္မစကြာရပြီလောဟု မေးတော်မူလျှင် ယခင်အမတ်က ကိစ္စများ၍ မကျက်အားသောကြောင့် ဓမ္မစကြာတရားကို မရသေးပါကြောင်းနှင့် လျှောက်ထားလျှင် ခင်မကန်ဆရာတော်ဘုရားကြီး၏ ကွဲ့အမတ်–သင့်ကို အကျိုးရှိစေခြင်းငှာ ဆရာတော် ဆုံးမသော်လည်း အိမ်ကျလျှင် ပျောက်သောကြောင့် ခွေးမြီးကောက် ကျည်တောက်နှင့်စွပ်သကဲ့သို့လည်းကောင်း, သဲသောင်ပြင်အလယ်တွင် ကျင်ငယ်ကို စွန့်သကဲ့သို့လည်းကောင်း အကြောင်းအကျိုးနှင့် ဆုံးမသည်ကို မနာမယူ မင်းလိုလူကို ပြောရခြင်းသည် မောရှံသာရှိသည်ဟု မြည်တွန် အမိန့်ရှိတော်မူ၏။

## လူထူးကို ကြည့်လှည့်ကြ

ထိုအခါ အမတ်က ယခု ဆရာတော်ဘုရားက ဓမ္မစကြာတရားကို ကျက်ရမည်ဟု အမိန့်တော်ရှိသည်မှာ တပည့်တော်လည်း ကောင်းသော နည်းလမ်းဖြစ်သည်ကို သိပါ၏။ သို့ရာတွင် ဆင်ခြင်ထောက်မြော်သော် ဆရာတော်ကလည်း ဘုရားမဟုတ်သေး၊ မန္တလေးမြို့ကလည်း ဗာရာဏသီမဟုတ်ပြန်၊ ခင်မကန်တိုက်ဝိဟာဘုံကလည်း မိဂဒါဝုန်တော မကျ။ တပည့်တော်ကလည်း ပဉ္စဝဂ္ဂီ ငါးဦးထဲမပါ။ သို့တွက်တာကြောင့် ဓမ္မစကြာကို မကျက်နိုင်သေး ဖြစ်ပါသည်ဘုရားဟု လျှောက်ထားသောအခါ ဆရာတော်ဘုရားက မျက်နှာထားပြုံးရွှင်လျက် ငါ့ရှင်တို့ မမြင်ဖူးလျှင် လူထူးကို ကြည့်လှည့်ကြဟု မိန့်တော်မူသောဟူ၏။

---

## ၂–မင်းတို့က အကြံကလေးနှင့် ဆန်ပေးပြီး စာချမငှားလာနှင့် "ငါသဒ္ဓါတရားရှိလျှင် ချလိုလျှင် ချပေးမည်"ဟု မိန့်တော်မူသောအကြောင်း

မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးဘုရား လက်ထက်တော်အခါ သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့်တကွ ပိဋကတ်သုံးပုံ ပါဠိ, အဋ္ဌကထာ, ဋီကာ–စသော ကျမ်းအရပ်ရပ်တို့၌ နှံ့စပ် မြော်မြင်ကျမ်းကျင်လိမ္မာတော်မူကုန်သော ဆရာတော်ဘုရားတို့အား ထင်ရှားသောဂုဏ်နှင့်ပြည့်စုံတော်မူကြစေခြင်းငှာ အက္ခရာတံဆိပ် ခတ်နှိပ်လျှုဒါန်းတော်မူခြင်း၊ သာသနာ

www.burmeseclassic.com

www.burmeseclassic.com



ပိုင် ဆရာတော်ဘုရားကြီးနှင့်တကွ အသီးသီးသော တံဆိပ်တော်ရ ဆရာတော်တို့အား လစာရိက္ခာ ဆွမ်းဆန်ကို အမှန်အမြဲ ထောက်ပံ့လှူဒါန်းတော်မူခြင်း၊ ပထမစာချ၊ ဒုတိယစာချ၊ တတိယစာချ–ဖြစ်တော်မူကုန်သော ပုဂ္ဂိုလ်အကျော် ဆရာတော်တို့အားလည်း ခြားနားသီးသန့်၍ ထောက်ပံ့ လှူဒါန်းတော်မူခြင်း၊ ယင်းသို့စသော သာသနာတော်၏ အကျိုးစီးပွားများအံ့သော အကြောင်းကို ထောက်၍ ချီးမြှောက် အားထုတ်တော်မူသတည်း။

အခါတစ်ပါး ရွှေနန်းတော်ကြီးမှ အသီးသီးသော ဆရာတော်တို့အား လှူရန် ဆွမ်းဆန်များနှင့်တကွ လူစေလွှတ်၍ ကျောင်းတိုက်တို့သို့ အလှူခိုင်းရာ မဟာဝိဇယာရာမတိုက် ခင်မကန်ဆရာတော်ဘုရား ကျောင်းတိုက်သို့ရောက်၍ ထောက်ပံ့လှူဒါန်းမည့်ဆန်ကို ခင်မကန် ဆရာတော်ဘုရားကြီး ရှေ့တော်တွင် ပြင်ဆင်ချထားသောအခါ အဘယ်အကြောင်းအရာနည်းဟု မေးတော်မူလျှင် ဘုရင်မင်းတရားကြီးက ဆရာတော်ဘုရားကြီးထံသို့ ဆွမ်းဆန်လှူရမည် အမိန့်ရှိတော်မူ၍ အရှင်၏အထံသို့ လှူရန်ရောက်ပါသည်။ စာများကို ကြိုးစားအားထုတ်၍ ချပို့တော်မူပါဟူသော စကားကိုလည်း လျှောက်ထားခဲ့ရမည်မှာ မှာတော်မူလိုက်ပါသည်ဘုရားဟု လျှောက်ထားသည်။

ထိုအခါ ဆရာတော်ဘုရားကြီးက "ဟဲ့–ဒကာတို့ မင်းတို့က အကြံကလေးနှင့် ဆန်ပေးပြီး စာချမငှားလာကြနှင့်၊ ငါ သဒ္ဓါတရားရှိက ချလိုလျှင် ချပေးမည်"ဟု အမိန့်ရှိတော်မူသတတ်။

## ဂုံညင်းထိုးနေသူ ကိုရင်နှစ်ပါး

ထိုနောက်တစ်ဖန် မဟာဒဏ်စာရေးတို့သည် အရှေ့ပြင်ဒေသ မဟာဝိဇယာရာမ ခင်မကန်တိုက်သို့ ဆိုက်ရောက်ကြည့်ရှုကြရာ ကျောင်းကြီးလှေကားအဆင်းတွင် ဂုံညင်းထိုး၍ကစားသော သာမဏေနှစ်ပါးကို တွေ့မြင်၍ ခင်မကန်ဆရာတော်ဘုရားကြီးအထံသို့ ပို့ပြီးလျှင် အရှင်၏ တပည့်သား သာမဏေငယ်နှစ်ပါးတို့သည် ကျောင်းလှေကားအဆင်းတွင် ဂုံညင်းထိုး၍ ကစားသည်ကို ထင်ရှားစွာ တွေ့မြင်ခဲ့ရပါကြောင်း။ ၎င်းသာမဏေငယ် ကိုရင်တို့ကို သွန်သင်ဆုံးမတော်မူပါဘုရားဟု လျှောက်ထားလေသတည်း။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ မဟာဒဏ်စာရေးတို့ရဲ့

www.burmeseclassic.com


ငါ့သာမဏေကလေးများ ကျောင်းလှေကားရင်းတွင် ဂုံညင်းထိုး၍ ကစားသော်လည်း မင်းတို့ သာသနာပိုင်ဆရာတော်အရပ်သို့ပြန်လျက် ညောင်ကန်မှာ ဘုရားတည် သလောက် မဆိုးသေးပါဘူးဟု အမိန့်တော်ရှိလျှင် ယခင် မဟာဒဏ်စာရေးများ သည် ဆရာတော်ဘုရားကြီးအား မလျှောက်ဝံ့ဘဲ ကြောက်ရွံ့၍ ပြန်ကြလေကုန် သတည်း။

* စကားပုံ၌ ငါ၏သာမဏေငယ်များ ဂုံညင်းထိုး၍ ကစားသော်လည်း ဘုရားတည်သလောက် မဆိုးသေးပါဟု ဆိုခြင်းသည် ရဟန်းတို့မှာ ရွှေငွေကို အလှူခံ၍ ဘုရားတည်လျှင် ထိုဘုရားသည် မအပ်သော ဝတ္ထုပစ္စည်းကို ရာမှီး၍ တည်ထားခြင်းကြောင့် ရဟန်းများ ရှိခိုးပူဇော် လျှင် ဒုက္ကဋ်အာပတ် များစွာသင့်သည်၊ လှူတို့မှာ အပြစ်မရှိ၊ ထိုကြောင့် ဆိုလေသတည်း။

---

## ၃–အန္ဓိဘူတော အယံ လောကော–ဟူသော ပါဠိဖြင့် ဖြန့်ညို၍ယူမှု အတူတူချည်းဟု မိန့်တော်မူခြင်း

မဏိဇောတ သဒ္ဓမ္မာလင်္ကာရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု–တံဆိပ်နာမံအလှူ တော် အပူဇော်ခံရသော မန္တလေးမြို့ အရှေ့ပြင် မဟာဝိဇယာရာမတိုက် ခင်မကန် ဆရာတော်ဘုရားကြီး၏တိုက်၌ နှစ်ခြိုက်မွေ့လျော် စံပျော်သီတင်းသုံးတော်မူသော ဘုံကျော်ဆရာတော်ဘုရားကြီးသည် အထူးသဖြင့် တမာရွက်ကို နှစ်သက်တော်မူ ရကား မည်သူတစ်ယောက်မျှ တက်၍ တမာရွက်ညွန့်ဖူးကို မခူးမယူကြနှင့်ဟု ဆင့်ဆိုအမိန့်တော်ရှိ၍ ထားသတည်း။

### ဘယ်သူ့တပည့်တွေလဲ

ထိုအခါ ခင်မကန်ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သူ သာမဏေတို့သည် ဘုံကျော်ဆရာတော်ဘုရားကြီး၏ တမာပင်သို့တက်၍ တမာရွက်ကို ခူးကြလျှင် ဘုံကျော်ဆရာတော်ဘုရားကြီးမြင်၍ ရှင်သူငယ်တို့သည် ငါ၏ တမာပင်သို့တက်၍ တမာရွက် မခူးကြနှင့်ဟု ဆင့်ဆိုထားသည်ကို မနာမယူ အဘယ်သူ၏ တပည့် များနည်းဟု မေးတော်မူ၏။

ထိုအခါ သာမဏေငယ်များက ဦးခါး၏ တပည့်ဖြစ်ကြောင်းများနှင့် လျှောက်

www.burmeseclassic.com

www.burmeseclassic.com



ထားကြသောအခါ သင်တို့ဆရာကို ပြောလိုက်ဟု မှာထား၍ သွားကြတော့ဟု အမိန့်တော်ရှိလျှင် ကိုရင် သာမဏေငယ်တို့သည် ကျောင်းသို့ပြန်၍ ခင်မကန် ဆရာတော်ဘုရားကြီးကို လျှောက်ထားရာ အာဏာကို မလွန်ဆန်ဝံ့၍ ဆရာတော် ကိုယ်တိုင် သွားသဖြင့် ဘုံကျော်ဆရာတော်ဘုရားကြီးထံသို့ ရောက်၍ ဝပ်ချလျှင် စတင်၍ အမိန့်တော်ရှိသည်ကား ငါ့ရှင်မောင်ခါး-သင်သည် ငါ၏ တမာပင်သို့ တက်၍ တမာရွက် မချူးကြနှင့်ဟု အထူးဆင့်ဆိုထားသည်ကို မကြားမသိပါသလော၊ သင်သည် တပည့်ကိုသာ မွေးတတ်၍ သင့်မြတ်လျော်ကန်အောင် မဆုံးမ၊ သြဝါဒ မပေး အလေးမမူ၊ ငါကဲ့သို့သော သူကိုပင် မထေမဲ့မြင် ပြုလေသည်။ မောဟ ကြီးသည်, အလွန်မိုက်သည်ဟုဆိုလေ၏။

ထိုအခါ ခင်မကန်ဆရာတော်ဘုရားက လျှောက်ထားသည်မှာ... မှန်ပါ၊ ယခု လောက၌ မိုက်ကြသည်မှာ တပည့်တော်သာမဟုတ်၊ သတ္တဝါ ပုထုဇဉ် မြင်မြင် သမျှ မိုက်ကြသည်ချည်း ဖြစ်ပါသည်ဘုရားဟု လျှောက်ထားသော် ဘုံကျော် ဆရာတော်ဘုရားကြီးက မောင်ခါး-ဤစကားကို အဘယ်ကြောင့် သင်လျှောက် သနည်း၊ မောက်မာလှချေတကားဟု မိန့်ကြားတော်မူပြန်၏။

ထိုအခါ ခင်မကန် ဆရာတော်ဘုရားက မှန်ပါ- ကျမ်းဂန်ကို ကြည့်တော် မူပါ။ "အန္ဓီဘူတော အယံ လောကော"ဟု လာရှိပါသည်။ အယံ လောကော၊ ဤလောကသည်။ အန္ဓီဘူတော၊ အမိုက်အတိ ဖြစ်၍ ဖြစ်၏။ ဤကဲ့သို့လာရှိသဖြင့် ဖြန့်ညို၍ယူမှု အတူတူချည်း ဖြစ်ပါသည်ဘုရားဟု လျှောက်ထားသည်။ ထိုအခါ ဘုံကျော်ဆရာတော်ဘုရားက မောင်ခါးသည် ငါ့ကိုပင် အမိုက်ထဲသို့ သွင်းသေးသည် ဟု အမိန့်ရှိပြီးလျှင် ခင်မကန်ဆရာတော်ဘုရားကို 'သွားတော့'ဟု ခွင့်ပြု၍ ပြန် လွှတ်လိုက်သတည်း။

---

## ၄-ရဟန်းငယ် သဘောကျအောင် မောဟကို မိန့်ဆိုတော်မူခြင်း

အခါတစ်ပါး မဏိဇောတ သဒ္ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိ ရာဇဂုရုဟူသော တံဆိပ်နာမံ အလှူတော်ခံရသော ခင်မကန်ဆရာတော်ဘုရားကြီးသည် အသီးသီး သော ရဟန်းရှင်လူ ပြည်သူများစွာ သတ္တဝါအပေါင်းတို့အား ကောင်းသောပဋိပတ္တိဓမ္မ နည်းနယကို ညွှန်ပြဆုံးမတော်မူသောအခါ ဓမ္မစကြာတရား ရ၏လားဟု ခစား

www.burmeseclassic.com

www.burmeseclassic.com



လာသူ ပြည်သူရဟန်းတို့အား မေးမြန်းတော်မူတတ်သောအလေ့ရှိ၏။

တစ်နေ့သ၌ မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ နန္ဒာတံဆိပ် ကမ္ဗည်းလိပ်ထင်ရှားသော ဘုရားကြီးတိုက်၌ နှစ်ခြိုက်ရွှင်ပြုံး သီတင်းသုံးလျက် အလုံးစုံသော ပိဋကတ်ကျမ်းဂန်တို့၌ နှုတ်အံရွရွ စာရဏဖြင့် ပါကဋထင်ပေါ် နိုင်ငံကျော်သော ဦးရန်ကုန် ဆရာတော်ဘုရားသည် ခင်မကန်ဆရာတော်ဘုရားကြီးထံ ကန်တော့ရန် အခွင့်နှင့် သင့်တင့်လျှောက်ပတ် ကောင်းမြတ်ဖွယ်ရာသော လှူရန်များနှင့် အခစားရောက်တော်မူလာသည်။

ထိုအခါ ခင်မကန် ဆရာတော်ဘုရားကြီးနှင့် အာလာပ သလ္လာပ–စကားများကို ပြောကြားတော်မူကြပြီးနောက် ဦးရန်ကုန်–ဓမ္မစက္ကပဝတ္တနသုတ်ကို နှုတ်တက်များ ရပါ၏လောဟု မေးတော်မူရာ ဓမ္မစကြာတွင်မက နှုတ်တက်ရသော သုတ်တရားတို့သည် အများပင် ဖြစ်ပါကြောင်းနှင့် လျှောက်ထား၏။

## သာဓု၊ သာဓု၊ သာဓု

ထိုအခါ ခင်မကန် ဆရာတော်ဘုရားကြီးက အနည်းငယ် ရွတ်စမ်းပါဟု မိန့်တော်မူသော် ဆရာတော်ဦးရန်ကုန်က ဉာဏ်ဟုန်စူးရှ ထက်မြက်လှသော ပါရမီရှင်ဖြစ်သည့်အတိုင်း မဆိုင်းမတွ ရွတ်၍ပြလျှင် ဆရာတော်ဘုရားက အားရနှစ်သက်တော်မူသောအမူကြောင့် သာဓု–သာဓု–သာဓုဟု သုံးကြိမ်တိုင်တိုင် ချီးမွမ်း၍ ဆောင်စွမ်းနိုင်ပါပေသည်ဟု မိန့်တော်မူသောဟူ၏။

ထိုနောက် ရဟန်းငယ်တစ်ပါးသည် တရားတော်နာရန် ခင်မကန်ဆရာတော်ဘုရားကြီး အပါးတော်သို့ ခိုဝင်ခစားရာ ဓမ္မစကြာတရားကို ရ၏လောဟု မေးတော်မူသောအခါ မရပါဘုရားဟု လျှောက်ထားလေသတည်း။

ထိုအခါ ခင်မကန်ဆရာတော်ဘုရားကြီးက ဦးပဥ္စင်း–သင်တို့သည် မြတ်စွာဘုရား၏ သာသနာတော်ကို ထမ်း၍ ရဟန်းဟု ဝန်ခံပြီးလျှင် ဆွမ်းခံ၍ စားကာမျှနှင့် ကာလကိုကုန်စေလျက် ဓမ္မစကြာတရား အနည်းငယ်များကိုပင်မရ၊ မောဟကြီးလှ၏တကားဟု မိန့်တော်မူသည်။

ထိုအခါ ယခင် ဦးပဥ္စင်းက မောဟဆိုသည်ကား အဘယ်တရားကို ခေါ်ပါသနည်းဟု လျှောက်လေသော် ဆရာတော်ဘုရားကြီးက ဦးပဥ္စင်း–သင်သည် မောဟကိုမျှမသိ၊ ဖြစ်ရာဘိလေသည်။ ဤယခု သင် လျှောက်ထားသော စကားသည် မောဟပင်တည်းဟု မိန့်တော်မူပြီးသောအခါ ဦးပဥ္စင်း–ထိုးထွင်း၍ မသိနိုင်ကြသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ မောဟာအဝိဇ္ဇာ ပိတ်ကာယှက်မှေးသဖြင့် ဘေးကိုမမြင် ကျင်လည်ပြေးသွားလျက် သံသရာတည်းဟူသော စက်ရထား၌ မနေမနား ပဋိသန္ဓေ နေရခြင်းတည်းဟူသော ဇာတိဒုက္ခ, အိုရခြင်းတည်းဟူသော ဇရာဒုက္ခ, နာရခြင်းတည်းဟူသော ဗျာဓိဒုက္ခ, သေရခြင်းတည်းဟူသော မရဏဒုက္ခတို့နှင့် မုချတွေ့ကြုံလျက် ဘုံသုံးပါး ညွှတ်ကွင်းမှ မလွင်ကင်းနိုင်ကြဘဲ ဖြစ်ချေသည်၊ ထိုကြောင့် မောဟတည်းဟူသော အဝိဇ္ဇာ ကွယ်ပျောက်လျက် အမောဟတည်းဟူသော ပညိန္ဒြေ ဝိဇ္ဇာဉာဏ်နှင့် အမှန်ကိုသိ၍ ဝိမုတ္တိမဂ်ဖိုလ်သို့ ရက်တိုတိုနှင့် ကူးနိုင်ရန် ကျင့်ကြံအားထုတ်ရမည်ဟု မိန့်တော်မူ၍ ကြည်ဖြူစွာ တရားဟောတော်မူလေသတည်း။

---

## ၅–လှူဒါန်းရန် လာရောက်သူ အပျိုတော်များအား ငရဲသားတို့၏ ကျဉ်းကျပ်ဟန်ကို သံမှိုနှင့်ပမာထား၍ ဟောကြားတော်မူခြင်း

မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီး၏ မိဖုရားခေါင်ကြီးက မန္တလေးမြို့ အရှေ့ပြင် မဟာဝိဇယာရာမတိုက် ခင်မကန်ဆရာတော်ဘုရားကြီးထံ လှူဒါန်းရန်နှင့်တကွ အပျိုတော်များကို စေလွှတ်ရာ ဆရာတော်ဘုရားကြီးက တရားဓမ္မ ဆုံးမဟောပြောတော်မူသည်မှာ၊ အပျိုတော်ကလေးများ တရားကို မေ့လျော့၍ ပေါ့ပေါ့ဆဆ မနေကြနှင့် "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ"။ ဘိက္ခဝေ၊ သံသရာစက်ကန့် ဂရက်တန့်ကို ဖျက်သန့်ရလို ငါ၌ခိုသည့် အိုပရိသတ် သူတော်မြတ်တို့။ အပ္ပမာဒေန၊ မမေ့မလျော့ခြင်း နှင့်။ သမ္ပာဒေထ၊ ပြည့်စုံစေကြကုန်လော။ ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူသည်ကို နှလုံးသွင်း၍ နန်းတွင်းသူ–နန်းတွင်းသား ငါဖြစ်သည်တကား၊ဟု သနပ်ခါး ပန်းမန် လိမ်းကျံဆင်ယင် ပြုပြင်ဝတ်စားကြသောအရာသည် တဏှာသမုဒယလျှင် အရင်းရှိ၏။ ထိုသို့ အရင်းရှိသော သမုဒယတဏှာသည် ကောင်းရာသို့ တင်ပို့ကယ်ယူတတ်သည်မဟုတ်။ ကျဉ်းကျုံ့ပူပန် ဆင်းရဲကို ခံရခြင်းအကျိုးရှိ၏။ ယင်းသည့် လောဘ သမုဒယအတွက် ကာမဂုဏ် နှောင့်ယှက်၍ အဆက်ဆက် အတန်တန် ငရဲ၌ခံရကုန်သော သတ္တဝါတွေ များသည်မှာ ပမာအားဖြင့် ယူကောက်သော် ဝါးကျည်တောက်၏အတွင်း၌ မှန်ညှင်းစေ့ သွတ်လောင်း၍ သပ်ချောင်းနှင့် နက်သကဲ့သို့ အကွက်မလပ် ကြားညှပ်စရာမမြင် အလွန်ပင် များဟန်ကို ကျမ်းဂန်

www.burmeseclassic.com

www.burmeseclassic.com



၌ဆိုသည်ဟု ဟောကြားတော်မူ၏။

## ငရဲအိုးထဲမှာ နေစရာမရှိတော့လျှင်

ထိုသို့ ဟောကြားတော်မူသော် အပျိုတော်များက လျှောက်ထားပြန်သည်မှာ အရှင်ဘုရား၊ ယခု ဆရာတော်ဘုရားကြီး ဟောကြားတော်မူသည်အရ နိရယဒုက္ခ ခံစားရသော သတ္တဝါများသည့်အတွက် သပ်နှင့်နှက်သကဲ့သို့ အကွက်မလပ်အောင် ပြည့်၍နေခဲ့ပါလျှင် ဘယ်လိုပင် အကုသိုလ်တရားကို မိုက်မှား၍ ပြုမိသော်လည်း နေရာမရှိသည့် အရေးကြောင့် ငရဲဘေးမှ လွတ်ကင်းတန်ရာသည် မဟုတ်ပါလား ဘုရားဟု လျှောက်ထားကြသည်။

ထိုအခါ ခင်မကန်ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ... ယင်းကဲ့သို့မဟုတ် ဥပမာပုံထုတ်မူ သစ်ငုတ်တိုင် စသည်ကို သံမှိုငယ်နှင့် ပြင်းစွာရိုက်နှက်လျှင် မဝင်သည်ဟူ၍မရှိ သံမှိုများစွာ စူးဝင်ရသော ဥပမာကဲ့သို့ သတ္တဝါတို့က စီမံပစ်ချ၍ ခံကြရလေကုန်သည်ဟူ၍မှတ်။ ဤကဲ့သို့ ခင်မကန် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသည်၏ အဆုံးတွင် တရား၌ နှလုံးသွင်း၍ နန်းတွင်းသို့ ပြန်ကြလေကုန်သတည်း။

---

## ၆–"တရားနာသူ အခွင့်မဟန်သောကြောင့် နှင့်အကြံ ငါသိပြီ" ဟူသောဥပမာဖြင့် မှတ်စရာဟောတော်မူခြင်း

အခါတစ်ပါး ခင်မကန် ဆရာတော်ဘုရားကြီးသည် ငြီးငွေ့ဆုတ်နစ်၍ လူ၏အဖြစ်ကို ကြံစည်သော မထေရ်ရဟန်းတော်တစ်ပါးကို တရားဓမ္မဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူသည်မှာ...

"ငါ့ရှင်၊ ပဗ္ဗဇ္ဇိတဒုလ္လဘ၌ ကြုံရသည့်အခါ သာသနာတော်မှ ဆုတ်နစ်၍ လူ၏အဖြစ်သို့ ရောက်အောင် ကြံဆောင်အားထုတ်ခြင်းကို မပြုလင့်။ လူ့ဘောင် လောက လူပြုကြရသည်မှာ လွန်စွာကျဉ်းမြောင်းလျက် ကောင်းမှုကုသိုလ် ထိုထို များစွာ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ခြင်းငှာ ခွင့်မရ အတိသမ္မာခ– ဖြစ်ကြောင်းနှင့် ကောင်းစွာ ဆုံးမညွှန်ပြ ဟောကြားတော်မူ၏။

ထိုအခါ တရားနာသော ရဟန်းငယ်သည် အသွယ်သွယ်သော ကာမဂုဏ်

www.burmeseclassic.com



အစ လူပြုရန် အရေးကို ကြံတွေးစဉ်းစားလျက် ဆရာတော်ဘုရား ဟောသောတရား ကို နားကမထောင် မှတ်မိအောင် နှလုံးမသွင်း ပျင်းပျင်းရိရိ စိတ်၏အလိုသို့ လိုက်၍ ဝိတက်စရိုက်ပြောသော အဖြစ်ကို စင်စစ် သိတော်မူသည်ဖြစ်၍– "ငါ့ရှင်–သင်သည် ငါဟောကြားသောတရားကို နှလုံးမသွင်း လူဖြစ်ခြင်းအကျိုး ကို မျှော်ကိုးကြံစည်လျက် နေသည်ဟု ဆရာတော် သဘောရသည်။ ရှေးက သာမဏေကြီးသည် ဦးရီးဖြစ်သော ရဟန္တာမြတ်ကို ဆည်းကပ်ဝတ်ပြုသကဲ့သို့ ရှိသည်ဟု မိန့်တော်မူ၏"ဟု မိန့်တော်မူသည်။

ထိုအခါ ရဟန်းက၊ အရှင်ဘုရား သာမဏေကြီးသည် ဦးရီးဖြစ်သော ရဟန္တာ မြတ်ကို ဆည်းကပ်ဝတ်ပြုသောဝတ္ထုကို အကျယ်အားဖြင့် ဟောကြားဆုံးမတော် မူပါဘုရားဟု လျှောက်ထားတောင်းပန်လျှင် ခင်မကန်ဆရာတော်ဘုရားက မိန့်ကြား တော်မူသည်မှာ ငါ့ရှင်–ရှေးသောအခါ ဆရာဦးရီးဖြစ်သော ရဟန္တာနှင့် မကွာတကွ နေထိုင်ရသူ တူရင်းဖြစ်သော သာမဏေကြီးတစ်ပါးသည် ရှိသတတ်။

တစ်နေ့သ၌ တူဖြစ်သော သာမဏေကြီးသည် ဦးရီးဖြစ်သော ရဟန္တာကို ညအခါ ဝတ်မပျက်အောင် ခြေလက်ဆုပ်နယ်ခြင်းကိုပြုလျက် လူထွက်လိုသော စိတ်ကူးနှင့် အထူးထူးအထွေထွေ စိတ်လေတိုင်း ရောက်သွား၍ ကြံမှားသော အကြောင်းမှာ– ၎င်းဦးရီးမထေရ်ကြီးထံမှ လိင်ပြန်ထွက်သွားသဖြင့် မိဘများအိမ်သို့ ရောက်ကာလ လူ၏ဘဝဖြင့် နီယာမထုံးစံအလိုက် ကြိုက်နှစ်သက်သော မယား ကိုယူ၍ ကြည်ဖြူစွာနေကြသဖြင့် ကာလကြာသော် သားတစ်ယောက် မွေးဖွားလျှင် ယခင် ဦးရီးဖြစ်သော ရဟန္တာအရှင်မြတ်ထံသို့ ကန်တော့ရန် သွားမည်ဟု လှည်း နွားများကို ယှဉ်ကလျက် သားမယားနှင့်တကွ လှူရန်ကိုတင်၍ အစဉ်သဖြင့် နှင်မောင်းသော် ကျောင်းတော်သို့ မရောက်မီ ခရီးအကြားတွင် နွားကလည်း ထမ်းပိုးကောင်း ကြိမ်တို့၍မောင်းသည်တွင် ခရောင်းထူရာမြေကွက်၌ မယား၏ လက်ဖြင့် ပွေ့ဖက်ပိုက်ချီ၍ထားသော သားသူငယ်သည် မြေဝယ်ထွက်ကျသည်ကို မသိ၊ အဝတ်ဖြင့် ဖုံးဖိ၍ ပါရှိ၏ဟူသောအမှတ်နှင့် စီးလိုက်လာရာ ရဟန္တာ၏ ကျောင်းအပါးသို့အကျ တံခါးဝသို့ အဆိုက်တွင် လက်၌သူငယ်ကို မမြင်သဖြင့် လင်ကမေးမှ ကလေးမပါသည်ကိုသိ၍ သူငယ်၏ အမိဖြစ်သူ မယားကို နင်ကား မိုက်သည် ဆဲဆိုမြည်လျက် မဆည်မချုပ်နိုင်သောအတွက် စိတ်ကမျက်၍ လက်သီး နှင့် မယား၏ကျောကို စည်ဗျောများနက်သကဲ့သို့ သုံးချက်လောက် သတ်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



၌ဆိုသည်ဟု ဟောကြားတော်မူ၏။

## ငရဲအိုးထဲမှာ နေစရာမရှိတော့လျှင်

ထိုသို့ ဟောကြားတော်မူသော် အပျိုတော်များက လျှောက်ထားပြန်သည်မှာ အရှင်ဘုရား၊ ယခု ဆရာတော်ဘုရားကြီး ဟောကြားတော်မူသည်အရ နိရယဒုက္ခ ခံစားရသော သတ္တဝါများသည့်အတွက် သပ်နှင့်နှက်သကဲ့သို့ အကွက်မလပ်အောင် ပြည့်၍နေခဲ့ပါလျှင် ဘယ်လိုပင် အကုသိုလ်တရားကို မိုက်မှား၍ ပြုမိသော်လည်း နေရာမရှိသည့် အရေးကြောင့် ငရဲဘေးမှ လွတ်ကင်းတန်ရာသည် မဟုတ်ပါလား ဘုရားဟု လျှောက်ထားကြသည်။

ထိုအခါ ခင်မကန်ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ... ယင်းကဲ့သို့မဟုတ် ဥပမာပုံထုတ်မူ သစ်ငုတ်တိုင် စသည်ကို သံမှိုငယ်နှင့် ပြင်းစွာရိုက်နှက်လျှင် မဝင်သည်ဟူ၍မရှိ သံမှိုများစွာ စူးဝင်ရသော ဥပမာကဲ့သို့ သတ္တဝါတို့က စီမံပစ်ချ၍ ခံကြရလေကုန်သည်ဟူ၍မှတ်။ ဤကဲ့သို့ ခင်မကန် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသည်၏ အဆုံးတွင် တရား၌ နှလုံးသွင်း၍ နန်းတွင်းသို့ ပြန်ကြလေကုန်သတည်း။

---

## ၆–"တရားနာသူ အခွင့်မဟန်သောကြောင့် နင့်အကြဲ ငါသိပြီ" ဟူသောဥပမာဖြင့် မှတ်စရာဟောတော်မူခြင်း

အခါတစ်ပါး ခင်မကန် ဆရာတော်ဘုရားကြီးသည် ငြီးငွေ့ဆုတ်နစ်၍ လူ၏အဖြစ်ကို ကြံစည်သော မထေရ်ရဟန်းတော်တစ်ပါးကို တရားဓမ္မဖြင့် ဤသို့ ဆုံးမ ဟောကြားတော်မူသည်မှာ...

"ငါ့ရှင်၊ ပဗ္ဗဇ္ဇိတဒုလ္လဘ၌ ကြုံရသည့်အခါ သာသနာတော်မှ ဆုတ်နစ်၍ လူ၏အဖြစ်သို့ ရောက်အောင် ကြံဆောင်အားထုတ်ခြင်းကို မပြုလင့်။ လူ့ဘောင် လောက လူပြုကြရသည်မှာ လွန်စွာကျဉ်းမြောင်းလျက် ကောင်းမှုကုသိုလ် ထိုထို များစွာ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ခြင်းငှာ ခွင့်မရ အတိသမ္ဗာဓ– ဖြစ်ကြောင်းနှင့် ကောင်းစွာ ဆုံးမညွှန်ပြ ဟောကြားတော်မူ၏။

ထိုအခါ တရားနာသော ရဟန်းငယ်သည် အသွယ်သွယ်သော ကာမဂုဏ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



အစ လှူပြုရန် အရေးကို ကြံတွေးစဉ်းစားလျက် ဆရာတော်ဘုရား ဟောသောတရားကို နားကမထောင် မှတ်မိအောင် နှလုံးမသွင်း ပျင်းပျင်းရိရိ စိတ်၏အလိုသို့ လိုက်၍ ဝိတက်စရိုက်ပြောသော အဖြစ်ကို စင်စစ် သိတော်မူသည်ဖြစ်၍– "ငါ့ရှင်–သင်သည် ငါဟောကြားသောတရားကို နှလုံးမသွင်း လှူဖြစ်ခြင်းအကျိုးကို မျှော်ကိုးကြံစည်လျက် နေသည်ဟု ဆရာတော် သဘောရသည်။ ရှေးက သာမဏေကြီးသည် ဦးရိုးဖြစ်သော ရဟန္တာမြတ်ကို ဆည်းကပ်ဝတ်ပြုသကဲ့သို့ ရှိသည်ဟု မိန့်တော်မူ၏"ဟု မိန့်တော်မူသည်။

ထိုအခါ ရဟန်းက၊ အရှင်ဘုရား သာမဏေကြီးသည် ဦးရိုးဖြစ်သော ရဟန္တာမြတ်ကို ဆည်းကပ်ဝတ်ပြုသောဝတ္ထုကို အကျယ်အားဖြင့် ဟောကြားဆုံးမတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်လျှင် ခင်မကန်ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ငါ့ရှင်–ရှေးသောအခါ ဆရာဦးရိုးဖြစ်သော ရဟန္တာနှင့် မကွာတကွ နေထိုင်ရသူ တူရင်းဖြစ်သော သာမဏေကြီးတစ်ပါးသည် ရှိသတတ်။

တစ်နေ့သ၌ တူဖြစ်သော သာမဏေကြီးသည် ဦးရိုးဖြစ်သော ရဟန္တာကို ညအခါ ဝတ်မပျက်အောင် ခြေလက်ဆုပ်နယ်ခြင်းကိုပြုလျက် လူထွက်လိုသော စိတ်ကူးနှင့် အထူးထူးအထွေထွေ စိတ်လေတိုင်း ရောက်သွား၍ ကြံမှားသော အကြောင်းမှာ– ၎င်းဦးရိုးမထေရ်ကြီးထံမှ လိင်ပြန်ထွက်သွားသဖြင့် မိဘများအိမ်သို့ ရောက်ကာလ လူ၏ဘဝဖြင့် နိယာမထုံးစံအလိုက် ကြိုက်နှစ်သက်သော မယားကိုယူ၍ ကြည်ဖြူစွာနေကြသဖြင့် ကာလကြာသော် သားတစ်ယောက် မွေးဖွားလျှင် ယခင် ဦးရိုးဖြစ်သော ရဟန္တာအရှင်မြတ်ထံသို့ ကန်တော့ရန် သွားမည်ဟု လှည်းနွားများကို ယှဉ်ကလျက် သားမယားနှင့်တကွ လှူရန်ကိုတင်၍ အစဉ်သဖြင့် နှင်မောင်းသော် ကျောင်းတော်သို့ မရောက်မီ ခရီးအကြားတွင် နွားကလည်း ထမ်းပိုးကောင်း ကြိမ်တို့၍မောင်းသည်တွင် ခရောင်းထူရာမြေကွက်၌ မယား၏ လက်ဖြင့် ပွေ့ဖက်ပိုက်ချီ၍ထားသော သားသူငယ်သည် မြေဝယ်ထွက်ကျသည်ကို မသိ၊ အဝတ်ဖြင့် ဖုံးဖိ၍ ပါရှိ၏ဟူသောအမှတ်နှင့် စီးလိုက်လာရာ ရဟန္တာ၏ ကျောင်းအပါးသို့အကျ တံခါးဝသို့ အဆိုက်တွင် လက်၌သူငယ်ကို မမြင်သဖြင့် လင်ကမေးမှ ကလေးမပါသည်ကိုသိ၍ သူငယ်၏ အမိဖြစ်သူ မယားကို နင်ကား မိုက်သည် ဆဲဆိုမြည်လျက် မဆည်မချုပ်နိုင်သောအတွက် စိတ်ကမျက်၍ လက်သီးနှင့် မယား၏ကျောကို စည်ဖျောများနှက်သကဲ့သို့ သုံးချက်လောက် သတ်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com


အမှတ်မဲ့ ကြံစည်လျက် မထေရ်ဦးရီး ရဟန္တာကြီး၏ ကျောက်ကုန်းကို ဖြန်းခနဲ ထုမိ၍ အရိယာသခင် အရှင်ရဟန္တာက ဗျာကယာထတဲ့သဖြင့် ဟဲ့–သာမဏေ ကြီး သည်းခံ–သည်းခံ နင့်အကြံကို ငါသိ၏ဟု မိန့်တော်မူမှ တူဖြစ်သူ သတိရ၍ ကာမဝိတက်ကို ကြံမိကြောင်းနှင့် တောင်းပန်လျှောက်ထားသတဲ့ ငါ့ရှင်ရဲ့။

ဤအတူ ယခု သင်ရဟန်းငယ်လည်း ငါဟောသောတရားကို နား၌မဝင် သညာဝိပလ္လာသ–ဖောက်ပြန် တရားနာချက် ခွင့်မဟန်ဘူး သင့်အကြံကို ငါသိပြီ ဟောရခြင်း၏ အကျိုးတရား ထွန်းကားမည်မဟုတ်ဟု ဆုတ်နစ်သောအား တရား ဖြတ်လျက် ရပ်တန့်တော်မူလေသတည်း။

---

## ၇–နိဗ္ဗာန်ကို အဟုတ်မက်သော်လည်း နှုတ်ဆက်နေဦးမှာဖြင့် မဖြစ်ဘူးဟူသောစကားဖြင့် ဒါယကာအား မိန့်တော်မူခြင်း

မဏိဇောတ သဒ္ဓမ္မာလင်္ကာရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု တံဆိပ်နာမံတော်ရှိ သော မန္တလေး ရတနာပုံ ရွှေမြို့တော်ကြီး အရှေ့မျက်နှာ မဟာဝိဇယာရာမတိုက် ခင်မကန်ဆရာတော်ဘုရားကြီးသည် အသီးသီးသော တပည့်တပန်း ရဟန်းအပေါင်း တို့ကို စာပေပို့ချ တရားဓမ္မ ဩဝါဒအမြိုက်ဆေးကို တိုက်ကျွေးဆုံးမလျက် ယာပထလေးလီ မျှညီရွှင်ပြုံး သီတင်းသုံးတော်မူနေသည်။

ထိုအခါ ဒါယကာတစ်ယောက်သည် လက်ဖြောက်ရိုကျိုး ရှိခိုးလျှောက်ထား သည်မှာ... အရှင်ဘုရား–ယခုကာလ မိန်းမယောကျ်ား များစွာသော လူအပေါင်း တို့သည် ဆုတောင်းသောအခါ နိဗ္ဗာန်ကိုသာ ဆုတောင်းကြပါသည်။ ထိုသို့ ဆုတောင်းကြသည်မှာ အဘယ်အခါ အဘယ်ကာလမှ နိဗ္ဗာန်ကို ရပါမည်နည်း ဘုရားဟု လျှောက်ထား၏။

### သိချင်၍ မေးသလား

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ သင် ယခု ငါ့အား လျှောက်ထားသည်မှာ နိဗ္ဗာန်ကို အမှန်ရောက်ချင်၍ လျှောက်သလော၊ သို့တည်းမဟုတ် သိလိုကာမတ္တ သာမညအားဖြင့်ပင် လျှောက်ပေသလောဟု မေး တော်မူ၏။

ထိုအခါ ဒါယကာက အရှင်ဘုရား အမှန်အားဖြင့် လိုလား ပေါက်ရောက်

www.burmeseclassic.com

www.burmeseclassic.com



ချင်၍ပင် မေးပါသည်ဟုလျှောက်သော် ဆရာတော်က ဒါယကာ–သင် အကယ်နိဗ္ဗာန်ကို အားသန်တောင့်တ အလိုဆန္ဒရှိလျှင် အိမ်တွင် သားမယားတို့ကို ပယ်ရှားစွန့်ခွာနိုင်ပါမည်လောဟု မေးတော်မူပြန်၏။

ထိုအခါ ဒါယကာက အရှင်ဘုရား–ယခု စိတ်အလိုအားဖြင့် ပယ်ရှားစွန့်ခွာနိုင်လိမ့်မည် ထင်ပါသည်ဘုရားဟု လျှောက်ထားသောအခါ ခင်မကန် ဆရာတော်ဘုရားကြီးက အင်း... မင်း နိဗ္ဗာန်လိုချင်တာက "ဈေးချိုတောင်က ငမောင် နိဗ္ဗာန်လိုချင်တာမျိုး ထင်ပါရဲ့"ဟု မိန့်တော်မူရာ အပါးတော်မှာရှိသော ဒါယကာအပေါင်းတို့က ခွင့်တောင်းလျှောက်ထား၍ ဤသို့မိန့်ကြားတော်မူသည်။

ဈေးချိုတောင်က ငမောင်ဆိုသော ဒါယကာသည် ညဉ့်အခါ အိမ်တော်ရာဘုရားသို့သွား၍ အမြဲအားဖြင့် ဖူးမြော်ခြင်းဝတ်ကို ပြုပြီးလျှင် နိဗ္ဗာန်ဆုကို နေ့စဉ်တောင်းသတတ်။ ဤကဲ့သို့ တောင်းသည်ကို အဖော်အပေါင်း သူငယ်ချင်းဖြစ်သူ မောင်အောင်က ငမောင်ဆိုသူ ငါ့သူငယ်ချင်းသည် ညစဉ် အိမ်တော်ရာဘုရားသို့သွား၍ နိဗ္ဗာန်ချမ်းသာကို ရပါလိုကြောင်းနှင့် ဆုတောင်းသည်။ အကြောင်းကိုသိရအောင် ငမောင်၏အလိုကို စုံစမ်းအံ့ဟု နတ်ဝတ်နတ်တန်းဆာတို့ကို ဝတ်စားဆင်ယင်ပြီးလျှင် ငမောင် မရောက်ခင် ပုန်းကွယ်၍ နေနှင့်၏။

## သားမယားကို နှုတ်ဆက်ပါရစေ

ငမောင်ဆိုသော ဒါယကာသည်လည်း ညအခါ အချိန်နီး၍ ပုတီးကို လက်စွဲပြီးကာ အိမ်တော်ရာဘုရားသို့ အဖူးသွားလေသတည်း။ ဘုရားသို့ ရောက်သောအခါ ကောင်းမွန်စွာ ဝတ်တက်ရှိခိုးပြီးသော် တပည့်တော် ယခု ဤကောင်းမှုအရင်းခံကြောင့် နိဗ္ဗာန်သို့ ရောက်ရပါလို၏ဘုရားဟု ဆုတောင်းရာ ၎င်းအဆုံးတွင် နတ်လုပ်သူ မောင်အောင်က ကိုယ်ရောင်ကိုယ်ဝါကိုပြလျက် 'အသင်လူသား၊ သင်သည် နိဗ္ဗာန်ကိုရလိုကြောင်းနှင့် ဆုတောင်းသည်များလှပြီ ခုသွားမည်၊ ထလော့ဟုဆိုလျှင် ထိုငမောင်ဆိုသောသူက နတ်မင်း–နိဗ္ဗာန်သို့ဆိုက်အောင် သင်လိုက်၍ပို့မည်ဟု ခေါ်သည်မှာ များစွာဝမ်းမြောက်ပါသည်။ သို့ရာတွင် အိမ်မှာထားခဲ့သော သားမယားကို နှုတ်ဆက်ပါရစေဦးဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com



## နိဗ္ဗာန်ကို လိုက်တော့မည်

ထိုအခါ အယောင်ဆောင်သော မောင်အောင်ဆိုသူ နတ်က မတ်တတ်ခဏ ကလေးဖြင့် ပြေး၍ နှုတ်ဆက်ချေဦးလော့ဟု ပြော၍ အဆောတလျင် ပြန်သွားလျက် မယားကို ပြောသည်မှာ... ရှင်မ သင်တို့မှာ ကောင်းမွန်စွာ သမီးသားနှင့် စားသောက်၍ နေရစ်ကြတော့။ ငါ့မှာ နိဗ္ဗာန်ဆော်နတ်မင်းက ခုချက်ချင်း နိဗ္ဗာန် သို့ရောက်အောင် ပို့ဆောင်မည်ဆိုသောကြောင့် နိဗ္ဗာန်ကို လိုက်တော့အံ့ဟု ဆို၏။

ထိုအခါ မယားက "အလကားပဲ အိမ်ပြန်လာသည် မြန်မြန်သာလိုက်သွားပါ။ နိဗ္ဗာန်ဆိုတာ အလွန်တရာ ရခဲရောက်ခဲသည်၊ နိဗ္ဗာန်တွင်အမြဲသာ နေပါတော့ ကိုမောင်"ဟု ပြောသောအခါ ငမောင်က မဟုတ်ဘူးရှင်မ၊ ညည်းမှာ သားနှင့် သမီးနှင့် ပစ်ပြီးသွားလို့မှ တော်ပါမည်လား စဉ်းစားပါဦး ရှင်မရဲ့လို့ ဆိုသတဲ့ ဒကာရဲ့။

ဤအတူ ဒါယကာလည်း ယခုနေသော နိဗ္ဗာန်ရောက်ချင်သည်၊ အကယ်ပင် သွားကြပါစို့ဟုဆိုလျှင် နိဗ္ဗာန်ကို အဟုတ်မကဲသော်လည်း နှုတ်ဆက်နေအုံးမည့် လူစားထဲကပဲဟု မိန့်တော်မူသောအခါ များစွာသော ပရိသတ်တို့သည် ပွဲတင်ထပ် မျှ ရယ်မောကြလေသတည်း။

---

## ၈–ရွှေဘိုနယ်က ဘုန်းကြီးဦးကြွယ် တရားဟောသလိုဖြင့် မလုပ်နိုင်ဘူးကွဲ့ဟူသော ပမာစကားဖြင့် ဒါယကာအား မိန့်တော်မူခြင်း

မဇ္ဈိမဒေသတသဒ္ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်နာမံတော်ရှိ သော မန္တလေးမြို့ အရှေ့ပြင် ခင်မကန်ဆရာတော်ဘုရားကြီးသည် စစားဖူးမြော် လာသူ ရှင်လူသတ္တဝါ အဖြာဖြာတို့ကို ရထာရဟာတရားဓမ္မ ဥပဒေသနည်းလမ်းဖြင့် ဆွတ်ဖျန်းတိုက်ကျွေးတော်မူလေ့ရှိသတည်း။

တစ်နေ့သောအခါ ဒါယကာတစ်ဦးက ညွတ်နူးရိုသေစွာ ဂါရဝတရား ရှေ့ထား၍ လျှောက်ကြားသည်မှာ... အရှင်ဘုရား ယခု တပည့်တော်များ နေထိုင် သော မန္တလေးမြို့၌ ဓမ္မကထိကပုဂ္ဂိုလ် ထိုထိုအများတို့ ဟောကြားပြသ ဆုံးမ တော်မူသော်လည်း အရှင်မှတစ်ပါး ကွဲပြားသေချာ နေရာတကျဖြစ်အောင် ကြ

www.burmeseclassic.com



ဆောင်ဟောကြားနိုင်သော ပုဂ္ဂိုလ်မရှိဟု တပည့်တော် သဘောရပါသည်။ သို့အတွက် တပည့်တော်တို့ကဲ့သို့သောသူ ဉာဏ်နုံသောလူတို့ကို ရှေးရှုသနား ငဲ့သောအားဖြင့် ကြိုးစား၍ ဟောတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ၊ မြတ်စွာဘုရား ဟောတော်မူသော တရားမှန်က အဘယ်ပုဂ္ဂိုလ်ပင် ဟောသော်လည်း သဘောလွဲတော့မည် မဟုတ်။ ဒကာ ဘယ်လိုပင် လျှောက်သော်လည်း "ရွှေဘို နယ်က ဘုန်းကြီးဦးကြွယ် တရားဟောသလိုဖြင့် မလုပ်နိုင်ဘူးကွဲ့."ဟု မိန့်တော်မူသောအခါ ဒါယကာက ဥပမာအဓိပ္ပာယ် ဦးကြွယ်၏အကြောင်းကို မိန့်တော်မူပါ ဘုရားဟု လျှောက်ထားတောင်းပန်၍ လင်းပြန် မိန့်ကြားတော်မူသည်မှာ... "ဒါယကာ–ရွှေဘိုနယ်၌ ဦးကြွယ်ဆိုသော ဘုန်းတော်ကြီးသည် ခိုမှီးသီတင်းသုံးတော်မူရာ တစ်နေ့သ၌ မောင်ဆန်းဆိုသော ဒါယကာသည် ဆွမ်းဆန်တစ်စိတ်, ငါးခြောက်တစ်ပိဿာများကို ဘုန်းကြီးဦးကြွယ်အား လှူ၏။ ထိုအခါ ဘုန်းကြီး ဦးကြွယ်က ဒါယကာမောင်ဆန်း–ဆွမ်းဆန် တစ်စိတ်, တစ်ပိဿာသော ငါးခြောက် ကို ဝမ်းမြောက်ရွှင်လန်း လှူဒါန်းရသော ကုသိုလ်ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ ကေန်ရောက်လတ္တံ့။ နိဗ္ဗာန်သို့ မရောက်မီကာလ ဘဝအပေါင်းတို့၌လည်း လူ ကောင်းနတ်ကောင်းဖြစ်၍ စင်စစ် ခံစားရလတ္တံ့.ဟု ဟော၏။

ထိုအခါ ကျောင်းတွင်ရှိသော သူငယ်ငနီက ကြားသဖြင့် သူ၏အဖအား ပြောသည်မှာ အဖရယ်၊ ဦးကြွယ်က ဆွမ်းဆန်တစ်စိတ် တစ်ပိဿာသော ငါးခြောက် ကို လှူဒါန်းသော ဦးဆန်းအား တရားဟောသည်မှာ လူနတ်ဗြဟ္မာ များစွာသော စည်းစိမ်ကို အကြိမ်ကြိမ်ခံစံ၍ နိဗ္ဗာန်သို့ ရောက်လတ္တံ့.ဟု ဟောကြောင်းကိုပြော လျှင် ဖခင်ဖြစ်သော မောင်တုတ်ကြီးက ငါလည်း လှူဦးအံ့ဟုကြံ၍ ဆွမ်းဆန် တစ်တင်း, ဟင်းလျာငါးခြောက် ငါးပိဿာ ကောင်းမွန်စွာယူ၍ ကြည်ဖြူစွာ ဘုန်းကြီးဦးကြွယ်အား လှူဒါန်း၏။

ထိုအခါ ဘုန်းကြီးဦးကြွယ်က ယခင်အခါ မောင်ဆန်း လှူဒါန်းသောအခါ၌ ဟောသောတရားကိုပင် ထပ်၍ဟောလေသတည်း။

## သာသာထိုးထိုး ဟောဖို့ကောင်းပါသည်

ထိုအခါ မောင်တုတ်ကြီးက နည်းမဟုတ်လေကိုယ်တော်၊ သည်လိုလုပ်၍ လျော်မည်လား၊ နည်း–များကို ထောက်ချင့်၍ တော်သင့်အောင်ဟောဖို့ ကောင်းပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆန်တစ်စိတ်နှင့် ငါးခြောက်တစ်ပိဿာကို လှူသော မောင်ဆန်းကိုလည်း ဤတရားကိုပင်ဟောသည်။ ယခု ဆန်တစ်တင်း ငါးခြောက်ငါးပိဿာလှူသော တပည့်တော်ကိုလည်း ဤတရားကိုပင် ဟောသည်။ အကယ်ဆိုလျှင် တပည့်တော်မှာ ဆန်တစ်တင်း, ဟင်းလျာ ငါးခြောက်က ငါးပိဿာ အများကြီးကွာနေသည်။ ခပ်သာသာများ ဟောစရာကောင်းပါသည်ဘုရားဟု လျှောက်ထား၏။

ထိုအခါ ဘုန်းကြီးက ထပ်၍ ကျေနပ်အောင်ဟောသည်မှာ ဒါယကာမောင်တုတ်ကြီး ယခင်က ဆန်လှူဒါန်းသော မောင်ဆန်းကို ဘယ်လိုပင်ဟောပြသော်လည်း ရမှရပြီးရော ပြောရမှာပါကွဲ့။ မင်းလှူသည့်ဒါနမှာ ကေန္တအကျိုးပေးမည်ဟု ဟောသတဲ့ ဒကာရဲ့။

ဤအတူ ဒါယကာမှာလည်း ခပ်သာသာဟောမှ သဘောကျမည့် ဒါယကာထင်ပါရဲ့ဟု မိန့်တော်မူသောအခါ တရားနာပရိသတ်ပေါင်းတို့သည် ခေါင်းညိတ်ရယ်မော၍ တသောသော နေကုန်သတည်း။

---

## ၉–ရတနာသုံးပါး၌ မညွတ်မကိုင်း အလွန်ရိုင်းသော လူအသွမ်းတို့ကို သူကန်းနှင့် ပမာထား၍ ဒါယကာအား မိန့်တော်မူခြင်း

မဏိဇောတ သဒ္ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော ခင်မကန်ဆရာတော်ဘုရားကြီးသည် သီတင်းနေ့အခါ များစွာသော တိုင်းသားပြည်သူ ရှင်လူအပေါင်းတို့အား နည်းကောင်းပဋိပတ် တရားမြတ်ကို ဟောချွတ်ချီးမြှောက်တော်မူသည်။

တစ်နေ့တွင် ဒါယကာတစ်ဦးက ညွတ်နူးဝပ်တွား လျှောက်ထားသည်မှာ... အရှင်ဘုရား ယခုလောက၌ မနုဿဒုလ္လဘာကို ကြုံကြစင်စစ် လူပင်ဖြစ်သော်လည်း ဓမ္မရာဇ် ထွတ်ထား မြတ်စွာဘုရား၌လည်းကောင်း, မြတ်စွာဘုရား ဟောကြားဆုံးမတော်မူအပ်သော တရားတော်၌လည်းကောင်း, မြတ်စွာဘုရား၏ တပည့်သားသံဃာတို့၌လည်းကောင်း ညွတ်ပျောင်းကိုင်းရှိုင်းသော စေတနာ လွန်စွာနည်းပါးကြသူ အချို့သော လူအပေါင်းတို့သည် အဘယ်အကြောင်းကြောင့်ပါနည်းဘုရားဟု လျှောက်ထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒါယကာ ဤကဲ့သို့ ဘုရား, တရား, သံဃာ ရတနာသုံးပါးတို့၌ ညွတ်ပြားကိုင်းရှိုင်းခြင်းမရှိသူ အချို့သောသူတို့မှာ...

အနမတဂ္ဂသံသာရေ ဗုဒ္ဓေါတိ ဝါ ဓမ္မောတိ ဝါ သံဃောတိ ဝါ အသုတပုဗ္ဗော...

အနမတဂ္ဂသံသာရေ၊ အစမထင်သော သံသရာ၌။ ဗုဒ္ဓေါတိ ဝါ၊ ဘုရားဟူ၍လည်းကောင်း။ ဓမ္မောတိ ဝါ၊ တရားဟူ၍လည်းကောင်း။ သံဃောတိ ဝါ၊ သံဃာဟူ၍လည်းကောင်း၊ အသုတပုဗ္ဗော၊ ရှေး၌မကြားစဖူး။

ဤသို့ လာသည်အရ အနမတဂ္ဂ အစမထင်သော သံသရာ များစွာသော ဘဝအမျိုးမျိုးတို့၌ ဆိုးညစ်သောင်းကျန်း စည်းကမ်းမထား အပါယ်လေးပါးတို့၌သာ နစ်မွန်းမျောပါလျက် ဘုရားဟူ၍လည်း မကြားစဖူး, တရားဟူ၍လည်း မကြားစဖူး, သံဃာဟူ၍လည်း မကြားစဖူး အပါယ်လေးတန်မှ တစ်ရံတစ်ခါ လွတ်ပြန်ပါ၍ သတ္တဝါလူ ဖြစ်ပြန်မူလည်း အယူဖောက်ပြန်၍ ကံ-ကံ၏အကျိုးကို အားကိုးယုံကြည်ခြင်းမရှိ ဖြစ်ကြဘိသည်ဟူ၍လည်း ယူရန်ရှိချေသည်ဟု မိန့်တော်မူ၏။

ဥပမာနည်းလမ်းမှာ "သူကန်းနှစ်ယောက်နှင့် အလားတူသည်"ဟု မိန့်တော်မူ၏။ ထိုအခါ ဥပမာသူကန်း၏ နည်းလမ်းကို ဟောတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်၍ လင်းပြန်မိန့်ကြားတော်မူသည်မှာ-ဒါယကာ ရှေးက အမိဝမ်းတွင်းမှ ကန်းသူတစ်ယောက်, အမိမွေးဖွား အကောင်းသားလျက် ကံအားလျော်စွာ ကြီးမှ ကန်းရှာရသော သူတစ်ယောက်-ဤမျက်မမြင် နှစ်ယောက်သည် စားသောက်ရန် ထမင်းကို အတောင်းသွားကြရာ တစ်ခုသော အလှူမဏ္ဍပ်အတွင်းမှ ကျွဲနို့ထမင်းကို ရခဲ့ကြလေသတည်း။ တစ်ခုသောဇရပ်သို့တက်၍ စားကြသောအခါ အမိဝမ်းတွင်းမှ ကန်းခဲ့သူ တစ်ယောက်သောလူက အသင်-ယခုငါတို့ စားသောအာဟာရကို အမည်နာမ အဘယ်သို့ခေါ်သနည်းဟု မေး၏။ ထိုအခါ ကြီးမှ မျက်စိကွယ်သူ တစ်ယောက်သောလူက အသင်-ကျွဲနို့ထမင်း ခေါ်သည်ဟု ပြောသောအခါ အသင်သူငယ်ချင်း ကျွဲနို့ထမင်းကို ငါမမြင်ဖူး၍ အထူးကိုပြောပြပါဟုဆို၏။

ထိုအခါ တစ်ယောက်သောသူက ကျွဲနို့ဟူသည် ဖြူဖြူအဆင်းရှိ၏ဆိုလျှင် ဖြူဖြူပင် ငါမသိဟုဆိုပြန်သော် အဖော်မျက်မမြင်က ဗျိုင်းအသွင်နှင့် မထူးမခြား ဤသို့သာ မှတ်သားဟု ပြောကြားပြန်ပါလည်း ရှေးအခါက မမြင်ဖူးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အထူးနိုင်းစံစရာ ပုံပမာနှင့် ခိုင်းနှိုင်းသော်လည်း ဖျိုင်းကို ငါမသိဟုဆိုသော် အဖော်ဖြစ်သော ကြီးမှမျက်စိကွယ်သူက အဖြူဖြစ်သော ဖျိုင်းကို သင်မသိသော် ငါ၏လက်ကို စမ်းကြည့်လော့ဟု မိမိလက်ကောက်ဝတ်ကို ကွေးကိုင်းလျက် ဖျိုင်း၏ လည်ပင်းကဲ့သို့ လုပ်ပြလေလျှင် လှမ်း၍ စမ်းသပ်ကြည့်ရှုပြီး "ဩော် ကွဲနို့ထမင်းသည် ကွင်းကွင်းကွေးကွေး နေဟန်ရှိသည်ဟု အောက်မေ့လျက် သိပါပေါ့သူငယ်ချင်း ခုမှပဲ ရှင်းပေသည်၊ သူငယ်ချင်းပြော၍ ကွဲနို့သဘောကို သိရပေသည်ဟု ဆိုသတဲ့။

ထိုဇစ္စန္ဓသူကန်း အမိဝမ်းမှ မျက်စိကွယ်လာသော ယောကျ်ားသည် နောက်များမကြာ အဖော်မပါဘဲ သွားလာခြင်းကိုပြုရာ တစ်ခုသော ကောက်နယ်တလင်းသို့ ရောက်၍ ကောက်ဆွကို နင်းမိက ထိုင်ရင်းစမ်းကြည့်ရာ အကောက်ရှိသည့်ဘက်က ကိုင်ထားလျက် လူများနယ်မိုက်ပါဘိ အဖိုးထိုက်သည့် ကွဲနို့ထမင်းကို တလင်းသို့ လာပစ်ထားသည်ဟု ဆိုသတဲ့ ဒကာရဲ့။

ဤအတူ ယခုအခါ ရတနာသုံးပါး၌ ညွတ်တွားကိုင်းရှိုင်းခြင်းမရှိသူ အချို့သောလူတို့သည် ဂင်္ဂါသဲအတူ ပွင့်တော်မူကြသော အဆူဆူသော မြတ်စွာဘုရားတို့နှင့်တကွ ထားတော်မူခဲ့သော သာသနာကို တစ်ရံတစ်ခါမျှ မတွေ့မကြုံဖူးခဲ့သဖြင့် အထူးကြည်ညိုခြင်းမရှိ၊ အမိဝမ်းတွင်းမှ စက္ခုအလင်းမရသူ မျက်မမြင်လူကဲ့သို့ ထိုသူသို့ မညွတ်မကိုင်းဘဲ ရိုင်းစိုင်းကြလေကုန်သည်။ "အသဒ္ဓိယဿ၊ သဒ္ဓါတရားမရှိသောသူအား။ သဒ္ဓါကထာ၊ သဒ္ဓါတရားနှင့်စပ်သော စကားသည်။ ဒုကထာ၊ မကောင်းသောစကားမည်၏"။ ဤသို့ ဆိုသည်နှင့်အညီ လူ့ပြည်လူ့ရွာ လူဖြစ်လာ၍ ပညာရှိသူ လူအပေါင်းတို့က ကြည်ညိုကြောင်း ပြောသော်လည်း သဘောမနှစ်သက် ရှိလေသည်။

သို့ဖြစ်၍ ရတနာသုံးပါး၌ နှလုံးမထား မရိုင်းဘဲ ကိုင်းရှိုင်းကြည်ညိုခြင်းကို ဖြစ်စေကုန်ရာသည်ဟု မိန့်တော်မူသောအခါ များစွာသော ပရိသတ်တို့သည် သောမနဿ ဖြစ်ပွားလျက် ပြောကြားမပြီး ပွဲတင်ဟည်းအောင် ကောင်းချီးပေးကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၁၀–အတိုကြိုက်လျှောက်နည်းကြောင့် တစ်ယောက်တည်း သင့်အောင်နေဟူသောထုံးအရဖြင့် ဆုံးမမိန့်ကြားတော်မူခြင်း

မဏိဇောတ သဒ္ဓမ္မာ လင်္ကာရ မဟာဓမ္မရာဇာဓိ ရာဇဂုရု–တံဆိပ်နာမံတော်ရှိသော မန္တလေးမြို့ အရှေ့ပြင် ခင်မကန် ဆရာတော်ဘုရားသည် များစွာသော ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ကို နည်းကောင်းညွှန်ပြ ဆုံးမဟောကြားတော်မူစဉ် တရားသဘင်အတွင်း ဝပ်စင်းခစားလျက်နေသူ ဒါယကာတစ်ဦးက အထူးလျှောက်ထားသည်မှာ... အရှင်ဘုရား၊ တပည့်တော်များမှာ ရှေးဖျားအခါ သံသရာ ဘဝ အဆက်ဆက်က မထက်သော ဉာဏ်ပါရမီ, မတည်သေးသိမ် မွေးမိုန်သော အပ္ပသုတ– ဒုပ္ပညပုဂ္ဂိုလ်ဖြစ်ကြသဖြင့် ဝိတ္ထာရစကား အရှည်အများ ဟောကြားတော်မူလျှင် ယူငင်မှတ်သားတတ်ကြမည် မဟုတ်ပါ။ သတ္တဝါတို့ အဇ္ဈာသယအလိုဖြင့် တိုတိုနှင့် ကျင့်နိုင်အောင် ထုတ်ဆောင်ဟောကြားတော်မူပါဘုရားဟု လျှောက်ထား၏။

### တစ်ယောက်တည်း သင့်အောင်နေ

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ...ဒါယကာ၊ ယင်းသို့တပြီးကား "တစ်ယောက်တည်း သင့်အောင်နေ"ဟု မိန့်တော်မူ၍ စကားကိုဖြတ်ပြီးလျှင် ရပ်၍ ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ လျှောက်ထားသူ ဒါယကာက မှန်လှပါ ခဟောသည့် တရားကတော့လည်း တိုအားကြီးလှပါသည်။ တစ်ယောက်တည်းနေသူမှာ အဘယ်လူနှင့် မသင့်ဘဲရှိဦးမည်နည်းဟု လျှောက်သော်၊ ဆရာတော်ဘုရားက ဒါယကာ–တစ်ယောက်တည်း သင့်အောင် နေရမည်ဆိုသည်မှာ သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ ခြံရံလျက်ရှိသော လောဘ, ဒေါသ မောဟတည်းဟူသော အကုသိုလ် ပဟာတဗ္ဗတရားတို့ကို ပယ်ထားစွန့်ပစ်၍ စင်စစ်အားထုတ် ပြုလုပ်အပ်သော ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်တရားတို့နှင့် သင့်တင့်ကောင်းမွန်စွာ နေထိုင်ရမည်ဟု ဆိုလိုသည်။

ကောင်းသော ကုသိုလ်တရားကို ပယ်လှန်၍ မဆက်ဆံ မပြုလုပ်အပ်သော လောဘ, ဒေါသ, မောဟတို့နှင့် ပေါင်းသင်းလျက် သူ၏အသက်ကို သတ်ခြင်းဟူသော ပါဏာတိပါတ၊ အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါး ဥစ္စာကို ခိုးယူခြင်းဟူသော အဒိန္နာဒါန၊ ကာမဂုဏ်ဓမ္မ၌ မိစ္ဆာစာရအမှုကို ပြုကျင့်ခြင်းဟူသော ကာမေသုမိစ္ဆာစာရအားဖြင့် ကာယဒုစရိုက်သုံးပါး။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်းသော စကားကို ပြောဆိုခြင်းဟူသော မုသာဝါဒ၊ သူတစ်ပါးတို့အား ကွဲပြားလေအောင် ကြံဆောင်ကုန်းတိုက်ခြင်းဟူသော ပိသုဏာဝါစာ၊ ပညာရှိအား နားနှင့်မတန် မခံသာ အနာတရထုတ်၍ ကြမ်းကြုတ်ရန့်ရင်းစွာသော စကားကို ပြောဆိုခြင်းဟု ဆိုအပ်သော ဖရုသဝါစာ၊ သီတာမိဖုရားကို ဧတင်ခြင်းအစရှိသော ဒဏ္ဍာရီ ဝါကျစကားကို ပြောကြားခြင်းဟု ဆိုအပ်သော သမ္ဖပ္ပလာပ-အားဖြင့် ဝစီဒုစရိုက်လေးပါး။

သူတစ်ပါးဥစ္စာကို မိမိဥစ္စာဖြစ်ပါစေသားဟု ရှေးရှုကြံခြင်းဟု ဆိုအပ်သော အဘိဇ္ဈာ၊ သူတစ်ပါးစည်းစိမ်ကို ငြူစူမာန်လို ဝန်တိုစောင်းမြောင်းခြင်းဟူသော ဗျာပါဒ၊ မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်းသော အယူကို ယူခြင်းဟု ဆိုအပ်သော မိစ္ဆာဒိဋ္ဌိအားဖြင့် မနောဒုစရိုက်သုံးပါး။

ဤဒုစရိုက်ဆယ်ပါးတို့ကို ကြိုးစားအားထုတ် ပြုလုပ်သောသူတို့မှာ အကုသိုလ်နှင့်သာ သင့်၍ ကျင့်အပ် ပြုစုအားထုတ်အပ်သော ကုသိုလ်အပေါင်းအဖော်တို့နှင့် သင့်လျော်အောင် မနေသောကြောင့် လေးထွေသော အပါယဒုက္ခသို့ မုချရောက်မည်ဖြစ်သည်။ ထို့ကြောင့် အတိုကောက်နည်းမှာ "တစ်ယောက်တည်း သင့်အောင်နေ"ဟု ဆရာတော် အမိန့်ရှိကြောင်းကိုပြောက တရားနာပရိသတ် အရပ်ရပ်တို့သည် ကောင်းမြတ်ပါပေသည်တကားဟု အားရနှစ်သက်ကြလေကုန်၏။

ဤမျှလောက်သော စကားအစဉ်တို့ဖြင့် ဥပမာသမူဟဂီရဏ္ဍမကျမ်း၌ ခင်မကန်ဆရာတော်ဘုရားကြီး၏ ဥပမာစကားတို့ကို ပြဆိုရာ ပြဆိုကြောင်းဖြစ်သော အပိုင်းအခန်းကား ဤတွင် ပြီးဆုံးခြင်းသို့ရောက်၏။

**ခင်မကန် စကားပုံများ ပြီး၏။**

www.burmeseclassic.com

www.burmeseclassic.com

# ၅-စလင်းဆရာတော်ဘုရားကြီး၏ စကားပုံ

ကေတုမာလာဘိဓေ အတုလာဓိပတိ သီရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံ အလှူတော် အပူဇော်ခံရသော မန္တလေး ရတနာပုံနေပြည်တော်ကြီး အရှေ့ပြင် မဟာဝိဇိတာရာမတိုက် စလင်းဆရာတော်ဘုရားကြီးကား ပိဋကတ်သုံးပုံ အလုံးစုံသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစသော ကျမ်းဂန်အရပ်ရပ်တို့၌ နှံ့စပ်ကျေပွန် အလွန်အကြူး အထူးသဖြင့် တတ်မြောက် လိမ္မာတော်မူ၏။ သုဓမ္မာဆရာတော် ရှစ်ပါးတွင် တစ်ပါးအဝင်လည်း ဖြစ်တော်မူ၏။ ဥပဓိသမ္ပတ္တိလက္ခဏာ ကြန်အင်္ဂါ တင့်တယ်ကြည်ညိုဖွယ်သော အဆင်း ပြည့်စုံခြင်းရှိတော်မူရကား တစ်ပါးသော ပုဂ္ဂိုလ်များသည် ဆရာတော်ဘုရား၏ သွားခြင်း ထိုင်ခြင်းစသော ဣရိယာပထမျိုးကို အတုခိုးကြရသောဟူ၏။

ဤစကား စလင်းဆရာတော်ဘုရားကြီး၏ ခြားနားဝိသေသန
အတိသင်္ခေပဖြစ်သောဂုဏ်တည်း။

---

## ၁–သစ္စတ္တဒီပနီကျမ်းနှင့် စပ်လျဉ်း၍ နန်းတော်တွင်း၌ အမိန့်ရှိတော်မူသောအကြောင်း

အခါတစ်ပါး မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးသည် ကေတုမာလာဘိဓေ အတုလာဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော မဟာဝိဇိတာရာမတိုက် စလင်းဆရာတော်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ရွှေနန်းတော်သို့ပင့်၍ သင့်တင့်လျှောက်ပတ် မွန်မြတ်ဖွယ်ရာသော ဘောဇဉ်ဆွမ်းတို့ဖြင့် လှူဒါန်းကပ်ဆက်သည်။

ထို့နောက် အရှင်ဘုရား ဒကာတော်မှာ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ–တည်းဟူသော သစ္စာလေးပါး၏ အမည်နာမ သရုပ်မျှကိုသာသိ၍ သစ္စာလေးပါး၏ အနက် တစ်ဆယ့်ခြောက်ချက်။ အနက်အဓိပ္ပာယ် အကျယ်ဖြစ်သော အဆုံးအဖြတ် ဝိနိစ္ဆယနှင့်တကွ မှတ်သိပါရအောင် တစ်စောင်တစ်ဖွဲ့ ရေးသား၍ သနားချီးမြှောက်ပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားရာ ဆရာတော်ဘုရားသည် လျှောက်ထားသည့်အရ သိမှတ်ရအောင် ပါဠိ, အဋ္ဌကထာ, ဋီကာ–စသော ကျမ်းတို့မှ ထုတ်နုတ်၍ ပြုလုပ်ရေးသားအံ့ဟူသော အခွင့်စကားကို မိန့်ကြားပြီးသော် ကျောင်းတော်သို့ ပြန်ကြွတော်မူလေသတည်း။

ထို့နောက် စလင်းဆရာတော်ဘုရားကြီးသည် မင်းတရားကြီး လျှောက်ထားချက်အရ–

**ဒုက္ခသစ္စာ၌**–ပီဠနဋ္ဌ=နှိပ်စက်ခြင်းဟူသောအနက်၊ သင်္ခတ=အဖန်တလဲလဲ ပြုပြင်စီမံခြင်းဟူသောအနက်၊ သန္တာပဋ္ဌ=အဖန်ဖန် ပူလောင်စေတတ်သောအနက်၊ ဝိပရိဏာမဋ္ဌ=ဖောက်ပြန်တတ်သောအနက်၊ ဤသို့လေးပါး။

**သမုဒယသစ္စာ၌** အာယူဟနဋ္ဌ=အားထုတ်ဆည်းပူးခြင်းဟူသောအနက်၊ နိဒါနဋ္ဌ=ဒုက္ခမှုတို့ကို ဆောင်နှင်းခြင်းဟူသောအနက်၊ သံယောဂဋ္ဌ=လွန်စွာယှဉ်စေတတ်သောအနက်၊ ပလိဗောဓဋ္ဌ=နှောင့်ယှက်တားမြစ်တတ်သော အနက်၊ ဤသို့လေးပါး။

**နိရောဓသစ္စာ၌**–နိဿရဏဋ္ဌ=ကျွတ်လွတ် ထွက်မြောက်တတ်သောအနက်၊ ဝိဝေကဋ္ဌ=ဆိတ်ငြိမ်ခြင်းဟူသောအနက်၊ အသင်္ခယဋ္ဌ=မပြုမပြင်ခြင်းဟူသောအနက်၊ အမတဋ္ဌ=မအိုမသေ အမြဲနေရခြင်းဟူသောအနက်၊ ဤသို့လေးပါး။

**မဂ္ဂသစ္စာ၌**–နိယျာနဋ္ဌ=ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော အနက်၊ ဟေတုဋ္ဌ=လောကုတ္တရာဟူသော အကျိုး၏ပြီးခြင်း အကြောင်းရင်းဟူသောအနက်၊ ဒဿနဋ္ဌ=အမြင်စွမ်းနိုင်ခြင်းဟူသောအနက်၊ အဓိပတေယျဋ္ဌ=အကြီးအမှူးဟူသောအနက်၊ ဤသို့လေးပါး။

ဤသို့ ဒုက္ခသစ္စာ၏ အနက်လေးပါး၊ သမုဒယသစ္စာ၏ အနက်လေးပါး၊ နိရောဓသစ္စာ၏ အနက်လေးပါး၊ မဂ္ဂသစ္စာ၏ အနက်လေးပါးဟူသော သစ္စာအနက် တစ်ဆယ့်ခြောက်ချက်ထုတ်၍ သရုပ်အဓိပ္ပာယ် အကျယ်ဖြစ်သော အဆုံးအဖြတ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တကွ "သစ္စတ္တဒီပနီ" မည်သောကျမ်းကို ဆုံးခန်းတိုင်ရောက်အောင် ရေးသားစီရင်တော်မူ၍ ဘုရင်မင်းတရားကြီးထံသို့ သွင်း၏။

## အကျိုးရှိသောကျမ်းစာ

ထိုအခါ ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် စလင်းဆရာတော်ဘုရား ရေးသားစီရင်တော်မူသော သစ္စတ္တဒီပနီကျမ်းကို ဝမ်းမြောက်ဝမ်းသာ ရှုကြည့်၍ မိမိကပင် နှစ်သက်ငြားသော်လည်း ရှည်လျားမြင့်ကြာ သာသနာ ငါးထောင်ပတ်လုံး အဆုံးမခြင်း တည်အံ့သော ကျမ်းဖြစ်၍ စင်စစ်အမှန် ဒဠှီကမ္မ ဖြစ်စေရန် အကျိုးငှာ သုဓမ္မာဆရာတော်ဘုရားကြီးများထံသို့ပို့၍ သင့်–မသင့်များကို လျှောက်ထားရာ များစွာအကျိုးရှိသော ကျမ်းဖြစ်ကြောင်းကို အမိန့်ရှိတော်မူကြ၍ မင်းတရားကြီးနှင့်တကွ မှူးကြီးမတ်ရာ သေနာပတိအပေါင်းတို့သည် ကောင်းစွာကြည့်ရှုကျက်မှတ် လေ့လာကြ၏။ စလင်းဆရာတော်ဘုရားကြီးထံ ပြန်မလျှောက်ထားဘဲ ရှိလေ၏။

## မင်းကြီး မေ့နေဟန်ရှိ

ထိုအခါ စလင်းဆရာတော်ဘုရားသည် စဉ်းစားဆင်ခြင်တော်မူသည်မှာ ငါသည် သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ် လျှောက်ထားတောင်းပန်၍ အတန်တန်သော ပါဠိ, အဋ္ဌကထာ, ဋီကာ–စသော ကျမ်းတို့မှ ထုတ်နုတ်၍ သရုပ်အဓိပ္ပာယ် အကျယ်ဖြစ်သော အဆုံးအဖြတ်နှင့်တကွ သစ္စတ္တဒီပနီကျမ်းကို ဆုံးခန်းတိုင်ရောက်အောင် ရေးသား၍ မင်းတရားကြီးထံသို့ သွင်းလိုက်သည်မှာ လ–ရက် အတန်ကြာပြီ၊ အကြောင်းအရာကိုလည်း မလျှောက်မထား မင်းတရားကြီး မေ့လျော့၍ နေဟန်ရှိ၏ဟု တွေးရှုဆင်ခြင်တော်မူလျက်ရှိသတည်း။

တစ်နေ့သ၌ စလင်းဆရာတော်ဘုရားကို မင်းတရားကြီးက ပင့်သည်နှင့် အဆင်သင့် နန်းတော်သို့ ကြွတော်မူသောအခါ ရသာဘောဇဉ် ချိုချဉ်စသော လျှာဒါန်းဖွယ်များကို လျှာဒါန်းဆက်ကပ်ပြီး၍ အသီးသီး အရပ်ရပ်သော စကားများကို လျှောက်ထားပြောဆိုပြီးလျှင် ယခင်–သစ္စတ္တဒီပနီကျမ်းစကားကို မလျှောက်မထားရှိ၍ ဆရာတော်ဘုရားက စကားအရပ်ရပ်တို့၏ အဆုံးတွင် နိဂုံးသတ်လျက် အမှတ်ရစေခြင်းငှာ မိန့်သည်မှာကား–ဒကာတော် သာသနာ့ဒါယကာ မဟာကေရာဇ် မင်းမြတ်၊ ဆရာတော် ဥပမာတစ်ခုပြောမည် သဘောစိုက်၍ နာဦးလော့။

www.burmeseclassic.com

www.burmeseclassic.com



## မင်းတရားကြီးမှာ လျှာမပါသလော

ရှေးသောအခါ မဟာပြည့်ရှင်မင်းထံသို့ နိယံမပြတ် ကောင်းမြတ်သော ရသာရှိသော ထမင်းဟင်းတို့ကို ချက်၍ ဆက်သရသော စားတော်ကဲသည် ပွဲတော်အုပ်ဖြင့် ဆက်၍ နေ့ရက်များစွာ ကြာရှိသော်လည်း ဆားငန်သည်, ဆားပေါ့သည်, အရသာရှိသည်, မရှိသည်ဟူ၍ မပြောမဆို၊ ချို, ချဉ်, စပ်, ငန်, အဖန်, အခါး-ဆက်သရာကိုသာ စားတော်မူ၏။ ထိုအခါ စားတော်ကဲ ယောက်ျားက စဉ်းစားဆင်ခြင်သည်မှာ ငါသည် မင်းတရားအား ချက်ပြုတ်၍ ပွဲတော်အုပ်ဆက်ရသည်မှာ ကာလမြင့်ကြာသော်လည်း ဤအရသာကား ငန်၏၊ ဤအရသာကား ပေါ့၏ စသည်ဖြင့် မပြောမဆို ထိုအရာကို ထောက်ထားလျှင် မင်းတရားကြီးအား လျှာများမပါ၍ပင် ဖြစ်လေသလောဟု တွေးတောခြင်း ဖြစ်ရသတဲ့ ဒကာတော်ဟု မိန့်တော်မူသောအဆုံး၌ ပြုံးရွှင်သော မျက်နှာထားနှင့် မင်းတရားကြီးက မှန်ပါ သည်းခံတော်မူပါဘုရား၊ အရှင်၏စကားကို ကြားမှပင် သတိရပေသည်။ ကိစ္စကများသဖြင့် အရှင်ဘုရားကို ပြန်၍မလျှောက်ထားမိ မေ့လျော့၍ရှိပါသည်။ အရှင်၏ သစ္စတ္ထဒီပနီကျမ်းကို ဆုံးခန်းရောက် ကြည့်ရှုသော် ဒကာတော် သဘောကျပါ၏။ ဒကာတော်တစ်ဦးပင် သဘောကျကြားသော်လည်း သာသနာတော်ငါးထောင် ကာလပတ်လုံး မဆုံးမခြင်း တည်လတ္တံ့သောကျမ်းဖြစ်၍ စင်စစ်မြဲမြံဒဠှီကမ္မ ဖြစ်စေခြင်းအကျိုးငှာ သုဓမ္မာဆရာတော်များထံသို့ ပို့ပြီးလျှင် သင့်-မသင့် လျှောက်ထားရာ များစွာသင့်မြတ် လျှောက်ပတ် ကောင်းမွန်သော ကျမ်းဖြစ်သည်ဟု အမိန့်ရှိကြသဖြင့် ဒကာတော်နှင့်တကွ မှူးကြီးမတ်ရာ သတ္တဝါအပေါင်းတို့ ကောင်းစွာကြည့်ရှု ကျက်မှတ်ရပါသည်ဘုရားဟု လျှောက်ထားသောအခါ စလင်းဆရာတော်ဘုရားသည် နန်းတော်မှဆင်း၍ တိုက်တွင်းသို့ ပြန်တော်မူခဲ့လေသတည်း။

---

## ၂-"အလောသုံးဆယ်"ဟူသော စကားအကြောင်း

မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက်တော်အခါ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို အသင့်အတင့် ကြည့်ရှုလေ့လာသူဒါယကာတစ်ဦးသည် ကေတုမာလာဘိဇ အတုလာဓိပတိ သိရိပဝရ မဟာဓမ္မ

www.burmeseclassic.com



ရာဇာမိရာဇဂုရု–တံဆိပ်နာမံတော်ရှိသော မဟာဝိဇိတာရာမတိုက် စလင်းဆရာတော်ဘုရားကြီး ထံတော်သို့ ကပ်၍ အရှင်မြတ်သည့် တပည့်တော်အား သနားတော်မူပါသဖြင့် နက်ဖြန်နံနက် ဆွမ်းဘုဉ်းပေးတော်မူရန် တပည့်တော်နေအိမ်သို့ ကြွတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်း လျှောက်ထားရှိ၍ ဆရာတော်ဘုရားသည် ကြွသွားတော်မူရာ အဖြာဖြာသော အရသာဘောဇဉ်ဆွမ်းတို့ဖြင့် လှူဒါန်းဆက်ကပ်ပြီးစီးသောအခါ ဤသို့ လျှောက်ထားသည်။

"အရှင်ဘုရား ယခုကာလ ရှိရှိသမျှ မိန်းမယောက်ျား လူအများတို့ သုံးစွဲပြောဆိုကြသော "အလောသုံးဆယ်"ဟူသော စကားသည် ဘုရားဟော ပိဋကတ်သုံးပုံအလုံးစုံသော ပါဠိ, အဋ္ဌကထာ, ဋီကာ–စသောကျမ်းတို့၌ ပါရှိသောစကားပင်ဖြစ်လေသလော၊ သို့တည်းမဟုတ် လောကဝေါဟာရ သာမညအားဖြင့် ပြောကြားကြသော စကားပင် ဖြစ်ပါသလော။ ထိုစကားကို အဓိပ္ပာယ် အကြောင်းနှင့်တကွထင်ရှားသိသာအောင် ထုတ်ဆောင်ဟောကြားတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထား၏။

## ဘယ်လိုနေရာမှာ သုံးသလဲ

ထိုအခါ ဆရာတော်ဘုရားက ဤစကားသည် ဘုရားဟောကျမ်းဂန်၌ လာသည်မဟုတ်၊ တစ်ဏှာပ္ပတ္တိဉာဏ်ဖြင့် ကြံ၍ဖြေဆိုရအံ့သော စကားဖြစ်၏ဟု နှလုံးပိုက်တော်မူ၍ ဒါယကာ–ယခု သင်လျှောက်သောစကားသည် ဘုရားဟော ကျမ်းဂန် အတန်တန်သော ပါဠိတို့၌ လာရှိသည်မဟုတ်။ လောကဝေါဟာရ သာမညအားဖြင့် ပြောကြားသုံးစွဲကြသော စကားပင်ဖြစ်သည်။ ဤအလောသုံးဆယ်ဟူသော စကားကို အဘယ်ကဲ့သို့သော အရာဌာနများ၌ ပြောကြ သုံးစွဲကြသနည်းဟု မေးတော်မူ၏။

ထိုအခါ ဒါယကာက အရှင်ဘုရား လူအများတို့သည် ဤအလောသုံးဆယ်ဟူသောစကားကို အဖျားအနာ ရောဂါသည်းထန် အပြင်းအထန် ကပ်ရောက်၍ သေလောက်သော အရာဌာန၌ဖြစ်စေ, သေဝပါးနီး အပြီးမုချ သေရအံ့သောအခါ ဆဲဆဲ လေ့ကွဲစီးဟု ဆိုရသောအခါ၌ဖြစ်စေ အလောသုံးဆယ်ဖြစ်သည်ဟူ၍လည်းကောင်း၊ အလောသုံးဆယ်ခံရသည်ဟူ၍ လည်းကောင်း ပြောဆိုသုံးစွဲကြပါသည်ဘုရားဟု လျှောက်ထားသည်။

ထိုအခါ စလင်းဆရာတော်ဘုရားကြီးက ဒါယကာ သတ္တဝါတို့မှာ မရဏာသန္နဇော အဘယ်နှစ်ကြိမ်စောသနည်းဟု တစ်ဖန် မေးတော်မူပြန်ရာ ဒါယကာ

www.burmeseclassic.com



အရှင်ဘုရား အဘိဓမ္မတ္ထသင်္ဂဟမည်သော လက်သန်းအဋ္ဌကထာ၌ "မရဏာသန္နကာလေ ပဉ္စဝါရမေဝ" ငါးကြိမ်စောကြောင်းကို လာရှိပါသည်ဘုရားဟု လျှောက်ထားလေ၏။

ဆရာတော်ဘုရားကြီးက ကောင်းပြီ ဒါယကာ–သတ္တဝါတို့မှာ မရဏာသန္နဇော ငါးကြိမ်စောရာတွင် သတ္တဝါသည် သေဝေပါးနီး ကြီးကျယ်ပြင်းပြစွာ ခံနေရသော အခါ၌ အလွန်တရာ စုတိနှင့်နီးခြင်းကြောင့် အရင်းအစဖြစ်သော ပထမဇောတွင်လည်းမက အန္တိမ အဆုံးဇောသို့လည်း မရောက်သေး၊ ယင်းသို့ဖြစ်သောကြောင့် မရဏာသန္န ငါးကြိမ်တွင် အစဇောနှင့် အဆုံးဇောကိုပယ်လျက် အလယ်တွင် ဇောမည်မျှ ကျန်ပါသနည်းဟု မေးတော်မူလျှင် ယခင်ဒါယကာက အရှင်ဘုရား၊ မရဏာသန္နဇော ငါးကြိမ်တွင် အရင်းဇောနှင့် အဆုံးဇောကိုပယ်လျှင် အလယ်တွင် သုံးဇောကျန်ပါသည်ဘုရားဟု လျှောက်ထား၏။

## အလောသုံးဆယ်ဟူသည်

ထိုအခါ ဆရာတော်ဘုရားက ဒါယကာ–ဤကဲ့သို့သော အစဇောနှင့် အဆုံးဇောကိုပယ်၍ အလယ်သုံးဇောကို "အလောသုံးဆယ်"ဟူ၍ လူတို့ ခေါ်ဝေါ်ပြောဆိုသုံးစွဲကြသော စကားပင်ဖြစ်သည်ဟု အမိန့်တော်ရှိလျှင် ဆရာတော်ဘုရားကြီး၏ အပါး၌ တရားနာ ရောက်လာကြကုန်သော ပရိသတ်အပေါင်းတို့သည် ကောင်းချီးသြဘာ ထောမနာ၍ စာပေကျမ်းဂန်မရှိ။ မေးသူ၏ သဘောကို ကျေချော့အောင် နှလုံးသွင်းလျက် တစ်ခဏချင်း ဖြေဆိုနိုင်စွမ်းသော တခ်ဏုပ္ပတ္တိဉာဏ် ထက်သန်ပါပေသည်တကားဟု များစွာချီးမွမ်း အံ့သြပြောဆိုကြလေကုန်သတည်း။

ဤကဲ့သို့ ကြံ၍မေးသော အမေးကို မနှေးအမြန် ကြံ၍ဖြေဆိုတော်မူသော 'အလောသုံးဆယ်'ဟူသော စကားသည် မှတ်သားနည်းယူရန် ကောင်းသော စကားထူးတစ်ခု ဖြစ်လေသတည်း။

---

## ၃–စဉ်းစား၍ နောင်အဆုံး ရယ်လောက်သော "ယောင်သုံးဆယ်"ဟူသောစကားဖြင့် မိန့်ကြားတော်မူခြင်း

အခါတစ်ပါး အရပ်သား ဒါယကာတစ်ဦးသည် ဖူးမြော်လိုသော သမ္မာဆန္ဒ အာဘောဂ နှလုံးသွင်းဖြင့် စလင်းဆရာတော်ဘုရားသည် တရားကျမ်းဂန် ဓမ္မက္ခန်သုံးပုံ အလုံးစုံသော ပိဋကတ်တို့၌ နှံ့စပ်ကျေပွန် အလွန်အကျူး အထူးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်တော်မူသည်ဟူ၍လည်းကောင်း၊ ထိုထိုကိစ္စ အရာဌာနအများတို့၌ စကားပေးစကားယူ တစ်ပါးသူတို့နှင့် မတူနိုင်အောင် ကြံဆောင်မိန့်ရှိတော်မူတတ်သည်ဟူ၍လည်းကောင်း၊ ဥပမိသမ္ဗတ္တိလက္ခဏာ ကြည်ညိုဖွယ်ရာသောအကြောင်း၊ ကောင်းသောအဆင်းတော် ရှိသည်ဟူ၍လည်းကောင်း လူအပေါင်းတို့ပြောကြသော သတင်းစကားဖြင့် ထင်ရှားကျော်စောသော ပုဂ္ဂိုလ်ထူးတစ်ဆူ ဖြစ်တော်မူသည်။

ထိုစလင်းဆရာတော်ဘုရားအား သွား၍ ဖူးမြော်ပြီး ဆရာတော်၏ တရားကိုနာအံ့ဟု နှလုံးပိုက်၍ မဟာဝိဇိတာရာမ တိုက်တော်၏အတွင်း စလင်းဆရာတော်ဘုရားကြီးအပါး၌ ခစားပျပ်ဝပ်၍ နေသတတ်။

ထိုအခါ ဆရာတော်ဘုရားကြီးသည် ဒါယကာ... အဘယ်အကြောင်းကိစ္စရှိသနည်းဟု မေးတော်မူလျှင် အရှင်ဘုရား–အကြောင်းကိစ္စ အထူးမရှိ၊ အရှင်၏မျက်နှာတော်ကို ဖူးမြော်လို၍ အရှင်၏ ခြေတော်ရင်းသို့ ရောက်ရပါသည်ဘုရားဟု လျှောက်ထား၏။

## အသက်မွေးမှုအလီလီ

ထိုအခါ ဆရာတော်ဘုရားက ဒါယကာ–သင်သည် အဘယ်ပညာ အဘယ်အတတ်ဖြင့် အသက်ကိုမွေး သားမယားကို ကျွေးသနည်းဟု မေးတော်မူပြန်ရာ ဒါယကာက အရှင်ဘုရား တပည့်တော်မှာ ဆေးပညာသဘောနှင့် ဗိန္ဒောကျမ်းများကိုလည်း လေ့လာပါသည်။ ရံခါရံခါ ဇာတာဖွဲ့ရေး မေးလာကြလျှင် ဗေဒင်ကိုလည်း ဟောပါသည်။ ဗေဒင်နှင့်ဆေး အကျိုးမပေး၍ ကျောင်းစာရေးများလည်းလုပ်ရပါသည်။ ယင်းသို့ စသည်ဖြင့် အလီလီအမျိုးမျိုး အားကိုးအားထားပြုသောအသက်မွေးမှု ပညာများကို ဆရာတော်ဘုရားအား လျှောက်ထား၏။

## ယောင် ၃၀ နှင့်လူ

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ သင်ယခု အသက်မွေးမှုများဟု လျှောက်ထားသဖြင့် စဉ်းစားမြော်တွေးလျှင် ရှေးက "ယောင်သုံးဆယ်–ဆိုသော စကားကဲ့ကို ရှိချေသည်"ဟု မိန့်တော်မူရာ ဒါယကာကအရှင်ဘုရား ယောင်သုံးဆယ်ဟူသော စကားကို မိန့်ကြားတော်မူပါဟူသောအကြောင်းနှင့် ခွင့်တောင်းလျှောက်ထားသော် ဆရာတော်ဘုရားက ဒါယကာ–

www.burmeseclassic.com

www.burmeseclassic.com



ရေးသောအခါ ဒါယကာတစ်ဦးသည် ရေကူးရာတွင် အစဉ်သဖြင့် မျောသွားလျှင် မယားဖြစ်သူ မိန်းမက အကြံရသည်မှာ ငါ၏လင်သည် ရေတွင်နစ်သည်ကို စင်စစ် ငါကား မိန်းမသားဖြစ်၍ မဆယ်မယူနိုင်။ ခိုင်ခံ့ကြီးကျယ်သောစကားကို သူတစ်ပါးတို့အား ပြောကြားရလျှင် ရေတွင်ပါသော ငါ့လင်အား လူအများ ဝိုင်းကူ၍ ဆယ်ယူမည်မုချဟု ကမ်းစပ်က အော်သည်မှာ ကျွန်တော်မယောကျ်ားသည် သူတစ်ပါးနှင့်မတူ ယောင်သုံးဆယ်နှင့်လူ ဖြစ်ပါသည်။ ရေနစ်၍ မျောပါသည်ကို ဆောမကြာ ဆယ်ကြပါ ကယ်ကြပါ ဝိုင်းကြပါဟု ကျယ်စွာ ဟစ်အော်လေ၏။

ထိုအခါ လူအပေါင်းတို့ ကြားသိရသည်နှင့် တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက် ရွာမှထွက်၍ အသက်ပင်သေသော်လည်း လူရေးလူရောင် တင့်တယ်လျက် ယောင်သုံးဆယ်ဟူ၍ မကြားစဖူး အလွန်ပင်ထူးပေသည်။ ဆည်းဆည်းပူးပူး အရှာကောင်းလျှင် အလောင်းကိုပင် မြင်ရစေတော့ဟု ရုံးစုဝိုင်းဝန်း၍ ရေတွင်နစ်သောလူကို ဆယ်ယူပြီးသော် ကမ်းပေါ်သို့တင်လျက် အင့်ဟင်–ရောင်သုံးဆယ်ဟူ၍သာ သူ့မယားကပြောသည်။ နစ်သောသူမှာ ရောင်သုံးဆယ်ကိုဝေးစွ အမွေးမျှ အရှည်ဟူ၍ မရှိ။ ခေါင်းတုံးချည်းသာ နေပါတကားဟုဆိုကာ မယားကို မေးသည် "ခင်ဗျား ယောကျ်ားသည် သူတစ်ပါးနှင့်မတူ ရောင်သုံးဆယ်နှင့်လူ ဆိုသဖြင့် ထူးသည်ကို ကြည့်လို၍ ဆယ်ရာ ရောင်သုံးဆယ်မှာ မပါလုံးလုံး ခေါင်းတုံးသက်သက်ဖြစ်၍ နေသည်။ သို့အတွက် ဘယ်အချက်ကို မှီတွယ်၍ ရောင်သုံးဆယ်ပါသည်ဟု လှည့်ဖြားပြောဆိုသနည်းဟု မေးကြကုန်၏။

ထိုအခါ ရေနစ်သောသူ၏ မယားက ပြောကြားသည်မှာ ယောင်သုံးဆယ် ဟူသော စကားမှာ အခြားကိုရည်၍ ပြောဆိုသည်မဟုတ်ပါ။ ကျွန်တော်မ ယောကျ်ားသည် ဆေးသမားယောင်ယောင်, ဗေဒင်ဆရာယောင်ယောင်, စာရေး ယောင်ယောင် ဤကဲ့သို့ စသည်ဖြင့် မည်သည့် အလုပ်ကိုဟူ၍ မြဲမြဲစွဲစွဲ မိမိရရ မဟုတ် သူ၏အလုပ်မှာ ဟန်ဆောင်၍ အယောင်သာ များသောကြောင့် ယောင် သုံးဆယ်နှင့် ကျွန်တော်မယောကျ်ားဟု ပြောခြင်းဖြစ်ပါသည်၊ ဦးခေါင်းမှာထုံးသော ယောင်သုံးဆယ်ရှိ၍ ပြောခြင်းမဟုတ်ပါဟု ဆိုသတဲ့ ဒကာရဲ့။

ဤအတူ ဒါယကာမှာလည်း ပညာသာများ၍ ဥစ္စာကားမကြွယ်၊ ဟန်ကပင် ထယ်သော်လည်း ယောင်သုံးဆယ်အစားက ဖြစ်မည်ဟု မိန့်တော်မူလျှင် အပါးတွင် ရှိသော ဒါယကာနှင့်တကွ တပည့်ရဟန်းအပေါင်းတို့သည် သောင်းသောင်းအုတ် အာ များစွာရယ်မောကြလေကုန်သတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၄–တရားဟောရာ၌ အစပ်အသွားပလီသောကြောင့် သပ်များသည် ဟူသောစကားဖြင့် မိန့်ကြားတော်မူခြင်း

အခါတစ်ပါး မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရားသည် များစွာသော တံဆိပ်တော်ရ ဆရာတော်အသီးသီးတို့ကို ရွှေနန်းတော်ကြီးသို့ပင့်၍ သင့်တင့်လျှောက်ပတ် ကောင်းမြတ်ဖွယ်ရာသော ဘောဇဉ် ဆွမ်းတို့ဖြင့် လှူဒါန်းဆက်ကပ်ပြီးသောအခါ ဆရာတော်တစ်ပါးသည် တရားဟော တော်မူရာ လင်္ကာစကား အသွားအစပ် အဖြတ်အပိုင်း အဆိုင်းအနေ ပြေပြစ်ချော မောလျက် တရားဟောတော်မူပြီးသောအဆုံး နိဂုံးသတ်၍ ဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက် တစ်ချက်တည်း မင်းတရားကြီးက လျှောက်သည်မှာ… အရှင်ဘုရားတို့ ယခုဟောတော်မူသော တရားကား မှတ်သားဖွယ်ရာ ကောင်းသည်မဟုတ်ပါလောဟု လျှောက်ထားရာ မည်သည့်ဆရာတော်ဘုရား တစ်ပါးမျှ စကားအထူး အမိန့်တော် မရှိကြဘဲ ဆိတ်ဆိတ်နေတော်မူကြရာ စလင်းဆရာတော်ဘုရားက မိန့်ကြားတော်မူ သည်မှာ… ဒကာတော် သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ်–ယခုဟောသော တရားသည် နား၏တန်ဆာ လင်္ကာစကား အသွားအစပ် လျောက်ပတ်တင့်တယ် ဖွယ့်ဖွယ်ရာရာ ရှိပေ၏။ သို့ရာတွင် တရားဟောရာ၌ "အစပ်အသွား ပလီသော ကြောင့် သပ်များသည်"ဟူသော ဥပမာကဲ့သို့ ရှိသည်ဟု မိန့်တော်မူ၏။

ဘုရင်မင်းတရားကြီးက အရှင်ဘုရား သပ်များသည်ဟူသော ဥပမာကို ထင်ရှားစွာ မိန့်တော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားရာ စလင်း ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ…

ဒကာတော် ကေရာဇ်မင်းမြတ် ရှေးသောအခါ တိုင်းပြည်တစ်ပြည်တွင် ပြည့်ရှင်မင်းတရားက များစွာသော လူအပေါင်းတို့ တီးခတ်စေရန် စည်ကြီးတစ်လုံး ဆွဲ၍ ထားသတတ်။ အခါတစ်ပါး ယောက်ျားမိန်းမ လာလာသမျှ လူအပေါင်း တို့သည် ၎င်းစည်ကြီးကို တီးခတ်ကြသောအခါ များစွာမမြည်၊ စည်မျက်နှာ လျော့သည်ဟူသော အမှတ်ဖြင့် သပ်တို့ကို ထိုး၍ သားရေကြိုးတို့၌ ညှပ်လျက်တီး ကြရာ ပကတိသစ်သားနှင့် သပ်များကို နှိုင်းစာလိုက်သည်ရှိသော စည်တော်က သစ်သားထက် သပ်များက တိုးသဖြင့် ထမ်းပိုးမျှမက သာ၍နေသတည်း။ နောက်မှလာရောက်သူများ စည်တော်သို့သွား၍ အပျော်အပါး တီးကြသောအခါ အလွန်တရာ မြည်ပေသည်။ ထိုစည် မကောင်းလောဟုမေးရာ တစ်ယောက်က

www.burmeseclassic.com



စည်တော်မှာ မြည်ပင်မြည်ငြားသော်လည်း သပ်များ၍ ဟောင်းသဖြင့် မကောင်းဘူး ပြောဖို့ရန် သင့်သည်ဟု ဆိုသတဲ့ ဒကာတော်။

ဤအတူ ယခုဟောသော တရားမှာလည်း ကောင်းတော့ကောင်းသော တရားပါပဲ။ အစပ်အသွား ပလီသဖြင့် သပ်များသည်ဟု ဆရာတော်သဘောရ သည်ဟု အမိန့်ရှိတော်မူသောအခါ မင်းတရားကြီးက လျှောက်ထားပြန်သည်မှာ အရှင်ဘုရား–တပည့်တော်သည် ယခု ပြုစုပျိုးထောင်၍ထားသော မနောရမ် ဥယျာဉ် တော်၏အတွင်း၌ သရက်ဩဇာ မာလကာပိန္နဲ စသော စားကောင်းသောက်ဖွယ် ဖြစ်သော အသီးကို ဆောင်တတ်သော သစ်ပင်တို့ကိုသာ အစလက်ဦး ပကတူးရှေး ဖျား စိုက်၍ထားငြားသော်လည်း စားကောင်းသောက်ဖွယ် မဟုတ် ပေါင်းရှုပ်ရုံ မျှသာ ဖြစ်စေတတ်သော မြက်နှင့် မုန်ညှင်း ဟင်းနုနွယ်, ဟင်းကလာ များစွာ ပေါက်သေးသည်ပင် ဖြစ်ပါသည်ဘုရားဟု လျှောက်ထား၍ စကားအဆုံးသတ်သော် နန်းတော်မှ ပြန်၍ကြွတော်မူလေသတည်း။

* ဤ၌ စလင်းဆရာတော်ဘုရားက တရားပင်ကောင်းသော်လည်း အလွတ် ဖြစ်သောစကား အပိုများသည်ဟု ဆိုလိုသည်ကိုသိ၍ မင်းတရားကြီးက မနောရမ် ဥယျာဉ်စိုက်သော အကြောင်းစကားဖြင့် တရားတော်၌ သုခုစ္စာရဏ ဝါစာသိလိဋ္ဌ အကျိုးငှာ အနည်းငယ်မျှပါသည်ကို အပြစ် ဆိုစရာ မဟုတ်ဟု ဆိုလိုသတည်း။

---

## ၅–မိန်းမပါဘုရားဟုဆိုလျှင် အရှင်းသား ထိုးကွင်းကြောင့် အတွေးရကျပ်သည်ဟူသော ဥပမာဖြင့် ဋီကာဆရာဖွင့်ပုံကို ဥဒါဟရုဏ်နှင့် မိန့်တော်မူခြင်း

ကေတုမာလာဘိဓေ အတုလာဓိပတိ သိရီပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု– တံဆိပ်နာမံ အလှူတော် အပူဇော်ခံရသော မန္တလေး ရတနာပုံနေပြည်တော်ကြီး အရှေ့ပြင် မဟာဝိဇိတာရာမတိုက် စလင်းဆရာတော်ဘုရားကြီးသည် ခိုမှီးနည်းခံ သင်ကြားရန် ရောက်ရှိသော တပည့်တပန်း ရဟန်းပရိသတ် အရပ်ရပ်တို့အား ပိဋကတ်ခပင်း နည်းစုံကျင်းလျက် ရှင်းလင်းပြသ ပို့သသင်ကြား အားထုတ်တော် မူရာ ပါဠိ, အဋ္ဌကထာ, ဋီကာ–စစ်ကြော အပြောရှင်းကြောင်း သတင်းကောင်း

www.burmeseclassic.com



ပျံ့မွှေးသဖြင့် နီးဝေးများစွာ တိုက်တာမလပ် ပျားပန်းခတ်သကဲ့သို့ အရပ်ရပ်မှလာသော စာသင်သားအပေါင်းတို့သည် ကျောင်းနှင့်အပြည့် ခြောက်ရာခန့်ရှိသောဟူ၏။

တစ်နေ့သောအခါ အဋ္ဌကထာဖွင့်ပုံ၊ ဋီကာဖွင့်ပုံ အလုံးစုံတို့ကို ဥဒါဟရဏ်နှင့်တကွ မြွက်ဟမိန့်ကြားတော်မူသည်မှာ... ငါ့ရှင်တို့ ရှေးဦးပထမ သံဝဏ္ဏေတဗ္ဗဖြစ်သော, ပါဠိတော်အသွားကို ထင်ရှားအောင် ကြည့်ရာသည်။ ပါဠိတော်ကိုကြည့်၍ မသိမထင်ရှားသော နေ၌ သံဝဏ္ဏနာဖြစ်သော အဋ္ဌကထာကို ကြည့်ရာသည်၊ အဋ္ဌကထာကိုကြည့်၍ မသိ, မထင်ရှားသောနေရာ၌ ဋီကာကို ကြည့်ရာသည် ယခုကာလ အများစာသင်သားတို့မှာ ထင်ရှားသိလွယ်အောင် အကျယ်ကိုရှာမည်ဟု ဋီကာကို အားကိုးကြသည်။ ပါဠိနှင့် အဋ္ဌကထာသာ လိုရင်းဖြစ်သည်။ ဋီကာကို အားကိုး၍ ဉာဏ်တိုးသောနေရာလည်းရှိသည်။ ဋီကာကိုကြည့်၍ မတူသောနေရာလည်းရှိသည်၊ အဘယ်နေရာကဲ့သို့နည်းဟူမူ အဋ္ဌကထာ၌ "ကာကော"ဟူ၍ရှိသောအရပ်ကို ဋီကာက သိအောင်ပြောမည်ဟု "ကာကောတိ ဓင်္ကော"ဟု ဖွင့်သောကြောင့် ကာကော-၏အနက်သည် ကွယ်ဝှက်တိမ်မြုပ်ခြင်းသို့ ရောက်လေသည်။ ဋီကာမဖွင့်ဘဲ စာကိုယ်နှင့်သိပြီး ကျီးဟူသော အနက်သွားသည် ထင်ရှားလျက် နေပါသည်ကို ဋီကာပြောသည့် "ဓင်္ကော"ကို မြင်ကာမှ အထင်အတွေးကျပ်၍နေသည်။ "မိန်းမပါဘုရားဟုဆိုလျှင် အရှင်သား၊ ထိုးကွင်းကြောင့် အတွေးရကျပ်သည်"ဆိုသကဲ့သို့ ရှိသည်။

ရှေးသောအခါ ရွာတစ်ရွာတွင် ဘုန်းကြီးတစ်ပါး ကိုးကွယ်၍ထားရာ ကျောင်းနားတွင် ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေကန်ကြီးတစ်ကန်ရှိသတတ်။ ထိုကျောင်း၌ ခိုအောင်း သီတင်းသုံးသော ဘုန်းတော်ကြီးက ကန်တွင်ပွင့်လျက်ရှိသော ကြာပန်းများကို ဘုရားအား တင်လှူမည် မည်သူတစ်စုံတစ်ယောက်မျှ မချိုးမခူးစေနှင့်ဟု ဆင့်ဆိုအမိန့်ပေးထား၏။

## ရေကန်တွင်ပုန်းနေ

တစ်နေ့သောအခါ ဒါယကာတစ်ဦးသည် အထူးသဖြင့် နေပူသောကြောင့် အေးလူအောင် ဝင်ရောက်၍ ကျောင်းအောက်၌ ခိုအုံဟု နှလုံးသွင်းလျက် ပြေးရင်း ကျောင်းအောက်သို့ဝင်သည်ကို ကျောင်းရှင်ဘုန်းကြီး မြင်သဖြင့် အင့်ဟင် ကျောင်းအောက်သို့ ဝင်သွားသည် အဘယ်သူများ ဖြစ်လေသနည်း စင်စစ်သိရအောင်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြစမ်းဟုခိုင်းရာ ဒါယကာ အရပ်သားသည် ဘုန်းကြီးအား ကြောက်သော ကြောင့် ကျောင်းအောက်မှထွက်၍ ရုတ်တရက် ရေကန်တွင်းသို့ သက်ဆင်းပုန်း ခို၍နေ၏။

## မိန်းမ

ထိုအခါ ကျောင်းသားငယ်ကလေးက ဆင်းပြေးလိုက်ကြည့်ရာ ဒါယကာ၌ ပုဝါလည်း လည်ပင်းတွင်ရစ်ထား၊ ဖားလျားဆံပင်နေသည်ကို မြင်သောကြောင့် တင်ပါသည်ဘုရား–ယောကျ်ားမဟုတ် မိန်းမဖြစ်ပါသည်ဘုရားဟု လျှောက်ထား၏။

ထိုအခါ ဘုန်းကြီးက မိန်းမဖြစ်က စင်စစ် တစ်ယောက်တည်း မဝင်တန်ရာ၊ သေသေချာချာ သိရအောင် ကြည့်ချေစမ်းဦး သာမဏေကလေးဟု အမိန့်ပေးလျှင် ကိုရင်သာမဏေ ဆင်း၍ ရေကန်တွင်း၌ ကြည့်ပြန်ရာ ဒါယကာသည် ရေစိုမည် စိုးသောကြောင့် ပုဆိုးကို လက်ကမ–သဖြင့် ထိုးကွင်းစပေါ်သည်ကိုမြင်၍ အလျင် ကျောင်းပေါ်သို့ တက်သွားလျက် အရှင်ဘုရား မိန်းမပါ–သံသယကင်းပါတော့ ထိုးကွင်းတောင် ပါပါသေးသည်ဘုရားဟု လျှောက်ထားသော် ဩော်–မိန်းမဟု လျှောက်သည်မှာ အရှင်းသား ထိုးကွင်းကြောင့် အတွေးရကျပ်သည်ဆိုသကဲ့ ငါ့ရှင်တို့ရဲ့။

ဤအတူ ယခုပြောသည့် "ကာကော"ဟူသော ပုဒ်မှာလည်း အဌကထာနှင့် အရှင်းသား ဋီကာဆရာစကားကြောင့် ယုံမှားတွေးတောခြင်း ဖြစ်ရသည်ဟု မိန့် တော်မူသောအခါ များစွာသော စာသင်သား ရဟန်းများတို့သည် အားရဝမ်းသာ အလွန်တရာ သဘောကျ၍ သောမနဿ ဖြစ်ပွားလျက် မှတ်သားနည်းရကြလေ ကုန်သတည်း။

---

## ၆–ယစ်မျိုးငါးပါးနှင့်စပ်လျဥ်း၍ လျှောက်ထားခြင်းကို ရှင်းလင်းမိန့်ကြားတော်မူခြင်း

ကေတုမာလာ ဘိဓဇ အတုလာဓိပတိ သိရီပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု– တံဆိပ်နာမံတော်ရှိသော စလင်းဆရာတော်ဘုရားကြီးသည် သီတင်းနေ့အခါ စာကြည့်၍နေတော်မူစဉ် အပေါင်းအဖော်မပါ ဒါယကာတစ်ဦးသည် ဖူးမြော်ခစား

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ထားသည်မှာ အရှင်ဘုရား ယစ်မျိုးငါးပါးကို သောက်စားကျူးလွန်ရာ၌ စေတနာနှင့်တကွ သုရာပါနအမှုကို ပြုကျင့်သည်ဖြစ်က စင်စစ်အပြစ်ရှိသည်ကို တပည့်တော်များ သိရပါပြီ၊ ထိုယစ်မျိုးငါးပါးကိုပင် ရေထင်၍ သောက်မိရာ၌ အပြစ်ရှိ, မရှိ နိရယ သံဝတ္တနိက ဖြစ်,မဖြစ်ကို စိစစ်ဖြေကြားတော်မူပါမည့် အကြောင်းနှင့် ခွင့်တောင်း လျှောက်ထား၏။

## ပိုးပရန်မျိုးမီးကိုတိုးသလို

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ "ပိုးပရန် မျိုး မီးကိုတိုး" (ပိုးဖလံမျိုး မီးကိုတိုး)ဟူသော စကားမျိုးကို ကြားဖူး၏လောဟု မေးတော်မူ၏။ ထိုအခါ ဒါယကာက–အရှင်ဘုရား ကြားဖူးပါ၏ဟု လျှောက်သော် ဆရာတော်က မီးကိုတိုးသော ပိုးပရန်တို့သည် အလျှံတောက်ပြောင်သည်ကို ရွှေရောင်ဟု မှတ်ထင်၍ တိုးဝင်သောအခါ ထိုသတ္တဝါ ပိုးကောင်သည် မီးလောင်ခြင်း ဘေးမှ ကင်းဝေးချမ်းသာခြင်း မဖြစ်၊ စင်စစ် မီးလောင်ခံရဘိသကဲ့သို့ ယစ်မျိုး ငါးပါးကိုပင် ရေထင်၍ သောက်မိငြားသော်လည်း ထိုသူအား အပြစ်မလွတ် မှတ်ရမည်ဟု မိန့်တော်မူ၏။

ထိုနောက် ဒါယကာ– မြွေပွေးကိုပင် မြက်လျှော်ထင်၍ နင်းက ကိုက်ခြင်းမှ ချမ်းသာပေး၏လောဟု မေးတော်မူ၏။ ထိုအခါ ဒါယကာက အရှင်ဘုရား– မြွေ ပွေးကိုပင် မြက်လျှော်ထင်၍ နင်းသော်လည်း ကိုက်ခြင်းမှ ချမ်းသာမပေးပါဟု လျှောက်လေသော် ဆရာတော်က မြက်လျှော်ထင်၍ နင်းသော်လည်း ကိုက်ခြင်းမှ ချမ်းသာရာမရသကဲ့သို့ ယစ်မျိုးငါးပါးကိုပင် ရေထင်၍ သောက်သော်လည်း အပြစ်ရောက်မည်ဟူ၍ မှတ်ရမည်။ ထို့နောက် ဒါယကာ ဓားလှံကို ထောင်ထားလျှင် ပျဉ်ပြား မြေကြီးမှတ်၍ နင်းသော် ထိခိုက်ရှနခြင်းမှ လွတ်ပါမည်လောဟု မေးတော်မူ၏။ ထိုအခါ ဒါယကာက အရှင်ဘုရား အထင်မှား၍ နင်းသော်လည်း ရှနထိခိုက်ခြင်းမှ မလွတ်ပါဟု လျှောက်ပြန်သော် ဆရာတော်က ဓားလှံကို ထောင်ထားရာ ပျဉ်ပြား မြေကြီးထင်၍ နင်းသော်လည်း ထိခိုက်ရှနခြင်းမှ မလွတ် သကဲ့သို့ ရေထင်မှား၍ ယစ်မျိုးငါးပါးတို့ကို သောက်ရာ၌ အပြစ်မလွတ်ဟု မှတ် ရမည်ဟု မိန့်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



## မစင်ကို နတ်သုဒ္ဓါထင်လျှင်

ထိုအခါ ဒါယကာက တစ်ဖန်လျှောက်ထားပြန်သည်မှာ အရှင်ဘုရား ရေရိုးရိုးကို ယစ်မျိုးထင်မှတ်၍ သောက်ရာ၌ အပြစ်ရှိပါသေးသလောဟု မေးလျှင် စလင်းဆရာတော်ဘုရားက ဒါယကာ အလွန်တရာပုပ်၍ စက်ဆုပ်ဖွယ်ရှိသော မစင်ကြီးကို နတ်သုဒ္ဓါတည်းဟု ထင်နိုင်ပါမည်လောဟု မေးတော်မူရာ ဒါယကာက အရှင်ဘုရား ပုပ်နံလှစွာသော မစင်ကို နတ်သုဒ္ဓါဟု မထင်နိုင်ပါဟု လျှောက်၏။

ထိုအခါ ဆရာတော်ဘုရားက ဒါယကာ ယင်းသို့ဖြစ်လျှင် လျှောက်ထားမေးမြန်းဖွယ်မရှိဟု မိန့်တော်မူသောအခါ ဒါယကာသည် များစွာ အံ့ဩလျက် သဘောနှစ်သက် ဉာဏ်တော်ထက်သည်ကို အံ့လျက် စဉ်းစား၍ များစွာဝမ်းမြောက်ကြည်ညိုခြင်း ဖြစ်ပွားလေသတည်း။

---

## ၇–ဦးပဉ္စင်းတပည့်တို့၏ ပျင်းရိခြင်းကို စက်ဆုပ်သဖြင့် ကြက်ကုပ်နှင့် ထုံးပြ၍ ဆုံးမမိန့်ကြားတော်မူခြင်း

ကေတုမာလာဘိဓေ အတုလာဓိပတိ သိရီပဝရမဟာဓမ္မရာဇာဓိ ရာဇဂုရု–တံဆိပ်နာမံ အလှူတော် အပူဇော်ခံရသော မန္တလေးမြို့ အရှေ့ပြင် မဟာဝိဇိတာရာမ တိုက် စလင်းဆရာတော်ဘုရားကြီးသည် အသီးသီးသော တပည့်တပန်း ရဟန်းကြီးငယ် အသွယ်သွယ်တို့ကို သေးငယ်ညံ့ဖျင်းခြင်း မဖြစ်ကြစေရန် ရည်သန်ဆုံးမတော်မူသည်မှာ...

ငါ့ရှင်တို့ မြင်စွာဘုရား သာသနာတော်ကို ထမ်းသော ရဟန်းတို့မည်သည်မှာ စာပေကျမ်းဂန်ကို သင်ခြင်းလျှင် အရင်းမူလ ပဓာနဖြစ်၏။ စာပေကျမ်းဂန်ကို မကျွမ်းကျင်ခဲ့လျှင် သဘင်ပွဲလယ် မတင့်တယ်ပဲ ရယ်ဖွယ်မျှသာ ဖြစ်တတ်၏။ သည့်မျှသာမဟုတ် ပရိယတ္တိကျမ်းဂန်ကို ဟုတ်မှန်စွာ မသိက ပဋိပတ်အကျင့်တရားသည် ယွင်းမှားဖောက်ပြန်၍ နိဗ္ဗာန်နှင့် ဝေးကွာကြမည်ဖြစ်သည်။ ပရိယတ္တိကျမ်းဂန်သင်အံ့ကြိုးကုတ် အားထုတ်လုံ့လ ဉဿာဟထားသဖြင့် သုံးပါးသော ပိဋကတ်တို့ကို တတ်သိကျွမ်းကျင် သိမြင်လိမ္မာလျှင် နေရာတကျ ကျင့်ကြံလျက် နိဗ္ဗာန်သို့ အမြန်ရောက်ခြင်း၏ အကြောင်းဖြစ်သည်။ ထို့ကြောင့် ပိဋကတ်သုံးပုံ အလုံးစုံသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ–သင်ရိုးကျမ်းများကို ကြိုးပမ်းအားထုတ်ကြရ

www.burmeseclassic.com

www.burmeseclassic.com



မည်။ ငါ့ရှင်တပည့် အသီးသီးတို့မှာ ဦးပြည်းရိတ်၍ သပိတ်ကိုထမ်း ဆွမ်းခံစား တတ်ကာမျှနှင့် ကာလကိုမကုန်စေရာ။ ငယ်သောအခါ ငယ်သောအခိုက်၌ မိုက်၍ အားမထုတ်သေးသော်လည်း တစ်ဖြည်းဖြည်း တတ်သိ၍ ပညာ၏ ရင့်ခြင်းသို့ ရောက်စေရာသည် ဥပမာပြောမည် သဘောစိုက်၍ နာကြကုန်လော။

ရှေးသောအခါ ရွာတစ်ရွာတွင် ဒါယကာတစ်ဦးသည် ကြက်မများကို မွေး ထား၍ ရောင်းစား အသက်မွေးသတတ်။ အခါတစ်ပါး မွေးထားသော ကြက်မ တစ်ကောင်မှ ရှစ်ကောင်သော ကြက်သူငယ်တို့ကို ပေါက်ဖွားရာ၊ သူတကာ ထ၍ ပြေးသော်လည်း ကြက်ကလေး တစ်ကောင်မှာ မပျံမလွှား မသွားမလှုပ် တကုပ်ကုပ် သာနေလေ၏။ ထိုအခါ အိမ်ရှင်ယောကျ်ား ကြက်သမားသည် စဉ်းစားကြံတွေး ဤကြက်ကလေးသည်ကား အများနှင့်မတူ အမူကွဲပြား ထူးခြားတစ်မျိုး အဖိုးထိုက် ဖြစ်မည်ထင်သည်ဟု ဆင်ခြင်စဉ်းစားလျက် မွေးထားသောအခါ အတော်ကြာက အဖော်အပေါင်း ကြက်တို့သည် သွက်သွက်လက်လက် အတွန်သင်ကြသော်လည်း ယခင်ကြက်သည် သက်သက်မတုန်မလှုပ် ကုပ်ကုပ်ကလေးသာ နေသတည်း။ ဤသို့သော အခြင်းအရာများကို ကြက်သမား မြင်ပြန်သော် ဧကန် ဤကြက်သည် သူများထက်တိုး၍ ထမ်းပိုးကြေးတန်မည် ငါထင်သည်။ အဘယ်ကြောင့်နည်းဟူမူ သူတစ်ပါးကဲ့သို့ ပြေးလွှားခုန်ပျံခြင်းမရှိ၊ မိမိနှင့် ဖက်တွဲ၍ အချက်ထဲကျမှ သူခွပ်မည်ဟု နှလုံးထားလျက် တစ်ပါးသောကြက်တို့ကို ရောင်းသော်လည်း ကြက်ကောင်းဟု ချန်ထားလေသတည်း။

ဤကဲ့သို့ မရောင်းဘဲ ကြက်ကောင်းဟု ထင်သောကြောင့် မွေးထားရာ ကြီးမားခြင်းသို့ရောက်၍ တစ်နေ့သောအခါ ရွာတွင် ကြက်ပွဲရှိသဖြင့် မိမိကြက်ကို ပိုက်၍ တိုက်ခိုက်ပြိုင်ဆိုင်ခြင်းငှာ လျင်စွာကြက်ပွဲသို့ ယူသွားလျှင် တစ်ပါးသော ကြက်တို့သည် သူ့ထက်ငါ တွန်ကြသော်လည်း နေရာက မလှုပ် တကုပ်ကုပ်နေ လေ၏။

ထိုအခါ ကြက်သမားသည် စဉ်းစားပြန်သည်မှာ ငါ၏ကြက်သည် ပွဲပြင်ဘက်၌ ဖြစ်၍ ကုပ်ကုပ်နေသေးသည်။ လောင်းကြေးနှင့် သွင်းခဲ့လျှင် ပွဲတွင်းသို့ကျမှ ကေန္တခွပ်အံ့သောကြက် ဖြစ်သည်ဟု သဘောထား၍ အခြားသူတို့၏ကြက်နှင့် ဖက်၍ တိုက်မည်ဟု သွင်းလျက် ပွဲတွင်းသို့ကျပြန်လည်း လည်ဆံမွေးမျှမထ ရှေးကနှင့်မကွာ ကုပ်သည်သာတည်း။ ကြက်ချင်းဆိုင်၍ ပြိုင်ကာတိုက်သော် မခွပ်လိုက်ရသေး ကုပ်ကုပ်နှင့် ပြေးသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ကုပ်ကုပ်နှင့် ပြေးရလိမ့်မည်

ထိုအခါ ကြက်သမားသည် ဤကြက်သည် ငါအထင်မှားချေသည်။ ပေါက်ဖွားစကလည်း ကုပ်ကုပ်၊ ကြီးသောအခါလည်း ကုပ်ကုပ်၊ တိုက်ပွဲသို့သွင်း၍ အတွင်း၌နေပြန်လည်း ကုပ်ကုပ်၊ ခွပ်မည်ဟုအလုပ်တွင်မှ ကုပ်ကုပ်နှင့်ပြေးသော ကြက်ပါတကား။ ဟု ရောင်းစားလိုက်ရသတဲ့ ငါ့ရှင်တို့။

ဤအတူ ငါ့ရှင်တို့မှာလည်း စာပေကိုမသင်ကြား မကြိုးစားဘဲ နေ့များ၍ ကြီးကြလျှင် ကြက်၏နည်း မတုန်မလှုပ်ဘဲ ကုပ်ကုပ်နှင့် ပြေးကြရမည်ဟု မိန့်တော်မူသောအခါ များစွာသော ပရိသတ်တို့သည် အထပ်ထပ် ရယ်မောကြလေကုန်သတည်း။

---

## ၈—မြင်းမိုရ်တောင်အကြောင်းကို အခေါင်းရှိ မရှိ ငြင်းခုံ၍ ဖျင်းပုံကို ပမာထားလျက် ဒါယကာများကို မိန့်ကြားတော်မူခြင်း

ကေတုမာလာဘိဓဇ အတုလာဓိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု—တံဆိပ်နာမံတော်ရှိသော မန္တလေးမြို့ အရှေ့ပြင် မဟာဝိဇိတာရာမတိုက် စလင်းဆရာတော်ဘုရားကြီးသည် အသီးသီးသော တပည့်တပန်း ရဟန်းတော်အပေါင်းတို့ကို နည်းကောင်းပြသ အာဂမမုဋ္ဌိ လက်ဆုပ်ရှိကြစေခြင်းငှာ နေရာတကျ—ပို့ချသင်ကြား အားထုတ်မယွင်း သီတင်းသုံးတော်မူသောအခါ ဒါယကာနှစ်ဦးတို့သည် ထူးထူးခြားခြား စကားငြင်းခုံ သူတစ်ဖုံ ငါတစ်ဝ ပြောကြသည်မှာ… တစ်ယောက်သောသူက ယူဇနာ ရှစ်သောင်းလေးထောင် အမြင့်ဆောင်သော မြင်းမိုရ်တောင်မင်းသည် အတွင်းက အခေါင်းရှိသည်ဟု ပြောရာ၊ တစ်ဦးသောဒါယကာက နေရာရာလေမောင်—မြင်းမိုရ်တောင်၌ အခေါင်းရှိသည်ဟု မည်သည့်အခါမျှ မကြားစဖူးကျေးဇူးရှင် ဆရာသမားတို့လည်း ပြောကြားဖူးသည် မရှိ၊ ပါဠိ၌လည်းမလာ၊ အဋ္ဌကထာ၌လည်းမမြင်, ဋီကာရှင်တို့လည်း မဖွင့်ဆို၊ သို့ပါကိုလျက် အလိုလိုကြံစည်၍ မပြောပါနှင့်ဆိုလေ၏။

ထိုအခါ ယခင် မြင်းမိုရ်တောင် အခေါင်းရှိသည်ဆိုသောသူက၊ မြင်းမိုရ်တောင် အခေါင်းရှိသည်ကို မင်းမသိတာနှင့် မဟုတ်ရာဘူးလော၊ ကျော်စောသတင်းသိဟိုဋ်ချည်းသော စလင်းဆရာတော်ဘုရားကို လျှောက်ထားသိရန် အယူခံကြမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆို၍ ထိုငြင်းခုံသူ လူနှစ်ယောက်သားတို့သည် ဆရာတော်ဘုရားထံ သွားကြရာ လျှောက်ထားသည်မှာကား… အရှင်ဘုရား တပည့်တော်တို့ နှစ်ဦးသား စကားပြောဆို ထင်သလိုဖြင့် မြင်းမိုရ်တောင်မင်း၌ အတွင်းက အခေါင်းရှိမရှိကို မိမိတို့ နှလုံးသွင်းဖြင့် အငြင်းဖြစ်ပွား စကားနိုင်ရှုံး အဆုံးမသတ်နိုင် ရှိပါသောကြောင့် တပည့်တော်များ အငြင်းကို ဖြေရှင်းတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်း လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ… ဒါယကာနှစ်ဦးတို့– ဤမျှလောက်ထူးတော့ အရှုးဖြစ်တတ်သည်၊ မှတ်သားရန် ဥပမာတစ်ခုကို ပြောမည် သဘောစိုက်၍ နာကုန်လော့… ရှေးသောအခါ ရွာတစ်ရွာတွင် နှစ်ဖြာသော မြေးအဘိုးတို့သည် မိုးချုပ်နေဝင်ပြီးအခါ အတော်ကြာသော် လ–သာသို့ထွက်၍ ပက်လက်လဲလျောင်း အကြောင်းအကျိုး စကားမျိုးကို ပြောကြားနေခိုက် အမိုက်အရွယ် မြေးငယ်ကဆိုသည်မှာ… ဘကြီး၊ ထက်ခရီး မိုးစွန်၌ ရှုဝ်ကြယ်ဆိုသည်မှာ အဘယ်ကြယ်ကို ခေါ်ကြပါသနည်းဟုဆိုသော် လူအိုအဘိုးက ငါ့မြေးနယ်၊ ရှုဝ်ကြယ်ကိုမျှမသိအောင် တောင်ဆီကပြောင်ပြောင် ပြောင်ပြောင်နှင့် ကြယ်ကို ရှုဝ်ကြယ်ဆိုသည်ဟုပြော၏။

## မြောက်မှာရှုဝ်

မြေးဖြစ်သောသူငယ်က ဘကြီးရယ် ဟုတ်ကဲ့လား၊ ကြားဖူးသောစကားမှာ "တောင်မှာ တံငါကွန်၊ မြောက်မှာရှုဝ်"ဟု ဆိုညွှန်းခေါ်ဝေါ်ကြပါသည်ဟုဆိုလျှင် အဘိုးအိုက ငါ့မြေးရယ် ရှုဝ်ကြယ် တောင်ရောက်တာ လေးရက်လောက်ရှိသေးသည်။ ဤအရေးကို သူတစ်ပါးတို့ မသိသေးဘူး တိတ်တိတ်သာနေဟု ဆိုသတဲ့ ဒကာရဲ့။

ဤအတူ ဒါယကာတို့ငြင်းသော မြင်းမိုရ်တောင်အကြောင်း အခေါင်းရှိ၊မရှိ ဟူသော စကားကိုလည်း သူတစ်ပါးတို့ မသိကြသေးဘူး တိတ်တိတ်ကလေးသာ နေကြပေတော့ဟု မိန့်ကြားတော်မူသောအခါ ဒါယကာနှစ်ယောက်တို့သည် ရှက်ကြောက်သော အမူအရာနှင့် ပြန်သွားကြလေသတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၉–ဒါယကာလျှောက်ပုံကို ငခုံဆရာတော်စကားနှင့် မိန့်ကြားဖြေရှင်းတော်မူခြင်း

ကေတုမာလာဘိဓေ အတုလာဓိပတိ သိရီပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော မဟာဝိဇိတာရာမတိုက် စလင်းဆရာတော်ဘုရားကြီးသည် သီတင်းနေ့အခါ စာကြည့်၍နေတော်မူစဉ် ထွက်ဝင်သွားလာဖူး၍ အထူးကြည်ညိုရင်းရှိသော ဒါယကာတစ်ယောက်သည် လက်မြှောက်ရိုကျိုး၍ ရှိခိုးလျှောက်ထားသည်မှာ အရှင်ဘုရား အရှင်ဘုရားတို့မှာ ပါရမီဒဗ္ဗ သမ္ဘာရညသုံ အလုံးစုံနှင့် ပြည့်စုံတော်မူသော ဘုန်းရှင်ဉာဏ်ရှည် ကံရှင်ဖြစ်၍ ယခုခေတ်–ယခုဘဝ၌ အာသဝရှင်း၍ လွတ်ကင်းလိမ့်မည် ထင်ပါသည်ဘုရားဟု လျှောက်၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ လျှောက်ထားပုံကြောင့် “ငခုံဆရာတော်လိုသာ ပြောချင်တော့သည်”ဟု မိန့်တော်မူ၏။

ထိုအခါ လျှောက်ထားသူ ဒါယကာက ဥပမာထုတ်ဖော်သော ငခုံဆရာတော် ပြောဟန်ကို လင်းပြန်မိန့်ကြားတော်မူပါဘုရားဟု လျှောက်ထား၍ မိန့်ကြားတော်မူသည်မှာ... ပိဋကတ်ပြမ်း အခန်းခန်းတို့၌ ကျမ်းတတ်အကျော် ငခုံဆရာတော်ဘုရားသည် တပည့်များနှင့်အတူ သီတင်းသုံးကြရာ တစ်နေ့သောအခါ တပည့်များက လျှောက်ထားကြသည်မှာ... ဆရာတော်ဘုရားကြီးအား အတိရှေးအခါ ဘဝများစွာ သံသရာက ပါရမီအဟုန် ပြည့်စုံသည့်အလျောက် နောက်သို့ ဆုတ်နစ်ရန်မမြင် ရှေ့သို့သာလျှင် တိုးတက်ရန်ရှိသည်။ မိမိက အထူးအားထုတ်ပြန်လျှင်လည်း နိဗ္ဗာန်ကို ရမည်ထင်ပါသည်ဘုရားဟု လျှောက်ထားချီးမွမ်းကြသည်။

ထိုအခါ ငခုံဆရာတော်က မိန့်သည်မှာ သတ္တဝါမနုဿတို့လည်း လူ့ဘဝနှင့် ကြုံကြိုက် မောင်ခုံလည်း လူဖြစ်ကရော့၊ လူများအပေါင်းတို့သည် ကျောင်းသို့ဝင်၍ ကိုရင်သာမဏေအဖြစ်နှင့် ပြည့်စုံကြလျှင် မောင်ခုံလည်း ကျောင်းကိုဝင် ကိုရင်သာမဏေဖြစ်ကရော့၊ သူတစ်ပါးတို့သည် မြတ်စွာဘုရား သာသနာတော်ကို ထမ်းလျက် ရဟန်းအဖြစ်နှင့် ပြည့်စုံလျှင် မောင်ခုံလည်း သာသနာတော်ကို ထမ်းလျက် ရဟန်းဖြစ်ကရော့၊ အများသော ဆရာတော်မြတ်တို့သည် ပိဋကတ်နှင့် ပြည့်စုံသောကြောင့် မောင်ခုံလည်း ကြိုးစားသင် အလျင်စာတတ်ကရော့။ အများသောပုဂ္ဂိုလ်တို့ တံဆိပ်နှင့်ပြည့်စုံလျှင် မောင်ခုံလည်း တံဆိပ်ရရော့၊ သူတစ်ပါးတို့ တော၌ ခိုလှုံသောကြောင့် မောင်ခုံလည်း တောမှီ၍ အရညဝါသီ ဖြစ်ကရော့

www.burmeseclassic.com



ရှေးက သူတော်ကောင်းတို့ မြိုးမြ်၍ ဈာန်အဘိဉာဏ်နှင့် ပြည့်စုံသောကြောင့် မောင်ခုံလည်း အားထုတ်ပြန် ဈာန်ကျတော့ မောင်ခုံရှုံး၍ လုံးလုံးလွတ်လိုက်ရ ရောဟု အမိန့်ရှိသတဲ့ ဒကာရဲ့။

ဤအတူ ယခုလည်း ဒါယကာ ဘယ်လိုပင် ချီးမွမ်းသော်လည်း ဉာဏ်စွမ်း နှင့် မပြည့်စုံက ငခုံဆရာတော်လို အဆုံးမှာတော့ အရှုံးသာပေးရလိမ့်မည်ဟု မိန့် တော်မူသောအခါ အပါးတော်မှာရှိသော ရဟန်းများနှင့် လျှောက်ထားသူ ဒါယကာသည် လွန်စွာ ရယ်မော၍ တသောသော နေလေကုန်သတည်း။

ဤမျှလောက်သော စကားအစဉ်တို့ဖြင့် ဥပမာသမူဟဂီရက္ကမ ကျမ်း၌ စလင်းဆရာတော်ဘုရားကြီး၏ ဥပမာစကားတို့ကို ပြဆိုရာ ပြဆိုကြောင်းဖြစ်သော အပိုင်းအခန်းကား ဤတွင် ပြီးဆုံးခြင်းသို့ ရောက်၏။

**စလင်း–စကားပုံများပြီး၏။**

www.burmeseclassic.com

www.burmeseclassic.com

## ၆–မောင်းထောင်ဆရာတော်ဘုရားကြီး၏ စကားပုံ

ပညာသာမိ ကဝိဇေ မဟာဓမ္မ ရာဇဓိ ရာဇဂုရု–တံဆိပ်နာမံ အလှူတော် အပူဇော်ခံရသော မန္တလေး ရတနာပုံနေပြည်တော်ကြီး အရှေ့မျက်နှာ မင်္ဂလာရာမ တိုက် မောင်းထောင်ဆရာတော် ဘုရားကြီးကား ပိဋကတ်သုံးပုံ အလုံးစုံသော ပါဠိ, အဋ္ဌကထာ, ဋီကာ–စသော ကျမ်းတို့၌ တစ်ဖယ်ကမ်းတိုင်ရောက် တတ် မြောက်ကျွမ်းကျင် သိမြင်လိမ္မာတော်မူ၏။ ဘေဒစိန္တာဂဏ္ဌိကျမ်း, အက္ခရဝိသောဓနီ အစရှိသော များစွာသော ကျမ်းတို့ကိုလည်း ရေးသားစီရင်တော်မူ၏။ အထူးအားဖြင့် သဒ္ဒါကျမ်းတို့၌ မြင်စွမ်းတော်မူသောဟူ၏။ သင်္ဂဇာဆရာတော် အစရှိသော များစွာသော ဆရာတော်ဘုရားကြီးတို့သည်ပင် ချီးမွမ်းအံ့သြ ထောမနာရသောဟူ၏။

ဤကား မောင်းထောင်ဆရာတော်ဘုရားကြီး၏ ဂုဏ်ထူးဝိသေသ အတိသခေ်ပဖြစ်သော စကားတည်း။

---

### ၁–အင်္ဂုလိညွှန်သင့်သည်ဟူသော စကား၏အကြောင်း

အခါတစ်ပါး သုဓမ္မာဆရာတော်တို့သည် မင်္ဂလာရာမတိုက် မောင်းထောင် ဆရာတော်သည် သဒ္ဒါရေး၌ အထူးကျွမ်းကျင် သိမြင်လိမ္မာကြောင်း စသည်ဖြင့် ချီးမွမ်းအံ့သြထောမနာ၍ နေကြသတတ်။ ထိုအခါ သင်္ဂဇာဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ ဦးပညာလောက်မျှဖြင့် တတ်မြောက်သိမြင်ကြသည်ချည်းပင် ဖြစ်သည်။ ဤမျှလောက် သိမြင်ရုံနှင့် အလုံးစုံတတ်မြောက်ထင်မြင်သည်ဟူ၍ မဆိုသင့်သေးပါဟု အမိန့်ရှိလျှင် တစ်ပါးသော သုဓမ္မာဆရာတော်တို့က ဤသို့ ဖြစ်လျှင် သင်္ဂဇာဆရာတော်သည် မောင်းထောင်ဆရာတော်နှင့် သဒ္ဒါရေးစကား

www.burmeseclassic.com



ပြောကြားမေးမြန်း ဖြေစွမ်းပြိုင်ယှဉ်နိုင်မည်လောဟု မေးရာ သင်္ဂဇာဆရာတော်ဘုရားက ဆရာတော်ဘုရားတို့ ကိုယ်တော်တို့သည် အိုးမည်းသုတ်လျက် အရုပ်ဖျက်၍ပင် တိုက်လိုတိုက်၊ အိုးမည်းမသုတ် အရုပ်မဖျက်ဘဲလည်း တိုက်လိုတိုက် ကြိုက်ရာက နေပါမည်ဟူ၍ အမိန့်ရှိ၏။

ထို့နောက် များမကြာမီ ပညာသာမိ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမ်တော်ရှိသော မင်္ဂလာရာမတိုက် မောင်းထောင်ဆရာတော်ဘုရားသည် သုဓမ္မာဆရာတော်ရှစ်ပါးတွင် တစ်ပါးအဝင် ဖြစ်တော်မူ၍ သုဓမ္မာဇရပ်သို့ ကြွရောက်တော်မူရာ သင်္ဂဇာဆရာတော်မှ တစ်ပါးသော ဆရာတော်တို့က... ကဲ မောင်းထောင်ဆရာတော် ကြွလာပြီ၊ ကြွလာပြီဟူ၍ ပြောကြသည်နှင့် မောင်းထောင်ဆရာတော်ဘုရားက အဘယ်စကားကို အမိန့်ရှိပါသနည်းဟု မေးလျှင် သင်္ဂဇာဆရာတော်က မောင်းထောင်ဆရာတော်နှင့် သဒ္ဒါရေးစကား ပြောကြားဆွေးနွေးလိုသတဲ့၊ အမေးက နေမည်လော၊ သို့မဟုတ် အဖြေက နေမည်လောဟု ဆိုသောအခါ မောင်းထောင်ဆရာတော်ဘုရားက အရှင်ဘုရားတို့ သင်္ဂဇာဆရာတော်ဘုရားနှင့် တပည့်တော်မှာ တပည့်တော်က အငယ်ဖြစ်ပါသည်၊ သူနှစ်သက်ရာက နေပါစေဟုဆိုလျှင် သင်္ဂဇာဆရာတော်ဘုရားက သဒ္ဒါကျမ်း၌ ခက်ဆစ်ခဲရာဟူသမျှတို့ကို မူလက သိမြင်တော်မူပြီးဖြစ်သည်အရ သဒ္ဒါဂဏ္ဌိဌာနတို့၌ အတန်တန်မေးသည်ကို မနှေးလွယ်ကူ ဖြေဆိုတော်မူလေ၏။

ထိုအခါ သင်္ဂဇာဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ အရှင်ဘုရားတို့ ရှေးက အဋ္ဌကထာကျမ်းများကို ရေးသားစီရင်တော်မူသော အရှင်မဟာဗုဒ္ဓဃောသကို ဘုရား၏အလိုတော်ကို သိသဖြင့် ဗုဒ္ဓမတညူဟူ၍ ခေါ်ဆိုတော်မူကြသည် မဟုတ်ပါလောဟု မေးတော်မူသောအခါ သုဓမ္မာဆရာတော်တို့က ဟုတ်ပါပေသည်ဘုရားဟု မိန့်ကြားတော်မူကြလျှင် သင်္ဂဇာဆရာတော်ဘုရားက ဤအတူ ယခု မောင်းထောင်ဆရာတော်မှာလည်း တပည့်တော်၏အလိုကို သိသဖြင့် 'အဂ္ဂညူ'ဟူ၍ ဆိုသင့်ဆိုထိုက်ပေသည်ဟု အမိန့်ရှိတော်မူသောအခါ သုဓမ္မာဆရာတော် အားလုံးတို့သည် ပြုံးရယ်တော်မူကြလေသတည်း။

* ဤအကြောင်းအရာကို သိမြင်သဖြင့် ပညာသာမိ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမ်တော်ရှိသော မောင်းထောင်ဆရာတော်ဘုရားကြီးသည် သဒ္ဒါနည်း၌ ကျွမ်းကျင်လိမ္မာတော်မူသောအဖြစ်ကို စင်စစ် သိအပ်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၂–ဝိသုဒ္ဓိမဂ် သင်လိုက်သူတို့ကို ခြင်ကိုက်ခံ၍ ကျင့်သော ဘုန်းတော်ကြီး၏ ပမာစကားဖြင့် မိန့်ကြားတော်မူခြင်း

အခါတစ်ပါး ပညာသာမိ ကဝိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု–တံဆိပ်နာမံတော် ရှိသော မန္တလေးမြို့ အရှေ့ပြင် မင်္ဂလာရာမတိုက် မောင်းထောင်ဆရာတော်ဘုရားကြီးသည် ကျင့်နည်းပိဋကတ် အရပ်ရပ်တို့ကို ဆုံးဖြတ်မိန့်ဆိုရာဖြစ်သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ကောင်းစွာပို့ချ ပြောပြသင်ကြားတော်မူစဉ်အခါ အမိန့်ရှိတော်မူသည်ကား– သင်တို့မှာ ပိဋကတ်သုံးပုံ အလုံးစုံသော ပရိယတ္တိဓမ္မကို သင်ကြားအားထုတ်ကြရသည်မှာ မြတ်စွာဘုရား သာသနာတော်ထမ်း ရဟန်း၏အဖြစ်၌ ဘုန်းတမ်းလာဘ်လာဘ ကြီးမား၍ ပေါများစေခြင်းငှာ အားထုတ်ရသည်လည်း မဟုတ်၊ စာပေကျမ်းဂန် တတ်မြောက်သည်ဟု အရပ်ရပ်၌ ကျော်စောခြင်း ကျေးဇူးသတင်းကို အလိုရှိ၍ သင်ကြားအားထုတ်ရသည်လည်း မဟုတ်၊ စင်စစ်မှာမူကား တရားကျမ်းဂန် သင်ကြား၍ နားလည်သိမြင်ခြင်းရှိက ပဋိပတ္တိဟု ဆိုအပ်သော အကျင့်တရားကို အားထုတ် ဆည်းပူးရန်အလို့ငှာ ပါဠိ, အဋ္ဌကထာ–စသော ကျမ်းများကို သင်ကြား အားထုတ်ကြရသည်။ သို့ဖြစ်၍ ယခု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ လာရှိသောအတိုင်း–

အာဝါသော စ ကုလံ လာဘော၊ ဂဏော ကမ္မဉ္စ ပဉ္စမံ။
အဒ္ဓါနံ ဉာတိ အာဗာဓော၊ ဂန္ထော ဣဒ္ဓီတိ တေ ဒသ။

ဟူ၍ ပြဆိုအပ်သော ပလိဗောဓ ကြောင့်ကြခြင်း ဆယ်ပါးများကို ဖြတ်၍ တစ်ဆယ့်ရှစ်ရပ်သောအပြစ်မှ လွတ်ကင်းလျက် အင်္ဂါငါးပါးနှင့် ပြည့်စုံသောကျောင်း၌ သမထဘာဝနာ, ဝိပဿနာဘာဝနာ နှစ်ဖြာသော ကမ္မဋ္ဌာန်းတို့ကို ကြိုးပမ်းဆည်းပူး အထူးအားထုတ်ကြရမည်။ ဤကဲ့သို့ အားထုတ်ကြလျှင် အဟုတ်အမှန် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပြည်နိဗ္ဗာန်သို့ ဧကန်မုချ ရောက်စေနိုင်သည်။ သို့သော် နည်းလမ်းရှိသည့်အတိုင်းသာ ဆရာတော်က ပြောရသည်။ ကျင့်အံ့သော ပုဂ္ဂိုလ်ကို ရှာတော့ အရှားသားရှိလိမ့်မည်။ "ငါ့မှာ ခြင်ချည့်မှတ်လို့–အပြီးသတ်တော့ မှက်တွေနှင့် အသက်သေရုံရှိတော့သည်၊ မခံနိုင်ဘူး"ဆိုသော ဘုန်းတော်ကြီးကဲ့သို့ နေတတ်သည်ဟု မိန့်တော်မူပြီးလျှင် ငါ့ရှင်တို့ ဆရာတော် ဥပမာတစ်ခုပြောမည် သဘောနှင့် နာကြကုန်လော့။

www.burmeseclassic.com

www.burmeseclassic.com



ရှေးသောအခါ မန်းစက်တော်၏အနီး၌ တောကျောင်း ဘုန်းကြီးတစ်ပါးသည် တပည့်သားရဟန်းအပေါင်းတို့နှင့် ကောင်းစွာအားထားလျက် အကျင့်တရားကို ဆည်းပူး၍ နေသတတ်။

တစ်နေ့သ၌ ထိုတောကျောင်းပုဂ္ဂိုလ် မထေရ်ကြီးသည် အသီးသီးသော တပည့်တို့အား ပြောကြားမိန့်ရှိသည်မှာ– ငါ၏တပည့်တို့ ငါသည် ယခုညအခါ များစွာသော ခြင်သတ္တဝါတို့အား အသွေးအသားကို လှူလိုသောဆန္ဒ ရှိသည်၊ ငါ၏ လက်မောင်းလက်ရုံးတို့ကို အလုံးစုံ ချည်နှောင်စည်းတုပ်၍ ပေါင်းမြက်ရှုပ်သောအရပ်သို့ သွား၍ ပို့ထားကြလော့ဟုဆိုလျှင် တပည့်ရဟန်းတို့က အရှင်ဘုရား ယခု မိန့်တော်မူသောစကားသည် လားလားမျှ သင့်သည်မထင်ပါ။ ရှေးဆရာမြတ်အပေါင်း ဘုရားအလောင်း သူတော်ကောင်းတို့ ကျင့်စဉ်မှာ ခုတင် တေရသကို ကျင့်နိုင်သမျှ ကျင့်ကြံအားထုတ်ကြပါသည်။ ယင်းကဲ့သို့ ကျင့်ရိုးကျင့်စဉ်ကို ဘုရားရှင် ဟောတော်မူသော အကျင့်တရား ထင်ရှားရှိပါလျက်နှင့် မြက်တောကြားတွင် ခြင်များ၏ အကိုက်ကိုခံ၍ ခြိုးခြံတော်မမူသင့်ပါဟု လျှောက်ထားကြရာ ဆရာဘုန်းတော်ကြီးက ငါ၏တပည့်တို့–ငါ၏အလိုအတိုင်း မဆိုင်းမဖင့် ငါကျင့်၍ အားထုတ် လိုသည်၊ မပြုမလုပ်သင့်ဟူသော စကားကို မလျှောက်မထားကြနှင့် ငါ့အား ကြိုး တို့ဖြင့် ချည်တုပ်၍ ပေါင်းရှုပ်ရာအရပ်သို့ ပို့လောဟုဆိုလျှင် ထိုထိုအများ တပည့် သားတို့သည် မိမိတို့ လျှောက်ထားသောစကားကို နားမထောင်သည်ဖြစ်၍ ချည် နှောင်စည်းတုပ်လျက် မြက်ရှုပ်ရာအရပ်၌ ချထားကြလေ၏။

## ကြိုးစား၍သာ ခံပါဘုရား

တောကျောင်းပုဂ္ဂိုလ် မထေရ်ကြီးသည် ခြင်ကိုက်၍ အတန်ငယ်ကြာလျှင် သည်းထန်ပြင်းပြစွာ နာကျင်၍ ငါ့ရှင်တို့–အလွန်တရာ နာချက်ဆိုးသည် ကြိုးတို့ကို အမြန်ဖြည်ကြပါလော့ဟုဆိုရာ တပည့်ရဟန်းတို့က တပည့်တော်များ အစက တားသည်ကို နားမထောင်လို၍ ကိုယ့်ကိုယ်ကို ဒုက္ခရာသည်။ ကြိုးစား၍သာ ခံပါ ဘုရားဟု ဆိုပြောလျှောက်ထား၏။

ထိုအခါ ဆရာဘုန်းကြီးက "အစကတော့ ခြင်ချည့်မှတ်သည်၊ အပြီးသတ်တော့ မှတ်တွေနှင့် အသက်သေရုံရှိတော့သည် မခံနိုင်ဘူး"ဟု ဆိုသတဲ့ ငါ့ရှင်တို့ရဲ့။

ထို့ကြောင့် ဆရာတော်က စာရှိ၍သာပြောရသည် ကျင့်အံ့သောပုဂ္ဂိုလ်ကို

www.burmeseclassic.com

www.burmeseclassic.com



ရှာလျှင် အရှားသားဟုဆိုသည်ဟု အမိန့်ရှိတော်မူရာ များစွာသော စာသင်သား ရဟန်းအပေါင်းတို့သည် ထောမနာ၍ များစွာဝမ်းမြောက်ကြလေသတည်း။

---

## ၃-အသင့်အတင့်နှလုံးမထားတတ်လျှင် ဆိုးပါးသေးငယ်စေတတ်သော အယောနိသော မနသိကာရကို စာချရာ၌ မိန့်တော်မူသောအကြောင်း

အခါတစ်ပါး ပညာသာမိ ကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော မင်္ဂလာရာမတိုက် မောင်းထောင်ဆရာတော်ဘုရားကြီးသည် ဓမ္မသင်္ဂဏီအဋ္ဌကထာကို ပို့ချသဖြင့် လာလာသမျှသော စာသင်သားအပေါင်းတို့အား မနသိကာရအကြောင်းနှင့် စပ်လျဉ်း၍ နှလုံးသွင်း မှတ်သားရန် မိန့်တော်မူသည်မှာ... မနသိကာရဟူသည်လည်း ယောနိသော မနသိကာရ=အသင့်အတင့် နှလုံးသွင်းခြင်း၊ အယောနိသောမနသိကာရ=မသင့်မတင့်သောအားဖြင့် နှလုံးသွင်းခြင်း၊ ယင်းသို့အားဖြင့် နှစ်ပါးပြားရာတွင် ဒါန, သီလ, ဘာဝနာ သုံးဖြာသောအကြောင်းတွင် ကောင်းသော နှလုံးသွင်းခြင်းဟု ဆိုအပ်သော ယောနိသော မနသိကာရ ပြည့်စုံမှသာလျှင် စင်ကြယ်ကုသိုလ် မင်္ဂဖိုလ်သို့ ရောက်ကြောင်းဖြစ်သည်။ မသင့်မတင့်သောအားဖြင့် နှလုံးသွင်းခြင်း=အယောနိသော မနသိကာရ ဖြစ်ချေကလျှင် မစင်မဖြူ ညစ်ညူးအကျိုး ဆိုးဝါးသော အပါယ်လေးဘုံသို့ ခိုလှုံကျရောက်တတ်သည် ကြပ်ကြပ်သတိထားကြ။ "ဘုန်းကြီးတစ်ပါး ဆွမ်းခံသွားတော့ ကျောင်းသားနှင့် အကြံချင်းတူနေကြသည်" ဆိုသကဲ့သို့ ဖြစ်နေကြမည်ဟူ၍ မိန့်တော်မူပြီးမှ ဆက်လက်၍ ဤသို့ မိန့်တော်မူပြန်၏။

ရှေးက ဘုန်းကြီးတစ်ပါးသည် ကျောင်းသားသူငယ် တစ်ယောက်ကို သပိတ်ထမ်းနိုင်းလျက် အိမ်တိုင်းစေ့ လှည့်လည်၍ ဆွမ်းခံရပ်ရာ ဆွမ်းနှစ်ထပ်စာနှင့် တကွ ဆွမ်းဟင်း တစ်ဆယ့်ငါးခွက်မျှလောက် ရသောအနက်က ဝက်သားဟင်း တစ်ခွက်သာ ပါရှိလေသည်။ ဆွမ်းခံ၍ပြီးသောအခါ ဆရာတပည့်နှစ်ယောက် ကျောင်းသို့အပြန်တွင် လမ်းခရီးအကြား၌ ကျောင်းသားကို ဘုန်းကြီးကပြောသည်မှာ သူငယ်-သင်၏သပိတ်ကို လှပ်စမ်း၊ ဆွမ်းဟင်း အဘယ်မျှရသနည်းဟုမေးသည်နှင့် ကလေးသူငယ်က သပိတ်ကို လှပ်၍ဖြလျှင် ဝက်သားဟင်းကိုမြင်က ဆင်ခြင်စဉ်းစားသည်မှာ ငါသည်ကား ဟင်းခွက်များစွာ ရသော်လည်း ဤဝက်သားတစ်ခွက်

www.burmeseclassic.com

www.burmeseclassic.com



မျှသာ စားဖို့ရန် မြင်၍ ဆွမ်းဝင်စရာရှိသေး၏ဟု ကြံတွေးစဉ်းစား စိတ်၌ထား၏။ ကျောင်းသားသူငယ်က တစ်ဖန် တစ်မျိုးကြံသည်မှာ ငါကား ဤဝက်သားဟင်း တစ်ခွက်ကို ဆက်ကပ်လိုသည်ဖြစ်ငြားအံ့ ဘုန်းကြီးစား၍ မကျန် ကေန် ငါစားရ တော့မည်မဟုတ်။ ကျောင်းသို့ရောက်လျှင် ဆွမ်းတော်တင်၍ တစ်ခွက်လုံးကောက် လျက် နောက်မှချ၍စားမည်ဟု ကြံစည်သောအား စိတ်၌ထား၏။

ယင်းသို့ ဆရာတပည့်နှစ်ယောက် အကြံပေါက်သော်လည်း တစ်ယောက် သဘောထားကို တစ်ယောက် မသိကြ။ နောက်ကာလ၌ ဘုန်းကြီးက ဆွမ်းပြင်နိုင်း လျှင် ကြံစည်သောအတိုင်း ကျောင်းသားက ဘုရားပွဲ၌ ဝက်သားကိုတင်၍ ခင်မင် နှစ်သက် စုံမက်လောက်သည် မဟုတ်သော ကျန်ဟင်းများနှင့် ဘုန်းကြီးအား ကပ်ဆက်ရာ ဝက်သားခွက်ကို မမြင်၍ အင့်ဟင်–သူငယ်ကလေး ဝက်သားဟင်း ပါသေးသည်မဟုတ်လောဟု စစ်ကြောမေးမြန်းသောအခါ မှန်ပါသည်ဘုရား– အစက ပါငြားသော်လည်း ဝက်သားဟင်း တစ်ခွက်ထဲ နည်းကလည်းနည်းသော ကြောင့် ဘုရားပွဲ၌သာ တင်ရပါသည်ဘုရားဟု လျှောက်ထားသည်။

ဆရာဘုန်းတော်ကြီး သဘော၌ အယောနိသော မနသိကာရ သူမစားရသော ကြောင့် ဒေါသအမျက် ထွက်ပင်ထွက်သော်လည်း ရိုက်နှက်၍မလျော်, ငေါက်အော်၍ လည်း မသင့်မြတ်, အပြစ်ပေးရန် ကျပ်သဖြင့် လျှောက်ပတ်ခံသာလေအောင် စိတ်သဘောဖြင့် အယောင်ဆောင်၍ အကောင်ကလေး ငယ်ငယ်ရွယ်ရွယ်အခါက "စေတနာကောင်းသည်ကို ငါအံ့ဩသည်"ဟု ဆိုသကဲ့ ငါ့ရှင်တို့ရဲ့။

ဤကဲ့သို့ စိတ်တို့၏ဖြစ်ဟန်သည် လျင်မြန်သောသဘောရှိ၍ မကောင်းသော အယောနိသော မနသိကာရ နှောင့်ယှက်လျှင် အကျိုးဆက် အာနိသံသ ဗလဝပေး ခြင်း အလျှဉ်းသင့်သော ကုသိုလ်ပင် ဖြစ်ပါငြားသော်လည်း စင်စစ်အားဖြင့် စိတ် ထားမကောင်းသည့် အတွက်ကြောင့် ဝက်သားဟင်းကို နမြောသည့်ဘုန်းကြီးကဲ့သို့ ရှိတတ်သည်ဟု မိန့်တော်မူသောအခါ များစွာသော စာသင်သား ပရိသတ်အပေါင်း တို့သည် ကောင်းမွန်သောစကား မှတ်သားလောက်သော အရာဌာနကို မြွက်ဟမိန့် ကြားတော်မူပေသည်တကားဟု အားရနှစ်သက်ကြလေသတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၄—ဆွေသတိုးကို ရေချိုး၍ပြီးပေါ့ နောင်ကြီးရန်ခက်သေးသည် ဟူသောစကားဖြင့် ရဟန်းငယ်အား မိန့်တော်မူခြင်း

ပညာသာမိ ကဝိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု—တံဆိပ်နာမံတော်ရှိသော မန္တလေးမြို့ အရှေ့ပြင် မင်္ဂလာရာမတိုက် မောင်းထောင်ဆရာတော်ဘုရားကြီးသည် ခိုမှီးသင်ကြား အားထားနည်းခံလာသော သာသနာတော်ထမ်း ရဟန်းတော်တို့အား သင်ကြားပြသ ပို့ချတော်မူခြင်း, ဝိနည်း, အဘိဓမ္မာ, သဒ္ဒါ—စသောအားဖြင့် များစွာသော အဆုံးအဖြတ်၊ အရပ်ရပ်သော ကျမ်းများကို ရေးသားစီရင်တော်မူခြင်း, ယင်းသို့သော သာသနာတော်မြတ်၏ တာဝန်ကို အလွန်ဆောင်ရွက်အား ထုတ်လျက် ဣရိယာပုထ်လေးလီ မျှညီသိတင်းသုံးတော်မူရာ၊ အခါတစ်ပါး တိုက်၏အတွင်း၌ ပဉ္စင်းခံကိစ္စ ဥပသမ္ပဒကံ ရွက်ဆောင်ရန်အခင်းနှင့် သိမ်တွင်းသို့ ကြွတော်မူရာ ရဟန်းလျာအား ဆုံးမခြင်း, ကမ္မဝါဖတ်ခြင်း—စသော အမှုတို့ကို ပြုစုရွက်ဆောင် အောင်မြင်ပြီးစီးပြီဖြစ်၍ ပဉ္စင်းသစ်အား ဤသို့ ဆုံးမတော်မူသည်။

ဆရာတော်နှင့်တကွ ကာရကသံဃာ ကမ္မဝါဆရာတို့ ချီးမြှောက်ခြင်းကြောင့် ပဉ္စင်း၏အဖြစ်သို့ ရောက်သဖြင့် ဝမ်းမြောက်ထိုက် ဝမ်းမြောက်သင့်ပေပြီ၊ သို့ရာတွင် ငါ့ရှင်—ယခု သာသနာတော်ကိုထမ်း၍ ရဟန်းပြုသောအချက်မှာ မဂ်ဖိုလ်နိဗ္ဗာန် ကို ရည်သန်ရှေးရှု ရဟန်းပြုခြင်း ဖြစ်သည်။ နိဗ္ဗာန်သို့ရောက်ခြင်း အရင်းမူလ ရှာပြန်ကလည်း အကျင့်စာရိတ္တဟု ဆိုအပ်သော ပဋိပတ်တရားကို ကြိုးစားကျင့် ကြံမှ နိဗ္ဗာန်သို့ရောက်ရာသည်။ မဇ္ဈိမပဋိပတ် အကျင့်မြတ်၏ အခြေလိုက်ရှာဖွေ လျှင် ဒေသနာအလုံးစုံ သုံးပုံပိဋကတ်ကို တတ်သိကျွမ်းကျင် သိမြင်လိမ္မာမှ ကောင်းစွာကျင့်ကြံ၍ အမှန်ကိုအားထုတ်နိုင်သည်။ ပိဋကတ်ကျမ်းဂန် တတ်သိရန် အကြောင်းမှာလည်း ကောင်းသောလုံ့လ ဥဿာဟရှေ့ထား၍ သင်ကြားအားထုတ် မှ အဟုတ်တတ်မြောက် ပေါက်ရောက်သိစွမ်းနိုင်သည်။ ထို့ကြောင့် ငါ့ရှင်ရဟန်းငယ် မှာ သင်ကြားဖွယ်အသီးသီး နောင်ကြီးပွားရန်အတွက် အပုံကြီးခက်သေးသည်၊ "ဆွေသတိုးကို ရေချိုး၍ဖြင့် ပြီးပေါ့နောင်ကြီးရန် ခက်သေးသည်"ဟူသော စကား ကဲ့သို့ အလားတူ ဖြစ်ချေသည်ဟု မိန့်တော်မူသည်။

ထိုအခါ အပါးရှိ သံဃာတို့က ဥပမာစကားကို ထင်ရှားသိမှတ်ပါရအောင် ထုတ်ဆောင် မိန့်ကြားတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားကြရာ မိန့်သည်မှာကား... ရှေးသောအခါ ဗာရာဏသီ ရွှေပြည်သနင်း မင်း၏ နမတော်

www.burmeseclassic.com

www.burmeseclassic.com



ပင်တိုင်ပျော်သည် ရှင်ပျော်လိုက်စား မိုက်မှားသောအားဖြင့် ယောကျ်ားတစ်ပါးနှင့် သင့်မြတ်၍ စွဲကပ်သန္ဓေ တည်နေရင့်မာလေသော် မောင်တော်မင်းဖျား သိမည်အားကို စိတ်ထားရွံ့ကြောက် တောမြိုင်အောက်သို့ တစ်ယောက်တည်း ထွက်သွားလေသတည်း။ ထိုမင်းသမီးသည် ခရီးကြန့်ကြာပြည်နှင့် ကွာခဲ့သော် ရတနာသားဝမ်းမှဖွား၍ သားတော် ရွှေသွေး လူယဉ်ကျေးကို ပိုက်ထွေးချီပိုး လွန်မြတ်နိုးလျက် ရေချိုးပြီးခါ မင်္ဂလာရောင်ယှက် မြတ္တာဘက်နှင့် ပတ်ယှက်လွှမ်းခြုံ တောရဂုံတွင် သေးနုံတန်ခိုး မျက်နှာညှိုးနှင့် ခိုကိုးရန်မမြင် စိတ်ပူပင်လျက် မိခင်နန်းနွယ် သွယ်သွယ်ကြွေ စီးမျက်ရည်နှင့် "ဆွေသတိုးကို ရေချိုး၍ပြီးပေါ့၊ နောင်ကြီးရန်ခက်သေးသည်"ဟု ဆိုသတဲ့ ရဟန်းတော်ကလေးရဲ့။

ဤအတူ ယခု ငါ့ရှင်မှာ သိမ်အတွင်း၌ ပဉ္စင်းခံ၍ဖြင့်ပြီးပေါ့၊ နောင်ကြီးရန်ခက်သေးသည်ဟု မိန့်တော်မူသောအခါ လာလာသမျှ ရဟန်းပရိသတ်တို့သည် သောမနဿ ဖြစ်ပွား၍ များစွာနှစ်သက်ကြလေကုန်သတည်း။

---

## ၅–ကမ္မဝါဖတ်ခြင်းနှင့် စပ်လျဉ်း၍ လျှော့က်ချက်ကို နောင်တစ်သက် ပြင်ဆင်ရန် နှလုံးထား၍ မိန့်ကြားတော်မူခြင်း

ပညာသာမိ ကဝိဓေ မဟာဓမ္မရာဇာဓိ ရာဇဂုရု–တံဆိပ်နာမံတော်ရှိသော မောင်းထောင်ဆရာတော်ဘုရားကြီးသည် သီတင်းနေ့အခါ စာကြည့်တော်မူခိုက် ဒါယကာတစ်ဦးသည် ဖူးမြော်သောအား ရှိညွှတ်တွား၍ လျှောက်ထားသည်မှာ အရှင်ဘုရား–ဥပသမ္ပဒ ပုဂ္ဂိုလ်အဖြစ်သို့ စင်စစ်ရောက်လိုသော သာမဏေအား ဥပဇ္ဈာယ်နှင့်တကွ ကာရကသံဃာတို့သည် သိမ်ထဲသို့သွင်း၍ ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ဌာန်, ကရိုဏ်း ပယတ်–စေ့စပ်လုံခြုံအောင် ရွက်ဆောင်ဖတ်နိုင်မှ ရဟန်းအဖြစ်သို့ရောက်သည်၊ ဌာန်, ကရိုဏ်း, ပယတ်–ပုဒ်ပါဠိ အက္ခရာကို ကောင်းစွာပီသအောင် မဖတ် မရွတ်နိုင်က ရဟန်းမဖြစ်ဟု ကြားဖူးပါသည်။ မြန်မာအမျိုးသားဖြစ်သော ရဟန်းတော်များသည်ပင် အချို့ပုဂ္ဂိုလ်များသည် ဖတ်ကြားခြင်း မပီသသဖြင့် သံသယရှိသည်ကို ဘုရားတပည့်တော်ကိုယ်တိုင် တွေ့ဖူးပါသည်။ ယင်းသို့ အဖတ်အရွတ် နေရာမကျ၍ ရဟန်းမဖြစ်ခဲ့ပါသော် မြန်မာလူမျိုးမှ တစ်ပါးသော တလိုင်းလူမျိုး, ရှမ်းလူမျိုး, သီဟိုဠ်လူမျိုး, အင်္ဂလိပ်လူမျိုးဖြစ်သော ရဟန်းတော်တို့

www.burmeseclassic.com



သည် သိမ်သို့ဝင်၍ မိမိတို့ဘာသာ အားလျော်စွာ ကမ္မဝါဖတ်ရွတ်လျက် ရဟန်းပြုကြပါသည်။ ထိုပုဂ္ဂိုလ်တို့သည် မြန်မာနိုင်ငံသို့ လာရောက်၍ စာပေကျမ်းဂန်များကို သင်ကြားကြပါသည်၊ မြန်မာရဟန်းတော်များသည် ထိုပုဂ္ဂိုလ်များနှင့်အတူ စားခြင်း, သွားခြင်း, ကံဆောင်ခြင်း စသည်ဖြင့် အာမိသသမ္ဘောဂ, ဓမ္မသမ္ဘောဂ–အမှုကို ပြုကြပါသည်။ အကယ်၍ ရှမ်း, တလိုင်း, သီဟိုဠ်, အင်္ဂလိပ်စသော ပုဂ္ဂိုလ်တို့သည် ရဟန်းမဖြစ်ခဲ့ကြပါလျှင် မြန်မာရဟန်းတော်များ၌ အာပတ်သင့်ရန်ရှိပါသည်။ ဤသို့ ဒွိဟသံသယမကင်းရှိသည်ကို တပည့်တော်အား သနားသဖြင့် ဖြေကြားညွှန်ပြတော်မူပါဘုရားဟု လျှောက်ထား၏။

ဤသို့ လျှောက်ထားသည်ကို ဆရာတော်ဘုရား သဘောတော်၌ နှစ်မြို့က်တော်မမူ၊ ဤသူကား–ရဟန်းတော်များ၏ အရေးကို အလေးတမူပြု၍ လူမှုနှင့်မဆိုင်သော စကားကို လျှောက်ထားသည်ဟု နှလုံးသွင်းပြီးလျှင် အသင်ဒါယကာ–အာပတ်သင့်သော, မသင့်သော၊ ရဟန်းဖြစ်သော, မဖြစ်သော သဘောတွေ့အောင်တောင်တောင်မြောက်မြောက် မေးဖွယ်မရှိ မိမိစိတ်သဘော၌ ကြည်ညိုသော သဒ္ဓါတရားရှိက–လှူ၊ မကြည်ညိုက မလှူနှင့်။ သယမ္ဘုမြွက်ဟ ဩဝါဒကား–

"ယတ္ထ စိတ္တံ ပသီဒတိ၊ တတ္ထ ဒါတဗ္ဗံ။"

ယတ္ထ၊ အကြင်ပုဂ္ဂိုလ်၌။ စိတ္တံ၊ စိတ်သည်။ ပသီဒတိ၊ ကြည်ညို၏။ တတ္ထ၊ ထိုပုဂ္ဂိုလ်၌၊ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။

ဤမျှသာရှိသည်။ မိမိနှင့် ဆိုင်သည်ကိုသာ လျှောက်ထားရာသည်။ ဒါယကာ–မြစ်တွင်ရှိသော ရေကို မြစ်ရေ, ကန်၌ရှိသောရေကို ကန်ရေ, တွင်း၌ရှိသောရေကို တွင်းရေ–စသည်ဖြင့် ခေါ်ဝေါ်ဘိသကဲ့သို့ လည်းကောင်း၊ မန္တလေး၌ ဖြစ်သော အထည်ကို မန္တလေးထည်, ဘိလပ်၌ဖြစ်သော အထည်ကို ဘိလပ်ထည်, ထားဝယ်၌ဖြစ်သော အထည်ကို ထားဝယ်ထည် ခေါ်ဝေါ်သကဲ့သို့လည်းကောင်း၊ သီဟိုဠ်၌ဖြစ်သော ဘုန်းကြီးကို သီဟိုဠ်ဘုန်းကြီး, ရှမ်းပြည်၌ဖြစ်သော ဘုန်းကြီးကို ရှမ်းဘုန်းကြီး, တလိုင်းပြည်၌ဖြစ်သော ဘုန်းကြီးကို တလိုင်းဘုန်းကြီးဟူ၍ပင် မှတ်ထင်ကြည်ညိုလေ။ အထွေထွေမလျှောက်ထားနှင့် ရပ်တန်းကရပ် ပရိက္ခာရာတန်းကူးက အရှုံးဖြစ်မည်ဟု မိန့်တော်မူလျှင် လျှောက်ထားသူ ဒါယကာသည် လျှင်မြန်စွာနေရာမှ ဝပ်ချထသွားလေသတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၆–ရဟန်းနှစ်ပါးတို့ ခိုက်ရန်ဒေါသ ဖြစ်ပွားကြသည်ကို သြဝါဒစကားဖြင့် ဟောကြားတော်မူခြင်း

ပညာသာမိ ကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု–တံဆိပ်နာမံတော်ရှိသော မောင်းထောင်ဆရာတော်ဘုရားကြီးသည် မန္တလေးမြို့ အရှေ့ပြင် မင်္ဂလာရာမ မည်သော မောင်းထောင်တိုက်တွင် ခိုဝင်တန့်စား သင်ကြားနည်းခံလာသော စာသင်သား ရဟန်း တပည့်တပန်းတို့အား ကျမ်းဂန်စမ္မ ပို့ချသင်ကြား အားထုတ် ဆောင်ရွက်တော်မူစဉ်အခါ ရဟန်းငယ်နှစ်ပါးတို့သည် ခိုက်ပွားဒေါသ ရန်ဖြစ်ကြ၍ တစ်ဦးက တစ်ဦးကို လွန်ကျူးစကား ဆိုကြားမောင်းမဲ အခဲမကျေရှိကြလေသော် ဆရာတော်ဘုရားထံသို့ ရောက်ကြသတည်း။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားဆုံးမတော်မူသည်မှာ ငါ့ရှင်တို့၊ သင်တို့အား မြတ်စွာဘုရား သာသနာတော်ထမ်းသော ရဟန်းချည်းဖြစ်ကြသည်။ ရဟန်း ဖြစ်ကလည်း သကျပုတ္တ ဘုရားသားချင်း ညီအစ်ကို ဖြစ်ကြသည်။ ယင်းသို့ဖြစ် ပါလျက် ချစ်ခင်ကြည်ညိုခြင်းမရှိ၊ မိမိတို့ ဒေါသအလိုက် ရန်ခိုက်ဖြစ်ပွား အချင်း များကြသည်မှာ သာသနာတော်ထမ်း ရဟန်းတို့ အမူအရာမဟုတ်။ မျက်ကြုတ် ဒေါသ အာဃာတမထားကြနှင့် မူလဖြစ်စ ပထမက အနည်းငယ် မကြီးကျယ် သော်လည်း နင်, သယ်, အို, ဟယ်–စသဖြင့် နှုတ်ကမြွက်ဆိုခြင်း၊ ယင်းသို့ ဆိုခြင်းကို အရင်းမူလျက် ခြေလက်ဆန့်တန်း၍ ကြမ်းတမ်းစွာ ဖြစ်လာခြင်း၊ ခြေလက် ဆန့်တန်းရုံမက ဓား, လှံ, လက်နက်ကို ရိက်နက်ရန် ကိုင်တွယ်ခြင်း၊ ယင်းသို့စသည်ဖြင့် ပထမဖြစ်သော ဒေါသကို အစဉ်လျှောက်၍ နောက်နောက်သော ဒေါသဖြစ်ပွားရလေသည်။ "အမှိုက်ကစ ပြာသာဒ်ကို မီးလောင်သည်"ဆိုဘိသကဲ့သို့ ဘာမျှမဟုတ်သောအတွက်နှင့် အမျက်ကို မဖြစ်ကြစေရာ။

ထို့ကြောင့် သိကြားမင်းအား ဘုရားလောင်း ကဏှရသေ့ ဤသို့ဟောတော်မူ သည်။ သုဇမ္ပတိ၊ သိကြားမင်း။ အခန္တိဇော၊ သည်းမခံခြင်းကြောင့်ဖြစ်သော။ ကောဓော၊ ထိုရှေးဦးစွာ ထွက်သော အမျက်သည်။ အပ္ပေါ၊ မူလပထမက အနည်းငယ်သာ။ ဟုတွာ၊ ဖြစ်၍။ ဗဟူ၊ နောင်ကြာမြင့်က ကြီးရင့်ပွားများတတ် သည်။ ဟောတိ၊ ဖြစ်၏။ ဝဓုကော၊ ဥဒ္ဒုမာယိက မည်သောသားကဲ့သို့ တိုးပွား တတ်သည်။ ဟောတိ၊ ဖြစ်၏။ ဗဟုပါယာသော၊ များစွာ ပင်ပန်းကြောင်း ကောဓ သည်။ အာဃာတံ၊ ရန်ငြိုးတရားပွားသောအားဖြင့်။ ကပ်ငြိခြင်းကို။ ကရောတိ၊

www.burmeseclassic.com



ပြု၏။ တသ္မာ၊ ထို့ကြောင့်။ ကောစံ၊ ရှေးဦးစွာ အမျက်ထွက်ခြင်း ကောဓကို။ န ရောစတေ၊ ငါ မနှစ်သက်သတည်း။ ဒုဋ္ဌသာ၊ အမျက်ထွက်သောသူအား။ ဖရုသဝါစာ၊ နင်, သယ်, အိ, ဟယ်–စသည်ဖြင့် ကြမ်းတမ်းသောစကားကို။ နိစ္ဆာရေတိ၊ မြွက်ဆို၏။ အနန္တ ရံ၊ ထို့နောင် အခြားမဲ့၌။ ပရာမသော၊ လက်ခြေကို ဆန့်တန်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထိုနောင်မှ။ ပါဏိ၊ လက်ဖြင့် ဆွဲရမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထိုနောင်မှ။ ဒဏ္ဍော၊ တုတ်, လှံတံကို ကိုင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထိုနောင်မှ။ သတ္ထသာ၊ ဓား လက်နက်ကို။ ပရာမသတိ၊ သုံးသတ်ကိုင်တွယ်၏။ ဒေါသော၊ နောက်ဖြစ်သော အမျက်ဒေါသသည်။ ကောဓသမုဋ္ဌာနော၊ ရှေးဦးစွာဖြစ်လာသော ကောဓလျှင် အကြောင်းရင်းရှိ၏။ တသ္မာ၊ ထို့ကြောင့်။ ဒေါသံ၊ နောက် အမျက်ထွက်ခြင်းကို။ န ရောစတေ၊ ငါ မနှစ်သက်သည်သာတည်း။

ဤသို့လျှင် မြတ်စွာဘုရား ဟောကြားဆုံးမတော်မူအပ်သော သြဝါဒါနုသာသန စကားကို ထောက်ထား၍ တစ်ပါးသည် တစ်ပါးအား အမျက်ဒေါသ အာဃာတ– တရား ခိုက်ရန်ဖြစ်ပွား ရန်ငြိုးမထားမူ၍ တရားကိုသာ အားထုတ်နေထိုင်ကြရမည် ဟူ၍ ဆုံးမသြဝါဒ ပေးတော်မူသောအခါ ရန်ဖြစ်လာသော ရဟန်းနှစ်ဦးတို့သည် အထူးသဖြင့် ဒေါသကို ရုပ်သိမ်း၍ ပြေငြိမ်းကြလေကုန်သတည်း။

ဤမျှလောက်သော စကားအစဉ်တို့ဖြင့် ဥပမာသမူဟဂီရက္ကမကျမ်း၌ မောင်းထောင်ဆရာတော်ဘုရားကြီး၏ ဥပမာတို့ကို ပြဆိုရာ ပြဆိုကြောင်း ဖြစ်သော အပိုင်းအခန်းကား ဤတွင် ပြီးဆုံးခြင်းသို့ရောက်၏။

**မောင်းထောင်စကားပုံများ ပြီး၏။**

www.burmeseclassic.com

www.burmeseclassic.com

# ၇-သစ်ဆိမ့်ဆရာတော်ဘုရားကြီး၏ စကားပုံ

ပညာသိဟ သာသနဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဟူသော တံဆိပ်နာမံ အလျှုတော် အပူဇော်ခံရသော သစ်ဆိမ့်ဆရာတော်ဘုရားကြီးကား ပိဋကတ်သုံးပုံ အလုံးစုံသော ပါဠိ, အဋ္ဌကထာ, ဋီကာ-စသော ကျမ်းအရပ်ရပ်တို့၌ နှံ့စပ်ကျွမ်းကျင် သိမြင်လိမ္မာတော်မူ၏။ ပိဋကတ်ကျမ်းဂန် ဂန္ထန္တရ, လောကဓမ္မ, ရာဇတန္တိ ပဝေဏီကျမ်းအပေါင်းတို့ကို ကောင်းစွာ တတ်မြောက်တော်မူ၏-ဟူသော ကျေးဇူးသတင်း ကျော်စောခြင်းဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ ပေါရာဏကထာ ဋီကာ-စသော များစွာသော ကျမ်းအပေါင်းတို့ကိုလည်း ကောင်းစွာ ရေးသားစီရင်တော်မူ၏။

ဤကား သစ်ဆိမ့်ဆရာတော်ဘုရားကြီး၏ ဂုဏ်ထူးဝိသေသ
အတိသင်္ခေပဖြစ်သော စကားတည်း။

---

## ၁-သဒ္ဒါ, အဘိဓာန် ထူးခြားဟန်ကို "သာခံ ဩလောကေတိ" ဟူသော ပါဠိဖြင့် သိစေရန် ဖြေဆိုတော်မူခြင်း

အခါတစ်ပါး မန္တလေး ရတနာပုံမြို့တည်နန်းတည် ပဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် ပညာသိဟ သာသနာဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု-ဟူသော တံဆိပ်နာမံ အလျှုတော် အပူဇော်ခံရသော မန္တလေးမြို့ မြောက်ပြင် ခေမိကာရာမတိုက် သစ်ဆိမ့်ဆရာတော်ဘုရားကြီးကို ပင့်၍ သင့်တင့်လျောက်ပတ် ကောင်းမြတ်ဖွယ်ရာသော ဘောဇဉ် ဆွမ်းတို့ကို လှူဒါန်းကပ်ဆက်ပြီးသောအခါ ဤသို့ လျှောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဘုရား သဒ္ဒါကျမ်းကို တတ်သောသူနှင့် အဘိဓာန်ကျမ်းကို တတ်သောသူ နှစ်ဦးတို့သည် အထူးအားဖြင့် ဘယ်သူကသာပါသနည်းဟု လျှောက်ထားလျှင် သစ်ဆိမ့်ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ ဒကာတော် ကေရာဇ်မင်းမြတ် ဆရာတော် ဉပမာတစ်ခု ပြောမည် သဘောစိုက်တော်မူလော။

ရှေးသရောအခါ ကျောင်းတစ်ကျောင်းတွင် ပျော်ရွှင်နှလုံး သီတင်းသုံးသော ဘုန်းကြီးတစ်ပါး၌ ခစားပြီးကာ ပညာရင်နို့ကို သောက်စို့မှီဝဲ သပဟဲနိသ်ရည်း ပြု၍ နေထိုင်ကြသော သာမဏေနှစ်ပါးတို့တွင် တစ်ပါးသည် သဒ္ဒါကြီး ကစ္စည်း ကျမ်း၌ ဆုံးခန်းတိုင်ရောက် တတ်မြောက်လိမ္မာ၏။ တစ်ပါးသည် အဘိဓာန်ကျမ်း ကို ဆောင်စွမ်းရမိလျက် အနက်ပေးရန် လျင်မြန်သော ဉာဏ်စွမ်းရှိ၏။ တစ်နေ့ သ၌ ဆရာဘုန်းတော်ကြီးသည် ထိုသာမဏေနှစ်ပါးကိုခေါ်၍ တောလည်သွားကြရာ မိန်းမတစ်ယောက်သည် ချုံအောက်၌ထိုင်၍ “အင်္ဂဇာတာ ဒဿန”အမှု ပြု၍နေ သည်ကို မထေရ်ဆရာကြီး မြင်သဖြင့် ကိုရင်သာမဏေတို့၏ ဉာဏ်ရေးကို စမ်းအံ့ ဟု နှလုံးသွင်းလျက် တောတွင်းမှ ကျောင်းသို့ ပြန်လေသတည်း။

ကျောင်းသို့ ရောက်သောအခါ ဆရာမထေရ်ကြီးသည် အနီးသို့ သာမဏေ တို့ကို ခေါ်ထား၍ စကားဆိုသတတ်။

အိုသာမဏေတို့ တောလည်ရာ၌ ဆရာကြံသည် “သာခံ ဩလောကေတိ” ဤပါဠိအနက်ကို အကွက်ကျမထင် ငါမမြင်သောကြောင့် အလျင်အနက်သမ္မန် ကြစမ်းလော့ဟု သဘောကိုသိရအောင် ကြံဆောင်၍ မေးလေသတည်း။

ထိုအခါ အဘိဓာန်ကျမ်းကို ဆောင်စွမ်းရမိသူ သာမဏေကလေးက အနက် ပေးသည်မှာ **“သာ၊ ခွေးသည်၊ ခံ၊ ကောင်းကင်ကို။ ဩလောကေတိ၊ ကြည့်၏”**။ ဤသို့ အနက်ပေးသောအခါ ဆရာဘုန်းတော်ကြီးက သင်ပေးနည်းအနက်သည် အချက်မသင့်သေးဟုဆိုရာ သဒ္ဒါတတ်သော သာမဏေက တစ်ဖန် အနက်ပေးပြန် သည်မှာ **“သာ ဣတ္ထိ၊ ထိုမိန်းမသည်။ ခံ–အင်္ဂဇာတံ၊ မိမိရုပ်သကာတ် အင်္ဂဇာတ် ကို။ ဩလောကေ တိ–အဝလောကေတိ၊** အောက်သို့ငုံ့၍ ရှု၏”။ ဤသို့ သဒ္ဒါ တတ်သော သာမဏေကလေး အနက်ပေးလျှင် အေး သင့်လျော်ပေစွ... ဟုဆရာ ဘုန်းတော်ကြီးက ဆိုသတဲ့ ဒကာတော်ကေရာဇ်မင်းမြတ်။

ဤအရာကို ထောက်ထားလျှင် အဘိဓာန်ကိုသာ တတ်မြောက်၍ အနက် လောက်ကိုသာ မြင်စွမ်းနိုင်သည်။ သဒ္ဒါကြီး ကစ္စည်းကျမ်းမြတ်မှ ရုပ်ဓာတ်ပစ္စည်း ပုဒ်ဗျည်းအကွန်ရာ မသိပါက နေရာတကျ မဖြစ်နိုင်သည်ကို သိရာသည်၊ သို့ပော်

www.burmeseclassic.com

www.burmeseclassic.com



လည်း သဒ္ဒါကိုသာတတ်၍ အဘိဓာန်ကျမ်းကို ဆောင်စွမ်းလေ့လာခြင်းအမှုကို မပြုပါကလည်း အတ္ထယောဇနာ အနက်၏အရာ၌ ကောင်းစွာလိမ္မာနိုင်မည် မဟုတ်၊ သို့ဖြစ်၍ ယထာရဟာ အရာဌာနအားလျော်စွာ သိမြင်ရာသော သဘောဖြစ်၍ သဒ္ဒါ, အဘိဓာန် နှစ်တန် နှစ်မျိုးလုံးပင် သိမ်းကျုံး၍တတ်မှ သင့်မြတ်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ရှေးသူဟောင်းတို့သည် **"သဒ္ဒါမသန်–မောဂ္ဂလာန်၊ ဝိဂြိုဟ်မသန် ဂဠုန်ပျံ၊ အနက်မသန်–အဘိဓာန်"**ဟူ၍ ဆိုစမှတ်ပြုကြကုန်သည်။

သည်မှတစ်ပါး သဒ္ဒါတတ်မှ စာတတ်မြောက်ကြောင်းကို ရှေးသူဟောင်းတို့သည်၊ **"သဒ္ဒတ်မတာ– စတ်မတာ၊ သဒ္ဒတ်တာမှ–စတ်တာသည်"** စတ်တာတော့ စောပါရော့၊ စောပါတော့–စာပေါရော့၊ စာပေါတော့–အပြာသောရော့၊ အပြာသောတော့ အပြောသာရော့ဟု ဆိုကြကြောင်းကို အမိန့်ရှိသောအခါ မင်းတရားကြီးနှင့်တကွ များစွာသော မှူးမတ်အပေါင်းတို့သည် သောင်းသောင်းအုတ်အာ့ ထောမနာ၍ အလွန်တရာ သဘောကျကုန်သတည်း။

---

## ၂–"မယားဖြစ်မှု အပြစ်ယူ ရန်သူမှတ်အပ်သည်"ဟူသောစကားကို ထင်ရှားအောင် မိန့်တော်မူခြင်း

အခါတစ်ပါး မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် မန္တလေးမြို့ မြောက်ပြင်–ခေမိကာရာမတိုက်၌ သီတင်းသုံးတော်မူသော ပညာသီဟ သာသနဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု–တံဆိပ်နာမံတော်ရှိသော သစ်ဆိမ့်ဆရာတော်ဘုရားကြီးကို ရွှေနန်းတော်သို့ပင့်၍ သင့်တင့်လျောက်ပတ် ကောင်းမြတ်ဖွယ်ရာသော ဘောဇဉ်ဆွမ်းတို့ဖြင့် လှူဒါန်းဆက်ကပ်ပြီးသောအခါ လျှောက်သည်မှာကား… ရှင်ဘုရား–ယခုလောက၌ သားမယားဟူသည် ရန်သူမည်၏ဟု ဆိုစမှတ်ပြုကြသည်။ အဘယ်ကဲ့သို့ အပြစ်ယူ၍ ရန်သူ ထင်မှတ်ရပါအံ့နည်းဟု လျှောက်၏။

ထိုအခါ သစ်ဆိမ့်ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ ဒကာတော် ဧကရာဇ်မင်းမြတ် ပုံတစ်ခုပြောမည် သဘောစိုက်၍ နာဦးလော့။

ရှေးသောအခါ ဇရာရင့်ပြီး သေခါနီးသော အဘိုးကြီးနှင့် အမယ်ကြီး လင်မယားတို့သည် သားသမီးနှင့်တကွ လုပ်သီးဆောင်တာ လယ်ယာစပါး သခွားဖရဲ ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပဲလှူးဆပ် ကွက်မလပ်အောင် စိုက်ပျိုးလျက် ပေါင်းထိုးသုတ်သင်၍ နေကြသောအခါ ဗာရာဏသီပြည့်ရှင် ဘုရင်မင်းတရားသည် တောကစားအံ့သောငှာ မပါအဖော် မခေါ်ကျွန်ကျေး တစ်ကိုယ်ရေဖြင့် လှည့်လည်ရာ တောမှာလုပ်ကိုင်၍နေကြသော အဘိုးကြီး အမယ်ကြီးတို့၏ ချွေးစီးယိုကျ ဒုက္ခဖြစ်ပုံ အလုံးစုံကိုမြင်၍ ဘုရင်မင်းကြီးက မေးသည်မှာ အဘိုးကြီး အမယ်ကြီးတို့ သေခါနီးလှပေါ့ လုပ်သီးဆောင်တာ များစွာတန်တန် အပင်ပန်းခံကြသည်မှာ ဥစ္စာလိုလား လောဘကို ရှေ့ထား၍ ကြိုးစားကြသည် မဟုတ်ပါလောဟု မေးတော်မူသတဲ့။

ထိုအခါ အဘိုးကြီးကပြောသည်မှာ အမောင်–ဘကြီးတို့မှာ ကုန်စရာများသောကြောင့် ကြိုးစားရပါသည်ဟုဆိုလျှင် ပြည့်ရှင်မင်းကြီးက ဘကြီး–အဘယ်အတွက်ကြောင့် ကုန်စရာများသနည်းဟု ထပ်၍တစ်ဖန် မေးပြန်သောအခါ ပြောသည်မှာကား… အမောင် ဘကြီးတို့မှာ "ခိုးမှုကြီးကိုလည်း ပေးရပါသည်၊ အာဂန္တုဧည့်သည်ကိုလည်း ရက်ရှည်များစွာ ကျွေးရပါသည်၊ ကျယ်ဝန်းလှစွာ သမုဒ္ဒရာသို့လည်း ပစ်ရပါသည်၊ အမြဲအတူ ကိုယ့်ရန်သူကိုလည်း ကြည်ဖြူစွာ လုပ်ကျွေး၍ မွေးရပါသည်ဟု ပြောလျှင် ဘုရင်မင်းတရားက ဤစကားလေးခွန်းသည် ထူးထွေဆန်းကြယ်သောစကားဖြစ်သည်။ စင်စစ် ထင်ရှားအောင် အဘိုးကြီးအား မေးမည်ဟု ဘကြီး–ယခုပြောကြားသော စကားလေးခွန်း၏ အဓိပ္ပာယ်ကို အကျယ်သိသာအောင် ပြောပါဦးလောဟု တိုက်တွန်း၏။

ထိုအခါ အဘိုးကြီးက ပြောသည်မှာကား… အမောင် ဘကြီးပြောကြားသော စကားလေးမျိုးတွင် ခိုးမှုကြီးကို ပေးရသည်ဆိုသော စကားမှာ ဓားပြခိုးသူ လူဆိုးမှုဒိန်း ကင်းငြိမ်းချမ်းသာရန် စီမံစောင့်ရှောက်သော တိုင်းပြည်၏အရှင် ဘုရင်မင်းမြတ်တို့အား ခွန်သွင်းဆက်သရသည်ကို ရည်၍ဆိုပါသည်။

ဧည့်သည်ကို ကျွေးရသည်ဆိုသည်မှာ မိမိက မွေးဖွားသော သားသမီးတို့သည် မကြီးခင်ကာလ အိမ်ထောင်မကျခင်စပ်ကြား၌ မိဘများကို မှီတွယ်လျက် အရွယ်ရောက်က ဆင်းသွားကြသဖြင့် ခဏမျှ လာရောက်သော ဧည့်သည်ကို ကျွေးမွေးရသည်နှင့် တူသောကြောင့် သားသမီးကိုရည်၍ ဧည့်သည်ကို ကျွေးရသည် ဆိုပါသည်။

သမုဒ္ဒရာသို့ ပစ်ရသည်ဆိုသည်မှာ… သမုဒ္ဒရာ ဝမ်းတစ်ထွာဟု ဆိုသော စကားကြောင့် မိမိဝမ်းကို ရည်၍ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူကို ကျွေးရသည်ဆိုသည်မှာ... မိမိနှင့် ပေါင်းသင်းနေထိုင်သူ မယားသည် အပါယ်လေးပါးသို့ ကျရောက်ခြင်း၏အကြောင်း မကောင်းသော တောဘူမက ဒုက္ခကို တွေ့ရသဖြင့် မုချလောင်ပူ ရန်သူနှင့်တူသောကြောင့် ရန်သူကို ကျွေးရသည်ဟု ပြန်ကြားရှင်းပြသည်။

## သူတစ်ပါးကို ပြောလျှင်သေဒဏ်

ဘုရင်ပြည့်ရှင်မင်းသည် ဝမ်းတွင်းကြည်နူး အထူးနှစ်သက်သဖြင့် အချက်ပေးသည်မှာ... ဘကြီး–သင် ယခု ပြောသောစကားကို မည်သူ့အားမျှ ပြောကြားဖြေဆိုခြင်းကို မပြုပါလင့်။ ကျွန်ုပ်သည်ကား အခြားမဟုတ် ဗာရာဏသီပြည်ကို ထီးစည်နှင့်တကွ အစိုးရသော ပြည့်ရှင်မင်းကြီး ဖြစ်ပါသည်။ ငါ၏အမိန့်တော်ကို မနာမယူ အခြားသူ တစ်စုံတစ်ယောက်အား ပြောကြားခဲ့လျှင် အသက်ဆုံးစီရင်မည်ဟု အမိန့်တော်မှတ်လျက် နန်းရပ်သို့ ပြန်လေ၏။

နန်းတော်သို့ ရောက်သောအခါ များစွာသော ညီလာခံသဘင် စုံလင်သောကာလ အမိန့်တော်ရှိသည်ကား အသင်မှူးမတ်တို့အား ပြဿနာမေးမည် တွေးတောဆင်ခြင်၍ နာကုန်လော၊ သတ္တဝါအမျိုးမျိုးတို့မှာ–

## ပြဿနာလေးရပ်

၁။ ခိုးသူကိုလည်း ကျွေးရသည်။

၂။ ချေးသည်ကိုလည်း ကျွေးရသည်။

၃။ သမုဒ္ဒရာသို့လည်း ပစ်ရသည်၊

၄။ ရန်သူကိုလည်း ကျွေးရသည်။

ဤလေးပါးသော ပြဿနာအထွက်ကို ခုနစ်ရက်အတွင်း ပြေလည်အောင် ဖြေဆိုကြရမည်။ မဖြေဆိုနိုင်သူကို ရာဇဝတ် မင်းပြစ်မင်းဒဏ်နှင့်တကွ ရာထူးမှ နုတ်မည်ဟု အမိန့်တော်မှတ်ကြောင်း မိန့်ကြားလေ၏။

မှူးမတ်တို့ဝန်ခံ၍ အိမ်သို့ပြန်လာကြပြီးလျှင် ဆင်ခြင်စဉ်းစားသည်မှာ အသပြာတစ်ထောင်ပေး၍ အမေးပုစ္ဆာပြဿနာကို လိုက်ရှာစုံစမ်းအံ့ဟု ကြံစည်ပြီးကာ အသပြာတစ်ထောင်ထုပ်၍ လှည့်လည်ရှာဖွေလျှင် ယခင်ယာလုပ်သူ အဘိုးကြီး၏ နေအိမ်သို့ရောက်၍ ဖြစ်သလောက် အကြောင်းအရာနှင့်တကွ ပြဿနာကို ဖြေဆို

www.burmeseclassic.com

www.burmeseclassic.com



နိုင်သူ အသပြာထောင်ထုပ်ကို ရုတ်တရက်ယူလော့ဟုဆိုလျှင် ယခင် အဘိုးကြီး၏ မယား အမယ်အိုက ထိုငွေအသပြာကို လိုချင်ရာသည်နှင့် ပြဿနာ၏ အဓိပ္ပာယ်ကို အကျယ်ပြောပြ၍ သဘောကျလျှင် အမတ်ကြီးသည် ပြန်လေ၏။

ခုနစ်ရက်လည်သောအခါ ပြဿနာယူနည်းကို မင်းကြီးသိရှိသောအတိုင်း မဆိုင်းမတွ ဖြေဆိုကြလျှင် ဘုရင်ကြီးက သင် အမတ်ကြီးတို့သည် ဖြေနည်းကို အဘယ်မှရသနည်းဟု မေးတော်မူသောအခါ တောင်ယာလုပ်သူ အဘိုးကြီး၏ထံမှ အမှန်ကို ရခဲ့ပါကြောင်းနှင့် တင်၍ အလျှင်နန်းတော်မှ ပြန်သွားကုန်သတည်း။

ထိုနောက် ပြည့်ရှင်မင်းမြတ်သည် တောရပ်က အဘိုးကြီးနှင့် အမယ်ကြီးကို ခေါ်၍ ရှေ့တော်၌ မေးသည်ကား... အသင်အဘိုးကြီးသည် နည်းကောင်း ပုစ္ဆာ ပြဿနာ ကျလာ၍ မေးငြားသော်လည်း အဘယ်သူအားမျှ မပြောကြားလင့် မှာ သည်ကို မနာယူ မငဲ့ကွက် အဘယ်အတွက်ကြောင့် သင် ပြောသနည်းဟု မေးတော် မူသောအခါ အဘိုးကြီးက ဘုရားကျွန်တော် မပြောမကြားပါ။ မယားဖြစ်သူ အမယ်ကြီးသည် ဤနည်းကို ပြောလိုက်ပါကြောင်းနှင့်တင်ရာ မိမိက ရှာကြံ၍ ကျွေးရသော မယားကိုမျှ မနိုင်ဘဲရှိသလောဟုဆိုလျှင် အရှင်၏ ပြဿနာလေးပါးတွင် မယားဟူသည် ရန်သူမည်ထိုက်ကြောင်းကို... ရှေးတင်ဟောင်းစကား ရှိပါသည် ဘုရားဟု လျှောက်မှ နောက်နောက်က အကြောင်းများကို စဉ်းစားပြီးလျှင် အဘိုး ကြီး–ဟုတ်မှန်ပေသည်။ ငါ့ရန်သူ–ငါမသိ ရှိချေသည်ဟုဆို၍ ထိုအဘိုးကြီးကို ပြန်၍လွှတ်ရသတဲ့ သာသနာ့ဒါယကာ မဟာဧကရာဇ်မင်းမြတ်။

ဤအတူ ယခု ဧကရာဇ်မင်းမြတ်မှာလည်း မိမိ၏ရန်သူကို မိမိမသိ မရှိစေရာ များစွာသော မိဖုရား မောင်းမမိသံ့ အခြွေအရံတို့သည် အမှန်စင်စစ်အားဖြင့် ဘုံသုံးပါးဟူသော သံသရာဝဲသို့ ငင်ဆွဲပစ်ချတတ်သောကြောင့် ဧကန္တ ရန်သူဟူ၍ မှတ်ယူရာသည်–သာသနာ့ဒါယကာ မဟာဧကရာဇ်မင်းမြတ်။ ဤကဲ့သို့ ဆရာတော် ဘုရားက မိန့်ကြားတော်မူသောအခါ မင်းတရားကြီးသည် များစွာနှစ်သက်တော် မူလေသတည်း။

---

www.burmeseclassic.com

www.burmeseclassic.com



## ၃-မကောင်းမှုပြုသောအခါ ဆိတ်ကွယ်ရာ ရှိ-မရှိဟူသော မင်းတရားကြီး၏ အမေးကို မနေ့းလွယ်ကူ ဖြေဆိုတော်မူခြင်း

အခါတစ်ပါး မန္တလေး ရတနာပုံမြို့တည်နန်းတည် ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် မန္တလေးမြို့ မြောက်ပြင် ခေမိကာရာမတိုက်၌ နှစ်မြိုက်မွေ့လျော် သီတင်းသုံးတော်မူသော ပညာသီဟ သာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်နာမံတော်ရှိသော သစ်ဆိမ့်ဆရာတော်ဘုရားကြီးကို ရွှေနန်းတော်သို့ ပင့်၍ သင့်တင့်မွန်မြတ် လျောက်ပတ်တင့်တယ် ဖွယ်ရာသော ဘောဇဉ်ဆွမ်းတို့ဖြင့် လှူဒါန်း ဆက်ကပ်ပြီးသောအခါ လျှောက်သည်မှာကား… အရှင်ဘုရား အကုသလ ပါပကမ္မအစု မကောင်းမှုကို ပြုကြသောသူတို့အား သူတစ်ပါးမမြင်သာသော ဆိတ်ကွယ်ရာအရပ်ဟူ၍ ရှိပါသေးသလောဟု စောကြောလျှောက်ထား၏။

ထိုအခါ သစ်ဆိမ့်ဆရာတော်ဘုရားက ဖြေကြားတော်မူသည်မှာ… သာသနာ့ဒါယကာ မဟာဧကရာဇ်မင်းမြတ်-ယခု လောက၌ ပါပကမ္မအစု မကောင်းမှုကို ပြုကြသူတို့အား သူတစ်ပါးမမြင်သာသော ဆိတ်ကွယ်ရာအရပ်ဟူ၍ မရှိသည်ကို ဤသို့သိအပ်၏။

## မိတ်ဆွေကို သတ်သူ

ရှေးသောအခါ ရွာတစ်ရွာမှာ သဟာယ အပေါင်းအသင်း သူငယ်ချင်းဖြစ်သူ နှစ်ဦးလူတို့သည် အထူးသဖြင့် ယုံကြည်အားကိုးလျက် ပွားတိုးရန်ဥစ္စာအလို့ငှာ မိမိတို့ရွာမှ ထွက်သွား၍ အခြားမြို့ရွာ၌ ဥစ္စာပစ္စည်းကို ဆည်းပူးရှာကြံကြရာ အသပြာအနည်းငယ်စီ ရကြ၍ ဒေသအရပ်သို့ အပြန်တွင် မရောက်ခင် ခရီးအကြား၌ အမောအပန်းများဖြေ၍ နားနေကြသောအခါ ယုတ်မာသော မိတ်ဆွေဖြစ်သူတစ်ယောက်လူသည် အမှုဖောက်ပြားလျက် တစ်ယောက်အားသတ်၍ ပစ္စည်းရပ်ကို ယူပြီးလျှင် အရပ်သို့ ပြန်လေသတည်း။

အရပ်သို့ ရောက်သောအခါ ရပ်ရွာနေရင်းက သူငယ်ချင်း အသတ်ခံရသော လူ သေသူ၏ မယားသည် စကားအကြောင်း အလုံးစုံကို အကုန်မေးလျှင် အရပ်ဝေးတွင် ဖျားနာ၍ သေရာရစ်ကြောင်းနှင့် မကောင်းကြံစည် လိမ်လည်၍ပြောကြားလျှင် မယားသားတို့သည် များစွာငိုယိုလျက် အိမ်သို့ပြန်ကြလေကုန်သတည်း။

ထိုအခါ သတ်ခဲ့သောသူသည် ကြည်ဖြူစွာ သားမယားနှင့် စားသောက်နေထိုင်ကြ၏။ တစ်နေ့သ၌ ညဥ့်အခါ လသာသာတွင် ကြမ်းပြင်သို့ထွက်၍ ပက်လက်

www.burmeseclassic.com



နေရင်းက လမင်းကိုကြည့်လျက် မိမိပြုခဲ့သော မကောင်းမှုကို ပြန်လှန်စဉ်းစား သဖြင့် ရယ်အားတက်၍ အသံထွက်အောင် ရယ်လေသတည်း။

ထိုအခါ မယားက အဘယ်အကြောင်းများကို စဉ်းစား၍ ရယ်သနည်းဟု မေးရာ ရှေးက မိတ်ဆွေကိုသတ်၍ ဥစ္စာရပ်ကို ယူခဲ့သော အကြောင်းအလုံးစုံကို အကုန်ပြန်ကြား၍ မယားအား ပြောဆို၏။ ထို့နောက် ပါပမိတ္တဖြစ်သူ သတ်ခဲ့သော လူသ ၁ံ့ ကြင်သူမယားနှင့် ခိုက်ပွားရန်စစ် အချင်းဖြစ်ကြသောအခါ ပြင်းစွာရိုက် နှက်သဖြင့် မယားက အမျက်ဒေါသထား၍ လမ်းခရီးအကြား မိတ်ဆွေကိုသတ်ခဲ့သော အကြောင်းများကို ရွာကြားအောင်ဟစ်အော် အမှုပေါ်၍ အစိုးရအပြစ်ဒဏ် ကွပ်မျက် ခြင်းကိုခံရသတဲ့ ဒကာတော် ဧကရာဇ်မင်းမြတ်။

ဤကဲ့သို့ ပါပကမ္မအစု မကောင်းမှုကို ပြုကျင့်သောသူတို့အား ဆီးတား ကွယ်ကာ ဆိတ်ကွယ်ရာဟူ၍မရှိ နတ်တို့သိသဖြင့် မိမိ၏ မကောင်းမှုပြုကျင့်သော သဘောကို တောချုံပိတ်ပေါင်း လိုဏ်ခေါင်းဥမင် သစ်ပင်နံရံစသော ဆိတ်ကွယ်ရာ ရှိပါသည်တကားဟု အားကိုးအားထား မပြုမူ၍ မကောင်းမှုမှ ရှောင်ကြဉ်အပ်သည် ကို မှတ်ယူ၍ နှလုံးသွင်းရာ၏ဟု မိန့်တော်မူသတည်း။

---

## ၄–"ယုတ္တိသာရှိ၍–ယုတ္တာမရှိ" ဟူသောစကားဖြင့် လျှောက်ထားသူ ဒါယကာအား မိန့်ကြားဖြေဆိုတော်မူခြင်း

ပညာသီဟ သာသနဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု–တံဆိပ်နာမံ အလှူတော် အပူဇော်ခံရသော မန္တလေးမြို့ မြောက်ပြင် ခေမိကာရာမတိုက် သစ်ဆိမ့်ဆရာတော် ဘုရားကြီးသည် အသိ သိ သော ထေရ, နဝ, မဇ္ဈိမ အများ စာသင်သားတို့ကို ဘုရားဟောပါဠိ, အဋ္ဌကထာ, ဋီကာ–ကျမ်းဂန်များကို သင်ကြားပို့ချတော်မူခြင်း၊ လာလာသမျှ အမေးပုစ္ဆာအရပ်ရပ်တို့ကို ဆုံးဖြတ်ဖြေဆိုတော်မူခြင်း၊ ယင်းသို့စသော သာသနာတော်မြတ်၏ ကြီးပွားရာ ကြီးပွားကြောင်း ကောင်းသော အာရဒ္ဓဝီရိယ လုံ့လအားကြိုး၍ သယ်ပိုးရွက်ဆောင်ခြင်းဖြင့် သီတင်းသုံးတော်မူသောအခါ စာပေ ကျက်မှတ်ခြင်းအမှု၌ ဗဟုသုတအနည်းငယ်မျှရှိသော ဒါယကာတစ်ယောက်သည် သီတင်းနေ့အခါ စာဝါအားလပ်ခိုက် သစ်ဆိမ့်တိုက်သို့သွား၍ ဆရာတော်ဘုရားအား လျှောက်ထားသည်မှာ... အရှင်ဘုရား တပည့်တော်သည် ဥပုသ်စောင့်သွားရာ

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးတစ်ပါး တရားဟောကြား၍နေသည်ကို ကြားနာခဲ့ရသည်မှာ... ဤစကြဝဠာမှတစ်ပါး အခြား စကြဝဠာတို့၌ ဘုရားပွင့်တန်ကောင်းသည်ဟူသော စကားကို ဟောကြားလျက် တွေ့ပါသည်။ သို့ဖြစ်ပါ၍ ဤစကြာဝဠာမှတစ်ပါး အခြားသော စကြဝဠာ၌ ဘုရားပွင့် မပွင့်ကို အသင့်အားဖြင့် မှတ်သားပါရအောင် ထုတ်ဆောင်ဟောကြားတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ... ဒါယကာ ရှေးက အမရပူရမြို့ ကောင်းစားစဉ် ဘိုးတော်မင်းတရား လက်ထက်တော်အခါ ပညာရှင် သတင်း ကျော်စောခြင်းနှင့် 'မောင်မင်း' အမည်ရှိသော ဖိုးသူတော်တစ်ယောက် ရှိသတည်း။ အခါတစ်ပါး ဖိုးသူတော်အား မင်းတရားကြီးက အမတ်ငယ်များကို စေလွှတ်၍ခေါ်သဖြင့် နန်းတော်သို့ရောက်လျှင် ဘုရင်ဘိုးတော်မင်းတရားက ဖိုးသူတော် မောင်မင်း... သင်သည် လောကဓမ္မ ရာဇတတ္တိ ပဝေဏီကျမ်းအရပ်ရပ် တို့၌ နှံ့စပ်ကျွမ်းကျင် သိမြင်လိမ္မာသည်ဟု ငါရွှေနားတော် ကြားသိရသည်။ သင်သည် ပညာရှိ ဖြစ်သည်နှင့်အညီ ဟုတ်မှန်သည်ကိုလည်း မပါစေမူ၍ ငါလည်း ယုံကြည် လေအောင် ကြံဆောင် သံတော်ဦးတင်ရမည်ဟု အမိန့်တော်ရှိသတတ်။

ထိုအခါ ဖိုးသူတော်မောင်မင်းသည် ချက်ချင်း တခဏပွတ္တိဉာဏ်နှင့်ကြံ၍ တင်သည်မှာ... တင်ပါသည်ဘုရား–ဘုန်းတော်ကြောင့် အရှင် ယခု မိန့်တော်မူသော အခင်းကို ရုတ်ချည်းတင်နိုင်ရန် မရှိပါ။ အရှင်၏ အမိန့်တော်နှင့် အခေါ်ရောက်ရှိ သည်နှင့် တပြိုင်နက် ထက်ကြပ်လိုက်ပါလာရာ ထူးဆန်းလှစွာသော ဆင်ခြေရာ ကြီးသည် ဧရာဝတီမြစ်ကြောသို့ ပါမျော၍လာသည်ကို သေချာစွာ တွေ့မြင်ခဲ့ရ ပါသည်ဘုရားဟု လျှောက်တင်သော် ဘိုးတော်မင်းတရားကြီးက မောင်မင်း မြစ် တွင်း၌ ဆင်ခြေရာ မျောပါ၍ လာသည်ကို မြင်ခဲ့ပါသည်ဆိုသည်မှာ ယုတ္တိယုတ္တာ မရှိ ယုံကြည်နိုင်မည့်အရာမဟုတ်ဟု အမိန့်တော်ရှိသောအခါ မှန်ပါသည်ဘုရား နွားချေးခြောက်အပေါ်တွင် ဆင်ခြေရာထင်လျက် ပါပါသည်။ ခြေရာချည်း မျော လာသည် မဟုတ်ပါဘုရားဟု ထပ်၍တင်ပြန်သော် ဘိုးတော်မင်းတရားက ယင်းသို့ ဖြစ်လျှင် ဟုတ်မှန်ယုံကြည်ရန်ရှိ၏ဟု မိန့်တော်မူ၏။

ဖိုးသူတော် မောင်မင်းက တစ်ဖန်တင်ပြန်သည်မှာ ဘုန်းတော်ကြောင့် ယခု နွားချေးခြောက်တွင် ပေါ်ထင်သော ဆင်ခြေရာသည် နွေအခါကာလက ကမ္ဘောဇ တိုင်းသား ရှမ်းကုန်သည်များတို့ ချနားသောအရပ်တွင် နွားမစင်စွန့်ထားသည်ကို တောဆင်များ အစာရှာလာသည်တွင် ခွာနှင့်နင်း၍ ထင်ရခြင်းဖြစ်ဟန် ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းဆင်ခြေရာနှင့် နွားချေးခြောက်သည် ရေနောက်သို့ပါပြီးလျှင် ရောဝတီမြစ်ကြောသို့ ပါမျောလာသည်ဟု ထင်မိပါသည်ဘုရားဟု တင်လျှင် ဘုရင် ဘိုးတော်မင်းတရားကြီးသည် ယုတ္တိယုတ္တာရှိ၍ ဟုတ်မှန်လိမ့်မည်ဟူသော သဘောနှင့် စကားတုံ့မပြောဘဲ ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ ဖိုးသူတော် မောင်မင်းက တဖန်လျှောက်တင်ပြန်သည်မှာ... မှန်ပါဘုန်း ဖော်ကြောင့် ယခု ကျွန်တော်မျိုးတင်သော စကားသည် ယုတ္တိသာရှိ၍ ယုတ္တာမရှိပါ၊ "ဟုတ်လည်း မဟုတ်, ယုံလည်း ယုံကြည်လောက်အောင် တင်ရမည်"ဟူသော အမိန့်တော်ဘေးရန်ကြောင့် ကြံ၍တင်ရပါသည်ဘုရားဟု လျှောက်ထား သံတော်ဦးတင်သတဲ့ ဒကာရဲ့။

ဤအတူ ယခု ဒါယကာလျှောက်သောအရာမှာလည်း ဤစကြဝဠာမှတစ်ပါး အခြားသော စကြဝဠာများ၌ ဘုရားပွင့်သေး၏ဟု ဟောက မျောလာသော ဆင်ခြေရာကဲ့သို့ပင် မှတ်ရမည်ဟု မိန့်တော်မူသောအခါ လျှောက်လာသော ဒါယကာသည် ပြုံးရွှင်စွာ မျက်နှာထားနှင့် စဉ်းစားလျက်ရှိလေသတည်း။

---

## ၅–မယားက လင်အား မထေမဲ့မြင်ပြုခြင်းကို စာအစီပွာယ်ပြောရင်း ရယ်မောဖွယ် မိန့်တော်မူခြင်း

ပညာသီဟ သာသနဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု–တံဆိပ်နာမံတော်ရှိသော သစ်ဆိမ့် ဆရာတော်ဘုရားကြီးသည် ဖြင်ပည်းများစွာ လာလာသမျှ သောတုဇနအပေါင်းတို့အား သုတ်ပါထေယျကို ပို့ချတော်မူခိုက် မိဘာ၌ပြုရသော ဝတ်ငါးပါး, သားသမီး၌ပြုရသော ဝတ်ငါးပါး, ဆရာ၌ပြုရသော ဝတ်ငါးပါး, တပည့်၌ပြုရသော ဝတ်ငါးပါး, လင်၌ပြုရသော ဝတ်ငါးပါး, မယား၌ပြုရသော ဝတ်ငါးပါး–စသောအားဖြင့် ဝတ်တရားတို့ကို အစဉ်အတိုင်း အမိန့်ရှိတော်မူပြီးသော အဆုံး၌ စိတ်နှလုံး ပျင်းရိခြင်းမှ ပျောက်ကင်းကြစေခြင်းငှာ ဤသို့ မိန့်သည်။

ရှေးသောအခါ ရွာတစ်ရွာတွင် လင်နှင့်မယား နေကြငြားသော်... မယားက ဆိုသည်မှာ မောင်မင်း–ငါတို့မှာ ဥစ္စာနည်းပါး မွဲရှားခက်ခဲလှစွာ၏။ ဤကဲ့သို့ အိမ်မှာချည်းနေသော်လည်း အခြေလှမည်မဟုတ်၊ မောင်မင်းသည် အရပ်တစ်ပါးသို့ သွား၍ ဥစ္စာများကို ရှာဖွေဦးလော့ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လင်ယောကျ်ားသည် မယားပြောသည့်အတိုင်း အရပ်တစ်ပါးသို့ ပစ္စည်းရှာ သွားလေသတည်း။ နေရပ်တစ်ပါး အခြားမြို့ရွာသို့ရောက်သောအခါ တစ်စုံတစ်ရာအမှုကို မပြုမလုပ်ရသေးခင် ကိုယ်တွင် ငှက်ဖျားမိသောအားဖြင့် မယားအိမ်သို့ ပြန်သွားရာ အနိုင်နိုင်သာ အိမ်သို့ရောက်သတည်း။ အိမ်သို့ရောက်သော အခါ အဖျားရောဂါတက်သောကြောင့် အိမ်အထွက်ပေါက်ဝတွင် တုံးလုံးလှဲ၍ တစ်ပါတည်းအိပ်ပြီးလျှင် အိမ်တွင်နေသော မယားအားပြောသည်မှာ... ခက်လိုက်တာ ရှင်မ–ခနေဥစ္စာ ရှာဖွေမယ်သွား အဖျားမိ၍ ပြန်ခဲ့ရသည်၊ ပိုက်ဆံလည်းမပါဟု ဆို၏။

## နေနှင့်ဦးပေါ့၊ ငါ့အကွက်ပေါ်မည်

ထိုအခါ မယားက အင်း–သင်တို့အားမှာ ဖျားရတာနှင့် နာရတာနှင့် ဥစ္စာကိုဝေးလို့ မသေတာကံကောင်း တို့လင်သားအကြောင်းတော့ ပြောပဲမပြောချင်ဘူး မောလွန်းလို့ဟု ဆိုပြီးလျှင် အပေါက်ဝတွင် အိပ်သောလင်၏ ခါးကိုကျော်ခွ၍ အတွင်းမှ အပြင်သို့ထွက်၏။ အပြင်မှ ကျော်နင်း၍ အတွင်းသို့ ဝင်၏။ ဤသို့ မရှိမသေ မထေမဲ့မြင် ပြုသောအခါ ဖျားနာသူယောကျ်ားက အံ့သွားခဲ၍ ဝမ်းထဲက ကြိတ်သည်မှာ သည်တစ်ဖန်နေနှင့်အုံး အဆုံးတစ်ရက်တော့ ငါ့အကွက်ပေါ်လိမ့်မည်ဟု နှလုံးသွင်း၍ နေလေသတည်း။

လင်ယောကျ်ားသည် အဖျားပျောက်သောအခါ မကြာခင် ထွက်သွား၍ ဥစ္စာများကိုရှာလျှင် သုံးရာကျော်, လေးရာခန့်လောက်ရသတည်း။ ထိုအခါ ယောကျ်ားသည် မယား၏အကဲကို စမ်းမည်ဟု လမ်းခရီးကပင် ငွေလေးရာလောက်ကို ဝါးကျည်တောက်တွင် သွင်းထားလျက် ဖျားနာသောအသွင်ဖြင့် ယခင်ကကဲ့သို့ အိမ်ပေါက်သို့ တက်ပြီးလျှင် ပက်လက်အိပ်လျက် ညည်းညူ၍ ဖျားယောင်ပြု၏။

ထိုအခါ အိမ်နေ မယားသည် ဖျား၍ပြန်လာသည်။ ဥစ္စာလည်း ပါမည်မဟုတ်ဟု မျက်ကြုတ်ကဲမိုး စိတ်ဆိုးဆိုးနှင့် ထမင်းအိုး တည်မင်ပြုရာ ဆိုက်စရာ ထင်းမရှိသောကြောင့် ဖြစ်ရလေသည့်အကြောင်း လင်မကောင်းတော့ ထင်းတစ်ချောင်းမျှ မရှိဟု ပြောဆို၍ မီးဖိုသို့ဝင်သွားရာ ယောကျ်ား၏ကျောကို ဖြတ်ကျော်၍ဝင်လေ၏။

ထိုအခါ ယောကျ်ားသည် တံခါးပေါက်က နေလျက် ငွေပါသော ဝါးကျည်တောက်ကို မယားထံသို့ ပစ်ပေး၍ ဤဝါးကလေးကို ထင်းဆိုက်ဟုဆို၏။

ထိုအခါ မယားဖြစ်သူက လူချင်းမတူမ–သား ဤဝါးနှင့် ထမင်းချက်ရမတဲ့ အရှက်မရှိတိုင်း ပြောသည်ဟု သဘောဒွေးဆလျက် ဓားမနှင့်ထောင်ခွဲလျှင်

www.burmeseclassic.com

www.burmeseclassic.com



အထဲက ငွေများမြင်၍ ရွှင်ပြုံးသောမျက်နှာထားနှင့် အပြင်သို့ထွက်မည်အရှိတွင် ရှင်၏ခြေထောက်ကလည်း ဆင်းထားလိုက်တာ နည်းနည်းများ ဖယ်ပါဦးဟုပြော သော် လင်ဖြစ်သော ယောကျာ်းက သွားပါ–လင်သားကို ဂရုစိုက်လို့ဟုဆိုလျှင် အိုရှင်... ရှင်က ကျွန်မကို ငရဲမပေးပါနှင့် အပြစ်လေးအောင်ဟု ဆိုသတဲ့ ငါ့ရှင်တို့၊ ဟု မိန့်တော်မူသောအခါ စာနာသူ ရဟန်းတော်အားလုံးတို့သည် အုန်းခနဲ ရယ် မောကြလေကုန်သတည်း။

---

## ၆–စကားတွေ တောင်ရောက်မြောက်ရောက်နှင့် မောင်ပေါက် ဥပုသ်စောင့်သလို မလုပ်ကြနှင့်ဟု မိန့်တော်မူခြင်း

ပညာသီဟ သာသနဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု–တံဆိပ်နာမံ အလှူတော် အပ္ပဓော်ခံရသော မန္တလေးမြို့ မြောက်ပြင် ခေမိကာရာမတိုက် သစ်ဆိမ့်ဆရာတော် ဘုရားကြီးသည် သီတင်းနေ့အခါ ဥပုသ်စောင့်လာသော ဒါယကာ–ဒါယိကာမ အပေါင်းတို့အား ကောင်းမွန်သော မနသိကာရတရားဖြင့် သီလများကို စောင့်သုံး ကြစေခြင်းငှာ ဩဝါဒစကားဖြင့် ဤသို့ မိန့်ကြားဆုံးမတော်မူသည်။

ဒါယကာတို့–ဥပုသ်သီလ ကျင့်သုံးဆောက်တည်သော ဒါယကာ–ဒါယိကာမ တို့မှာ သတိသမ္ပဇညတရား နှလုံးထားရန် အဖန်ဖန် များပြားသည်ဖြစ်ကြောင်း၊ အဘယ်ကဲ့သို့နည်းဟူမူကား ငါသည် ယနေ့ သီလကို စောင့်တော့အံ့ဟုကြံ၍ ကျောင်းကန်သို့ သွားသောအခါ ကိုယ်မှာဝတ်ခြင်း ပြုပြင်ခြင်းမရှိ ပကတိသဘော ထားဖြင့် ဝတ်စားနေထိုင်၍လည်းကောင်း၊ မိမိ အလိုရှိသောသီလ ခံယူကြပြီးသော အခါ ငါသည်ကား–ယနေ့ သိမ်မွေ့တည်ကြည်စွာ ဗာဟိရစကားတို့ကို ပြောကြား ခြင်းမပြုဟု ကမ္မဋ္ဌာန်းကို ရည်မှန်းနှလုံးထား၍ လည်းကောင်း နေ့အဖို့ကို ကုန် စေရာသည်၊ အစားအစာ စားသောက်သောအခါ၌လည်း–

စတ္တာရော ပဉ္စ အာလေပေ၊ အဘုတွာ ဥဒကံ ပိဝေ။
အလံ ဖာသု ဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော။

ဟူသော ဒေသနာ လာရှိသည်နှင့်အညီ အာဟာရကို မျှတရုံမျှစား၍ တရားကို နှလုံးသွင်းရာသည်။ ယခုကာလ စောင့်သုံးကြသည်မှာ... တန်းဆာဆင်ယင် ပြုပြင်ဝတ်စား သူ့ထက်ငါကား သာအောင်သဘော အယောနိသော ရှေ့ထားလျှက်

www.burmeseclassic.com

www.burmeseclassic.com



အစားပြိုင် အဝတ်ပြိုင် ခံ့ခိုင်သောသမာဓိ မရှိကင်းဝေး စောင့်ကြသောအရေးသည် ညစ်ကြေးပြောက်ကျား တစ်ပိုင်းစား တစ်ပိုင်းကြောင်သာ များသည်။ ကြိုးစား၍ သတိကို ဖြစ်စေရမည်။ အင်း.... ဥပုသ်စောင့်ရင်း အပျင်းပြေဟု စကားတွေ တောင်ရောက်မြောက်ရောက်နှင့် "မောင်ပေါက် ဥပုသ်စောင့်သလို မလုပ်ကြနှင့်" မိန့်တော်မူရာ ဒါယကာအများတို့ကလျှောက်၍ မောင်ပေါက်၏ ဖြစ်ဟန်ကို ဤသို့မိန့်တော်မူပြန်သည်။

ရှေးသောအခါ ရွာတစ်ရွာတွင် ဒါယကာမောင်ပေါက်ဟူ၍ ရှိသတတ်။ ထိုဒါယကာ မောင်ပေါက်သည် သီလသီတင်း စောင့်ရှောက်ခြင်း, ကျောင်းကန်ဘုရား သွားလာထွက်ဝင်ခြင်း, ရတနာသုံးပါးတို့၌ ကိုင်းရှိုင်းခြင်းမရှိ မိမိဘာသာ အမှတ်မဲ့အားဖြင့် နေ့ရက်ကုန်သော သူတစ်ယောက် ဖြစ်လေသည်။

အခါတစ်ပါး အများတို့ ဥပုသ်စောင့်သုံးရန် တစ်ရွာလုံး ကျောင်းသို့သွားကြမည်ရှိရာ မယားဖြစ်သောသူက ကိုပေါက်–ရွာသူရပ်သား သူတစ်ပါးတို့မှာ ရှစ်ပါးသီလ အင်္ဂါကို စောင့်ကြ အားထုတ်ကြသည်။ ကိုပေါက်မှာမူ လူချင်းမတူ သူချင်းမမျှ ဆိုသကဲ့သို့ ကိုယ့်ကိုယ်ကိုယ်လည်း သတိမရ၊ အဘယ်အခါမှ ဥပုသ်စောင့်သည်ဟူ၍ မမြင်စဖူး အရှုံးလည်းမဟုတ် စိတ်ရှုပ်ပါဘိ ကိုပေါက်၊ ကုသိုလ်လောက်ကို အာရုံမထားသော်လည်း သူတစ်ပါးတို့ ကဲ့ရဲ့မည်ကို သဘောထားရမည်။ သို့စသည်ဖြင့် မြည်တွန်ပြောဆိုသောအခါ မောင်ပေါက်က ညည်း–သည်လောက်ပြောဆိုပေါ့–ကုသိုလ်ကို မလိုချင်ငြားသော်လည်း သူများလို ဥပုသ်စောင့်ရတာပ။ သို့သော် ကျောင်းသို့သွား၍ ဥပုသ်စောင့်မည်ဆိုသော် ဘယ်လိုလုပ်ရမည် မသိဟု ဆို၏။ ထိုအခါ မယားက လူကြားပါအံ့မည် ကိုပေါက်–ဤမျှလောက်မျှမသိ ဖြစ်ရဘိသည်၊ ဥပုသ်စောင့်ရန် အချက်မှာ ခက်သည်မဟုတ်ပါ ကျောင်းသို့ရောက်သောအခါ ဆရာဘုန်းတော်ကြီး ဆိုသမျှကို နောက်ကလိုက်၍ တူအောင်သာဆို ကိုယ်သည့်ပြင် မမေးနှင့် ဆိုသောအခါ မောင်ပေါက်သည် လျင်စွာ ပုဆိုးလဲ၍ ကျောင်းထဲသို့ သွားပြီးလျှင် ဘုန်းကြီးအပါး၌ ခစားဝပ်ချလေသတည်း။

ထိုအခါ ဘုန်းကြီးက နည်းလမ်းအလျောက် စကားကောက်၍ မောင်ပေါက် ဥပုသ်စောင့် လာသလောဟုဆိုလျှင် ယခင်က မယား သင်ကြားသည့်အတိုင်း မဆိုင်းမတွ တူအောင်လိုက်ရမည် ဆိုသောစကားကို မြော်ထောက်၍ မောင်ပေါက် ဥပုသ်စောင့် လာသလောဟု လိုက်၍ဆို၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ ဘုန်းကြီးက အိုသည်အကောင် ရှူးလာသလားဟု ဆိုပြန်ရာ မောင်ပေါက်ကလည်း အို–သည်အကောင် ရှူးလာသလားဟု လိုက်၍ဆို၏။

ထိုအခါ ဘုန်းကြီးက ငါ့ကို နင် အဘယ်ကဲ့သို့ အောက်မေ့သနည်းဟုဆိုလျှင် မောင်ပေါက်ကလည်း ငါ့ကို နင် အဘယ်ကဲ့သို့ အောက်မေ့သနည်းဟု လိုက်၍ဆို၏။

ထိုအခါ ဘုန်းတော်ကြီး အမျက်ထွက်သဖြင့် လက်သီးနှင့်ထိုးလျက် ထိုးလျက် ဒါယကာမောင်ပေါက်နှင့် အားရှိသလောက်လုံးကြရာ ဘုန်းကြီးတစ်လှည့် ဒကာတစ်လှည့် တပည့်နှင့်ဆရာ သူသာငါရှုံး ချိန်းမောပန်းကြသောအခါ တစ်နာရီခန့်ကြာလျှင် ကွဲကွာပြေငြိမ်းကြသောအခါမှ ဒါယကာ မောင်ပေါက်သည် ကျောင်းအောက်သို့ဆင်း၍ ချက်ချင်း အိမ်သို့ပြန်သွားရာ မယားကမြင်လျှင် အင့်ဟင် ကိုပေါက် ပြန်ချိန်လည်း မရောက်သေးဘဲနှင့် ဘယ်ကြောင့် အိမ်သို့ပြန်လာသနည်း၊ ဥပုသ်စောင့်ဆိုသည်မှာ အာရုံနည်းပါး မကြားမမြင်ရမှ တော်သည်၊ အိမ်သို့ရောက်က စားသောက်လုပ်ကိုင်ရန် အတန်တန်များပြား သားမယားကိစ္စ ကြောင့်ကြရန် အသွယ်သွယ်နှင့် အဘယ်မှာ အကျိုးများစွာ ရနိုင်အံ့နည်း၊ ကျောင်းသို့သာသွား၍ သီလများကို နှလုံးသွင်းပါလော့ဟု ဆို၏။

ထိုအခါ မောင်ပေါက်က ပြောသည်မှာ... အိုဥပုသ်စောင့်ခြင်းသဘောကို ညည်းကပြောတော့အလွယ်သား သာမညအားဖြင့် ဖြစ်နိုင်သည်မဟုတ်ဟုဆို၏၊ ထိုအခါ မယားက ဘာများခက်နေသေးသနည်း ကိုပေါက်ဟု ထောက်၍မေးသော်ခြော် "မသိလိုက်တဲ့ဖြစ်ပုံ၊ လူနုံလျှင် မစောင့်နိုင်ဘူး နပန်းကိုင်ကောင်းမှခင်ဗျာဟု ဆိုသတဲ့ ဒကာတို့ရဲ့။

ဤအတူ ယခုလည်း ဇရပ်ပေါ်မှာ စုထိုင်ပြီး နပန်းကိုင်ဖို့ချည်း အားထုတ်မနေကြနှင့်ဟု မိန့်တော်မူသောအခါ အပါးတော်မှာရှိသော ဥပုသ်သည်အများတို့သည် မရပ်မနား စကားဆုံးသည်နှင့်တစ်ပြိုင်နက် ကျွက်ကျွက်ရိုက်အောင် ရယ်မော၍ တသောသော နေကြလေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၇–ဝဿကတော သုဗ္ဗိက္ခ ဒုဗ္ဘိက္ခော– ဟူသော ပါဠိနှင့်စပ်လျဉ်း၍ စာအဓိပ္ပာယ်ပြောရင်း မိန့်တော်မူပုံ

ပညာသီဟ သာသနဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု–တံဆိပ်နာမံတော်ရှိသော သစ်ဆိမ့်ဆရာတော်ဘုရားကြီးသည် ဝေးနီးတိုက်တာမှ လာလာသမျှအများ စာသင်သား ရဟန်းတော်တို့အား ဋီကာကျော် ပို့ချရာ "ဝေဒနာဉာဏသင်္ခါရဘေဒေန" စသော ဂါထာ၏အဖွင့်တွင် ဋီကာရှင်၏ အဓိပ္ပာယ်ကို အကျယ်ဝိတ္ထာရအားဖြင့် မိန့်ကြား ပြောဟောတော်မူရာ၊ ငါ့ရှင်တို့– "ဝဿကတော သုဗ္ဘိက္ခ ဒုဗ္ဘိက္ခော"ဟူသော စကားကို ဘုရားဟောတော်မူသည်နှင့်အညီ လူ့ပြည်လူ့ရွာ သတ္တဝါ အရပ်ရပ်တို့၏ ငတ်မွတ်ခြင်း၊ ချမ်းသာခြင်းအမျိုးမျိုးတို့သည် မိုးလျှင် အရင်းမူလ ပဓာနဖြစ်ပေသည်။ မိုးလေဝသ–ရွာ၍ လယ်ယာချောင်းမြောင်း ကောင်းသောအခါ သတ္တဝါအများတို့သည် စားသောက်ရန် အဖန်ဖန်လောက်လုံ၍ ပြည့်စုံချမ်းသာကြကုန်၏။ အကယ်တစေ မိုးလေခေါင်းပါး မကောင်းစားသည်ဖြစ်က စင်စစ်ယွင်းချွတ် ငတ်မွတ်ဆင်းရဲကြကုန်၏။ ထို့ကြောင့် "သမ္မာ–ကောင်းစွာ။ ဒေဝေါ–မိုးသည်။ ပဝဿတု အရှည် သည်းထန်စွာ ရွာပါစေသတည်း"ဟူ၍ ဆုတောင်းပတ္ထနာကို ရှေးဆရာတို့ အသုံးပြုကြကုန်သည်။ သတ္တဝါကံဆိုးက မိုးမကောင်းဟူ၍လည်း ဆိုရန်ရှိသေးသည်။ ရှေးက ပြောင်းဖူးခိုးသည့် ဖိုးသူတော်ဝတ္ထုကို ကြားဖူးကြ၏လောဟု မေးတော်မူ၏။

ထိုအခါ တပည့်များက မကြားဖူးပါဘုရားဟု လျှောက်ထားကြသောအခါ မိန့်သည်မှာကား... ရှေးအခါ ဖိုးသူတော်တစ်ဦးသည် ပြောင်းဖူးခင်းသို့ဝင်ပြီးလျှင် ပစ္စည်းရှင်မသိအောင် ကြံဆောင်ပုန်းလျှိုး၍ ကောင်းနိုးအံ့ထင်သော ပြောင်းဖူးကို ချိုးလျက် မီးပျိုးဖုတ်စားမည်အကြံနှင့် နွှာလှန်သင်ကြည့်ရာ အစေ့များစွာ မပါမရှိ၊ အစေ့မတည့်သော ပြောင်းဖူးဖြစ်၍ စိတ်ညစ်ပြီးလျှင် ပစ္စည်းရှင်အားပြောသည်မှာ... ဒကာ ပြောင်းဖူးကြီးတာက အလွဲချည်း‌ပဲ၊ အစေ့မတည်သော ပြောင်းဖူးကို အဘယ် ကျေးဇူးရှိ၍ လုပ်သနည်းဟုဆိုလျှင် ပစ္စည်းရှင်က အသင်ဖိုးသူတော်–ကျွန်တော် အလုပ်အကိုင် ညံ့ဖျင်း၍ မဟုတ်ပေ။ မြေကလည်း ပတ်ကြားကွဲလျက် နည်းနည်းမျှ မကောင်း၊ ဤသို့သော အကြောင်းကြောင့် အစေ့မတည်ပါဟုဆိုရာ ဟုတ်ပါ၏ ဒကာ–မာလိုက်သည့်မြေကြောကပဲ ဘာပြောဖို့ရှိသနည်းဟု ဖိုးသူတော်က ဆိုပြန်ရာ မဟာပထဝီမြေကထ၍ အားကျမခံ ပြောသည်မှာ "မြေချည်းသာ အပြစ်မရှာပါနှင့်၊

www.burmeseclassic.com

www.burmeseclassic.com



မိုးမရွာတာကိုလည်း ကြည့်ပါဦး ဖိုးသူတော်ဟု ဆိုပြန်သော် ဖိုးသူတော်က ဩော်... ဟုတ်ပေသည်၊ မြေချည်းမဆိုသာ၊ မိုးကိုက ဟန်မရ အတန်မှ ရွာမပေးဘဲ အေးအေးလူလူ ရှိနိုင်ပါမည်လောဟု ဆိုပြောအပြစ်တင်ရာ၊ တစ်ခါ မိုးကစိတ်ဆိုး၍ ပြေသည်မှာ– မိုးမရွာတာကိုတော့ မြင်ရော့မယ်၊ တိုင်းပြည်ရှင် တရားမစောင့်တာ တော့ အဘယ့်ကြောင့် မဆိုသနည်း ပြောသော် ဖိုးသူတော်သည် နန်းတော်သို့ သွား၍ ရှင်ဘုရင်အား ပြောဆိုသည်မှာ အို–အရှင်မင်းကြီး–ဦးစီးနာယက ဘူပါလ သခင် ရေမြေရှင်တို့ သဘောမှာ လောကပါလ တရားနှစ်ပါး, သတ္တိသုံးပါး, သင်္ဂဟတရားလေးပါး, ဗလငါးပါး, နာယကဂုဏ်ခြောက်ပါး, အပရိဟာနိယတရား ခုနစ်ပါး, ရာဇဂုဏ် ရှစ်ပါး, နဝရတ်ကိုးပါး, ရာဇဓမ္မဆယ်ပါး ဤတရားတို့နှင့် ပြည့်စုံရာသည်။ ဒကာတော်မင်းသည် မတရား၍ မိုးမရွာသည်ဟုဆို၏။

ထိုအခါ ဘုရင်ကြီးက ကျွန်ုပ်ချည်းလည်း အဆိုးမဆိုပါနှင့်၊ ဖိုးသူတော်၏ ကံကိုလည်း စဉ်းစားပါဦးဟုဆိုသော် ဖိုးသူတော်က ဩော်–ဒကာတော် ပြောခြင်း သည်လည်း မှန်မှာပဲ၊ ငါ့ကံကိုက မကောင်း၍ ပြောင်းဖူးဆိုးနှင့် တွေ့ရသည်၊ ယနေ့ကစ၍ ဘယ်တော့မှ မခိုးဘူးဆိုသတဲ့ ငါ့ရှင်တို့ရဲ့။

ဤကဲ့သို့ မိန့်တော်မူသောအခါ များစွာသော စာသင်သား ရဟန်းတို့သည် သမ်းဝေငြီးငွေ့ခြင်း ပျောက်၍ ဝမ်းမြောက်ဝမ်းသာ ရယ်မောကြလေသတည်း။

---

## ၈–မြတ်စွာဘုရားကလည်း တို့သားအဖ နှစ်ယောက်ကိုမှ ရန်တိုက်ထားခဲ့သည်ဟူသော ပမာစကားဖြင့် ဒါယကာအား မိန့်တော်မူခြင်း

ပညာသီဟ သာသနဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်နာမံတော်ရှိသော သစ်ဆိမ့်ဆရာတော်ဘုရားကြီးသည် အသီးသီးသော ပါဠိ,အဋ္ဌကထာ, ဋီကာ စသော ကျမ်းဂန်၊ အတန်တန်တို့၌ စွမ်းဉာဏ်စူးရှ တတ်မြောက်တော်မူလှသည် ဟူ၍ ဇမ္ဗူမြဆုံ ပျံ့နှံ့ကျော်စောတော်မူရာ ဒါယကာအရပ်သားတစ်ဦးသည် အထူး ကြည်ညိုခြင်း သဒ္ဓါတရား တိုးပွားထက်သန်လှသည်ဖြစ်၍ ဆရာတော်ဘုရားအား ဆွမ်းစားကြွတော်မူပါဟု ပင့်ဖိတ်လျှောက်ထား၍ ပြန်သွားလေသတည်း။

ထိုနောက် များမကြာ ဒါယကာတစ်ဦးကလည်း အထူးကြည်ညိုသဖြင့် တပည့်တော်၏အိမ်သို့ အရုဏ်တက်အချိန်အခါ ဆွမ်းဘုဉ်းပေး ကြွတော်မူပါဘုရား

www.burmeseclassic.com



ဟု လျှောက်ထားပြန်လျှင် ယခင် ပင့်ဖိတ်သည်ကို စိတ်တော်က နှလုံးမသွင်းမိ၍ အမှတ်မဲ့အားဖြင့် မိန့်ကြားတော်မမူလိုက်ဘဲ သည်းခံလိုက်ရာ နံနက် အရုဏ်ကျင်း၍ အလင်းသို့ရောက်သောအခါ ဒါယကာနှစ်ယောက် အတူဆုံ၍ ဖြစ်ပုံကို သတိရတော်မူလေသတည်း။

ထိုအခါ ဆရာတော်ဘုရားက ဒကာများတို့ ငါကား–လိုသွားပေသည်။ ပထမပင့်ခေါ်သည်ကို ဆရာတော်ဘုရား မမှတ်မိ၍ နောက်ထပ်ပင့်သည့်ဒါယကာကို မပြောမိသည်။ သို့သော်လည်း အလျှင် ပင့်သည်ကို အလျှင်လိုက်ကြွ၍ ဒုတိယဒါယကာထံ လိုက်ရပြန်တာပ၊ ဥပမာအားဖြင့် "မြတ်စွာဘုရားကလည်း တို့သားအဖနှစ်ယောက်ကိုမှ ရန်တိုက်ပစ်ခဲ့သည်"ဆိုသောစကားနှင့် အလားတူချေသည်ဟု မိန့်တော်မူရာ ဒါယကာတို့ တောင်းပန်၍ ဤသို့ ရှင်းပြလေသည်။

ဒါယကာတို့... ရှေးက ရွာတစ်ရွာတွင် သားအဖနှစ်ယောက်တို့ အတူနေကြရာ သားဖြစ်သူသည် အပျင်းထူသောသူတစ်ဦးဖြစ်၍ အထူးအဘယ်အမှုကိစ္စကိုမျှ မလုပ်–မကိုင်၊ ထိုင်ကာ–အိပ်ကာ ဘာသာအားဖြင့် မိဘများ ရှာကြံ၍ရသည်ကို အိမ်ကနေ၍ အမြဲစားသတတ်။ တစ်နေ့သ၌ အဖကဆိုသည်မှာ... အို–ငါ့သား မိဘများ ကျွေးသည်ကို အေးအေးသာစားနေ၍ အခြေလှသည်မဟုတ်။ လုပ်မှုကိုင်မှု အစုစုကို ဂရုထား၍ ကြိုးစားရှာကြံပါလော၊ ဘုရားဟောဒေသနာ မင်္ဂလာ၌ "မာတာပိတု ဥပဋ္ဌာနံ" ကျမ်းဂန်ကို ကြည့်ကလည်း မိဘကို သားသမီးက အပြီးတိုင် လုပ်ကျွေးရမည်ဟူ၍ လာသည်။ တစ်ခါ ငါ့သား မိဘများကို ကြိုးစား၍ လုပ်ကျွေးပြုစုဦးလော့ဟုဆို၏။

ထိုအခါ သားက ပြန်ကြားပြောဆိုသည်မှာ မိဘကို သားသမီးက လုပ်ကျွေးရမည်မဟုတ် "ပုတ္တဒါရဿ သင်္ဂဟော" ဤသဘောကိုကြည့်က မိဘက သားသမီးကို အားကြိုးလုပ်ကျွေးရမည် ပါရှိသည်ဟုဆိုလျှင် ဖခင်က သဘောမတူဘဲ အသက်ရှူပြင်းပြင်းနှင့် **"အင်း... မြတ်စွာဘုရားကလည်း တို့သားအဖနှစ်ယောက်ကို ရန်တိုက်ပစ်ခဲ့ပါတကား"**ဟု ဆိုသတဲ့ ဒကာရဲ့။

ဤအတူ ယခုလည်း ဒါယကာနှစ်ဦးပေါ်သောကြောင့် သည်းခံလိုက်ရာ နံနက်အရုဏ်ကျင်း၍ အလင်းသို့ရောက်သောအခါ ဆရာတော်က ရန်တိုက်သလိုဖြစ်နေပြီဟု မိန့်တော်မူသောအခါ ဒါယကာနှစ်ယောက်သည် ဝမ်းမြောက်ကျေနပ်ကြလေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှလောက်သော စကားအစဉ်တို့ဖြင့် ဥပမာသမူဟဂီရက္ကမကျမ်း၌ သစ်ဆိမ့်ဆရာတော်ဘုရားကြီး၏ ဥပမာစကားတို့ကို ပြဆိုရာ ပြဆိုကြောင်းဖြစ်သော အပိုင်းအခန်းကား ဤတွင် ပြီးဆုံးခြင်းသို့ရောက်၏။

**သစ်ဆိမ့်–စကားပုံများပြီး၏။**

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းပြီး နိဂုံး

ဣတိပိ အနေက မဟာရာဇ မဟာသေဋ္ဌာဒိ ရမဏီယဋ္ဌာနဘူတံ အနေကတိတ္ထ မဟာဂဗ္ဘာဒိပဋိမဏ္ဍိတံ ဝေရိကွယံ နာမ မဟာနဂရံ အတ္ထိ။ တဿ ဧသန္နေ ဘလုတ်တိ ဝိသုတဿ မဟာသေဋ္ဌိနော ဥပရိဘူမိပဒေသေ သဒ္ဓမ္မသေဝနာယ ဝသတော ဦးဘိုးသင် နာမကဿ မဟာတိကိစ္ဆကဿာဘိယာစကံ ပဋိစ္စ မောင်ဘိုးသိန်း နာမကေန ရစိတော အယံ ဂန္ထော တိသတ္တတိ ဒွိသတဧကေသဟဿေ သံဝစ္ဆရေ ပတ္တေ ဝေသာခပုဏ္ဏမဒိဝသေ နိဋ္ဌိတော အနာယာ သေနာတိ။

ဣတိ ဧဝံ ယထာဝုတ္တနယေန၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ အနေက မဟာရာဇ မဟာသေဋ္ဌာဒိ ရမဏီယဋ္ဌာနဘူတံ၊ တစ်ပါးမက များလှကုန်သော ဘုရင်ခံမင်းကြီး, သူဌေးကြီး အစရှိကုန်သော သူတို့၏ မွေ့လျော်ကျက်စားပျော်ပါးနေထိုင်ရာ ဖြစ်၍ဖြစ်သော။ အနေကတိတ္ထ မဟာဂဗ္ဘာဒိပဋိမဏ္ဍိတံ၊ ပြင်သစ် ဇာပန် အီတာလျံ ရုရှား ယိုးဒယား သီဟိုဠ် ထိုထိုနိုင်ငံကြီး အသီးသီး အရပ်ရပ်တို့မှ ဆိုက်ကပ် ထွက်ဝင်ရာ များစွာသော သင်္ဘောဆိပ်ကြီး, တိုက်ကြီး, ရုံးကြီး–အသီးသီးတို့ဖြင့် အံ့ချီးမကုန် သာပေါင်းခြံလျက် အလုံးစုံ တန်ဆာဆင်အပ်သော။ ဝေရိကွယံ နာမ၊ အလောင်းဘုရား မင်းတရားမှ စ၍ခုတိုင် ကြဲ့ခိုင်ဥသံ ကမ္ဗည်းခြံလျက် ရန်ကုန်အမည်ရှိသော။ မဟာနဂရံ၊ ရာဇဂြိုဟ်ပြည် ဝေသာလီသို့ စည်ပင်မချို့ ရန်ပေါင်းကြို့ရသော မြို့တော်ကြီးသည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုမဟာနဒီ ရစ်လည်ဝိုင်းအုံ သာပေါင်းခြံသော ရန်ကုန်မြို့ကြီး၏။

www.burmeseclassic.com



သေနေ့၊ ဂဠုန်ပြင်းထံ ငှက်မင်းစံလျက် ကေန်ဖြောင့်ဖြောင့် ရှေ့မြောက်ထောင့်၌။ ဘလုပ်တိ ဝိသုတဿ၊ ဘလုပ်ဟူသောအမည်အားဖြင့် ထင်ရှားကျော်စောသော။ မဟာသေဋ္ဌိနော၊ ဇောတိက, ဇဋိလ, မေဏ္ဍက စသော သူဌေးကြီးတို့ကဲ့သို့ ဖြင်ပည်း ဥစ္စာ များစွာကုဋေ တွက်ရေသိန်းသောင်း မတတ်ကောင်းအောင် စုပေါင်းဥဿုံ ပြည့်စုံခိုင်ဖြိုး သူဌေးကြီး၏။ ဥပရိဘူမိပဒေသေ၊ အထက်ဖြစ်သောမြေ၌။ ဝါ၊ အထက်ဘလုပ်မြေ၌။ သဒ္ဓမ္မသေဝနာယ၊ သူတော်ကောင်းတရား လိုလားမှီဝဲသော အဖြစ်ဖြင့်။ ဝသတော၊ မယိမ်းမယိုင် ကြံ့ကြံ့ခိုင်လျက် နေထိုင်လေ့ရှိသော။ ဦးဘိုးသင် နာမကဿ၊ ဦးဘိုးသင် အမည်ရှိသော။ မဟာတိကိစ္ဆကဿ၊ ဆေးဆရာကြီး၏။ ဝါ၊ မြန်မာ့သုခကာရီ သညီခတ်နိပ် တံဆိပ်မွှေးကြိုင် ဆေးဆိုင်အရှင် ဆရာသင်၏ အဘိယာစကာ၊ ရေးရန်အကြောင်း စိတ်ညွှတ်ပျောင်းလျက် တောင်းပန် အပ်သည်ကို။ ပဋိစ္စ၊ စွဲ၍။ မောင်ဘိုးသိန်း နာမကေန၊ မောင်ဘိုးသိန်း အမည်ရှိ သောသူသည်။ ဝါ၊ ဆရာမောင်ဘိုးသိန်းသည်။ ရစိတော၊ ပေါင်းစုပြုပြင် စီရင် ရေးသားအပ်သော၊ အယံ ဂန္ထော၊ ဤ “ဥပမာသမူဟဂီရက္ကမ”ဟု မည်ရတင့်ဆန်း စကားပုံပေါင်းချုပ်ကျမ်းသည်။ (နိဋ္ဌိတော၌စပ်။) သက္ကေ၊ လူတို့ဝေါဟာ ကောဇာ သက္ကရာဇ်သည်။ တိ–သက္ကတိ ဒွိသတဧကေသဟဿေ၊ ၁၂၇၃ ခုဖြစ်သော။ သံဝစ္ဆရေ၊ နှစ်သို့။ ပတ္တေ၊ ရောက်သည်ရှိသော်။ ဝေသာခပုဏ္ဏမဒိဝသေ၊ ကဆုန်လပြည့် သောကြာနေ့၌။ အနာယာသေန၊ မငြိုမငြင် လိုအင်ပြည့်လျှမ်း မပင်ပန်းသဖြင့်။ နိဋ္ဌိတော၊ ဤ၌တွင်ဆုံး၍ နိဂုံးခါးပတ် အပြီးသတ်ပြီ။ ဣတိ၊ ဤသည့်လျှင် ကျမ်း၏အဆုံး နိဂုံးစကားတည်း။

www.burmeseclassic.com

www.burmeseclassic.com



## နိဂုံးလင်္ကာ

ကြာပိမ့်ဉာဏ်ရှင် ရွှေနားဆင်လော့၊ မင်္ဂလာလင်ဟူ၊ သောင်းဇမ္ဗူထက်၊ ပစ္စူမိုးဖြန့်၊ တန်ခိုးကွန့်လျက်၊ ကျွန့်သရေသိမ်၊ နွယ်မတိမ်သော့၊ ဆယ်ကြိမ်သေဋ္ဌနင်း၊ မင်းထက်မင်းလျှင်၊ မြေခင်းသာယာ၊ ဘူသိခါဋ္ဌ၊ ရတနာပုံ၊ နိတုံလျှမ်းကြည်၊ ကွန့်ရွှန်းစည်သား၊ နန်းတည်သမ္မတ၊ အာဒိစ္စဟု၊ ကုလသမ္ဘူ၊ နွယ်ညွန့်လူသည်၊ စင်ဖြူသန့်ညက်၊ သလင်းထက်တွင်၊ ယွင်းပျက်မရှိ၊ ညီညီပဒ၊ သုတ်သင်ရကား၊ ပဉ္စမသင်္ဂါ၊ တင်ယနာဟု၊ မင်္ဂလာသဘင်၊ ပွဲကြီးယင်သည့်၊ ဘုရင်ရာဇာ၊ လက်ထက်ခါတွင်၊ သာသနာရှိန်၊ တောက်ထွန်းထိန်သော်၊ ပညိန္ဒြေ၊ အခြေပြည့်ညီ၊ ပါရမီကြောင့်၊ သုံးလီပရိယတ်၊ ပိဋကတ်၌၊ မြတ်မေဓာဝီ၊ ကေသရီသို့၊ စံမှီရဲရင့်၊ ပွဲတိုင်းတင့်သား၊ မင်းမင့်ဆရာ၊ မြတ်နိုးစွာထက်၊ ရတနာလည္ဆို၊ တံဆိပ်ရှိသည့်၊ နံ့သိမြေပေါ်၊ ဟိုးဟိုးကျော်သော၊ ဆရာတော်များ ခုနစ်ပါး၏၊ စကားစုကာ၊ ရှုစရာဟု၊ ဥပမာပုဒ်၊ စပ်ပေါင်းချုပ်ကို၊ ရေးထုတ်စေကြောင်း၊ ခွင့်ပန်တောင်း၍၊ နောက်နှောင်းကာလ၊ ဟာယနဟု၊ နာဂတခေတ်၊ အစဉ်ဖြစ်၍၊ ထွန်းရစ်စေရန်၊ စိတ်ရည်သန်လျက်၊ ဉာဏ်ရှိသမျှ၊ ရေးပါရသား၊ ဤစာ့သွား၌၊ မှားသည်ဖြစ်မူ၊ အချစ်တူလျက်၊ ရှေးရှုမေတ္တာ၊ ပြစ်မရှာဘဲ၊ ဩဝါဒရေး၊ ဆုံးမပေးလော့၊ ယှက်မြွေးမောဟ၊ ပမာဒကြောင့်၊ မာနမရှိ၊ ရေးခဲ့မိသော်၊ ကဝိဉာဏ်ရှင်၊ သူတော်စင်တို့၊ ပြင်ပါစေသား၊ ကျွန်ုပ်ကြား၏၊ ရေးသားသည့်နှစ်၊ သက္ကရာဇ်မြတ်၊ စဉ်သင့်မှတ်မူ၊ တိသတိဒွေက၊ အနေကျသား၊ နေ့လကဆုန်၊ စကားထုံသည်၊ ပုဏ္ဏမီစေ့၊ ပူးမင်းနေ့၌၊ ချမ်းမြေ့ကိုယ်တွင်၊ မငြိုငြင်ဘဲ၊ လိုအင်ပြီးဆုံး၊ ခါးပတ်ဖုံးသည်... နိဂုံးရွှေစာ မော်ကွန်းတည်း။

ဥပမာသမူဟဂီရက္ကမကျမ်းပြီး၏။